မြန်မာ့
စွယ်စုံကျမ်း

နှစ်ချုပ်



၁၉၉၉

မြန်မာ့
စွယ်စုံကျမ်း

နှစ်ချုပ်



၁၉၉၉

ပထမအကြိမ် ပုံနှိပ်ခြင်း ၊ ၁၉၉၉ ခုနှစ်၊ အုပ်ရေ ၇၀၀၀

အမှတ် ၅၂၉ – ၅၃၁၊ ကုန်သည်လမ်း ၊ ရန်ကုန်မြို့။
စာပေဗိမာန်အဖွဲ့၊ စာတည်းမှူးချုပ် ဦးဝင်းဖေက
(မှတ်ပုံတင်အမှတ် ၄၁၆ _ယာယီ) ဖြင့် ဖိုတိုလစ်သိုပုံနှိပ်စက်ရုံတွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၂၈၅ – ယာယီ) ဖြင့် ထုတ်ဝေသည်။

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်သူ့သဘောထား

* ပြည်ပအားကို: ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ့ရည်ညွှန်းကျမ်း စီစဉ်ရေးအဖွဲ့

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် အပါအဝင် မြန်မာ့ရည်ညွှန်းကျမ်းစာအုပ်များ စီစဉ်ရေးအဖွဲ့ကို ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

(က) ဦးသော်ကောင်း — ဥက္ကဋ္ဌ
စာကြည့်တိုက်မှူး
တက္ကသိုလ်များ မဟိစာကြည့်တိုက်

(ခ) ဒေါ်ကြန် — အဖွဲ့ဝင်
အငြိမ်းစား အထက်တန်း သုတေသနမှူး
နိုင်ငံသမိုင်း သုတေသန ဦးစီးဌာန

(ဂ) ဒေါက်တာ တင်ဦး — အဖွဲ့ဝင်
အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး ဦးစီးဌာန

(ဃ) ဒေါက်တာ မောင်မောင်ညို — အဖွဲ့ဝင်
ပါမောက္ခ
ခန္ဓာဗေဒဌာန၊ ဆေးတက္ကသိုလ် (၁)

(င) ဦးထွန်းတင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာစာအဖွဲ့ ဦးစီးဌာန

(စ) ဦးမောင်မောင်ကလေး(တက္ကသိုလ် ခင်လေးမောင်) — အဖွဲ့ဝင်
အငြိမ်းစားငွေစာရင်း အရာရှိချုပ်
မြန်မာ့မီးရထား

(ဆ) ဦးသိဟ — အဖွဲ့ဝင်
အငြိမ်းစား ပါမောက္ခ
အင်္ဂလိပ်စာဌာန၊ ပညာရေးတက္ကသိုလ်

(ဇ) ဦးမင်းနိုင် — အဖွဲ့ဝင်
အငြိမ်းစားညွှန်ကြားရေးမှူး
ယဉ်ကျေးမှုမိမာန် ဦးစီးဌာန

(ဈ) ဦးမျိုးသန့်(မောင်ဆုရှင်) — အဖွဲ့ဝင်
အကြံပေးအရာရှိ၊ စာပေမိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

(ည) ဦးဝင်းဖေ (မုံရွာဝင်းဖေ) — အတွင်းရေးမှူး
စာတည်းမှူးချုပ်
စာပေမိမာန်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၁၉၉၉)
စာတည်းအဖွဲ့

စာတည်း (တာဝန်ခံ) — ဦးအုန်းလွင်
စာတည်း — ဦးခင်မောင်လေး
စာပေလက်ထောက် — ဒေါ်မျိုးမျိုးကြည်

မာတိကာ

ဤကျမ်းကို မရှုစားမီ

အပိုင်း ၁

၁၉၉၈ ခုနှစ်ဖြစ်ရပ်များ ၁

အပိုင်း ၂

ဘာသာ သာသနာ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ကျန်းမာရေးနှင့်

အခြားနှစ်ချုပ် ဆောင်းပါးများ

*အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၃၄

* ၂၀ ရာစု သိပ္ပံ၊ ဇီဝ၊ စက်မှုနှင့် နည်းပညာ ၄၀

* မြန်မာ့ပန်းပု အဆင့်ဆင့် တိုးတက်လာပုံ ၅၀

* မြန်မာ့လူမှုဝန်ထမ်း လုပ်ငန်း ၅၆

* ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ၆၀

* မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ ၈၀

* အင်တာနက် (ကွန်ပျူတာနည်းပညာ) ၈၆

* မြန်မာနိုင်ငံနှင့် အနာကြီးရောဂါ ၉၀

အပိုင်း ၃

၁၉၉၈ ခုနှစ်အကြောင်းရပ်များ ၁၀၁

အက္ခရာစဉ်အညွှန်း ၃၁၈

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါ လမ်းညွှန်ကို လေ့လာထား:ပါက ဤစွယ်စုံကျမ်း:နှစ်ချုပ် စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်း:ကျမ်း: တစ်ဆူအဖြစ် လွယ်ကူစွာ အသုံး:ပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်း: နှစ်ချုပ်များ:သည် ထုတ်ဝေပြီး: မြန်မာ့စွယ်စုံကျမ်း: အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်း:များ: ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်း:နှစ်ချုပ် ၁၉၉၉ ကို ယခင်ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်း:နှစ်ချုပ် ၁၉၉၈ ပါ အကြောင်း:ရပ်များ:နှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ်ပြုစုထား:ပါသည်။ မြန်မာ့စွယ်စုံကျမ်း:တွင် မပါဝင်သေး:သော အကြောင်း:ရပ် သစ်များ:လည်း အများ:အပြား ပါဝင်ပါသည်။

ဤကျမ်း:သည် ၁၉၉၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်း:အရာများ:ကို ၁၉၉၉ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း: ဖြစ်ပါသည်။ ၁၉၉၉ ခုနှစ်အတွင်း အဖြစ်အပျက်များ:ကိုမူ မြန်မာ့စွယ်စုံကျမ်း:နှစ်ချုပ် ၂၀၀၀ ပြည့်နှစ် ပုံနှိပ်ထုတ်ဝေသော အခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်း:တွင် စာရှုသူများ: လွယ်ကူစွာ ဖတ်ရှုလေ့လာနိုင်ရန် အပိုင်း:ကြီး:သုံး:ပိုင်း:ခွဲခြား:၍ တင်ပြထား:ပါသည်။ ပထမပိုင်း:တွင် ၁၉၉၈ ခုနှစ်အတွင်း ထင်ရှား:သောဖြစ်ရပ်များ:ကို မြန်မာ့သတင်း:စဉ်၊ သတင်း:လွှာများ:နှင့် ညှိနှိုင်း:၍ နေ့စဉ်မှတ်တမ်း:အဖြစ် ဖော်ပြထား:ပါသည်။ ဒုတိယပိုင်း:တွင် ယဉ်ကျေး:မှု၊ ကျန်း:မာရေး၊ အား:ကစား: ၊ ဘာသာရေး:နှင့် အခြား:နှစ်ချုပ် အထူး:ဆောင်း:ပါ: စုစုပေါင်း: ၈ ပုဒ် ပါဝင်ပါသည်။ ဒုတိယပိုင်း:တွင် ဖော်ပြထား:သော ဆောင်း:ပါ:များ:ကို ပညာရပ်အလိုက် ကျမ်း:ကျင်ရာ ပညာရှင်များ:က လေ့လာသုတေသနပြု၍ ရေး:သား:ထား:ခြင်း: ဖြစ်ပါသည်။ တတိယပိုင်း:၌ ဖော်ပြထား:သော အကြောင်း:ရပ်များ:သည် ၁၉၉၈ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ အကြောင်း:များ: ဖြစ်ပါသည်။ အကြောင်း:ရပ်များ:ကို မြန်မာစာလုံး:ပေါင်း: သတ်ပုံကျမ်း:ပါ အက္ခရာစဉ် စနစ်အတိုင်း: ဖော်ပြထား:ပါသည်။ နှစ်ချုပ်ပါ အကြောင်း:ရပ်များ:ကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ်အညွှန်း:ကိုလည်း ထည့်သွင်း:ဖော်ပြ ထား:ပါသည်။

အတ္ထုပ္ပတ္တိများ:ကို ဖော်ပြခြင်း:နှင့် စပ်လျဉ်း:၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း: ကွယ်လွန်ခဲ့သည့် ထင်ရှား:သော ပုဂ္ဂိုလ်များ:၏ အတ္ထုပ္ပတ္တိများ:ကို မြန်မာ့စွယ်စုံကျမ်း:နှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း:ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း:နှစ်ချုပ်များ:တွင် သက်ဆိုင်ရာတစ်နှစ်အတွင်း: ကွယ်လွန်ခဲ့သော ထင်ရှား:သည့် ပုဂ္ဂိုလ်များ:၏ အတ္ထုပ္ပတ္တိများ:ကို လည်း:ကောင်း၊ နိုင်ငံတကာရေး:ရာများ:တွင် ထင်ရှား:လာသောပုဂ္ဂိုလ်များ:၏ အတ္ထုပ္ပတ္တိ များ:ကိုလည်း:ကောင်း ထည့်သွင်း:ဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်း:တွင်လည်း ၁၉၉၈ ခုနှစ်အတွင်း: ကွယ်လွန်ခဲ့သော ထင်ရှား:သည့် ပုဂ္ဂိုလ်များ:၏ အတ္ထုပ္ပတ္တိများ:ကိုလည်း:ကောင်း၊ ၁၉၉၈ ခုနှစ်အတွင်း: အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ:၏ အတ္ထုပ္ပတ္တိများ:ကိုလည်း:ကောင်း ထည့်သွင်း: ဖော်ပြထား:ပါသည်။

အကြောင်း:ရပ်များ:တွင် အညွှန်း:များ:ကို ပြဆိုရာ၌ ယခင်ထုတ်ဝေပြီး:သော မြန်မာ့စွယ်စုံကျမ်း:နှစ်ချုပ်များ:ကို ညွှန်း:လျှင် စာအုပ်အမည် (ဥပမာ–စွယ်စုံနှစ်ချုပ် ၁၉၉၈) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်း:ပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်း:နှစ်ချုပ် ၁၉၉၉ ပါ အကြောင်း:ရပ်များ:၊ ဆောင်း:ပါ:များ:ကို ညွှန်း:လျှင် အကြောင်း:ရပ်၊ ဆောင်း:ပါ:အမည်ကို ဖော်ပြ၍ ညွှန်း:ထား:ပါသည်။

စာပေဗိမာန်

အပိုင်း – ၁

၁၉၉၈ – ခုနှစ် ဖြစ်ရပ်များ

၁၉၉၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံ
တကာမှ ထင်ရှားသည့်ဖြစ်ရပ်အချို့ကို သတင်းမှတ်တမ်း
များအဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။







မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၉၉)

မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ







၁၉၉၈ ခုနှစ်၊ ဖြစ်ရပ်များ

ဇန်နဝါရီလ

၁ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ်နှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၏ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက် လျက်ရှိသည့် လုပ်ငန်း စီမံကိန်း များ ဆောင်ရွက်ထားရှိမှု အခြေအနေများ ညှိနှိုင်းအစည်းအဝေး ကို ဝန်ကြီးများရုံး၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ အစည်းအဝေး ခန်းမတွင် ကျင်းပသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ဆွေးနွေးမှာကြားသည်။

ပါကစ္စတန်သမ္မတ မိုဟာမက် ရာဖစ် တာဟာသည် ရွေးကောက်ပွဲ အနိုင်ရ ပြီးနောက် ငါးနှစ်ကြာ သမ္မတသက်တမ်း အတွက် လုပ်ငန်းတာဝန် စတင်ဆောင်ရွက် လိုက်သည်။

၂ မလေးရှားနှင့်စင်ကာပူဆက်သွယ် သည့် အမေရိကန် ဒေါ်လာ တစ်ဘီလီယံတန်သော တံတားသစ်ကို အခမ်းအနားမပါ ဖွင့်လှစ်လိုက် သည်။

၃ အီရတ်နိုင်ငံ ဘဂ္ဂဒတ်မြို့ရှိ ကုလသမဂ္ဂရုံး အဆောက်အအုံကို ဒုံးကျည်တပ် လက်ပစ်ဗုံး နှစ်လုံးဖြင့် ပစ်ခတ်ခဲ့သော်လည်း ထိခိုက်သေဆုံးသည့် သတင်းမရရှိကြောင်း အီရတ်ရှိ ကုလသမဂ္ဂ အရာရှိ တစ်ဦးက ပြောကြားသည်။

၄ ပြည် ထောင်စု မြန် မာ နိုင် ငံ တော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နှစ် (၅၀) မြောက် ရွှေရတု လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစား ပွဲကို ပြည်သူ့လွှတ်တော် အဆောက်အအုံတွင် ကျင်းပသည်။

၅ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သိန်းစိန်၊ ရှမ်းပြည်နယ် အရှေ့ပိုင်း အထူးဒေသ (၄) ဥက္ကဋ္ဌ ဦးစိုင်းလင်းတို့က ကျိုင်းတုံအရှေ့ခြမ်း၊ မိုင်းလား ဒေသတွင် တည်ဆောက်ပြီးစီးခဲ့သော ဝမ်တာ ပင်းချောင်းကူး ခေမာဝရတံတားသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ် ပေးလိုက်ကြ သည်။

၆ ဗီယက်နမ်နိုင်ငံသည်ဆိုရှယ်လစ် စနစ်ကို စွဲမြဲပြီး မွမ်းမံသွားရန် ဆုံးဖြတ်ထားကြောင်း ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူးသစ် လီခါဖယူက သန္နိဋ္ဌာန်ချ ထားသည်ဟု ဆင်ဟွာသတင်းဌာနက ရေးသားလိုက် သည်။

၇ ပထမ အကြိမ် အာဆီယံ နိုင်ငံများ မသန်စွမ်းသူများ ပန်းချီပြိုင်ပွဲ တွင် ဆုရှိသူများအား ဂုဏ်ပြုပွဲ အခမ်းအနားကို အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုအဆောက်အအုံတွင် ကျင်းပသည်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည်စုံ၊ ပြန်ကြားရေး ဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ မောင်နှင့် ဗိုလ်ချုပ်တင်ငွေ အမှူးပြု၍ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ မှ ကိုယ်စား လှယ်များ ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

၈ ပြည် ထောင်စု ကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေး အသင်းနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မော်ဘိုမြို့ ၊ဗဟို ပြည်သူ့ ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထူးမွမ်းမံ သင်တန်း အမှတ်စဉ် (၁) သင်တန်း ဖွင့်ပွဲ အခမ်းအနား သို့ တက်ရောက်၍ ဩဝါဒစကား မြွက်ကြား သည်။

၉-၁၀ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးတို့သည် ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ ဟာဝန်ရှိသူများ လိုက်ပါလျက် ရန်ကုန်မှ စစ်တွေသို့ ထွက်ခွာသည်။ ထို့နောက် ကင်းချောင်းတံတား တည်ဆောက်မှုလုပ်ငန်း ရန်ကုန်-စစ်တွေ မော်တော် ကားလမ်း ဖောက်လုပ်မှု လုပ်ငန်းများကို ကြည့်ရှု စစ်ဆေးသည်။ စစ်တွေမှ မောင်တောမြို့သို့ ရောက်ရှိပြီး နယ်စပ်ဒေသ



ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁) သင်တန်းသားများနှင့် တွေ့ဆုံစဉ်

၁၇ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မိုလ်ချုပ်မှူးကြီး သန်းရွှေသည် နယူးယောက်မြို့ **Leaders** မဂ္ဂဇင်း ဥက္ကဋ္ဌနှင့် အယ်ဒီတာချုပ် **Mr .Henry O, Dormann** နှင့် ၄င်း၏ လက်ထောက်အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၁၈ ကမ္ဘာဒီးယား ခေါင်း ဆောင် ဟွန်ဆန်ကလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏ ဝေဖန်မှုများ ရပ်တန့်ရန် ဒေါသတကြီး သတိပေးလိုက်သည်။

၁၉ မြန်မာနိုင်ငံ အကြောင်း သိကောင်း စရာ (Facts About Myarmar) စာအုပ်ပြုစုရေး ညှိနှိုင်း အစည်းအဝေးကို ဗိုလ်အောင်ကျော်လမ်း၊ ပြန်ကြား ရေးဝန်ကြီး ဌာန၊ ဝန်ကြီးရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။ မြန်မာနိုင်ငံ အကြောင်း သိကောင်းစရာ စာအုပ်နှင့် တိုင်းကျိုး ပြည်ပြု (တတိယတွဲ) စာအုပ် ပြုစုထုတ်ဝေရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြား ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင် တက်ရောက် အမှာစကား ပြောကြား သည်။

၂၀ ပြည်ထောင်စု မြန်မာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့သို့ ရောက်ရှိသော ကုလသမဂ္ဂ လက်ထောက် အတွင်းရေးမှူးချုပ် မစွတာအယ်လ်ဓာရိုး ဒီဆိုဘိုအား ကာကွယ်ရေးဝန်ကြီး ဌာန ဒဂုံရိပ်သာတွင် လက်ခံတွေ့ဆုံ သည်။

၂၁ အာရှတိုက် သည်ဌင်း တွေ့ကြုံ နေရသော ငွေကြေး ကမောက်ကမ ဖြစ်မှုမှ ကျော်လွှား လွန်မြောက်မည်ဟု လူဝင်မှုစစ်ဆေးရေး ကွပ်ကဲမှု ဌာနချုပ်၏ အမှတ် (၁) အဝင်အထွက် စခန်း၊ ကုန်ပစ္စည်း သိုလှောင်ရုံများကို စစ်ဆေးသည်။ ထို့နောက် ဘူးသီးတောင် မြို့သို့ သွားရောက်ကြပြီး ဒေသ လိုအပ်ချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထိုမှ ကျောက်တော်မြို့သို့ ရောက်ရှိပြီး ကစ္ဆပနဒီတံတား တည် ဆောက်ရေး စီမံကိန်းကို စစ်ဆေးသည်။ ထိုမှ မြောက်ဦးမြို့သို့ ရောက်ရှိပြီး ရှေးဟောင်း သမိုင်းဝင် ဘုရားပုထိုးများကို ကြည့်ရှု သည်။ ထိုမှ မင်းပြားမြို့သို့ သွား ရောက်ပြီး ရာမောင် မြစ်ကူးတံတား တည်ဆောက်ရေး လုပ်ငန်းကို သွားရောက် ကြည့်ရှု စစ်ဆေး သည်။ ထိုမှ အမ်းမြို့သို့ ရောက်ရှိကြပြီး ဒေသဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသော တင်ပြ ချက်များအပေါ် ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



အမေရိကန်သမ္မတ ကလင်တန် (ဝဲ) နှင့် လျှို့ဝှက်အချစ်စခန်းဖွင့်ခဲ့သည်ဆိုသော မိုနီကာ လူဝင်စကီး (ယာ)

မိမိယုံကြည်ကြောင်း ပြင်သစ် သမ္မတ ဂျက်ရှီရတ်က ပြောကြား‌လိုက်သည်။

အမေရိကန် သမ္မတ ကလင်တန်နှင့် လျှို့ဝှက်အချစ်စခန်း ဖွင့်ခဲ့သည်ဆိုသော အိမ်ဖြူတော် ဝန်ထမ်းဟောင်း မိုနီကာ လူဝင်စကီးတို့ နှစ်ဦး ပါဝင်သည့် ဗွီဒီယို အပိုင်းတစ်ပိုင်းကို အမေရိကန် ရုပ်သံလွှင့် အစီအစဉ်များက ထုတ်လွှင့် ပြသသည်။

ဖေဖော်ဝါရီလ

၁ ၁၉၉၇-၉၈ ခုနှစ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက် ပြိုင်ပွဲများကို မင်္ဂလာဒုံ တပ်မတော် ဂေါက်ကွင်း၌ ဒုတိယနေ့နှင့် နောက်ဆုံးနေ့အဖြစ် ဆက်လက်ကျင်းပပြီး ပြိုင်ပွဲအပြီး၌ ဆုပေးပွဲ အခမ်းအနားကို ကျင်းပသည်။

၁၉၉၈ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေ ဆုနှင်းသဘင် အခမ်းအနားကို ပခုက္ကူ မြို့ပြည်သာယာခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဆုများပေးအပ်ချီးမြှင့်သည်။

၂ လူ ၁၀၄ ဦးလိုက်ပါလာသည့် ဒီစီ-၉ ဖိလစ်ပိုင်ခရီးသည်တင် ပြည်တွင်းခရီးစဉ် လေယာဉ်တစ်စီးသည် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း မင်ဒါအို ကျွန်းရှိ မီးတောင်တစ်ခုနှင့် တိုက်မိပြီး ပျက်ကျသွားသည်။

၂ ပြည်ထောင်စုမြန်မာနိုင်ငံကော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရတို့အကြား သံတမန်နှင့် အထူးဝန်ထမ်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား အပြန်အလှန် ဗီဇာကင်းလွတ်ခွင့် ပေးရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ အခမ်းအနား တစ်ရပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန၌ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးညွန့်ဆွေကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ ကိုယ်စား ဒုတိယနိုင်ငံခြားရေးဝန်ကြီးမစ္စတာတန်ကြားဌန်ကလည်းကောင်း၊ လက်မှတ်ရေးထိုးကြသည်။

၄ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း နာယကနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



ပြန်ကြား:ရေး:ဝန်ကြီး:ဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ၁၉၉၆ ခုနှစ် အမျိုးသား:ဓာတ်ဆောင်ဆုရ ရန်အောင်အား ဆုချီး:မြှင့်စဉ်

ရန်အောင်အား ဆုချီးမြှင့်စဉ်

ဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေး:ဦး:စီး:ချုပ် ဗိုလ်ချုပ်မှူးကြီး သန်း:ရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေး:တပ် ပြည်ထောင်စု ခန်း:မဲ့ ကျင်း:ပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေး:နှင့် ဖွံ့ဖြိုး:ရေး: အသင်း: အမှုဆောင်များ: စီမံခန့်ခွဲရေး: သင်တန်း: အမှတ်စဉ် (၁၃) သင်တန်း: ဖွင့်ပွဲ အခမ်း:အနား:သို့ တက်ရောက်၍ သင်တန်း: ဖွင့် ဩဝါဒစကား: မြွက်ကြား:သည်။

၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုး:ရ ပြန်ကြား:ရေး:ဝန်ကြီး:ဌာနက ပြုလုပ်သော ၁၉၉၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူး:ချွန်ဆု ချီး:မြှင့်သည့် အခမ်း:အနား:ကို ရန်ကုန်မြို့၊ သုဝဏ္ဏအား:ကစား:ပြိုင်ပွဲရုံ (၁) ၌ကျင်း:ပရာ ပြန်ကြား:ရေး:ဝန်ကြီး:ဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်တက်ရောက်၍ အမှာစကား:ပြောကြား:ပြီး: မြန်မာ့ရုပ်ရှင်ထူး:ချွန်ဆုရရှိသူများ:အား: ဂြစင်ရုပ်ဆုများ: ချီး:မြှင့်သည်။ ၁၉၉၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူး:ချွန်ဆု ရရှိသူများ:မှာ ဓာတ်ပုံအကောင်း:ဆုံး:ဆုကို ချစ်ရည်း:စား: ဇာတ်ကား: မှ ချစ်မင်း:လူ (ကွယ်လွန်) ကလည်း:ကောင်း:၊ အမျိုး:သမီး:ဇာတ်ပို့ဆုကို မြင်း:မိုရ်တောင်ဦး: မကကျူး: ဇာတ်ကား:မှ ဒေါ်မြင့်မြင့်ခင်က လည်း:ကောင်း:၊ အမျိုး:သား:ဇာတ်ပို့ဆုကို ပန်း:သခင်ဇာတ်ကား:မှဇော်လင်း:(ကွယ်လွန်) ကလည်း:ကောင်း:၊ဒါရိုက်တာဆုကိုပန်း:သခင် ဇာတ်ကား: ရိုက်ကူး:သူ ဦး:ကြီး:မြင့်က လည်း: ကောင်း:၊ အကောင်း:ဆုံး:ရုပ်ရှင် ဇာတ်ကား:ဆုကို ပန်း:သခင် ဇာတ်ကား:က လည်း:ကောင်း:၊ အမျိုး:သမီး: ဇာတ်ဆောင်ဆုကို ပန်း:သခင် ဇာတ်ကား:မှထက်ထက်မိုး:ဦး:နှင့်အလင်း:ဖျော့ ကောင်း:ကင် ဇာတ်ကား:မှ မေသန်း:နုတို့က လည်း:ကောင်း:၊ အမျိုး:သား:ဇာတ်ဆောင်ဆုကို သား:သမီး:ဓနိ:ကြင်ရာ ဇာတ်ကား:မှ ကျော်ရဲအောင်နှင့်အလင်း:ဖျော့ကောင်း:ကင် ဇာတ်ကား:မှ ရန်အောင်တို့ကလည်း:ကောင်း: ရရှိကြသည်။

ဥရောပတိုက်သား: သုံး:ဦး: စီး:နင်း: လိုက်ပါလာသည့် မီး:ပုံး:ပျံကြီး:တစ်ခုသည် ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ဘင်္ဂလား: ပင်လယ်အော် ကောင်း:ကင်ယံ၌ ရောက်ရှိ နေပြီး: မြန်မာနိုင်ငံ ဘက်သို့ ဦး:တည်ပျံသန်း: လျက် ရှိနေသည်။

၉ နိုင်ငံတော်အေး:ချမ်း:သာယာရေး:နှင့် ဖွံ့ဖြိုး:ရေး:ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး:ဦး:စီး:ချုပ်၊ ကာကွယ်ရေး:ဦး:စီး:ချုပ်(ကြည်း:)ဗိုလ်ချုပ်ကြီး: မောင်အေး: နှင့် ဓနိ:ဒေါ်မြမြစန်း:တို့သည် မန္တလေး:တိုင်း: ကျောက်ပန်း:တောင်း:မြို့နယ် သစ်တော ဦး:စီး:ဌာန ပုပ္ပါး:တောင်ဥယျာဉ် အဆင့်မြင့် နား:နေဆောင်များ: (**Popa Mountain Resort**) ဖွင့်ပွဲအခမ်း:အနား:သို့ တက်ရောက် အား:ပေး:သည်။

Room ၌ တွေ့ဆုံ နှုတ်ဆက်သည်။ ထို့နောက် ယင်း နန်းတော်ရှိ **State Dining Room** ၌ တွေ့ဆုံဆွေးနွေး ကြသည်။

၁၈ ရက်နေ့တွင် ပင်လယ်ဆိပ်ကမ်း ဆူဘစ်ဘေး စက်မှု ဆိုင်ရာ ဇုန်နှင့် အိမ်ရာ စီမံကိန်းများကို လည်ကောင်း၊ ၁၉ရက်နေ့ တွင် အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသန သိပ္ပံ၏ သုတေသန စမ်းသပ်စပါး စိုက်ခင်းများကို လည်းကောင်း သွားရောက် ကြည့်ရှု လေ့လာကြသည်။ ၁၉ ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၂၀ ကုလသမဂ္ဂလက်နက်စစ်ဆေးသည့် ကိစ္စနှင့်စပ်လျဉ်း၍အမေရိကန် ပြည်ထောင်စုနှင့် အီရတ်တို့ထိပ်တိုက်တွေ့ မှုကို ငြိမ်းချမ်းသော ဖြေရှင်းချက်ရရေး နောက်ဆုံး ကြိုးပမ်းရာတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် ဘဂ္ဂဒက်သို့ ရောက်ရှိလာသည်။

၂၁ မင်္ဂလာဒုံစက်မှုဇုန်ဖွင့်ပွဲအခမ်းအနား ကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ် (၃) အဝေးပြေးလမ်းမကြီးနှင့် ခရေပင် လမ်းထောင့်ရှိ **Mingaladon Industrial Park** ၌ ကျင်းပသည်။

၂၂ ကုလသမဂ္ဂလက်နက်စစ်ဆေးရေး ပြဿနာကို ဖြေရှင်းရန်ကြိုးပမ်း နေသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်သမ္မတ ဆက်ဒမ် ဟူစိန်နှင့် သုံးနာရီကြာ တွေ့ဆုံဆွေးနွေး သည်။

၂၃ အီရတ်နိုင်ငံအား စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်မှုမှ ရှောင်လွဲနိုင်ဖွယ်ရှိသည့် သဘောတူစာချုပ်တစ်ရပ် ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အီရတ် ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ်တို့ ဘဂ္ဂဒက်မြို့တွင် လက်မှတ်ရေးထိုး လိုက်ကြသည်။

၂၄ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယညက္ကဋ္ဌ

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဧရာဝတီ တိုင်း မအူပင်မြို့ မအူပင်တံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့် အား ပေးပြီး တက်ရောက်လာသော ပြည်သူလူထု အား နှုတ်ဆက်စကားပြောကြားသည်။

အီရတ်နိုင်ငံသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် ကုလ သမဂ္ဂ လုံခြုံရေးကောင်စီတို့၏ ကြိုးကြပ် ကွပ်ကဲမှုဖြင့် သမ္မတနန်းတော်အတွင်း နေရာရှစ်နေရာကို ရက်ပေါင်းဖဝကြာ ဝင် ရောက် စစ်ဆေးခွင့်ပြုရန် အသင့်ရှိနေပြီ ဖြစ်ကြောင်း အီရတ်ဒုတိယ ဝန်ကြီးချုပ် တာရစ်အဇစ်က ပြောကြား လိုက်သည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ၁၉၉၈ ခုနှစ် (၅၁) နှစ်မြောက် ပြည်ထောင်စု နေ့ ညစ်ခံပွဲနှင့် ညစာစားပွဲကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော် ဝင်းအတွင်း မြက်ခင်းပြင်၌ ကျင်းပသည်။

၁၉၉၈ ခုနှစ် (၅၁) နှစ်မြောက် ပြည်ထောင်စုနေ့ အလံတင်အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိပြည်သူ့ရင်ပြင်၌ ကျင်းပသည်။

၁၄ (၅၃) နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား ကျင်းပရေး ဦးစီး ကော်မတီ ဥက္ကဋ္ဌ စစ်တိုင်းဝိုင်းပြိုင်ပွဲ ကျင်းပ ရေး ဦးစီးကော်မတီနာယက စစ်ဆင်ရေး အထူးအဖွဲ့မှူးနှင့် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်ကြီးတင်ဦးသည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ ကျင်းပသည့် (၅၃) နှစ် မြောက် တပ်မတော်နေ့ အထိမ်း အမှတ် ၁၉၉၈ ခုနှစ် သတ္တမအကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တိုင်း ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

၁၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် ပဲခူးတိုင်းဖြူးမြို့နယ်ငမြွေချောင်းရေလှောင် တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေး အမှာစကား ပြောကြားသည်။

၁၆ အိန္ဒိယနိုင်ငံအောက်လွှတ်တော်ရှိ အမတ်နေရာ ၅၄၃ နေရာအနက် ၂၂၂ နေရာအတွက် ရွေးချယ်မည့် (၁၂) ကြိမ်မြောက် အောက်လွှတ်တော် ရွေး ကောက်ပွဲများပထမအဆင့်တွင် အိန္ဒိယ သမ္မတ ကေအာရ်နာရာယန်နန်နှင့် ဇနီး အူရ်ရှာနာရာယန်နန်သည် အစဉ်အလာအရ ဓဟုတ်ဘဲသမ္မတ၏ခြံဝင်းအတွင်းရှိ အစိုးရ ကျောင်းတစ်ကျောင်းမှ မဲရုံတွင် မဲပေးကြ သည်။ အိန္ဒိယနိုင်ငံ အထွေထွေရွေးကောက် ပွဲများတွင် သမ္မတနှင့် ၄င်း၏ဇနီးတို့ ယင်းကဲ့ သို့ ဆန္ဒမဲပေးခြင်းသည် အိန္ဒိယ နိုင်ငံသမိုင်း တွင် ပထမဆုံး အကြိမ် ဖြစ် သည်။

၁၇–၁၉ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့ သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတကြီး ဖီဒယ်လ်ဗွီးရာမို့စ်နှင့်ဇနီး မဒမ်အမ်မီလီ တာအမ်၊ ရာမို့စ် တို့၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတ နိုင်ငံတွင် ချစ်ကြည်ရေး ခရီး လည်ပတ်ရန်အတွက် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့ မှ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြ သည်။ ယင်းနေ့ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ဖိလစ်ပိုင် သမ္မတနိုင်ငံ မနီလာမြို့ သို့ ရောက်ရှိပြီး နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် သမ္မတကြီး ဖီဒယ်လ်ရာမို့စ် အား မလာကန် ညနန်းတော် **Music**



ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အီရတ်ဒုတိယဝန်ကြီးချုပ် တာရစ် အဇစ်တို့ သဘောတူစာချုပ်တစ်ရပ် လက်မှတ်ရေးထိုးစဉ်

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ရှမ်းပြည်နယ် (တောင်ပိုင်း) နှင့် (မြောက်ပိုင်း) ဆက်သွယ်သော ရွှေညောင် – ရပ်စောက် – ကျောက်ဂူ – တောင်ခမ်း –ကဲကြီး – နောင်ချိုကား:လမ်း ဖွင့်ပွဲ အခမ်းအနား:သို့ တက်ရောက်အား:ပေး ချီးမြှင့်သည်။

၂၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပုံမှန်သင်တန်း အမှတ်စဉ် (၂၉) မှ သင်တန်းသူ သင်တန်း သား:များ:က ပြည်သူလွှတ်တော် အဆောက်အအုံရှိမဂ်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒ ခံယူကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ:ဖွံ့ဖြိုးရေးတက္ကသိုလ်ပုံမှန်သင်တန်း အမှတ်စဉ် (၂၉) မှ သင်တန်းသူ သင်တန်း သား:များ:က ပြည်သူလွှတ်တော်အဆောက်အအုံရှိမဂ်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒ ခံယူကြသည်။

ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ:ဖွံ့ဖြိုးရေးတက္ကသိုလ်ပုံမှန်သင်တန်း အမှတ်စဉ် (၂၉) မှသင်တန်းသား သင်တန်းသူ များ:အား ပြည်သူလွှတ်တော်အဆောက်အအုံ၌ ဂုဏ်ပြုညစာစား:ပွဲဖြင့် တည်ခင်းကျွေးခဲ့သည်။

၂၇ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကနိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ဘိုမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲအခမ်းအနား:သို့ တက်ရောက်၍ သင်တန်းဆင်းပွဲ ဩဝါဒစကား: မြွက်ကြား:သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်တို့အား ဆွေးနွေးပွဲ၌ တွေ့ရစဉ်

မတ်လ

၁ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၃၅ ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်း ပြသထားမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် စစ်ကိုင်းတိုင်း ကလေးမြို့သို့ ရောက်ရှိပြီး ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၄ စတုတ္ထအကြိမ်နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီဒသမ အစည်းအဝေးကို ရန်ကုန်မြို့ သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိဝိဇယမင်္ဂလာဝမ္မသဘင်၌ကျင်းပသည်။

၅ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့ရှိ ဗဟိုပြည်သူ့ ဆက်ဆံရေးတပ်ပြည် ထောင် စု ခန်း မ ၌ ကျင်း ပ သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်များ စီမံခန့်ခွဲရေး အမှတ်စဉ် (၁၃) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းသဖွါဒစကား မြွက်ကြားသည်။

၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော ဗီယက်နမ်နိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဒန်ဗူချု ခေါင်းဆောင်သော စက်မှုကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၇ – နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်နှင့် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါ လျက် တနင်္သာရီတိုင်းသို့ သွားရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စစ်ဆေးကြည့်ရှုမှာကြားသည်။

၈ အပြည်ပြည်ဆိုင်ရာအဖျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေး ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ချီးမြှင့်အားပေးသည်။

၉ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ရန် အတွက် အထူးလေယာဉ်ဖြင့် ရောက်ရှိလာကြသည်။

၁၀ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့သော မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာမဟာသီ၊ ဘင်္ဂလားဒေ့ရှ်နှင့်ဇနီး ဒါတင်ဆရီဒေါက်တာစီတီ၊ ဟက်စ်မာ၊ ဟာကျိ၊ မိုဟာမက်၊ အလီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ လာမည့် ငါးနှစ်ကြာ သမ္မတသက်တမ်းအတွက် ဆိုဟာတိုအား ပြန်လည်ရွေးချယ်လိုက်သည်။ယင်းသို့ရွေးချယ်လိုက်ခြင်းသည် အငြိမ်းစားဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်သူ ဆိုဟာတိုအား ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံးနိုင်ငံခေါင်းဆောင်များအနက် တစ်ဦးအပါအဝင်ဖြစ်စေခဲ့သည်။

၁၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ တပ်မတော်(ကြည်း၊ ရေ၊လေ) မိသားစုများက နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ (နိုင်ငံတော် သံဃမဟာနာယက) အဖွဲ့ဝင်ဆရာတော်ကြီးများ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ကြီးများနှင့်ဘွဲ့ခံဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား



မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး ရောက်ရှိလာသော မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာ မဟာသီ၊ ဘင်၊
မိုဟာမက်နှင့် စနီးအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် စနီးကကြိုဆိုစဉ်

ကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။

အင်ဒိုနီးရှားသမ္မတ ဆိုဟာတိုသည် လူဦးရေ သန်း ၂၀၀ ရှိသည့် အင်ဒိုနီးရှားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် သတ္တမအကြိမ်မြောက် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၁၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၉၈ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လွှဲဒါန်းအပ်နှင်းကြောင်း ထုတ်ပြန်ကြေညာခဲ့ရာ ယင်းကြေညာချက်အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသည့် ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့သိရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

၁၄ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် **Capital Mac Center** တို့ပူးပေါင်းဖွင့်လှစ်သည့် ကွန်ပျူတာ **C.D Rom** အသုံးပြု၍ အင်္ဂလိပ်စာ သင်ကြားရေးနည်းပြဖွင့်ပွဲကို ရန်ကုန်မြို့ပြည်လမ်းရှိ ပညာရေးတက္ကသိုလ်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော် ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

၁၅ ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂလက်ထောက်အတွေ့တွေ့အတွင်းရေးမှူးချုပ် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် လက်ထောက်အုပ်ချုပ်ရေးမှူးနှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဒေါက်တာနေထွန်းနှင့်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

လပုန်း (၆၉)နှစ်သည် နဝမအကြိမ် အမျိုးသားပြည်သူ့ကွန်ဂရက်(အင်ပီစီ)



အိန္ဒိယနိုင်ငံ
ဝန်ကြီးချုပ်သစ်
ဖြစ်လာသည့်
အတာ်းလ်ဘီ
ဟာရီဗက်ရ်
ပါယီ

အမြဲတမ်း ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ရွေးချယ်ခံရသည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် တောင်ဂူခရိုင် အုတ်တွင်းမြို့နယ်၌ ကျင်းပသည့် ရေဆိုးရေလောင်တမဲပွင့်ပွဲ အခမ်းအနား၌ တက်ရောက်အားပေးပြီး ကရင်ပြည်နယ် သံတောင်မြို့နယ်ဖျား စခန်းသို့ သွားရောက်၍ ကေအင်န်ယူသောင်းကျန်းသူအဖွဲ့ မှခွဲထွက်လာသည့် ငြိမ်းချမ်းရေးတပ်ဖွဲ့ ခေါင်းဆောင် ဦးစောဖဲရီမိုနှင့် အဖွဲ့ဝင်များအား တွေ့ဆုံကာ ဒေသပွဲ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စီမံဆောင်ရွက် ပေးသည်။

၁၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးသည် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)အစည်းအဝေးခန်းမ၌ ပျင်းပသည့် တနင်္သာရီတိုင်း ပွဲ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ပွဲ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ တည်ဆောက်ခဲ့ သည့် ယိုးချောင်းတံတားဖွင့်ပွဲအခမ်းအနား သို့တက်ရောက်၍ အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးလိုက်သည်။

၁၉ အာဆီယံအလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ အာဆီယံ အဖွဲ့ဆိုင်ရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ဟိန္ဒူအမျိုးသားရေးဝါဒီခေါင်းဆောင် အတာ်းလ်ဘီဟာရီဗက်ရ်ပါယီသည် အိန္ဒိယနိုင်ငံ အမတ်အနည်းစု ညွှန့်ပေါင်းအစိုးရအဖွဲ့၏ ဝန်ကြီးချုပ်သစ်အဖြစ် စတင် ထမ်းရွက်သည်။

၂၀ ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ထိုင်းနိုင်ငံဘုရင့်အတိုင်ပင်ခံအဖွဲ့ဝင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ပရမ်တင်ဆူလာနွန်ဒါအား ပြည်သူ့လွှတ်တော်အဆောက်အအုံ မင်္ဂလာခန်းမ၌ လက်ခံတွေ့ဆုံသည်။

၂၁ ထိုင်းဝန်ကြီးချုပ် ချွန် လိ ပိုင် ဦးဆောင်သော ခုနစ်ပါတီ ညွှန့်ပေါင်းအစိုးရသည် ပါလီမန်၌ အတိုက်အခံအမတ်တို့က အယုံအကြည်မရှိ အဆိုတစ်ရပ် တင်သွင်း မဲခွဲဆုံးဖြတ်ခဲ့ရာတွင် အနိုင်ရရှိသွားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ပဲခူးတိုင်းသာယာဝတီမြို့နယ်သုံးဆယ်မြို့မဟာထူပါရုံကျောင်းတိုက်၌ ကျင်းပသည့် မဟာထူပါရုံစေတီတော် ရွှေထီးတော် တင်လှူပွဲနှင့် မဟာထူပါရုံကျောင်းတိုက် ရာပြည့်ပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

၂၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် (၅၃) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြသမည့် တပ်မတော်နေ့ပြပွဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၂၄ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ စင်ကာပူ သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စား လှယ်အဖွဲ့သည် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

၂၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ခဲ့သော စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဂိုချောက်တောင် ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

၂၇ ရန်ကုန်မြို့ဦးဝိစာရလမ်းရှိတော်လှန်ရေး ပန်းခြံ၌ ကျင်းပသော (၅၃) နှစ်မြောက် စစ်ရေးပြအခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တက်ရောက်၍ မိန့်ခွန်းမြွက်ကြားသည်။

၂၈ ၅၃ နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် တနင်္သာရီတိုင်း ထားဝယ်မြို့ ထားဝယ်-ရေးရထား လမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ လမ်းပန်း ဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှု ဗဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေး နှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

၂၉ ၁၉၉၈ ခုနှစ် အဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းသားအားကစားပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ချင်းပြည်နယ်ဟားခါးမြို့ ဝမ္မသူးမောင် အားကစားဥယျာဉ်၌ ကျင်းပရာ ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ နာယက မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

၃၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင် စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာ ကွယ် ရေး ဦး စီး ချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်နှင့် ဝန်ကြီးများ၊ တာဝန်ရှိပုဂ္ဂိုလ် များ နှင့် အ တူ ရှမ်း ပြည် နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်းသို့သွား ရောက် ပြီး ဒေ သ ဖွံ့ ဖြိုး ရေး နှင့် ကည်ဆောက်ရေးလုပ်ငန်းများကို စစ်ဆေးကြည့်ရှုမှာကြားသည်။

ဧပြီလ

၁-၄ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယ ဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော် ကာ ကွယ် ရေး ဦး စီး ချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ အတွင်းရေးမှူး (၃)ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့် ၊ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးများနှင့်အတူတာချီလိတ်မြို့သို့ရောက်ရှိသည်။ တာချီလိတ်လေဆိပ်ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် နမ့်မယ်ဆိုင်ရေအားလျှပ်စစ် စီမံကိန်းများကို စစ်ဆေးသည်။ ထို့နောက်တောင်ကြီးမြို့သို့ရောက်ရှိကြပြီး ဗိုလ်ချုပ်ကြီး မောင်အေးက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ပင်လုံခန်းမတွင်အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့်ရေရှည်တည်တံ့ရေး ကိစ္စများကို တာဝန်ရှိသူများအား မှာကြားသည်။

၆ ပြည်ထောင်စုမြန်မာနိုင်ငံတော် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင် (၁/၉၈) ကြိမ်မြောက်အစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ညှိနှိုင်းဆွေးနွေးသည်။

ပြင်သစ်သမ္မတ ဂျက်ရှီရတ်သည် ပြင်သစ်နိုင်ငံသို့ ပထမဆုံးအကြိမ်အလည်အပတ်ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ကျူရောင်ဂီအား သမ္မတနန်းတော်တွင် ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံသည်။

၇-၂၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည်

အဖွဲ့သည် ပုဂံမြို့သို့ရောက်ရှိပြီး ရှင်ပင်သက်ရှည်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲသို့တက်ရောက်ကြည်ညိုသည်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်ဖွင့်ပွဲသို့ တက်ရောက်သည်။ ထို့နောက် မကွေးတိုင်းမြို့သစ်မြို့နယ် ဆဒ္ဒန်ရေလှောင်တမံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ထို့နောက် ပြည်မြို့သို့ရောက်ရှိကြပြီး ထိုမှ မကွေးတိုင်းရှိ သရက်ဘိလပ်မြေစက်ရုံကို သွားရောက်စစ်ဆေးသည်။ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် ပုဂံ-ညောင်ဦးမှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ထွက်ခွာပြီး ကစ္ဆပနဒီတံတား၊ စိမ်ကိန်းနှင့် မြောက်ဦးမြို့ရှိ ရှေးဟောင်း အမွေအနစ်များ၊ ထိန်းသိမ်းမှုလုပ်ငန်းများ ကို စစ်ဆေးသည်။ ထို့နောက် ဩလ ၂၂ ရက် နေ့၌ ပုဏ္ဏားကျွန်းမြို့နယ်ကင်းချောင်း တံတားဖွင့်ပွဲသို့ တက်ရောက်သည်။ ဗိုလ်ချုပ်မှူးကြီးသည် ဩလ (၇) ရက်နေ့မှ (၂၂) ရက်နေ့အထိ မန္တလေး၊ စစ်ကိုင်း၊ မကွေးတိုင်းများနှင့် ရခိုင်ပြည်နယ်သို့ လှည့်လည်သွားရောက်သည်။

၇ ငွေကြေး အရောင်းဝယ်ကိစ္စကိုစည်းကမ်း ဥပဒေ သတ်မှတ်ထိန်းချုပ်ရန် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) ၏ ကြီးပမ်းမှုမှာ တိုးတက်မှုမရှိကြောင်း မလေးရှားဝန်ကြီးချုပ်က ပြောကြားသည်။

၉ အမေရိကန်၏ ပိတ်ပင်တားမြစ်ရေးခြိမ်းခြောက်မှုများ ရှိသော်လည်း နိုင်ငံပိုင် ရေနံကုမ္ပဏီပက်ထရိုလီယံ နေရှင်နယ် (ပီထရိုနတ်ခ်) နှင့်အခြားကုမ္ပဏီများသည် အီရန်နှင့်လစ်ဗျားတွင် ဆက်လက်ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံက ပြောကြားလိုက်သည်။

၁၃ ၁၃၅၉ ခုနှစ်ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မင္ဂလာပွဲအခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့ရှိ ရန်ကုန်မြို့တော်ဝန်မဟာသင်္ကြန်ရေသဘင်မင္ဂလာပွဲတွင် ကျင်းပသည်။ မြို့တော်ဝန်

တာဝန်ရှိသူများလိုက်ပါလျက် မန္တလေးသို့ရောက်ရှိသည်။ ဗိုလ်ချုပ်မှူးကြီးသည် မန္တလေးမြို့တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ထို့နောက် ကျောက်ဆည်မြို့နယ်အင်ရောင်းကျေးရွာရှိလောကမာရ်အောင်ဒွေဂူကြီးစေတီတော် ဒွေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ ဗိုလ်ချုပ်မှူးကြီးနှင့်ဒေါ်တက်ရောက်ကြည်ညိုကုသိုလ်ပြုသည်။ ထို့နောက် ပြင်ဦးလွင်မြို့သို့ရောက်ရှိကြပြီး စစ်တက္ကသိုလ်တပ်မတော်အုပ်ချုပ်မှုကျောင်း၊ ဆက်သွယ်ရေးနှင့်အီလက်ထရွန်နစ်ကျောင်း၊ တပ်မတော် အင်ဂျင်နီယာ ကျောင်းများကို စစ်ဆေးသည်။ဤလ၁၀ရက်နေ့၌ဗိုလ်ချုပ်မှူးကြီးသည် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၃၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့တက်ရောက်မိန့်ခွန်းပြောသည်။ ထို့နောက်ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် စစ်ကိုင်းတိုင်းကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံ ဘက်စုံစိမ်းကိန်း၊ ဒွေဘိုမြို့ ဒွေဘုံရတနာ မင်္ဂလာနန်းတော် လုပ်ငန်းများကို သွားရောက်စစ်ဆေးသည်။ ထိုမှ ဗိုလ်ချုပ်မှူးကြီးနှင့်

၁၃၅၉ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင် မင္ဂလာပွဲအခမ်းအနား



ဦးကိုလေး တက်ရောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေး သည်။

ဆာဂျီကီရီယင်ကိုအား ဝန်ကြီးချုပ် အဖြစ် ရွေးချယ်ထားခြင်းကို ရုပ်သိမ်းပေး ရန် အတိုက်အခံများ၏တောင်းဆိုချက်အား ရုရှသမ္မတဘောရစ်ယဲ့လ်ဆင်ကခေါင်းညိတ်မည် မဟုတ်ကြောင်း ပြောကြားသည်။

၂၀ ၂၄ ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညီလာခံအဆင့်မြင့် အရာရှိများ အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနား ဟိုတယ်တွင် ကျင်းပသည်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် တက်ရောက် အဖွင့် အမှာစကား ပြောသည်။

၂၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ၂၄ ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညီလာခံသို့ တက်ရောက်သော ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဂျက်ဒုဖ်နှင့်ညီလာခံတက်ရောက် ဝန်ကြီးများအား ပြည်သူ့လွှတ်တော် အဆောက်အအုံ မင်္ဂလာခန်းမတွင် လက်ခံတွေ့ဆုံသည်။

၂၄ ဝန်ကြီးချုပ်အဖြစ်ယှဉ်ပြိုင်အရွေးခံခြင်းကို လွှတ်တော်တွင် အဆုံးအဖြတ်ပေး မဲခွဲရာ အခိုင်အမာထောက်ခံမှု ရရှိလိုက်သဖြင့် ဆာဂျီကီရီယင်သည် ရုရှားနိုင်ငံ၏ ဝန်ကြီးချုပ်သစ်ဖြစ်လာသည်။

၂၅–၂၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်၊ ဟာဂျီ၊ဟာဆာနာလ်၊ ဘိုလ်ကီးယား၊ မူအစ်ဇာဒင်ဝါဒိုလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံသို့ထွက်ခွာကြသည်။

၂၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်၊ ဟာဂျီ၊ ဟာဆာနာလ်၊ ဘိုလ်ကီးယား၊မူအစ်ဇာဒင်၊ ဝါဒိုလာ၏ ဖိတ်ကြားချက်အရ ဘရူနိုင်းဒါရူဆလမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိလာကြသည်။

၂၉ ထူးချန်ကြက်ခြေနီလူငယ်တွေ့ဆုံပွဲ ၁၉၉၈ ဖွင့်ပွဲ အခမ်းအနားကို တပ်မတော်အရိုးကုဆေးရုံကြီးခုတင်(၅၀၀) ခန်းမဆောင်တွင် ကျင်းပသည်။ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်အမှာစကားပြောသည်။

မေလ

၂ ကမ္ဘောဒီးယားဘုရင်နိုရိုဒွန်သီဟာနသည် နိုင်ငံရေးပြဿနာများ ဆွေးနွေးရန် ပူးတွဲဝန်ကြီးချုပ်နှင့် ကမ္ဘောဒီးယား ပြည်သူ့ပါတီဒုတိယဥက္ကဋ္ဌ ဟွန်ဆန်ကို ဖနွမ်းပင်မြို့တွင် တွေ့ဆုံခဲ့သည်။ မိမိသည် ကမ္ဘောဒီးယား နိုင်ငံ၏ အခြေအနေ အရပ်ရပ်ကို ဘုရင်သီဟာနထံ အစီရင်ခံတင်ပြခဲ့ကြောင်း ဘုရင်သီဟာနနှင့် တွေ့ဆုံအပြီး ဟွန်ဆန်က လူထုဆက်သွယ်ရေး လုပ်ငန်းများမှ ကိုယ်စားလှယ်များအား ပြောကြားသည်။

၅ ရှမ်းပြည် နယ်မြောက် ပိုင်းအထူးဒေသ(၃)ဘော်ကြို့သကြားစက်ဖွင့်ပွဲ အခမ်းအနားကို သီပေါမြို့နယ် ဘော်ကြို့ကျေးရွာရှိအဆိုပါ သကြားစက်ရုံ၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် အမှာစကား ပြောကြားသည်။

၆ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်း ဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြောကြားသည်။

၈ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာ ရှိဒိုဖို၊ စီ၊ ဆီဗာရီနိုဂျူနီယာအား ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

၉–၁၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အဖွဲ့ဝင်များလိုက်ပါလျက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မြို့နယ်များဖြစ်သည့် လားရှိး၊ တန့်ယန်း၊ ကွမ်းလုံ၊ သိန္နီ၊နမ့်ခမ်း၊ မူဆယ်၊ကွတ်ခိုင်နှင့် သီပေါမြို့နယ် နမ့်လန်ဒေသများသို့ သွားရောက်ကာ စိုက်ပျိုးရေး

လမ်း အမှတ် (၈၈ /က)ရှိ အဆိုပါ ဟိုတယ်ရှေ့မျက်နှာစာ၌ ကျင်းပသည်။

အင်ဒိုနီးရှားသမ္မတ ဆိုဟာတိုသည် အောက်လွတ်တော် (ဒီပီအာရ်) အမတ်များ ခေါင်းဆောင်ပိုင်းနှင့် အစည်းအဝေးတစ်ရပ် ကျင်းပပြီးနောက် ရာထူးမှ နုတ်ထွက်ကြောင်းကြေညာသည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီဒုတိယသမ္မတဘီဂျေဟာဘီဘီသည် မိမိ၏တာဝန်ဖြစ်သည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ သမ္မတအဖြစ် ဆက်လက် ဆောင်ရွက်လိမ့်မည်ဟု ဆိုဟာတိုက ဆက်လက်ပြောဆိုသည်။

၂၈ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) ဘက်စုံအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားနှင့် အဋ္ဌမအကြိမ် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်ညီလာခံဖွင့်ပွဲ အခမ်းအနားကို အဆောက်အအုံသစ်တည်ရှိရာ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလာလမ်းနှင့် ပါရမီလမ်းထောင့်၌ ကျင်းပရာ အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးများကို လမ်းညွှန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

၂၇ ဖယ်ရှားခံလိုက်ရသည့် ကမ္ဘာဒီးယား ပူးတွဲဝန်ကြီးချုပ် မင်းသားနိရိဒွန်ရာနာရစ်ကို သစ္စာခံသော စစ်ဘက်အရာရှိများ၏ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် အစိုးရအား ဆန့်ကျင် တိုက်ခိုက်နေမှုကို တရားဝင်ရပ်ဆိုင်းရေး ဆွေးနွေးရန် ကမ္ဘောဒီးယားသို့ ရောက်ရှိလာသည်။

၂၅ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၉၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကို ဗထူးတပ်မြို့ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးတက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

၂၆ အိန္ဒိယနိုင်ငံ၏ ချူကလီးယားဟောက်ခွဲစမ်းသပ်မှုကို နယူးဒေလီမြို့တွင် လူရာပေါင်းများစွာ ချီတက်ပြီး ဆန္ဒပြကန့်ကွက်ကြသည်။အိန္ဒိယနိုင်ငံအနောက်ပိုင်း ရာဇဂျက်စ်သန် ပြည်နယ်သဲကန္တာရတွင် ချူကလီးယားစမ်းသပ်မှုငါးကြိမ် ပြုလုပ်ခဲ့သည့်အတွက်အိန္ဒိယနိုင်ငံသည်အကြီးအကျယ် ပြစ်တင်ရှုတ်ချခြင်း ခံခဲ့ရသည်။

၂၉ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr. Niu Shaoyao ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၀ Yangon Commercial Tower နိုင်ငံတကာအဆင့်မီဂုဏ်နန်းအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ဆူးလေဘုရားလမ်းအမှတ် (၇၃/၇၅) (ယခင်ပန်းဥယျာဉ်ဟိုတယ်) မြေနေရာရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

၂၁ အကယ်ဒမီဟိုတယ်ဖွင့်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ် တက္ကသိုလ် ဂိုဝ်သာ



မြန်မာအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲတက်ရောက်သူများနှင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တွေ့ဆုံစဉ်



သမ္မတ ဆိုဟာတို ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာနေစဉ် (ဝဲ)နှင့် ၄င်း၏ နေရာကို ဆက်ခံသည့် သမ္မတသစ် ဘီဂျေဟာဘီဘီ(ယာ)

ပွဲ.ပြိုး:ရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်၍ မြန် မာ နိုင် ငံ မိ ခင် နှင့် က လေး စောင့်ရှောက်ရေးအသင်း (ဗဟို) ဘက်စုံအဆောက်အအုံသစ် ကမ္ဘည်းစာတန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး:လိုက်ပြီး ဆဌမအကြိမ် နှစ်ပတ်လည် ညီလာခံတွင် အဖွင့်အမှာစကား ပြောကြား:သည်။

အင် ဒို နီး ရှား နိုင် ငံ ၏ ပြု ပြင် ပြောင်:လဲမှု တိုးတက်ရေး:ဝန်ကြီး:အဖွဲ့.သည် ကျကာတာရှိ သမ္မတနန်:တော်၌ ကျမ်းကျိန်ဆိုသည်။ ဝန်ကြီး:အဖွဲ. ကျမ်းကျိန်ဆိုပွဲ၌ သမ္မတ အသစ်အဖြစ် မေ ၂၁ ရက်နေ့က ကျမ်းကျိန်ဆိုခဲ့သော သမ္မတ ဘီဂျေဟာဘီဘီက သ ဘာ ပ တိ အ ဖြစ် ဆောင်ရွက်သည်။

၂၇ ပြည်ထောင်စုမြန် မာနိုင်ငံတော် နိုင်ငံတော်အေး:ချမ်:သာယာရေး:နှင့် ပွဲ.ပြိုး:ရေး:ကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယတပ်မတော် ကာကွယ်ရေး:ဦး:စီး:ချုပ် ကာကွယ်ရေး:ဦး:စီး:ချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး: မောင်အေး:သည် ရန်ကုန်မြို့.တွင် ရောက်ရှိနေသည့်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Vietnam Fatherland Front အဖွဲ့.ဗဟိုကော်မတီဥက္ကဋ္ဌ Mr. le Quang Dao ခေါင်:ဆောင်သည့် လေ့လာရေး:ကိုယ်စား:လှယ်အဖွဲ့.ဝင်များ:အား: ကုန်:မြင့်သာယာရှိ ဒေယျာသီရိဗိမာန်၌ လက်ခံတွေ့.ဆုံသည်။

မေ ၁၁ ရက်နေ့.က ကျင်:ပခဲ့သည့် ဖိလစ်ပိုင် သမ္မတ ရွေး:ကောက်ပွဲတွင် ဖိလစ်ပိုင် ဒုတိယသမ္မတ ကျိုးဇက်အက်စ်ထရာဒါက ပြိုင်ဘက်သုံး:ဦး:အား: အနိုင်ရလိုက်ကြောင်: ဖိလစ်ပိုင် သတင်:ဌာနက ရေး:သား:ဖော်ပြသည်။

၂၉–၃၁ ပြည်ထောင်စုမြန် မာနိုင်ငံတော် နိုင်ငံတော်အေး:ချမ်:သာယာရေး:နှင့် ပွဲ.ပြိုး:ရေး:ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး:ကြီး: သန်:လွှန်:ဇနီး: ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြား:ချက်အရ ဘရူနိုင်:ဒါရုဆလမ်နိုင်ငံ ဘုရင်မင်:မြတ်ဆူလ်တန်၊ ဟာဂျီ၊ ဟာဆနာလ်၊ ဘိုလ်ကီ:ယား:၊ မူအစ်ဇာဒင်၊ ဝါဒိုလာ၊ မိဖုရား ရာဂျာ၊ အစ္စတရီ၊ ပင်ဂျီယန်၊ အနတ်ခ်၊ ဟာဂျာ၊ ဆယ်လီဟာနင့် ကြင်ရာတော် ပင်ဂျီယန်၊ အစ္စတရီ၊ ဟာဂျာ၊ မာရီယမ်တို့.ခေါင်:ဆောင်သော ချစ်ကြည်ရေး:ကိုယ်စား:လှယ်အဖွဲ့.သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေး:ခရီး:လည်ပတ်ရန်အတွက် ၂၉ ရက်နေ့.တွင် အထူး:လေယာဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့. ရောက်ရှိလာကြသည်။ မြန်မာနိုင်ငံတွင် နေထိုင်စဉ်အတွင်: ဘရူး:နိုင်:ဘုရင်မင်:မြတ်သည် အမျိုး:သား:ပြတိုက်၊ လှိုင်သာယာ စက်မှုဇုံ.၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် ကျောက်မျက်ရတနာဈေး:သို့. သွား:ရောက်ကြည့်ရှုလေ့လာသည်။ ၃၁ ရက်နေ့.တွင် ရန်ကုန်ဇုံ.မှ ပြန်လည်ထွက်ခွာသွား:သည်။

အကြိမ် (၅၀) မြောက် ကွေရတု တိ ပိ ဋ က ဝ ရ ချီး: ကျူး: မှု တော် ပွဲ နှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ အခမ်:အနား:ကို ရန်ကုန်ဇုံ. သီရိမင်္ဂလာကမ္ဘာအေး:ကုန်:မြေရှိ မဟာပါသာဏလိုဏ်ဂူ၌ ကျင်:ပရာ နိုင်ငံတော်အေး:ချမ်:သာယာရေး:နှင့် ပွဲ.ပြိုရေး:ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး:ဦး:စီး:ချုပ် ကာကွယ်ရေး:ဦး:စီး:ချုပ်(ကြည်း)ဗိုလ်ချုပ်ကြီး: မောင်အေး:နှင့် ဇနီး:ဒေါ်မြမြစန်း:တို့. တက်ရောက်ကြည်ညိုပြီး: ဗိုလ်ချုပ်ကြီး:မောင်အေး: က အာဘိဝမ္မိက တိပိဋကဝရ အောင်မြင်တော်မူသော အရှင်သိလကွန္ဓာဘိဝံသအား: အောင်လက်မှတ်နှင့် ဘွဲ့.တံဆိပ်တော် အဆောင်အယောင်များ:ကို ဆက်ကပ်လှူဒါန်:သည်။

အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်:တွင် ဒုတိယအကြိမ် အကြီ:အကျယ်ငလျင်လှုပ်ရာ သေဆုံ:သူ ၃၀၀၀ အထိ ရှိကြောင်: သိရှိရသည်။ ငလျင်ပြင်:အား: ရစ်ချ်တာစကေး: ၆ ဒသမ ၉ ရှိသည်။

ဂုန်လ

၁ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနဘွဲ့လွန်ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနား ကို ရန်ကုန် မြို့ ပြည် လမ်း ရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ အမျိုးသား ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ အဖွင့် အမှာစကားပြောကြားသည်။

အာရှ စီးပွားရေး ကမောက်ကမ ဖြစ်မှုနှင့် နိုင်ငံရေး ပြဿနာများအပြင် ဆက်ဆံရေး တိုးမြှင့်ရေး ကိစ္စရပ်များ အသေးစိတ် ဆွေးနွေးမည့် တတိယမြောက် အာရှရေနံနှင့် တတ်ဌေ. ညီလာခံကို ကွာလာလမ်ပူ၌ ဖွင့်လှစ်လိုက်သည်။

၆ မြန်မာနိုင်ငံကြက်ခြေနီအသင်း (၄၅) ကြိမ်မြောက် ဗဟိုကောင်စီ အစည်းအဝေးကို ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပရာအမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်အမှာစကား ပြောကြားသည်။

အိန္ဒိယနိုင်ငံက မေ ၁၁ ရက်နှင့် ၁၃ ရက်တွင် လည်းကောင်း၊ ပါကစ္စတန်နိုင်ငံက မေ ၂၈ ရက်နှင့် ၃၀ ရက်တွင် လည်းကောင်း ချူကလီးယား စမ်းသပ်ခဲ့ခြင်းများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချလိုက်သည်။

၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် ဝမ္မဒါနလမ်းရှိ မြန်မာနိုင်ငံဂီတအစည်းအရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဂီတအစည်းအရုံး မော်ကွန်းကမ္ဘည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်သည်။

၈ မြန်မာ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက် ရေး အဆောက် အ အုံ လွှဲအပ်ပွဲနှင့်အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်အားပေးသည်။

နတ်ထွက်တော့မည့် ကမ္ဘာ့ဘေလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ကျိုးဟာဗာလန့်ဂျ်၏ ရာထူးကို ဆက်ခံမည့် ပုဂ္ဂိုလ်ရွေးချယ်ပွဲကို ကျင်းပရာ လက်ရှိအထွေထွေအတွင်းရေးမှူး ချက်ဘလတ္တာက ပထမအကျော့ မဲဆန္ဒပေးပွဲ အပြီးတွင် တစ်ဦးတည်းသောပြိုင်ဘက် ဆွီဒင်မှ လင်းနတ်ဂျိုးဟန်းဆင် နတ်ထွက်သွားသဖြင့် ဥက္ကဋ္ဌအဖြစ် အရွေးခံရသည်။

၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း ညောင်တုန်းမြို့သို့ သွားရောက်၍ ဗိုလ်မြတ်ထွန်းတံတားလုပ်ငန်းခွင်နှင့် ညောင်တုန်းကမ်းပါးရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

၁၂ ယဉ်ကျေးမှုဝန်ကြီးဌာနကဦးဆောင်၍ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး (ဗဟို) က ကြီးမှူးစီစဉ်သည့် သင်းလုံးကျွတ် မြန်မာ့ပန်းချီပန်းပုလက်ရာ မွန်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ပြည်လမ်းအမျိုးသားပြတိုက်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

၁၃ အာဆီယံအဖွဲ့ဆိုင်ရာဦးဆောင်ကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. သည်ကာကွယ်ရေးဝန်ကြီးဌာနကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမ၌ ကျင်းပသည့်အာဆီယံအဖွဲ့ဆိုင်ရာဦးဆောင်ကော်မတီ၏ ၂/၉၈ အစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

၁၅ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်လူဦးရေ ၁၂၇ သန်းရှိသည့်အနက် ၅၀ရာခိုင်နှုန်း သည် ဆင်းရဲတွင်း နက်နေကြဆဲဖြစ်သည်ဟု ဘင်္ဂလားဒေ့ရှ် နိုင်ငံထုတ် သတင်းစာများတွင် ဖော်ပြသည်။

၁၇ အိုးရအဖွဲ့ဒုတိယဝန်ကြီး ချုပ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုက်မြို့၌ ကျင်းပခဲ့သည့် အာဆီယံပူးတွဲရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာကြသည်။

ကမ္ဘာတစ်ဝန်း ဆင်းရဲ မွဲတေမှုသံသရာနှင့် မြေယာအရည်အသွေး နိမ့်ကျသွားမှုကို ဖြိုလဲဖျက်သိမ်းရန်အတွက် တက်ညီလက်ညီကြိုးပမ်းအားထုတ်သွားကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က တိုက်တွန်းလိုက်သည်။

၂၀ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စိမ်ခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီအဋ္ဌမအကြိမ် ညီနှိုင်း အစည်းအဝေးကို ပြည်ထဲရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စိမ်ခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း

သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက် ဆွေးနွေးမှာကြားသည်။

၂၁ ဆဋ္ဌမအကြိမ်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ပဏာမ ညှိနှိုင်းအစည်းအဝေးကို ယဉ်ကျေးမှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး နာယကနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အမျိုးသမီးများလေ့လာမှုဆိုင်ရာ နိုင်ငံတကာ နှီးနှောဖလှယ်ပွဲ တစ်ရပ်ကို တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပီကင်းတက္ကသိုလ်တွင် ဖွင့်လှစ်လိုက်သည်။

၂၂ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဒုတိယအကြိမ် ညီလာခံ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

၂၃ ပြည်ထောင်စုမြန်မာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ ငုယင်မန်ကမ်းနှင့် အဖွဲ့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၂၄ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယကနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရန်ကုန်တိုင်းမှော် ဘီ မြို့ ရှိ ဗ ဟို ဆက် ဆံ ရေး တပ်ပြည် ထောင် စု ခန်း မ ၌ ကျင်း ပ သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂)နှင့်အမှုဆောင်များစီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁၄) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် ဩဝါဒစကား မြွက်ကြားသည်။

၂၅ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအစည်းအဝေး ၂/၉၈ ကို လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထား ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အီရတ်ခုံးပွဲ ထိပ်ပွဲများတွင် အသက်သေစေသော အာရုံကြောတတ်ငွေ့ ပါရှိသည်ဆိုသောလက်နက်စစ်ဆေးသူများ၏ စွပ်စွဲချက်သည် ကုလသမဂ္ဂ စုံစမ်းရေးအဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်သည့် အီရတ်၏ မျှော်လင့်ချက်များကို ဖျက်ဆီးပစ်လိုက်သည်ဟု အယ်လ်သော်ရာအမည်ရှိ တရား၀င် အီရတ်သတင်းစာက ရေးသားလိုက်သည်။

၂၇ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း ပထမအကြိမ်ညီလာခံကိုရန်ကုန်တိုင်း ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်အမှာစကား ပြောကြားသည်။

ပါလက်စတိုင်းခေါင်းဆောင်ယာဆာအာရာဖတ်သည် ကတာတော်ဘွား ရှိတ်ဟာမတ်ဘင်ခါလီဖာအလ်သန်နီထံသွားရောက်တွေ့ဆုံကာ ဆိုင်းငံ့နေသည့် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးကိစ္စကို ဆွေးနွေးပြီး ကျေရွာဆလင်မြို့တိုးချဲ့ရေး အမှုရေးနိုင်ငံ၏ အစီအစဉ်ကို ပြစ်တင်ဝေဖန်ကြောင်း ကတာသတင်းဌာန (ကျူအင်အေ) က သတင်းထုတ်ပြန်သည်။

၂၈ အပြည်ပြည်ဆိုင်ရာ မူဒွသာသနရိပ်သာဟားအောက်တောရရိပ်သာခွဲ (သန်လျင်မြို့) ဖွင့်ပွဲ အခမ်းအနားနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာရှိ ဟားအောက်တောရရိပ်သာခွဲ၊ သဒ္ဓမ္မစေတိက ဝမ္မသာလာကျောင်း၌ ကျင်းပရာနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ဗဟုသုတဖြန့်ဖြူးရေးကဏ္ဍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၂၉ သတင်းအချက်အလက်ဆက်သွယ်ရယူရေး နည်းပညာဆိုင်ရာ အခွင့်အလမ်းများ ပထမအကြိမ် စာတမ်းဖတ်ပွဲကို အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာန အဆောက်အအုံ၌ ကျင်းပရာမြန်မာနိုင်ငံ ကွန်ပျူတာပညာ ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက် အမှာစကားပြောကြားသည်။

၃၀ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဗဟို အစိုးရသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် ရောဂါထိန်းချုပ်ရေးလုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၆သန်းနီးပါးသုံးစွဲခဲ့ကြောင်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဒုတိယကျန်းမာရေးဝန်ကြီး ယင်ဘာကွိုက ကျိန်ဗာမြို့တွင်ကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် ကမ္ဘာ့အေအိုင်ဒီအက်ပ်ဆိုင်ရာ ညီလာခံတွင် ပြောကြားလိုက်သည်။

ဂူလိုင်လ

၁ ကမ္ဘာ့ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှု ကော်မတီ (၁/၉၈) ကြိမ်မြောက် အစည်းအဝေးကို ကန်တော်ကြီးရှိ ကရဝိက်ခန်းမ ဥတ္တရဆောင်တွင် ကျင်းပသည်။ကမ္ဘာ့ခရီးသည်လုပ်ငန်းဖွံ့ဖြိုးတိုးတက် ရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက် ဆွေးနွေးမှာကြား သည်။

ချူကလီးယား စမ်းသပ်ဖောက်ခွဲမှုများအား ပိတ်ပင်တားဆီးသည့် နိုင်ငံတကာ ဆိုင်ရာစာချုပ်ကို လက်မှတ်ရေးထိုးရန် တိုက်တွန်းထားသည့်သဝဏ်လွှာတစ်စောင်ကို ဂုဏ်သမ္မတ ဘောရစ်ယဲလ်ဆင်က အိန္ဒိယဝန်ကြီးချုပ် အတာလ်ဘီဟာရီဗာဂ်ပေယီထံသို့ ပေးပို့လိုက်သည်။

၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်းအေးသည် တာဝန်ရှိသူများလိုက်ပါလျက်ရှိပြည်နယ် (တောင်ပိုင်း) ဟဲဟိုးသို့ ထွက်ခွာသည်။ ဤ လ (၃) ရက်နေ့၌ ဗိုလ်ချုပ်ကြီး မောင်အေး သည် တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၀၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောသည်။ ဗိုလ်ချုပ်ကြီး မောင်အေးသည် မွန်းလွဲပိုင်း၌ ဗထူးတပ်နယ် တည်ဆောက်ရေး လုပ်ငန်းများကို စစ်ဆေးသည်။ ထို့နောက် ဗိုလ်ချုပ်ကြီး မောင်အေးသည် ညောင်လှေမြို့ကန်ကြီး ပရိယတ္တိစာသင်တိုက်ဦးစီးပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဝံသမဟာ ရဋ္ဌဂုရု အဘိဝံသအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိမလာ



ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေးတို့က ပြန်ကြားရေးဝန်ကြီးဌာနမိသားစုများ၏ ဝါဆိုသင်္ကန်း ကပ်လှူပွဲတွင် သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူစဉ်

ဘိဝံသ၏ သက်တော် (၈၇) နှစ်ပြည့်မွေးနေ့ ဝိဇာတ မင်္ဂလာအခမ်းအနားသို့ တက်ရောက်ဖူးမြော် ကြည်ညိုသည်။

၅ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် တပ်မတော်စည်ပေဟာတွင် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ ၅မှတိုင်းရင်းသားခေါင်းဆောင်ဦးမထုနော်နှင့် အဖွဲ့ဝင်ဦးတူးနန်တို့အား လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂ၏ စီးပွားရေး ပိတ်ပင်အရေးယူမှုကို နိုင်နင်းစွာ ဖြေရှင်းသွားနိုင်မည့် မဟာဗျူဟာသစ်ကို အီရတ်နိုင်ငံက ရေးဆွဲထားသော်လည်း ရှစ်နှစ်နီးပါးကြာမျှ ပြဋ္ဌာန်းထားသည့်ပိတ်ပင်တားမြစ်မှုရပ်သိမ်းပေးရေးကိုလုံခြုံရေးကောင်စီအားဆက်လက်ဖိအားပေးသွားမည်ဟု အီရတ်နိုင်ငံခြားရေးဝန်ကြီးကပြောကြား လိုက်သည်။

၆ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်နှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက် ဆွေးနွေးမှာကြား သည်။

၇ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပထမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို မြို့မကျောင်းလမ်း၊ အိမ်တော်ရာ ဘုရားဝင်းရှိ ဒဂုံပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် ဇနီး ဒေါ်ခင်ခင်လေးတို့တက်ရောက်၍ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ

တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း)ဗိုလ်ချုပ်ကြီး မောင်အေး သည် တာဝန်ပြီးဆုံး၍ ပြန်လည် ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန် စစ်သံမှူး **Col. Akia Sato** နှင့် စစ်သံမှူးသစ် **Col. Hirofumi Yusa** တို့အား ကာကွယ်ရေး ဝန်ကြီးဌာန ဒဂုံရိပ်သာတွင် လက်ခံ တွေ့ဆုံ သည်။

၁၂ ဂျပန်နိုင်ငံတွင်ပြုလုပ်သည့်အထက်လွှတ်တော် ရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် ရှုတာရှိဟာရှိမိုတိုသည် အရေးနိမ့်ခဲ့သည်။

၁၃-၁၇ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေတို့သည် ဖိတ်ကြားချက်အရ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင်မင်းမြတ်၏ (၅၂)နှစ်မြောက် မွေးနေ့ပွဲ အခမ်းအနားသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

၁၃-၁၄ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဗန်ကောက်မြို့တွင် ကျင်းပသည့်(၅)ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဝန်ကြီးများ ညီလာခံသို့ တက်ရောက်သည်။

၂၂ ဂျပန်ဝန်ကြီးချုပ် ရာထူးနေရာ အတွက် ယှဉ်ပြိုင်နေသူ သုံးဦးအနက် တစ်ဦးဖြစ်သူ နိုင်ငံခြားရေးဝန်ကြီး ကိုင်ရှိအိုဘူချီသည် အခြားနှစ်ဦးထက် ပိုမိုရေပန်းစားပုံရကြောင်း ဂျပန်လူထု ဆက်သွယ်ရေးဌာနက ဖော်ပြလိုက်သည်။

၂၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် ကော့သောင်းမြို့တွင်ကျင်းပသည့် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ (၁၆) ကြိမ်မြောက်အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းဘုရင့် တပ်မတော် အမှတ် (၃) စစ်တိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ဆွန်မိုင်ဝီချာဝန် ခေါင်းဆောင်သော အဖွဲ့ဝင်များအား ကုန်းမြင့်သာယာ ဇေယျာသီရိဗိမာန်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

နိုင်ငံခြားရေးဝန်ကြီး ကိုင်ရှိအိုဘူချီသည် ဂျပန်နိုင်ငံ၏အာဏာရလစ်ဘရယ် ဒီမိုရက်တစ်ပါတီကို ဦးဆောင်နိုင်ရန် ပြိုင်ဘက်များအား အနိုင်ရသည်။ ယင်းသို့ အနိုင်ရသဖြင့် နောက်တက်မည့် ဝန်ကြီးချုပ် ဖြစ်နိုင်သည့် အနေအထားတွင် ရှိသည်။

၂၅ ပြည်ထဲရေး ဝန်ကြီးဌာန မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်း အမှတ်ပြတိုက် ရတနာအုတ်မြစ်စီ မင်္ဂလာအခမ်းအနားကို ကမာရွတ်မြို့နယ်ကျွန်းတောလမ်းနှင့် ဟံသာဝတီလမ်းထောင့်ရှိ အဆိုပါ အဆောက်အအုံတည်ဆောက်မည့်နေရာတွင် ကျင်းပသည်။ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အုတ်မြစ်စီသည်။

၂၉ ကျယ်ပြောလှသော အိန္ဒိယဈေးကွက်သို့ တောင်အာရှနိုင်ငံများ လွယ်ကူ စွာဝင်ရောက်နိုင်မည့် အစီအစဉ်တစ်ရပ်ကို အိန္ဒိယဝန်ကြီးချုပ် အတားလ်ဘီဟာရီဗာ့ဂျ်ပါယီက ကြေညာလိုက်သည်။

၃၀ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များသို့ နိုင်ငံရေးလှုပ်ရှားမှု ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် သွားရောက်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်အား သက်ဆိုင်ရာက ဧရာဝတီတိုင်းအတွင်း မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်နိုင်သဖြင့် မသွားရောက်ရန် မေတ္တာရပ်ခံတားမြစ်ခဲ့သည့် ကိစ္စနှင့် ပတ်သက်၍ အမှတ်(၂) တပ်မတော် ဧည့်ဂေဟာခန်းမတွင် သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်သည်။

ဩဂုတ်လ

၃ ကုလသမဂ္ဂလက်နက်စစ်ဆေးရေး အဖွဲ့ အကြီးအကဲရစ်ချတ် ဘတ္တလာသည် အစုလိုက်အပြုံလိုက် သေကြေပျက်စီးစေနိုင်သည့် အီရတ်လက်နက်များ စွန့်လွှတ်ဖျက်သိမ်းမှု အခြေအနေနှင့် ပတ်သက်၍ အီရတ် ဒုတိယဝန်ကြီးချုပ် တာရက်အဇစ် နှင့် စတင်ဆွေးနွေးသည်။ ဘတ္တလာက အီရတ်အစိုးရအရာရှိများနှင့် ဆွေးနွေးမှုသည် အကျိုးရှိသော ဆွေးနွေးမှုဖြစ်လိမ့် မည်ဟု မျှော်လင့်ထားကြောင်း သတင်းထောက်များအား ပြောကြားသည်။

၇ အာဖရိကတိုက်ကင်ညာနှင့် တန်ဇန်နီးယား နိုင်ငံများရှိ အမေရိကန်သံရုံးများ အနီးတွင် ကြီးမားသော မော်တော်ကားဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ ရာ လူ ၈၀ နီးပါး သေဆုံးပြီး ၁၀၀ ကျော် ထိခိုက် ဒဏ်ရာရရှိ သွားကြောင်း ရဲတပ်ဖွဲ့နှင့် သက်သေများက ပြောကြားသည်။

၁၀ တပ်မတော်တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်သော ကိုယ်အင်္ဂါ အစိတ်အပိုင်းများ စွန့်လွှထားရသည့် တပ်မတော်သားများအား သန်မြန်သူစီးပွားရေးလုပ်ငန်း စု၏ (၂၆) ကြိမ်မြောက် ထောက်ပံ့ငွေ ပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ဆင်ရေး အထူးအဖွဲ့မှူးနှင့် စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက်အမှာစကား ပြောကြားပြီး ငွေထုတ်စာအုပ်များ ပေးအပ်ချီးမြှင့်သည်။

ဩဂုတ်လ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တွင်း လူစည်ကားရာနေရာများ တွင် နိုင်ငံခြားသားအချို့က ရှစ်လေးလုံး အထိမ်းအမှတ် ပြည်သူလူထု ဆူပူအုံကြွစေရန် လှုံ့ဆော်သည့် စာရွက်ငယ်များ ဖြန့်ဝေခြင်း



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်.က အမျိုးသားဒီမိုကရေစီအဖွဲ့.ချုပ်ဥက္ကဋ္ဌ ဦးအောင်ဂွေအား အမှတ် (၂) တပ်မတော်ဂေဟာတွင်တွေ့.ဆုံစဉ်

မော်တော်ယာဉ်ပေါ်မှ ကြဲချခြင်းများ ပြုလုပ်သဖြင့် အနီးရှိ ပြည်သူများက ဝိုင်းဝန်း ဖမ်းဆီးပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့သည့် ကိစ္စနှင့်ပတ် သက်၍ မွန်းလွဲ ၁ နာရီတွင် ပြည်တွင်းပြည်ပ သတင်းစာဆရာကြီးများအား အမှတ် (၂) တပ်မတော်ဧည့်ဂေဟာသို့ ဖိတ်ကြား၍ စစ်မဟာဗျူဟာလေ့လာရေးရုံးမှ စစ်ဦးစီးမှူး(ပထမတန်း) ဒုတိယဗိုလ်မှူးကြီး လှမင်းနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့.မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။ မွန်းလွဲ ၂ နာရီတွင် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များအား ရှင်းလင်းပြောကြားသည်။

၁၉၁၂ ခုနှစ်တွင် တိုင်တန်းနစ်သင်္ဘောကြီးနစ်မြုပ်ခဲ့သည့် အချိန်မှစ၍ ပထမဆုံးအကြိမ်အဖြစ် တန် ၂၀ အလေးချိန်ရှိသော တိုင်တန်းနစ်သင်္ဘောကြီး၏ လက်ယာဘက် သင်္ဘောကိုယ်ထည်မှ သံပြားအပိုင်းအစကို သင်္ဘောကြီးအား စူးစမ်း ရှာဖွေသည့် အဖွဲ့.တစ်ဖွဲ့.က အတွေ့လန္တိတ် သမုဒ္ဒရာရေပြင်ပေါ်သို့. အောင်မြင်စွာ ဆယ်တင်နိုင်လိုက်သည်။ လူ ၂၂၀၀ လိုက်ပါလာသော တိုင်တန်းနစ်သင်္ဘောကြီး သည် အတွေ့လန္တိတ်သမုဒ္ဒရာမြောက်ပိုင်းတွင် ၁၉၁၂ ခုနှစ်၊ ဧပြီ ၁၅ ရက်က ရေခဲတောင် နှင့် တိုက်မိပြီး နစ်မြုပ်ခဲ့ရာလူ ၁၅၀၀ ကျော် သေဆုံးခဲ့သည်။

၁၁ အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် မီးခဲအုတ်စက်ရုံ(ဒဉည်းကုန်း) ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းအင်းစိန် မြို့နယ် အောက်မဂ်္ဂလာဒုံလမ်းရှိ အဆိုပါ စက်ရုံ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. တက်ရောက်သည်။

၁၄ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း အလုပ်သင်ဗိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၆) သင်တန်းဆင်းပွဲအခမ်းအနားကို ဗထူးတပ်မြို့၊ ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကိုယ်စားဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး တက်ရောက်၍ မိန့်ခွန်း ပြောကြားသည်။

ဗိုလ် ချုပ် ကြီး မောင် အေး သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဝန်ကြီးများ၊ တပ်မတော် အရာရှိကြီးများနှင့် အတူ ရှမ်း ပြည် နယ် ရပ် စောက် မြို့ နယ်၊ ရပ်စောက်မြို့ မြောက် ဘက် ၂၈ မိုင်အကွာ စော်ဂျီချောင်းပေါ်တွင် မြန်မာ့လျှပ်စစ်

တတ် အား လုပ် ငန်း က တည် ဆောက် အကောင်အထည် ဖော်လျက်ရှိသည့် ဇော်ဂျီ ရေလှောင်တမံ ရေအား လျှပ်စစ်စီမံကိန်း လုပ်ငန်းများကို သွား ရောက် ကြည့်ရှု စစ်ဆေး သည်။

မြောက်အိုင်ယာလန်ရှိ အရောင်း အဝယ်စည်ကား ရာ လမ်းတစ် လမ်းတွင် မုဒိုးပေါက်ကွဲမှုဖြစ်ပွား သဖြင့် အနည်းဆုံး လူ ၂၆ ဦး သေဆုံး၍ အများအပြား ဒဏ်ရာ ရရှိ သွား သည်။ မြောက်အိုင်ယာလန် ပြောက် ကျား တိုက်ခိုက်မှုသမိုင်းတွင် အဆိုးရွား ဆုံး ဖြစ်သည်ဟု ရိုက်တာကရေး သား သည်။

၁၇ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း နာယကနိုင်ငံတော် အေး ချမ်း သာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် မိုဒ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့ရှိ ဗဟိုပြည်သူ့ ဆက်ဆံ ရေးတပ်ပြည်ထောင်စု ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂)၊ နိုင်ငံတကာရေး ရာ သင်တန်း အမှတ်စဉ် (၁)၊ အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၁၄) နှင့် ကွန်ပျူတာ ဒီပလိုမာသင်တန်း အမှတ်စဉ် (၁) တို့၏ သင်တန်းဆင်းပွဲ အခမ်းအနား သို့ တက်ရောက်၍ သင်တန်းဆင်း သြဝါဒ စကား မြွက်ကြား သည်။

မော်နီတာလိုဝင်စကီးနှင့် လိုင် ဆက်ဆံမှု ရှိခဲ့ကြောင်းကို သမ္မတ ဘိလ် ကလင်တန်သည် ကျမ်းကျိန်ထွက် ဆိုလိုက် ပြီး ၄င်း၏ သမ္မတသက်တမ်းကို ကယ်တင် နိုင်စောင် ကြိုးပမ်းရန် အတွက် ရုပ်မြင် သံကြား မှ တိုင်းပြည်သို့ သတိသံဝေဂရကြောင်း မိန့်ခွန်းပြောကြား ရန် ပြင်ဆင်ခဲ့သည်ဟု သိရှိရသည်။

၁၈ နိုင်ငံတော် အေး ချမ်း သာ ယာ ရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယ မိုဒ်ချုပ်ကြီး ခင်ညွန့် သည် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေအား မွန်းလွဲ ၁ နာရီအချိန်တွင် အမှတ် (၂) တပ်မတော်ဧည့်ဂေဟာ၌ ရင်းနှီးစွာ တွေ့ဆုံသည်။

၁၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယမိုဒ်ချုပ်ကြီး တင်ဦးသည် ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည်ဆိုင် ရာ စီးပွားရေးလုပ်ငန်း၊ ဗဟိုဌာန၌ ကျင်းပ သည့် သဘာဝအရင်းအမြစ်များ တည်ရှိမှု အခြေပြမြေပုံ ထုတ်လုပ်ခြင်း ဆိုင်ရာ ဆွေးနွေးပွဲ တက်ရောက်အား ပေးပြီး ခေတ်မီ စက်ပစ္စည်း ကိရိယာများကို ကြည့်ရှု စစ်ဆေး သည်။

၂၀ အာဖရိကတိုက်ရှိ အမေရိကန်သံရုံး နှစ်ရုံး မုဒိုးခွဲတိုက်ခိုက်မှု၏ နောက် ကွယ်၌ ရှိသည်ဟု ယုံကြည်ထား သော အာဖဂန် နစ္စတန်နှင့် ဆူဒန်ရှိ အကြမ်းဖက် သမား များနှင့် နီးနွယ်သည့် အခြေစိုက် စခန်းများကို အမေရိကန် ပြည်ထောင်စုက စစ်ရေးအရ တိုက်ခိုက်လိုက် သည်။ ယင်းသို့ လုပ် ဆောင် ခဲ့ ကြောင်း ကို သမ္မတ ဘိလ် ကလင်တန်က ပြောကြား သည်။

၂၄ ၁၉၉၈ ခုနှစ် ဩဂုတ် ၂၄ ရက်တွင် ကျ ရောက် သော ပြည် ထောင် စု မြန်မာနိုင်ငံ တော်နှင့် ထိုင်းနိုင်ငံ တို့အကြား သံတမန်ဆက်သွယ်မှုနှစ်(၅၀)ပြည့်မြောက် အခါသမယတွင် နှစ်နိုင်ငံ အကြား သဝဏ် လွှာများကို အပြန်အလှန် ပေးပို့သည်။

(၁၁) ကြိမ်မြောက် နိုင်ငံတကာ ဆိုင်ရာ ပြန်လည်ထူထောင်ရေးအာရှနှင့် ပစိဖိတ်ဒေသ ညီလာခံကို ဟောင်ကောင်၌ ဖွင့်လှစ်လိုက်ရာ ကမ္ဘာ့နိုင်ငံများနှင့် ဒေသ အမျိုးမျိုးမှ ကိုယ်စားလှယ် ၁၅၀၀ ကျော် တက်ရောက်ကြသည်။

၂၈ ၁၉၉၈ခုနှစ်ကမ္ဘာ့အဆင့်သတ်မှတ် ရေး ပထမအကြိမ် အာရုပစ်လည် မြား ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ သဃ်ိန်းကျွန်းမြို့နယ် သုဝဏ္ဏ အ မျိုး သား အား က စား ပြိုင် ပွဲရုံ (၁) ၌ ကျင်းပရာ နိုင်ငံတော်အေး ချမ်းသာယာရေး

ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့ရှိ အမေရိကန်သံရုံးတွင် မော်တော်ကားမုဒိုးပေါက်ကွဲမှုဖြစ်ပွားပြီးနောက်တွေ့ရစဉ်





အမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများအား အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ဆုချီးမြှင့်စဉ်

နှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် ချီးမြှင့် အားပေးသည်။

၃၁ ၁၉၉၈ ခုနှစ် ကမ္ဘာ့ အဆင့် သတ်မှတ်ရေး ပထမအကြိမ် အာရှ ပတ်လည် မြားပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်း အနား၌ ဂုဏ်ပြုညစာ စားပွဲ အခမ်းအနား ကို ရန်ကုန်မြို့ ကန်တော်ကြီး ရွှိုင်ရယ် ကရိုက် ခန်းမ၌ ကျင်းပရာ ၁၉၉၈ ခုနှစ် ကမ္ဘာ့ အဆင့် သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ ကျင်းပရေး နာယက၊ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ် ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ ပြိုင်ပွဲဝင်အသင်းများအား ပြိုင်ပွဲ အထိမ်း အမှတ် မြန်မာ့ဆွမ်းအုပ်များ ပေးအပ်သည်။

စက်တင်ဘာလ

၁ ပြည်မနှင့် ဟိုင်းနန်ကျွန်းကို ဆက်သွယ်ပေးမည့် တရုတ်ပြည်၏ ပထမဆုံး ရေလက်ကြားဖြတ် ရထား လမ်းကို တရုတ်ပြည်က တည်ဆောက်လျက် ရှိကြောင်း ချိုင်းနားဒေလီ သတင်းစက ဖော်ပြသည်။

၃ "မြတ်ပန်းကေခိုင်"ပန်းပုပညာရှင်များ ထုတ်လုပ်ရေး သမဝါယမအသင်း လိမိတက် (ဒါးပိန်) ဖွဲ့စည်းရေး အခမ်းအနားကို သမဝါယမ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး တက်ရောက် အားပေး သည်။

တောင်အာဖရိက နိုင်ငံတွင် ကျင်းပခဲ့သည့် ဘက်မလိုက် လူပ်ရှားမှုအဖွဲ့ (အင်အေအမ်) ထိပ်သီးအစည်းအဝေးမှာ ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေးသန့်ရှင်းပြုကျက် လောရင့်ကတ်ဘီလာ၏ ကွန်ဂိုနိုင်ငံဆိုင်ရာ ငြိမ်းချမ်းရေးစိမ် ချက်အသစ်များဖြင့် ပြီးဆုံးသွားသည်။

၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် Myanmar International Terminals Thilawar ဥက္ကဋ္ဌနှင့် Hatchison Port Holdings, Hong Kong အုပ်စု မန်နေဂျင်း ဒါရိုက်တာ Mr. John Meredith နှင့်အဖွဲ့ ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ နာယက နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်း

ရေးမူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးသည် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနမြန်မာ့သိပ္ပံနှင့် နည်းပညာ သုသေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံရှိ စက်မှုဓနမျာ၏ စက်မှုလက်မှုကုန်ထုတ်လုပ်မှုတိုးတက်ဖွံ့ဖြိုးမှုအတွက် အထောက်အကူပြု ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

မလေးရှားနိုင်ငံ၏ အာဏာရ ပေါင်းစည်း ညီညွတ်သော မလေးအမျိုးသား အဖွဲ့ (အမ်နို) သည် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေး ဝန်ကြီးဟောင်း အန်ဝါအီဘရာဟင်ကို ပါတီမှ ထုတ်ပယ်လိုက်သည်။

၅ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ၁၉၉၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်း လမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကား ပြောကြားပြီး ဆုရရှိကြသူများအား ဆုများ ချီးမြှင့်သည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ မည်သို့ဆက် မည် ဆို သည် နှင့် စပ် လျဉ်း သည့် သဘောကွဲလွဲချက်များကို မိမိ၏ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့ ဖြေရှင်းခဲ့ကြသည်ဟု အိန္ဒိယဝန်ကြီးချုပ်အတာလ်ဘီဟာရီဗက်ဂျ်ပေယီက ပြောကြား လိုက်သည်။

၇ လမ်းပန်းဆက် သွယ်မှုလုံခြုံရေးမွေ့စေရေး ကြိုးကြပ်မှုဗဟို အဖွဲ့ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်အမှာစကား ပြောကြားသည်။

မလေးရှား ဝန်ကြီးချုပ် မဟာသီရီဟာမက်သည် ဒုတိယဝန်ကြီးချုပ်နှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ အန်ဝါအီဘရာဟင်အား လွန်ခဲ့သည့် သီတင်းပတ်ကရာထူးမှဖယ်ရှားခဲ့ပြီးနောက် မိမိကိုယ် မိမိ ပထမဘဏ္ဍာရေး ဝန်ကြီးအဖြစ် ခန့်အပ်လိုက်သည်။

၈ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ပြည်လမ်းရှိ ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပရာ လူတိုင်းအတွက် ပညာရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းမှုဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကား ပြောကြားသည်။

၉ ဟီမဝန္တာဘုရင့်နိုင်ငံတော်ဖြစ်သည့် နီပေါနိုင်ငံတွင် လေကြောင်းခရီးသွားလာရာ၌ ပိုမို အန္တရာယ်ကင်းအောင်တိုးမြှင့် ပြုလုပ်သွားရန်အတွက် နီပေါနိုင်ငံ၏ ပထမဦးဆုံးသော ရေဒါစနစ်ကို ဝန်ကြီးချုပ်ဂီရိဂျာပရာ ဆတ်ကွေရာလာက မှင့်လှစ်ပေးလိုက်သည်။

၁၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကာကွယ်ထိန်းသိမ်းရေး ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၉/၉၈) ကို ပြဋ္ဌာန်းလိုက် သည်။

ပါတီနှင့် အစိုးရအဖွဲ့မှ ထုတ်ပယ်ခြင်းခံရသည့် အန်ဝါအီဘရာဟင်က မလေးရှားနိုင်ငံ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း ပြောကြားနေစဉ်



၁၂ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ၁၄ ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်း လုံးကျွတ် အစည်းအဝေး (၁၉၉၈)ကို ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်းကျောင်း ပြည်ထောင်စု ခန်းမ၌ ကျင်းပသည်။

၂၂ နိုင်ငံတော် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖွင့်လှစ်ရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

တောင်ပိုင်း အာဖရိက ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့ (အက်စ်အေဒီစီ) နိုင်ငံအကြီးအကဲများ၏ (၁၈) ကြိမ်မြောက်ထိပ်သီး အစည်းအဝေး၌ အဖွင့်မိန့်ခွန်းပြောကြား ရာ၌ တောင်အာဖရိကနိုင်ငံသမ္မတ နယ်လဆင် မင်ဒဲလားက ဒေသတစ်ဝန်းလုံးငြိမ်းချမ်းရေး အတွက် တိုက်တွန်းပြောကြားသည်။

၁၅ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၁၉၉၈)၌ အသင်းကြီး၏ နာယက ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဩဝါဒစကား မြွက်ကြားသည်။

၁၆ ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းနိုင်ငံများကို ပိုလီယိုရောဂါကျရောက်မှုအန္တရာယ်မှ လုံးဝ ကင်းလွတ်သွားပြီဟု ကြေညာရဖွယ် ရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ပြောကြားလိုက်သည်။

၁၇ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး ဆာဒါကိုအိုဂါတာ (၇၀) နှစ်၏ ရာထူး သက်တမ်း ကို နောက်ထပ် နှစ်နှစ်တိုးပေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်က အထွေထွေညီလာခံသို့ ထောက်ခံတင်ပြလိုက်သည်။

၁၈ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော ထိုင်းဘုရင့်ကြည်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချတ်တားသနန်ဂျာရှိနှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

၁၉ **World Youth Tackwando championship and Festival, 98** ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု ရရှိခဲ့သော မစိုးစိုးမြာအား ဂုဏ်ပြုပွဲနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ ချုပ်သို့ အလှူငွေပေးအပ်ပွဲ အခမ်း အနားကို အမျိုးသားအာကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား အိုလံပစ် ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြု ဆုချီးမြှင့်သည်။

အီရတ်အစိုးရက ဒုံးကျဉ်ထိပ်ဖူးများ၌ သေစေနိုင်သော ဗီအိတ်စ်အဆိပ်တတ်ငွေ့များဖြည့်တင်းထားသည်ဆိုသော ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးများ၏ စွပ်စွဲချက်သည် မမှန်မကန်ကြောင်း အီရတ်အစိုးရ အထက်တန်းအရာရှိကြီး တစ်ဦးက ထပ်မံငြင်းဆိုသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးသည် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ် ဆက်သွယ်မည့် လှိုင်မြစ်ကူးအောင်ဇေယျတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဖီအန်နန်သည် ကမ္ဘာ့ငြိမ်းချမ်းရေး ဆောင်ရွက်ခဲ့သည့်အတွက် ဆိုးလ်ငြိမ်းချမ်းရေးဆုချီးမြှင့်ခံရကြောင်း တောင်ကိုရီးယားနိုင်ငံက ကြေညာသည်။

၂၂ အမျိုးသား ကျန်းမာရေး ကော်မတီ (၂၆)ကြိမ်မြောက်အစည်းအဝေးသို့ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။

ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ဝန်ကြီးချုပ် ယဲ့လ်ဂျင်နီပရီမာကော့ဗ် ခေါင်းဆောင်သော ရုရှားအစိုးရ အဖွဲ့သစ်၏ ဖွဲ့စည်းပုံကို အတည်ပြုလိုက်သည်။

၂၃ ပါကစ္စတန်နိုင်ငံသည်တစ်ကမ္ဘာလုံးချုကလီးယားစမ်းသပ်ဖောက်ခွဲမှု ပိတ်ပင်ရေး စာချုပ်ကို လက်မှတ်ရေးထိုးရန် အသင့်ရှိနေပြီဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ နှင့် နှစ်ရှည် လများ သောင်မတင်ရေမကျ ဖြစ်နေသော ကက်ရှ်မီးယားငြိမ်းချမ်းရေး ဆွေးနွေးပွဲကို ပြန်လည် စတင်ကြရန်သဘော တူကြောင်း ပါကစ္စတန်နိုင်ငံက ကြေညာသည်။

၂၄ ရန် ကုန်တိုင်း ပြည်သူ့ဆန္ဒ ဖော်ထုတ်ပွဲ လူထုအစည်းအဝေးကြီးကို ရန်ကုန်မြို့သဃ်နံးကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပသည်။

၂၅ အကြမ်းဖက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများကိုဖြစ်စေသည့်အခြေခံအသုံး အဆောင်များဖြစ်သော အသေးစားလက်နက်များ စီးဝင်မှုနှင့် အသုံးပြုမှုကို ဟန့်တားထိန်းချုပ်ရေးကို ကမ္ဘာ့အတိုင်းအတာဖြင့် လုပ်ဆောင်သွားကြရန် ကုလသမဂ္ဂ အထက်တန်းအရာရှိကြီးတစ်ဦးက တိုက်တွန်းပြောကြားသည်။

၁၉၉၈ ခုနှစ်၊ ဖြစ်ရပ်များ

၂၆ မန္တလေးနယ်မြေ ပြည်သူ့ဆေးဖော်ထုတ်ပွဲလူထုအစည်းဝေးပွဲကြီးကို မန္တလေးပြို့ ဗထူးအားကစား ပြိုင်ကွင်း၌ ကျင်းပသည်။

၂၇ အမျိုးသား ကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်ပြို့ တောင်ဥက္ကလာပ ပြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဘက်စုံအဆောက်အအုံခန်းမ၌ ကျင်းပသည့် အရှေ့တောင် အာရှဒေသ ဆိုင်ရာ ကမ္ဘာ့ကျန်းမာရေး အဖွဲ့က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသို့ ချီးမြှင့်သည့် **WHO 50th Anniversary** အထိမ်းအမှတ် ဂုဏ်ပြုဆုကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနား သို့တက်ရောက်၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

၂၈ လက်နက်စစ်ဆေးရေး ကိစ္စနှင့် ပတ်သက်၍ နောက်ဆုံးဖြစ်ပေါ်ခဲ့သည့် မကြေလည်မှုမှစ၍ အရေးအခင်းအဖြစ်သို့ ရောက်ရှိမသွားစေရန်အတွက် အီရတ် ဒုတိယဝန်ကြီးချုပ် တာရစ်အဇီဇ်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်နှင့်တွေ့ဆုံဆွေးနွေးသည်။

၂၉ ကမ္ဘောဒီးယားနိုင်ငံ၏ အဓိကနိုင်ငံရေးပါတီကြီးများသည် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ရေးအတွက် ညှိနှိုင်းမှုများ စတင်ပြုလုပ်သွားရန် ဖန်မ်းပင်ပြို့၌ တွေ့ဆုံ ဆွေးနွေးကြသည်။

အောက်တိုဘာလ

၁ ဆဋ္ဌမအကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကိုအမျိုးသား ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကား ပြောကြားပြီး အလှူငွေများ လက်ခံသည်။

၂ ထိုင်းနိုင်ငံဝန်ကြီးချုပ်ချမ်းလီပိုင်သည် အစိုးရဝန်ကြီး အဖွဲ့ကို ပထမဆုံး အကြိမ် အဝိကပြောင်းလဲမှု ပြုလုပ်သည်။ ညွန့်ပေါင်း တွဲဖက်ပါတီသစ်မှ ဝန်ကြီးသစ် ငါးဦးကို အမည်သတ်မှတ်ခြင်းဖြင့် (၁၃) လကြာ ၄င်းအစိုးရအဖွဲ့၏ အခြေခံကို တိုးချဲ့ ပြင်ဆင်လိုက်သည်။

၆ နိုင်ငံရေးလွတ်လပ်ခွင့်ကိုအာမခံသော အဝိက နိုင်ငံတကာဆိုင်ရာ သဘောတူစာချုပ်ကို ကုလသမဂ္ဂနှင့် တရုတ်ပြည်က လက်မှတ်ရေးထိုးပြီးနောက် နာရီပိုင်းအကြာတွင် ဖြိုတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် တရုတ်ပြည်သို့ ရောက်ရှိသည်။ တရုတ်ပြည်တွင် ခြောက်ရက်ကြာ နေထိုင်လည်ပတ်သည်။

၇ ပြည်တွင်းရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် ပြည်ပြေး အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း မငြိမ်မသက်ဖြစ်ပြီး ဆူပူအုံကြွမှုများ ဖြစ်ပေါ်အောင် ဖန်တီးနေသည့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းသည့် သတင်းစာ ရှင်းလင်းပွဲကို အင်းလျားလမ်းရှိ တပ်မတော် ဧည့်ဝေဟာတွင် ပြုလုပ်သည်။ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ် အောင်သိန်း၊ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်၊ ကာကွယ်ရေး ဝန်ကြီးဌာန စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ဒုတိယဌာနကြီးမှူးနှင့် ဒုတိယတပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် တာဝန်ရှိသူများ ပြည်တွင်းပြည်ပ သတင်းစာဆရာများတက်ရောက်ကြသည်။

၈ ဖိဝိတဆေးရုံတွင် ဆေးကုသမှု ခံယူကြသော သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ၊ သာသနာ့ နွယ်ဝင် သီလရှင်များအတွက် ဆေးဝါးပစ္စည်း အထောက်အပံ့အလှူတော် ငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်ပြို့ ဖိဝိတဒါန သံဃာ့ဆေးရုံတွင် ကျင်းပသည်။

၇၁– နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်အတူ တာဝန်ရှိသူများ လိုက်ပါလျက် အင်းလေးဖောင်တော်ဦး ရုပ်ပွားတော် မြတ်များအား ထာဝရ စံကျောင်းတော်ပေါ်သို့ ပြန်လည်ပင့်ဆောင်သည့်အခမ်းအနားသို့တက်ရောက်သည်။ တောင်ကြီး တပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် တွေ့ဆုံပြီးလက်ရှိ ဖြစ်ပေါ်နေသော နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး အခြေအနေများကို ရှင်းလင်း ပြောကြားသည်။ ရပ်စောက်ပို့နယ်၊ အင်တောရွာအနီးရှိ ဇော်ဂျီရေလှောင်တမံ ရေအား လျှပ်စစ်စီမံကိန်းကို စစ်ဆေးသည်။ ထို့နောက် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင် ခရိုင် လောက်ကိုင်–ကုန်ကြမ်းကျောက်ခင်း လမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် နမ့မတူ ဘော်တွင်းသို့ သွားရောက် စစ်ဆေးသည်။ တစ်ဖန် ပြင်ဦးလွင်မြို့သို့ ရောက်ရှိပြီး စစ်တက္ကသိုလ် စစ်ရေးပြကွင်း ပြုပြင်မွမ်းမံမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။ ထို့နောက် တံတားဦးရှိ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ကို သွားရောက် စစ်ဆေးသည်။ ထို့နောက် မြင်းခြံမှတစ်ဆင့် ပုဂံ–ညောင်ဦးသို့ ရောက်ရှိသည်။ ထိုမှတစ်ဆင့် ရန်ကုန်သို့ ပြန်လည်ထွက်ခွာသည်။

၁၂ မျိုးချစ်စိတ်တက်ရှင်သန်ထက်မြက်ရေး ပြပွဲကျင်းပရေး ဒုတိယအကြိမ်အစည်းအဝေးကို ဦးဝိစာရလမ်းတပ်မတော်ခန်းမတွင် ကျင်းပသည်။ မျိုးချစ်စိတ်တက်ရှင်သန် ထက်မြက်ရေးပြပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ဆွေးနွေးမှာကြားသည်။

နိုင်ငံခြားသား အလုပ်သမားများ နေထိုင်အလုပ်သမားများအား အစားထိုးရေး ထိုင်းအစိုးရမူဝါဒ၏ တစ်စိတ်တစ်ပိုင်းအဖြစ် တရားမဝင် နိုင်ငံခြားသား အလုပ်သမား နှစ်သိန်းခုနစ်သောင်းကျော်ကို ဇန်နဝါရီလမှစ၍ ထိုင်းနိုင်ငံမှ ပြန်လည် နှင်ထုတ်ခဲ့ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက ဖော်ပြသည်။

၁၃ သီရိလင်္ကာနိုင်ငံ အရှေ့မြောက်ပိုင်း ဒေသတွင် အစိုးရတပ်အား တိုက်ခိုက်သည့် တမီးလ်ကျား သူပုန်များအား အစိုးရတပ်များက ပြန်လည်တွန်းလှန်တိုက်ထုတ်လိုက်ရာ ပြောက်ကျားသူပုန် ၁၁ ဦးထက်မနည်း သေဆုံးကြောင်း ကာကွယ်ရေး ဝန်ကြီးဌာနက ဖော်ပြသည်။

၁၅ ၁၉၉၈ ခုနှစ် (၅၃) ကြိမ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဈာတ်လမ်းအဖြစ် ပြန်ကြား‌ရေး‌ဝန်ကြီး‌ဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးတို့ ပူးပေါင်း၍ ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်) ရိုက်ကူးထုတ်လုပ်ခဲ့သည့် 'စစ်သွေးသစ္စာ' ရုပ်မြင်သံကြားဇာတ်လမ်းတွင် မေတ္တာဖြင့် ပါဝင်ကူညီ သရုပ်ဆောင်ခဲ့ကြသော ရုပ်ရှင်သရုပ်ဆောင် အနုပညာရှင်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမတွင် ကျင်းပသည်။ ပြန်ကြား‌ရေး ဝန်ကြီး‌ဌာန ဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက် ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

၁၆ ၁၉၉၈ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် အခမ်းအနားကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း၊ ဝန်ကြီး‌ဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေပဒေသာကျွန်းရှိ မင်္ဂလာမဏ္ဍပ်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာ

(၅၃)ကြိမ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း 'စစ်သွေးသစ္စာ' တွင် မေတ္တာဖြင့် သရုပ်ဆောင် ခဲ့ကြသော အနုပညာရှင်များအနက် တစ်ဦးဦးအား ပြန်ကြား‌ရေး‌ဝန်ကြီး‌ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ဂုဏ်ပြုလက်ဆောင်ချီးမြှင့်စဉ်

ရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုထူးချွန် မြို့နယ်များနှင့် နွေစပါး စိုက်ပျိုးထုတ် လုပ် မှု ထူး ချွန် မြို့ နယ် များ အား ဆုချီးမြှင့်သည်။

၁၉ ဆဋ္ဌမအကြိမ်မြန်မာ့ဂိုဏ်းရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်သည့် အခမ်းအနားကို အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက် အမှာစကားပြောကြား ပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

၂၃ အစ္စရေးဝန်ကြီးချုပ် ဘင်ကျမင်နီတန် ယာဟူနှင့် ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်တို့သည် ငြိမ်းချမ်း ရေးနှင့် နယ်မြေလဲလှယ်ရေး သဘောတူ စာချုပ်တစ်ရပ်ကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုသည်။

၂၄ ကာကွယ်ရေးဝန်ကြီးဌာန (၄၅) ကြိမ်မြောက် မိသားစုဘုံကထိန်အလှူတော် မင်္ဂလာ အခမ်းအနားကို ကာကွယ်ရေးဝန်ကြီးဌာနခန်းမဆောင်တွင် ကျင်းပသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ပွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တက်ရောက်၍ ကထိန်လွှာသင်္ကန်းနှင့် လူဖွယ်ပစ္စည်းများ ကပ်လှူသည်။

၂၆ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၉၈) ညှိနှိုင်းအစည်းအဝေးကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အစည်းအဝေးခန်းမတွင် ကျင်းပသည်။ အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက် အမှာစကားပြောကြားသည်။

၂၇ ဗုဒ္ဓဘွားမြင်ရာ အထွတ်အမြတ်ဒေသသို့ ကမ္ဘာတစ်ဝန်းမှ အာရုံစိုက်လာစေရန် ရည်ရွယ်၍ ကမ္ဘာ့ဗုဒ္ဓဘာသာပထမဆုံးထိပ်သီးအစည်းအဝေးကို နိုပေါနိုင်ငံကလက်ခံကျင်းပသွားမည် ဖြစ်ကြောင်း အစိုးရဝန်ကြီးတစ်ဦးက ပြောကြားသည်။

၂၉ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်ရုံး လူငယ်ရေးရာစီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက ကြီးမှူးသည့် **The Ship For Southeast Asian Youth Programme (SSEAYP) 1998** တွင် ပါဝင်မည့် **Mr. Kazuhiko Hayashi** ဦးဆောင်သောပီလစ်ပိုင်၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှား၊ မြန်မာ၊ ထိုင်း၊ လာအို၊ ဗီယက်နမ်၊ ဂျပန်နှင့် ကမ္ဘောဒီးယားတို့မှ အာဆီယံလူငယ်အဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာနဧည့်ရိပ်သာတွင် လက်ခံတွေ့ဆုံသည်။

၃၀ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဦးဝိစာရလမ်း တပ်မတော်ခန်းမတွင် ပြသထားသော မျိုးချစ်စိတ်တက်ရှင်သန်ထက်မြက်ရေးပြပွဲ ပြခန်းပြကွက်များကို ကြည့်ရှုစစ်ဆေးသည်။

နိုဝင်ဘာလ

၁ မျိုးချစ်စိတ်တက်ရှင်သန်ထက်မြက်ရေးပြပွဲ (၁၉၉၈)ခုနှစ်၊ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ မျိုးချစ်စိတ်တက်ရှင် သန်ထက်မြက်ရေးပြပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ပွဲ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်ပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

၂ ဝရဒါဌာတတုစေတီယစွယ်တော်မြတ်စေတီတော် (ရန်ကုန်) တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဒုတိယနေ့ အခမ်းအနားအစီအစဉ်များကို ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် ဝမ္မပါလ

ငြိမ်းချမ်းရေးနှင့် နယ်မြေလဲလှယ်ရေး သဘောတူစာချုပ် ချုပ်ဆိုပွဲ အခမ်းအနားတွင် တွေ့ရသည့် အစ္စရေးဝန်ကြီးချုပ် နိတန်ယာဟုနှင့် ပါလက်စတိုင်းခေါင်းဆောင် အာရာဖတ်



သိုက်ပါ လျက် မန္တလေးတိုင်းနှင့် ကချင်ပြည်နယ်သို့သွားရောက်ခဲ့ရာ၁၂ရက်နေ့တွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်မှုနှင့် စက်မှုဇုန် (၂) တို့ကို ကြည့်ရှု စစ်ဆေးပြီး ၁၃ ရက်နေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ခန်းမ၌ ပြည်နယ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား တွေ့ဆုံ၍ စိုက်ပျိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ လမ်းညွှန်မှာကြားသည်။ ၁၄ ရက်နေ့တွင် ဗလမင်းထင်တံတား (မြစ်ကြီးနား) ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်ပြီး ၁၅ ရက်နေ့တွင် ဗန်းမော်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လှည့်လည် ကြည့်ရှုသည်။ ၁၆ ရက်နေ့တွင် ပုဂံ ညောင်ဦးရှိ ရွှေစည်းခုံစေတီတော်နှင့် အလိုတော်ပြည့်ဘုရားအား ပူးမြော် ကြည်ညိုကာ ရွှေဟောင်းမြန်မာ့ ယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ၁၇ ရက်နေ့တွင် ပုဂံရှိ ရွှေဟောင်း သုတေသနပြတိုက် မြန်မာ့ယွန်းသိပ္ပံ၊ လောကနာဘေးမဲ့ဥယျာဉ်နှင့် ပုဂံမြို့သစ်တို့ကို ကြည့်ရှုစစ်ဆေးပြီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၁၅ ကျပန်နိုင်ငံ တောင်ပိုင်း အိုကီနာဝါ ကျွန်း၌ အမေရိကန်စစ်အခြေစိုက်စခန်းထားရှိခြင်းကို အချိန်ကြာမြင့်စွာ အတိုက်အခံလုပ်ခဲ့သူ အိုကီနာဝါ အုပ်ချုပ်ရေးမှူး မာဆာဟီဒအိုတာသည် အမေရိကန်-ကျပန် စစ်ရေးဆက်ဆံမှု တိုးချဲ့ခြင်းတွင် အဓိကတွန်းအား ဖြစ်သည့် အုပ်ချုပ်ရေးမှူး ရွေးကောက်ပွဲ၌ ရှုံးနိမ့်သွားသည်။

၁၈ ပညာရေးဝန်ကြီးဌာန ၁၉၉၇-၉၈ ခု ပညာသင်နှစ်အတွက် အခြေခံပညာ အထက်တန်း ပညာရည်ချန်ဆုပေးပွဲနှင့် ဘက်စုံပညာထူးချွန်ကျောင်းဆုရကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို နောက် တာကီသည် နိုင်ငံ၏သုံးဆက်မြောက် သမ္မတဖြစ်သည်။

၇ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်မှု လုပ်ငန်းကို ကြည့်ရှု.စစ်ဆေးသည်။

၉ လေးဆူတတ်ပုံရွှေတိဂုံစေတီတော် မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး၊ မြောက်ဘက်တတ်လေ ကား၊ တောင်ဘက် ဂန္ဓကုဋိတိုက်၊ အနောက် ဘက်ခြသေ့ရုပ်တုကြီးများ၊ မြောက်ဘက် စောင်းတန်း မော်ကွန်းကျောက်စာ ရေစက် ချလွှဲခါန်းပွဲ အခမ်းအနားကို ရွှေတိဂုံ စေတီတော် မြောက်ဘက် ရွှေစောင်းတန်း တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ပြီး ရွှေတိဂုံ စေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လျှောက်ထား ပြီး ဆရာတော်ကြီးများအား လွှဖွယ်ပစ္စည်းများဆက်ကပ်လွှဲခါန်းသည်။

လေးဆူတတ်ပုံ ရွှေတိဂုံ စေတီတော်မြောက်ဘက် မုခ် မြင်ကွင်းကျယ်တတ်လေကား ဖွင့်ပွဲ အခမ်းအနားနှင့် အနောက်ဘက်မုခ်ဦးခြသေ့ရုပ်တုကြီးများ ဖွင့်ပွဲအခမ်းအနားကို အဆိုပါမြင်ကွင်းကျယ် တတ်လေကားရှေ့နှင့် ခြသေ့ရုပ်တုကြီး များရှေ့တို့၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အဖွဲ့ဝင်များ ကုန်းပြေရိုးယိတော်မြတ်စေတီတော် (ရန်ကုန်) ၏ ဂန္ဓကုဋိတိုက် အတွင်း၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်၍ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရွှေကြာသက်န်းကပ်လှူစော်ကြပြီး ဆရာတော်ကြီးများအား လွှဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

၄ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်ပွဲ အခမ်း အနားကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်၌ ကျင်းပသည်။

၆ ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးတပ်၊ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၃) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ် (၁၅) သင်တန်းဆင်းပွဲ အခမ်း အနားသို့ တက်ရောက်၍ သင်တန်းဆင်း သြဝါဒစကားမြွက်ကြားသည်။

ဂျေရှဆလင်မြို့၏ အဓိကအရောင်း အဝယ် ပြုလုပ်ရာနေရာ လဟာပြင်ဈေးနေရာ၌ ကားဗုံးပေါက်ကွဲရာ အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး ၁၄ ဦးထက်မနည်း ဒဏ်ရာရရှိသွားကြောင်း အစွန်ရေးရဲတပ်ဖွဲ့မှ ပြောကြား သည်။

ကော်မိုးရော့စ်သမ္မတ မိုဟာမက် တာကီသည် သမ္မတနှစ်တော်၌ လူကြီးရောဂါဖြင့် ကွယ်လွန်သွားကြောင်း နိုင်ငံပိုင်ရေဒီယိုကကြေညာသည်။ ၁၉၇၅ ခုနှစ် ပြင်သစ်ထံမှ နိုင်ငံလွတ်လပ်ရေး ရရှိပြီး



စာဆိုတော်နေ. သက်ကြီးစာဆိုပညာရှင်များ ကန်တော့ပွဲ အခမ်းအနား၊တွင် အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်.က သက်ကြီးစာပေပညာရှင်များအား ကန်တော့ပစ္စည်းများ ပေးအပ်စဉ်

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း စုဝေးခန်းမ၌ ကျင်းပသည်။

၁၉ ၁၉၉၇ ခုနှစ် အတွက် အမျိုးသား စာပေဆု၊နဝမအကြိမ်အမျိုးသား ဆောင်ပုဒ် များ စာပေနှင့် စာတတ်ပုံပြိုင်ပွဲနှင့် ၁၉၉၇ ခုနှစ်အတွက်စာပေဗိမာန်စာမူဆု ဆုပေးပွဲ အခမ်းအနားကို ရန်ကုန်မြို့. မြို့.မ ကျောင်းလမ်းရှိ အမျိုးသား စာတိုက်ရုံတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်.တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

၂၀ လေးဆူစာတိုက်ပုံ ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်ဦး ရွှေစောင်းတန်းတော်ကြီး ပွင့်ပွဲအခမ်းအနား၊ မြောက်ဘက် ရွှေစောင်းတန်းတော်ကြီး ရင်ပြင်တော် မုခ်ဦးဆောင်ပွင့်ပွဲအခမ်းအနား၊တောင်ဘက် မုခ်ဦး အာရုံခံတန်ဆောင်း ပွင့်ပွဲ အခမ်းအနား နှင့် မြောက်ဘက်ရွှေစောင်းတန်းတော်ကြီး ပြုပြင်မွမ်းမံတည်ဆောက်ခြင်း မော်ကွန်း ကျောက်စာဖွင့်ပွဲအခမ်းအနားကို ရွှေတိဂုံ စေတီတော်ကြီး မြောက်ဘက် မုခ်ဦး ရွှေစောင်းတန်းတော်ကြီး မုခ်ဦးရှေ့ဥပစာမှ စတင်ကာ သက်ဆိုင်ရာ နေရာဌာန အသီးသီး တို့၌ ကျင်းပသည်။

ဂျပန် - မြန်မာကုန်သည် များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး ကော်မတီများ၏ ပထမအကြိမ်မြောက် ပူးတွဲအစည်းအဝေးကို ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

၂၁ ၁၃၆၀ ပြည့်နှစ် မြန်မာနိုင်ငံ စာဆိုတော်နေ.နှင့် သက်ကြီးစာပေ ပညာရှင်များ ကန်တော့ပွဲ အခမ်းအနားကို ရန်ကုန်မြို့. မြို့.တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်.တက်ရောက်၍ သက်ကြီးစာပေ ပညာရှင်ကြီးများအား လက်အုပ်ချီမိုး ကန်တော့ကာ ကန်တော့ပစ္စည်းနှင့် အလှူငွေများ ပေးအပ်သည်။

၂၂-၂၅ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစွတာ ဆီဆဗက်တဲအို ဘွန်ဖန်နှင့်ဇနီး မဒမ်ခမ်လာကဲအိုဘွန်ဖန် တို့ခေါင်းဆောင်

သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေး ခရီးလည်ပတ်ရန် အထူးလေယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ၂၃ ရက်နေ့တွင် ရောက်ရှိလာသည်။ ယင်းနေ့ မှာပင် လာအို ပြည်သူ့ဒီမိုကရက် တစ် သမ္မတနိုင်ငံဝန်ကြီးချုပ်မစ္စတာ ဆီဆဗက်တဲအို ဘွန်ဖန်သည် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။ ညနေပိုင်းတွင် ပြည်လမ်းရှိ အမျိုးသား ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ပြည်သူ့ဥယျာဉ်၌ ချစ်ကြည်ရေးခရီး အထိမ်းအမှတ် အဖြစ် သစ်ပင်စိုက်ပျိုး သည်။ ၂၄ ရက်နေ့တွင် ရွှေတိဂုံ စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် လှိုင်သာယာစက်မှုမြို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ၂၆ ရက်နေ့တွင် ပုဂံ၊ညောင်ဦး၊ မန္တလေးနှင့် အင်းလေး ဒေသများသို့ သွားရောက်လေ့လာပြီး ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်မှ လာအိုနိုင်ငံသို့ ပြန်လည်ထွက်ခွာ သွားသည်။

၂၅ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မှော်ဘီမြို့ရှိ ဗဟိုပြည်သူ့ဆက်ဆံရေးကပ်၊ ပြည်ထောင်စု ခန်းမတွင် ကျင်းပသည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၄)၊ အမှုဆောင်များ အဆင့်မြင့် စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၃) နှင့် အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းအမှတ်စဉ် (၁၆) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် ဩဝါဒစကား မြွက်ကြားသည်။

၂၇ Super One International Co., (Myanmar) Ltd ၏ Super One ကျိုက္ကဆံအဆင့်မြင့် ကုန်တိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပသည်။

၂၈ ကျန်းမာရေးဝန်ကြီးဌာနဆေးသိပ္ပံ ပညာဦးစီးဌာန သူနာပြုတက္ကသိုလ် (မန္တလေး) ဖွင့်ပွဲအခမ်းအနားကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (မန္တလေး) ၌ ကျင်းပသည်။

ဒီဇင်ဘာလ

၁ ဗုဒ္ဓဘုရားရှင်ဖွားမြင်ရာအထွတ်အမြတ်နေရာသို့ ကမ္ဘာတစ်ဝန်းမှ အာရုံစိုက်လာစေရန် ဆွဲဆောင်မည့် နိုင်ငံတကာ ဗုဒ္ဓဘာသာ ညီလာခံတစ်ရပ်ကို နီပေါအိမ်ရှေ့မင်းသား ဒီပင်ဒရာက လုမ္ဗိနီဒေသတွင် ဖွင့်လှစ်ပေးလိုက်သည်။

၂ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဖွင့်လှစ်ရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှု စစ်ဆေးသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး) သည် စစ်အေးကာလပြီးဆုံးသွားပြီဖြစ်သည့် ကမ္ဘာကြီးတွင် တစ်ကမ္ဘာလုံးဆိုင်ရာ ရဲတပ်ဖွဲ့အဖြစ်မျိုး ရောက်အောင်ကြိုးပမ်းအားထုတ် နေသည်ဟု တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပြင်းပြင်းထန်ထန် ပြစ်တင်ဝေဖန်လိုက်သည်။

၃ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် တာဝန် ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စစ်သံမှူး Senior Colonel HE Yaokui နှင့် စစ်သံမှူးအသစ် တာဝန်ထမ်းဆောင်မည့် Senior Colonel Ma Shoudong တို့အား ကာကွယ်ရေးဝန်ကြီး ဌာန ဒဂုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ ခင်းကျင်းပြသလျက်ရှိသည့် ရန်ကုန်တက္ကသိုလ် (၇၈) နှစ်မြောက် အထိမ်းအမှတ် စာအုပ်စာပေခင်းကျင်း ပြသပွဲသို့ သွားရောက်ကြည့်ရှု အားပေးသည်။

၃ – ၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးသည် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်နှင့်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်း ကိုကိုးကျွန်း၊ ဧရာဝတီတိုင်း များသို့ သွားရောက်၍ စိုက်ပျိုးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၄ စီးပွားရေးနှင့် ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးကက်မှုကို အရှိန်မြှင့်တင်ရန် အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများသည် အုပ်စု (၇)စက်မှုနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်ဟု အက်စ်ကတ် အရာရှိတစ်ဦးက ပြောကြားသည်။

၈ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်ပွဲ အခမ်းအနားကျင်းပရန် ပြင်ဆင်ထားသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်သန်းပေါင်းများစွာသည် အခြေခံပညာကို ပြည့်စုံလုံလောက်စွာ တတ်မြောက်ခြင်းမရှိသည့်အတွက်ကြောင့် ၄င်းတို့၏ ဘဝကိုသင့်တင့် လျောက်ပတ်မှု ဖြစ်စေရန် လုပ်ဆောင်နိုင်ခြင်းမရှိဘဲ ကြီးပြင်းလာခဲ့ရကြောင်း ယူနီဆက်ဖ်၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၉ သာသနာရေးဝန်ကြီးဌာနအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မင်္ဂလာနှုတ်ခွန်းဆက် သဝဏ်လွှာပေးပို့ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြသည်။

၁၀ အရှေ့တောင်အာရှနိုင်ငံများအသင်း၏ ဆဋ္ဌမအကြိမ်ထိပ်သီး အစည်းအဝေးက ကမ္ဘောဒီးယားနိုင်ငံအား အသင်းဝင်အဖြစ် ဆုံးဖြတ်နိုင်မည်ဟု အင်ဒိုနီးရှားနိုင်ငံက မျှော်လင့်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အလီအလာတာစ်က ပြောကြားသည်။

၁၁ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရန်ကုန်တိုင်း ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ် (၅၁)ရပ်ကွက်မြဝတီမင်းကြီးဦးစ (၁)လမ်းရှိ သီရိမင်္ဂလာမဟာစည်ရိပ်သာကျောင်း ပရဝုဏ်ရှိ သီရိရတနာသုံးထပ်ကျောင်းဆောင်သစ် တည်ဆောက်ရေး အုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့်ကျောင်းဆောင်သစ်တည်ဆောက်ရေး အလှူငွေပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး နဝရတ်ရတနာကြုတ်ကို သွင်းယူပေး၍ ပတ္တမြားရတနာအုတ်တော်ကို စီသွင်းပေးကာ ကျောင်းဆောင်သစ် တည်ဆောက်ရေး အတွက် အလှူငွေများလက်ခံသည်။

၁၂ တရုတ်သိပ္ပံပညာရှင် ခြောက်ဦးအား တရုတ်သိပ္ပံအကယ်ဒမီမောနင်းဆိုက် သင်္ချာဌာနက ဆုများကို ပီကင်း၌ ပေးအပ်ချီးမြှင့်လိုက်ကြောင်း ဆင်ဟွာကရေးသားဖော်ပြသည်။

၁၃ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃) ရပ်ကွက်ရှိ မင်းကွန်းတိပိဋကတ် မဟာဂန္ဆဝင်စာသင်တိုက် သိမ်တော်ကြီး ပန္နက်တင် မင်္ဂလာအခမ်းအနား ဆဋ္ဌမမြောက် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသဆရာတော် စံကျောင်း ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားနှင့် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရတနာပန္နက်တင် အုတ်မြစ်စီပြီး အလှူငွေများ လက်ခံရယူသည်။

အင်အားကြီး ပြည်ပ နိုင်ငံများက ပြည်တွင်း ရုပ်သေးများကို အသုံးချပြီး နိုင်ငံအား လက်အောက်ခံ ကိုလိုနီအဖြစ် ရောက်အောင် ကြိုးပမ်းမှုများကို ဟန့်တားသွားရန်နှင့် ရာထူးအဆင့်အတန်းများကို ပိတ်ထားရန်မလေးရှား ဝန်ကြီးချုပ်မဟာသီမိုဟာမက်က ၄င်း၏ပါတီဝင်များကို တိုက်တွန်းလိုက်သည်။

၁၄-၁၇ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်မစ္စတာ ဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္ဒိုင်းမြို့၌ ကျင်းပမည့် ဆဋ္ဌမအကြိမ် အာဆီယံ ထိပ်သီးညီလာခံနှင့် အာဆီယံ နိုင်ငံအစိုးရ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတနိုင်ငံတို့မှ နိုင်ငံအစိုးရ အကြီးအကဲများ ဆွေးနွေးသည့် အစည်းအဝေးများသို့ တက်ရောက်ရန် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟန္ဒိုင်းမြို့သို့ ထွက်ခွာသွားသည်။

၁၆ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးသည် ရေအားလျှပ်စစ် ထုတ်ယူပြီး စိုက်ပျိုးရေပေးဝေနိုင်ရန် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်တွင်တည်ဆောက်အကောင်အထည် ဖော်လျက်ရှိသည့် ပေါင်းလောင်းစီမံကိန်း လုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ကုလသမဂ္ဂလက်နက်စစ်ဆေးသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် အီရတ်နိုင်ငံ၏ နောက်ဆုံးပျက်ကွက်ခြင်းသည်အခြေအနေကို အလွန်စိုးရိမ်စရာ ဖြစ်စေခဲ့ကြောင်းနှင့် အကယ်၍ ဗြိတိန်နှင့် အမေရိကန် ပြည်ထောင်စုက လေကြောင်းမှ တိုက်ခိုက်မည်ဆိုလျှင် သတိပေးခြင်းကို မမျှော်လင့်ရန် သမ္မတ ဆက်ဒမ်ဟူစိန်အား သတိပေးထားခဲ့



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ကို အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က မုံးကြဲ တိုက်ခိုက်ပြီးနောက် တွေ့ရသည့်အပျက်အစီးနှင့်ထိခိုက်ဒဏ်ရာရရှိမှုမြင်ကွင်း

ကြောင်း ဗြိတိန်နိုင်ငံက ပြောကြား လိုက်သည်။

၁၇ ကမ္ဘာ တစ်ဝန်း လုံး၏ ယခုနှစ် ပျမ်းမျှ အပူချိန်သည် ၁၈၆၀ ပြည့်နှစ်တွင် ပထမဆုံး စတင်မှတ်တမ်းတင်ခဲ့သည်မှစ၍ အမြင့်မား ဆုံးဖြစ်မည် ဖြစ်ကြောင်း ကမ္ဘာ့ မိုးလေဝသအဖွဲ့ (ဒဗလျူအမ်ဒို)က ဖော်ပြသည်။

၁၉ ကျန်းမာရေးဝန်ကြီးဌာန ၁၉၉၈ ခုနှစ် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသန စာတန်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက် အမှာစကားပြောသည်။

အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့က လေကြောင်းမှ မုံးကြဲ တိုက်ခိုက်ခြင်းကို ဒေါသထွက်လွန်း၍ အီရတ်သတင်းစာများက အရှိန်မြှင့် ပြစ်တင်ရှုတ်ချကြကြောင်းနှင့် အာရပ် ပြည်သူများကိုလည်း သွေးစည်း ညီညွတ်ကြရန် ဆော်သြကြောင်း ရိုက်တာ သတင်းဌာနက ဖော်ပြသည်။

၂၀ မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အသစ်ဆောက်လုပ်ပြီး ဖြစ်သည့် အခြေခံပညာကျောင်း အဆောက်အအုံသစ်များနှင့် အဆင့်မြင့်ပြုပြင်မွမ်းမံထားသည့် ကျောင်းအဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားများသို့ တက်ရောက်ပြီး ဒဂုံဆိပ်ကမ်းမြို့နယ် ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

၂၁ အလုပ်သမားဝန်ကြီးဌာနအလုပ်သမား ညွှန်ကြားရေးဦးစီးဌာန လုပ်သားများ လေ့ကျင့်ရေးနှင့် ကျွမ်းကျင်မှု စစ်ဆေးရေး သင်တန်းကျောင်းသစ် ဖွင့်ပွဲနှင့် သင်တန်း ကျောင်း အဆောက်အအုံသစ် လွှဲပြောင်း လူဒါန်းပွဲ အခမ်းအနားကို ဒဂုံမြို့သစ် မြောက်ပိုင်း အကွက်အမှတ် (၄၃) မင်း ရဲ ကျော်စွာလမ်းရှိ ယင်းအဆောက်အအုံသစ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ စက်ခလုတ်နှိပ်ကာ ကမ္ဘည်းကျောက်စာ ကို ဖွင့်လှစ်ပေးလိုက်သည်။

၂၁ အမေရိကန်ပြည်ထောင်စုနှင့်ဗြိတိန် နိုင်ငံတို့သည် မဟာဗျူဟာမြောက် အရှုံးကြီးရှုံးရမှုကို ကြုံတွေ့ခံစားနေရပြီ ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ယင်းတို့၏ စစ်ရေး ထိုးနှက်ချက်သည် အာဏာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင် ထားသော သမ္မတ ဆက်ဒမ်ဟူစိန်ကို အားပျော့မသွားစေနိုင်ကြောင်းဖြင့် အီရတ် သတင်းစာများတွင် ဖော်ပြထားသည်။

၂၂ ရန်ကုန်မြို့ဒဂုံမြို့သစ်တောင်ပိုင်း စက်မှုဇုန်အမှတ် (၁)ရှိ **Asia World Industries ltd.** ၏ မြန်မာစက္ကူစက်ရုံ **(Myanmar Paper Mill)** ဖွင့်ပွဲကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

၂၄ အိန္ဒိယနိုင်ငံသည် လာမည့်နှစ်သစ် ကာလအတွင်းစီးပွားရေးသံတမန်နှင့် ပြဿနာရပ်များကို လက်တွေ့အကျိုးပြု သည့် ပြင်ပကို ကြည့်ရှုသော နိုင်ငံခြားရေး မူဝါဒကို အထူးအလေးထားကျင့်သုံးသွားမည် ဖြစ်ကြောင်း အိန္ဒိယအစိုးရ ပြည်ပရေးရာ ဌာနဝန်ကြီး ဂျာစဝန့်ဆင်းက ပြောကြား သည်။

၂၅ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ သမိုင်းပညာရှင် များနှင့် တာဝန်ရှိသူများလိုက်ပါလျက် ပဲခူး တိုင်း ပဲခူးမြို့ရွှေသာလျောင်း ဗုဒ္ဓရုပ်ပွား တော် မြတ်ကြီး သံတန်ဆောင်းတော်တိုးချဲ့ ဆောက်လုပ်ခြင်း ရေစက်ချ မင်္ဂလာ အခမ်း အနားသို့ တက်ရောက်ပြီး ကမ္ဘောဇသာဒီ နန်းတော် ပြန်လည် တည်ဆောက်ရေး လုပ်ငန်း၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်း များကို လှည့်လည်စစ်ဆေး ကြည့်ရှုသည်။

၂၆ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း တတိယ အကြိမ် သင်းလုံးကျွတ် အစည်းအဝေးနှင့် ရွေးချယ် တင်မြောက်ပွဲ အခမ်းအနားကို ရှိုင်ရယ် ကရဝိက်ခန်းမ ဥတ္တရဆောင်၌ ကျင်းပရာ အိမ်ရာ စီမံကိန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အဖွင့် အမှာစကားပြောကြားသည်။

ဥရောပသမဂ္ဂဝင်နိုင်ငံများသည် လာမည့် နှစ်ဆန်းပိုင်းမှ စတင်ကာ တစ်စု တည်းသော ဥရောပငွေကြေးဖြစ်သည့် ယူရှိ ငွေကြေးကို အသုံးပြုတော့မည် ဖြစ်ရာ ဖြစ်ပေါ်လာနိုင်မည့် စီးပွားရေးဂယက်ရိုက် ခတ်မှုဒဏ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံက လေ့လာလျက် ရှိနေကြောင်း ဆင်ဟွာ သတင်းဌာနက ဖော်ပြသည်။

၂၇ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေးနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ရွှေတိဂုံစေတီ တော်ကြီး၏ ထီးတော် ကြုံ့ခိုင်မှုအတွက် ဆောင်ရွက်နေသည့်လုပ်ငန်းများကိုကြည့်ရှု စစ်ဆေးသည်။

အမေရိကန်ပြည်ထောင်စုက ဦးဆောင်ပြီး အီရတ်နိုင်ငံအား လေးရက် ကြာ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းသည် ဒေသတွင်း ငြိမ်းချမ်းမှုကို ကမောက်ကမ ဖြစ်စေပြီး ကုလသမဂ္ဂ၏ ရှစ်နှစ်ကြာ ပိတ်ပင်အရေး ယူမှုကို အလူးအလဲခံနေရသော အီရတ်နိုင်ငံ ၏ အနေအထားကို ပိုမို ဆိုးရွားသွားစေ ကြောင်းဖြင့် အာရပ်လွှတ်တော် ကိုယ် စားလှယ်များက ပြောဆိုကာ ယင်းကဲ့သို့ တိုက်ခိုက်မှုကို ပြစ်တင် ရှုတ်ချလိုက်ကြ သည်။

၂၈ ပြည်တွင်းရေးဝင်ရောက်စွက်ဖက်မှု များကို ရပ်တန့်ကြရန် ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်ဆန်က ပြည်ပနိုင်ငံများ အား မေတ္တာရပ်ခံကာ လောလောဆယ်၌ ကမ္ဘောဒီးယား ဘုရင့်အစိုးရအတွက် အရေး အကြီးဆုံး ဆောင်ရွက်ရမည့်လုပ်ငန်းမှာ ကမ္ဘောဒီးယားနိုင်ငံတွင် ငြိမ်းချမ်းရေး ရေရှည် တည်တံ့ခိုင်မြဲမှုကို ထိန်းသိမ်းသွား ရန်ပင် ဖြစ်ကြောင်း ပြောကြားသည်။

၂၉ တရုတ် ပြည်သူ့သမ္မတနိုင်ငံနှင့် ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်မှာ ရုရှား နိုင်ငံခြားရေးဝါဒ ၏ ထိပ်တန်းဦးစားပေး ဖြစ်ကြောင်းဖြင့် ရုရှားဝန်ကြီးချုပ် ယက်ဗ်ဂျယ်နီပရီမာ ကော့ဖ်က ပြောကြားသည်။

၃၁ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ ရုပ်ရှင်လုပ်ငန်း၏ ၁၉၉၇ ခုနှစ် အတွက် မြန်မာ့ရုပ်ရှင်ထူးချန်ဆု ချီးမြှင့် သည့် အခမ်းအနားကို အမျိုးသားအားကစား ပြိုင် ပွဲ ရုံ (၁) သုဝဏ္ဏ ၌ ကျင်း ပ သည်။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ကြည်အောင် တက်ရောက်၍ အမှာစကား ပြောကြားပြီး ထူးချန်ဆုရ ရုပ်ရှင်အနုပညာ ရှင်များအား ဆုများချီးမြှင့်သည်။



ကြည်ညိုဖွားမြော် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)



ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မလေးရှားနိုင်ငံဝန်ကြီးချုပ်အား
စိမ်းလဲ့ကန်သာ နိုင်ငံတော်ဧည့်ဂေဟာတွင် တွေ့ဆုံနှုတ်ဆက်စဉ်



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေအမှူးပြုသော နိုင်ငံတော်အကြီးအကဲများ ဗလမင်းထင်တံတားဖွင့်ပွဲတွင်
တိုင်းရင်းသားခေါင်းဆောင်များနှင့် အမှတ်တရ



ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး
ရွှေညောင် – ရပ်စောက် – ကျောက်ဂူ ကျောက်ခင်း၊ ကံကြီး – နောင်ချို ကားလမ်းဖွင့်ပွဲ
အခမ်းအနားသို့ တက်ရောက်အားပေးစဉ်



၁၉၉၆ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင်အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရ ဒေါ်မြင့်မြင့်ခင်အား ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ရွှေစင်ရုပ်ဆုချီးမြှင့်စဉ်



ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်မြင်ကွင်း



ဖြူးမြို့နယ် ငမွေချောင်းရေလှောင်တမံဖွင့်ပွဲ အခမ်းအနား



ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို – က – ရေး – တီးပြိုင်ပွဲတွင် အကပြိုင်ပွဲဝင်နေသူကလေး

အပိုင်း - ၂

ဘာသာ သာသနာ၊ ယဉ်ကျေးမှု၊ လူမှုရေး၊ ကျန်းမာရေးနှင့် အခြားနှစ်ချုပ်ဆောင်းပါးများ

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်	.....	ဒေါက်တာခင်မောင်ညွန့်	..... ၃၄
၂၀ ရာစု သိပ္ပံ၊ ဇီဝ၊ စက်မှုနှင့် နည်းပညာ	.....	ဦးမျိုးသန့်	..... ၄၀
မြန်မာ့ပန်းပုအဆင့်ဆင့်တိုးတက်လာပုံ	.....	ဦးမင်းနိုင်	..... ၅၀
မြန်မာ့လူမှုဝန်ထမ်းလုပ်ငန်း	.....	မောင်ငွေဌေး (လူမှုဝန်ထမ်း)	..... ၅၆
ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ	.....	ဦးခင်မောင်လေး	..... ၇၀
မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ	.....	စောမုံညင်း	..... ၈၀
အင်တာနက် (ကွန်ပျူတာနည်းပညာ)	.....	ဦးဝင်းမော်	..... ၈၆
မြန်မာနိုင်ငံနှင့်အနာကြီးရောဂါ	.....	ဆရာဝန်တင်ရွှေ	..... ၉၀


INTERNATIONAL THERAVĀDA
BUDDHIST MISSIONARY UNIVERSITY





အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်

ဂေါတမ ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီး သည့်နောက် ကျင်းပခဲ့သော သင်္ဂါယနာတင် ပွဲကြီးများကား ယနေ့အထိ ခြောက်ကြိမ်မြောက်ခဲ့လေပြီ။ ပထမအကြိမ်ကို ရာဇဂြိုဟ်ပြည်တွင် လည်းကောင်း၊ ဒုတိယအကြိမ်ကို ဝေသာလီပြည်တွင် လည်းကောင်း၊ တတိယအကြိမ်ကို ပါဋလိပုတ်ပြည်တွင် လည်းကောင်း၊ စတုတ္ထအကြိမ်ကို သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ လည်းကောင်း၊ ပဉ္စမနှင့် ဆဋ္ဌမအကြိမ်များကို မြန်မာနိုင်ငံ တွင်လည်းကောင်း ကျင်းပခဲ့ရာ ယနေ့တိုင်အောင် ပိဋကတ် သုံးပုံအစရှိသော ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်များသည် မတိမ်းမယွင်း မူရင်းပကတိအတိုင်း တည်တံ့လျက် ရှိသည်။

သင်္ဂါယနာကို နှစ်ကြိမ်တိုင်အောင် မြန်မာနိုင်ငံတော်ကြီးတွင် ကျင်းပနိုင်ခဲ့ခြင်းသည် တစ်မူထူးခြား ချက်ကြီးဖြစ်သည်၊ မင်းတုန်းမင်းတရားကြီး လက်ထက် မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မန္တလေးမြို့တော်တွင် ပဉ္စမသင်္ဂါယနာတင်ပြီးနောက်၊ နှစ်ပေါင်း ၈၃ နှစ်အကြာ မြန်မာသက္ကရာဇ် ၁၃၁၆ ခု၌ ၊ ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေး၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပခဲ့သည်။ သီရိလင်္ကာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ လောစသော ထေရဝါဒ ဗုဒ္ဓဘာသာထွန်းကားရာ နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ရဟန်းတော်များအပြင် မဟာယာန ဗုဒ္ဓဘာသာ ထွန်းကားရာ ဂျပန်၊ တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ တိဘက်တို့မှ ရဟန်းတော် ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြသည်။

မန္တလေးမြို့ မဟာလောကမာရဇိန်ဘွဲ့ခံ ကုသိုလ်တော်ကြီး ဘုရားဝင်းအတွင်း၊ ကျောက်ထက် အက္ခရာတင်ထားသော ပဋိကတ်သုံးပုံ ကျောက်စာချပ်ကြီးပေါင်း ၇၂၉ ချပ်သည် လည်းကောင်း၊ သီရိမင်္ဂလာ ကမ္ဘာအေး၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီးနှင့် သာသနိကအဆောက်အအုံကြီးများ၊ ပုံနိပ်ထုတ်ဝေထားသော ပိဋကတ်စာပေစာအုပ်များသည် လည်းကောင်း မြန်မာနိုင်ငံတွင် ကျင်းပပြီးသော ပဉ္စမနှင့် ဆဋ္ဌမသင်္ဂါယနာတင်ပွဲကြီးများ၏ သမိုင်းဝင် အထောက်အထားများ ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓသာသနာထွန်းကားသော နိုင်ငံဖြစ်ရုံသာမက တိကျမှန်ကန်သန့်စင်သော ထေရဝါဒ ဗုဒ္ဓသာသနာတည်ရှိရာ နိုင်ငံဟု အသိအမှတ်ပြုထားခံရသည်နှင့်အညီ ပုဂံခေတ်မှသည် ယနေ့တိုင်အောင်၊ အခြားသော ဗုဒ္ဓဘာသာဝင် နိုင်ငံများက ထေရဝါဒဗုဒ္ဓသာသနာနှင့် စပ်လျဉ်းသော ကိစ္စများကို ဖြေရှင်း ဆုံးဖြတ်ရာတွင် မြန်မာနိုင်ငံရှိ ထေရ်ကြီး၊ ဝါကြီး ကျမ်းဂန်တတ် ဆရာတော်၊ ရဟန်းတော်ကြီးများနှင့် ပိဋကတ် စာပေတို့ကို အကိုးအကားပြုခြင်း၊ ဩဝါဒ နာခံခြင်းပြုခဲ့ကြရကြောင်းကို မြန်မာ့သမိုင်းတွင် သာဓကများစွာ ရှိပါသည်။ ထို့ပြင် ထေရဝါဒဗုဒ္ဓသာသနာတွင် အခြေခံ၍ ပေါ်ထွန်းလာခဲ့သော မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူနေမှုဘဝသည်လည်း ဆက်လက်တည်တံ့ရှင်သန်နေနိုင်ရန် ထေရဝါဒဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားမှုအပေါ် လုံးဝတည်နေသည်။ ထို့ကြောင့် ယနေ့မြန်မာနိုင်ငံကို အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ် တည်ထောင်ကြရင်း မြန်မာ့ယဉ်ကျေးမှု၏ မူရင်းစစ်မြစ် တရားအနှစ်ဖြစ်သော ထေရဝါဒဗုဒ္ဓသာသနာကို ပြည်တွင်းသာမက ပြည်ပသို့ပါ ပြန့်နှံ့စေရန် ကြိုပမ်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့တော်၊ မရမ်းကုန်းမြို့နယ် ဗုဒ္ဓဓွယ်တော် မြတ်စေတီတော် တည်ရှိရာ ဓမ္မပါလကုန်းမြေတွင် ထေရဝါဒ ဗုဒ္ဓသာသနာကို လေ့လာဆည်းပူး၍ သာသနာပြုနိုင်ကြစေရန် တက္ကသိုလ်၊ ကျောင်းတော် မဟာကြီးတစ်ခု ပေါ်ထွန်းလာလေပြီ။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားသော တရားတော်ကို စောင့်ထိန်းခြင်းဟု အဓိပ္ပာယ်ရသော ဓမ္မပါလအမည်ရှိ ကုန်းမြေ၏ ၆၂ ဧကသောမြေ အကျယ်အဝန်းတွင် ရှိရင်းစွဲသီးပွင့်ပင်၊ အရိပ်ပင်များအပြင်၊ ထပ်မံစိုက်ပျိုးထားသော အပင်မျိုးစုံနှင့် ရေသတ္တဝါတို့ မြူးတူးကျက်စားရာ ၃၁သမ ၇၅ ဧကကျယ်သော အဘယဌာန သဘာဝရေအိုင်ကြီးနှင့် တင့်တယ်လှသော တက္ကသိုလ်ပရဝုဏ်သည်ကား ဓမ္မရိပ်မြုံ၊ ဥယျာဉ်ဘုံကြီး ဖြစ်သည်။ ဆင်စွယ်ရောင်နှင့် ရွှေဝါရောင်တပြောင်ပြောင်ထိုးထိုး

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်



ဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းကို အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်. စစ်ဆေးစဉ်

မိုးနေသော ဗုဒ္ဓဓွယ်တော် မြတ်စေတီတော်ကြီး::ကို ကြည်ညိုရင်း သာသနာပြုကြမည့် ရဟန်းရှင်လူ၊ ကျောင်းတော်သူကျောင်းတော်သား‌တို့ တက်ရောက် သင်ကြားနေသည့် တက္ကသိုလ်ကြီး၏ အမည်ကား "အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ မြန်မာနိုင်ငံတော် " ဖြစ်ပါသည်။ (International Theravada Buddhist Missionary University Yangon , The Union of Myanmar)

တက္ကသိုလ်ကြီး၏ ရည်ရွယ်ချက်များ

(က) စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်ကို ကမ္ဘာ့လူသားများအား ဖြန့်ဝေနိုင်ရန် ၊

(ခ) သဂီယနာခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်းသင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်ကြစေရန်၊

(ဂ) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်မှုများကို သိရှိပြီး ဖြည့်ဆည်းကျင့်သုံးသူများတိုးပွားလာစေရန်၊

(ဃ) ကံ-ကံ၏အကျိုးတရားကိုယုံကြည်လက်ခံသူများ တိုးပွားလာစေရန်၊

(င) ရုပ်နာမ်ဝမ္မကို ပိုင်းခြားသိမြင်ကြသူများ တိုးပွားလာစေရန်၊

(စ) ကမ္ဘာတစ်ဝန်းလုံး ဗြဟ္မစိုရ်တရား ထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင် လောကကြီး ဖြစ်လာစေရန်၊

(ဆ) သစ္စာလေးပါးကို ထိုးထွင်းသိမြင်နိုင်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အထောက်အပံ့ဖြစ်စေသော ဉာဏ်ပညာ တိုးတက်ဖြစ်ထွန်းလာစေရန်၊

(ဇ) ပိဋကတ်စာပေ ကျမ်းကျင်နှံ့စပ်၍ အကျင့်သိလ ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန် တို့ ဖြစ် သည်။

သင်ကြားပို့ချသော ပုဂ္ဂိုလ်ကြီးများမှာ နာမည်ကျော် ဘွဲ့ဒီဂရီရဝမ္မပါရဂူဆရာတော်၊ ရဟန်းတော်ကြီးများအပြင် လူပုဂ္ဂိုလ် ပညာရှင်တို့လည်း ပါဝင်သည်။ ဗုဒ္ဓစာပေ၊ ပါဠိစာပေ၊ မြန်မာစာပေနှင့် နိုင်ငံခြားဘာသာစကားတို့ကို ကျွမ်းကျင်တတ်မြောက်ကြပြီး ထေရဝါဒဗုဒ္ဓဘာသာကို ရှင်းလင်းစွာပို့ချနိုင်သော ပုဂ္ဂိုလ်များဖြစ်သည်။ အားလုံးသော ဘာသာရပ်တို့ကို အင်္ဂလိပ်ဘာသာစကားနှင့် ပို့ချပါသည်။



သင်တန်းသားများအတွက် ထမင်းစားဆောင်

မဟာဌာနကြီး လေးခုအောက်တွင် ဘာသာရပ်ဆိုင်ရာ ဌာနများဖွဲ့စည်းထားရာ –

(၁) ပရိယတ္တိမဟာဌာနအောက်တွင် (က) ဝိနည်းဌာန၊ (ခ) သုတ္တန်ဌာန၊ (ဂ) အဘိဓမ္မာဌာန၊ (ဃ) ဗုဒ္ဓယဉ်ကျေးမှုနှင့် သမိုင်းဌာန၊ (င) ပါဠိဌာန (စ) မြန်မာစာဌာန။

(၂) ပဋိပတ္တိမဟာဌာနအောက်တွင် (က) ဓမ္မနုလောမဌာန၊ (ခ) သမထဌာန၊ (ဂ) ဝိပဿနာဌာန။

(၃) ကိုးကွယ်ယုံကြည်မှုဘာသာများနှင့် သာသနာပြုလုပ်ငန်း မဟာဌာနအောက်တွင် (က) ကိုးကွယ်ယုံကြည်မှုဘာသာကြီးများ လေ့လာမှုဌာန၊ (ခ) သာသနာပြုလုပ်ငန်းဌာန၊ (ဂ) သုတေသနဌာန။

(၄) နိုင်ငံခြားဘာသာစကားများနှင့် ဘာသာပြန်မဟာဌာနအောက်တွင် (က) အင်္ဂလိပ်စာဌာန၊ (ခ) ပြင်သစ်စာဌာန၊ (ဂ) တရုတ်စာဌာန၊ (ဃ) ဂျပန်စာ ဌာန၊ (င) ဂျာမန်စာ ဌာန၊ (စ) ဟန္ဒီစာ ဌာန၊ (ဆ) အာရဗီစာ ဌာန၊ (ဇ) အခြားအရှေ့တိုင်းဘာသာစကားများဌာနနှင့် (ဈ) ဘာသာပြန်ဌာနများ ရှိပါသည်။

သင်ကြားပို့ချသော သင်တန်းများ

၁။ ဘွဲ့ကြိုသင်တန်းသားများ အတွက်

(က) တစ်နှစ်သင် ဒီပလိုမာသင်တန်း
ဒီပလိုမာ (ဗုဒ္ဓဝမ္ဗ) ဘွဲ့ပေးသည်။

(ခ) နှစ်နှစ်သင် ဂိုးဂိုးဘွဲ့သင်တန်း
ဝိဇ္ဇာ (ဗုဒ္ဓဝမ္ဗ) ဘွဲ့ပေးသည်။

၂။ ဘွဲ့လွန်သင်တန်းများအတွက်

(က) သုံးနှစ်သင် မဟာဝိဇ္ဇာသင်တန်း
မဟာဝိဇ္ဇာ (ဗုဒ္ဓဝမ္ဗ) ဘွဲ့ပေးသည်။

(ခ) လေးနှစ်သင်ဒေါက်တာဘွဲ့သင်တန်း
ပိအိတ်ချ်ဒီ (ဒေါက်တာ) (ဗုဒ္ဓဝမ္ဗ) ဘွဲ့ပေးသည်။

ပညာသင်တစ်နှစ်တွင် စာသင်ချိန် နှစ်ပိုင်းရှိသည်။ ပထမပိုင်းကို ဇွန်လ (နယုန်လ)မှ အောက်တိုဘာလ (သီတင်းကျွတ်လ) အထိ၊ ဒုတိယပိုင်းကို နိုဝင်ဘာလ (တန်ဆောင်မုန်းလ) မှ မတ်လ (တပေါင်းလ) အထိ သတ်မှတ်ထားသည်။ ဧပြီလ (တန်ခူးလ) နှင့် မေလ (ကဆုန်လ) များမှာ ကျောင်းပိတ်ရက်များ ဖြစ်သည်။

ကျောင်းအိပ်ကျောင်းစား တက္ကသိုလ်ကြီးဖြစ်ပြီး ဆရာနှင့် တပည့်များအတွက် နေထိုင်စားသောက်ရေးကိစ္စ အဝဝကို နိုင်ငံတော်အစိုးရက တာဝန်ယူကုသိုလ်ပြုပါသည်။

လူမျိုး မရွေး၊ ကျား‌မ မရွေး ထေရဝါဒဗုဒ္ဓ သာသနာပြု လုပ်ငန်းတွင် စိတ်ဝင်စား‌သူ ရဟန်း‌ရှင်လူ၊ သီလရှင် ယောဂီတို့သည် သတ်မှတ်ထား‌သော အခြေခံပညာ အရည်အချင်း‌နှင့် ပြည့်စုံပါက ဝင်ခွင့်လျှောက်ထား‌နိုင်သည်။ဝင်ခွင့်စာမေး‌ပွဲများ‌ကို မြန်မာနိုင်ငံ၊ သာသနာရေး‌ဝန်ကြီး‌ဌာန၊ ဦး‌စီး‌ဌာနများ‌တွင် လည်း‌ကောင်း၊ ပြည်ပတွင် မြန်မာသံရုံး‌များ‌တွင် လည်း‌ကောင်း ကျင်း‌ပပြီး အောင်မြင်၍ ရွေး‌ချယ်ခံရသော ရဟန်း‌ရှင်လူ သီလရှင်ယောဂီတို့သည် ကျောင်း‌ဝင်ခွင့်ရကြမည်ဖြစ်သည်။

၁၉၉၈ ခုနှစ် ပထမဦး‌ဆုံး အကြိမ် ပြည်တွင်း‌ပြည်ပ၌ ကျင်း‌ပသော ကျောင်း‌ဝင်ခွင့် စာမေး‌ပွဲများ‌ အောင်မြင်၍ တစ်နှစ်ဒီပလိုမာသင်တန်း‌တက်ရောက်နေသော ဦး‌ရေမှာ အောက်ပါစာရင်း‌ဇယား‌အတိုင်း ဖြစ်သည်။

တစ်နှစ်သင်ဒီပလိုမာသင်တန်း‌တက်နေသူများ‌စာရင်း

၁၉၉၈ ခု

စဉ်	နိုင်ငံ	ရဟန်း	ဘိက္ခုနီ၊ သီလရှင် ယောဂီမ	လူ (ကျား)	လူ (မ)	စုစုပေါင်း
၁	ဩစတေး‌လျ	၁			၁	၂
၂	ဘင်္ဂလား‌ဒေ့ရှ်	၃		၁		၄
၃	ကနေဒါ			၁		၁
၄	တရုတ်	၁				၁
၅	ဂျာမနီ			၁	၁	၂
၆	အိန္ဒိယ	၂				၂
၇	ဂျပန်				၃	၃
၈	ကိုရီး‌ယား				၁	၁
၉	လော	၁				၁
၁၀	မလေး‌ရှား	၃				၃
၁၁	မင်္ဂစီကို			၁	၂	၃
၁၂	နီပေါ			၂	၃	၅
၁၃	ပနာမား		၁			၁
၁၄	ရုရှား			၁	၂	၃
၁၅	သီရိလင်္ကာ	၇				၇
၁၆	စင်ကာပူ		၁			၁
၁၇	ထိုင်း	၂			၁	၃
၁၈	ဗီယက်နမ်	၇	၄			၁၁
၁၉	မြန်မာ	၆	၂	၂၀	၂၅	၅၃

စုစုပေါင်း ၁၉ နိုင်ငံ ရဟန်း ၃၃ ပါး၊ သီလရှင်ဘိက္ခုနီ ယောဂီမ ၈ ပါး၊ လူယောကျ်ား ၂၇ ဦး ၊ လူမိန်း‌မ ၃၉ ဦး၊ အား‌လုံး သင်တန်း‌သား ၁၀၇ ဦး ။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကြီး‌၏ ဖွင့်ပွဲအခမ်း‌အနား‌ကို ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေး‌ကုန်း‌မြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး‌တွင် ၁၉၉၈ ခု၊ ဒီဇင်ဘာလ ၉ ရက် နံနက် ၉ နာရီ မင်္ဂလာအခါတော်၌ ခမ်း‌နား‌စွာ ကျင်း‌ပသည်။ နိုင်ငံတော်အေး‌ချမ်း‌သာယာရေး‌နှင့် ဖွံ့.ဖြိုး‌ရေး‌ကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး‌ကြီး‌ သန်း‌ရွှေက မင်္ဂလာ နှုတ်ခွန်း‌ဆက်သစီစဉ်လွှာပေး‌ပို့ပြီး‌ နိုင်ငံတော်အေး‌ချမ်း‌သာယာရေး‌နှင့် ဖွံ့.ဖြိုး‌ရေး‌ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး‌ဦး‌စီး‌ချုပ် ကာကွယ်ရေး‌ဦး‌စီး‌ချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး‌မောင်အေး‌နှင့်ဇနီး‌ဒေါ်မြမြစန်း၊ နိုင်ငံတော်အေး‌ချမ်း‌သာယာရေး‌နှင့် ဖွံ့.ဖြိုး‌ရေး‌ကောင်စီ အတွင်း‌ရေး‌မှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး‌ ခင်ညွန့်နှင့်ဇနီး‌ ဒေါက်တာဒေါ်ခင်ဝင်း‌ရွှေ၊ အတွင်း‌ရေး‌မှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး‌ တင်ဦး‌နှင့် ဇနီး‌ ဒေါ်ခင်သန်း‌နွဲ့၊ ဒုတိယဝန်ကြီး‌ချုပ်များ‌နှင့် ဇနီး‌များ‌၊ အစိုး‌ရအဖွဲ့ဝင် ဝန်ကြီး‌များ‌နှင့် ဇနီး‌များ‌၊ တရား‌သူကြီး‌ချုပ်၊ ရှေ့.နေချုပ်၊ စာရင်း‌စစ်ချုပ်၊ ဝန်ထမ်း‌လေ့ကျင့်ရေး‌အဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး‌ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့် ၄င်း‌တို့ဇနီး‌များ‌၊ ရန်ကုန်မြို့ရှိ နိုင်ငံခြား‌သံရုံး‌များ‌မှ သံအမတ်ကြီး‌များ‌၊ စစ် သံမှူး‌များ‌၊ ပြည်ပနိုင်ငံများ‌ရှိ သာသနာရေး‌ဆိုင်ရာ ဌာန များ‌မှ အကြီး‌အကဲများ‌၊ တက္ကသိုလ်ပါမောက္ခချုပ်၊ ဒု ပါမောက္ခ ချုပ် ၊ ဆရာတော်များ‌နှင့် ပါမောက္ခများ‌၊ ဆရာဆရာမများ‌နှင့် သင်တန်း‌သား‌များ‌၊ ဧည့်သည်တော်များ‌ စုံညီစွာ တက်ရောက်ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် အဝိပတိဆရာတော် အဘိဝံဓမဟာရဋ္ဌဂုရု၊ အဘိဝံဓ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ ဆရာတော်ကြီး‌ အမှူး‌ပြုသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီး‌များ‌ ကြွရောက်၍ အခမ်း‌အနား‌ကို ချီး‌မြှင့်တော်မူကြသည်။ ဆရာတော်ကြီး‌ ဘဒ္ဒန္တသောဘိတ မြွက်ကြား‌တော်မူသော သမ္မာဒနီယ သြဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုး‌တော်ဆောင် ဆရာတော် အဘိဝံဓမဟာရဋ္ဌဂုရု၊ အဘိဝံဓ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ကုမာရက ဖတ်ကြား‌တော်မူသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်



ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် စာသင်ဆောင်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူး ကြီးသန်းရွှေထံမှ ပေးပို့သော မဂၢီလာနှုတ်ခွန်းဆက် သဝဏ်လွှာကို ဒုတိယဝန်ကြီးချုပ်၊ တပ်မတော်ရေးရာဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်လှက ဖတ်ကြားသည်။ သည့်နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွားက နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ပြည်ပမှ တက်ရောက်လာသော ဗုဒ္ဓဘာသာအဖွဲ့.ချုပ်မှ ကိုယ်စားလှယ်ခေါင်းဆောင်တို့က သဝဏ်လွှာများ၊ နှုတ်ခွန်းဆက်လွှာများကို အသီးသီး ဖတ်ကြားကြပါသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသက စာသင်သံဃာတော်များအား အသိအမှတ်ပြုကတ္တိပါယပ်များကို လည်းကောင်း၊ သင်တန်းသား သင်တန်းသူ ဘိက္ခုနီ၊ သီလရှင်၊ ယောဂီနှင့် လူပုဂ္ဂိုလ်တို့အား ကတ္တိပါတဘက်များကို လည်းကောင်း ချီးမြှင့်ပေးအပ်ကာ ကြိုဆိုအသိအမှတ် ပြုတော်မူသည်။ ပါမောက္ခချုပ် ဆရာတော်က နှုတ်ခွန်းဆက်စကား မြွက်ကြားတော်မူရာတွင် "မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူတို့ပူးပေါင်းအားထုတ်၍ အောင်မြင်စွာ တည်ထောင်ဖွင့်လှစ်လိုက်သော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးသည် ၂၁ ရာစု ကမ္ဘာသူ ကမ္ဘာသား၏ အတွက် မြန်မာအစိုးရနှင့် ပြည်သူတို့က ပေးအပ်သော လက်ဆောင်မွန်ကြီး ဖြစ်သည်" ဟု ထည့်သွင်းမြွက်ကြားတော် မူသည်။

အခမ်းအနားကြီးကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့ပါသည်။

ဖွင့်ပွဲ အခမ်းအနားကြီး ကျင်းပပြီးနောက် ဒီဇင်ဘာလ ၁၀ ရက်နေ့မှစ၍ တက္ကသိုလ်ကြီးဖွင့်၍ ဒီပလိုမာသင်တန်းများ သင်ကြားခဲ့ရာ မတ်လတွင် ပထမစာသင်နှစ်ပိုင်းကုန်ဆုံးသဖြင့် စာမေးပွဲများ စစ်ဆေးခဲ့ပြီး ဖြစ်သည်။ ဧပြီလနှင့် မေလ ကျောင်းပိတ်ရက်အတွင်း နိုင်ငံရင်းသို့ ခေတ္တပြန်သွားသော သင်တန်းသားများရှိသလို မြန်မာနိုင်ငံမှာပင်နေပြီး ဝမ္မရိပ်သာများသို့သွားရောက် ဆည်းပူးနေသော သင်တန်းသားများလည်း ရှိသည်။ ဇွန်လ ဒုတိယစာသင်နှစ်ပိုင်း ပြန်လည်စတင်သောအခါ သင်တန်းများပြန်လည်ဖွင့်မည်ဖြစ်ပြီး ဒုတိယစာသင်နှစ်ပိုင်းအပြီး စာမေးပွဲကြီး စစ်ဆေး၍ အောင်မြင်သူတို့ကို ဒီပလိုမာဘွဲ့ အပ်နှင်းမည် ဖြစ်ပါသည်။

နောင်နှစ်များတွင် ဝိဇ္ဇာဘွဲ့.သင်တန်းများ၊ မဟာဝိဇ္ဇာဘွဲ့.သင်တန်းများနှင့် ဒေါက်တာဘွဲ့. သင်တန်းများကို ရှေ့ဆင့်နောက်ဆင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

ဤတက္ကသိုလ်ကြီးအကြောင်း အသေးစိတ် သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်-

မော်ကွန်းထိန်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဝမ္မပါလ ကုန်းမြေ၊ မရမ်းကုန်း၊ စာတိုက်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ ဖက်စ် ဝ၉၅-၁-၆၆၅၇၂၈/ ဝ၉၅-၁-၆၆၀၇၅၉၊ ဖုန်း ဝ၉၅-၁-၆၆၅၆၇၃၊ ဝ၉၅-၁-၆၆၀၁၇၁ တို့ ဖြစ်ပါသည်။

ဒေါက်တာ ခင်မောင်ညွန့်.



၂၀ ရာစုသိပ္ပံ၊ ဇီဝ၊ စက်မှုနှင့်နည်းပညာ

လူ. ယဉ်ကျေးမှုသမိုင်း၌ ခေတ်သစ်သိပ္ပံပညာပေါ်ခဲ့သည်မှာ နှစ်ပေါင်း ၅၀၀ မျှ ရှိသေးသည်။ ထိုပညာကို အသုံးပြု၍ စူးစမ်းရာဖွေတွေ့ ရှိမှုများကြောင့် လူအသိပညာအတွေ့အကြုံများ နယ်ပယ်ကျယ်ပြန့်လာခဲ့သည်။ သို့သော် လူ. စိတ်ကူးနယ်ပယ်ချဲ့ မှုမှာ လမ်းဆုံးစရာ မရှိသေး။ လူ့ပြဿနာများ ပြေပျောက်မှု အတွက်လည်း လုပ်ဆောင်ဖွယ် မကုန်သေး။ လာမည့် ၂၁ ရာစုနှစ်များကလည်း လူ့ဇာတိဇာစ်မြစ်နှင့် လူကျက်စားရာ ဝန်းကျင်အကြောင်းကို ဆက်လက်အဖြေထုတ်ပေးရန် အတွက် စောင့်ကြိုနေပေသည်။

လူ့သမိုင်းတွင် ၂၀ ရာစုနှစ်များသည် ထူးခြားသော နှစ်များအဖြစ် မော်ကွန်းထိုးရလောက်ပေသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကာလအတွင်း၌ ယခင်က ၊ မကြုံဖူး၊ မကြားဖူးသော ဖြစ်ရပ်အသစ်အဆန်းတို့လည်း ပေါ်ပေါက်ခဲ့၏။ ထိုသို့ ပေါ်ပေါက်သဖြင့် လူ့ကိစ္စ၌ အဆင် ပြေမှုများ ရှိသလို အဆင်ပြေမှုနှင့် အတူ လက်ခံ ဖြေရှင်း ရမည့် ဆင်ခြေပြဿနာများလည်း တစ်ပါတည်းကပ်၍ လိုက်လာသည်။ သိပ္ပံ၊ စက်မှု၊ ဇီဝ နယ်ပယ်တို့ကိုကြည့်လျှင် ထိုအခြေအနေတို့ကို တွေ့ရမည်ဖြစ် လေသည်။

အပြောင်းအလဲများ

ပြီးခဲ့သော ရာစုနှစ်အတွင်း၌ လူတို့သည် ရုပ်ဝတ္ထု၏ အသေးဆုံး အစိတ်အပိုင်းကို ခွဲခြမ်း၍ စွမ်းအင်ထုတ်ယူခဲ့သည်။ လူ. စိတ်ဟဒယ၏ သဘာဝကို အတွင်းနှိုက်၍ ထိုးထွင်းလေ့လာကြည့်ခဲ့သည်။ သက်ရှိတို့ တစ်ဦးချင်း၌ ပါရှိသော မျိုးရိုးဗီဇကို လက်သည်ရာပြီး ခွဲခြမ်းစိတ်ဖြာကာ စမ်းသပ်နိုင်ခဲ့ကြသည်။ တိရစ္ဆာန်သိုးငယ်နှင့် ကြွက်သတ္တဝါစသည်တို့ကို အမိအဘပေါင်းစည်းရာမှ မဟုတ်ဘဲ ပုံတူကိုယ်ပွား ပြုလုပ်၍ မွေးဖွားစေခဲ့သည်။

ထိုရာစုအတွင်း၌ ပလတ်စတစ်ဟူသော လူလုပ်ပစ္စည်းများ ဂုဏ်သတ္တိအမျိုးမျိုးဖြင့် ပေါ်လာသည်။ အဝေးသို့ ထောက်လှမ်းသိရှိနိုင်သော ရေဒါကိရိယာ ပေါ်လာသည်။ တွင်းထွက်သဲမျိုးကို ကွန်ပျူတာစက်၏ ဦးနှောက်မှတ်ဉာဏ်အဖြစ် ဆီလီကွန်ချပ်ပြား ဟူ၍ တီထွင်အသုံးချနိုင်ကြသည်။ လေယာဉ်ပျံမျိုးစုံပေါ်ခဲ့ရာ ပန်ကာတပ်မှသည် ဂျက်ပန်းအားသုံးသည်အထိ ဖြစ်သည်။ ဒုံးပျံကြိုးများကို လွှတ်တင်သည်။ ဂြိုဟ်တုများကို ကောင်းကင်ယံ၌ ကမ္ဘာကို ပတ်၍နေပြီး ပြန်လည် ဆက်သွယ်သတင်းပို့သည်။ ရုပ်မြင်သံကြား စက်နှင့် ကွန်ပျူတာစက်တို့ ပျံ.နံ.၍ ထိုင်ရာမထ ဆက်သွယ်ရေးလုပ်ငန်းတွင် ယင်းတို့၏ အခန်းကဏ္ဍကို ဆက်လက်ချဲ့.ထွင်လျက်ရှိနေလေသည်။

ဤတိုးတက်မှုများကို အကြောင်းပြု၍ ဤရာစုနှစ်တွင် လူတို့ အစဉ်အလာ လက်ခံကျင့်သုံးကြသော တွေးခေါ်ဆင်ခြင်ပုံ ယုတ္တိသဘော၊ ပြောဆိုဆက်သွယ်ပုံ ဘာသာစကားသဘော၊ လေ့.လာပညာ ရှာပုံနည်းစနစ် သဘောတို့၌ ပြောင်းလဲခြင်းများ ရှိသည့်နည်းတူ သချိုင်္ဂဗေဒ၊ ဘောဂဗေဒ၊ အာကာသလေ့လာရေးကိစ္စတို့၌ နည်းသစ်ဟန်သစ်တို့ ပြောင်းလဲဝင်ရောက်လာခဲ့သည်။

ဤအပြောင်းအလဲ၌ ရူပဗေဒပညာရပ်တွင် "အချိန်" ဟူသော သညာအသိပင်လျှင် ဖြစ်တည်ပုံရောနှောပြောင်းလဲရသော အခြေသို့ ရောက်ခဲ့လေသည်။ ထိုအပြောင်းအလဲတို့ကို ဖန်တီးသော လက်သည်ကား ၂၀ ရာစု၏ လူသားများပင်ဖြစ်လေသည်။

ဖန်တီးသူများ

၂၀ ရာစုအတွင်း၌ သိပ္ပံစက်မှုပြောင်းလဲတိုးတက်ခြင်းများနှင့် အတူ အတွေးအမြင် အယူအဆများ ပြောင်းလဲအောင် ပြုလုပ်ပေးနိုင်သူ နှစ်မျိုးတို့မှာ လက်တွေ့စမ်းသပ်လုပ်ကိုင်ကြသူများ (Tinkerers)နှင့် တွေးကြံမြော်မြင်ကြသူများ (Thinkers)တို့ ဖြစ်ကြသည်။

လူ. သမိုင်းကို ပြန်ကြည့်လျှင် ၁၅ ရာစုအတွင်းက လက်တွေ့သမားများ ပေါ်ပေါက်ခဲ့သည်။ သာဓကပြရလျှင် ဂျာမနီမှ ဂျိုဟန်ဂူတင်းဘတ် (၁၄၀၀–၁၄၆၈) က ပုံနှိပ်စက်ကိုထွင်သည်။ အီတလီအမျိုးသား ကိုလံဗတ်က စပိန်နိုင်ငံ၏ အကူအညီကိုယူ၍ နယ်ပယ်သစ်ရှာရန် သမုဒ္ဒရာရွက်လွှင့် ခရီးကိုနှင်ခဲ့သည်။ ခရစ်နှစ် ၁၄၉၂ တွင် အမေရိကတိုက်ကို သူတွေ့ရှိသည်။

၁၉ ရာစုနှစ်၏အစ ၁၈၀၇ ခုနှစ်တွင် ဖူလတန်အမည်ရှိ အင်ဂျင်နီယာက ရေနွေးငွေ့. အင်ဂျင်စက်ဖြင့်



ထရန်စဈတာ တီထွင်ခဲ့သူ သုံးဦး ဘာဒင်၊ ရှော့ကလီနှင့် ဘရက်တိန်(ဝဲ–ယာ)

မီးသင်္ဘောကို အမေရိကန်နိုင်ငံတွင် လက်တွေ့တီထွင် ခုတ်မောင်းသည်။ ဆင်မျှဉယ်မော့စ်ဆိုသူက ကြေးနန်း ရိုက်နည်း သင်္ကေတကို ၁၈၃၇ ခုနှစ်၌ တီထွင်၍ အသုံးပြုသည်။ အလက်ဇန္ဒာ ဂရာဟမ်ဘဲလ် ဆိုသူက စကားပြောတယ်လီဖုန်းကို ၁၈၇၆ ခုနှစ်တွင် တီထွင်သည်။ သောမတ်စ်အယ်ဒီဆင် (၁၈၄၇–၁၉၃၁) က လျှပ်စစ်မီးလုံးကို ထွင်သည်။ အယ်ဒီဆင်သည် ၂၀ ရာစု လူသားများအတွက် လူသုံးပစ္စည်းအမျိုးအမည်များစွာကို တီထွင်သူ ကဝေကြီးဖြစ်လေသည်။

အချို့ရာစုနှစ်ကာလများ၌ လူတို့ လက်တွေ့အသုံးပြုရန် အထောက်အကူပစ္စည်းအမျိုးမျိုးကို တီထွင်လုပ်ကိုင်ခဲ့သူများရှိသလို အချို့ရာစုနှစ်များ၌ လူ့ကိစ္စအတွေးအခေါ် အသိအမြင်တို့ကို ရှာကြံဖော်ထုတ်ခဲ့ကြသူများလည်း ရှိခဲ့သည်။ သာဝကပြုရလျှင် ၁၇ ရာစုနှစ်အတွင်း၌ ကမ္ဘာ၏ မြေဆွဲအားသဘာဝကို ရှင်းလင်းဖော်ပြသော အင်္ဂလိပ် သချိုင်္ဘာရာ အိုင်းဇက်နယူတန် (၁၆၄၂–၁၇၂၇) ပေါ်ပေါက်သည်။ ဂယ်လီလီယို ဂါလိလဲ (၁၅၆၄–၁၆၄၂) ဆိုသူ အီတလီ နက္ခတ်ဆရာက ကောင်းကင်နက္ခတ် အခင်းအကျင်းအကြောင်းကို ဖော်ထုတ်ရှင်းလင်းသည်။ ပြင်သစ် သချိုင်္ဘာနှင့်သဘာဝတ္ထ ဆရာ ဒေးကပ် (၁၅၉၆–၁၆၅၀) နှင့် လော့ခ် (၁၆၃၂–၁၇၀၄) တို့ကဲ့သို့သော ဥရောပသဘာဝတ္ထ တွေးခေါ်ရှင်များက အတွေးအမြင်သစ်တို့ကို တင်ပြခဲ့ သည်။

၂၀ ရာစုအစ

၂၀ ရာစုနှစ်အစတွင် တွေးခေါ်ရှင်ရူပဗေဒနှင့် သချိုင်္ဘာသမားကြီး ဂျာမနီမှ အိုင်စတိုင်း (၁၈၇၉–၁၉၅၅) ပေါ်ပေါက်သည်။ တွေးခေါ်တွေ့ရှိမှုအရာတွင် နယူတန်ပြီးလျှင် အိုင်စတိုင်းမှာ အထင်ရှားဆုံးဟု သတ်မှတ်ကြသည်။ အိုင်စတိုင်းကို အကြောင်းပြု၍ ၂၀ ရာစုနှစ်သည် ရူပဗေဒထွန်းကားသော ရာစုနှစ်ဖြစ်လာခဲ့သည်။ အဏုမြူနှင့် အဏုမြူတက်သေးငယ်သည့် ရုပ်ဝတ္ထုမြူမှုန်အမျိုးမျိုး၏ ဖွဲ့စည်းမှုကို စပ်ဟပ်ပြုပြင်လျက် ကွန်ပျူတာချစ်ခေါ် မှတ်ဉာဏ်ချပ်ပြား၊ မှအစ အဖျက်စွမ်းအားကြီးသော ဓာတုလိယဗုံးလက်နက်များအထိ ထုတ်လုပ်နိုင်ကြသည်။ အပြုသဘောဖြစ်သည့် အလားအလာနှင့် အဖျက်သဘောဖြစ်သည့် အလားအလာတို့ ဤရာစုနှစ်အတွင်း ပြိုင်တူယှဉ်တွဲပေါ်ပေါက်ခြင်းဖြစ်သည်။

၂၀ ရာစုအကုန်ပိုင်း၌ နောက်ထပ်တိုးပွား အောင်မြင်လာနေသော သိပ္ပံပညာနယ်တစ်ရပ်မှာ ဇီဝဗေဒပညာနှင့်ဆိုင်သည်။ မျိုးရိုးဗီဇကိုဖန်တီးသော သက်ရှိကိုယ်တွင်းမှ



ဒုံးပျံကို စတင်တီထွင်သူ ရောဘတ်ဂေါ့ဒတ်

သွေးသားအစိတ်အပိုင်းကို တွေ.ရှိထုတ်ယူလျက် ဒီအင်နဲအေ (DNA) ဟု အတို ကောက် အမည်ပေးထားသည့် အက်ဆစ်ဓာတ်တစ်မျိုး (Deoxyribonucleic Acid) ပင် ဖြစ်၏။ တွေ.ရှိသူတို့မှာ အမေရိကန်သိပ္ပံပညာရှင် ဂျိမ်းစ်ဝပ်ဆင် (၁၉၂၈-) နှင့် ဗြိတိသျှ ဇီဝသိပ္ပံပညာရှင် ဖရန်စစ်ကရစ် (၁၉၁၆-) တို့ဖြစ်၏။ ထိုဗီဇများသည် မျိုးရိုးသဘောအရ အလိုအလျောက်ပွားများဆင့်ကမ်းမြဲဖြစ်သည်။ ထိုဇီဝပညာ တွေ.ရှိချက်သည် လာတော့မည့် ၂၁ ရာစု၏ ပုံပန်းကို လွှမ်းမိုးဖော်ဆောင်ပေးမည့် လက်သည် သိပ္ပံဘာသာရပ်ကြီးဖြစ်လိမ့်မည်ဟု သဘောရနေကြသည်။

ဇီဝအလားအလာ

ရှေ.လာမည့် ၂၁ ရာစုသည် ဇီဝနည်းပညာ ထွန်းကားသော ရာစုဖြစ်လျှင် တွေ.ရှိထားသော မျိုးရိုးဗီဇသဘာဝတို့ကို သိပ္ပံပညာရှင်များက အလှယ်လှယ် အပြောင်းပြောင်း စေစားဖန်တီးကာ သက်ရှိတို့ကို လိုသလို ပြုပြင်ယူကြစရာရှိသည်။ သက်ရှိတို့အတွက် ဆေးဝါး၊ လိုအပ်သောသစ်ပင်၊ ရိက္ခာအတွက် လိုချင်သော တိရစ္ဆာန်အမျိုးအစားနှင့် ဇာတ်တူလူသားများကိုပါ ဓမ္မတာနည်း မဟုတ်သော မျိုးပွားနည်းဖြင့် ပုံတူကိုယ်ပွား ပြုလုပ်ကြရန်အထိ ကြံရွယ်ထားပြီး ဖြစ်သည်။ ထိုနည်းလမ်းကို ပုံတူကိုယ်ပွားခြင်း ကလုန်းနင်း (Cloning)ဟူ၍ ခေါ်တွင်သည်။ လူတွေမှာ လိုအပ်သမျှ၊ စိတ်ကူးဆန္ဒရှိသမျှကို သိပ္ပံစက်မှုအားကိုးဖြင့် ဖန်တီးယူကြပေတော့မည်။

၁၉၃၂ ခုနှစ်က ဗြိတိသျှ ဝန်ကြီးချုပ်ဟောင်း ဝင်စတန်ချာချီက" ယခုမှစ၍ နောင်နှစ်ပေါင်း ၅၀ မျှကြာသော အချိန်တွင် ကျွန်ုပ်တို့သည် ကြက်၏ ရင်ပုံသားကို စားလိုသောကြောင့် ဖြစ်စေ၊ ကြက်တောင်ပံကို ကိုက်လိုသောကြောင့်ဖြစ်စေ ကြက်တစ်ကောင်လုံးကို ဒုက္ခခံ၍ မွေးမြူနေရန် မလိုတော့ဘဲ ထိုအင်္ဂါအစိတ်အပိုင်းမျိုးကိုချည်း သီးခြားမှီဝဲနိုင်စေရန် သင့်လျော်သည့် ကြားခံနည်းလမ်းတစ်မျိုးမျိုးကို သုံးစွဲရယူနိုင်လိမ့်မည်" ဟု နိမိတ်ဖတ်ကာ ဆိုခဲ့ဖူးသည်။ ယခုသော် သူ.အဆိုနှင့် နီးစပ်နေသယောင် ရှိနေပြီဖြစ်သည်။

ထိုသို့ မျှော်လင့်ပြောဆိုသူရှိသည့်နည်းတူ "နို့တိုက်သတ္တဝါတို့ကို သဘာဝမဟုတ်သောနည်းဖြင့် ပုံတူ ကိုယ်ပွား ဖန်တီးမွေးထုတ်ယူရန် ကိစ္စမှာ ဇီဝဗေဒ သဘောအရ မဖြစ်နိုင်" ဟုလည်း ဆိုခဲ့သူတို့ရှိသည်။ ဤရာစုအတွင်း၌ မက်ဂရက်နှင့် ဗေဒါဆိုလတာတို့က ၁၉၈၄ ခုနှစ်ကပင် ထိုသို့ရေးသားခဲ့ကြ၏။ ထိုသို့ရေးသား သည်မှာ ၁၅ နှစ်မျှသာ ရှိသော်လည်း ထိုအဆိုပျက်ပြယ် သွားလေပြီ။

လေယာဉ်နှင့် ဒုံးပျံခေတ်

၂၀ ရာစုနှစ်များအတွင်း တွေးခေါ်ဖန်တီးသူများရှိခဲ့သလို လက်တွေ့အသုံးချမှုအတွက် တီထွင်ဖန်တီးကာ အများအဆင်ပြေရေးကို ဆောင်ရွက်ခဲ့ကြသူများလည်း ရှိသည်။ အိုင်ဇက်နယူတန် ပြဿခဲ့သော မြေဆွဲအား၏ခုခံဆန့်ကျင်၍ အလုပ်လုပ်နိုင်သောနည်းလမ်းကို လက်တွေ့ရှာခဲ့ကြသူများကို တွေ့နိုင်သည်။ ရိုက်ညိနောင်ဆိုသူတို့က မြေပြင်မှခွာ၍ ငှက်တို့အလား လေထဲသို့ ပျံတက်သွားလာနိုင် သောနည်းလမ်းကို စမ်းသပ်ရာကြဲလျက် လေယာဉ်ပျံကို တီထွင်သည်။ လေယာဉ်ပျံ သည် ယခုအခါကမ္ဘာနှင့်အဝန်းခရီးဝေး ပုံမှန်သွားလာနိုင် သော ခရီးစဉ်ဖြစ်လျက် ရှိသည်။

ရောဘတ် ဂေါ်ဒတ်ဆိုသူက ဒုံးပျံကိုတီထွင်သည်။ ဒုံးစနစ်ကို ယခင်ကအစဉ်အလာ သုံးခဲ့ကြသော်လည်း ခရီးဝေးသို့ များများမရောက်နိုင်။ ကောင်းကင်အထက်သို့လွှင့်၍ မတက်နိုင်ခဲ့။ ထိုသူတို့ စတင်ခဲ့သော ဒုံးပျံစိတ်ကူးကို အခြေခံလျက် တိုးတက်ပြုပြင်သုံးစွဲခဲ့ကြရာ လပေါ်အထိ လူရောက်သည်။ ဂြိုဟ်တုများကို ကမ္ဘာပတ်၍ နေစေရန် လွှတ်တင်ပြီး မြေပြင်စခန်းနှင့် အပြန်အလှန်ဆက်သွယ်နိုင်သည်။ နေစကြဝဠာ၏ အစွန်အဖျားသို့ သွားနိုင်ရန် အာကာသယာဉ်များကို စကြဝဠာခရီး နှင်ခဲ့သေးသည်။ လာမည့် ၂၁ ရာစုတွင် ဒုံးပျံတို့၏အခန်းကဏ္ဍမှာ ပိုမိုကျယ်ပြန့်လာမည်ကို တွေ့နေရသည်။

ရုပ်မြင်သံကြား

ယခုအခါ နိုင်ငံတိုင်းရှိ အိမ်တိုင်းလိုလို၏ အိမ်ဦးခန်းတွင် ရောက်နေသော ရုပ်မြင်သံကြားစက်ကို အဦးအစ လုပ်ကိုင်တီထွင်သူတစ်ဦးမှာ ဖီလိုဖန်းစ်ဝပ်သ်(၁၉၀၆–၁၉၇၀) ဆိုသူ အမေရိကန်အင်ဂျင်နီယာဖြစ်သည်။ သူသည် အီလက်ထရွန်ခေါ် လျှပ်စစ်မြူမှုန်များကို နိုးကြွစေခြင်းအားဖြင့် မှန်ပြင်ပေါ်တွင် လှုပ်ရှားနေသော အရုပ်များပေါ်စေခဲ့သည်။ ၁၉ ရာစုအကုန်ပိုင်းက အင်္ဂလိပ်ရူပဗေဒပညာရှင် ကျိုးဇက်သွန်မဆင် (၁၈၅၆–၁၉၄၀) တွေ့ရှိခဲ့သော အီလက်ထရွန်၏ သဘာဝကို အသုံးချခြင်း ဖြစ်လေသည်။

ထရန်စစ္စတာ

အခြားလူသုံးပစ္စည်းမျိုးစုံတို့တွင် လျှပ်စစ်မီးသီးနေရာကို အစားထိုးသော ထရန်စစ္စတာ (Transistor) ကို အမေရိကန်တွင် ဘာဒင်း၊ ရော့ကလီနှင့် ဘရက်တိန်တို့က ၁၉၄၈ ခုနှစ်တွင် တီထွင်သည်။ ထရန်စစ္စတာ၏ ကျေးဇူး



ရုပ်မြင်သံကြားစက်တီထွင်သူ ဖီလိုဖန်းစ်ဝပ်သ်

ဖြင့် လျှပ်စစ်စက်ပစ္စည်းများ အရွယ်အစားကို ချုံ့နိုင်သည်။ ဝန်ကျဉ်းသည်။ ပေါ့ပါးစွာ သယ်ဆောင်နိုင်သည်။

ပလတ်စတစ်

ပထမဆုံး ပလတ်စတစ်သည် ၁၈၅၅ ခုနှစ်၌ အင်္ဂလန်တွင် ပွဲဦးထွက်ခဲ့ရာမှ ပလက်စတစ်ခေတ်ကြီးပေါ်ခဲ့လေသည်။ ပလတ်စတစ်အမျိုးမျိုးကြောင့် သစ်သား၊ ဝါး၊ စက္ကူတို့ကိုသာ သုံးစွဲခဲ့ရသော ကိစ္စတို့တွင် သူ့ကိုသုံးနိုင်သည်။ ပေါ့ပါး၏။ လျှပ်ကာပစ္စည်း ဖြစ်နိုင်၏။ သံ၊ သံမဏိကဲ့သို့ ခိုင်မာစေရန်လည်း ပြုလုပ်နိုင်၏။ ဆေးဝါးကုသမှု၊ ပို့ဆောင်မှု၊ ထုပ်ပိုးမှု တို့၌ ပလတ်စတစ်ပိုက်၊ ပြွန်၊ အိတ်၊ အစိတ်အပိုင်းအမျိုးမျိုးတို့သည် နေရာတကာတွင် အသုံးတွင်ကျယ်လျက် ရှိကြလေသည်။

တယ်လီဖုန်းနှင့် ကွန်ပျူတာအတွဲ

ကွန်ပျူတာသည် ၂၁ ရာစု လူ့ကိစ္စလုပ်ငန်းတို့ကို စိုးမိုးမည့် လျှပ်စစ်စက်မှုကိရိယာဖြစ်သည်။ ရေလဲအမျိုးမျိုး



ပိုလီယိုကာကွယ်ဆေးတီထွင်သူ အဲလဗတ်ဆေဗင်



လေယာဉ်တီထွင်သူ ရိုက်ညီနောင်

ဖြင့် ဆက်စပ်သုံးစွဲနိုင်သော အရာဖြစ်သည်။ ပညာရေး၊ ဆက်သွယ်ရေး၊ ဖြေဖျော်ရေး၊ အုပ်ချုပ်စီမံခန့်ခွဲရေး၊ သုတေသနပြုရေး၊ ထိန်းကျောင်းရေး၊ ပို့ဆောင်ရေး၊ အိမ်တွင်းမှုစသည်တို့၌ လိုသလိုသုံးနိုင်ကြပြီ ဖြစ်သည်။ ထို့ကြောင့် ဒစ်ဂျစ်တယ် (Digital)နည်း၊ စိုင်ဗာနက်တစ် (Cyber - netic)နည်း၊ ရိုဗော့တစ် (Robotics)နည်းတို့ဖြင့် လူ့အသုံးတော်ခံ ဖြစ်လာနေလေသည်။

ကွန်ပျူတာနှင့် တယ်လီဖုန်းတို့ ဆက်စပ်မှုစနစ်၊ အဝေး ဆက်သွယ်ရေး(တယ်လီကွန်မျူနီကေးရှင်း)စနစ်တို့ကြောင့် ကမ္ဘာနှင့်အဝန်း ကွန်ရက်ဖြာ၍ ထိုင်ရာမထသတင်းအချက်အလက်များပေးပို့ဆက်သွယ်သော World Wide Web အစီအစဉ်ပေါ်ပေါက်စပြုပြီ။ ထိုစနစ်ဖြင့် ဆက်သွယ်ရာ၌ ချောစာတွင် တိုင်းပြည်၊ မြို့ရွာ၊ ရပ်ကွက်၊ လမ်း၊ အိမ်အမှတ်တို့ကို ဖော်ပြ၍ပေးပို့ကြသည့်အစား ကွန်ပျူတာခလုတ်ကိုနှိပ်၍ WWW ပါသောလိပ်စာတွင် သင်္ကေတအက္ခရာပေါင်းစပ်၍ ဆက်သွယ်နိုင်သော နည်းလမ်းသစ်ကို သုံးနေကြပြီဖြစ်သည်။

ကွန်ပျူတာသုံးစွဲမှု၌ သုံးရိုးစွဲရိုး ဘာသာစကားဝေါဟာရတို့၌ပင် အဓိပ္ပာယ်အရိပ်အဆင်သစ်များ တိုးပွားကြွယ်ဝ၍ ကွန်ပျူတာသုံး ဘာသာစကားအဖြစ် အသုံးတွင်ကျယ်လျက် ရှိနေလေသည်။ ထိုစနစ်၏ အစမှာ "အင်တာနက်" (Internet)ဟု သုံးနှုန်းခဲ့၍ ၁၉၆၉ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်တက္ကသိုလ် သုတေသနဌာနများကို ဆက်သွယ်ထားရာမှ စတင်သည်။

၂၀ ရာစုအတွင်း တိုးတက်တီထွင်မှု အသီးသီး၌ ကိစ္စတစ်ရပ်ချင်း၌ပင် တစ်ဦးတစ်ယောက်၏ အားထုတ်လုံ့လ အသီးအပွင့်ဟု သီးခြားဆိုရန် ခက်သည်။ သာဓကပြရလျှင် ရုပ်မြင်သံကြားစက်ပေါ်ပေါက်ရေး၌ ဖန်းစ်ဝပ်သ်(Farnswroth) ဆိုသူ၏ တီထွင်မှုပါရှိသကဲ့သို့ ဗလာဒီမီယာ ဇော်ရိကင်(Vladimir Zwory- kin) ဆိုသူ၏ အားထုတ်လုံ့လလည်း ပါသည်။

ဆေးဝါးကုသရေး၌ ပိုလီယို အရိုးပျော့ အကြောသေရောဂါကာကွယ်ဆေးတီထွင်မှုတွင် ဂျိုနာဆော(Jonas Salk) ဆိုသူ၏ စမ်းသပ်လုပ်ကိုင်မှုနှင့် အဲလဗတ် ဆေဗင် (Albert Sabine) ဆိုသူ၏ စမ်းသပ်လုပ်ကိုင်မှု ပါဝင်နေသည်။ ထို့ကြောင့် ပညာရပ်ဆိုင်ရာ အစုအဖွဲ့ဖြင့် အဆင့်ဆင့်လမ်းထွင်၍ ခရီးတွင်စေခဲ့သော သဘောတို့မှာ ဤကဲ့သို့ အတွင်း၌ ထင်ရှားခဲ့လေသည်။



ဒီအန်အေကို တွေ့ရှိသူ ဖရန်စစ်ကရစ်(ဝဲစွန်)ဂျိမ်းဝပ်ဆင်
(ယာမှ တတိယမြောက်)

လာမည့်ရာစု၏ သရုပ်

ရောက်ဆဲ ၂၀ ရာစုနှစ်သည် လာမည့်ရာစုနှစ်၏ သရုပ်ကို ခန့်မှန်းသာအောင် ဖော်ပြလျက် ရှိသည်။ ရှိပြီးသားရာဖွေတွေ့ရှိ တီထွင်မှုများမှာ လာမည့်ရာစုနှစ်တွင် အရှိန်အဟုန်ပို၍ လာစရာရှိသည်။ ၂၀ ရာစုနှစ် လူသားတို့သည် သိပ္ပံနည်းကျစူးစမ်းလေ့လာမှု၌ စကြဝဠာကို ဘယ်ပုံဖွဲ့စည်းသည်၊ အသေးဆုံး ရုပ်ဝတ္ထုမြူမှုန်များ ဘယ်လိုရွေ့လျားပြောင်းလဲမှုအာနိသင်ရှိသည်၊ ကမ္ဘာပေါ်၌ အသက်ဓာတ်တို့ ဘယ်နည်းဘယ်ပုံ ရှင်သန် ပွဲ့ဖြိုးနိုင်ကြသည်ဟူ၍ ဆင်ခြင်ရဲ၊ စူးစမ်းရဲသော စိတ်ထားများဖြင့် လက်တွေ့စူးစမ်းခဲ့ကြသည်။

သိပ္ပံအနာဂတ်

ကမ္ဘာပေါ်တွင် ရှေ့အဖို့လူ့အကျိုးဆောင် နည်းပညာအရပ်ရပ် တိုးတက်မှုအတွက် သိပ္ပံပညာကိုပင် ဆက်၍ အားထားရလိမ့်မည်။ ထိုအခါ နေကို ကမ္ဘာက လှည့်ပတ်သည်ဟု သိရုံဖြင့်မပြီးတော့။ ဘာ့ကြောင့် ဤသို့ဖြစ်ရသည်ကို ထပ်တွန့်မေးခွန်းပုစ္ဆာများဖြင့် အဖြေရှာကြလိမ့်ဦးမည်။ လူတို့စိတ်၏သဘာဝမှာ သိလေသိလေ နောက်ထပ်ဆက်စပ်၍ သိရှိစရာတွေ ကျန်သေးလေ ဖြစ်တော့မည်။ အဆုံးတစ်နေ့၌ လူတွေပုံမှန်စိတ်ကူး စဉ်းစားကြသောအခါဦးခေါင်းထဲ၌ ဘယ်သို့သောဇီဝဖြစ်စဉ်များ ပေါ်ပေါက်သည်ဟူသော သဘာဝကိုပင် သိချင်ကြတော့မည်။

နောက်ထပ်သိချင်စရာတွေလည်း ရှိသေး၏။ လွန်ခဲ့သော နှစ်ငါးသန်းက လူ့ဘေးဘိုးမျိုးနွယ်တို့ ကမ္ဘာတွင် ပေါ်ခဲ့ပြီး လွန်ခဲ့သည့်နှစ်လေးသန်းတွင် မတ်ရပ်သွားနိုင်သော အဆင့်သို့ ရောက်ခဲ့စေရန် လူတို့အား မည်သို့သောဇီဇအကြောင်းက ထိုသို့ဆင့်ကဲဖြစ်ထွန်းရန် ဖန်တီးပါသနည်း။

"အသက်"ဟူသည်မှာ ဘယ်သို့စတင်ခဲ့သည်ကို ၂၁ ရာစုနှစ် လူသားတို့ ဆက်လက်ထိုးထွင်းစူးစမ်းကြသောအခါ လွန်ခဲ့သည့်နှစ်ပေါင်း ကုဋေ ၄၀၀ ၏ သက်ရှိတို့ ဆင့်ကဲဖြစ်စဉ်ကို ပြန်ကောက်၍တည်ဆောက်ရလိမ့်မည်။ ထိုအခါ ဒီအင်နေအေ (Deoxyribonucleic Acid) ခေါ် ဗီဇတာတ်ကို ခွဲခြမ်းကြည့်ကာ သဲကွဲ သော အဖြေကို ရှာရဖွယ်ရှိသည်။ ဗီဇတို့ ပွားများမှုနှင့် ဖြစ်ပေါ်မှုသည် တတုအစုအဝေးအပေါင်း အစပ်တို့အပေါ်၌ တည်ပုံကို သိရဖွယ်ရှိသည်။

သိခြင်း၏ သဘာဝ

သတ္တဝါတို့အပါအဝင် သက်ရှိတို့၏ စိတ်ကူးဆန္ဒဖြစ်ပေါ်မှုသည် မျက်စိ၊ နား၊ နှာခေါင်း၊ အရေပြား တို့မှ ခံယူသော အာရုံကို ကျောရိုးသို့ပို့လျက် ခြေလက်တို့ကို လှုပ်ရှားစေရမည်။ အတွေးအခေါ်ကိစ္စမှာကား ကိုယ်လက် လှုပ်ရှားမှုနှင့် မတူ တစ်မျိုးဖြစ်နိုင်သည်။ သိခြင်း၏ သဘာဝသည် ဘာကြောင့်ဟူ၍ အဖြေရှာဖို့လိုလိမ့်မည်။

လူတို့သည် တစ်ဖက်ကမ္ဘာတွင် လူ.ဦးခေါင်းထဲမှ ဖြစ်စဉ်ကိုကြံဆ၍ အခြားတစ်ဖက်ကမ္ဘာတွင် စကြဝဠာဖြစ်တည်မှုကို ဆက်လက်စူးစမ်းကြည့်ရဖို့ ရှိနေသည်။ စကြဝဠာသည် ပြန်ကားထွက်နေသည်ဟူသော အယူအဆ ဖော်ထုတ်လာသည်မှာ နှစ်ပေါင်း ၇၀ မျှသာ ရှိသေး၏။ ကမ်ကမ္ဘာတို့ တည်ဦးအစ၌ (Space)နေရာ ဟူသော အရာသည်ပင်မရှိသေး။ ပူလောင်နေသည့် စွမ်းအင်အစုအဝေး အစက်အပြောက်ကလေးဖြစ်ခဲ့ပြီး နောင်မှ ကြယ်နက္ခတ်၊ ဂြိုဟ်တို့ဖြစ်ထွန်းရသည်ဟု ဆိုသည်ကိုလည်း စောကြောရမည်ဖြစ်သည်။

အပူလွန်ကဲလျှင် ရုပ်ဒြပ်ဖြစ်သည်ဟူသော ကွမ်တမ်ရူပဗေဒအကြောင်းခံအချက်လည်းရှိသေးသည်။ လျှပ်စစ်သံလိုက်လှိုင်းများကို ပြောင်းလဲလျှင် ဒြပ်ထု ဖြစ်သည်။ ထုဖြစ်စဉ်၏ ပြောင်းပြန်မှာ အကုမြူးမုံး ဖြစ်လေသည်။ ကပ်ကမ္ဘာအစ၌ ဘာမျှ မရှိသော ဟင်းလင်းပြင် (Empty Space)သာရှိသည်ဟူသော ဖော်ပြခဲ့သည့် အဆိုကို သိရဖို့ လိုလိမ့်မည်။ ဘာမျှ မရှိခြင်းကား မဟုတ်၊ ရှိခြင်းဖြစ်လျှင် ထိုအချိန်က ဘာတွေရှိခဲ့သည်ကို ခြေရာကောက်ရဦးမည်။

ဇီဝနည်းပညာ

"ရူပဗေဒရာစုနှစ်"ဟု ဆိုအပ်သော ၂၀ ရာစုနှစ်တွင် ရုပ်ဝတ္ထုအကုမြူးတို့ကို ခွဲခြမ်းစိတ်ဖြာ၍ စွမ်းအင်ထုတ်ယူနိုင်ခဲ့သည်။ ဆိလီကွန်ခေါ် သဲကျောက်မျိုးကို ဂဏန်းတွက်ချက်ခြင်းနှင့် မှတ်ဉာဏ်သိမှီးရာပစ္စည်းအဖြစ် သုံးနိုင်ခဲ့သည်။ ရှေးအဖို့ ကြုံရမည်မှာ "ဇီဝနည်းပညာ" (Biotechnology) ရာစုနှစ်ဖြစ်သည်။

၂၀ ရာစုနှစ်မတိုင်မီက ၁၈၉၇ ခုနှစ်တွင် အီလက်ထရွန်ဟူသော လျှပ်စစ်အမှုန်တို့၏ သဘောကို တွေ့ရှိ



ရူပဗေဒပညာရှင် အိုင်စတိုင်း ဟောပြောပို့ချစဉ်

ခဲ့သည်။ ယခု ၂၁ ရာစုကို ကြိုဆိုရတော့မည့်ကာလအတွက် ၁၉၅၃ ခုနှစ်ကပင် ဆိုခဲ့သော ဇီဝံသိပ္ပံပညာ ရှင်နှစ်ဦး ဖြစ်သည့် ဂျိမ်းဝပ်ဆင် (James Watson)နှင့် ဖရန်စစ်ကရစ် (Francis Crick) တို့က ဒီအင်န်အေ (DNA)ဟု အတိုကောက်ခေါ်သော မီဇတ်ကို အမှတ်မထင် တွေ့ခဲ့ကြသည်။ နယူကလစ်အက်ဆစ် အမျိုးအစား တတ်လေးမျိုးတို့ကို အလှည့်ကျပူးတွဲ၍ ဗီဇမော်လီကျူးတစ်ခု ဖြစ်နိုင်ကြောင်းကို ထိုပုဂ္ဂိုလ်တို့ တွေ့ခဲ့ကြသည်။

လူ့ဗီဇသဘာဝ အဖြေထုတ်ရန်

ထိုခြေရာကို ဆက်၍နင်းပြီး စူးစမ်းသုတေသနပြုလျှင် လာမည့်နှစ်အနည်းငယ်အတွင်း၌ လူ့ဗီဇသဘာဝကို အဖြေထုတ်ယူနိုင်တော့မည်ဖြစ်သည်။ ထိုဗီဇ၌ ဗီဇမျိုးစေ့ပေါင်း တစ်သိန်းမျှကို အထက်ပါ ဒီအင်န်အေ အတွဲများ တွဲစပ်လျက် စုစုပေါင်းအတွဲကုဋေ ၃၀၀ တို့က သက်ရှိ၏ ရုပ်သွင်၊ စိတ်ထား၊ ခန္ဓာကိုယ်အခြေအနေတို့ကို ပြုပြင်ဖန်တီးပေးထားကြောင်း သိထားပြီးဖြစ်သည်။

ဆေးဝါးကုသမှုနည်းနာတို့မှာ ၁၉ ရာစုနှစ်အတွင်းဆီက အရိုးကိုဖြတ်သော လွန်စွာအတူ နာကျင်ကိုက်ခဲမှုကို သက်သာစေသော မော်ဖင်း (Morphine)ဆေးတို့အပြင် သွေးထုတ်ကုသနည်းကဲ့သို့ ရွက်ကြမ်းရေကျိုကုထုံးများသာ ဖြစ်ခဲ့သည်ဟု ဆိုသည်။ ၁၉၁၈ ခုနှစ်တွင် ကမ္ဘာလှည့် တုပ်ကွေးရောဂါကြီးဖြစ်သော အခါ လေးလအတွင်း၌ လူပေါင်း သန်း ၂၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်။ ထိုအရေအတွက်သည် ပထမကမ္ဘာစစ်ဖြစ်ပွားခဲ့သော လေးနှစ်ကာလအတွင်း စစ်မက်ကြောင့် သေဖျောက်ရသည့် အကျအဆုံးနှင့် အတူတူဖြစ်လေသည်။

ထိုအချိန်၏ နောက်ပိုင်း၌ ပဋိဇီဝဆေးများနှင့် ကာကွယ်ဆေးများ ပေါ်လာသဖြင့် ရောဂါအမျိုးမျိုးကြောင့် သေဆုံးရသူတို့၏ အရေအတွက်ကို များစွာလျော့ကျသွားစေခဲ့လေသည်။ ထိုအကျိုးဆက်ကြောင့်ပင် စက်မှုနိုင်ငံကြီးတစ်ခုဖြစ်သော အမေရိကန်နိုင်ငံတွင် လူတို့၏ ပျမ်းမျှသက်တမ်းသည် ၄၇ နှစ်ရှိရာမှ ၂၀ ရာစုအစ၌ ၇၆ နှစ်ဂဏန်းသို့ ထိုးတက်သွားခဲ့လေသည်။

ဗီဇအင်ဂျင်နီယာအတတ်

ကုန်ဆုံးတော့မည့် ၂၀ ရာစု နှစ်များအတွင်း၌ ဆေးဝါးမိုဝဲသောကြောင့် သာမန်ကျန်းမာနေသူတို့၌ နဂိုသက်တမ်း ပိုမိုတိုးတက်ခဲ့သည်ဟူသော အထောက်အထားမျိုး မတွေ့ရဟု ဆိုပါသည်။ သို့သော် ရှေ့လာမည့် ဆေးပညာဆိုင်ရာ ပြောင်းလဲမှုမှာကား လူ၏ ပုံမှန်သက်တမ်းကို တိုးတက်ပြောင်းလဲစေမည်ဟု ဆိုသည်။ အကြောင်းမှာ ဗီဇအင်ဂျင်နီယာအတတ် (Bioengineering) ကို သုံးစွဲ၍ ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်မည် ဖြစ်သော ကြောင့်ပင်။

ဤပညာဖြင့် နှလုံးသွေးကြောအသစ်များကို ဖြစ်ထွန်းစေလိမ့်မည်။ ကင်ဆာရောဂါကို နိုင်နင်းလိမ့်မည်။ အကျိတ်အလုံးရောဂါများ ဖြစ်ပွားလျှင် အကျိတ်အလုံးရှင်သန်စေရန် သွေးကြောသစ်ဝင်ရောက်ဖြစ်ထွန်းရှင်သန်စေမည့် အလားအလာကို တားဆီးပေးလိမ့်မည်။ ပင်မကလာပ်စည်းမှနေ၍ ကိုယ်အင်္ဂါအစိတ်အပိုင်းသစ်များ ပေါ်ထွက်အောင် မွေးမြူယူနိုင်မည်။ ဖြစ်နိုင်ဖွယ်ရှိသေးသည်မှာ အသက်ကြီးလျှင် ကိုယ်တွင်းဆဲလ်များ ရင့်ညောင်းအိုမင်းသွားကြမည်ဟူသော မူလအစ ကတည်းက ဖြစ်တည်ခဲ့သော အိုမင်းခြင်း ဇာတိဇရာ သဘောကိုပင် ပြုပြင်ပြောင်းလဲ၍ အချိန်ရွှေ့ဆိုင်းပေးနိုင် လိမ့်မည်ဟု မျှော်လင့်ထားကြသည်။

ဇီဝနည်းပညာ (Biotechnology)ဖြင့် ပြုပြင်ပြောင်းလဲမှု အတတ်ပညာ တွင်ကျယ်ခေတ်စားမည့် အချိန်၌ မျှော်မှန်းထားကြသည်မှာ ကျွန်ုပ်တို့၏ သားမြေးများသည် မိဘအရာသို့ရောက်နေကြမည်ဖြစ်သည်။ သူတို့ရယူလိုသည့် သားသမီးများကို ကျား/မ အဖြစ် စိတ်ကြိုက်ရွေးချယ်ယူနိုင်မည်။ မျက်လုံး အရောင်ကိုပင် စိတ်ကြိုက်ရွေး၍ ရမည်။ ထိုကလေးတို့၏ ဉာဏ်ရည်၊ ဉာဏ်သွေး၊ ဥပဓိရုပ်နှင့် အားကစားစွမ်းဆောင်ရည်တို့ကိုပါ မမွေးမီကပင် စိတ်ကြိုက်ထည့်သွင်းပေးနိုင်ဖို့ အကြောင်းရှိသည်။ သူတို့ခေတ်၌ ကြိုက်ရာလူဟန်၊ အရည်အသွေးတို့ကို ပုံတူကိုယ်ပွားပြုနိုင်ကြမည်ဖြစ်ရာ ကိုယ်ကြိုက်သော ကလေးမျိုး၊ ကိုယ်ချီးကျူးဂုဏ်ယူလိုသော သူမျိုးတို့နှင့် ချွတ်စွပ်တူစွာ မွေးဖွားယူနိုင်ကြလိမ့်မည်။ ယုတ်စွအဆုံး သူတို့သားသမီးများကို သူတို့ချစ်သော ကွယ်လွန်သူမိဘများ၏ ရုပ်သွင်ပုံစံအတိုင်း အလွမ်းပြေအဖြစ် ပုံတူကိုယ်ပွားရရှိအောင် မွေးမြူနိုင်ကြမည်ဟုပင် တွေးထင်ထားကြသည်။

လွန်ခဲ့သည့်နှစ်ပေါင်း ငါးသန်းကစ၍ လူသည် လူဝံအဆင့်မှ ခွဲထွက်လာခဲ့သည်။ ထိုပြောင်းလဲမှုကြောင့် ဒီအင်န်အေဗီဇအချိုးတွင် ၂ ရာခိုင်နှုန်းမျှသာ လူ့ကိုယ်တွင်း၌ ပြောင်းလဲခဲ့သေးသည်ဟုဆိုသည်။ လာမည့်ရာစုတွင်ကား ထိုထက်သိသာသော ဒီအင်န်အေ အပြောင်း

အလဲများကို ပြုလုပ်၍ သက်ရှိပုံစံသစ်များကို ဖန်တီးယူနိုင်ကြမည့် အလားအလာကို တွေ့နေကြရသည်။

ခရစ်နှစ် ၁၈၁၈ ခုနှစ်က အမျိုးသမီး စာရေးဆရာ မေရီရှယ်လီ ရေးသားသော ဂန္ဓဝင်မြောက် လျှို့ဝှက်သည်းမှိသိပ္ပံဝတ္ထုတစ်ပုဒ်တွင် သတ္တဝါကောင်ကြီး (Monsters) များကို ဖန်တီးထုတ်လုပ်သော ဒေါက်တာ ဖရန်ကင်စတိုင်း (Dr. Frankenstein) ဆိုသူသည် သူဖန်တီး သော သတ္တဝါကြီးများအား သားသမီးထွန်းကားစေမည့် အစီအစဉ်ထည့်ပေးရန် သင့်မသင့် ချင့်ချိန်နိုင်းဆခဲ့ရသည်ဟူ၍ စာရေးဆရာက ရေးဖွဲ့ထားသည်။ "ငါသည်ကိုယ်ကျိုးစီးပွားအလိုငှာ နောက်လာမည့် သားစဉ်မြေးဆက် တို့ကို ကျိန်စာချခဲ့သည့် အခွင့်အလမ်းမျိုး ပြုလုပ်သင့်ပါသလော" ဟု ဒေါက်တာဖရန်ကင်စတိုင်းက စဉ်းစားမြည်တမ်းသည်ဟူ၏။ ထိုအဖြစ်မျိုးနှင့် ကြုံရသည်ရှိသော် လူ့ကျင့်ဝတ်နီတိများကို အသစ်ချမှတ်ကျင့်သုံးကြရန် လိုအပ်ချက်ရှိလာရမည်ဖြစ်သည်။ လူတို့၌ ထိုသို့ နည်းပညာအစွမ်းအစများ ပိုင်ဆိုင်လာသောအခါ အစဉ်အဆက် လက်ခံကျင့်သုံးသော လူ့ကျင့်တရားကိုပင် ပြန်၍ အားထားရမည်ဖြစ်လေသည်။ ဟိုးကျင့်ဝတ် နီတိသဘောကို ဂျာမန်ဒဿနပညာရှင် အီမင်ဏွယ်ကန့်က ကိုယ်ကျင့်နီတိသမားပီပီ အဆုံးအဖြတ်တစ်ခုကို ဆိုခဲ့လေသည်။ ထိုအချက်မှာ "မိမိအား အခြားသူများက ဆက်ဆံပြုမူစေချင်သော သဘောဖြင့် မိမိကလည်း အခြားသူများကို ပြုမူဆက်ဆံပါ။ လူတစ်ဦး ချင်းအား မိမိအလိုကျ စေစားရန်ဟူ၍ သဘောမထားသင့်ဘဲ သီးခြားပွဲ့ဖြိုးရှင်သန်အပ်သော လူသားတစ်ဦးအဖြစ် ပြုမူဆက်ဆံသဘောထားရာသည်" ဟူ၍ ဆိုခဲ့လေသည်။

ထိုခံယူချက်အရ လူကို ပုံတူကိုယ်ပွားပြောင်းရန်ကိစ္စ (Cloning) ကို လွယ်လွယ်နှင့် လုပ်နိုင်မည်မဟုတ်။ လူတစ်ဦးကို အခြားတစ်ဦး၏ ကိုယ်ကျိုးအတွက် တမင် အသုံးချရန် အကြောင်းပေါ်နိုင်သောကြောင့် ဖြစ်သည်။ မိမိ ကြိုက်ရာပစ္စည်းကို ပုံတူပြုသကဲ့သို့ ဖြစ်စေ၊ ကိုယ်အစိတ်အပိုင်းများကို နှစ်သက်မြတ်နိုးသဖြင့် သိမ်းဆည်းလိုသော သဘောမျိုးဖြင့် ဖြစ်စေ လူသားတစ်ဦး၏ ဂုဏ်သိက္ခာကို ထိပါးရန်မသင့်ချေ။ သို့သော် ဗီဇအင်ဂျင်နီယာ အတတ်သည် လူကို မစွမ်းမသန်ဖြစ်စေသော ကြွက်သားရောဂါများမှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။ လူဖြူများအတွက် မျိုးရိုးလိုက်ပန်ခရိုရောဂါ (Cystic Fibrosis) နှင့် အကြောသိမ်သော ရောဂါမျိုးတို့ဖြစ် သည်။ သို့ရာတွင် လူတစ်ဦး ချင်း၏ သွင်ပြင်၊ ဉာဏ်ရည်နှင့် လိင်သဘောတို့ကို ဇီဝနည်းပညာဖြင့် ပြောင်းလဲပေးရန် မဟုတ်ပေ။

ဗီဇနည်းပညာ ထွန်းကားသောခေတ်၌ လူ့သိက္ခာ၊ လူ့တန်ဖိုးနှင့် တစ်ကိုယ်ရည်ဆန္ဒသဘောတို့ကို အရေးထား၍ လေးစားရန် အကြောင်းများ ပိုမိုရှိသင့် မည်ဖြစ်ပါသည်။ သိပ္ပံစာရေးဆရာ အဲလဒပ် ဟပ်စလေ (Aldous Huxley) ၏ "အတင့်ရဲသောကမ္ဘာ" (The Brave New World) ဟူသော စာအုပ်မှာ ထိုလူ့ကိစ္စများကို တစ်နေရာမှ ချုပ်ကိုင်ထားပုံကို ဝတ္ထုဖွဲ့ထားခြင်းဖြစ်သည်။ ထိုသို့ကား မဖြစ်နိုင်။ ဒီအင်နှံအနည်းပညာက တစ်ဦးချင်း နှင့် မိသားစုတို့၏ လုပ်ကိုင်ဆုံးဖြတ်ပိုင်ခွင့် ပေးရပေ လိမ့်မည်။ သို့သော် လူတစ်ဦချင်း၏ ဗီဇအခြေအနေများကို အဆင့်အတန်း၊ အမျိုးအစားခွဲခြား ရန်ဖြစ်စေ၊ အသက် အမခံလုပ်ငန်းကဲ့သို့ စီးပွားရေးလုပ်ငန်းများက ကြိုတင်သိရှိလိုသောကြောင့်ဖြစ်စေ ကာယကံရှင်၏ သဘောမပါဘဲ အသုံးပြုခွင့် မရှိစေဖို့ လိုအပ်မည်ဖြစ်သည်။

လာမည့် ၂၁ ရာစု ကုန်ဆုံးချိန်၌ လူ့ဦးနှောက်အတွင်းရှိ ဘိလျံ ၁၀ (ကုဋေ ၁၀၀၀) မျှရှိသော နယ်ပွန်ခေါ် အစိတ်အပိုင်းတို့၏ အလုပ်လုပ်ပုံအကြောင်းကို ပိုမိုသိရှိလျက် လူ့ဉာဏ်ရည်နှင့် အလားတူသော စက်ဉာဏ်ရည်မျိုးကို ဖန်တီးနိုင်လိမ့်မည်ဟုပင် ထင်ကြေးရှိသည်။ ထိုအခါ ကိုယ့်စိတ်၏ ကိုယ်ပွား၊ ကိုယ့်ခန္ဓာ၏ ကိုယ်ပွားတို့ကို ရရှိနိုင်မည် ဖြစ်လျက် ၂၁ ရာစု၏ သတင်းအချက် နည်းပညာလုပ်ငန်းများနှင့် ၂၁ ရာစု၏ ဇီဝနည်းပညာလုပ်ငန်းတို့ ပေါင်းစပ်သွားစရာ ရှိလေသည်။

ယခုအထိကား ဤမျှော်မှန်းချက်သည် အရိပ်အယောင် မြင်နေရသော်လည်း သိပ္ပံဝတ္ထုသဖွယ်ရှိနေပေသေးသည်။

ဤသို့ဖြင့် လူတို့သည် ၂၀ ရာစု ပြက္ခဒိန်ကာလကုန်ဆုံးချိန်၌ ဤမျှ တိုးတက်ပြောင်းလဲခြင်းတို့အကြား၌ ရှင်သန်ကြီးပြင်းခဲ့ပါလျက် ရှေ့ရာစုဖြစ်သော ၂၁ ရာစုကို မသိစိတ်ဖြင့်ပင် ခရီးစကြရပေလိမ့်မည်ဟု သိပ္ပံအသိုင်းအဝိုင်းကဆိုပေသည်။

ဦးမျိုးသန့်



စွယ်တော်မြတ်စေတီမှ ခြင်္သေ့ရုပ်တု (ပန်းတော့)



၂၀ ရာစုခေတ်ဦး
ကြေးသွန်းလက်ရာ



အလောင်းဘုရားရုပ်တု
(ကွန်ကရစ်)



ပခုက္ကူသီဟိုဠ်ရှင်ဘုရားမှ ရှစ်ထပ်ပန်း

မြန်မာ့ပန်းပု အဆင့်ဆင့် တိုးတက်လာပုံ

ပန်းပုပညာသည် ပန်းဆယ်မျိုးတွင် တစ်ခု အပါအဝင် ဖြစ်သည်။ တစ်နည်းအားခြင့် လောကကို အလှဆင်သည့် ပညာရပ်ဟု ဆိုနိုင်ပေသည်။ လောကကို အလှဆင်သည့် လူသားသည် မိမိတတ်ကျွမ်းရာ ပညာဖြင့် ထုခဲ့၊ ထွင်းခဲ့၊ သွန်းခဲ့၊ လောင်းခဲ့ရာမှ "ပန်းပု"ဟူသောပညာရပ် ပေါ်ထွန်းလာခဲ့ပေသည်။ စူး၊ ဆောက်၊ လက်နက်၊ ကိရိယာတို့ စုံလင်သည်နှင့်အမျှ ပန်းပုလုပ်ငန်းသည်လည်း ကျယ်ဝန်းမှားပြားလာခဲ့ပေသည်။

"ပန်းပဲ– ပန်းတဉ်း– ခဲယဉ်းစီပန်– ပန်းရန်– ပန်းပု– ပန်းထိမ်စုက– ကြိုးနုရစ်ပတ်–စက်ရဟတ်သို့– ပန်းပွတ်လက်မြောက်–အုတ်ကျောက်ချောမှု– ဆစ်ထုယဉ်ကြော့–တမော့တတွဲ– တောထဲကျောက်ထုံး– သုံးအင်္ဂါပြေ–အင်္ဂတေမြူမော– သလင်းကျောသည်–ပန်းတော့တခန်း–ပန်းရည် ပန်းချို– ဤအသွယ်သွယ်– ပန်းဆယ်ပါးဟုထင်ရှားရင့်နှ– ထမ်းရိုးစုကို– အမှုလိုထွေ– သုံးရစေဟု–ခွဲဝေပေးအပ်– အထပ်ထပ်တည်း" ဟူ၍ မုံရွေး– စေတဝန်ဆရာတော်အရှင် အာဒိစ္စရံသီ– မထေရ်မြတ်က ကုသပျို့ပိုဒ်ရေ (၁၄၂)တွင် စပ်ဆိုခဲ့ရာ မြန်မာပန်းပုလောကအတွက် အထောက်အထား ကောင်းတစ်ရပ် ဖြစ်ပေသည်။

မဟာဓမ္မရာဇာမင်း(၉၆၇–၉၉၀)လက်ထက် ပခန်းကြီးအရှင် "ကုမာရကဿဖထေရ်"ရေးသားသော ဓမ္မရာသီပျို့ပိုဒ်ရေ(၁၄၆)သည်လည်း အထောက်အထားကောင်း တစ်ရပ်ပင် ဖြစ်သည်။ ပန်းပုပညာနှင့် မြန်မာတို့ရင်းနှီးခဲ့သည်မှာ ကြာပေပြီ။ ရှေးအခါက "ရုပ်ပွား တော်"ဟူသော ဝေါဟာရရှိသည်။ ကုန်းဘောင်ခေတ်တွင် "နန်းစဉ်ရုပ်တုများ"ဟူသော အသုံးအနှုန်းမျိုးကို တွေ့ရသည်။ ရှေးက ဂူဘုရားမှန်လျှင် နံရံ ပန်းချီနှင့် မကင်းသလို အဆောက်အအုံမှန်လျှင် ပန်းပုနှင့် မကင်းပေ။

ပန်းပုဟူသော ဝေါဟာရကိုလည်း အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသည်။ နှစ်သက်ဖွယ်သော လက်ရာအဖြစ် အဖောင်း အဖု ထုသွင်းခြင်းကြောင့် "ပန်းပု"ဟု ခေါ်ဆိုရာမှ နောင်အခါ "ပန်းပု" ဖြစ်လာကြောင်း ယူဆကြသည်။

ပန်းပုပညာရပ်တွင် ရွှေကို ကျိုချက် သွန်းလောင်း ထုခတ်ရသည့် ပန်းထိမ်ပညာ အင်္ဂတေဖြင့် ရုပ်လုံး ရုပ်ကြွ ပန်းအမျိုးမျိုးကို ပုံဖော်ရသည့် ပန်းတော့ပညာ ကျောက်ကို ဆစ်ရ ထွင်းရသည့်ပန်းတမော့ပညာနှင့် ကြေးကို ကျိုချက် သွန်းလောင်း ထုခတ်ရသည့် ပန်းတဉ်းပညာရပ်များ ပါဝင်ပေသည်။ ထို့ပြင် သစ်၊ ဆင်စွယ်၊ ကျောက်စိမ်း၊ ဖယောင်း၊ ပလာစတာ စသည့်ပစ္စည်းများဖြင့် ထုလုပ်သွန်းလောင်းရသည့် ပညာရပ်များသည်လည်း ပန်းပုပညာတွင် အကျုံးဝင်ပေသည်။

သမိုင်းကြောင်းအရဖြင့် မြန်မာနိုင်ငံတွင် လွန်ခဲ့သည့် နှစ်ပေါင်း (၂၀၀၀)ခန့် ဟျူးခေတ်ကတည်းက ပန်းပုပညာရပ်များ ထွန်းကားခဲ့သည်ဟု ဆိုရပေမည်။ ဗီဿနိုး ဟန်လင်းနှင့် သရေခေတ္တရာမှ တူးဖော်ရရှိသည့် ရှေးဟောင်းလက်ရာများသည် အထောက်အထားကောင်းများပင် ဖြစ်ပေသည်။ ပန်းပညာရှင်များက ပန်းပုပစ္စည်းများကို (၄)မျိုး ခွဲခြားပြပါသည်။ (၁) လေးဘက်မြင်ရုပ်လုံး ပန်းပု– ကြေး–သံ–ကျောက်–သစ် ဖရောင်း–ပလာစတာတို့ဖြင့် အတွယ်အကပ်မရှိ လုံးဝကျွတ်လွတ်စွာ ပတ်လည်ကြည့်နိုင်စေရန် ထုလုပ်ထားခြင်းဖြစ်သည်။ (၂) ရုပ်ကြွပန်းပု– စဉ့်ပြား – ကျောက်ပြား– သစ်– ပလာစတာ– အင်္ဂတေ စသည့်နောက်ခံတစ်ခုခုကို အခြေပြု၍ တစ်ခြမ်းပေါ်ရုံ အကြွသဘော ထုထွင်းထားသော ပစ္စည်း မျိုး ဖြစ်သည်။ ဒဂုံးများ– တံဆိပ်များနှင့် နံရံကပ်– အလှဆင် ရုပ်ကြွများ– ပန်းခက်များ– ပန်းပွင့်များ ပါဝင်သည်။ (၃) တစ်ခြမ်းဖောင်း ပန်းပု– တစ်ခြမ်းဖြတ်ပြီး တင်ထားသလား ထင်ရလောက်အောင် ဖောင်းကြွနေသော ပန်းပုမျိုးကို ဆိုလို ပါသည်။ ငွေဖလား – ရွှေဖလား – ကျိုင်းတုံ ယွန်းခွက်နှင့် စဉ့်ပြား – ကျောက်ပြားတို့တွင် ဖောင်းကြွလက်ရာမျိုးကို တွေ့ရတတ်ပါသည်။ ပြည်လမ်းယခင်လိပ်ခုံးအနီးမှ အဆောက်အအုံတွင်လည်း စားသိုင်းကစားနေဟန်ကို တစ်ခြမ်းဖောင်း ရုပ်ကြွများဖြင့် သရုပ်ဖော်ထားသည်ကို တွေ့ရနိုင်ပေသည်။ (၄) ရုပ်ခွက်ပန်းပု – ပုံစံခွက်အဖြစ်ထွင်း၍ ပုံဖော်ရသော ပန်းပုမျိုးဖြစ်သည်။ အုတ်ခွက်ဘုရားများသည် ရုပ်ခွက်ပန်းပုမျိုးတွင် အကျုံး



ဆင်စွယ်ဖြင့် ထုလုပ်ထားသော နဂါးရုံဘုရား

ဝင်ပေသည်။ အရေအတွက် များများပြုလုပ်လိုသောအခါ ရုပ်ခွက်ပန်းပုမျိုးကို သုံးလေ့ရှိ ပေသည်။ ပုံသွန်း – ပုံနှိပ်၍ ရသည့် ပုံစံခွက်ငယ်တစ်ခုကို ရှေးဦးစွာ ပြုလုပ်ရပေသည်။

ကြေးလက်ကောက်– ချူ– ဟသံရုပ် စသည့် ကြေးရုပ်လုံးများကို ဗိဿနိုးမြို့ဟောင်းမှ တူးဖော်တွေ့ရှိရာ ပျူခေတ် ယဉ်ကျေးမှုပစ္စည်းများအဖြစ် မှတ်တမ်းတင်ရပေမည်။ ထို့အတူ ကျောက်ကို ဆစ်ထားသည့် မြို့စောင့်ကျောက်ရုပ်ကြီးနှစ်ရုပ်သည်လည်း ပျူခေတ်တွင် ပန်းတမော့ခေါ် ကျောက်ဆစ်ပညာ ပေါ်ထွန်းနေပြီကို သက်သေထူလျက် ရှိပေသည်။

ဗိဿနိုးနှင့် ဟန်လင်းထက် အနည်းငယ် နောက်ကျသည်မှာကား သရေခေတ္တရာဖြစ်သည်။ ကျောက်စိမ်း– သလင်း– မဟူရာတို့ဖြင့် အရုပ်များ– ပုတီးများနှင့် လည်ဆွဲတန်ဆာတို့ကို ထုလုပ်ထားရာ သရေခေတ္တရာ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားလျက်ရှိကြောင်းကို သက်သေထူနေသလို ရှိပေသည်။ ကြေးဖြင့် သွန်းလောင်းထုလုပ်၍ထားသည့် ဝါဂီနစ်ပညာရှင် ငါးဦးကား သရေခေတ္တရာ ယဉ်ကျေးမှုတွင် အထူးခြားဆုံးနှင့် အရှားပါးဆုံးရုပ်လုံးများဟု ဆိုရပေမည်။ ရွှေကြွတ်– ငွေကြွတ်– ရွှေကြာပန်း– ငွေကြာပန်းနှင့် ရွှေ ငွေတို့ဖြင့် ပြုလုပ်ထားသည့် လိပ်ပြာ– သမင်နှင့် လှေငယ်တို့ကိုလည်း မှတ်တမ်းတင်ရပေမည်။

ကျောက်ထွင်း အရိုးအိုး– ကျောက်ပလွင်– နတ်သမီးရုပ်တု စသည့်ကျောက်ဆစ်လက်ရာများသည်လည်း လက်ရာမြောက်လှပေသည်။ ဗိဿနိုးနှင့်ယှဉ်လျှင် သရေခေတ္တရာ– ပန်းပုလက်ရာများက ပိုမို၍ အနုပညာမြောက်သည့် သဘော ရှိပေသည်။ ပျူခေတ် ပန်းပညာတွင် ဒဂုံးများ – အုတ်ခွက်များ–ကျောက်ဆစ်လက်ရာများနှင့် ကျောက်စိမ်းရုပ်တုများကို တွေ့ရသည့်အတွက် ရုပ်လုံး– ရုပ်ကြွနှင့် ရုပ်ခွက်–ပန်းပုပညာရပ်များ ထွန်းကားနေပြီဖြစ်ကြောင်းကို ကောက်ချက်ချနိုင်ပေသည်။ ခေတ်အားဖြင့် ခရစ်နှစ် တစ်ရာစုမှ ကိုးရာစုအတွင်းဟု ခန့်မှန်းရပေသည်။

ပျူယဉ်ကျေးမှုနှင့် ဆက်စပ်လျက်ရှိသည်မှာ ပုဂံဖြစ်သည်။ ပုဂံသည် ပျူနှင့်မွန် ယဉ်ကျေးမှုနစ်ရုပ်ကို အခြေ



ပုဂံခေတ် ကျောက်ဆစ် ပန်းတမော့



ပုဂံခေတ် ကြေးဆင်းတု



မြန်မာ့တိုက်လှေဦးမှ ဒေါင်းနှင့်ကော်ရွပ်သစ်သားပန်းပု

ပြု၍ တိုးတက်ဖွံ့ဖြိုးလာခြင်းဖြစ်သည်။ ပျူခေတ်တွင် သွန်းလုပ်ခဲ့သည့် အုတ်ခွက်ဘုရားမျိုးကို ပုဂံခေတ်တွင် ဆက်လက်သွန်းလုပ်ခဲ့ရာ အုတ်ခွက်ဘုရား ပုံစံအမျိုးမျိုး ပေါ်ထွက်လာပေသည်။ ကြေးသွန်းလက်ရာများအနက် အထူးခြားဆုံးနှင့် လက်ရာအမြောက်ဆုံးမှာ "ကြေးကြာဖူး" ဖြစ်သည်။ ကြေးကြာဖူးတွင် အရွက်(၈) ချပ်ရှိပြီး ဗုဒ္ဓဝင်(၈) ခန်းကို တစ်ရွက်ချင်း သွန်းလောင်းထားသည်။ ဖွင့်၍ပိတ်၍ ရသည့် ကြေးကြာဖူးဖြစ်ပြီး နောင်းခေတ်ပညာရှင်များ လိုက်၍မမီသည့် လက်ရာမျိုးဖြစ်ပေသည်။ ထုံးကျောက်–သဲကျောက်တို့ဖြင့် ထုလုပ်ထားသည့် ဆင်းတုတော်များလည်း ရှိသည်။ မယ်တော်မာယာ သားဖွားခန်း–ကျောက်ဆစ်လက်ရာလည်း ရှိသည်။ ယင်းလက်ရာကို နံရံပန်းချီမှ ဖွားတော်မူခန်းနှင့် ယှဉ်၍ လေ့လာနိုင်ပေသည်။

မယ်တော်မာယာသည် တြိဘင်္ဂခေါ် သုံးဆစ်ချိုးအနေအထားဖြင့် ကန့်ကလျှရပ်နေ၍ လက်ယာလက်က အင်ကြင်းကိုင်းကို အားပြုမှီတွယ်ထားရဟန်နှင့် လက်ဝဲလက်က ညီမတော် ပဇာပတိဂေါတမီကို သိုင်းဖက်ထားရဟန် ထုလုပ်ထားသည်။ မျက်နှာအနေအထားနှင့် ကိုယ်ခန္ဓာပျော့နွဲ့ဟန်မှာ ကာယိကဒုက္ခကို ခံစား၍ ဖွားမြင်နေရသည့် သဘောပေါ်လွင်စေသည်။ ဖွားမြင်ရာတွင် ကာယိကဒုက္ခ ခံစားရသည်ဟု ဗုဒ္ဓဝင်များက မဆိုကြသော်လည်း ကျောက်ဆစ်ပညာရှင်များက သဘာဝယုတ္တိနှင့်အညီ မိမိပညာဖြင့် အစွမ်းပြလိုက်ခြင်းဖြစ်သည်ဟု ယူဆရကြောင်း သုတေသီဦးမြင့်အောင်က မှတ်ချက်ချဖူးသည်။

ပုဂံခေတ်အတိုးတက်ဆုံး အနုပညာရပ်များတွင် ပန်းတော့ခေါ် အင်္ဂီတဖြင့် ရုပ်လုံး ရုပ်ကြွနှင့် ပန်းခက်ပန်းနွယ်များ မွမ်းမံထုလုပ်သည့် ပညာလည်းပါဝင်သည်။ မကာရ်း–ခြင်္သေ့– နတ်–နဂါး– ဘီလူးပန်းဆွဲ– မနုဿီဟစသည့်ရုပ်လုံးရုပ်ကြွတို့သည် ထင်ရှားသည်။ ပန်းချီဖြင့် တန်ဆာဆင်သည့် ကနုတ်ပန်းများရှိသလို ပန်းတော့ပညာဖြင့် သရုပ်ဖော်ထားသည့် ပန်းခက်– ပန်းနွယ်များလည်း အမျိုးမျိုးအစားစားရှိသည်။ အရုပ်နှင့် ပန်းကနုတ်ကို သဟဇာတ ဖြစ်အောင် မွမ်းမံထုလုပ်ခြင်းသည် ပုဂံခေတ်ပန်းပုပညာ ၏ ထူးခြားချက်တစ်ရပ်ဖြစ်သည်။

ပျူနှင့် မြန်မာ ပန်းပုများနည်းတူ မွန်ပန်းပုလက်ရာများလည်း အထိုက်အလျောက် ကြွင်းကျန်ခဲ့ရာ စိတ်ဝင်စားဖွယ်ကောင်းပေသည်။ ပဲခူးတိုင်း ဇုတ်သုတ်နယ်မှ ဂဝံကျောက်ဖြင့် ထုလုပ်ထားသည့် အရုပ်များသည် သူ့နည်းသူ့ဟန်နှင့် သူ လက်ရာမြောက်လှသဖြင့် မှတ်တမ်းတင်ကြရပေမည်။

ပြည်ထောင်စုနေ့စွပ်ပွဲများတွင် ယင်းရုပ်လုံး ရုပ်ကြွများကို တတ်ပုံရိုက်ကူးပြသခဲ့သဖြင့် ပြည်သူများကြည့်ရှုလေ့လာခွင့် ရကြပေသည်။ ပန်းပုနှင့်ပတ်သက်သည့် လုပ်ငန်းအမျိုးမျိုး ရှိသည့်အနက် ပန်းတမော့ခေါ် ကျောက်ဆစ်လုပ်ငန်းတွင် ရခိုင်အမျိုးသားများ ထူးချွန်ကြပေသည်။ မြို့ဟောင်း(မြောက်ဦး)မှ ရှေးဟောင်းဘုရားများနှင့် ကျောက်ဖြူမှ ကျောက်တစ်လုံးဘုရားတို့တွင် ကျောက်ဆစ်လက်ရာမွန်များကို တွေ့မြင်နိုင်ပေသည်။ အထူးသဖြင့် အေဒီ (၁၅) ရာစု မြောက်ဦးခေတ် ပန်းပုလက်ရာတို့သည် ထူးခြားသည်ဟု ဆိုရပေမည်။

ပန်းပုထုလုပ်ရာ၌ ရှေးမြန်မာနည်းဟူ၍ ရှိသည်။ အနောက်ဥရောပနိုင်ငံများမှာကဲ့သို့ အရှိကိုအရှိအတိုင်း အမြင်အတိုင်း မထုလုပ်ဘဲ အမြင်နှင့်စိတ်ကူးကို ပေါင်းစပ်ပြုလုပ်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ရာတွင် "ကနတ်– နာရီ– ကပီ– ဂဇာ"ဟူသော မူ(၄)ရပ်ရှိသည်။ သဘာဝထက် အပျော့– အယဉ်– အနွဲ့ဖြင့် တန်ဆာဆင်ခြင်းသည် ရှေးမြန်မာပညာရှင်တို့၏ မူတစ်ရပ်ဖြစ်ပေသည်။ ဥရောပပညာရှင်များက ယင်းသဘောကို (Rhythm) ရစ်သမ်ဟုခေါ် သည်။

ရှေးခေတ်က ပန်းပုလက်ရာများကို သာသနိကအဆောက်အအုံများ ဖြစ်ကြသည့် ဘုရား– ကျောင်း– ကန်– တန်ဆောင်း စသည်တို့တွင် မွမ်းမံတပ်ဆင်ကြသည်။ သည်နောက် မင်း– မှူးမတ်တို့၏ နန်းတော်– အိမ်တော်များသို့ ပြောင်းလဲမွမ်းမံတပ်ဆင်မှုများ ပြုလုပ်ကြသည်။ ကုန်းဘောင်ခေတ်နောက်ပိုင်းလောက်တွင်မှ ပြည်သူလူထုက မွမ်းမံဆင်ယင်မှုများ ပြုလုပ်လာကြသည်။ ထီးရိပ်– နန်းရိုင်းကို အတုယူ၍ မွမ်းမံဆင်ယင်မှုများကို "စပ်"ခေါ် ယာယီလုပ်ငန်းတို့တွင် တွေ့မြင်ရသည်။

မြန်မာ့ရိုးရာပန်းပုထုလုပ်ရာတွင် သူ့နည်းသူ့ဟန်နှင့် သူ ရှိသည်။ လုပ်ငန်းအနေဖြင့် နှစ်ပိုင်းရှိသည်။ ပန်းကနတ်နှင့် ရုပ်လုံး ရုပ်ကြွပိုင်းဖြစ်သည်။ ခြူးပန်း– ကနတ်ပန်းသည်လည်း ပညာတစ်ရပ်ဖြစ်သည်။ ကနတ်ပန်းသဘောမျိုးကို ရှေးပျူခေတ်ကတည်းက သုံးစွဲခဲ့ရာ သရေခေတ္တရာမှတူးဖော်ရရှိသည့် ကြေးခေါင်းလောင်းပတ်လည်မှ ကနတ်ပန်းများသည် သာဓကကောင်းတစ်ရပ်ဖြစ်ပေသည်။

ပျူခေတ်နှင့် ပုဂံခေတ်များတွင် ထုံးကျောက်နှင့် သဲကျောက်များကို သုံးစွဲခဲ့ရာမှ အင်းဝခေတ်သို့ရောက်သည့် အခါ စကျင်ကျောက်များကို ထုလုပ်လာကြသည်။ ကျောက်ဆင်းတုပုံတော် အမျိုးမျိုးပေါ်ထွက်လာသည်။ သည့်နောက် ခြင်္သေ့– မနုဿိဟ– ကနတ်– ကိန္နရီ– ကိန္နရာစသည့် စားပွဲတင်အလှဆင် ရုပ်လုံးများကို ဆက်လက်ထုလုပ်လာသည်ကို တွေ့ရသည်။

ကူးပြောင်းရောက်ရှိလာသည့် သာသနာကို အကြောင်းပြု၍ ပျူခေတ်နှင့် ပုဂံခေတ်တို့တွင် အိန္ဒိယယဉ်ကျေးမှုသဏ္ဌာန အငွေ့အသက်တို့ လွှမ်းခဲ့ရာမှ အင်းဝခေတ်သို့ရောက်သည့်အခါ အိန္ဒိယယဉ်ကျေးမှု ရေစီးကြောင်းသည် အရှိန်တန့်၍ သွားပေသည်။ အနုပညာပိုင်းတွင် မြန်မာဆန်သည့် သဘောမျိုးကို တွေ့မြင်လာရသလို ပညာပိုင်းတွင် အချို့လက်ရာများ ကျဆင်းသွားသည်ကိုလည်း သတိပြုမိပေသည်။ အထူးသဖြင့် ကနတ်ပန်း ထုလုပ်ရေးချယ်ရာတွင် လက်ရာများကျဲလာသည်ကို တွေ့ရသည်။

အင်းဝခေတ် အကောင်းဆုံး လက်ရာအမြောက်ဆုံး ပန်းပုလက်ရာအချို့ကို နန်းတော် အိမ်တော်နှင့် ရှေးဘုန်းတော်ကြီး ကျောင်းများတွင်သာ တွေ့မြင်နိုင်တော့သည်။ ရှင်မဟာသီလဝံသ၏ "နန်းဖွင့်မော်ကွန်း"တွင် ပန်းပုဗိသုကာတို့၏ အနုပညာမြောက်ပုံနှင့် ဆန်းကြယ်ပုံများကို တွေ့မြင်ရပေသည်။

ထွင်းသည့် ဆတ်သည့် ဖဲ့သည့်သဘောမျိုးကို အခြေခံသည့် ပန်းပုမှာ ကျောက်– ဆင်စွယ်နှင့် သစ်တို့ ဖြစ်ကြသည်။ ဆင်စွယ်သည် အပျော့ဆုံးဖြစ်ပြီး စိန်က အမာဆုံးဖြစ်သည်။ စိန်မှလွဲလျှင် ကျောက်သည်အမာဆုံးဟု ဆိုရမည်။ သစ်သည် အလယ်အလတ်စားဖြစ်သည်။ သစ်အမျိုးမျိုးရှိရာ ကျွန်း– ယမနေ – ယင်းတို့ကို ပန်းပုပညာရှင်များ အသုံးများကြသည်။

ကုန်းဘောင်ခေတ်တွင်း မြန်မာ – ပန်းချီ– ပန်းပုပညာရပ်များ တစ်စတစ်စနယ်ကျယ်လာခဲ့ပြီး ပညာသည်များ အနေဖြင့် သူ့အစုအစည်းနှင့်သူ စနစ်တကျ ဖွဲ့စည်းမိလာကြသည်။ ရွှေတိုက်ဝန်က ကြိုးကြပ်အုပ်ချုပ်ရသော လက်မှုပညာသည်အစုအစည်းတွင် ပညာသည်တို့သည် တစ်စုတစ်ဖွဲ့ အနေဖြင့် တာဝန်ထမ်းဆောင်ကြရသည်။ မင်း– မှူးမတ်နှင့် ပြည်သူတို့ဆောက်လုပ်လှူဒါန်းသည့် ကျောင်း– ကန်– ဇရပ် အသီးသီးတွင် ပန်းပု– ရုပ်တု– ရုပ်လုံးများဖြင့် တန်ဆာဆင်ခဲ့ကြရာ ကုန်းဘောင်ခေတ်လက်ရာများဖြစ်သည့် ရွှေနန်းတော်ကျောင်း– မြတောင်ကျောင်း– ကင်းဝန်မင်းကြီး၏ သာတဝန်ကျောင်း– ရွှေအင်ပင်ကျောင်း– အတုမရှိကျောင်း– ဗားကရာကျောင်း စသည့်ကျောင်းတော်

ကြီးများနှင့် ပခုက္ကူခရိုင် မြိုင်မြို့နယ်မှ "မနောရမ္မာ"ခေါ် "အုံတုံပင်ရွှေကျောင်း"တို့တွင် တွေ့နိုင်ပေသည်။ မင်းဘူး– စကု– စလေ– ပန်းအိုင် စသည့် အထက်အညာမှ ကျောင်းတော်ကြီးများတွင်လည်း လက်ရာမြောက်ပန်းပု– ရုပ်လုံးများ ရှိသည်။ ပုဂံ– အာနန္ဒာအုတ်ကျောင်းနှင့် ဝမ်းတွင်းနယ်မှ ကျောင်းတော်ကြီးများလည်း ရှိသေးသည်။

အစဉ်အလာအနေဖြင့် မြန်မာတို့အများဆုံးထုလုပ်ခဲ့ကြသည်မှာ "သစ်ပန်းပု" ဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင်လည်း သစ်ပန်းပုလက်ရာများက အများဆုံးနေရာယူလျက်ရှိပေသည်။ ပန်းကနုတ်နှင့် ရုပ်လုံးရုပ်ကြွတို့ မည်မျှကွဲပြားလင့်ကစား သာသနိကဆိုင်ရာ မွမ်းမံမှုနှင့် ပတ်သက်ပါက အခြေခံအားဖြင့် (၄)မျိုးသာ ရှိပေသည်။

နေ–လ အထိမ်းအမှတ်စသည့် ကမ္ဘာ့တန်ဆာမျိုး၊

ကိန္နရာ– ဘီလူး– နဂါးခေါင်း– ခြင်္သေ့– ကျား– ဆင်– ဂဠုန်– ဟင်္သာ စသည့်တိရစ္ဆာန်မျိုး၊

သူယောင်ပွင့် – ကြာညောင် – မုဒရက်– ပန်းနွယ် စသည့် အပင်မျိုး

အဝန်း– အထောင်–အခွေ– အလိပ်– ခရုပတ်– နဂါးလိမ်စသည့် သက်မဲ့ပုံသဏ္ဌာန်မျိုးဟူ၍ လေးမျိုးဖြစ်သည်။ ရှေးရိုးမြန်မာ– ဗုဒ္ဓဘာသာ အနုပညာ၏ အခြေခံလေးမျိုးဟုလည်း မှတ်ယူနိုင်ပေသည်။

(၂၀)ရာစုခေတ် မြန်မာနိုင်ငံတွင် ကြွေးသွန်းရုပ်တု– ပလာစတာရုပ်တု– သစ်သားရုပ်တု– ကွန်ကရစ်ရုပ်တုစသည်ဖြင့် အမျိုးမျိုးပြောင်းလဲတိုးတက်လာသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။ ပန်းချီပန်းပုကျောင်းနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့တွင်လည်း စနစ်တကျ အခြေခံမှစပြီး သင်ကြားပေးလျက်ရှိရာ အနာဂတ်အတွက် အလားအလာ ကောင်းသည်ဟု ဆိုရမည်။ အနော်ရထာ– ဘုရင့်နောင်နှင့် အလောင်းဘုရား ရုပ်တုများကိုလည်း ထုလုပ်ပြီးစီးပြီဖြစ်ရာ ဝမ်းသာအားရဖွယ်၊ ဂုဏ်ယူဖွယ်ဖြစ်သည်။ ဆရာတော်ဦးဝိစာရ– ဦးဥတ္တမ– သခင်ဘိုးလှကြီး– ဆရာစံ– ဗိုလ်မှူးကြီးဗထူးတို့ အပါအဝင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ရုပ်တု ရုပ်လုံးများလည်း ရှိသည်။

ယင်းလက်ရာတို့သည် "ခေတ်လက်ရာ"များ ဖြစ်ကြပြီး အထူးသဖြင့် ပုံတူရုပ်တုရုပ်လုံးများ ဖြစ်ကြပေသည်။ ခေတ်နှင့်အညီ တိုးတက်အောင် လုပ်ဆောင်ရာ၌ ကျောက်ဆစ်– ကျောက်ထွင်းပုံတူရုပ်လုံးများကိုပါ အဆင့်ဆင့် တိုးတက်လာအောင် ကြိုးပမ်းကြရပေမည်။ ထို့အတူ ရိုးရာတစ်ရပ်ဖြစ်သည့် ပန်းကနုတ်နှင့် သစ်ထွင်းပန်းပုပညာမျိုးကိုလည်း ဆက်လက်ထိန်းသိမ်းလေ့လာကြရန် လိုပေသည်။

ပန်းကနုတ်နှင့် အရုပ်ကို သဟဇာတဖြစ်အောင် ထုလုပ်ရာ၌ ပခုက္ကူမြို့မှ ရွှေးလက်ရာတို့သည် ထူးခြားသည်။ "ရွှေကူ ပန်းပုတဲကဲ"သည် စံထားလောက်ပေသည်။ ရွှေကူမြို့စွာဘုရားမတ်ရပ်တော်သည် ဘုရင်တော် ၅ ပေ ၂ လက်မ ရှိသည်။ တဲကဲပန်းပုပန်းသည် အမြင့် ၁၂ ပေ ၁၀ လက်မ ရှိပြီး အလျား ၅ ပေ ၁၀ လက်မရှိသည်။ တဲကဲပန်းပုတော်၏ ဒုသည် ၆ လက်မ ၂ စိတ်ရှိသည်။ ယမနေသစ်သား ၅ တုံးပေါ်တွင် ပန်း ၈ ထပ်နှင့် ဇာတ်ထုပ် ၄ ထုပ်၊ ဇာတ်ခန်း ၁၂ ခန်း တို့ကို သဲအုတ်မကူဘဲ ထုလုပ်ခဲ့ကြရာ ရုပ်လုံး ရုပ်ကြွ ၁၀၀၀ ကျော် ပါဝင်သည်။ ပခုက္ကူနယ်မှ ဆရာဦးကံကြီးနှင့် သား ဆရာတေတို့၏ လက်ရာဖြစ်သည်။ မြန်မာနိုင်ငံတွင် တစ်ခုတည်းသော ၈ ထပ်ပန်း လက်ရာများဖြစ်ပေသည်။ ဗျူဟာခေတ်မှ (၂၀) ရာစုခေတ်ဦးအထိ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာသည့် မြန်မာပန်းပုလက်ရာများကို ခြေရာခံလျှင် ပခုက္ကူမှ ရွှေကူတဲကဲမျိုးကို ချန်လှပ်ထား၍ မရပေ။

ပခုက္ကူ– တောင်ငူ– ဗျဉ်းမနား – မန္တလေး– ပဲခူး – ဒါးပိန်– တောင်ညက်လာပ– မြောက်ညက်လာပ– သာကေတ– တောင်ကြီး– စစ်ကိုင်း စသည်တို့တွင် ပန်းပုပညာရှင်များ အထိုက်အလျောက် ရှိကြပေသည်။ (၁၈၈၆) ခုနှစ်မှ (၁၉၀၃) ခုနှစ်များအတွင်း ကနေဒါ– မွိုက်ဆိုး– ဘုံဘေ– ကလကတ္တား– အလဟာဘတ်– မဒရပ်– ဒေလီ စသည့် ပြည်ပနိုင်ငံမြို့နယ်များတွင် ပန်းချီ– ပန်းပုပြပွဲပြိုင်ပွဲများ ကျင်းပခဲ့ကြရာ မြန်မာနိုင်ငံမှ ဝင်ရောက် ယှဉ်ပြိုင်သူ ဆုတဲဆိပ် ဆွတ်ခူးခဲ့သူ အများအပြားရှိသည်။

ဗြိတိသျှခေတ်ဦးတွင် ဆရာကျင်နှင့် လမ်းမတော်ဆရာအုံတို့ နာမည်ထွက်ခဲ့ကြသည်။ လွတ်လပ်ရေးခေတ်တွင် မြန်မာ့ပန်းပုလက်ရာများ အရှိန်ရလာပြီးနောက် (၁၉၇၈) ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စု၌ "မြန်မာသစ်သားပန်းပုပြပွဲ" တစ်ရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းမှာ ထူးခြားချက်တစ်ရပ် ဖြစ်ပေသည်။

မျိုးဆက်သစ်များကို လက်ဆင့်ကမ်းအမွေပေးနိုင်အောင် ဆက်လက်ကြိုးပမ်းကြရပေမည်။

ဦးမင်းနိုင်









လူသား‌တို့ စုစည်း‌နေ‌ထိုင်‌သော လူ့အဖွဲ့အစည်း‌တိုင်း‌တွင် လူမှုရေး‌ပြဿနာ‌များ‌သည် အနည်း‌နှင့်အများ‌ဆိုသလို ရှိ‌နေ‌တတ်‌ကြ‌သည်။ လူ့အဖွဲ့အစည်း‌၏ ချမ်း‌သာ‌ခြင်း၊ ဆင်း‌ရဲ‌ခြင်း၊ ဖွံ့ဖြိုး‌ပြီး‌ဖြစ်‌ခြင်း၊ ဖွံ့ဖြိုး‌ဆဲ‌ဖြစ်‌ခြင်း‌တို့သည် လူမှုရေး‌ပြဿနာ‌များ‌အ‌ပေါ် အတိုင်း‌အ‌တာ‌တစ်‌ရပ်‌အ‌ထိ အကျိုး‌သက်‌ရောက်‌မှု ရှိ‌နိုင်‌သော်‌လည်း လူ့အဖွဲ့အစည်း‌တိုင်း‌လိုလို‌တွင် လူမှုရေး‌ပြဿနာ‌များ ရှိ‌နိုင်‌သည်။ ထို့‌ကြောင့်‌လည်း လူမှုရေး‌ပြဿနာ‌များ‌ကို ဖြေ‌ရှင်း‌ဆောင်‌ရွက်‌ရန် လူမှုဝန်‌ထမ်း‌လုပ်‌ငန်း‌သည် လူ့အဖွဲ့အစည်း‌တွင် ပေါ်‌ပေါက်‌လာ‌ရ‌သည်။

မြန်‌မာ့လူ့အဖွဲ့အစည်း‌၏ ယဉ်‌ကျေး‌မှု‌သည် ဗုဒ္ဓ‌ဘာ‌သာ‌ကို အ‌ခြေ‌ခံ‌သော ယဉ်‌ကျေး‌မှု‌ဖြစ်‌သ‌ဖြင့် "မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥ‌ပက္ခာ" ဗြဟ္မ‌စိုရ်‌တရား‌များ ရှင်‌သန်‌ထွန်း‌ကား‌ခြင်း၊ "ကြီး‌သူ‌ကို ရိ‌သေ၊ ရွယ်‌တူ‌ကို‌လေး‌စား၊ ငယ်‌သူ‌ကို‌သနား" သည့် အစဉ်‌အ‌လာ‌ကျင့်‌သုံး‌ခြင်း၊ အား‌ငယ်‌သူ‌ကို အား‌ပေး‌ကူ‌ညီ‌သည့် ဝ‌လေ့‌စရိုက်‌ရှိ‌နေ‌ခြင်း‌တို့‌ကြောင့် လူမှုဝန်‌ထမ်း‌စိတ်‌ထား‌သည် မြန်‌မာ့လူ့အဖွဲ့အစည်း‌၏ အ‌ခြေ‌ခံ‌ဗီ‌ဇ‌စရိုက် အ‌ဖြစ် ဖြစ်‌တည်‌လျက်‌ရှိ‌သည်။

လူမှုဝန်‌ထမ်း‌လုပ်‌ငန်း‌အ‌ဝိ‌ဟ‌ယ်‌ကို အနှစ်‌ချုပ်‌ဆို‌ရ‌သော် လူမှုရေး‌အ‌ကူ‌အ‌ညီ လို‌အ‌ပ်‌သူ‌များ‌အား အ‌ခြား‌သူ‌များ‌နည်း‌တူ တန်း‌တူ‌ညီ‌မျှ လူမှုအ‌ခွင့်‌အ‌ရေး‌ရ‌ရှိ‌စေ‌ပြီး၊ လူ‌သား‌တိုင်း‌ကာ‌ယ‌သုခ၊ စိတ္တ‌သုခ ပြည့်‌ပြည့်‌ဝ‌ဝ‌နေ‌ထိုင်‌နိုင်‌စေ‌ရန် ကူ‌ညီ ဆောင်‌ရွက်‌ပေး‌သော လုပ်‌ငန်း‌ပင် ဖြစ်‌သည်။ ထို့‌ကြောင့် လူမှုဝန်‌ထမ်း‌လုပ်‌ငန်း‌သည် အ‌လွန်‌ကျယ်‌ပြန့်‌သော သ‌ဘော‌ရှိ‌သည်။

လူမှုဝန်‌ထမ်း‌လုပ်‌ငန်း‌များ‌ကို ကျယ်‌ကျယ်‌ပြန့်‌ပြန့်‌နှင့် စနစ်‌တကျ‌ဆောင်‌ရွက်‌မှု‌များ‌အား‌လည်း အစိုး‌ရ‌အဖွဲ့အစည်း၊ ဘာ‌သာ‌ရေး‌အဖွဲ့အစည်း‌များ‌နှင့် စေ‌တ‌နှ့‌ဝန်‌ထမ်း အဖွဲ့အစည်း‌များ‌က ဆောင်‌ရွက်‌ပေး‌လျက်‌ရှိ‌ပြီး ၊ အစိုး‌ရ‌အဖွဲ့အစည်း‌အ‌ဖြစ် လူမှုဝန်‌ထမ်း‌ဦး‌စီး‌ဌာ‌နက တာ‌ဝန်‌ယူ ဆောင်‌ရွက်‌လျက် ရှိ‌သည်။ ခရစ်‌ယာန်၊ ဗုဒ္ဓ‌ဘာ‌သာ၊ မွတ်‌စ‌လင်၊ ဟိန္ဒူ စ‌သော ဘာ‌သာ‌ရေး‌အဖွဲ့အစည်း‌များ၊ စေ‌တ‌နှ့‌ဝန်‌ထမ်း အဖွဲ့အစည်း‌များ၊၊ လူမှုရေး‌အ‌ခြေ‌ခံ အဖွဲ့အစည်း‌များ‌ကလည်း လူမှုရေး အ‌ကူ‌အ‌ညီ‌လို‌အ‌ပ်‌သူ‌များ‌ဘ‌ဝ အကျိုး‌ဖွံ့ဖြိုး‌တိုး‌တက်‌ရေး‌အ‌တွက် သယ်‌ပို‌းဆောင်‌ရွက်‌လျက် ရှိ‌သည်။

နိုင်‌ငံ‌တ‌ကာ‌တွင် လူမှုဝန်‌ထမ်း လုပ်‌ငန်း‌များ‌ဆောင်‌ရွက်‌မှု‌ကို အမျိုး‌အ‌စား(၃) မျိုး‌ခွဲ၍ မြင်‌တွေ့‌နိုင်‌သည်။ ယင်း‌တို့‌မှာ-

(က) အစိုး‌ရ‌အဖွဲ့အစည်း‌က ဆောင်‌ရွက်‌ခြင်း၊

(ခ) အစိုး‌ရ‌မ‌ဟုတ်‌သော အဖွဲ့အစည်း‌က ဆောင်‌ရွက်‌ခြင်း၊

(ဂ) အစိုး‌ရ‌နှင့် အစိုး‌ရ‌မ‌ဟုတ်‌သော အဖွဲ့အစည်း‌များ ပူး‌ပေါင်း‌ဆောင်‌ရွက်‌ခြင်း တို့ ဖြစ်‌သည်။

မြန်‌မာ့လူ့အဖွဲ့အစည်း‌တွင် အ‌ထက်‌ပါ‌အ‌မျိုး‌အ‌စား(၃)မျိုး‌စလုံး‌ဖြင့် ဆောင်‌ရွက်‌အ‌ကောင်‌အ‌ထည်‌ဖော်‌လျက် ရှိ‌သည်‌ကို တွေ့‌မြင်‌နိုင်‌သည်။

လူမှုဝန်‌ထမ်း‌လုပ်‌ငန်း‌များ ဆောင်‌ရွက်‌မှု

မြန်‌မာ‌နိုင်‌ငံ‌တွင် လူမှုဝန်‌ထမ်း‌လုပ်‌ငန်း‌များ‌ကို လူမှုဝန်‌ထမ်း‌ဦး‌စီး‌ဌာ‌နက အစိုး‌ရ‌အဖွဲ့အစည်း‌အ‌ဖြစ် တာ‌ဝန်‌ယူ ဆောင်‌ရွက်‌လျက်‌ရှိ‌သည်။ ဗုဒ္ဓ‌ဘာ‌သာ‌ဘုန်း‌တော်‌ကြီး‌ကျောင်း‌များ၊ သီ‌လ‌ရှင်‌ကျောင်း‌များ‌နှင့် ဘာ‌သာ‌ရေး‌အဖွဲ့အစည်း‌များ၊ ခရစ်‌ယာန်၊ မွတ်‌စ‌လင်‌ဘာ‌သာ‌ရေး အဖွဲ့အစည်း‌များ စေ‌တ‌နှ့‌ဝန်‌ထမ်း လူမှုရေး‌အဖွဲ့အစည်း‌များ‌ကလည်း ဘိုး‌ဘွား‌ရိပ်‌သာ‌များ၊ မိ‌ဘ‌မဲ့‌ပ‌ရ‌ဟိ‌တ‌ဂေ‌ဟာ‌များ၊ အမျိုး‌သမီး စောင့်‌ရှောက်‌ရေး‌ဌာ‌နများ၊ မျက်‌မ‌မြင်‌ကျောင်း‌များ၊ နား‌မ‌ကြား‌ကလေး‌များ‌ကျောင်း စ‌သည်‌တို့‌ကို တည်‌ထောင်‌ဖွင့်‌လှစ်‌ဆောင်‌ရွက်‌ပေး‌လျက် ရှိ‌သည်။ ထို‌သို့‌သော လုပ်‌ငန်း‌များ‌ဆောင်‌ရွက်‌ခြင်း‌သည် လူမှုရေး အ‌ကူ‌အ‌ညီ လို‌အ‌ပ်‌သူ‌များ၏ ဘ‌ဝ‌ရှင်‌သန်‌ရေး၊ ဘ‌ဝ‌ရပ်‌တည်‌နိုင်‌ရေး‌နှင့် ဘ‌ဝ‌ဖွံ့ဖြိုး‌တိုး‌တက်‌ရေး‌တို့‌ကို ဖြစ်‌ပေါ်‌စေ‌ခဲ့‌သည်။

လူမှုဝန်‌ထမ်း‌ဦး‌စီး‌ဌာ‌န၏ သမိုင်း‌အ‌ကျဉ်း‌ချုပ်

နိုင်‌ငံ‌တော်‌က ၁၉၄၇ ခုနှစ်‌တွင် "အမျိုး‌သမီး‌များ‌နှင့် ကလေး‌များ‌တိုး‌တက်‌ရေး‌အဖွဲ့" ကို‌တည်‌ထောင်‌ပေး‌ခဲ့‌ပြီး၊ ၁၉၄၉ ခုနှစ်‌တွင် "အမျိုး‌သမီး‌များ‌နှင့် ကလေး‌များ



ကန်တော်လေး သီလရှင်များ၏ ဘိုးဘွားရိုးသာမှ အဘိုးအဘွားများ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်နေစဉ်

စောင့်ရှောက်ရေးဌာန" ဟု အမည်ပြောင်းကာ တိုက်ရိုက် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ထိုဌာန၏ ကျန်းမာရေးနှင့် ပတ်သက်သော လုပ်ငန်းများကို ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပြီး ကလေးလူငယ် ပြုစုပျိုးထောင် ထိန်းသိမ်းရေး စေတနာ့ဝန်ထမ်း အဖွဲ့ အစည်းများက ဖွဲ့စည်းတည်ထောင်ထားသော လူအိုရုံများ၊ မျက်မမြင်ကျောင်းများ၊ ဆွဲ့အနာမကြာကျောင်းများနှင့် ခိုကိုးရာမဲ့ကလေးလူငယ်များဂေဟာ စသည်တို့အတွက် ထောက်ပံ့ရေး လုပ်ငန်းများကို ဆောင်ရွက်သွားနိုင်ရန် "လူမှုရေးရာကြီးပွားရေးဌာန" အမည်ဖြင့် ဌာနသစ်တစ်ခု ဖွဲ့စည်းတည်ထောင်ကာ ကျန်းမာရေး ဝန်ကြီးဌာန လက်အောက်တွင်ထား၍ဆောင်ရွက်ခဲ့သည်။ ထိုဌာနအား ၁၉၅၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့မှ စတင်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ရေရာချထားရေး ဝန်ကြီးဌာန နှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနလက်အောက်သို့ပြောင်းရွှေ့ ခဲ့ပြီးအမည်ကို "လူမှုဝန်ထမ်းဌာန" အဖြစ်ပြောင်းလဲ ခေါ်တွင်ခဲ့သည်။

ထို့အပြင်အဆိုပါဝန်ကြီးဌာနလက်အောက်တွင်ရှိသည့် လူထုပညာရေးကောင်စီကို ဖျက်သိမ်းပြီး ၁၉၅၈ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့၌ လူမှုဝန်ထမ်းဌာနနှင့် ပေါင်းစည်းခဲ့သည်။ ထိုအချိန်မှစ၍ လူမှုဝန်ထမ်းလုပ်ငန်း များကို ပြည်နယ်နှင့် တိုင်းရုံးများဖွင့်ကာ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် နေ့ကလေးထိန်းဌာန ၂ ခုနှင့်ကလေးပြုစုရေးဌာန ၁ ခုတို့ ဖြင့် အစပျိုးခဲ့သော လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်၏ လိုအပ်ချက်အရ လူမှုရေးလုပ်ငန်းများကို တိုးတက်အောင် အကောင်အထည်ဖော်လျက် ရှိသည်။

လူမှုဝန်ထမ်းလုပ်ငန်းဆောင်ရွက်မှုများ

လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုရေးချို့တဲ့သူများအား လူမှုဝန်ထမ်းနည်းလမ်းများ (Social Work Methods) ဖြင့် အကူအညီပေးရန်၊ မလိုလားအပ်သော လူမှုရေးပြဿနာ များ မပေါ်ပေါက်စေရေးအတွက် ကြိုတင်ကာကွယ်ပေးရန်၊ လူမှုရေးတာဝန်များ ထမ်းဆောင်မည့် စေတနာ့ဝန်ထမ်း

လုပ်သားပြည်သူများအား စည်းရုံးဖော်ထုတ်ရန်၊ လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုစေရန် စသည့် မွန်မြတ်သော ရည်ရွယ်ချက်များ ထားရှိ၍ လူမှုဝန်ထမ်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းများ ဆောင်ရွက်မှုတွင် စနစ်တစ်ကျနှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် အတွက် အောက်ပါအတိုင်း လုပ်ငန်းရပ်များ ခွဲခြားဆောင်ရွက်လျက်ရှိသည်။

(၁) ကလေးလူငယ်ပြုစောင့်ရှောက်ရေးလုပ်ငန်း။
(၂) လူငယ်စောင့်ရှောက်ရေးလုပ်ငန်း။
(၃) အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း။
(၄) သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်း။
(၅) မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း။
(၆) တောင်ရမ်း စားသောက်သူများ လျော့နည်းပပျောက်ရေး လုပ်ငန်း။
(၇) စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးလုပ်ငန်း။
(၈) မူးယစ်ဆေး ဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း။

လုပ်ငန်းရပ် တစ်ခုစီအောက်တွင် လုပ်ငန်းငယ်များ ထပ်မံ ခွဲခြား၍ လူမှုရေးအကူအညီ လိုအပ်သူများဘဝ သက်သာချောင်ချိရေးနှင့် လူမှုရေးဘဝ ဖွံ့ဖြိုးမှုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။

ကလေးသူငယ် ပြုစောင့်ရှောက်ရေးလုပ်ငန်း

ဤလုပ်ငန်းရပ်သည် အသက် (၅) နှစ်အထိရှိ ကလေးများ၏ ဘဝ ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ပေးသည်။ ဤလုပ်ငန်းရပ်တွင် –

(က) မိဘမဲ့ကလေးများပြုစောင့်ရှောက်ရေး
(ခ) မူလတန်းကြိုပညာရေး
(ဂ) သုံးမြွာပူးနှင့်အထက်မွေးဖွားသော မိခင်နှင့် ကလေးများအား ထောက်ပံ့ရေးတို့ပါဝင်သည်။

(က) မိဘမဲ့ကလေးများ ပြုစောင့်ရှောက်ရေး

မိဘမဲ့ကလေးများ၊ အုပ်ထိန်းသူမဲ့ကလေးများ၊ စွန့်ပစ်ကလေးများ၊ အကြောင်းအမျိုးမျိုးကြောင့် မိဘအုပ်ထိန်းသူများမှ စောင့်ရှောက်ကြည့်ရှုခြင်းမပြုနိုင်သော ကလေးများ စသည့်မွေးစမှ ၅ နှစ်အထိရှိသော ကလေးများကို ပြုစောင့်ရှောက်နိုင်ရန် ကလေးပြုစုရေးဌာန (၆)ခုကို ဖွင့်လှစ်ဆောင်ရွက်ထားသည်။ ကလေးပြုစုရေးဌာနများ ကို ရန်ကုန်မြို့တွင် ရွှေဂုံတိုင်နှင့် ထောက်ကြံ့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့၊ မကွေးမြို့၊ ကျိုင်းတုံမြို့များတွင် ဖွင့်လှစ်ထားသည်။ ယင်းကလေးပြုစုရေး ဌာနများက ကလေးများအား ကျေးမွေးစောင့်ရှောက်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ အရွယ်နှင့် သင့်လျော်ညီမျှသော ကာယ၊ ဉာဏစာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရှိစေရန် ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိသည်။

ကလေးပြုစုရေး ဌာနများရှိ မိဘမဲ့ကလေးများအား မိသားစုဘဝနှင့် ကြီးပြင်းရှင်သန်နိုင်ကြလျှင် မိသားစု၏ မေတ္တာ၊ မိသားစု၏ရင်ငွေ့၊ မိသားစု၏ပြုစုပျိုးထောင်မှုများကို ရရှိကြပြီး ကလေးများအတွက် အကျိုးကျေးဇူးပိုမို ရရှိမည်ဖြစ်၍ ကလေးမွေးစားပေးခြင်း (Adoption) ကိုလည်း တည်ဆဲ ကိတ္တိမသားသမီးမွေးစားရေး မှတ်ပုံတင်အက်ဥပဒေနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိသည်။ ကလေး မွေးစားလိုသူများသည် ကလေးပြုစုရေးဌာနများတွင် လာရောက်ကြည့်ရှုနိုင်ပြီး မိမိတို့သဘောဆန္ဒရှိသည့်၊ နှစ်သက်သဘောကျသည့် ကလေးများကို တည်ဆဲဥပဒေနှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနက မွေးစားခွင့်ပြုသည်။

မွေးစားခြင်း မခံရဘဲကျန်ရှိသည့် ကလေးများသည် အသက် (၅) နှစ်ပြည့်သည့်အခါ ယောကျ်ားကလေးဖြစ်လျှင် လူငယ်သင်တန်းကျောင်းများသို့ မိန်းကလေးဖြစ်လျှင် အမျိုးသမီးကလေးများ သင်တန်းကျောင်းများသို့ ပြောင်းရွှေ့စောင့်ရှောက်ပေးသည်။

မူလတန်းကြိုပညာရေး

အသက် (၃)နှစ်မှ (၅) နှစ်အထိရှိ ကလေးငယ်များ၏ ကာယဖွံ့ဖြိုးတိုးတက်မှု၊ ဘာသာစကားဖွံ့ဖြိုးတိုးတက်မှု၊ တစ်ကိုယ်ရည်ထိန်းသိမ်းတတ်မှုနှင့် ပေါင်းသင်းဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှု၊ အာရုံသိမှုများ ဖွံ့ဖြိုးတိုးတက်မှု စသည့် ကဏ္ဍ (၄) ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူလတန်းကြိုပညာရေး (Pre Primary School Education) ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်နိုင်ငံလုံးတွင် ၁၉၉၈ ခုနှစ်အထိ မူလတန်းကြိုကျောင်း (၂၀) နှင့် နေ့ကလေးထိန်းကျောင်း (၄၀)ကို ဖွင့်လှစ်ပြီး မူလတန်းကြိုပညာရေးကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးလျက် ရှိသည် –

(၁) အလုပ်လုပ်သောမိဘများ လုပ်ငန်းခွင်တွင် အပြည့်အဝအလုပ်ဝင်နိုင်စေရန်။

(၂) အသက် (၃)နှစ်မှ (၅) နှစ်အထိ ကလေးငယ်များအား ကာယဉာဏ စာရိတ္တဘက်စုံဖွံ့ဖြိုး တိုးတက်စေပြီး အခြေခံကောင်းများနှင့် မူလတန်းကျောင်းများသို့ ဝင်ရောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင် ပေးရန်။

မူလတန်းကြိုကျောင်းများနှင့် နေ့ကလေးထိန်းကျောင်းများတွင် ကလေးငယ်များ၏ သင်ကြားမှုအပေါ် ခံယူနိုင်စွမ်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကို စစ်ဆေးနိုင်ရန်အတွက် ကလေးငယ်များ၏ ကာယစွမ်းရည်ပြင်ပွဲနှင့် ဉာဏစွမ်းရည်ပြင်ပွဲ များကို ကျောင်းတိုင်းတွင် နှစ်စဉ်ကျင်းပ ဆောင်ရွက် ပေးသည်။ ကျောင်းအလိုက်ပြင်ပွဲများမှသည် ပြည်နယ်/ တိုင်းအဆင့် ကျောင်းပေါင်းစုံပြင်ပွဲများအထိ ကျင်းပ ပြုလုပ်နိုင်ခဲ့သည်။ ပြည်နယ်နှင့် တိုင်းအဆင့် ကျောင်း ပေါင်းစုံ ပြင်ပွဲတွင် ကလေးငယ်များ၏ ဉာဏစွမ်းရည်ပြင်ပွဲနှင့် ကာယစွမ်းရည်ပြင်ပွဲများအပြင် ဆရာမများ၏ အရည်အချင်းကိုပါ ယှဉ်ပြိုင်မှုအဖြစ် ကျောင်းတွင်း လုပ်ငန်းစွမ်းရည် ပြိုင်ပွဲများကိုပါ ပြုလုပ်သည်။ ကလေး ငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲတွင် အားကစားပြိုင်ပွဲများ ပါဝင်၍ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ပုံပြောပြိုင်ပွဲ၊ သီချင်း ဆိုပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲများနှင့် အကပြိုင်ပွဲများ ပါဝင်သည်။ ပြိုင်ပွဲများ ပြုလုပ်ခြင်းမှာ မူလတန်းကြို ကျောင်းများ၏ သင်ရိုးညွှန်းတမ်းပါ ကစားနည်းဖြင့် သင်ကြားခြင်း၊ ပုံပြော သင်ကြားခြင်း၊ ကဗျာဖြင့် သင်ကြား ခြင်း၊ သီချင်းဆို၍ သင်ကြားခြင်း၊ ပန်းချီ ရေးဆွဲသင်ကြားခြင်း စသည့် သင်ကြားနည်းစနစ်များကို ကလေးငယ်များ၏ ခံယူနိုင်မှုအား စစ်ဆေးခြင်းပင် ဖြစ်သည်။ ယှဉ်ပြိုင်ခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေသဖြင့် ပြိုင်ပွဲများ ကျင်းပ ပြုလုပ်ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်း ဖွံ့ဖြိုးတိုးတက်သည်။

လူမှုဝန်ထမ်း ဦးစီးဌာနသည် ကိုယ့်အားကိုယ်ကို မူလတန်းကြိုကျောင်းများကိုလည်း ရပ်ကွက်၊ ကျေးလက်လူထုများ၊ အဖွဲ့အစည်းများ၏ အားကိုယူ၍ စည်းရုံးဖော်ထုတ် ဖွင့်လှစ်ခဲ့သည်။ ဤသို့စည်းရုံး ဖော်ထုတ်နိုင်ခဲ့သဖြင့် ၁၉၉၈ ခုနှစ်တွင် ကိုယ့်အားကိုယ်ကို မူလတန်းကြိုကျောင်း (၆၇၅) ကျောင်းအထိ ရှိခဲ့သည်။ ဤကျောင်းများအနက် လူမှုဝန်ထမ်းဦးစီးဌာန၏ သတ်မှတ်စည်းမျဉ်း

လူငယ်သင်တန်းကျောင်းသားများ၏ ခေါင်းဆုံးရိုက်ပြိုင်ပွဲ



ညီညွတ်သော ကျောင်း (၄၂၄) ကျောင်းကို ငွေကြေး၊ သင်ကြားမှု အထောက်အကူပစ္စည်းများနှင့် ကျွမ်းကျင်မှု အကူအညီများကို နှစ်စဉ်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

မူလတန်းကြို ပညာရေးသည် ပညာရေးကဏ္ဍအစိတ်အပိုင်းတစ်ရပ်ဟု သတ်မှတ်နိုင်သော်လည်း လူမှုဝန်ထမ်းဦးစီးဌာနက မူလတန်းကြို ကျောင်းပညာရေးအားတာဝန်ယူဆောင်ရွက်ခြင်းသည် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းမျိုးကို ဆောင်ရွက်ခြင်းသာ ဖြစ်သည်။

(ဂ) သုံးမြွာပူးနှင့်အထက် မွေးဖွားသောမိခင်နှင့် ကလေးများအား ထောက်ပံ့ရေး

သုံးမြွာပူးနှင့်အထက် မွေးဖွားသော မိခင်များအတွက် ကလေးငယ်များအပေါ် စောင့်ရှောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပျိုးထောင်မှုတွင် အထောက်အပံ့ ဖြစ်စေရန် ရည်ရွယ်လျက် မိခင်ဆုနှင့်ကလေးဆုများကို ချီးမြှင့်ထောက်ပံ့သည်။ မိခင်ဆုကို တစ်ကြိမ်တည်းထောက်ပံ့ပြီး ကလေးဆုကို (၃) နှစ် ဆက်တိုက် ထောက်ပံ့သည်။ ထောက်ပံ့ကြေးပေးမှု ငွေပမာဏမှာ မိခင်ဆု ၅၀၀ ကျပ်၊ ကလေးဆု ပထမနှစ် (၇၅) ကျပ်၊ ဒုတိယနှစ် (၅၀) ကျပ်၊ တတိယနှစ် (၂၅) ကျပ်ဖြင့် သုံးနှစ်ဆက်တိုက် ထောက်ပံ့သည်။

လူငယ်စောင့်ရှောက်ရေး လုပ်ငန်း

လူငယ်စောင့်ရှောက်ရေးလုပ်ငန်းအတွက် အပိုင်း (၃) ပိုင်းခွဲ၍ ဆောင်ရွက်သည်။ ဤအပိုင်း (၃) ပိုင်းမှာ –

(က) ကြိုတင်ကာကွယ်ရေး (Prevention)

(ခ) ကုစားရေး (Curative)နှင့်

(ဂ) ပြန်လည်နေရာချထားရေး(Placement) တို့ ဖြစ်သည်။

ကြိုတင်ကာကွယ်ရေးသည် သက်ငယ်ဆိုးသွမ်းမှု (Juvenile Delinquency)များ မဖြစ်ပွားရေး၊ လူငယ် လေလွင့်မှုများ မဖြစ်ပွားရေးတို့အတွက် ရပ်ရွာ၊ ကျေးလက်လူထု၏ ပူးပေါင်း ဆောင်ရွက်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ကြိုတင် ကာကွယ်၍ မရနိုင်သော လူငယ်ပြဿနာများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်စောင့်ရှောက်မှု ပြုရန် လိုအပ်သော လူငယ်များအတွက် သင်တန်းကျောင်း စနစ် (Institutional System) နှင့် ရပ်ရွာလူထုကို အခြေခံသော



ပုံဆွဲလေ့ကျင့်နေသော မသန်မစွမ်း သက်ငယ်သင်တန်းကျောင်းမှ ကလေးငယ်များ

အစီအစဉ်(Community Based Programme) များဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ သင်တန်းကျောင်းများတွင် စောင့်ရှောက်ပေးထားသော လူငယ်များအား သင့်လျော်သည့် အသက်အရွယ်၌ အလုပ်အကိုင်များ ရှာဖွေစီစဉ်ပေးခြင်း၊ မိဘဆွေမျိုးများရှိပါက မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံခြင်းစသည့် နေရာချထားရေး လုပ်ငန်းစဉ်ကိုလည်း နောက်ဆက်တွဲအစီအစဉ်အဖြစ်ဖြင့် ဆောင်ရွက်ပေးလျက် ရှိသည်။

(က) ကြိုတင်ကာကွယ်ရေး

လူငယ်များအား လေလွင့်မှုမဖြစ်စေဘဲ အချိန်ကို အကျိုး ရှိစွာ အသုံးချနိုင်ရေး၊ အတွေးအခေါ်အသိအမြင် မှန်ကန်ရေး၊ ပညာသင်ကြားရေး၊ ရပ်ရွာကျေးလက်လူ့အဖွဲ့အစည်းများအတွင်းတွင် တက်ကြွသည့် လူငယ်များအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် လူငယ်ရိပ်သာများ၊ စေတနာမူလတန်းညကျောင်းများကို ရပ်ရွာ၊ ကျေးလက်လူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

တစ်နိုင်ငံလုံးတွင်လူငယ်ရိပ်သာများကို ၁၉၉၈ ခုနှစ် အထိ (၁၄၃) ခု ဖွင့်လှစ်နိုင်ခဲ့သည်။ လူငယ်ရိပ်သာများတွင် ကျောင်းသားများ၊ ဝန်ထမ်းအလုပ်သမားလူငယ်များ၊ လူငယ်လုပ်ငန်းတွင် စိတ်ပါဝင်စားကြသူများ ပါဝင်ဆောင်ရွက်ကြပြီး အားကစားလုပ်ငန်းများ၊ စာကြည့်တိုက် လုပ်ငန်းများနှင့် အခြားလူမှုရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက် ရှိသည်။

စေတနာမူလတန်း ညကျောင်းများကို နေ့ဘက်တွင် အကြောင်းအမျိုးမျိုးကြောင့် စာသင်ကျောင်းများတွင် ပညာမသင်ကြားနိုင်သည့် လူငယ်များအတွက် ဖွင့်လှစ်ပြီး စေတနာ့ဝန်ထမ်းဆရာ၊ ဆရာမများက ပညာရေးဌာနမှ သတ်မှတ်ထားသော မူလတန်းပညာ သင်ရိုးညွှန်းတမ်း အတိုင်း သင်ကြားပေးသည်။ စေတနာ မူလတန်း ညကျောင်းများကို ၁၉၉၈ ခုနှစ်အထိ (၉၂) ကျောင်းဖွင့်လှစ် နိုင်ခဲ့သည်။

(ခ) ကုစားရေး

ခိုကိုးရာမဲ့ကြသည့် မိဘမဲ့ကလေးများ၊ အုပ်ထိန်းသူမဲ့ ကလေးများနှင့် လမ်းပေါ်ကလေးများ (Street Children) အပါအဝင် နိုင်ငံတော်မှ ကာကွယ်စောင့်ရှောက်မှုပြုရန် လိုအပ်သောကလေးများအတွက် သင်တန်းကျောင်းစနစ် ဖြင့် စောင့်ရှောက်နိုင်ရန် လူငယ်သင်တန်းကျောင်း (၆) ကျောင်းနှင့် အမျိုးသမီးကလေးသင်တန်းကျောင်း (၂) ကျောင်းကို ဖွင့်လှစ်ထားသည်။ လူငယ်သင်တန်း ကျောင်းများတွင် အသက် (၅) နှစ်မှ (၁၆) နှစ်အထိ ယောကျ်ားလေးများ၊ အမျိုးသမီးကလေးသင်တန်းကျောင်းများတွင် အသက် (၅) နှစ်မှ (၁၈) နှစ်အထိ အမျိုးသမီးကလေးများကို လက်ခံစောင့်ရှောက်သည်။ လူငယ်သင်တန်းကျောင်း များမှာ-

(၁) ကမ္ဘာအေးလူငယ်သင်တန်းကျောင်း
(၂) ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း (ယခင် အင်းလျားလူငယ်သင်တန်းကျောင်းဖြစ်ပြီး၊ ရန်ကုန်မြို့ အင်းလျားလမ်းမှ ကျိုက်ဝိုင်းဘုရား လမ်းသို့ ပြောင်းရွှေ့ပဲ့သဖြင့် ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်းအဖြစ် အမည်ပြောင်းလဲ သည်။)
(၃) ငှက်အော်စမ်းလူငယ်သင်တန်းကျောင်း
(၄) မန္တလေးလူငယ်သင်တန်းကျောင်း
(၅) မော်လမြိုင်လူငယ်သင်တန်းကျောင်းနှင့်
(၆) လားရှိုးလူငယ်သင်တန်းကျောင်းတို့ဖြစ်သည်။

အမျိုးသမီးကလေး သင်တန်းကျောင်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖွင့်လှစ်ထားသည်။

အထက်ပါ သင်တန်းကျောင်းများတွင် ကျွေးမွေးစောင့်ရှောက်ခြင်း၊ ပညာရေးဌာန၏ အစီအစဉ်ဖြင့် အခြေခံပညာ မူလတန်းကျောင်း ဖွင့်လှစ် ပညာသင်ကြားခြင်း၊ မူလတန်းအောင်မြင်ပြီးနောက် နိုးစပ်ရာ အလယ်တန်း၊ အထက်တန်းကျောင်းများသို့ ပြောင်းရွှေ့ ပညာသင်ကြားခြင်း၊ အသက်မွေးဝမ်းကျောင်း သင်တန်း များ သင်ကြားခြင်း ၊အလုပ်အကိုင် စီစဉ်နေရာချထား ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

သင်တန်းကျောင်း စနစ်ဖြင့် စောင့်ရှောက်ပေးမှု သာမက ရပ်ရွာလူထုကို အခြေခံသော အစီအစဉ်များ အဖြစ် ကလေးလူငယ်ကြီးကြပ်သူများ (Probation officers) များ နှင့် ကလေးသူငယ် စောင့်ရှောက်သူများ (Child Care Workers) ကိုယ့်ရပ်ရွာ လူထုအတွင်းမှ စေတနာ ဝန်ထမ်း တာဝန်ထမ်းဆောင်မည့် ပြည်သူများကို စည်းရုံး ဖော်ထုတ်ပြီး လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် သင်တန်းများ ဖွင့်လှစ် လေ့ကျင့် ခြင်း၊ သင်တန်းဆင်းပြီးပါက ကလေး သူငယ် ကြီးကြပ်သူများ၊ ကလေးသူငယ် စောင့်ရှောက်သူ များအဖြစ် ခန့်အပ်ဆောင်ရွက်ခြင်း တို့ကိုလည်း ဆောင်ရွက်ပေးလျက် ရှိသည်။

(ဂ) နေရာ ချထားရေး

သင်တန်းကျောင်းများတွင် စောင့်ရှောက်ပေးခဲ့သော လူငယ်များကို မိဘအုပ်ထိန်းသူများ ရှိပါက သင်တန်း ကျောင်း စောင့်ရှောက်ကာလပြည့်မြောက်သည့်အခါ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံသည်။

သင်တန်းကျောင်းမှ လူငယ်များကို သင့်လျော်သည့် အသက်အရွယ်သို့ ရောက်ရှိသည်နှင့် အလုပ်အကိုင်များကို စီစဉ် ရှာဖွေနေရာချထားပေးလျက် ရှိသည်။ လူမှုဝန်ထမ်း ဦးစီးဌာနတွင် ဝန်ထမ်းများအဖြစ်လည်းကောင်း၊ အခြား သော အစိုးရဌာန၊ အဖွဲ့အစည်းများတွင် ဝန်ထမ်းများအဖြစ် လည်းကောင်း၊ ပညာအရည်အချင်းအရ ရှာဖွေနေရာ ချထားမှုများရှိသလို အသက်မွေးပညာ တတ်မြောက်မှုများ အရ အစိုးရဌာနများ၊ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များနှင့် လည်း ဆက်သွယ်ညှိနှိုင်း၍ အလုပ်အကိုင်များကိုရှာဖွေ နေရာ ချထား ပေးနိုင်ခဲ့သည်။



အမျိုးသမီးကလေးများ သင်တန်းကျောင်းမှ ကျောင်းသူကလေးများ စာဖတ်နေကြစဉ်

အမျိုးသမီးစောင့်ရှောက်ရေးလုပ်ငန်း

အမျိုးသမီး စောင့်ရှောက်ရေး လုပ်ငန်းတွင်လည်း အောက်ပါအတိုင်း အပိုင်း (၂) ပိုင်း ခွဲခြားဆောင်ရွက်လျက်ရှိသည်။

(က) ကြိုတင်ကာကွယ်ရေး

(ခ) ကုစားရေး

(က) ကြိုတင် ကာကွယ်ရေး

ကြိုတင် ကာကွယ်ရေး လုပ်ငန်းသည် အမျိုးသမီးများအား ဝင်ငွေရရှိရေးနှင့် အိမ်ထောင်ထိန်းသိမ်းမှုများ ကျွမ်းကျင်ရန်အတွက် အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ခြင်း၊ ကလေးများ ပြုစုစောင့်ရှောက်နိုင်ရန် နေ့ကလေးထိန်း ဆရာမ သင်တန်းများ ဖွင့်လှစ်ခြင်း လုပ်ငန်းများဖြစ်သည်။

(ခ) ကုစားရေး

ဤလုပ်ငန်းသည် ခိုကိုးရာမဲ့ အမျိုးသမီးများနှင့် အကျင့်စာရိတ္တပြုပြင်ရန်လိုအပ်သော အမျိုးသမီးများကို သင်တန်းကျောင်းစနစ်ဖြင့် ပြုပြင်စောင့်ရှောက်ပေးခြင်း လုပ်ငန်းဖြစ်သည်။ ဤလုပ်ငန်းအတွက်အမျိုးသမီးများ ဖွဲ့ဖြိုးတိုးတက်ရေးဌာန (ယခင်အမည် – အမျိုးသမီးရိပ်သာ) ၂ ဌာနနှင့် အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း (ယခင်အမျိုးသမီးသက်ကြီးအသက်မွေးပညာသင်တန်းကျောင်း) လေးကျောင်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးများ ဖွဲ့ဖြိုးတိုးတက်ရေးဌာနများကို ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ဖွင့်လှစ်ထားပြီး အသက် (၁၈) နှစ်အထက်ခိုကိုးရာမဲ့အမျိုးသမီးများကို လက်ခံစောင့်ရှောက်၍ ကျောင်းပညာ၊ အသက်မွေးပညာ သင်တန်းများသင်ကြားခြင်း၊ အလုပ်အကိုင်စီစဉ်နေရာချထားခြင်းတို့ကို ဆောင်ရွက်ပေးသည်။ အသက်မွေးပညာ သင်တန်းများကို သင်ကြားရာ၌ "လေ့ကျင့်ရင်း ကုန်ထုတ်၊ ကုန်ထုတ်ရင်း လေ့ကျင့်၊" ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်ငန်း အသွင်ဖြင့် သင်ကြားခြင်းဖြစ်ပြီး ကုန်ထုတ်လုပ်ငန်းမှ ရရှိသော ဝင်ငွေများကို အချို့ကျရရှိစေ၍ ငွေစုစာအုပ်များ ဖွင့်လှစ်ပြီး ငွေစုဆောင်းပေးလျက် ရှိသည်။ အသက်မွေးပညာ လုပ်ငန်းအဖြစ် စက်ယက္ကန်း၊ လက်ယက္ကန်း၊ စက်ချုပ်၊ အဝတ်လျှော်၊ လက်ဝတ်ရတနာ ပြုလုပ်သည့် သင်တန်းများကို သင်ကြားလေ့ကျင့် ပါဝင်လုပ်ကိုင်စေသည်။

အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်းများက အကျင့်စာရိတ္တ ပြုပြင်ပေးရန် လိုအပ်သော ၁၉၄၉ ခုနှစ် ပြည့်တန်ဆာနိုဗ်ကွပ်ရေး အက်ဥပဒေအရ အရေးယူခြင်း ခံရသော အမျိုးသမီးများအား လက်ခံစောင့်ရှောက် ပြန်လည် ထူထောင်ပေးသည်။ သင်တန်းကျောင်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ မြိတ်မြို့နှင့် ကျိုင်းတုံမြို့များတွင် ဖွင့်လှစ်ထားပြီး သင်တန်းကျောင်းများတွင် ကျောင်းတွင်းစောင့်ရှောက်မှု ပေးခြင်း၊ ကျန်းမာရေး ဆေးစစ်ကုသမှု ပေးခြင်း၊ နှစ်သိမ့် ပညာပေး ဆွေးနွေးခြင်း အသုံးလုံး သင်တန်း သင်ကြားခြင်း၊ အသက်မွေးပညာ သင်တန်းများ ဖွင့်လှစ်သင်ကြားခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်

ရှိသည်။ အသက်မွေးပညာ လုပ်ငန်းများအဖြစ် စက်ချုပ်၊ လက်ချုပ်၊ ဇာထိုး ပန်းထိုး၊ ရွှေချည်ထိုး၊ အဝတ်လျှော် လုပ်ငန်း သင်တန်းများကို သင်ကြားပေးသည်။

သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းများ

ခိုင်ဂိုးရာမဲ့ အဘိုးအဘွားများအား လက်ခံစောင့်ရှောက်ရန်အတွက် ဘိုးဘွားရိပ်သာများကို ပြည်သူလူထုများ၊ ဘာသာရေး အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားပြီး ထိုဘိုးဘွားရိပ်သာများသို့ လူမှုဝန်ထမ်းဦးစီးဌာနက ဆန်၊ စားစရိတ်၊ ဝတ်စရိတ်နှင့် ဂေဟာမှူးလစာများကို နှစ်စဉ်ပေးအပ်ထောက်ပံ့လျက် ရှိသည်။

ဘိုးဘွားရိပ်သာများတွင် ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းထားရှိ ဆောင်ရွက်လျက်ရှိပြီး၊ ခိုလှုံသူအသက် ၆၀ နှင့်အထက် ဘိုးဘွားများအား ဌာနတွင်း စောင့်ရှောက်မှုပေးခြင်း၊ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကိုးကွယ်ယုံကြည်သောဘာသာအလိုက် ဝတ်ပြုကိုးကွယ်နိုင်ရန်ဆောင်ရွက်ပေးခြင်း စသည်တို့ဖြင့် အဘိုးအဘွားများသောကကင်းစွာစိတ်ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဘိုးဘွားရိပ်သာများတွင် မြန်မာလူမှုဝန်ထမ်းမိခင်ကြီး ဒေါ်ဦးမွန်းစတင်တည်ထောင်ခဲ့သော မင်းကွန်းဘိုးဘွားရိပ်သာနှင့် ဒေါ်ဦးဇွန်း တည်ထောင်ခဲ့သော အခြားဘိုးဘွားရိပ်သာများ၊ မြန်မာနိုင်ငံတွင် ပထဆုံးတည်ထောင်ခဲ့သည့် ကန်တော်လေး သိလရှင်ကလေးများဘိုးဘွားရိပ်သာ အပါအဝင် စေတနာဝန်ထမ်းအဖွဲ့အစည်းများနှင့် ပြည်သူလူထုက တည်ထောင်ဖွင့်လှစ်ခဲ့သော ဘိုးဘွားရိပ်သာများ ပါဝင်သည်။

လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ကြေးပေးအပ်ထားသော ဘိုးဘွားရိပ်သာများမှာ-

(၁) ဗန်းမော်ဘိုးဘွားရိပ်သာ၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်
(၂) ရွာထောင်ဘိုးဘွားရိပ်သာ၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း
(၃) မုံရွာဘိုးဘွားရိပ်သာ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း
(၄) တောင်သာယာ ဘိုးဘွားရိပ်သာ၊ မြိတ်မြို့၊ တနင်္သာရီတိုင်း
(၅) ဗုဒ္ဓဘာသာ လူအိုရုံ (ဘိုးဘွားရိပ်သာ)၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်း
(၆) ဖြူး ဘိုးဘွားရိပ်သာ၊ ဖြူးမြို့၊ ပဲခူးတိုင်း
(၇) ခေတ္တရာဘိုးဘွားရိပ်သာ၊ ပြည်မြို့၊ ပဲခူးတိုင်း
(၈) ကေတုမတီဘိုးဘွားရိပ်သာ၊ တောင်ငူမြို့၊ ပဲခူးတိုင်း
(၉) သပြေကုန်း ဘိုးဘွားရိပ်သာ၊ ပဲခူးမြို့၊ ပဲခူးတိုင်း
(၁၀) ရွှေဆယ်ဝတီ ဘိုးဘွားရိပ်သာ၊ သာယာဝတီမြို့၊ ပဲခူးတိုင်း
(၁၁) ဇီးကုန်းဘိုးဘွားရိပ်သာ၊ ဇီးကုန်းမြို့၊ ပဲခူးတိုင်း
(၁၂) ဒေါ်ဦးဇွန်း ဘိုးဘွားရိပ်သာ၊ ပခုက္ကူမြို့၊ မကွေးတိုင်း
(၁၃) ဖန်ခါးမြေ ဘိုးဘွားရိပ်သာ၊ မကွေးမြို့၊ မကွေးတိုင်း
(၁၄) တောင်ခြေ ဘိုးဘွားရိပ်သာ၊ မန္တလေး အနောက်မြောက်မြို့နယ်၊ မန္တလေးတိုင်း
(၁၅) ဝန်ဇင်းဘိုးဘွားရိပ်သာ၊ မိတ္ထီလာမြို့၊ မန္တလေး တိုင်း
(၁၆) မင်းကွန်းဘိုးဘွားရိပ်သာ၊ မန္တလေးတိုင်း (မန္တလေးတိုင်း စာရင်းဖြင့် ထောက်ပံ့ကြေးပေးခြင်း ဖြစ်သည်။)
(၁၇) မြင်းခြံ ဘိုးဘွားရိပ်သာ၊ မြင်းခြံမြို့၊ မန္တလေးတိုင်း
(၁၈) ပျဉ်းမနား ဘိုးဘွားရိပ်သာ၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း
(၁၉) တောင်ဝိုင်းရပ် ဘိုးဘွားရိပ်သာ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
(၂၀) ဗုဒ္ဓဘာသာဘိုးဘွားရိပ်သာ၊ သထုံမြို့၊ မွန်ပြည်နယ်
(၂၁) မုဒုံ ဘိုးဘွားရိပ်သာ၊ မုဒုံမြို့၊ မွန်ပြည်နယ်
(၂၂) ဘိုးဘွားရိပ်သာ (စစ်တွေ)၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
(၂၃) သိလရှင်ကလေးများ ဘိုးဘွားရိပ်သာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း
(၂၄) နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

(၂၅) ခရမ်း ဘိုးဘွားရိပ်သာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း၊

(၂၆) လားရှိုး ဘိုးဘွားရိပ်သာ၊ လားရှိုးမြို့၊ ရှမ်းပြည်နယ်

(၂၇) မြောင်းမြ ဘိုးဘွားရိပ်သာ၊ မြောင်းမြမြို့၊ ရခိုင်ဒေသတိုင်း

(၂၈) ပုသိမ် ဘိုးဘွားရိပ်သာ၊ ပုသိမ်မြို့၊ ရခိုင်ဒေသတိုင်း

(၂၉) ဟသံတ ဘိုးဘွားရိပ်သာ၊ ဟသံတမြို့၊ ရခိုင်ဒေသတိုင်း

(၃၀) ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာ၊ ဗျာပုံမြို့၊ ရခိုင်ဒေသတောင်တိုင်း တို့ဖြစ်သည်။

မသန်မစွမ်းသူများ ပြန်လည်ထူထောင်ရေး လုပ်ငန်း

မသန်စွမ်းသူ ဆိုရာ၌ ရုပ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှု အမြဲတမ်းဖြစ်နေကြသူများဖြစ်ပြီး –

(က) ကိုယ်အင်္ဂါမသန်စွမ်းသူများ

(ခ) မျက်မမြင်များ

(ဂ) စကားပြောဆက်သွယ်မှုမဆောင်ရွက်နိုင်သူများ

(ဃ) စကားပြောဆက်သွယ်မှုနှေားမကြားသူများ

(င) ဉာဏ်ရည်မမီသူများ

(စ) နာတာရှည်ရောဂါသည်များ

စသည်ဖြင့် အမျိုးအစားများခွဲခြားနိုင်သည်။

မသန်စွမ်းသူများကို မသန်စွမ်းမှုအမျိုးအစားအလိုက် ပြန်လည်ထူထောင်ပေးနိုင်ရန်အတွက် သင်တန်းကျောင်းလေးကျောင်းဖွင့်လှစ်ထားသည်။

ဤသင်တန်းကျောင်းများမှာ –

(က) မသန်စွမ်းကလေးများသင်တန်းကျောင်း

(ခ) မျက်မမြင်ကျောင်း

(ဂ) နားမကြားကျောင်း

(ဃ) မသန်စွမ်း သက်ကြီး သင်တန်းကျောင်းများ ဖြစ်သည်။

(က) မသန်စွမ်းကလေးများသင်တန်းကျောင်း

မသန်စွမ်းကလေးများ သင်တန်းကျောင်းမှာရန်ကုန်မြို့တွင်ရှိ၍ ၁၉၇၁ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့တွင် ရှေ့ပြေးစီမံကိန်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး မသန်စွမ်းမှု အမျိုးမျိုးရှိသော ကလေး (၉) ဦးအား စတင်လက်ခံသင်ကြားပေးခဲ့သည်။ စီမံကိန်းအောင်မြင်မှု ရှိသဖြင့် ကလေးဦးရေကိုတိုး၍လက်ခံရန် ရည်ရွယ်ချက်ဖြင့် ကလေး (၁၀၀) ဆန့်ကျောင်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့သည်။

ကျောင်းတွင် အသက် ၆ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းကလေးများ၊ သူငယ်နာအကြောတင်း၊ ပိုလီယို၊ ကြောရိုးမပိတ်ရောဂါရှင်များ၊ ဒေါင်းဆရင်းဒွန်း (Down's Syndrome) ဉာဏ်ရည်မမီကလေးများကိုလက်ခံ၍–

(၁) သာမန်ကျောင်းများတွင် တက်ရောက်နိုင်ခြင်းမရှိသော မသန်စွမ်းကလေးများအား အခြေခံပညာ သင်ကြားပေးရန်။

(၂) သာမန်ကျောင်းများသို့ တက်ရောက်နိုင်ရန် အလားအလာရှိသောမသန်စွမ်းကလေးများအား ကာယဉာဏ၊ စာရိတ္တမှစ၍ ဖွံ့ဖြိုးတိုးတက်ရေးပြုစုလေ့ကျင့် ပျိုးထောင်ပေးပြီး သာမန်အတန်းကျောင်းများသို့ နေရာချထားပေးရန်။

(၃) ဉာဏ်ရည်နှောင့်နှေးသောကလေးများအား အခြေခံပညာသင်ကြားပေးရန်။

(၄) ဉာဏ်ရည်မမီသောကလေးများအား မိမိဘာသာရပ်တည်နိုင်ရန်နှင့် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာ နေထိုင်နိုင်ရန်အတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

(၅) မသန်စွမ်း၊ ဉာဏ်ရည်မမီ ကလေးများအား အသက်မွေးဝမ်းကျောင်းပညာကို သင်ကြားပေးရန်

– စသည့်ရည်ရွယ်ချက်များနှင့်အညီ စောင့်ရှောက်ပြန်လည်ထူထောင်ပေးလျက် ရှိသည်။

သာမန်ဉာဏ်ရည်ရှိ ကလေးများကို စတုတ္ထတန်းအထိ ပညာသင်ကြားပေးပြီးလျှင် အခြေခံပညာရေးမူလတန်းအဆင့်စာမေးပွဲကို ဖြေဆိုကြရသည်။ စာမေးပွဲအောင်မြင်လျှင် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိအတန်းကျောင်းများတွင် ပညာ ဆက်လက်သင်ကြားနိုင်သည်။ ဉာဏ်ရည်မမီသော ကလေးများကို မိမိဘာသာရပ်တည်နိုင်ရန်အတွက် အဓိကထားပြီး လေ့ကျင့်ဆောင်ရွက်ပေးလျက် ရှိသည်။

(ခ) မျက်မမြင်ကျောင်း

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ မျက်မမြင်ကျောင်းသည် (The Society for the Propagation of the Gospel in Foreign Parts:အမည်ရှိ အင်္ဂလိပ်သာသနာပြု အဖွဲ့က ၁၉၁၄ ခုနှစ်၊ သြဂုတ်လ (၁၄) ရက်နေ့၌ မျက်မမြင် ကျောင်းသားအနည်းငယ်ဖြင့် စတင်တည်ထောင်ခဲ့သော ကျောင်းဖြစ်သည်။

အင်္ဂလိပ်မျက်မမြင် ဘုန်းတော်ကြီး Father Jackson က ၁၉၁၇ ခုနှစ်၌ ကျောင်းအုပ်အဖြစ် ဆက်လက်တာဝန်ယူကာ စာပေနှင့်လက်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ၁၉၃၆ ခုနှစ်၌ အင်္ဂလိပ် စိန့်မိုက်ကယ်သသနာပြုအဖွဲ့က တာဝန်ယူ၍ ဆက်လက်ဖွင့်လှစ်ခဲ့ရာ ၁၉၄၂ ခု၊ ဒုတိယကမ္ဘာစစ်အတွင်း ကျောင်းကို ယာယီပိတ်ထားပြီး ကျောင်းသားများအား အခြားမြို့နယ်များရှိ ဘာသာတူအသင်းအဖွဲ့များသို့ ခွဲဝေပို့အပ် စောင့်ရှောက်စေခဲ့သည်။

၁၉၄၈ ခုနှစ်တွင် ကျောင်းပြန်လည် ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်က ၁၉၆၃ ခုနှစ် နိဝင်ဘာလ (၁) ရက်နေ့တွင် လွှဲပြောင်းတာဝန်ယူကာ လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်သင်တန်းကျောင်းအဖြစ်စတင်ဖွင့်လှစ်ခဲ့သည်။

အသက် (၆) နှစ်မှ (၁၈) နှစ်အထိရှိ မျက်စိမမြင်သူများအား ကျောင်းအိပ်ကျောင်းစားအဖြစ် လက်ခံစောင့်ရှောက်ပြုစုပြီး ပြန်လည်ထူထောင်မှု ပြုပေးသည်။ မျက်မမြင်များအတွက် အထူးသတ်မှတ်ထားသော သင်ကြားပို့ချပုံနည်းစနစ်များဖြင့် သင်ကြားခြင်း၊ မျက်မမြင်လက်စမ်းစာ (Braille) ဖြင့် ကျောင်းပညာသင်ကြားခြင်း၊ အသက်မွေးပညာသင်ကြားခြင်း၊ အလုပ်အကိုင် နေရာချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ အသက်မွေးပညာသင်တန်းများမှာ ကြိမ်လုပ်ငန်း၊ ဝါးပစ္စည်းလုပ်ငန်း၊ အနှိပ်၊ ဂီတသင်တန်းများကို သင်ကြားလေ့ကျင့်ပေးခြင်း ဖြစ်သည်။

မျက်မမြင်များစာကို လက်ဖြင့်ဖတ်နိုင်ရန် တီထွင်ပေးခဲ့သည့် ပြင်သစ်အမျိုးသား ခရစ်ယာန်ကျောင်းဆရာ လူဝိဘရေးလ် (Louis Braille)ကိုအစွဲပြုပြီး ဘရေးလ် (Braille)ဟုခေါ်တွင်ခြင်းဖြစ်သည်။ မျက်မမြင် လက်စမ်းစာ အကူအညီဖြင့် မျက်မမြင်များထဲမှ ကျောင်းပညာတွင် အခြေခံပညာအထက်တန်းအောင်မြင်သူများ၊ တက္ကသိုလ်တက်ရောက်နေသူများ၊ တက္ကသိုလ်ဘွဲ့ရများ ပေါ်ထွက်ခဲ့သည်။

မျက်မမြင်များအား သင့်လျော်သလို အလုပ်အကိုင်များလည်း ရှာဖွေဆောင်ရွက်ပေးလျက်ရှိသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိစေရန် အတွက် မျက်မမြင်ကုန်ထုတ်သမဝါယမအသင်းကို တည်ထောင်ဖွဲ့စည်း ပေးခဲ့သည်။

(ဂ)နားမကြားကျောင်း

နားမကြားကျောင်းကို မန္တလေးမြို့တွင် ဖွင့်လှစ်ထားပြီးအသက်(၆) နှစ်မှ (၁၈) နှစ်အထိရှိ ဆွံ့အနားမကြားသူများအား ကျောင်းအိပ်ကျောင်းစားအဖြစ် လက်ခံစောင့်ရှောက်ထားသည်။ နားမကြားသူများအတွက် အထူးသတ်မှတ်ထားသော သင်ကြားပို့ချပုံနည်းစနစ်များ၊ Sign language စနစ်များဖြင့် ကျောင်းစာသင်ကြားခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားခြင်း များကို ဆောင်ရွက်သည်။

(ဃ) မသန်စွမ်းသက်ကြီးသင်တန်းကျောင်း

မသန်စွမ်း သက်ကြီး သင်တန်းကျောင်းသည် ရန်ကုန်မြို့တွင် တည်ရှိပြီး အသက် (၁၈) နှစ်မှ (၄၅) နှစ်အထိရှိ ကိုယ်အင်္ဂါမသန်စွမ်းဖြစ်သူများအား လက်ခံ၍ အသက်မွေးပညာသင်တန်းများ သင်ကြားပြီး ပြန်လည်ထူထောင်မှု ပြုပေးသည်။

ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်း



ဤကျေးငှါးကို မသန်စွမ်းသူများ ဖြစ်လာသော စစ်မှုထမ်းဟောင်းများ အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးရေးဌာန၊ အုပ်ချုပ်ရေးဘုတ်အဖွဲ့အမည်ဖြင့် ၁၉၅၄ ခုနှစ်ဩဂုတ်လတွင် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၂ ခုနှစ် နိုဝင်ဘာလ (၂၇) ရက်နေ့တွင် မသန်စွမ်းဖြစ်လာသူများ"လူစဉ်မီရေးနှင့် အလုပ်ရရှိရေးအဖွဲ့" အမည်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၁၉၆၅ ခုနှစ်တွင် လူမှုဝန်ထမ်းဦးစီးဌာနက တာဝန်ယူ၍ လူမှုဝန်ထမ်း သင်တန်းကျောင်း အမည်သို့ ပြောင်းလဲကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့သည်။

အသက်မွေးပညာသင်တန်းများအဖြစ် လက်သမားပညာ၊ စက်ချုပ်၊ အော့ဖ်ဆက်ပုံနှိပ်၊ ပိုးဏာပုံနှိပ်၊ ဓာတ်ပုံရိုက်၊ အကြောပြင်အနှိပ်၊ ရေဒီယိုပြင်နှင့် တီဗွီပြင် သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးသည်။ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် မသန်စွမ်းသူများကုန်ထုတ်သမဝါယမအသင်းကို ဖွဲ့စည်းဆောင်ရွက်ပေးလျက် ရှိသည်။

တောင်းရမ်းစားသောက်သူများ လျော့နည်းပပျောက်ရေး လုပ်ငန်း

ရွေးမင်းများ၏ အာဏာစက်ကို အကြောင်းပြုမှုများ၊ မျိုးရိုးအနွယ် အစွဲအလမ်းကြီးမှုများ၊ လူအချို့၏အယူသီးမှုများ– စသည်တို့ကြောင့် ဘုရားကျွန်၊ ကျောင်းကျွန်၊ စဏ္ဍာလ၊ ဒွန်စဏ္ဍား၊ သင်ချို၊ ဖုန်းတောင်းယာစကား၊ ကယ်ပါစသည့်အမည်များဖြင့် တောင်းရမ်းစားသောက်သူ များရှိခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် ထိုတောင်းရမ်းစားသောက်သူများအား အနှောင်အဖွဲ့အား လုံးမှ လွတ်ကင်းစေလျက် ၄င်းတို့၏ဆန္ဒအတိုင်း လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်စွာ လုပ်ကိုင်နေထိုင်ရန် လမ်းဖွင့်ပေးခဲ့ပြီး၊ လက်တွေ့အစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့သည်။

မျိုးရိုးအရ တောင်းရမ်းစားသောက်သူများ ပပျောက်ရေးအတွက်လူထုပညာရေးကောင်စီလက်ထက်တွင် အစီအစဉ်များချမှတ်၍ ဆောင်ရွက်ခဲ့သည်။ တော်လှန်ရေးအစိုးရလက်ထက်တွင် မျိုးရိုးအရ တောင်းရမ်းစားသောက်သူ ကယ်ပါရွာများကို ဖျက်သိမ်း၍ အခြားမြို့ရွာများ၏ ရပ်ကွက်အဖြစ် အစုအဖွဲ့အလိုက် ဖွဲ့စည်းကာ ရပ်ကွက်အမည်သစ်များ ပေးခဲ့သည်။



မန္တလေးပြန်လည်ထူထောင်ရေးစခန်း၏ ပုံနှိပ်လုပ်ငန်း

မျိုးရိုးအရ တောင်းရမ်း စားသောက်မှုများသည် ခေတ်နှင့်လျော်ညီခြင်းမရှိသဖြင့် ထိုမျိုးရိုးအစွဲအလမ်းများလုံးဝပပျောက်ရန်၊ တောင်းရမ်းစားသောက်သူများသည် ကိုယ်အားကိုယ်ကို၍ ရှာဖွေစားသောက်နိုင်ရန်၊ တောင်းရမ်းစားသောက်သူများ၏ လူမှုအဆင့်အတန်း နိမ့်ကျမှုကို မြှင့်တင်ရန်၊ လူမှုရေးပေါင်းစည်းမှု (Social integration) များကို လူမှုရေးနည်းလမ်းများဖြင့် စီစဉ် ဆောင်ရွက်ပေးခဲ့သည်။

တောင်းရမ်းစားသောက်သူများ အလုပ်အကိုင် ရရှိနိုင်ရေးအတွက် ကုန်ထုတ် သမဝါယမအသင်းများ တည်ထောင်ပေးခြင်း၊ ထိုက်သင့်သော အလုပ်အကိုင်များ ရှာဖွေပေးခြင်း၊ ၄င်းတို့၏ကလေးများ ပညာသင်ကြားခွင့် ရရှိရေးအတွက် စေတနာမူလတန်း ညကျောင်းများဖွင့်လှစ် ပညာသင်ကြားခြင်း၊ လူငယ်ရိပ်သာများ တည်ထောင်ပေးခြင်းတို့ကို မန္တလေးတိုင်း၊ ပုဂံညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းရှိ အချို့သောမြို့နယ်များတွင် ဆောင်ရွက်ပေးခဲ့သည်။



အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)မှ သင်တန်းသူတစ်စု

စေတနာဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေး လုပ်ငန်း

လူမှုဝန်ထမ်း လုပ်ငန်းများကို အစိုးရအဖွဲ့အစည်း တစ်ခုတည်းဖြင့် ဆောင်ရွက်ခြင်းထက် စေတနာဝန်ထမ်း အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများပါရှိလျှင် ပိုမိုတိုးတက် အောင်မြင်နိုင်ပေသည်။ ထို့ကြောင့်လည်း လူမှုဝန်ထမ်း ဦးစီးဌာနသည် လုပ်ငန်းရည်ရွယ်ချက်ချင်း တူညီသောဌာန၏ သတ်မှတ်စည်းမျဉ်းနှင့် ညီညွတ်သော စေတနာဝန်ထမ်း အဖွဲ့အစည်းများ၏ ကျောင်းများ၊ ဂေဟာများ၊ အသင်းများ၊ အဖွဲ့အစည်းများကိုလည်း လုပ်ငန်းများ ရှင်သန်စေရန်နှင့် အောင်မြင်စေရန် ဆန်၊ စား၊စရိတ်၊ ဝတ်စရိတ်၊ ကျွမ်းကျင်မှု အကူအညီများကို နှစ်စဉ်ထောက်ပံ့ပေးလျက် ရှိသည်။ ထောက်ပံ့ကြေး ပေးရာတွင် ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များ ခွဲ၍ထောက်ပံ့သည်။ ပထမ ဆင့် – ဆန်ထောက်ပံ့ခြင်း၊ ဒုတိယဆင့် – ဆန်၊ စား၊စရိတ်၊ ဝတ်စရိတ်ထောက်ပံ့ခြင်း၊ တတိယဆင့် – ဆန်၊ စား၊စရိတ်၊ ဝတ်စရိတ်နှင့်ဂေဟာမှူး လစာများ ထောက်ပံ့ခြင်းတို့ကို နှစ်စဉ်ပေးအပ် ထောက်ပံ့လျက် ရှိသည်။

မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည် ထူထောင်ရေး လုပ်ငန်း

မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်သည် များပြား လွန်းလှသည်။ မူးယစ်ဆေးဝါး၏ အဝိုကအာနိသင်မှာ စွဲလမ်းမှု အရှိန်ပြင်းလွန်းခြင်း ဖြစ်သည်။ မူးယစ်ဆေး၏ သားကောင်ဖြစ်ရသည့် လူငယ်များကို မူးယစ်ဆေးသုံးစွဲမှု ပြတ်တောက်ရေး၊ လူကောင်းသူကောင်း ပြန်ဖြစ်ရေးနှင့် လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ ရပ်တည်နိုင်ရေး အတွက် ဆေးဖြတ်ဆေးဝါးကုသခြင်း လုပ်ငန်းစဉ်နောက်တွင် ပြန်လည်ထူထောင်ရေး (Rehabilitation) လုပ်ငန်းစဉ်ကို ဆောင်ရွက်ပေးသည်။

ပြန်လည် ထူထောင်ရေး လုပ်ငန်းစဉ်အတွက် လူမှုဝန်ထမ်းဦးစီးဌာနသည် ပြန်လည် ထူထောင်ရေးစခန်းရှစ်ခုကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြည်မြို့ (ဝက်ထီးကန်)၊ ဖယ်ခုံမြို့၊ နမ်းလတ်၊ ကျိုင်းတုံမြို့၊ လားရှိုးမြို့နှင့် မြစ်ကြီးနားမြို့များတွင် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဦးစီးဌာနအောက်ရှိ မူးယစ်ဆေးစွဲရောဂါကုသရေးဆေးရုံများတွင် ဆေးဖြတ်ဆေးဝါးကုသမှု ခံယူပြီးသူများအား ပြန်လည်ထူထောင်ရေး စခန်းများတွင်

သင်တန်းသား အဖြစ်လက်ခံ၍ ရုပ်ပိုင်းစိတ်ပိုင်း ပြန်လည် ထူထောင် ပေးခြင်း၊ အသက်မွေးပညာ သင်တန်းများ သင်ကြားခြင်း၊ သင်တန်းဆင်းပြီးပါက နောက်ဆက်တွဲ စောင့်ရှောက်မှု (After Care) ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက် ပေးသည်။

ဆေးစွဲသူများမှာ ကျန်းမာရေးချို့တဲ့မှု၊ ရုပ်ပိုင်း ဆိုင်ရာ အားနည်းမှုများရှိသဖြင့် ရုပ်ပိုင်းပြန်လည် ထူထောင် ပေးမှုများ၊ ဆေးစွဲခြင်းမှာ စိတ်ပညာရှုထောင့်အရ စိတ် စွဲလမ်းခြင်း တစ်မျိုးဖြစ်သဖြင့် အကြံပေးလမ်းညွှန် ခြင်း၊ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်း – စသည်တို့ဖြင့် စိတ်ပိုင်း ပြန်လည် ထူထောင်မှုများ၊ အလုပ်ထဲတွင် အာရုံထား၊ အလုပ်အား ချစ်မြတ်နိုး၊ တတ်စေရန်အတွက် အလုပ်ခွင်ကုထုံး (Occupational Therapy) အဖြစ် အသက်မွေးပညာ သင်တန်းများ သင်ကြားလုပ်ကိုင်စေခြင်းတို့ဖြင့် ပြန်လည် ထူထောင်မှုများ ပြုလုပ်သည်။

အသက်မွေးပညာ သင်တန်းများတွင် တွင်ခုံ ဖောက်ခုံ၊ သံဂဟေဆက်၊ ပိုးဇာပုံနိပ်၊ ပုံနိပ်နှင့်မိတ္တူကူး၊ ကားဘော်ဒီ ဆေးမှုတ်၊ ကားရေဆေးဆီထိုး၊ ကားအင်ဂျင် ပြုပြင်ခြင်း စသည့် သင်တန်းများကို သင်ကြားလေ့ကျင့် လုပ်ကိုင် စေသည်။

သင်တန်းကာလမှာ မတက်မနေရ ကာလ (၃) လ ကာလ သတ်မှတ်သည်။ ဖယ်ခုံနှင့် ဝက်ထိုးကန်စခန်းများမှာမူ သင်တန်းကာလ (၉) လဖြစ်သည်။ သင်တန်း ကာလ ပြည့်မြောက်သော်လည်း သင်တန်းသားများက ဆက်လက် တက်ရောက်ရန် ဆန္ဒရှိပါက ဆက်လက် တက်ရောက် ခွင့်ပြုသည်။

သင်တန်းဆင်းပြီးပါက ပြန်လည်ထူထောင်ရေးစခန်း များ၏ မျက်ကွယ်သို့ ရောက်ရှိသွားပြီဖြစ်၍ မူးယစ်ဆေးဝါး ပြန်လည်သုံးစွဲမှု မရှိစေရန် နောက်ဆက်တွဲကာလ တစ်နှစ် သတ်မှတ်ပြီး ဆက်လက်စောင့်ရှောက်သည်။ ဤသို့ ဆောင်ရွက်နိုင်ရန် အတွက် စေတနာဝန်ထမ်းကြီးကြပ်ရေး မှူးများကို ပြည်သူလူထုအတွင်း စည်းရုံးဖော်ထုတ်၍ ကျွမ်းကျင်မှု သင်တန်းများ လေ့ကျင့်ကာ ခန့်အပ် ဆောင်ရွက်သည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ

ပညာရေးဝန်ကြီးဌာန စက်မှု၊ စိုက်ပျိုးရေးနှင့် သက်မွေး ပညာဦးစီးဌာန (ယခုစက်မှုနှင့် သက်မွေးပညာ ဦးစီး ဌာန)ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့တွင် လူမှု ဝန်ထမ်းဦးစီးဌာနသို့ လွှဲပြောင်း ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ခြောက်ကျောင်းကို ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ငူမြို့၊ ပုသိမ်မြို့၊ မြစ်ကြီးနားမြို့နှင့် မော်လမြိုင်မြို့များတွင် ဖွင့်လှစ် ပြီး အချုပ်အလုပ်သင်တန်းများ၊ အချက်အပြုတ်သင်တန်း များ၊ မုန့်မျိုးစုံပြုလုပ်သည့် သင်တန်းများ ပုံမှန်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

လူမှုဝန်ထမ်းသင်တန်းသည် အလွန်ကျယ်ပြန့်သော သဘောရှိသည်။ ထို့ပြင် လူသားအချင်းချင်း ပြုစု စောင့်ရှောက်ကူညီရသော လုပ်ငန်းဖြစ်သဖြင့်လည်း သိမ်မွေ့နူးညံ့ နက်ရှိုင်းသည့် သဘောရှိသည်။ ထို့ကြောင့်လည်း မေတ္တာ၊ ကရုဏာ၊ အကြင်နာ စေတနာ၊ ကိုယ်ချင်း စာနာမှုစသည့် စိတ်ထားကောင်းများ အခြေခံ၍ ဆောင်ရွက်ရသည်။

ထို့အပြင် လုပ်ငန်းအနေဖြင့် ကျယ်ပြန့်သော သဘော ရှိသဖြင့်လည်း လူမှုဝန်ထမ်း လုပ်ငန်းများ ဆောင်ရွက်ရာ တွင် အစိုးရအဖွဲ့အစည်းသာမက၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ(NGOS - Non Governmental Organizations)၏ ပူးပေါင်း ဆောင်ရွက်မှုများလည်း ကျယ်ပြန့်စွာ ရှိသင့်သည်။ အဝိကအရေးကြီးသည်မှာ ပြည်သူလူထု၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြစ်သည်။ ပြည်သူများ၏ စေတနာဝန်ထမ်းစိတ်ထား၊ စေတနာ ဝန်ထမ်းမှုနှင့် ငွေကြေး၊ လိုအပ်ပစ္စည်းများအား လှူဒါန်း ကူညီမှုတို့သည် လုပ်ငန်းအောင်မြင်မှုကို များစွာ အထောက်အကူ ပြုပေသည်။

သချိုပညာသဘောအရ ကိန်းဂဏန်းတစ်ခုနှင့် နောက်ကိန်းတစ်ခုပေါင်းလျှင် ညီမျှခြင်း၏ အခြား တစ်ဖက်တွင် တိုးတက်များပြားလာသည့် သဘောကို ဖော်ဆောင် သည်။ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လူမှုဝန်ထမ်းလုပ်ငန်း ဆောင်ရွက်မှု များတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုများကို အပေါင်းကိန်းပြုလျှင် ညီမျှခြင်း၏ အခြား တစ်ဖက်၌ လုပ်ငန်းအောင်မြင်မှုများ ပိုမိုရရှိလာမည်ဖြစ်ပေသည်။ ။

မောင်ငွေငွေး (လူမှုဝန်ထမ်း)










PESSOTTO
7

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

အားကစားနည်း အမျှိုးမျိုးရှိသည့်အနက် ဘောလုံးကစားနည်းသည် အထူးလူကြိုက်များ ရေပန်းစားသည့် ကစားနည်းတစ်ရပ် ဖြစ်သည်။ စင်စစ် ဘောလုံးအားကစားနည်းသည် အဂီလန်နိုင်ငံမှ အစပြုပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ တစ်စတစ်စဖြင့် အထူးလူကြိုက်များ ရေပန်းစားပြီး ကမ္ဘာတစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ရောက်ရှိသွားသည်။ ကမ္ဘာ့နိုင်ငံ အသီးသီးကလည်း ဘောလုံးအားကစားနည်းကို မြေတောင်မြောက် မြှင့်တင်ပေးလျက်ရှိရာ ဘောလုံးပြိုင်ပွဲကို အထူးကြည့်ရှု အားပေးလျက် ရှိသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဆိုလျှင် တစ်ကမ္ဘာလုံးကို ဖမ်းစားထား သည်အထိ ဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ပါဝင် ယှဉ်ပြိုင်ခွင့်ရသည့် နိုင်ငံများအနေဖြင့် ဝမ်းသာဂုဏ်ယူမဆုံး ဖြစ်ကြသလို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အကျော်အမော်ဘောလုံး သမားများ၏ အမြင့်ဆုံးရည်မှန်းချက်မှာဘောလုံးပြိုင်ပွဲတွင်မိမိ နိုင်ငံကို ကိုယ်စားပြုပါဝင် ယှဉ်ပြိုင်ခွင့် ရရှိစေရေးပင် ဖြစ်သည်။ သူတို့အတွက် ရွှေရောင်အခွင့်အရေးဟုပင် ခေါ်ဆိုနိုင်ပေသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ၁၉၃၀ ပြည့်နှစ်မှ စတင်၍ ဥရုဂွေးနိုင်ငံတွင် ကျင်းပခဲ့ပြီး နောက်ပိုင်းတွင် လေးနှစ်တစ်ကြိမ်ကျစီ ပြုလုပ်ရန် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ဆုံးဖြတ်ခဲ့သည်။ မူလက ကမ္ဘာ့ဖလား ဘောလုံး ပြိုင်ပွဲကို ဂျူးလ်စ်ရီမက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဟု သတ်မှတ်ခေါ်ဆိုခဲ့ကြသည်။ အကြောင်းမှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ စတင်ပေါ်ပေါက်လာစေရန် အစပျိုး ကြိုးပမ်းဆောင်ရွက်ခဲ့သော ထိုစဉ်က ပြင်သစ်နိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်သူ ဂျူးလ်စ် ရီမက်ကို ဂုဏ်ပြုခေါ်ဆိုခြင်း ဖြစ်သည်။

၁၉၃၀ ပြည့်နှစ် ဥရုဂွေးနိုင်ငံ၌ စတင်ပြုလုပ်ခဲ့သော ပထမအကြိမ်ဘောလုံးပြိုင်ပွဲမှသည် ၁၉၉၄ ခုနှစ် အမေရိကန် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအထိ (၁၅) ကြိမ်ရှိသွားပြီ ဖြစ်သည်။ ယခုပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပသည့်(၁၆) ကြိမ်မြောက် ပြိုင်ပွဲအထိဆိုလျှင် သက်တမ်း ၆၈ နှစ်ရှိသွားပြီဖြစ်သည်။ ၆၈နှစ်ကြာ သမိုင်းတွင် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းယှဉ်ပြိုင်နိုင်သည့် နိုင်ငံဟူ၍ ၁၁ နိုင်ငံသာရှိသည်။ ယင်း ၁၁ နိုင်ငံသည် ဥရောပနိုင်ငံနှင့် တောင်အမေရိကတိုက်နှစ်တိုက်မှ နိုင်ငံများ ဖြစ်ကြသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ရောက်ရှိရေးမှာ လွယ်ကူသည့်ကိစ္စမဟုတ်ဘဲ ကမ္ဘာ့တိုက်ကြီးများအလိုက်ဇုန်ခွဲ၍ ကျင်းပသော ခြေစစ်ပွဲများကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားပြီးမှ တက်လှမ်းရောက်ရှိခဲ့ခြင်း ဖြစ်သည်။ အိမ်ရှင်အသင်းနှင့် လက်ရှိ ချန်ပီယံအသင်းများမှာ ခြေစစ်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မလိုဘဲ အလိုအလျောက် ခြေစစ်ပွဲအောင်သော နိုင်ငံများအဖြစ် သတ်မှတ်ခြင်းခံရသည်။

ပြင်သစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မြင်ကွင်း



ပထမအကြိမ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၃ နိုင်ငံသာရှိခဲ့ပြီး ၁၉၃၄ ခုနှစ် အီတလီနိုင်ငံတွင် ပြုလုပ်သည့် ဒုတိယအကြိမ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှ စတင်ကာ နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်နိုင်ငံ ၁၆ နိုင်ငံအထိ တိုးမြှင့်ခွင့်ပြုခဲ့သည်။ထို့နောက် ၁၉၈၂ခုနှစ် စပိန် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှစ၍ ကမ္ဘာ့ဖလား နောက်ဆုံးအဆင့် ပြိုင်ပွဲသို့ အသင်း ၁၆ သင်းအစား ၂၄ သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုခဲ့သည်။ ယခု ပြင်သစ်တွင် ကျင်းပသည့် (၁၆)ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် မူ အသင်း ၃၂ သင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့် ပြုသည်ကို တွေ့ရသည်။

ပြင်သစ်တွင် ကျင်းပသည့် (၁၆) ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသို့ ဥရောပမှ ၁၅ သင်း၊ တောင်အမေရိကမှ ငါးသင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်း အမေရိကကျွန်းစုဒေသမှ သုံးသင်း၊ အာဖရိကတိုက်မှ ငါးသင်းနှင့် အာရှတိုက်မှ လေးသင်း၊ စုစုပေါင်း ၃၂ သင်း ပါဝင် ယှဉ်ပြိုင်ခဲ့ကြသည်။

ပဏာမ အဆင့်ပြိုင်ပွဲအတွက် ၃၂ သင်းကို အုပ်စုရှစ်စု ခွဲကာ ယှဉ်ပြိုင်ကစားစေခဲ့သည်။ ပဏာမအဆင့် အုပ်စုတွင်း ပြိုင်ပွဲများကို ၁၀-၆-၉၈ နေ့မှ ၂၆-၆-၉၈နေ့ အထိ ယှဉ်ပြိုင်ကစားစေခဲ့သည်။ အုပ်စုရှစ်စုမှာ အုပ်စု (က) တွင် ဘရာဇီး၊ နော်ဝေး၊ မော်ရိုကို၊ စကော့တလန်၊ အုပ်စု(ခ) တွင် အီတလီ၊ ချီလီ၊ သြစတြီးယား၊ ကင်မရွန်၊ အုပ်စု (ဂ) တွင် ပြင်သစ်၊ ဒိန်းမတ်၊ ဆော်ဒီအာရေဗျ၊ တောင်အမေရိက၊ အုပ်စု (ဃ) တွင် နိုင်ဂျီးရီးယား၊ ဘူဂေးနီးယား၊ ပါရာဂွေး၊ စပိန်၊ အုပ်စု (င) တွင် မက္ကဆီကို၊ ဟော်လန်၊ ဘယ်ဂျီယံ၊ တောင်ကိုရီးယား အုပ်စု(စ)တွင် ဂျာမနီ၊ ယူဂိုစလားဗီးယား၊ အမေရိကန်၊ အီရန်၊ အုပ်စု (ဆ) တွင် အာဂျင်တီးနား၊ ရိုမေးနီးယား၊ ကိုလံဘီယာ၊ တူနီးရှားနှင့် အုပ်စု (ဇ) တွင် ခရိုအေးရှား၊ အာဂျင်တီးနား၊ ဂျမေကာ၊ ဂျပန် တို့ပါဝင်ကြသည်။

၁၉၉၈ခုနှစ် ပြင်သစ်ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်စွဲမည်ဟုရေပန်းစားနေသော ဘရာဇီးအသင်းနှင့် စကော့တလန်အသင်းတို့ သည် အုပ်စု (က) ပထမပွဲစဉ်အဖြစ် ပြင်သစ်နိုင်ငံ ၊ ပါရီမြို့ စတိတ်ဒီဖရန့်အား၊ကစားကွင်း၌ ဇွန် ၁၀ ရက်နေ့က စတင်ယှဉ်ပြိုင်ကစားခဲ့ရာ ဘရာဇီးအသင်း ကနှစ်ဂိုး-တစ်ဂိုးဖြင့် ပွဲဦးထွက် အနိုင်ရရှိသွားသည်။

ဇွန် ၂၆ ရက်နေ့ ပဏာမအုပ်စု ပွဲစဉ်များအားလုံး ကစားအပြီးတွင် အနိုင်အရှုံး ရမှတ်အလိုက် အုပ်စုတစ်အုပ်စုမှ နှစ်သင်းစီ စုစုပေါင်း အသင်း ၁၆ သင်း၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်လာခဲ့သည်။ ယင်း ၁၆ သင်းမှာ အုပ်စု (က) မှ ဘရာဇီးနှင့် နော်ဝေး၊ အုပ်စု (ခ) မှ အီတလီနှင့် ချီလီ၊ အုပ်စု (ဂ)မှ ပြင်သစ်နှင့် ဒိန်းမတ်၊ အုပ်စု (ဃ) မှ နိုက်ဂျီးရီးယားနှင့် ပါရာဂွေး၊ အုပ်စု (င)မှ ဟော်လန်နှင့် မက္ကဆီကို၊ အုပ်စု (စ)မှ ဂျာမနီနှင့် ယူဂိုစလားဗီးယား၊ အုပ်စု (ဆ)မှ ရိုမေးနီးယားနှင့် အင်္ဂလန်၊ အုပ်စု (ဇ)မှ အာဂျင်တီးနားနှင့် ခရိုအေးရှားတို့ဖြစ်ကြသည်။

အုပ်စုပွဲစဉ် ပွဲဦးထွက်အဖြစ် ဘရာဇီးနှင့် စကော့တလန်တို့ ယှဉ်ပြိုင်ကစားရာ စကော့တလန် တိုက်စစ်မှူးအား ဘရာဇီး နောက်ခံလူ နံပါတ် ၅ က ခပ်ကြမ်းကြမ်းဖျက်ထုတ်စဉ်



ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်

ဤသို့ဖြင့် အုပ်စုအသီးသီးမှ အသင်း ၁၆သင်းပါဝင်သော ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ၂၇-၆-၉၈ ရက်နေ့မှ ၁-၇-၉၈ ရက်နေ့အထိ ယှဉ်ပြိုင်ကစားခဲ့သည်။ ရှုံးထွက်ပြိုင်ပွဲ ကစားပုံ နည်းစနစ်မှာ အုပ်စု (က) ပထမနှင့် အုပ်စု (ခ) ဒုတိယ၊ အုပ်စု (က) ဒုတိယနှင့် အုပ်စု (ခ) ပထမတို့ အပြန်အလှန် ကစားခြင်းဖြစ်သည်။ ကျန် အုပ်စုများကိုလည်း အုပ်စု (ဂ)နှင့်အုပ်စု (ဃ)၊ အုပ်စု (င) နှင့် အုပ်စု (စ)၊ အုပ်စု (ဆ)နှင့် အုပ်စု (ဇ) တို့ကို ယှဉ်တွဲ၍ အထက်ပါ နည်းစနစ်အတိုင်း ယှဉ်ပြိုင်ကစားစေခဲ့သည်။

၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ဇွန် ၂၇ ရက်နေ့တွင် စတင်ကျင်းပရာ ပထမ ပွဲစဉ်၌ အုပ်စု (ခ) ပထမ အိတလိက အုပ်စု(က) ဒုတိယ နော်ဝေအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင် နယ်သို့ တက်သွားသည်။

အိတလီနှင့် နော်ဝေသည် ၁၉၉၄ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု (ဇ) ပွဲစဉ်တွင် တွေ့ဆုံခဲ့ဖူးသော အသင်းနှစ်သင်း ဖြစ်သည်။ ထိုစဉ်က အိတလီသည် လူ ၁၀ ယောက်တည်းဖြင့် ကစားခဲ့ရသော်လည်း နော်ဝေအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ကန်တင်ပြေး စနစ်ဖြင့် အဝေးဘော အသုံးများသော နော်ဝေအား အိတလီနောက်တန်းက ထိန်းချုပ်ထားနိုင်သောကြောင့် နော်ဝေအသင်းဘရာဇီးနှင့် ကစားသည့် ပွဲကဲ့သို့ ကွက်လပ်များမရှိကြောင်း တွေ့ရသည်။ နော်ဝေရှေ့တန်းတိုက်စစ်သည် အိတလီဂိုးဧရိယာ အစပ်၌သာ အဆုံးသတ်နေပြီး တောင်ပံမှ တင်ပို့သောဘောများကိုလည်း အိတလီဂိုးသမားနှင့် နောက်တန်းက ကာကွယ်ဖျက် ထုတ်နိုင်သည်။ လေးကြိမ်ရသော်လည်း ဂိုးကဲခေ၍ သေချာပေါက်ဂိုးများ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

အိတလီအသင်းကစားခဲ့သည့် အုပ်စုပွဲသုံးပွဲတွင် လေးဂိုးသွင်းထားသော ဗိအာရိက အိတလီအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုသွင်းယူခဲ့သည်။ ပထမပိုင်း ၁၈ မိနစ်တွင် အိတလီကွင်းလယ်မှ အလိုက်သင့်ပေးပို့လိုက်သောဘောလုံးကို နော်ဝေး နောက်တန်းလူနှစ်ယောက်နှင့်အတူ ယှဉ်ပြေးဆွဲယူရင်း ဗိအာရိက အပိုင်သွင်းယူလိုက်ခြင်းဖြစ်သည်။

ဒုတိယပွဲစဉ်တွင် လက်ရှိချန်ပီယံဘရာဇီးကချီလီအား သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်းနယ် တက်သွားသည်။ ပထမပိုင်းမှာပင် ဘရာဇီးက ချီလီအား သုံးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားနိုင်သည်။ ချီလီအသင်းက ချေပဂိုးသွင်းနိုင်ရေးအတွက် အချိတ်အဆက် မိမိဖြင့် ထိုးဖောက် ကစားသော်လည်း ဘရာဇီးကခံစစ်လုံအောင် ကစားသွားသည်။

ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဇွန် ၂၈ ရက်နေ့ ပထမပွဲစဉ်တွင် အိမ်ရှင် ပြင်သစ်နှင့်ပါရာဂွေးတို့ အကြိတ်အနယ် ရေကုန်ရေခန်း ယှဉ်ပြိုင်ကစားကြပြီး အချိန်ပိုပြီးခါနီးတွင် ပြင်သစ်က တစ်လုံးတည်းသော ဂွေဂိုးဖြင့် အနိုင်ရှိသွားသည်။ ဒုတိယပွဲစဉ်တွင် ဒိန်းမတ်က နိုင်းဂျီးရီးယားအား လေးဂိုးတစ်ဂိုးဖြင့် ပြတ်ပြတ်သားသား အနိုင်ရရှိသွားသည်။

ဇွန် ၂၉ ရက်နေ့တွင် ပထမပွဲစဉ်တွင် နာမည်ကြီး ဂျာမနီက မက္ကဆီကိုအား နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် နာမည်ကြီးဟော်လန်က ခြေစွမ်းထက်သော ယူဂိုစလားဗီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိကာ ကွာတားဖိုင်းနယ်သို့ တက်သွားသည်။

ဇွန် ၃၀ ရက်နေ့ ပထမပွဲစဉ်တွင် ခရိုအေးရှားနှင့် ရိုမေးနီးယားတို့ယှဉ်ပြိုင်ကစားရာ ခရိုအေးရှားက ပထမပိုင်း ပြီးကာနီးတွင် ပယ်နယ်တီရရှိသဖြင့် ကန်သွင်းရာ ဂိုးဝင်သွားခဲ့သည်။ ဒုတိယပိုင်းတွင် တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းနိုင်ရန် ကြိုးပမ်းကစားသော်လည်း ထပ်မံ မသွင်းနိုင်သဖြင့် တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိသွားသည်။ ဒုတိယပွဲစဉ်တွင် အင်္ဂလန်နှင့် အာဂျင်တီးနားတို့ ယှဉ်ပြိုင်ကစားရာ ပုံမှန်ပွဲချိန်နှင့် အချိန်ပိုကစားပြီးသည် အထိ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျနေသဖြင့် ပယ်နယ်တီဖြင့် ဆုံးဖြတ်ရာ အာဂျင်တီးနားက လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ အာဂျင်တီးနားနှင့် အင်္ဂလန်ပွဲသည် အကြာဆုံးနှင့် ကြည့်အကောင်းဆုံးပွဲ ဖြစ်သည်။ နှစ်သင်းစလုံး ရေကုန်ရေခန်း မနားတမ်းယှဉ်ပြိုင်ကစားသွားသဖြင့် ဘောလုံးဝါသနာရှင်များ ပွဲကြိုးပွဲကောင်း တစ်ခုအဖြစ် ကြည့်ရှုရသည်။ အင်္ဂလန်အသင်း ခြေစွမ်းထက်သော်လည်း ဘောလုံးသမားတစ်ယောက်၏ အမှတ်မထင် အမှားကြောင့် နိုင်ချေ ရှိနေရာမှ ရှုံးနိမ့်ခဲ့သည်။ ဘောလုံးကွင်းထဲ၌ ဒိုင်သူကြီး၏ အဆုံးအဖြတ်သည်သာ အခရာဖြစ်ကြောင်း သင်ခန်းစာပေးသွားသည့်ပွဲလည်း ဖြစ်သည်။

ကွာတားဖိုင်းနယ် ပွဲစဉ်များ

ဒုတိယအဆင့် ရှုံးထွက် ပြိုင်ပွဲများဖြစ်သည့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ၃-၇-၉၈ ရက်နေ့မှ ၄-၇-၉၈ ရက်နေ့ အထိ ကျင်းပခဲ့သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များ ကျင်းပသောအခါ အသင်းရှစ်သင်းသာ ကျန်တော့သည်။ ယင်းရှစ်သင်းမှာ အိတလီ၊ ဘရာဇီး၊ ဒိန်းမတ်၊ ဂျာမနီ၊ ပြင်သစ်၊ ဟော်လန်၊ ခရိုအေးရှားနှင့် အာဂျင်တီးနား တို့ဖြစ်သည်။ ဤပွဲစဉ်များသည် ပိုမိုအရေးကြီးပြီး အနိုင်ရဖိုလ်စွဲရေးအတွက် လက်တစ်ကမ်းလိုသော ပွဲစဉ်များ ဖြစ်သည့် အလျောက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရာ ပရိသတ်အကြိုက် ကြည့်ကောင်းသောပွဲများ ဖြစ်ခဲ့သည်။



ဘရာဇီးအသင်း ရှေ့တန်းတိုက်စစ်မှူး
ရော်နယ်လ်ဒို၏ ကစားဟန်

ဂူလိုင် ၃ ရက်နေ့တွင် ကွာတာဖိုင်နယ်ပွဲစဉ်များ စတင်ကျင်းပရာ ပထမပွဲစဉ်တွင် အိမ်ရှင်ပြင်သစ်နှင့် အီတလီတို့ ကစားခိုန် နှစ်နာရီကြမှ ရေကုန်ရေခန်း ယှဉ်ပြိုင်ကြပြီး တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်သဖြင့် ပယ်နယ်တိဘေးလုံးစီ ကန်သွင်းရာ ပြင်သစ်က လေးဂိုး–သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။ ပထမပိုင်းမိနစ် ၃၀ ခန့်အထိ ပြင်သစ်က ပိုမိုထိုး ဖောက် နိုင် သော် လည်း အီ တ လီ နောက် တန်းကောင်းလွန်းသဖြင့် ဂိုးသွင်းခွင့် မရဘဲ ရှိနေသည်။ အီတလီအသင်းမှ ရှေ့တန်းတိုက်စစ်မှူး ဒယ်ပီအာရိုနှင့် ဗီအာရိတို့ အတွဲသည် ပြင်သစ်နောက်တန်းအား မကျော်လွှားနိုင်ဘဲ ပြင်သစ် ကွင်းတစ်ဝက်လောက်၌သာ ဘောလုံးများ ဆုံးရှုံးနေသည်။ ပြင်သစ်အသင်းမှာ တိုက်စစ်အား ပိုကောင်းအောင် အလယ်တန်းနှင့် ရှေ့တန်းလူများက ခြေစွမ်းပြကစားနိုင်ခဲ့သည်။

ကွာတာဖိုင်နယ် ဒုတိယပွဲစဉ်တွင် ဘရာဇီးနှင့် ဒိန်းမတ်တို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ဘရာဇီးကသုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ နှစ်သင်းစလုံးမှာ ခြေမကွာဘဲ ဂိုးရရှိရေးအတွက် အပြန်အလှန် တိုက်စစ်ဆင်ကစားသွားသဖြင့် ကြည့်ကောင်းသော ပွဲတစ်ပွဲဖြစ်သည်။ ဘရာဇီးကဲ့သို့သော အသင်းမျိုးကို ဒိန်းမတ်က သူတို့၏ကိုယ်တိုက်ဖြင့် တိုက်စစ်အပြိုင်ကြဲကာ ကစားခဲ့ကြသဖြင့် တိုက်စစ်အားပြိုင်ပွဲပင် ဖြစ်သည်။

ဂူလိုင် ၄ ရက်နေ့က ပြုလုပ်သော ကွာတာဖိုင်နယ် တတိယပွဲစဉ်တွင် နာမည်ကြီး ဟော်လန်ဘောလုံးအသင်းသည် အာဂျင်တီးနားကို အချိန်ပိုကစားရတော့မည့် အခြေအနေမှ ကပ်ပြီး အနိုင်ဂိုးသွင်းနိုင်ခဲ့သဖြင့် နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပြီး ဆီမီးဖိုင်နယ်သို့ တက်ခဲ့သည်။ ဟော်လန်အသင်းခြေအသာဖြင့် အာဂျင်တီးနားကို ကစားနိုင်ခြင်း မရှိသကဲ့သို့ ဒုတိယပိုင်းနာရီဝက် နောက်ပိုင်းတွင် အာဂျင်တီးနားတိုက်စစ်ကို အသေအလဲ ကာကွယ်ခဲ့ရပြီး အာဂျင်တီးနားကိုးသွင်းခြေအား လျော့နေ၍ ဂိုးများလွတ်ကာ အရေးနိမ့်ခဲ့ရခြင်းပင် ဖြစ်သည်။

ဆက်လက် ယှဉ်ပြိုင်ကစားခဲ့သော ကွာတာဖိုင်နယ် စတုတ္ထပွဲစဉ်တွင် ဗိုလ်စွဲရန် တစ်ပြေးနေသော ဂျာမနီအသင်းသည် မှန်မှန်သွက်သွက်ဖြင့် ခြေစွမ်းတက်နေသော ခရိုအေးရှားအား သုံးဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ကာ ပြိုင်ပွဲမှ ထွက်သွားရသည်။ ဂျာမနီသည် ကမ္ဘာ့ချန်ပီယံဖလားသုံးကြိမ် (၁၉၅၄၊ ၁၉၇၄၊ ၁၉၉၀) ရရှိထားပြီး လက်ရှိဥရောပချန်ပီယံ ဖြစ်သော်လည်း ခရိုအေရှားအသင်း၏ ငယ်ရွယ်လျင်မြန်မှုနှင့် အခွင့်ကောင်းကို ပိုင်ပိုင်နိုင်နိုင် အသုံးချနိုင်မှုတို့အား မကျော်လွှားနိုင်ဘဲ အရှုံးပေးလိုက်ရခြင်းဖြစ်သည်။



တောင်ကိုရီးယားနှင့် မက္ကဆီကိုပွဲတွင် မက္ကဆီကိုအတွက်
တစ်ဦးတည်း နှစ်ဂိုးသွင်းပေးသူ ဟာနန်ဒက်စ်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ပြင်သစ်ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ
အုပ်စုပွဲစဉ်မှတ်တမ်း

အုပ်စု(က)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
ဘရာဇီး	၃	၂	၁	၀	၆	၃	၅
နော်ဝေး	၃	၁	၂	၀	၅	၄	၄
မော်ရိုကို	၃	၁	၁	၁	၄	၅	၃
စကော့တလန်	၃	၀	၁	၂	၂	၆	၁

အုပ်စု(ခ)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
• အီတလီ	၃	၂	၁	၀	၇	၃	၅
ချီလီ	၃	၁	၁	၁	၄	၄	၃
ကင်မရွန်း	၃	၀	၂	၁	၂	၅	၂
ဩစတြေးယား	၃	၀	၂	၁	၃	၆	၂

အုပ်စု(ဂ)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
ပြင်သစ်	၃	၃	၀	၀	၉	၁	၆
ဒိန်းမတ်	၃	၁	၁	၁	၃	၃	၃
တောင်အာဖရိက	၃	၀	၂	၁	၆	၃	၂
ဆော်ဒီအာရေဗျ	၃	၀	၁	၂	၂	၇	၁

အုပ်စု(ဃ)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
နိုင်ဂျီးရီးယား	၃	၂	၀	၁	၅	၅	၆
ပါရာဂွေး	၃	၁	၂	၀	၃	၁	၅
စပိန်	၃	၁	၁	၁	၈	၄	၄
ဘူးဂေးရီးယား	၃	၀	၁	၂	၁	၇	၁

အုပ်စု(င)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
ဟော်လန်	၃	၁	၂	၀	၇	၂	၅
မက္ကဆီကို	၃	၁	၂	၀	၇	၅	၅
ဘယ်လ်ဂျီယံ	၃	၀	၃	၀	၃	၃	၃
ဆော်ဒီအာရေဗျ	၃	၀	၁	၂	၂	၉	၁

အုပ်စု(စ)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
ကွာမန်	၃	၂	၁	၀	၆	၂	၇
ယူဂိုဆလာဗီးယား	၃	၂	၁	၀	၄	၂	၇
အီရန်	၃	၁	၀	၂	၂	၄	၃
အမေရိကန်	၃	၀	၀	၃	၁	၅	၀

အုပ်စု(ဆ)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
ဂျာမေးနီးယား	၃	၂	၁	၀	၄	၂	၇
အာဂျင်တီးနား	၃	၂	၀	၁	၅	၂	၆
အာယ်လန်	၃	၁	၀	၂	၁	၂	၃
ကိုလံဘီယာ	၃	၁	၀	၂	၁	၃	၃
တူနီးရှား	၃	၀	၁	၂	၁	၄	၁

အုပ်စု(ဇ)	ပွဲ	နိုင်	သရေ	ရှုံး	ဂိုး	ပေးဂိုး	ရမှတ်
အင်္ဂလန်	၃	၂	၀	၁	၆	၂	၇
ခရိုအေးရှား	၃	၂	၀	၁	၄	၂	၆
ဂျမေကာ	၃	၁	၀	၂	၃	၅	၃
ဂျပန်	၃	၀	၀	၃	၂	၆	၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ





အင်္ဂလန်အသင်းမှလူငယ် ခြေတက် မိုက်ကယ်အိုဝင်

အကြိုမိုလ်လုပွဲများ

ကွာတာ:ဖိုင်နယ် ပွဲစဉ်များ ယှဉ်ပြိုင်ကစား:အပြီး အသင်:လေး:သင်: ဆီမီ:ဖိုင်နယ်(အကြိုမိုလ်လုပွဲ) သို့ တက်လာခဲ့သည်။ ယင်:အသင်:များ:မှာ ဘရာဇီး၊ ဟော်လန်၊ ပြင်သစ်နှင့် ခရိုအေး:ရှား:တို့ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်း ၃၂ သင်:အနက် အကြိုမိုလ်လုပွဲအဆင့်သို့ တောင်အမေရိကမှ ဘရာဇီ:တစ်သင်:သာတက်ရောက်နိုင်ပြီး ဥရောပမှ ဟော်လန်၊ ပြင်သစ်နှင့် ခရိုအေး:ရှား:အသင်: သုံ:သင်: တက်ရောက်နိုင်ခဲ့သည်။

ပထမအကြိုမိုလ်လုပွဲ – ဤသို့ဖြင့် (၁၆)ကြိမ်မြောက် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြိုမိုလ်လုပွဲ ပထမပွဲစဉ်ကို ပြင်သစ်နိုင်ငံ မာဆေ:အား:ကစား:ကွင်း:၌ ၇-၇-၉၈ နေ့က ကျင်:ပရာ လက်ရှိချန်ပီယံဘရာဇီ:က နာမည်ကြီး ဟော်လန် (နယ်သာလန်) အား: ပယ်နယ်တီ အဆုံ:အဖြတ် ၄-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်သွား:သည်။ ဘရာဇီ:နှင့် ဟော်လန်နှစ်သင်:စလုံ: တိုက်စစ်ဦ:စား:ပေ:အသင်:များ: ဖြစ်၍ ပထမပိုင်:တွင် သတိဝိရိယဖြင့် သွေ:တိုး:စမ်: ကစား: နေသော်လည်း ဒုတိယပိုင်း:၌ အကြိတ်အနယ်တိုက်စစ်ဆင် ကစား:သဖြင့် ပွဲရိုန်မြင့်တက်ကာ ဗိုလ်လုပွဲကြည့်ရသည်နှင့် မခြား: စိတ်ဝင်စား:ဖွယ် ကောင်:လှသည်။ ပထမပိုင်:တွင် တစ်ဖက်နှင့် တစ်ဖက်ဂိုး:မသွင်:နိုင်ဘဲ ရှိခဲ့ကြသည်။ ဒုတိယ ပိုင်:တွင် ပွဲစ၍ ၂၄ စက္ကန့်အတွင်: ဘရာဇီ:မှ ရော်ဘတ်တို ကား:လို့စ်ချပေ:လိုက်သော ဘောလုံ:ကို ရော်နယ်လ်ဒိုက ထိန်:ပြီး ဟော်လန်မှ ဖိလစ်ကိုကူထက်ကြပ်လိုက်၍ မရမနေ ဖျက်ထုတ်ရန် ကြိုး:ပမ်:နေသည့်ကြား:မှ ရော်နယ်လ်ဒိုက ၄င်း၏ ခွန်အား:နှင့်အရိန်ကိုဟန်ချက်ညီသုံ:ကာ ဘောလုံ:ကို ဆွဲယူလာပြီး ဂိုး:သမား:၏ ခြေထောက်ကြား:မှ သွင်:ယူ လိုက်သဖြင့် ဘရာဇီ:က ဦ:ဆောင်ဂိုး: စတင်ရရှိသည်။ ဘရာဇီ:က ဒုတိယပိုင်: တစ်ချိန်လုံ:နီ:ပါ: တစ်ဂိုး-ဂိုး:မရှိ ဦ:ဆောင်နေစဉ် ပွဲပြီ:ရန် သုံ:မိနစ်အလို၌ ဟော်လန်မှ ပက်ထရစ်က လူ:ဗတ်က ရော်နယ်လ်ဒီဘို:ဝါ:ဂိုး:ရှေ့သို့ တင်ပေ:လိုက်သော ဘောလုံ:အား: လွတ်လွတ်ကျွတ်ကျွတ် ခေါင်:တိုက်သွင်:လိုက်သဖြင့် ချေပဂိုး:ရရှိကာ အချိန်ပို ဆက်ကစား:ရသည်။ အချိန်ပိုတွင် နှစ်သင်:စာလုံ:မှ ဂိုး:သွင်: ရန် အခွင့်ကောင်:များ: ရရှိခဲ့သော်လည်း နှစ်ဖက်ဂိုး:သမား: များ:နှင့် နောက်တန်:မှ ကာကွယ်ဖျက်ထုတ်နိုင်သည်။ ပုံမှန် ကစား:ချိန်နှင့် အချိန်ပိုပြီ:သည်အထိ သရေပွဲဖြစ်နေ၍ ပယ်နယ်တီငါ:လုံ:စီကန်ရာ ဘရာဇီ:က လေ:ဂိုး:သွင်:နိုင်ပြီး ဟော်လန်ကနှစ်ဂိုး:သာရသဖြင့် ဘရာဇီ:အသင်: ဗိုလ်လုပွဲသို့ တက်သွား:သည်။

ဒုတိယအကြိုမိုလ်လုပွဲ –ဒုတိယအကြို ဗိုလ်လုပွဲအဖြစ် အိမ်ရှင် ပြင်သစ်နှင့် ခရိုအေရှား:တို့ ယှဉ်ပြိုင်ကစား:ရာ ပြင်သစ်ကနှစ်ဂိုး:-တစ်ဂိုး:ဖြင့် အနိုင်ရရှိသည်။ ပထမပိုင်း: တွင် တစ်ဖက်နှင့်တစ်ဖက်ဂိုး:မသွင်:နိုင်ကြသဖြင့် ပွဲအေး:နေ သလို ဖြစ်နေသော်လည်း ဒုတိယပိုင်း: စတင်သည်နှင့် စက္ကန့်ပိုင်:အတွင်:မှာပင် ခရိုအေး:ရှား:မှ ဒေဗာဆူကာက ရုတ်တရက်တစ်ဂိုး:သွင်:လိုက်၍ ပွဲရိုန်မြင့်တက်လာသည်။ ခရိုအေး:ရှား:က ဦ:ဆောင်ဂိုး: ရပြီး:လျှင်ရပြီး:ချင်: တစ်မိနစ် အတွင်:မှာပင် ပြင်သစ်ကချေပဂိုး: ပြန်လည်သွင်:ယူလိုက် သဖြင့် ပွဲမှာ အကြိတ်အနယ် ပိုရှိလာသည်။ ပြင်သစ်အတွက် ချေပဂိုး:ကို လိလိသူရမ်က ခရိုအေး:ရှား: ဂိုး:ရှေ့၌ ရှုပ်ထွေး နေစဉ် ရသောအခွင့်အရေး:ကို ပိုင်ပိုင်နိုင်နိုင်အသုံ:ချကာ သွင်:ယူခဲ့သည်။ ထို့နောက် ဒုတိယပိုင်: ၂၅ မိနစ်တွင် လိလိသူရမ်ကပင် ခရိုအေး:ရှား:ဂိုး:ဧရိယာအတွင်: ဘယ်ဘက် အစပ်မှ လျှပ်တပြက် ကန်သွင်:လိုက်သဖြင့် ပြင်သစ် ကအနိုင်ဂိုး: ရရှိ သွား:ပြီး: ဗိုလ်လုပွဲသို့ တက်သွား:သည်။

ဗိုလ်လုပွဲ

ဤသို့ဖြင့် ကမ္ဘာ့တစ်ဝန်းလုံးရှိ ဘောလုံးဝါသနာအိုးများ အထူးမျှော်လင့်စောင့်စားလျက် ရှိခဲ့သည်။ ကမ္ဘာ့ဖလား ဗိုလ်လုပွဲကို ဇူလိုင် ၁၂ရက် နေ့တွင် ပါရီမြို့ စတိတ်ဒီဖရန့် အားကစားကွင်း၌ ကျင်းပရာ အိမ်ရှင်ပြင်သစ်နှင့် လက်ရှိ ချန်ပီယံဘရာဇီးတို့ ဗိုလ်လုပွဲဆင်နွှဲခဲ့ကြသည်။ ယင်း ဗိုလ်လုပွဲသည် ကမ္ဘာ့ဖလားသမိုင်း၌ အိမ်ရှင်နှင့် လက်ရှိ ချန်ပီယံတို့ ပထမဆုံးတွေ့ဆုံသည့် ဗိုလ်လုပွဲ ဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ၁၉၃၀ ပြည့်နှစ်တွင် ပထမအကြိမ် စတင်ကျင်းပခဲ့ရာ အိမ်ရှင်ဥရုဂွေးမြေပေါ်တွင် အိမ်ရှင် ဥရုဂွေးအသင်းက စတင်ဗိုလ်စွဲခဲ့သည်။ ထို့နောက်ပိုင်း ကျင်းပပြီးခဲ့သမျှ ပြိုင်ပွဲများတွင် အိမ်ရှင်အသင်းဗိုလ်စွဲမှုလေးကြိမ်ရှိခဲ့ သည်။ အလားတူပင် ဗိုလ်လုပွဲတက်ရောက်နိုင်သော်လည်းအိမ်ရှင်အသင်း ချန်ပီယံဆုနှင့် လွဲခဲ့ရသည်မှာ နှစ်ကြိမ်ရှိခဲ့သည်။ တစ်ဖန်လက်ရှိချန်ပီယံ အနေဖြင့် နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဆုဖလားရသော အသင်းမှာ အီတလီ (၁၉၃၄၊ ၁၉၃၈) နှင့် ဘရာဇီး (၁၉၅၈၊ ၁၉၆၂) တို့ဖြစ်သည်။ သို့ဖြစ်ရာ ဘရာဇီးအသင်းသည် ချန်ပီယံငါးထပ်ကွမ်းဟူသော စခြိန်အပြင် ယခု ပြင်သစ်နှင့် ဗိုလ်လုပွဲတွင် အနိုင်ရပါက နှစ်ကြိမ်ဆက် ချန်ပီယံနှစ်ခါရသော စံချိန်ကိုပါတင်ရန် အခွင့်အရေးရှိနေပေသည်။ ပြင်သစ်အသင်းသည် ၁၉၃၈ ခုနှစ်က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာတွင် အီတလီအသင်းကို ရွှံးနိမ့်၍ ကျန်ခဲ့သည်။ ၁၉၅၈ ခုနှစ်နှင့် ၁၉၆၆ ခုနှစ်တို့တွင် တတိယဆုများရရှိခဲ့သည်။ ယင်းနောက်ပိုင်း ယခုတစ်ကြိမ် မိမိမြေပေါ်၌ ဗိုလ်လုပွဲအဆင့်အထိ တက်ရောက်ခဲ့ခြင်းဖြစ်ရာ စိတ်တက်အထူးတက်ကြွနေပြီး ဗိုလ်စွဲရန် အားခဲထားသည်။ အိမ်ရှင်အသင်းဖြစ်သည်နှင့်အညီ ပရိသတ်အားကလည်း ရှိနေသည်။

ဗိုလ်လုပွဲတွင် ဘရာဇီးဘောလုံးအသင်း အိမ်ရှင်ပြင်သစ်အသင်းကို ယှဉ်နိုင်သည့် ခြေစွမ်းမရှိသလောက် ဖြစ်ခဲ့သည်။ ဘရာဇီးပြည်သူများ ဘဝင်မကျနိုင်အောင် ဖြစ်ခဲ့သည်။ ဘရာဇီးအသင်းပြင်သစ်ဘက်သို့ အကြိမ်ကြိမ် တိုက်စစ်ဆင်ထိုးဖောက်သော်လည်း ပြင်သစ်အလယ်တန်းနှင့် နောက်ခံလူများ ဘရာဇီးအသင်း၏ တိုက်စစ်ဆင်ထိုးဖောက်မှု လမ်းကြောင်းကို ကြိုတင်ပိတ်ဆို့၊ ဟန့်တား၊ ဖော်ထုတ်နိုင်စွမ်း ရှိခဲ့သည်။ ဘရာဇီးအသင်း တိုက်စစ်ပျက်ခဲ့ရာ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား



ဗိုလ်လုပွဲတွင် ပြင်သစ်အသင်း အောင်ပွဲရအောင် အဓိက စွမ်းဆောင်ခဲ့သည့် ကွင်းလယ်ဖန်တီးရှင် ဇီဒိန်းအားကစားဖော်များက ချီးကျူးဂုဏ်ပြုစဉ်

ကျော်နယ်လ်ဒို ခြေထောက်ထဲတွင် ဘောလုံးထား၍ချိန် မရသလောက် ဖြစ်ခဲ့သည်။

ပြင်သစ်အသင်းမှ ကျော်ကိပ်၊ ဇီဒိန်း၊ ဒူဂါရီနှင့် သူရမ်စသော ကစားသမားများ၏ ပါးနပ်လျင်မြန်မှုသည် ပြင်သစ်အသင်းအတွက် အလေးသာခဲ့သည်။ ဇီဒိန်း၏ ထိုးဖောက်မှုများကို ဘရာဇီးခံစစ်က ထိရောက်စွာ မဟန့်ထားနိုင်ခဲ့ချေ။

ပထမပိုင်းမှာပင် ပြင်သစ်အတွက် ဦးဆောင်ဂိုးနှစ်ဂိုးကို ပြင်သစ်အသင်း၏ ကွင်းလယ်ဖန်တီးရှင် ဇီဒိန်းက ထောင့်ကန်ဘောများကို ခေါင်းတိုက်၍ သွင်းယူခဲ့သည်။ ပထမဂိုးမှာ ညာဘက်မှ ထောင့်ကန်ဘောဖြစ်၍ ဒုတိယဂိုးမှာ ဘယ်ဘက်မှ ထောင့်ကန်ဘော ဖြစ်သည်။

ဒုတိယပိုင်း ၂၃ မိနစ်တွင် ပြင်သစ်နောက်တန်းမှ မာဆယ်ဒေဆယ်လီနှစ်ဝါ-တစ်နီဖြင့် အထုတ်ခံရရာ ပြင်သစ်က ၁၀ ယောက်ဖြင့် ကစားခဲ့ရသည့်တိုင် ပြင်သစ်အသင်း၏ ခံစစ်နည်းဗျူဟာကို ဘရာဇီးတိုက်စစ်မှူးများ မကျော်လွှားနိုင်ခဲ့ပေ။ ယင်းအခြေအနေမှာပင် ပြင်သစ်က

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ

ကျင်းပပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရာနိုင်ငံများနှင့် ပထမ၊ ဒုတိယ ရရှိခဲ့သည့် နိုင်ငံများမှတ်တမ်း

ခုနှစ်	အကြိမ်	ကျင်းပသည့်နိုင်ငံ	ပထမ	ဒုတိယ
၁၉၃၀	ပထမ	မွန်တီဒီဟို (ဥရုကွေး)	ဥရုဂွေး	အာဂျင်တီးနား
၁၉၃၄	ဒုတိယ	ရောမ (အီတလီ)	အီတလီ	ချက်ကိုစလိုဗက်ကီးယား
၁၉၃၈	တတိယ	ပါရီ (ပြင်သစ်)	အီတလီ	ဟန်ဂေရီ
၁၉၅၀	စတုတ္ထ	ရီယိုဒီဂျနေရို (ဘရာဇီး)	ဥရုဂွေး	ဘရာဇီး
၁၉၅၄	ပဉ္စမ	ဘွန်း (ဆွတ်ဇာလန်)	အဟောက်ဂျာမနီ	ဟန်ဂေရီ
၁၉၅၈	ဆဋ္ဌမ	စတော့ဟုမ်း (ဆွီဒင်)	ဘရာဇီး	ဆွီဒင်
၁၉၆၂	သတ္တမ	ဆန်တီယေးဂို (ချီလီ)	ဘရာဇီး	ချက်ကိုစလိုဗက်ကီးယား
၁၉၆၆	အဋ္ဌမ	လန်ဒန် (အင်္ဂလန်)	အင်္ဂလန်	အဟောက်ဂျာမနီ
၁၉၇၀	နဝမ	မက္ကဆီကိုစီးတီး (မက္ကဆီကို)	ဘရာဇီး	အီတလီ
၁၉၇၄	ဒသမ	မြူးနစ် (အဟောက်ဂျာမနီ)	အဟောက်ဂျာမနီ	နယ်သာလင်
၁၉၇၈	၁၁ ကြိမ်	ဗျူနိုအေရိ (အာဂျင်တီးနား)	အာဂျင်တီးနား	နယ်သာလင်
၁၉၈၂	၁၂ ကြိမ်	မဒရပ် (စပိန်)	အီတလီ	အဟောက်ဂျာမနီ
၁၉၈၆	၁၃ ကြိမ်	မက္ကဆီကိုစီးတီး (မက္ကဆီကို)	အာဂျင်တီးနား	အဟောက်ဂျာမနီ
၁၉၉၀	၁၄ ကြိမ်	ရောမ (အီတလီ)	အဟောက်ဂျာမနီ	အာဂျင်တီးနား
၁၉၉၄	၁၅ ကြိမ်	လော့စ်အိန်ဂျလိစ် (အမေရိကန်)	ဘရာဇီး	အီတလီ
၁၉၉၈	၁၆ ကြိမ်	ပါရီ (ပြင်သစ်)	ပြင်သစ်	ဘရာဇီး

မှတ်ချက်။ ။ ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်ပွားချိန်နှင့် ၁၉၄၆ ခုနှစ် ဒုတိယကမ္ဘာစစ်ဖြစ်ပြီးစ အချိန်များတွင်ပြိုင်ပွဲ မကျင်းပဖြစ်ပါ။

ဘရာဇီးအား ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ဤသို့ရှိနေခဲ့ရာမှ ပြင်သစ် အလယ်တန်းမှ ပီတစ်သည် နောက်တန်းပုံဖျက်နေသော ဘရာဇီးအသင်းဘက်သို့ တတိယဂိုးထပ်မံသွင်းခဲ့သည်။ ပွဲအပြီးတွင် ပြင်သစ်ကလက်ရှိချန်ပီယံ ဘရာဇီးကို သုံးဂိုး–ဂိုးမရှိဖြင့် ပြတ်သားစွာ အနိုင်ယူပြီး ကမ္ဘာ့ဖလားကို ဆွတ်ခူး ရရှိသွားသည်။ ဘရာဇီးအသင်းအနေဖြင့် သူ၏ အဝိုက ရည်မှန်းချက်ဖြစ်သော ကမ္ဘာ့ဖလားကို ပဉ္စမ အကြိမ်မြောက် ဆွတ်ခူးရရှိနိုင်ရေးဆိုသည့် မျှော်မှန်းချက်မှာ လွင့်မျောခဲ့ ရသည်။

ပြင်သစ်ပြည်သူများ အနေဖြင့် အပျော်ကြီး ပျော်ကြသဖြင့် ပြင်သစ်တစ်နိုင်ငံ လုံးတွင်ဗိုလ်စွဲ သည့်နေ့ကစပြီး လေးရက်မြောက်သည့်နေ့တိုင်အောင် ပျော်ရွှင်ပွဲများ ဖြင့်အောင်ပွဲခံမှုများ ပြုလုပ်နေခဲ့ကြသည်။ ၁၁–၇–၉၈ နေ့ က ပြုလုပ်သော တတိယနေရာပွဲတွင် ခရိုအေးရှားက ဟော်လန်အား နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိကာ တတိယ နေရာကို ရရှိသွားသည်။

ပြင်သစ် ကမ္ဘာ့ဖလားပွဲကြိုအပြီးတွင် ဂိုးသွင်းဝိဇ္ဇာ ရွှေဖိနပ်ဆုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ချီးမြှင့် ခဲ့ရာ ခရိုအေးရှားအသင်းမှ ဝါရင့်တိုက်စစ်မှူးကြီး ဒေဗာ ဆူကာက ရရှိသွားသည်။ ဒေဗာဆူကာသည် ပွဲစဉ် တစ်လျှောက် စုစုပေါင်း ခြောက်ဂိုးသွင်းနိုင်ခဲ့သည်။ ကမ္ဘာ့ ဖလား ဘောလုံး ပြိုင်ပွဲ အသန့်ရှင်းဆုံးဆုကိုမူ ပြင်သစ်နှင့် အင်္ဂလန်အသင်း တို့ ပူးတွဲရရှိသွားကြသည်။

သက္ကရာဇ် ၂၀၀၂ ခုနှစ်တွင် ကျင်းပမည့် (၁၇) ကြိမ် မြောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဂျပန်နှင့် တောင် ကိုရီးယားနိုင်ငံတို့က အိမ်ရှင်အဖြစ် တာဝန်ယူကာ တစ်ပြိုင် တည်း ပူးတွဲကျင်းပမည်ဟု သိရသည်။

ဦးခင်မောင်လေး





မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ

ရှည်လျားသော မြန်မာ့သမိုင်းစဉ်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို စာတစ်စောင်ပေတစ်ဖွဲ့ သီးခြားမှတ်တမ်း တင်ရမည် ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများသည် ကမ္ဘာ ပေါ်တွင် အခွင့်အရေးအပြည့်အဝရရှိသူ၊ အိမ်ထောင်ကို ရှေ့.ဆောင်ရှေ့.ရွက် ဦးစီးပြုနိုင်သူ၊ ဘာသာသာသနာရေး၊ လူမှုရေး၊ စီးပွားရေးများ၌ ဦးဆောင်နိုင်သည်သာမက ယဉ်ကျေးသိမ်မွေ့သော အကျင့်သိက္ခာနှင့် ဖော်ရွေပျူငှာစွာ ဆက်ဆံတတ်သော အထက်တန်းစားစိတ်ထားရှိသူများ ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများ၏ သာယာသော ဘဝကို တိုင်းတစ်ပါးအမျိုးသမီးများက အားကျကြသည်။

ရှေးယခင်က မျိုးချစ်ဝံသာန နိုင်ငံရေးအမျိုးသမီးများ၏ စွမ်းရည်ကို ဖော်ကျူးရေးသားခဲ့ကြသော စာပေအထောက်အထား များစွာရှိခဲ့သည်။အမျိုးသမီး ဆေးဘက်ဆိုင်ရာ ဆရာဝန်မကြီးများ၊ တရားလွှတ်တော် ဝန်ထောက်အမျိုးသမီး၊ အမျိုးသမီး ဝတ်လုံတော်ရ၊ အမျိုးသမီး တိုင်းပြည်ပြုအမတ်၊အမျိုးသမီး အယ်ဒီတာ၊ ပညာရေးပါရဂူစသောဂုဏ်ပုဒ်များနှင့် ထည်ဝါလာခဲ့ကြသည်။

ယနေ့ကာလ၌ မြန်မာအမျိုးသမီးများသည် ပို၍ကြီးမားသော နိုင်ငံ့တာဝန်ကိုတက်တက်ကြွကြွထမ်းဆောင်နေကြပြီ ဖြစ်သည်။ အမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း၊ မင်္ဂလာမေ သမဝါယမအသင်း၊ သီရိမေအမျိုးသမီးအသင်း၊ အမျိုးသမီးဆရာဝန်များ အသင်း၊ သူနာပြုအမျိုးသမီးများအသင်း၊ ကြက်ခြေနီ အမျိုး သမီးများ၊ ပြည်ထောင်စုကြံ့.ခိုင်ရေးနှင့် ဖွံ့.ဖြိုးရေးအသင်း၊ မီးသတ်တပ်ဖွဲ့. အမျိုးသမီးများ၊ ရဲတပ်ဖွဲ့.ဝင် အမျိုးသမီးများ စသော အစိုးရမဟုတ်သည့် အဖွဲ့.များ၌ ပြည်လုံးကျွတ် ပါဝင်လှုပ်ရှားလျက် ရှိနေကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လူဦးရေ (၄၇ ဒသမ ၂၅) သန်း ရှိသည့်အနက် အမျိုးသမီးဦးရေမှာ (၂၃ ဒသမ ၇၉) သန်း ရှိသဖြင့် တစ်နိုင်ငံလုံး၏ (၅၀ ဒသမ ၃%) ရှိနေပါသည်။ ကြီးမားသော အမျိုးသမီး စွမ်းအားစုကြီး တစ်ရပ် ဖြစ်ပါသည်။ မြန်မာအမျိုးသမီးများ အနေဖြင့် ဥပဒေအရ လည်းကောင်း၊ ယဉ်ကျေးမှုအစဉ်အလာ ဝေလေ့ထုံးစံအရ လည်းကောင်း၊ အမျိုးသားများနှင့် တန်းတူအခွင့်အရေးများလည်း ရရှိပြီးဖြစ်ပါသည်။

နိုင်ငံတော်အနေနှင့် မြန်မာအမျိုးသမီးထုကြီး၏ စွမ်းအားကို အလေးထားသည့်အားလျော်စွာ မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီကို (၁၉၉၆) ခုနှစ်၊ ဇူလိုင်လ(၃)ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့သည်။

နိုင်ငံတော်၏ အရေးပါသော စွမ်းအားစုဖြစ်သည့် အမျိုးသမီးများအား အလေးထားကုဏ်ပြုသည့် အနေနှင့် မြန်မာ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆောင်ရွက်ပေးသည့် ပင်မအဖွဲ့ အစည်းကြီး ဖြစ်သော “မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ” ဖွဲ့.စည်းပေါ်ပေါက်လာသည့် ဇူလိုင်လ (၃) ရက်နေ့ကို “မြန်မာအမျိုးသမီးများနေ့” အဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ အမျိုးသမီးအင်အားစုများကို အပြည့်အဝအသုံးချရေးအတွက် ရည်စူးပြီးနှစ်စဉ်ဇူလိုင်လ (၃) ရက်နေ့ရောက်တိုင်း နိုင်ငံနှင့်အဝန်း အမျိုးသမီးများနေ့ကို ကျင်းပခဲ့ကြသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီသည် အမျိုးသမီးရေးရာကိစ္စအဝဝဆိုင်ရာ မူဝါဒများနှင့် လမ်းညွှန်ချက်များချပေးထားလျက် ဖွံ့.ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်သော ကဏ္ဍ (၆) ရပ်ကို သတ်မှတ်ထားသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ် စောင့်ရှောက်ရေးနှင့် ပြန်လည်ထူထောင်ရေးနှင့် အမျိုးသမီးဌယ်များ၏ ဖွံ့.ဖြိုးတိုးတက်ရေးကဏ္ဍ များပါဝင်လေသည်။

ပြည်နယ်တိုင်းခရိုင်မြို့နယ်ရေးရာလုပ်ငန်းကော်မတီများကလည်း ဤကဏ္ဍကြီး (၆) ရပ်ကို မိမိတို့ဒေတွင်း၌ ကြီးပမ်းဆောင်ရွက်ကာ နှစ်စဉ်ဖွံ့.ဖြိုးမှု အစီအစဉ်များကို တင်ပြဆွေးနွေးမှုများ ပြုလုပ်လျက်ရှိနေကြပါသည်။

မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ



မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အသင်းအမှုဆောင်များ

ကွမ်းခြံကို လေ့လာနေကြသော အသင်းဝင်များ





အမျိုးသမီးများနေ့, အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်အပြီး တွေ့ရစဉ်

နှစ်စဉ်ညီလာခံကျင်းပသည့်အခါ ဦးတည်ချက်များ ချမှတ်လျက်ရှိပါသည်။ အမျိုးသမီးများ၏ ဘဝပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးအခွင့်အလမ်းများ ပိုမို ရှင်သန်ခိုင်မာလာအောင် ဝိုင်းဝန်းကြိုးပမ်းရေးအမျိုးသားရေးစိတ်ဓာတ်ဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော် တည်ဆောက်ရာတွင် အမျိုးသမီးထုကြီးက ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ရေး စသည်တို့ကို လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူကာ ကြိုးပမ်းကြရန် ဟူသော ဦးတည်ချက်များ ဖြစ်ပါသည်။

လုပ်ငန်းလမ်းညွှန်ချက်အနေနှင့် မြန်မာအမျိုးသမီးထု၏ ကျန်းမာရေး၊ လူမှုရေး အဆင့်မြှင့်တင်ခြင်း၊ စီးပွားရေးတိုးတက်ကောင်းမွန်အောင် အထောက်အကူပေးခြင်းကို အောက်ခြေအဆင့်အထိ ရောက်အောင် ထိထိရောက်ရောက် ဆောင်ရွက်ရန်နှင့် တိုင်းတစ်ပါး ယဉ်ကျေးမှုထိုးဖောက်လွှမ်းမိုးပြီး စီးပွားရေးအကြောင်းကြောင်းကြောင့် လူမှုရေးပျက်ပြားမှုများကို ထိန်းသိမ်း ဟန့်တားနိုင်ရန် မြန်မာအမျိုးသမီးများအား ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး၊ အမျိုးအနွယ်စောင့်ထိန်းရေး၊ အမျိုးဘာသာ သာသနာစောင့်ရှောက်မြှင့်တင်ရေးတို့အတွက် ပညာပေးရန် ဖြစ်ပါသည်။

ပညာရေးကဏ္ဍ

ကျောင်းနေချိန်ရောက်သူတိုင်း မူလတန်းပညာသင်နိုင်သည်အထိ ဆောင်ရွက်ရန်၊ အမျိုးသမီးများစာမတတ်မှုလျော့နည်းစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရေးကို တိုးမြှင့်ပေးခြင်းဖြင့် မိသားစု ဘဝအာမခံချက်ရရှိရန် တို့ဖြစ်ပါသည်။

ကျန်းမာရေးကဏ္ဍ

မိသားစုကျန်းမာရေးမြှင့်တင်ကာ မိခင်များအန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေး၊ သားဆက်ခြားလုပ်ငန်း၊ မိခင်သေနှုန်းလျော့ချရေး၊ ကလေးသူငယ်များ ကျန်းမာကြံ့ခိုင်ပြီးတစ်နှစ်အောက်သေနှုန်းကျဆင်းရေးစသည်တို့ဖြစ်ပါသည်။

စီးပွားရေးကဏ္ဍ

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုပညာ သင်ပေးခြင်းနှင့် အလုပ်ရရှိရေး၊ ဝင်ငွေတိုးလုပ်ငန်းများ၊ မတည်ငွေများချေးရန်နှင့် စုဆောင်းရန်၊ ဈေးကွက်များ ရှာဖွေပြီးနည်းပညာများသင်ကြားပေးရန်တို့ဖြစ်ပါသည်။ စက်ချုပ်၊



အတွင်းရေးမှူး(၁)မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ
လုပ်ငန်းဆွေးနွေးပွဲ တက်ရောက်သူများနှင့် တွေ့ဆုံစဉ်

အချက်အပြုတ်၊ ဓာတုံးပန်းထိုး၊ ရွှေခြည်းထိုး သင်တန်းများ ပေးခြင်း၊ စာရင်းကိုင်ပညာရပ် သင်တန်း တက်စေခြင်း၊ စီမံခန့်ခွဲရေး ပညာပို့ချပေးခြင်း၊ စီးပွားရေးအင်္ဂလိပ်စာနှင့် စကားပြော သင်တန်းများ ပို့ချခြင်းတို့ဖြစ်ပါသည်။

ယဉ်ကျေးမှုကဏ္ဍ

တိုင်းတစ်ပါးယဉ်ကျေးမှုဝင်ရောက်ခြင်းကိုကာကွယ်ပြီး အမျိုးချစ်သောစိတ်ဓာတ်ဖြင့် မိမိတို့ယဉ်ကျေးမှုကို ထိန်းသိမ်းလိုစိတ်မွေးမြူရန် ဘိုးဘွားအမွေအနှစ်များကို စောင့်ရှောက်ရန် ဘာသာရေးနှင့် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ မြန်မာစရိုက်နှင့် ကိုက်ညီစွာဝတ်စားဆင် ယင်ထုံးဖွဲ့ရေး၊ ဟောပြောပို့ချရေးတို့ဖြစ်ပါသည်။

အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍ

ဖွံ့ဖြိုးရေးကို အဟန့်အတားဖြစ်စေသော အကြမ်းဖက်မှုများဖြစ်ရသည့် အကြောင်းရင်းများကို လေ့လာသုတေသနပြုရန်၊ ကာကွယ်နည်းများ ရှာဖွေရန်၊ အမျိုးသမီးများအား ရောင်းဝယ်ဖောက်ကားခြင်းများ၊ လေ့လာသုံးသပ်ရေးအဖွဲ့များတွင် ပါဝင်စေကာ ကွင်းဆင်းလေ့လာစေရန်၊ နယ်စပ်ဒေသအသက်မွေးဝမ်းကျောင်းပညာအတွက်ဖြည့်တင်းပေးရန်တို့ ဖြစ်ပါသည်။

အမျိုးသမီးငယ်/ရွယ်များကဏ္ဍ

ကလေးငယ်များဆိုင်ရာဥပဒေကို ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး အမျိုးသမီးငယ်များ၏ လွဲမှားနေသော အယူအဆများကို ပညာပေးပြင်ဆင်ရန်၊ စီးပွားရေးအကြောင်းပြကာ အလွဲသုံးစားရောင်းစားမှုများ ကာကွယ်ပေးရန်၊ နိုင်ငံတော်၏အင်အားစုများ ဖြစ်သည်ကို အသိပညာပေးရန် စသည်တို့ကို ပြဋ္ဌာန်းထားသည့် အတိုင်းကျယ်ပြန့်စွာဆောင်ရွက်လျက်ရှိနေကြပါသည်။ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် နိုင်ငံတော် အစိုးရနှင့်အတူ အာဏာပိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များ၊ လူမှုဝန်ထမ်းအဖွဲ့အစည်းများအပြင် နိုင်ငံခြားအဖွဲ့အစည်းများ၏ အသိအမှတ်ပြုခြင်းများရယူကာ ယနေ့ အမျိုးသမီးထုကြီး သည် တက်ကြွစွာ ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း

ဤအသင်းကြီးသည် ထူးချွန် ထက်မြက်သော စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးအတတ်ပညာရှင်၊ အသိပညာရှင်များစုစည်း၍ တည်ထောင်ထားသော လူမှုရေးအသင်းကြီးဖြစ်သည်။

အသင်း၏ စီမံခန့်ခွဲရေး၊ စည်းရုံးလှုပ်ရှားရေးအတွက် နာယကကြီးများ၊ အကြံပေးပုဂ္ဂိုလ်များနှင့် အမှုဆောင်များ အသင်းသူ ၃၇၄ ဦးတို့ဖြင့် စနစ်တကျဖွဲ့စည်းထားသည်။စည်းရုံးရေးနှင့် ဖွဲ့ဖြိုးရေးကော်မတီ၊ လူမှုရေးကော်မတီ၊ ပညာရေးကော်မတီ ပြည်တွင်း ပြည်ပဆက်သွယ်ရေးကော်မတီတို့ဖွဲ့.ကာ တက်ကြွစွာ လှုပ်ရှားလျက်ရှိသည်။

စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ၊ စက်မှုလက်မှုလုပ်ငန်းလေ့လာရေးခရီးများအပြင် ပြည်ပအလုပ်ရုံ ဆွေးနွေးပွဲများ၊ သင်တန်းများသို့.လည်း တက်ရောက်ခဲ့ကြသည်။ အပိုဝင်ငွေရရှိစေရန် အတိုးမဲ့ချေးငွေများထုတ်ချေးပြီး ပြန်အပ်ငွေများစုဆောင်းကာ ပြန်လည်ငွေချေးခြင်း၊ ခေါင်းလွှတ်ဗျပ်ထိုးစေ့းသည်များအား သက်သာသောနှုန်းနှင့်ထုတ်ချေးပြီး ပြန်ဆပ်သည်အတိုးကို စုဆောင်းငွေအဖြစ် ပြောင်းလဲပေးခြင်း၊ ကျေးလွှာဆင်ခြေဖုံးမှ အလုပ်လုပ်လိုသူများအတွက်လည်း အလုပ်ရှာပေးပေးခြင်း၊ ဆေးရုံ၊ သိလှရှင်ကျောင်းတိုက်များအတွက် စေ့းရောင်းပွဲများ ပြုလုပ်၍ လှူဒါန်းခြင်း၊ အမျိုးသမီး ဖွဲ့.ဖြိုးတိုးတက်ရေးဌာန၊ အသက်မွေးအတတ်ပညာသင်ကျောင်း စသည်တို့.အတွက် လှူဒါန်းခြင်း၊ ရွာသူရွာသားများအတွက် အဝိုစိတွင်း၊ ရေကန်၊ ရေစင်၊ ရေစုပ်စက်၊ အပ်ချုပ်စက်များ လှူဒါန်းခြင်း၊ မူလတန်းကျောင်းဆောက်လုပ်လှူဒါန်းခြင်း စာတတ်မြောက်ရေး အတွက် အလှူငွေလှူဒါန်းခြင်းတို့ကိုလည်း တွေ့.ရသည်။

နိုင်ငံတော်၏ အလေးပေးဆို့းဖြောက်ထောက်ပံ့မှုအရ ယခုအခါ ခဲ့ညားထည်ဝါသော ဒေတ်မီအသင်း၏ အဆောက်အအုံကြီး (MWEA Tower)ကို တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၉၉ ခု ဧပြီလ (၃) ရက်နေ့တွင် အဆောက်အအုံ သစ် ဖွင့်လှစ်ပွဲနှင့်အတူ ပထမဆုံးဖြစ်သော မြန်မာ့ ရွှေပွဲတော် (Myanmar Gold Exhibition 1999) ကိုလည်း ဓမ်းနားစွာ ဖွင့်လှစ် ကျင်းပနိုင်ခဲ့သည်။

အသင်းကြီးအနေဖြင့် အမျိုးသမီးများ စီးပွားရေး ဘဝဖွဲ့.ဖြိုးတိုးတက်ပြီး ဝင်ငွေတိုးစေရန် စီမံချက်များ၊ နည်းပညာပြန့်ပွားရေး အစီအစဉ်များဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်။

ညီအစ်မတော် အခြားအဖွဲ့.အစည်းများ နိုင်ငံတော်၏ အမျိုးသမီးအင်အားစုများနှင့် ပူးပေါင်း၍ နိုင်ငံတော်၏ စီးပွား၊ အမျိုးသမီးထု၏ စီးပွား ပိုမိုမြင့်မားစေရန် မိမိတို့၏ ထက်မြက်သော စွမ်းပကားဖြင့် ဆောင်ရွက်လျက်ရှိသည်။

အမျိုးသမီးအားကစားအဖွဲ့.ချုပ်

ယနေ့မြန်မာအမျိုးသမီးများသည်နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်၍ ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များဆွတ်ခူးရရှိခဲ့ကြသည်။ အမျိုးသမီးဂိုးရာအားကစားအဖွဲ့.တွင် အမျိုးသမီးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ပိုက်ကျော်ခြင်း၊ လေ့လော်၊ မြားပစ်၊ ဘတ်စကက်ဘော၊ ဂျူဒို၊ ကရာတေး၊ ကျွမ်းဘား၊ ဝူးရှူး၊ ပြေးခုန်ပစ်၊ သံလုံးပစ်၊ အဝေးပြေးများအပြင် အမျိုးသမီးဘောလုံးအဖွဲ့.များအထိ တိုးတက်လာခဲ့သည်။အားကစားအမျိုးသမီးများအား နိုင်ငံတော်ကအားပေး ချီးမြှင့်လျက်အရှိန် အဟုန်မြင့်မားလာသည်ကို တွေ့.ရသည်။

ပြည်ထောင်စု ကြံ့.ခိုင်ရေးနှင့် ဖွဲ့.ဖြိုးရေး အသင်းသူများမှာ တစ်ပြည်လုံးအတိုင်းအတာနှင့် မွမ်းမံသင်တန်းများမှ တစ်ဆင့် အဖိုးတန်အမျိုးသမီးများ ထွန်းကားစေရန်လှုပ်ရှားလျက်ရှိနေသည်။ ကြက်ခြေနီတပ်ဖွဲ့. အမျိုးသမီးများ၊ မီးသတ်တပ်ဖွဲ့.ဝင် အမျိုးသမီးများ၊ ရဲတပ်ဖွဲ့.ဝင် အမျိုးသမီးများ၏ လှုပ်ရှားမှုများကိုလည်း တွေ့.ရှိရသည်။ ကမ္ဘာ့ကြက်ခြေနီအဖွဲ့.ချုပ်ကြီးမှ ချီးမြှင့်သော ဟင်နရီဒူးနန့်ဘွဲ့.တံဆိပ်ကိုလည်း အမျိုးသမီးနှစ်ဦး ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ပြီးဖြစ်သည်။

သာသနာရေးနှင့် ပတ်သက်၍ စာချုပ်ဘွဲ့၊ အဂ္ဂမဟာဂန္ထဝါစက၊ မဟာဂန္ထဝါစကနှင့် ဂန္ထဝါစကဘွဲ့.တံဆိပ်များ ချီးမြှင့်ခံရသော သံလှရှင်ဆရာကြီးများကိုလည်း နှစ်စဉ်နိုင်ငံတော်က ချီးမြှင့်လျက်ရှိပါသည်။ အလားတူစွာ သိရှသုဝမ္မသိဂီ၊ သိဟသုဝမ္မသိဂီ စသော လူမှုရေးပုဂ္ဂိုလ်ဘွဲ့.များ ရရှိသော အမျိုးသမီးကြီးများလည်း နှစ်စဉ်ဦးရေပွားများလျက် နိုင်ငံတော်နှင့် အမျိုးသမီးလောကကြီး၏ ဂုဏ်ကို အသရေဆောင် ထွန်းလင်းပြောင်လက်စေခဲ့သော မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ သည် ကမ္ဘာ့အလယ်တွင် မြင့်မားစွာ အောင်လဲတံခွန် လွင့်ထူလျက် ရှိနေပါသည်။ ။

စောမုံညင်း

The Internet

အင်တာနက် (ကွန်ပျူတာနည်းပညာ)

အင်တာနက်၏ အဓိပ္ပာယ်အပြည့်အစုံမှာ International Network ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ရှိကြသော ကွန်ပျူတာများ:တစ်ခုနှင့်တစ်ခု ချိတ်ဆက်ထား:သော ကွန်ရက် Network စနစ်ပေါ်တွင် လူအများ:တစ်ဦး:နှင့် တစ်ဦး: စကားနှိုင်း:အတွင်း: သတင်း:အချက်အလက်များ: ပေး:ပို့နိုင်ခြင်း:၊ သတင်း: အချက်အလက်များ:ရှာဖွေ နိုင်ခြင်း:နှင့် စာရေး:သား: ပေး:ပို့ခြင်း:တို့ကိုဆောင်ရွက် ပေး:နိုင်သည့် လူထု ဆက်သွယ်ရေး:ဆိုင်ရာ နည်း:စနစ် သစ်တစ်ခု ဖြစ်ပါသည်။

အင်တာနက်၏မူလအစ

အင်တာနက်ကို စတင်အသုံး:ပြုဖို့ရည်ရွယ်ခဲ့သည်မှာ စစ်ရေး:အတွက် အသုံး:ပြုရန်ဖြစ်သည်။ အမေရိကန်စစ်ဌာနချုပ် ပင်တာဂွန်သည် စစ်ရေး:နှင့်ဆိုင်သော ကွန်ရက် Network များ:ကို အချင်း:ချင်း:ချိတ်ဆက်ပြီး: ဆောင်ရွက်ခဲ့သော ကွန်ရက်တစ်ခုဖြစ်ခဲ့သည်။ စစ်တပ်များ:အတွင်း: Network အချင်း:ချင်း: ဆက်သွယ်ရာမှ Network ဟူ၍ အမည်တွင်ခဲ့ခြင်း:ဖြစ်သည်။ နောက်ပိုင်း:တွင် တဖြည်း:ဖြည်း: ကျယ်ပြန့်လာပြီး: စစ်ရေး:ဘက်မှာသာမက ပညာရေး:သုတေသနဆိုင်ရာ လုပ်ငန်း:များ:အတွက်ပါ အသုံး:ပြုခဲ့ကြသည်။

ယနေ့အချိန်တွင် စစ်ရေး:၊ ပညာရေး:နယ်ပယ်များ:မှာသာမက နယ်ပယ်အသီး:သီး:တွင် ချိတ်ဆက်အသုံး:ပြုနေကြပြီဖြစ်သည်။ယခုသိနှား:လည်ကြသောအင်တာနက်ဆိုသည့် အသုံး:အနှုန်း:သည် ယခင်က သိထား:ခဲ့ကြသော Local Area Network (LAN) အချင်း:ချင်း: ချိတ်ဆက်ထား:သည့် အဓိပ္ပာယ်မျိုး: မသက်ရောက်တော့ဘဲ နိုင်ငံတကာ ဆက်သွယ်ရေး:ကွန်ရက် International Network ဟူသည့် အဓိပ္ပာယ်ကို ဆောင်ပါသည်။

အင်တာနက်၏ နောက်ခံသမိုင်း:

၁၉၆၉ ခုနှစ်တွင် အမေရိကန် ကာကွယ်ရေး:ဝန်ကြီး:ဌာနသည် ကွန်ရက်စနစ်ဖြင့် သုသေသန ပြုလုပ်ရန် အဆင့်မြှင့် သုသေတနစီမံကိန်း:များ:ဆိုင်ရာ အေဂျင်စီ Advanced Research Project Agency (ARPANET) ကို ဖွဲ့စည်း:ပေး:ခဲ့သည်။ အဓိကရည်ရွယ်ချက်မှာ ရန်သူ



အင်တာနက်အတွက် သတင်း:အချက်အလက်များ: သယ်ဆောင်ပေး:သော ဂြိုဟ်တု

နိုင်ငံများ:၏ နျူကလီယား:ထိုး:စစ်ဖြင့် ကြုံရပါက အစိုး:ရ လုပ်ငန်း:ဆိုင်ရာများ:ကို စစ်ရေး:နှင့် ပညာရေး: ဆိုင်ရာ သုတေသီများ:က ဆက်လက် ဆောင်ရွက်နိုင်စေရန် ဖြစ်သည်။

၁၉၇၀ ပြည့်နှစ်တွင် ARPANET သည် Control Protocol ကို စတင်အသုံး:ပြုခဲ့သည်။ Protocol ဆိုသည်မှာ ဤသို့.ဖြစ်ပါသည် Network ထဲသို့ ဆက်သွယ်ရာတွင် Network Card တစ်ခုနှင့်တစ်ခု၊ ကွန်ပျူတာတစ်လုံး:နှင့် တစ်လုံး:ဆက်သွယ်နိုင်ရန် ဘာသာစကား:တစ်ခု သတ်မှတ်ရပါသည်။ ကွန်ပျူတာအချင်း:ချင်း: နား:လည်သော ဘာသာစကား:ကို Protocol ဟုခေါ်ပါသည်။

အင်တာနက် (ကွန်ပျူတာနည်းပညာ)



တစ်ကမ္ဘာလုံး သုံးစွဲနေသော အင်တာနက်စနစ်

၁၉၇၃ ခုနှစ်တွင် ARPANET သည် အင်္ဂလန်နိုင်ငံ၊ နော်ဝေနိုင်ငံများနှင့် ကွန်ရက်စနစ်ကို ထူထောင်ခဲ့သည်။ ထိုအချိန်မှစ၍ တဖြည်းဖြည်းကျယ်ပြန့်လာခဲ့ရာ ၁၉၉၂ ခုနှစ်သို့ ရောက်သောအခါ ကမ္ဘာ့ဖြန့်ကြက်ကွန်ရက်(World Wide Web)ကို ထူထောင်နိုင်ခဲ့သည်။

စကြည့်တိုက် ဥပမာ

အင်တာနက်ကို လွယ်ကူစွာ နား:လည်နိုင်ရန် အရိုး:ရှင်း:ဆး: ဥပမာပြုရမည်ဆိုလျှင် စကြည်တိုက်ကြီး:တစ်တိုက်နှင့် ဥပမာပေး:ရပါမည်။ စကြည့်တိုက်ဆိုသည်မှာ အကြောင်း:အရာပေါင်း:စုံ၊ သတင်း:အချက်အလက်ပေါင်း:စုံကို စုစည်း:သိုမှီး:ထား:သော နေရာတစ်ခုပင်ဖြစ်သည်။ စကြည့်တိုက်တွင် စာအုပ်များ:ရှိပေမည်။ စာအုပ်များ:ကို ဖွင့်လိုက်လျှင် စာမျက်နှာများ:ကို တွေ့.ရမည်။ စာမျက်နှာပေါ်တွင် မိမိလိုချင်သော အချက်အလက်များ:ကို ရှာဖွေဖတ်ရှုနိုင်သည်။စာမျက်နှာများ:ပေါ်တွင် ရုပ်ပုံများ:၊ စာရင်း:ဇယား:များ:၊ စာလုံး:များ:ရှိကြသည်။ခေတ်မီစကြည့်တိုက်များ:တွင် စာအုပ်များ: သာမကကက်ဆက်ခွေများ:၊ ဗီဒီယိုတိတ်ခွေများ: ပါရှိပေမည်။ အသံဖြင့် နား:ထောင်လိုပါက နား:ထောင် နိုင်သည်။ ဗီဒီယိုဖြင့် ကြည့်ချင်ပါက ကြည့်၍ရနိုင်သည်။ နေ့စဉ်ထုတ်၊ အပတ်စဉ်ထုတ်၊ လစဉ်ထုတ် ဖြစ်ကြသော သတင်း:စာ၊ ဂျာနယ်၊ မဂ္ဂဇင်: အား:လုံး:ရှိပေမည်။ မိုဂြမ်း:စာအုပ်များ: ဖြစ်သော စွယ်စုံကျမ်း:များ:၊ အဘိဓာန်များ:လည်း: ရှိပေမည်။

အင်တာနက်ဆိုသည်မှာလည်း: စကြည့်တိုက်ကဲ့သို့ပင်ဖြစ်သည်။စကြည့်တိုက်တွင် စာအုပ်မျိုး:စုံရှိသကဲ့သို့

အဖွဲ့အစည်း: တစ်ခုတွင်သုံး:သော အင်တာနက်စနစ်





ကွန်ပျူတာများ ချိတ်ဆက်ရာတွင် သုံးသောနက်ဝပ်ကတ်ပြား

အင်တာနက်တွင်လည်း အကြောင်းအရာမျိုးစုံ၊ သတင်းအချက်အလက်မျိုးစုံရှိသည်။ကွာခြားချက် တစ်ခုသာရှိသည်။ စကြည့်တိုက်ကမူ လူကိုယ်တိုင်သွားရောက်၍ ဖတ်ရှုရသည်။ လူကိုယ်တိုင် ရှာဖွေဖတ်ရှုရသည်။ အင်တာနက်ကမူ လူကိုယ်တိုင် သွားရောက်စရာမလိုဘဲ မိမိလိုချင်သော သတင်းအချက်အလက်၊ မိမိသိချင်သော အကြောင်းအရာများကို အိမ်တွင်းရှိ ကွန်ပျူတာမှတစ်ဆင့် ရှာဖွေ ဖတ်ရှု၍ရသည်။ အင်တာနက်ဆိုသည်မှာ တစ်ကမ္ဘာလုံးရှိ လူသားများ အသုံးပြုနေကြသော စကြည့်တိုက်ကြီးတစ်တိုက်ဟု ဆိုနိုင်ပေသည်။

အင်တာနက်ကို အသုံးပြုမည်ဆိုလျှင်

အင်တာနက်ကို အသုံးပြုနိုင်ရန် အောက်ပါအချိုးအစားငါးခု လိုအပ်ပါသည်။

ယင်းတို့မှာ–

(၁) တယ်လီဖုန်း

(၂) ကွန်ပျူတာ

(၃) တယ်လီဖုန်းနှင့် ကွန်ပျူတာအကြား ဆက်သွယ်ပေးမည့် Modem

(၄) Telecomunication Software

(၅) Internet Service Provider

အင်တာနက်ကို အသုံးပြု၍ အောက်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ပါသည် –

(၁) E- mail

(၂) Forums

(၃) File Transfer

(၄) Remote Log-ins (Telenet)

(၅) World Wide Web

E-mail အီလက်ထရောနစ် စာပို့စနစ်

စာတိုက်မှတစ်ဆင့် စာပို့သကဲ့သို့ အီလက်ထရောနစ်စာပို့စနစ်ဖြင့် စာပို့နိုင်ပါသည်။ ကွန်ပျူတာထဲတွင် စာရိုက်ပြီးလျှင် Modem ဖြင့် ဆက်သွယ်ထားသောတယ်လီဖုန်းလိုင်းမှတစ်ဆင့် အင်တာနက်ထဲသို့ ပို့လိုက်ရုံမျှသာ ဖြစ်ပါသည်။ မိမိပို့ချင်သော လိပ်စာရှင်၏ ကွန်ပျူတာထဲသို့ စက္ကန့်ပိုင်းအတွင်း ရောက်ရှိသွားမည်ဖြစ်ပါသည်။

ဖိုင်များ ကူးပြောင်းပေးပို့ခြင်း File Transfer

အင်တာနက်ဖြင့် ချိတ်ဆက်ထားသော ကွန်ရက်ထဲတွင် ရှိနေသော ကွန်ပျူတာများသည် ဖိုင်များကို ကူးပြောင်းပေးပို့လက်ခံနိုင်ပါသည်။ စာပို့ရုံမျှသက်သက် မဟုတ်တော့ဘဲ သိန်းသန်းချီသော သတင်းအချက်အလက်များကို ဖိုင်အလိုက် တစ်နေရာမှ တစ်နေရာသို့ ပေးပို့နိုင်ပါသည်။

အဝေးကွန်ရက် (TELENET)

အဝေးမှာရှိနေသော ကွန်ပျူတာတစ်လုံးကို မိမိတွင်ရှိသော ကွန်ပျူတာကနေ လှမ်း၍ကိုင်တွယ်ဆောင်ရွက်ပေးနိုင်သည်။ ရုံးတစ်ရုံးနှင့် တစ်ရုံး ဆက်သွယ်ရာတွင် အပြန်အလှန်ဆက်သွယ်ရန် လူနှစ်ယောက်ရှိစရာ မလိုတော့ပါ။

World Wide Web W W W.

ကမ္ဘာ့ဖြန့်ကြက် ကွန်ရက်ဟူ၍ အဓိပ္ပာယ်ရပါသည်။ အင်တာနက်ဖြင့် ဆက်သွယ်၍ရပြီဆိုလျှင် WWW ကို အသုံးချ၍ ရပြီဖြစ်သည်။ကိုယ်ပိုင် Web Site များထူထောင်ထားနိုင်ပြီး ယင်း Web Site တွင် စီးပွားရေးကြော်ငြာမှစ၍ ဝါသနာရှင်အသင်း လိပ်စာ များအထိ ကြိုက်နှစ်သက်ရာ အချက်အလက်များကို တင်ပြထားနိုင်ပါသည်။

ယနေ့ ကမ္ဘာပေါ်တွင် အင်တာနက်ကို နယ်ပယ်အသီးသီးတွင် အသုံးပြုနေကြ ပြီဖြစ်ပါ သည်။စီးပွားရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ စာကြည့်တိုက်လုပ်ငန်းများ၊ သတင်းနှင့် ပြန်ကြားရေး လုပ်ငန်းများ၊ စာအုပ်ထုတ်ဝေရေး လုပ်ငန်းများ၊ ဖျော်ဖြေရေး လုပ်ငန်းများ၊ အနုပညာ လုပ်ငန်းများ၊ အစိုးရ လုပ်ငန်းများ၊ စသည့် အဖွဲ့အစည်း အသီးသီးတွင် အသုံးပြုနေကြပြီး ဖြစ်ပါသည်။ယနေ့ အချိန်အခါ၌ လူမှုရေးကိစ္စများတွင်ပင်လျှင် အင်တာနက်က ပါဝင်ပတ်သက်နေ၍ အင်တာနက်ဆိုသည်မှာ လူနေမှုပုံစံသစ် (Life Style) တစ်ခုသဖွယ် ဖြစ်နေပြီဟူ၍ သတ်မှတ်ထားလေသည်။

ဦးဝင်းမော်



အနာကြီးရောဂါပိုးကို စတင်တွေ့ရှိသူ နော်ဝေနိုင်ငံသား

ဒေါက်တာဟင်ဆင်



အနာကြီးရောဂါပျောက်ဆေး

အနာကြီးရောဂါပိုးမွေးမြူနိုင်သောအာမီဒီလိုခေါ်သတ္တဝါ



မြန်မာနိုင်ငံနှင့် အနာကြီးရောဂါ

နိဒါန်း

ယနေ့ကမ္ဘာကြီး၌ အနာကြီးရောဂါ ပြန့်ပွားသည့်နှုန်း တစ်ရှိန်တည်း ထိုးကျနေသလိုမြန်မာနိုင်ငံ၌လည်း လျော့ကျလျက် ရှိ၏။ ရောဂါဖြစ်ပွားပြီး ဝေဒနာရှင်များကိုသာ ခြေလက်အင်္ဂါများ မပျက်ကြရအောင် ထိန်းသိမ်းပေးကြ ဖို့လိုအပ်ပါတော့သည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်နောက်ပိုင်း၌ ရေးသားထားခဲ့သော စာပေအချို့၌ ဤရောဂါကို ရွံရှာဖွယ်၊ ကြောက်မက်ဖွယ် ရောဂါတစ်ခုအဖြစ် ရေးသားထားသည်ကို တွေ့ရသည်။ ယဉ်ကျေးမှုဌာန၊ ညွှန်ကြားရေး ဝန်ဟောင်း သီရိပျံချီဦးသာမြတ်၏ အဆိုအားဖြင့် မြန်မာနိုင်ငံမင်းများ လက်ထက်က ဤရောဂါကို သွေးမစွမ်းသောရောဂါ အဖြစ် သတ်မှတ်ထားကြသည်ဟု သိရပါသည်။

မြန်မာနိုင်ငံသို့ ကူးစက်လာခြင်း

ဤရောဂါသည် အိန္ဒိယနှင့် တရုတ်နိုင်ငံများမှတစ်ဆင့် မြန်မာနိုင်ငံသို့ ကူးစက်ပြန့်ပွားလာသည်ဟု ဆိုရပါမည်။ ပုဂံခေတ် မတိုင်မီကစ၍ တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံနှင့်အမြဲ အဆက်အသွယ်ရှိခဲ့သည်။ အိန္ဒိယလူမျိုးတို့သည်လည်း တကောင်းခေတ်လောက်ကစပြီး မြန်မာနိုင်ငံသို့ အိမ်ဦးကြမ်းပြင်သဖွယ်လူးလာပြန်သွား လုပ်ခဲ့ကြသည်။

ထိုခေတ်ထိုအချိန်က နိုင်ငံခြားသားများသည်မြန်မာမင်းနေပြည်တော်များ၌သာ နေထိုင်ကြသည်။ ထို့ကြောင့် ၎င်းတို့နှင့်အတူ ပူးကပ်ပါလာတတ်သော အနာကြီးရောဂါသည်လည်း ရှေးမြန်မာမင်းနေပြည်တော် ဒေသတစ်ဝိုက်၌ ပြန့်ပွားခွင့်ရခဲ့သည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်ပွဲအပြီး၌ (၁၈၆၈) ခုစူးအက်တူးမြောင်းဖွင့်ပြီးသည့် နောက်ပိုင်းတွင် မြန်မာဆန်စပါးလုပ်ငန်းသည် ဒီရေအလား တိုးတက်ကောင်းမွန်လာသည်။ ထိုအခါ အထက်မြန်မာနိုင်ငံမှ မြန်မာတို့သည် အုပ်လိုက်ချီပြီး အောက်မြန်မာနိုင်ငံသို့ ရွှေ့ပြောင်းလာကြသည်။

ဤသို့ ဆန်စပါးလုပ်ငန်းကောင်းသည့် ဒေသသို့ အထက်အညာမှ မြန်မာများ ရွှေ့ပြောင်းလာကြသကဲ့သို့ အိန္ဒိယနိုင်ငံမှ လူမျိုးများလည်း မြန်မာနိုင်ငံတွင်းသို့ အုပ်နှင့်ချီ၍ ရောက်လာကြပေသည်။ ၎င်းတို့နှင့်အတူ ၎င်းတို့ဒေသမှ အနာကြီးရောဂါသည်လည်း ပါလာ၏။

သို့ကြောင့် အိန္ဒိယနှင့် တရုတ်များတွင် ပါလာသော ဤရောဂါသည်တစ်ချိန်က မင်းနေပြည် အရပ်ဒေသများ၌သာ ကွက်၍ ဖြစ်ပွားခဲ့သော်လည်း နောက်ပိုင်းတွင် လူတို့ အရပ်ရပ်သို့ ပြောင်းရွှေ့နေထိုင်ကြခြင်းဖြင့် မြန်မာပြည်တစ်ဝန်းလုံးသို့ ပျံ့နှံ့သွားတော့သည်။ တစ်နည်းအားဖြင့် လူများ ရွှေ့ပြောင်းနေထိုင်မှု ပေါများခဲ့ရာက ဒုတိယကမ္ဘာစစ်ကြီး နောက်ပိုင်းတွင် ရောဂါဖြစ်ပွားသူ ပို၍များလာသည်ဟု ဆိုရပေမည်။

မြန်မာနိုင်ငံ၌ အနာကြီးရောဂါ ဖြစ်ပွားသည့်နှုန်းသည် ၁၈၆၇ ခုနှစ်ကတည်းကပင် အတော်လေးများပြားနေကြောင်း တွေ့ရသည်။

၁၉၃၁ ခုနှစ်အတွင်း ကောက်ယူသော မြန်မာနိုင်ငံ သန်းခေါင်စာရင်းတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ ဤရောဂါဖြစ်ပွားနေသူပေါင်း ၁၁၀၀၀ ကျော်ရှိသည်ဟု ဆိုထားပါသည်။

အထက်ပါ သန်းခေါင်စာရင်းများအပြင် အနာကြီးရောဂါကု ဆရာဝန်များက မြန်မာနိုင်ငံ အချို့အချို့သော အရပ်ဒေသများ၌ သုတေသနပြုခဲ့ကြရာ ၎င်းတို့၏ သုတေသနစာတမ်းများမှ အကျဉ်းချုပ် ကောက်နုတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။



အနာကြီးရောဂါပိုးအဓိကဖျက်ဆီးတတ်သောအာရုံကြောများ



အနာကြီးရောဂါဖြစ်သူသည် အနာတရမဖြစ်အောင် သတိထားရသည်။ ရောဂါသည်တစ်ဦး ဆေးလိပ်မီးလောင်နာမဖြစ်အောင် အစွပ်ဖြင့် ဆေးလိပ်သောက်နေစဉ်



အနာကြီးရောဂါလက္ခဏာများ

သုတေသနပြုသည့် ပုဂ္ဂိုလ်	ခုနှစ်	သုတေသနပြုသည့်ဒေသ	တွေ့ရှိသည့် ရောဂါသည် ရာခိုင်နှုန်း
သာဒင်	၁၉၃၂	မင်းဘူး	၁.၇
ငှင်း	၁၉၃၃	မိတ္ထီလာ	၁.၆
ဆန်တရာ (SANTRA)	၁၉၃၃	မန္တလေး	၂.၅
ငှင်း	၁၉၃၈	အင်းစိန်	၀.၆
သာဒင်	၁၉၃၉	ဟသ်ာတ	၀.၃၅
ဗေကာ (BAKER)	၁၉၄၀	ကျိုင်းတုံ	၆.၀
သာဒင်	၁၉၄၁	စစ်ကိုင်း	၀.၉၇
ငှင်း	၁၉၄၁	ရမည်းသင်း	၁.၇၆
ငှင်း	၁၉၄၁	သထုံ	၀.၂၃
သာဆိုင်	၁၉၄၈	မြင်းခြံ	၁.၆၆

မြန်မာနိုင်ငံ လွတ်လပ်ရေးရခါနီးအချိန် ဗိုလ်ချုပ်အောင်ဆန်း မကွယ်လွန်မီတစ်လလောက်က ရေးဆွဲခဲ့သော ဆိုရမ်တိုဗီလာစီမံကိန်း၌ အနောက်ကြီးရောဂါတိုက်ဖျက်ရေးကို ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ကြ၏။

(၁) ၁၉၅၁ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ကြီး ရောဂါ အကြံပေးအရာရှိ Dr. Dhamandhra ၏ အစီရင်ခံစာအရ၊ လူဦးရေ ၁၀၀၀ လျှင် အနောက်ကြီး ရောဂါဖြစ်ပွားသူ ၅ ဦးခန့် သို့မဟုတ် လူနာစုစုပေါင်း တစ်သိန်းခန့် ရှိလိမ့်မည်ဟု ခန့်မှန်းခဲ့ပါသည်။

(၂) နောက်ပိုင်းတွင် အနောက်ကြီးရောဂါ တိုက်ဖျက်ရေးကို အကောင်အထည်ဖော်၍ ပြည်တွင်းပညာရှင်များက စုပေါင်း လေ့လာသောအခါ လူတစ်ထောင်လျှင် ၂၄ ဦးခန့် ရှိသည်ဟု တွေ့ရှိခဲ့ကြသည်။

အနောက်ကြီး ရောဂါသမိုင်း

ဘီစီ (၁၅၀၀) ရပ်ဗေဒစမိတ (အိန္ဒိယ) ဆေးကျမ်းတွင် ကုဋ္ဌဆိုသော အရေပြားရောဂါအကြောင်းကို ပထမဆုံးရေးသားထားသည်။

ဘီစီ (၁၄၀၀-၁၃၀၀) အနောက်ကြီး ရောဂါလက္ခဏာ ပြသထားသော အရုပ်ပါသည့်ရွှံအိုးကို တွေ့ရှိချက်အရ အရှေ့အလယ်ပိုင်း ပါလက်စတိုင်းတွင် အနောက်ကြီး ရောဂါရှိနေပြီဟု ယူဆကြသည်။

ဘီစီ (၆၀၀) တရုတ်ပြည် တွေးခေါ်ပညာရှင်ကြီး ကွန်ဖြူးရှပ်၏ လက်ရုံးတော်ဘုန်းကြီးတစ်ပါး အနောက်ကြီးရောဂါဖြစ်ပွားခဲ့သည်။

အေဒီ (၆၂) အရှေ့တိုင်း နိုင်ငံများမှ ပြန်ရောက်လာသော ရောမစစ်သားများကတစ်ဆင့် ဥရောပတစ်ခွင်သို့ အနောက်ကြီးရောဂါ စတင်ပြန့်ပွားသည်။

အေဒီ (၁၅၀) တရုတ်ဆေးပညာရှင်ကြီး ဟွာတိုက အနောက်ကြီးရောဂါသည် အရေပြား တွင်သာမက ခန္ဓာကိုယ်အတွင်းရှိ အင်္ဂါအစိတ်အပိုင်းများကိုလည်း ဖျက်ဆီးကြောင်း ပြဆိုသည်။

အေဒီ (၁၅၀) ဂရိနိုင်ငံမှ သမားတော်ကြီးက အနောက်ကြီးရောဂါအကြောင်းကို ဥရောပတွင် ပထမဆုံး မှတ်တမ်းတင်သည်။

အေဒီ (၆၂၅-၆၃၈) အင်္ဂလန်နိုင်ငံ နော့သင်တန်ဒေသတွင် ပထမဆုံး အနောက်ကြီးဆေးရုံ တည်ထောင်သည်။

အေဒီ (၇၅၇) ပြင်သစ်နိုင်ငံတွင် အနောက်ကြီးရောဂါရှိသူနှင့် အိမ်ထောင်မပြုရ။ အိမ်ထောင်သည် တစ်ယောက်ယောက်က အနောက်ကြီးဖြစ်ပွားသော် အိမ်ထောင်ကွာရှင်းနိုင်ခွင့် ဥပဒေပေါ်ထွက်သည်။

အေဒီ (၇၀၁-၇၆၀) ဂျပန်နိုင်ငံ ဘုရင်မကြီး ကိုမယိုက အနောက်ကြီးရောဂါသည် များ၏ လူမှုရေးဒုက္ခကို စတင် ကူညီသည်။ နာရာမြို့တော်၌ ပထမဆုံး အနောက်ကြီးဆေးရုံကို တည်ထောင်သည်။

အေဒီ (၁၀၄၄) မြန်မာနိုင်ငံပုဂံပြည့်ရှင် အနော်ရထာလက်ထက် သထုံမြို့မှ ပိဋကတ်သုံးပုံနှင့် အသိပညာရှင် အတတ်ပညာရှင် များကို ပင့်ဆောင်ခဲ့ရာ သထုံပြည့်ရှင်

မြန်မာနိုင်ငံ ဒေသအလိုက်အနောက်ကြီးရောဂါဖြစ်ပွားမှုနှုန်း (၁၉၉၅)

လူဦးရေတစ်သောင်းမှာ ရောဂါဖြစ်သည့်နှုန်း



ကမ္ဘာ့အနာကြီးရောဂါ ပမာဏ

ကမ္ဘာနိုင်ငံပေါင်း ၈၀ ခန့်တွင် အနာကြီးရောဂါသည် ပြည်သူ့ကျန်းမာရေး ပြဿနာအဖြစ် တည်ရှိနေပါသည်။ အများအားဖြင့် အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံများတွင် ဤရောဂါအဖြစ်များသည်ကို တွေ့ရပါသည်။ ဤနိုင်ငံ ၈၀ အနက် အဓိကအားဖြင့်နိုင်ငံပေါင်း ၂၅ နိုင်ငံတွင် ကမ္ဘာ့အနာကြီးရောဂါပမာဏ၏ ၉၂ ရာခိုင်နှုန်း ရှိပါသည်။ ပြဿနာ၏ ၈၁ ရာခိုင်နှုန်းမှာ အနာကြီးရောဂါထူပြောရာ ၅ နိုင်ငံတွင်ရှိပြီး ၄င်း ၅ နိုင်ငံ မှာ အိန္ဒိယ၊ ဘရာဇီး၊ ဘင်္ဂလား ဒေ.ရှ်၊ မြန်မာနိုင်ငံနှင့် နိုက်ဂျီးရီးယားနိုင်ငံတို့ ဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်ကုန်တွင် ခန့်မှန်းခြေအားဖြင့် လူနာ ၂.၄ သိန်းခန့် ရှိကြောင်း တွေ့ရှိရပါသည်။

ယခင်ကဤကမ္ဘာတွင် အနာကြီးရောဂါသည် ရောဂါသည်ပေါင်း ၁၀ သန်းမှ ၁၅ သန်းအတွင်း အပြဲတစေ ရှိခဲ့ရာက ယခုကဲ့သို့ အရေအတွက် ကျဆင်းရခြင်းမှာ အနာကြီးရောဂါ ဝေဒနာရှင်အများစုအား ဓေတ်ပေါဆေးနှစ်မျိုး၊ သုံးမျိုးကို စုပေါင်း တိုက်ကျွေးနိုင်သောကြောင့် ဖြစ်ပါသည်။

ဤရောဂါသည် (Mycobacterium Leprae) ပိုး ကြောင့် ဖြစ်ပါသည်။ ၄င်းရောဂါပိုးကို မိုက်ခရိုစကုပ်ဖြင့် ကြည့်ပါက တုတ်ချောင်း ကလေးများအသွင် ရှိပါ သည်။ လူ၏ ကိုယ်ခန္ဓာအတွင်း၌ အာရုံကြောများတွင် အဓိက ပေါက်ပွားပါသည်။ ၁၉၆၀ ခုနှစ်တွင် Shepard က ကြွက်ဖြူများ၏ လက်ပတ်များတွင် မွေးမြူ၍ ရနိုင် ကြောင်း ပြသခဲ့ပါသည်။ ၁၉၇၁ ခုနှစ်တွင် ဤပိုးကို အမေရိကန်နိုင်ငံရှိ Nine Banded Armadillo အာမံဒီလို များတွင် ပေါက်ပွားစေသည်အပြင် ၁၉၇၆ ခုနှစ်က ၄င်းပိုးများကို Nude Mice (အမွေးအမှင် လုံးဝမရှိသော ကြွက်ငယ်မျိုး) တွင်လည်း ပေါက်ပွားစေနိုင်ကြောင်း သုတေသန ပြုလုပ်ရရှိခဲ့ပါသည်။

ထိုအချိန်မှစ၍ အနာကြီးရောဂါ သုတေသနရလဒ်များသည် တစ်ရှိန်ထိုးတိုးတက်ခဲ့ပါသည်။

အနာကြီးရောဂါပိုးကို နော်ဝေးနိုင်ငံသား ဒေါက်တာ ဟင်ဆင် Dr. HANSEN သည်ရာစု ၁၈၇၃ ခုနှစ် ကပင် စတင်တွေ့ရှိခဲ့သည်။ လူသားတို့ကို နှက် ပေးသော ရောဂါပိုးများအနက် အဦးဆုံးတွေ့ခဲ့ရသည့် ပိုးတစ်မျိုး လည်း ဖြစ်သည်။ သို့သော် ယင်းပိုးကို ပညာရှင် အသီးသီး

မနဟာမင်းနှင့် ဆွေးမျိုးမကင်းသူ အနာကြီးရောဂါသည်တစ်ဦး ပါလာသည်။ ယင်းကွယ်လွန် သော် ညောင်ချင်းနတ် (သုံးဆယ့် ခုနစ်မင်းမှ နတ်တစ်ပါး) အဖြစ် ယနေ့တိုင် ပသလျက်ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ အနာကြီး ရောဂါသည် အိန္ဒိယမှ တစ်ဆင့် သုဝဏ္ဏ ဘူမိ၊ ၄င်းမှ တစ်ဆင့် ပုဂံသို့ ပြန့်ပွားခဲ့ သည် ဟု ယူဆရပါသည်။

အခန်း (၁၂၃)

အနာကြီး ရောဂါသည်များ၏ အားကိုးရာ ရဟန္တာစိန့်အက်လီစဘက် ပေါထွန်းသည်။ အယ်လီစဘက်သည် ဟန်ဂရေရီ နိုင်ငံ ပြည့်ရှင်၏ သမီးတော် ဖြစ်ပြီး အသက် ၁၄ နှစ် အရွယ်တွင် အနာကြီးရောဂါသည်များအကျိုး အတွက် သယ်ပိုးဆောင်ရွက်ခဲ့သည်။ အသက် ၂၄ နှစ်တွင် ကွယ်လွန်သည်။ ကွယ်လွန်ပြီး ၄ နှစ်အကြာတွင် ရဟန္တာမ (၈) စိန့် အဖြစ်သတ်မှတ်ခြင်းခံရသည်။

အခန်း (၁၂၀၅-၁၃၁၂)

ပြင်သစ်ဘုရင် ဖစ်လစ် (၄) က အနာကြီးရောဂါရှိသူအား လုံးကို စည်းဝေးစေပြီး မီးလောင်တိုက် သွင်းရန် အကြံပြုသည်။ ဤရောဂါကို လောကမှ လုံးဝကင်းစင်သည် အထိ လူအရှင်မီးရှို့သည့် စနစ်ကို ကျင့် သုံး ရန် ကြံ စည် ခဲ့ သည်။ အထက်ပါအထောက်အထားများအရ

အနာကြီးရောဂါသည် အလွန်ရှေးကျသော ရောဂါ တစ်ခု ဖြစ်၍ ကမ္ဘာ့တစ်ဝန်းလုံးမှ နိုင်ငံအားလုံးသို့ ကူးစက် ပြန့်ပွားခဲ့သည်။ သို့သော် တိုးတက်ပြီးနိုင်ငံများ၌ လူနေမှု အဆင့်အတန်း တိုးတက်ခဲ့သည်နှင့်အမျှ ရောဂါအသစ် ဖြစ်သည်နှုန်းလည်း ကျဆင်းခဲ့ပါသည်။

ဥပမာ - နော်ဝေးနိုင်ငံတွင် အနာကြီးရောဂါကို ထေးများ မပေါ်မီ ရောဂါကူးစက်နှုန်းကျဆင်းသွားခဲ့သည်။

က တတ်ခွဲခန်းအတွင်း၌ မွေးမြူရန် မည်သို့ပင် ကြိုးစားခဲ့ကြစေကာမူ မအောင်မြင်ခဲ့ချေ။

နောက်ဆုံး တိုးတက်မှုများ

ခေတ်သစ်အနာကြီးရောဂါ တိုက်ဖျက်ရေးမှာ ၁၉၈၁ ခုနှစ်ကမှ ဆေးနှစ်မျိုး၊ သုံးမျိုးသုံးရသော MULTIDRUG THERAPY စနစ်ကို စတင်ကျင့်သုံးရာမှ စသည်ဟု ဆိုရပါမည်။ ထိုစဉ်ကမှာ ကျန်းမာရေးပညာရှင်အဖွဲ့က

* ရောဂါပိုး ရှာမရသော အနာကြီးရောဂါရှင်များ အတွက် ဆေး ၂ မျိုးကို ၆ လ

* ရောဂါပိုးရှာတွေ့သော ရောဂါရှင်များအတွက် ဆေး ၃ မျိုးကို ၂ နှစ်တိုက်ကျွေးကြပါဟုအထောက် အထားများဖြင့် တင်ပြလာရာ ထိုပညာရှင်များအဖွဲ့၏ စာတမ်းမှ စတင်ခဲ့သည်။ ဇယား (၁) တွင် ရှုပါ။ ဤစနစ်ကို ကမ္ဘာတစ်ခွင် လုံး၌ တစ်မူတည်း လက်ခံကျင့်သုံးခဲ့ရာ ၁၉၈၃တွင် ဤကမ္ဘာပေါ်၌ အနာကြီး ရောဂါသည်ပေါင်း ၁၁၁သန် း ရှိခဲ့ရာက ၁၉၉၂ တွင် ၅၁သန်းသို့ ကျဆင်းခဲ့၍ ၁၉၉၆ တွင် ၁.၃ သန်းသာ ရှိသည်အထိ လျော့ကျသွားခဲ့ပါသည်။ ဤကုထုံးကြောင့် ရောဂါပြန်ဖြစ် သည့်နှုန်းက ၀.၁သန း ၁% သာရှိ၍ ရောဂါကန်ခြင်း၊ ထကြွခြင်း စသည့် ပြဿနာတို့လည်း အလွန်နည်းခဲ့သည်ဟု သိရပါသည်။

ဤကုထုံးအတိုင်း မြန်မာနိုင်ငံမှ ဝေနာရှင်များကို ကုသပေးခဲ့ရာတွင်လည်း ရောဂါပျောက်ကင်းသူတွေ လွန်စွာပေါများခဲ့၍ မြန်မာနိုင်ငံတွင် အနာကြီးရောဂါ ပြန့်ပွားမှုနှုန်းလည်း သိသိသာသာ ကျဆင်းသွားပါသည်။

* ဆရာဝန်၊ ဆရာမက ကြပ်မတ်တိုက်ကျွေးရန်။

ဇယား (၁) အနာကြီးရောဂါထုတ်ုံး

ဆေးအမည်	ရောဂါပိုး ရှာမတွေ့သော ဝေဒနာရှင်	ရောဂါပိုး ရှာတွေ့သော ဝေဒနာရှင်
ဒီဒီအက်ဒ်	၆လ ၁၀၀ မီလီဂရမ် (နေ့စဉ်)	၂၄ လ ၁၀၀ မီလီဂရမ် (နေ့စဉ်)
ရီဖိုင်မိုင်စင်	*၆၀၀ မီလီဂရမ် (၁ လ ၁ကြိမ်)	၆၀၀ မီလီဂရမ် (၁လ ၁ ကြိမ်)
ကလိုဖာဇမင်		နေ့စဉ် ၅၀ မီလီဂရမ် + * ၃၀၀ မီလီဂရမ် (၁ လ ၁ ကြိမ်)

နောက်ပိုင်းတိုးတက်မှုများ

အနာကြီးရောဂါအတွက် သုတေသီများ အစဉ်တစိုက် မြန်မာအပါအဝင် နေရာအနှံ့အပြား၌ ကြိုးစားသုတေသနပြုခဲ့ကြရာ တွေ့ရှိချက်များကို ၁၉၉၇ ဇွန်လက ကျင်းပခဲ့သော ကမ္ဘာ့အနာကြီးရောဂါပညာရှင်ကော်မတီစည်းဝေးပွဲကြီး၌ တင်ပြ ဆွေးနွေးခဲ့ကြသည်။ ဤပညာရှင်များ၏ တွေ့ရှိချက်များကို စာအုပ်အသွင်အဖြစ် ၁၉၉၈ တွင် ပေါ်လာပြီး ဖြစ်သည်။ ယင်းစာအုပ်၏ အနှစ်သာရတို့မှာ –

(၁) အနာကြီးရောဂါ အရေပြားထုံနေသော အကွက်တစ်ကွက်သာရှိသော ဝေဒနာရှင်များအား ရီဖိုင်မိုင်စင် RIFAMPICIN ၆၀၀ မီလီဂရမ် အာဖလောဆစင်:OFLOXACIN၄၀၀မီလီဂရမ်နှင့် မိနိုဆိုင်ကလင်:MINOCYCLINE၁၀၀မီလီဂရမ် ROM ဟုအမည် ပေးထားသော ဆေးသုံးမျိုးကို တစ်ခွက်တည်းပေးရုံနှင့် ယခင် ၆ လဆေးပေးနေသည့်အတိုင်း အကျိုးရမည်ဟု သိရပါသည်။

(၂) အနာကြီးရောဂါအစိုမျိုးဖြစ်ပွားနေသူ (ရောဂါပိုးတွေ့ရှိသူ) များကိုလည်းယခင်ဒီဒီအက်စ်+ကလိုဖာဇမင်:+ ရီဖိုင်မိုင်ဇင် ဆေးသုံးမျိုးကို ၂ နှစ်ကြာအောင် ပေးနေကြမည့်အစား ၁ နှစ်ထဲပေးရုံဖြင့် ညီမျှသော အကျိုးကိုရသည်ဟု အထောက်အထားများဖြင့် ပြည့်ပြည့်စုံစုံ တင်ပြလာပါသည်။

အနာကြီးရောဂါ အစိုမျိုး ဝေဒနာရှင်များအတွက် တစ်လစာဆေး၀ါး ဆေးသုံးမျိုး ကုန်အောင် စား ရပါသည်။

ယခင်ခေတ်ဟောင်းက DDS ဆေးတစ်မျိုးထဲ သောက်ပြီး ဆေးရပ်ထားပြီး သူများလည်း အထက်ပါကုထုံး သစ်အတိုင်း ပြန်လည်သောက်သုံးသင့်ပါသည်။

အနာကြီးရောဂါ အစိုမျိုးဖြစ်ပွားနေသူတွင် ဤရောဂါနှင့် ပတ်သက်၍ ကိုယ်ခံအား မရှိကြပါ။ အနာကြီး ရောဂါ ကာကွယ်ဆေးကလည်း အများသုံးနိုင်သော အဆင့်ကို မရောက်သေးပါ။ တို့ကြောင့် အနာကြီးရောဂါ အစိုမျိုး (အရေပြား၌ ရောဂါပိုး ရှာဖွေတွေ့ပြီးသူပေါင်း) ကို နှစ်စဉ် ဆရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကိုင်ပင်ကြဖို့ လိုပါသည်။ သို့မှသာ ရောဂါလက္ခဏာပြန်ဖြစ်ပြီ ထင်ရပါက ဆေးကိုစောစောပြန်လည်သောက်သုံးနိုင်မည် ဖြစ်ပါသည်။

(၃) အနာကြီးရောဂါ ၅ ကွက်အထက်ရှိသူများ
(MB Leprosy)

(၄)အခြားအကြံပြုချက်များ

ကမ္ဘာ့ ကျန်းမာရေးညီလာခံ ၁၉၉၁– ခုနှစ်က ဆုံးဖြတ်ထားသည့်အတိုင်း အနာကြီးရောဂါကို သက္ကရာဇ် ၂၀၀၀တွင် ပြည်သူ့ကျန်းမာရေး ပြဿနာကြီးတစ်ခုမှ ဖယ်ရှားနိုင်ရန် (လူဦးရေ ၁ သောင်းတွင် ရောဂါသည်တစ်ဦးထက် လျော့နည်းစေရန်) အနာကြီးရောဂါရှားပါးသော ဒေသများတွင် ရောဂါသည် ရှာဖွေရေးလုပ်ငန်းကို ရောဂါ တိုက်ဖျက်ရေးလုပ်သားများသာမက အထွေထွေကျန်းမာရေးဌာနမှ လုပ်သားများကို တာဝန်ယူစေ၍ ရောဂါဖြစ်ပွားမှုနှုန်း မြင့်နေသေးသော ဒေသများတွင် ရောဂါသည်များ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို အစိုးရ အနာကြီးရောဂါ တိုက်ဖျက်ရေးဌာနများက တာဝန်ဆက်ယူသွားစေရန်၊

နှစ်စဉ် အသစ်ပေါ်ထွန်းနေသော ရောဂါသည်အသစ် ငါးသိန်းခန့်ကို ရှာဖွေဖော်ထုတ်ဖို့ တာဝန်က ရှိသေးသည်။ (ရောဂါ ပျိုးသော အချိန်ကာလ ကြာမြင့်သဖြင့် ရောဂါသည် အဟောင်း အများစုက ဆေးကုသမှု ခံယူပြီး ကြသော်လည်း ရောဂါသည် အသစ်မှာ ကာလ အတော်ကြာအောင် ဆက်ပေါ်နေဦးမည်။) ဤတာဝန်ကို ကျန်းမာရေး လုပ်သားများ အားလုံး၏ တာဝန်အဖြစ် သတ်မှတ်ကာ ပြည်သူလူထုကို ပညာပေး ရင်း ရည်မှန်းချက် သက္ကရာဇ် ၂၀၀၀ တွင် ဤရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာ အဖြစ်မှ ကွယ်ပျောက်ရေး အဆင့်ကို ကူးသွား ကြမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံ အနာကြီးရောဂါတိုက်ဖျက်ရေး

ဒုတိယကမ္ဘာစစ် မဖြစ်မီကာလက ရန်ကုန်မြို့တွင် အနာကြီးရောဂါအထူးအရာရှိတစ်ယောက်သာ ရှိခဲ့သည်။ ထိုအရာရှိကသာ တစ်ပြည်လုံးရှိမြို့ပေါ်နေ ဝေဒနာရှင်များ၏ ဆေးကုသရေးတာဝန်ကို စီမံပေးရသည်။ ထိုအချိန်က ဆိုလျှင် ဆေးကောင်းဝါးကောင်းများလည်းမရှိ၊ ချိုးသီး၊ ကလောသီးအဆိများကိုသာ ထိုးပေးကြရသည်။

အနာကြီးရောဂါ အခြောက်မျိုး ရောဂါအတွက် အကွက်တစ်ကွက် သာရှိသော ဝေဒနာရှင်များက ကမ္ဘာတွင် အလွန်ရှားပါသည်။ အိန္ဒိယနိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့ လောက်မှာသာ တွေ့ရသော ပြဿနာ ဖြစ်၏။ အများစုဟာ ခန္ဓာကိုယ်ထဲမှာ အကွက်တစ်ကွက်မက ရှိနေတတ်ကြသည်။ MINOCYCLINE မီနိုဆိုင်ကလင်းဆေးက တက်ထရာ ဆိုင်ကလင်းဆေးအုပ်စုဝင် ဖြစ်နေ၍ ကိုယ်ဝန်ဆောင်များနှင့် ကလေးငယ်များတွင် သွားအရောင်ဝါစေတတ်၍ တိုက်ကျွေးရန် အားမပေးလိုပေ။

သို့သော် ဆေးကို ၆ လ တိုက်ကျွေးနေရမည့် အစား တစ်ကြိမ်တည်း ဆေးတစ်ခွက်တည်းနှင့် ကိစ္စပြတ်မည် ဆိုသဖြင့် ရောဂါသည်အများအား ဆေးမသောက်သောက်အောင် တိုက်တွန်းပေးနေစရာ မလိုတော့ပေ။ (သို့သော် ဆေးသောက်ပြီးရောဂါကြွလာရာက အာရုံကြောများ ပျက်စီးလာမှု စသည်တို့ကို ဆေးတိုက်ကျွေးသူများဘက်က မသိဘဲဖြစ်နေမှာ စိုးရသည်။)

(၃) တတိယအရေးကြီးသော တွေ့ရှိချက်က အနာကြီးရောဂါသည်များကို အုပ်စုခွဲခြားမှုနှင့် ပတ်သက်ပါသည်။ ယခင်ကရောဂါပိုးရှာဖွေသူများနှင့် ရောဂါပိုးရှာမတွေ့သူများဟု ခွဲခြားခဲ့သော စနစ်သည်မကောင်းလှပေ။ စစ်ဆေးသော ပုဂ္ဂိုလ်ပေါ်မူတည်၍ အဖြေအမျိုးမျိုးရတတ်ပါသည်။ အချို့ရောဂါ အစိုအဆင့်ကိုလည်း မရောက်သေး။ ရောဂါသည် အခြောက်လည်းမကသူ အချို့မှာ ရောဂါပိုး ရှာမရဘဲ ဖြစ်နေတတ်ပါသည်။ ယူဂန်ဒါနိုင်ငံမှ ၁၉၉၄ လေ့လာချက်များအရ ရောဂါပြန်ဖြစ်ပွားသူများသည် PB - MDT ကုသမှု ခံယူသော အုပ်စုဖြစ်၏။ သို့ကြောင့် ယခုကော်မတီက အနာကြီးရောဂါသည်များကို အောက်ပါအတိုင်း အမျိုးအစားသုံးမျိုး ခွဲခြားထားရှိရန် အကြံပြုထားပါသည်။

(၁) အနာကြီးရောဂါ အကွက်တစ်ကွက်သာ ရှိသူ
(၂) ၂ ကွက်မှ ၅ ကွက်အထိရှိသူ (PB Leprosy)

အဝိကအား‌ဖြင့် အနာကြီး‌ဝေဒနာရှင်များ‌ကို ရိပ်သာများ‌တွင် သီး‌ခြား ထား‌ရှိ‌စေ‌သည်။ မြန်မာ‌နိုင်ငံ‌တွင် ကက်သလစ် ခရစ်‌ယာန် သာသနာ‌ပြု‌အဖွဲ့များ‌က တာဝန်‌ယူ‌သော ဂေဟာ များ‌သည် အောက်‌ပါ‌မြို့များ‌၌ ရှိ‌ပါ‌သည်။

– ရန်‌ကုန်၊ ကြည့်‌မြင်‌တိုင် (ဘိရှော့‌ဘိဂန်း‌ဒက် ဂေဟာ)

– မန္တလေး‌မြို့၊ စိန့်.ဂျွန်း ဂေဟာ။

– ကျိုင်း‌တုံ၊ အနာ‌ကြီး‌ရိပ်‌သာ။

– လွိုင်‌လင်၊ အနာ‌ကြီး‌ရိပ်‌သာ။

အလား‌တူ‌ပင် ဗက်‌ပတစ်‌ခရစ်‌ယာန်များ‌က ဦး‌စီး‌သော ဂေဟာ‌ကြီး‌များ‌သည်‌လည်း အောက်‌ပါ‌မြို့များ‌တွင် ရှိ‌ခဲ့‌သေး‌သည်။

– မော်‌လမြိုင်၊ တောင်‌ဝိုင်း‌အနာ‌ကြီး‌ရိပ်‌သာ။

– မန္တလေး‌မြို့၊ ဝက်‌စလိ‌အနာ‌ကြီး‌ရိပ်‌သာ။

– ကျိုင်း‌တုံ၊ အနာ‌ကြီး‌ရိပ်‌သာ။

ခရစ်‌ယာန်များ‌က အနာ‌ကြီး‌ရောဂါ‌သည်များ ပြုစု စောင့်‌ရှောက်‌ရေး‌ကို ဦး‌စား‌ပေး၍ ဖော်‌ချ‌ဆောင်‌ရွက်‌ခဲ့‌သ‌ကဲ့‌သို့ မြန်‌မာ ဗုဒ္ဓဘာသာများ‌ကလည်း ဒုတိယ ကမ္ဘာ‌စစ်‌ကြီး မဖြစ်‌မီ‌ကာလ‌တွင် ခရိုင်‌အတော်‌များ‌များ‌၌ ခရိုင်‌ဝန်‌က ဦး‌ဆောင်‌သော အနာ‌ကြီး‌ရောဂါ စောင့်‌ရှောက်‌ရေး အသင်း‌များ‌က ဆောက်‌လုပ်‌ထား‌သော အနာ‌ကြီး‌ဝေဒနာ‌ရှင်များ နေ‌ထိုင်‌ရန် ရိပ်‌သာ‌ငယ်များ‌ကို –

– မော်‌လမြိုင်၊ ငန်း‌တေး၊ အင်း‌စိန်၊ ဆတ်‌ကတော့၊ ပခုက္ကူ၊ မန္တလေး၊ ပျဉ်း‌မနား၊ ညောင်‌လွန်း စသည့်‌ခရိုင် ၁၄ ခု‌တွင် တည်‌ထောင်‌ပေး‌ခဲ့‌သည်။

အဆို‌ပါ‌ရိပ်‌သာ‌အ‌တွင်း နေ‌ထိုင်‌သော ဝေဒနာ‌ရှင် အား‌လုံး‌ကို အစိုး‌ရက ထောက်‌ပံ့‌ကြေး‌ပေး‌သ‌လို မြို့‌နိ‌စပယ် အဖွဲ့‌ကလည်း လစဉ်‌ကြေး‌ထောက်‌ပံ့‌သည်။ ပြင်‌ပ‌စေတ‌နာ‌ရှင် များ‌ကလည်း လှူ‌ဒါန်း‌ကြ‌သည်။ မြန်‌မာ‌နိုင်ငံ‌တစ်‌ဝန်း‌လုံး၌ အနာ‌ကြီး‌ရောဂါ‌သည်‌ပေါင်း ၃၅၀၀ နီး‌ပါး‌ကို လက်‌ခံ‌နိုင်‌သည့် နေ‌ရာများ‌ရှိ‌ခဲ့‌သည်။

စစ်‌ပြီး‌ကာလ

လွပ်‌လပ်‌ရေး ရ‌ခါနီး‌အ‌ချိန်‌တွင်၊ ဗိုလ်‌ချုပ် အောင်‌ဆန်း ကြီး‌မှူး‌ပြီး ဆို‌ရမ်‌တိုမီ‌လာ စီမံ‌ကိန်း‌ကို ရေး‌ဆွဲ‌ခဲ့‌ရာ‌တွင် အနာ‌ကြီး‌ရောဂါ တိုက်‌ဖျက်‌ရေး‌ကို‌ပါ ထည့်‌သွင်း ရေး‌ဆွဲ‌ခဲ့‌သည်။ တ‌ကယ်‌တန်း အ‌ကောင်‌အ‌ထည်‌ဖော်‌ခဲ့‌သည်‌မှာ ၁၉၅၁–၅၂ ခု‌နှစ်‌တွင် ဖြစ်‌သည်။

စီမံ‌ကိန်း‌များ‌ကို ကမ္ဘာ့‌ကျန်း‌မာ‌ရေး အဖွဲ့.ချုပ်‌နှင့် အပြည်‌ပြည်‌ဆိုင်‌ရာ ကလေး‌များ‌ရန်‌ပုံ‌ငွေ‌အဖွဲ့ (ယူ‌နီ‌ဆက်) အ‌ကူ‌အ‌ညီ‌ကို ယူ‌ပြီး ၁၉၅၁ ခု‌နှစ်‌မှ စ‌နစ်‌တ‌ကျ စ‌တင် ဆောင်‌ရွက်‌ခဲ့‌သည်။ ကမ္ဘာ့‌ကျန်း‌မာ‌ရေး အဖွဲ့.ချုပ်‌မှ ကျွမ်း‌ကျင်‌သူများ စေ‌လွှတ်၍ ကူ‌ညီ‌ပြီး ကလေး‌များ အ‌ရေး‌ပေါ်‌ရန်‌ပုံ‌ငွေ‌အဖွဲ့.မှ ဆေး‌ဝါး၊ ဓာတ်‌ခွဲ‌ကိရိယာ၊ ခရီး‌သွား‌ယာဉ်များ ကူ‌ညီ‌ထောက်‌ပံ့‌ခဲ့‌သည်။

စီမံ‌ကိန်း‌နယ်‌မြေများ

မြန်‌မာ‌ပြည်၏ အနာ‌ကြီး‌ရောဂါ ပြဿနာ အတိမ် အနက်‌ကို‌လေ့‌လာ‌ရန် ၁၉၅၂ ခု‌နှစ်‌တွင် ကမ္ဘာ့‌ကျန်း‌မာ‌ရေး အဖွဲ့.ချုပ် အနာ‌ကြီး‌ရောဂါ‌ပါ‌ရဂူ ဒေါက်‌တာ ဒါ‌မန်‌ဒရာ လာ‌ရောက် လေ့‌လာ‌သွား‌ခဲ့‌သည်။ ဒေါက်‌တာ ဒါ‌မန်‌ဒရာ၏ အစီ‌ရင်‌ခံ‌စာ‌နှင့် မြန်‌မာ‌ပညာ‌ရှင်များ တွေ့‌ခေါ်‌ယူ‌ဆ‌ချက် များ‌ကို ပူး‌ပေါင်း‌ပြီး ခရိုင်‌ကြီး‌များ‌တွင် ၁၉၅၇ မှ ရောဂါ‌ရှာ‌ဖွေ ကုသ‌ရေး‌လုပ်‌ငန်း‌များ‌ကို တစ်‌သမတ်‌တည်း လုပ်‌ကိုင်‌ခဲ့‌ကြ‌သည်။

လုပ်‌ဆောင်‌နည်း‌မှာ အနာ‌ကြီး‌ရောဂါ‌ဝေဒနာ တိုက်‌ဖျက်‌ရေး‌အဖွဲ့‌ဝင်များ‌က ကျေး‌လက်‌တော‌ရွာ‌အ‌နှံ့ သွား‌ရောက်‌ပြီး ဝေဒနာ‌သည်များ‌ထဲ အိမ်‌တိုင်‌ရာ‌ရောက် သွား၍ ဆေး‌ကု‌ရ‌လေ‌သည်။ ဝေဒနာ‌သည်များ အ‌လုပ် အ‌ကိုင်‌မ‌ပျက်‌ဘဲ ဆေး‌ဝါး‌မှန်‌မှန် ကုသ‌ရ‌စေ‌ရန် ရည်‌ရွယ် သော အစီ‌အ‌စဉ် ဖြစ်‌ပေ‌သည်။

ဤ‌လုပ်‌ငန်း‌ကို ကိုယ်‌ထိ‌လက်‌ရောက် ဆောင်‌ရွက်‌ရန် အနာ‌ကြီး‌ရောဂါ‌လက်‌ထောက် စောင့် ရှောက်‌သူ အမှု‌ထမ်း ငယ်များ‌ကို ကျေး‌ရွာ‌အ‌ဆင့်‌တွင် အနှံ့‌အ‌ပြား ခန့်‌ထား လေ‌သည်။ မြို့.နယ်‌အ‌လိုက်‌တွင်‌မူ အနာ‌ကြီး‌ရောဂါ စောင့်‌ရှောက်‌ရေး‌မှူး‌များ‌အ‌ဖြစ် လက်‌ထောက်‌ကျန်း‌မာ‌ရေး မှူး‌များ‌နှင့် လုပ်‌သက်‌ရင့် ပြည်‌သူ့.ကျန်း‌မာ‌ရေး အင်‌စ‌ပက် တော်များ‌ကို ခန့်‌ထား‌လေ‌သည်။ ဤ‌သူများ‌ကို စ‌နစ်‌တ‌ကျ လမ်း‌ညွှန်‌ဦး‌ဆောင်‌ရန် ခရိုင်‌အ‌ဆင့်‌အ‌နေ‌ဖြင့် အမ်‌ဘီ‌ဘီ အက်‌စ်‌ဘွဲ့‌ရ ဆရာ‌ဝန်များ‌ကို အဖွဲ့‌ခေါင်း‌ဆောင် များ‌အ‌ဖြစ် ခန့်‌ထား‌သေး‌သည်။ တိုင်း‌အ‌ဆင့်‌တွင်‌လည်း ဒေ‌သန္တ‌ရ အရာ‌ရှိ‌အ‌ဖြစ်‌ဖြင့် ခရိုင်‌အဖွဲ့‌ခေါင်း‌ဆောင်များ၏ လုပ်‌ငန်း ဆောင်‌တာများ‌ကို ပို‌စ‌နစ်‌တ‌ကျ တိုး‌တက်‌ရေး အတွက် လမ်း‌ညွှန်‌နိုင်‌ရန် ခန့်‌ထား‌သည်။ ဤ‌လုပ်‌ငန်း အား‌လုံး‌ကို ဌာန‌ချုပ်‌ဦး‌စီး‌ဦး‌ဆောင်‌အ‌ဖြစ် ကျန်း‌မာ‌ရေး ညွှန်‌ကြား‌ရေး‌မှူး ကိုယ်‌စား တွဲ‌ဖက်‌ညွှန်‌ကြား‌ရေး‌မှူး (အနာ‌ကြီး) က တာဝန်‌ယူ

ဆောင်ရွက်သည်။ ဆရာဝန်ကြီး ဦးသာဆိုင်မှာ မြန်မာနိုင်ငံ၏ ပထမဆုံး အနာကြီးရောဂါ ညွှန်ကြားရေးမှူး ဖြစ်ခဲ့သည်။ ယနေ့ခေတ် အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို အနာကြီးဌာနများသာမက မြို့နယ်ဆရာဝန်များ ဦးဆောင်သော ကျန်းမာရေးမှူးများ၊ ကျန်းမာရေးဆရာမများနှင့်အဖွဲ့ ဆရာမများက လုပ်ငန်းကို စုပေါင်းကူညီလျက်ရှိပါသည်။

ကာကွယ်တိုက်ဖျက်ခြင်း

အစွမ်းထက် ကာကွယ်ဆေးမရှိသေး၍ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို (Secondary Prevention) ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်ရမည်ဖြစ်၍ လူနာရှာဖွေခြင်း၊ တိကျမှန်ကန်သော ဆေးကုသခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ လူနာများ ပြန်လည်ထူထောင်ခြင်း စသည့်လုပ်ငန်းများသည် အဓိက လုပ်ငန်းစဉ်များဖြစ်ပါသည်။

၁၉၉၄ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်မြို့တွင် ပထမအကြိမ် အနာကြီးရောဂါပပျောက်ရေး နိုင်ငံတကာညီလာခံကို ကျင်းပပြီး ဟနွိုင်းကြေညာချက်ကို ထုတ်ပြန်ကြေညာ၍ တွန်းအားပေးခဲ့သည်နှင့်အညီ မြန်မာနိုင်ငံ မှာလည်း သက္ကရာဇ် ၂၀၀၀ မှာ အနာကြီးရောဂါ ပပျောက်ရေးအတွက် အမျိုးသားကျန်းမာရေး ကော်မတီ၏ လမ်းညွှန်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကွပ်ကဲမှု၊ ကျန်းမာရေးဦးစီးဌာန ၏ ကြီးကြပ်မှုကို ခံယူကာ ကျေးလက်မြို့နယ်များတွင် အခြေခံကျန်းမာရေးဝန်ထမ်းများက အနာကြီးရောဂါ တိုက်ဖျက်ရေး စီမံကိန်းအဖွဲ့၏ ကျွမ်းကျင်မှုဆိုင်ရာ ပံ့ပိုးမှုဖြင့် အိမ်တိုင်ရာရောက် MDT ဆေးဝါးကုသမှုကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အနာကြီးရောဂါပပျောက်ရေးလုပ်ငန်းရပ်များကို ပထမအကြိမ် အမျိုးသားကျန်းမာရေးစီမံကိန်းကြီး၏ မူဘောင်အတွင်းမှ အောက်ပါအတိုင်း စီမံချက်ချမှတ် ဆောင်ရွက်နေပါသည်။

(က) ၁၉၉၄ မှ ၁၉၉၆ ခုနှစ်တွင် လက်ရှိ မှတ်ပုံတင်ထားပြီး လူနာများအား လုံး MDT ဆေးရရှိစေရန်။

(ခ) ၁၉၉၇–၉၈ MDT ဆေးဆက်တိုက်ကျွေးမှုဖြင့် ရောဂါဖြစ်ပွားမှုနှုန်းကို တဖြည်းဖြည်းကျဆင်းစေရန်။

(ဂ) ၁၉၉၉–၂၀၀၀ လုပ်ငန်းများ ဆက်လက်ပြီး ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံတွင် အနာကြီးရောဂါဖြစ်ပွားမှုနှုန်းကို လူဦးရေ ၁၀၀၀၀ လျှင်



အနာကြီးရောဂါကင်းဝေရေး ဝိုင်းဝန်းကူညီပေး ဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင် ပြုလျက် မိမိကျရာအခန်းမှ ပါဝင် ဆောင်ရွက်ကြရပါမည်။

နိဂုံး

ပြည်သူလူထုအခြေပြု ပြန်လည်ထူထောင်ရေးစီမံချက်

အနာကြီးဆေးရုံ (ယခင်ထောက်ကြံ့နှင့် မန္တလေး)၊ ယခု မတွေ့ရတော့မှီနယ်၊ ရေနံသာဆေးရုံ၌ တက်နေသော လူနာများကို ဆေးရုံကဆင်းလျှင် ကိုယ်ပိုင်အတတ်ပညာ၊ ကိုယ်ပိုင်လုပ်ငန်းနှင့် လူထုကြား၌ တစ်ဝမ်းတစ်ခါးကျောင်း နိုင်အောင် စက်ချုပ်ပညာ၊ ကြိမ်ထိုး၊ လက်သမား၊ သံဖြူ လုပ်ငန်း စသည် လုပ်ငန်းလေးတွေကို သင်ကြားပေးခဲ့သည်။ ဆေးရုံတွင် လူနာများများစားစား လက်မခံနိုင်ခဲ့ပါ။ သို့သော် လူနာတွေက ဤသင်ပေးခဲ့သော အတတ်ပညာတွေကို တတ်သည်တိုင် သူ့မိသားစုဆီကို မပြန်တော့ပါ။ လူ့အသိုင်းအဝိုင်းထဲကို ပြန်မဝင်ချင်တော့ပါ။ ဆေးရုံ၏ အရိပ်အာဝါသ အောက်မှာ ပျော်ကြသည်။ ထို့ကြောင့် လက်တွေ့ မထိရောက်ခဲ့ပါ။ ယခု အကောင်အထည် ဖော်မည့် ပြည်သူလူထု အခြေပြု ပြန်လည်ထူထောင်ရေး စီမံချက်မှာမူ လူနာကို အခြေမပျက် သူ့နဂိုမိသားစု အသိုင်း အဝိုင်းထဲတွင်ပင် ကိုယ်တိုင် ရပ်တည်နေနိုင်အောင် ဆောင်ရွက်ပေးမည့်နည်းများ ဖြစ်ပါသည်။

ဤလုပ်ငန်းတို့ကို ကျန်းမာရေး ဝန်ထမ်းများနှင့်သာ အကောင်အထည်ဖော်ရလျှင် မအောင်မြင်နိုင်ပါ။ ပြည်သူတွေကို အခြေပြုသည့် စီမံချက်ဖြစ်သောကြောင့် အခြားဆက်နွယ်သော အစိုးအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြည်သူတို့ ပါဝင်ပူးပေါင်းဖို့ လိုအပ်ကြောင်း တင်ပြလိုပါသည်။ ထို့ကြောင့် မပြီးသေးသော အနာကြီးပြဿနာ ပန်းချီကားကို စုပေါင်းရေးဆွဲပြီး အပြီးသတ်ကြပါစို့ဟု တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံမှ အနာကြီးရောဂါဝေဒနာရှင်များအတွက် မီးရှူးတန်ဆောင်သဖွယ် ရှေ့မှ လမ်းပြပေးခဲ့ကြသော ကွယ်လွန်သူ ဆရာဝန်ကြီးဦးသာဆိုင်နှင့် သက်ရှိထင်ရှား ရှိနေသော ဒေါက်တာ ဦးကျော်လွင်တို့အား ဂါဝရပြုပါ၏။

ဆရာဝန်တင်လွှ

တစ်ယောက်ထက်မနည်းသော အခြေအနေသို့ ရောက်ပြီး ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

အစွမ်းထက်ပြီး အကျိုးသက်ရောက်မှုကို ပေးစွမ်းနိုင်သော MDT ဆေးပေါင်းစပ်ကျွေးခြင်းဖြင့် မြန်မာနိုင်ငံမှ အနာကြီးရောဂါ ပပျောက်ရေးကို ပြည်သူလူထု၊ ကျန်းမာရေး ဝန်ထမ်းများအနေဖြင့် စိတ်ဝင်စားပြီး ပါဝင် လှုပ်ရှားဖို့ လိုအပ်ပါသည်။သို့ပါ၍ သက္ကရာဇ် (၂၀၀၀) မှာ မြန်မာနိုင်ငံမှ အနာကြီးရောဂါကို ပပျောက်စေရန် ပြည်သူလူထုများနှင့် ကျန်းမာရေးဝန်ထမ်းများက–

- မိမိပတ်ဝန်းကျင်တွင် အနာကြီးရောဂါနှင့် ပတ်သက်သည့် အမြင်မှန်၊ ရှုထောင့်မှန်၊ ကျန်းမာရေးပညာ ဖြန့်ဖြူးပေးပါ။ ဤရောဂါသည် ကုသ၍ ပျောက်ကင်းနိုင်ကြောင်း ပညာပေးပါ။
- မသက်ာဖွယ် ရောဂါလက္ခဏာများ တွေ့ရှိလျှင်လည်း နီးစပ်ရာ ကျန်းမာရေးဌာနများသို့ ညွှန်ပြပို့ပေးပါ။
- ဆေးဝါးကုသမှု မခံရသေးသော လူနာများတွေ့လျှင်လည်း ထိရောက်သော MDT ဆေးကို ကျေးလက်ကျန်းမာရေးဌာနများမှ အခမဲ့ရယူကာ စနစ်တကျကုသမှုခံယူဖို့ ပညာပေးပါ။ ပံ့ပိုးပေးပါ။
- ဆေးဝါးကုသမှု ခံယူနေသောလူများကို တွေ့လျှင်လည်း စိတ်ဓာတ်မကျဘဲ ဆေးမှန်မှန်ကုသဖို့ ပညာပေးပါ။
- လူနာများ မိမိကိုယ်မိမိ အားကိုးလျက် မှန်ကန်သည့် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နိုင်ဖို့ ဝိုင်းဝန်း ပံ့ပိုးပေးပါ။
- နောက်ဆုံးအနေဖြင့် လူနာများကို လူမှုရေး ပံ့ပိုးမှုများ ဆောင်ရွက်ပေးကြပါ။
- လူနာများ စိတ်ဓာတ်မကျစေရန် မိမိကိုယ်မိမိ ဂရုစိုက်ခြင်းဖြင့် ကိုယ်အင်္ဂါ မသန်စွမ်းမှုကို ကာကွယ်နိုင်ကြောင်း သင်ကြားပေးပါ။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ လက်ဝယ်ရှိထားသော အစွမ်းထက် MDT လက်နက်ကို အသုံးပြုပြီး မြန်မာနိုင်ငံတွင် အနာကြီးရောဂါ ကင်းဝေရေးအတွက်

အပိုင်း - ၃

၁၉၉၈ - ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည်
၁၉၉၈ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ
ဖြစ်ရပ်များကို အဓိကထား ရေးသား ထားပါသည်။
အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍
ဖော်ပြထားပါသည်။

ကနေဒါနိုင်ငံ။ ။၁၉၉၈ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်နေ့က ကျင်းပသော အခမ်းအနား‌တစ်ရပ်တွင် ကနေဒါနိုင်ငံ၏ အဝိုက အင်ဒီးယန်းအဖွဲ့.အစည်းငါးခုမှ ကိုယ်စား‌လှယ်များ တက်ရောက်ခဲ့ပြီး အင်ဒီးယန်းရေးရာနှင့် မြောက်ပိုင်း ဒေသဖွံ့.ဖြိုးရေးဆိုင်ရာ ဝန်ကြီး စတီးဝပ်က ဖက်ဒရယ် အစိုးရအဖွဲ့.၏ ကိုယ်စား ၁၅ ရာစုနှစ်မှစပြီး ဥရောပသား အခြေစိုက်နေထိုင်သူများက အင်ဒီးယန်းလူမျိုးများအပေါ် ပြုမူဆက်ဆံခဲ့မှုများနှင့် စပ်လျဉ်းပြီး တရား‌ဝင်တောင်းပန်စကား‌ပြောကြား‌ခဲ့သည်။

ကနေဒါနိုင်ငံတွင် လူဦးရေ ၁ ဒသမ ၃ သန်းမျှသာ ရှိသော အလွန်ရှေးကျသည့် လူမျိုးများအား ဤသို့ တောင်းပန်စကား‌ပြောကြား‌မှုဖြစ်ပေါ်လာရခြင်းမှာ ၁၉၉၆ ခုနှစ်တွင် အစီရင်ခံတင်ပြခဲ့သော အလွန်ရှေးကျသည့် အင်ဒီးယန်းလူမျိုးတို့ ရင်ဆိုင်ကြုံတွေ့.နေရသည့် အခြေအနေများကို ဘုရင်ကခန့်ထားသော ကော်မရှင်အဖွဲ့.က စုံစမ်းစစ်ဆေး ထောက်ခံမှုပေးသည့် စေ့ဆော်မှုကြောင့် ဖြစ်သည်။ သို့ဖြစ်လင့်‌ကစား လေးလေးနက်နက် ဝမ်းနည်းကြေကွဲမှု ဖြစ်ရပါသည်ဆိုသည့် တောင်းပန်စကား ဖော်ပြချက်သည် အလွန်ရှေးကျသည့် အင်ဒီးယန်းလူမျိုး တက်ကြွသူအချို့.၏ လိုလား‌ချက်ကို ကျေနပ်အောင် စွမ်းဆောင် နိုင်ခြင်းမရှိချေ။ ၄င်းတို့က ထိုထက်မက ပိုမိုပြင်းထန်ပြီး ပိုမိုလေးနက်သည့် စာသား‌များ ပါသည့် တောင်းပန်မှုကို လိုလား‌ကြသည်။

ကြေကွဲဝမ်းနည်းကြောင်း တောင်းပန်စကား ဖော်ပြချက်သည် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ ၁၁ ရက်နေ့တွင် ကနေဒါနိုင်ငံ ဗဟိုတရား‌ရုံး‌ချုပ်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး‌နောက်ပိုင်း ပေါ်ထွက်လာခြင်း ဖြစ်သည်။ နိုင်ငံရေးလေ့လာသုံးသပ်သူများက ဗဟိုတရား‌ရုံး‌၏ ဆုံးဖြတ်ချက်ကို အရေးပါသည့် မှတ်တိုင်တစ်ခုအဖြစ် ရှုမြင်ကြသည်။ ဗဟိုတရား‌ရုံး‌၏ ဆုံးဖြတ်ချက်တွင် ဒေသခံလူမျိုးအုပ်စုနှစ်ခုဖြစ်သည့် ဂစ်ဆန်နှင့် ဝက်ဆိုအိတန်တို့သည် မြောက်ပိုင်း ဗြိတိသျှ ကိုလမ်ဘီယာရှိ ဘိုး‌ဘွား‌စဉ်ဆက်ကတည်းက နေထိုင်ခဲ့သော ၅၇,၀၀၀ စတုရန်းကီလိုမီတာ အကျယ် အဝန်းရှိသည့် နယ်မြေဒေသကို ရှေးရိုး‌စဉ်လာအရ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့သည်။ ဖော်ပြပါ လူမျိုးအုပ်စုနှစ်ခုသည် အဆိုပါဒေသတွင် အမဲလိုက်ခြင်းနှင့် ငါးဖမ်းခြင်း အခွင့်အရေးမျှလောက်ထက် နယ်မြေပိုင်ဆိုင် ခွင့် ရရှိရေးအထိ တောင်းဆိုထား‌ကြသည်။ ၁၉၉၁ ခုနှစ်က ဗြိတိသျှ ကိုလမ်ဘီယာတရား‌ရုံး ဆုံးဖြတ်ချက်တွင် ယင်းတောင်းဆိုမှုကို ပယ်ချထား‌ခဲ့ရှုံးသည်။ သို့ဖြစ်ရာ ယင်းကိစ္စမှာ ဆုံးဖြတ်ရန် ရှုပ်ထွေးသည့် အမှုကိစ္စတစ်ရပ် ဖြစ်လာခဲ့သည်။ သို့ရာတွင် ခွဲခြမ်း စိတ်ဖြာသူများက ရှေးရိုး‌စဉ်လာအရ ပိုင်ဆိုင်ခွင့်ရှိ သည်ဆိုသည့် အယူအဆသည် နောက်ထပ် တရား‌ရင်ဆိုင်ပြီး‌မှ အဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်း‌ရန် လိုအပ်သည်ဟု မှတ်ချက်ပြုကြသည်။

ယင်းသို့ ရှိနေခဲ့ရာမှ ကနေဒါ ဘဏ္ဍာရေး‌ဝန်ကြီး ပေါလ်မာတင်သည် ၁၉၉၈ -၉၉ ခုနှစ် ဘတ်ဂျက်ကို ဖေဖော်ဝါရီ ၂၄ ရက်နေ့တွင် ပါလီမန်သို့ တင်ပြခဲ့သည်။ ဘတ်ဂျက်ငွေ ကနေဒါဒေါ်လာ ၁၅၁ ဘီလီယံတွင် လူမှုရေး အသုံး‌စရိတ်ငွေ ကနေဒါဒေါ်လာ ၁၈ ဘီလီယံ အထိ တိုး‌မြင့်‌ထား‌သည်။ ထို့ပြင် အမျိုး‌သား ကြွေး‌မြီလျှော့ချရေး‌ကို ရည်ရွယ်သည့် အသုံး‌စရိတ်အကြမ်း‌ဖျဉ်း တိုး‌မြှင့်မှုအပါအဝင် လေး‌နှစ်ကာလအတွင်း အောက်ခြေနှင့် အလယ်အလတ် ဝင်ငွေရှိသူများအတွက် အခွန်အကောက် လျော့ချခြင်း‌များ‌အတွက်လည်း ပါဝင်ရာ ပါလီမန်သို့ တင်သွင်း‌သော စာရင်း‌အရ ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလအထိ စုစုပေါင်း ကနေဒါဒေါ်လာ ၆၀၀ ဘီလီယံရှိသည်။

၁၉၉၀ ပြည့်လွန်နှစ်များ အစောပိုင်းကာလမှ စပြီး လုပ်ဆောင်ခဲ့သည့် ကနေဒါနိုင်ငံ ဘတ်ဂျက်လိုငွေပြမှု လျှော့ချရေး‌လုပ်ငန်း‌စဉ်သည် ရုတ်တရက်ဆိုသလို ထူး‌ထူး‌ခြား‌ခြား ပြောင်း‌လဲဖြစ်ပေါ်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် ဝန်ကြီး‌ချုပ် ဂျင်းခရက်ရှန်ဦး‌ဆောင်သည့် လစ်ဘရယ် အစိုး‌ရအာဏာ ရရှိလာပြီး‌နောက်ပိုင်း လိုငွေပြမှု လျှော့ချရေး‌လုပ်ငန်း‌စဉ်ကို ချမှတ်လုပ်ဆောင်ခဲ့သည်။ လူထုလက်ခံ လက်မခံကိုလည်း စမ်း‌သပ်ခဲ့သည်။ သို့ရာတွင် ၁၉၉၇ ခုနှစ်၊ မတ်လတွင် ရွေး‌ကောက်ပွဲ ပြန်လည်ယှဉ်ပြိုင်သော အခါ မဆိုစလောက် မဲအသာဖြင့်သာ ပြန်လည်အနိုင် ရရှိခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၈ – စာ၊ ၁၄၈၊ ၁၄၉-ရှု)နောက်ဆုံး တင်ပြခဲ့သည့်ဘတ်ဂျက်တွင် ရောင်း‌ခွန်ကောက်ခံခြင်း‌ကို ပယ်ဖျက်ပေး‌မည်ဟု ရွေး‌ကောက်ပွဲမဲဆွယ်စဉ်က ပေး‌ခဲ့သည့် ကတိကဝတ်ကို ပယ်ဖျက်ခဲ့သည့်အတွက် အစိုး‌ရ အနေဖြင့် ဝေဖန်ခြင်း‌ခံခဲ့ရသည်။ ထို့ပြင် အစိုး‌ရအနေဖြင့် ဆေး‌ဝါး‌ကုသ စောင့်ရှောက်မှု၊ သက်ကြီး‌ရွယ်အို‌များ‌နှင့် အလုပ်လက်မဲ့များ‌အတွက်

ခံစားခွင့်များ အပါအဝင် နိုင်ငံတွင် လူသိအများဆုံး ဖြစ်သည့် လူမှုရေးဆိုင်ရာ အစီအစဉ်အချို့၏ အသုံးစရိတ်ကိုပါ လျှော့ချခဲ့သည်။ သို့ဖြစ်လင့်ကစား ကျန်းမာရေး အသုံးစရိတ် တိုးမြှင့်မှုကို ဘဏ္ဍာရေးဝန်ကြီးပေါလ်မာတင်က ခွင့်ပြုခဲ့ သည်။

ပါလီမန်သို့ တင်ပြခဲ့သော ဘတ်ဂျက်အရ ၁၉၉၈ ခုနှစ်တွင် ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုးသုံးရာခိုင်နှုန်း တိုးတက်မည်ဟု လည်းကောင်း၊ အခွန်အကောက်ရငွေကို ၁၉၉၈ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်တို့တွင် တစ်နှစ်လျှင် ဒေါ်လာ ၃ ဒသမ ၅ မှ ၄ ဘီလီယံအထိ တိုးတက်ရရှိမည်ဟုလည်းကောင်း ခန့်မှန်းထားသည်။ ငွေကြေးဖောင်းပွမှုနှုန်း ထိန်းချုပ်မှုကို ၁ မှ ၃ ရာခိုင်နှုန်း အတွင်းသာ ရှိနေစေရန် လျာထားရာ သက္ကရာဇ် ၂၀၀၁ ခုနှစ် ကုန်ဆုံးချိန်အထိ ဆက်လက်ရှိနေစေမည်ဖြစ်သည်။

ဤအခြေအနေတွင် တစ်ဖက်၌ ကွိဘတ်ပြည်နယ်ခွဲထွက်ရေး ကိစ္စကလည်း ပေါ်ပေါက်နေပြန်သည်။ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ဗဟိုတရား၇ုံးချုပ်က ကွိဘတ်ပြည်နယ် ကနေဒါဖက်ဒရေးရှင်းမှ ကနေဒါနိုင်ငံသို့မဟုတ် အပြည်ပြည်ဆိုင်ရာဥပဒေအရ တစ်ဖက်သတ်ခွဲထွက်နိုင်သည့် အခွင့်အရေး၇ှိ မ၇ှိ အငြင်းပွားမှုကိစ္စကို စတင်ကြားနာ စစ်ဆေးခဲ့သည်။ ယင်းကိစ္စမှာ ၁၉၉၆ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။ အငြင်းပွားနေသည့် ပြဿနာမှာ စင်စစ်ပြည်နယ်အနေဖြင့် ခွဲထွက်ခွင့်သည် ပြဿနာ မဟုတ်ဘဲ ခွဲထွက်သည့်အခါ ကနေဒါနိုင်ငံ၏ ကျန် အစိတ် အပိုင်း ဒေသများနှင့် သဘောတူညီမှု ၇ှိစရာမလိုဘဲ ခွဲထွက်ခွင့် ၇ှိ မ၇ှိက ပြဿနာဖြစ်နေခြင်း ဖြစ်သည်။ ပြဿနာများတွင် နိုင်ငံ၏ကြွေးမြီ ကိုခွဲဝေခြင်း၊ ခွဲထွက်ပြီးနောက် ကနေဒါဒေါ်လာကို အသုံးပြုခြင်း၊ ပေါ်ထွက်လာသည့် နိုင်ငံသစ်အတွင်း လူနည်းစုလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်ရေးကိစ္စတို့ ပါဝင်နေပေသည်။ ကနေဒါ ဖက်ဒရယ်အစိုးရကမူ ခွဲထွက်ပါက ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက် ပြုလုပ်ရမည့်အပြင် ယင်း ပြင်ဆင်ချက်ကို ကနေဒါနိုင်ငံ၏ အခြားပြည်နယ် အစိုးရများက အတည်ပြုပေးရန် လိုအပ်သည်ဟု စောဒကတက် ထားသည်။

ဤသို့တိုးတက်ဖြစ်ပေါ်လျက်၇ှိနေရာမှ ဧပြီ ၃၀ ရက်နေ့တွင် ကွိဘတ်ပြည်နယ်တွင် လစ်ဘရယ်ပါတီခေါင်းဆောင်အဖြစ် ဂျင်းချားရက်စ်ကို အတည်ပြုပေးခဲ့သည်။ ၄င်းအား ခေါင်းဆောင်အဖြစ်တင်ရာတွင် ကန့်ကွက်သူ မ၇ှိသလောက် ဖြစ်ခဲ့သည်။ ဂျင်းချားရက်စ်သည် တိုးတက်သော ကွန်ဆာဗေးတစ်ပါတီ (ပီစီပီ)၏ ခေါင်းဆောင်ဟောင်းလည်း ဖြစ်သည်။

ဧပြီလအတွင်း အခြားဖြစ်ပေါ်တိုးတက်မှု တစ်ခုမှာ အသဲရောင်ရောဂါပါ၇ှိသည့် သွေးသွင်းမိသဖြင့် ရောဂါကူးစက်ခံရသူများအတွက် လျော်ကြေးပေးရေး အစီအစဉ် ကာလသတ်မှတ်ချက်အပေါ် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခြင်းကို အစိုးရအနေဖြင့် ရင်ဆိုင်ခဲ့ရသည်။ အတိုက်အခံပါတီဖြစ်သည့် ပြန်လည်ပြုပြင်ရေး ပါတီကလည်း မသန့်ရှင်းသောသွေးမှတစ်ဆင့် အသဲရောင်ရောဂါ ကူးစက် ခြင်း ခံရသည့်သူများအား လုံး အကျုံးဝင်စေမည့် လျော်ကြေး ပေးရေး အစီအစဉ်အတွက် လွှတ်တော်တွင် အဆိုတစ်ရပ် တင်သွင်းခဲ့သည်။ အာဏာရ အစိုးရကလည်း ယင်းအဆိုကို လွှတ်တော်တွင် အယုံအကြည်၇ှိမ၇ှိ မဲခွဲဆုံးဖြတ် ဆောင်ရွက်ရန် မိမိပါတီအတွင်းမှ သဘောထား ကွဲလွဲသူများအား သတိပေးပြောကြားခဲ့သည်။ ဤသို့ဖြင့် ယင်း ကိစ္စကို အောက်လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ရာ လစ်ဘရယ် ပါတီအမတ်အား လုံးက အစိုးရဘက်မှ မဲပေးခဲ့သဖြင့် ယင်းအဆိုမှာ ထောက်ခံမဲ ၁၄၀၊ ကန့်ကွက်မဲ ၁၅၅ ဖြင့် ရှုံးနိမ့်သွားသည်။

အစိုးရ၏ လျော်ကြေးပေးရေး ရပ်တည်ချက်တွင် ၁၉၈၆ ခုနှစ် မှ ၁၉၉၀ ပြည့်နှစ်အတွင်း မသန့်ရှင်းသော သွေးမှတစ်ဆင့် ကူးစက်ခံရသဖြင့် စိအမျိုးအစား အသည်းရောင်အသား၀ါရောဂါ ခံစားနေရသူပေါင်းမှာ ၂၂,၀၀၀ ဦးရေကန့်သတ်ထားသည်။ယင်းကာလက ကနေဒါကြက်ခြေနီအဖွဲ့က အသုံးမပြုသေးသော်လည်း သွေးကို စမ်းသပ်စစ်ဆေးသည့်နည်းဖြင့် ရှာဖွေစမ်းသပ်ခဲ့သည်။ သို့ရာတွင် ၁၉၈၆ ခုနှစ် မတိုင်မီကတည်းက စိအမျိုးအစား အသည်းရောင်အသား၀ါ ကူးစက်ခံရသူ ကနေဒါနိုင်ငံသား ၆၀,၀၀၀ ခန့်အထိ ၇ှိခဲ့သည်ဟု တရား၀င် ထုတ်ပြန်သော စာရင်းများက ပြဆိုထားသည်။ ယင်းဦးရေ မှာ မူလခန့်မှန်းထားသည်ထက် အဆမတန်များနေပေ သည်။ အစိုးရက ယင်းကာလအထိ ဆွဲဆန့်၍ လျော်ကြေးပေးရေး ဆောင်ရွက်ရန် မတတ်စွမ်းနိုင်ပါဟု စောဒက တက်ခဲ့သည်။ အကယ်၍ ဆိုခဲ့သည့်အတိုင်း လျော်ကြေး ပေးရမည်ဆိုပါက ကနေဒါဒေါ်လာ သုံးဘီလီယံ အပိုကုန်ကျပေမည်။

အဆိုပြုထား၊သည့် လျော်ကြေး၊ပေး၊ရေး အစီအစဉ် အပေါ် လက်ရှိအစိုး၊ရ၏ ကန့်သတ်ချက်များသည် ၁၉၈၉ ခုနှစ်တွင် အာဏာရပြီး၊တက်လာခဲ့သည့် တိုး၊တက်သော ကွန်ဆာဗေး၊တစ်ပါတီ (ပီစီပီ) အစိုး၊ရအဖွဲ့. လက်ထက်တွင် မသန်ရှင်း၊သောသွေး သွင်း၊မိသဖြင့် အေအိုင်ဒီအက်စ် ဗိုင်း၊ရပ်ပိုး ကူး၊စက်ခံ၊ရသည့် ကနေဒါနိုင်ငံသား ၁,၀၆၆ ဦး အတွက် လျော်ကြေး၊ငွေ ကနေဒါဒေါ်လာ ၁၂၈ သန်း၊ပေး၊ရန် ကမ်း၊လှမ်း၊ခဲ့ဖူး၊သည့်အချက်နှင့် အကြိုး အကျယ် ဆန့်ကျင် နေပေသည်။ ထို့ပြင် ယင်း၊အချိန်က ထိရောက်သည့် သွေး၊စစ်စမ်း၊သပ်သည့်နည်း မရှိသေး၊ရာ မည်သည့်ကာလက အေအိုင်ဒီအက်စ်ပိုး ကူး၊စက်ခဲ့သည်နှင့် စပ်လျဉ်း၊ပြီး ကန့်သတ်ချက် မရှိခဲ့ချေ။ (စွယ်စုံနှစ်ချုပ် ၁၉၉၄ -စာ၊ ၁၁၅-ရှ။)

အခြား၊ ဖြစ်ပေါ်တိုး၊တက်မှုတစ်ခုမှာ အမေရိကန်နှင့် ကနေဒါ အာဏာပိုင်များ ပူး၊ပေါင်း၊လျက် ဒီဇင်ဘာ ၉ ရက်နေ့တွင် ၁၉၉၇ ခုနှစ်မှစပြီး၊ ကနေဒါနိုင်ငံမှတစ်ဆင့် နယူး၊ယောက်ဖြို့သို့ တရုတ်အမျိုး၊သား စန်.မုန်း၊ခြေ ၄,၀၀၀ ခန့်တင်ပို့ခဲ့ပြီး၊ ဖြစ်သည့် လူမှောင်ခို တင်ပို့သည့် လုပ်ငန်း နှင့်စပ်လျဉ်း၊ပြီး အမေရိကန်တွင် လူ ၃၀ ဦး၊နှင့် အွန်တာရီယိုတွင် လူ၅စ်ဦး၊တို့ကို ဖမ်း၊ဆီး အရေး၊ယူ ခဲ့သည်။ အဆိုပါလုပ်ငန်း၊သည် ကနေဒါ နိုင်ငံသမိုင်း၊တွင် အကြီး၊မား၊ဆုံး၊သော လူတင်ပို့သည့် မှောင်ခိုဂိုဏ်း၊ကြီး ဖြစ်သည်။ အဆိုပါလုပ်ငန်း လုပ်ကိုင်သူတို့အနေဖြင့် အကျိုး၊အမြတ်ငွေ ကနေဒါဒေါ်လာသန်း ၂၀၀ ကျော် ရရှိခဲ့ပြီး ဖြစ်သည်ဟု ဆိုသည်။

ကုလသမဂ္ဂ။ ။ ၅၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီး၊ကို အသစ်ရွေး၊ချယ်တင်မြှောက် ခြင်း၊ခံ၊ရသော ယူကရိမ်းနိုင်ငံ၏ နိုင်ငံခြား၊ရေး၀န်ကြီး မစွတာ ဟင်နဒီယူဒိုဗင်ကိုက ၁၉၉၇ ခုနှစ်၊ စက်တင်ဘာ လ ၁၆ ရက်နေ့တွင် အဖွင့်မိန့်ခွန်း၊စကား၊ ပြောကြား၊ကာ စတင်ကျင်း၊ပြီး၊နောက် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်နေ့တွင် ရပ်နား၊ခဲ့ကြသည်။

၅၂ ကြိမ်မြောက် အထွေထွေညီလာခံတွင် ဆွေး၊နွေး၊ရန် ပထမယာယီအစီအစဉ်၌ အကြောင်း၊အရာ ၁၅၆ ခု ပါ၀င်သော်လည်း၊ နောက်ထပ်နှစ်ခုတို့၊၍ နောက်ဆုံး၊အပြီး သတ် အစီအစဉ်၌ အကြောင်း၊အရာပေါင်း ၁၅၈ ခု ပါ၀င် ခဲ့သည်။

ကုလသမဂ္ဂအဖွဲ့.ကြီး၊အား၊ပြုပြင်ဖွဲ့.စည်း၊ရေး – ကုလသမဂ္ဂအဖွဲ့.ကြီး၊အား၊ တာ၀န်များ၊တို့၊တက်ကောင်း၊မွန်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြုပြင်ဖွဲ့.ရေး၊အစီအစဉ်များ၊ကို လပေါင်း၊များ၊စွာ အပြင်း၊အထန် သုံး၊သပ်ညှိနှိုင်း၊စေ့စပ်မှုများ ပြုလုပ်ခဲ့ကြပြီး၊နောက် ၁၉၉၇ ၊နိ၀င်ဘာနှင့် ဒီဇင်ဘာလ တွင် အထွေထွေညီလာခံက အတွင်း၊ရေး၊မှူး၊ချုပ် တင်ပြသည့် အရေး၊ယူဆောင်ရွက်ရန် အဆိုပြုချက်များ၊ကို အတည်ပြုပြဋ္ဌာန်း၊ခဲ့ပေသည်။ ထိုပြုပြင်ရေး စီမံချက်များ၊တွင် ကုလသမဂ္ဂအတွင်း၊ရေး၊မှူး၊ချုပ်ရုံး၊တွင် ကဲဘိနက်ပုံစံ ဆုံး၊ဖြတ်ချက်ချ၊ရေး အဖွဲ့.အစည်း၊မှစ၍ ရာဇ၀တ်မှု၊ မူး၊ယစ်ဆေး၀ါး၊နှင့် အကြမ်း၊ဖက်မှုတိုက်ဖျက်ရေး စီမံချက်အသစ်များ၊နှင့် လူ့အခွင့်အရေး၊များ၊ ကာကွယ်ရေး၊ကို တိုး၊တက်ခိုင်မာအောင် ပြုလုပ်ရေး၊နှင့် အတွင်း၊ရေး၊မှူး၊ချုပ်ရုံး၊ ဖွဲ့.ဖြိုး၊တိုး၊တက်ရေး၊လုပ်ငန်း၊အထိ ပါ၀င်ပေသည်။

၁၉၉၇ နိ၀င်ဘာလ ၁၂ ရက်နေ့.တွင် အထွေထွေ ညီလာခံက မဲမခွဲဘဲ အား၊လုံး၊သဘောတူအတည်ပြု ချမှတ်သော ဆုံး၊ဖြတ်ချက်တွင် အတွင်း၊ရေး၊မှူး၊ချုပ်က ၁၉၉၇ မတ်လမှစတင်၍ တင်ပြခဲ့သော အောက်ပါပြုပြင်ရေး၊ကိစ္စများ၊လည်း ပါ၀င်ပေသည် –

- အတွင်း၊ရေး၊မှူး၊ချုပ်ရုံး၊တွင် စီး၊ပွား၊ရေး၊နှင့် လူမှုရေး ကိစ္စများ၊ကို ပေါင်း၊စည်း၊ပေး၊သည့် စီး၊ပွား၊ရေး၊နှင့် လူမှုရေး ဌာနတစ်ခု တည်ထောင်ခြင်း၊၊
- ရာဇ၀တ်မှု၊ မူး၊ယစ်ဆေး၀ါး၊သယ်ယူပို့.ဆောင်မှု၊ ငွေမဲငွေဖြူပြုလုပ်မှုနှင့် အကြမ်း၊ဖက်မှု တိုက်ဖျက်ရေး၊နှင့် ပတ်သက်၍ ဗီယင်နာအခြေပြု အစီအစဉ်များ၊အား အမှုဆောင်ညွှန်ကြား၊ရေး၊မှူး၊တစ်ဦး၏ ဦး၊ဆောင်မှုအောက်တွင် စုပေါင်း၊ထား၊ရှိခြင်း၊၊
- နိုင်ငံအဆင့်၌ ရှိသော ကုလသမဂ္ဂအဖွဲ့.အစည်း များ၊အား ဌာနေညှိနှိုင်း၊ရေး၊မှူး တစ်ဦး၊အောက်တွင် တစ်ခုတည်း၊သော ကုလသမဂ္ဂရုံး၊အဖြစ် ဖွဲ့.စည်း ထား၊ရှိခြင်း၊၊
- လက်နက်ဖျက်သိမ်း၊ရေး အစီအစဉ်များ၊ကို တိုး၊တက်ဖြစ်ထွန်း၊စေခြင်း၊ဌာ လက်နက်ဖျက်သိမ်း ရေး ကိစ္စများ၊ဆိုင်ရာ ဌာနတစ်ခု ဖွဲ့.စည်း တည်ထောင်ခြင်း၊၊
- နောက်လာမည့်လေး၊နှစ်အတွင်း အုပ်ချုပ်ရေး အတွက် ကုန်ကျစရိတ်များ၊ကို အနည်း၊ဆုံး ဒေါ်လာ သန်း ၂၀၀ ဖြတ်တောက်လျှော့ချခြင်း။

ထိုနောက် တစ်ဆက်တည်းအားဖြင့် ၁၉၉၇၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် အထွေထွေညီလာခံက အပိုင်း ၁၀ပိုင်းခွဲ၍ မဲမခွဲဘဲ အားလုံးသဘောတူ အတည်ပြုချမှတ်သော ဆုံးဖြတ်ချက်တွင် အောက်ပါတို့လည်း ပါဝင်ပေသည် -

- ကုလသမဂ္ဂ၏ ဒုတိယအတွင်းရေးမှူးချုပ်ရာထူးကို အတည်ပြုတည်ထောင်လိုက်ခြင်း၊(ဒုတိယအတွင်းရေးမှူးချုပ်၏ သက်တမ်းသည် အတွင်းရေးမှူးချုပ်၏ သက်တမ်းအတိုင်းဖြစ်မည်။ ဒုတိယ အတွင်းရေးမှူးချုပ်ကို အတွင်းရေးမှူးချုပ်က ခန့်အပ်မည်ဖြစ်ပြီး ဒုတိယအတွင်းရေးမှူးချုပ်သည် အတွင်းရေးမှူးချုပ်ရုံး အစိတ်အပိုင်းတစ်ခုအဖြစ် တည်ရှိကာ အတွင်းရေး မှူးချုပ်ရုံး၏ လုပ်ငန်းများကို စီမံဆောင်ရွက်ရာ၌ အတွင်းရေးမှူးချုပ်အား ကူညီဆောင်ရွက်မည် ဖြစ်သည်။ ၁၉၉၈ ၊စန်နဝါရီ ၁၂ ရက်နေ့တွင် အတွင်းရေးမှူးချုပ်က ကနေဒါနိုင်ငံမှ လူဝီဖရက်ချက်အား ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။)
- ကုလသမဂ္ဂ အဖွဲ့ကြီးအား အရေးအခင်းများ တားဆီးကာကွယ်ရေးနှင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတွင် အကူအညီဖြစ်စေနိုင်သည့်သတင်း အချက်အလက်များကို အတွင်းရေးမှူးချုပ်အား ပေးရာ၌ တိုးတက်ကောင်းမွန်အောင် ပြုလုပ်ကြရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား မေတ္တာရပ်ခံပြောကြားခြင်း၊ လုံခြုံရေးကောင်စီအနေဖြင့် အနာဂတ်တွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းတစ်ရပ်ကို တည်ထောင်စန်တီးရာ၌ ကုလသမဂ္ဂနှင့် အဆိုပါလုပ်ငန်းကို လက်ခံသည့် အိမ်ရှင်အစိုးရတို့စပ်ကြားတွင် တပ်ဖွဲ့များ အဆင့်အတန်းဆိုင်ရာ သဘောတူညီချက် ချုပ်ဆိုရေးအတွက် အချိန်ဇယားတစ်ခုကို ပြဋ္ဌာန်းခြင်း။

အိကိုဆောဒ်ခေါ် စီးပွားရေးနှင့် လူမှုရေးကောင်စီအား အတွင်းရေးမှူးချုပ်က ၎င်း၏ဖွဲ့စည်းပုံနှင့်လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများနှင့် ပတ်သက်၍လည်းကောင်း၊ ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများအား ပြုပြင်ဖွဲ့စည်းရေးနှင့် ဒေသဆိုင်ရာစီးပွားရေးကော်မရှင်များအား ယေဘုယျအားဖြင့် ပြန်လည်စိစစ်သုံးသပ်ရေးနှင့် ပတ်သက်၍လည်းကောင်း အဆိုပြုထားသောအကြံပြုတင်ပြချက်များကို စဉ်းစားရန်မေတ္တာရပ်ခံ ပြောကြားခြင်း၊ စီးပွားရေးနှင့် လူမှုရေးကောင်စီတွင် စာနာထောက်ထားမှုရေးရာများဆိုင်ရာဌာနအစိတ်အပိုင်းတစ်ခုကို ၁၉၉၈ ခုနှစ်မှစ၍ ဖွဲ့စည်း တည်ထောင်ခြင်း၊ အရေးပေါ်ကယ်ဆယ်မှုညှိနှိုင်းရေးမှူး အား ကုလသမဂ္ဂ ဌာနထောက်ထားမှု ထောက်ပံ့ရေးညှိနှိုင်းရေးမှူးအဖြစ် ခန့်ထားခြင်း၊ ၎င်းညှိနှိုင်းရေးမှူးအနေဖြင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာကယ်ဆယ်ရေးကိစ္စများကို ညှိနှိုင်းပေးရန်တာဝန်ကို ဆက်လက်ခံယူလုပ်ဆောင်ခြင်း၊

ကုလသမဂ္ဂအားပြုပြင်ရေးဆိုင်ရာအစီအမံများ - ကုလသမဂ္ဂ အဖွဲ့ကြီးအား ပြုပြင်ရေးအတွက်ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများ ပြန်လည်ဖော်ဆောင်ရန် ပေးအပ်သော လုပ်ငန်းတာဝန်အရ အတွင်းရေးမှူးချုပ်ပင်လျှင် အလုမ်းမမီနိုင်သော ရေးရာများကို စူးစမ်း နိုင်သော အခွင့်ရှိ၍ ပြုပြင်ရန်ကိစ္စများကို လေ့လာသုံးသပ်ကာ အကြံပြုနိုင်သော နိုင်ငံပေါင်းစုံ ပါဝင်နိုင်သောလုပ်ငန်းအဖွဲ့များ(open - ended working groups) ငါးဖွဲ့ ရှိပေသည်။ ၁၉၉၂ခုနှစ် ကပင် အထွေထွေညီလာခံက ဖွဲ့စည်းတည်ထောင်ပေးခဲ့သည့် ထိုအဖွဲ့များမှာ အောက်ပါတို့ ဖြစ်ပေသည်။

- ကုလသမဂ္ဂနေစ်ကို တိုးတက်ခိုင်မာ တောင့်တင်းအောင် ပြုလုပ်ရေးလုပ်ငန်းအဖွဲ့၊
- လုံခြုံရေးကောင်စီတွင် ကိုယ်စားလှယ်များမှုတစ္စာ ပါဝင်ရေးနှင့် အဖွဲ့ဝင်ဦးရေ တိုးချဲ့ရေးကိစ္စအပြင် ယင်းကောင်စီဆိုင်ရာ အခြားကိစ္စများနှင့် ပတ်သက်သော လုပ်ငန်းအဖွဲ့၊
- ကုလသမဂ္ဂ၏ ဘဏ္ဍာရေး အခြေအနေဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၊
- ဖွံ့ဖြိုးရေး အစီအစဉ်တစ်ရပ်အတွက် အထွေထွေညီလာခံ၏ အထူးလုပ်ငန်းအဖွဲ့၊

– ငြိမ်းချမ်းရေး အစီအစဉ် တစ်ရပ်အတွက် လုပ်ငန်း အဖွဲ့၊

လုပ်ငန်းအဖွဲ့များ အားလုံးအနေဖြင့် လုပ်ငန်းတိုးတက်မှုများ ရှိကြသော်လည်း ကုလသမဂ္ဂစနစ်တိုးတက်ခိုင်မာတောင့်တင်းရေး လုပ်ငန်းဖွံ့ဖြိုးရေး အစီအစဉ်တစ်ရပ်အတွက် လုပ်ငန်းအဖွဲ့တို့သာလျှင် ဆွေးနွေးသုံးသပ်မှုများ ပြီးစီးခဲ့ကြသည်။

လုံခြုံရေးကောင်စီအား ပြုပြင်ဖွဲ့စည်းရေး – ဤကိစ္စမှာ နိုင်ငံရေး သဘောဆောင်၍ အရေးအကြီးဆုံးသော ကိစ္စရေးရာများ ပါဝင်နေသဖြင့် သက်ဆိုင်ရာလုပ်ငန်းအဖွဲ့အနေဖြင့် အထူးလုံးပမ်းနေရ၏။ လုံခြုံရေးကောင်စီကို ယခင်က ၁၉၆၃ ခုနှစ်တွင် တစ်ကြိမ်တိုးချဲ့ခဲ့ဖူးသည်။ (အဖွဲ့ဝင်ဦးရေကို ၁၁ ဦးမှ ၁၅ ဦးသို့ တိုးမြှင့်ခဲ့ခြင်း)။ ယခုအခါ ကုလသမဂ္ဂအဖွဲ့ဝင်ဦးရေတိုးပွားလာခြင်း(၁၈၅ နိုင်ငံ)နှင့် အခြားစီးပွားရေးနှင့် နိုင်ငံရေးပြောင်းလဲမှုများကြောင့် ကောင်စီအား ပြုပြင်ဖွဲ့စည်းသင့်သည်ဟု နိုင်ငံအများစုက ထင်မြင်ယူဆကြ၏။ ပြဿနာများမှာ ကောင်စီ၏အဖွဲ့ဝင်ဦးရေကို မည်မျှအထိတိုးချဲ့မည်နည်း၊ ကောင်စီ၏ ဆုံးဖြတ်မှုများ ပြုနိုင်ခွင့်အာဏာ(ဗီတိုအာဏာ) နှင့်ပတ်သက်၍ မည်သို့စီမံသင့်သနည်း စသည်တို့ဖြစ်သည်။ ၁၉၉၇၊ မတ်လတွင် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌမစွတာ ရာဇာလီက လုံခြုံရေးကောင်စီ အဖွဲ့ဝင်ဦးရေကို ၁၅ ဦးမှ ၂၄ ဦးသို့ တိုးချဲ့ရန် အဆိုပြုချက်တစ်ရပ် တင်ပြခဲ့သည်။ ထိုအဆိုပြုချက်မှာ အာဖရိက၊ အာရှ၊ လက်တင်အမေရိက နှင့် ကာရီဘီယံဒေသရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ အမြဲတမ်းအဖွဲ့ဝင် ငါးဦးနှင့် အာဖရိက၊ အာရှ၊ ဥရောပ အရှေ့ပိုင်းနှင့် လက်တင်အမေရိကနှင့် ကာရီဘီယံဒေသမှ တစ်ဦးကျ စီဖြင့် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်လေးဦး တို့ထပ်မံ ဖြည့်သွင်းရန်ဖြစ်သည်။အသစ် ဖြည့် သွင်းသော အမြဲတမ်း အဖွဲ့ဝင်များမှာ ဗီတိုအာဏာသုံးပိုင်ခွင့်ရှိကြမည်မဟုတ်ပေ။ မည်သို့ပင်ဖြစ်စေ ကောင်စီ၏ အဖွဲ့ဝင်ဦးရေမှာ ၂၀ ထက်မပိုသင့်ဟု အချို့နိုင်ငံများက ပြင်းပြစွာ အဆိုပြု တင်ပြခဲ့ကြ၏။ အမေရိကန် ပြည်ထောင်စုကမူ၊ ဂျာမနီနှင့် ဖွံ့ဖြိုးဆဲနိုင်ငံသုံးနိုင်ငံကို ဗီတိုအာဏာသုံးပိုင်ခွင့် မရှိသော အမြဲတမ်းအဖွဲ့ဝင်များ အဖြစ် ဖြည့်သွင်းကာ အမြဲတမ်းအဖွဲ့ဝင်ဦးရေကို ၁၀ အထိ တိုးချဲ့ပြီး အဖွဲ့ဝင်အားလုံးဦးရေကို ၂၀ ထားရှိရန် အဆိုပြုခဲ့၏။

၅၃ ကြိမ်မြောက် အထွေထွေ ညီလာခံက ၁၉၉၈ နိုဝင်ဘာ ၂၃ ရက်နေ့တွင် ပြဋ္ဌာန်းချက်အမှတ် – ၅၃/၃၀ ကို မဲမခွဲဘဲ ချမှတ်ပြီးလျှင် လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်များမျှတစွာ ပါဝင်ရေးနှင့် အဖွဲ့ဝင်တိုးချဲ့ရေးနှင့် ဆက်စပ်သောကိစ္စများကို အထွေထွေညီလာခံ၏ အဖွဲ့ဝင်သုံးပုံနှစ်ပုံ၏ ထောက်ခံမဲမရှိဘဲ မည်သည့်ပြဋ္ဌာန်းချက်သို့မဟုတ် ဆုံးဖြတ်ချက်ကိုမျှ ချမှတ်ခြင်းမပြုရန် ပိုင်းဖြတ်လိုက်သည်။

ကုလသမဂ္ဂ၏ ဘဏ္ဍာရေးအခြေအနေ – ဤကိစ္စနှင့် သက်ဆိုင်သော အထူးလုပ်ငန်းအဖွဲ့မှာ ကုလသမဂ္ဂအဖွဲ့ဝင်များက ထည့်ဝင်ရမည့် အဖွဲ့ဝင်ကြေးများကို မထည့်ဝင်သဖြင့် ပေါ်ပေါက် လာသော ဘဏ္ဍာရေးအကျပ်အတည်းပြဿနာကို ကိုင်တွယ် ဖြေရှင်းရေးအတွက် ၁၉၉၄ ခုနှစ်အတွက် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းအဖွဲ့က ကြွေးကျန်များပေးရေး နည်းလမ်းများကို ရှာဖွေလေ့လာပြီး ကုလသမဂ္ဂ ပဋိညာဉ် စာချုပ်၏ အပိုဒ် ၁၉ ပါ ပြဋ္ဌာန်းချက် များကို ပိုမိုတင်းကျပ်စွာ လုပ်ဆောင် ရေးကို ဝေဖန်စဉ်းစားခဲ့၏ (ထိုပြဋ္ဌာန်းချက်များအရ ထည့်ဝင်ခြင်းကြေးကို နှစ်နှစ် သို့မဟုတ် နှစ်နှစ်ထက်ပို၍ ထည့်ဝင်ခြင်း မပြုသော အဖွဲ့ဝင်နိုင်ငံအား အထွေထွေညီလာခံ၌ ဆန္ဒမဲပေးခွင့်မပြုဘဲ ပိတ်ပင်ထားနိုင်သည်)။ နိုင်ငံအသီးသီးအနေဖြင့် ထည့်ဝင်ရသော ထည့်ဝင်ကြေးနှုန်းများ ပြောင်းလဲရေးနှင့် ပတ်သက်၍လည်း လုပ်ငန်းအဖွဲ့က လေ့လာဆွေးနွေးခဲ့၏။ ၁၉၉၇ ၊ မတ်လတွင် ကုလသမဂ္ဂ ရန်ပုံငွေသို့ အများဆုံးထည့်ဝင်နေသည့် အမေရိကန်ပြည်ထောင်စုက အများဆုံးထည့်ဝင်မှုကို ပုံမှန်ဘတ်ဂျက်အတွက် ၂၀ ရာခိုင်နှုန်းနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုဘတ်ဂျက်အတွက် ၂၅ ရာခိုင်နှုန်းသို့ လျော့ချရန်အဆိုပြုခဲ့၏။ (ယင်းနိုင်ငံက ယခု ယင်းဘတ်ဂျက်အသီးသီးအတွက် ၂၅ ရာခိုင်နှုန်းနှင့် ၃၀ ရာခိုင်နှုန်းထည့်ဝင်ရန် သတ်မှတ်ထား၏)။ အမေရိကန်နိုင်ငံက ပေးရန်အကြွေးကျန်များအနက် တစ်စိတ်တစ်ဒေသကို ပေးသွင်းရန်ကိစ္စကို ၁၉၉၇ ၊ နိုဝင်ဘာလတွင် အမေရိကန်ကွန်ဂရက်လွှတ်တော်က ခွင့်မပြုဘဲ ပိတ်ပင်ခဲ့ရာ ကုလသမဂ္ဂ ဘဏ္ဍာရေးအခြေအနေ တောင့်တင်းခိုင်မာရေးမှာ အရေးတကြီး ဖြစ်လာခဲ့ပေသည်။

၅၂ ကြိမ်မြောက်အထွေထွေညီလာခံက ၁၉၉၇၊ ဒီဇင်ဘာ ၂၂ ရက်တွင် ညီလာခံရပ်နား၊ခြင်း၊မပြုမီ ၁၉၉၈ – ၂၀၀၀ ကာလအတွက် အဖွဲ့ဝင်များ၏ ကုလသမဂ္ဂသို့ထည့်ဝင်ကြေးနှုန်းကို အတည်ပြုပြဋ္ဌာန်းခဲ့ပေသည်။ ယင်းပြဋ္ဌာန်းချက်တွင် အမြင့်ဆုံးနှုန်းအဖြစ် ၂၅ ရာခိုင်နှုန်းကို ဆက်လက်ထား၊ရှိသော်လည်း အနည်းဆုံးကြမ်းခင်းနှုန်းကို ဝ ဒသမ ဝဝ၁ သို့လျှော့ချခဲ့လေသည်။

တစ်ချိန်တည်းတွင်အထွေထွေညီလာခံကကုလသမဂ္ဂ၏ ၁၉၉၈ – ၁၉၉၉ ဘတ်ဂျက်အသုံးစရိတ်အတွက် ဒေါ်လာ ၂ ဒသမ ၅၃၂ ဘီလီယံကို သတ်မှတ်ခွင့်ပြုပေးခဲ့ပေသည်။ ဤအသုံးစရိတ်တွင် အတွင်းရေးမှူးချုပ်က အဆိုပြုခဲ့သည့်ပြုပြင်ရေးကိစ္စများ ပါဝင်ပေသည်။

ကုလသမဂ္ဂ အထူးအစည်းအဝေးများ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူးညီလာခံအစည်းအဝေး – တရားမဝင်မူးယစ်ဆေးဝါးများတိုက်ဖျက်ရေးကြိုးပမ်းမှုများကို ဆက်လက်ပြုလုပ်သောအား၊ဖြင့် ကုလသမဂ္ဂအထွေထွေ ညီလာခံကြီးက ကမ္ဘာ့မူးယစ်ဆေးဝါး ပြဿနာတိုက်ဖျက်ရေးဆိုင်ရာအထူးအစည်းအဝေးကြီးကို ၁၉၉၈၊ ဇွန်လ ၈ ရက်မှ ၁၀ ရက်နေ့အထိ နယူးယောက်မြို့၌ ကျင်းပခဲ့သည်။

အထက်ပါအစည်းအဝေးကြီးမတိုင်မီ အစိုးရအဖွဲ့ ၁၃၀ မှ ကိုယ်စားလှယ်ကြီးများသည် ထိုအစည်းအဝေးကြီး၌ အတည်ပြုမည့် နိုင်ငံရေးကြေငြာချက်မူကြမ်းတစ်ရပ်ကို ဗီယင်နာမြို့၌ ၁၉၉၈ ၊မတ်လ ၁၆ မှ ၂၁ ရက်အထိ ကျင်းပသည့်နောက်ဆုံး ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးတွင် ချမှတ်ခဲ့ကြသည်။ ဗီယင်နာအစည်းအဝေးက မူးယစ်ဆေးဝါးများ ထုတ်လုပ်မှုနှင့် ဝယ်ယူမှုတို့ကို သက္ကရာဇ် ၂၀၀၈ တွင် တစ်ပြိုင်တည်း အပြတ်လျှော့ချရန် သတ္တိရှိသော ရည်ရွယ်ချက်တစ်ရပ်ကို ဖော်ထုတ်တင်ပြခဲ့ပေသည်။ ယင်းအစည်းအဝေးက မူးယစ်ဆေးဝါး ပြဿနာတစ်ရပ်လုံးကို တစ်ချိန်တည်းတွင် တိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းလုံးနှင့် ဆိုင်သော မဟာဗျူဟာတစ်ရပ်ကို ပြုလုပ်ခဲ့ပေသည်။ ဤစီမံချက်အရ အဖွဲ့ဝင်နိုင်ငံတိုင်းက သက္ကရာဇ် ၂၀၀၃ တွင် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများ အပြတ်လျှော့ချရေးကို စတင်လုပ်ဆောင်ကြပြီး သက္ကရာဇ် ၂၀၀၈ တွင် ထင်ထင်ရှားရှား ပြောပလောက်သော အောင်မြင်မှုများရရှိရန် ကတိကဝတ်ပြုကြရမည် ဖြစ်သည်။ ၁၉၉၈ ၊ဇွန်လ အထူးအစည်းအဝေးကြီး၌ အကြောင်းအရာခြောက်ခုကို ဆွေးနွေးကြမည်ဖြစ်သည်။ ၄င်းတို့မှာ (၁) မှောင်ခိုမူးယစ်ဆေးဝါးထုတ်လုပ်ရာ၌ အသုံးပြုသောဓာတုပစ္စည်းများအား ထိန်းချုပ်ရေး (၂) အင်ဖီတာမင်းအမျိုးအစား မူးယစ်ဆေးဝါးများ (၃) တရားဥပဒေရေးရာပူးပေါင်း ဆောင်ရွက်မှု (၄) ငွေမဲ့ငွေဖြူပြောင်းလဲမှု (၅) မူးယစ်ဆေးဝါးသုံးစွဲမှုလျှော့ချရေး (၆) တရားမဝင်သောသီးနှံများ မျိုးဖြတ်သုတ်သင်ရေးနှင့် အခြားသောဖွံ့ဖြိုးရေးအစီအစဉ်များ စသည်တို့ဖြစ်သည်။

ဤ အထူးအစည်းအဝေးကြီးသည် ကုလသမဂ္ဂမူးယစ်နှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအားမှောင်ခို သယ်ယူပို့ဆောင်မှု တိုက်ဖျက်ရေးဆိုင်ရာ ၁၉၈၈ ခုနှစ်၊ ကွန်ဗင်းရှင်းစာချုပ်၏ ၁၀ နှစ်မြောက် အထိမ်းအမှတ် ဖြစ်သည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ကိုဗီအန်နန်က မူးယစ်ဆေးဝါးပြဿနာသည် ကျွန်ုပ်တို့ထံပါး၌ တည်ရှိဆဲဖြစ်၍ မှောင်ခိုရောင်းဝယ်မှုသည် ဒေါ်လာဘီလီယံ များစွာ စိုက်ထုတ်လုပ်ကြသော လုပ်ငန်းဖြစ်နေကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်မှုကို မည်သည့်နိုင်ငံမျှ တစ်ဦးတည်း ပိတ်ပင်တားမြစ်နိုင်လိမ့်မည်မဟုတ်ကြောင်း၊ သို့သော်လည်း အားလုံးစုပေါင်းလုပ်ကြလျှင် ကမ္ဘာကြီးက လုပ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့လေသည်။

ကမ္ဘာတစ်ဝန်းမူးယစ်ဆေးဝါးများတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအထွေထွေ ညီလာခံအစည်းအဝေးကြီးကို အချိန်သတ်မှတ်ထားသည့်အတိုင်း နယူးယောက်မြို့တွင် ၁၉၉၈ ဇွန်လ ၈ ရက်မှ ၁၀ ရက်နေ့အထိ ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးများ ထိန်းချုပ်ရေးတွင် ရုပ်ဝတ္ထုများကို အဓိကထားသော မဟာဗျူဟာမှ မူးယစ်ဆေး၏သားကောင် ဖြစ်ရသော လူများအား အဓိကထားသော မဟာဗျူဟာကိုပြောင်းလဲကျင့်သုံးသွားရန် အစည်းအဝေးကြီးက ဆုံးဖြတ်ခဲ့ပေသည်။

သုံးရက်ကြာမျှကျင်းပခဲ့သည့် အထက်ပါအထွေထွေညီလာခံ အထူးအစည်းအဝေးကြီးတွင် မူးယစ်ဆေးဝါး ဝယ်ယူစားသုံးမှုလျှော့ချရေးအတွက် လမ်းညွှန်မူများဆိုင်ရာ ကြေညာချက်ကို အတည်ပြုခဲ့ကြသည့်အပြင် လူငယ်များ၏ လုံခြုံရေးနှင့် ကျန်းမာချမ်းသာရေးအတွက်

တပ်လှန်.နှိုးဆော်သည့် "နိုင်ငံရေးကြေညာချက်" တစ်ရပ်ကိုလည်းအတည်ပြုခဲ့ကြသည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအထွေထွေညီလာခံအထူးအစည်းအဝေးကြီးသို့ မြန်မာနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပေသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှု တရားရုံး တည်ထောင်ရေး မျက်နှာစုံညီအစည်းအဝေး – လူမျိုးတုံး သတ်ဖြတ်သုတ်သင်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသားတစ်ရပ်လုံးအပေါ် ကျူးလွန်သောရာဇဝတ်မှုများ စသည်တို့.ကဲ့သို့ နိုင်ငံတကာမှ အပြင်းထန်အဆိုးဝါးဆုံးဟု သဘောထားသော ရာဇဝတ်မှုကြီးများကို စစ်ဆေးအရေးယူမည့် အပြည်ပြည်ဆိုင်ရာ အမြဲတမ်းရာဇဝတ်မှုတရားရုံးတစ်ခုဖွဲ့စည်းတည်ထောင်ရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၁၉၉၂ တွင် ၄င်းတရားရုံးဆိုင်ရာ စတက်ကျူ ဥပဒေမူကြမ်းတစ်ရပ်ကို ပြုစုရေးဆွဲပေးရန် ဥပဒေရေးရာကော်မရှင် (အိုင်အယ်လ်စီ) အား တာဝန်ပေးအပ်ခဲ့ပေသည်။

ထို့နောက် ၁၉၉၄ ၊ဒီဇင်ဘာလနှင့် ၁၉၉၅ ၊ဒီဇင်ဘာလတို့တွင် အထွေထွေညီလာခံက အထူးကော်မတီနှင့် ပြင်ဆင်ရေးကော်မတီများကို အသီးသီးဖွဲ့စည်းပေးပြီး အိုင်အယ်လ်စီ၏ အပြီးသတ်ဥပဒေမူကြမ်းကို လေ့လာဝေဖန်သုံးသပ်စေခဲ့ရာ၊ နှစ်နှစ်ကြာမျှ စိစစ်ဆွေးနွေးပြီးနောက် ပြင်ဆင်ရေးကော်မတီက အပိုင်း – ၁၁ ပိုင်း၊ အပိုဒ် – ၉၉ ပိုဒ်ပါဝင်သော စတက်ကျူ ဥပဒေမူကြမ်းတစ်ခုကို အတည်ပြုခဲ့လေသည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး တည်ထောင်ရေးအတွက် ကုလသမဂ္ဂ၏ အာဏာကုန် လွှဲအပ်ခြင်းခံရသော သံတမန်များ၏ မျက်နှာစုံညီအစည်းအဝေးကို ၁၉၉၈ ခုနှစ် ၊ဇွန်လ ၁၅ ရက်မှ ဇူလိုင်လ ၁၇ ရက်နေ့အထိ အီတလီနိုင်ငံ၊ရောမမြို့တော်၌ ကျင်းပခဲ့ပေသည်။ မျက်နှာစုံညီ အစည်းအဝေးက လိုလားချက်ဆန္ဒမြင့်မားသော ဦးတည်ချက်တစ်ရပ် ထားရှိလုပ်ဆောင်ခဲ့သည်။ ၄င်းမှာ ကမ္ဘာတစ်ဝန်းလုံးဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသည့် အမြဲတမ်းရာဇဝတ်မှု တရားရုံးတစ်ရုံးတည်ထောင်ရေးအတွက် ကွန်ဗင်းရှင်းစာချုပ်တစ်ခုကို နိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးကြရေးအတွက် ဖွင့်လှစ်ထားရှိရန် ဖြစ်ပေသည်။

ကောင်းဆိုးနှစ်ထွေယုံကြည်ထင်စားမျော်လင့်အားထားမှုများ၊ ထွေထွေထူးထူးမတူကွဲပြားထင်ရှားမြင်ရာ ဝေဖန်ပြောကြားမှုများနှင့် အလောတကြီးသုံးသပ် ဆုံးဖြတ်မှုများအကြား၊တွင် အထက်ပါရောမမြို့ စတက်ကျူဥပဒေကိုဇူလိုင်လ ၁၇ ရက်နေ့တွင် ထောက်ခံမဲ ၁၂၀၊ ဆန့်ကျင်ကန့်ကွက်မဲ ခုနစ်မဲနှင့် ကြားနေ ၂၁ မဲဖြင့် သဘောတူအတည်ပြုခဲ့ကြပေသည်။ အမေရိကန်ပြည်ထောင်စုကအဆိုကိုမဲမခွဲဘဲ အတည်ပြုရန်တင်ပြခဲ့ပြီး ဆန့်ကျင်ကန့်ကွက်မဲ ပေးခဲ့ပေသည်။ ဤသဘောတူညီချက်အရ နိုင်ငံပေါင်း ၆၀ က စတက်ကျူ ဥပဒေကို အတည်ပြုပြီးသောအခါ အပြည်ပြည်ဆိုင်ရာ လွတ်လပ်စွာရာဇဝတ်မှုစီရင်ဆုံးဖြတ်ခွင့်တရားရုံးပေါ်ပေါက် လာမည်ဖြစ်သည်။ သို့ရာတွင် ဤအတောအတွင်း ကြာ.ဖြတ် ပြင်ဆင်ရေးကော်မရှင်အဖွဲ့တစ်ဖွဲ့က အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (အိုင်စီစီ) ၏ တရားရေးဆိုင်ရာ အဖွဲ့အစည်းများကို အသေးစိတ် သတ်မှတ်ပြဋ္ဌာန်းပေးရပေဦးမည်။ ထို့အပြင် ဤရုံးနှင့် ကုလသမဂ္ဂတို့အကြား ဆက်သွယ်တည်ရှိပုံဆိုင်ရာ သဘောတူညီချက်၊ ဤတရားရုံးဆိုင်ရာ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်နည်းဥပဒေများ စသည်တို့နှင့် ပတ်သက်သော မူကြမ်းများကိုလည်း ရေးဆွဲပေးရပေဦးမည်။

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး တစ်ရုံးတည်ရှိရေးကို ယေဘုယျအားဖြင့် သဘောတူလက်ခံကြသော်လည်း မျက်နှာစုံညီအစည်းအဝေးတွင် နိုင်ငံကိုယ်စားလှယ်အဖွဲ့အသီးသီးက စတက်ကျူဥပဒေ၏ အားနည်းချက်၊ အားသာချက်များကို ထောက်ပြခဲ့ကြရာ ယင်းတို့၏ သဘောထားများမှာ အချို့.ကိစ္စများတွင် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခဲ့ကြပေသည်။

ကမ္ဘာ့ပဋိပက္ခပြဿနာများ

အရှေ့.အလယ်ပိုင်းအခြေအနေ

အစွမ်းရေး၊ ပါလက်စတိုင်းဥပမ်းချမ်းရေးပြဿနာ -- ၁၉၉၈၊ မတ်လ ၁၄ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက "သိမ်းပိုက်ထားသော အရှေ့.ဂျေရုဆလင် ဒေသနှင့် အခြားသောသိမ်းပိုက်ခံ ပါလက်စတိုင်းနယ်မြေများတွင်

တရား၊ဥပဒေနှင့်မညီသော အစွမ်းရေးပြုမူ ဆောင်ရွက်မှုများ" ကိစ္စကို ဆက်လက်စဉ်းစား၊ရန် ၄င်း၏ဒသမမြောက် အရေးပေါ် အထူးအစည်းအဝေးကို ပြန်လည်ကျင်းပပြီး လျှင် သိမ်းပိုက်ထား၊သောနယ်မြေများတွင် အစွမ်းရေ.၏ မူဝါဒကို ဆွေး၊နွေး၊ခဲ့ပေသည်။ ထို့နောက် အထွေထွေ ညီလာခံက သိမ်းပိုက်ထား၊သော အရှေ့.ကျေရှဆလင်၏ တောင်ဘက်ရှိ ကျိဘဲလ်အဗူဂနိမ်အရပ်၌ နေထိုင်ရန် နေအိမ်များ ဆောက်လုပ်နေခြင်း၊နှင့် သိမ်းပိုက်ခံ နယ်မြေများအတွင်း အခြား၊သောနေအိမ် ဆောက်လုပ်မှုများကို ရပ်တန့်ရန် တောင်း၊ဆိုချက် အပါ အဝင် ယခင်က ချမှတ်ခဲ့သော ပြဋ္ဌာန်း၊ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက် သည့် အတွက်အစွမ်းရေး အစိုး၊ရအား၊ရှုတ်ချသည့် ပြဋ္ဌာန်း၊ချက်တစ်ရပ်ကို ချမှတ်ခဲ့ပေသည်။ ယင်း ပြဋ္ဌာန်း၊ချက်မှာ ထောက်ခံမဲ ၁၂၀ ကန့်ကွက်မဲ ၃ မဲ (မိုက်ကရိုနီး၊ရှား၊ အစွမ်းရေးနှင့် အမေရိကန်) နှင့်ကြား၊နေ ၅ မဲဖြင့်အတည်ပြု ချမှတ်ခဲ့ခြင်း၊ဖြစ်ပေသည်။

အတွင်း၊ရေး၊မှူး၊ချုပ်၏ လေ့လာရေး၊ခရီး၊လှည့်လည်မှု – ကုလသမဂ္ဂအတွင်း၊ရေး၊မှူး၊ချုပ်ကိုဖီအန်နန်သည် အတွင်း၊ရေး၊မှူး၊ချုပ် ရာထူး၊ကိုလက်ခံဆောင်ရွက် ခဲ့ပြီး၊နောက် ပထမဆုံး၊အကြိမ်အဖြစ် အရှေ့.အလယ်ပိုင်း ဒေသသို့ ၁၉၉၈ ၊ဖေဖြေလ လဦး၊ပိုင်း၊တွင် သွား၊ရောက်၍ အစွမ်းရေး၊ ပါလက်စတိုင်း၊ လက်ဗန္ဓန်၊ ဂျော်ဒန်၊အီဂျစ်၊ ဆီး၊ရီး၊ယား နိုင်ငံများ၊မှ ခေါင်း၊ဆောင်များ၊နှင့် တွေ့ဆုံပြီး၊လျှင် အစွမ်းရေး၊ ပါလက်စတိုင်း၊ငြိမ်း၊ချမ်း၊ရေး၊ လက်ဗန္ဓန်တောင်ပိုင်း၊မှ အစွမ်းရေးတပ်များ ရုပ်သိမ်း၊ရေး၊ ပါလက်စတိုင်း၊ဒုက္ခသည်များ၊အခြေအနေ၊အစွမ်းရေး – ဆီး၊ရီး၊ယား၊ဆက်ဆံရေး အခြေအနေ၊ ငြိမ်း၊ချမ်း၊မှုထိန်း၊သိမ်း၊မှုလုပ်ငန်း၊များ၊နှင့် ဖွံ့ဖြိုး၊ရေး၊အစီအစဉ်များ ဖော်ဆောင်မှု စသည့်အရှေ့.အလယ်ပိုင်း၊ဒေသရေး၊ရာများကို ဆွေး၊နွေး၊ခဲ့ပေသည်။ ဤသို့ဆွေး၊နွေး၊စဉ် အစွမ်းရေး – ပါလက်စတိုင်း၊ငြိမ်း၊ချမ်း၊ရေး လုပ်ငန်း၊စဉ် ရပ်ဆိုင်း၊နေခြင်း၊ကို ရည်ညွှန်း၊ကာ နော်ဝေး နိုင်ငံ၊ အောစလိုမြို့ အခြေခံငြိမ်း၊ချမ်း၊ရေး လုပ်ငန်း၊စဉ် ပျက်ပြား၊သွား၊လျှင် ဆိုး၀ါး၊သောအကျိုး၊တရား၊များ ဖြစ်ပွား ပေါ်ပေါက်လာနိုင်ပုံကို သတိပေး၊ခဲ့ပေသည်။

လက်ဗန္ဓန်နိုင်ငံအခြေအနေ – အစွမ်းရေး၊နိုင်ငံသို့ ရောက်ရှိစဉ် အစွမ်းရေး၀န်ကြီး၊ချုပ် ဘင်ဂျမင်နေတန်ရာဟုက အစွမ်းရေးတပ်များ၊လက်ဗန္ဓန်တောင်ပိုင်း၊မှ ရုပ်သိမ်း၊ရေး အတွက် အစွမ်းရေး၀န်ကြီး၊များ၊အဖွဲ့.၏ သဘောတူညီချက်ကို ရယူမည်ဖြစ်ကြောင်း ကိုဖီအန်နန်အား အကြောင်း၊ကြား ခဲ့သည်။ ထိုနောက်တွင် အစွမ်းရေး ၀န်ကြီး၊များ၊အဖွဲ့.က လက်ဗန္ဓန်တောင်ပိုင်း၊မှ အစွမ်းရေးတပ်များ ရုပ်သိမ်း၊ရေး၊နှင့် ပတ်သက်၍ လုံခြုံကောင်စီက ၁၉၇၈ ၊ မတ်လ ၁၉ ရက် နေ့တွင် ချမှတ်ခဲ့သော ပြဋ္ဌာန်း၊ချက် အမှတ် – ၄၂၅ (၁၉၇၈) ကို လိုက်နာဆောင်ရွက်ရန် ဆုံး၊ဖြတ်ခဲ့ရာ၊ အတွင်း၊ရေး၊မှူး၊ချုပ်က ၁၉၉၈ ၊ ဧပြီ ၂ ရက်နေ့တွင် ဆုံး၊ဖြတ်ချက်အတွက် အား၊တက်ရကြောင်း၊ ယင်း ဆုံး၊ဖြတ်ချက်ကို အကောင်အထည်ဖော်ရာ၌ အပြည့်အ၀ ထိရောက်မှုရှိရေး၊အတွက် သက်ဆိုင်ရာ အား၊လုံး၊တို့နှင့် ဆွေး၊နွေး၊ဆောင်ရွက်ရန် လိုမည်ဖြစ်ကြောင်း ပြော၊ကြား ခဲ့ပေသည်။

၁၉၉၈ ၊ ဇူလိုင် ၃၀ ရက်နေ့တွင် လုံခြုံရေး၊ကောင်စီက လက်ဗန္ဓန်နိုင်ငံရှိ ကုလသမဂ္ဂငြိမ်း၊ချမ်း၊မှု ထိန်း၊သိမ်း၊ရေး တပ်ဖွဲ့ (ယူနိဖီး၊လ်) ၏ သက်တမ်း၊ကို ပြဋ္ဌာန်း၊ချက် ၁၁၈၈ (၁၉၉၈) ဖြင့် ၁၉၉၉ ၊ဇန်နဝါရီလအထိ တိုး၊ချဲ့.ရာ၌၊ အတွင်း၊ရေး၊မှူး၊ချုပ်က ယင်း၊လုပ်ရပ်ကို မိမိထောက်ခံကြောင်း၊ လက်ဗန္ဓန်တွင် လွှန်ခဲ့သည့် ခြောက်လအတွင်း တိုက်ခိုက်မှုများ ဆက်လက် ဖြစ်ပွား၊ခဲ့ကြောင်း၊ သေဆုံး၊သူဦး၊ရေကျဆင်း၊သွား၊ခဲ့သော်လည်း အရပ်သား၊များ၊မှာ အန္တရာယ် မကင်း၊သောအခြေအနေတွင် နေထိုင်ခဲ့ကြရကြောင်း တင်ပြခဲ့ပေသည်။

ကုလသမဂ္ဂတွင် ပီအယ်အိုအား၊အဆင့်မြှင့်တင်ပေး၊ခြင်း – ကုလသမဂ္ဂတွင် ပါလက်စတိုင်း၊လွတ်မြောက်ရေး၊အဖွဲ့. (ပီအယ်အို)၏ အဆင့်အတန်း၊ကိုတိုး၊မြှင့်ပေး၊သည့် ပြဋ္ဌာန်း၊ချက် တစ်ရပ်ကို ၁၉၉၈ ၊ဇူလိုင်၇ ရက်နေ့တွင် အထွေထွေညီလာခံက ထောက်ခံမဲ ၁၅၄ မဲ၊ ကန့်ကွက်မဲ ၄မဲ (အစွမ်းရေး၊ အမေရိကန်၊ မာရှယ်ကျွန်း၊စုနှင့် မိုက်ကရိုနီး၊ရှား၊) နှင့် ကြား၊နေမဲ ၁၀ မဲ(ပိုလန်၊ ဘူလဂေး၊ရီး၊ယား၊ ရိုမေး နီး၊ယား၊အပါအ၀င်)ဖြင့် ချမှတ်ခဲ့ပေသည်။ ဤပြဋ္ဌာန်း၊ချက်အရ ပီအယ်အိုသည် ကုလသမဂ္ဂတွင် လေ့လာရေး ကိုယ်စား၊လှယ်အဖွဲ့.အဆင့်သာ ရှိနေရာမှ အဖွဲ့.၀င်နိုင်ငံတစ်ခုအဖြစ်နီး၊ပါး၊အဆင့်တိုး၊မြှင့်လာခဲ့ပေသည်။ ယင်း၊သည် အထွေထွေညီလာခံ၏ ဆွေး၊နွေး၊မှုများ၊တွင် ပါ၀င်၍ မည်သည့်အစည်း၊အဝေး၊တွင်မဆို ပါ၀င် ပြောဆို ခွင့်၊ ပြန်လည်ရှင်း၊လင်း၊တင်ပြခွင့်နှင့် ပြဋ္ဌာန်း၊ချက်/ဆုံး၊ဖြတ်ချက် မူကြမ်း၊များ၊တွင် ပါ၀င်ခွင့် ရရှိမည်ဖြစ်သည်။

အမေရိကန် ကဏ္ဍပြဌာန်းချက်မှာအချိန်မတန်သေးကြောင်း ထောက်ညွှန် ပြောကြားခဲ့ပေသည်။

ဂျေရှဆလင်မြို့၏ စီရင်ပိုင်ခွင့် နယ်နိမိတ်တိုးချဲ့ရေးကို လုံခြုံရေးကောင်စီကန့်ကွက်မှု– ဂျေရှဆလင်အရေးသည် ဘက်ပေါင်းစုံအတွက် မခံမရပ်ဖြစ်နိုင်သောကိစ္စဖြစ်သည်ကို မှတ်သား၍ ၁၉၉၈ ဇူလိုင် ၁၃ ရက်နေ့တွင် လုံခြုံရေးကောင်စီက အစွေရေးအစိုးရနေဖြင့် ဂျေရှဆလင်မြို့၏ စီရင်ပိုင်ခွင့်နှင့် စီမံကိန်းနယ်နိမိတ်များအား တိုးချဲ့ရန် ဇွန်လ ၂၁ ရက်နေ့ ဆုံးဖြတ်ချက်မှာ "အရေးကြီး၍ အန္တရာယ်ရှိသဖြင့်" ၄င်းဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်ခြင်း မပြုရန် အစွေရေးအစိုးရအား တောင်းဆိုလိုက်ပေသည်။

အစွေရေး – ပါလက်စတိုင်းငြိမ်းချမ်းရေးလမ်းခရီးပွင့်လင်းတိုးတက်ရေး – ၁၉၉၈ ၊နိုဝင်ဘာလ ၃၀ ရက်နေ့တွင် အတွင်းရေးမှူးချုပ်ကိုဖိအန်နန်က အစွေရေးနှင့်ပဓာန်အို အဖွဲ့တို့ထံ အရှေ့အလယ်ပိုင်းဒေသ အရေးအခင်းအတွက် အရှည်ခန့်၍ တည်တံ့သောဖြေရှင်းချက်ရရှိရေးအတွက် ဆတပိုးတိုး၍ ကြိုးပမ်းအားထုတ်ကြရန်ပန်ကြားတိုက်တွန်းရာ၌ (ထိုအချိန်တွင်ဖြစ်ပွားလာသော) ငြိမ်းချမ်းရေး ဆွေးနွေးမှုဆန့်ကျင်သူများက ကျူးလွန်သော အကြမ်းဖက်မှုများကြောင့် လမ်းချော်သွေဖည်မသွားကြရန် ပြောကြား လိုက်သည်။

ထို့အပြင်သူ၏ ပါလက်စတိုင်းပြည်သူများနှင့် သွေးစည်းရေးနေ့သဝဏ်လွှာ၌ အတွင်းရေးမှူးချုပ်က အစွေရေးနှင့်ပဓာန်အိုတို့ ၁၉၉၈ ၊ အောက်တိုဘာ ၂၃ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ၊ဝါရှင်တန်မြို့တော်၌ လက်မှတ် ရေးထိုးခဲ့ကြသည့် ဝေးမြစ်မှတ်တမ်း (**Wye River Memorandum**) ကို အပြည့်အဝအကောင်အထည် ဖော်ကာ လမ်းကြောင်းအသွယ်သွယ်တွင် စေ့စပ် ဆွေးနွေးမှုများ ပွင့်လင်းဖြစ်ပေါ်စေခြင်းငှာ ဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်လိုက်ပေသည်။

အီရတ်နိုင်ငံအား လက်နက်ဖျက်သိမ်းရေး – ကုလသမဂ္ဂ၏ အီရတ်နိုင်ငံတွင်း လက်နက်ကြီးများ စီစစ်ရှာဖွေဖျက်သိမ်းရေး ကိုယ်စားလှယ်အဖွဲ့ဖြစ်သည့် အနှစ်ကုမ်း (UNSCOM)အဖွဲ့အား လွတ်လပ်စွာ ရှာဖွေခွင့်ပြုရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့် အီရတ်တို့စပ်ကြား အငြင်းပွားမှုများ ဖြစ်ပွားပြီးနောက် ၁၉၉၈ ၊ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် နာလည်မှု စာချွန်လွှာတစ်ခုကို နှစ်ဦးနှစ်ဘက်တို့ လတ်မှတ်ရေးထိုး ခဲ့ကြသည်။ ယင်း စာချွန်လွှာအရ အီရတ်ကအနှစ်ကုမ်းအဖွဲ့အား "အနောင့်အယှက်မရှိ လွတ်လပ်စွာ ဝင်ထွက်သွားလာခွင့်" ပေးခဲ့ ကြောင်း ဇူလိုင် ၂၇ ရက်နေ့တွင် အတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ပေသည်။ထိုမှ နောက်တွင် အနှစ်ကုမ်းအဖွဲ့အနေဖြင့် သမ္မတနှင့်ဆိုင်သောနေရာ အဆောက်အအုံအပါအဝင် စစ်ဆေးမှုများတွင် ကတိအတိုင်း စစ်ဆေးခွင့်များ ပြုခဲ့သည်ဟု ၄င်းကဆိုသည်။

အခြားတစ်ဘက်တွင် လုံခြုံရေးကောင်စီက ရေနံမှဝင်ငွေ များကျဆင်းလာသဖြင့် အီရတ်ပြည်သူများ၏ လူမှုရေးအခက်အခဲများကို စိုးရိမ်မကင်း ဖြစ်ကာ ဒဲရတ်အနေဖြင့် ၁၉၉၈ ၊မတ်လ ၅ ရက်နေ့မှစ၍ ရက်ပေါင်း ၉၀ ကာလ အတွင်း ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံဖိုးအထိ ရေနံနှင့် ရေနံထွက်ပစ္စည်းများရောင်းချရန် မတ်လ ၂၅ ရက်နေ့တွင် ခွင့်ပြုလိုက်သည်။ ၁၉၉၈ ၊ ဧပြီ ၂၈ ရက်နေ့တွင် အိုအိုင်ပီ ခေါ်အီရတ်အစီအစဉ်ရုံးက ကြေညာချက်အရ ဧပြီ ၂၇ ရက်နေ့တွင် လူမှုရေးပစ္စည်းများအတွက် ကုလသမဂ္ဂ ၏ အီရတ်ငွေစာရင်းတွင် ရှိငွေမှာ ဒေါ်လာ ၅၀၃ သန်းခန့် ဖြစ်၍ ဒေါ်လာ ၄၉၃သန်းကို စားနပ်ရိက္ခာ များ ဝယ်ယူရေး အတွက် အသုံးပြုခဲ့ပြီး ဒေါ်လာ ၁၀ သန်းကို အခြားလူမှုရေး ပစ္စည်းများအတွက် အသုံးပြုခဲ့ပေသည်။

၁၉၉၈ ၊ ဩဂုတ်လ လဦးပိုင်းတွင် အီရတ်နှင့် အနှစ်ကုမ်းအဖွဲ့တို့အကြား ဆွေးနွေးမှုများပျက်ပြားသွားခဲ့လေသည်။ ဩဂုတ် ၃ ရက်နေ့တွင်အီရတ်ဒုတိယဝန်ကြီးချုပ်တာရစ်အဇစ်က အီရတ်နိုင်ငံတွင် တားမြစ်သော လက်နက်နှင့် ပစ္စည်းပစ္စယများ မရှိတော့ကြောင်း အနှစ်ကုမ်းအဖွဲ့အား ပြောကြားခဲ့သည်။ သို့ရာတွင် ထိုအချက်ကို အတည်ပြုရန် အဖွဲ့တွင် သက်သေ အထောက်အထား မရှိသေးဟု ဆိုသည်။ ၁၉၉၈ ဇူလိုင် ၂၃ ရက်တွင် အမ်စကုမ်းအဖွဲ့ဥက္ကဋ္ဌရစ်ချဒ်ဘတ္တလာက အီရတ်သည် အီရန်နှင့် ဖြစ်ပွားသည့် ၁၉၈၀– ၁၉၈၈ ခုနှစ် စစ်ပွဲ၌ အသုံးပြုသည့် ခဲယမ်းများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ပေးအပ်ရန် ငြင်းဆန်လျက်ရှိခဲ့ကြောင်း၊ ၄င်းခဲယမ်းများတွင် တတုနှင့် ဆေးဝါးစစ်ဆေးရေးပစ္စည်းများ ပါဝင်နိုင်ကြောင်း လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည်။ အီရတ်၏ လက်နက်ထိပ်ဖူးများ၌ အသက်

အန္တရာယ်ရှိသော ဗွီအက်ခ်(စ်) ခေါ် အာရုံကြော တတ်ပစ္စည်း ပါဝင်သည်ကို တွေ့ရကြောင်း ၁၉၉၈ ဇွန်လ ၂၄ ရက်နေ့က တင်ပြခဲ့သေးသည်။ သို့ဖြစ်ရာ လုံခြုံရေးကောင်စီက အီရတ်အပေါ် ချမှတ်ထားသော ပိတ်ဆို့ရေးအစီအစဉ်များကို ပြုပြင်ပြောင်းလဲရန် လုံခြုံရေးကောင်စီဝင်များက သဘောမတူကြသေးကြောင်း၊ ကောင်စီဥက္ကဋ္ဌက ပြောကြား ခဲ့ပေသည်။

ထို့နောက် ကုလသမဂ္ဂနှင့် အီရတ်တို့အကြား ဆက်ဆံမှုများ မပြေမလည်မှုများတိုးပွားလာခဲ့ရာ၊ ၁၉၉၈ ခုနှစ် လ ၅ ရက်နေ့တွင် အီရတ်နိုင်ငံက ဦးစွာပထမ ရေနံပိတ်ဆို့မှုနှင့် ထို့နောက်တွင် အခြားပိတ်ဆို့မှုများကို မရုတ်သိမ်းမီ၌သော်လည်းကောင်း၊ အနံစကုမ်းအဖွဲ့အား ပြန်လည်ဖွဲ့စည်းကာ ကျိုမာသိုမဟုတ် ဗီယင်နာသို့ရွှေ့ပြောင်းခြင်း မပြုမီ၌ သော်လည်းကောင်း အီရတ်အနေဖြင့် အနံစကုမ်းနှင့်အိုင်အေအီးအေအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ပြောကြား ခဲ့ပေသည်။ ဤတွင်အခြေအနေတင်းမာ၍ အကျပ်အတည်းဖြစ်ပေါ်လာရာ အီရတ်နိုင်ငံအား စစ်ရေးအရတိုက်ခိုက်မှုများ ပြုလုပ်မည့် ခြိမ်းခြောက်မှုများ ထွက်ပေါ်လာ ခဲ့ပေသည်။သို့သော်လည်း နိုဝင်ဘာ ၁၃ ရက်နေ့တွင်မူ ကုလသမဂ္ဂ ညွှန်ကြားရေးမှူးချုပ်က အီရတ်သမ္မတ ဆတ်ဒမ်ဟူစိန်ထံသို့ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များအတိုင်း ပြန်လည်လိုက်နာဆောင်ရွက်ရန်မေတ္တာရပ်ခံပန်ကြားခဲ့ရာ အီရတ်နိုင်ငံဘက်မှ လက်နက်စစ်ဆေးသူများနှင့် ပြန်လည်ပူးပေါင်းဆောင်ရွက်ရန် သဘောတူသဖြင့် ပြဿနာပြေလည်သွားခဲ့ပေသည်။

ထိုနောက်များမကြာမီတွင် အနံစကုမ်းအဖွဲ့က အီရတ်နိုင်ငံသည် အနံစကုမ်းအဖွဲ့နှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်မည့် ကတိကဝတ်ကို လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် အဖွဲ့အနေဖြင့် လုံခြုံရေးကောင်စီမှ ပေးအပ်ထားသော အရေးကြီးသည့်လုပ်ငန်းတာဝန်ကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း အစီရင်ခံတင်ပြခဲ့ရာ အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က အီရတ်နိုင်ငံအား ၁၉၉၈၊ ဒီဇင်ဘာ ၁၆ ရက်နေ့တွင် စစ်ရေးတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြသည်။

ဤသို့ အင်အားသုံးဆောင်ရွက်မှုနှင့် ပတ်သက်၍ ထိုနေ့(ဒီဇင်ဘာ ၁၆)မှာပင် လုံခြုံရေးကောင်စီ၌ ဆွေးနွေးမှုများ ပြုလုပ်ကြရာ ယင်းသို့ဆောင်ရွက်မှုနှင့်ပတ်သက်၍ ကွဲပြားခြားနားသောသဘောထားအမြင်များကို ဖော်ပြခဲ့ကြလည်း အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က အီရတ်အား ပြစ်တင်ဝေဖန်ပြောဆိုကာ ၄င်းတို့အနေဖြင့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက်များမှ အပ်နှင်းသော အခွင့်အာဏာအရ ဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားကြသည်။ ရုရှဖယ်ဒရေးရှင်း ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့ကမူ ယင်းအပြုအမူကို ကန့်ကွက်ပြောဆိုကြပြီး ပြဿနာကိုနိုင်ငံရေးနှင့် သဘမန် နည်းလမ်းများဖြင့် ဆွေးနွေးညှိနှိုင်းဖြေရှင်းကြရန် အကြံပြုတင်ပြခဲ့ကြသည်။ အထက်ပါ စစ်ရေးတိုက်ခိုက်မှုများကို ၁၉၉၈၊ ဒီဇင်ဘာ ၁၉ ရက်နေ့တွင် အဆုံးသတ်ရပ်စဲကြောင်း ကြေညာခဲ့ကြသည်။

အာဖဂန်နစ္စတန်ပြည်တွင်းပဋိပက္ခ – အာဖဂန်နစ္စတန်နိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသော စစ်ပွဲအတွက် လွန်စွာစိုးရိမ်ကြောင်း ဖော်ပြပြီး လျှင်ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ၁၉၉၈၊ ဖေဖော်ဝါရီ ၆ ရက်နေ့တွင် အာဖဂန်အုပ်စုအားလုံးတို့အား "တိုက်ခိုက်မှုများရပ်တန့်၍ ပစ်ခတ်မှုများရပ်စဲရေး သဘောတူညီမှုတစ်ရပ် ချက်ချင်းပြုလုပ်ကြပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် အခြေခံကျယ်ပြန့်၍ ကိုယ်စားလှယ် အားလုံးပါဝင်သော အစိုးရအဖွဲ့တစ်ဖွဲ့ဖွဲ့စည်းကြရန်" တိုက်တွန်း ပြောကြားခဲ့လေသည်။ ကောင်စီက နိုင်ငံအားလုံးတို့အားလည်း အာဖဂန်ပဋိပက္ခတွင် ပြည်ပမှ နိုင်ငံရေး/စစ်ရေး အားပေးထောက်ပံ့မှုများ ပြုလုပ်ကာ ပါဝင်နေကြခြင်းကို ရပ်တန့်ကြရန် ထပ်လောင်း တောင်းဆိုခဲ့ပေသည်။

၁၉၉၈၊ မတ်လ ၂၄ ရက်နေ့တွင် အာဖဂန်နိုင်ငံတောင်ပိုင်းရှိ ကန္ဒဟာမြို့တွင် အခြေစိုက်ထားသော ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ဝန်ထမ်းများမှာ ပြင်းထန်စွာ တိုက်ခိုက်ခြင်းခံရသဖြင့် ၄င်းတို့အား ထိုနေရာမှ ထုတ်ယူခဲ့ရပြီး ကုလသမဂ္ဂရုံးကို ပိတ်ခဲ့ရပေသည်။ ထိုနောက် သက်ဆိုင်ရာအာဏာပိုင်များအား တွေ့ဆုံအရေး ဆိုရန် ကုလသမဂ္ဂအရာရှိနှစ်ဦး ကန္ဒဟာသို့လေကြောင်း ခရီးဖြင့် ထွက်ခွာသွားခဲ့ကြသည်။

တာလီဘန်တို့က ဘမ်ယန်ဒေသကို ပိတ်ဆို့ထားခြင်းနှင့် မြောက်ဘက်လမ်းကြောင်းများမှလည်း လုံခြုံမှုမရှိလုယက်မှုများကြောင့် စားနပ်ရိက္ခာများမရရှိဘဲဖြစ်နေရာ

အာဖဂန်နိုင်ငံအလယ်ပိုင်းနှင့် မြောက်ပိုင်းတို့၌ လူမှုရေး အခြေအနေများ ထိုးစိုက်ကျဆင်းနေခြင်းကို စိုးရိမ်ကြောင်း လုံခြုံရေးကောင်စီက ထုတ်ဖော်ပြောဆိုပြီး အာဖဂန်အုပ်စုအား လုံး၊ အထူးသဖြင့် တာလီဘန်တို့အား ကုလသမဂ္ဂ ဝန်ထမ်းများ၏ အန္တရာယ်ကင်းရေးကို အာမခံကာ ပြည်သူလူထုများ၏ လိုအပ်မှုများကို ဖြည့်ဆည်းပေး နိုင်ရေးအတွက် လူမှုထောက်ပံ့ကူညီရေး အဖွဲ့များအား ခွင့်ပြုကြရန် တောင်းခံခဲ့ပေသည်။ ထို့အပြင် အမျိုးသမီး ကြီးငယ်များအပေါ်၌ ခွဲခွဲခြားခြား ပြုလုပ်နေမှုများနှင့် အာဖဂန်နိုင်ငံ၌ အခြားလူ့အခွင့်အရေး ဖောက်ဖျက် ကျူးလွန်နေမှုများကိုလည်း အထူးစိုးရိမ်ကြောင်း ဖော်ပြခဲ့ပေသည်။

ဤအတောအတွင်းအာဖဂန်နိုင်ငံအတွင်း၌ စစ်သုံ့ပန်း များနှင့် အရပ်သူအရပ်သား များအား အစုလိုက်အပြုလိုက် သတ်ဖြတ်သည်ဆိုသောကိစ္စများကိုစုံစမ်းရန်အတွင်းရေးမှူး ချုပ်က ဆောင်ရွက်ခြင်းများကိုလည်း ကောင်စီက ထောက်ခံခဲ့ပေသည်။ ထို့အပြင် အာဖဂန်နိုင်ငံအတွင်းသို့ လက်နက်နှင့်အခြားစစ်သုံးပစ္စည်းများ ဝင်ရောက်နေခြင်း ကို မျက်နှာမလိုက်ထိရောက်စွာ တားမြစ်ပိတ်ပင်ရေးကို တောင်းဆို၍ တရုတ်၊ အီရန်၊ပါကစ္စတန်၊ တာဂျီကစ္စတန်၊ တပ်ခ်မေနစ္စတန်၊ ဥဇဗက်ကစ္စတန်၊ ရုရှားဖယ်ဒရေးရှင်း နှင့် အမေရိကန်ပြည်ထောင်စုတို့တွေ့ဆုံဆွေးနွေးရေးကို ကောင်စီက အားပေးထောက်ခံခဲ့ပေသည်။ အာဖဂန် နိုင်ငံ၏ ပဋိပက္ခကို ငြိမ်းချမ်းစွာ ဖြေရှင်းရေးတွင် ကုလသမဂ္ဂအနေဖြင့်အဓိကကျသည့်နေရာမှဘက်မလိုက်ဘဲ ဆက်လက်ဆောင်ရွက်ရမည်ဟူသော ရပ်တည်ချက်ဖြင့် လုံခြုံရေးကောင်စီက အာဖဂန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးမစ်ရှင်အဖွဲ့နှင့် အတွင်းရေးမှူးချုပ်၏ အထူး ကိုယ်စားလှယ်တို့၏ ဆောင်ရွက်ချက်များကို အပြည့်အဝ ထောက်ခံခဲ့ပေသည်။

၁၉၉၈ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် အာဖဂန်နိုင်ငံ၌ လူမှုကူညီထောက်ပံ့ရေး ဝန်ထမ်းနှစ်ဦးသေဆုံးရခြင်း၊ အစိုးရမဟုတ်သော အင်ဂျီအိုအဖွဲ့များမောင်းထုတ်ခံရခြင်း၊ လူမှုကူညီထောက်ပံ့ရေး ပြုလုပ်မှုများကို တားဆီးနှောက်ယှက်ခြင်းများအတွက် ထိန်းလန့်တုန်လှုပ်၍ ပြင်းပြစွာစိတ်အနှောင့်အယှက်ဖြစ်ရကြောင်း အတွင်းမှူးချုပ်က ဖော်ပြခဲ့သည်။ ဇူလိုင်လ ၁၆ ရက်နေ့ကမူ အတွင်းရေးမှူး ချုပ်က အစွန်လာမာဘတ်မြို့၌ ကျင်းပသော အာဖဂန် အဖွဲ့များ တွေ့ဆုံဆွေးနွေးပွဲ၊ ပျက်ပြားသွားခဲ့ခြင်းနှင့် အာဖဂန်အုပ်စုများအား ပြင်ပမှ စစ်ဘက်ကူညီထောက်ပံ့ မှုများ မရပ်မစဲ ပေးနေကြခြင်းအတွက် ဝမ်းနည်းကြောင်း ပြောကြားခဲ့ပြီး အာဖဂန်အုပ်စုများအား တိုက်ခိုက်နေမှု များ ရပ်စဲကာ ပြန်လည်ဆွေးနွေးကြရန်နှင့် နိုင်ငံအား လုံးတို့အား အထူးသဖြင့် ဒေသခံနိုင်ငံများအား စစ်ဘက်အထောက်အပံ့များ ပေးနေကြခြင်းကို ချက်ချင်း ရပ်စဲကြရန် ထပ်လောင်းတောင်းဆိုလိုက်ပေသည်။ ဇူလိုင် ၁၄ ရက်နေ့တွင် အတွင်းရေးမှူးချုပ်၏ အာဖဂန်နိုင်ငံ ဆိုင်ရာ အထူးကိုယ်စားလှယ်က နိုင်ငံတွင်း ပြန်လည် မီးတောက်လာသော တိုက်ခိုက်မှုများကို ရည်ညွှန်းကာ အာဖဂန် ပြဿနာမှာစစ်ခင်း တိုက်ခိုက်မှုများဖြင့် ဖြေရှင်းနိုင်မည် မဟုတ်ကြောင်း ပြောကြားခဲ့ပေသည်။ ဤပဋိပက္ခ ဖြေရှင်းအဆုံးသတ်ရေးအတွက် စစ်အေး တိုက်ပွဲ ပြီးဆုံးခဲ့သည့်အချိန်မှစ၍ ကမ္ဘာ့နိုင်ငံကြီးများ ပါဝင်ကြိုးပမ်းအားထုတ်ခဲ့ခြင်း မရှိသေးကြောင်း ကုလ သမဂ္ဂမှတင်ပြခဲ့ပေသည်။

၁၉၉၈ ခုနှစ်အတွင်း၌ အာဖဂန်နစ္စတန်အခြေအနေ မှာ ထွေပြားလှပ်ရှား၍ စိုးရိမ်မကင်းဖွယ်ဖြစ်နေခဲ့ ပေသည်။ ဩဂုတ်လ ၂၁ ရက်နေ့တွင်ကုလသမဂ္ဂအထူး မစ်ရှင်အဖွဲ့ (အန်ဆမား) ၏ စစ်ဘက်အကြံပေးပုဂ္ဂိုလ် တစ်ဦးဖြစ်သူ ဒု- ဗိုလ်မှူးကြီး ကာမိုင်းကာလိုမှာကာဘူး မြို့တွင် ပစ်သတ်ခြင်းခံရ၍ နောက်တစ်နေ့တွင် ကုလ သမဂ္ဂ၏ နိုင်ငံတကာဝန်ထမ်းများကို ထိုနိုင်ငံမှရုတ်သိမ်း ခဲ့ရသည်။ ဤအချိန်တွင်တာလီဘန်လက်နက်ကိုင် တပ်ဖွဲ့များနှင့် အီရန်နိုင်ငံ၏ လက်နက်ကိုင်တပ်များ အကြား နယ်ခြားတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အောက်တိုဘာ ၈ ရက်နေ့တွင် အတွင်းရေးမှူးချုပ်ကိုဖီအန်နန်က နှစ်ဦး နှစ်ဖက်စလုံးအား အစွမ်းကုန်ထိန်းချုပ်လုပ်ဆောင်ကြရန် ပြောကြားခဲ့ပေသည်။ ထို့နောက်လုံခြုံရေးကောင်စီက ဒီဇင်ဘာ ၈ ရက်နေ့တွင် ပြဋ္ဌာန်းချက် ၁၂၁၄ (၁၉၉၈)ကို ချမှတ်၍ တာလီဘန်တို့အနေဖြင့် နိုင်ငံတကာ အကြမ်း ဖက်သမား များနှင့်ဌင်းတို့၏ အဖွဲ့အစည်းများအား ခိုလှုံခွင့် ပေးကာ လေ့ကျင့်မှုများ ပြုလုပ် ပေးခြင်းကို ရပ်တန့်ရန် တောင်းဆိုခဲ့လေသည်။ မာဇာအီ ရာရစ်မြို့၌ တာလီဘန် တို့က အီရန်နိုင်ငံ၏ ကောင်စစ် ဝန်ချုပ်အား ဖမ်းဆီးခြင်း

နှင့် အီရန်သံတမန်များနှင့် သတင်းစာဆရာတစ်ဦးအား သတ်ဖြတ်ခြင်းတို့ကို ကောင်စိက ရှုတ်ချပြီးလျှင် ယင်း အပြုအမူများမှာ အပြည်ပြည်ဆိုင်ရာ ဥပဒေများကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း အလေးအနက် ပြောကြားပြီး ယင်းရာဇဝတ် ပြစ်မှုများကို စုံစမ်းစစ်ဆေးရာ၌ ကုလသမဂ္ဂအား ပူးပေါင်း ဆောင်ရွက်ရန်တောင်းဆိုခဲ့ပေသည်။

အာဖဂန်နိုင်ငံတွင် လူများအစုလိုက် အပြုလိုက် သတ်ဖြတ်ခြင်းနှင့် ဘာသာရေး အဆောက်အအုံများအား ဖျက်ဆီးခြင်းတို့ကို စုံစမ်းရေး အတွက် အတွင်းရေးမှူးချုပ်အနေဖြင့် မစ်ရှင်အဖွဲ့ တစ်ဖွဲ့ စေလွှတ်ရန် ကောင်စိက အားပေးတိုက်တွန်းလိုက်သည်။ အမျိုးသမီးကြီးငယ်များအပေါ် ခွဲခွဲခြားခြားပြုမူခြင်းနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်း စာနာရေးဥပဒေများ ကျူးလွန်ဖောက်ဖျက်ခြင်းများကို ရပ်စဲရန် တောင်းဆိုသည့်အပြင် တာလီဘန်နှင့် အခြားသူများအနေဖြင့် မောင်ခိုမှုးယစ်ဆေးဝါးများ စိုက်ပျိုးထုတ်လုပ်၍ သယ်ယူပို့ဆောင်ခြင်း များကိုလည်း အဆုံးသတ်ကြရန် တောင်းဆိုလိုက်သည်။ ထို့အပြင်တာလီဘန်နှင့် အခြားအဖွဲ့ များအနေဖြင့် တိုက်ခိုက်မှုများ ရပ်တန့်ကာ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပြုလုပ်ကြပြီး ကုလသမဂ္ဂမှ ကမကထပြု၍ ဆွေးနွေးစေ့စပ်မှုများ ဆက်လက်ပြုလုပ်ကြရန် တောင်းဆိုပြီးလျှင် တာလီဘန်တို့အနေဖြင့် ကောင်စီ၏ ယခင်ပြဌာန်းချက်များကို အပြည့်အဝအကောင်အထည်ဖော် လိုက်နာဆောင်ရွက်ခြင်း မပြုလျှင် ကောင်စီအနေဖြင့် အရေးယူမှုများ ချမှတ်လုပ်ဆောင်ရန် အသင့်ရှိကြောင်း ပြောကြားခဲ့ပေသည်။

ကမ္ဘောဒီးယားပြည်တွင်း ပြဿနာများ – ကမ္ဘောဒီးယားနိုင်ငံတွင်း အကြမ်းဖက်မှုနှင့် တရားဥပဒေအလွဲသုံးစား ပြုမူမှုများကို အဆုံးသတ်ရန်အစိုးရ၏ သဘောတူညီချက်ဖြင့် ကုလသမဂ္ဂဝန်ထမ်းများက ကူညီဆောင်ရွက်လျက်ရှိ စဉ် ၁၉၉၈ ၊ ဧပြီလ ၂ ရက်နေ့တွင် ကုလသမဂ္ဂဝန်ထမ်း တစ်ဦးမှာ ဖနွမ်ပင်မြို့တော်တွင် ကမ္ဘောဒီးယားအစိုးရ လက်နက်ကိုင်တပ်ဖွဲ့များ၏ လက်နက်ကိုင်အရာရှိများ၏ ပြင်းထန်စွာရိုက်နှက်မှုကို ခံခဲ့ရသဖြင့် ကမ္ဘောဒီးယားရှိ လူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံးက အစိုးရထံကန့်ကွက်ချက်တစ်ရပ်တင်ပြပြီး ကျူးလွန်သူများအား အရေးယူစစ်ဆေးအပြစ်ပေးရန် တောင်းဆိုခဲ့ပေသည်။ ထိုနောက် ထိုအချိန်ပိုင်းတွင် ပိုပေါ် (ယခင် ကွန်မြူနစ်ခေါင်းဆောင်) သေဆုံးသွားရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ဧပြီလ ၁၇ ရက်နေ့တွင် လူသားတို့အပေါ် ၌ ကျူးလွန်ခဲ့သောပြစ်မှုများအတွက် ၄၎င်းအား တရားကြောင်းအရ စစ်ဆေးအရေးယူမှုများ ပြုလုပ်နိုင်ခွင့် မရှိတော့သဖြင့် ဝမ်းနည်းစကားပြောကြားခဲ့ ပေသည်။

ဤအတောအတွင်း ကိုးလနီးပါး နိုင်ငံတွင်းမှ ပျောက်ကွယ်နေခဲ့သော မင်းသား ရာနာရစ်သည် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ရာ မင်းသားရာနာရစ်ပြန်လာခြင်းကို ဘုရင်ကြီးသီဟာနုက မစ္ဆာတာဇွန်ဟော့နှင့် မစ္ဆာတာဟွန်ဆန်တို့၏ သဘောတူညီချက်ဖြင့် "လုံးဝလွတ်ငြိမ်းခွင့်"ပေးလိုက်လေသည်။ ထိုသို့ပေးခြင်းကို ကိုဖီအန်နန်က ၁၉၉၈ ၊မတ်လ ၂၃ ရက်နေ့တွင် ကြိုဆိုခဲ့ပေသည်။ ထိုနောက်မတ်လ ၃၀ ရက်နေ့တွင်အတွင်းရေးမှူးချုပ်က ကမ္ဘောဒီးယားနိုင်ငံသို့ မင်းသားရာနာရစ် ပြန်လာခြင်းကို ကြိုဆိုကြောင်း ပြောကြားကာ တရားမျှတလွတ်လပ်သောရွေးကောက်ပွဲများ ကျင်းပရေးကို အထောက်အကူဖြစ်မည်ဟုမျှော်လင့်ကြောင်း ဖော်ပြခဲ့ပေသည်။ တိုးတက်ဖြစ်ပေါ်လာသည့် အခြေအနေများအရ ကမ္ဘောဒီးယားနိုင်ငံတွင် ပါတီစုံရွေးကောက်ပွဲများကို ၁၉၉၈ ၊ဇူလိုင်လ ၂၆ ရက်နေ့တွင် ကျင်းပရန်နိုင်ငံအာဏာပိုင်များက အစီအစဉ်များ ပြုလုပ်ခဲ့ကြရာ ယင်းရွေးကောက်ပွဲများကို နိုင်ငံတကာမှ စောင့်ကြည့်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် ကမ္ဘောဒီးယား အစိုးရ၏ ဖိတ်ကြားချက်ကို အတွင်းရေးမှူးချုပ်က လက်ခံရန် ဧပြီ ၈ ရက်နေ့တွင် ဆုံးဖြတ်ခဲ့ပေသည်။

ကုလသမဂ္ဂတွင် ကမ္ဘောဒီးယားနိုင်ငံ၏ ထိုင်ခုံနေရာမှာ ၁၉၉၇ ၊စက်တင်ဘာလမှစ၍ လစ်လပ်နေခဲ့သည်။ ထိုနှစ်ဇူလိုင်လတွင် တိုက်ခိုက်မှုများဖြစ်ပွားလာပြီးနောက် ထိုနေရာကို ဆန့်ကျင်ဘက်အုပ်စု အမျိုးမျိုးတို့က တောင်းခံခဲ့ကြသည်။ ဤဖြစ်ရပ်များကြောင့် မင်းသားနိုရိုဒွန်ရာနာရစ်သည် နိုင်ငံမှထွက်ခွာသွားခဲ့ပြီး ဆမ်ဒမ်ဟွန်ဆန်က တန်ခိုးအာဏာ ပိုမိုခိုင်မာတောင့်တင်းရန် စီစဉ်လုပ်ဆောင်ခဲ့သည်။ ထို့နောက် မစ္ဆာတာဟွန်ဆန်ခေါင်းဆောင်သော ညွှန့်ပေါင်းအစိုးရအဖွဲ့သစ် တစ်ဖွဲ့ကို ၁၉၉၈ နိုဝင်ဘာ ၃၀ ရက်နေ့တွင်ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။ မင်းသား နိုရိုဒွန်ရာနာရစ်သည် အသစ်

ရွေးကောက် တင်မြှောက်ပွဲ့စည်းသော အမျိုးသားလွှတ်တော်၏ဥက္ကဋ္ဌ ဖြစ်လာခဲ့ပေသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ကုလသမဂ္ဂရှိ ၄င်း၏ထိုင်ခုံနေရာကို ၁၉၉၈ ဒီဇင်ဘာ ၇ ရက်နေ့တွင် ပြန်လည်ရရှိခဲ့ပေသည်။

၁၉၉၈ ၊ နိုဝင်ဘာ ၁၃ ရက်မတိုင်မီက ဟွန်ဆန်၏ကမ္ဘောဒီးယား ပြည်သူ့ပါတီနှင့် မင်းသားရာနာရစ်၏ ဖွန်ဆင်ပက်ပါတီတို့၏ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပခဲ့ရာ ဘုရင်ကြီးနိုရိုဒွန်သီဟာနုက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ဤဆွေးနွေးပွဲတွင် နှစ်ဦးနှစ်ဘက်တို့က အသစ်ရွေးချယ်တင်မြှောက်သော အမျိုးသားလွှတ်တော်ကို နိုဝင်ဘာ ၂၅ ရက်နေ့တွင်ကျင်းပ၍ အစိုးရအဖွဲ့ကိုဖွဲ့စည်းရန် သဘောတူခဲ့ကြရာ အတွင်းရေးမှူးချုပ်ကိုဖိအန်နန်က နိုဝင်ဘာ ၁၃ ရက်နေ့တွင် ဘုရင်ကြီးနိုရိုဒွန်သီဟာနုနှင့် တကွ နှစ်ပါတီခေါင်းဆောင်များအား ချီးကျူးထောပနာပြုခဲ့လေသည်။

အရှေ့တီမောပြဿနာ – အင်ဒိုနီးရှားနိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့စပ်ကြားနှစ်ပေါင်းများစွာလိပ်ခဲတည်းလည်းဖြစ်ကာ အခြေအနေတင်းမာနေခဲ့သော အရှေ့တီမောပြဿနာနှင့် ပတ်သက်၍ ၁၉၉၈ ခုနှစ်၊ သြဂုတ်လ အတွင်း၌ အင်ဒိုနီးရှားနှင့် ပေါ်တူဂီ နိုင်ငံခြားရေးဝန်ကြီးများ၏ တွေ့ဆုံဆွေးနွေးပွဲတစ်ခုကို အတွင်းရေးမှူးချုပ် ကိုဖီအန်နန်၏ ကြီးပမ်းမှုဖြင့် နယူးယောက်မြို့၌ ကျင်းပခဲ့ရာ ပြဿနာ ဖြေရှင်းရေးအတွက် အရေးကြီးသော ထိုးဖောက်တက်လှမ်းနိုင်မှုဖြစ်ခဲ့ သည်။ ၁၉၇၅ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် အရှေ့တီမောပြည်သူများနှင့် အင်ဒိုနီးရှားတို့စပ်ကြား ဖြစ်ပွားနေသောအရေးအခင်းကို နှစ်ဖက်သဘောတူညီမှုဖြင့် ဖြေရှင်းရေး အလားအလာများ ရှိလာရန် မျှော်လင့်နိုင်ကြောင်း အတွင်းရေးမှူးချုပ်က ထုတ်ဖော် ပြောကြားခဲ့ပေသည်။

အီသီယိုးပီးယား – အီရီထရီးယားအရေးအခင်း – ၁၉၉၈ ၊ ဇွန်လ လဦးပိုင်းတွင် အီသီယိုးပီးယားနှင့်အီရီထရီးယားနိုင်ငံများအချင်းချင်း နယ်ခြားအငြင်းပွားမှုတစ်ရပ်ကြောင့် စစ်ခင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အတွင်းရေးမှူးချုပ်ကိုဖီအန်နန်က စစ်အရှိန်မြင့်မားလာခြင်းအတွက် များစွာစိတ်မချမ်းမြေ့ခြင်းဖြစ်ရကြောင်း ဇွန်လ ၅ ရက်နေ့တွင် ထုတ်ပြန်ချက်တစ်ရပ်ထုတ်ပြန်ကာ ဖော်ပြခဲ့ပေသည်။ ဤအရေးတွင် ရဝမ်ဒါနှင့်အမေရိကန်တို့က စေ့စပ်ဖျန်ဖြေမှုပြုလုပ်လျက်ရှိကြသည့်အားလျော်စွာ ၄င်းတို့က ဇွန် ၁၀ ရက်နေ့တွင် ပြဿနာဖြေရှင်းရေး စီမံချက်/အကြံပြုချက်များကို အတွင်းရေးမှူးချုပ်ထံ ပေးပို့ခဲ့ကြသည်။ ယင်းစီမံချက်တွင် ကုသလမဂ္ဂလေ့လာရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ပြီး နှစ်ဦးနှစ်ဘက်သဘောတူညီမှုဖြင့် နှစ်နိုင်ငံ နယ်နိမိတ်တစ်ခုလုံးကို တိုင်းတာသတ်မှတ်ပေးရန် အကြံပြုချက်လည်းပါဝင်သည်။

အထက်ပါဖျန်ဖြေရေးအားထုတ်မှုများမှာ အောင်မြင်ခြင်း မရှိသဖြင့် ဇွန်လ ၂၆ ရက်နေ့တွင် လုံခြုံရေးကောင်စီက ပြဋ္ဌာန်းချက်အမှတ် ၁၁၇၇ (၁၉၉၈) ကို တညီတညွတ်တည်း ချမှတ်ပြီး ပဋိပက္ခအတွက် အထူး စိုးရိမ်မကင်းဖြစ်ရကြောင်းနှင့် ဒေသအတွက်ထိခိုက် နိုင်ပုံများကိုဖော်ပြကာ နှစ်နိုင်ငံတို့အား နယ်ခြားပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းကြရန် တိုက်တွန်းခဲ့ပေသည်။ နှစ်ဦးနှစ်ဘက်တို့အနေဖြင့် အင်အားအသုံးပြုခြင်းကိုလည်းရှုတ်ချကာယင်းအသုံးပြုမှုကို ရှောင်ကြဉ်ကာ တိုက်ခိုက်မှုများချက်ချင်း ရပ်စဲရန် တောင်းဆိုလိုက်သည်။ နှစ်ဖက်လုံးမှ လေကြောင်းတိုက်ခိုက်မှုများ မပြုလုပ်ရန် ကတိကဝတ်ပြုကြခြင်းကို ကြိုဆို၍ ကောင်စီအနေဖြင့် နှစ်နိုင်ငံနယ်နိမိတ်သတ်မှတ်ခြင်းကို ကူညီရန်အသင့်ရှိကြောင်း ဖော်ပြခဲ့ပေသည်။

လက်နက်ဖျက်သိမ်းရေး

ဓာတုဗေဒနှင့် ပိုးမွှားလက်နက်များအန္တရာယ် – ဤလက်နက်နှစ်မျိုးတို့၏ အန္တရာယ်မှာ စိုးရိမ်ပွယ်ဖြစ်မြဲဖြစ်နေသေးပေသည်။ ၁၉၉၇ ခုနှစ်အတွင်း၌ ဓာတုဗေဒလက်နက်များထုတ်လုပ်မှုနှင့်အသုံးပြုမှုကို စွန့်ပယ်ကြောင်းကြေညာသည့်နိုင်ငံများ ဦးရေတိုးပွားလာခဲ့၏ ။သို့ရာတွင် ပိုးမွှားလက်နက်များ ပိတ်ပင်ရေးစာချုပ်ကိစ္စအတွက်မူယင်းလက်နက်များအား စိစစ်ရေးဆိုင်ရာအခြေပြု စာချုပ်တစ်ခု ပြုစုဖွဲ့စည်းရေးလုပ်ငန်းကို တိုးတက်လုပ်ဆောင်လျက်ပင် ရှိရပေသေးသည်။ အချို့နိုင်ငံများ အနေဖြင့် ၄င်းလက်နက်များကို ခိုးကြောင်ခိုးဝှက် လုပ်ကိုင်သိုမှီးလျက် ရှိကောင်းရှိကြမည်ဖြစ်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကြီးမားသောအန္တရာယ်ဖြစ်ကြောင်း အတွင်းရေးမှူးချုပ်က ဖော်ပြခဲ့ပေသည်။

အကုမြူလက်နက်များ အန္တရာယ်ကင်းရှင်းရေး – ၁၉၉၅ ခုနှစ် အကုမြူလက်နက်များမပြန့်ပွားရေး စာချုပ်ဝင် နိုင်ငံ များ၏ စာချုပ်ပြန်လည်သုံးသပ်ရေးနှင့် သက်တမ်း တိုးမြှင့် ရေး မျက်နှာစုံညီအစည်းအဝေးတွင် သဘောတူညီ ခဲ့ကြသော ဦးတည်ချက်များပါဝင်၍ပြီး ပြည့်စုံသော အကုမြူ စမ်းသပ်မှု ပိတ်ပင်ရေးစာချုပ်ကို ကမ္ဘာ့နိုင်ငံ အား လုံးက သဘောတူလက်ခံခဲ့ကြရေးမှာ လွန်စွာအရေး ကြီးကြောင်း အတွင်းရေးမှူးကဆော်သြခဲ့ပေသည်။ ၁၉၉၈ ခုနှစ် အတွင်း၌ အရေးကြီးသော ဖြစ်ရပ်နှစ်ခုရှိခဲ့သည်။ ၄င်းတို့မှာ အကုမြူလက်နက်ကင်းမဲ့သော ကမ္ဘာကြီးတစ်ခုတည်ဆောက် ဖန်တီးရေးတွက် နိုင်ငံရှစ်နိုင်ငံတို့က ပူးတွဲ ကြေညာချက် တစ်ရပ် ထုတ်ပြန်ခြင်းနှင့် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် (ဂျီနီဗာ)တွင် အထူးကော်မတီ နှစ်ရပ်ဖွဲ့စည်း တည်ထောင်ခြင်းတို့ဖြစ်သည်။ထိုကော်မတီ များမှာ –

(က) အကုမြူလက်နက်မဲ့နိုင်ငံများအပေါ် အကုမြူ လက်နက်များအသုံးပြုခြင်း၊ သို့မဟုတ်အသုံး ပြုရန် ခြိမ်းခြောက်ခံရခြင်းမှ အမှန်တကယ် ကင်းရှင်း စေရန် ထိရောက်သော အပြည်ပြည် ဆိုင်ရာ အစီ အစဉ်များ ပြုလုပ်ရန်သဘောတူညီမှု ရရှိရေးအတွက် စေ့စပ်ဆွေးနွေးမည့် ကော်မတီ နှင့်

(ခ) အကုမြူ ဖောက်ခွဲရေး ကိရိယာများအတွက် ကွဲပွားရေးခြေပ်ဝတ္ထု (Fissile material) ထုတ်လုပ်မှု တားမြစ်ပိတ်ပင်ရေး စာချုပ်အတွက် ဆွေးနွေးစေ့စပ်ရေး ကော်မတီတို့ဖြစ်ပေသည်။

မြေမြှုပ်မုံးများရေးရာ – မြေမြှုပ်မုံးများအား တစ်စိတ်တစ်ဒေသပိတ်ပင်ရေးနှင့်သက်ဆိုင်သောအချို့သောသမား ရိုးကျ လက်နက်များဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်အတွက် ပြင်ဆင်ထားသောအခြေပြစာချုပ် –၂ သည်၁၉၉၈ ဒီဇင်ဘာလတွင် အတည်ဖြစ်လာမည်ဖြစ်ပြီး၊မြေမြှုပ် မုံးများ အလုံးစုံဘက်စုံပိတ်ပင်ရေးအော်တာဝါစာချုပ်သည် ၁၉၉၉ နှစ်ဦးပိုင်းတွင် အတည်ဖြစ်လာမည်ဟု မျှော်လင့် ရပေသည်။ ဖြစ်နိုင်သမျှအများဆုံးသော နိုင်ငံများက ၄င်းစာချုပ်များတွင် ပါဝင်လိုက်နာကြရေးအတွက် လည်း ကောင်း၊ လက်နက်ဖျက်သိမ်းရေးကွန်ဖရင့် (ဂျီနီဗာ) တွင် ဤ မုံးလက်နက်များ တင်ပို့မှုကိုပိတ်ပင်ရေးအတွက် စေ့စပ်ဆွေးနွေးမှုများကို ထောက်ခံအားပေးကြရေး အတွက် လည်းကောင်း အတွင်းရေးမှူးချုပ်ကိုဖိအန်နန်က တိုက်တွန်းနှိုးဆော်လိုက်သည်။

လက်နက်ငယ်များ ထိန်းချုပ်ပိတ်ပင်ရေး – လက်နက်ငယ် များသည် ကမ္ဘာပေါ်ရှိ အရပ်သူအရပ်သားများလက်တွင် ပြန့်နှံ့လျက်ရှိရာ စစ်ဘက်လက်နက်ငယ်များဖြင့် သေဆုံး သူ သို့ဟုတ် ဒဏ်ရာရသူများအနက် ၉၀ ရာခိုင်နှုန်း မှာ အရပ်သားများဖြစ်ပြီး ၄င်းအနက် ၈၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများနှင့်ကလေးများဖြစ်ရာ မှောင်ခိုလက်နက် များနှင့် ၄င်းတို့အား အခြားတားမြစ်ကုန်ပစ္စည်းများနှင့် တွဲဖက်၍ ရောင်းဝယ်ဖောက်ကား သယ်ယူပို့ဆောင် နေကြခြင်းများကို တားမြစ်ပိတ်ပင်ထိန်းချုပ်ရန် ကမ္ဘာ တစ်ဝန်းလုံးမှသဘောတူညီရန်လိုအပ်ပေသည်။ မှောင်ခို လက်နက်များ ရောင်းဝယ်မှုဆိုင်ရာ ကုလသမဂ္ဂ မျက်နှာ စုံညီ အစည်းအဝေးတစ်ခုကို မကြာမီတွင် ကျင်းပမည် ဖြစ်ကြောင်း ၁၉၉၈ ၊ စက်တင်ဘာလတွင် အတွင်းရေးမှူး ချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် လက်နက်ခဲယမ်းများ၊ ဖောက်ခွဲရေးလက်နက်များနှင့်အခြား ဆက်စပ်နေသော ပစ္စည်းများတရားမဝင် မှောင်ခိုပြုလုပ် ခြင်းကို ဆန့်ကျင်သောအမေရိကန်နိုင်ငံများဆိုင်ရာ ကွန်ဗင်းရှင်းစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ လက်နက်ငယ်များထည့်သွင်းခြင်း၊ တင်ပို့ခြင်းနှင့်ပြုလုပ် ခြင်းတို့ကို တားမြစ်ပိတ်ပင်သော သဘောတူညီချက် တစ်ရပ်အတွက် အနောက်အာဖရိကတိုက် နိုင်ငံများ၏ စီးပွားရေးအဖွဲ့က ဦးဆောင်ဦးရွက် လုပ်ကိုင်လျက် ရှိပေ သည်။

အိန္ဒိယနှင့်ပါကစ္စတန်အကုမြူစုံမှ ဖောက်ခွဲမှုများ – အိန္ဒိယ နိုင်ငံက ၁၉၉၈ ၊ မေလ ၁၁ နှင့် ၁၃ ရက်နေ့များတွင် လည်းကောင်း၊ ပါကစ္စတန်နိုင်ငံက ၁၉၉၈ ၊မေလ ၂၈ ရက် နှင့် ၃၀ရက်နေ့များတွင် လည်းကောင်း၊ အကုမြူ လက်နက်ဖောက်ခွဲစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြရာ လူသား တို့အနေဖြင့်အ ကုမြူကပ်ဆိုးဆိုက်၍ ပြုတ်ပြုတ်ပြုန်းမည့် အန္တရာယ်မှ မလွတ်ကင်းသေးကြောင်း အတွင်းရေးမှူးချုပ် ကိုဖိအန်နန်က ဝေဖန်ပြောကြားခဲ့သည်။

၁၉၉၈ ၊ ဇွန် ၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ပြဋ္ဌာန်းချက်အမှတ်၁၁၇၂(၁၉၉၈)ကိုတညီတညွတ်တည်း ချမှတ်ပြီးလျှင် အကုမြူစမ်းသပ်ဖောက်ခွဲမှုများ ဘက်စုံ

ပိတ်ပင်ရေး စာချုပ် (စီတီဘီတီ) ၏ ပြဋ္ဌာန်းချက်များအရ အကုမြူလက်နက် ဖော်ခွဲစမ်းသပ်မှုများ မပြုလုပ်ကြရန် တောင်းဆိုလိုက်သည်။ အကုမြူလက်နက်များ ဖြန့်ချခြင်း၊ အကုမြူလက်နက်များ သယ်ပို့နိုင်သော တိုက်ချင်းပစ် ဒုန်းကျည်များထုတ်လုပ်ခြင်း၊ အကုမြူလက်နက်များ ပြုလုပ် နိုင်သော ကွဲပွားစေသော ဒြပ်ဝတ္ထုများ (fissile materials) နောက်ထပ် ထုတ်လုပ်ခြင်းတို့ကို ရှောင်ကြဉ်ကြရန်လည်း တောင်းဆိုလိုက်သည်။ ထို့အပြင် ကက်ရှ်မီးယား အပါအဝင် နှစ်နိုင်ငံစပ်ကြား တင်းမာမှု ဖြစ်စေသော ပြဿနာများနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက် ဆွေးနွေးဖြေရှင်းကြရန်လည်း တိုက်တွန်းနှိုးဆော်လိုက်သည်။

ဤသို့ စမ်းသပ်ဖောက်ခွဲမှုများ ပြုလုပ်ကြပြီးသည့် နောက်တွင် အိန္ဒိယနိုင်ငံက နောက်ထပ် စမ်းသပ်ဖောက်ခွဲမှုများကို ပိတ်ပင်လိုက်ကြောင်း ကြေညာခဲ့ရာအတွင်း ရေးမှူးချုပ် ကိုဖီအန်နန်က မေလ ၃၀ ရက်နေ့တွင် ပါကစ္စတန်အား အလားတူကြေညာချက်တစ်ရပ် ထုတ်ပြန်ရန်နှင့်ခြွင်းချက်မရှိ အကုမြူစမ်းသပ်ဖောက်ခွဲမှု ပိတ်ပင်ရေး စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရန်တောင်းဆိုလိုက်သည်။ ထို့အပြင် မေလ ၂၈ ရက်နေ့တွင် နှစ်နိုင်ငံတို့အား တစ်ဦးနှင့်တစ်ဦး အကုမြူလက်နက် လက်ဦးအသုံးမပြုရန် ကတိကဝတ်ပြုသည့် သဘောတူညီချက်တစ်ရပ် ပြုလုပ်ကြပြီး အကုမြူလက်နက်ထုတ်လုပ်ရေးအစီအစဉ်များကို ဖျက်သိမ်းပစ်ကြရန်လည်း အတွင်းရေးမှူးချုပ်က အကြံပြုတိုက်တွန်းလိုက်သည်။

အပြည်ပြည်ဆိုင်ရာနှစ်များ

ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးကောင်စီက အောက်ပါ အပြည်ပြည်ဆိုင်ရာနှစ်များကို ကြေညာရန် အထွေထွေညီလာခံသို့ ထောက်ခံတင်ပြခဲ့သည်-

(က) သက္ကရာဇ် ၂၀၀၀ ကို "အပြည်ပြည်ဆိုင်ရာ ကျေးဇူးတော်နှစ်" အဖြစ် သတ်မှတ်ကြေညာရန်၊

(ခ) သက္ကရာဇ် ၂၀၀၀ ကို "အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးယဉ်ကျေးမှုနှစ်" အဖြစ် သတ်မှတ်ကြေညာရန်၊

(ဂ) သက္ကရာဇ် ၂၀၀၁ ကို "အပြည်ပြည်ဆိုင်ရာ စေတနာ့ဝန်ထမ်းများနှစ်" အဖြစ် သတ်မှတ်ရန်၊

(ဃ) သက္ကရာဇ် ၂၀၀၁ ကို "အပြည်ပြည်ဆိုင်ရာ တောင်များနှစ်" အဖြစ် သတ်မှတ်ရန်။

ထောင်ပြည့်ညီလာခံ – ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က သက္ကရာဇ် ၂၀၀၀ စက်တင်ဘာလတွင် ကုလသမဂ္ဂအထွေထွေညီလာခံကို "ထောင်ပြည့်ညီလာခံ (Millennium Assembly)" အဖြစ် ကျင်းပမည် ဖြစ်ကြောင်း၊ ထိုအခါသမယတွင် ကမ္ဘာ့ခေါင်းဆောင် များကရာစုနှစ်အသစ်တွင် မည်သို့သော ကုလသမဂ္ဂ မျိုးကိုင်းတို့ ရည်ရော်မှန်းဆ၍ ထောက်ခံအားပေး ကြမည်ကို စဉ်းစား နိုင်ကြမည်ဖြစ်ကြောင်း သူ၏ ၁၉၉၈ ခုနှစ်ဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာ၌ ပြောကြားခဲ့ပေသည်။

၅၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ

၅၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသည် ၁၉၉၈ စက်တင်ဘာ ၈ ရက်နေ့တွင် ပြီးဆုံးသွားပြီး ၅၃ ကြိမ်မြောက် အထွေထွေညီလာခံသည် ၁၉၉၈ စက်တင်ဘာ ၉ ရက်နေ့တွင် စတင်ဖွင့်လှစ်ကျင်းပခဲ့ပေသည်။

ယင်းအထွေထွေညီလာခံ စတင်ကျင်းပသည့်နေ့တွင် ညီလာခံသဘာပတိအဖြစ် ဥရုဂွေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဒေါက်တာ ဒါဒီယာအိုပက်တီဘာဒန်အား ညီလာခံအစည်းအဝေးကြီးမှ ရွေးချယ်တင်မြှောက်ခဲ့ရာ၊ ဒေါက်တာဘာဒန်က အစည်းအဝေးဖွင့်မိန့်ခွန်းစကား မြွက်ကြားခဲ့ပေသည်။

ရွေးချယ်တင်မြှောက်ခြင်း ခံရပြီးနောက် သတင်းစာဆရာတစ်ဦးအား ရှင်းလင်းပြောကြားရာ၌ ညီလာခံ သဘာပတိ ဒေါက်တာ ဒါဒီယာအိုပက်တီဘာဒန်က အထွေထွေညီလာခံ ကြီးသည် သက္ကရာဇ် ၂၀၀၀ သို့ ဝင်ရောက်တော့မည့် အချိန်ဖြစ်ကြောင်း၊ အထွေထွေညီလာခံ၏ အခန်းကဏ္ဍကို ပြန်လည်အားသစ်လောင်းပေးခြင်းမှာ နိုင်ငံတကာ အသိုက်အဝန်းမှ အဖွဲ့ဝင်နိုင်ငံအားလုံး၏ အခန်းကဏ္ဍကို ထပ်လောင်းအတည်ပြုပေးခြင်းပင် ဖြစ်ကြောင်း၊ ဆိုလို သည်မှာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏အပိုဒ် ၁၀ အရ အထွေထွေညီလာခံသည် ပဋိပက္ခစာတမ်း၏ အပိုဒ် ၁၂ တွင် ပြဋ္ဌာန်းပါ အကန့်အသတ်များအတွင်း၌ ယင်းစာတမ်း တွင် အကျုံးဝင်သည့် မည်သည့်ရေးရာကိုမဆို ဆွေးနွေးနိုင်ခွင့်ရှိကြောင်း ၊လုံခြုံရေး

ကောင်စီတွင် အဖွဲ့ဝင်များပါဝင်မှု နှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲရေးတွင် လုံခြုံရေး ကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံများက ပဋိညာဉ် စာတမ်း၌ ချမှတ်ထား သော အခြေခံမူများအား မည်သို့မည်မျှ လိုက်နာကျင့်သုံးကြသည်ဟူသော အကဲဖြတ်ချက် နှင့် ချိတ်ဆက်ထား ရန် ပြဋ္ဌာန်းချက်ရှိလျှင် လုံခြုံရေးကောင်စီ အဖွဲ့ဝင်များ၏ ကျင့်သုံးဆောက်တည်မှုကို စိစစ်ရာ၌ အထွေထွေညီလာခံ၏ အခန်းကဏ္ဍကို ထုတ်ပယ်ထား ရန် သင့်မည်မဟုတ်ကြောင်း စသည်ဖြင့် ဖွင့်ဟပြောကြား ခဲ့ပေသည်။

၅၃ ကြိမ်မြောက် ညီလာခံအစီအစဉ် – ၅၃ ကြိမ်မြောက် အထွေထွေညီလာခံ၏ အစည်းအဝေး ယာယီအစီအစဉ်တွင် ဆွေးနွေးဆုံးဖြတ်ရန် အကြောင်းအရာ (၁၆၅) ခု ပါဝင်ပေသည်။

အထွေထွေဆွေးနွေးပွဲ – အစည်းအဝေးအစီအစဉ်အရ အထွေထွေညီလာခံ၏ ရက်သတ္တနှစ်ပတ်ကြာ အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲကို ၁၉၉၈ ၊စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၂ ရက်နေ့အထိ ကျင်းပခဲ့ရာ၊ နိုင်ငံတော်အကြီးအကဲ ၂၆ ဦး အပါအဝင်(ယခင်နှစ်ကထက် ရှစ်ဦးပို သည်) မိန့်ခွန်းစကားပြောကြား သူ ၁၇၉ ဦးတို့က ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးကြရာ၌ အဖွဲ့ဝင်နိုင်ငံများက ကုန်သွယ်မှုဖွင့်ပေးခြင်း၊ ဈေးကွက်များဖွင့်ပေးခြင်း နှင့် စီးပွားရေးကို ကမ္ဘာကုန်ဖြစ်ထွန်းရေး(**Globalization**) ပြုလုပ်ခဲ့ကြစေကာမူ ဖွံ့ဖြိုးဆဲနိုင်ငံများမှာ ရောဂါများ၊ အလုပ်လက်မဲ့ဖြစ်မှုများ၊ စာမတတ်မှုပြဿနာ၊ ဆင်းရဲတွင်းနက်မှု၊ ကြွေးတင်မှု၊ လူသားရေးရာစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးအကူအညီများဆုတ်ယုတ်ကျဆင်းမှုစသည်တို့ အပါအဝင်ပြဿနာပေါင်း သောင်းခြောက်ထောင်ကို ရင်ဆိုင်ကြုံတွေ့နေကြရဆဲဖြစ်ကြောင်း တင်ပြခဲ့သည်။ အဖွဲ့ဝင်နိုင်ငံများက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ (အယ်လ်ဒီစီများ) ၏ စီးပွားရေး အခြေအနေဆိုးကို မီးမောင်းထိုးပြခဲ့ကြသည်။အခြားနိုင်ငံများနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဖွံ့ဖြိုးရေးအကူအညီများ လျော့ပေးနေခြင်းများကို ရပ်စဲကြရန် တောင်းဆိုလိုက် သည်။

၅၃ ကြိမ်မြောက် ညီလာခံကျင်းပသောအချိန်မှာ ကမ္ဘာ့လူ့အခွင့်အရေးကြေညာချက်၏ နှစ် ၅၀ မြောက် အခါသမယဖြစ်ရာ၊ တိုးတက်မှုကို တိတိကျကျအကဲဖြတ်ရန်အတွက် အခါအခွင့်ဖြစ်ကြောင်း အဖွဲ့ဝင်နိုင်ငံများက မှတ်သားပြောဆိုကြသည်။ ကျူးဘားနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးက "ယင်းကြေညာချက်၏ သမိုင်းဝင်သဘောတရားရေးရာ ကန့်သတ်ချက်များကို အသိအမှတ်ပြုကြပြီးလာမည့်ရာပြည့်နှစ်သစ်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် အပြည်ပြည်ဆိုင်ရာလှုပ်အခွင့်အရေး ပဋိညာဉ်စာတမ်းအသစ်တစ်ခုကို ရေးဆွဲကြရန်" အဖွဲ့ဝင်နိုင်ငံများအား တောင်းဆိုလိုက်သည်။

၅၃ ကြိမ်မြောက် ညီလာခံသို့ မြန်မာနိုင်ငံမှ တက်ရောက်ခြင်း – ၅၃ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးအုံးကျော်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ရာ၊ ၁၉၉၈ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဝန်ကြီးဦးအုံးကျော်သည် ကုလသမဂ္ဂညီလာခံ၏ အထွေထွေဆွေးနွေးပွဲ အစီအစဉ်၌ မြန်မာ့ရေးရာ၊ ကမ္ဘာ့ရေးရာများအပေါ် အမြင် သဘောထားများ ဖော်ပြပါရှိသော မြန်မာနိုင်ငံ၏အထွေထွေမူဝါဒရေးရာမိန့်ခွန်းကို ပြောကြား ခဲ့ပေသည်။

ယင်းမိန့်ခွန်း၌ ဝန်ကြီးက နိုင်ငံခြားစွက်ဖက်မှုများကို ရည်ညွှန်းတင်ပြရာ၌ "သူတို့လိုလားသောဒီမိုကရေစီပုံစံမျိုးကိုသာ ကျင့်သုံးစေလိုသူများသည် မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးကို စွက်ဖက်ရန် ကုလသမဂ္ဂကို အသုံးချလိုခြင်းမှာ မကောင်းသော အလားအလာဟု ဆိုရမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကရွေးချယ်ထားသော လမ်းကြောင်းသည် မြန်မာတို့၏ ဝလေ့ထုံးတမ်းအစဉ်အလာ၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် ပြည်သူတစ်ရပ်လုံး၏ ရည်မှန်းချက်များနှင့်အကိုက်ညီဆုံးဖြစ် သည်ဟုယုံကြည်ကြောင်း၊မြန်မာနိုင်ငံသည် ခေတ်မီငြိမ်းချမ်းပြီး ချမ်းသာကြွယ်ဝသော ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံအဖြစ် တည်ဆောက်ရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း..." စသည်ဖြင့် ဖော်ပြခဲ့သည်။

ထို့အပြင် ယင်းမိန့်ခွန်း၏ နိဂုံးချုပ်တွင် ဝန်ကြီးက "ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပြဿနာများကို ကိုင်တွယ်နေရသောတစ်ခုတည်းသော နိုင်ငံစုံအဖွဲ့အစည်းတစ်ရပ်အနေဖြင့် မြင်မ်ားလာသောကုလသမဂ္ဂ၏ အခန်းကဏ္ဍသည် ကုလသပဂ္ဂအဖွဲ့ကြီး၏ တာဝန်သိသောအဖွဲ့ဝင်

ကိုရီးယား-သမ္မတနိုင်ငံ။ ။ကိုရီးယား-နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးကမောက်ကမဖြစ်မှုမှာ ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ရပ်တန့်သွားခဲ့သည်။ အကြောင်းမှာ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီး အစိုးရအဖွဲ့သစ်အဖြစ် တာဝန်ယူရန် စောင့်ဆိုင်းနေခဲ့သည့် ကင်မ်ဒေးယုံက အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(အိုင်အမ်အက်ဖ်)က တောင်းဆိုထားခဲ့သည့် ကြမ်းတမ်းခက်ခဲသည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို စတင်လုပ်ဆောင်ခဲ့ပြီး ၁၉၉၈ ဘဏ္ဍာရေးနှစ်တွင် ကိုရီးယားနိုင်ငံက ပြန်လည်ပေးဆပ်ရန် သတ်မှတ်ထားသည့် ရေတိုကာလ ကြွေးမြီပြန်လည်ပေးဆပ်ရေးနှင့် စပ်လျဉ်းပြီး သဘောတူညီချက်အသစ်ကိုလည်း အောင်မြင်စွာ စေ့စပ်ညှိနှိုင်း ဆောင်ရွက်နိုင်ခဲ့သောကြောင့် ဖြစ်သည်။

စင်စစ် ကိုရီးယားနိုင်ငံ၏ ရေတိုကာလ ကြွေးမြီမှာ ၁၉၉၈ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့နောက်ဆုံးထားပြီး ပြန်လည်ပေးဆပ်ရန် သဘောတူညီချက်ရှိခဲ့ပြီးဖြစ်သည်။ သို့ရာတွင် နိုင်ငံ၏ နိုင်ငံခြားငွေကြေး အရန်အင်အားမှာ သိသိသာသာကျဆင်းခဲ့ရာ ကြွေးမြီများ ပြန်လည်ပေးဆပ်ရန် အခက်အခဲနှင့် ကြုံခဲ့ရသည်။ ဤအခြေအနေတွင် ကြွေးမြီများ ပြန်လည်ပေးဆပ်ရေး တရားဝင်ရပ်ဆိုင်းခွင့်ကို ရှောင်ရှားနိုင်ရန် ရည်ရွယ်လျက် ကောင်ကိုရီးယားအစိုးရနှင့် အမေရိကန်ဘဏ်များမှ တာဝန်ရှိ ပုဂ္ဂိုလ်များသည် ငွေကြေးဆိုင်ရာ စာချုပ်စာတမ်းများ ထုတ်ပေးခြင်းဖြင့် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံကို ဘဏ္ဍာရေးအကူအညီအဖြစ်ပေးရန် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါအဆိုပြုထားသည့် စေ့စပ်ဆွေးနွေးမှုတွင် ကိုရီးယားနိုင်ငံ အနေဖြင့် စာချုပ်စာတမ်းများကို အာမခံချက် ပေးရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်မှုရှိစေရန် အတိုးနှုန်းအတော်မြင့်မြင့်မားမားပေးရန် ရှိနေပေသည်။ သို့ဖြစ်ရာ ယင်းအစီအစဉ်ကို အစိုးရကကန့်ကွက်ခဲ့သဖြင့် တောင်ကိုရီးယား စေ့စပ်ညှိနှိုင်းသူများပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် နယူးယောက်မြို့သို့ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ရောက်ရှိခဲ့ပြီး စေ့စပ်ညှိနှိုင်းဆွေးနွေးမှု သတ်မှတ်ချက်ကို ပြန်လည်သုံးသပ်ရန် ကြိုးပမ်း ခဲ့သည်။

ဤသို့ဖြင့် ဇန်နဝါရီ ၂၈ ရက်နေ့တွင် အမေရိကန်နှင့် တောင်ကိုရီးယားမှ ကိုယ်စားလှယ်များသည် ကိုရီးယားနိုင်ငံက ပေးဆပ်ရန်ရှိသည့် ရေတိုကာလကြွေးမြီ

နိုင်ငံ တစ်နိုင်ငံအနေဖြင့် လူသားအားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ပွဲ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကုလသမဂ္ဂအဖွဲ့ကြီးက ဆောင်ရွက်နေမှုများကို ဆက်လက်ပြီးအခိုင်အမာ ထောက်ခံသွားဖို့ ကတိပြုပါကြောင်း ... "ဟူ၍ ပြောကြားခဲ့ပေသည်။)

လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အသစ်များရွေးချယ်တင်မြှောက်ခြင်း – လုံခြုံရေးကောင်စီက အာဂျင်တီးနား၊ ကနေဒါ၊ မလေးရှား၊ နမီးဘီးယားနှင့် နယ်သာလင်နိုင်ငံငါးနိုင်ငံတို့အား အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အသစ်များအဖြစ် ကောင်စီတွင် ပါဝင်ရန် ရွေးချယ်ခဲ့ရာ ၅၃ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၉၈ ၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ထိုငါးနိုင်ငံအား ၁၉၉၉ ၊ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ လုံခြုံရေးကောင်စီတွင် ၂ နှစ်သက်တမ်းဖြင့် အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်တင်မြှောက်လိုက်သည်။

၁၉၉၇ ၊ အောက်တိုဘာလတွင် ရွေးချယ်တင်မြှောက်ခံရပြီး ၁၉၉၈ ၊ဇန်နဝါရီ ၁ ရက်မှစ၍ လုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်များအဖြစ်ပါဝင်ဆောင်ရွက်ခဲ့ကြသော ဂေဘွန်၊ ဂမ်ဘီယာ၊ ဘာရိန်း၊ စလိုဗီးနီးယားနှင့် ဘရာဇီးနိုင်ငံတို့မှာ ၂ နှစ်သက်တမ်းမပြည့်ကြသေးသဖြင့် ၁၉၉၉ နှစ်ကုန်အထိ နောက်ထပ် (၁) နှစ်တာဆက်လက်ပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်ပေသည်။

ကုသသမဂ္ဂအသုံးစရိတ်ဘတ်ဂျက် – ၅၃ ကြိမ်မြောက် အထွေထွေညီလာခံသည် သက္ကရာဇ် ၂၀၀၀– ၂၀၀၁ အတွက် အတွင်းရေးမှူးချုပ်မှ အဆိုပြုတင်ပြသော အသုံးစရိတ် မှန်းခြေဘတ်ဂျက်မူကြမ်းကို စဉ်းစားပြီး နောက် ပြဋ္ဌာန်းချက်အမှတ် – ၅၃/၂၀၆ ကို ၁၉၉၈၊ ဒီဇင်ဘာ ၁၈ ရက်နေ့တွင်ချမှတ်ကာ ၄င်း၏အသုံးစရိတ်ဘတ်ဂျက်ကို ပဏာမခန့်မှန်းခြေဒေါ်လာ ၂၅၄၅ သန်းဖြင့် ရေးဆွဲပြုလုပ်ရန် မေတ္တာရပ်ခံလိုက်သည်။

ညီလာခံရပ်ဆိုင်းခြင်း – ၅၃ ကြိမ်မြောက်ကုလသမဂ္ဂအထွေထွေညီလာခံ၏ ပထမပိုင်းပြီးဆုံး၍ ညီလာခံကို ၁၉၉၈ ၊ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ရွှေ့ဆိုင်းခဲ့လေသည်။

တက္ကသိုလ်သက်ပန်

(အမေရိကန် ဒေါ်လာ ၂၄ ဘီလီယံခန့်)ကို အမျှားဆုံး သုံးနှစ်ကာလ အချိန်ပေးထားသည့် အလယ်အလတ် ကာလ ကြွေးမြီအဖြစ် ပြောင်းလဲသတ်မှတ်ရန် သဘောတူညီခဲ့ကြသည်။ အဆိုပါ အကြမ်းဖျင်း သဘောတူညီချက်ကို တောင်ကိုရီယား:ဘက်မှ အောင်မြင်မှုတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်သည်။ အကြောင်းမှာ ပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သည့် ကြွေးဆပ်ရေးပုံစံအရ ပေးရမည့် အတိုးနှုန်းမှာ မျှော်မှန်းထားသည်ထက် အတော်လျော့နည်း နိမ့်ကျနေသောကြောင့် ဖြစ်သည်။

ဤခြေအနေတွင် သမ္မတကင်မ်ဒေးယုံသမ္မတရာထူးလက်ခံဆောင်ရွက်သည်နှင့် တစ်ပြိုင်နက် အစိုးရအဖွဲ့အတွင်း အာဏာရပါတီဖြစ်လာမည့် နိုင်ငံရေးသစ် အမျိုးသား ကွန်ဂရက်ပါတီ (အင်စီအင်ပီ) က နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကျော် လွှားရေးအတွက် တာဝန်ယူဆောင်ရွက်မည့်အရေးပေါ် စီးပွားရေးကော်မတီကို စတင်ဖွဲ့စည်းလုပ်ဆောင်ခဲ့သည်။ အဖွဲ့ဝင် ၁၀ ဦး ပါဝင်ပြီး အလုပ်သမားရေးရာ၊ စီမံရေးရာနှင့် အစိုးရအဖွဲ့ရေးရာ သုံးပွင့်ဆိုင်ကော်မတီဟုခေါ်တွင်သည့် အဆိုပါ စီးပွားရေးကော်မတီတွင် တောင်ကိုရိယား:နိုင်ငံ၏ အကြီးမားဆုံး အဖွဲ့အစည်းဖြစ်သည့် ကုန်သွယ်ရေးသမဂ္ဂများမှ ကိုယ်စားလှယ်များ၊ အထက်တန်းအစိုးရအရာရှိကြီးများနှင့် စီးပွားရေးလုပ်ငန်းခေါင်းဆောင်များ ပါဝင်သည်။ သို့ဖြစ်လင့်ကစား အထက်ပါ စီးပွားရေးကော်မတီကိုဖွဲ့စည်းပြီး မကြာမီတွင်ကုန်သွယ်ရေးသမဂ္ဂ ခေါင်းဆောင်များက ခက်ခဲကြမ်းတမ်းသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုကို ဖော်ဆောင်မည့် အစိုးရ၏ အစီအစဉ်ကို ဆန့်ကျင်ရန် အတွက်သပိတ်တိုက်ပွဲဝင်ရန် နှိုးဆော်ထားပြီး အထက်ပါ ကော်မတီ၏ အစည်းဝေးပွဲများအား လုံးကိုလည်း သပိတ်မှောက်ရန် ခြိမ်းခြောက်ခဲ့သည်။

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အဝိကကုန်သွယ်ရေးသမဂ္ဂများက စီစဉ်ထားသည့်ဆန္ဒပြမှုကို ရပ်ဆိုင်းရန် သဘောတူပြီး ကုမ္ပဏီများအား အလုပ်သမားလျော့ချရေးကို ခွင့်ပြုစေမည့် ဥပဒေရေးရာ ဆောင်ရွက်ချက်ကို သိုးသန့်ဆွေးနွေးရန် သဘောတူညီခဲ့သည်။ တောင်ကိုရိုးယား:နိုင်ငံ၏ ဥပဒေအရ ယင်းလုပ်ဆောင်ချက်ကို လောလောဆယ်တွင် တားမြစ်ထားသည်။ ကုန်သွယ်ရေးသမဂ္ဂ ပြောရေးဆိုခွင့် ရှိသူများက သမ္မတအဖြစ် တင်မြှောက်ခံရသည့် ကင်မ်ဒေးယုံသည် သုံးပွင့်ဆိုင် စီးပွားရေးကော်မတီ အနေဖြင့် သဘောတူညီချက် ရရှိပြီးသည်အထိ မည်သည့် အလုပ်သမားလျော့ချရေး ဥပဒေကိုမျှ ချမှတ်ကျင့်သုံးလိမ့်မည်မဟုတ်ဟု ၄င်းတို့အား အာမခံချက်ပေးခဲ့သည်ဟု ပြောကြား:သည်။

ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ငါးရက်ကြာ အပြင်းအထန် ဆွေးနွေးစေ့စပ် ညှိနှိုင်းခဲ့ရာ ကုန်သွယ်ရေးသမဂ္ဂခေါင်းဆောင်များအနေဖြင့် အစိုးရဘက်မှ နောက်ထပ်လိုက်လျောမှုအား ရရှိခဲ့ပုံပေါ်ခဲ့သည်။ သုံးပွင့်ဆိုင်ကော်မတီသည် စီးပွားရေးပြန်လည်ဖွဲ့စည်းတည်ဆောက်ရေးနှင့်ပတ်သက်ပြီး သဘောတူညီမှုရရှိခဲ့သည်။ ယင်းသဘောတူညီမှုတွင် အစုလိုက်အပြုံလိုက် အလုပ်သမားလျော့ချရေးပြဿနာကို ရှောင်ရှား:ထား:ပြီး စီးပွား:ရေး:အကျပ်အတည်း:ဖြစ်မှုအတွက် အစိုးရနှင့်စီးပွား:ရေး:လုပ်ငန်း:များ:ကို အပြစ်ဖို့ထား:သည်။ ဥပဒေပြုလွှတ်တော်



ကိုရိုးယား:နိုင်ငံသား:တစ်ဦး:မိမိပိုင်ရွှေထည်ပစ္စည်း:များ လွှဲပြောင်း:ရန် ချိန်တွယ်နေစဉ်



မ္မတအဖြစ် လက်ခံသည့် အခမ်းအနား၊တွင် သမ္မတ ကင်မ်ဒေးယုံက လက်ဝှေ့ယမ်း နှုတ်ဆက်နေစဉ်

ကျင်းပပြီး စီးပွားရေးမူဝါဒများ အချေအတင်ဆွေးနွေးပြီး သည်အထိ အလုပ်သမားလျော့ချရေး (အလုပ်ဖြုတ်ပစ်ရေး) ဆုံးဖြတ်ချက်မှန်သမျှကို အထက်ပါကော်မတီက ရပ်ဆိုင်းထားခဲ့သည်။

ဖြစ်ပေါ်လျက်ရှိသော နိုင်ငံစီးပွားရေးတွင် ကိုရိုးယားနိုင်ငံသားများကလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ကူညီခဲ့သည်။ ဆိုးဝါးလျက်ရှိသည့် နိုင်ငံစီးပွားရေးကို ကူညီထောက်ပံ့သည့်အနေဖြင့် နိုင်ငံခြားငွေကြေးအင်အားမြင့်တင်ရန်အတွက် နိုင်ငံတကာ ငွေကြေးဈေးကွက်များတွင် ရောင်းချနိုင်သည့် လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းများကို နိုင်ငံ သို့လှူဒါန်းခဲ့သည်။ ဇန်နဝါရီ ၈ ရက်နေ့ထုတ် **The International Herald Tribune** မဂ္ဂဇင်းက ရွှေတန်ချိန် ၁၇ တန် ကျော်ကိုမျိုးချစ်ကိုရိုးယား လူမျိုးများက လှူဒါန်းခဲ့သည်ဟု ရေးသားဖော်ပြခဲ့သည်။ ယင်းရွှေများကို အရည်ကျိုပြီး ဒေဝူးကော်ပိုရေးရှင်းက တာဝန်ယူကာ ပြည်ပတွင် ရောင်းချမည်ဖြစ်သည်ဟု ဆိုသည်။

အခြားတစ်ဖက်တွင်တောင်ကိုရိုးယားနိုင်ငံ၏စီးပွားရေးပျက်ကပ်၌ အမေရိကန်ဒွန်ရှင်ကြေးရှင် ဂျော့ဆိုရော့စ်ကလည်း ပါဝင်လာပြန်သေးသည်။ ဂျော့ဆိုရော့စ်က တောင်ကိုရိုးယားနိုင်ငံ ရုန်းကန်လှုပ်ရှား နေရသော စီးပွားရေးတွင်ငှင်းအနေဖြင့် အမေရိကန်ဒေါ်လာတစ်ဘီလီယံအထိ ရင်းနှီးမြှုပ်နှံရန် ဆန္ဒရှိကြောင်းကြေညာခဲ့သည်။ တောင်ကိုရိုးယားသမ္မတအဖြစ် တင်မြှောက်ခံရသည့် ကင်မ်ဒေးယုံနှင့်ဆွေးနွေးပြီးနောက် ရင်းနှီးမြှုပ်နှံမှု ဖြစ်နိုင်ချေကို လေ့လာစစ်ဆေးရန် ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို တောင်ကိုရိုးယားနိုင်ငံသို့ စေလွှတ်မည်ဟု ဂျော့ဆိုရော့စ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ဤသို့ဖြစ်ပေါ်တိုးတက်လျက်ရှိစဉ် နိုင်ငံရေးသစ်အမျိုးသားကွန်ဂရက်ပါတီ (အင်စီအင်ပီ) ခေါင်းဆောင် ကင်မ်ဒေးယုံသည်ငါးနှစ်သက်တမ်းရှိသည့်တောင်ကိုရိုးယားသမ္မတရာထူးကို ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် စတင်လက်ခံ ဆောင်ရွက်ခဲ့သည်။ ကင်မ်ဒေးယုံသည် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲ



သမ္မတအဖြစ် လက်ခံသည့် အခမ်းအနား၊သို့တက်ရောက်လာသော ကိုရိုးယားနိုင်ငံသမ္မတဟောင်းများ

တွင် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၁၉၉၃ ခုနှစ်တွင် သမ္မတ ဖြစ်လာခဲ့သည့် သမ္မတကင်မ်ယောင်ဆမ်နေရာကို ဆက်ခံ ခဲ့သူဖြစ်သည် (စွယ်စုံနှစ်ချုပ် ၁၉၉၈ – စာ၊ ၁၆၈ – ရှု။) ကင်မ်ဒေးယုံသမ္မတအဖြစ်လက်ခံ ဆောင်ရွက်မှုသည် တောင်ကိုရိုးယားနိုင်ငံ ခေတ်သစ်သမိုင်းတွင် အာဏာရ ပါတီလက်မှ အတိုက်အခံပါတီသို့ ပထမဆုံးအကြိမ် အာဏာလွှဲပြောင်းမှုပင်ဖြစ်သည်။ သမ္မတအဖြစ် လက်ခံသည့် အခမ်းအနားအဖွင့်မိန့်ခွန်းတွင် အသက် ၇၂ နှစ်ရှိပြီဖြစ်သော ယခင်အတိုက်အခံခေါင်းဆောင်ဟောင်း



သမ္မတ ကင်မ်ဒေးယုံ(ယာ)အား ၄င်းရွေးချယ်ခန့်အပ်ခဲ့သည့် ဝန်ကြီးချုပ် ကင်မ်ဂျုံပီးလ်(ဝဲ)နှင့်အတူ တွေ့ရစဉ်

ကင်မ်ဒေးယုံက ၄င်းအစိုးရအနေဖြင့် ဒုက္ခရောက်နေသည့် နိုင်ငံစီးပွားရေးကို ပြန်လည်အားဖြည့် လုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် ၄င်းအစိုးရအဖွဲ့၏ အဝိကရည်မှန်းချက်မှာ အခြေခံနိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုပင်ဖြစ်ကြောင်း၊ မြောက်ကိုရိုးယားနှင့် ပြန်လည် သင့်မြတ်လိုကြောင်းကိုလည်း ထုတ်ဖော်ခဲ့သည်။ ဆက်လက်ပြီး ကင်မ်ဒေးယုံက ကိုရိုးယားကျွန်းဆွယ်နှစ်ခြမ်းကွဲနေသည့် ရုက်စရာကောင်းသည့် အဖြစ်ကို နှစ်နိုင်ငံပြန်လည်ပေါင်းစည်းရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် အဆုံးသတ်စေရန် ဆောင်ရွက်မည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ တောင်ကိုရိုးယား အနေဖြင့် မြောက်ကိုရိုးယားကိုသိမ်းသွင်းရန် သို့မဟုတ် အန္တရာယ် ပြုရန်ရည်ရွယ်ချက် တစ်စုံတရာမရှိကြောင်းကိုလည်း အာမခံချက် ပေးခဲ့သည်။ စီးပွားရေးနှင့်ပတ်သက်၍မူ ၄င်း၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုကို အဆောတလျင် ဆောင်ရွက်သည့်တိုင်အောင် စီးပွားရေးနာလန်ထူမှုကို ၁၉၉၉ ခုနှစ်ဒုတိယနှစ်ဝက်တိုင်အောင် မျှော်မှန်းနိုင်ဦးမည်မဟုတ်ကြောင်း သတိပေးပြောကြားခဲ့သည်။

သမ္မတအဖြစ်တာဝန်မထမ်းဆောင်မီ ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် ကင်မ်ဒေးယုံသည် ကွန်ဆာဗေးတစ်ပါတီခေါင်းဆောင် ဖြစ်သည့် ကင်မ်ဂျုံပီးလ်အား ဝန်ကြီးချုပ်အဖြစ်ခန့်ထား ခဲ့သည်။ ကင်မ်ဂျုံပီးလ်မှာ ၁၉၇၁– ၇၅ ခုနှစ်တွင် ဝန်ကြီး ချုပ် ဖြစ်ခဲ့ဖူးသူဖြစ်သည်။ စင်စစ်ကင်မ်ဒေးယုံနှင့် ကင်မ်ဂျုံပီးလ်တို့ အကြားလက်မှတ်ထိုးထားသည့် သဘောတူညီချက်တစ်ခုရှိခဲ့သည်။ ၁၉၉၇ ခုနှစ်နိဝင်ဘာလက သဘောတူလက်မှတ်ထိုးခဲ့ခြင်း ဖြစ်သည်။ ကင်မ်ဒေးယုံ ရွေးကောက်ပွဲနိုင်ပြီး သမ္မတဖြစ်လာသည့်အခါ ၄င်းအား ဝန်ကြီးချုပ်ရာထူးခန့်ထားမည်ဆိုပါက သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဟု ကင်မ်ဂျုံပီးလ်က သဘောတူညီခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့်စပ်လျဉ်းပြီး ကင်မ်ဂျုံပီးလ်အား ဝန်ကြီးချုပ်အဖြစ်ခန့်အပ်မှုကို အတည်ပြုပေးမည့် ဖေဖော်ဝါရီ ၂၅ ရက် နေ့က ကျင်းပသော ပါလီမန် အစည်းအဝေးကို Grand National Party (GNP) က သပိတ်မှောက်ခဲ့သည်။ Grand National Partyသည် ၁၉၉၇ ခုနှစ်တွင် ကိုရိုးယားပါတီ သစ်နှင့်ဒီမိုကရက်တစ် ပါတီတို့ ပူးပေါင်းပြီး ဖွဲ့စည်းခဲ့သည့် ပါတီဖြစ်သည်။ ပါလီမန် အစည်းအဝေး သပိတ်မှောက်ခြင်း ကို ဖေဖော်ဝါရီ ၂၆ ရက်နေ့အထိ

ဆက်လက်ပြုလုပ်ခဲ့ရာ အစိုးရအဖွဲ့အတွင်း ရာထူးခန့်ထားခြင်းကို နှောင့်နှေးကြန့်ကြာစေခဲ့သည်။ ယင်းသို့ဖြစ်ပေါ်ခဲ့သည့်အားလျော်စွာ အရေးပါသည့်ဝန်ကြီးဌာနများတွင် ရာထူးလစ်လပ်မှုများ မဖြစ်ပေါ်စေရန်အတွက် ပြဿနာများ ဖြေရှင်းပြီးသည်အထိ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ကြီးများ မိမိတို့ရာထူးတွင် ဆက်လက်ထမ်းဆောင်ရန် သမ္မတ ကင်မ်ယောင်ဆမ်က မေတ္တာရပ်ခံခဲ့ရသည်။

ဝန်ကြီးချုပ်ကင်မ်ဂျုံပီးလ်မှာ ၁၉၆၁ ခုနှစ်စစ်ဘက်အာဏာသိမ်းမှုတွင် ပတ်ချုံဟီးအား အာဏာရရှိအောင် လုပ်ဆောင်ခဲ့သောကြောင့်လည်းကောင်း၊ စီးပွားရေးအတွေ့အကြုံချို့တဲ့သူဖြစ်သောကြောင့် လည်းကောင်း ဝန်ကြီးချုရာထူးနှင့် မသင့်လျော်ဟု Grand National Party ကပြောကြားသည်။ သို့ဖြစ်လင့်ကစား ပိုမိုများပြားလာသည့် အများပြည်သူ ဖိအားပေးမှုကြောင့် ကင်မ်ဂျုံပီးလ်အား လျာထားရွေးချယ်မှုကို အတည်ပြုပေးမည့် ပါလီမန်အစည်းအဝေးကို မိမိတို့ပါတီကကျင်းပခွင့် ပြုမည်ဖြစ်ကြောင်း၊ မဲဆန္ဒပေးသည့်အခါ မိမိတို့ပါတီကဆန့်ကျင်မဲပေးမည်ဖြစ်ကြောင်း Grand National Party ပြောရေးဆိုခွင့်ရှိသူက အတည်ပြု ပြောကြားခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ ပါလီမန်တွင် အမတ်အင်အားအများဆုံးရှိသည့် Grand National Party မှ ဥပဒေပြုအမတ်ငါးဦးသည် သမ္မတကင်မ်ဒေးယုံ၏ နိုင်ငံရေးသစ်အမျိုးသားကွန်ဂရက်ပါတီ (အင်စိအင်ပီ) သို့ ဧပြီ ၂၉ ရက်နေ့တွင် ဘက်ပြောင်းဝင်ရောက်ခဲ့သည်။ သို့ဖြစ်ရာ Grand National Party အနေဖြင့် ပါလီမန်တွင် ၁၅၂ နေရာသာရှိပြီး အင်စိအင်ပီက ၈၄ နေရာအထိ တိုးတက် ရရှိခဲ့သည်။ ဤအခြေအနေတွင် အင်စိအင်ပီပါတီက တစ်သီးပုဂ္ဂလအမတ်များအပါအဝင် အမတ် ၄၆ နေရာရရှိ ထားသည့် ယူနိုက်တက်လစ်ဘရယ်ဒီမိုကရက်(ယူအယ်ဒီ) ပါတီတို့နှင့် ပူးပေါင်းကာ ပါလီမန်တွင် အမတ်အင်အား အများဆုံးဖြစ်အောင် လုပ်နိုင်သည့် အနေအထားနှင့် နီးစပ်လာခဲ့သည်။ သို့ရာတွင် ဧပြီ ၃ ရက်နေ့က ကျင်းပသောကြားဖြတ်ရွေးကောက်ပွဲများတွင် Grand National Party က အပြတ်အသတ်အောင်ပွဲဆင်ခဲ့ပြီး ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲ ရွေးချယ်ခံရသူများတွင် ကိုရိုးယားနိုင်ငံအား ၁၈ နှစ်ကြာအုပ်ချုပ်ခဲ့ပြီး ၁၉၇၉ အောက်တိုဘာလတွင် လုပ်ကြံသတ်ဖြတ်ခံရသည့် အာဏာရှင် သမ္မတဟောင်း ပတ်ချုံဟီး၏ သမီးဖြစ်သူလည်း ပါဝင်သည်။

ယင်းသို့ရှိနေခဲ့ရာမှ ပစိဖိတ်စစ်ပွဲကာလက ဂျပန်စစ်သားများအတွက် အခမဲ့အသုံးတော်ခံဖျော်ဖြေခဲ့ရသည့် တောင်ကိုရိုးယားအမျိုးသမီးများအတွက် ဂျပန်အစိုးရထံမှ လျော်ကြေးရရှိရေးကြိုးပမ်းမှုကို စွန့်လွှတ်လိုက်ကြောင်း တောင်ကိုရိုးယားအစိုးရက ကြေညာခဲ့သည်။ ယင်းအစားယခုတိုင်အသက်မသေဘဲ ကျန်ရှိနေသေးသည့် အဖျော်ဖြေခံ တောင်ကိုရိုးယားအမျိုးသမီး ၁၅၂ ဦးအတွက် လျော်ကြေးအဖြစ် စုစုပေါင်းအမေရိကန်ဒေါ်လာ ၂၇,၅၀၀ ကို တောင်ကိုရိုးယား အစိုးရက ပေးမည်ဖြစ်သည်။ ဤကြေညာချက်ကို ထုတ်ပြန်ပြီးနောက် တောင်ကိုရိုးယားအစိုးရက ဆောင်ကြဉ်မြို့များ ဖွင့်လှစ်ထူထောင်ခဲ့မှုအတွက် ဂျပန်နိုင်ငံမှ တရားဝင်တောင်းပန်မှုကို ဆက်လက် တောင်းခံမည်ဖြစ်ကြောင်း အခိုင်အမာပြောကြားသည်။

၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် ဂျပန်အစိုးရသည် အာရှတိုက်နိုင်ငံများရှိ ဒုတိယကမ္ဘာစစ်ကာလက အဖျော်ဖြေခံ အသုံးတော်ခံအမျိုးသမီးများအတွက် လျော်ကြေးငွေများကို ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုမှ တစ်ဆင့်ပေးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် တောင်ကိုရိုးယားအမျိုးသမီးအဖွဲ့အစည်းများက ဤနည်းဖြင့် ပုဂ္ဂလိကအဖွဲ့အစည်းမှတစ်ဆင့် လုပ်ဆောင်သည့် မည်သည့်လျော်ကြေးပေးသည့်အစီအစဉ်ကိုမဆို ဆန့်ကျင်ခဲ့သည်။ ဂျပန်အစိုးရထံမှ တိုက်ရိုက်ပေးခြင်း ကိုသာဆက်လက် ဖိအားပေးတောင်းဆိုခဲ့သည်။ အကြောင်းမှာ ဂျပန်၏တရားဝင်မူဝါဒဖော်ဆောင်မှုများက အသုံးတော်ခံအဖျော်ဖြေခံအမျိုးသမီးများအား အတင်း အဓမ္မစုဆောင်းမှုကို ဖြစ်စေခဲ့သည်ဆိုသည့် အချက်ကို ဝန်ခံစေလိုသည့်သဘော၊ အသိအမှတ်ပြုစေလိုသည့် သဘောပင်ဖြစ်သည်။

၄နှစ်လတွင်တောင်ကိုရိုးယားနိုင်ငံ နိုင်ငံရေး ဖြစ်ပေါ်တိုးတက်မှုများအဖြစ် တောင်ကိုရိုးယား သမ္မတအမေရိကန် ပြည်ထောင်စုသို့ သွားရောက်လည်ပတ်ခြင်းနှင့်တောင်ကိုရိုးယားလုပ်ငန်းရှင်များမြောက်ကိုရိုးယားသို့သွားရောက်ခြင်းများကို တွေ့မြင်လာရသည်။ သမ္မတကင်မ်ယောင်ဆမ်သည် အမေရိကန်ပြည်ထောင်စုသို့ ၄နှစ်ဖြတ်မှ ၁၄ ရက်အထိ သွားရောက်လည်ပတ်ခဲ့သည်။ သမ္မတအလည်အပတ်ခရီး၏ အခြေခံရည်ရွယ်ချက်မှာ



မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ ကျွန်မများတင်ဆောင်ကာ သွားရောက်ခဲ့သည့် ချန်ဂျုံယန်းအား တွေ့ရစဉ်

မြောက်ကိုရီးယားနှင့် ပြန်လည်သင့်မြတ်ရေးအတွက် တောင်ကိုရီးယားအစိုးရ၏ မူဝါဒများနှင့် စပ်လျဉ်းပြီး အမေရိကန် ပြည်ထောင်စုမှ ထောက်ခံမှုရရှိစေရန် ဖြစ်သည်။ ကင်မ်ယောင်ဆမ်သည် အမေရိကန်သမ္မတ ဘိလ်ကလင်တန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ အလားတူ ပင် ဟွန်ဒိုင်းကော်ပိုရေးရှင်းကို စတင်ထူထောင်ခဲ့သူ အသက် ၈၂ နှစ်ရှိပြီဖြစ်သည့် ချန်ဂျုံယန်းသည် ဇွန် ၁၆ ရက်နေ့တွင် ထူထပ်စွာအခိုင်အခဲ့ပြုလုပ်ထားသည့် ပန်မွန်ဂျုံငြိမ်းချမ်းရေးရွာအနီး စစ်ဘက်ဆိုင်ရာ ကန့်သတ် ချက်မျဉ်းကို ဖြတ်ကျော်ကာ မြောက်ကိုရီးယားနိုင်ငံ အတွင်းသို့ စတင်ဝင်ရောက်ခြင်းဖြင့် ရှစ်ရက်ကြာ သမိုင်း ဝင် အလည်အပတ်ခရီးစဉ်ကို စတင်လိုက်သည်။ ကျွန်မ များတင်ဆောင်ထားသည့် ထရပ်ကား ၅၀ စင်းကို ပါ သယ်ဆောင်သွားခဲ့သည်။ ထရပ်ကားများပေါ်တွင် ပါရှိသည့် ကျွန်မာကောင်ရေ ၅၀၀ မှာ အငတ်ဘေးဒဏ် ခံစားနေရသည့် မြောက်ကိုရီးယားနိုင်ငံသို့ အမေရိကန် ဒေါ်လာ ၆၀၀, ၀၀၀ အကူအညီပေးရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ထူးခြားသည်ဆိုသည့် အခြားဖြစ်ရပ်တိုးတက်မှုတစ်ခုမှာ ဇွန် ၂၂ ရက်နေ့တွင် မြောက်ကိုရီးယား အသေးစားရေငုပ် သင်္ဘောတစ်စင်းကို တောင်ကိုရီးယားက ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ တောင်ကိုရီးယားအနောက်မြောက်ကမ်းရိုးတန်း ရှိ ဆုတ်ချိုမှ ၁၅ ကီလိုမီတာအကွာနှင့် နှစ်နိုင်ငံအား ပိုင်းခြားထားသော စစ်မဲ့ဇုန်ဒေသ၏ တောင်ဘက် ၄၅ ကီလိုမီတာအကွာတွင် ငါးဖမ်းပိုက်နှင့် ညှိပြီးနောက် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ယင်းနေရာမှာ ၁၉၉၆ ခုနှစ်က အခြားမြောက်ကိုရီးယား ရေငုပ်သင်္ဘော တစ်စင်း သောင်တင်ခဲ့သည့်နေရာနှင့် မလှမ်းမကမ်းတွင်ဖြစ်သည်။ ထိုအချိန်က ယင်းဖြစ်ရပ် ကြောင့် နှစ်နိုင်ငံဆက်ဆံရေး တင်းမာခဲ့ပြီး ရေငုပ်သင်္ဘော ပေါ်တွင် ပါရှိမည့်သူများအား ၅၃ ရက်ကြာပြင်းပြင်း ထန်ထန် သဲသဲမဲမဲလိုက်လံ ရှာဖွေသည်အထိ ဖြစ်ခဲ့ရသည်။ ယခုဖြစ်ရပ်တွင်မူ ဖမ်းဆီးခံရသည့် မြောက်ကိုရီးယား ရေငုပ်သင်္ဘောအား တောင်ကိုရီးယားကွန်မန်ဒိုတပ်သား များကဖွင့်လှစ်ပြီး၀င်ရောက်ကြည့်ရှုသည့်အခါ သင်္ဘောပေါ်တွင် သင်္ဘောသားကိုးဦး သေဆုံးနေသည်ကို တွေ့ရသည်။ အဆိုပါမြောက်ကိုရီးယား ရေငုပ်သင်္ဘောမှာ ထောက်လှမ်းရေး သူလျှိုလုပ်နေ သည် သို့မဟုတ် တောင်ကိုရီးယားရေပိုင်နက်သို့ မျောပါလာ ခြင်းဖြစ်သည် ဆိုသည့်အချက်မှာ မကွဲမပြားဖြစ်နေသည်။ တရား၀င် မြောက်ကိုရီးယားသတင်းဌာနကလည်း ဇွန် ၂၃ ရက်နေ့တွင် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ရာ ရေငုပ် သင်္ဘော တစ်စင်းမှာ လေ့ကျင့်နေစဉ်အတွင်း စက်ပစ္စည်း ချွတ်ယွင်းမှုကြောင့် ပျောက်ဆုံးခဲ့ရသည်ဟု ဖော်ပြထား သည်။

ဒီဇင်ဘာလအတွင်း ထူးခြားသည့် ဖြစ်ပေါ်တိုးတက်မှု တစ်ရပ်မှာ လေထုအတွင်းမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် တစ်ခုပေါက်ကွဲခြင်းပင်ဖြစ်သည်။ ဒီဇင်ဘာ ၄ ရက်နေ့ တွင် မြေပြင်မှဝေဟင်ပစ် နှစ်ကီဒုံးကျည်တစ်ခုသည် ပစ်လွှတ်ပြီးနောက် အင်ချွန်းဆိပ်ကမ်းမြို့အထက် မိုတာ ၅၀၀ ခန့် အမြင့်ရှိ လေထုအတွင်း၌ မတော်တဆပေါက်ကွဲ ခဲ့သည်။ ပေါက်ကွဲပြီးနောက် လွှင့်စဉ်ကျလာသော အပိုင်း အစများကလည်း အင်ချွန်းမြို့တွင်ပျက်စီးမှုများနှင့် ထိခိုက် ဒဏ်ရာရမှုများ ဖြစ်ပွားစေခဲ့သည်။ ကာကွယ်ရေး၀န်ကြီး ချွန်ယုံတက်ကလည်း သက်တမ်းအနှစ် ၄၀ ရှိပြီဖြစ်သည့် ခေတ်မမီတော့သည့် နှစ်ကီလေကြောင်းကာကွယ်ရေး ဒုံးကျည်များကို အစားထိုးလဲလှယ်မှုဆက်လက်ပြုလုပ်သွား မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၇ ရက်နေ့တွင် ကြေညာ ခဲ့သည်။ ယင်းသို့လုပ်ဆောင်ရန်မှာ ဘတ်ဂျက်အခြေ အနေကြောင့် ယခင်ကရပ်ဆိုင်းထားခဲ့ခြင်းဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အသေအချာစုံစမ်းရန် သမ္မတကင်မ်ဒေးယုံက အမိန့်ထုတ်ပြန်ခဲ့သည် ။ ယင်း ဖြစ်ရပ်မှာ စစ်ဘက်ဆိုင်ရာ မတော်တဆဖြစ်ရပ်များ အနက် နောက်ဆုံးဖြစ်ရပ်တစ်ခုဖြစ်၍ မြောက်ကိုရီးယား နှင့် ဆက်ဆံရေးအခြေအနေ တင်းမာနေချိန်တွင် ယင်းဖြစ်ရပ်ကြောင့် လက်နက်ကိုင်တပ်ဖွဲ့များအပေါ် ပြည်သူလူထု၏ ယုံကြည်စိတ်ချမှုကို ထိခိုက်စေခဲ့သည်။ သမ္မတကင်မ်ယောင်ဆမ်ကလည်း ဤကဲ့သို့ ဖြစ်ရပ်များမှာ လက်ခံနိုင်ဖွယ်ရာမရှိဟု သတိပေးပြောကြား ခဲ့ရာ ကာကွယ်ရေးဝန်ကြီး ချွန်ယုံတက်က ကြည်းတပ်နှင့် လေတပ် စစ်ဦးစီးချုပ်များအား ပြင်းပြင်းထန်ထန် အပြစ်တင်ပြောကြားခဲ့သည်။

မျိုးကျော်ဝေ

ကမ္ဘာ့လူဦးရေနေ့။ ။ ကမ္ဘာ့လူဦးရေဆိုင်ရာ လုပ်ငန်းရပ်များကို လှုံ့ဆော်အားပေးရန် လူဦးရေသန်းပေါင်း ၅၀၀၀ ပြည့်သည့် ၁၉၈၇ ခုနှစ် ၊ဇူလိုင်လ (၁၁) ရက်နေ့မှစ၍ နှစ်စဉ် ဇူလိုင်လ (၁၁) ရက်နေ့ကို ကမ္ဘာ့လူဦးရေနေ့ (World Population Day) အဖြစ် သတ်မှတ်ထားသည်။ ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်ဇူလိုင်လ (၁၁) ရက်နေ့တွင် ကမ္ဘာလူဦးရေနေ့ အခမ်းအနားများ ကျင်းပလျက်ရှိရာ ပြည်ထောင်စုမြန်မာ နိုင်ငံတွင်လည်း ၁၉၉၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို နှစ်စဉ် ဇူလိုင်လ (၁၁) ရက်နေ့ရောက် တိုင်း ကျင်းပသည်။ ထိုသို့နှစ်စဉ် ကျင်းပခဲ့ရာ ၁၉၉၈ ခုနှစ် ၊ဇူလိုင်လ (၁၁)ရက်နေ့ ကမ္ဘာ့ လူဦးရေနေ့သည် (၉)ကြိမ်မြောက် ကျင်းပခဲ့ခြင်း ဖြစ်သည်။

ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ယူကျင်းပခဲ့ခြင်းဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသည် ၁၉၉၅ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ဝန်ကြီးဌာနအသစ်အဖြစ် တိုးမြှင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး တစ်ဖန် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ၁၉၉၈ခုနှစ်၊ဇန်နဝါရီလ ၁၂ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအောက်၌ ပြည်သူ့အင်အားဦးစီးဌာနကို ဖွဲ့စည်းခဲ့ပြီး ဖြစ်သည်။

၁၉၉၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အခမ်းအနား ကျင်းပနိုင်ရေးအတွက် ပြည်သူ့အင်အားဦးစီးဌာနမှ လူဦးရေနှင့် နှီးနွယ်ဆက်စပ်နေသော ဦးစီးဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ကမ္ဘာ့လူဦးရေနေ့ ကျင်းပရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၁၉၉၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်အဖြစ် "လူသားများစွာ၊ တိုးပွားလာ၊ သန်းပေါင်းခြောက်ထောင် ရှိတော့မှာ" ဟူသော ဆောင်ပုဒ်ကို (Upcoming Day of 6 Billion) အား ဘာသာပြန်ဆို၍ ရွေးချယ်သတ်မှတ်ခဲ့သည်။

ကမ္ဘာ့လူဦးရေသည် သက္ကရာဇ် ၁၈၀၀ ပြည့်နှစ်တွင် သန်းပေါင်း ၁၀၀၀ ပြည့်ခဲ့ပြီး ၊ ၁၉၃၀ ပြည့်နှစ်တွင် ဒုတိယသန်းပေါင်း ၁၀၀၀ တိုးလာခဲ့သည်။ နှစ် ၁၃၀ အတွင်း သန်း ၁၀၀၀ တိုးလာခဲ့ပြီး တတိယသန်း ၁၀၀၀ မှာ ၁၉၆၀ ပြည့်နှစ်တွင် တိုးလာခဲ့သည်။ ဒုတိယသန်း ၁၀၀၀ မှ တတိယသန်း ၁၀၀၀ တိုးလာခြင်းမှာ နှစ် ၃၀ အချိန်အတွင်း ဖြစ်သည်။ ထိုမှနောက် ၁၅ နှစ်အကြာ ၁၉၇၅ ခုနှစ် တွင် စတုတ္ထ သန်း ၁၀၀၀ တိုးလာခဲ့သည်။ ပဉ္စမသန်း ၁၀၀၀ သည် ၁၉၈၇ ခုနှစ်တွင် တိုးလာသည်။ သို့ဖြစ်၍ လူဦးရေ သန်း ၁၀၀၀ တိုးလာသည့်အချိန် ကာလသည် ပိုမိုတိုတောင်းလာသည်။

မျက်မှောက်ခေတ် ကမ္ဘာ့လူဦးရေမှာ သန်းပေါင်း ၅၉၁၀ရှိပြီး တစ်စက္ကန့်တွင် လူသုံးဦးနှုန်းနှင့် နှစ်စဉ် လူဦးရေ ၈၁ သန်းကျော်တိုးလျက်ရှိသည်။ ဤသို့တိုးတက်လျက်ရှိသည့်အတွက် ကုလသမဂ္ဂလူဦးရေပညာရှင်များက ၁၉၉၉ ခုနှစ်တွင် ဆဋ္ဌမသန်း ၁၀၀၀ ပြည့်ကာ သန်း ၆၀၀၀ ရှိမည်ဖြစ်သည်ဟု ခန့်မှန်းထားသည်။ ခန့်မှန်းချက်အရ သက္ကရာဇ် ၂၀၂၅ တွင် သန်းပေါင်း ၈၀၄၀ရှိလာမည်ဖြစ်သည်။

လွန်ခဲ့သည့်နှစ် ၂၀ အတွင်း လူဦးရေတိုးနှုန်းကို လျှော့ချနိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေတိုးနှုန်းသည် တစ်နှစ် ၂ ဂုဏိုင်နှုန်းရှိရာမှ ၁၉၉၀ ပြည့်နှစ်များတွင် ၁ ဒသမ ၅ ဂုဏိုင်နှုန်းသာ ရှိခဲ့သည်။

လူဦးရေတိုးပွားလာခြင်းဖြင့် လူသားများ၏ လူမှုရေးစီးပွားရေးလိုအပ်ချက် ပြဿနာများကို တိုးပွားလာနိုင်သည်။ အစာအာဟာရချို့တဲ့မှု၊ စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းရမှုတို့သည် အရေးပေါ် ဖြေရှင်းဆောင်ရွက်ရသည့်ကိစ္စများဖြစ်ပြီး လူဦးရေ အဆမတန် လျင်မြန်စွာ

တိုးပွားနေမှုကိုလည်း နိုင်ငံအလိုက် လိုအပ်သလို ကိုင်တွယ်ဖြေရှင်းနေရသည်။

မြန်မာနိုင်ငံတွင် ၁၉၄၁ ခုနှစ်၌ လူဦးရေ ၁၆ သန်းရှိပြီး နောက်ဆုံးကောက်ယူခဲ့သည့် ၁၉၈၃ ခုနှစ်သန်းခေါင်စာရင်းအရ ၃၅ ဒသမ ၃ သန်းရှိလာသည်။ ၄၂ နှစ်အတွင်း လူဦးရေနှစ်ဆမက တိုးလာခဲ့သည်။ ၁၉၉၈ ခုနှစ်ခန့်မှန်းခြေစာရင်းအရ ၄၇ ဒသမ ၃ သန်းရှိပြီး လူဦးရေတိုးနှုန်းမှာ တစ်နှစ်လျှင်နှစ်ရာခိုင်နှုန်းခန့်နှင့် နှစ်စဉ် လူဦးရေ၅စ်သန်းခန့်တိုးပွားနေသည်။ ဤအတိုင်း လူဦးရေတိုးပွားနေမည်ဆိုလျှင် သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၆၇ ဒသမ ၉ သန်းကျော်ရှိလာမည် ဟု ခန့်မှန်းသည်။

လူဦးရေတိုးပွားမှုကို ထိန်းသိမ်းနိုင်ပါက လူဦးရေအဆအတန်များလွန်းမှကြောင့် ပေါ်ပေါက်လာမည့် သယံဇာတအရင်းအမြစ်များပြုန်းတီးမှု၊ လူမှုစီးပွားရေးဆိုင်ရာ ဆုတ်ယုတ်မှု စသည့်အကျိုးဆက်များကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူဦးရေအဆမတန်တိုးပွားမှုကို ထိန်းသိမ်းကြိုးပမ်းပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် ဖွံ့ဖြိုးမှုနှုန်းများနှင့် လိုက်လျောညီထွေ ရှိမည့် လူဦးရေတိုးနှုန်းကို သတ်မှတ်ဆောင်ရွက်ရန်၊ လိုအပ်နေသည်။ ထိုအတွက် လူဦးရေဆိုင်ရာ ကိစ္စ အရပ်ရပ်ကို လူဦးရေနှင့် ဆက်နွယ်နေသည့် အစုိးရဌာနအဖွဲ့ အစည်းများ၊ အစုိးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းလက်တွဲဆောင်ရွက်ကြိုးပမ်း ရမည်ဖြစ်သည်။

ထိုသို့သော လူဦးရေဆိုင်ရာ လုပ်ငန်းရပ်များကို လှုံ့ဆော်အားပေးရန်အတွက် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပလာခဲ့ရာ မြန်မာနိုင်ငံသည် ၁၉၉၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားကို ယခင်နှစ်များထက် အစီအစဉ်များတိုးချဲ့၍ ကျင်းပခဲ့သည်။

၁၉၉၇ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားအတွက်ကျောင်းသားလူငယ်များအတွင်း လူဦးရေဆိုင်ရာကိစ္စရပ်များဆိုင်ရာအသိပညာရှိရေးကိုဦးတည်၍ ပိုစတာပြိုင်ပွဲများနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပခဲ့သည်။ ပိုစတာပြိုင်ပွဲများတွင် အသက်အုပ်စု အလိုက် ၆ နှစ်မှ ၈ နှစ်အတွင်း၊ ၉ နှစ်မှ ၁၂ နှစ်အထိ၊ ၁၃ နှစ်မှ ၁၅ နှစ်အထိ အလွတ်တန်း ပြိုင်ပွဲများ ပါဝင်သည်။စာစီစာကုံးပြိုင်ပွဲကို အခြေခံပညာအလယ်တန်းအဆင့်နှင့် အခြေခံပညာအထက်တန်းအဆင့်ပြိုင်ပွဲများဟူ၍ ကျင်းပခဲ့သည်။ ပိုစတာပြိုင်ပွဲမှ ဆုရပိုစတာများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့ ပူးပေါင်း၍ ပို့စကတ်နှင့် ပြက္ခဒိန်များ ထုတ်ဝေခဲ့သည်။ ဆုရစာစီစာကုံးများကိုလည်း စာအုပ်အဖြစ် ၁၉၉၈ ခုနှစ်တွင်ထုတ်ဝေခဲ့သည်။ဆုရစာစီစာကုံးစာအုပ်ကို ၁၉၉၈ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ဖြန့်ဝေပေးခဲ့သည်။



ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာ

၁၉၉၇ ခုနှစ်တွင် ပိုစတာပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပရာမှ လူငယ်များသာမက ပြည်သူများပါ လူဦးရေဆိုင်ရာကိစ္စရပ်များကို စိတ်ပါဝင်စားအသိပညာရှိရေး ဦးတည်ချက်ဖြင့် ၁၉၉၈ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် ကမ္ဘာ့လူဦးရေဆိုင်ရာအကြောင်းအရာများကို မြန်မာဘာသာပြန်ဆိုသည့် ဘာသာပြန်ပြိုင်ပွဲကိုပါ တိုးချဲ့ကျင်းပခဲ့သည်။ ပြိုင်ပွဲများကို

ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင် ကျင်းပခဲ့ရာ ရန်ကုန်မြို့တွင် ပါဝင်ယှဉ်ပြိုင်သူ ၁၁၇ ဦး၊ မန္တလေးမြို့တွင် ၁၅ ဦး၊ စုစုပေါင်း ပါဝင်ယှဉ်ပြိုင်သူ ၁၃၂ ဦးရှိသည်။

ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင်ရန်ကုန်မြို့၊ ပြည်လမ်းရှိအပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာနအဆောင်အဟုံ၌ ခမ်းနားစွာကျင်းပခဲ့သည်။ အခမ်းအနားတွင် ဘာသာပြန်ပြိုင်ပွဲဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ လူဦးရေဆိုင်ရာ တတ်ပုံပြပွဲ ပြသခြင်းများကို စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း၊ ပြည်သူများ၊ ကျောင်းသားလူငယ်များကို လှုံ့ဆော်ပညာပေးနိုင်ခြင်း၊ လူဦးရေဆိုင်ရာအသိပညာဗဟုသုတများတိုးပွားရရှိစေခြင်းတို့ဖြင့် လူဦးရေဆိုင်ရာကိစ္စရပ်ကို ဖြေရှင်းဆောင်ရွက်ရာတွင် တိုးတက်မှုကောင်းများကို ဖြစ်ပေါ်စေခဲ့ပါသည်။

ပြတ်လေးဖြူ

ကမ္ဘောဒီးယားနိုင်ငံ ။ ။၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် ကမ္ဘောဒီးယား ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်က ရာထူးမှ ဖြုတ်ချခဲ့သဖြင့် ရာနာရစ်ဒ်သည် နိုင်ငံမှ စွန့်ခွာထွက်ပြေးခဲ့သည်။ ရာနာရစ်ဒ်သည် လက်နက်များ နိုင်ငံတွင်းသို့ မှောင်ခိုတင်သွင်းပြီး ခမာနီသူပုန်များနှင့် ပူးပေါင်းခဲ့သည်ဟု ၎င်း၏ မျက်ကွယ်တွင် စွဲချက်တင်ထားသည်။ သို့ဖြစ်ရာ ၎င်းအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လာသည့်အခါ ရုံးတင်အမှုစစ်ခံရမည်ဟု ဟွန်ဆန်ကတောင်းဆိုထားခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၈- စာ၊ ၁၇၆-၇။) ယင်းကိစ္စကိုအကြောင်းပြု၍သားဖြစ်သူ ယခင်ကမ္ဘောဒီးယားနိုင်ငံပထမဝန်ကြီးချုပ်ဖြစ်ခဲ့သူရာနာရစ်ဒ်အားပြစ်ဒဏ်မှခွင့်လွှတ်ရေး ကမ်းလှမ်းချက်ကို ပယ်ဖျက်ရန် အတင်းအကျပ် လုပ်ဆောင်ခြင်းခံရပြီးနောက် ဘုရင်သီဟာနုသည် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်နေ့တွင် နိုင်ငံမှ ရုတ်တရက်ထွက်ခွာခဲ့သည်။ သီဟာနုသည် ၎င်း၏အစီအစဉ်ကို ဒုတိယဝန်ကြီးချုပ်ဟွန်ဆန်အား အသိမပေးဘဲ စင်ကာပူမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အရပ်ဘက်လေကြောင်းဖြင့် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ယင်းအတောအတွင်း မင်းသားရာနာရစ်ဒ်ကို သစ္စာခံသည့် တပ်ဖွဲ့များသည် နယ်စပ်မြို့ဖြစ်သည့် အိုစမက် အနီးတွင် အစိုးရတပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ယင်းတပ်ဖွဲ့များက ဇန်နဝါရီ ၁၁ ရက်နေ့တွင် အစိုးရတပ်ဖွဲ့များထံသို့ အပစ်အခတ်ရပ်စဲရေး ကမ်းလှမ်းခဲ့သည်။ ဇန်နဝါရီ ၁၂ ရက်နေ့တွင် ဟွန်ဆန်က အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ကန့်သတ်ချက်သုံးချက် ချမှတ်ပြီးတုံ့ပြန်ခဲ့သည်။ ယင်း ကန့်သတ်ချက်များမှာ (၁) ရာနာရစ်ဒ်က တိုက်ခိုက်မှုများကို ရပ်ဆိုင်းရန် ၎င်း၏တပ်ဖွဲ့များအား အမိန့်ပေးရန် (၂) တော်လှန်ရေးတပ်ဖွဲ့ဖွဲ့စည်းထူထောင်သည့်အခါက ၎င်းခန့်ထားခဲ့သောရာထူးအားလုံးကို ပယ်ဖျက်ရန် (၃) ခမာနီတို့နှင့် အဆက်အသွယ်ဖြတ်ရန်တို့ ဖြစ်သည်။ ယင်းကန့်သတ်ချက်များကို ရာနာရစ်ဒ်အား ထောက်ခံသူများက ပယ်ချခဲ့သည်။

ယင်းသို့ရှိစဉ် ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးဌာနက အတိုက်အခံသတင်းစာ ခြောက်စောင်ကို နိုင်ငံခြင်းဆောင်များအား ဂုဏ်သိက္ခာကျဆင်းအောင်လုပ်ခြင်းနှင့် အမျိုးသားလုံခြုံရေးအား ခြိမ်းခြောက်စေခြင်းအကြောင်းပြချက်ဖြင့် ထုတ်ဝေမှုရပ်ဆိုင်းခဲ့သည်။ သို့ရာတွင် လာမည့်ရွေးကောက်ပွဲအတွက် ရန်ပုံငွေရရှိရေးနှင့် စပ်လျဉ်းပြီး ဥရောပသမဂ္ဂ ကိုယ်စားလှယ်အဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးနောက် ယင်းသတင်းစာထုတ်ဝေခွင့်တားမြစ်ချက်ကို ဟွန်ဆန်က ပယ်ဖျက်ခဲ့သည်။ သို့ဖြစ်သည့် အားလျော်စွာ ဥရောပသမဂ္ဂကိုယ်စားလှယ် အဖွဲ့က ရွေးကောက်ပွဲအတွက် ရန်ပုံငွေထောက်ပံ့ရန် ဆုံးဖြတ်ချက်ကို ကြေညာခဲ့သည်။

ဤသို့ရှိနေခဲ့ရာမှ ကမ္ဘောဒီးယားဒုတိယဝန်ကြီးချုပ် ဟွန်ဆန်သည် ကမ္ဘောဒီးယားအရေးနှင့်ပတ်သက်ပြီး နိုင်ငံတကာ ဖိအားပေးမှုများကို လိုက်လျောခဲ့သည်။ ဖြုတ်ချခံရသည့် ပထမဝန်ကြီးချုပ် နိုရိဒွန်ရာနာရစ်ဒ်ပြည်ပတွင် ခိုလှုံနေရာမှနိုင်ငံသို့ ပြန်လာရေးကို ဖြစ်မြောက်စေမည့် ကျပန်နိုင်ငံက ကြားဝင်စေ့စပ်ပေးသည့် ငြိမ်းချမ်းရေးအစီအစဉ်ကို ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ဟွန်ဆန်က လက်ခံခဲ့သည်။ အဆိုပြုထားသော ယင်းငြိမ်းချမ်းရေးအစီအစဉ်အရ နိုင်ငံတွင်းသို့လက်နက်များ တရားမဝင် ထင်သွင်းခြင်း နှင့်ခမာနီသူပုန်တပ်ဖွဲ့များနှင့် ပူးပေါင်း ခြင်းစွဲချက်များနှင့် စပ်လျဉ်းပြီး ရာနာရစ်ဒ်အား ၎င်း၏မျက်ကွယ်တွင် စီရင်ဆုံးဖြတ်ရန်ဖြစ်သည်။ အကယ်၍ အပြစ်ရှိ

ကြောင်း တွေ့ရှိ ပါက ရာနာရစ်ဒ်အနေဖြင့် ဘုရင်သီဟာနု (၄င်း၏ဖခင်) ထံမှ လွတ်ငြိမ်းချမ်းသာခွင့်ကို ရရှိစေရမည် ဖြစ်သည်။ ထို့ပြင် ဇူလိုင်လတွင် ကျင်းပရန်သတ်မှတ်ထား သည့် အထွေထွေရွေးကောက်ပွဲတွင် ၄င်းအား ပါဝင် ယှဉ်ပြိုင်ခွင့် ပေးရမည်ဖြစ်သည်။ ဤသို့ဖြင့် ရာနာရစ်ဒ် အား ကာကွယ်ရေးဒုတိယဦးစီးချုပ်ဟောင်း နက်ခ်ဘန်ချိုင်း နှင့် ရာနာရစ်ဒ်၏ ကိုယ်ရံတော်တပ်ဖွဲ့တပ်မှူးဟောင်း သက်ချ် ဆူအွန်းတို့နှင့်အတူ ၄င်းတို့၏ အမှုအား စစ်ခုံရုံးက စီရင်ဆုံးဖြတ်ရန် ဖေဖော်ဝါရီ ၁၉ ရက်တွင် ကြေညာခဲ့ သည်။

စစ်ဆေးမှုကိုမတ်လ ၄ ရက်တွင်စတင်ရန်ဖြစ်သည်။ ဂျပန်နိုင်ငံက အဆိုပြုခဲ့သည့် ငြိမ်းချမ်းရေးအစီအစဉ်တွင် ပြိုင်ဘက်တပ်ဖွဲ့များကြား အပစ်အခတ်ရပ်စဲရေး တွန်းအားပေးမှု ပါဝင်ပြီး ရာနာရစ်ဒ်ကိုလည်း ခမာနီများ နှင့် အဆက် အသွယ်ဖြတ်ရန် တိုက်တွန်းထားသည်။ ရာနာရစ်ဒ်သည် အဆိုပါ ငြိမ်းချမ်းရေးအစီအစဉ်ပါ အချက်များကို အတည်ပြု လက်ခံပြီး မိမိလွတ်ငြိမ်းချမ်း သာခွင့်ရရှိသည့်အခါ ထိုင်းနိုင်ငံတွင် ခိုလှုံနေရာမှ ကမ္ဘောဒီးယားနိုင်ငံသို့ ပြန်လာရန် စီစဉ်ထားခဲ့သည်။

ဂျပန် ကြားဝင်စေ့စပ်ပေးသည့် ငြိမ်းချမ်းရေး အစီအစဉ်၏ပထမခြေလှမ်းအဖြစ်အပစ်အခတ်ရပ်စဲရေးကို ဖေဖော်ဝါရီ ၂၇ ရက်နေ့တွင်စတင်ဆောင်ရွက်ခဲ့သည်။ အစိုးရတပ်ဖွဲ့များနှင့် ရာနာရစ်ဒ်ကို သစ္စာခံသည့် တော်လှန်ရေးတပ်ဖွဲ့များကြား အပစ်အခတ်ရပ်စဲရေး ကြေညာချက်များကို သီးခြားစီကြေညာခဲ့သည်။ အပစ် အခတ် ရပ်စဲရေးသဘောတူညီချက် သတ်မှတ်ချက်အရ ရာနာရစ်ဒ်ကို သစ္စာခံသည့် တပ်ဖွဲ့များသည် မိမိတို့၏ အနေအထားကိုပင် ဆက်လက်ထိန်းသိမ်းထားပြီး တပ်ဖွဲ့ အင်အားအသေးစိတ်ကို အစိုးရသို့ အသိပေး အကြောင်း ကြားရန်ဖြစ်သည်။ သို့မှသာအစိုးရအနေဖြင့် ယင်းတို့ အား အစိုးရစစ်တပ်တွင် ပြန်လည် ထည့်သွင်းဖွဲ့စည်း နိုင်မည်ဖြစ်သည်။ သို့ရာတွင် ယင်းသို့ထည့်သွင်းဖွဲ့စည်းမှု မှာ သစ္စာခံတပ်ဖွဲ့များနှင့် လက်တွဲတိုက်ခိုက်ခဲ့သည့် ခမာနီ ပြောက်ကျားသူပုန်တပ်ဖွဲ့များနှင့် မသက်ဆိုင်ဟု အစိုးရ ဘက်က အလေး အနက်ထား ပြောကြားခဲ့သည်။

ဤအခြေအနေတွင် ရာနာရစ်ဒ်၏ ဖန်စင်ပက်ပါတီ မှ ထိပ်တန်းအဖွဲ့ဝင်နှစ်ဦးက ဇူလိုင်လတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် မိမိတို့သည်ကိုယ်ပိုင် နိုင်ငံရေးပါတီများ ဖွဲ့စည်းမည်ဟု ကြေညာခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဩဂုတ်လတွင် ရာနာရစ်ဒ်၏ နေရာတွင် ပထမ ဝန်ကြီးချုပ်အဖြစ် အစားထိုးခန့်အပ်ခဲ့သည့် ဖန်စင်ပက် ပါတီမှ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အင်းဟူယောက ၄င်း



တောတွင်းတစ်နေရာတွင် သေဆုံးနေသည့် ခမာနီခေါင်းဆောင်ဟောင်း ပိုပေါ့၏ အလောင်းအား တွေ့ရစဉ်

အနေဖြင့် **Populism Party** ကို ဖွဲ့စည်းမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဖန်စင်ပက်ပါတီ၏ အတွင်းရေးမှူးချုပ်ဟောင်း ဖြစ်သူ လွိုင်ဆင်မ်ချ်ဟီယန်းကလည်း ၄င်းအနေဖြင့် **The New Society Party** ကိုထူထောင်မည်ဟု ကြေညာခဲ့သည်။ အထက်ပါ ပါတီနှစ်ခုစလုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များက မင်းသားရာနာရစ်ဒ်နှင့် လမ်းခွဲခဲ့ငြား သော်လည်း ၄င်းတို့အနေဖြင့် ဘုရင်သီဟာနုအား စည်းမျဉ်းခံ ဘုရင်အဖြစ် ဆက်လက်ထောက်ခံမည် ဖြစ်ကြောင်း ပြောကြားကြသည်။



ကမ္ဘောဒီးယားနိုင်ငံသို့ပြန်လည်ရောက်ရှိခဲ့သည့် မင်းသားရာနာရစ်ဒ်နှင့်စနီးတို့က လူထုပရိတ်သတ်အား နှုတ်ဆက်နေစဉ်

အခြားတစ်ဖက်တွင် အတိုက်အခံခေါင်းဆောင် နိုင်ငံရေးသမား ဆမ်ရိန်ဆီသည် ဈေးလိုင်လတွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခြင်းမှ ၄င်း၏ ပါတီဖြစ်သော ခမာအမျိုးသားပါတီ (ကေအင်ပီ)ကို ပြန်လည် ရုပ်သိမ်းခဲ့သည်။ အကြောင်းမှာ အစိုးရက ၄င်း ပါတီမှ ခွဲထွက်ခဲ့ပြီး ယင်းပါတီအမည်ကို ခံယူထားသည့် အဖွဲ့အား အသိအမှတ်ပြုခဲ့သောကြောင့် ဖြစ်သည်။ ကွန်းမွန်နီ ခေါင်းဆောင်သည့် ပြိုင်ဘက်ခမာ အမျိုးသား ပါတီသည် ဆမ်ရိန်ဆီခေါင်းဆောင်သည့် ယင်းပါတီ မှ ၁၉၉၇ ခုနှစ်၊ ဈေးလိုင်လတွင်ခွဲထွက်ခဲ့ပြီး ဟွန်ဆန်နှင့် လည်းကောင်း၊ ဟွန်ဆန်၏ပါတီဖြစ်သော ကမ္ဘောဒီးယား အမျိုးသားပါတီ (စီပီပီ) နှင့်လည်းကောင်း ပူးပေါင်း ဆောင်ရွက်ရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောကြား ခဲ့သည်။

အခြားဖြစ်ပေါ်တိုးတက်မှုတစ်ခုမှာ ဖန်စင်ပက်ပါတီ ထောက်ခံသူ ခုနစ်ဦးအား လွှတ်ပေးခဲ့ကြောင်းကို ကုလသမဂ္ဂ လူ့အခွင့်ရေးဆိုင်ရာ ဝန်ထမ်းများက ပြောကြားခဲ့ခြင်း ဖြစ်သည်။ ယင်းခုနစ်ဦးကို ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာနှင့် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလတို့တွင် သီးခြားစီ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂ တာဝန်ရှိ ပုဂ္ဂိုလ်များက ယင်းထိန်းသိမ်းမှုများကို နိုင်ငံရေး ဖမ်းဆီးမှုအဖြစ် ခေါ်ဝေါ်ခဲ့ပြီး ယင်းလုပ်ရပ်များသည် ရွေးကောက်ပွဲ အကြိုကာလတွင် တက်ကြွလှုပ်ရှားသူများ အားခြိမ်း ခြောက် ခြင်းနှင့် အတိုက်အခံအင်အားစုကို ဟန့်တားခြင်း ပြုရန် ရည်ရွယ်သည်ဟုဆိုသည်။

ဧပြီလအတွင်း ထူးခြားသည့် ဖြစ်ရပ်တစ်ခုမှာ နာမည် ဆိုးဖြင့် လူသိများခဲ့သည့် ခမာနီခေါင်းဆောင် ပိုပေါ့ ကွယ်လွန်သွားသည့်သတင်း ထွက်ပေါ်လာခြင်းပင် ဖြစ်သည်။ အသက် ၇၃ နှစ်ရှိ ခမာနီခေါင်းဆောင်ဟောင်း ပိုပေါ့သည် နှလုံးရောဂါဖြင့် ဧပြီ ၁၅ ရက်နေ့တွင်



မင်းသားရာနာရစ်ဒ်၏ ပါတီကိုထောက်ခံသည့် ကမ္ဘောဒီးယားပြည်သူများ



အသစ်ပြန်လည်ဖွဲ့စည်းသော ညွှန်ပေါင်းအစိုးရတွင် ဝန်ကြီးချုပ်ဖြစ်လာသည့်ဟွန်ဆန်

ကွယ်လွန်သွားကြောင်း သတင်းရရှိခဲ့သည်။ ထိုင်းနယ်စပ် အနီးရှိသစ်သားဖြင့် ဆောက်လုပ်ထားသည့် တဲတစ်လုံး အတွင်း၌ ပိုပေါ်သေဆုံးနေသည်ကို သူ၏ဒုတိယဇနီး ဖြစ်သူက အိပ်ရာတွင် ခြင်ထောင်ထောင်ပေးရန်အသွား တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ဧပြီ ၁၆ ရက်နေ့ဟွင် ပိုပေါ်၏ အလောင်းအား စာနယ်ဇင်းသမားများကို ကြည့်ရှုခွင့် ပြုခဲ့သည်။ သို့ဖြစ်ရာ သာမန်အဝတ်အစား ဝတ်ထားပြီး သစ်သားကုတင်ပေါ်တွင် ပြင်ထားသည့် ပိုပေါ်၏ အလောင်းကို သတင်းအဖြစ် ခမာနီတို့စခန်းချရာ တောကြီးမျက်မဲအတွင်းမှနေ၍ ကမ္ဘာတစ်ဝန်းလုံးသို့ ရုပ်မြင်သံကြားမှတစ်ဆင့် ထုတ်လွှင့် ပြသခဲ့သည်။

ပိုပေါ်မှာ ၄င်း၏လုပ်ဖော်ကိုင်ဖက် ဟောင်းများက ၄င်းအားရာထူးမှဖြုတ်ချခဲ့ရာ အထိန်းသိမ်းခံ ဘဝဖြင့် နေရင်း ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။ ကုန်လွန်ခဲ့သော နှစ်များအတွင်း ပိုပေါ်ကွယ်လွန်သည့် ကောလာဟလ သတင်းများ ထွက်ပေါ်ခဲ့သော်လည်း သက်သေခံ အဖြစ် ၄င်း၏ရုပ်အလောင်းကို ပြသနိုင်ခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ သို့ဖြစ်လင့် စကား ပြသသည့် အလောင်းမှာ ပိုပေါ်၏ အလောင်းဟုတ် မဟုတ်နှင့် အကယ်၍ ဟုတ်မှန်ပါက သာမန်ရိုးရိုးသားသား အကြောင်း ကြောင့်သေဆုံးခြင်း ဟုတ်မဟုတ်ကိုမူ သံသယရှိနေဆဲ ဖြစ်သည်။ မကြာမြင့်မီကမှ ရိုက်ကူးရရှိသည့် ပိုပေါ်၏ တတ်ပုံတွင် ဆံပင်မှာ အဖြူရောင် ဖြစ်သော်လည်း အလောင်း၏ဆံပင်မှာမူ မဲနေသည်ဟု သံသယရှိသူများက သတိပြုမိကြသည်ဟုဆိုသည်။ သို့ရာတွင်ခမာနီ အသိုင်းအဝန်းကမူ ကမ္ဘောဒီးယားနိုင်ငံကို စွန့်ခွာထွက်ပြေးခဲ့ရာတွင် ရုပ်ဖျက်သည့်အနေဖြင့် ပိုပေါ်၏ဆံပင်ကို ဆေးဆိုးခဲ့သည်ဟု ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်းပြီး ၁၉၉၇ခုနှစ်၊ အောက်တိုဘာလက ပိုပေါ်နှင့်တွေ့ဆုံပြီး မေးမြန်းခွင့် ရရှိခဲ့သူ The Far Eastern Economic Review မဂ္ဂဇင်းမှ သတင်းထောက် Nate Thayer က သေဆုံးသူမှာ ခမာနီခေါင်းဆောင်ဟောင်း ပိုပေါ်ဖြစ်သည်မှာ အငြင်းပွားစရာမလိုကြောင်း ပြောကြားခဲ့သည်။ အလားတူပင်သေဆုံးသောအလောင်းမှ လက်ဗွေရာများ၊ ဆံစနှင့်အသားစတို့ကို ထုတ်ယူစစ်ဆေးခဲ့ကြသည့် ထိုင်းနိုင်ငံဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများကလည်း ပိုပေါ်၏ အလောင်းဟုတ်မှန် ကြောင်း အတည်ပြု ပြောကြားခဲ့ပြီး သေဆုံးမှုနှင့် ပတ်သက် ပြီး မရိုးသားသည့် လုပ်ရပ်အထောက်အထားမတွေ့ရှိခဲ့ကြောင်း ကြေညာခဲ့သည်။ ခမာနီတို့က ပိုပေါ်၏ အလောင်းကို ဧပြီ ၁၈ ရက်နေ့တွင် မီးသင်္ဂြိဟ်ခဲ့သည်။

ပိုပေါ်၏ သေဆုံးမှုသတင်းမှာ အမေရိကန်သမ္မတ ဘိလ်ကလင်တန်က ပိုပေါ်အား ဖမ်းဆီးရမိစေရေးနှင့် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် ရုံးတင်စစ်ဆေးနိုင်ရေးအတွက် အစီအစဉ်များ ရေးဆွဲရန်အမေရိကန်ကာကွယ်ရေး၊ နိုင်ငံခြားရေးနှင့် တရားရေးဌာနတို့အား အမိန့်ပေးခဲ့ပြီးနောက်ပိုင်း ရက်အနည်းငယ်တွင် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ပိုပေါ်ရုံးတင်ခံရမည့်အရေး ကာကွယ်သည့်အနေဖြင့် သူ၏လုပ်ဖော်ကိုင်ဖက်များက သူ့အား အဆိပ်ခတ်သတ်ခဲ့သည်ဟုတွက်ဆမှုများ ရှိနေခဲ့သည်။ ပိုပေါ်သေဆုံးမှုသတင်းထွက်ပေါ်ခဲ့ပြီး နောက်ပိုင်း ကမ္ဘောဒီးယားနိုင်ငံသားများ၊ စာပေပညာ ရှင်များနှင့် နိုင်ငံတကာအသိုက်အဝန်းတို့မှာ

စိတ်ပျက် လက်ပျက် ဖြစ်ကုန်ကျသည်။ အကြောင်းမှာ ပိုပေါ့အား၄င်း ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် ဖြေကြားရန် စစ်မေးခွင့်နှင့် ကမ္ဘောဒီးယားနိုင်ငံတွင် အရက်စက်ဆုံး ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်ရခြင်း၏ အကြောင်းရင်းမှန်ဖော်ထုတ်ခွင့်တို့ကို လက်လွတ်ဆုံးရှုံး ရသည့်အတွက်ဖြစ်သည်။

ပိုပေါ့သေဆုံးပြီးနောက်ပိုင်း ခမာနီတပ်ဖွဲ့အတွင်း အင်အားစုစည်းမှုမှာ လုံးဝပြိုလဲကျဆုံးလုနီးနီး အခြေသို့ ဆိုက်ရောက်ခဲ့သည်။ မတ်လအတွင်းက ခမာနီတပ်ဖွဲ့အတွင်း ပုန်ကန်ထကြွမှုများရှိခဲ့ရာ တပ်ဖွဲ့၏အင်အားမှာ မဆိုစလောက်သာကျန်တော့သည်။ သို့ဖြစ်ရာ ကမ္ဘောဒီးယားအစိုးရက သဘောထားကွဲလွဲပြီး ဘက်ပြောင်းလာသည့် ခမာနီကေဒါများနှင့် အတူ စစ်ဆင်ရေး တစ်ရပ်ပြုလုပ်ခဲ့ရာ ခမာနီတပ်ဖွဲ့မှာ၄င်းတို့၏ အမာခံခြေကုပ်စခန်းရှိရာ ဒေသဖြစ်သည့် အန်လောင်းဗင်း ဒေသမှ အနီးအနားတောင်ကြောတစ်ဝိုက်သို့ မောင်းထုတ်ခံခဲ့ရသည်။ သဘောထားတင်းမာသူ ခမာနီတစ်ဦးဖြစ်သည့် တာမုတ်ခေါင်းဆောင်သည့် အဖွဲ့တွင်တပ်ဖွဲ့အင်အား ၁၀၀ ထက်မပိုဟု ခန့်မှန်းကြသည်။ ဤအတောအတွင်းခမာနီဘက်မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့သို့ သွားရောက်ကာ ကမ္ဘောဒီးယား အမျိုးသား ကာကွယ်ရေး ဝန်ကြီး ဗိုလ်ချုပ်ကြီး တီယာဘန်းနှင့် စေ့စပ်ညှိနှိုင်းခဲ့သည်ဟု သတင်းများထွက်ခဲ့သည်။ ဧပြီ ၃၀ ရက်နေ့ထုတ် **The Far Eastern Economic Review** စာစောင်တွင် ပါရှိသည့် တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် တာမုတ်က ကမ္ဘောဒီးယားအစိုးရ အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ဆန္ဒရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

ကျန်ရှိသည့် ခမာနီခေါင်းဆောင်များအနေဖြင့် ပိုပေါ့သေဆုံးမှုကို အကြောင်းပြု၍ ဖြစ်ပျက်ခဲ့သမျှကို သင်ပုန်းချလိုသည့် သဘောရှိသော်လည်း နိုင်ငံအသီးသီးမှ ကမ္ဘာ့ခေါင်းဆောင်များကမူ ကျန်ရှိနေသည့် ခမာနီခေါင်းဆောင်များထဲမှ တာမုတ်၊ ခီယူးဆန်ဖန်နှင့် နူအွန် ချီးယားတို့အား လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ တရားရုံးသို့ ရုံးတင်စစ်ဆေးရမည် ဖြစ်ကြောင်း ပြောကြားကြသည်။ သို့ရာတွင် ခမာနီခေါင်းဆောင်များအနက်မှ အီယန်ဆာရီကဲ့သို့သော ပုဂ္ဂိုလ်နှင့်ပတ်သက်၍မူ မေးစရာဖြစ်နေသည်။ ၄င်းသည် ပိုပေါ့အစိုးရလက်ထက်တွင်နိုင်ငံ၏ စစ်ဘက်နှင့် နိုင်ငံရေး ပွဲ့စည်းထူထောင်မှုများကို လုပ်ဆောင်ခဲ့သူဖြစ်သည်။

ယင်းသို့ရှိနေခဲ့ရာမှပြည်ပတွင်ခိုလှုံလျက်ရှိသည့် မင်းသားရာနာရစ်ဒ်သည် ကမ္ဘောဒီးယားနိုင်ငံသို့မတ်လ၊ ၃၀ ရက်နှင့် ဧပြီ ၃ အတွင်းပြန်လာရန်စီစဉ်ခဲ့သည်။ နိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါတွင် ၄င်းအား ထောက်ခံသူများနှင့် ဒုတိယဝန်ကြီးချုပ် ဟွန်ဆန်အား သစ္စာခံသည့် သူများအကြား နေ့စဉ်ဆိုသလို လမ်းမပေါ်များ၌ တိုက်ခိုက်မှုများဖြစ်ပွားလျက် ရှိနေခဲ့ကြသည်။ ပြန်လည်ထွက်ခွာသည့် နေ့တွင်ရာနာရစ်ဒ်ကလွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်နိုင်ချေကို မိမိအနေဖြင့် သံသယရှိနေသော်လည်း မိမိ၏ ပြည်တော်ပြန်ခရီးကို ကျေနပ်မိပါကြောင်း ပြောကြားခဲ့သည်။

ဤအတောအတွင်း ကမ္ဘောဒီးယားနိုင်ငံရှိ လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ အထူးကိုယ်စားလှယ်ဖြစ်သူ သောမတ်စ်ဟမ်မာဘတ်က ၁၉၉၇ ခုနှစ်၊ ဩဂုတ်လနှင့် ၁၉၉၈ ခုနှစ်၊ မတ်လအတွင်း နိုင်ငံရေးနှင့် ဆက်နွယ်နေသည့် လူသတ်မှု ၅၀ ကျူးလွန်ခဲ့သည့် အထောက်အထားများကို စုံစမ်းစစ်ဆေးသူများက ရရှိထားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ လူသတ်တရားခံများအား တရားဥပဒေအရ အရေးယူမည်ဟု ဟွန်ဆန်က ထပ်ခါတလဲလဲ ကတိပြုခဲ့သော်လည်း ထိုသူများအား ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းမရှိခဲ့ချေ။ ကုလသမဂ္ဂ၏ အစီရင်ခံစာမှာ ဝါဒဖြန့်ခြင်းမျှသာ ဖြစ်သည်ဟု ဟွန်ဆန်၏ အကြံပေးပုဂ္ဂိုလ်ဖြစ်သူက ပြောကြားခဲ့သည်။

ဤသို့ဖြင့် ဇွန်လရောက်လာသည့်အခါ ရွေးကောက်ပွဲ အတွက် လူပ်လူပ်ရွရွဖြစ်လာခဲ့သည်။ ငါးနှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့် ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲ၏ တရားဝင်မဲဆွယ်ပွဲများကို ဇွန် ၂၅ ရက်နေ့တွင် စခဲ့သည်။ ရွေးကောက်ပွဲ ကော်မရှင်သည် တရားဝင်မဲဆွယ်ပွဲများ မစတင်မီ တစ်ရက်အလိုတွင် ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံကြမည့်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများအနေဖြင့်ငြိမ်းငြိမ်းချမ်းချမ်းနှင့် အကြမ်းဖက်မှုမရှိသော မဲဆွယ်ပွဲများဖြစ်စေရန် ပန်ကြားသည့်ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများအနက် အင်အားအကြီးဆုံးပါတီများတွင် လက်ရှိပူးတွဲဝန်ကြီးချုပ်ဟွန်ဆန်၏ ကမ္ဘောဒီးယားပြည်သူ့ပါတီ၊ ပူးတွဲဝန်ကြီးချုပ်ရာထူးမှ ဖယ်ရှားခြင်းခံရသော မင်းသား ရာနာရစ်ဒ်၏ ဖန်စင်ပက်ပါတီနှင့် ဆမ်ရိန်ဆီ၏ ပါတီတို့

ပါဝင်ကြသည်။ အတိုက်အခံပါတီကြီးဖြစ်သည့် မစ္စတာ ဆမ်ရိန်ဆီ၏ပါတီကရွေးကောက်ပွဲတွင် ဘက်လိုက်မှုများရှိလျှင် သပိတ်မှောက်မည်ဟု ခြိမ်းခြောက်ထားသည်။

ကမ္ဘောဒီးယားနိုင်ငံ ပါလီမန်ရွေးကောက်ပွဲများကို ဇူလိုင် ၂၆ ရက်နေ့တွင် ကျင်းပခဲ့ရာပါတီအလိုက် ရရှိခဲ့သော ထောက်ခံမဲစာရင်းတွင် လက်ရှိအာဏာရ ကမ္ဘောဒီးယား ပြည်သူ့ပါတီ (စီပီပို)က ထောက်ခံမဲ စုစုပေါင်း ၂၀,၃၀,၈၀၂ (ဆန္ဒမဲပေးသူအားလုံး၏ ၄၁ ရာခိုင်နှုန်း)၊ ပူးတွဲဝန်ကြီးချုပ်ဟောင်း မင်းသား ရာနာရစ်ဒ်၏ ဖန်စင်ပက်ပါတီက ထောက်ခံမဲစုစုပေါင်း ၁၅,၅၄, ၃၇၄ (ဆန္ဒမဲပေးသူ အားလုံး၏ ၃၂ ရာခိုင်နှုန်း)၊ ဘဏ္ဍာရေး ဝန်ကြီးဟောင်း ဆမ်ရိန်ဆီ၏ ပါတီက ထောက်ခံမဲ စုစုပေါင်း ၆,၉၉,၆၅၃ (ဆန္ဒမဲပေးသူအားလုံး၏ ၂၃ ရာခိုင်နှုန်း) အသီးသီးရရှိကြသည်။ ဖန်စင်ပက်ပါတီနှင့် ဆမ်ရိန်ဆီတို့၏ ပါတီတို့က ရွေးကောက်တွင် မဲလိမ်မှုများရှိသဖြင့် စုံစမ်းစစ်ဆေး ဖော်ထုတ်ပေးရန် တောင်းဆိုထားသည်။ ထို့အပြင် အတိုက်အခံတို့က ရွေးကောက်ပွဲ ကျင်းပရေးကော်မတီ၏ ပါလီမန်အမတ်နေရာ ခွဲဝေသတ်မှတ်သည့် ပုံစံကိုလည်း ကန့်ကွက်ထားသည်။

ဟွန်ဆန်၏ စီပီပီပါတီသည် ရွေးကောက်ပွဲတွင် ထောက်ခံမဲအများဆုံး ရရှိသော်လည်း ၄င်းတစ်ပါတီတည်း အစိုးရဖွဲ့ရန်မှာ ပါလီမန်၌လိုအပ်သော ထောက်ခံမဲ သုံးပုံနှစ်ပုံကို မရဘဲဖြစ်နေသည်။ ဖန်စင်ပက်ပါတီနှင့် ဆမ်ရိန်ဆီပါတီက ပါလီမန်တွင် စီပီပီပါတီလူများစု ထောက်ခံမှု မရအောင် ဟန့်တားနိုင်စွမ်းရှိနေသည်။ ဟွန်ဆန်သည် မိမိတစ်ပါတီတည်းဖြင့် အစိုးရမဖွဲ့လို၊ သုံးပါတီညွှန့်ပေါင်း အစိုးရဖွဲ့ရန် ကမ်းလှမ်းထားသည်။ မင်းသားရာနာရစ်ဒ်နှင့် ဆမ်ရိန်ဆီတို့ကလည်း ၄င်းတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးခြင်းမရှိသမျှ ညွှန့်ပေါင်းအစိုးရဖွဲ့စည်းရေး ကမ်းလှမ်းချက်ကို ညှိနှိုင်း ဆွေးနွေးမည်မဟုတ်ကြောင်း ပြောဆိုထားခဲ့သည်။

ရွေးကောက်ပွဲကော်မတီက ပါလီမန်အမတ် ခွဲတမ်းချမှု ပုံစံပြောင်းလဲရေး၊ ရာနှင့်ချီသော ဆန္ဒမဲရေတွက်ရေး ဌာနများ၌ ဆန္ဒမဲများ ပြန်လည်ရေတွက်ရေးနှင့် မဲဆန္ဒနယ်အချို့၌ ရွေးကောက်ပွဲများ ပြန်လည်ကျင်းပရေး အစရှိသည့် အတိုက်အခံတို့၏ တောင်းဆိုချက်များကို ဩဂုတ် ၇ ရက်နေ့တွင်ပယ်ချခဲ့သည်။ ရာနာရစ်ဒ်နှင့် ဆမ်ရိန်ဆီတို့က ပါလီမန်အသစ် အစည်းအဝေးကို သပိတ်မှောက်မည်ဟု ခြိမ်းခြောက်လာသည်။

ယင်းသို့ လိပ်ခဲတည်းလည်းဖြစ်နေသည့် အခြေအနေတွင် အစိုးရသစ်ဖွဲ့စည်းရန် အာဏာရပါတီနှင့် အတိုက်အခံတို့ဆွေး နွေးခဲ့ကြသည်။ သို့ရာတွင်ဆွေးနွေးပွဲမှာ အောက်တိုဘာ ၅ ရက်နေ့တွင် ပျက်ပြားခဲ့ ရသည်။ ဟွန်ဆန်သည်အောက်တိုဘာ ၆ ရက်နေ့တွင် သီဟာနုနှင့် တွေ့ဆုံခဲ့သည်။ အစိုးရဖွဲ့ ဖွဲ့စည်းရေးတွင် ဘုရင်သီဟာနုအား ပါဝင်ပတ်သက်ရန်မည်သူ တစ်ဦး တစ်ယောက်မျှ အတင်းကျပ် မကြိုးစားသင့်ကြောင်း အောက်တိုဘာ ၅ ရက်နေ့က အမေရိကန်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဆမ်ရိန်ဆီ၏ သဘောထားကို ဖော်ပြထားသည်။ ကမ္ဘောဒီးယားအစိုးရက မူဆမ်ရိန်ဆီ၏ ကြေညာချက်ကို လက်မခံဘဲ ပယ်ချခဲ့ပြီး ဆမ်ရိန်ဆီသည် နိုင်ငံပြိုကွဲအောင် လုပ်နေသည်ဟု စွပ်စွဲလိုက်သည်။

ယင်းသို့ဖြစ်ပေါ်လျက်ရှိနေရာမှ နိုဝင်ဘာ ၁၀ ရက်နေ့တွင် ဘုရင်သီဟာနုသည်သားဖြစ်သူ မင်းသားနိုရိုဒွန် ရာနာရစ်ဒ်ထံ စာတစ်စောင်ရေးသားခဲ့သည်။ ယင်းစာတွင် သီဟာနုအနေဖြင့် ဖြစ်ပေါ်လျက်ရှိသောနိုင်ငံရေးအကျပ်အတည်းကို ဖြစ်နိုင်သမျှ နည်းလမ်းသုံး၍ အားထုတ်ကြိုးပမ်း ပေးသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အထက်ပါစာပေးပို့ခဲ့ပြီး သုံးရက်အတွင်းမှာပင် ရှ.မတိုး နောက်မဆုတ်ဖြစ်နေသည့် နိုင်ငံရေးအကျပ်အတည်းမှာ အဆုံးသတ်သွားခဲ့သည်။ မင်းသားရာနာရစ်ဒ်က ဟွန်ဆန်နှင့် လက်တွဲပြီးညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးကို သဘောတူခဲ့သည်။ ယင်းသဘောတူညီချက် ရရှိပြီးနောက် ဇူလိုင်လက ကျင်းပခဲ့သော ရွေးကောက်ပွဲမှ ဥပဒေပြု အမတ်များ၏ ပထမဆုံးအကြိမ် အမျိုးသားလွှတ်တော် အစည်းအဝေးကို နိုဝင်ဘာ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းရာတွင် မင်းသား ရာနာရစ်ဒ်က လွှတ်တော်ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ဟွန်ဆန်က ဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ လက်ခံဆောင်ရွက်ရန် အတည်ပြုကြသည်။

ဒီဇင်ဘာလအတွင်း ထူးခြားသည့် ဖြစ်ပေါ်တိုးတက်မှု တစ်ခုမှာကျန်ရှိနေသည့် ခမာနီထိပ်တန်းခေါင်းဆောင် သုံးဦးအနက် နှစ်ဦးတို့အား ဖန္နမ်းပင်မြို့သို့ ဒီဇင်ဘာ ၂၉ ရက်နေ့တွင် ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ယင်းနှစ်ဦးမှာအသက် ၆၇ နှစ်ရှိ ခီယူးဆန်ဖန်နှင့်

အသက် ၇၁ နှစ်ရှိ နအွန်ချီးယားတို့ ဖြစ်ကြပြီး ၄င်းတို့က ဝန်ကြီးချုပ် ဟွန်ဆန်ခေါင်းဆောင်သည့် ညွှန့်ပေါင်းအစိုးရအဖွဲ့သစ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဟု ဒီဇင်ဘာလ စောစောပိုင်းက ကတိပြုခဲ့ကြသည်။ ထို့ပြင် ယင်းပုဂ္ဂိုလ်နှစ်ဦးက ၄င်းတို့ကြောင့်ဖြစ်ပေါ်ခဲ့ရသည့် ဒုက္ခရောက်မှုများနှင့် ခံစားခဲ့ရမှုများအတွက် တောင်းပန်စကားပြောကြားပြီး အတိတ်ကိုမေ့ပစ်ရန် ကမ္ဘောဒီးယား ပြည်သူများအား ပန်ကြားခဲ့သည်။ ရဟတ်ယာဉ်ဖြင့် ခေါ်ဆောင်လာသည့် နေ့က ဝန်ကြီးချုပ် ဟွန်ဆန်ကိုယ်တိုင် လေဆိပ်သို့ သွားရောက်တွေ့ဆုံခဲ့သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုသည့်အနေဖြင့် ယင်းပုဂ္ဂိုလ်နှစ်ဦးအား ရုံးတင်စစ်ဆေးရန်မလိုသည့် သဘောကို ဟွန်ဆန်က အရိပ်အမြွက် ပြောကြားထားခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ဘုရင်သီဟနုအနေဖြင့်မူ ဟွန်ဆန်၏သဘောထားနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။ နိုင်ငံတကာတရားရုံးသည် ယင်းပုဂ္ဂိုလ်နှစ်ဦးအား ၄င်းတို့ကျူးလွန်ခဲ့သော လူမဆန်သည့် ရာဇဝတ်မှုများအတွက် ရုံးတင်စစ်ဆေးရန် အခွင့်အရေး အပြည့်အဝရှိသည်ဟု ဘုရင်သီဟနုက ပြောကြားခဲ့သည်။



အမျိုးသား စာပေဆုရ စာရေးဆရာ ကျော်မြင့်လွင်

ကျော်မြင့်လွင်၊ ဦး (ခရစ် ၁၉၃၁ – ၁၉၉၈)။ ။ အမျိုးသားစာပေဆုရ ဦးကျော်မြင့်လွင်၊ (စာရေးဆရာ ကျော်မြင့်လွင်) ကို ဖခင်ပန်းကန်စက်ဖိုမင်းကြီး ဦးဘသန်း၊ အမိဒေါ်စိန်ရွှေတို့က ၁၉၃၁ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ကျောက်တန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ်တွင် မွေးဖွားခဲ့ပြီး ဖွားမြင်သည်။ မွေးချင်းလေးဦးအနက် ဒုတိယမြောက်သားဖြစ်သည်။

ဦးကျော်မြင့်လွင်သည် ၁၉၄၆ ခုနှစ်တွင် ပြည်သူ့ရဲဘော်ဂျာနယ်၌ "ရဲဘော်မသေပါ" ဝတ္ထုတိုကိုစတင်ရေးသားကာ စာပေလောကသို့ ဝင်ရောက်သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ မြန်မာနိုင်ငံလူငယ်များအစည်းအရုံး၊ သမိုင်းတိုက်နယ်ကာယဗလမှူးနှင့်ဉာဏဗလမှူးအဖြစ်ဆောင်ရွက်သည်။ ၁၉၄၈ ခုနှစ်တွင် အင်းစိန်ခရိုင် ပြေးခုန်ပစ်ချန်ပီယံဖြစ်လာပြီး ကျွမ်းဘား၊ အလေးမ၊ မောင်ပြိုင်ပွဲများတွင် ဆုများ အများအပြား ရရှိခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဆယ်တန်းအောင်မြင်ပြီးနောက် ရန်ကုန်တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဘွဲ့ရပညာတတ်ဖြစ်လာခဲ့သည်။ ကျောင်းသားဘဝတွင် ကျောင်းသားသမဂ္ဂ၏ ပြည်သူ့ဆက်သွယ်ရေးအရာရှိ၊ ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ ပဉ္စမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ ဆဋ္ဌမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ သတ္တမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ အဋ္ဌမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ နဝမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ ဒသမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၅၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးနောက် ဆက်လက်ပညာသင်ကြားခဲ့ပြီး ၁၉၅၃ ခုနှစ်တွင် ဘွဲ့ရပညာတတ်ဖြစ်လာခဲ့သည်။ ကျောင်းသားဘဝတွင် ကျောင်းသားသမဂ္ဂ၏ ပြည်သူ့ဆက်သွယ်ရေးအရာရှိ၊ ကျောင်းသားသမဂ္ဂ ဒုတိယဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ ပဉ္စမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ ဆဋ္ဌမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ သတ္တမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ အဋ္ဌမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ နဝမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ၊ ကျောင်းသားသမဂ္ဂ ဒသမအကြိမ်မြောက် ညီလာခံ ဥက္ကဋ္ဌ အဖြစ်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ၁၉၅၃ ခုနှစ်တွင် ဘွဲ့ရပညာတတ်ဖြစ်လာပြီး ကျွမ်းဘား၊ အလေးမ၊ မောင်ပြိုင်ပွဲများတွင် ဆုများ အများအပြား ရရှိခဲ့သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ မြန်မာနိုင်ငံလူငယ်များအစည်းအရုံး၊ သမိုင်းတိုက်နယ်ကာယဗလမှူးနှင့်ဉာဏဗလမှူးအဖြစ်ဆောင်ရွက်သည်။ ၁၉၅၆ ခုနှစ်တွင် အင်းစိန်ခရိုင် ပြေးခုန်ပစ်ချန်ပီယံဖြစ်လာပြီး ကျွမ်းဘား၊ အလေးမ၊ မောင်ပြိုင်ပွဲများတွင် ဆုများ အများအပြား ရရှိခဲ့သည်။ တိုင်းအဆင့်နှင့် အမျိုးသားအဆင့် အလေးမနှင့် တာတိုပြေးပွဲတွင် ပထမဆုဆွတ်ခူးသည်။

ဦးကျော်မြင့်လွင်သည် ၁၉၅၀ ပြည့်နှစ် ဂီတနက်သန် အပျော်တမ်း တူရိယာအဖွဲ့ ဖွဲ့စည်းအသံလွှင့်ရာတွင် ဂီတနက်သန် ကိုစောညိန်း၊ ဂီတနက်သန် ကိုအုန်းလွင်တို့နှင့်အတူပါဝင်သည်။ ၁၉၅၆ ခုနှစ်တွင် ပါကစ္စတန် နိုင်ငံ၊ ကရာချီလန်ဒ် စက်မှုဗဟိုသင်တန်း ကျောင်းမှ ပြည်တွင်း ပြည်ပ အင်ဂျင်နီယာဒီပလိုမာရရှိသည်။ ပါကစ္စတန်နိုင်ငံတွင် ပညာသင်ကြားနေစဉ် ရေဒီယို ပါကစ္စတန် မြန်မာပိုင်းအစီအစဉ်၌ ရေဒီယိုပြဇာတ်များ ရေးသား၍ ကိုယ်တိုင်ပါဝင် အသံလွှင့်သည်။ ၁၉၅၄ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ပါကစ္စတန် နိုင်ငံ၊ ကရာချီမြို့၊ မိုဟာမက်အလီဂျင်းနားအထိမ်းအမှတ် အားကစားရုံတွင် ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် တာဝန်ပေး အပ်ခြင်းခံရသည်။ ၁၉၅၆ ခုနှစ် ပါကစ္စတန်အမျိုးသား တံခွန်စိုက်ပြိုင်ပွဲတွင် ဖယ်သာဝိတ်တန်း၌ ပထမဆုရရှိသည်။

ဦးကျော်မြင့်လွင်သည် ၁၉၅၆ ခုနှစ်တွင် သမိုင်းမြို့မ အလေးမအသင်းတည်ထောင်ပြီး မျိုးဆက်သစ် ကာယဗလ အားကစားသမားများ မွေးထုတ်ပေးသည်။ ၁၉၅၇ ခုနှစ်မှစ၍ ရန်ကုန်တိုင်းအလေးမနှင့် ကျွမ်းဘား ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအလေးမနှင့် ကာယဗလအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး၊ နည်းစနစ်ကော်မတီနှင့် စည်းရုံးရေး ကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ နည်းစနစ်နှင့် ပြိုင်ပွဲများ

ကျင်းပရေး ကော်မတီဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး မြန်မာနိုင်ငံအား ကစား ကလောင်ရှင်များအဖွဲ့ချုပ် အမှုဆောင်အဖြစ်လည်း ဆောင်ရွက်သည်။

ဦးကျော်မြင့်လွင်သည် ၁၉၆၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပသော ဒုတိယအကြိမ်အရှေ့တောင်အာရှ ကျွန်းဆွယ်အား ကစားပြိုင်ပွဲတွင် ကျွမ်းဘားပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်နှင့် မြန်မာကျွမ်းဘားအဖွဲ့ အုပ်ချုပ်သူအဖြစ် ဆောင်ရွက်သည်။ ၁၉၆၃ ခုနှစ်တွင် လူငယ်အလေးမသမား လေးဦးနှင့်အတူ ဆိုဗီယက်ရုရှား အာရှအလယ်ပိုင်းနိုင်ငံများ အလေးမပြိုင်ပွဲသို့ မြန်မာအလေးမအဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်သွားရောက်သည်။ ဆိုဗီယက်ရုရှားနှင့် အရှေ့ဥရောပနိုင်ငံများသို့ လှည့်လည်၍ကာယပညာနှင့် အားကစားလုပ်ငန်းများ၊ အားကစားစာနယ်ဇင်းလုပ်ငန်းများလေ့လာသည်။ဆိုဗီယက်ရုရှား အားကစားစာနယ်ဇင်းသမဂ္ဂမှ ဂုဏ်ပြုတံဆိပ်နှင့် ဂျီ-ဒီ-အာရ် (ယခုဂျာမနီ) လိုက်ပစ်စ် အားကစားတကွသိုလ် မှ ဂုဏ်ပြုတံဆိပ်များ ချီးမြှင့်ခံရသည်။ ၁၉၆၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အလေးမနှင့် ကာယဗလအဖွဲ့ချုပ်ကြီးမှဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းခံရပြီး အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့အလေးမလူကြီးပထမအဆင့်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၆၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ကျင်းပသော ပဉ္စမအကြိမ်အရှေ့တောင်အာရှကျွန်းဆွယ်အား ကစားပြိုင်ပွဲတွင် ကျွမ်းဘားပြိုင်ပွဲ ကျင်းပရေး ကော်မတီဝင်နှင့် မြန်မာကျွမ်းဘားအဖွဲ့ အုပ်ချုပ်သူ အဖြစ်လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၌ကျင်းပသော ၁၀ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာကျွမ်းဘားအဖွဲ့ အုပ်ချုပ်သူအဖြစ်လည်းကောင်း ဆောင်ရွက်သည်။

ဦးကျော်မြင့်လွင်သည် မြဝတီ၊ သင့်ဘဝ၊ ရွှေစင်၊ တံခွန်၊ သက်လုံစသည့် မဂ္ဂဇင်းနှင့် ဂျာနယ်များတွင် အားကစား ဆောင်းပါးပေါင်း ၂၀၀ ကျော်၊ မြန်မာ့စွယ်စုံကျမ်းနှင့် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် မြန်မာနိုင်ငံ၌ ထင်ရှားသော ရဟန်းတော်များ၏ ထေရပွတ္တိနှင့် နယ်ပယ် အသီးသီးမှ လူပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိ ၆၀ ကျော်တို့ကို ရေးသားပြုစုသည်။ ရွှေစင်မဂ္ဂဇင်းအယ်ဒီတာ၊ မြန်မာနိုင်ငံ အလေးမ အဖွဲ့ချုပ် သတင်းစဉ်ထုတ်ဝေရေး တာဝန်ခံအဖြစ် ဆောင်ရွက်သည်။ မြန်မာ့ဗလခရီးနှင့် ကာယဗလဖခင် (ဦးရှိန်အတ္ထုပ္ပတ္တိ)၊ ခြေလျင်နှင့် မြန်မာ့လူသန်စော်ဝိတ်ကြီး စာအုပ်သုံးအုပ်ကို ရေးသားခဲ့ရာ စာပေဗိမာန်ကပြည်သူ့ လက်စွဲစာစဉ်များအဖြစ် ထုတ်ဝေသည်။ မြန်မာ့ဗလခရီးနှင့် ကာယဗလ ဖခင် (ဦးရှိန်အတ္ထုပ္ပတ္တိ) စာအုပ်ဖြင့် ၁၉၇၅ ခုနှစ် အမျိုးသားစာပေဆု (စာပဒေသာ) နှင့် မြန်မာ့လူသန် စော်ဝိတ်ကြီး စာအုပ်ဖြင့် ၁၉၈၆ ခုနှစ်အမျိုးသားစာပေဆု(စာပဒေသာ) နှစ်ကြိမ်ရရှိသည်။

ဦးကျော်မြင့်လွင်သည် မြန်မာနိုင်ငံစာပေပြန့်ပွားရေးအသင်းတွင် ပါဝင်ခဲ့သည့်အပြင် မရမ်းကုန်းမြို့နယ် စာပေလုပ်သားအဖွဲ့အတွင်းရေးမှူး၊ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ဖူးသည်။ သစ်စက်ပိုင်ရှင် ဦးဥာဏ်၊ ဒေါ်သိုင်းခြုံတို့၏ သမီး ဒေါ်အုန်းရိုနှင့် ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အိမ်ထောင်ပြုသည်။ ဒေါ်အုန်းရိုမှာ ၁၉၉၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ကွယ်လွန်သည်။

မရမ်းကုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းနှာယကအဖြစ် ထမ်းဆောင်နေသော ဦးကျော်မြင့်လွင်သည် ၁၉၉၈ ခုနှစ်၊ မေလ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ဦး၊ သမီးသုံးဦးနှင့် မြေးရှစ်ဦး ကျန်ရစ်သည်။

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ။ ။ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံကို သမ္မတ မိုဘူတူလက်ထက်ကဖိုင်ယာနိုင်ငံဟုခေါ်တွင်ခဲ့သည်။ အိမ်နီးချင်းကွန်ဂိုသမ္မတနိုင်ငံနှင့် နာမည်ချင်းရောထွေးမှု ရှိသောကြောင့် မြို့တော်တို့၏ အမည်များကို အမှီပြုပြီး ကွန်ဂိုသမ္မတ နိုင်ငံကို ကွန်ဂို ဘရာဇာဗီးလ် ဟုလည်းကောင်း၊ ကွန်ဂိုဒီမို ကရက် တစ် သမ္မတနိုင်ငံကို ကွန်ဂို-ကင်ရှာဆာ ဟုလည်းကောင်း အမျာကခေါ်တွင်ကြသည်။

ကွန်ဂိုဒေသအပါအဝင် အာဖရိကတိုက်ရှိ နိုင်ငံအမြောက်အမြားမှာ ခေတ်နောက်ကျခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း၊ ရောဂါထူပြောခြင်းတို့အပြင် လူမျိုးနွယ်စုခြင်း၊ ဘာသာရေးချင်း၊ ခေါင်းဆောင်ပုဂ္ဂိုလ်ချင်း ပဋိပက္ခများကြောင့် ပြည်တွင်းစစ်ပွဲများ၊ ဒေသဆိုင်ရာစစ်ပွဲများဖြင့် များစွာမတည်မငြိမ် ဖြစ်လျက်ရှိသည်။ ဤအခြေ

အနေကို အခွင့်ကောင်းယူလျက် အမေရိကန်၊ ရုရှား၊ ပြင်သစ်၊ ဘယ်လ်ဂျီယမ် စသော အင်အားကြီးနိုင်ငံများ၏ ဝင်ရောက် စွက်ဖက်သြဇာပေးမှုများကြောင့် အခြေအနေများ ပိုမိုတင်းမာပြီး ရှုပ်ထွေးပွေလီမ်လျက်ရှိသည်။

အစိုးရအဖွဲ့အပြောင်းအလဲများ – ၁၉၉၇ ခုနှစ် မေလတွင် ဇိုင်ယာသမ္မတဟောင်း မိုဘူတူ၏ အစိုးရအဖွဲ့ကို ပြည်တွင်းစစ်ပွဲ၌ အနိုင်ရရှိခဲ့သူ လောရင့်ဒဲဇီရဲကာဘီလာက ဖြုတ်ချခဲ့ပြီးနောက် အရေးပေါ်အစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် သမ္မတကာဘီလာက တိုးချဲ့အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းပေးခဲ့ပြန်သည်။ ဤအစိုးရအဖွဲ့သစ်၌ အရေးပေါ်အစိုးရအဖွဲ့မှ အဖွဲ့ဝင်ဟောင်း အများစုပါဝင်ခဲ့သည်။ အစိုးရအဖွဲ့သစ်၌ ကာဘီလာနှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သူက တန်ဂါပြည်နယ် အုပ်ချုပ်ရေးမှူး ဂတ်(စ်) တန်ကာကွတ်ဂျီသည် ပြည်ထဲရေးဝန်ကြီးအဖြစ် ပါဝင်လာသည်။ ၁၉၉၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် အဖွဲ့ဝင် ၃၇ ဦးအထိ တိုးချဲ့ထားသော အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းခဲ့ပြန်သည်။ ယခင်အစိုးရအဖွဲ့ဟောင်းမှ ဝန်ကြီးအချို့ကို အကျင့်ပျက်လာဘ်စား မှုဖြင့် ဖယ်ရှားဖမ်းဆီးထားလိုက်သည်။ တိုးချဲ့အစိုးရအဖွဲ့သစ်၏ အမည်ကို "လုပ်ငန်းစွမ်းဆောင်ရည်ရှိသော အစိုးရ" ဟု ခေါ်တွင်စေခဲ့သည်။ အစိုးရအဖွဲ့သစ်တွင် ဒီယိုဂရာဂျပ် (ခ်) ဘူဂေးရာ ပါဝင်လာသည်။ သူသည် ဇိုင်ယာနိုင်ငံကို အာဏာသိမ်းပိုက်ခဲ့သော "ကွန်ဂို-ဇိုင်ယာလွတ်မြောက်ရေး ဒီမိုကရေစီအင်အားစုများ၏ မဟာမိတ်အဖွဲ့" ကို စတင်တည်ထောင်ရာ၌ ပါဝင်ခဲ့သူ တစ်ဦး ဖြစ်သည်။ သူသည် ထင်ရှားကျော်ကြားသော တွတ်စီလူမျိုးနွယ်စုခေါင်းဆောင် တစ်ဦးလည်း ဖြစ်သည်။ နိုင်ငံအရှေ့ပိုင်းမှ ဒေသဆိုင်ရာ မကျေမနပ်ဖြစ်နေကြသော တွတ်စီလူမျိုးနွယ်စုများအား နှစ်သိမ့်စေရန် သူ့အား ဝန်ကြီးအဖြစ် ခန့်အပ်လိုက်ခြင်း ဖြစ်သည်ဟုလည်း ယူဆနေကြသည်။

အတိုက်အခံလှုပ်ရှားမှုနှင့် ဖမ်းဆီးနှိမ်နင်းမှုများ – ကွန်ဂို ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ပြည်တွင်းရေး မငြိမ်သက်မှုများ၏ အဓိကအကြောင်းရင်းများမှာ ဟူတူနှင့် တွတ်စီ လူမျိုးနွယ်စုများ၏ ပဋိပက္ခများ၊ အိမ်နီးချင်း နိုင်ငံများမှ ဝင်ရောက်စွက်ဖက်မှုများ၊ ခေါင်းဆောင်ပိုင်း ပုဂ္ဂိုလ်ရေးအား ပြိုင်မှုများဖြစ်ကြောင်း တွေ့ရှိရသည်။



သမ္မတ ကာဘီလာ

သမ္မတ ကာဘီလာသည် အာဏာသိမ်းပိုက်ပြီးချိန်မှစ၍ နိုင်ငံရေးပါတီများထူထောင်ဖွဲ့စည်းခြင်းနှင့် လူပ်ရှားမှု များကို ပိတ်ပင်တားမြစ်ထားခဲ့သည်။ ဖိုးနပ် (စ်) ခေါ် တိတွင်ဆန်းသစ်ရေး အင်အားစုများ၏ မြင့်မြတ်သော သမဂ္ဂမှ ပွင့်လင်းစွာ ပြောကြားတတ်သော ဥက္ကဋ္ဌ ဖြစ်သူ ကျိုးဇက် (ဖ်) အိုလင်ဂန်ကွိုင်းက သမ္မတကာဘီလာနှင့် တွေ့ဆုံဆွေးနွေးခွင့်ကို လူသိရှင်ကြား တောင်းဆိုခဲ့သည်။ ယင်းသို့ တောင်းဆိုပြီး မကြာမီမှာပင် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် သူ့အား ဖမ်းဆီးခဲ့သည်။ သူ့အား ဖမ်းဆီးခဲ့ခြင်း၏ အကြောင်းပြချက်နှင့် ဖမ်းဆီးခဲ့မှုတို့ကို အစိုးရအဖွဲ့က တစ်စုံတစ်ရာ အတည်ပြု ပြောကြားခဲ့ခြင်း မပြုခဲ့ပေ။ သို့ရာတွင် သမ္မတကာဘီလာက နိုင်ငံရေးပါတီများနှင့် ပတ်သက်သော တားဆီးမိန့်ကို ဆန့်ကျင်ဖောက်ဖျက်ပါက တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ အတိုက်အခံ ခေါင်းဆောင်များက အိုလင်ဂန်ကွိုင်းအား အမြန်ဆုံး လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ယင်းသို့ တောင်းဆိုသူများအနက် လုပ်ကြံသတ်ဖြတ်ခံခဲ့ရသော သမ္မတဟောင်း လူမွန်ဘာ၏သား ဖရန်ဆွာလူမွန်ဘာလည်း ပါဝင်ခဲ့သည်။ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဒီမိုကရေစီရေးနှင့် လူမှု တိုးတက်ရေးသမဂ္ဂမှ

ပြောရေးဆိုခွင့် ရှိသူနှစ်ဦးအား မမှန်မကန် ကောလာဟလ ဖြန့်မှု၊ အစိုးရအပေါ် အကြည်ညိုဗျက်အောင် ပြောဆိုမှု တို့ဖြင့် ထောင်ဒဏ် ၂ နှစ် ချမှတ်ခဲ့သည်။

သမ္မတဟောင်း လူမွန်ဘာအား လုပ်ကြံသတ်ဖြတ်မှု ၏ ၃၇ နှစ်မြောက် အထိမ်းအမှတ်ပွဲကို ကျင်းပရင်း ဇန်နဝါရီလ ၁၇ ရက်နေ့တွင် သမ္မတကာဘိလာက လူမွန်ဘာအား လုပ်ကြံသတ်ဖြတ်မှု၌ ပါဝင်ခဲ့သူတို့ အနေဖြင့် ဝန်ချတောင်းပန်လာပါက လွတ်ငြိမ်းချမ်းသာခွင့် ပေးမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဒီမိုကရေစီရေးနှင့် လူမှု တိုးတက်ရေးသမဂ္ဂခေါင်းဆောင် အိတိန်းရှိဆေကေဒီ အား ဖမ်းဆီးလျက် သူ၏ဇာတိရွာသို့ စေလွှတ်ပြီး လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်နေစေခဲ့သည်။ အဖျက် အမှောင့်လုပ်ငန်းများကို ဆက်လက် ကျူးလွန်နေသဖြင့် ဖမ်းဆီး အရေးယူခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ကာကွတ်ဂျိုက ပြောကြားခဲ့သည်။

ရိုးရာအစဉ်အလာ အကြီးအကဲများနှင့် ဒေသခံ တက္ကသိုလ် ကထိကများအား ဖမ်းဆီးခဲ့မှုကို မကျေနပ် သဖြင့်လည်းကောင်း၊ တွတ်စိတို့က ၄င်းတို့၏ လယ်ယာ မြေများကို မတရားသိမ်းပိုက်ခြင်းကို ခုခံ ကာကွယ်သည့် မိုင်မိုင်စစ်သားများ၏ ခုခံကာကွယ်ပိုင်ခွင့်ကို ဖော်ထုတ် သောအားဖြင့် လည်းကောင်း ဖေဖော်ဝါရီလ ၂ ရက်နေ့ တွင် ကိုဗူးပြည်နယ်သားများ၏ ကြေညာစာတမ်းကို ဖြန့်ခဲ့သည်။ ထိုနေ့ရက်မှာပင် အစိုးရတပ်ဖွဲ့များက ထိုအရှေ့ပိုင်းဒေသမှ ဘူနီးယားမြို့အနီးတွင် သူပုန် တပ်ဖွဲ့များကို အောင်မြင်စွာနှိမ်နင်း၍ အခြေအနေကို တည်ငြိမ်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ နိုင်ငံအရှေ့ ပိုင်း၌ အစိုးရနှင့် သူပုန်တပ်ဖွဲ့များအကြား တိုက်ခိုက်မှု များ ဖြစ်ပေါ်ခဲ့ကြောင်း နိုင်ငံတကာ သတင်းများက ဖော်ပြခဲ့သော်လည်း အစိုးရက ထိုသတင်းများကို မှားမှိန် စေခဲ့သည်။

ပြင်သစ်နိုင်ငံထုတ် လာရဲဖာရင့်(စ်) သတင်းစာက ဘယ်လ်ဂျီယမ်နိုင်ငံ၊ ဘရပ်ဆဲလ်မြို့တွင် ကွန်ဂိုစင်ပြိုင် အစိုးရကို ဖေဖော်ဝါရီလ ၄ ရက်နေ့က ထူထောင် လိုက်ကြောင်း မိဘူတူလက်ထက်က ပြည်ထဲရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဟောင်း မွမ်ဒိုအင်ဆင်းဘ အား သမ္မတအဖြစ် လည်းကောင်း၊ ဝန်ကြီးချုပ်ဟောင်း လီယွန် ကင်ဂိုဝဒွန်ဒိုအား ဝန်ကြီးချုပ်အဖြစ်လည်းကောင်း လျာထား ကြောင်း ဖော်ပြခဲ့သည်။

ဧပြီလ ၆ ရက်နေ့တွင် သမ္မတကာဘိလာသည် နိုင်ငံ အရှေ့ပိုင်းကိုဗူးဒေသမှ ဂိုမာမြို့သို့ သွားရောက်ကာ လူမျိုးရေးနှင့် နိုင်ငံရေးမကျေနပ်မှုများကြောင့် ဆူပူမှုများ ဖြစ်ပေါ်ခဲ့သည်ကို ငြိမ်းအေးစေရန် ကြိုးပမ်း ခဲ့သည်။ ယူနီဆက်(ဖ်) (ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေ အဖွဲ့) ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများသည် သူပုန် များအကူအညီရရှိရေးတွင် တစ်ဆင့်ခံ အဖွဲ့များ အနေဖြင့် ကူညီဆောင်ရွက်ပေးနေကြောင်း ကာဘိလာက ပြစ်တင် စွပ်စွဲခဲ့သည်။ အာဇာဒိခေါ် လူ့အခွင့်အရေး ကာကွယ်မှု ဆိုင်ရာ ဇိုင်ယာအသင်းကို နိုင်ငံရေး အဖွဲ့အစည်းဖြစ် သည်ဟု အကြောင်းပြကာ ဧပြီလ ၃ ရက်နေ့တွင် တရားရေးဝန်ကြီးဌာနက ပိတ်ပင်တားမြစ်ခဲ့ သည်။

ထိုနိုင်ငံအတွင်း လူ့အခွင့်အရေးများ ချိုးဖောက်မှု များကို လေ့လာရန် ကုလသမဂ္ဂက စုံစမ်းရေးအဖွဲ့ကို စေလွှတ်ခဲ့သည်။ သို့ရာတွင် အစိုးရကစုံစမ်းရေးအဖွဲ့ကို အမျိုးမျိုး ဟန့်တားခြင်း၊ စုံစမ်းရေးအဖွဲ့ဝင် တစ်ဦးအား တစ်ညတာ ဖမ်းဆီးလျက် ၄င်းထံမှ ဘဏ်ငွေစာရင်းကို သိမ်းယူခဲ့ခြင်းတို့ကြောင့် ဧပြီလ ၁၇ ရက်နေ့တွင် စုံစမ်းရေး အဖွဲ့ကို ကုလသမဂ္ဂက ပြန်လည်ရုပ်သိမ်းခဲ့သည်။

အစိုးရအဖွဲ့နှင့် သူပုန်တိုက်ပွဲများ – ဒီဇင်ဘာလ တစ်လျှောက်လုံးတွင် အစိုးရသူပုန်တပ်ဖွဲ့များအကြား ဒေသအနှံ့အပြား၌ တိုက်ပွဲကြီးများဖြစ်ပွားခဲ့သည်။ သူပုန် တပ်ဖွဲ့များကို ဒီမိုကရေစီရေး၊ ကွန်ဂိုအမျိုးသား စုစည်း ရေးအဖွဲ့မှ ဝမ်ဘာဒီယာဝမ်ဘာက ဦးဆောင်သည်။ သူပုန်တပ်ဖွဲ့တွင် အများဆုံးပါဝင်သူများမှာ တွတ်စိ လူမျိုးနွယ်စု များဖြစ်သည်။ ထို့အပြင် နိုင်ငံအရှေ့ပိုင်းမှ မျိုးနွယ်တူ လူမျိုးနွယ်စုများနှင့် အိမ်နီးချင်း ဘူဂွန်ဒီနှင့်

ရဝမ်ဒါ နိုင်ငံများမှ လူမျိုးနွယ်စုတို့လည်း ပါဝင်ကြသည်။ အစိုးရတပ်ဖွဲ့.များကို ဇင်ဘာဘွေ၊ အင်ဂိုလာ၊ နမီးဘီးယား၊ ဆူဒန်နှင့် ချဒ်နိုင်ငံတို့မှ တပ်ဖွဲ့.များက ပံ့ပိုးအထောက် အကူပြုပေးနေခဲ့သည်။ ဒီဇင်ဘာလအတွင်း အစိုးရနှင့် သူပုန်တပ်ဖွဲ့.တို့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ဇမ်ဘီယာနိုင်ငံမြို့တော် လူဆာကာတွင် အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် အိမ်နီးချင်း ကွန်ဂိုသမ္မတ နိုင်ငံနှင့် မကျူးကျော်ရေးစာချုပ်ကို ချုပ်ဆိုဖြစ်ခဲ့သည်။

ဒီဇင်ဘာလ ၅ ရက်နေ့တွင် နိုင်ငံအရှေ့.ပိုင်း တန်ဂန်ယီကာ ရေကန်အနီး မိုဘာအရပ်၌ တိုက်ပွဲဖြစ်ပွားရာ အစိုးရတပ်ဖွဲ့.များက သူပုန် ၁၀၀၀ ကျော်ကို ကျဆုံးစေခဲ့ကြောင်း ပြင်သစ်ရုပ်မြင်သံကြားက သတင်းထုတ်လွှင့်ခဲ့သည်။ ထိုဖြစ်ရပ်နှင့် စပ်လျဉ်း၍ သူပုန်တို့လွှမ်းမိုးထားသော ရေဒီယိုသတင်းတွင်မူ အစိုးရတပ်များက ရဝမ်ဒါနှင့် ဘူဂွန်ဒီနိုင်ငံတို့မှ တွတ်စီလူမျိုးနွယ်စုဝင် အများအပြားကို သတ်ဖြတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒီဇင်ဘာလ ၃၀ ရက်နေ့က ထုတ်ပြန်သော ပြင်သစ် သတင်းဌာန၏ သတင်းတွင် ကင်ရှာဆာ၏ အရှေ့.မြောက်ဘက် ကီလိုမီတာ ၁၁၀၀ အကွာ၌ရှိသော ဂေမေနားမြို့ကို သူပုန်တပ်ဖွဲ့.များက သိမ်းပိုက်ခဲ့ကြောင်း၊ သမ္မတ ဟောင်း မိုဘူတူ၏ ဇာတိမြို့ဖြစ်သည့် ဂဘာဒိုလိုက်၌ ရှိသော အခြေခံ စခန်းမှတစ်ဆင့် သူပုန်တပ်များသည် ဆက်လက်ချီတက် လျက်ရှိကြောင်း ဖော်ပြခဲ့သည်။

ဦးခင်မောင်မြ

ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ(၁၉၉၈)။ ။

ပြည်ထောင်စု မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် သာသနာအကျိုးသယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန်တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စာပေ၊ အနုပညာနှင့်သိပ္ပံနယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသော လူပုဂ္ဂိုလ်များရှိသည်။

ရဟန်းတော်များ

ကုဝေရ၊ ဘဒ္ဒန္တ
သက်တော် (၈၉)နှစ်၊ သိက္ခာတော် (၆၉) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒစရိယ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ ဝနဖြူမြို့ ရွှေဟင်္သာကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေသရ၊ ဘဒ္ဒန္တ
သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဟောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ရွှေကျင် ဝိနယစာပြန်ဌာန မဟာနာယက၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ ရေးမြို့.နယ်နှင့် ကရင်ကျေးရွာ ဝိဇိတာရုံရွှေကျင်ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၅၅ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကေသရ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ရေးမြို့.ရွှေကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကုဏ္ဍလ၊ ဘဒ္ဒန္တ
သက်တော် (၇၃)နှစ်၊ သိက္ခာတော် (၅၃) ဝါ
သာသနဓဇသိရီ ပဝရဓမ္မာစရိယ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဘူးသီးတောင်မြို့၊ လမ်းမကျောင်းတိုက် ဦးစီးပဓာန နာယက။
(၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ကဿပဝံသ၊ ဘဒ္ဒန္တ
သက်တော် (၆၉)နှစ်၊ သိက္ခာတော် (၄၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ကချင်ပြည်နယ် ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲဥက္ကဋ္ဌ၊ ပြည်နယ်ပရိယတ္တိသာသနနုဂ္ဂဟတွဲဖက်အကျိုးတော်ဆောင်၊ မြစ်ကြီးနားမြို့ ခေမာသိဝံပရိယတ္တိစာသင်တိုက်စာချုပ်ဆရာတော် ဦးဇဝနိယ (ဒုတိယ)၊ ဘဒ္ဒန္တ
သက်တော် (၆၉)နှစ်၊ သိက္ခာတော် (၄၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ကချင်ပြည်နယ် ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲဥက္ကဋ္ဌ၊ ပြည်နယ်ပရိယတ္တိသာသနနုဂ္ဂဟတွဲဖက်အကျိုးတော်ဆောင်၊ မြစ်ကြီးနားမြို့ ခေမာသိဝံပရိယတ္တိစာသင်တိုက်စာချုပ်ဆရာတော် ဦးဇဝနိယ (ဒုတိယ)၊ ဘဒ္ဒန္တ
သက်တော် (၆၉)နှစ်၊ သိက္ခာတော် (၄၈) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ၊ ကချင်ပြည်နယ် ပရိယတ္တိ သဒ္ဓမ္မပါလ စာမေးပွဲဥက္ကဋ္ဌ၊ ပြည်နယ်ပရိယတ္တိသာသနနုဂ္ဂဟတွဲဖက်အကျိုးတော်ဆောင်၊ မြစ်ကြီးနားမြို့ ခေမာသိဝံပရိယတ္တိစာသင်တိုက်စာချုပ်ဆရာတော် ဦးဇဝနိယ (ဒုတိယ)၊ ဘဒ္ဒန္တ

(၁၃၅၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ယောသိတာ ဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၉၂)နှစ်၊ သိက္ခာတော် (၇၂) ဝါ
အဘိဝေ မဟာရဋ္ဌဂုရု၊အဂ္ဂမဟာပဏ္ဍိတ၊ အဘိဝေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ နိုင်ငံတော် သြဝါဒါ စရိယ၊ ထား၀ယ်မြို့ ယောသိတာရာမပါဠိ တက္ကသိုလ်ကျောင်းတိုက်၊ ဦးစီးပဓာန နာယက
(၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စာဂရ၊ ဘဒ္ဒန္တ
သက်တော် (၇၈)နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာ ဂန္ဓဝါစက ပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ပခုက္ကူနိုကာယဂဏမဟာဝိနာယက၊ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၆၀ပြည့်နှစ်၊ ဝါဆိုလဆန်း ၆ ရက်နေ့၌ ပျံလွန်တော်မူသည်။)

စာနေယျ၊ ဘဒ္ဒန္တ
သက်တော် (၉၉)နှစ်၊ သိက္ခာတော် (၇၉) ဝါ
ကရင်ပြည်နယ် သြဝါဒါစရိယ၊ ဘား၀ေမြို့ ကမောကသင်ကော့ပရဲကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၀ပြည့်နှစ်၊တန်ဆောင်မုန်းလကွယ်နေ့၌ပျံလွန်တော်မူသည်။)

စာနုတ္တရ၊ ဘဒ္ဒန္တ
သက်တော် (၇၇)နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါ စရိယ၊ ဒုတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့၀င်၊ မဟာစည် ကမ္မဋ္ဌာနာစရိယ၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့ နင်းကျမ်းကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ခုနှစ်၊ပြာသိုလဆန်း ၁၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဉာဏဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၇) နှစ်၊ သိက္ခာတော် (၆၈) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ပြည်မြို့နယ် မုဒ္ဒောကျေးရွာအုပ်စု၊ လယ်ပြင်ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန် တော် မူသည်။)

တေဇဝန္တ၊ ဘဒ္ဒန္တ
သက်တော် (၈၈)နှစ်၊ သိက္ခာတော် (၆၈) ဝါ
နိုင်ငံတော်သြဝါဒါစရိယ၊ ပြည်မြို့. နိမ္မိန္ဒတောရကျောင်း ဦးစီးပဓာန နာယက၊
(၁၃၆၀ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တေဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၁၀၂)နှစ်၊ သိက္ခာတော် (၈၂) ဝါ
ငပုတောမြို့နယ် ဟိုင်းကြီးကျေးရွာကျောင်းသစ် ဝိသုဒ္ဓါရုံကျောင်း၊ ဦးစီးပဓာန နာယက၊
(၁၃၆၀ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့၌ ပျံလွန်တော်မူသည်။)

တေဇိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၇၁) နှစ်၊ သိက္ခာတော် (၅၁) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊မောင်တောမြို့နယ် မီးတိုက်ကျေးရွာ ကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၆၀ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်နေ့၌ ပျံလွန် တော်မူသည်။)

ဒေဝိန္ဒာဓိပတိ၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊နိုင်ငံ တော်သြဝါဒါ စရိယ၊ မြန်မာစာသြဝါဒါစရိယ၊ထီးချိုင့်မြို့.တည်တောကျောင်းတိုက်၊ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နေမိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၉၁) နှစ်၊ သိက္ခာတော် (၇၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ပခုက္ကူမဟာဝိသုတာရာမိကဂဏဝါစက နိကာယ ရတ္တညူမဟာထေရ်၊ ရန်ကုန်မြို့. အဘိဝမ္မာပြန့်ပွားရေးအသင်း သြဝါဒါစရိယ၊ ရန်ကုန်မြို့. ခြောက်ထပ်ကြီးရွှေသာလျှောင်း ရုပ်ရှင်တော်မြတ်ကြီး ဂေါကပအဖွဲ့. သြဝါဒါစရိယ၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ပြည့်နှစ်၊ ပြာသိုလဆန်း ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဝဓ၊ ပုသိမ်မြို့နယ် သံဃ

နာယက သြဝါဒါစရိယ (ဝဋ္ဋဝန်နိကာယ) ပုသိမ်မြို့ ကန်သုံးဆင့် ကျောင်းတိုက် (လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာ) ဦးစီးပဓာန နာယက၊
(၁၃၆၀ပြည့်နှစ်၊ နတ်တော်လဆန်း ၇ ရက်နေ့၌ ပျံလွန်တော်မူသည်။)

နန္ဒိယ၊ ဘဒ္ဒန္တ
သက်တော် (၇၅)နှစ်၊ သိက္ခာတော် (၅၅) ဝါ
သာသနဓဇသိရိပဝရမဟာစရိယ၊ ဆဋ္ဌသင်္ဂီတိကာရက၊ ပါဠိဝိသောဓက၊ဝါဠိပဋိဝိသောဓက၊ ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်၊ ပထမအကြိမ်နိုင်ငံတော် ဝိနည်း ဝိဂ်၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ အဖွဲ့ဝင် (ဝဋ္ဋဝန်)၊ အင်္ဂပူမြို့နယ် ချောက်ကွာမြစေတီတော ရဆရာတော်
(၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပညာဇောတ၊ ဘဒ္ဒန္တ
သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၀) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ၊ ညောင်တုန်းမြို့ မေတ္တာဝဲသာ လင်္ကာရကျောင်းတိုက် အုတ်တိုက်ကျောင်း ဦးစီးပဓာန နာယက
(၁၃၆၄ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄ ရက်နေ့၌ပျံလွန်တော်မူသည်။)

ပညာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၄) နှစ်၊ သိက္ခာတော် (၆၄) ဝါ
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မြန်အောင်မြို့နယ်တံတား ကွင်း ပရဟိတကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၀ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍဝ၊ ဘဒ္ဒန္တ
သက်တော် (၉၀)နှစ်၊ သိက္ခာတော် (၇၁) ဝါ
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပ-ဒု-တ အကြိမ်သံဃသမ္မုတိရ၊ ကဝမြို့ ငါးထပ်ကြီးဘုရားနှင့် ဖလေးကျေးရွာ ကျိုက်မတ်ကော်စေတီ သြဝါဒစရိယ၊ ကဝမြို့ ရန်တိုလ် ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၀ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၉၇)နှစ်၊ သိက္ခာတော် (၇၈) ဝါ
အဂ္ဂမဟာကမ္မဋ္ဌာနစရိယ၊ ပြည်မြို့ယဉ်ပေါင်စာတိုက်သစ်တောရ ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ပဏ္ဍိတ၊ ဘဒ္ဒန္တ
သက်တော် (၈၀)နှစ်၊ သိက္ခာတော် (၆၀) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ရွှေကျင်နိကာယဥက္ကဋ္ဌမဟာနာယက၊ မအူပင်မြို့ ဂမ္ဘာရ ရွှေကျင်ကျောင်းတိုက် ဦးစီးပဓာန နာယက
(၁၃၆၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၀ ရက်နေ့၌ ပျံလွန်တော် မူသည်။)

မေဓိယ၊ ဘဒ္ဒန္တ
သက်တော် (၇၁)နှစ်၊ သိက္ခာတော် (၅၁) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ မကွေးတိုင်းသံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပခုက္ကူနိကာယဝန်ဆောင် သာကေတမြို့နယ် တိပိဋကလင်္ကာရကျောင်းတိုက်သြဝါဒါစရိယ၊ ချောက်မြို့ စလင်းကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ ပြည့်နှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဝါယာမိန္ဒ၊ ဘဒ္ဒန္တ
သက်တော် (၈၃)နှစ်၊ သိက္ခာတော် (၆၃) ဝါ
နိုင်ငံတော်သြဝါဒါစရိယ၊ ဝက်လက်မြို့နယ်ဘုရားကြီးကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်နေ့၌ ပျံလွန်တော် မူသည်။)

ဝိသုဒ္ဓ၊ ဘဒ္ဒန္တ
သက်တော် (၇၆)နှစ်၊ သိက္ခာတော် (၅၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ထေရဝါဒဗုဒ္ဓသာသနာပြု သြဝါဒါစရိယ၊ စမ်းချောင်းမြို့နယ် အနောက်ဥယျာဉ်တိုက် ခတ္တိယကျောင်း ဦးစီးပဓာန နာယက
(၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်နေ့၌ ပျံလွန်တော် မူသည်။)

သာသန၊ ဘဒ္ဒန္တ
သက်တော် (၆၇)နှစ်၊ သိက္ခာတော် (၄၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ၊ မန္တလေးတိုင်း

သံဃနာယကအဖွဲ့ အဖွဲ့ဝင်၊ ပ-ဒု-တ အကြိမ် သံဃ သမ္မုတိရ၊ လယ်ဝေးမြို့နယ် ကြောင်ရေစံပြကျေးရွာ နိုကြောတရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက (၁၃၅၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သာသနာဘိဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၆၇) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ ရန်ကုန် တိုင်း ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်၊ ဆူးလေစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ လမ်းမတော်မြို့နယ် သရက်တော ကျောင်းတိုက် သာသနာဝံသကျောင်း ဦးစီး ပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်နေ့၌ပျံလွန်တော်မူသည်။)

သီလစာရ၊ ဘဒ္ဒန္တ
သက်တော် (၈၈)နှစ်၊ သိက္ခာတော် (၆၈) ဝါ
ပထမအကြိမ် ဗဟိုသံဃာ့ဝန်ဆောင်၊ ရေဦးမြို့ချမ်းသာကြီး ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သုမင်္ဂလ၊ ဘဒ္ဒန္တ
သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂) ဝါ
အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ရေစကြိုမြို့နယ် ဆင်ခြေရာကျေးရွာ အုတ်ဖိုကျောင်း၊ ကျောက်တန်းမြို့နယ်၊ ဥယျာဉ်ကျေးရွာ၊ ဘုရားကြီးကျောင်းတိုက်၊ သဃ်နိုးကျွန်းမြို့နယ်၊ သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်များ၏ ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့၌ ပျံလွန်တော်မူသည်။)

သဲဝရဗုဒ္ဓိ၊ ဘဒ္ဒန္တ
သက်တော် (၁၁၁) နှစ်၊ သိက္ခာတော် (၉၁) ဝါ
မြစ်သားမြို့ သိမ်တောင်နိကာယကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အာဒိစ္စဝံသ၊ ဘဒ္ဒန္တ
သက်တော် (၈၆)နှစ်၊ သိက္ခာတော် (၄၆) ဝါ
အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ ရွှေတိဂုံဘုရားလမ်းရဟန္တာသိမ်တော်ကြီးတွင် သီတင်းသုံးတော် မူသော ဆရာတော်
(၁၃၆၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၉ ရက်နေ့၌ ပျံလွန်တော်မူသည်။)

အဂ္ဂဝမ္မာလင်္ကာရ၊ ဘဒ္ဒန္တ
သက်တော် (၈၅)နှစ်၊ သိက္ခာတော် (၆၅) ဝါ
အဂ္ဂမဟာပဏ္ဍိတ၊ သာသနဝင်သိရီပဝရ ဓမ္မာစရိယ၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဓမ္မာနုဓမ္မမဟာဒွါရ နိကာယဂိုဏ်းဂဏရက္ခိတ၊ ဘိုကလေးမြို့ မဟာဓမ္မိကာရာမ ကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

ဣန္ဒဝံသ၊ ဘဒ္ဒန္တ
သက်တော် (၁၀၁)နှစ်၊ သိက္ခာတော် (၈၁) ဝါ
ရခိုင်ပြည်နယ် ဩဝါဒါစရိယ၊ မူလဒွါရဂိုဏ်းချုပ်၊ စစ်တွေမြို့နယ် ပင်းဝါကျောင်းတိုက် ဦးစီးပဓာန နာယက၊
(၁၃၆၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့၌ ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

ကျော်မြင့်လွင်၊ ဦး
အသက် (၆၇) နှစ်
စာရေးဆရာကျော်မြင့်လွင်၊ ၁၉၇၅ ခုနှစ်နှင့် ၁၉၈၆ ခုနှစ် အမျိုးသားစာပေဆုရ စာရေးဆရာကြီး
(၂၉-၅-၉၈ ရက်နေ့၌ကွယ်လွန်သည်။)

ကြည်ရွှင်၊ ဦး
အသက် (၆၀) နှစ်
ရုပ်ရှင်သရုပ်ဆောင်တက္ကသိုလ်ကြည်ရွှင်
(၃၁-၅-၉၈ ရက်နေ့၌ကွယ်လွန်သည်။)

ခင်မောင်၊ မိုလ် (သံမဏိ)
အသက် (၇၇) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်း

ဝင် (ပထမဆင့်)၊ ဂျပန်ဘုရင့်စစ်တက္ကသိုလ် ပထမပတ် (၁၃-၁၁-၉၈ ရက်နေ့၌ကွယ်လွန်သည်။)

ချစ်ဖွယ်၊ ဦး(အောမ်း)
အသက် (၉၃) နှစ်
ရုပ်ရှင်ဓာတ်ပုံဆရာ အကယ်ဒမီအောမ်းချစ်ဖွယ်၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (ရုပ်ရှင်ဓာတ်ပုံဆု) ၁၉၅၆ ခုနှစ်တွင် ယမ်းငွေ့ဝေဝေဓာတ်ကားဖြင့် ဆွတ်ခူးရရှိသူ
(၂-၃-၉၈ ရက်နေ့၌ကွယ်လွန်သည်။)

ခွန်ထီး၊ ဦး (ပင်လုံ)
အသက် (၇၉) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင် လူထုကိုယ်စားလှယ်အဖြစ် ပါဝင်လက်မှတ် ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်ကြီး
(၄-၆-၉၈ ရက်နေ့၌ကွယ်လွန်သည်။)

စိုးမောင်၊ ဦး
အသက် (၈၃) နှစ်
စာရေးဆရာ သတင်းစာဆရာ သာဂရငစိုး၊ မြန်မာစာအဖွဲ့အဖွဲ့ဝင်၊ မြန်မာ့အလင်းသတင်းစာ အငြိမ်းစားအယ်ဒီတာချုပ်
(၁၁-၈-၉၈ ရက်နေ့၌ကွယ်လွန်သည်။)

စိုးမြင့်၊ ဦး
အသက် (၅၆) နှစ်
စာရေးဆရာ ကဗျာဆရာ သီချင်းရေးဆရာ ပုသိမ်မောင်စိမ်းသူ
(၁၃-၆-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

စိန်အောင်၊ ဦး
အသက် (၆၈) နှစ်
အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး
(၉-၁-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

တင်သိန်း၊ ဦး(စေယျကျော်ထင်)
အသက် (၇၈) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွပ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)၊ ဂျပန်ခေတ်စစ်တက္ကသိုလ်အပတ်စဉ် ၂၊ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင်၊ အငြိမ်းစားဗိုလ်မှူးကြီး
(၈-၁၁-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

တင်ဦး၊ ဦး
အသက် (၇၁) နှစ်
အငြိမ်းစားဗိုလ်မှူးချုပ်
(၃၀-၁၂-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

တင်အေး၊ ဦး
အသက် (၆၂) နှစ်
ဂီတစာဆို ကိုတင်ကိုး
(၂၇-၄-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ထွန်းခင်၊ ဦး
အသက် (၆၂) နှစ်
အမျိုးသားစာပေဆုရစာရေးဆရာခင်ကြီးအောင်
(၅-၇-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ထွန်းမြိုင်၊ ဦး(စေယျကျော်ထင်)
အသက် (၇၈) နှစ်
စာရေးဆရာ ရဲဘော်ထွန်းမြိုင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်)၊ ဂျပန်ခေတ် စစ်တက္ကသိုလ် ပထမပတ်၊ အငြိမ်းစားဗိုလ်မှူး
(၂၄-၄-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

နိုနိုစိုးမူး၊ ဦး
အသက် (၅၆) နှစ်
မြန်မာ့လက်ဝှေ့ လက်ရွေးစင်နိုနို၊ အရှေ့တောင်အာရှလက်ဝှေ့ချန်ပီယံဟောင်း
(၂၁-၁၀-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ဗလ၊ ဗိုလ်မှူး (ရဲဘော်သုံးကျိပ်)
အသက် (၈၂) နှစ်
ရဲဘော်သုံးကျိပ်ဝင် သခင်ထွန်းလွင်၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)
(၁-၁၁-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ဘလုံလေး၊ ဦး(ဦးသူတော်)
အသက် (၇၆) နှစ်
နိုင်ငံကျော်ပန်းချီဆရာကြီး ဦးဘလုံလေး၊ အငြိမ်းစားပန်းချီ ပန်းပုကျောင်း၊ ယဉ်ကျေးမှုဌာန အကြံပေးနည်းပြဆရာ
(၇-၃-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

မိုးစံ၊ ဒေါ် (ဒေါ်သောင်းတင်)
အသက် (၅၉) နှစ်
မြန်မာ့လက်ရွေးစင် တာတိုအပြေးချန်ပီယံဟောင်း မမိုးစံ
(၈-၄-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

မောင်လွင်၊ ဒေါက်တာ
အသက် (၈၁) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)၊ သူရဲကောင်းမှတ်တမ်းဝင်၊ အငြိမ်းစား နိုင်ငံတော် ကောင်စီဝင်၊ အငြိမ်းစား ဗိုလ်မှူးကြီး
(၂၃-၆-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

မြသန်း၊ ဦး (မြသန်းတင့်)
အသက် (၆၉) နှစ်
နိုင်ငံကျော် စာရေးဆရာကြီးမြသန်းတင့်၊ ၁၉၇၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း အမျိုးသားစာပေဆု ငါးကြိမ်ဆွတ်ခူး ရရှိသူ
(၁၈-၂-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

မြဟန်၊ ဦး (အဆိုကျော် ကိုမြကြီး)
အသက် (၈၀) နှစ်
နိုင်ငံကျော် အဆိုကျော်ကိုမြကြီး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး နာယကအဖွဲ့ဝင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အငြိမ်းစားလက်ထောက် ဂီတစီစဉ်ရေးမှူး၊ ဂီတအကြံပေး ပုဂ္ဂိုလ်
(၉-၈-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

မြအေး၊ ဦး
အသက် (၅၈) နှစ်
မြန်မာ့လက်ရွေးစင် ဂေါက်သီးချန်ပီယံ၊ P.G.A (U.S.A)
(၁၉-၁၂-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

မြင့်မြင့်၊ ဒေါ်
အသက် (၇၄) နှစ်
တေးသံရှင် မဋ္ဌမြင့်၊ ခေတ်ဟောင်းအဆိုတော်ကြီး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်
(၆-၃-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

မြင့်အောင်၊ ဦး
အသက် (၆၇) နှစ်
အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး
(၁၆-၁၁-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ရဲခေါင်၊ ဦး(ဇေယျကျော်ထင်)
အသက် (၇၄) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)၊ လွတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)၊
အငြိမ်းစား ဒုတိယဝန်ကြီးချုပ်
(၁၃-၅-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ရွှေငါး၊ ဦး
အသက် (၈၅) နှစ်
နိုင်ငံကျော် ဟာသလူရွှင်တော်ကြီး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး နာယက၊
အနုပညာ ဦးစီးဌာန အကြံပေးပုဂ္ဂိုလ်
(၃၀-၆-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

လဘန်ဂရောင်၊ ဦး(မဟာသရေစည်သူ)
အသက် (၈၁) နှစ်
နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)၊ ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့် ပုဂ္ဂိုလ်ကြီး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အငြိမ်းစားအဖွဲ့ဝင်
(၁၈-၁-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

လွန်းမောင်၊ ဦး
အသက် (၈၈) နှစ်
စာရေးဆရာကြီး မေမြို့မောင်
(၁၆-၉-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ဝီလျံပေါ၊ ဦး
အသက် (၇၉) နှစ်
ရန်ကုန် စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇမေဒဌာန အငြိမ်းစား ပါမောက္ခ၊ B.A , B.Com ,M.B.A (Havard)
(၃၀-၁၁-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

ဝင်းမြင့်၊ ဦး
အသက် (၇၂) နှစ်
မြန်မာ့အသံ ဦးသာဆန်း
(၅-၅-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

သောင်းဒန်၊ ဦး
အသက် (၇၅) နှစ်
အငြိမ်းစား ဒု ကာကွယ်ရေး ဦးစီးချုပ်(လေ)၊

ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ(၁၉၉၈)

အငြိမ်းစား ဗိုလ်မှူးချုပ်
(၃၀-၆-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

သိန်း၊ ဦး
အသက် (၇၆) နှစ်
ဇာတိပို့လ် မောင်သိန်း၊ ဗိုလ်တထောင် သတင်းစာ
အငြိမ်းစား အယ်ဒီတာချုပ်
(၃-၁၂-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

အောင်ခင်၊ ဦး
အသက် (၇၄) နှစ်
ဂီတစာဆို ဇာရေးဆရာ စန္ဒရား အောင်ခင်၊ မြန်မာနိုင်ငံ
ဂီတအစည်းအရုံး နာယက၊
မြန်မာ့အသံ အစီအစဉ်မှူးဟောင်း
(၁၉-၆-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

အမ်တင်အေး၊ ဦး
အသက် (၇၆) နှစ်
နိုင်ငံကျော် ပန်းချီဆရာကြီး အမ်တင်အေး၊ လွတ်လပ်ရေး
မော်ကွန်းဝင် (ဒုတိယဆင့်)၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်
များ အစည်းအရုံး နာယက၊ ယဉ်ကျေးမှု တက္ကသိုလ်
ကောင်စီ အကြံပေးပုဂ္ဂိုလ်၊ ပန်းချီပန်းပုကျောင်း
အငြိမ်းစား ကျောင်းအုပ်ကြီး
(၆-၆-၉၈ ရက်နေ့၌ ကွယ်လွန်သည်။)

စိုးအောင်

ကွယ်လွန်သူ ထင်ရှားသောပုဂ္ဂိုလ်များ (နိုင်ငံတကာ)

နိုင်ငံတကာ၌ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစား၊ သိပ္ပံ၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး စသည့် နယ်ပယ်အသီးသီး၌ ထူးချွန်ထင်ရှားခဲ့ပြီး ၁၉၉၈ ခုနှစ် အတွင်းကွယ်လွန်သွားခဲ့ကြသော ပုဂ္ဂိုလ်များစာရင်းကို လက်လှမ်းမီသရွေ့ ရှာဖွေစုစည်းဖော်ပြပါသည်။

ကာဆာရိုလီ, အဂေါ့စ်တီနို (၈၃) နှစ်

ရောမမြို့ရှိ ဗာတီကန်နန်းတော်မှနိုင်ငံခြားရေးဝန်ကြီး ဟောင်း တစ်ဦးဖြစ်သည်။ ၄င်းသည် ကွန်မြူနစ် အစိုးရများနှင့် ဆက်ဆံရေးတင်းမာခဲ့သည်ကို ပြေလည် အောင် စွမ်းဆောင်ခဲ့သူဖြစ်သည်။ ၄င်း၏ကြိုးပမ်းမှုကြောင့် ၁၉၈၉ ခုနှစ်တွင် ဆိုဗီယက်ခေါင်းဆောင် မိခေးဂေါ်ဘာချော့နှင့် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ် ဒုတိယမြောက်တို့အကြား သမိုင်းဝင် တွေ့ဆုံပွဲကို ဖြစ်မြောက်စေခဲ့သည်။ ယင်း တွေ့ဆုံပွဲ၏ ဇာတ်ဆရာဟုပင် ခေါ်တွင်နိုင်ပေသည်။ ပုပ်ရဟန်းမင်းကြီးလေးဦး၏ လက်အောက်တွင် အဆင့် ဆင့်ပြောင်းလဲလုပ်ကိုင်ခဲ့ဖူးသည်။ ဗာတီကန် နန်းတော်၏ ပြောရေးဆိုခွင့်ရှိသည့် ကိုယ်စားလှယ် တစ်ဦးဖြစ်သူ ကာဆာရိုလီသည် အပြည်ပြည်ဆိုင်ရာ အငြင်းပွားမှု ပြဿနာများတွင် ရောမကက်သလစ်ဘုရား ဝတ်ပြု ကျောင်းတော်အနေဖြင့် ထိရောက်စွာ ကြားဝင်စေ့စပ် ဖြေရှင်းပေးနိုင်အောင် စွမ်းဆောင်ခဲ့သည့်အတွက် အများ နှင့် မတူဘဲ တစ်မူထူးခြားကာ ထင်ရှားလာခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ချီလီနှင့်အာဂျင်တီးနားတို့ ပြဿနာကို ကြားဝင် စေ့စပ်ဖြေရှင်းပေးခဲ့သည်။ အီတလီနိုင်ငံ ရောမမြို့တွင် ကွယ်လွန်သည်။

ကားမိုက်ကယ်, စတိုကဲလီ (၅၇) နှစ်

အရပ်ဘက် အခွင့်အရေးရှိရေးအတွက် တောင်းဆို တိုက်ခိုက်ရာတွင် သမ္ဘာရင့်၊ ဝါရင့်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ လူမည်းအခွင့်အရေးနှင့် အခွင့်အာဏာရှိရေး အတွက် တောင်းဆို တိုက်ပွဲဝင်ခဲ့ရာ ဘဝတူလူမည်း လုပ်ဖော်ကိုင်ဖက်များက သူ့.အား ဝန်းရံအားဖြည့် ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် ဂွိနီးယားရှိ ကွန်နာကရိုင်းသို့ ပြောင်းရွေ့လာသူ ဖြစ်သည်။ သူ၏နာမည်ကိုလည်း အာဖရိကလူမျိုး ဆိုရှယ်လစ်ဝါဒီ နှစ်ဦးအား ဂုဏ်ပြုသော အားဖြင့် ကဝါမီတားဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ သူသည် အာဖရိကနွယ် အမေရိကန်လူမျိုးများကို ချစ်ခင်သူဖြစ်ပြီး ၄င်းတို့၏ ဘဝ သာယာတိုးတက်စေရေး နှင့် တွေ့ကြုံနေရသည့်ဒုက္ခ သက်သာလျော့နည်းစေရေး အတွက် အလေးအနက်ထား လုပ်ကိုင်ဆောင်ရွက်သူ ဖြစ် သည်။ သူသည် ခေတ်ရှေ့ပြေးနေသူ တစ်ယောက်လည်း ဖြစ်သည်။ ထို့ကြောင့် ၄င်း၏ သဘောထားအမြင်နှင့် မတိုက်ဆိုင်သူများအပေါ် စိတ်မရှည်သလို ဖြစ်ခဲ့ရသည်။ ၄င်းသည် တက်ကြွသူ တစ်ဦးဖြစ်ရာ တိုက်ပွဲတစ်ပွဲကို ဆုံးခန်းတိုင်အောင် စိတ်ဓာတ်ခိုင်ခိုင်မာမာဖြင့် ဆင်နွှဲမည့် သူ ဖြစ်သည်။ ဂွိနီးယား၊ ကွန်နာကရိုင်းတွင် ကွယ်လွန် သည်။

ချန်ဟာမန်, ချတ်တီချိုင်း (၇၈) နှစ်

ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်ဟောင်းတစ်ဦး ဖြစ်သည်။ မော်တော်ဆိုင်ကယ်အမြန်စီးခြင်းနှင့် ဟာဗာနာ ဆေးပြင်း

လိပ်ကို နှစ်သက်သူ၊ အသင့်စီမံ ဖွဲ့စည်းထားသည့်သူ ဦးဆောင်သော အစိုးရအဖွဲ့အတွက် ကြွယ်ဝသည့် အခွင့်အလမ်းများကို လိုချင်တောင့်တသူ ချတ်တီချိုင်း ဆွန်ဟာဗန် သည် ထိုင်းနိုင်ငံ နိုင်ငံရေးတွင် အလွန်အကျွံဖြစ်သည်အထိ ပုံဖော်လုပ်ဆောင် ခဲ့ဖူးသည်။ ထိုင်းနိုင်ငံ၏ အသက်အငယ်ဆုံး ဗိုလ်ချုပ်ကြီးတစ်ဦး ဖြစ်ခဲ့သူ ဆွန်ဟာဗန်သည် အာရှစီးပွားရေးဖွံ့ဖြိုးမှု စတင်ခဲ့သည့် ကာလဖြစ်သည့် ၁၉၈၈ ခုနှစ်တွင် ထိုင်းနိုင်ငံ၏ ပထမဆုံး ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ဝန်ကြီးချုပ်တစ်ဦး ဖြစ်လာခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် သွေးထွက်သံယိုမှု မရှိသည့် အာဏာသိမ်းမှုဖြင့် ရာထူးမှ ဖြုတ်ချခြင်းမခံရမီ ချတ်တီချိုင်းဆွန်ဟာဗန်သည် အိမ်နီးချင်း နိုင်ငံများနှင့် ဆက်ဆံရေး သင့်မြတ်အောင် ကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ နယ်စပ်ဒေသများကို စစ်မြေပြင်အဖြစ်မှ ရောင်းဝယ်ဖောက်ကား ကုန်သွယ်သည့်ဒေသများအဖြစ် ပြောင်းလဲလုပ်ဆောင်ခဲ့သည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကွယ်လွန် သည်။



လုပ်ငန်းရှင်သူဌေးကြီး
လျူးဂရိတ်

ဂရိတ်,လျူး (၉၁) နှစ်

လုပ်ငန်းတစ်ခုအောင်မြင်ရေးအတွက် ဘာပဲလုပ်ရ လုပ်ရ တစိုက်မတ်မတ် လုပ်တတ်သူဖြစ်သည်။ ဗြိတိသျှ တေးဂီတ ဖျော်ဖြေရေးလောကတွင် အကျော်အမော် လုပ်ငန်းရှင် သူဌေးကြီးတစ်ဦးလည်းဖြစ်သည်။ အမှတ်တရ လက်မှတ် ထိုးထားသော ဆေးပြင်းလိပ်များနှင့် ဂန္ဆင်း မြောက် တေးများကြောင့် ကျော်ကြားခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စု ယူကရိန်းမှ ထွက်ပြေးလာသူ ဖြစ်သည့် လျူးဂရိတ်သည် သီဆိုကပြ ဖျော်ဖြေရသည့် ဂီတလောက သို့ ကချေသည် တစ်ဦးအဖြစ် စတင် ဝင်ရောက်ခဲ့သူ ဖြစ်သည်။ ၁၉၂၆ ခုနှစ်တွင် ဖရက်အက်စ် တိုင်းယားက သူအား ကမ္ဘာ့တစ်ကိုယ်တော် ချားလက်စ်တန် (Charleston) ချန်ပီယံ ဟု ခေါ်ဝေါ် သမုတ်ခဲ့သည်။ ဖရက်အက်စ် တိုင်းယား၏ ပံ့ပိုးကူညီမှုဖြင့် ဗြိတိသျှ အသံလွှင့်ဌာန (B.B.C) နှင့် အပြိုင်စိန်ခေါ်၍ ရုပ်မြင်သံကြားဖျော်ဖြေမှု အစီအစဉ် များကို လုပ်ဆောင် နိုင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် ဂီတသူရဲကောင်းအဖြစ် သူကောင်း ပြုခြင်းခံရပြီး ၁၉၆၉ ခုနှစ်တွင် **"The Saint"** ရုပ်မြင်သံကြား ဇာတ်လမ်းတွဲ များနှင့် **"On Golden Pond"** ရုပ်ရှင် ဇာတ်လမ်းတွဲများကို ထုတ်လုပ်ခဲ့ရာ အောင်မြင်ခဲ့သည်။ သို့ရာတွင် ၁၉၈၀ ပြည့်နှစ်တွင် စရိတ်အကုန် အကျ အလွန်များသည့် **"Raise the Titanic"** ရုပ်ရှင် ဇာတ်လမ်းကို ထုတ်လုပ်ခဲ့ရာ မအောင်မြင်ဖြစ်ကာ ကျဆုံးခဲ့ရသည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကွယ်လွန်သည်။

ဒုယင်ဒိုလုန်း (၆၇) နှစ်

ယခင် တောင်ဗီယက်နမ်နိုင်ငံ ရဲချုပ်တစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ ဗီယက်နမ် စစ်ပွဲကာလက ရက်စက် ကြမ်းကြုတ်မှုကို ပြသည့်အနေဖြင့် ၁၉၆၈ခုနှစ်တွင် ကြောက်ရွံတုန်လှုပ်နေသည့် အကျဉ်းသားတစ်ဦးအား ရဲချုပ်ဒုယင်ဒိုလုန်းက ပစ္စတိုသေနတ်ဖြင့်ချိန်ထားသည့် ပုံကို သတင်းသမားများက အမိအရ ရိုက်ပြနိုင်ခဲ့သည်။ ယင်းဓာတ်ပုံမှာ အကျဉ်းသားတစ်ဦး ကွပ်မျက်ခြင်းမခံရမီ စက္ကန့်ပိုင်းအလိုတွင် လျှပ်တစ်ပြက် ရိုက်ကူးခဲ့ခြင်းဖြစ်ရာ ပူလစ်ဇာဆုကို ရရှိခဲ့သည်။ ယင်းဓာတ်ပုံကြောင့် အမေရိကန် လူမျိုးများကို စစ်၏အနိဌာရုံကို နားလည်ခံစားပြီး လှုပ်လှုပ် ရှားရှားဖြစ်စေခဲ့ရာ ဗီယက်နမ်စစ်ဆန့်ကျင်သူအများအပြား ပေါ်ပေါက်လာစေခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် ကွန်မြူနစ်တို့ အောင်ပွဲရလုနီးနီး အချိန်တွင် ဒုယင်ဒိုလုန်းသည် အမေရိကန်ပြည်ထောင်စု ဗာဂျီးနီးယားသို့ ထွက်ပြေးခဲ့ သည်။ ယင်းဒေသတွင် စားသောက်ဆိုင် တစ်ဆိုင်ဖွင့်လှစ် လုပ်ကိုင်ခဲ့သည်။ ဝါရှင်တန်မြို့ ဆင်ခြေဖုံး လူနေရပ်ကွက်တစ်ခုတွင် ကွယ်လွန်သည်။



ဗီယက်နမ်ကွန်မြူနစ်ပါတီ
ခေါင်းဆောင်ဟောင်း
ဒုယင်ဗန်လင်း

ဒုယင်ဗန်လင်း (၈၃) နှစ်

တစ်ယူသန်ဖြစ်သည့် ဗီယက်နမ်ကွန်မြူနစ်ပါတီ ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သည်။ သို့ရာတွင် ၁၉၈၆ ခုနှစ်က သူ၏ လွတ်လပ်သောစွဲးကွက် ဖြစ်ပေါ်စေရေးအတွက် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်များက ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးကို အင်အားကောင်းအောင် ဆောင်ကြဉ်းပေးခဲ့သည်။ ဒုယင်ဗန်လင်းသည် ဗီယက်နမ်နိုင်ငံအနေဖြင့် အသေခံမည် သို့မဟုတ် ပုံစံသစ်ပြောင်းမည် ဆိုသည့် အချက်ကို စောဒကတက်ခဲ့ပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ရရှိရေးကို တွန်းအားပေး စေ့ဆော်ခဲ့သည်။သို့ဖြစ်လင့်ကစား ၁၉၉၆ ခုနှစ်တွင် သွေးစုပ်အမြတ်ထုတ်သည့် နိုင်ငံခြားသားများ လုပ်ရပ်နှင့် ကိုယ်ကျင့်တရား တန်ဖိုး ခြစားခြင်းခံရမှုကို သတိပေးပြောကြားခဲ့ဖူးသည်။ ဟိုချီမင်းမြို့တော်တွင် ကွယ်လွန်သည်။

ဇီအီဂလာ, ဟင်နရီ (၉၁) နှစ်

ဒုတိယကမ္ဘာစစ်ကာလက ရဲရင့်သည့်တော်လှန်ရေးတိုက်ပွဲဝင်သူတစ်ဦးဖြစ်သည်။ စစ်ပြီးခေတ်တွင် လုပ်ငန်းရှင် တစ်ဦး ဖြစ်လာခဲ့သည်။ ၄င်းသည် ဥရောပတွင် လေကြောင်းပျံသန်းမှု အဆင့်မြင့်မားအောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူ ဖြစ်သည်။ ပြင်သစ် လေကြောင်းလိုင်း၏ ဥက္ကဋ္ဌကြားရေးမှူးချုပ်အဖြစ် ပင်ပန်းခက်ခဲသည့် တာဝန် ကို ရယူထမ်းဆောင်ခဲ့ပြီးနောက် ဗိုလ်မှူးကြီးဟောင်း တစ်ဦးဖြစ်သည့် ဟင်နရီဇီအီဂလာသည် အသံထက် မြန်သည့် ကွန်ကော့ဒ် ဂျက်လေယာဉ် တည်ဆောက်မှုတွင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခဲ့သည်။ ကြိုးပမ်းမှု၏ ရလဒ် အဖြစ် ၁၉၇၆ ခုနှစ်တွင် ကွန်ကော့ဒ် ဂျက်လေယာဉ် စတင်ပျံသန်းမှု ခရီးစဉ်ကို အောင်မြင်စွာ စတင်နိုင်ခဲ့သည်။ ထို့နောက်ပိုင်းတွင် အဲယားဘတ်စ် လေယာဉ်ကြီးများ တည်ဆောက်သည့် လုပ်ငန်းထူထောင်ရာတွင် ကူညီပံ့ပိုးခဲ့သည်။ အဆိုပါ လုပ်ငန်းမှာ လေယာဉ်တည်ဆောက်မှုတွင် ပြိုင်ဘက်ဖြစ်သည့် ဘိုးအင်း ဂျက်လေယာဉ်များကို အောင်မြင်စွာ စိန်ခေါ်ယှဉ်ပြိုင်လုပ်ကိုင်နိုင်သည့် လုပ်ငန်းစု ဖြစ်သည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကွယ်လွန်သည်။

တေလာ, တဲလ်ဖို့ဒ် (၉၀) နှစ်

စစ်ရာဇဝင်တော်ကောင်များကို စစ်ဆေးအရေးယူသည့် နရင်ဘတ်တရား၇ုံး၏ တရားစွဲရေးဆိုင်ရာ အကြီးအကဲ တစ်ဦးဖြစ်သည်။ တဲလ်ဖို့ဒ်တေလာက စစ်သားတစ်ဦး၏ စစ်ဝတ်စုံ ဝတ်ထား၇ုံမျှဖြင့် တရားမျှတမှုမှ ရှောင်ကွင်းပြီး ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို အကာအကွယ်ပြုရန် မဖြစ်နိုင်ဟု စောဒကတက်ထားသည်။ ၁၉၄၆ ခုနှစ်မှ ၁၉၄၉ ခုနှစ်အတွင်း အမေရိကန်ပြည်ထောင်စု ကြည်းတပ်မှ ဗိုလ်မှူးကြီးတစ်ဦးဖြစ်သူ တဲလ်ဖို့ဒ်တေလာသည် နာဇီတို့ ကျူးလွန်ခဲ့ကြသည့် ရာဇဝတ်မှု ၁၅၀ ကျော်ကို တွေ့မြင်ခဲ့ရ သူ ဖြစ်သည်။ ယင်းအမှုများတွင် အသေအချာ ကြံစည်တွက်ဆ၍ လူသတ်တဝါတို့အပေါ် ရာဇဝတ်မှု ကျူးလွန်ခဲ့သော ဟာမန်းဂေါ်ရင်းနှင့် ရုဒေါ့ဖ်ဟက်စ်တို့၏ အမှုများလည်း ပါဝင်သည်။ အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့တွင် ကွယ်လွန်သည်။

ဒီ အာရေးလ်ဇာ, ကျို့စ်မာရီရာ (၈၈) နှစ်

ဝါရင့်သံတမန်တစ်ဦးဖြစ်ခဲ့ပြီး စပိန်နိုင်ငံ ဒီမိုကရေစီလမ်းကြောင်းသို့ ကူးပြောင်းသည့် ဖြစ်စဉ်တွင် ဦးဆောင်မှုပေးခဲ့သူတစ်ဦးဖြစ်သည်။ အာဏာရှင် ဖရန်စစ် ကို ဖရန်ကိုလက်ထက်တွင် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်နှင့် အာဂျင်တီးနား နိုင်ငံဆိုင်ရာ သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဒီအာရေးလ်ဇာသည် ဒီမိုကရေစီကို ပွင့်ပွင့်လင်းလင်း ထောက်ခံပြောကြားသူ ဖြစ်သည်။ ယင်းအပြုအမူများက အာဏာရှင်ဖရန်ကိုအားအမျက်ထွက်စေခဲ့သည်။ ထို့ကြောင့်ပင် ၁၉၇၅ ခုနှစ် ဖရန်ကို မကွယ်လွန်မီတွင် ဒီအာရေးလ်ဇာ၏ သံတမန်နိုင်ငံကူးလက်မှတ်ကို ပြန်လည် ရုပ်သိမ်းခဲ့သည်။ အာဏာရှင်ဖရန်ကို ကွယ်လွန်ပြီး ခေတ်နောင်းပိုင်း စပိန်နိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲတွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခြောက်လကြာ တာဝန်ထမ်းဆောင်ခဲ့သည်။ ပြင်ပနိုင်ငံများသို့ သွားရောက်၍လည်း စပိန်နိုင်ငံဖြတ်သန်းနေသည့် နိုင်ငံရေးအပြောင်းအလဲများကို ရှင်းလင်းပြောကြားခဲ့သည်။ စပိန်နိုင်ငံ မဒရစ်မြို့တွင် ကွယ်လွန်သည်။

ဒီအမ်မာ, ဝေါ်လ်တာ (၉၃) နှစ်

လေဖြင့်မှုတ်ရသည့် ပိကေပူဖောင်းများကို စီးပွားဖြစ် ပထမဆုံး ထုတ်လုပ်တီထွင်ခဲ့သူ ဖြစ်သည်။ အမြွှေးပါးဖြစ်သည့် ပန်းနရောင်ပူဖောင်းများကို မည်သို့မှုတ်ရမည်ကို ယင်းပစ္စည်းရောင်းသူများအား ကိုယ်တိုင် သင်ပြခဲ့သည်။ စာရင်းကိုင် တစ်ဦးဖြစ်သည့် ဒီအမ်မာသည်

ကော်ပိုရေးရှင်းတစ်ခု၏ ဒုတိယဥက္ကဋ္ဌ ရာထူးအထိ ထမ်းဆောင်ခဲ့ဖူးသည်။ ၁၉၂၈ ခုနှစ်တွင် "Double Bubble" ခေါ်သည့် ပူဖောင်းကို အမှတ်မထင် အဆန်းထွင်နိုင်ခဲ့သည်။ လန်ကတ်စတာမြို့တွင် ကွယ်လွန်သည်။

ဒူဗဲလီးယား, ဆိုင်မိုနီ (၈၄) နှစ်

ဟေတီနိုင်ငံ အာဏာရှင်ဟောင်း ဖရန်ကိုပါပါဒေါ့ ဒူဗဲလီးယား၏ ကြင်ယာဖြစ်သည်။ ဟေတီနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့ပြီး သူနာပြုတစ်ယောက်ဖြစ်လာခဲ့သည်။ ယင်းသို့ လုပ်ကိုင်ရင်း ဟေတီနိုင်ငံ သမ္မတဖြစ်လာမည့် ပါပါဒေါ့နှင့် ဆုံဆည်းခဲ့သည်။ ပါပါဒေါ့၏ ရက်စက်ကြမ်းကြုတ်သော အာဏာရှင် အစိုးရ နောက်ကွယ်မှ ဩဇာလွှမ်းမိုးခဲ့သူ တစ်ဦးဟု အများက ယုံကြည်ကြသည်။ ၁၉၇၁ ခုနှစ်တွင် ပါပါဒေါ့ ကွယ်လွန်သောအခါ သားဖြစ်သူ ဂျင်းကလော်ဒီက အာဏာဆက်ခံခဲ့သည်။ ဟေတီနိုင်ငံ သားများက သူမအား ကြောက်ရွံ့ကြသည်။ ၁၉၈၆ ခုနှစ်တွင် အာဏာမှဖြုတ်ချခံရပြီး သားဖြစ်သူ ဂျင်းကလော်ဒီသည် ပြင်သစ်နိုင်ငံတွင် နိုင်ငံရေး ခိုလှုံခဲ့ရာ အလွန်ဆင်းရဲစွာဖြင့် နေထိုင်ခဲ့ရသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကွယ်လွန်သည်။

ဒိုလ်စီ, ဒန်နီလို (၇၃) နှစ်

စာအရေးများသော ၊စာအထွက်များသော စာရေးဆရာ တစ်ဦးဖြစ်ပြီး လူမှုရေး ပြုပြင်ပြောင်းလဲရေးသမား တစ်ဦးလည်းဖြစ်သည်။ ထောင်သုံးကြိမ်ကျခဲ့ဖူးသည်။ စစ်စလီတွင် မာဖီးယားများလက်မှ တောင်သူလယ်သမားများနှင့်အခွင့်အလမ်းရရှိမှု နည်းသူများ လက်ဝယ်သို့ အာဏာလွှဲပြောင်းပေးရေးကို နှစ်ပေါင်း၄၀ ကြာ ရုန်းကန်လှုပ်ရှား စွမ်းဆောင်ခဲ့မှုကြောင့် ငြိမ်းချမ်းရေးနိုဗဲဆုကို နှစ်ကြိမ်တိုင်တိုင် လျာထားသတ်မှတ်ခြင်းခံခဲ့ရသည်။ သူ၏ အယူအဆမပြင်းထန်သည့် နည်းလမ်းများတွင် အစာမစားခြင်းကို နိုင်ငံရေးလက်နက်တစ်ခုအဖြစ် အသုံးချ မှုပါဝင်သည်။ ထို့ကြောင့်ပင် အနောက်တိုင်း စာနယ်ဇင်း လောကက သူအား စစ်စလီမျိုးနွယ်ဂန္ဓီကြီးဟု ခေါ်ဝေါ် သမုတ်ခဲ့သည်။

ပါကူလာ, အယ်လင် (၇၀) နှစ်

ရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သည်။ သူ၏ကျော်ကြားသော ရုပ်ရှင်ဇာတ်ကားများဖြစ်သည့် 'Sophie's Choice' နှင့် 'All the President's Men' တို့တွင် လူအများတွေ့ကြုံရင်ဆိုင်ရဖွယ်ရှိသည့် ရှုပ်ထွေးသည့် ဆုံးဖြတ်ချက်များကို ရှာဖွေတင်ပြထားသည်။ ၄င်း၏ ရုပ်ရှင်ထုတ်လုပ်မှု သက်တမ်းအတွင်း ရုပ်ရှင်ဇာတ်ကား ၂၀ ကျော်ကို ဒါရိုက်တာ အဖြစ်လည်းကောင်း၊ ထုတ်လုပ်သူအဖြစ်လည်းကောင်း ရိုက်ကူး ထုတ်လုပ်ခဲ့သည်။ မတော်တဆယာဉ်တိုက်မှု တစ်ခုတွင် ဦးခေါင်း၌ ဒဏ်ရာရရှိပြီး အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့တွင် ကွယ်လွန်ခဲ့သည်။

ပင်နာဂိုမက်ဖ်, ဂျို့စ်ဖရန်စစ်ကို (၆၁) နှစ်

လူဖြူများသာ ဝင်ထွက်သွားလာခွင့် ရရှိကြသည့် အသင်းအဖွဲ့များ ထူထောင်မှုကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ ဒိုမီနီကန်သမ္မတနိုင်ငံတွင် ဤသို့လူဖြူများအတွက် သီးခြားခွဲခြားထားမှုကြောင့် နိုင်ငံရေးကိုပါ ထိခိုက်လာခဲ့ရသည်။ အနှိမ်ခံ ဆင်းရဲသားများဘက်မှ မားမားမတ်မတ် ရပ်တည်ကာကွယ်သူ ပင်နာဂိုမက်ဇ်သည် ၁၉၆၅ ခုနှစ်က ဖြစ်ပွားခဲ့သည့် စစ်တပ်ကိုဆန့်ကျင်ပြီး ပုန်ကန်မှုတွင် လှုံဆော်ကူညီခဲ့သူ ဖြစ်သည်။ ယင်းအရေးအခင်းတွင် လက်ဝဲဝါဒီခေါင်းဆောင် ဂျူယန်ဘော့ချ်ကို ဖြုတ်ချနိုင်ခဲ့ သည်။ သို့ရာတွင် ပုန်ကန်ထကြွမှုမှာ မကြာမီ နှိမ်နင်း ခံခဲ့ရသည်။ ယင်းအချိန်က အမေရိကန်သမ္မတဖြစ်သူ လင်းဒွန်ဂျွန်ဆင်က ကျူးဘားပုံစံမျိုး တော်လှန်ရေးဖြစ်မည်ကို စိုးရိမ်သဖြင့် စစ်သားများ ပို့လွှတ်ကာ ရှေးရိုးစွဲအမြင်ရှိသည့်သူကို သမ္မတ အဖြစ်တင်ခဲ့သည်။ နှစ်အနည်းငယ် ကြာပြီးနောက် ပင်နာဂိုမက်ဇ်သည် ဒိုမီနီကန်နိုင်ငံ၏ ထိပ်တန်း ရာထူးကိုရအောင် ကြိုးပမ်းခဲ့သည်။ သို့ရာတွင် ၁၉၆၆ ခုနှစ်တွင် သူ၏ သမ္မတဖြစ်ရေး မျှော်မှန်းချက်များမှာ ပျက်ပြားခဲ့ရသည်။ အကြောင်းမှာ လူမျိုးရေးဝါဒကို ရှေ့တန်းတင်သူများက ၄င်းအားပလ္လင် ပေါ်တွင်ထိုင်နေသည့် လူဝံအဖြစ် ပုံဖော်တိုက်ခိုက်ခဲ့သောကြောင့် လည်းကောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှု ရှိခဲ့သောကြောင့်လည်းကောင်း ဖြစ်သည်။ ဆန်တိုဒိုမင်ဂိုတွင် ကွယ်လွန်သည်။

ဘရက်ဇ်ညက်ဗာ, ဂါလီနာ (၆၉) နှစ်

ဆိုဗီယက်ခေါင်းဆောင်ကောင်းလီယိုနစ်ဘရက်ဇ်ညက်၏သမီး ဖြစ်သည်။ အရက်သေစာသောက်သုံးခြင်းနှင့် မသမာမှု ပြုခြင်းတို့ဖြင့် မိမိဘဝကို အဆင့်မြင့်အောင် လွဲမှားစွာကြံဆောင်ခဲ့သူ ဖြစ်သည်။ ၁၉၈၂ ခုနှစ်တွင် သူမ၏ ချစ်သူဖြစ်သူ ဆပ်ကပ်သမားဖြစ်သည့် ဘောရစ်မှာ

မှောင်ခို မသမာမှုလုပ်ငန်းတွင် အဖမ်းခံရသောအခါ ဘရက်ဇ်ညက်ဗာ၏ သတင်းမှာ သတင်းစာများတွင် ဟိုးလေးတကျော် ဖြစ်ခဲ့ရသည်။ ထို့နောက် ခြောက်နှစ်အကြာတွင် သူမ၏ တတိယမြောက် ခင်ပွန်းဖြစ်သူ ယူရီချာဘာနော့ဗ်မှာ လာဘ်စားမှုဖြင့် ပြစ်မှု စီရင်ခြင်းခံရသည်။ ဤသည်မှာ ဆိုဗီယက် ထိပ်တန်း အာဏာပိုင်များအနေဖြင့် ဥပဒေကို ကျော်၍မရကြောင်း ယခင် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့က သာဓကပြခဲ့ခြင်း ဖြစ်သည်။ မော်စကိုမြို့ အနီးတွင် ကွယ်လွန်သည်။



မြို့တော်ဝန်ဟောင်း တွမ်ဘရက်လီ

ဘရက်လီ, တွမ် (၈၀) နှစ်

ကြောက်ရွံစရာကောင်းသည့် မျက်နှာသွင်ပြင်ရှိသည့် အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျလိစ်မြို့မှ မြို့တော်ဝန်ဟောင်း တစ်ဦးဖြစ်သည်။ ၄င်း တာဝန်ထမ်းဆောင်ခဲ့သည့် သက်တမ်း ၂၀ တွင် ၁၉၈၄ခုနှစ်၌ အိုလံပစ် အားကစားပြိုင်ပွဲကို လော့စ်အိန်ဂျလိစ်မြို့တွင် အိမ်ရှင်အဖြစ် အောင်မြင်စွာ ကျင်းပနိုင်သည့် အချိန်အထိနှင့် ၁၉၉၁ ခုနှစ်တွင် လူမည်းယာဉ်မောင်းသမား ရော့နီကင်းကို ရဲကရိုက်နှက်ခဲ့သည့် ဗွီဒီယိုအခွေကို ထုတ်ခဲ့ပြီးနောက်ပိုင်း အခြေအနေများ ကသောင်းကနင်း ဖြစ်ခဲ့ရသည့် အချိန်အထိတိုင်ခဲ့သည်။ တက္ကဆက် ပြည်နယ်မှ အစုရှယ်ယာလုပ်ငန်း လုပ်ကိုင်သူတစ်ဦး၏ သား ဖြစ်သည်။ စင်စစ်အားဖြင့် ဘရက်လီသည် လော့စ်အိန်ဂျလိစ်မြို့၏ ပထမဆုံးလူမည်း မြို့တော်ဝန် တစ်ဦးဖြစ်ပြီး ၄င်း၏ ကန့်လန့်ကာ နောက်ကွယ်မှ လမ်းညွှန်ဆောင်ရွက်မှုများ နှင့် ၄င်း၏ သက်တမ်းအတွင်း လော့စ်အိန်ဂျလိစ်မြို့တွင် မိုးမျှော်အဆောက်အအုံများ တိုးပွားများပြားလာမှုကြောင့် လူသိများ ကျော်ကြားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းများ၌ မရှင်းမလင်း ဖြစ်ခဲ့မှုကြောင့် ၄င်း၏ရိုးသားသည့် ဂုဏ်ပုဒ်တွင် အစွန်းအထင်း ဖြစ်ခဲ့ရသည်။ ဤသို့ဖြင့် ၁၉၉၃ ခုနှစ်တွင် လော့စ်အိန်ဂျလိစ်မြို့ တိုးချဲ့ရေးလုပ်ငန်းမှ ဖြစ်ပေါ်လာရသည့် ပြဿနာကြောင့် သူ၏နိုင်ငံရေးဘဝကို အဆုံးသတ်စေခဲ့သည်။ လော့စ်အိန်ဂျလိစ်မြို့တွင် ကွယ်လွန်သည်။

ဘောမန်း, မာတင်

အယူသီးသည့် နာဇီလူသတ်ကောင်တစ်ဦးဖြစ်သည်။ ဟစ်တလာ၏ ညာလက်ရုံး တစ်ဦးလည်းဖြစ်သည်။ မာတင်ဘောမန်း၏ ရုပ်ကြွင်းနှင့် ပတ်သက်ပြီး ၂၆ နှစ်ကြာ အငြင်းပွားမှုဖြစ်ပွားခဲ့ရသည်။ ယခုအခါ သူသည် ဖရန့်ဖတ် အမ်မိန်းတွင် ကွယ်လွန်ခဲ့ပြီ ဖြစ်ကြောင်း အတည်ပြု ပြောကြားမှုများ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။ ၁၉၄၅ ခုနှစ်တွင် မာတင်ဘောမန်း ပျောက်ကွယ်သွားပြီးနောက် နုရင်ဘတ်တရာရုံးက ၄င်း၏ မျက်ကွယ်တွင် ပြစ်ဒဏ်စီရင် ချမှတ်ခဲ့သည်။ ဘောမန်းရှိနိုင်သည့် နေရာများနှင့် စပ်လျဉ်းပြီး ရုရှားနှင့် ပါရာဂွေးနိုင်ငံတို့တွင် ဖြစ်နိုင်သည်ဟု မှန်းဆတွက်ချက်မှုများ ရှိခဲ့သည်။ ဘာလင်မြို့အနီး ဟစ်တလာ၏ မြေအောက်ကတုတ်ကျင်းအနီးမှ တူးဖော် ရရှိခဲ့သည့် အရိုးစုကို ဒီအင်အေစမ်းသပ်မှု (DNA tests)များ ပြုလုပ်ခဲ့ရာ ဘောမန်းသေဆုံးမှု အငြင်းပွားနေမှုကို ဖြေရှင်းပေးနိုင်လိမ့်မည် ဖြစ်သည်။

ဘောလ်ဒက်စိန်, ဆီဆာ (၇၇) နှစ်

ပြင်သစ်ခေတ်ပြိုင် ပန်းပုပညာရှင်တစ်ဦးဖြစ်သည်။ သူ၏လက်ရာဖြစ်သည့် ပြားချပ်ချပ်မော်တော်ကားများနှင့် အလွန်ကြီးမားသည့် လက်မပုံသဏ္ဌာန်များသည် အများ၏ နှစ်ခြိုက်ချီးမွမ်းမှုကို ခံရသလို လှောင်ပြောင်သရော်မှုကို လည်းရရှိခဲ့သည်။ ဆီဆာဘောလ်ဒက်စိန်သည် သတ္တု အပိုင်းအစအတုံးများကို အနုပညာမြောက် ပန်းပုလက်ရာ အဖြစ် ဖန်တီးပြီး အသက်မွေးဝမ်းကျောင်း ပြုသူဖြစ်သည်။ ၄င်း၏ ဖခင်မှာ အီတလီလူမျိုးဖြစ်ပြီး ပြင်သစ်နိုင်ငံသို့ ပြောင်းရွှေ့နေထိုင်ခဲ့သူဖြစ်သည်။ ဆီဆာဘောလ်ဒက်စိန်သည် အသေးစားပန်းပုလက်ရာများကိုသာ အထူးပြုထုလုပ်သဖြင့် လူသိများကျော်ကြားလာခဲ့ရသည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကွယ်လွန်သည်။

မီယာဇာဝါ, ကီအိုချီ (၇၈) နှစ်

ဝန်ကြီးချုပ် အူဘူချီလက်ထက်တွင် ဘဏ္ဍာရေးဝန်ကြီးတစ်ဦးဖြစ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်



ဂျပန်နိုင်ငံ
ဝန်ကြီးချုပ်ဟောင်း
မီယာဇာဝါ

ဖြစ်လာခဲ့သူ ဖြစ်သည်။ နိုင်ငံ၏ စီးပွားရေးနှင့် ပတ်သက်ပြီး ဒုက္ခရောက်အောင် ပြုသူဟု ပြောစမှတ်ခံရသူ ဖြစ်သည်။ ဒုတိယကမ္ဘာစစ် ကာလနောက်ပိုင်း ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရယူလိုပါက ဘဏ္ဍာရေးဆိုင်ရာ မှော်အတတ်ကို ကျင့်သုံးရန် လိုအပ်သည်ဟု ပြောကြားပြီး ဂျပန်နိုင်ငံ စီးပွားရေးကို ဦးဆောင်ခဲ့သူဖြစ်သည်။ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကွယ်လွန်သည်။



လက်ဝှေ့ကျော် အာချီမိုး

မိုး, အာချီ (၈၄) နှစ်

ထူးခြားသည့် အရည်အသွေးရှိသည့် သမ္ဘာရင့်လက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။ သူ၏ရှည်လျားသည့် လက်ဝှေ့သက်တမ်း ၂၇ နှစ်တာ ကာလအတွင်း လက်ဝှေ့အကျော်အမော်များဖြစ်သည့် ရော့ခ်ကီမာစီယာနို နှင့် မိုဟမ္မက်အလီတို့နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သူ ဖြစ်သည်။ လိုက်ဟဲဗီးဝိတ်ချန်ပီယံအဖြစ် သက်တမ်းရှည်ကြာစွာ ခံနိုင်ရည်ရှိရှိ ရပ်တည်ခဲ့သည့် အာချီမိုးသည် သူ၏ယှဉ်ပြိုင်ဘက် လက်ဝှေ့သမား ၁၅၀ နီးပါးကို အလဲထိုးနိုင်ခဲ့သည်။ ဤသည်မှာ အခြားလက်ဝှေ့ အကျော်အမော်များ မစွမ်းဆောင်နိုင်သည့် အရည်အသွေး တစ်ရပ်ပင်ဖြစ်သည်။ လက်ဝှေ့လောကမှ အနားယူသွားပြီးသည့်တိုင်အောင် လက်ဝှေ့ကြိုးဝိုင်းတွင် ကာလရှည်ကြာစွာ ဆက်လက် ရှိနေခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် မိုဟမ္မက်အလီနှင့် ယှဉ်ပြိုင် ထိုးသတ်ရန်အတွက် ကျော့ဖိုမန်အား လေ့ကျင့်သင်ကြားပေးခဲ့သည်။ ဆန်ဒီယာဂိုမြို့တွင် ကွယ်လွန်သည်။

ယန်ရှန်ကွန် (၉၂) နှစ်

တရုတ်ပြည်သူသမ္မတနိုင်ငံ သမ္မတဟောင်းတစ်ဦးဖြစ်သည်။ ၁၉၈၉ ခုနှစ်က တီယင်မင် ရင်ပြင်တွင် ဖြစ်ပွားခဲ့သည့် သွေးစွန်းသောဖြစ်ရပ်တွင် ဆူပူမငြိမ်သက်မှုများအား စစ်ရေးနည်းဖြင့် ဖြေရှင်းရန် ဆုံးဖြတ်ခဲ့သည့် ဗဟိုဦးစီးအဖွဲ့တွင် ပါဝင်လုပ်ဆောင်ခဲ့သူ ဖြစ်သည်။ တရုတ်ပြည်သူ သမ္မတနိုင်ငံအား ကွန်မြူနစ်စနစ်သို့ လျှောက်လှမ်းစေမည့် ကြမ်းတမ်းခက်ခဲလှသည့် ခရီးရှည်တိုက်ပွဲတွင် ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခဲ့သည့် ဝါရင့်တိုက်ပွဲဝင် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်တွင် တရုတ်ဝါရင့် ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က ၄င်း၏နေရာကို ဆက်ခံ ရန် ရွေးချယ်ခဲ့သော ကျန်ဇီမင်းတက်လာပြီး ထင်ပေါ်လာသည့်အခါ ယန်ရှန်ကွန်၏ အခန်းကဏ္ဍမှာ မထင်မရှား မှေးမှိန်ခဲ့ရသည်။ ယင်းအချိန်တွင် တရုတ်ခေါင်းဆောင်ကြီး တိန့်ရှောင်ဖိန်က အသက်အရွယ်ကြီးရင့်လာပြီ ဖြစ်သည့် တော်လှန်ရေး ဝါရင့်ခေါင်းဆောင်ဟောင်းများ၏ နေရာတွင် ၄င်းကိုယ်တိုင် လက်သပ်မွေးခဲ့သော ခေတ်ပညာတတ် အတတ်ပညာရှင်များနှင့် အစားထိုးခဲ့သည်။ ပီကင်းမြို့တွင် ကွယ်လွန်သည်။

ယန်း, ဖရက်ဒီ (၉၆) နှစ်

ကျွမ်းကျင်သည့် ရုပ်ရှင်ထုတ်လုပ်သူ တစ်ဦးဖြစ်သည်။ ဖရက်ဒီယန်းကိုယ်တိုင် လက်ရာမြောက် ရေးဖွဲ့ထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ဇာတ်ကား များတွင် **'Lawrence of Arabia', 'Doctor Zhivago'** နှင့် **'Rayan's Daughter'** တို့ ပါဝင်သည်။ အော်စကာ ရုပ်ရှင်ထူးချွန်ဆုကို သုံးကြိမ်ရရှိခဲ့သူ ဖြစ်သည်။ ဖရက်ဒီယန်းသည် ရုပ်ရှင်ကြည့် ပရိသတ်ကို စိတ်လှုပ်ရှားအောင်၊ အံ့အားသင့်မှုဖြစ်အောင် စွမ်းဆောင်နိုင်သူ ဖြစ်သည်။ ၄င်းရိုက်ကူးထုတ်လုပ်သော **'Lawrence of Arabia'** ရုပ်ရှင် ဇာတ်ကား တွင် မှုန်ဝါးဝါး ဖြစ်နေသည့် သဲကန္တာရအတွင်းမှ တောက်လောင်နေသည့် ထောင်ချောက်ညွတ်ကွင်း အသွင်သဏ္ဌာန် တဖြည်းဖြည်းချင်း ပေါ်လာသည့် ပြကွက်သုံးမိနစ်စာမျှ ပါရှိခဲ့ရာ ရုပ်ရှင်ကြည့် ပရိသတ် မမေ့နိုင်စရာ ဖြစ်ခဲ့ရပြီး သဲထိတ်ရင်ဖို တအံ့တသြ ဖြစ်ခဲ့ရသည်။ ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကွယ်လွန်ခဲ့သည်။

ရာမိရက်ဇ်, ရီကာဒို (၆၇) နှစ်

ဂွာတီမာလာနိုင်ငံမှ ပြောက်ကျားတော်လှန်ရေးသမား တစ်ယောက်ဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် လက်နက်စွန့်ကာ ၃၆ နှစ် ကြာရှည်ခဲ့သည့် ဂွာတီမာလာ ပြည်တွင်းစစ်ကို အဆုံးသတ်စေခဲ့သော ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ် ရေးထိုးခဲ့သည်။ သူ၏ လုပ်ဖော်ကိုင်ဖက်များက လက်ဝဲ ခေါင်းဆောင်တစ်ဦးဟု သိရှိထားသည့် ရီကာဒိုရာမိရက်ဇ်သည် တိုင်းရင်းသားမယန်းအင်ဒီးယန်း လူမျိုးစုတို့၏ အခွင့်အရေးများကို ဖိနှိပ်သည့် အမေရိကန်ကျားကန်ပေးထား သော စစ်အစိုးရကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ သိုရာတွင် လက်နက်ကိုင်တိုက်ပွဲဝင်လှုပ်ရှားမှု ရေရှည်လာခဲ့ပြီး အရပ်သားတစ်သိန်းခန့် အသက်ဆုံးရှုံးမှု ဖြစ်စေခဲ့သည်မှလွဲ၍ ပြဿနာကို ဖြေရှင်းရန် သိသာထင်ရှားသည့် မျှော်လင့်ချက်မရှိသည့် အခါတွင် ရီကာဒိုရာမိရက်ဇ်သည် ငြိမ်းချမ်းသည့် နည်းဖြင့် ဖြေရှင်းသည့် လမ်းကြောင်းသို ပြောင်းခဲ့သည်။ စေ့စပ် ညှိနှိုင်းခြင်းဖြင့် ပြဿနာကို အောင်မြင်စွာ ဖြေရှင်းရန် စွမ်းဆောင်နိုင်ခဲ့သည်။ ငြိမ်းချမ်းရေး သဘောတူညီမှုတွင် သူပုန်များအတွက် လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး စစ်ဘက်၏ အာဏာကို လျှော့ချရန်နှင့် မယန်းအင်ဒီးယန်းတို့၏ အခွင့်အရေးများကို ကာကွယ်ရန် ကတိကဝတ်ပြုခဲ့သည်။ ဂွာတီမာလာ စိုးတိုးတွင် ကွယ်လွန်သည်။

ရှီးပတ်, အယ်လန် (၇၄) နှစ်

သန်မာသည့် အမေရိကန်အာကာသ သူရဲကောင်းတစ်ဦးဖြစ်သည်။ ၁၉၆၁ ခုနှစ်တွင် အာကာသရောက် ပထမဦးဆုံးအမေရိကန်လူမျိုးအဖြစ် သမိုင်းမှတ်တိုင် ထူခဲ့သည်။ ရေတပ်အမှူထမ်းဟောင်း တစ်ဦးဖြစ်သည့် အယ်လန် ရှီးပတ်သည် အလုပ်မှထွက်ပြီး ၁၀ နှစ်အကြာတွင် သမိုင်းတွင်မည့် လူနာအာကာသယာဉ် ပျံသန်းမှုတွင် ပါဝင်ခဲ့သည်။ ဤသို့ဖြင့် လပေါ်တွင် ပဋမမြောက် လမ်းလျှောက်သည့် လူသားတစ်ဦးအဖြစ် မှတ်တမ်းတင်ခဲ့သည်။ ၄င်းသည် လမျက်နှာပြင်ပေါ်တွင် ဂေါက်သီးဘောလုံးများကို ပထမဆုံး ရိုက်ခဲ့သူ ဖြစ်သည်။ ကာလီဖိုးနီးယား ပြည်နယ်၊ မွန်တာရီအနီး ကွယ်လွန်ခဲ့သည်။

ဝီးလ်စ်မူဒီ, ဟယ်လင် (၉၂) နှစ်

အမေရိကန်တင်းနစ်လောကတွင် အစဉ်အလာကြီးခဲ့သူ တစ်ယောက်ဖြစ်သည်။ 'ပိုကာလိုမျက်နှာလေးနှင့် အမျိုးသမီး' ဟု ချစ်စနိုးခေါ်ဝေါ်ကြသည်။ ၁၉၂၃ ခုနှစ်တွင် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ချန်ပီယံ ဆုကို ဆွတ်ခူးသောအခါ အသက် ၁၇ နှစ်အရွယ်မျှသာ ရှိသေးသည်။ တင်းနစ်ကစားရာတွင် သူမ၏ ပြင်းထန်လှသည့် ရိုက်ချက်များကြောင့် ကျော်ကြားသလို ဖြူဖွေးသည့် မျက်ကာသဏ္ဌာန် ရှိသည့် သူ၏ လက်မှတ်ရေးထိုးပုံကတင်းနစ်လောကတွင် ဖက်ရှင်တစ်ခုသဖွယ် တွင်ကျယ်သွားခဲ့သည်။ မူဒီသည် အဝိုကကျသည့် တင်းနစ်ချန်ပီယံဆု ၈ ဆု ပေါင်း ၃၁ ဆုကို အောင်မြင်စွာ ဆွတ်ခူးခဲ့သူ ဖြစ်သည်။ ၁၉၃၈ ခုနှစ်တွင် ဝင်ဘာလေဒင် တင်းနစ်ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် တင်းနစ်လောကမှ အနားယူခဲ့သည်။ စာအုပ်သုံးအုပ် ရေးသားခဲ့ရာ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ စာအုပ်တစ်အုပ်ဖြစ်သည့် 'တင်းနစ်ကစားသမားတစ်ယောက်၏ ဇာတ်ကြောင်း' အမည်ရှိသည့် စာအုပ်လည်း အပါအဝင်ဖြစ်သည်။ ကာလီဖိုးနီးယားပြည်နယ် ကာမဲလ်တွင် ကွယ်လွန်သည်။

ဟမ်းမား, ဇီမူလွန် (၆၁) နှစ်

အစွမ်းရေး ပညာရေးဝန်ကြီး၊ အမျိုးသား ဘာသာရေးပါတီ၏ ဥက္ကဋ္ဌ၊ ၁၉၆၇ ခုနှစ် အရွေအလယ်ပိုင်းစစ်ပွဲပြီးဆုံး ပြီးနောက် ဂါဇာကမ်းမြောင်ဒေသနှင့် အနောက်ဘင်္ကာမ်းကို သိမ်းပိုက်ရန် အစွမ်းရေးတိုအား တွန်းအားပေးလုပ်ဆောင်ခဲ့သူ ဖြစ်သည်။ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ လက်ယာကိုဏ်း ညွှန်ပေါင်း အစိုးရ အဖွဲ့တွင် အရေးပါသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ နေတန်ယာဟုက သူအား ဂျူးဝါဒီတစ်ဦးဟု ခေါ်ဝေါ်ခဲ့သည်။ သို့ဖြစ်လင့်ကစား ဟမ်းမားသည် နှစ်အနည်းငယ်အတွင်း သဘောထား ပိုမိုပျော့ပျောင်းလာခဲ့သည်။ သူ၏ပါတီမှာမူ ပါလက်စတိုင်းလူမျိုးတို့၏ အသိမ်းပိုက်ခံနယ်မြေ ဒေသများစွန့်လွှတ်ရေးကို ပြင်းပြင်းထန်ထန် ဆန့်ကျင်မြဲ ဆန့်ကျင်ခဲ့သည်။ ဂျေရူဆလမ်းမြို့တွင် ကွယ်လွန်သည်။

အလမ်ချန်နာ, မိုဟမ္မက် (၄၅) နှစ်

'the Guinness Book of Records' ၏ မှတ်တမ်းအရ ကမ္ဘာ့အရပ်အရှည်ဆုံး လူသား အဖြစ် မှတ်တမ်းတင်ခြင်းခံရသည့် ပါကစ္စတန်နိုင်ငံသား တစ်ဦး ဖြစ်သည်။ အရပ် ၂ ဒသမ ၃ မီတာရှည်သည်။ ကျောက်ကပ်ရောဂါစွဲကပ်ခဲ့ရာ ဆေးရုံတွင် ကုတင်နှစ်လုံးဆက်ပြီးအိပ်လျက် တက်ရောက် ကုသခဲ့ရသည်။ ၄င်းသည်ယခင်က လယ်သမားတစ်ဦး ဖြစ် ခဲ့သည်။ သူသည် ကွယ်လွန်သူ

ဝေလမင်းသမီး ဒိုင်ယာနာ၏ အုတ်ဂူသို့ သွားရောက်ကြည့်ရှုရန် စိတ်ကူးယဉ် အိပ်မက် မက်နေခဲ့သူ ဖြစ်သည်။ အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့တွင် ကွယ်လွန်သည်။

အီမာမီ, ဂျာရှရှစ်ဗ် (၈၇) နှစ်

ထက်မြက်မှု မရှိဘဲ အားပျော့သည့် အီရန်နိုင်ငံ ဝန်ကြီးချုပ် ဟောင်း တစ်ဦးဖြစ်သည်။ အစိုးရအဖွဲ့ အနေဖြင့် ကျဆုံးမှု ကို မကြုံတွေ့ရစေရန် ပိုမိုပျော့ပျောင်းသည့် နည်းစနစ်ဖြင့် အုပ်ချုပ်မှုပုံစံ ပြောင်းလဲရန် သူ၏အထက် အာဏာပိုင်များနှင့် ယုံကြည်ကိုးစားရသူ ရှားမိုဟမ္မက် ရာဇာဖလာဗီကို တိုက်တွန်းခဲ့သည်။ သို့သော် သူ၏ တိုက်တွန်းမှုများမှာ အချိန်များစွာ နှောင်းခဲ့သည်။ အင်ဂျင်နီယာဟောင်း တစ်ဦးဖြစ်သည့် ဂျာရှရှစ်ဗ် အီမာမီ၏ ပြုပြင်ပြောင်းလဲမှုများတွင် အီရန်နိုင်ငံ၏ နိုင်ငံရေး အကျဉ်းသမားများအား လွှတ်ပေးခြင်းနှင့် နိုင်ငံရေးပါတီများအား တရားဝင်ဖြစ်အောင် ဆောင်ရွက်ခြင်းတို့ ပါဝင်သည်။ သို့ဖြစ်လင့်ကစား ၄င်း၏ ဆောင်ရွက်မှုများမှာ အလွန်အချိန်နှောင်းခဲ့ရာ မသမာမှု၊ ခြစားမှုများဖြင့် စွန်းထင်းလျက်ရှိသော ရှားဘုရင်အား ၁၉၇၉ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် အယာတိုလာ ရူဟိုလာ ခိုမေနီခေါင်းဆောင်သော အစွန်လာမွစ်တော်လှန်ရေး လှိုင်းဂယက်မှ ကယ်မထုတ်နိုင်ခဲ့ချေ။ ၁၉၉၈ ခုနှစ်၊ ဇွန် ၁၆ ရက် နေတွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကွယ်လွန်ခဲ့သည်။



ဂျပန်နိုင်ငံ
ဝန်ကြီးချုပ်ဟောင်း
အူနို

အူနို , ဆိုရူကီ (၇၅) နှစ်

ဂျပန်နိုင်ငံမှ ဝါရင့်နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။ ဂျပန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးအထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သို့ရာတွင် ဝန်ကြီးချုပ် သက်တမ်းမှာ အချိန် တိုတောင်းလွန်းလှရာ အူနိအတွက် အမှတ်တရ ဖြစ်စေခဲ့သည်။ ဝန်ကြီးချုပ်သက်တမ်း ၆၉ ရက်သာ ကြာရှည်ခဲ့သည်။ ထို့နောက် လိင်အရှုပ်တော်ပုံဖြင့် ဝန်ကြီးချုပ်ရာထူး မှ ပြုတ်ကျသည်အထိ ဖြစ်ခဲ့ရသည်။ ၄င်းမတိုင်မီက ဝန်ကြီး ချုပ်ဖြစ်ခဲ့သူ နိုဘူအူတာကိုရိုတာ လာဘ်စားမှုစွပ်စွဲချက်ဖြင့် ရာထူးမှပြုတ်ကျသွားသည့်အခါ ယင်းနေရာတွင် အစားထိုး ဝင်ရောက်ခဲ့သူဖြစ်သည်။ သို့ရာတွင် ဆိုဇူကီအူနိကိုယ်တိုင် ဂေရှားမယ်တစ်ဦးနှင့် လိင်ဖောက်ပြန်မှု ရှိသည့်သတင်း ပေါ်ပေါက်လာသော အခါ ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ တိုကျိုမြို့တွင် ကွယ်လွန်သည်။

အဲလစ်ဂဲလ်ဟွန်း, မာသာ (၈၉) နှစ်

အမျိုးသမီး စစ်သတင်းထောက် တစ်ဦးဖြစ်သည်။ ၁၉၃၀ ပြည့်လွန် နှစ်များအတွင်း ဖြစ်ပွားခဲ့သည့် စပိန်ပြည်တွင်းစစ်သတင်းကို ကိုယ်တိုင်ကိုယ်ကျ ရယူရေးသားခဲ့သူဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ပနားမားကို အမေရိကန်တို့ ကျူးကျော်တိုက်ခိုက်သောအခါတွင်လည်း စစ်သတင်းကို ကိုယ်တိုင်ကိုယ်ကျ ရယူခဲ့သူဖြစ်သည်။ ယင်းအချိန်တွင် သူမအသက် ၈၁ နှစ်ရှိပြီဖြစ်သည်။ စာရေးသည့်အခါမီးခိုးမပြတ်အောင်အထိဆေးလိပ်သောက်တတ် သည်။ အဲလစ်ဂဲလ်ဟွန်းသည် စစ်သတင်းများကို ရှောတန်းစစ်မျက်နှာသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ ယူရမှ ကျေနပ်သူဖြစ်သည်။ ဒုတိယကမ္ဘာစစ်ကမဟာမိတ်တပ်များအခက်ကြုံပြီး အခြေအနေ ဆိုးနေသည့် အခါ အဲလစ်ဂဲလ်ဟွန်းသည် ဆေးရုံသင်္ဘောပေါ်တွင် လိုက်ပါခဲ့ပြီး သူနာပြုထမ်းစင်တစ်ခုကို သယ်လျက် ကမ်းတက်ခဲ့သူ ဖြစ်သည်။ သူမအနေဖြင့် အန်းနက်စ်ဟမ်မင်ဝေး၏ တတိယမြောက်ဇနီးအဖြစ် အများက သိရှိကြသည်ကို လိုလားပေသည်။ သူမ၏ထင်ပေါ် ကျော်ကြားလိုသော ဆန္ဒကြောင့် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ တစ်ခါက သူမအား မေးမြန်းခဲ့ရာ 'ဘာကြောင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ဘဝမှာ ကျွန်မဟာအောက်ခြေ မှတ်စုတစ်ခုအဖြစ်သာရှိရမှာလဲ' ဟု သူမကပြန်လည်ဖြေကြားခဲ့ဖူးသည်။

မင်းဦး (ဒဿန)

ခင်ကြီးအောင် (ခရစ် ၁၉၃၇–၁၉၉၈)။ ။စာပေလောကတွင် ခင်ကြီးအောင် ကလောင်အမည်ဖြင့် ဘာသာပြန်စာပေများ ရေးသားခဲ့သူ ဦးထွန်းခင်ကို ဖခင်ပွဲရဲ့ ပိုင်ရှင် ဦးဘဘွား၊ မိခင်ဒေါ်လှဝင်းတို့က



ဦးထွန်းခင်
(ခင်ကြီးအောင်)

၁၉၃၇ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် ပခုက္ကူမြို့၌ ဖွားမြင်သည်။ မွေးချင်း ခြောက်ဦးအနက် စတုတ္ထမြောက် ဖြစ်၍ ငယ်နာမည် မောင်ခင်ကြီး ဖြစ်သည်။

ငယ်စဉ် ၁၉၄၄ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ မြို့ငမြို့နယ် ဖောင်းကွဲကျေးရွာ သိမ်ကုန်းကျောင်းရှိ မူလတန်းကျောင်းတွင် စတုတ္ထတန်းအောင်သည်အထိ ပညာသင်ယူသည်။ ၁၉၅၁ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ ပခုက္ကူမြို့ အ.ထ.က ၁ တွင် ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ တက်ရောက်သည်။ ၁၉၅၅ ခုနှစ်တွင် တက္ကသိုလ် ဝင်တန်းအောင်မြင်သည်။ ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ရန်ကုန် တက္ကသိုလ်တွင် ပညာဆည်းပူးသည်။

ဦးထွန်းခင်သည် ၁၉၅၅ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ ရန်ကုန်မြို့တရား‌လွှတ်တော် အမွေထိန်းနှင့်ပစ္စည်းထိန်း ဝန်ရုံးတွင် အောက်တန်းစာရေးမှ အထက်တန်းစာရေး အဆင့်အထိ တာဝန်ထမ်းဆောင်သည်။ ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မြို့ လူဝင်မှု ကြီးကြပ်ရေးဝန်ရုံးသို့ ပြောင်းရွေ့တာဝန် ထမ်းဆောင်ခဲ့ရာ လူဝင်မှုကြီးကြပ်ရေးမှူးအဖြစ် တိုးမြှင့် ခန့်ထားခြင်းခံရသည်။ ၁၉၆၁ ခုနှစ်တွင် လူဝင်မှု ကြီးကြပ် ရေးမှူး ရာထူးမှ ဆန္ဒအလျောက် နုတ်ထွက်သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၂ ခုနှစ်အထိ ရန်ကုန်မြို့. ဗိုလ်ချုပ် အောင်ဆန်းစျေးတွင် နန်းရွှေကိုယ်အမည်ဖြင့် အထည် ဆိုင် ဖွင့်လှစ်ကာ အသက်မွေးဝမ်းကျောင်း ပြုသည်။

ဦးထွန်းခင်သည် ခင်ကြီးအောင် ကလောင်အမည်ကို ခံယူကာ ၁၉၆၅ ခုနှစ်တွင် ဂေါကိထံမှ ပေးစာများ ဘာသာပြန်စာအုပ်ကို ရေးသားထုတ်ဝေ၍ စာပေလောကသို့ ဝင်ရောက်သည်။ ၁၉၆၇ ခုနှစ်တွင် လူအဆန်ဆုံး လူသား၊ သွေးမြေကိုကျောခိုင်း၍၊ ၁၉၇၅ ခုနှစ်တွင် လင်းယုန် တို့မြေ၊ ဆန်းစသူရိန်၊ ကမ္ဘာကျော်တို့၏ ကိုယ်တွေ့.စိတ် ဆောင်အောင်မြင်နည်းများ၊ ၁၉၇၆ ခုနှစ်တွင် စိတ်ထား ဇာနည်ဘာမထိ၊ အယောင်ဆောင် သမားကြား တားစာခံ၊ ၁၉၇၇ ခုနှစ်တွင် ဟင်းမလားကို တစ်ပတ်ရိုက်ခဲ့သူ ရေနံသူလျှို၊ မြတ်သောကရဏာရှင်၊ ၁၉၈၀ ပြည့်နှစ်တွင် အန္တိမ နယ်ခြား၊ ၁၉၈၁ ခုနှစ်တွင် မဆုံးညဉ့်သံသရာ၊ ၁၉၈၇ ခုနှစ်တွင် ဒေါက်တာ ဇော်ဂါနှင့် မဟာဗျူဟာ သူလျှိုကြီးများ၊ ရုန်းခွာကန်ခွာရင်ဆိုင်၍၊ ၁၉၈၈ ခုနှစ်တွင် သံမဏိစိတ် ဓာတ်ရှင်များ၊ ၁၉၉၃ ခုနှစ်တွင် ကမ္ဘာကျော် တို့၏ ကိုယ်တွေ့.လူ့.ဘဝ အောင်မြင်နည်းများ စသည့် စာအုပ်များကို ဘာသာပြန်ရေးသား ထုတ်ဝေသည်။ ၁၉၆၇ ခုနှစ်အတွက် အမျိုးသားစာပေ ဘာသာပြန် ဒုတိယဆုကို Ernest Hemingway ၏ A Farewell to Arms အား ဘာသာပြန်ရေးသားသည့် သွေးမြေကိုကျောခိုင်း၍ စာအုပ်ဖြင့် ရရှိသည်။ ဝန်မဂ္ဂဇင်း၊ အတွေးအမြင်စာစဉ်၊ သုတပဒေသာ စာစောင်တို့တွင်လည်း ဘာသာပြန် ဆောင်းပါးများ၊ ဝတ္ထုတိုများ‌ရေးသားသည်။

ဦးထွန်းခင်သည် မြန်မာနိုင်ငံ စာပေလုပ်သားအဖွဲ့. ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် ဗဟို မျက်နှာစုံညီ အစည်းအဝေးများသို့ စာရေးဆရာအဖွဲ့.ခွဲ ညီလာခံ ကိုယ်စားလှယ်အဖြစ် တက်ရောက်သည်။ ၁၉၈၂ ခုနှစ်တွင် ကျောက်တံတားမြို့နယ် ပုံနိပ်သူနှင့်ထုတ်ဝေသူများ စိစစ်ကြီးကြပ်ရေး ကော်မတီဝင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၉၃ ခုနှစ်မှ ကွယ်လွန်ချိန်အထိ ရန်ကုန်မြို့. ဆူးလေစေတီတော် သမိုင်းဖြစ်မြောက်ရေးအဖွဲ့.နှင့် သမိုင်းပြုစုရေးအဖွဲ့.တွင် စာပေပညာရှင်အဖြစ် ဆောင်ရွက်သည်။

ဦးထွန်းခင်သည် ၁၉၆၀ ပြည့်နှစ်၊ မေလ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့ တရား‌လွှတ်တော် အမွေထိန်းဝန်ရုံး စာရေး ဦးစောလွင်၊ ဒေါ်မြကြည်တို့.၏သမီး ဒေါ်ခင်အေးကြိုင် (ကြိုင်ကြိုင်လွင်)နှင့်လက်ထပ်သည်။သား‌ခြောက်ယောက်၊ သမီး တစ်ယောက်ထွန်းကားသည်။ ဒေါ်ခင်အေးကြိုင်မှာ ၁၉၈၃ ခုနှစ်တွင် ကွယ်လွန်သည်။

အမျိုးသားစာပေဆုရ စာရေးဆရာခင်ကြီးအောင် (ခေါ်) ဦးထွန်းခင်သည် ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့တွင် ရန်ကုန်မြို့ ဗဟိုစည်အထူးကုဆေးခန်း၌ ကျောက်ကပ်ရောဂါဖြင့် ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သား‌ခြောက်ယောက် ၊သမီးတစ်ယောက်ကျန်ရစ်သည်။

ဂုဏ်ထူးဆောင်ဘွဲ့များ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၉၈)။ ။ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ဓဝူရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဝူရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ၊ နယ်လှည့်ဝမ္မကထိကနှင့် ပြည်တွင်း ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြ သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးနှင့်တိုင်းရင်းသား ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ရွပ်ရွပ်ချွဲချွဲ ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သား များနှင့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေး၊ စီမံခန့်ခွဲရေးကဏ္ဍနှင့်လူမှုရေးကဏ္ဍများတွင် ထူးချွန်စွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစားစစ်မှုထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်မှုထမ်းများ၊ အငြိမ်းစား ပြည်သူဝန်ထမ်းများ၊ တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းများ၊ အငြိမ်းစား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ထမ်းဆောင်ဆဲ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ၊ စစ်မှုထမ်းကောင်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ၊ ရဲမှုထမ်းကောင်း တံဆိပ်များ၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်များ၊ ပြည်သူ့ဝန်ထမ်းတံဆိပ်များ၊ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေ စိုးမိုးရေးတံဆိပ်များ၊ မြန်မာနိုင်ငံရဲမှူးတွဲတိုက်ပွဲဝင် တံဆိပ် များ ဆက်ကပ် လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများ ပြုလုပ်သည်။

ယင်းသို့ ဆက်ကပ်လှူဒါန်းခြင်း၊ ချီးမြှင့်အပ်နှင်းခြင်းများပြုသည်နှင့်အညီ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ဘွဲ့များဆက်ကပ်လှူဒါန်းခြင်းခံရသောပြည်တွင်း၊ ပြည်ပမှ ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများ၊ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာထောက်ပံ့ လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့တံဆိပ်တော်များ၊ ဘွဲ့.အမည်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များ၏ အမည်များနှင့် ဘွဲ့.အမည်များ၊ စစ်မှုထမ်းကောင်းတံဆိပ်၊ ပြည်သူ့.ဝန်ထမ်းကောင်း တံဆိပ်၊ ရဲမှုထမ်းကောင်းတံဆိပ်၊ နိုင်ငံတော် ရဲမှုထမ်းတံဆိပ်၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်၊ မြန်မာနိုင်ငံ ရဲပူးတွဲတိုက်ပွဲဝင် တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များ၏ စာရင်းများကို ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဇန်နဝါရီလ ၄ ရက်၊ နှစ် ၅၀ ပြည့် ရွှေရတုလွတ်လပ်ရေး အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာသည်။

အဓိန်.ကြော်ငြာစာ အမှတ် ၂/၉၈ အရ အဘိဝံသမဟာရဋ္ဌဂုရု ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာကြီးသုံးပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၇ ပါးနှင့် သီရိလင်္ကာနိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၈ ပါး၊ အဂ္ဂမဟာ ဂန္ဓဝါစက ပဏ္ဍိတ ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး ၁၀ ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး စုစုပေါင်း ၁၁ ပါး၊ မဟာဂန္ဓဝါစကပဏ္ဍိတ ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး ၁၈ ပါးနှင့် သီလရှင်ဆရာကြီး လေးပါး စုစုပေါင်း ၂၂ ပါး၊ ဗုဇ္ဈဂန္ဓဝါစကပဏ္ဍိတ ဘွဲ့ တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၂ ပါးနှင့် သီလရှင်ဆရာကြီးနှစ်ပါး စုစုပေါင်း ၁၄ ပါး၊ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ရှစ်ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီး ခြောက်ပါး၊ ဝမ္မကထိက ဗဟုဇနဟိတဝရ ဘွဲ့.တံ ဆိပ် တော် ဆက်ကပ် လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးနှစ်ပါး၊ အဘိဝံဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး သုံးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဝံဇ ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော ဆရာတော်ကြီးများတွင် မြန်မာနိုင်ငံမှ ၁၄ ပါး၊ နီပေါနိုင်ငံမှ တစ်ပါး၊ မလေးရှားနိုင်ငံမှ တစ်ပါးနှင့် အမေရိကန်နိုင်ငံမှ တစ်ပါး စုစုပေါင်း ၁၇ ပါး၊ မဟာသဒ္ဓမ္မဇောတိကဝံဇ ဘွဲ့.တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး ၁၈ ပါး၊ သီလရှင် ဆရာကြီး တစ်ပါးနှင့် လူပုဂ္ဂိုလ်သုံးဦး စုစုပေါင်း ၂၂ ပါး၊ သဒ္ဓမ္မ

ဇောတိကဝေဒ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်း ချီးမြှင့်ခြင်း ခံရသော ဆရာတော်ကြီး သုံးပါးနှင့် လူပုဂ္ဂိုလ်လေးဦး စုစုပေါင်း ခုနစ်ပါး၊ သီရိသုဝမ္မ မဏိဇောတဝရဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်သုံးဦး၊ သီဟသုဝမ္မ မဏိဇောတဝရဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်နှစ်ဦး၊ သုဝမ္မမဏိဇောတဝရဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ် တစ်ဦး၊ သီရိသုဝမ္မ သိဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်း ခံရသော လူပုဂ္ဂိုလ်တစ်ဦး၊သုဝမ္မသိဂီဘွဲ့ ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်သုံးဦး စုစုပေါင်း ဆရာတော်ကြီး၁၁၈ ပါး၊ သိလရှင်ဆရာကြီး ရှစ်ပါးနှင့် လူပုဂ္ဂိုလ် ၁၇ ဦးပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၃/၉၈ အရ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော လူပုဂ္ဂိုလ်များတွင် သူရဲကောင်း မှတ်တမ်းဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၁၄ ဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦး၊ လယ်ယာစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်တစ်ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်နှစ်ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၁၉ ဦး၊ စက်မှုစီးပွား ထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၇၅ ဦး၊ စိမ်း ထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၂၂ ဦး၊ စိမ်း ထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၂၆ ဦး၊ စိမ်း ထူးချွန် တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၄၇ ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ချီးမြှင့် အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ် ၃၁ ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ် ၄၂ ဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးရေ ၁၇၀ နှင့် ရဲဗလတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်လေးဦး စုစုပေါင်း ၄၅၄ ဦး ပါဝင်ပါသည်။

အမိန့်ကြော်ငြာစာအမှတ် ၄/၉၈ အရ စစ်မှုထမ်းကောင်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၉၈၈ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၆,၅၈၂ ဦး စုစုပေါင်း ၇,၅၇၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၅/၉၈ ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၉၈၈ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၆,၅၈၂ ဦး စုစုပေါင်း ၇,၅၇၀ ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၆/၉၈အရ ရဲမှုထမ်းကောင်း တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားလေးဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၁၇ ဦး စုစုပေါင်း ၁၂၁ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၇/၉၈အရ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစားသုံးဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၇၂ ဦး စုစုပေါင်း ၂၇၅ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၈/၉၈အရ ပြည်သူ့ဝန်ထမ်း တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၅၉၄ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၁၄,၅၈၉ ဦး စုစုပေါင်း ၁၅,၁၈၃ ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၆၀၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၂၃,၃၈၈ ဦး စုစုပေါင်း ၂၃,၉၉၃ ဦး ပါဝင်သည်။

အမိန့်ကြော်ငြာစာအမှတ် ၉/၉၈အရ မြန်မာနိုင်ငံရဲဗူးတွဲ တိုက်ပွဲဝင်တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များတွင် အငြိမ်းစား ၁၅ ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ ၃၆၇ ဦး စုစုပေါင်း ၃၈၂ ဦး ပါဝင်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံတော် ကာကွယ်ရေးတာဝန်များကို ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြသော စစ်မှုထမ်း ၁၇ ဦး၊ သောင်းကျန်းသူ ဆန့်ကျင်ရေးအဖွဲ့ဝင် ၁၂ ဦးနှင့် အရပ်သား ငါးဦး စုစုပေါင်း ၃၄ ဦးအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ်များနှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်သော စစ်မှုထမ်း ၂၅ ဦးအား တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များ ချီးမြှင့်သည်။

ဂျပန်နိုင်ငံ။ ။ ဘဏ္ဍာရေးဝန်ကြီး ဟိရိုရှိမစ် ဆူဇူကာသည် အတိုက်အခံတို့၏ တောင်းဆိုချက်ကို တုံ့ပြန်သည့် အနေဖြင့် ရာထူးမှနုတ်ထွက်ကြောင်း ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက်နေ့တွင် ကြေညာခဲ့သည်။ လာဘ် လာဘ လက်ခံခဲ့မှုစွဲချက်ဖြင့် ဖမ်းဆီးခြင်း ခံခဲ့ရသည့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အထက်တန်းစစ်ဆေးရေး အရာရှိ နှစ်ဦး၏ အပြုအမူအတွက် တာဝန်ရှိသည့် အနေဖြင့် ရာထူး မှ နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ စစ်ဆေးရေးအရာရှိ နှစ်ဦးမှာ ရှောင်တခင်စစ်ဆေးမည့် အစီအစဉ်များ အပါအဝင် လျှို့ဝှက်သတင်းများကို ဘဏ်အရာရှိများထံ ပေးခဲ့ပြီး အပြန်အလှန်အနေဖြင့် လာဘ်လာဘ အများ အပြားနှင့် အခြားအခွင့်အရေးများကို လက်ခံခဲ့သည်ဟု သံသယရှိသည့် အတွက် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ အထက်တန်း အရာရှိဖြစ်သူ ကိုအိုချိမီယာကာဝါသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လက အလားတူလုပ်ရပ်များအတွက် ပြင်းထန်စွာ သတိပေးခြင်းခံရပြီးဖြစ်သည်။ ယင်းအချိန်က စည်းကမ်းထိန်းသိမ်း ဆောင်ရွက်မှုကို လူသိရှင်ကြား ထုတ်ဖော်ကြေညာခဲ့ရာ ဘဏ္ဍာရေးဝန်ကြီးဌာနဌ် စည်းကမ်းပိုမို တင်းကျပ်ရန် ဆန္ဒရှိကြောင်း ဘဏ္ဍာရေး ဝန်ကြီး မစ်ဆူဇူကာက ထုတ်ဖော်ကြေညာရသည်အထိ ဖြစ်ခဲ့ရသည်။ ဤသို့ဖြင့် ဇန်နဝါရီ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ် ရှုတာရိဟာရှိမိုတိုက ဟိကာရူမတ် ဆူနာဂါကို ဘဏ္ဍာရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့သည်။ ထင်ပေါ်ခြင်း မရှိလှသည့် မတ်ဆူနာဂါကို ဘဏ္ဍာရေးဝန်ကြီး ခန့်အပ်မှုနှင့် စပ်လျဉ်းပြီး ခွဲခြမ်းစိတ်ဖြာ လေ့လာသူအချို့၏ ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။ ထိုသူတို့က ဩဇာရှိသော်လည်း အခြေအနေရှုပ်ထွေးပြီး ဒုက္ခဖြစ်နေသည့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ထိန်းချုပ်မည့် မတ်ဆူနာဂါ၏ အရည်အချင်းကို သံသယဖြစ်နေသည်။ သို့ဖြစ်လင့်ကစား မတ်ဆူနာဂါသည် တရားစွဲဆိုရေးအရာရှိတစ်ဦးအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ရာ ဂျပန်နိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများအတွင်း ခြစားမှုများကို တိုက်ဖျက်ရန် ဝန်ကြီးချုပ် ရှုတာရိဟာရှိမိုတိုအနေဖြင့် အခိုင်အမာဆုံးဖြတ် လုပ်ဆောင်ခဲ့ပုံပေါ်ကြောင်း လေ့လာဆန်းစစ်သူအချို့က ထင်မြင်ချက် ပေးကြသည်။

ဤအတောအတွင်း အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) နှင့် ၄င်း၏ ညွှန့်ပေါင်းအဖွဲ့ဝင် ပါတီနှစ်ခုဖြစ်သော ဂျပန် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ (အက်စ်ဒီပီဂျေ) နှင့် ဆာကိဂါကေးပါတီ တို့ကြား ဘဏ္ဍာရေးဝန်ကြီး ဌာန၏ လုပ်ငန်းဆောင်တာများကို ချုပ်ပစ်ရန် သဘောတူညီခဲ့ကြသည်။ ယင်း သဘောတူညီချက်ကို ဘဏ္ဍာရေး ဝန်ကြီးဌာနအရာရှိများက လက်ခံခဲ့သည်။ ယင်း သဘော တူညီချက်ကြောင့် စောစောပိုင်းက စီစဉ်ထားသည့် ဘဏ္ဍာရေးဝန်ကြီးဌာနကို ဖျက်သိမ်းပြီး နိုင်ငံ၏ ဘဏ္ဍာရေးမူဝါဒများကို စောင့်ထိန်းကာ ဘဏ္ဍာရေးလုပ်ငန်းများကို ကြီးကြပ်သူအနေဖြင့်သာ ဆက်လက် ဆောင်ရွက်ခွင့်ပြုရေး အစီအစဉ်ကို ရပ်ဆိုင်းစေခဲ့သည်။ သို့ဖြစ်သည့်တိုင်အောင် ဇန်နဝါရီ ၂၁ ရက်နေ့ထုတ် **The Financial Times** သတင်းစာက အထက်ပါ သဘောတူညီမှုတွင် ပြည်တွင်း ဘဏ္ဍာရေးဈေးကွက်များအတွက် ဘဏ္ဍာရေးဝန်ကြီးဌာန က ဆောင်ရွက်ရမည့် တာဝန်အများစုကို ရုပ်သိမ်းပြီး ယင်းတာဝန်များကို ဘဏ္ဍာရေးအောဂျင်စီဟု ခေါ်တွင်သည့် အဖွဲ့သစ်သို့ လွှဲပြောင်းပေးမည် ဖြစ်သဖြင့် ဘဏ္ဍာရေး ဝန်ကြီးဌာနကို အရှက်တကွဲ ဖြစ်စေခဲ့သည်ဟု ရေးသား ဖော်ပြသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနမှာ ဂျပန်စီးပွားရေးတွင် အစဉ်အလာအားဖြင့် လုပ်ဆောင်ခဲ့ပြီးဖြစ်သည့် အလွန်အကျွံဆောင်ရွက်လုပ်ကိုင်မှုအတွက် ကျယ်ကျယ်ပြန့်ပြန့် ဝေဖန်ခြင်းခံနေရသည်။ ထို့ပြင် ယင်းဌာနတွင် အရပ်ဘက် ဝန်ထမ်းအများအပြားခန့်ထားပြီး ရွေးချယ်ထားသည့် အစိုးရကိုယ်စားလှယ်များထက်ပင် သြဇာပိုမိုသုံးတတ်ကြသည်။ အထူးသဖြင့် ၁၉၈၀ ပြည့်လွန်နှစ်များအတွင်း ပစ္စည်း ဈေးနှုန်းများ တက်ခြင်းနှင့် ယင်းကြောင့် ဘဏ္ဍာရေး အဖွဲ့အစည်းအများအပြား အကြွေးဝန်ပိခြင်းတို့အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနမှာ ဝေဖန်ခံခဲ့ရသည်။ ယင်းတို့မှာ လက်ရှိ စီးပွားရေးအခက်အခဲများကို ဖြစ်စေသော အဓိကအကြောင်းရင်းများဖြစ်သည်။ ထို့ပြင် ဝန်ကြီးဌာန၏ ဝန်ထမ်းဟောင်းများမှာ လာဘ်စားသည့် မသမာမှုများတွင် ပူးပေါင်းပါဝင်ခဲ့သဖြင့် ဖမ်းဆီးခြင်းခံရရာ ဝန်ကြီးဌာန၏ ဆိုးဝါးသော ကိုယ်ကျင့်တရားအဆင့်အတန်းအတွက်လည်း ဝေဖန်ခံခဲ့ရသည်။

ဂျပန်အောက်လွှတ်တော်၏ ၁၄၂ ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ မိန့်ခွန်းပြောကြားရာတွင် ဟာရှိမိုတိုက မူဝါဒရေးရာနှင့် စပ်လျဉ်းပြီး ပြောရိုးပြောစဉ် အကျယ်တဝင့် ပြောကြားခြင်းမပြုဘဲ စီးပွားရေးကိစ္စအပေါ်တွင်သာ အလေးထားပြောကြားပြီး ကမ္ဘာ့စီးပွားရေး



အယ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ခဲ့သောဝန်ကြီးချုပ် ဟာရှိမိုတို(ဝဲ)နှင့် ၄င်း၏ နေရာကို ဆက်ခံခဲ့သူ အိုဘူချီ(ယာ)

ပျက်ကပ် ကျပန်နိုင်ငံမှ စတင်ဖြစ်ပေါ်စေရန် ၄င်းအနေဖြင့် ခွင့်ပြုမည် မဟုတ်ကြောင်း လွှတ်တော်သို့ ကတိပေး ပြောကြားခဲ့သည်။ ထို့ပြင် ၁၉၉၇ ခုနှစ် ၊ဒီဇင်ဘာလက ကြေညာခဲ့သော အရေးပေါ် စီးပွားရေးလုပ်ဆောင်ချက် အစီအမံကို ထောက်ခံရန် တောင်းဆိုခဲ့သည်။ ယင်းတွင် အခက်အခဲ တွေ့နေသော ကျပန်ဘဏ်များနှင့် ဘဏ္ဍာရေး ဆိုင်ရာ အဖွဲ့အစည်းများအတွက် ကျပန်ယန်း ၃၀,၀၀၀ ဘီလီယံ ကူညီထောက်ပံ့ရေး အစီအစဉ်များ ပါဝင်သည်။

ဟာရှိမိုတိုပါလီမန်၌ မိန့်ခွန်းပြောသည့်နေ့မှာပင် ကျပန်ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများက လောလော ဆယ်တင်ရှိနေသည့် အကြွေးခန့်မှန်းတွက်ချက်မှုနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်မှုကို အစိုးရအဖွဲ့အရာရှိ များက ကြေညာခဲ့သည်။ ယင်းတွက်ချက်မှုအရ တင်ရှိသော အကြွေးမှာ ယန်း၇၆,၇၁၀ဘီလီယံဖြစ်သည်။ စောစောပိုင်းက တွက်ချက်မှုများတွင် ယန်း ၂၈,၀၀၀ ဘီလီယံ ခန့်မှန်းထားသည်။

ဟာရှိမိုတိုပါလီမန်၌ မိန့်ခွန်းမပြောကြားမီကပင် ဘဏ္ဍာရေးဝန်ကြီး မစ်ဆူဇူကာက စတော့ဈေးကွက်တွင် နစ်ကေအညွှန်းကိန်း ၂၂၅ အထိ ကျဆင်းခဲ့ပြီးနောက် ချက်များကို ကြေညာခဲ့သည်။ ယင်းလုပ်ဆောင်ချက်များ ဖြင့် ကောလာဟလများကို အခြေခံကာ ဈေးကစား ခြင်းကို နှိမ်နင်းသွားရန် ရည်ရွယ်ပေသည်။ ယင်းသို့ရှိစဉ် သေနတ် သမားတစ်ဦးက စီးပွားရေး ပြုပြင်ပြောင်းလဲမှု ဖော်ဆောင်ရန် အစိုးရ၏ အစီအစဉ်ကို ကန့်ကွက်သော အားဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးအား တိုက်ရို စတော့ အရောင်းအဝယ်ဌာန၌ ခြောက်နာရီကြာမျှ ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။ လက်ယာဂိုဏ်း အစွန်းရောက်ဝါဒီတစ်ဦးဟု ရဲဘက်ကဖော်ပြထားသည့် တက်ဆိုအူအိတာဂါကိုဆိုသူသည် မာဆာဟိရိအဘေးအား စတော့အရောင်းအဝယ်ဌာနအဆောက်အအုံ၏ ၁၄ ထပ်တွင် ဖမ်းဆီးပြီး ၄င်း၏ရုံးခန်းတွင် အကာအကွယ် ယူနေခဲ့သည်။ အဆိုပါ သေနတ်သမားက ဘဏ္ဍာရေး ဝန်ကြီး မစ်ဆူဇူကာနှင့် တွေ့ဆုံခွင့်တောင်းပြီး တိုက်ရို စတော့ အရောင်းအဝယ်လုပ်ငန်းကို ရပ်ဆိုင်းထားရန် အမိန့်ပေးခဲ့သည်။ ရဲက ၄င်းအား လက်နက်ချရန် ဖျောင်းဖျခဲ့သည်။

စီးပွားရေးမျက်နှာစာတွင် ယင်းသို့ရှိခဲ့ပြီး နိုင်ငံရေး မျက်နှာစာဘက်တွင် ကျပန်နိုင်ငံ၏ အဝိုက အတိုက်အခံ

ပါတီဖြစ်သည့် ရှင်ရှင်တိုပါတီဖျက်သိမ်းခဲ့ပြီး နောက်ပိုင်း အတိုက်အခံပါတီသစ်များ ပေါ်ပေါက်လာခဲ့သည်။ ယင်းတို အ နက် အ ထင် ရှား ဆုံး မှာ ယ ခင် ရှင် ရှင်တို ပါ တီ ခေါင်းဆောင်ဟောင်း အီချီရိုအိုဇာဝါ ဖွဲစည်းသည့် အတိုက်အခံ လစ်ဘရယ်ပါတီပင် ဖြစ်သည်။ ယင်းပါတီ သည် အမတ်နေရာ ၅၀၀ရှိသည့်ဂျပန်အောက်လွှတ်တော် တွင် အမတ်အင်အား ၅၄ နေရာရရှိထားသည်။ ထို့ပြင် ယင်းပါတီမှာ အောက်လွှတ်တော်တွင် ယခင်ရှင်ရှင်တို ပါတီ အဖွဲ့ဝင်ဟောင်းအရေအတွက် အများဆုံးရရှိထား သည့် ပါတီလည်း ဖြစ်သည်။ သို့ရာတွင် အိုဇာဝါ၏ အာဏာရှင် ဆန်ဆန် ခေါင်းဆောင်မှုပုံစံကြောင့် လူကြိုက် နည်းလျက် ရှိသဖြင့် အောက်လွှတ်တော်တွင် အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီအား ထိထိရောက်ရောက် ဆန့်ကျင် လှုပ်ရှားနိုင်မည့် ၄င်း၏အရည်အချင်းကို သံသယရှိလျက် ရှိသည်။

ထိုပြင် ဇန်နဝါရီလအတွင်း အတိုက်အခံ နိုင်ငံရေး ပါတီများ ပူးပေါင်းမှုကိုလည်း တွေ့လာရသည်။ Democratic Party of Japan (DPJ) ၊ Democratic Reform League ၊ From Five ၊ Taiyo Party ၊ New Party Fraternity နှင့် Voice of the People အစရှိသည့် ခြောက်ပါတီ တို့သည် အောက်လွှတ်တော်တွင် အတိုက်အခံအဖြစ် ရပ်တည်လှုပ်ရှားရန် ပူးပေါင်းဖွဲ့စည်းလိုက်ကြသည်။ ဖွဲ့စည်းလိုက်သည့် အတိုက်အခံအဖွဲကို Minyuren ဟု အမည်ပေးထားသည်။ ယင်းအဖွဲ့သည် အောက်လွှတ် တော်တွင် အမတ်အင်အား ၉၇ နေရာနှင့် အထက်လွှတ် တော်တွင် ၄၄ နေရာ ရရှိထားသည်။ ယင်းအဖွဲ့ကို တရားရေးဝန်ကြီးဟောင်း မီဂူမူဆာတိုက ဦးဆောင်သည်။

ဤအတောအတွင်း ဂျပန်ဆိုရှယ်ဒီမိုကရက်တစ် ပါတီ (အက်စ်ဒီပီဂျေ) ၏ ခေါင်းဆောင်အဖြစ် တာကာ ကိုဒိုအီအား ကန့်ကွက်သူမရှိ၊ ပြိုင်ဘက်မရှိရွေးချယ် တင်မြှောက် လိုက်သည်။ ဒိုအီသည် အက်စ်ဒီပီဂျေပါတီ၏ ခေါင်းဆောင်အဖြစ် ဒုတိယအကြိမ် နှစ်နှစ်သက်တမ်း အတွက် တာဝန်ယူဆောင်ရွက်ရန် ယခင်က ငြင်းဆိုခဲ့ သည်။ သို့ရာတွင် ပါတီအဖွဲ့ဝင်များက ပါတီပြုပြင် ပြောင်းလဲရေးကို လုပ်ဆောင်ပါမည်ဟု အာမခံချက် ပေး သည့်အခါတွင် သူမ စိတ်ပြောင်းသွားခဲ့သည်။ သူမအား ရွေးချယ်တင်မြှောက်ပြီးနောက် ပြုလုပ်သည့် သတင်းစာ ရှင်းလင်းပွဲတွင် ဒိုအီက အာဏာရလစ်ဘရယ်ဒီမိုကရက်တစ် ပါတီနှင့် အနီးကပ်လုပ်ကိုင်ဆောင်ရွက်သွား မည်ဟု ပြောကြားပြီး အဓိကမူဝါဒရေးရာများဖြစ်သည့် နိုင်ငံရေးကိုယ်ကျင့်တရား၊ အခွန်အကောက် ဖြတ်တောက် ခြင်း၊ ကာကွယ်ရေးနှင့် စားသုံးမှု အခွန်စနစ်ပြုပြင် ပြောင်းလဲရေးတို့ကို မဆောင်ရွက်ပါက ဆက်ဆံရေးအဆုံး သတ်စေလိမ့်မည်ဟု သတိပေးပြောကြားသည်။



ဂျပန်ဝန်ကြီးချုပ်ဖြစ်လာသည့်ကိုင်ဇိုအိုဘူချီ

ယင်းသို့ရှိနေခဲ့ရာမှ ဇန်နဝါရီလအတွင်းက လှုပ်လှုပ် ရွရွ ဖြစ်ခဲ့သည့် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနအတွင်း လာဘ်ပေးလာဘ်ယူ မသမာမှုများမှာ ဖေဖော်ဝါရီလတွင် ပိုမိုကျယ်ပြန့်စွာ ပေါ်ထွက်လာခဲ့ပြန်သည်။ အမှုမှာ ဘဏ် အရာရှိများထံမှ လာဘ်ယူမှုဖြင့် ဇန်နဝါရီလ အတွင်းက ဖမ်းဆီးခြင်းခံရသည့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ အထက် တန်း စစ်ဆေးရေး အရာရှိနှစ်ဦးဖြစ်သော ကိုအိချီ မီယာကာဝါနှင့် တိုရှိမီတာနီအူချီတို့၏ အမှုဖြစ်သည်။ စွဲချက်များကို စုံစမ်းစစ်ဆေးရာ ၄င်းတို့သည် နောက်ထပ် အခြားဘဏ်နှစ်ခုမှလည်း လာဘ်ယူခဲ့ကြောင်း တွေ့ရှိ လာရသည်။ ဖေဖော်ဝါရီ ၁၆ ရက်နေ့တွင် စုံစမ်းစစ်ဆေး သူများက ဆူမီတိုမိုဘဏ်နှင့် တိုကျိုမစ်ဆူဘီရှိ ဘဏ်နှစ်ခု တို့သည် လာဘ်ပေးမှု ပြုလုပ်ခဲ့ကြောင်း စွပ်စွဲခဲ့သည်။ ထို့နောက် မီယာကာဝါနှင့် တာနီအူချီတို့သည် အဆိုပါ ဘဏ်နှစ်ခုမှ စုစုပေါင်းလာဘ်ငွေ ယန်း ၁ ဒသမ ၅ သန်း လက်ခံရယူခဲ့ကြောင်း စွဲချက်တင်သည့်ဝရမ်း ထုတ်ပြန်

ခဲ့သည်။ ထိုပြင် အာဏာအလွဲသုံးစားမှုဖြင့် မိယာကာဝါနှင့် တာနီအူချိတို့နှစ်ဦးအား ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ထုတ်ပစ်ခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်းပြီး၊ အတိုက်အခံတို့က ဝန်ကြီးချုပ် ရူတာရိဟာရှိမိုတိုအနေဖြင့် လွှတ်တော်သို့ ကြားဖြတ် အစီရင်ခံစာတင်သွင်းရန် တောင်းဆိုခဲ့သည်။ ဟာရှိမိုတိုက ဂျပန်နိုင်ငံ ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကြား သတင်းဖလှယ်ရေး ဗိုရမ်တစ်ခုထူထောင်ရန် အစီအစဉ်ပါရှိသည့် အဆိုပြုချက်တစ်ရပ်ကို အောက်လွှတ်တော် မျက်နှာစုံညီ အစည်းအဝေး၌ တင်ပြရင်း အတိုက်အခံတို့ကို တုံ့ပြန်ခဲ့သည်။ ရှေ့ဆင့်နောက်ဆင့် ဆိုသလိုပင် ဂျပန်စက်မှဘဏ်ဦးဆောင်ညွှန်ကြားရေးမှူးဟောင်း ကိုဇိအူမီဇူအား လာဘ်ပေးလာဘ်ယူမှုဖြင့် ဖမ်းဆီးခဲ့ပြန်သည်။ ၄င်းမှာ ဂျပန်အဝေးပြေးလမ်းမ ကော်ပိုရေးရှင်းမှ ဘဏ္ဍာရေးတာဝန်ခံတစ်ဦးကို လာဘ်ပေးခဲ့သည်ဟု စွပ်စွဲထားသည်။ ဤအခြေအနေတွင် လစ်ဘရယ် ဒီမိုကရက်တစ်ပါတီမှ အောက်လွှတ်တော်အမတ် တစ်ဦးဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနမှ အရာရှိဟောင်းတစ်ဦးဖြစ်သူသည် တိုကျိုရှိ ဟိုတယ်တစ်ခုတွင် မိမိကိုယ်ကို သတ်သေမှု ဖြစ်ခဲ့သည်။ ၄င်းမှာ ဘဏ္ဍာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က လာဘ်ပေးလာဘ်ယူ မသမာမှုတွင် ပါဝင်ပတ်သက်သည့် စွဲချက်ဖြင့် စုံစမ်းစစ်ဆေးခြင်း ခံနေရသူ ဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း ဂျပန်နိုင်ငံရင်ဆိုင်ရသည့် ကိစ္စ တစ်ရပ်မှာ အမေရိကန်ဘက်မှ ကန့်ကွက်ပြောကြားမှုများပင် ဖြစ်သည်။ ၁၉၇၇ ခုနှစ် နှစ်လယ်ပိုင်းမှစပြီး အာရှနိုင်ငံများသို့ ကပ်ဆိုက်ခဲ့သည့် စီးပွားရေး အကျပ်အတည်းကို ဖြေရှင်းရာတွင် ဂျပန်နိုင်ငံက အစပျိုးလုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည့်အတွက် အမေရိကန်ဘက်မှ ဝေဖန်ကန့်ကွက်ခဲ့ခြင်းဖြစ်သည်။ ခွဲခြမ်းစိတ်ဖြာသူများက ဂျပန်နိုင်ငံအနေဖြင့် စီးပွားရေးအကျပ်အတည်း စတင်ကျရောက်ချိန်က ရဲရဲရင့်ရင့်နှင့် အလျင်အမြန်ဖြေရှင်း ဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်အတွက် ပြစ်တင်ပြောကြားကြသည်။ သို့ဖြစ်ရာ ၁၉၉၈ ဘဏ္ဍာရေးနှစ်မကုန်မီ နိုင်ငံ၏ စီးပွားရေး ပြန်လည်မြှင့်တင်ရန် ရည်ရွယ်သည့် စီးပွားရေး ပြုပြင်ပြောင်းလဲရေး စတုတ္ထမြောက် အစီအစဉ်ကို အာဏာရ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီက ဖေဖော်ဝါရီ ၂၀ ရက်နေတွင် ကြေညာခဲ့သည်။

ဧပြီလ ၁ ရက်နေ့တွင် ဂျပန်နိုင်ငံ၏ ကြီးမားသည့် ရိုက်ချက်ဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေး စတင် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ လုပ်ဆောင်ခြင်း၏ ရည်ရွယ်ချက်မှာ တရင်းတနှီးနှင့် ကြီးကြီးမားမား ကာကွယ်ထားသည့် ဂျပန်စျေးကွက်ကို သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် နယူးယောက်နှင့် လန်ဒန်တို့တွင်ရှိ စျေးကွက်များနှင့် ယှဉ်ပြိုင်နိုင်ရန် ဖြစ်သည်။ ဧပြီလ ၈ ရက်နေ့တွင် ဂျပန်အောက်လွှတ်တော်က ၁၉၉၈ ဘဏ္ဍာရေး နှစ်အတွက် ဘတ်ဂျက်ငွေယန်း ၇၇,၆၇၀ ဘီလီယံကို အတည်ပြုခဲ့သည်။ ဝန်ကြီးချုပ် ရူတာရိဟာရှိမိုတိုကလည်း မတ်လအတွင်းက ကြေညာခဲ့သည့် ယန်း ၁၆,၀၀၀ ဘီလီယံရှိ စီးပွားရေး မြှင့်တင်ရေးအစီအစဉ် အသေးစိတ်ကို ဧပြီလ ၉ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းသို့ရှိစဉ် ဘဏ္ဍာရေးဝန်ကြီး မတ်ဆူနာဂါက ဘဏ်များ၊ ပွဲစားလုပ်ငန်းများနှင့် အာမခံကုမ္ပဏီများထံမှ လာဘ်အလွန်အကျွံယူခဲ့သည့်အတွက် ဘဏ္ဍာရေး ဝန်ကြီးဌာနမှ အမှုထမ်း ၁၁၂ ဦးကို အပြစ်ပေးအရေး ယူမည်ဖြစ်ကြောင်း ဧပြီ ၂၇ ရက်နေတွင် ကြေညာသည်။

ဤသို့ဖြင့် ဂျပန်စီးပွားရေးကို ပြန်လည်တက်လာအောင် စွမ်းဆောင်ကြိုးပမ်းခဲ့သော်လည်း စီးပွားရေးမှာ ကျမြဲကျနေခဲ့သည်။ ဇွန် ၁၂ ရက်နေတွင် စီးပွားရေးစိမ်ကိန်း အောဂျင်စီက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်အရ ၁၉၉၇ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ဂျပန်နိုင်ငံ၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုမှာ ၁၉၉၆ ခုနှစ် ဘဏ္ဍာရေးနှစ်ထက် ဝ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။ ဤသည်မှာ ၂၃ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ကျဆင်းမှုပင်ဖြစ် သည်။ ဤသို့ ပြည်တွင်းအသားတင် ထုတ်လုပ်မှု ကျဆင်းမှုမှာ ဒုတိယလေးလပတ်အတွက် ဆက်တိုက်ကျဆင်းမှုဖြစ်ရာ ဂျပန်နိုင်ငံ စီးပွားရေးပျက်ကပ်တွင် ရောက်နေကြောင်း တရားဝင် အတည်ပြုလိုက်ခြင်းပင် ဖြစ်သည်။

ဤအခြေအနေတွင် နက်ရှိုင်းလာသည့် အာရှငွေကြေးအကျပ်အတည်းရိုက်ခတ်မှုကြောင့် ဖြစ်လာရသည့် ဂျပန်နိုင်ငံစီးပွားရေးဒုက္ခရောက်နေမှုကို ကာကွယ်ရန် ကြိုးပမ်းသည့်အနေဖြင့် ဂျပန်ယန်းတန်ဘိုး လျင်မြန်စွာ ကျဆင်းနေမှုအခြေအနေကို ပြောင်းလဲပစ်ရန် အမေရိ

အခြားတစ်ဘက်၌ အောက်လွှတ်တော်တွင် ဂျပန်ဒီမိုကရက်တစ်ပါတီ (ဒီပီဂျေ)၊ လစ်ဘရယ်ပါတီနှင့် ဂျပန်ကွန်မြူနစ်ပါတီ (ဂျေစီပီ) တို့ ပူးပေါင်းပြီး အစိုးရအဖွဲ့.အပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းခဲ့သည်။ အစိုးရအဖွဲ့အနေဖြင့် စီးပွားရေးမူဝါဒ လျှော့ကျလာခြင်း၊ အကြွေးဝန်ပိမှု ပြဿနာများကို ကောင်းစွာကိုင်တွယ် မဖြေရှင်းနိုင်ခြင်း၊ လုံလောက်မှုမရှိသည့် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု၊ နိုင်ငံရေးခြစားမှုနှင့် အိုကီနာဝါတွင် အမေရိကန်မရိန်းတပ်လေတပ်စခန်း ပြန်လည်သုံးသပ်မှု ဆိုင်ရာ ဆွေးနွေးပွဲတို့းတက်မှု မရှိခြင်းတို့အတွက် အတိုက်အခံတို့က ဝေဖန်ကြသည်။ အယုံအကြည်မရှိ အဆိုကို မဲခွဲရာ ကန့်ကွက်မဲ ၂၇၃ မဲ၊ ထောက်ခံမဲ ၂၀၇ မဲဖြင့် အဆိုမှာ ရှုံးနိမ့်သွားသည်။

အစိုးရက ထုတ်ပြန်သော ကိန်းဂဏန်းများအရ စစ်ပြီး ခေတ်နောက်ပိုင်း ဂျပန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၁၉၉၈ ခုနှစ် ၎ပြီလတွင် ၄ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး မေလတွင်လည်း ယင်းနှုန်း၌ပင် တန့်နေသည်ဟု သိရှိရသည်။



ဂျပန်နိုင်ငံ အထက်လွှတ်တော် ရွေးကောက်ပွဲ မဲပေးနေစဉ်

ယင်းသို့ရှိနေရာမှ ဂျပန်နိုင်ငံအထက်လွှတ်တော် အမတ် နေရာ၏ ထက်ဝက်ဖြစ်သော ၁၂၆ နေရာအတွက် ကန် ပြည်ထောင်စုသည် ဂျပန်နှင့်လက်တွဲပြီး ကြား၀င်ဆောင်ရွက်ခဲ့ရသည်။ ဤသည်မှာ ၁၉၉၅ ခုနှစ် နောက်ပိုင်း အမေရိကန်ပြည်ထောင်စုအနေဖြင့် ငွေကြေးဈေးကွက်တွင် ပထမဆုံး ကြား၀င်ဆောင်ရွက်ခြင်း ဖြစ်သည်။ ဂျပန်၀န်ကြီးချုပ် ရှူတာရိုဟာရိုမိုတို ကဂျပန်နိုင်ငံအနေဖြင့် အကြွေးများများစားစား ၀န်ပိနေသည့် ဘဏ်လုပ်ငန်းစနစ်များ ပြန်လည်ဖွဲ့.စည်းမှုကို အလျင်အမြန် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ပြည်တွင်းတောင်းဆိုမှုကို မြှင့်တင်ရန် အရှိန်မြှင့် လုပ်ဆောင်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီးနောက်ပိုင်း အမေရိကန်ပြည်ထောင်စုက ကြား၀င်ခဲ့ခြင်းလည်း ဖြစ်သည်။ ယင်းသို့ ကြား၀င်ဆောင်ရွက်မှုကြောင့် ဇွန် ၁၇ ရက်နေ့တွင် အမေရိကန် တစ်ဒေါ်လာလျှင် ဂျပန် ယန်းငွေ ၁၃၆ ဒသမ ၈၅ သို့ မြင့်တက်လာခဲ့သည်။ ယင်းရက်မတိုင်မီက အမေရိကန် တစ်ဒေါ်လာလျှင် ဂျပန် ယန်း ၁၄၃ ဒသမ ၂၇၅ အထိ ကျဆင်းခဲ့သည်။ ဂျပန်ယန်းကို ကျားကန်ပေးရန် အမေရိကန်ပြည်ထောင်စု အရန်ငွေကြေးမှ အမေရိကန် ဒေါ်လာနှစ်ဘီလီယံကျော် သုံးစွဲခဲ့သည်ဟု ငွေကြေး ရောင်း၀ယ်သူများက တွက်ဆကြ သည်။

ဇွန် ၂၂ ရက်နေ့တွင် လာဘ်ပေးလာဘ်ယူမသမာမှုများ ဖြစ်ပွားခဲ့သည့် ဘဏ္ဍာရေး၀န်ကြီးဌာန၏ လုပ်ငန်းဆောင်တာများအား စစ်ဆေးမှုနှင့်ကြီးကြပ် ကွပ်ကဲမှုတို့ကို ဆောင်ရွက်ရန် ဂျပန်နိုင်ငံ၏ဘဏ္ဍာရေး စောင့်ကြည့်ရေးအဖွဲ့.သစ်ဖြစ်သည့် ဘဏ္ဍာရေးကြီးကြပ် ကွပ်ကဲရေးအေဂျင်စီကို စတင်ဖွဲ့စည်းခဲ့သည်။

အခြားတစ်ဘက်တွင် အစိုးရအဖွဲ့.၏ အရွယ်အစားကို လျှော့ချရန် ရည်ရွယ်သည့် အဆိုပြုချက်ပါ၀င်သော ဥပဒေကြမ်းတစ်ရပ်ကို အစိုးရအဖွဲ့က အထက်အောက်ပါလီမန်နှစ်ရပ်သို့ တင်သွင်းခဲ့ရာ ပါလီမန်နှစ်ရပ်စလုံးက လက်ခံအတည်ပြုပေးခဲ့သည်။ လက်ရှိ၀န်ကြီးဌာန ၂၂ ခုနှင့် အစိုးရအေဂျင်စီများကို အစိုးရအဖွဲ့.ရုံးတစ်ခုနှင့် ၀န်ကြီးဌာန ၁၂ ခုသို့ လျှော့ချဖွဲ့စည်းသွားရန် ဖြစ်သည်။ ယင်းသို့ ရည်ရွယ်ထားသည့် အုပ်ချုပ်ရေးစနစ်သစ်ကို ဥပဒေအဖြစ် ပြဋ္ဌာန်းပြီး ဂါးနှစ်အတွင်း အကောင်အထည်ဖော်သွားရန်ဖြစ်သည်။ စတင် အကောင်အထည်ဖော်သည့်အခါ အစိုးရ၀န်ထမ်းအရေအတွက်ကိုလည်း ၁၀ ရာခိုင်နှုန်း လျှော့ချသွားမည်ဖြစ်သည်။

ရွေးကောက်ပွဲကို ဇူလိုင် ၁၂ ရက်နေ့တွင် ကျင်းပရာ ဝန်ကြီးချုပ်ရူတာရိုဟာရိုမိုတို၏ အာဏာရလစ်ဘရယ်ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) အရေးနိမ့်ခဲ့သည်။ အယ်ဒီပီပါတီသည် ယခင်က အထက်လွှတ်တော်တွင် အမတ်နေရာ ၆၁ နေရာ ရရှိထားခဲ့သော်လည်း ယခုကျင်းပသည့် ရွေးကောက်ပွဲတွင် ၄၄ နေရာသာ အနိုင်ရရှိခဲ့သည်။ ဝန်ကြီးချုပ် ဟာရိုမိုတိုသည် ရွေးကောက်ပွဲအရေးနိမ့်ခဲ့ခြင်းနှင့် စပ်လျဉ်းပြီး သူ့တွင် တာဝန်ရှိသည်ဟု ခံယူခဲ့သည်။ ဤသည်မှာ မိမိ၏ စီးပွားရေးမူဝါဒအပေါ် ပြည်သူက အယုံအကြည်မရှိကြောင်း ပြသလိုက်ခြင်း ဖြစ်သည်ဟုဆိုကာ ဝန်ကြီးချုပ်ရာထူးမှ နှတ်ထွက်ကြောင်း ကြေညာခဲ့သည်။

ဟာရိုမိုတိုသည် ပါတီဥက္ကဋ္ဌရာထူးနှင့် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရာထူးနေရာအတွက် ၄င်း၏ အရိုက်အရာကို ဆက်ခံမည့်သူ ရွေးချယ်ပြီးသည့်အထိ တာဝန်ဆက်ယူသွားရန် ဖြစ်သည်။ ဤအခြေအနေတွင် ဟာရိုမိုတို၏ အယ်ဒီပီပါတီ ဥက္ကဋ္ဌရာထူးနှင့် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရာထူးနေရာအတွက် ယှဉ်ပြိုင်အရွေးခံရန် ရေပန်းအစားဆုံး ပုဂ္ဂိုလ်နှစ်ဦး ပေါ်ထွက်လာသည်။ ၄င်းတို့နှစ်ဦးမှာ ကိုင်ဇိုအိုဘူချို (၆၀နှစ်) နှင့် အစိုးရအဖွဲ့ အတွင်းဝန်ဟောင်း ကာဂျိယာမ (၇၂နှစ်) တို ဖြစ်သည်။

ဤသို့ဖြင့် အာဏာရလစ်ဘရယ် ဒီမိုကရစ်တစ်ပါတီ (အယ်ဒီပီ) ဥက္ကဋ္ဌရာထူးရွေးချယ်ပွဲကို ဇူလိုင် ၂၄ ရက်နေ့တွင် ပြုလုပ်ခဲ့သည်။ ရွေးချယ်ပွဲတွင် ကိုယ်စားလှယ်သုံးဦးဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီး ကိုင်ဇိုအိုဘူချို၊ ဝါရင့်နိုင်ငံရေး သမားကြီးကာဂျိယာမနှင့် လူငယ်နိုင်ငံရေးသမား အမျာ့ စုက လိုလားသော ကျန်းမာရေးဝန်ကြီး ကို အီဇူမိတို့ ယှဉ်ပြိုင် ရာတွင် ပထမအဆင့်မဲပေးမှုတွင်ပင် အိုဘူချိုက ပြိုင်ဘက်နှစ်ဦးကို မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ သို့ဖြစ်ရာ အိုဘူချိုသည် အယ်ဒီပီပါတီ၏ ဥက္ကဋ္ဌရာထူးကို ရွေးချယ်တင်မြှောက်ခံရပြီး ဝန်ကြီးချုပ်ရာထူးကို ပါဆက်ခံနိုင်ခဲ့သည်။

ယောသိတာရာမ ဆရာတော် (မြန်မာ ၁၂၆၉ - ၁၃၆၀)။ ။ဆရာတော်ကိုတနင်္သာရီတိုင်းထားဝယ် ခရိုင် လောင်းလုံးမြို့နယ် ညောင်းမော်ရွာတွင် ခမည်းတော် ဦးဘိုးရန်-မယ်တော် ဒေါ်ခြုံတို့က ၁၂၆၉ ခုနှစ် ကဆုန်လပြည့်ကျော် ၁၁ ရက် တနလာနေ့ နံနက် ၁၀ နာရီတွင် ဖွားမြင်သည်။ မွေးချင်းခြောက်ယောက်အနက် တတိယသားရတနာဖြစ်၍ မောင်ဘလှဟု ခေါ်တွင်သည်။ ခုနစ်နှစ် သားအရွယ်တွင် ညောင်းမော်ရွာမူလတန်းကျောင်း၌ တတိယ တန်းအောင်မြင်သည်အထိ သင်ယူပြီးနောက် ၁၂ နှစ်သားအရွယ်တွင် မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် အနောက်သဗ္ဗာ ကျောင်းဆရာတော် ဦးအာလောကကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့.တော်မှာ ရှင်ကုသလ ဖြစ်သည်။ ဆရာတော် ဦးအာလောကထံတွင် တစ်နှစ်တာမျှ သဒ္ဒါကျမ်းကို သင်ယူပြီးလျှင် ၁၄ နှစ်သားတွင် သထုံမြို့ ဝါးတောကျောင်း ဆရာတော် ဦးပဏ္ဍိစ္စထံတွင် နေထိုင်၍ စာချဆရာတော် ဦးပဏ္ဍိတနှင့် ဦးကုမာရ တို့ထံတွင် သဒ္ဒါကျမ်းနှင့် အဘိဓမ္မတ္ထ သင်္ဂဟကျမ်းတို့ကို သင်ယူသည်။ ၁၅ နှစ်သားတွင် သထုံမြို့ ဝမ္မာမေဒနီတိုက် ပဓာနနာယက ဆရာတော်ဦးသူရိယနှင့် တိုက်အုပ်ဆရာတော် ဦးအာစိဏ္ဏတို့ထံ၌ ပရိယတ်ကျမ်းစာများကို ဆက်လက်သင်ယူသည်။ ထိုအခါ တိုက်အုပ်ဆရာတော်က ရှင်ကုသလ ဘွဲ့.အမည်မှ ရှင်ယောသိတ ဘွဲ့.အမည်သို့ ပြောင်းလဲမှည့်ခေါ်စေသည်။ ရှင်ယောသိတသည် အစိုးရ ပထမပြန်နှင့် အမျိုးသား ပရိယတ္တိစာမေးပွဲ ပထမငယ်၊ ပထမလတ်နှင့် ပထမကြီးတန်းတို့ကို ရှင်သာမဏေအဖြစ်ဖြင့် ဖြေဆိုအောင်မြင်ခဲ့သည်။ သက်တော် ၂၀၊ ၁၂၈၈ ခုနှစ် တန်ဆောင်မုန်းလပြည့် သောကြာနေ့၌ သထုံမြို့ တရုတ်တန်း ဒေါ်စောရင်၏ ပစ္စယာနုဂ္ဂဟဖြင့် ဆရာတော် ဦးသူရိယကို ဥပဇ္ဈာယ်ပြုလျက် ဝမ္မမေဒနီတိုက် ခဏ္ဍသိမ်တော်၌ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ရဟန်းဖြစ်စ ဝါမရမီ ၁၂၈၉ ခုနှစ်တွင် မန္တလေးမြို့ သကျသီဟ ပရိယတ္တိစာမေးပွဲ စာသင်တန်းကို ပထမစွဲ၍ အောင်မြင်ပြီးနောက် ၁၂၉၁ ခုနှစ် ရဟန်း ၂ ဝါ တွင် သကျသီဟဝမ္မာစရိယ၊ ၁၂၉၂ ခုနှစ် ၃ ဝါတွင် ဝံသာန အမျိုးသားပရိယတ္တိ ပထမကျော်တန်းကို အောင်မြင်ခဲ့ သည်။ ၁၂၉၅ ခုနှစ် ရဟန်း ၆ ဝါတွင် သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိအသင်း စာမေးပွဲ ၇ ဆင့်လုံးကို အောင်မြင်သဖြင့် ပိဋကတ္တယ ပါရဂူဘွဲ့တံဆိပ်ကို ပထမဦးစွာ ရရှိတော် မူခဲ့သည်။

ဆရာတော်သည် ၁၂၉၂ ခုနှစ် ရဟန်း ၃ ဝါမှစ၍ သထုံမြို့ ဝမ္မမေဒနီတိုက်၌ လေးနှစ်တာအထိ စာချဆရာတော်၊ သထုံမြို့ လယ်ဝန်ဦးအုန်းဖေကျောင်းတိုက်



ယောသိတာရာမ ဆရာတော် ဘဒ္ဒန္တ
ယောသိတာဘိဝံသ

တွင် ၁၂၉၆ ခုနှစ် ၇ ဝါမှစ၍ ၅နှစ်တာအထိ ပတနနာယက ဆရာတော်အဖြစ်ဖြင့် ပရိယတ်ကျမ်းစာများကို ပို့ချသင်ပြတော်မူခဲ့သည်။ ၁၃၀၁ ခုနှစ် ၁၂- ဝါမှစ၍ ထားဝယ်မြို့ ယောသိတာရာမ စာသင်တိုက်ကို တည်ထောင်ကာ နှစ်ပေါင်း ၅၀ ကျော်မျှ စာပေပို့ချ သင်ပြတော်မူခဲ့သည်။

ဆရာတော်သည် ၁၃၁၅ ခုနှစ်မှစ၍ ယောသိတာရာမ တိုက်ကို ပါဠိတကွသိုလ်အဖြစ်သို့ ရောက်ရှိအောင် စွမ်းဆောင်တော်မူ၍ ၁၃၂၆ ခုနှစ်အထိ ပါဠိတကွသိုလ်ကျောင်းအုပ်၊ ပါဠိတကွသိုလ် ဗဟိုအမှုဆောင် အဖြစ်ဖြင့် ဆောင်ရွက်တော် မူခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ ပါဠိပဋိဝေသနက၊ မော်ဘီဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် ဦးစီး ဆရာတော်(၂၁) ပါး အဖွဲဝင်အဖြစ်ဖြင့် ဆောင်ရွက်တော်မူ၍ ရန်ကုန်မြို့ ကမ္ဘာအေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးတွင် သမ္မုတိရသံဃာ့ ကိုယ်စားလှယ်၊ ထိုမှတစ်ဆင့် နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်အဖြစ်ဖြင့် ဆောင်ရွက်တော်မူသည်။ ၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲက နိုင်ငံတော်သီးခြား ဝိနည်းဝိုဂ်အဖွဲ (၂) ကို ရွေးချယ်

ခန်အပ်ရာတွင် ဆရာတော်သည် သဘာပတိအဖြစ်ဖြင့် ရွေးချယ် တင်မြှောက်ခံရပြီး ဦးဥက္ကဋ္ဌ၏ လူသေလူဖြစ်ဝါဒ အစရှိသော ဝိဝါဒါဓိကရဏ်းကို စိစစ်ဆုံးဖြတ်တော် မူခဲ့သည်။

ဆရာတော်သည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဖြစ်မှ နိုင်ငံတော်သြဝါဒါစရိယအဖြစ်သို့ တင်မြှောက် ခံရကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး ကိစ္စရပ်များကို ဆောင်ရွက်တော်မူ၍ ထားဝယ်ပြိုပရိယတ္တိ သာသနာနုဂ္ဂဟ အသင်းနာယက၊ ထားဝယ်မြို့ လောက မာရဇိန်ဘုရားကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယ၊ ထားဝယ်မြို့ အဘိဝမ္မာ ပြန်ပွားရေးအသင်း သြဝါဒါစရိယ၊ သထုံမြို့ သုဝဏ္ဏဘူမိ ပရိယတ္တိ သာသနဟိတအသင်း အဝေးရောက် နာယက ဆရာတော်အဖြစ်ဖြင့်လည်း သာသနာရေး ဘာသာရေးကိစ္စရပ်တို့ကို ဆောင်ရွက်တော်မူခဲ့သည်။ နှစ်ပေါင်းများစွာ ပါဠိဘာသာဖြင့် ပို့ချသင်ပြလာသော ပါစိတ္တာဒိပါဠိအဋ္ဌကထာ ပို့ချချက်များကိုလည်း ဝိနယပါဠိပါရဂူ ကျမ်းအမည်ဖြင့် ရေးသားပြုစုတော်မူခဲ့သည်။

ယောသိတာရာမ ပါဠိတကွသိုလ်ကျောင်းတိုက် ဆရာတော်ဘုရားသည် ၁၃၄၄ ခုနှစ်၊ သက်တော် ၇၅ နှစ်၊ သိက္ခာတော် ၅၅ ဝါတွင် နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲတံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ထို့အပြင် ၁၃၅၀ ပြည့်နှစ်၊ သက်တော် ၈၂ နှစ်၊ သိက္ခာတော် ၆၂ ဝါတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရက ဆက်ကပ်လှူဒါန်းသော အဘိဓဇ မဟာရဋ္ဌ ဂုရု ဘွဲတံဆိပ်တော်ကို လည်းကောင်း၊ ၁၃၅၅ ခုနှစ်၊ သက်တော် ၈၇ နှစ်၊ သိက္ခာတော် ၆၇ ဝါတွင် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘွဲတံဆိပ်တော်ကို လည်းကောင်း အလှူခံရရှိတော်မူသည်။

ဤသို့သော သိလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော သိက္ခာသုံးရပ် အကျင့်မြတ်သခင် ကျေးဇူးတော်အရှင် ဆရာတော်ဘုရားကြီးသည် ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၉ ရက်(၁၉၉၈ ခုနှစ်၊ နိုဝင်ဘာ လ ၂၇ ရက်)သောကြာနေ့ ည ၉ နာရီ ၃၅ မိနစ် အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

(သစ္စာ)

စင်ကာပူနိုင်ငံ။ ။ ယခုကျွန်စ်သည် စင်ကာပူနိုင်ငံသားများကို စမ်းသပ်သောနှစ်ဖြစ်မည်ဟု စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က တရုတ်နှစ်သစ်ကူးအကြို ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ပြောကြားလိုက်ပြီး ယင်းစမ်းသပ်မှုကို အထူးအားမစိုက်ရဘဲ ကျော်လွှားနိုင်အောင် လုပ်ဆောင်ကြရန် စင်ကာပူနိုင်ငံသားများကို တိုက်တွန်းခဲ့သည်။ ဒေသအတွင်း ပေါ်ပေါက်နေသော ငွေကြေး အကျပ်အတည်း ဖြစ်မှုမှာ စင်ကာပူနိုင်ငံကို အကြီးအကျယ် ထိခိုက်စေသည်။ စတော့ဈေးကွက်ကျခြင်း၊ စီးပွားရေး လုပ်ငန်းရှင်များ စိုးရိမ်ပူပန်မှုဖြစ်ခြင်း၊ စင်ကာပူသို့ ခရီးသည် အရောက်နည်းခြင်းနှင့် ဒေသအတွင်းသို့ ပို့ကုန်များ လျော့ကျသွားခြင်းတို့ ဖြစ်ခဲ့ရသည်။ စီမံကိန်းအငယ်စားများ ငွေကြေး ထောက်ပံ့မှု ရှာကြံရမည်ဖြစ်ရာ နှစ်သစ်အတွင်း ငွေကြေးအခန်းကဏ္ဍ တိုးတက်မှု မရှိသလောက်ဖြစ်မည်။ အရှေ့တောင်အာရှ အတွင်းသို့ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရင်းနှီးမြှုပ်နှံသော ငွေကြေး မဝင်သလောက်ဖြစ်မည်။ စင်ကာပူနိုင်ငံသားများ အပိုဆုကြေးငွေ ရရှိမှုလျော့နည်းမည်။ အလုပ်သမားများ အလျှော့ခံရမည်။ အလုပ်အကိုင်သစ်ရရှိရေး ပိုမိုခက်ခဲလာမည်ဖြစ်သည်။ စီးပွားရေး အကျပ်အတည်း၏ဒဏ်ကို နိုင်ငံသားများ ခံခဲ့ရပြီး ဖြစ်သည်။ အစိုးရဘဏ္ဍာငွေ တိုးတက်မှုမရှိဘဲ တန့်နေမည်ဖြစ်ရာ ရသုံးခန့်မှန်းခြေ ပိုလျှံမှုလျော့လာသောသဘောဖြစ်သည်။ ကျွန်းနှစ်အတွင်း စင်ကာပူနိုင်ငံ၏ ရေရှည်ပြိုင်ဆိုင်မှုနှင့် လုံခြုံရေးကို ကျွမ်းကျင်ပေးသော ပညာရေး၊ စီးပွားရေး အခြေခံ အဆောက်အအုံနှင့် ကာကွယ်ရေးတို့တွင် သုံးစွဲမှုကို အဓိကထား ရှိမည် ဖြစ်ပြီး မလိုအပ်သော စီမံကိန်းများကို ဖြတ်တောက်မည် သို့မဟုတ် ရွှေ့ဆိုင်းမည်ဟု ဝန်ကြီးချုပ် ဂိုချုပ်တောင်က ဆက်လက်ပြောကြားခဲ့သည်။

အလုပ်သမားအရေး – အာရှ၏ စီးပွားရေးလုပ်ငန်းများအားနည်းနေချိန်တွင် နိုင်ငံအတွင်းတရားမဝင် ဝင်ရောက်လာသူများ ပိုမိုများပြားလာနိုင်သဖြင့်.. တရားမဝင် ဝင်ရောက် လာသူများကို နှိမ်နင်းလျက်ရှိကြောင်း စင်ကာပူက မတ်လ ၁၃ ရက်နေ့တွင် ပြောကြား၊သည်။ စင်ကာပူနိုင်ငံအတွင်း ဝင်ရောက်နေထိုင်သော ဆင်းရဲချို့တဲ့သူများအပေါ် အစိုးရက စာနာစိတ်ရှိသော်လည်း စင်ကာပူနိုင်ငံသည် နိုင်ငံငယ်ကလေး ဖြစ်ပြီး မြေယာနှင့် သယံဇာတများ အကန့်အသတ်ဖြင့်သာ ရှိကြောင်း ပြည်ထဲရေးဝန်ကြီး ဝမ်ခန်ဆင်းက လွှတ်တော်တွင် ပြောကြားသည်။ တရားမဝင် ဝင်ရောက် လာသူများကို ခွင့်မပြုနိုင်ကြောင်း ၊ ၄င်းတို့ကြောင့် ကြီးမားသော လူမှုရေးနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများ ရှိလာမည် ဖြစ်ကြောင်း ဝမ်ကပြောကြားသည်။ စင်ကာပူနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုပြဿနာသည် ပိုမိုဆိုးရွားလာနိုင်သဖြင့် ရဲနှင့်လူဝင်မှုကြီးကြပ်ရေး ဝန်ထမ်းများသည် ပိုမိုနိုး၊နိုးကြားကြားရှိရန်နှင့် မိမိတို့၏ဥပဒေစည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ကြရန် တိုက်တွန်းထားသည်။ စင်ကာပူရဲကညွှန်းပေါက်ဆက်တိုက် ဝင်ရောက် စီးနင်းဖမ်းဆီးရာတွင် ဗီဇာရက်လွန် နေထိုင်သူများနှင့် တရားမဝင် ဝင်ရောက်လာသူဟု သံသယရှိသူ ၃၅၁ ဦးကို ဖမ်းဆီး ရမိခဲ့ကြောင်း ရဲကပြောကြားသည်။

၁၉၉၇ ခုနှစ်တွင် တရားမဝင် ဝင်ရောက်လာသူဟု သံသယရှိသူများကို ဖမ်းဆီးရမိမှုမှာ ၁၉၉၆ ခုနှစ်က ဖမ်းမိသော ၅၇၁၀ ဦးထက် ၃၃ ရာခိုင်နှုန်း မြင့်တက်ကာ ၇၆၀၀ ဦး ဖမ်းမိခဲ့ကြောင်း စင်ကာပူလူဝင်မှုကြီးကြပ်ရေးဌာနက ထုတ်ပြန်သော စာရင်းဇယားများတွင် ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာမှုနှင့် ခွင့်ပြုကာလထက်ကျော်လွန်နေထိုင်ခဲ့ကြသူ ၁၁၇ ဦးတို့အား အစိုးရက ထောင်ဒဏ်နှင့် ကြိမ်ဒဏ်ပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း မတ်လ ၂၂ ရက်နေထုတ် သတင်းစာများ၌ ဖော်ပြသည်။ တရားမဝင် ဝင်ရောက်နေထိုင်မှုနှင့် ပတ်သက်၍ စင်ကာပူတရားရုံးက သာမန်စစ်ဆေးချိန်ထက် လေးနာရီကြာ ပို၍စစ်ဆေးခဲ့သည်။ တရား၁ခံ ၁၁၇ ဦးက အပြစ်ရှိကြောင်း ဝန်ခံ၍ ထောင်ဒဏ်ရက်သတ္တ ၆ ပတ်နှင့် ကြိမ်ဒဏ်လေးချက်မှ ခြောက်ချက်အထိ ရိုက်နှက်အပြစ်ပေးခဲ့သည်။

စင်ကာပူနိုင်ငံတွင် တရားမဝင်အလုပ်သမားများဖမ်းဆီးရမိမှုသည် ယခုနှစ်တွင် မြင့်တက်ခဲ့ပြီး အလုပ်ရှင်

များအပေါ် ပိုမိုတင်းကျပ်သော အရေးယူဆောင်ရွက်မှုများကို လုပ်နိုင်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အစိုးရက ဇူလိုင် ၂၀ ရက်နေ့တွင် ပြောကြားသည်။ စင်ကာပူနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက် သူဦးရေသည် ယခုနှစ်ပထမနှစ်လအတွင်း ယခင်နှစ်က လစဉ်ပျမ်းမျှနှုန်းထက် ပိုမိုမြင့်တက်ခဲ့ကြောင်း ပြည်သူ့ အင်အားဝန်ကြီးဌာနဝန်ကြီး လီတွန်ယန်းက လွှတ်တော်တွင် ပြောကြားသည်။ တရားမဝင်နိုင်ငံခြား အလုပ်သမားများအား နောက်ဆုံးအကြိမ် ရှာဖွေတခင်ဝင်ရောက် ဖမ်းဆီး ရာတွင် စင်ကာပူကမ်းလွန်ရှိ ကျွန်းတစ်ကျွန်းတွင် အင်ဒိုနီးရှားနိုင်ငံသား ၂၁ ဦး ကိုဖမ်းမိခဲ့သည်။

စီးပွားရေး- အာရှပစိဖိတ်ဒေသ၏ စီးပွားရေး လုပ်ကိုင်ရန် အကောင်းဆုံး နေရာဖြစ်ခဲ့သော ဟောင်ကောင်၏နေရာကို စင်ကာပူနိုင်ငံက အစားဝင်ရောက်ပြီး အကောင်းဆုံးနေရာကို ယူလိုက်ပြီဖြစ်ကြောင်း စီးပွားရေးပညာရှင်အဖွဲ့ (အီးအိုင်ယူ)၏ လေ့လာချက်အရ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့က ဖော်ပြခဲ့သည်။ ယင်းလေ့လာချက်၌ စင်ကာပူနှင့် နယူးဇီလန်တို့ပြီးလျှင် ဟောင်ကောင်မှာ တတိယနေရာ၌ရှိသည်။ ဗြိတိသျှ ကိုလိုနီအဖြစ် ၁၅၆ နှစ်မျှ ကြာမြင့်ခဲ့ပြီးနောက် လွန်ခဲ့သောနှစ်ရာသီက တရုတ်၏ ထိန်းချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိခဲ့သော ဟောင်ကောင်နှင့်ပတ်သက်၍ တရုတ်၏ အနာဂတ်မူဝါဒအတွက် စိတ်မအေးသဖြင့် ဟောင်ကောင်ကို တတိယနေရာ၌ ထားရှိခြင်းဖြစ်သည်ဟု ဆိုသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၈-စာ၊ ၃၀၀-ရှ။)



စင်ကာပူနိုင်ငံကိုလက်ရှိအဆင့်သို့ရောက်အောင် စွမ်းဆောင်ပေးခဲ့သူ လီကွမ်ယူ

မကြာသေးမီက အရှေ့တောင်အာရှတွင် ပျံ့နှံ့သွားသော ဘဏ္ဍာရေး အကျပ်အတည်း ကြုံသော်လည်း စင်ကာပူစီးပွားရေးမှာ ယခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၄ ဒသမ ၅ ရာခိုင်နှုန်းအတွင်း တိုးတက်မည်ဟု စမျှော်လင့်ကြောင်း ပြင်ပပတ်ဝန်းကျင်တွင် အကြီးအကျယ် အပြောင်းအလဲမရှိသည်ကို သတိမူလျက် ဖေဖော်ဝါရီလတွင် စတင်ခဲ့သော စီမံကိန်းလုပ်ငန်းကို စင်ကာပူက ဆက်လက်ထိန်းချုပ်လုပ်ဆောက်နေကြောင်း ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနက မေလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဒေသဆိုင်ရာ အလားအလာ မသေချာသော်လည်း စင်ကာပူနိုင်ငံ၏ တိုးတက်မှုမှာ ယခုနှစ်ကုန်တွင် ပြန်လည်စတင်ခိုင်မာလာမည်ဟု မျှော်လင့် သည်။

အာရှငွေကြေး အကျပ်အတည်း ရိုက်ခတ်သည့်ဒဏ်ကို စင်ကာပူနိုင်ငံ ခံရစေကာမူ ၁၉၉၈ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ အနုတ်လက္ခဏာပြဖွယ် မရှိကြောင်း ဘဏ္ဍာရေးဝန်ကြီး ရစ်ချတ်ဟူက ဇွန်လ ၁ ရက်နေ့တွင် ပြောကြားခဲ့သည်။ စင်ကာပူနိုင်ငံ၏ စီးပွားရေးမှာ သင့်တင့်လျောက်ပတ်စွာ ကွဲပြားခြားနားမှု ရှိပြီး အမေရိကန် ပြည်ထောင်စုနှင့် ဥရောပရှိကြွံခိုင်သော စီးပွားရေးများက အထောက်အကူပြုလျက် ရှိသည်။ စင်ကာပူ နိုင်ငံ၏ အဓိကကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံဖက်နိုင်ငံများဖြစ်သော အင်ဒိုနီးရှားနှင့်မလေးရှားအပါအဝင် အိမ်နီးချင်းနိုင်ငံများ ကိုပါ ထိုးနှက်ခဲ့သည့် အာရှစီးပွားရေးအကျပ်အတည်း ဖြစ်ပေါ်ခဲ့လင့်ကစား၊ စီးပွားရေး ခိုင်မာမှုရှိနေသော စင်ကာပူနိုင်ငံအဖို့ ၁၉၉၈ ခုနှစ်၏ ဒုတိယသုံးလပတ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးတိုး တက်မှုမှာ ဆက်လက်ပြီး သင့်တင့်လျောက်ပတ်စွာရှိနေမည် စသဖြင့် ပါလီမန်၌ မေးခွန်းများကို ဖြေကြားရာတွင် ဘဏ္ဍာရေးဝန်ကြီး ရစ်ချတ်ဟူက ပြောကြားခဲ့သည်။

အာရှတိုက်၏ စီးပွားရေးအခက်အခဲများက စင်ကာပူနိုင်ငံကို ၁၉၉၉ ခုနှစ်တွင် စီးပွားရေးဖြစ်ထွန်းမှုနည်းစေမည့် အဓိပ္ပာယ်ဖြစ်ပြီး စီးပွားရေး ကျဆင်းကောင်းကျဆင်းနိုင်သည်ဟု စင်ကာပူဝန်ကြီးချုပ် ဂိုချောက်တောင်က ဩဂုတ်လ ၂၃ ရက်နေ့တွင် ပြောကြားခဲ့သည်။ အမျိုးသားနေ့ လူထုအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် ဂိုချောက်တောင်က အကြောင်းအရာများပိုကောင်းမလာမီ ပိုဆိုးသွားဖွယ်ရာ မျှော်လင့်စရာမရှိသော ဈာတ်လမ်းဈာတ်ကွက်တစ်ပုဒ်အတွက် မိမိတို့ကိုယ်တိုင် ကြိုတင် ပြင်ဆင်ထားသင့်ကြောင်း၊ စင်ကာပူနိုင်ငံသည် အိမ်နီးချင်း နိုင်ငံများထက်စော၍ အကျပ်အတည်းမှ နာလန်ထူမည့် အခိုက်တွင် ၁၉၉၉ ခုနှစ် စီးပွားရေး ပြန်လည် ဖြစ်ထွန်းမှု နှေးကွေးခြင်းနှင့် ကျဆင်းမှု ဖြစ်ကောင်းဖြစ်မည်ကို မိမိတို့ လက်ခံကြရမည် ဖြစ်ကြောင်း ၊ ယခုနှစ်တွင် စီးပွားရေးတိုးတက်မှု သုညဒသမ ၅ နှင့် ၁ ဒသမ ၅ အကြား ရှိမည်ဟု ခန့်မှန်းထားကြောင်း ၁၉၉၉ ခုနှစ်တွင် စီးပွားရေး ကျဆင်းမှု အသင့်အတင့် မြင့်မားနိုင်ကြောင်း ပြောကြားခဲ့သည်။ မိမိတို့ စီးပွားရေးမှာ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိရာ ၄င်းတို့၏ ပြဿနာသည် မိမိတို့အား မလွှဲမရှောင်သာ ထိခိုက်လာစေသည်ဟု အာရှအကျပ်အတည်းနှင့် ၁၉၉၄ ခုနှစ်တွင် လက်တင်အမေရိကၨ ဖြစ်ခဲ့သော ငွေကြေးအကျပ်အတည်း ကိစ္စတို့ကို ဂိုချောက်တောင်က နိုင်းယှဉ်ဖော်ပြခဲ့သည်။

လူမှုရေး – စင်ကာပူနိုင်ငံတွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးဥပဒေကို ပိုမိုခိုင်မာစေရန် ဇွန်လ ၁ ရက်နေ့တွင် တိုးချဲ့ ပြဋ္ဌာန်းခဲ့သည်။ ယင်းသို့ ပြဋ္ဌာန်းရာတွင် သေဒဏ်ချမှတ်ရာ၌ 'အိုက်' မူးယစ်ဆေးဝါးမှောင်ခို ရောင်းဝယ်သူများလည်း အပါအဝင်ဖြစ်ပြီး မူးယစ်ဆေးဝါး အကြီးအကျယ် စွဲနေသူများအား ထောင်ဒဏ်အပြင် ကြိမ်ဒဏ်ပါ ချမှတ်ရန် ပြဋ္ဌာန်းခဲ့သည်။ စင်ကာပူနိုင်ငံ၏ ကာကွယ်တားဆီးထားသော မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးအစီအစဉ်များမှာ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်း မူးယစ်ဆေးဝါးနှင့် ဆက်နွယ်နေသော ဖမ်းဆီးမှုလျော့နည်းလာသဖြင့် အားရကျေနပ်ဖွယ် အကျိုးသက်ရောက်မှုများ ဖြစ်ထွန်းစေခဲ့ကြောင်း စင်ကာပူ ပြည်ထဲရေးဝန်ကြီး ဝေါင်ကင်ဆန်က ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ အစည်းအဝေး၌ ပြောကြားခဲ့သည်။ အဖမ်းခံရသူဦးရေမှာ ၁၉၉၄ ခုနှစ်တွင် ၆၀၆၀ ဦးရှိခဲ့ရာမှ ၁၉၉၇ ခုနှစ်တွင် ၄၇၅၀ ဦးသို့ လျော့ကျသွားခဲ့သည်။ နောက်ထပ် မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ အသစ်မှာ ၁၉၉၆ ခုနှစ်တွင် ၁၄၂၀ ဦးရှိခဲ့ရာမှ ၁၉၉၇ ခုနှစ်တွင် ၁၁၃၀ ဦးအထိ ကျဆင်းသွားခဲ့သည်။

စင်စစ် စင်ကာပူနိုင်ငံ၏ မူးယစ်ဆေးဝါးအခြေအနေကို ကောင်းစွာ ကိုင်တွယ်ထိန်းချုပ်ထားနိုင်ပြီဖြစ်သည်။

မူးယစ်ဆေးဝါးပြဿနာကို စင်ကာပူနိုင်ငံက အထူး အလေးထား ကိုင်တွယ်ဆောင်ရွက်လျက် ရှိသည်။ ပထဝီ အနေအထားအရ စင်ကာပူနိုင်ငံမှာ မူးယစ်ဆေးဝါး ရောင်းဝယ်ရာ၌ ကြားခံဒေသဖြစ်နေသည်။ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး နိမ်နင်းသူများသည် စင်ကာပူနိုင်ငံသားဖြစ်စေ၊ နိုင်ငံခြားသားဖြစ်စေ ခွဲခြားမှုမရှိဘဲ တန်းတူရည်တူ ဆက်ဆံမည်စသဖြင့် စင်ကာပူ ပြည်ထဲရေးဝန်ကြီးက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် သက်ဆိုင်ရာမှ ၁၉၉၈ ခုနှစ် အတွင်း မူးယစ်ဆေးစွဲနေသူများကို စစ်ဆင်ရေး ၁၁ ကြိမ် ပြုလုပ်ပြီး ဖမ်းဆီးခဲ့ရာတွင် မူးယစ်ဆေးစွဲသူဟု သံသယ ရှိသူ ၁၇၀၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း စင်ကာပူဗဟို မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရို (စင်အင်ဘီ) က အောက်တိုဘာလ ၉ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ နိုင်ငံတစ်ဝန်းလုံး၌ ရာဖွေဖမ်းဆီးမှု ပြုလုပ်ခဲ့ရာတွင် မူးယစ်ဆေးစွဲသူဟု သံသယ ဖြစ်သူပေါင်း ၉၄ ဦးကို ဖမ်းဆီးခဲ့ရာ ၄၄ ဦးမှာ မူးယစ်ဆေးစွဲနေသူများ ဖြစ်ကြသည်။ ဆေးကုသမှု ခံယူပြီးနောက် တစ်ကျော့ပြန် မူးယစ်ဆေးစွဲသူများအား ဖော်ထုတ်ဖမ်းဆီးရခြင်းဖြစ်ကြောင်း စီအင်ဘီက ပြောကြားသည်။

ယင်းသို့ စီးနင်းဖမ်းဆီးမှုများ ပြုလုပ်ပြီးနောက်ပိုင်း ယခု အခါ စင်ကာပူနိုင်ငံတွင် အနက်ရောင်နယ်မြေဟု ခေါ်တွင်သော မူးယစ်ဆေး ပြောင်ပြောင်တင်းတင်း ရောင်းဝယ် ဖောက်ကားရာနေရာဟူ၍ မရှိတော့ကြောင်း စီအင်ဘီက ပြောကြားသည်။ စင်ကာပူနိုင်ငံတွင် အမာခံ မူးယစ် ဆေးစွဲသူများအား ကြီးလေးသော ပြစ်ဒဏ်ပေးရန် ရည်ရွယ်ပြုပြင်သော မူးယစ်ဆေးဝါးဥပဒေသည် ဇူလိုင်လ အတွင်းက အာဏာသက်ရောက်ခဲ့သည်။ ယင်းဥပဒေအရ သြဂုတ်လပိုင်းရောက်ချိန်တွင် အမာခံ မူးယစ်ဆေးစွဲသူ ၄၉ ဦးတို့အား ထောင်ဒဏ်ငါးနှစ်မှ ခုနစ်နှစ်အထိနှင့် ကြိမ်ဒဏ်သုံးချက်မှ ခြောက်ချက်အထိ တစ်ပေါင်းတည်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

သဘာဝဘေးအန္တရာယ်– အင်ဒိုနီးရှားနိုင်ငံရှိ သစ်တောနှင့် ချုံနွယ်များတွင် ပျံ့.နှံ့.လောင်ကျွမ်းနေသော တောမီးကို နိုင်ငံတကာမှ ကူညီငြိမ်းသတ်ပေးရန် စင်ကာပူနိုင်ငံက မတ်လ ၁၁ ရက်နေ့တွင်မေတ္တာရပ်ခံခဲ့သည်။ အင်ဒိုနီးရှား နိုင်ငံရူမတ္တရာနှင့် ကာလိမန်တန်ကျွန်းတို့တွင်လောင်ကျွမ်း နေမည်ဆိုပါက စင်ကာပူနိုင်ငံမှာ မီးခိုးမြူညစ်ညမ်းမှုမှ ရှောင်လွှဲနိုင်မည့် အလားအလာအနည်းငယ်သာ ရှိတော့မည်ဖြစ်ကြောင်း စင်ကာပူပတ်ဝန်းကျင်ရေးရာဝန်ကြီးက စင်ကာပူလွှတ်တော်တွင် ပြောကြား သည်။ မိုးရွာသွန်းခြင်း မရှိပါက စင်ကာပူနိုင်ငံသို့ မီးမကူး စက်အောင် ကာကွယ်နိုင်မည့် အလားအလာ အလွန်နည်းသည်ဟု မစ္စတာယိုက ပြောကြားသည်။ ယင်းတောမီး လောင်ကျွမ်းရမှုမှာ သစ်ကုမ္ပဏီများနှင့် စိုက်ပျိုးရေးမြေအတွက် တောရှင်းသော တောင်သူလယ်သမားများကြောင့် လောင်ကျွမ်းရခြင်း ဖြစ်သည်ဟုဆိုသည်။

စင်ကာပူနိုင်ငံတွင် မကြုံစဖူး ထူးထူးကဲကဲ အပူရှိန် လွန်ကဲပြီး ရာသီဥတုခြောက်သွေ့မှုကြောင့် စင်ကာပူ၌ သိုလှောင်ထားသော ရေပမာဏသည် တစ်နေ့တခြား လျော့နည်းလာနေပြီဖြစ်ကြောင်း စင်ကာပူအစိုးရက ဧပြီလ ၁ ရက်နေ့တွင် ကြေညာခဲ့သည်။ စင်ကာပူနိုင်ငံတွင် သိုလှောင်ထားနိုင်သော ရေပမာဏမှာ ဖေဖော်ဝါရီလကုန် ပိုင်းတွင် ၈၅ ရာခိုင်နှုန်းခန့်အထိ ကျန်ရှိနေသေးရာမှ မတ်လကုန်ပိုင်းတွင် ၇၃ ရာခိုင်နှုန်း အထိ ကျဆင်းသွားခဲ့သည်။ စင်ကာပူနိုင်ငံသည် ပြည်ပမှ မှာယူတင်သွင်းသော ရေကို မှီခိုအားထားနေရ၍ ရေကိုအဖိုးတန်ပစ္စည်းအဖြစ် သဘောထားနေရသည်။ မလေးရှားတောင်ပိုင်း ဂျိုဟော်ပြည်နယ်မှ ရေအမြောက်အမြားကို သဘောတူစာချုပ်နှစ်ခု ပြုလုပ်၍ဝယ်ယူသောက်သုံး နေရသည်။ သဘောတူစာချုပ်နှစ်ခုအနက် တစ်ခုမှာ သက္ကရာဇ် ၂၀၁၁ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး အခြားစာချုပ်တစ်ခုမှာ သက္ကရာဇ် ၂၀၆၁ ခုနှစ်တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည်။ ရေကိုအလေအလွင့် အဆုံးအရှုံးမရှိအောင် ချွေတာထိန်းသိမ်းကြရန် ပြည်သူ့အကျိုးပြုလုပ်ငန်းဘုတ် အဖွဲ့ (ပီယူဘီ) က ဧပြီလ ၁ ရက်နေ့တွင် မေတ္တာရပ်ခံခဲ့သည်။ မတ်လတွင် စင်ကာပူနိုင်ငံသားတစ်ဦး၏ နေ့စဉ်ပျမ်းမျှရေသုံးစွဲမှု ပမာဏမှာ ကုဗပေ ၁ ဒသမ ၃၁၃ ထက်သုံးစွဲသူ ၃ ဒသမ ၂ ရာခိုင်နှုန်း တိုးလာသည်ဟု ဆိုသည်။

အယ်လ်နီညို ရာသီဥတုဖောက်ပြန်မှု အနေအထား အားပျော့လာနေပြီဖြစ်ရာ အရေ့.တောင်အာရှနိုင်ငံများတွင် မီးခိုးမြူတိမ်များ လျော့နည်းပျောက်သွားတော့မည် ။ အယ်လ်နီညို ရာသီဥတု မကြာမီ ချုပ်ငြိမ်းတော့မည်ဖြစ်ပြီး ရာသီဥတုအခြေအနေမှာ ယခင်နှစ်ကထက် အထူး

ကောင်းမွန်လာမည်ဟု စင်ကာပူ မိုးလေဝသနှင့် ဓလေဗေဒ လုပ်ငန်းဌာန ညွှန်ကြားရေးမှူး ဝှန်ရှိလေးက သတင်းစာရှင်းလင်းပွဲတွင် ဇွန်လ ၂ ရက်နေ့ ကပြောကြားသည်။ ၁၉၉၇ ခုနှစ်က အရှေ့တောင် အာရှနိုင်ငံများတွင် အထူးပူပြင်းခြောက်သွေစေခဲ့သော အယ်လ်နီညို ကအင်ဒိုနီးရှားနိုင်ငံအနှံ့ အပြားတွင် တောမီးများလောင်ကျွမ်းစေခဲ့သည်။ ရာသီဥတု ဖောက်ပြန်မှုအခြေအနေက ဇွန်လကုန်တွင် ချုပ်ငြိမ်းသွားတော့မည်ဟု မျှော်လင့်ရသည်စသဖြင့် ကမ္ဘာ့မိုးလေဝသနှင့် ဓလေဗေဒအဖွဲ့ (ဒဗလျူအမ်အို) အတွင်းရေးမှူးချုပ် ကျိအိုပီအိုဗာစိက ပြောကြားသည်။

သင့်ဘဝ – ဦးရဲလွင်

တောင်အာဖရိကသမ္မတနိုင်ငံ။

။မင်ဒဲလာသည် သမ္မတရာထူးမှ အနားမယူမီတွင် ပါလီမန်၌ သူ၏ နောက်ဆုံး မိန့်ခွန်းကို ဖေဖော်ဝါရီလ ၆ ရက်နေက ပြောကြားခဲ့သည်။ ထိုမိန့်ခွန်း၌ အောအင်စပါတိသည် နိုင်ငံတစ်ခုလုံး၌ လုပ်သားအင်အားစုအတွင်း လူမျိုးရေးအရ မမျှမတဖြစ်နေမှုကို ပြန်လည်မှန်ကန်တည့်မတ် လာအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အလုပ်သမားဥပဒေများကို ပြဋ္ဌာန်းရာ၌ ခွဲခြားဖိနှိပ်ခံထားရသူများဘက်မှ ရပ်တည်ဆောင်ရွက်ပေးမည်ဟူသော ကတိအတိုင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အလုပ်လက်မဲ့ထူပြောနေခြင်းနှင့် ဒုစရိုက်မှုများဖြစ်ပေါ်နေခြင်းတို့ကို လျော့နည်းသွားအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဘတ်ဂျက်လိုငွေပြနေမှုတွင် ဂျီဒီပီ၏ ၃% ထိအောင် ကျဆင်းသွားရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း စသည်တို့ကို ပြောကြားခဲ့သည်။ သို့ရာတွင် အတိုက်အခံနိုင်ငံရေးသမားများက မင်ဒဲလာ၏ မိန့်ခွန်းတွင် တိကျရေရာသော အသေးစိတ်လုပ်ငန်းစဉ်များမပါသဖြင့် မပြတ်သားကြောင်း ဝေဖန်ခဲ့ကြသည်။

အောအင်စပါတိ၏ နေ့စဉ်လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သွားမည့် နိုင်ငံလုံးဆိုင်ရာလုပ်ငန်း ကော်မတီသစ်ကို ဖေဖော်ဝါရီလ ၂၂ ရက်နေက ဖွဲ့စည်းလိုက်သည်။ မင်ဒဲလာသည် အောအင်စပါတိ၏ နိုင်ငံလုံးဆိုင်ရာအလုပ်အမှုဆောင်ကော်မတီနှင့် အသစ်ဖွဲ့စည်းလိုက်သည့် လုပ်ငန်းကော်မတီတို့တွင် ရာထူးအလျောက် ပါဝင်သော

ကော်မတီဝင်အဖြစ်ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း အလုပ်အမှုဆောင်ကော်မတီက ဆုံးဖြတ်ခဲ့သည်။

လူဖြူများကြီးစိုးသော တောင်အာဖရိက ရပ်(ဂ်)ဘီဘောလုံးသင်းတွင် အသားအရောင်ခွဲခြားမှုများရှိခြင်းနှင့် အကျင့်ပျက်လာဘ်စားမှုများရှိခြင်းတို့နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ရန် သမ္မတ မင်ဒဲလာက ဆုံးဖြတ်ခဲ့သည်။ အသင်းလူကြီးများက ထိုဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ပရီတိုရီးယားတရားလွှတ်တော်သို့တိုင်တန်းခဲ့ရာ ထိုတရားလွှတ်တော်က သမ္မတ၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ကြောင်း စီရင်ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့်သမ္မတ၏ အုပ်ချုပ်မှုအာဏာလုပ်ပိုင်ခွင့်ကို တရားစီရင်မှုအာဏာက စိန်ခေါ်လိုက်ရာရောက်ပြီးမင်ဒဲလာ၏ ဩဇာသက်ရောက်မှုလည်း ထိခိုက်စေခဲ့သည်။ မင်ဒဲလာ၏ရှေနေအဖွဲ့က ပရီတိုရီးယားတရားလွှတ်တော်၏ စီရင်ချက်အပေါ်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးသို့အယူခံဝင်ရန်စီစဉ်နေကြသည်။

ဧပြီလ နောင်းပိုင်းက သမ္မတမင်ဒဲလာသည် အင်ဂိုလာနိုင်ငံသို့ တောင်အာဖရိကနိုင်ငံ အကြီးအကဲ၏ ပထမဦးဆုံးခရီးစဉ်အဖြစ်သွားရောက်၍အင်ဂိုလာအမျိုးသားလွှတ်တော်၌ မိန့်ခွန်းပြောခဲ့သည်။ အင်ဂိုလာငြိမ်းချမ်းရေးအတွက် တစိုက်မတ်မတ်ပြတ်သားစွာ ရပ်တည်နေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုခရီးစဉ်တွင် အခြားဝန်ကြီးများလည်း လိုက်ပါသွားကာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းခဲ့ကြသည်။

ဇွန်လအလယ်ပိုင်းက သမ္မတမင်ဒဲလာသည် ဗြိတိန်နိုင်ငံသို့ နှောက်ဆုံးနှုတ်ဆက်ခရီး သွားရောက်ခဲ့သည်။ ဇွန်လ ၁၆ ရက်နေက သူသည် ဝေးလ်ပြည်နယ်၊ ကာဒစ်ဖ်မြို့၌ ကျင်းပနေသော ဥရောပသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ဥရောပ ခေါင်းဆောင်များက သူအား ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံနှုတ်ဆက်ခဲ့ကြသည်။

ဒီဇင်ဘာလ ၆ ရက်နေတွင် သမ္မတမင်ဒဲလာက အသားအရောင်ခွဲခြားမှုကာလ အတွင်းကျူးလွန်ခဲ့သည့် ပြစ်မှုများ အကြမ်းဖက်ရပ်စက်မှုများနှင့် စပ်လျဉ်း၍ အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့်ပေးမည်မဟုတ်ကြောင်း ပြတ်သားစွာ ကြေညာလိုက်သည်။ အသားအရောင်ခွဲခြား



သမ္မတကလင်တန် တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိစဉ်က သမ္မတမင်ဒဲလား၊ကရော်ဘင်ကျွန်း၊ရှိ
၄င်း၊အကျဉ်း၊ကျခံခဲ့ရသည့်အခန်း၊ကို ပြန်စဉ်

မှ ကာလက အာဏာရပါတီဖြစ်ခဲ့ဖူးသော အမျိုး၊သား၊ပါတီ၊ ဇူး၊လူး၊အမျိုး၊နွယ်စုတို့ အများ၊ဆုံး၊ပါဝင်သော အင်ကာသာလွတ်လပ်ရေး၊ပါတီနှင့် အောင်စီပါတီဝင်အချို့တို့က အထွေထွေလွတ်ငြိမ်း၊ချမ်း၊သာခွင့်ပေး၊ရန် တောင်း၊ဆို၊လျက်ရှိကြသည်။ ဒီဇင်ဘာလ ၇ ရက်နေ့တွင် အမျိုး၊သား၊ပါတီခေါင်း၊ဆောင်မာသိနပ်ခ်ဗန်ရှော့ဝစ်က် အထွေထွေလွတ်ငြိမ်း၊ချမ်း၊သာခွင့်ပေး၊နိုင်မှုအလား၊အလာကို လုံး၊ဝပိတ်မပစ်ဘဲ ဆက်လက်စဉ်း၊စား၊ကြရန် လမ်း၊ဖွင့်ပေး၊ထား၊သင့်ကြောင်း ပြောကြား၊ခဲ့သည်။

ဒီဇင်ဘာ ၁၅ ရက်နေ့တွင် သမ္မတမင်ဒဲလား၊သည် သူ၏ဇာတိမြို့အုပ်တာတာတွင် ဈေး၊တန်း၌ ဈေး၊ဝယ်ထွက်ခဲ့သည်။ ထိုအချိန်မှာပင် တိုနေး၊ဒိုး၊မုန်တိုင်း ကျရောက်လာရာ လူ ၁၈ ဦး၊သေဆုံး၍ ၁၆၃ ဦး၊ဒဏ်ရာရခဲ့သည်။ မုန်တိုင်း၊ကျရောက်ဆဲအချိန်တွင် သူ၏ကိုယ်ရံတော်များက သူ့အား ဈေး၊ဆိုင်ကြမ်း၊ပြင်၌ မှောက်လဲနေစေပြီး သူ့အပေါ်မှ ကာကွယ်ဖုံး၊အုပ် ပေး၊ထား၊ခဲ့ကြသည်။ ဤသို့ဖြင့် မင်ဒဲလား၊သည် ထိခိုက်နာကျင်မှုမဖြစ်ဘဲ မုန်တိုင်း၊ဘေး၊မှ လွတ်မြောက်ခဲ့သည်။

အမှန်တရား၊ကော်မရှင် – အသား၊အရောင်ခွဲခြား၊ ကျင့်သုံး၊မှု ကာလအတွင်း ကျူး၊လွန်ခဲ့သော လူ့အခွင့်အရေး ချိုး၊ဖောက်မှုများ၊ အကြမ်း၊ဖက်ရက်စက်သတ်ဖြတ်မှုများ၊ကို ဖော်ထုတ် မှတ်တမ်း၊တင်ရန်နှင့် အပြစ်ကျူး၊လွန်ခဲ့သူတစ်ဦး၊ချင်း၊အလိုက်လွတ်ငြိမ်း၊ချမ်း၊သာခွင့်ပေး၊ရန်အမှန်တရား၊နှင့် အမျိုး၊သား၊ပြန်လည်ပေါင်း၊စည်း၊ရေး၊ကော်မရှင်ကို ၁၉၉၄ ခုနှစ်ဇွန်လအတွင်း၊က ဖွဲ့စည်း၊ခဲ့သည်။ ဤကော်မရှင်သည် လိုအပ်သောစစ်ဆေး၊ဖော်ထုတ်မှု ကို

ပြုလုပ် ခဲ့သည်။ ဤကော်မရှင်အား ၁၉၉၈ ခုနှစ်ဇူလိုင်လ ၌ ဖျက်သိမ်းပြီးသည့် အခါကော်မရှင်၏ လုပ်ငန်းများကို ဆက်ခံမည့် အဖွဲ့သစ်အား ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ဖွဲ့စည်းလိုက်သည်။ အဖွဲ့သစ်၏အမည်မှာ "ပြောင်းလဲရေး အမှတ်တရရှိရေးအမျိုးသားပြန်လည်ပေါင်းစည်းရေးအဖွဲ့" ဖြစ်သည်။ အမှန်တရားကော်မရှင်သည် သတ်မှတ်ပေးထားသော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပြီးဖြစ်၍ အောက်တိုဘာလတွင်အပြီးသတ်အစီရင်ခံစာကို တင်ပြနိုင်ခဲ့သည်။ အမှန်တရားကော်မရှင်သည် အပြစ်ကျူးလွန်ခဲ့သူ တစ်ဦးချင်း၏ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် လျှောက်လွှာပေါင်း ၇၀၀၀ ကျော်ကိုလက်ခံစဉ်းစားခဲ့ပြီး အပြစ်ကျူးလွန်ခဲ့ကြောင်း ဝန်ခံ၍ မှတ်ကန်စွာ ထွက်ဆိုခဲ့သူ ၂၀၀ ခန့်တို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။

အမှန်တရားကော်မရှင်ကို ဆက်ခံမည့်အဖွဲ့သစ်သည် ထိုကော်မရှင်၏ အပြီးသတ်အစီရင်ခံစာအပေါ် အခြေခံလျက် တိုးချဲ့သုတေသန လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်သည်။ ထို့ပြင် ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ပြည်သူများကို အသိပညာပေးသွားမည်ဖြစ်သည်။ ကော်မရှင်၏ ထောက်ခံအဆိုပြုချက်များကို အစိုးရအဖွဲ့နှင့်အခြားအဖွဲ့အစည်းများက လိုက်နာအကောင်အထည်ဖော်ကြရေးအတွက် အထောက်အကူပြုသွားမည်လည်းဖြစ်သည်။ ဤအဖွဲ့သစ်တွင် ဘုန်းတော်ကြီးဒက် စ်မွန်တူတူသည် နာယကအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

သမ္မတဟောင်း ဘိုသာ၏အမှု – အသက် ၈၂ နှစ်ရှိပြီဖြစ်သော သမ္မတဟောင်းဘိုသာသည် ၁၉၇၈–၁၉၈၀ ပြည့်လွန်နှစ်များတွင် လူဖြူအစိုးရ၏ ကာကွယ်ရေးဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့သူဖြစ်သည်။ သို့ဖြစ်၍ အမှန်တရားကော်မရှင်က အသားအရောင်ခွဲခြား ကျင့်သုံးမှုကာလအတွင်းက လုံခြုံရေးတပ်ဖွဲ့များ၏ လူအခွင့်အရေးချိုးဖောက်မှုများ၊ အကြမ်းဖက်ရက်စက် သတ်ဖြတ်မှုများနှင့် ပတ်သက်၍ အဓိကသက်သေအဖြစ် မှတ်ယူခဲ့သည်။ သက်သေထွက်ဆိုရန် ဆင့်ခေါ်စာများသုံးကြိမ်ပေးပို့ခဲ့သော်လည်း ဘိုသာက ကော်မရှင်သို့ လာရောက်ရန် ပျက်ကွက်ခဲ့သည်။ ထို့ကြောင့် ဘိုသာအား အမှန်တရားကော်မရှင်ကို မထီမဲ့မြင်ပြုမှုဖြင့် တရားစွဲဆိုခဲ့ရာ ဂျော့ဂျ်မြို့ တရားရုံးကဇနန်နဝါရီလ ၂၃ ရက်နေ့တွင် လက်ခံစစ်ဆေးခဲ့သည်။ ဘိုသာက ကော်မရှင်သည် လမ်းညွှန်စေခိုင်းသူ၏ အမိန့်အတိုင်း လိုက်နာသရုပ်ဆောင်နေရသော "ဆက်ကပ်အဖွဲ့" ဟုသမုတ်ခဲ့ကြောင်း သိရသည်။ တရားစွဲဆိုထားမှုကို ဘိုသာက ခုခံချေပနိုင်ရန်တရားရုံးသည် အမှုကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့အထိ ရွှေ့ဆိုင်းပေးခဲ့သည်။ တရားရုံးတွင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ဘိုသာသည် နှစ်နှစ်အထိ ထောင်ဒဏ်နှင့် ငွေဒဏ်များကို ကျခံရမည်ဖြစ်သည်။ ဘိုသာက အသား အရောင်ခွဲခြားမှု ကာလအတွင်း ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ဝန်ချ တောင်းပန်မည်မဟုတ်ကြောင်း၊ ထိုစဉ်က အစိုးရ၏ တရားဝင်အမိန့်များအတိုင်း လိုက်နာဆောင်ရွက်ခဲ့သူတိုကိုလည်း ဆက်လက်ကာကွယ်ပေးသွားမည်ဖြစ်ကြောင်း တရားရုံးပြင်ပရှိ သတင်းထောက်များသို့ ပြောကြားခဲ့သည်။

ကော်မရှင်၏မေးမြန်းချက်များကို စာဖြင့်ဖြေဆိုပြန်ကြားပါက ဘိုသာအနေဖြင့် ကော်မရှင်သို့ လူကိုယ်တိုင်လာရောက်စစ်ဆေးခံရန်မလိုကြောင်း ကော်မရှင်ဥက္ကဋ္ဌ ဒက်စ်မွန်တူတူက ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ပြောကြားခဲ့သဖြင့် ယခုကဲ့သို့ ကော်မရှင်၏ ဆင့်ခေါ်မှုများကို မလိုက်နာခဲ့ခြင်းဖြစ်ကြောင်း ဘိုသာက ပြောသည်။ ကော်မရှင်သည် အေအင်စီပါတီနှင့် နီးစပ်သူများဖြစ်၍ ကြိုတင်ယူဆချက်များဖြင့် ဘိုသာအပေါ် တစ်ဖက်သတ်အမြင်စောင်းနေကြောင်း ၊ မူလအခြေခံ ဒတ်ချ်တို့မှ ဆင်းသက်ပေါက်ဖွားလာသူအာဖရိက ကမ်းနားလူဖြူလူမျိုးများအပေါ် အမှန်တရားကော်မရှင်ကအပြစ်ရှာရန် အကြောင်းမရှိကြောင်း ဘိုသာနှင့်ဌင်း၏ ရှေ့နေများအဖွဲ့က သတင်း ထောက်များသို့ ရှင်းပြခဲ့သည်။

ဧပြီလ ၁၄ ရက်နှင့် ၁၆ ရက်နေများတွင် အမှုကို ဆက်လက် ကြားနာစစ်ဆေးခဲ့သည်။ ဘိုသာ၏ ဘက်မှ စာမျက်နှာ ၁၇၀၀ ရှိသော စာဖြင့်ဖြေကြားချက်ကို တရားရုံးသို့တင်ပြခဲ့သည်။ ကော်မရှင်၏ အမှုဆောင်အတွင်းရေးမှူး ပေါလ်ဗန်ဇိုင်းလ်သည် တရားရုံးသို့ လူကိုယ်တိုင်လာရောက်ပြီး သက်သေထွက်ဆိုခဲ့သည်။ ဘိုသာအစိုးရလက်ထက်ကလုံခြုံရေးကောင်စီ၏အစည်းအဝေးမှတ်တမ်းများမှ ကောက်နုတ်ချက်များကို ကိုးကားဖော်ပြခဲ့သည်။

ဘိုသာဉီးဆောင်သော လုံခြုံရေးကောင်စီသည် အောအင် စီခေါင်းဆောင်ပိုင်းအပါအဝင် တော်လှန်ရေး သမား‌များ‌အား သုတ်သင်ရှင်းလင်းရေးသို့မဟုတ် ဘာမျှ မတတ်နိုင်အောင် ဆောင်ရွက်ရေး မဟာဗျူဟာကို ချမှတ်ခဲ့ကြောင်း၊ အသား‌အရောင်ခွဲခြား‌မှု ဆန့်ကျင်ရေး‌ဥ် တက်ကြွစွာ လှုပ်ရှား‌သူများ‌ကို သတ်ဖြတ်ရန် ဘိုသာကိုယ်တိုင်က အမိန့်ပေး‌ခဲ့ကြောင်း ဗန်ဇိုင်း‌လ် က ထွက်ဆိုခဲ့သည်။ စိစစ်ပြီး‌မဟုတ်သော စွပ်စွဲချက်များ‌ကို တရား‌ရုံး‌က လက်ခံခဲ့ခြင်း‌နှင့် အမှုရက်ချိန်း‌ချွေ‌နေခြင်း‌တို့ အပေါ် ဘိုသာသည် ဒေါသပေါက်ကွဲခဲ့သည်။

ဇွန်လ ၁ ရက်နေ့တွင်အမှုကို ဆက်လက်ကြား‌နာစစ်ဆေး‌ခဲ့သည်။ ဗန်ဇိုင်း‌လ်က ဘိုသာအစိုး‌ရအဖွဲ့၏ လျှို့ဝှက်စစ်ဆင်ရေး‌များ‌အကြောင်း၊ ၁၉၈၀ ပြည့်လွန်နှစ်များ‌အတွင်း‌က ချောင်း‌မြောင်း‌ပစ်သတ်မှုများ‌၊ ဗုံး‌ဖောက်ခွဲမှုများ‌အကြောင်း‌တို့နှင့် စပ်လျဉ်း‌၍ ဘိုသာထံမှ ထွက်ဆိုချက်များ‌ကို သိရှိဖို့လိုအပ်ကြောင်း တရား‌ရုံး‌သို့ တင်ပြခဲ့သည်။

ဇွန်လ ၃ ရက်နေ့တွင် လူသတ်မှုမျိုး‌စုံဖြင့်ထောင်ဒဏ် ၂၁၂ နှစ်ကျခံနေရသော ယူဂျင်း‌ဒီကောက် ၏ထွက်ဆိုချက်ကို တရား‌ရုံး‌က လက်ခံကြား‌နာခဲ့သည်။ ရက်စက်ကျွမ်း‌ကျင်စွာ သတ်ဖြတ်မှုကြောင့် သူအား “မကောင်း‌ဆိုး‌ရွား‌ထိပ်သီး” ဟုခေါ်ဆိုခဲ့ကြသည်။ သောင်း‌ကျန်း‌မှု ဆန့်ကျင်ရေး‌ရဲတပ်ဖွဲ့မှူး‌လည်း ဖြစ်၍ တိုက်ခိုက်ချေမှုန်း‌ရေး ခေါင်းဆောင်လည်းဖြစ်သည်။ ဘိုသာ၏ အမိန့်ဖြင့် လူသတ်ခဲ့ကြောင်း၊ ဗုံး‌ဖောက်ခွဲ ဖျက်ဆီး‌မှုများ‌ပြုလုပ်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ အသား‌အရောင်ခွဲခြား‌မှု ခေတ်က သူနှင့်အခြား‌လူသတ်သမား‌များ‌ကို ဘိုသာနှင့် အပေါင်း‌ပါတို့က လူသတ်ခိုင်း‌ခဲ့ကြသော်လည်း ယခုအခါ ခေါင်း‌ရှောင်နေကြသဖြင့် သူရဲဘောကြောင်သူများ‌သာ ဖြစ်ကြောင်း ပြစ်တင်လိုက်သည်။

ဝါတုမေဒနှင့် ပိုး‌မွား‌စစ်ဆင်ရေး – အမှန်တရား‌ကော်မရှင်သည် အသား‌အရောင်ခွဲခြား‌မှုခေတ်က အစိုး‌ရ ခန့်သိပ္ပံပညာရှင်အချို့‌ကို ခေါ်ယူစစ်ဆေး‌ခဲ့သည်။ ဘိုသာအစိုး‌ရ၏ ဓာတုဗေဒနှင့်ပိုး‌မွား‌စစ်ဆင်ရေး‌အစီအစဉ်နှင့် လုပ်ဆောင်ချက်များ‌ ကြောက်ခမန်း‌လိလိ ထွက်ပေါ်လာခဲ့သည်။ သိပ္ပံပညာရှင်များ‌သည် အစိုး‌ရဆန့်ကျင်သူများ‌ကို သတ်ဖြတ်ရန် အဆိပ်လူး‌ထိ‌း‌ရိုး‌ထိပ်ချွန်း‌များ‌၊ အဆိပ်သင့် ကျည်ဆံထွက် လမ်း‌လျှောက်တုတ်များ‌၊ ဝက်အူလှည့်ပုံစံ ဆေး‌ထိုး‌ပြွန်များ‌ကို ထုတ်လုပ်ပေး‌ခဲ့သည်။ အစိုး‌ရ၏ လျှို့ဝှက်လူပ်ရှား‌ရေး‌အဖွဲ့ဝင်များ‌က အသား‌အရောင်ခွဲခြား‌မှု ဆန့်ကျင်ရေး‌သမား‌များ‌အား လုပ်ကြံသတ်ဖြတ်ရန် အဆိပ်သင့်ဝိစကီပုလင်း‌များ‌နှင့် ချောကလက်တောင့်များ‌ကို ထုတ်လုပ်ပေး‌ထား‌ခဲ့ကြသည်။ ထောင်တွင်း‌ရှိနေဆဲ မင်ဒဲလား‌အား ကျန်း‌မာရေး‌ချိန်ပြို့ မလူပ်ရှား‌နိုင်အောင် အဆိပ်ခတ်ရေး‌ကိုစီစဉ်ခဲ့ကြသည်။ ဆန့်ကျင်ဘက်လူများ‌နေထိုင်ရာအသိုက်အဝန်း‌တို့တွင် အစုလိုက်အပြုံလိုက် သေဆုံး‌စေနိုင်မည့် ဝမ်း‌လျှောရောဂါပိုး‌မွား‌များ‌ကို ထုတ်လုပ်ပေး‌ခဲ့သည်။ လူမည်း‌ဉီး‌ရေကျဆင်း‌လျော့နည်း‌သွား‌စေရေး‌အတွက် လူမည်း‌များ‌အား ဆေး‌ထိုး‌ပေး‌မည့်မြို့ဆေး‌များ‌ကိုလည်း စမ်း‌သပ်ထုတ်လုပ်ခဲ့သည်။ ဆန့်ကျင်ဘက်လူပ်ရှား‌သူများ‌၏ အဝတ်အထည်တို့အပေါ် လျှို့ဝှက်စွာ အဆိပ်ငွေ့ပက်ဖျန်း‌လျက် သေကျေအောင်လည်း‌လုပ်ဆောင်ပေး‌ခဲ့ရကြောင်း ဇွန်လအတွင်း အစစ်အဆေး‌ခံခဲ့သည့် သိပ္ပံပညာရှင်များ‌က ထွက်ဆိုခဲ့ကြသည်။

တပ်တွင်း‌အပြောင်း‌အလဲများ – လူဖြူများ‌ကြီး‌စိုး‌ခဲ့သော တောင်အာဖရိက အမျိုး‌သား‌ကာကွယ်ရေး‌တပ်တွင် အေအင်စီ၏ လက်နက်ကိုင်လက်ရုံး‌တပ်ဖွဲ့ ဖြစ်သော ယခင်ပြောက်ကျား‌တပ်ဖွဲ့ဝင်များ‌အား လက်ခံစုစည်း‌ထည့် သွင်း‌ရေး‌ကိစ္စ၌ နောင့်နှေး‌ကြန့်ကြာမှုများ‌ ဖြစ်နေသည်။ ယင်း‌သို့ နှေး‌ကွေး‌နေမှုကြောင့် တောင်အာဖရိကတပ်နှင့် ဖြိုတိသျှစစ်ဘက်ဆိုင်ရာ အကြံပေး‌နှင့်လေ့ကျင့်ရေး‌အဖွဲ့တို့အကြား‌ အငြင်း‌ပွား‌ခဲ့ကြသည်။ ပါလီမန်၏ ကာကွယ်ရေး‌ရာကော်မတီ၏ အစည်း‌အဝေး‌တွင် ဖေဖော်ဝါရီလ ၂၃ ရက်နေ့က တောင်အာဖရိက တပ်မှူး‌များ‌နှင့် ဖြိုတိသျှအကြံပေး‌အဖွဲ့တို့သည် အပြန်အလှန်စွပ်စွဲ ခဲ့ကြသည်။

လူဖြူကာကွယ်ရေး‌ဉီး‌စီး‌ချုပ် ဗိုလ်ချုပ်ကြီး‌ကျော့ဂျ် မိုင်ရင်း‌က အေအင်စီ၏ လက်နက်ကိုင်လက်ရုံး‌တပ်မှူး‌ဟောင်း‌ ဒုတိယဗိုလ်ချုပ်ကြီး‌ စိဖိဝေညန်ဒါနှင့် အပေါင်း‌အပါအချို့သည် မင်ဒဲလား‌အစိုး‌ရကို ဖြုတ်ချရန်လျှို့ဝှက်ကြံစိနေကြောင်း သမ္မတထံသို့ သတင်း‌ပို့ခဲ့သည်။ ထိုသတင်း‌မှာ မမှန်ကန်ဘဲ လုပ်ကြံသတင်း‌သာဖြစ်၍ ဗိုလ်ချုပ်ကြီး‌ မိုင်ရင်း‌အား အစိုး‌ရအဖွဲ့က ပြင်း‌ထန်စွာ သတိပေး‌ပြစ်တင်လိုက်သည်။ ဤသို့ဖြင့် မိုင်ရင်း‌သည်

ရာထူးမှနုတ်ထွက်သွားသည်။ သူ၏နေရာတွင် အသက် ၄၇ နှစ်ရှိ ညန်ဒါအား ပထမဦးဆုံး လူမည်းကာကွယ်ရေးဦးစီးချုပ်အဖြစ်အစားထိုး ခန်အပ်လိုက်သည်။ မိုင်ရင်းကဲ့သို့ပင် အခြားလူဖြူစစ်ဘက်အရာရှိကြီးများလည်း ဆက်လက်နုတ်ထွက်သွားကြဖွယ်ရှိကြောင်း ပြောဆိုနေကြသည်။

အစိုးရအဖွဲ့တွင် ပြောင်းလဲမှုအလားအလာ – ဒီဇင်ဘာ လ ၁ ရက်နေတွင် ပညာရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီး နှင့် ပို့ဆောင်ရေးဝန်ကြီးတို့သည် ကျန်းမာရေးအကြောင်း ပြချက်ဖြင့် နုတ်ထွက်သွားခဲ့ကြသည်။ ထိုဝန်ကြီးသုံးဦး နုတ်ထွက်သွားခြင်းနှင့် စပ်လျဉ်း၍မင်ဒဲလား၏နေရာကို ဆက်ခံမည့်ဒုတိယသမ္မတသာဘိုအမ်ဘေကီ၏ တွန်းအားပေးမှုကြောင့် ဟုကောလာဟလ သတင်းများ ထွက်ပေါ်ခဲ့သည်။ ထိုသတင်းနှင့်ပတ်သက်၍ ဒုတိယသမ္မတ၏ ပြောဆိုခွင့်ရှိသူက နုတ်ထွက်သွားသူ ဝန်ကြီးများနှင့် အမ်ဘေကီတို့အကြား သဘောထား ကွဲလွဲမှုမရှိကြောင်း၊ ကျန်းမာရေးကြောင့်သာလျှင်နုတ်ထွက်သွားခြင်းဖြစ်ကြောင်း ဒေါသတကြီးငြင်းဆိုခဲ့သည်။ သို့ရာတွင် အမ်ဘေကီ သမ္မတဖြစ်လာလျှင် မင်ဒဲလားကဲ့သို့ အစိုးရအဖွဲ့ဝင်အားလုံး သဘောဆန္ဒညီမျှမှုကို အလေးထားမည်မဟုတ်ဘဲ အာဏာရှင်ဆန်ဆန်ကျင့်သုံးသွားလိမ့်မည်ဟု အကဲခတ်သမားများက မှန်းဆနေကြသည်။

တောင်အာဖရိကတွင် အေအင်စီ တောင်အာဖရိက အလုပ်သမားများ သမဂ္ဂအဖွဲ့ချုပ်နှင့် တောင်အာဖရိက ကွန်မြူနစ်ပါတီတို့သည် မဟာမိတ်များဖြစ်ကြသည်။ သို့ရာတွင် စီးပွားရေးတိုးတက်မှု နိမ့်ကျနေသေးခြင်းနှင့် အလုပ်လက်မဲ့ ထူပြောနေဆဲဖြစ်ခြင်း တို့ကြောင့် မဟာမိတ်များက အေအင်စီပါတီ၏ မူဝါဒများဆိုင်ရာ အမှားများကို ပြစ်တင်ဝေဖန်နေကြသည်။ ဤအတော အတွင်း နိုင်ငံသုံးငွေကြေးယူနစ်ဖြစ်သော ရန်းငွေ၏ တန်ဖိုး မှာဆက်လက် ကျဆင်းနေသည်။ ဤငွေကြေး အကျပ် အတည်းကြောင့် အေအင်စီ၏မဟာမိတ်ပြုထားမှုများ ပြိုကွဲနိုင်ကြောင်း အကဲခတ်သမားများက ခန်မှန်းနေကြသည်။

ဦးခင်မောင်မြ

ထိုင်းနိုင်ငံ။ ။ထိုင်းဝန်ကြီးချုပ်ချမ်လီပိုင်ဦးဆောင်သော ခုနစ်ပါတီညွန့်ပေါင်းအစိုးရသည် ပါလီမန်၌ အတိုက်အခံအမတ်တို့က အယုံအကြည်မရှိ အဆိုကို မတ်လ ၂၁ ရက်နေက တင်သွင်းရာတွင် အနိုင်ရရှိခဲ့သည်။ မဲခွဲဆုံးဖြတ်ရာ၌ အစိုးရအဖွဲ့က ထောက်ခံမဲ ၂၀၀ မဲဖြင့် အနိုင်ရရှိခြင်းဖြစ်သည်။ အစိုးရသည် လာဘ်စားမှုကို လျစ်လျူရှုလျက်ရှိကြောင်း၊ စွမ်းဆောင်ရည်မရှိကြောင်း ၊ ပါလီမန်ကချမှတ်ပေးသော မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်မှုမရှိကြောင်း စွပ်စွဲကာအတိုက်အခံအမတ်များက ပါလီမန်၌ လှုပ်ရှားခဲ့ကြသည်။ ပါလီမန်၌အချေအတင် ဆွေးနွေးကြစဉ်တွင် အတိုက်အခံအမတ်များက ထိုင်းနိုင်ငံတွင် ယခု ဆယ်စုနှစ် အတွင်း အဆိုးရွားဆုံးဖြစ်သော စီးပွားရေးပြဿနာ ပေါ်ပေါက်ခြင်းသည် စင်စစ် ၁၉၉၂ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ လက်ရှိဝန်ကြီးချုပ် ချမ်လီပိုင် ယခင်တစ်ကြိမ် အုပ်ချုပ်စဉ်ကစ၍ အရင်းခံစတင်ဖြစ်ပေါ်လာခဲ့ကြောင်း စွပ်စွဲပြောကြားခဲ့ကြသည်။

ယင်းသို့ရှိနေခဲ့ရာမှ ခြောက်လအတွင်း ရွေးကောက်ပွဲအသစ် ကျင်းပရေးအတွက် တိုက်တွန်းမည် မဟုတ်သည့် အပြင် ထိုင်းလွှတ်တော်ကိုလည်း ဖျက်သိမ်းမည် မဟုတ်ကြောင်း ဝန်ကြီးချုပ် ချမ်လီပိုင်က ဇွန် ၁၁ ရက်နေတွင် ပြောကြားခဲ့သည်။ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးအတွက် ပြောရန် အချိန်စောလွန်းသေးကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရှည်လျားသောလမ်းကို လျှောက်လှမ်းရန်ရှိကြောင်း၊ ယခုအချိန်တွင် ရွေးကောက်ပွဲ ကျင်းပပေးဦးမည် မဟုတ်ကြောင်း ချမ်လီပိုင်က ပြောကြားသည်။ ထိုင်းဝန်ကြီးချုပ်ဟောင်း ချာဗာလစ်ယောင်ချိုင်ယုဒ် ခေါင်းဆောင်သော အတိုက်အခံ"နယူးအက်စပီရေးရှင်းပါတီ" က သက္ကရာဇ် ၂၀၀၀ ပြည့်နှစ် အောက်တိုဘာလအထိသက်တမ်းရှိသောထိုင်းလွှတ်တော်ကို ဖျက်သိမ်းပေးရန် ထိုင်းအစိုးရအား ထပ်ခါတလဲလဲ တောင်းဆိုထားသည်။

ထိုင်းရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်သည် ရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန် အနည်းဆုံးခြောက်လ အချိန်ယူရလိမ့်မည်ဟု ဝန်ကြီးချုပ် ချမ်လီပိုင်၏ ဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူးချုပ်ဖြစ်သူ ပြည်ထဲရေးဝန်ကြီး ဆာနန်ကာချောင်ပရာဆာတ်က သတင်းထောက်များအား ပြောကြားသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေးအခြေအနေ ယုတ်လျော့နေရာမှပြန်လည်နာလန်ထူလာသည့်တိုင်အောင်ဝန်ကြီးချုပ်ရာထူး ဆက်လက် ထမ်းဆောင်သွားရန် သန္ဒိဌာန်ချထား



ထိုင်းဝန်ကြီးချုပ်ချမ်းလိပိုင်

ကြောင်း ဝန်ကြီးချုပ်ချမ်းလိပိုင်က ဇွန်လ ၁၅ ရက်နေတွင် ပြောကြား‌ခဲ့သည်။ ဝန်ကြီးချုပ်၏ စီးပွား‌ရေး‌ရာ ကိုင်တွယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်နှတ်ထွက်ပေး‌ရန် အတိုက်အခံတို့၏ တောင်း‌ဆိုချက်ကို ပယ်ချလိုက်ပြီး မိမိ၏အစိုး‌ရသည် နိုင်ငံ၏ ပြဿနာများကို ဖြေရှင်း‌ပေး‌နေ‌ရသည်။ အစိုး‌ရကို ဝေဖန်ပြောကြား‌ခြင်း‌မှာ အတိုက်အခံ တို့၏ လုပ်ရိုး‌လုပ်စဉ် ဖြစ်သည်။ သို့သော်အစိုး‌ရသည် မဖောက်မပြန်တည်မြဲ နေမည်။ စီးပွား‌ရေးပြဿနာဖြေ ရှင်း‌ရေး‌အတွက် မိမိတို့၏လုပ်ငန်း‌ကို လုပ်ဆောင်နေသည်ကို ပြည်သူများက သဘောပေါက်သိမြင်သောကြောင့် ဝေဖန်ပြောကြား‌မှုများသည် အစိုး‌ရ၏ တည်ငြိမ်မှုကို ထိခိုက်စေလိမ့်မည် မဟုတ် ပါ။ စီးပွား‌ရေးပြဿနာ ဖြေရှင်း‌ရန် အစိုး‌ရအနေဖြင့် အချိန်ယူ‌ရလိမ့်မည်စသည်ဖြင့် ချမ်းလိပိုင်က ပြောကြား‌သည်။ အတိုက်အခံခေါင်း‌ဆောင် ချာဗာလစ် ယောင်ချိုင်ယုဒ်က ချမ်းလိပိုင်နှတ်ထွက်ပေး‌ရန် ဇွန်လ ၁၅ ရက်နေတွင် ထပ်မံတောင်း‌ဆိုခဲ့သည်။

ထိုင်းပါလီမန်အောက်လွှတ်တော်တွင် သုံး‌ရက်ကြာမျှ အချေအတင်ဆွေး‌နွေး‌ပြီး‌နောက် အစိုး‌ရ၏ ၁၉၉၈-၉၉ (အောက်တိုဘာ- စက်တင်ဘာ) ဘတ်ဂျက်ရသုံး‌ခန့်မှန်းခြေ ငွေစာရင်း‌အတွက် ဘတ်ငွေ ၈၂၅ ဘီလီယံ (ဒေါ်လာ ၂၀ ဒသမ ၃ ဘီလီယံ) ကို စက်တင်ဘာလ ၁၈ ရက်နေ‌ကအတည်ပြုပေး‌လိုက်သည်။ ယင်းဘတ်ဂျက်ဥပဒေကြမ်းကို အမတ် ၃၉၈ ဦး‌ရှိသော အောက်လွှတ်တော်၌ ထောက်ခံမဲ ၂၀၉ မဲ ကန်ကွက်တစ်မဲဖြင့် အတည်ပြုပေး‌လိုက်ခြင်း‌ဖြစ်သည်။ အမတ် ၈၆ ဦး‌က မဲပေး‌ခြင်း‌မရှိဟုဆိုသည်။ ယခုအခါဘတ်ဂျက်ဥပဒေကြမ်း‌ကို တရား‌ဝင်အတည်ပြုရေး‌အတွက် မကြာမီအထက်လွှတ်တော်သို့ တင်သွင်း‌ရန်လိုအပ်မည်ဖြစ်သည်။ ဘတ်ဂျက်ကို သင့်တင့်မျှတစွာသုံး‌စွဲသွား‌ရန်နှင့် တိုင်း‌ပြည်အတွက် အကျိုး‌အဖြစ်ထွန်း‌ဆုံး‌ဖြစ်စေရန်အစိုး‌ရက သန္နိဋ္ဌာန်ချထား‌ကြောင်း ဘတ်ဂျက်ဥပဒေကြမ်း‌ကို အတည်ပြုပြီး‌နောက် ဝန်ကြီး‌ချုပ်ချမ်လိပိုင် က ပြောကြား‌သည်။

ထိုင်းနိုင်ငံ၏ တတိယအကြီး‌မား‌ဆုံး နိုင်ငံရေး‌ပါတီဖြစ်သော ချတ်ပက်တနာပါတီ (စီပီပီ)သည် အာဏာရှင်ဆန့်ပေါင်း‌အဖွဲနှင့်ပူး‌ပေါင်း‌ရန် စက်တင်ဘာလ ၂၉ ရက်နေ‌ကပြုလုပ်သော စီပီပီအစည်း‌အဝေး‌၌ တညီတညွတ်တည်း‌ဆုံး‌ဖြတ်လိုက်၍ အစိုး‌ရအဖွဲအပြောင်း‌အလဲ ပြုလုပ်မည့် အစီအစဉ်အတွက် လမ်း‌ပွင့်သွား‌ခဲ့သည်။ စီပီပီအစည်း‌အဝေး‌အပြီး‌ပြုလုပ်သော သတင်း‌စာရှင်း‌လင်း‌ပွဲတွင် စီပီပီခေါင်း‌ဆောင်ကွန်ဒက်တာရန်ဆီကနိုင်ငံကြွေးတွေ့နေ‌ရသော ပြဿနာများကို အစိုး‌ရက ဖြေရှင်း ရာတွင် အထောက်အကူပေး‌ရန် ညွှန်ပေါင်း‌အဖွဲနှင့် ပူး‌ပေါင်း‌ရန်ဆုံး‌ဖြတ်မည်ဖြစ်ကြောင်း ပြောကြား‌သည်။ ညွှန်ပေါင်း‌အဖွဲတွင် ဗဟိုမဏ္ဍိုင်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ ဒုတိယအကြီး‌ဆုံး‌နိုင်ငံရေး‌ပါတီဖြစ်သည့် ဒီမိုကရက်တစ် ပါတီမှ အတွင်း‌ရေး‌မှူး‌ချုပ် ဆနန်ကချန်ပရာဆတ်သည် စီပီပီကို တရား‌ဝင်ကမ်း‌လှမ်း‌ရေး‌အတွက် စီပီပီ ဌာန ချုပ်သို့ စက်တင်ဘာလ ၂၉ ရက်နေက သွား‌ရောက် ခဲ့သည်။ စီပီပီတွင် ဝင်ရောက်လာမှုသည် အစိုး‌ရအဖွဲ၏ စုစည်း‌ညီညွတ်လာမှုကို ဖြစ်စေမည်ဟု ဝန်ကြီး‌ချုပ် ချမ်လိပိုင်က အခြား‌သတင်း‌စာရှင်း‌လင်း‌ပွဲ၌ ပြောကြား သည်။ စီပီပီ၏ ဆောင်ရွက်ချက်ကို ညွှန်ပေါင်း‌အဖွဲ အတွင်း‌ရှိ ပါတီများက ကြိုဆိုကြပြီး အသစ်ဝင်ရောက် လိုသူ များအား ၄င်း‌တို့၏ဝန်ကြီး‌ဌာနအချို့ကို ပေး‌ရန်ဆန္ဒ ရှိကြောင်း ပြောဆိုကြသည်။

ထိုင်းအစိုး‌ရဝန်ကြီး‌အဖွဲကို ပထမဆုံး‌အကြိမ်အဝိုက ပြောင်း‌လဲမှုပြုလုပ်ရာတွင် ညွှန်ပေါင်း‌တွဲဖက်ပါတီသစ်မှ ဝန်ကြီး‌သစ်ငါး‌ဦး‌ကို အမည်သတ်မှတ်ခြင်း‌ဖြင့် ၁၁ လကြာ အစိုး‌ရအဖွဲ၏အခြေခံကို ဝန်ကြီး‌ချုပ် ချမ်လိပိုင်က အောက်တိုဘာလ ၅ ရက်နေတွင် တိုး‌ချဲ့ပြင်ဆင်ဖွဲ့စည်း‌ခဲ့

သည်။ ခုနစ်ပါတီညွှန်ပေါင်းအဖွဲ့သစ်၏ ဝန်ကြီးဌာန အချို့ကို အပြောင်းအလဲပြုလုပ်သော်လည်း ဘဏ္ဍာရေး ဝန်ကြီး တာရင်နင်မာနာဟေမင်ဒါအား မူလရာထူးမှာပင် ထား သည်။ ချတ်ပက်တနာပါတီ (စီပီပီ) က ဆွမ်လီပိုင်၏ မဟာမိတ်အဖွဲ့တွင် ပါဝင်လာသဖြင့် အောက်လွှတ်တော်တွင် အစိုးရက ထိန်းချုပ်ထားသော အမတ်နေရာများမှာ ၂၀၄ မှ ၂၅၅ အထိ တိုးလာသည်။ အောက်လွှတ်တော်၌ အမတ်ဦးရေမှာ ၃၈၇ ဦးဖြစ်သည်။

စီးပွားရေး – ထိုင်းနိုင်ငံ၏ စီးပွားရေးအခြေအနေ အရပ်ရပ်တို့သည် လျော့နည်းကျဆင်းသွားမည့်အဆင့်သို့ မရောက်ရှိသေးသဖြင့် လာမည့်နှစ် သုံးလမှခြောက်လ အတွင်း ပိုမိုပြင်းထန်သော အခက်အခဲများကို ရင်ဆိုင် ရဖွယ် ရှိကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ဘီချိုင်းက ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေတွင် ပြောကြား ခဲ့သည်။ ထိုင်းအစိုးရသည် ပေါ်ပေါက်နေသော ပြဿနာ များကို အဆုံးတစ်နေ့တွင် ကိုင်တွယ်ဖြေရှင်းပေးနိုင်မည် ဖြစ်၍ လက်တလောကာလအတွင်း ပြည်သူတို့က သည်းခံစိတ် ရှည် ကြစေလိုသည်။ ထိုင်းနိုင်ငံသုံးဘတ်ငွေ သည် မကြာမီကအနိမ့်ဆုံးအဆင့်သို့ ကျရောက်သွားခြင်း အတွက် ပြည်ပအင်အားစုများအား ဘီချိုင်းကအပြစ်ဖို့ ပြောကြား ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေမှစ၍ ဘတ်ငွေကို တန်ဖိုး ရှင် သတ်မှတ်ထားခဲ့ရာ ဒီဇင်ဘာလ ၄ ရက်နေအထိ ကာလအတွင်း ဘတ်ငွေတန်ဖိုး ၆၅ ရာခိုင်နှုန်း ကျဆင်း သွားခဲ့သည်။ မကြာမီက ဘတ်ငွေ ပေါက်စျေးမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၄၃ဒသမ ၀၅ ရှိခဲ့၍ ဆက်လက်ပြီး ကျဆင်းဖွယ်ရာရှိသည်ဟု ထိုင်းကုန်သည် များက ယူဆထားကြသည်။

ထိုင်းနိုင်ငံ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွင်

ထိုင်းနိုင်ငံကျေးလက်ဒေသမှ ဆင်းရဲနွမ်းပါးလှသည့် မိသားစုတစ်စုကိုတွေ့ရစဉ်





ဘာသာရေးကိုင်းရှိုင်းနေသည့် ထိုင်းအမျိုးသမီးတစ်ဦး

ယုံကြည်မှုရှိကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ် အက်ဖ်) က မဲခွဲဆုံးဖြတ်မှုယူပြီးနောက် ထိုင်းနိုင်ငံ စီးပွားရေးပြန်လည်ကောင်းမွန်ရေး၌ အထောက်အကူ ပြုရန် ဒေါ်လာသန်း ၈၁၀ လွှဲပြောင်းပေးရန် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေတွင် သဘောတူခဲ့သည်။ ထိုင်းနိုင်ငံအား ကူညီရေးအတွက် ဒေါ်လာ ၁၇ ဒသမ ၂ ဘီလီယံ နိုင်ငံတကာ ကယ်ဆယ်ရေး ရန်ပုံငွေရရှိစေရန် သြဂုတ်လ အတွင်း အိုင်အမ်အက်ဖ်က စီစဉ်ညွှန်ကြားခဲ့သည်။ ထိုင်း ဘဏ္ဍာရေးကုမ္ပဏီ ၅၈ ခုအနက် ၅၆ ခုကို ပိတ်ပစ်ရန်ထိုင်းအစိုးရ၏ဆုံးဖြတ်ချက်ကိုထိုင်းသတင်းစာများက ဒီဇင်ဘာလ ၈ ရက် နေတွင် ထောက်ခံရေးသားခဲ့ကြသည်။ ယင်းလုပ်ရပ်သည် တင်းကျပ်သော်လည်း လိုအပ်သော လုပ်ရပ်ဖြစ်ကြောင်း ထောက်ခံရေးသားကြသည်။ ယင်းသို့ပိတ်ပင်လိုက်ခြင်းကြောင့် လူပေါင်း ၆၀၀၀ ခန် အလုပ်လက်မဲ့ဖြစ်ဖွယ်ရှိသည်။အစောပိုင်းက ငွေကြေးအဖွဲ့အစည်းများရပ်ဆိုင်းထားစဉ်က လူပေါင်း ၁၄၀၀၀ ခန် အလုပ်မှယာယီရပ်ဆိုင်းခဲ့ရသည်။

ထိုင်းနိုင်ငံ၏ တန်ဖိုးကျနေသော ဘတ်ငွေတန်ဖိုးမှာ ဒေသငွေကြေးဈေးကွက်တွင် ဒီဇင်ဘာလ ၁၁ ရက်နေ့က နောက်ထပ် ဝံချိန်တင်ကျဆင်းခဲ့သည်။ ဗန်ကောက် စတော့ဈေးကွက်မှာလည်း မွန်းလွဲပိုင်း၌ ၄ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းကာ ၃၅၁ ဒသမ ၇၂ ဖြင့် နံနက်ပိုင်း ဈေးပိတ်ခဲ့သည်။ ဘတ်ငွေတန်ဖိုးပြည်တွင်းဈေးကွက်၌ ထိုးကျခဲ့ရာ ဒီဇင်ဘာလ ၁၁ ရက်နေ နံနက်ပိုင်းတွင် တစ်ဒေါ်လာလျှင်ဘတ် ၄၃ ဒသမ ၂၅ နှုန့် ၄၃ ဒသမ ၃၅ နှုန်းသို့ ရောက်ရှိ ခဲ့သည်။ ဇူလိုင်လ ၂ ရက်နေတွင် ဖလှယ်နှုန်း အရှင်ထားလိုက်ချိန်မှစ၍ တန်ဖိုး ၄၈ ရာခိုင်နှုန်း ဆုံးရှုံးခဲ့ရသည်။

ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ ရွှေဆိုင်ပေါင်း ၁၀၀၀၀ တို့က ထိုင်းအစိုးရအား တစ်ဆိုင်လျှင်တစ်ကီလိုဂရမ် အလေးချိန်ရှိသော ရွှေတုံးတစ်တုံးစီ ထည့်ဝင်လှူဒါန်းရန် သဘောတူညီကြကြောင်း ထိုင်းဒုတိယဘဏ္ဍာရေးဝန်ကြီး ပီချက်ထရန်စစ်ပတ္ထဒီက ၁၉၉၈ ခုနှစ် ဧန်နဝါရီလ ၈ ရက်နေတွင် ထုတ်ဖော်ပြောကြားသည်။ ငွေကြေးကစားသူများ၏ ထိုးနှက်မှုကြောင့် ကုန်ခမ်းနေသောထိုင်းနိုင်ငံသီးသန် ရန်ပုံငွေများ ပြန်လည်တိုးပွားများပြားလာစေရန် ယင်းရွှေတုံးများကို အသုံးပြုသွားမည်ဟုဆိုသည်။ အဆိုပါ ရွှေတုံးများကို အာမခံစာချုပ်များနှင့် လဲလှယ်ရန် ထိုင်းအစိုးရက ရည်ရွယ်ထားသည်။ ယင်းအာမခံစာချုပ်



ထိုင်းနိုင်ငံစီးပွားရေးပျက်ကပ်တွင် အရောင်းအဝယ်ပါးလျက်ရှိရာ ဖောက်သည်အလာကျဲသဖြင့် ငိုက်မြည်းနေသည့် စားသောက်ဆိုင်ဝန်ထမ်းတစ်ဦး

ထိုင်းနိုင်ငံတွင်လွန်ခဲ့သော ဒီဇင်ဘာလက အမြဲတမ်း ပိတ်ပင်ခံလိုက်ရသော ငွေကြေးကုမ္ပဏီ ၅၆ ခု၏ လက်ကျန် ပစ္စည်းများကို ထုခွဲရန် ကူးသန်းရောင်းဝယ်ရေး ဘဏ် တစ်ခု၊ ငွေကြေးကုမ္ပဏီတစ်ခုနှင့် ငွေကြေးအာမခံ ကုမ္ပဏီတစ်ခုထူထောင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဆိုပြုချက်ကို အစိုးရက ဇန်နဝါရီလ ၂၀ ရက်နေတွင် လက်ခံခဲ့သည်။ ပိတ်ပင်လိုက်သော ငွေကြေးကုမ္ပဏီ ၅၆ ခု၏ ပစ္စည်းများကို လေလံတင်ရာတွင် ယင်းကုမ္ပဏီ သုံးခုက အဓိကကျသော အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ရမည် ဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ဘဏ္ဍာရေး ဝန်ကြီးဌာနကအဓိကရှယ်ယာပါဝင်၍ ကနဦး မတည် ငွေမှာ ဘတ် ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၅ သန်း) ဖြစ်သည်။

စီးပွားရေး အကျပ်အတည်း၏ လူမှုရေးဒဏ်ရာ၊ ဒဏ်ချက် လျော့ပါးသက်သာစေရန် မိမိ၏အစိုးရ နည်းလမ်းများ ရှာဖွေသွားမည်ဟု ထိုင်းဝန်ကြီးချုပ် ချမ်လီပိုင်က ဧပြီလ ၁၈ ရက်နေတွင် ပြောကြားခဲ့သည်။ အာဏာရဒီမိုကရက်တစ်ပါတီ၏ တစ်ရက်ကြာကျင်းပသော ၅၂ ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံတွင် ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာ၌ အစိုးရသည် စီးပွားရေး အကျပ်အတည်းများကို ကိုင်တွယ်ဖြေရှင်းရာ၌ အခြားလူမှုရေးပြဿနာများကို လျစ်လျူရှုလိမ့်မည်မဟုတ်ပါ၊ ထိုင်းနိုင်ငံ ၏ အလုပ်အကိုင်မရှိဖြစ်နေသော ပြည်သူများမှာ ယခုနှစ် ကုန်ဆုံးချိန်၌ နှစ်သန်းအထိရှိနိုင်ကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ခန့်မှန်းထားသည်။ ယင်းခန့်မှန်းချက်ကို အကြောင်းပြု၍ အလုပ်လက်မဲ့ တိုးတက်ကြီးထွားလာမည့် ဖိအားပေးမှုလျော့နည်းသွားရေးအတွက် မိမိကိုယ်တိုင်ဦးဆောင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းထားသည်ဟု ချမ်လီပိုင်က ဆက်လက် ပြောကြား သည်။ ထို့နောက် လွန်ခဲ့သော နိဝင်ဘာလက မိမိအစိုးရ စတင်တာဝန်ယူချိန်၌ အဆိုးဝါးဆုံး စီးပွားရေးကျဆင်းမှုကို ရင်ဆိုင်ခဲ့ရသည့်အကြောင်း ချမ်လီပိုင်က ပြန်ပြောင်းပြောကြားပြီးနောက် ငါးလ အကြာတွင် ထိုင်းဘတ်ငွေတန်ဖိုး အတက်အကျမမှန် ဖြစ်နေရာမှ ပြန်လည်တည်ငြိမ်လာသည်။ ငွေလုံးငွေရင်း စီးဝင်မှုက ငွေလုံးငွေရင်း စီးထွက်မှုကို လွှမ်းမိုးနိုင်လာခဲ့

များမှာ သုံးနှစ်မှငါးနှစ်ကာလတွင်း နှစ်စဉ်အကို းနှုန်း ငါးရာခိုင်နှုန်းအထိ ရရှိမည်။ ယင်းအာမခံစာချုပ်များ အတွက် ကော်မတီ ဖွဲ့စည်းဆောင်ရွက်သည်။ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့က ဦးဆောင်ပြုလုပ်သော အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂ ဘီလီယံအသုံးပြုမည့် စီးပွားရေးပြန်လည် ထူထောင်ရေးအစီအစဉ်ပါ စည်းကမ်း ချက်များအရ ထိုင်းနိုင်ငံက ၁၉၉၉ ခုနှစ်အတွင်း ဒေါ်လာ ၂၅ ဘီလီယံ ဖိုးထက်မနည်း တန်ဖိုးရှိသော နိုင်ငံခြားသုံး ငွေများနှင့် ရွှေတုံးများကို ထိန်းသိမ်းထားရမည်ဖြစ်သည်။

အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေးနယ်မြေ (အေအက်ဖ်တီအေ) အစီအစဉ်အရ အကောက်အခွန်နှုန်း လျှော့ချသော ကုန်ပစ္စည်းစာရင်းကို ဇန်နဝါရီလ ၁၄ ရက် နေတွင် ထိုင်းအစိုးရက ကြေညာခဲ့သည်။ ယင်းပစ္စည်း များ စာရင်းတွင် အမျိုးအမည် ၈၀၀၀ ကျော်ပါဝင်သည်။ ကုန်ပစ္စည်း ၁၅ မျိုးအနက် အမည်ပေါင်း ၃၄၁၉ ကို လောလောဆယ် အခွန်လျော့မည့်စာရင်းတွင် ဖော်ပြထား သည်။ သက္ကရာဇ် ၂၀၀၀ တွင် ယင်းပစ္စည်းများ၏ အကောက်ခွန်ကို သုညဒသမ ၅ ရာခိုင်နှုန်းအထိ လျော့ချ မည် ဖြစ်သည်။ ကုန်ပစ္စည်းအမျိုးအစား ၁၅ မျိုးတွင် ဘီလပ်မြေ၊ ဓာတ်မြေဩဇာ စက္ကူနှင့် ပျော့ဖတ်၊ ပရိဘောဂ၊ သစ်သား၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ၊ အဝတ်အထည်များ အိုလစ်ထရွန်းနစ်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ ၊ ပလတ်စတစ်၊ ရော်ဘာလုပ်ပစ္စည်း ကြွေထည်နှင့် ဖန်ထည်ပစ္စည်းများ၊ ကြေးနီ၊ သားရေနှင့် စားသုံးဆီများပါဝင်သည်။ ကုန်ပစ္စည်းအမျိုးအမည် ၅၂၁၅ ကို ပုံမှန်အတိုင်းထားရှိပြီး အခွန်အကောက်နှုန်း လျော့ချသွားမည် ဖြစ်သည်။ ယင်းပစ္စည်းများကို အေအက်ဖ်တီအေ လုပ်ငန်းစဉ်ပြီးဆုံးမည့် သက္ကရာဇ် ၂၀၀၃ ခုနှစ်တွင် သုညရာခိုင်နှုန်းမှ ငါးရာခိုင်နှုန်းအထိ လျော့ချမည်ဖြစ်သည်။ သက္ကရာဇ် ၂၀၀၃ ခုနှစ်တွင် အကောက်ခွန်လျော့ချမည့် ပစ္စည်းများတွင် လယ်ယာထွက် ပစ္စည်းကုန်ကြမ်းများ အသင့်စားသုံးနိုင်သော အစားအစာများ၊ အလှပြင်ပစ္စည်းများ၊ သတ္တုများ၊ စက်ယန္တရားများ၊ လျှပ်စစ်ပစ္စည်းများ၊ ယာဉ်နှင့်ယာဉ် အပိုပစ္စည်းများ၊ နာရီများနှင့် တူရိယာပစ္စည်းများ ပါဝင် သည်။

သဖြင့် ထိုင်းစီးပွားရေးအပေါ် ယုံကြည်မှုရှိရေးကို တစ်စိတ်တစ်ဒေသ ပြန်လည်တည်ဆောက်နိုင်ခဲ့သည်ဟု ခွမ်က ဆက်လက် ပြောကြား:သည်။ ဒီမိုကရက်တစ်ပါတီကို ၁၉၄၆ ခုနှစ်က တည်ထောင်ခဲ့ရာ ထိုင်းနိုင်ငံတွင် သက်တမ်း အရှည်ဆုံး နိုင်ငံရေးပါတီ ဖြစ်သည်။

အကျပ်အတည်း တွေ့နေသော ထိုင်းစီးပွားရေးကို ကယ်တင်ရာတွင် အထောက်အကူပြုရန် ဘာသာရေးလေးစားမြတ်နိုးသူများ လှူဒါန်းကြသော ဒေါ်လာ ၁ ဒသမ ၈ သန်းကျော်ကို ဗုဒ္ဓဘာသာ ဘုန်းကြီးတစ်ပါးက ထိုင်းဘဏ်သို့ ဇူလိုင်လ ၆ ရက်နေ့တွင် လွှဲပြောင်းပေးအပ်ခဲ့သည်။ ဘုန်းတော်ကြီး ဖရာမဟာသွာယာနာဆန်ပန်နီသည် အစိုးရအတွက် ငွေကြေးကောက်ခံပေးရန် ဧပြီ လ ၁၂ ရက်နေ့၌ စတင်မေတ္တာရပ်ခံခဲ့ချိန်မှစ၍ ဒေါ်လာ ၁ ဒသမ ၈ သန်း ဘတ်ငွေ ၁၂ သန်း (ဒေါ်လာ ၂၉၃၀၀၀) နှင့် ရွှေထည်ပစ္စည်း ၁၈၂ ဒသမ ၅ ကီလိုဂရမ် (၄၀၃ ပေါင်)ကို စုဆောင်းကောက်ခံရရှိခဲ့သည်။ ဗန်ကောက်မြို့ဆင်ခြေဖုံးရပ်ကွက်များမှ လူထောင်ပေါင်းများစွာက ဘုန်းကြီးကျောင်းသို့လာ၍ အဖိုးတန်ကျောက်မျက်ရတနာများကို ပေးအပ်လှူဒါန်းကြသည်။ ထိုင်းတပ်မတော်ကလည်း အလားတူဆောင်ရွက်ခဲ့ရာ မတ်လအတွင်း၌ ရွှေသား ၁၅၀ ကီလိုဂရမ် (၃၃၀ ပေါင်) စုဆောင်းလက်ခံရရှိခဲ့သည်။ အများအားဖြင့် ရွှေတံဆိပ်များနှင့် လက်ဝတ်ရတနာများဖြစ်ကြသည်။

အလုပ်သမားအရေး – ထိုင်းနိုင်ငံအတွင်းရှိတရားမဝင်နိုင်ငံခြားသား အလုပ်သမားများ ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကော်မတီအသစ် ဖွဲ့စည်းလိုက်ကြောင်း ထိုင်းနိုင်ငံဒေသဆိုင်ရာ သတင်းစာတစ်စောင်က ဇန်နဝါရီလ ၄ ရက် နေ့တွင် ရေးသားဖော်ပြခဲ့သည်။ ယင်းကော်မတီတွင် အမျိုးသားလုံခြုံရေးကောင်စီကိုယ်စားလှယ်များ အပါအဝင် စစ်ဘက်နှင့် ရဲ တပ်ဖွဲ့တို့မှ ကိုယ်စားလှယ်သုံးဦးပါဝင်ပြီး နိုင်ငံခြားသား အလုပ်သမား ပြဿနာကို ဖြေရှင်းနိုင်မည့် အစီအစဉ်များ ရေးဆွဲကြသည်။ ထိုင်းနိုင်ငံတွင် နိုင်ငံခြားသား အလုပ် သမားပေါင်း တစ်သန်းကျော်ရှိသည်။ ယင်းအလုပ်သမား များ အနက် သုံးသိန်းက ယာယီအလုပ်လုပ်ခွင့် မှတ်ပုံတင် ထား:သည်။ ယင်းမှတ်ပုံတင် အလုပ်သမား:များသည် မှတ်ပုံတင် သက်တမ်းကုန်ဆုံးသော ဇွန်လတွင် အလုပ်လုပ်ကိုင်ခွင့် ရရှိတော့မည်မဟုတ်ဟု သိရသည်။ အဆိုပါ ကော်မတီသစ်သည် စစ်ပြေးဒုက္ခသည်များနှင့် ပတ်သက်သော နိုင်ငံတကာဥပဒေကို စိစစ်သုံးသပ်ကြမည်ဟု အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ဝန်ကြီး ထရိုင်ရောင်ဆူဝန်နာခိရိက ပြောကြား:သည်။

ထိုင်းနိုင်ငံတွင် တရားမဝင်အလုပ်လုပ်ကိုင်နေသော နိုင်ငံခြား:သား:သုံး:သိန်း:ကို ခြောက်လအတွင်း နေရင်းနိုင်ငံသို့ ပြန်ပို့မည်ဖြစ်ကြောင်း အလုပ်သမားနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာန၊ ဝန်ကြီး:က ပြောကြား:သည်ဟု ဒေသထုတ်သတင်းစာများက ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ရေး:သား:ဖော်ပြကြသည်။ လစ်လပ်သွား:သော နေရာများ:တွင် ထိုင်းနိုင်ငံသား:များကို ခန့်ထား:မည် ဖြစ်သည်။ နိုင်ငံခြား:အလုပ်သမား:များ နေရင်းနိုင်ငံသို့ ပြန်ပို့ရေး:ကို နိုင်ငံခြား:ရေး:ဌာနက တာဝန်ယူရမည် ဖြစ်သည်။ ထိုင်းနိုင်ငံ၌ တရား:ဝင်နှင့် တရား:မဝင် အလုပ်လုပ် နေကြသော နိုင်ငံခြား:သား:အလုပ်သမား:များ: နေရပ်သို့ ပြန်လိုပါက ဆန္ဒအလျောက် ပြန်သွား:နိုင်ရန် အား:ပေး:သော မဟာဗျူဟာကို လူဝင်မှုကြီး:ကြပ်ရေး:ဌာနက တွေ့ရှိထား:သည်ဟု ထိုင်း:သတင်း:စာများက ရေး:သား:ကြသည်။ ထိုင်းနိုင်ငံတွင် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလမှစ၍ တရား:မဝင် အလုပ်လုပ်နေသော နိုင်ငံခြား:သား:အလုပ်သမား: ၉၀၀, ၀၀၀ ခန် ရှိသည်။ နေရပ်သို့ ပြန်လိုသော နိုင်ငံခြား:သား: အလုပ်သမား:များ:ကို အပြည့်အဝ အကူအညီပေး:ရန် လူဝင်မှု ကြီး:ကြပ်ရေး:ဌာန အား: ညွှန်ကြား:ထား:သည်။ မိမိဆန္ဒအလျောက် ပြန်လိုသော အလုပ်သမား:များ:ကို လမ်း:စရိတ်ပေး:၍ အခမဲ့အစာကျွေး:မည် ဖြစ်သည်။

ထိုင်းနိုင်ငံ၏ အလုပ်လက်မဲ့ဦး:ရေမှာ ၁၉၉၇ ခုနှစ် ကုန်ပိုင်း:၌ ၁ ဒသမ ၈ သန်း:ရှိခဲ့ရာမှ ၂ ဒသမ ၀၃ သန်း သို့ တက်လာကြောင်း နောက်ဆုံး:စာရင်း:ဇယား:များ:က ဖော်ပြနေသည်ဟု ထိုင်းအလုပ်သမား:ဝန်ကြီး:ဌာနက ဇပြီ ၂၄ ရက်နေ့တွင် ပြောကြား:သည်။ အလုပ်လက်မဲ့ပြဿနာဖြေရှင်း:ရေး:နည်း:လမ်း:အဖြစ် အလုပ်လက်မဲ့ထိုင်း:နိုင်ငံသား:များ ပြည်ပသို့သွား:ရောက်ပြီး အလုပ်အကိုင်ရရှိရေး:ကို ထိုင်း:အစိုး:ရက ဆောင်ရွက်ပေး:နေသည်။ ယခုနှစ်ပထမသုံး:လပတ်အတွင်း ထိုင်း:အလုပ်သမား ၄၅၄၁၇ ဦး ပြည်ပတွင် အလုပ်အကိုင်ရရှိနေကြပြီ ဖြစ်သည်။ နောက်ထပ် အလုပ်အမာ ၂၀၀,၀၀၀ ကို ယခုနှစ်အတွင်း:ပြည်ပသို့

ပို့ရန်အစိုးရက ရည်ရွယ်ထားသည်။ ထိုင်းနိုင်ငံတွင် စီးပွားရေးအကျပ်အတည်း ဆိုးဆိုးရွားရွားကြုံတွေ့နေရခြင်းကြောင့် အလုပ်လက်မဲ့ဦးရေမှာ ၂ ဒသမ ၇ သန်းအထိ ရှိနေခဲ့သည်။ ယင်းအလုပ်လက်မဲများတွင် အုပ်စုနှစ်ခု ရှိသည့်အနက် ပထမအုပ်စုမှာ အလုပ်လုပ်ရန်အဆင်သင့် ဖြစ်နေသော တကယ့်အလုပ်လက်မဲ့ ၁ ဒသမ ၅ သန်း အုပ်စုဖြစ်သည်။ ဒုတိယအုပ်စုမှာ လယ်ယာလုပ်ငန်းခွင်များမှ ခေါ်ယူထားသော အလုပ်လုပ်ရန်လိုလိုလားလား မရှိသူအလုပ်လက်မဲ့ ၁ ဒသမ ၂ သန်းအုပ်စုဖြစ်သည်ဟု ဇွန်လ ၁၈ ရက်နေက ထုတ်ပြန်သော အစိုးရစာရင်းဇယားတွင် ဖော်ပြထားသည်။ ထိုင်းနိုင်ငံတွင် စုစုပေါင်း လူဦးရေ ၆၀ ဒသမ ၉ သန်းရှိသည့်အနက် ၃၂ ဒသမ ၁ သန်းမှာ အလုပ်လုပ်နိုင်သောအင်အားစုဖြစ်ပြီး ၂၉ ဒသမ ၄ သန်းသာ အလုပ်လုပ်နေကြသူများဖြစ်သည်။ စုစုပေါင်း ဘွဲ့ရကျောင်းသား ၄၈၉၀၀၀ ခန်နှင့် အခြားအလုပ်သမား အင်အားစုအသစ်များကို ၁၉၉၈ခုနှစ်အတွင်း အလုပ်သမား ဈေးကွက်များသို့ စေလွှတ်ပေးမည်ဟု အစိုးရသတင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး – ထိုင်းစာသင်ကျောင်း ၁၅၇ တွင် ထိုင်းအစိုးရက အထူးဂရုတစိုက် လေ့လာကြမည် ဖြစ်သည်။ ထိုစာသင်ကျောင်းများတွင် ထောင်ပေါင်းများစွာသော ကျောင်းသားများသည် မူးယစ်ဆေးဝါး သုံးစွဲနေကြသောသောကြောင့် ယင်းကဲ့သို့ အထူးဂရုတစိုက် စောင့်ကြည့်လေ့လာရတော့မည့် အခြေအနေသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု မေလ ၂၆ ရက်နေတွင် "ဗန်ကောက်ပို့စ် "သတင်းစာတွင် ဖော်ပြထားသည်။ ထိုင်းရဲတပ်ဖွဲဝင်များ၊ စာသင်ကျောင်း အမှုထမ်းများနှင့် မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအေဂျင်စီများသည် မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုနိုင် သည်ဟု ယူဆရသောနိုးစပ်ရာ စားသောက်ဆိုင်များနှင့် နေအိမ်များကို အကဲခတ် စောင့်ကြည့်သွားကြမည် ဖြစ်သည်။ ထိုင်းနိုင်ငံ တစ်ဝန်းလုံးရှိ ကျောင်းသား ၁၁ ဒသမ ၅ သန်းတို့အား တွေ့သူကိုကြွသလို စမ်းသပ် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီးနောက် ယင်းအစီအစဉ်ကိုစတင် ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်သည်။ ယင်းကဲ့သို့ကြွသလို စမ်းသပ် စစ်ဆေးခဲ့ရာတွင် ဆေးသုံးစွဲသူ ၁၄ ဒသမ ၄၀၉ သန်းကို စမ်းသပ်တွေ့ရှိခဲ့ရသည်။ ယင်းကျောင်းသားများအနက် အမ်ဖီတမင်းသုံးစွဲသူ ၆၀၁၁ -ဦးခန်၊ အရက် သေစာမှီဝဲသူ ၅၃၈၇ ဦး၊ မူးယစ်ဖျော်ရည်သုံးစွဲသူ ၆၂ ဦး၊ ဆေးခြောက် မှီဝဲသူ ၃၅၀ ဦးနှင့် ဘိန်းဖြူသုံးစွဲသူ ၇၇ ဦး၊ အသီးသီး တွေ့ရှိခဲ့ရသည်။

ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါး ပြဿနာမှာ ပိုဆိုးလာလျက်ရှိရာ အမ်ဖီတမင်း မူးယစ်ဆေးသုံးစွဲမှု ပြဿနာက အကြီးမားဆုံးဖြစ်ပြီး ထိုပြဿနာများကို ဖြေရှင်းရေးအတွက် ထောက်ပံ့သော ငွေကြေးမှာလည်း လုံလောက်မှု မရှိကြောင်း ပြည်သူလူထု လေ့လာမှုတစ်ရပ်၌ ဖော်ပြထားသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများအတွင်း ညှိနှိုင်းဆောင်ရွက်မှု မရှိခြင်းကြောင့် နိမ်နင်းတိုက်ဖျက်ရေးမှာ အရာမရောက်ဖြစ်နေကြောင်း အောက်တိုဘာလ ၂၅ ရက်နေက ပြုလုပ်သော ပြည်သူလူထုလေ့လာချက်၌ ရေးသားဖော်ပြထားသည်။ အောက်တိုဘာလ ၁ ရက်နေမှ ၂၃ ရက်နေအထိ စူးစမ်းလေ့လာခြင်းကို အဆမ်းရှင်း တက္ကသိုလ်က ဆောင်ရွက်ခြင်းဖြစ်ပြီး ၇၆ ပြည်နယ်မှ အုပ်ချုပ်ရေးမှူး၊ လက်ထောက်များ၊ ရဲအရာရှိ ချုပ်များ၊ ရွာနေများ၊ ထောင်ကြပ်များ၊ ကောင်စီဥက္ကဋ္ဌများနှင့် အုပ်ချုပ်သူအဖွဲ့ အရာရှိများထံမှ ဝေဖန်ချက်များကို ရယူခဲ့သည်။ လူ ၆၅၆ ဦးက စာတိုက်မှ ပြန်ကြားချက်ပေးပို့ခဲ့ရာတွင် ၇၇ ဒသမ ဂ ရာခိုင်နှုန်းက ပြည်တွင်းသုံးစွဲမှုများလာခြင်းကြောင့် မူးယစ်ဆေးပြဿနာ ဆိုးရွားပြင်းထန်လာခဲ့ကြောင်း သတိပေး ဖော်ပြထားသည်။ မူးယစ်ဆေးဆန့်ကျင်ရေး အဖွဲ့အစည်းများကို အစိုးရက ထူထောင်ဖွဲ့စည်းရန် ဆောင်ရွက်သော်လည်း သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအတွင်း ညှိနှိုင်းဆောင်ရွက်မှု လုံလောက်ခြင်း မရှိသဖြင့် ထိရောက်စွာနှိမ်နင်းရေးကို ကြီးမားစွာ အနှောက်အယှက်ဖြစ်လျက် ရှိသည်ဟုဆိုသည်။

နိုင်ငံတကာဆက်ဆံရေး – အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲဝင် နိုင်ငံများအချင်းချင်း အသွားအလာ ငွေကြေးများကို အသုံးပြုလျက် ကုန်သွယ်နိုင်ရေးကြိုးပမ်းချက်များကို ထောက်ခံကြောင်း ထိုင်းဝန်ကြီးချုပ် ခွမ်လီပိုင်နှင့် မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်တို့က ဗန်ကောက်မြို့တွင် ဧပြီလ ၂၂ ရက်နေ့က ပြောကြားလိုက် ကြသည်။ ခွမ်နှင့် မဟာသီယာတို့သည် ထိုင်းနိုင်ငံ တောင်ပိုင်း ဆွန်ဂလာမြို့တွင် ဧပြီ ၂၂ ရက်နေ့တွင် တွေ့ဆုံ၍ ယင်းလုပ်ငန်းကိုနှစ်နိုင်ငံ

နိုင်ငံခြားရေးဝန်ကြီးများက ဆောင်ရွက်သင့်ကြောင်း သဘောတူကြသည်ဟု မဟာ သီယာနှင့် အတူလိုက်ပါလာသော မလေးရှားနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာ ဘာဒါဝီက ပြောကြားသည်။ အမေရိကန် ဒေါ်လာ၏ နေရာတွင် ဒေသသုံးငွေကြေးများဖြင့် ကုန်သွယ်မှုပြုနိုင်ရန် အဆိုပြုတင်ပြရေးကို ထိုင်းနှင့် မလေးရှား နှစ်နိုင်ငံတို့က ကြိုးပမ်းနေကြသည်။ အမေရိကန်ဒေါ်လာကို မှီခိုရမှု လျော့ပါးရေးအတွက် အာဆီယံနိုင်ငံများကငင်းတို့၏သက်ဆိုင်ရာ ငွေကြေးများဖြင့် ကုန်သွယ်မှုပြုလုပ်ရေးကို ၁၉၉၇ ခုနှစ်တွင် မဟာသီယာက အဆိုပြုခဲ့သည်။ ထိုကိစ္စ အကောင်အထည်ဖော်ရန် လုပ်ငန်းအချို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဘာဒါဝီက ပြောကြားသည်။

ထိုင်းဝန်ကြီးချုပ် ချွန်လီပိုင်နှင့် ဗန်ကောက်မြို့တွင် ရောက်ရှိနေသော ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်တို့သည် ကျင်းပရန်ရှိသည့် ကမ္ဘောဒီးယားရွေးကောက်ပွဲကိစ္စများကို မေလ ၆ ရက်နေညနေပိုင်း၌ ဆွေးနွေးခဲ့ကြသည်။ ထိုင်းနိုင်ငံတွင်ခိုလှုံနေကြသော ကမ္ဘောဒီးယားဒုက္ခသည်တစ်သိန်းနီးပါး နေရပ်သို့ပြန်ပို့ရေးကိစ္စကို ဝန်ကြီးချုပ်နှစ်ဦးတို့က သဘောတူခဲ့ကြသည်။ နှစ်နိုင်ငံစီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာရေး၊ ထိုင်းပင်လယ်ကွေတွင် ဆက်စပ်နေသော ရေပြင်ပိုင်နက်ကို ကန်သတ်ရေးနှင့် ထိုင်းပင်လယ်ကွေ့ရေပြင်အကျိုးတူဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးကိစ္စများကိုလည်း ဝန်ကြီးချုပ်နှစ်ဦးတို့ ဆွေးနွေးခဲ့ကြသည်။

သင့်ဘဝ – ဦးရဲလွင်

ထွန်းမြိုင်၊ ဦး (ဇေယျကျော်ထင်) (ခရစ် ၁၉၂၁ – ၁၉၉၈)။

။ဇေယျကျော်ထင် ဦးထွန်းမြိုင်ကို ဖခင် အမိန့်တော်ရထွေ.နေ မင်းတိုင်းပင်အမတ် ဦးဘရှိ၊ မိခင် ဒေါ်သိလှတို့က ၁၉၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့တွင် မြစ်သားမြို့၌ ဖွားမြင်သည်။ တစ်ဦးတည်းသောသားဖြစ်သည်။

ငယ်စဉ်က ၁၉၂၅ ခုနှစ်မှ ၁၉၃၀ ပြည့်နှစ်အထိ ကျောက်ဆည်မြို့ ဝက်စလီအထက်တန်းကျောင်းတွင်



ဇေယျကျော်ထင် ဦးထွန်းမြိုင်

သူငယ်တန်းမှ ပဉ္စမတန်းမအထိ၊ ၁၉၃၁ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိ မန္တလေးမြို့ဝက်စလီ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းမှ ၁၀ တန်းအထိ ပညာသင်ယူသည်။

ဦးထွန်းမြိုင်သည် ၁၀ တန်း၌ ပညာသင်ယူနေစဉ် ၁၉၃၇ ခုနှစ်တွင် ကျောင်းသားသပိတ်မှောက်ရာမှ သပိတ်မလှန်တော့ဘဲ မြစ်သားမြို့သို့ပြန်ပြီး စေတနာ့ဝန်ထမ်းအဖွဲ့ကျောင်းဆရာနှင့် အပျော်တမ်းရဲတပ်ဖွဲ့လုပ်ကိုင်သည်။ ၁၃၀၀ ပြည့် အရေးတော်ပုံတွင် တို့ဗမာအစည်းအရုံးဝင် သခင်တစ်ဦးအဖြစ် လည်းကောင်း၊ မြစ်သားမြို့ ဗမာ့လက်ရုံးတပ်ဖွဲ့အဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ၁၉၄၁ ခုနှစ်တွင် မြစ်သားမြို့နယ် မြေအောက်တော်လှန်ရေးတပ်ဖွဲ့ကို ဦးဆောင်ဖွဲ့စည်း၍ အင်္ဂလိပ်တို့အား တော်လှန်တိုက်ခိုက်နေစဉ် မြစ်သားမြို့သို့ ရောက်ရှိလာသည့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီ–အိုင်–အေ) မှ ဗိုလ်လရောင်၏ တပ်ဖွဲ့နှင့် ပူးပေါင်းကာ နယ်ချဲ့တော်လှန်ရေးကို ဆက်လက်ဆင်နွှဲသည်။

ဦးထွန်းမြိုင်သည် ၁၉၄၂ ခုနှစ်တွင် ရန်ကုန်မြို့မင်္ဂလာဒုံတွင် ဖွင့်လှစ်သော ဂျပန်ခေတ်စစ်တက္ကသိုလ်

ပထမပတ် ဗိုလ်သင်တန်းသို့ တက်ရောက်သည်။ ဗိုလ်သင်တန်းဆင်းပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီ-ဒီ-အေ) တပ်ရင်း ၅ တွင် စက်သေနတ်ကြီး တပ်ခွဲမှူး၊ တပ်ရေး ဗိုလ်ကြီးတာဝန်များကို ထမ်းဆောင်သည်။ ၁၉၄၅ ခုနှစ် ဖက်ဆစ် ဂျပန်တော်လှန်ရေးကာလတွင် တိုင်း ၆ တပ်ရင်း ၁ ၌ ဒုတပ်မှူးအဖြစ်လည်းကောင်း၊ တော်လှန်ရေးပြီးခါနီးတွင် တပ်ရင်း ၁ ခေတ္တတပ်မှူး အဖြစ်လည်းကောင်း ဆောင်ရွက်သည်။ ဖက်ဆစ်တော်လှန်ရေးပြီးနောက် တပ်မတော်မှ နုတ်ထွက်သည်။

ဦးထွန်းမြို့သည် ၁၉၄၆ ခုနှစ်တွင် ကျောက်ဆည်ခရိုင် ဖ.ဆ.ပ.လ အဖွဲ့ ဥက္ကဋ္ဌနှင့် ပြည်သူရဲဘော်ခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ ၁၉၄၇ ခုနှစ်တွင် တပ်မတော်သို့ ပြန်လည်ဝင်ရောက်ပြီး သောင်းကျန်းမှုနှိမ်နင်းရေး တပ်ရင်း ၁ (စစ်ရဲတပ်ရင်း ၄) ၌ စစ်ရဲဗိုလ်အဆင့်ဖြင့် တပ်ခွဲမှူးတာဝန် ထမ်းဆောင်သည်။ ၁၉၄၈ ခုနှစ်တွင် ပြင်ဦးလွင်မြို့၌ ဗိုလ်သင်တန်းအပတ်စဉ် ၃ သို့ တက်ရောက်ပြီးနောက် စစ်ရဲတပ်ရင်း ၄ တွင် ပြန်လည်တာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် စစ်ရဲတပ်ရင်း ၄ တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေရာမှ ပြင်ဦးလွင်မြို့၌ ဗိုလ်သင်တန်း အပတ်စဉ် ၄ သို့ ထပ်မံရောက်လာသည်။ ၁၉၅၁ ခုနှစ်တွင် သာယာဝတီမြို့ သ.န.က ဖ၊ ၁၉၅၃ ခုနှစ်တွင် စစ်ရုံး စစ်ဦး စီးချုပ်ဌာနနှင့် ပုသိမ်မြို့ ခ.လ.ရ ၃ တို့၌ ဗိုလ်ကြီးအဆင့်ဖြင့် တာဝန်ထမ်းဆောင်သည်။ ၁၉၅၅ ခုနှစ်တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ အုပ်ချုပ်မှုဗိုလ်မှူးတာဝန်ကို ဆောင်ရွက်သည်။ ၁၉၆၀ ပြည့်နှစ်တွင် ကလောမြို့ စစ်ဦးစီးတက္ကသိုလ်၌ တက်ရောက်ပြီး တရုတ်-မြန်မာနယ်နိမိတ်သတ်မှတ်ရေး "ဘဘစစ်ဆင်ရေး" ၌ ပါဝင်ဆောင်ရွက်သည်။ ၁၉၆၃ ခုနှစ်အထိ ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင် ခဲ့ပြီးနောက် ကျိုင်းတုံနယ်ခြားခရိုင်ဝန်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။ ခရိုင်ဝန်တာဝန်အပြင် ခရိုင်ရာဇဝတ် တရား၊သူကြီးတာဝန်ကိုပူးတွဲထမ်းဆောင်သည်။ ၁၉၆၄ ခုနှစ်အထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ပါတီတိုင်းခွဲ အမှတ် ၇ အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်သည်။

ဦးထွန်းမြို့သည် ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အထိ လူမှုဝန်ထမ်းဌာန ညွှန်ကြားရေးဝန်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၆၇ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ လင်းခေးမြို့ ခ.လ.ရ (၉) ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ မင်္ဂလာဒုံ ခ.ထ.ပ ၁ တို့တွင် တပ်ရင်းမှူး၊ ထောက်/ပို့ ဗိုလ်မှူးအဖြစ် ဆောင်ရွက်သည်။

၁၉၇၀ ပြည့်နှစ်တွင် သမဝါယမဝန်ကြီးဌာန အထူးအရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ၁၉၇၂ ခုနှစ်တွင် တပ်မတော်မှ ဗိုလ်မှူးအဆင့်ဖြင့် အငြိမ်းစားယူပြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး၊ နယ်သစ်သမဝါယမဘဏ်ဥက္ကဋ္ဌ၊ အိမ်တွင်းစက်မှုလက်မှုဦးစီးဌာနညွှန်ကြားရေးမှူး တာဝန်များကို ဆက်လက်ထမ်းဆောင်သည်။ ၁၉၈၁ ခုနှစ်တွင် ညွှန်ကြားရေးမှူးအဖြစ်မှ အငြိမ်းစားယူသည်။

ဦးထွန်းမြို့သည် ၁၉၅၆ ခုနှစ်မှစ၍ တပ်မတော်စာစောင်များ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဗိုလ်ကြီးထွန်းမြို့၊ ထူးယဉ်၊ ရဲဘော် ထွန်းမြို့ ကလောင်အမည်များဖြင့် ဝတ္ထုတိုနှင့်ဆောင်းပါးပုဒ်ရေ ၁၅၀ ခန့် ရေးသားခဲ့သည့် စာရေးဆရာတစ်ဦးလည်း ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအမည်ရှိ စာအုပ်ကို ၁၉၇၃ ခုနှစ်တွင် ထူးယဉ်ကလောင်အမည်ဖြင့် ပညာကြေးမုံစာပေက ပထမအကြိမ် ထုတ်ဝေပြီး ၁၉၉၁ ခုနှစ်တွင် ရဲဘော် ထွန်းမြို့ ကလောင်အမည်ဖြင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းက ဒုတိယအကြိမ်ထုတ်ဝေသည်။ ဗုဒ္ဓသာသနာ အရောင်အလင်းအမှောင်အမည်ရှိ စာအုပ်ကို ၁၉၉၃ ခုနှစ် တွင် ရဲဘော်ထွန်းမြို့ ကလောင်အမည်ဖြင့် စာပေဗိမာန်က ထုတ်ဝေသည်။

ဦးထွန်းမြို့သည် ၁၉၇၀ ပြည့်နှစ်မှစ၍ ကာကွယ်ရေးဌာနလုပ်သက်နှင့် မော်ကွန်းစစ်ဆေးရေးကော်မတီဝင်၊ ၁၉၇၅ ခုနှစ်တွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ချုပ် ဗဟိုဦးစီးဝင်၊ ၁၉၈၀ ပြည့်နှစ်မှစ၍ နိုင်ငံတော်ကောင်စီ မော်ကွန်းစစ်ဆေးရေးကော်မတီဝင်၊ မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့ချုပ်ဗဟိုဦးစီးဝင်၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ် အထိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ် စစ်ပြန်မဂ္ဂဇင်းနှင့် ပုံနှိပ်လုပ်ငန်း၏တာဝန်ခံ ထုတ်လုပ်ရေးမှူးတာဝန်များကို ဆောင်ရွက်သည်။

ဦးထွန်းမြို့သည် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်နေစဉ်အတွင်း ၁၉၆၆ ခုနှစ်တွင် ချက်ကိုစလိုဗားကီးယား

နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အစ္စရေးနိုင်ငံများသို့ လူမှုဝန်ထမ်းလုပ်ငန်းများ လေ့လာရန် သွားရောက်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် အစ္စရေးနိုင်ငံသို့ သမဝါယမလုပ်ငန်းများ သွားရောက် လေ့လာသည်။

ဦးထွန်းမြိုင်သည် မြန်မာ့လွတ်လပ်ရေးအတွက် နယ်ချဲ့ ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တိုက်ဖျက်ရေးတွင် ပါဝင်ခဲ့ခြင်း၊ နိုင်ငံ့တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်က ချီးမြှင့်သည့် လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် ဇေယျကျော်ထင်ဘွဲ့တို့ကို ၁၉၆၀ ပြည့်နှစ်တွင် လည်းကောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ၁၉၈၄ ခုနှစ်တွင် လည်းကောင်း ရရှိသည်။

ဦးထွန်းမြိုင်သည် ၁၉၄၄ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေတွင် မြစ်သားမြို့နေ သစ်ကုန်သည် ဦးမောင်သန်း၊ ဒေါ်မြမေတို့၏သမီး ဒေါ်သန်းရင်(ခေါ်) ဒေါ်သန်းသန်းနှင့် လက်ထပ်ထိမ်းမြားသည်။

နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) အငြိမ်းစားဗိုလ်မှူး ဇေယျကျော်ထင်ဦးထွန်းမြိုင်သည် ၁၉၉၈ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းရင် (ခေါ်) ဒေါ်သန်းသန်းနှင့် သားနှစ်ဦး၊ သမီးသုံးဦး၊ မြေးငါးဦး ကျန်ရစ်သည်။

နိုက်ကျိုးရိုးယား ပြည်ထောင်စု သမ္မတနိုင်ငံ ။ ။

နိုက်ကျိုးရိုးယားပြည်ထောင်စုသမ္မတနိုင်ငံသည် အာဖရိကတိုက်၏ အနောက်ပိုင်းမှ တောင်ဘက်ပင်လယ်ကမ်းခြေ၌ တည်ရှိသည်။ ပြည်နယ် ၃၆ ခုဖြင့် ဖွဲ့စည်း တည်ဆောက်ထားသော ပြည်ထောင်စုသမ္မတနိုင်ငံ ဖြစ်သည်။ အာဖရိကတိုက်ရှိအခြားသော နိုင်ငံအများစုတို့ ကဲ့သို့ပင် ဤနိုင်ငံသည်လည်း လူမျိုးနွယ်စုများအရေး၊ ဘာသာရေး ခေါင်းဆောင်ချင်း ပုဂ္ဂိုလ်ပြိုင်ဆိုင်မှုအရေး၊ နိုင်ငံရေးစီးပွားရေးတို့ အကြောင်းပြုလျက် ပြည်တွင်း ပဋိပက္ခများ ထူပြောသောနိုင်ငံဖြစ်သည်။ စစ်တပ်က အာဏာသိမ်းမှုများ၊ မကြာခဏပေါ်ပေါက်လျက် လုပ်ကြံသတ်ဖြတ်မှုများ၊ အဝိကရာဏ်းများ၊ ပြည်ပသြဇာပေး စွက်ဖက်မှုများဖြင့် မတည်မငြိမ် ဖြစ်နေသောနိုင်ငံ ဖြစ်သည်။

လူမျိုးရေး ၊ ဘာသာရေးပဋိပက္ခ – စားကျက်မြေများ ပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ မူလအခြေချ နေထိုင်ပြီးဖြစ်သော ဒေသခံလူမျိုးများနှင့် နယ်လှည့်ကျက်စားနေသော လူမျိုးအုပ်စုများအကြား အဝိကရာဏ်းများ ဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလ ၉ ရက်နှင့် ၁၆ ရက်နေများတွင် ဖြစ်ပွားခဲ့သော အဝိကရာဏ်းများတွင် အရပ်သား ၃၀ ကျော်နှင့် ရဲအရာရှိများ သေဆုံးခဲ့ရသည်။

နိုက်ကျိုးရိုးယားနိုင်ငံအာ အစ္စလာမ်နိုင်ငံအဖြစ် ပြောင်းလဲ ရန် ရှိယိုက်ဂိုဏ်းမှ မူဆလင်ဘာသာဝင်များက အပြင်းအထန် ကြိုးပမ်းလျက်ရှိသည်။ ထိုအစ္စလာမ် အစွန်းရောက်ဝါဒီတို့၏ ခေါင်းဆောင် ဇက်ဇာကီကို အစိုးရအပေါ် အကြည်ညိုပျက်စေသော စာတမ်းများ ရေးသားဖြန့်ဝေမှုဖြင့် အစိုးရက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ယင်းသို့ ဖမ်းဆီးထိန်းသိမ်းထားမှုမှ လွတ်ပေးရန် ဇန်နဝါရီ လ ၃၀ ရက်နေတွင် အစ္စလာမ်အစွန်းရောက်ဝါဒီတို့က ဆန္ဒပြပွဲ ကျင်းပရာမှစ၍ လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား ပဋိပက္ခ ဖြစ်ခဲ့သည်။ လူ ၃ ဦး သေဆုံးခဲ့သည်။ ဇွန်လတွင် သမ္မတ ဗိုလ်ချုပ်ကြီး အာဘာချာ ကွယ်လွန်ပြီးနောက်ပိုင်း ယင်း၏ နေရာကို ဆက်ခံသူ ဗိုလ်ချုပ်ကြီး အဘူဘာကာသည် ဒီမိုကရေစီ အသွင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်မှု၏ အကျိုးဆက်အနေဖြင့် ဘာသာရေးခေါင်းဆောင် ဇက်ဇာကီကိုလည်း ဒီဇင်ဘာ ၁၈ ရက်နေတွင် ထောင်မှ လွှတ်ပေးခဲ့သည်။

ဗိုလ်ချုပ်ကြီး အာဘာချာနှင့်ရွေးကောက်ပွဲများ – ၁၉၉၃ ခုနှစ်က ကျင်းပခဲ့သော သမ္မတရွေးကောက်ပွဲတွင် အာဘီယိုလာသည် ထောက်ခံဆန္ဒမဲ အများစုရရှိခဲ့ပြီး သမ္မတဖြစ်လာရန် အလားအလာ အများဆုံးရှိသူ ဖြစ်ခဲ့သည်။ သို့ရာတွင် အာဘာချာဦးဆောင်သော စစ်တပ်၏ ပယောဂဖြင့် သမ္မတ ရွေးကောက်ပွဲရလာဒ်ကို ဖျက်သိမ်းပေးခဲ့ရသည်။ ရှိုနေကန် ဦးဆောင်သော အရပ်သားကြားဖြတ်အစိုးရ ပေါ်ပေါက်လာခဲ့သည်။ ၁၉၉၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေတွင် ရှိုနေကန်၏ ကြားဖြတ်အစိုးရကို ဖြုတ်ချ၍ ဗိုလ်ချုပ်ကြီးဆာနီအာဘာချာ သည် နိုင်ငံ့အကြီးအကဲအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၉၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေက စစ်ပြိုင်သမ္မတအဖြစ် ကြေညာ သူ အာဘီယိုလာကိုလည်း အာဘာချာက ထောင်သွင်းအကျဉ်းချထားခဲ့သည်။

နိုက်ကျိုးရိုးယားတွင် အစိုးရအသိအမှတ်ပြု မှတ်ပုံတင်ထားသောနိုင်ငံရေးပါတီ ၅ ခုရှိသည်။ ထိုပါတီ ၅ ခုစလုံး



ဗိုလ်ချုပ်ကြီး အဘာချာ အတိုက်အခံ နိုင်ငံရေး ခေါင်းဆောင် အာဘီယိုလာ ဗိုလ်ချုပ်ကြီး အဘူဘာကာ

က အဘာချာအား သမ္မတလောင်းအဖြစ် အမည်စာရင်း တင်သွင်းခဲ့ကြသည်။ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် နေ့တွင် အဘာချာအား ထောက်ခံသည့် "အဘာချာ ခိုင်မာရေးလှုပ်ရှားမှုအဖွဲ့" ကို ဖွဲ့စည်းခဲ့သည်။ ဤနေရာမှာပင် ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ကျင်းပခဲ့သော ပြည်နယ်လွှတ်တော်များအတွက် လွှတ်တော်အမတ်လောင်းများကို ကြေညာခဲ့သည်။ ညီညွတ်သော နိုက်ဂျီးရီးယားကွန်ဂရက်ပါတီက လွှတ်တော်အမတ် နေရာအများစုကို အနိုင်ရရှိခဲ့သည်။ အဘာချာ တစ်ဦးတည်းသာလျှင် သမ္မတလောင်း ဖြစ်နေမှုကြောင့် ပြည်သူများအပို ဒီမိုကရေစီကျကျ လွှဲချယ်ရန် အခွင့်အလမ်းမဲ့နေကြောင်း နိုင်ငံခြားအစိုးရများက ဝေဖန်ခဲ့ကြသည်။ မှတ်ပုံတင်မထားသော အတိုက်အခံပါတီဖြစ်သည့် ဒီမိုကရေစီရေး ညီညွတ်လှုပ်ရှားမှုအဖွဲ့က လာမည့်အမျိုးသား လွှတ်တော် လွှဲကောက်ပွဲများကို သပိတ်မှောက်မည် ဖြစ်ကြောင်း၊ ဆန့်ကျင်ကန့်ကွက်ပွဲများ ပြုလုပ်မည် ဖြစ်ကြောင်းတို့ကိုလည်း ကြေညာခဲ့သည်။

ဗိုလ်ချုပ်ကြီးအဘာချာသည် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို ပြန်လည်ဖော်ဆောင်ပေးမည်ဟူသော မူလကတိအတိုင်း ဒေသဆိုင်ရာ မြို့နိုစပယ်အဖွဲ့လွှဲကောက်ပွဲများ၊ ပြည်နယ်လွှတ်တော် လွှဲကောက်ပွဲများကို ကျင်းပပေးခဲ့သည်။ ဧပြီလ ၂၅ ရက်နေ့တွင် အထက်လွှတ်တော် (ဆီးနိတ်) နှင့်ပြည်သူလွှတ်တော်တို့ နှစ်ရပ်ပေါင်းပါဝင်သော အမျိုးသားလွှတ်တော်အတွက် လွှဲကောက်ပွဲများကို ကျင်းပပေးခဲ့သည်။ ဤလွှဲကောက်ပွဲတွင် ဆန္ဒမဲပေးသူဦးရေ နည်းပါးခဲ့သည်။ အစိုးရအပေါ် မကျေနပ်မှုနှင့် နိုင်ငံ၏စီးပွားရေး အကျပ်အတည်းများကြောင့် ဤကဲ့သို့ ဆန္ဒမဲပေးသူ နည်းပါးခဲ့ကြောင်း သိရသည်။ ဤလွှဲကောက်ပွဲတွင်လည်း ညီညွတ်သော နိုက်ဂျီးရီးယားကွန်ဂရက်ပါတီကပင် အလွယ်တကူအနိုင် ရလိမ့်မည်ဟု အများကခန့်မှန်းထားကြသည်။

ဧပြီလ ၉ ရက်နေ့တွင် တရားရေးဝန်ကြီးဌာနကဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးကို ဖွဲ့စည်းပေးမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ ဤတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာသက်ရောက်မှုရှိရေးနှင့် လွှဲကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ ဖြေရှင်းရေးတို့ကို ဆောင်ရွက်ရန်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးအဘာချာသည် သမ္မတလွှဲကောက်ပွဲကို မဝင်လိုက်ရဘဲ ဇွန်လ ၈ ရက်နေ့တွင် နှလုံးရောဂါဖြင့် အသက် ၅၄ နှစ်အရွယ်၌ ကွယ်လွန်သွားခဲ့သည်။ စစ်တပ်က ဖွဲ့စည်းထားသည့် အဖွဲဝင် ၂၃ ဦးပါဝင်သော အသွင်ကူးပြောင်းရေးကောင်စီက ဇွန်လ ၉ ရက်နေ့တွင် အဘာချာ၏ ရာထူးကို စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး အဗူဒူဆလမ်အဘူဘာကာက ဆက်ခံရန် တာဝန်ပေးအပ်ခဲ့သည်။ အသက် ၅၆ နှစ်ရှိ အဘူဘာကာက အဘာချာထားခဲ့သည့် ကတိအတိုင်း အရပ်သားအစိုးရ ဖွဲ့စည်းနိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ထက်လောင်း ကတိပေးခဲ့သည်။

ဇွန်လ ၁၅ ရက်နှင့် ၂၁ ရက်နေများတွင် အဘူဘာကာသည် ထင်ရှားသော အတိုက်အခံ ခေါင်းဆောင်များအား ထောင်မှလွှတ်ပေးခဲ့သည်။ အခြား နိုဝ်ငံရေး အကျဉ်းသားများကိုလည်း လွှတ်ပေးခဲ့သည်။ ထောင်ကျနေသော စင်ပြိုင်သမ္မတအဖြစ် ကြေညာခဲ့သူ အာဘီ



ဖခင်လွတ်မြောက်ရေးနှင့် နိုင်ငံအနာဂတ်ရေးအတွက် တိုက်ပွဲဝင်လှုပ်ရှားခဲ့သူ အာဘီယိုလာ၏ သမီး ဟတ်ဖ်ဆက်အာဘီယိုလာအား ညီမဖြစ်သူ ခါဖီလာ (ဝဲ) နှင့်အတူတွေ့ရစဉ်

ယိုလာအား လွှတ်ပေးရန် စီစဉ်ဆဲမှာပင် ဇူလိုင်လ ၇ ရက်နေတွင် အာဘီယိုလာသည် နှလုံးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

အာဘာချာလက်ထက်က အစိုးရဖွဲ့ဝင် ဝန်ကြီးနှစ်ဦးနှင့် အာဘာချာ၏ မိသားစုဝင်တစ်ဦးတို့သည် နိုင်ငံပိုင် အမေရိကန်ဒေါ်လာသန်း ၂၀၀၀ ကို ကိုယ်ကျိုးအတွက် လိမ်လည်လှည့်ဖြားရယူခဲ့မှုဖြင့် တရားစွဲဆိုထားကြောင်း ဒီဇင်ဘာလ ၁ ရက်နေတွင် အစိုးရအရာရှိများက ကြေညာခဲ့သည်။ သံမဏိစက်ရုံတည်ဆောက်ရေးကို ဗန်းပြလျက် ကိုယ်ကျိုးရှာခဲ့ကြကြောင်း သိရသည်။

ဒေသဆိုင်ရာရွေးကောက်ပွဲများ – အာဘာချာကွယ်ကွန်ပြီး နောက်ပိုင်း ဒီဇင်ဘာလ ၅ ရက်နေတွင် ဒေသဆိုင်ရာ မြူနီစပယ်အဖွဲ့ ရွေးကောက်ပွဲများကို ကျင်းပခဲ့သည်။ စစ်အစိုးရလက်ထက်တွင် ပထမဆုံးအကြိမ် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်သည်။ ဆန္ဒမဲပေးသူဦးရေလည်း သန်း ၆၀ အထိ တိုးတက်လာခဲ့သည်။ ဤရွေးကောက်ပွဲများတွင် အလယ်အလတ် လမ်းစဉ်ကို ကျင့်သုံးသော ပြည်သူဒီမိုကရက်တစ်ပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရခဲ့သည်။ အာဘာချာကိုထောက်ခံသည့် ပြည်သူအားလုံး၏ ပါတီအမည်ရှိပါတီက ဒုတိယနေရာသာရရှိခဲ့သည်။

အာဏာသိမ်းလုပ်ကြံမှုကို စစ်ဆေးဆုံးဖြတ်ခြင်း – ဗိုလ်ချုပ်ကြီးဆာနီအာဘာချာ၏ အစိုးရကိုအာဏာသိမ်းရန် လုပ်ကြံမှုဖြင့်စစ်တပ်အရာရှိ ၁၆ ဦးနှင့် အရပ်သား ၁၀ ဦးတို့အား ဗိုလ်ချုပ်ဗစ်တာမာလု ဦးဆောင်သော အထူးစစ်ခုံရုံးအဖွဲ့က ဖေဖော်ဝါရီလ ၁၄ ရက်နေတွင် စတင်ကြားနာစစ်ဆေးခဲ့သည်။ စွပ်စွဲခံရသူများတွင် စစ်ဦးစီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး အိုလာဒိပိုဒိယာနှင့် စစ်တပ်တွင် ဗိုလ်ချုပ်အဆင့်ရှိသော ဝန်ကြီးဟောင်းသုံးဦးတို့ ပါဝင်ခဲ့သည်။ လွတ်လပ်စွာ ရပ်တည်နေသည့် ဒိုင်းယက်အမည်ရှိ သတင်းစာ၏ အယ်ဒီတာချုပ် နီရန်မာလောလုလည်း ပါဝင်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ဒီယာက ခုံအဖွဲ့သို့ စာတမ်းတစ်စောင် တင်ပြခဲ့သည်။ ထိုစာတမ်းတွင် စစ်တပ်နှင့် အစိုးရ ထိပ်တန်းအရာရှိကြီးများက သက်သေခံအတူများဖြင့် ၄င်းအပေါ်တွင် အကွက်ဆင်၍ စွပ်စွဲခဲ့ခြင်းသာဖြစ်ကြောင်း ဖော်ပြခဲ့သည်။ အစိုးရဘက်မှလည်း မီဒီယိုတိပ်ခွေများဖြင့် လုပ်ကြံမှုသက်သေခံ အထောက်အထားများကို တင်ပြခဲ့သည်။

အထူးစစ်ခုံရုံးအဖွဲ့က တရားခံ ၂၆ ဦးအနက် ၆ ဦးတို့အပေါ် သေဒဏ်ချမှတ်ခဲ့သည်။ ၃ ဦးတို့အပေါ် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။ ၁၂ ဦးတို့အား တရားသေလွတ်ပစ်ခဲ့သည်။ သေဒဏ်ချမှတ်ခံရသူတို့တွင် ဒီယာနှင့်ဝန်ကြီးဟောင်း ၃ ဦးတို့လည်း ပါသွားသည်။ ထိုစီရင်ချက်နှင့်စပ်လျဉ်း၍ ဗြိတိန်နိုင်ငံ၊ ဝန်သဟာယအဖွဲ့နှင့် တောင်အာဖရိကနိုင်ငံ တို့က သက်ညှာစွာလျော့ပေါ့ပေးရန် မေတ္တာရပ်ခံခဲ့ကြသည်။ ဧပြီလ ၂၉ ရက် နေထုတ် တိုင်းမ်(စ်)သတင်းစာပါ ဆောင်းပါးတစ်ပုဒ်၌ ဗိုလ်ချုပ်ကြီးအာဘာချာကိုယ်တိုင်က ခုံရုံးဥက္ကဋ္ဌဗိုလ်ချုပ်မာလုအပေါ် အကျပ်ကိုင်ခြိမ်းခြောက်ခဲ့ကြောင်း ဖော်ပြပါရှိခဲ့သည်။

စီးပွားရေး – နိုက်ဂျီးရီးယားသည် အာဖရိကတိုက်တွင် ရေနံစိမ်းကို အများဆုံးထုတ်လုပ်ပေးနေသောနိုင်ငံ



အာဘိယိုလာသေဆုံးသည့် သတင်းထွက်ပေါ်ခဲ့ရာ အဝိကရက်းများနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်

ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက ကမ္ဘာပေါ်တွင် ရေနံအများဆုံး ထုတ်လုပ်ပေးသောနိုင်ငံများ စာရင်း၌ အပါအဝင် ဖြစ်ခဲ့သည်။ ၁၉၉၇ ခုနှစ် ခန်မှန်းခြေအရ ရေနံသိုက်ပမာဏမှာ စည်ပေါင်း ၁၇ ဘီလီယံ ဖြစ်သည်။ နိုင်ငံ့ပို့ကုန် စုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းမှာ ရေနံဖြစ်သည်။ ရေနံအပြင် စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ၊ စက်မှုလက်မှု ထွက်ကုန်များလည်းရှိသည်။ သို့ရာတွင် စီမံ ခန့်ခွဲအုပ်ချုပ်မှု ညံ့ဖျင်းခြင်းနှင့် အကျင့်ပျက် လာဘ်စားမှုများ ထူပြောခြင်းတို့ကြောင့် တိုင်းပြည်မှာ ကြီးပွားတိုးတက်မှု မရှိဘဲ အိတ်ပေါက်နှင့်ဖားကောက်သကဲ့သို့ ဖြစ်ခဲ့ ရသည်။

နိုက်ဂျီးရီးယားတွင် ငွေလဲလှယ်နှုန်းမှာ ဘရာဝင်နှုန်းနှင့် မှောင်ခိုနှုန်းဟူ၍ နှစ်မျိုးဖြစ်နေသည်။ ၁၉၉၈ခုနှစ်၊ ဧန်နဝါရီ ၂၃ ရက်နေက တရာဝင်နှုန်းအရ တစ်ဒေါ်လာသည် နိုင်ရာငွေကြေး ၂၁.၈၆၆ နှင့်ညီမျှသည်။ သို့ရာတွင် မှောင်ခိုနှုန်းမှာ တရာဝင်နှုန်းထက် ၄ ဆနီးပါးမျှကျဆင်းနေသည်။ ဤသို့ငွေလဲလှယ်မှုနှုန်း နှစ်မျိုးဖြစ်နေမှုကြောင့် အစိုးရအဖွဲ့၏အကြွေးစာရင်းစုစုပေါင်းကို တွက်ချက် ရန် မလွယ်ကူကြောင်း၊ အစိုးရ၏အသုံးစရိတ်များကို မှန်ကန်စွာ တွက်ချက်ရန်လည်း ခက်ခဲကြောင်း နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများက ဝေဖန်ခဲ့ကြသည်။

နိုင်ငံပိုင်ကဏ္ဍမှ စီးပွားရေးကုမ္ပဏီများမှာလည်း ကပ်ပါးပိုးသဖွယ် ဖြစ်နေကြသည်။ ကိုကုမ္ပဏီများကို ပုဂ္ဂလိကပိုင်အဖြစ်သို့ အစိုးရကပြောင်းလဲပေးမည် ဆိုသော်လည်း မယုံကြည်နိုင်သေးဘဲ ဖြစ်နေကြသည်။ ဘဏ် ၂၆ ခုကလည်း ချေးငွေများကို မဆင်မခြင် မမှန် မကန် ထုတ်ချေးမှုများကြောင့် ကြွေးဆုံးများ ဖြစ်ပေါ် နေသည်။ ထိုဘဏ်များကို ဖျက်သိမ်းရန်အစိုးရက စီစဉ် နေသော်လည်း အဝိကရဏ်းများ ဖြစ်ပေါ်လာနိုင်၍ လုံခြုံရေးတပ်သားများကို အစောင့်ချထားနေရသည်။ ထိုဘဏ်များတွင် ငွေများအပ်နှံ၍ ချွေတာစုဆောင်းထား သူများအဖို့ ဆုံးရှုံးနစ်နာနိုင်ကြောင်း အစိုးရကသတိပေး ထားသည်။

ဦးခင်မောင်မြ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဆောင်ရွက်မှုများ။

။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက် အောင်မြင်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းများအပြင် မြို့ပြနှင့် ကျေးလက် စည်ပင်သာယာရေး လုပ်ငန်းများကိုပါ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနကို နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ၊ စီမံကိန်းများချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက် အောင်မြင်စေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသား ဖွံ့ဖြိုးတိုးတက်ရေး

ဥပဒေကိုပြဋ္ဌာန်းပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသ ပင်မစီမံကိန်း

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၉၃- ၉၄ ဘဏ္ဍာရေးနှစ်မှ ၂၀၀၅ - ၂၀၀၆ဘဏ္ဍာရေးနှစ်အထိ နှစ်တိုသုံးနှစ်၊ ပထမနှစ်လတ်ငါးနှစ်၊ ဒုတိယနှစ်လတ်ငါးနှစ် စုစုပေါင်း ၁၃ နှစ်ပါဝင်သော နယ်စပ်ဒေသ ပင်မစီမံကိန်းဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။ စီမံကိန်းရေးဆွဲရာတွင် နေရာအနှံအပြားကျောင်းများ၊ ဆေးရုံဆေးပေးခန်းများ ဖွင့်လှစ်ပေးသော စနစ်ကို ကျင့်သုံးသည်။

အချက်အခြာကျသော နေရာများတွင် စွမ်းအင်နှင့် ဆက်သွယ်ရေးလုပ်ငန်းများ၊ အဝိကကျသောနေရာများ၊ ဒေသပြင်ပသို့ ဆက်သွယ်သောနေရာများနှင့် ဒေသအတွင်း ဆက်သွယ်သောနေရာများတွင် လမ်းတံတားလုပ်ငန်းများကို အထောင်အထည်ဖော် ဆောင်ရွက်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်သွယ်ရေး လုပ်ငန်းများကို ရွေးချယ်ထားသော နေရာများတွင် အဝိကထား ဆောင်ရွက်ပြီး နည်းပညာနှင့် လုပ်ငန်းအောင်မြင်မှုများ ပတ်ဝန်းကျင်ဒေသများသို့ ဖိတ်လျှံကျသွားသောနည်းကို ကျင့်သုံးသည်။

နှစ်တိုသုံးနှစ်ကာလအတွင်း နယ်စပ်ဒေသများ၏ လတ်တလောလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း၊ လူမှုရေးဆိုင်ရာ စာရင်းဇယားများ အချက်အလက်များ ကောင်းယူခြင်း၊ စီမံကိန်းရေးဆွဲနိုင်ရန် ပြင်ဆင်ခြင်း၊ ဆန်းစစ်ခြင်း၊ ဖြစ်နိုင်ခြေ ရှိမရှိသုံးသပ်ခြင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို စိစစ်ခြင်း လာမည့် ၁၀ နှစ်အတွက် အသေးစိတ် စီမံကိန်းများရေးဆွဲခြင်းတို့ ဆောင်ရွက်သည်။ ပထမနှစ်လတ်ငါးနှစ်အတွင်း လူမှုရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံ၊ စီးပွားရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံများ ဆောင်ရွက်ပေးပြီး စီးပွားရေးလုပ်ငန်းများ စတင် အခြေချပေးရန်ဖြစ်သည်။ ဒုတိယနှစ်ငါးနှစ်တွင်မူ နယ်စပ် ဒေသ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စီမံကိန်းရေးဆွဲထားပြီး လူမှုရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောင်ဝအအုံများအား လိုအပ်ချက်အပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးရန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို အားပေးရန်၊ နှစ်တိုသုံးနှစ်နှင့် ပထမနှစ်လတ် ငါးနှစ် စီမံကိန်း အကောင်အထည်ဖော်မှုအပေါ် သုံးသပ်၍



နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ကိုယ်တိုင်လှည့်လည်ကြည့်ရှုသော မိုလ်ချုပ်မှူးကြီး သန်းရွှေအား
မိုးမောက်မြို့နယ် လွယ်ဂျယ်ကျေးရွာ ဒေသခံများက ကြိုဆိုနှုတ်ဆက်ကြစဉ်



မိုလ်ချုပ်ကြီး မောင်အေးနှင့် အတွင်းရေးမှူး (၂) ဒုတိယမိုလ်ချုပ်ကြီး တင်ဦး ရေး – ထား၀ယ်ရထားလမ်း
ဖောက်လုပ်ရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်

ဒုတိယနှစ်လတ် ငါးနှစ်စီမံကိန်း ပြုပြင်ရေးဆွဲခြင်းနှင့် စီမံကိန်းကာလ တိုးချဲ့ ခြင်းတို့ဆောင်ရွက်ရန် ဖြစ်သည်။

စီမံကိန်းကာလ ကုန်ဆုံးချိန်တွင် ပြည်သူများပူးပေါင်း ပါဝင်မှုဖြင့် နယ်စပ်ဒေသများ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုအရှိန်ကို မြင့်မားစေ၍ နယ်စပ်ဒေသများနှင့် အခြားပြည်နယ်၊ တိုင်းများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းသွားစေရန်နှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု၊ စိတ်တက်နှင့် အသိပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု များမှတစ်ဆင့် မူးယစ်ဆေးဝါး ထုတ်လုပ်သုံးစွဲမှုများ ပပျောက်သွားစေရန် ရည်ရွယ်ထားသည်။ ထို့ပြင် နိုင်ငံတော်က အားပေးကူညီလမ်းညွှန်ခြင်း၊ အချို့လုပ်ငန်း များအား နေရာရွေးချယ် ဆောင်ရွက်ခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်စေခြင်း၊ ဒေသနှင့်ကိုက်ညီသော နည်းပညာ သုံးခြင်း၊ အနိုးကြိုးကြပ်ကွပ်ကဲခြင်းစသည့် အချက်များ ထည့်သွင်းရေးဆွဲထားရာ မူလရည်မှန်းချက်များအပြင် ဆင့်ပွား အကျိုးကျေးဇူးရရှိအောင် စီမံကိန်းရေးဆွဲ ထားခြင်း ဖြစ်သည်။

တတ်အား‌ပေး မီးစက် ၂၃၂ လုံး၊ ရေအား‌လျှပ်စစ် ၂၄ ခု၊ စာတိုက် ဆက်သွယ်ရေးနှင့် ကြေးနန်းလုပ်ငန်း ၃၄၁ ခု၊ ရုပ်မြင်သံကြား‌ထပ်လွှင့်စက် ၄၁ လုံး၊ စိုက်ပျိုးရေးစခန်း ၄၁ ခုနှင့် နယ်စပ်ဒေသ ကုန်သွယ်ရေးစခန်း ငါးခုတို့ ဖွင့်လှစ် ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင်ဒေသနှင့် ကိုက်ညီသောသီးနှံမျိုးများဖြန့်ဝေခြင်း၊ လယ်ယာမြေများ ဖော်ထုတ်ခြင်း၊ စိုက်ခင်းများထူထောင်ခြင်း၊ ဆည်မြောင်း များ တည်ဆောက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အထောက် အကူ ပစ္စည်းများ ဖြန့်ဖြူးခြင်း၊ မွေးမြူရေးခြများ ထူထောင်ခြင်း၊ နည်းပညာပံ့ပိုးခြင်း၊ စိုက်ပျိုးရေးကို အခြေခံသော စက်ရုံများ ထူထောင်ခြင်း၊ ဈေးကွက်များ ရှာဖွေခြင်း၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပေးခြင်း၊ အတိုးနှုန်းသက်သာသော ချေးငွေများ ဖြင့် ရင်းနှီးမြှုပ်နှံမှု မြင့်မားအောင် ဆောင်ရွက်ပေးခြင်းတို့ကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းရေးဆွဲထား‌သည်။

၁၉၉၃-၉၄ ခုနှစ် ပုံမှန်ဈေးနှုန်းများအရ ငွေကျပ် ၁၇,၇၀၈ သန်းသုံးစွဲရန်လျာထားပြီး လမ်းတံတားလုပ်ငန်း



အတွင်းရေးမှူး(၁)ဒုတိယမိုလ်ချုပ်ကြီး ခင်ညွှန့်. နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်

နယ်စပ်ဒေသ ၁၈ ခုရှိသည့်နယ်ပေါင်း ၆၇ မြို့နယ် အတွက် စီမံကိန်းရေးဆွဲထားခြင်းဖြစ်ပြီး စီမံကိန်းဒေသ အကျယ်အဝန်း ၈၃,၄၁၅ ဒသမ ၃၄ မိုင်ရှိသည်။ စီမံကိန်း ကာလ ၁၃ နှစ်အတွင်း လမ်းမိုင် ၆,၉၄၅ မိုင်၊ ကျန်းမာရေး နှင့်ပညာရေး အဆောက်အအုံ ၂,၀၆၉ လုံး၊ ဒီဇယ် တွင် ၆၅ ရာခိုင်နှုန်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် ရာခိုင်နှုန်း ၂၀၊ ဆောက်လုပ်ရေးလုပ်ငန်းကွင် ၅၀ ရာခိုင်နှုန်း၊ ဆက်သွယ်ရေးနှင့် စွမ်းအင်လုပ်ငန်းများတွင် နှစ် ရာခိုင်နှုန်းစီနှင့်အခြား ဖွံ့ဖြိုးရေးလုပ်ငန်းရေးလုပ်ငန်းများ တွင် သုံးရာခိုင်နှုန်းသုံးစွဲသွားမည်ဖြစ်သည်။



အတွင်းရေးမှူး(၁)
ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်.
အထူးဒေသ (၅)မှ
တိုင်းရင်းသားခေါင်းဆောင်
ဦးမထုနော်နှင့် အဖွဲ့.အား တွေ့ဆုံ၍
နယ်စပ်ဒေသဖွံ့ဖြိုးရေးကိစ္စများ
ဆွေးနွေးစဉ်

လမ်းတံတားလုပ်ငန်း

နယ်စပ်ဒေသများတွင် လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နယ်စပ်ဒေသထွက်ကုန်များ စျေးကွက်သို့ လျင်မြန်စွာရောက်ရှိစေခြင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာခြင်း၊ အခြားဒေသများမှ အလုပ်သမားများ ဝင်ရောက်လာခြင်း၊ တိုးပွားလာသော လူဦးရေအပေါ်မူတည်၍ စီးပွားရေးလုပ်ငန်းများ ကျယ်ပြန့်လာခြင်း၊ ပြည်ပဒေသများနှင့် ဆက်ဆံမှု များပြားလာခြင်းကြောင့် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများပျံ့နှံ့လာခြင်း၊ ဒေသတွင်း ကုန်စျေးနှုန်းများ တည်ငြိမ်ကျဆင်းလာခြင်း၊ နယ်စပ်ဒေသကုန်သွယ်ရေးကို အမှီပြုသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိသည်။ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ နယ်စပ် ဒေသများတွင် မြေလမ်း ၂,၃၇၇ မိုင် ၊ ကျောက်လမ်း ၉၆၂ မိုင်၊ ကတ္တရာလမ်း ၁၅၂ မိုင်၊ လမ်းပြုပြင်ထိန်းသိမ်းခြင်း ၆,၈၈၃ မိုင်၊ တံတားကြီး ၃၈ စင်း၊ တံတားငယ် ၆၆၃ စင်း တည်ဆောက်ပေးခဲ့ပြီး စုစုပေါင်း ရန်ပုံငွေ၏ ၄၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၄,၉၉၁ ဒသမ ၀၉ သန်းသုံးစွဲခဲ့ပြီး ဖြစ်သည်။

စိုက်ပျိုးရေးလုပ်ငန်း

နယ်စပ်ဒေသများတွင် စားနပ်ရိက္ခာ ဖူလုံမှုရရှိစေရန် စပါးနှင့် အခြားသီးနှံများ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း၊ ဒေသနှင့်ကိုက်ညီသော သီးနှံများ သုတေသနပြုရွေးချယ်စိုက်ပျိုးခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်သည့် ခေတ်မီ စိုက်ပျိုးနည်းများအသုံးပြုခြင်း၊ စိုက်ပျိုးရေးအခြေစိုက်စခန်းများ ဖွင့်လှစ်ခြင်း၊ စံပြစမ်းသပ်စိုက်ကွက်များ စိုက်ပျိုးခြင်း၊ လယ်ယာမြေများထွန်ယက်ပေးခြင်း၊ တတ်မြေသြဇာနှင့် ပိုးသတ်ဆေးများဖြန်ဖြူးပေးခြင်း၊စိုက်ပျိုးရေးစက်ကိရိယာများ ရောင်းချပေးခြင်း၊ စိုက်ပျိုးရရှိအောင် ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးကို အခြေခံသော စက်ရုံအလုပ်ရုံများ ထူထောင်ပေးခြင်း၊ စိုက်ပျိုးရေးစရိတ်ချေးငွေများ ထုတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးသည်။ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၇၆ ခု၊ တည်ဆောက် ပြီး ဆဲ့ ၁၈ ခု၊ တည်ဆောက်ဆဲဆဲ့ ၃၈ ခု၊ တူးမြောင်း သုံးခု၊ ထွန်စက်စခန်း ၁၁ ခု တို့ကို တည်ဆောက်ပေးခဲ့ပြီး တတ်မြေသြဇာ ၂၈,၄၅၄ ဒသမ ၀၅ တန်၊ ပိုးသတ်ဆေးရည် ၅၁,၁၄၁ လစ်တာ၊ ပိုးသတ်ဆေးအမှုန် ၅၈,၅၀၃ ကီလို၊ နှစ်ချင်း သီးနှံမျိုးစေ့ ၁၄၄,၉၀၄ ဒသမ ၇၅ တင်း၊ နှစ်ရှည် သီးနှံပင်ပေါက် ၄,၂၇၅,၈၂၁ ပင်တို့ကို ဖြန့်ဖြူးပေးခဲ့ပြီး ဖြစ်သည်။ စံပြစမ်းသပ်စိုက်ပျိုးကွက် ၉,၆၅၅ ကော၊ နှစ်ချင်း သီးနှံ ၃၈၈, ၃၁၁ ကော၊ လယ်ယာမြေ ၂,၀၆၁ ကော တို့ကို ဖော်ထုတ်ပေးနိုင်ခဲ့ရာ ငွေကျပ် ၆၁၄ ဒသမ ၂၁ သန်းသုံးစွဲခဲ့ပြီးဖြစ်သည်။

ပညာရေးလုပ်ငန်း

နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ ပညာရေး အဆင့်အတန်း မြင့်မားလာစေရေးအတွက် မြန်မာစာသာမက ဒေသခံများ၏ ကိုယ်ပိုင်စာပေကိုပါ အားပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ ကလေးများအခြေခံ ပညာသင်ကြားခွင့် ရရှိခြင်း၊ ပညာရေး ဝန်ထမ်းများအား လေ့ကျင့်ပေးခြင်း၊ ပညာရေးအထောက် အကူပြု ပစ္စည်းများပံ့ပိုးခြင်း၊ အ သုံးလုံးကြေသင်တန်းများ ဖွင့်လှစ်ခြင်း၊ လူငယ်ဖွံ့ဖြိုးရေးကျောင်းများ ဖွင့်လှစ်ပေး ခြင်း၊ အိမ်တွင်းမှုပညာသင်ကျောင်းများ ဖွင့်လှစ်ပေးခြင်း တို့ကို ဆောင်ရွက်ခဲ့ရာ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလကုန် အထိ မူလတန်းကျောင်း ၃၅၁ ကျောင်း၊ အလယ်တန်း ကျောင်း ၄၆ ကျောင်း၊ အထက်တန်းကျောင်း ၁၄ ကျောင်း၊ လူငယ်သင်တန်းကျောင်း ၁၅ ကျောင်း၊ အိမ်တွင်းမှု ပညာသင်ကျောင်း ၁၀ ကျောင်းတို့ကို ဖွင့်လှစ်ပေးခဲ့ပြီး ပညာရေးဝန်ထမ်း ၁,၉၄၆ ဦး ခန့်ထားပေးခဲ့ပြီးဖြစ်သည်။

ကျန်းမာရေးလုပ်ငန်း

နယ်စပ်ဒေသ၏ ကျန်းမာရေးအဆင့်အတန်းကို မြှင့်တင်ပေးခြင်း၊ ကြိုတင်ကာကွယ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းမှတစ်ဆင့်ပြီး ပြီးပြည့်စုံသော ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း၊ အရည် အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများ မွေးထုတ် ပေးခြင်း၊ ကျေးလက် ကျန်းမာရေးဌာနနှင့် ဆေးရုံများ တည်ဆောက်ပေးခြင်း ၊ ဆေးဝါးဝန်ထမ်းနှင့် ကုသ ကာကွယ်မှုဆိုင်ရာ ခေတ်မီအထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလကုန်အထိ နယ်စပ်ဒေသများတွင် ဆေးရုံ ၄၃ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၄၃ ခု၊ ကျေးလက်ကျန်းမာ ရေးဌာနခွဲ ၇၉ ခု ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

သစ်တောလုပ်ငန်း

နယ်စပ်ဒေသများတွင် သစ်တောထိန်းသိမ်းမှုဆိုင်ရာ ပညာပေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ သစ်တောပျိုး ဥယျာဉ်များ ထူထောင်ခြင်း၊ သီးနှံသစ်တော ရောနှော စိုက်ခင်းများ ထူထောင်ခြင်း ၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းခြင်း၊ သစ်ထုတ်လုပ်ခွင့်ပေးခြင်း၊ သစ်အခြေခံ စက်မှုလုပ်ငန်းများ ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ ပြီး ဖြစ်သည်။

အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ

နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအင် လုပ်ငန်းတွင် ဒီဇယ်မတ်အားပေးစက် ၂၀၂ လုံး၊ ရေအား လျှပ်စစ် ၅စ်ခု၊ ဆက်သွယ်ရေးလုပ်ငန်းတွင် စာတိုက် ၅၂ ခု၊ ရေဒီယိုတယ်လီဖုန်း ၄၅ ခု၊ မြို့တွင်း အိတ်ချိန်း ၅၄ ခု၊ ကြေးနန်းရုံး ၄၄ ခု၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက် ၇၇ လုံး တပ်ဆင်ပေးခဲ့ပြီး လျှပ်စစ်ကို အခြေခံသော စက်မှုလက်မှုလုပ်ငန်းများ စတင် ဆောင်ရွက်နိုင်ပြီ ဖြစ်သည်။

ကျပ်သန်း ၁၀, ၀၀၀ ကျော် သုံးစွဲဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ သော ၁၉၈၉ ခုနှစ်မှ ၁၉၉၈ ခုနှစ် နှစ်ကုန် အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အသီးသီးအတွက် နိုင်ငံတော်က ကျခံသုံးစွဲခဲ့သည့် ငွေကြေးပမာဏမှာ စုစုပေါင်း ငွေကျပ် ၁၀,၃၈၇ ဒသမ ၂၉ သန်း ဖြစ်သည်။ နယ်စပ်ဒေသနေ တိုင်းရင်းသားပြည်သူလူထုသည် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံ ကျခံသုံးစွဲထားသော လူမှု စီးပွားရေးဆိုင်ရာ ကျောထောက်နောက်ခံ အဆောက်အအုံ များပေါ်တွင် အခြေခံကာ ဆောင်ရွက်ခြင်းဖြင့် နယ်စပ် ဒေသအသီးသီးတွင် ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

စိုးအောင်

ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာရည်မွန်ဆု ဆုချီးမြှင့်ပွဲ။ ။ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာဖတ် ပရိတ်သတ် ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်လျက် ပခုက္ကူမြို့နေ " သိန်းတစ်ရာဆေးပေါင်းရုံ" ပိုင်ရှင် ဦးအုံးဖေက နိုင်ငံတော်သို့ငွေသား ၇၆ သိန်းနှင့် ၁၂၇၉ ကျပ်ကို လှူဒါန်းရာမှ "ပခုက္ကူဦးအုံးဖေစာပေဆု" ဟု အမည်တွင် ဖြစ်တည်ပေါ်ထွန်းလာသည်။

အလှူရှင် ဦးအုံးဖေ၏ ဆန္ဒပြုချက်ဖြင့် ရေးဆွဲ ထားသော ရန်ပုံငွေစည်းကမ်းအရ နိုင်ငံတော်သို့ လှူဒါန်း



၁၉၉၇ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆု ဆုရရှိသူများအား ဆုယူအပြီး အတွင်းရေးမှူး(၁)ဒုတိယမိုလ်ချုပ်ကြီး ခင်ညွန့်. ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မိုလ်ချုပ်ကြည်အောင်တို့နှင့်အတူ တွေ့ရစဉ်

ထားသောငွေများ (ဘဏ်အပ်နှံငွေ)မှ ရရှိလာမည့် အတိုးငွေတန်ဖိုး စုစုပေါင်း၏ ရာခိုင်နှုန်း ၅၀ ကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေ ချီးမြှင့်ပေးရန်၊ ရာခိုင်နှုန်း ၂၀ ကို အစည်းအဝေး စရိတ်အဖြစ်၊ ရုံးစရိတ်သုံးစွဲရန်နှင့် ကျန် ရာခိုင်နှုန်း ၃၀ ကို အရင်းအနှီး တိုးပွားစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်တွင် ဆက်လက်ထားရှိရန် ဖြစ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆုတွင် ဝတ္ထုရှည်ဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆု၊ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာမူဆု၊ သုတေသန စာပေဆုနှင့် တစ်သက်တာ စာပေဆုများ ပါဝင်ကြသည်။ ယင်းစာပေဆု ခြောက်မျိုးအတွက် လူဒါန်းမတည်ငွေ၏ အတိုးအညွှန်ကို ချီးမြှင့်မည် ဖြစ်သည်။ ခြောက်မျိုးအနက် ဝတ္ထုရှည်ဆု၊ ဝတ္ထုတို ပေါင်းချုပ်ဆု၊ ကဗျာပေါင်းချုပ်ဆု၊ ကျမ်းစာမူဆုနှင့် သုတေသန စာပေဆု ဘာသာရပ်တိုအတွက် စာမူကို ဖိတ်ခေါ်၍ ယှဉ်ပြိုင်စေပြီး ဆုများကို ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။ ကျန်တစ်ဆု ဖြစ်သည့် တစ်သက်တာ စာပေဆု အတွက်ကိုမူ ဘဝတစ်သက်တာလုံး ကို စွမ်းစွမ်းတမံ သယ်ပိုး ထမ်းရွက်ခဲ့သူ စာပေလောကသား သက်ရှိပုဂ္ဂိုလ်များထဲမှ ရွေးချယ်ရေးအဖွဲ့က သီးခြားစီစစ်ထောက်ခံ လေ့လာ၍ ဆုချီးမြှင့်မည် ဖြစ်သည်။ ၄င်းအပြင်နှစ်စဉ်တက္ကသိုလ် ပညာကို မြန်မာစာအထူးပြု၍ ဆက်လက်ပညာသင်ကြားမည့် ဒဿမတန်းတွင် အမှတ်အများဆုံးရရှိခဲ့သူ ကျောင်းသား ကျောင်းသူလေးဦးကိုလည်း ဆုချီးမြှင့်မည် ဖြစ်သည်။

ပခုက္ကူ ဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို ဥက္ကဋ္ဌ ဦးမျိုးသန် (မောင်ဆုရှင်) ဦးဆောင်သောအဖွဲဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး စာပေဆုအတွက် ပြိုင်ပွဲဝင်စာမူများကို သတ်မှတ်ထားသော ရည်ရွယ်ချက်၊ အခြေခံမူများနှင့် အညီ စိစစ်ရွေးချယ်သည်။

၁၉၉၄ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆုအတွက် တင်သွင်းယှဉ်ပြိုင်သော စာမူစုစုပေါင်း ၁၀၇ စောင်ရှိသည့် အနက် ဆုချီးမြှင့်ရန်ရွေးချယ်ခြင်းခံရသော စာမူများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၉၉၄ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆုများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ကဗျာပေါင်းချုပ် (ပထမဆု)	ကဗျာဆွေလိကဗျာများ	မောင်ယဉ်မှူး
	ကဗျာပေါင်းချုပ် (ဒုတိယဆု)	အလင်္ကာပန်းခင်းကဗျာများ	ဝင်းနွယ် (သစ်တော)

ပခုက္ကူဦးအုံးဖေ စာပေဆု

၂။	ဝတ္ထုရှည် (ပထမဆု)	အေးစိန်မ ဝမ်းသာရပါပြီ	ရေနံသာမောင်ကျော်ညွန့်
	ဝတ္ထုရှည် (ဒုတိယဆု)	သည်တောင်ကိုဖြို မြင်းမိုရ်မိုလား	မောင်မြေနီ (တမာတော)
၃။	ဝတ္ထုတိုပေါင်းချုပ် (ပထမဆု)	အလင်းရောင်ဝတ္ထုတိုများ	ကုမုဒြာ
၄။	ကျမ်းစာပေ (ပထမဆု)	ဘက်စုံအကျိုးပြုသီးစားပင်ငှက်ပျော	စိုးမြင့်ဒွန်း (အာယုဗေဒ ဂုဏ်ထူး)
၅။	တစ်သက်တာစာပေဆု	ဆရာကြီး ဦးရန်အောင် (ရန်အောင်)	
		ဆရာကြီး ဦးသိန်းမောင် (သုခ)	

(မှတ်ချက်။ ။ သုတေသနစာပေဆုအတွက် ဆုချီးမြှင့်ရန် အရည်အချင်းပြည့်မီသောစာမူ မရှိပါ။)

မြန်မာစာထူးချွန်ဆုရှိသူများ

(က) မခင်ငြိမ်းဟန် (မန္တလေးတက္ကသိုလ်)
(ခ) မသပြေဦး (ရန်ကုန်တက္ကသိုလ်)
(ဂ) မောင်အောင်မင်းသူ (အဝေးသင်တက္ကသိုလ်၊ မကွေးဌာနခွဲ)
(ဃ) မောင်ဇော်မိုးအောင် (အဝေးသင်တက္ကသိုလ်၊ ရေနံချောင်း ဌာနခွဲ)

မြန်မာ့ယဉ်ကျေးမှု အနုပညာအဆိုအကများ ထွန်းကားရေးကို ရှေးရှု၍ ယဉ်ကျေးမှုတက္ကသိုလ်၏ ၁၉၉၃-၉၄ ပညာသင်နှစ်တွင် ပထမနှစ်သင်တန်းများ တက်ရောက်နေသော ကျောင်းသားကျောင်းသူများအနက် စည်းကမ်းကောင်းမွန်၍ ပညာထူးချွန်သော အနုပညာကို ကျောထောက်နောက်ခံပြု၍ ဆက်လက်အသက်မွေးရန် အလား အလာရှိသော ကျောင်းသားကျောင်းသူနှစ်ဦးကိုပါ ပညာသင်စရိတ်အဖြစ် ထပ်မံရွေးချယ်ချီးမြှင့်သည်။ ဆုရွေးချယ်ချီးမြှင့် ခံရသူနှစ်ဦးမှာ

(က) မောင်သက်လွင်ဦး (ဇာတ် သဘင် ဘာသာရပ်၊ ယဉ်ကျေးမှု တက္ကသိုလ်)
(ခ) မစိန်စိန်လင်း (ပန်းချီဘာသာရပ်၊ ယဉ်ကျေးမှု တက္ကသိုလ်) တို့ဖြစ်သည်။



ပခုက္ကူဦးအုံးဖေ စာပေဆုရှင်တစ်ဦးဦးအား ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ကြည်အောင် ဆုချီးမြှင့်စဉ်

၁၉၉၅ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုအတွက် တင်သွင်းယှဉ်ပြိုင်သော စာမူစုစုပေါင်း ၁၃၄ စောင်ရှိသည့် အနက်ဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၉၅ ခုနှစ်ပခုက္ကူဦးအုံးဖေစာပေဆုများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ -
၁။	ကဗျာပေါင်းချုပ် (ပထမဆု)	အိပ်မက်ဦးကဖူးတဲ့ပန်း	မြေလတ်မောင်မြင့်သူ
	ကဗျာပေါင်းချုပ် (ဒုတိယဆု)	သစ်နုရွက်စည်မြွေရည်	အဖျော်မြေမောင်ဆွေမွန်

ပခုက္ကူဦးအုံးဖေ စာပေဆု

၂။	ဝတ္ထုရှည် (ပထမဆု)	တံလျှပ်၏ တစ်ဖက်ကမ်းမှာ	ခင်စန်းမွန်
	ဝတ္ထုရှည် (ဒုတိယဆု)	အိုးခြမ်းပဲ့များသက်သေထား	မနုဿကျော်ဝင်း
၃။	ဝတ္ထုတိုပေါင်းချုပ် (ပထမဆု)	အလင်း၏ပုံဆောင်ခဲနှင့် အနာဂတ် တမ်းချင်းဝတ္ထုတိုများ	လှဝင်း (ဘောဂဗေဒ)
	ဝတ္ထုတိုပေါင်းချုပ်(ဒုတိယဆု)	အဇ္ဈတ္တရောင်စုံဝတ္ထုတိုများ	မောင်မြေနီ (တမာတော)
၄။	ကျမ်းစာပေ (ပထမဆု)	အချိုးကဗျာလေ့လာချက်	သူရဇော်
	ကျမ်းစာပေ (ဒုတိယဆု)	မြန်မာစာ၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် ဗုဒ္ဓကျမ်းဂန်လာအမည် နာမများ	ဦးမြတ်ကျော်(မြန်မာစာအဖွဲ့)
၅။	သုတေသနစာပေ (ပထမဆု)	ထင်းအစားထိုးစွမ်းအင်	ရွှေနဂါးတင်ဝင်း
	သုတေသနစာပေ (ဒုတိယဆု)	မြန်မာပန်းချီပန်းပုဗိသုကာ ပညာရှင်များ၏ အတ္ထုပ္ပတ္တိ	ညိုဝင်းရှင်
၆။	တစ်သက်တာစာပေဆု	ဆရာကြီး ဦးကိုလေး (ဇေယျာမောင်)	

မြန်မာစာထူးချွန်ဆုရှိသူများ
(က) မောင်မြင့်ငွေ (အဝေးသင်တက္ကသိုလ်၊ ရွှေဘိုဌာနခွဲ)
(ခ) မဝင်းစုရှိန် (ထားဝယ်ကောလိပ်)
(ဂ) မခင်သန်းငွေး (မန္တလေးတက္ကသိုလ်)
(ဃ) မခင်သိတာမိုး (အဝေးသင်တက္ကသိုလ် ၊ ရေနံချောင်းဌာနခွဲ)

ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရှိသူများ
(က) မောင်မင်းကျော်ဝေ(ဇာတ်သဘင်ပညာဌာန)
(ခ)မဝင်းသန္တာ (ပန်းချီပညာဌာန)

၁၉၉၆ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု အတွက် တင်သွင်းယှဉ်ပြိုင်သော စာမူ စုစုပေါင်း ၁၂၄ စောင်ရှိသည့် အနက် ဆုချီးမြှင့်ရန် ရွေးချယ်ခြင်း ခံရသော စာမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၉၆ ခုနှစ်ပခုက္ကူ ဦးအုံးဖေစာပေဆုများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ကဗျာပေါင်းချုပ် (ပထမဆု)	ဘဝပုံရိပ်အပိုင်းအစများ	တင်မောင်အေး (ပခုက္ကူ)
	ကဗျာပေါင်းချုပ် (ဒုတိယဆု)	အပြန်လမ်းရဲစမ်းသော်တာ	စလင်းဘုန်းကျော်
	ကဗျာပေါင်းချုပ် (တတိယဆု)	စိန်တစ်ပွင့် ရွှေတစ်ပွင့်	တင်ထွန်း (ချောက်)
၂။	ဝတ္ထုရှည် (ပထမဆု)	မြင်းမိုရ်တောင်ထိပ်မှ သဲပွင့်ကလေးများ	ထူးဆွေအောင်
	ဝတ္ထုရှည် (ဒုတိယဆု)	ရွှေး	မြေဝသုန်
	ဝတ္ထုရှည် (တတိယဆု)	အဖော်	ခင်လပြည့်ဝန်း
၃။	ဝတ္ထုတိုပေါင်းချုပ် (ပထမဆု)	မွေးမွေးချိုချိုဝတ္ထုတိုများ	ကိုနေ (ကောလင်း)
	ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု)	စိန်ရောင်ရွှေရောင်တဖျပ်ဖျပ်ဝတ္ထုတိုများ	ခင်စန်းမွန်
	ဝတ္ထုတိုပေါင်းချုပ်(တတိယဆု)	ကျေးလက်ရနံသင်းပျံကြိုင်လိုင်	နွယ်တမယ်
၄။	ကျမ်းစာပေ (ပထမဆု)	မြန်မာစာ၊ မြန်မာမှု သုတ္တန်ရတနာ	ဦးမြတ်ကျော် (မြန်မာစာအဖွဲ့)

ပခုက္ကူဦးအုံးဖေ စာပေဆု

	ကျမ်းစာပေ(ဒုတိယဆု)	ဇီဝဒြပ်ထု စွမ်းအင်ဖွံ့ဖြိုးရေး	ရွှေနဂါးတင်ဝင်း
	ကျမ်းစာပေ (တတိယဆု)	မြန်မာနိုင်ငံ ပိဋကတ်တိုက်၊ စာကြည့်တိုက်များ၏ အမျိုးအစားနှင့် သဘောသဘာဝ	ဇော်အောင်ထွတ် (စာကြည့်တိုက်ပညာ)
၅။	သုတေသနစာပေ (ပထမဆု)	အမျိုးသားပညာရေး မဂ္ဂဇင်းများကို လေ့လာတင်ပြခြင်း	ဦးသန်းထွတ်နှင့်ဒေါ်ထူးထူးအောင်
	သုတေသနစာပေ (ဒုတိယဆု)	ဇာတက ၌ကထာကျမ်းလာအုပ်ချုပ်ရေး ဆိုင်ရာကျမ်း	တက္ကသိုလ်မောင်မောင်လှိုင်
	သုတေသနစာပေ (တတိယဆု)	မြန်မာဇာတ်ကြီး	သန်လျင်မောင်ဝင်းဝါ
၆။	တစ်သက်တာစာပေဆု	ဆရာကြီးဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)	

မြန်မာစာထူးချွန်ဆုရရှိသူများ

(က)မအိသဲထွေး (အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)
(ခ) မောင်လွင်ကိုဦး (ဗိုလ်တထောင်ကောလိပ်၊ ရန်ကုန်)
(ဂ) မလေးသူ (မိတ္ထီလာကောလိပ်)
(ဃ) မယဉ်ယဉ်ဌေး (အဝေးသင်တက္ကသိုလ်၊ လားရှိုးဌာနခွဲ)

ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရရှိသူများ

(က) မသိဂီဌြိမ်း (ပန်းပုအထူးပြု)
(ခ) မဥမ္မာမြင့် (ဇာတ်သဘင်အထူးပြု)

၁၉၉၇ ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆုအတွက် တင်သွင်းယှဉ်ပြိုင်သော စာမူ စုစုပေါင်း ၁၆၅ စောင်ရှိသည့်အနက် ဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၉၇ ခုနှစ် ပခုက္ကူဦးအုံးဖေ စာပေဆုများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ကဗျာပေါင်းချုပ် (ပထမဆု)	အရုဏ်ဦးအလှကဗျာများ	ကျောက်ပန်းတောင်းစိုးမြင့်
	ကဗျာပေါင်းချုပ် (ဒုတိယဆု)	အချစ်နဲ ပျံသန်းခြင်း	ရွှေဒါးမောင်လေးရည်
	ကဗျာပေါင်းချုပ် (တတိယဆု)	သံလွင်တစ်ခက် ချိုးငှက်တစ်ကူ	တောင်တွင်းမောင်သင်းကျော်
၂။	ဝတ္ထုရှည် (ပထမဆု)	ချောင်းရေယဉ်လျှမ်းပါလိုလမ်းမသိပါပြီ	နန္ဒာစိုး (ဆင်ဖြူကျွန်း)
	ဝတ္ထုရှည် (ဒုတိယဆု)	စိမ်းစိုတောက်ပသောတောင်ယာ	မင်းဟိန်းထိုဝ်
	ဝတ္ထုရှည် (တတိယဆု)	သည်သောင်ယံကမခွာရက်နိုင်တယ်	မလေး (ပေါက်ခေါင်း)
၃။	ဝတ္ထုတိုပေါင်းချုပ် (ပထမဆု)	ခရောင်းမြေမှာပန်းတွေကမ္ဘေး	နေမျိုးသန်
	ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု)	ရာမညတွင်တင်သော ကမ္ပည်းနှင့် အခြားဝတ္ထုတိုများ	တက္ကသိုလ်နန်းဖြူဖြူထွန်း
	ဝတ္ထုတိုပေါင်းချုပ် (တတိယဆု)	နှလုံးသားဝယ်အမုန်းတရားကိုဖယ်	အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်)
၄။	ကျမ်းစာပေ (ပထမဆု)	စိတ်ပညာသမိုင်းကျမ်း	ဒေါက်တာကျော်စိန်
	ကျမ်းစာပေ(ဒုတိယဆု)	ကမ္ဘာ့ဇာတ်ခုံနှင့် မြန်မာ့ရိပ်မြို	ဦးအောင်သန်

	ကျမ်းစာပေ (တတိယဆု)	သိမှတ်ဖွယ်ရာမြေဆီလွှာ	ဦးအေးကို (ဆည်မြောင်း)
၅။	သုတေသနစာပေ(ပထမဆု)	ပေပုရပိုက်မျက်နှာပြင်များပေါ်မှ လေ့လာတွေ့ရှိချက်များ	မောင်မောင်သိန်း
	သုတေသနစာပေ (ဒုတိယဆု)	ဦးချစ်စရာ၏ အတ္ထုပ္ပတ္တိနှင့်စာပေလက်ရာများစိစစ်ချက်	ချိုချိုလွင်
	သုတေသနစာပေ (တတိယဆု)	ကလေးဘဝအလှပေဒ	ဦးသောင်းငွေ
၆။	တစ်သက်တာစာပေဆု	ဆရာကြီးဦးအုန်းဖေ (တက်တိုး)	

မြန်မာစာထူးချွန်ဆုရရှိသူများ

(က) မည္ငွန်ည္ငွန်စန်း (လှိုင်ကောလိပ်၊ရန်ကုန်)

(ခ) မောင်ဇော်ဝင်းကြိုင် (အဝေးသင်တက္ကသိုလ်၊ ပခုက္ကူဌာနခွဲ)

(ဂ) မနီနီအေး (ဟသ်ာတကောလိပ်)

(ဃ) မိသဲအေးခိုင် (အဝေးသင်တက္ကသိုလ်၊ မော်လမြိုင်ဌာနခွဲ)

ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရရှိသူများ

(က) မမြခက် (ပန်းချီပညာဌာန)

(ခ) မအိအိသန် (ဇာတ်သဘင်ပညာဌာန)

၁၉၉၈ ခုနှစ် ပခုက္ကူညီးအုံးဖေစာပေဆုအတွက် တင်သွင်းယှဉ်ပြိုင်သော စာမူစုစုပေါင်း ၁၁၇ စောင်ရှိသည့်အနက် ဆုချီးမြှင့် ရန် ရွေးချယ်ခြင်းခံရသော စာမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁၉၉၈ ခုနှစ် ပခုက္ကူညီးအုံးဖေစာပေဆုများ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ကဗျာပေါင်းချုပ် (ပထမဆု)	နေခြည်ဦး ဖူးသစ်လေပြည် ပန်းတေးသီ	မြေလတ်မင်းလွင်
	ကဗျာပေါင်းချုပ်(ဒုတိယဆု)	မြန်မာ့ရွှေတိဂုံ	မင်းယဉ်စု
	ကဗျာပေါင်းချုပ် (တတိယဆု)	ပန်းအလှနှင့် မြရေစင်ကဗျာများ	မောင်ဟေမာ
၂။	ဝတ္ထုရှည်(ပထမဆု)	သမုဒယနွေထဲက ဒုတိယမေမေ	နန္ဒာစိုး (ဆင်ဖြူကျွန်း)
	ဝတ္ထုရှည် (ဒုတိယဆု)	မြို့ပြခေတ်ကို ထုဆစ်ကြသူများ	လှဝင်း (ဘောဂဗေဒ)
	ဝတ္ထုရှည် (တတိယဆု)	တိမ်ပဝါဇာနားကွပ်	ခင်ကြူကြူတင်
၃။	ဝတ္ထုတိုပေါင်းချုပ် (ဒုတိယဆု)	ငှက်တစ်သောင်းအတွက် သစ်တစ်ပင် နှင့် အခြားဝတ္ထုတိုများ	ကျောင်းကုန်းဦးမှူး
	ဝတ္ထုတိုပေါင်းချုပ် (တတိယဆု)	မြစ်တစ်စင်းရဲ့ အလွမ်းကဗျာတစ်ပုဒ် နှင့် ရသဝတ္ထုတိုစုများ	မင်းတင်ထွက်း
၄။	ကျမ်းစာပေ (ပထမဆု)	မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှု အမွေ ပေစာပုရပိုက်	မောင်မောင်ညွန့် (မန်းတက္ကသိုလ်)
	ကျမ်းစာပေ (ဒုတိယဆု)	ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းရေး	ဘတင့် (တတု)
	ကျမ်းစာပေ (တတိယဆု)	ရွှေမြန်မာရင်တွင်းမှ မြစ်မင်းစရာဝတ္ထု	မင်းဗေဒါ (ပွင့်ဖြူ)
၅။	သုတေသနစာပေ (ပထမဆု)	မြန်မာ့အုတ်	မောင်ယဉ်လှိုင်း (ဟျဉ်းမမြို့)
	သုတေသနစာပေ (ဒုတိယဆု)	စာတိုက်သေတ္တာပန်းမျက်နှာ	မောင်မောင်သိန်း

သုတေသနစာပေ (တတိယဆု)ရွေထုတ်လုပ်နည်း မြဝင်း
(မှတ်ချက်။ ။ ဝတ္ထုတိုပေါင်းချုပ် ပထမဆု အတွက်အရည်အချင်းပြည့်မီသော စာမူမရှိပါ။)
၆။ တစ်သက်တာစာပေဆု ဆရာကြီးဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)

မြန်မာစာထူးချွန်ဆုရရှိသူများ
(က) မမြသူဇာခင် (အဝေးသင်တက္ကသိုလ်၊ စစ်တွေဘာနခွဲ)
(ခ) မအေးအေးအောင် (အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)
(ဂ) မသိမ့်သိမ့်ဝင်း (အဝေးသင်တက္ကသိုလ်၊ ဒဂုံဘာနခွဲ၊ ရန်ကုန်)
(ဃ) မောင်မြစိုး (အဝေးသင်တက္ကသိုလ်၊ ဟသ်ာတဘာနခွဲ)

ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာသင်ဆုရရှိသူများ
(က) မရွှေရွှေခိုင် (ဂီတအထူးပြု)
(ခ) မောင်သန်းထွန်းဝင်း (ပန်းချီအထူးပြု)

အခြေခံပညာကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးအတွက် ပခုက္ကူညီးအုံးဖေက ပညာရည်ချွန်ဆုများ နှစ်စဉ် ချီးမြှင့် နိုင်ရန် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေတွင် ပညာရေးဝန်ကြီးဌာနသို အလှူငွေ ၅,၂၀၁,၂၇၉ ကျပ်ကို ပေးလှူ၍ ငွေပဒေသာပင် စိုက်ထူပေးခဲ့သည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ပခုက္ကူညီးအုံးဖေ ပညာရည်ချွန်ဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး ၁၉၉၇ ခုဇန်နဝါရီလ ၃ ရက်နေမှစ၍ မြန်မာ့စီးပွားရေးဘဏ်ငွေစုဘဏ်ခွဲ ၁ တွင် ထိန်းသိမ်း စုဆောင်းထားရှိသည်။ ရရှိသည့်ဘဏ်တိုးငွေဖြင့် ၁၉၉၉ ခုနှစ်တွင် ပထမဆုံးအကြိမ် ပခုက္ကူညီးအုံးဖေ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို စတင်နိုင်ခဲ့သည်။ ဘာသာရပ်အလိုက် ပညာရည်ချွန်ဆု ရရှိသူများမှာ အောက်ပါ အတိုင်းဖြစ်သည်။

၁၉၉၉ ခုနှစ် ပခုက္ကူညီးအုံးဖေပညာရည်ချွန်ဆုရရှိသူများ

စဉ်	ဘာသာရပ်	ရရှိသူ	ကျောင်းအမည်
၁။	မြန်မာဘာသာ	မချိုနွယ်လိုင်	အထက (၈)၊ မော်လမြိုင်၊ မွန်ပြည်နယ်
၂။	မြန်မာဘာသာ	မောင်ဉာဏ်ဟိန်းလတ်	အထက ဖဒို၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်း
၃။	မြန်မာဘာသာ	မခင်လေး	အထက (၁)၊ သဃ်ိန်းကျွန်း၊ ရန်ကုန်တိုင်း
၄။	အင်္ဂလိပ်စာဘာသာ	မအေးသူဇာ	အထက (၂)၊ စမ်းချောင်း၊ ရန်ကုန်တိုင်း
၅။	အင်္ဂလိပ်စာဘာသာ	မနန်းမာလိုင်းဆိုင်	အထက (၄)၊ တောင်ကြီး၊ ရှမ်းပြည်နယ်
၆။	အင်္ဂလိပ်စာဘာသာ	မယုဇနသီဟန်	အထက (၂)၊ လသာ၊ ရန်ကုန်တိုင်း
၇။	သချိုင်္ဘာဘာသာ	မောင်တင်ကျော်လင်း	အထက (၁)၊ ဒဂုံ၊ ရန်ကုန်တိုင်း
၈။	သချိုင်္ဘာဘာသာ	မရည်မွန်သူ	အထက (၂)၊ လသာ၊ရန်ကုန်တိုင်း
၉။	သချိုင်္ဘာဘာသာ	မနှင်းအိလွင်	အထက (၃)၊ မုံရွာ၊ စစ်ကိုင်းတိုင်း
၁၀။	သိပ္ပံဘာသာ	မောင်ကျော်မျိုးထွန်း	အထက (၁)၊ တောင်ငူ၊ ပဲခူးတိုင်း
၁၁။	သိပ္ပံဘာသာ	မောင်တင်ကျော်လင်း	အထက (၁)၊ ဒဂုံ၊ ရန်ကုန်တိုင်း
၁၂။	သိပ္ပံဘာသာ	မနန္ဒာအေး	အထက (၂)၊ လသာ၊ ရန်ကုန်တိုင်း
၁၃။	လူမှုရေးဘာသာ	မောင်အောင်သက်နိုင်	အထက (၁)၊ ဒဂုံ၊ ရန်ကုန်တိုင်း
၁၄။	လူမှုရေးဘာသာ	မရှိုးရှိုးအောင်	အထက (၂)၊ မင်္ဂလာဒုံ၊ ရန်ကုန်တိုင်း
၁၅။	လူမှုရေးဘာသာ	မပြုံးဇဝဝေစိုး	အထက (၂)၊ လသာ၊ ရန်ကုန်တိုင်း

မျိုးမျိုးကြည်

ပထမအကြိမ်မြန်မာအမျိုးသမီးများညီလာခံ။ ။

မြန်မာအမျိုးသမီးများ ကဏ္ဍဖွဲ့ဖြိုးတိုးတက်ရန်၊ မြန်မာအမျိုးသမီးများ၏ ဂုဏ်သိက္ခာ အစဉ်မြဲမြင့်မားရေးတို့ကို ဖော်ဆောင်နိုင်စေရန်နှင့် မြန်မာအမျိုး သမီးထုကြီး၏ စုစည်းညီညွတ်သည့် စွမ်းပကားကို ထက်မြက်စူးရှခိုင်မာအောင် စွမ်းဆောင်ပေးနိုင်စေရန်ဟူသည့် ဦးတည်ချက်များနှင့် ပထမအကြိမ် မြန်မာအမျိုးသမီးများညီလာခံသန်းလွှေ၏နေ့ ဒေါ်ကြိုင်ကြိုင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေး၏ နေ့ ဒေါ်မြမြစန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သက်ဆိုင် ဆက်စပ်နေသည့် ဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်



ပထမအကြိမ် အမျိုးသမီး ညီလာခံကျင်းပနေစဉ်

(First Myanmar Women's Conference) ကို ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေမှ ၉ ရက်နေအထိ ရန်ကုန်မြို့ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံတွင် ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး အမျိုးသမီးထုကြီးကို ဦးဆောင်မှု ပေးနေသော ဗဟို၊ ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာလုပ်ငန်း ကော်မတီများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ပြည်ထောင်စုကြံခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ နိုင်ငံတကာ ဆက်ဆံရေးသင်တန်း အမှတ်စဉ် (၂) မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

၁၉၉၅ ခုနှစ်က တရုတ်ပြည်သူ သမ္မတနိုင်ငံ ပီကင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ၏ စတုတ္ထ ကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ (Fourth World Conference on Women)တွင် "အခွင့်အရေး တန်းတူညီမျှ ရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး" ဟူသည့် ဦးတည်ချက်ကို ချမှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင် နိုင်ငံတစ်နိုင်ငံအဖြစ် စတုတ္ထ အကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံသို့ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့တက်ရောက်ခဲ့သည်။ ယင်းသို့ တက်ရောက်ခဲ့ပြီး ညီလာခံက ချမှတ်ခဲ့သောကတ္တ ၁၂ ရပ်ဆိုင်ရာ လုပ်ငန်းများ ဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ အမျိုးသမီးငယ်များ ဘဝလုံခြုံရေး စသည့်လုပ်ငန်းများကို မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အစိုးရသည် အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးအတွက် လုပ်ငန်းများအား စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်စေရန် "မြန်မာနိုင်ငံလုံး ဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ"ကို ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေက ဖွဲ့စည်းခဲ့ပြီး ဗဟိုအဆင့်မှ မြို့နယ် အဆင့်အထိ ကော်မတီအဆင့်ဆင့်ကိုလည်း ဆက်လက်ဖွဲ့စည်းပြီး ဖြစ်သည်။

နိုင်ငံတော်၏ စစ်မှန်သောအားပေးမှုကြောင့် မြန်မာအမျိုးသမီးထုကြီးသည် ယခုအခါ အမျိုးသားစွမ်းအား တစ်ရပ်အဖြစ် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏အောက်တွင် စုစည်းမှုရရှိပြီး တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအဆင့်ဆင့်၏ ကြီးပမ်းဆောင်ရွက်မှုကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ ဖွဲ့စည်းသည့် ဇူလိုင်လ ၃ ရက်နေကို "မြန်မာအမျိုးသမီးများနေ" အဖြစ်သတ်မှတ် ပေးကာ ပထမအကြိမ် မြန်မာအမျိုးသမီးများနေကို ၁၉၉၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ကစ၍ ကျင်းပခဲ့ပြီးဖြစ်သည်။

ပထမအကြိမ်မြန်မာအမျိုးသမီးများ ညီလာခံကို ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေမှ ၉ ရက်နေအထိ ကျင်းပခဲ့ရာတွင် အဆိုပါညီလာခံသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အဆင့်ဆင့်မှ မူဝါဒဆိုင်ရာ အကြံဉာဏ်ပေးနိုင်သူများ၊ အစိုးရ ဝန်ထမ်းများ၊ ပြည်နယ်နှင့်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၏ဇနီးများ၊ ပြည်နယ်နှင့်တိုင်း အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌများ၊ ခရိုင်၊ မြို့နယ်အဆင့် ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ဦးရေ ၂၃၀ တက်ရောက်ခဲ့ ကြသည်။

ညီလာခံကြီး၌ ကတ္တ ၆ တွင် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အသီးသီး ဆွေးနွေး တင်ပြကြပြီး၊ အဆိုပါဆွေးနွေး တင်ပြချက်များပေါ်တွင် အခြေခံ၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးရေးရာ လုပ်ငန်း ကော်မတီများကို ရပ်ကွက်ကျေးရွာအထိ ဖွဲ့စည်း ဆောင်ရွက်ရန်နှင့် ရန်ပုံငွေအင်အား တောင့်တောင့် တင်းတင်းဖြင့် ဆောင်ရွက်ကြရန် အကြံပြုချက်များ ပေးခဲ့ ကြသည်။

ပထမအကြိမ် မြန်မာအမျိုးသမီးများ ညီလာခံ ပိတ်ပွဲအခမ်းအနားကို ၉-၁၂-၉၈ ရက်နေ၌ အပြည်ပြည်ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံတွင် ကျင်းပပြုလုပ်ခဲ့သည်။ ပိတ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံတက်ရောက်၍ အပိတ်မိန့်ခွန်းပြောကြားသည်။

ညီလာခံ ကိုယ်စားလှယ်များသည် လေ့လာရေးခရီးစဉ်အဖြစ် ၁၀-၁၂-၉၈ ရက်နေတွင် အဖွဲ့နှစ်ဖွဲ့ခွဲကာ လိုင်သာယာစက်မှုဇုန်အတွင်းရှိ တိုင်ရီဖိနပ်ချုပ်စက်ရုံ၊ (Opal International Co. Ltd FMI City) ပဒေသာမြို့တော်နှင့် ရန်ကုန်မြို့၊ သံလွင်လမ်းအမှတ်- ၁၁၃ ရှိ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဌာနသို့ သွားရောက် လေ့လာခဲ့ကြသည်။

ပထမအကြိမ်မြန်မာအမျိုးသမီးများညီလာခံသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အထောက်အကူပြုနိုင်သည့် အမျိုးသမီးများ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည့် ညီလာခံတစ်ရပ်ပင် ဖြစ်ပေသည်။

ဖိလစ်ပိုင် သမ္မတနိုင်ငံ။ ။ဖိလစ်ပိုင် သမ္မတဖိဒယ်ရာမို့စ်သည် အထက်လွှတ်တော် အမတ်နေရာများအတွက် ယှဉ်ပြိုင်အရွေးခံရန် နှတ်ထွက်သွားသည့် အစိုးရအဖွဲ့ဝင် ခြောက်ဦး၏ နေရာတို့အတွက် ၁၉၉၈ ခုနှစ် ဧပြီလ ၂၇ ရက်နေ့တွင် အစားထိုးခန့်အပ်ခဲ့သည်။ မေလတွင်လည်း သမ္မတရွေးကောက်ပွဲရှိနေရာ မနီလာမြို့တော်ဝန် အယ်ဖရက်ဒိုလင်းက ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာ ကြောင်း The Far Eastern Economic Review စာစောင်ကရေးသားဖော်ပြသည်။ ဖိလစ်ပိုင်သမ္မတဟောင်းဖြစ်သူ ကိုရဇွန်အကီနိုကလည်း အယ်ဖရက်ဒိုလင်းကို ထောက်ခံကြောင်းပြောကြားခဲ့သည်။ စင်စစ်အယ်ဖရက်ဒိုလင်းသည် သူမအာဏာရစဉ်က ရဲချုပ်အဖြစ်လည်းကောင်း၊ အမျိုးသားစုံစမ်းစစ်ဆေးရေး ဗျူရိုအကြီးအကဲအဖြစ်လည်းကောင်း တာဝန်ယူခဲ့ရာ အကိုနိုအစိုးရကို ဆန့်ကျင်ပြီး အာဏာသိမ်းရန် ကြိုးပမ်းမှုများကို ကာကွယ် နိုင်ခဲ့သဖြင့် နာမည်ကောင်းရခဲ့သူဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၁-စာ၊ ၂၇၀-ရှ။)



အနားယူသွားသည့် ဖိလစ်ပိုင်သမ္မတ ဖီဒယ်ရာမို့စ်

ကျရောက်ပြီး အတိဒုက္ခရောက်ခဲ့ရသူများအား အထက်ပါငွေကြေးများမှ မည်သို့မည်ပုံ လျော်ကြေးပေးမည်ကို ဆုံးဖြတ်ရန် ဖိလစ်ပိုင်တွင် ဥပဒေရေးရာ ဆောင်ရွက်လုပ်ကိုင်မှုများ စတင်လုပ်ဆောင်ရန် တောင်းဆိုချက်လည်း ပါဝင်ခဲ့သည်။

ဧန်နဝါရီလကုန်ပိုင်းတွင် မင်ဒါနာဒိုဒေသ၌ အစိုးရနှင့် မွတ်ဆလင်ခွဲထွက်ရေးဝါဒီ မိုရိုအစွန်လာမွစ် တပ်ဦးတို့ကြား တိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားခဲ့သည်။ ဤဖြစ်ရပ်မှာ ၁၉၉၇ ခုနှစ် ဒီဇင်ဘာလက ရရှိခဲ့သည့် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်စွပ်စွဲကြသည်။ ဧန်နဝါရီ ၂၆ ရက်နေ့ထုတ် ဖိလစ်ပိုင်သတင်းစများက အထက်ပါတိုက်ပွဲတွင် လူ ၄၅ ဦးခန့် သေဆုံးပြီး ၅၀၀၀ ခန့် အိုးအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။

ယင်းသို့ရှိနေစဉ် ဖိလစ်ပိုင်သမ္မတဟောင်း ဟာဒိနန်မားကို့စ်၏ဖခင် အီမဲလ်ဒါမားကို့စ်က မေလတွင် ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် သူမပါဝင် ယှဉ်ပြိုင်မည်ဖြစ် ကြောင်း ဖေဖော်ဝါရီ ၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ဂုဏ်သိက္ခာ၊ ယဉ်ကျေးဖွယ်ရာမှနှင့် ခေါင်းဆောင်မှုတို့အား ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည် ဆောင်ကြဉ်းပေးမည်ဟု သူမက ကတိပေး ပြောကြားခဲ့သည်။

စင်စစ် အိမဲလ်ဒါမား:ကို.စ် မှာ အဂတိလိုက်စား:မှု ရှိကြောင်း စွပ်စွဲခံရသဖြင့် ထောင်ဒဏ်ချမှတ်ခံရမည့် အရေး နှင့်.ရင်ဆိုင်နေရသူဖြစ်သည်။ အဖွဲ.ဝင်ငါး:ဦး ပါဝင်သော တရား:လွှတ်တော်ချုပ် တရား:စီရင်ရေး အဖွဲ.က ထောင်ဒဏ် ၁၂ နှစ်ကျခံရန် ပြစ်ဒဏ်ချမှတ်ထား:ခြင်း အပေါ် သူမ၏အယူခံလွှာကို ပယ်ချရန် ၃ မဲ ၂ မဲဖြင့် ဆုံး:ဖြတ်ခဲ့ပြီး: ဖြစ်သည်။ သို့ရာတွင် အဂတိလိုက်စား:မှု အတွက် ဒုတိယအကြိမ် သူမ၏ အယူခံလွှာကိုမူ တရား: လွှတ်တော်ချုပ်က လက်ခံခဲ့ သည်။ သို့ဖြစ်ရာ သူမအား: တရား:လွှတ်တော်ချုပ်သို့ အပြီး:သတ် အယူခံလွှာ တင်သွင်း:ခွင့်ပြုပြီး: စီရင်ချက်ကိုလည်း: ဆိုင်း:ငံ့ကာ ပြင်ပတွင် အာမခံဖြင့် နေနိုင်ခွင့်ကို လည်း: ခွင့်ပြုခဲ့သည်။

ဤအတောအတွင်း: ဆွစ်တရား:ရေး:ဝန်ကြီး:ဌာနက မေတ္တာရပ်ခံ တောင်း:ဆိုမှုရှိလာသဖြင့်ဟုဆိုကာ ဖာဒီနန်မား:ကို.စ်ပိုင်ဆိုင်သည့် ဆွစ်ဘဏ်စာရင်း:တွင်ရှိသည့် အမေရိကန် ဒေါ်လာသန်း: ၅၀၀ ကျော် ပြန်လည်ထုတ်ယူခွင့်ပြုရေး:ကို ရပ်ဆိုင်း:ခဲ့သည်။ တား:မြစ်ထား:သည့် ဘဏ်စာရင်း:မှငွေများ:ကို ထုတ်ယူခွင့်ပြုပြီး: ဖိလစ်ပိုင်အစိုး:ရသို့ ပြန်လည်လွှဲပြောင်း:ပေး:အပ်ရန် တရား: လွှတ်တော်ချုပ်က ဆုံး:ဖြတ်ခဲ့ရာ ယင်း:သို့မလုပ်ရန် မေတ္တာရပ်ခံ တောင်း:ဆိုခဲ့ခြင်း:ဖြစ်သည်။ ဆွစ်အာဏာပိုင်များ:က မေတ္တာရပ်ခံ တောင်း:ဆိုသူ အသိုင်း:အဝန်း:ကို ထုတ်ဖော်ပြောကြား:ရန် ငြင်း:ဆိုခဲ့သည်။

နိုင်ငံရေး:မျက်နှာစာတွင် အခြား:ဖြစ်ပေါ်တိုး:တက်မှု တစ်ခုမှာ ဖိလစ်ပိုင်အစိုး:ရနှင့်.ကွန်မြူနစ်တို့ဦး:ဆောင်သည့် အမျိုး:သား:ဒီမိုကရက်တစ်တပ်ဦး: (အင်ဒီအက်ဖ်) တို့သည် လူ.အခွင့်အရေး:ဆိုင်ရာစာချုပ်ကို နယ်သာလန်နိုင်ငံသည် ဟိတ်ဖြို့တွင် ဖေဖော်ဝါရီ ၈ ရက်နေ့က လက်မှတ်ရေး:ထိုး:ခဲ့ကြသည်။ စာချုပ်မှာ လူ.အခွင့် အရေး: နှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေကိုလေး:စား:ရေး:ဆိုင်ရာ သဘောတူညီမှုဖြစ်ပြီး: နှစ်ဖက်စလုံး:က မျှော်လင့်ထား: သည့် သဘောတူညီမှုလေး:ခုအနက် ပထမဦး:ဆုံး:လည်း: ဖြစ်သည်။ ယင်း:သို့ ပြုလုပ်ရခြင်း:မှာ ပြည်သူ.တပ်ဖွဲ.သစ်ဖြစ်သည့် အမျိုး:သား:ဒီမိုကရက်တစ်တပ်ဦး: စစ်ဘက်ရေး:ရာ အဖွဲ.က ဆင်နွှဲသော ကာလကြာရှည်ခဲ့ပြီ ဖြစ်သည့် ပြောက်ကျား:စစ်ကို အဆုံး: သတ်စေရန် ဖြစ်သည်။

ဖာဒီနန်မား:ကို.စ် ပိုင်ဆိုင်သော ဘဏ်စာရင်း:ငွေများ: နှင့် စပ်လျဉ်း၍ ဆွစ်ဇာလန်တရား:လွှတ်တော်



သမ္မတရွေး:ကောက်ပွဲအတွက်အက်စ်ထရာဒါ မဲဆွယ်စည်း:ရုံး:ရေး:ခရီး:ထွက်ခွာစဉ်

ရုံး:ချုပ်၏ ဆုံး:ဖြတ်ချက် ၎ပြီ ၆ ရက်နေ့တွင် ပေါ်ထွက်လာခဲ့သည်။ ဆွစ်ဘဏ်တွင် ထိန်း:ချုပ်ထား:သော မား:ကို.စ်ပိုင် ဘဏ်စာရင်း:မှ ငွေများ:ကို ထုတ်ယူပြီး: ဖိလစ်ပိုင်အစိုး:ရသို့ ပြန်လွှဲပြောင်း:ပေး:ရေး: ဆုံး:ဖြတ်ချက်ကို ဆောင်ရွက်ခြင်း: မပြုရန် မေတ္တာရပ်ခံတောင်း:ဆိုခဲ့ရာ တောင်း:ဆိုသူမှာ မား:ကို.စ်၏ မိသား:စုဖြစ်နေပေသည်။ ယင်း:တောင်း:ဆိုချက်ကို ဆွစ် တရား:လွှတ်တော်ချုပ်က ပယ်ချခဲ့သည်။

ဖိလစ်ပိုင် သမ္မတနိုင်ငံ



သမ္မတရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးလှုပ်ရှားနေသော ဟိုဆေးဒီမိုနက်ရှာ

အခြားတစ်ဖက်တွင် အီမဲလ်ဒါမားကို.စ်သည် သမ္မတရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မှုမှ ရုပ်သိမ်းကြောင်း မျက်ရည်လည်ရွဲဖြင့် ဇူလိုင် ၂၉ ရက်နေ့တွင် ကြေညာသွားခဲ့သည်။ အီမဲလ်ဒါမားကို.စ်မှာ သူမ၏ခင်ပွန်းပါတီဖြစ်သည့် New Society Movement ပါတီ၏ ကိုယ်စားလှယ်လောင်းဖြစ်သည်။ သွေးစွန်းသောရွေး ကောက်ပွဲ၏ အကြွင်းမဲ့ မတရားမှုမှ ဖိလစ်ပိုင်ပြည်သူများကို ကယ်တင်ရန် ပါဝင်ယှဉ်ပြိုင်မှုကို စွန့်လွှတ်လိုက်ကြောင်း အီမဲလ်ဒါမားကို.စ်က ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့် စပ်လျဉ်းပြီး နိုင်ငံရေး အသိုင်းအဝန်းများက အီမဲလ်ဒါမားကို.စ် သမ္မတရွေးကောက်ပွဲမှ ပြန်လည် ရုပ်သိမ်းသွားသည်မှာ ကန့်လန့်ကာ နောက်ကွယ်တွင် အနည်းဆုံး အခြားသမ္မတ လောင်းနှစ်ဦးနှင့် အပေးအယူ လုပ်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ အပေးအယူလုပ်ရာတွင် သူမထောင်ဒဏ်မကျခံစေရေးအတွက် ဆောင်ရွက်ပေးရန် ကတိတောင်းပြီး ကတိပေးသည်သူအား သူမကထောက်ခံမည် ဖြစ်သည်ဟု မှန်းဆကြသည်။ အကယ်၍ တရားလွှတ်တော်ချုပ်က ချမှတ်ထားသည့် အမိန့်နှင့်စပ်လျဉ်းပြီး သူမ၏ အယူခံကို ပယ်ချခဲ့သည့်တိုင် သမ္မတ၏ ခွင့်လွှတ်မှုဖြင့် သူမအားကယ်တင်နိုင်မည် ဖြစ်သည်။

မေလရောက်သည်နှင့် သမ္မတရွေးကောက်ပွဲနှိုးလာပြီဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်သူ ဖီဒယ်ရာမို့စ် ကကျင်းပမည့်ရွေးကောက်ပွဲများကို မည်သည့်နည်း နှင့်မျှ ထိခိုက်၊ ဖျက်ဆီးခံမည်မဟုတ် ကြောင်း ဇွန်လ ၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ သောင်းကျန်းသူ အဖွဲ့.အစည်းဖြစ်သည့် မိုရိုအစ္စလာမွစ် လွတ်မြောက်ရေး တပ်ဦးက ဖိလစ်ပိုင်ရွေးကောက်ပွဲသည် မသမာမှုများ၊ မဲလိမ်မှုများရှိနေသဖြင့် ရွေးကောက်ပွဲကို ဖျက်ဆီးမည်ဟု ခြိမ်းခြောက်ထားရာ သမ္မတရာမို့စ်က အထက်ပါအတိုင်း တုံ့.ပြန်ပြောဆိုလိုက်ခြင်း ဖြစ်သည်။

ဤသို့ဖြင့် ဖိလစ်ပိုင်နိုင်ငံ သမ္မတရွေးကောက်ပွဲအပါအဝင် ဒုတိယသမ္မတရွေးကောက်ပွဲ၊ မြို့တော်ဝန်ရွေးကောက်ပွဲ၊ အထက်လွှတ်တော်အမတ်ရွေးကောက်ပွဲ



၁၉၉၃ ခုနှစ်တွင် ဖိလစ်ပိုင်သမ္မတဟောင်း မားကို့စ်၏ ရုပ်အလောင်း နိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ မားကို့စ်၏ သားနှင့်အတူ ထောက်ခံသူများအား လက်ဝှေ့ယမ်းပြနေသော အက်စ်ထရာဒါကို တွေ့ရစဉ်

လူကြိုက်များနေသည့် သမ္မတလောင်း အက်စ်ထရာဒါသည် တစ်ချိန်က အက်ရှင်ရုပ်ရှင်မင်းသား တစ်ဦး ဖြစ်သည်။ ၄င်းပါဝင်သရုပ်ဆောင်သော ဇာတ်ကား များတွင် အဖိနိပ်ခံဆင်းရဲသားများဘက်မှ ပြန်လည်ခုခံ တိုက်ခိုက်သည့် ဇာတ်လမ်းများဖြစ်သဖြင့် ဆင်းရဲသား အများစုကငင်းအား နှစ်ခြိုက်သဘောကျကြသည်။

ဆန္ဒမဲများ ရေတွက်ပြီးစီးသည့်အခါတွင် ဂျိုးဇက် အက်စ်ထရာဒါက ပြိုင်ဘက်များကို ထောက်ခံမဲ အပြတ် အသတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယသမ္မတ ရွေးကောက်ပွဲတွင်မူ ဂလော်ရိယာမက်ကာ ပါဂယ်လ် အာရိုယိုက အနိုင်ရရှိသည်။ ဇွန် ၃၀ ရက်နေ့တွင် သမ္မတ ရာထူး လက်ခံသည့် ကျမ်းသစ္စာကြိမ်ဆိုပွဲပြုလုပ်ရာ အက်စ်ထရာဒါက မိမိ သမ္မတ ဖြစ်နေသည့်ကာလတွင် နိုင်ငံတော်၏ လူများစု ဖြစ်ကြသော ဆင်းရဲသားများသည် နိုင်ငံ၏ ကြွယ်ဝ ချမ်းသာမှုကို မျှဝေခံစားစေရမည်ဟု ကတိပြုလိုက်သည်။

မိမိ၏စီးပွားရေးဆိုင်ရာ မူဝါဒများနှင့် အုပ်ချုပ်နိုင်မှု စွမ်းရည်ကို သံသယဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောကြားမှုများ ရှိလင့်ကစား သမ္မတအက်စ် ထရာဒါအနေဖြင့် လုပ်ငန်းရှင်များအား စိတ်ပျက်မှုဖြစ် အောင် လုပ်လိုသည့် ဆန္ဒမရှိကြောင်း ထောက်ပြခဲ့သည်။ ဈေးကွက်ပြုပြင်ပြောင်းလဲရေးကို အားဖြည့်ရန်အတွက် အချက် ၁၀ ချက်ပါ အစီအစဉ်ကိုလည်း ကြေညာခဲ့ပြီး ဖြစ်သည်။

ဇွန်လအတွင်း ပေါ်ပေါက်ခဲ့သည့် အခြားဖြစ်ပေါ် တိုးတက်မှုတစ်ရပ်မှာ သမ္မတအက်စ်ထရာဒါက ယခင် သမ္မတဟောင်း ဖာဒီနန်မားကို့စ်၏ ရုပ်အလောင်းကို မနီလာမြို့ရှိ သူရဲကောင်း ဗိမာန်တွင် ယခင်ကွယ်လွန်ခဲ့ပြီး ဖြစ်သည့် သမ္မတဟောင်းများ၊ စစ်ပြန်များ နည်းတူ မြေမြှုပ်သင်္ဂြိဟ်ခွင့် ပြုခဲ့ရာ ယင်းဆုံးဖြတ်ချက်ကို လူထုက အမျက်ရှခဲ့သည်။ ၁၉၈၉ ခုတွင် မားကို့စ် ကွယ်လွန်ပြီး ကတည်းက ယင်း၏ ရုပ်ကြွင်းကို အအေးခန်းတွင် ထည့်ထားခဲ့ခြင်းဖြစ်ပြီး အစီအစဉ်အရ ဇူလိုင် ၁၁ ရက်နေ့ တွင် သင်္ဂြိဟ်ရန်ဖြစ်သည်။ သို့ရာတွင် သမ္မတ အက်စ်ထရာဒါ၏ ဆုံးဖြတ်ချက်ကို လူထုကအမျက်ရှပြီး နိုင်ငံရေး မငြိမ်သက်မှု ဖြစ်ကာ လမ်းများပေါ်ထွက်၍ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့ရာ အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုသော အားဖြင့် မိမိခင်ပွန်းအား သင်္ဂြိဟ်ရန် အစီအစဉ်ကို

ရပ်ဆိုင်းမည် ဖြစ်ကြောင်း ဇနီးဖြစ်သူ အီမဲလ်ဒါ့မား‌ကို စ်က ကြေညာခဲ့သည်။

ထို့ပြင် ဇွန်လအတွင်း ထူးခြား‌သည့် နောက်ထပ် ဖြစ်ရပ်တစ်ခုမှာ ဖိလစ်ပိုင်နိုင်ငံ လွတ်လပ်ရေး ရာပြည့် ပွဲတော် အထိမ်းအမှတ်‌ကို ဇွန်လ ၁၀ ရက်နေ့မှစ၍ ရက် အတန်‌ကြာ မြို့တော်မနီလာနှင့်တကွ နိုင်ငံတစ်ဝန်းလုံး တွင် ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့ခြင်း ဖြစ်သည်။

အက်စ်ထရာဒါသည် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီး‌နောက် ဇူလိုင် ၁ ရက်နေ့တွင် ဖိလစ်ပိုင်ရှိ ရာဇဝတ်ဂိုဏ်း‌များ‌ကို ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်း သွား‌မည်ဟု စစ်ကြေညာလိုက်သည်။ အထူး‌သဖြင့် မူးယစ် ဆေး‌ဝါး‌မှောင်ခိုရာဇာများ‌ကို မျိုးပြုတ်သည်အထိ ရာဖွေ နှိမ်နင်း‌သွား‌မည်ဟု ပြောကြား‌ခဲ့သည်။

ထို့ပြင် အက်စ်ထရာဒါသည် ရာဇဝတ်မှုများ တိုက်ဖျက် ရာတွင် အဓိကကျသည့် ဖိလစ်ပိုင်ရဲတပ်ဖွဲ့၏ စွမ်းရည်ထက်မြက်လာစေရေးအတွက် ရဲတပ်ဖွဲ့အတွင်း အဂတိ လိုက်စား‌မှုများ တိုက်ဖျက်ရေး‌ကိုလည်း သတိပေး လိုက်သည်။ ၄င်း‌က မိမိ၏သမ္မတရာထူး သက်တမ်း‌တွင် အဂတိလိုက်စား‌သော ရဲတပ်ဖွဲ့ဝင်များ‌ကို သက်ညှာမည် မဟုတ်ကြောင်း‌နှင့် စာရိတ္တပျက်ပြား‌နေသော ရဲတပ်ဖွဲ့ဝင်များ‌အနေဖြင့် ပြုပြင်ပြောင်း‌လဲခြင်း မရှိလျှင်၊ မရိုး‌မဖြောင့်သော လုပ်ရပ်များ ရပ်တန့်‌ကမရပ်လျှင် ထောင်နန်း‌စံဖို့သာ ပြင်ထား‌ကြရန် ပြင်း‌ထန်စွာ သတိပေး ခဲ့သည်။

အက်စ်ထရာဒါ မတိုင်မီ ယခင်ဖိလစ်ပိုင်သမ္မတများ လက်ထက်က အဂတိတရား‌ကင်း‌ရှင်း‌သော ရဲတပ်ဖွဲ့ဖြစ်ရေး ဆောင်ရွက်သွား‌မည်ဟု ကတိကဝတ် ပြုခဲ့ကြလင့်‌ကစား ဖိလစ်ပိုင်ရဲအရာရှိများ‌သည် အဂတိလိုက်စား‌မြဲပင် ရှိကြပြီး ရာဇဝတ်မှုများ ကျူး‌လွန်ရာတွင် ပါဝင်ပတ်သက် ခဲ့မှု ရှိခဲ့ကြသည်ဟု ဆိုသည်။

ဗီယက်နမ်နိုင်ငံ။ ။ဗီယက်နမ် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ စတုတ္ထအကြိမ်မြောက် မျက်နှာစုံညီ အစည်း‌အဝေး‌ကို ဟနွိုင်း‌မြို့တွင် ၁၉၉၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့‌ကစတင်ကျင်း‌ပရာ ပါတီအထွေထွေ အတွင်း‌ရေး‌မှူး ဒိုမွိုင်း‌က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အရေး‌ကြီး‌သော မိန့်ခွန်း‌ပြောကြား‌ခဲ့သည်။ ပါတီ၏ နိုင်ငံရေး‌ဗျူရိုအဖွဲ့၊ ကိုယ်စား‌ ပေါလစ်ဗျူရိုအဖွဲ့ဝင်နှင့် အစိုး‌ရအဖွဲ့ ဝန်ကြီး‌ချုပ်ဖြစ်သူ ဖန်ဗန်ခေး‌က အစည်း‌အဝေး‌ဆိုင်ရာ လမ်း‌ညွှန်သဘောထား‌နှင့် အဓိကဆွေး‌နွေး‌မည့် အကြောင်း‌အရာများ‌ကို တင်ပြသည်။ အစည်း‌အဝေး‌တွင် စက်မှုလုပ်ငန်း‌ တိုး‌တက်စေရန်နှင့် နိုင်ငံခြားမိစေရန် စီး‌ပွား‌ရေး‌ကိစ္စများ‌ကို အဓိကထား ဆွေး‌နွေး‌ကြ၍ လာမည့်နှစ်များ‌အတွက် ရှစ်ကြိမ်မြောက် ပါတီကွန်ဂရက်က ချမှတ်ခဲ့သော ခိုင်မာသည့် စီး‌ပွား‌ရေး‌နှင့် လူမှုရေး ရည်မှန်း‌ချက်များ‌ကို ဆွေး‌နွေး‌ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံတွင် တံခိုး‌အာဏာအထက်ဆုံး နိုင်ငံရေး ရာထူး‌ဖြစ်သော ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ အကြီး‌အကဲနေရာတွင် ဒုတိယဗိုလ်ချုပ်‌ကြီး‌လီခါမူး (၆၆) နှစ်‌ကို ခန့်အပ်တာဝန်ပေး‌လိုက်‌ကြောင်း အစိုး‌ရအသံလွှင့် ဌာန‌က ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ထုတ်ပြန်‌ကြေညာ ခဲ့သည်။ လီခါမူး‌ကို ခန့်အပ်ခြင်း‌မှာ အနာ‌းယူသွား‌သော ဒိုမွိုင်း (၈၀) နှစ်နေရာတွင် အစား‌ထိုး တာဝန်ပေး‌ခန့် ထား‌ခြင်း‌ဖြစ်သည်။ မူး‌ကို ပါတီအတွင်း‌ရေး‌မှူး‌ချုပ်အဖြစ် တာဝန်ပေး‌ခန့်ထား‌လိုက်ခြင်း‌ဖြင့် စောစောပိုင်း‌က ကျင်း‌ပခဲ့သော အမျိုး‌သား ရွေး‌ကောက်ပွဲများ‌အပြီး‌တွင် ခေါင်း‌ဆောင်သုံး‌ဦး‌အဖွဲ့သည် ပြီး‌ပြည့်စုံသွား‌ပြီဟု ဆိုသည်။ ကျင်း‌ပပြီး‌ခဲ့သော အမျိုး‌သား ရွေး‌ကောက်ပွဲက ဝန်ကြီး‌ချုပ် ဗိုဗန်ကိယက်နှင့် သမ္မတ လီဒတ်အန်တို့၏ နေရာများ‌ကို စက်တင်ဘာလ၌ အစား‌ထိုး ခေခဲ့သည်။ ခေါင်း‌ဆောင် ဟောင်း သုံး‌ဦး‌တို့သည် ဗဟိုကော်မတီတွင် ဝါရင့် အကြံပေး‌ပုဂ္ဂိုလ်များ‌အဖြစ် ဆောင်ရွက်ကြ မည်ဖြစ်သည်။ ပေါလစ်ဗျူရိုအဖွဲ့၌ အသစ်ခန့် ထား‌သူလေး‌ဦး‌မှာ ဖန်သန် ငန်း၊ ငုယင်မင်ထရိယက်၊ ဖန်ဒင် နှင့် ငုယင်ဖူထရောင်တို့ ဖြစ်ကြသည်။ အသစ် ခန့်ထား‌သူ များ‌စာရင်း‌ကို ဗဟို ကော်မတီ၏ တစ်ပတ်ကြာ အစည်း‌အဝေး‌အပြီး‌၌ ထုတ်ပြန်‌ကြေညာခြင်း ဖြစ်သည်။

၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့‌က ပြီး‌ဆုံး‌သွား‌သော ပါတီဗဟိုကော်မတီ အစည်း‌အဝေး‌တွင် ဒုတိယ ဗိုလ်ချုပ်‌ကြီး လီခါမူး‌က ကြီး‌နိစနစ်၊ လာဘ်ပေး‌လာဘ်ယူ

မှုများနှင့် လေလွင့်မှုများကို ရှုတ်ချပြောကြားသည်။ ကြိုးနိုစနစ်နှင့် လာဘ်ပေးလာဘ်ယူမှုများသည် နိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုကို အဝိုက ခြိမ်းခြောက်မှုများ ဖြစ်သည်။ ထိုအရာများသည် လူမှုရေး မကောင်းကျိုးများကို ပေါ်ပေါက်စေပြီး ပါတီတွင်းနှင့် အစိုးရအဖွဲ့အတွင်း၌ အများပြည်သူ ယုံကြည်မှုကို ပျက်ပြယ်စေသည်။ ရုံးသစ်များ မဆောက်မီသို့မဟုတ် ကားသစ်များ မဝယ်မီ ထပ်မံဆင်ခြင် သုံးသပ်ရန်လိုသည်။ ချွေတာစုဆောင်းထားသော ငွေကြေးကို အမျိုးသားရင်းနှီး မြှုပ်နှံမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုအတွက် အသုံးပြုနိုင်သည် စသဖြင့် အတွင်းရေးမှူးချုပ် လီခါဖူးက ပြောကြားခဲ့သည်။

ဗိယက်နမ်နိုင်ငံသည် ဆိုရှယ်လစ်စနစ်ကို စွဲမြဲပြီး မွမ်းမံသွားရန် ဆုံးဖြတ်ထားကြောင်း ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးသစ် လီခါဖူးက သန္နိဋ္ဌာန်ချထားသည်ဟု ဆင်ဟွာသတင်းဌာနက ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီ လ ၇ ရက်နေ့၌ ရေးသားဖော်ပြသည်။ ဆိုရှယ်လစ်စနစ်သည်အဆက်မပြတ်အသစ်ပြုပြင် ပြောင်းလဲရန် လိုအပ်သော လူအဖွဲ့အစည်း၏ ရန်းကန်ကြိုးပမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်မှ ပေါက်ဖွားလာခြင်းဖြစ်သည်ဟု ညာဇ သတင်းစာနှင့် တွဲ့ဆိုရာတွင် လီခါဖူးက ပြောကြားခဲ့သည်။ နိုင်ငံတိုင်းသည် ချမ်းသာကြွယ်ဝပြီး အင်အား တောင့်တင်းလာရန် လိုလားကြသည်ဖြစ်ရာ အောင်မြင်မှုရမည့် နည်းလမ်းများကိုရှာရန် လေ့လာဆည်းပူးကြပါသည်။ ဗိယက်နမ်နိုင်ငံက ထိုအတိုင်း ဆောင်ရွက်ပါသည်။ ရှစ်ကြိမ် မြောက် ပါတီကွန်ဂရက်၏ ဆုံးဖြတ်ချက်တွင် ပါဝင်သော လူမှုစီးပွားရေး အစီအစဉ်(၁၁)ချက်အထမြောက်အောင်မြင်စေရန် မိမိတို့က ပြင်ဆင်မွမ်းမံခြင်းကို ဆက်လက် ဖော်ဆောင်သွားမည်ဖြစ်သည်။ လွတ်လပ်သော နိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးပြီး အချုပ်အခြာ အာဏာပိုင်မှု၊ ငြိမ်းချမ်းမှု၊ ချစ်ကြည်ရင်းနှီး မှုနှင့် နိုင်ငံများ အားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို လေးစားမည်။ စီးပွားရေးဖွံ့ဖြိုးမှုသည် အဓိကလုပ်ငန်းတာဝန်ဖြစ်ပြီး ပါတီ တည်ဆောက်ရေးမှာ သော့ချက်ဖြစ်ကာ နိုင်ငံရေးတည်ငြိမ်မှုကို တည်တံ့စေခြင်းတို့သည် အခြေခံဖြစ်သည်စသဖြင့် လီခါဖူးက ပြောကြားခဲ့သည်။

လာဘ်စားမှုနှင့် အလဟဿဖြုန်းတီးမှု တိုက်ဖျက်ရေး၊ အစိုးရဝန်ထမ်းများရပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့် များ ပြဋ္ဌာန်းပေးရေးအပြင် ဒီဂရီကို ဗိယက်နမ်အမျိုးသားလွတ်တော်က ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သဘောတူအတည်ပြုခဲ့သည်။ အစိုးရအမိန့် ဒီဂရီများသည် ဗိယက်နမ် နိုင်ငံအတွင်း လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးတကြီး လိုအပ်ချက်နှင့် အံဝင်ခွင်ကျရှိပြီး၊ နိုင်ငံတော်အား သန့်စင်လာစေရန် ဖေးမကူညီရာ ရောက်ကြောင်း ဗိယက်နမ် အမျိုးသားလွတ်တော် တရားဝင် ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ဗိယက်နမ်နိုင်ငံ၏ အာဏာရကွန်မြူနစ်ပါတီသည် အဝိုကနိုင်ငံရေးပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် တောင်းဆိုချက်များကို မတ်လ ၁၀ ရက်နေ့က ပြောင်ပြောင်တင်းတင်း ငြင်းဆိုကာ ဗိယက်နမ်နိုင်ငံ၏ ထိပ်တန်းခေါင်းဆောင် များအတွက် လုံခြုံရေး တင်းဘင်းကျပ်ကျပ်ပြုလုပ်သွားရန် ညွှန်ကြားလိုက်သည်။ ဗိယက်နမ်ကွန်မြူနစ်ပါတီအာဘော် ညာဇသတင်းစာက ထိပ်တန်းပြုပြင်ပြောင်းလဲလိုသူများ၏ ပြင်းပြင်းထန်ထန် ဝေဖန်ထားသော ကြေညာချက်ကို ပထမဆုံး တုံ့ပြန်သည့် အနေဖြင့် ပြုပြင်ပြောင်းလဲလိုသူများ၏ တောင်းဆိုချက်ကို ပြတ်ပြတ်သားသား ဖယ်ရှားပြီး တောင်းဆိုသူများအား သစ္စာဖောက်များဟု စွပ်စွဲထားသော ပါတီဝင်နှင့် ပြည်သူများထံမှ ပေးစာများကို ဖော်ပြထားသည်။

ဗိယက်နမ်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်လာစေရန် တံခါးဖွင့်ဝါဒကျင့်သုံးမှုကို စွန့်လွှတ်မည်မဟုတ်သည့် အပြင် ပြည်တွင်းသယံဇာတများအသုံးပြုရေးကို အာရုံစိုက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး လီခါဖူးက ညာဇသတင်းထောက်အား ပြောကြားခဲ့သည်။ မည်သည့် နေရာဌာနဌ်မဆို ပြည်သူများကိုယ်တိုင် တံခါးပိတ်မထား နိုင်ကြောင်း တံခါးပိတ်ထားပါက နှောင်တစ်ချိန်တွင် အလိုအလျောက် တံခါးပွင့်လာမည်ဖြစ်ကြောင်း ဗိယက်နမ် အဖို့လည်း အလားတူပင်ဖြစ်ကြောင်း ယင်းအခြေအနေမျိုးတွင် တံခါးပိတ်ဝါဒကျင့်သုံးပြီး ခေတ်မီတိုးတက်စေရန်နှင့် စက်မှုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက အလွဲလွဲအချော်ချော် ဖြစ်မည်မှာ သေချာကြောင်း လီခါဖူးက ပြောကြားခဲ့သည်။

ဗိယက်နမ်နိုင်ငံသည် ပြည်ပအရင်းရှင်ဝါဒီများထံမှ ပညာယူလိုသော်လည်း ကွန်မြူနစ်ဝါဒကို ဆက်လက်ကျင့်သုံးမည်ဖြစ်ပြီး အရင်းရှင်ဝါဒကို လက်ခံမည်မဟုတ်

ကြောင်း ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး လီခါဖူးက မေလ ၅ ရက်နေ့တွင် ပြောကြားခဲ့သည်။ ဗီယက်နမ်နိုင်ငံမှာ နိုင်ငံရေးစံနစ် ပြောင်းလဲမည်မဟုတ်ပါ။ မိမိတို့၏ နိုင်ငံရေးစနစ်မှာ ပြည်သူတို့အတွက် သင့်လျော်သော နိုင်ငံရေးစနစ် ဖြစ်သည်။ ဗီယက်နမ်နိုင်ငံရေးစနစ်ကို အရင်းရှင်စနစ် ဖြင့် အစားထိုးမည်မဟုတ်။ အရင်းရှင် စနစ်ကို လက်မခံကြောင်း ပြောကြားခြင်းဖြင့် အရင်းရှင် စနစ်ကို မလေ့လာလိုဟု မဆိုလိုပါ။ အရင်းရှင်နိုင်ငံများနှင့် ဆက်ဆံမည်မဟုတ်ဟုလည်း မဆိုလိုပါ။ အရင်းရှင်စနစ် ၏ အကျိုးကျေးဇူးမှာ ငွေရအောင်ဖန်တီးနိုင်ခြင်းပင်ဖြစ် သည် စသဖြင့် လီခါဖူးက ပြောကြားခဲ့သည်။

အာဏာရကွန်မြူနစ်ပါတီမှ ထိပ်တန်းပုဂ္ဂိုလ်ကြီးများ အတွင်း ဘာသာရေးအယူသည်းမှုရှိကြောင်း သို့ရာတွင် ဘာသာရေးဆိုင်ရာ စည်းကမ်းချုပ်ကိုင်မှုအချို့ကို ပြုလုပ် သွားရန် လိုအပ်လာကြောင်း ပါတီအထွေထွေ အတွင်း ရေးမှူးလီခါဖူးက ပြောသည်ဟု ဇွန်လ ၂၄ ရက်နေ့ထုတ် သတင်းစာများ၌ ဖော်ပြသည်။ ဘာသာ ရေးတွင် အစွဲ

ဟန္ဓိုင်းမြို့ရှိကဇာတ်ရုံတစ်ခုကိုပြင်ဆင်မွမ်းမံနေပုံ



အလမ်းများ အယူသည်းမှုများရှိနေခြင်းကို ကျော်လွှားနိုင်ရေးအတွက် မိုယက်နမ်ကွန်မြူနစ်ပါတီဝင်များအား ပညာပေးရန် ပါတီကကြိုးပမ်းခဲ့သော်လည်း ပါတီကေဒါအချို့၏ လုပ်နည်းလုပ်ဟန် လွဲမှားနေကြောင်း၊ အထွေထွေအတွင်းရေးမှူးက သတိပေးစကားပြောကြားသည်။ အမျိုးသားဘာသာရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ဟန်ဖိုင်းမြို့တွင် ဇွန်လ ၂၃ ရက်နေ့က ပြုလုပ်သော ပါတီညီလာခံတွင် လီခါဖူးက မိန့်ခွန်းပြောကြားခဲ့သည်။

အောက်တိုဘာလ ၁၇ ရက်နေ့က စတင်ကျင်းပသော ခြောက်ကြိမ်မြောက် ကွန်မြူနစ်ပါတီ မျက်နှာစုံညီအစည်းအဝေးတွင် နိဂုံးချုပ်မိန့်ခွန်း ပြောကြားရာ၌ အထွေထွေအတွင်းရေးမှူးလီခါဖူးက ၁၉၉၈ ခုနှစ်အတွက် လူမှုစီးပွားရေးလျာထားချက်များ အကောင်အထည်ဖော်ရေးကို သုံးသပ်ပြောကြားခဲ့သည်။ အဝိုကကျသော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များနှင့် အခြေအနေနှင့် ကိုက်ညီအောင် လုပ်ဆောင်ထားချက်များကို အဝိုဟွယ်ဖွင့်ဆိုသည်။ ၁၉၉၉ ခုနှစ်အတွက် လျာထားချက်များ ဖြစ်မြောက်ရရှိရေး၊ ဆုံးဖြတ်ချက်များကိုလည်း ကြံဆခဲ့ကြသည်။ အရှေ့တောင်အာရှတွင် လက်ရှိငွေကြေးကမောက်ကမဖြစ်မှု ၊ သဘာဝဘေးအန္တရာယ်ကျမှုတို့ကြောင့် ဆိုးရွားသော အခက်အခဲနှင့် စိန်ခေါ်မှုများရှိစေကာမူ အောင်မြင်မှု ရရှိရန်မိုယက်နမ်နိုင်ငံကအပြင်းအထန်ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ဟု လီခါဖူးကပြောကြားသည်။

စီးပွားရေး – မိုယက်နမ်နိုင်ငံသည် ၁၉၉၇ ခုနှစ်၏ ပထမ ၁၁ လအတွင်း အမေရိကန်ဒေါ်လာ သန်းလေးထောင်နီးပါးရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစိမ်ကိန်း ၂၇၉ ခုကို လုပ်ငန်း ဆောင်ရွက်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့သည်။ စက်မှု လုပ်ငန်းများတွင် ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံ၊ ရေနံနှင့် ဓာတ်ငွေ့တွင် ဒေါ်လာ ၁၀၇ သန်း၊ သယ်ယူပို့ဆောင်ရေး နှင့် ဆက်သွယ်ရေးတွင် ဒေါ်လာ ၇၆၂ သန်း၊ မိသုကာ ပညာတွင်ဒေါ်လာ ၃၆၆ ဒသမ ၃ သန်း၊ လယ်ယာ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းတွင် ဒေါ်လာ ၆၇ ဒသမ ၂ သန်း ရင်းနှီးမြှုပ်နှံထားသည်။ နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုကို ဆွဲဆောင်ရာတွင် ဟိုချီမင်းစီးတီးက ဒေါ်လာ ၇၈၈ သန်းဖိုးရှိသော စီမံကိန်း ၄၃ ခုဖြင့် ထိပ်ဆုံးမှရှိနေပြီး ဟန်ဖိုင်းက ဒေါ်လာ ၇၂၆ သန်းဖိုးရှိသော စီမံကိန်း ၃၂ ခုဖြင့် ဒုတိယနေရာ၌ရှိသည်။ မိုယက်နမ်နိုင်ငံတွင် တောင်ကို ရိုးယားက ဒေါ်လာ ၆၅၄ ဒသမ ၃ သန်း၊ ဂျပန်က ဒေါ်လာ ၅၄၅ ဒသမ ၅ သန်း၊ ပြင်သစ်က ဒေါ်လာ ၅၃၅ သန်း ရင်းနှီးမြှုပ်နှံထားကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၈-စာ၊ ၂၄၈-ရှ)

အရှေ့တောင်အာရှနှင့် အရှေ့အာရှတွင် ရှိကခတ်နေသော ဒေသတွင်း ဘဏ္ဍာရေးအကျပ်အတည်း မှာယခုအခါ မိုယက်နမ်နိုင်ငံအတွက် စိုးရိမ်ပူပန်နေရသော အခြေအနေမျိုးဖြစ်လာပြီဟု ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် မိုယက်နမ်နယူးစ်-သတင်းစဉ် ရေးသား ဖော်ပြခဲ့သည်။ ငွေကြေးအကျပ်အတည်းဆိုးကျိုးသည် ၁၉၉၈ ခုနှစ်တွင် ပိုဆိုးလာမည်။ ယင်းဆိုးကျိုးမှာ ၂၁ ရာစု နှစ်အထိ ဆက်လက်ဖြစ်နေမည်။ မိုယက်နမ်တွင် ကြွေတွေ့ရမည့် အားနည်းချက်များတွင် ဖွံ့ဖြိုးတိုးတက်မှုမညီမျှမှု၊ နည်းစနစ် မကျသော ရင်းနှီးမြှုပ်နှံမှု ပုံသဏ္ဌာန်အထူးသဖြင့် နိုင်ငံခြားငွေလုံးငွေရင်းအပေါ် မှီခိုအားထားနေရမှု၊ နိုင်ငံခြားကြွေးမြီတက်နှုန်းမြင့်မားမှုနှင့် ဘဏ္ဍာရေးစံနစ်နှင့် ဘဏ်စနစ်မမှန်ကန်မှုတို့ပါဝင်သည်။ အမေရိကန်ဒေါ်လာ မော်ငခိုဈေးမြင့်မားလာခြင်းကြောင့် ငွေလဲလှယ်နှုန်းမှာ ကူးသန်းရောင်းဝယ်ရေးဘဏ်များကပေးသောနှုန်းနှင့် အပြင်ပေါက်ဈေးအကြိုးအကျယ်ကွာခြားသွားရသည် စသည်ဖြင့် သတင်းစဉ်၌ ရေးသားဖော်ပြထားသည်။

မိုယက်နမ်နိုင်ငံသည် လွန်ခဲ့သော ဆယ်နှစ်မှစ၍ သမိုင်းဝင်စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီးနောက်ပိုင်းတွင် အဆိုးရွားဆုံး စီးပွားရေးကျဆင်းမှုကိုကြွေတွေ့နေရပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။ သဘာဝဘေးအန္တရာယ်ကြီးများနှင့် အာရှဒေသအတွင်း စီးပွားရေးအကျပ်အတည်းများသည် မိုယက်နမ်နိုင်ငံ၏ စီးပွားရေးကို ပြင်းပြင်းထန်ထန်ရိုက်ခတ်လျက်ရှိသည်။ ကျေးလက်ဒေသနေ ပြည်သူတို့ မကျေမနပ်ဖြစ်မှု ပို၍ပို၍ ကြီးထွားလာခြင်းကြောင့် မမျှော်လင့်သော အခက်အခဲများ ဖြစ်ပွားလာဖွယ်ရှိသည် စသဖြင့် ဒေသန္တရအုပ်ချုပ်ရေး အရာရှိများညီလာခံတွင် ဝန်ကြီးချုပ်ကပြောကြားသည်။ လွန်ခဲ့သောတစ်နှစ် ခန့်မှစ၍ ဝန်ကြီးချုပ် တာဝန်ကို ထမ်းဆောင်စဉ်တွင် ဖန်ဗန်ခိုင်က အပွင့်လင်းဆုံး သုံးသပ်ပြောကြားခြင်း ဖြစ်သည်။ မိုယက်နမ်နိုင်ငံ၏ စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှုကို

ကျော်လွန်အောင် ထိထိ ရောက် ရောက် မဆောင်ရွက်နိုင်ခဲ့ပါ။ ယခုအခါ ဗီယက်နမ် နိုင်ငံ၏ စီးပွားရေးကျဆင်းမှုသည် လူမှုနိုင်ငံရေးတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆုတ်ယုတ်စေသော အကြောင်းတစ်ရပ် ဖြစ်သည်။

ဗီယက်နမ်နိုင်ငံ အားစီးပွားရေးပြန်လည် ကောင်းမွန်သော လမ်းကြောင်းပေါ် ပြန်ရောက်အောင် မိမိတို့ကိုယ်ပိုင် နည်းလမ်းဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ရန် ခိုင်မာသော စီးပွားရေး အစီအစဉ်များကို ပိုမိုလွတ်လပ်မှု ရှိသော စီးပွားရေးစနစ်နှင့် ရိုးသားဖြောင့်မတ်သော ဒေသန္တရအစိုးရတို့နှင့်အတူ စုပေါင်းဆောင်ရွက်သွားရန် မလွဲမသွေလိုအပ်နေပြီ စသဖြင့် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်က ဆက်လက်ပြောကြားခဲ့သည်။

နိုင်ငံတကာဆက်ဆံရေး – အထူးသဖြင့် အကျိုးအမြတ်ရှိသော စွမ်းအင်ကဏ္ဍတွင် ပိုမိုရင်းနှီးသော စီးပွားရေးဆက်ဆံမှု များကို ပြန်လည်ထူထောင်သွားကြရန် ဆိုဗီယက်ခေတ်က အလွန်ရင်းနှီးခဲ့ကြသော ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့က ဩဂုတ်လ ၂၅ ရက်နေ့တွင် သန္နိဋ္ဌာန် ချလိုက်ကြသည်။ စောစောပိုင်းကာလများက ရရှိခဲ့သော မိမိတို့နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုကောင်းမွန်အောင် ပြန်လည်ကြိုးပမ်းကြရမည်။ ရေနံတတ်ငွေ့ကဏ္ဍကိုလည်း အလေးအနက်ထား အာရုံစူးစိုက်လုပ်ကိုင်ဆောင်ရွက် သွားကြရမည်ဟု ရုရှားသမ္မတ ဘောရစ်ယဲလ်ဆင်က ကရင်မလင်နန်းတော်၌ ဧည့်သည်တော် ဗီယက်နမ်သမ္မတ ထရန်ဒက်လွန်နှင့် ဆွေးနွေးစဉ် ပြောကြားခဲ့သည်။ ရုရှား သမ္မတနှင့် ဗီယက်နမ်သမ္မတတို့လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသော စာချုပ်စာတမ်းများအနက် ဗီယက်နမ်နိုင်ငံ၌ အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် တန်ဖိုးရှိပြီး တစ်နှစ်လျှင် ရေနံတန်ချိန် ၆ ဒသမ ၅ သန်း ထုတ်လုပ်နိုင်သော ရေနံချက်စက်ရုံတစ်ရုံ တည်ဆောက်မည့် သဘောတူညီချက်လည်း ပါဝင်သည်။ ရုရှားသမ္မတနှင့် ဗီယက်နမ်သမ္မတတို့သည် စစ်ရေး၊ စစ်ရာနှင့် ရာဇဝတ် မှုနှိမ်နင်းရေးကိစ္စများတွင် ပိုမိုပူးပေါင်း ဆောင်ရွက် သွားရန်လည်း သြဂုတ်လ ၂၅ ရက်နေ့တွင် သဘောတူခဲ့ကြသည်။ မိုးလေဝသ၊ ဓာတုဗေဒ၊ စားနပ်ရိက္ခာနှင့် မော်တော်ကားထုတ်လုပ်ရေးကဏ္ဍများတွင် စီမံကိန်းများ ချမှတ် ဆောင်ရွက်သွားဖို့လည်း မျှော်လင့်ထားကြောင်း သမ္မတကြီးနှစ်ဦးတို့က ပြောကြားကြသည်။



ယူနီဆက် ဝန်ထမ်းတစ်ဦးက ဗီယက်နမ်အမျိုးသမီး မိခင်တစ်ဦးအား ကလေးငယ်အာဟာရတိုက်ကျွေးပုံကို လက်တွေ့သင်ကြားပြသနေပုံ

ကျန်းမာရေး – ဗိယက်နမ်လူမျိုး ၈၅၀၀ ခန့်တွင် ခုခံအားကျဆင်းမှု ရောဂါဖြစ်စေသော အိတ်ချ်အိုင်ဗွီပိုး ကူးစက်ထားသည်ကို တွေ့ရှိရသည်ဟု ဗိယက်နမ် သတင်းဌာနက မေလ ၂၃ ရက်နေ့တွင် ရေးသားဖော်ပြသည်။ အမှန်တကယ် အိတ်ချ်အိုင်ဗွီကူးစက်ထားသူ အရေအတွက်မှာ စုံစမ်းဖော်ထုတ်သိရှိထားသည်ထက် ခြောက်ဆမှဆယ်ဆအထိ မြင့်မားသည်ဟု ဆိုသည်။ ရောဂါကူးစက်ထားသူ ၉၀ ရာခိုင်နှုန်းမှာ အသက် ၃၀ နှစ်အောက်ရှိသူများဖြစ်၍ အရွယ်ရောက်သူ အရေအတွက်က ငါးရာခိုင်နှုန်းရှိသည်။ ပြန်ကျလက်လုပ်လက်စားအလုပ်သမားများ၊ အလုပ်လက်မဲ့များ၊ လေလွင့်ကလေးငယ်များ၊ ပြည့်တန်ဆာများနှင့် မူးယစ်ဆေးသုံးစွဲသူများသည် အေအိုင်ဒီအက်စ်ကူးစက်အုပ်စုစာရင်းဝင်များဖြစ်သည်။ အေအိုင်ဒီအက်စ်ရောဂါကို သတိမူစေရန် ဗိုင်းရပ်စ်ပိုးနှင့်ပတ်သက်သော သတင်းထုတ်ပြန်ပေးရန်မှာ အလွန်အခက်အခဲရှိသည်။ ယင်းရောဂါပိုးကူးစက်မှု တိုက်ဖျက်ရေးကို ကုလသမဂ္ဂ ပူးတွဲအစီအစဉ်ဖြင့် ဆောင်ရွက်မည်ဖြစ်သည်။ ယင်းလုံ့ဆော်ရေး အစီအစဉ်မှာ ငယ်ရွယ်သူများကို ပိုမိုဆွဲဆောင်နိုင်မည်ဟု မျှော်လင့်ထားသည်။ယင်းရောဂါ တိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် လူငယ်ပိုင်းက ပိုမိုအထောက်အကူပေးလာမည်ဟု မျှော်လင့် ရသည်စသဖြင့် သတင်းဌာနက ရေးသားဖော်ပြထားသည်။

နိုင်ငံလုံးဆိုင်ရာ ဆေးလိပ်မသောက်ရေးသီတင်းပတ်ကို ဗိယက်နမ်နိုင်ငံတွင် မေလ ၂၅ ရက်နေ့က စတင်လိုက်သည်။ ဗိယက်နမ်နိုင်ငံတွင် အသက် ၂၀ အောက် လူငယ်လူရွယ်များအနက် ထက်ဝက်မှာဆေးလိပ် သောက်ကြောင်း၊ အသက် ၄၀ မှ ၄၅ နှစ်အတွင်းရှိသူများ ၉၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်ကြောင်း စာရင်းဇယားများအရသိရှိရသည်။ ဗိယက်နမ်တွင် နှစ်စဉ် အဆုတ်ရောင်ရောဂါဖြစ်ပွားသူ ၉၈၀၀၀ ရှိ၍ အဆုတ်ပြွန်ရောင်ဝေဒနာရှင် ၉၉၀၀၀ ရှိကြောင်း သိရှိရသည်။ ထိုရောဂါနှစ်မျိုးသည် ဗိယက်နမ်တွင် လူသေမှုဖြစ်ပေါ်စေရာ၌ ဒုတိယနှင့် တတိယအဆင့် နေရာယူထားသော ရောဂါများဖြစ်သည်။ အဆုတ်ကြောင့် ချောင်းဆိုးသွေးပါ ဖြစ်သော ရောဂါသည်ပေါင်းနှစ်စဉ် ၃၀၀၀၀ ရှိသည်။ ဗိယက်နမ်တွင် ၁၉၉၆ ခုနှစ်၌ စီးကရက်စက်ရုံပေါင်း ၂၁ ရုံက စီးကရက် ဗူးပေါင်း ၁၉၇၀ သန်းထုတ်လုပ်ခဲ့ရာ လူတစ်ဦးလျှင် စီးကရက် ၅၁၈ လိပ်နှုန်းဖြစ်သည်။

သဘာဝဘေးအန္တရာယ် – ယခုနှစ် ပထမသုံးလအတွင်း ပြည်နယ် ၁၉ ခုတွင် တောမီးလောင်ကျွမ်းမှု အကြိမ် ၄၉၀ ရှိခဲ့ကြောင်း ယင်းတောမီးကြောင့် သစ်တော ၇၄၉၈ ဟက်တာကျော ပျက်စီးသွားကြောင်း ဗိယက်နမ်သတင်းဌာနက မတ်လ ၃၀ ရက်နေ့တွင် ဖော်ပြသည်။ ယင်းမီးလောင်မှုမှာ ယခင်နှစ် သုံးလပိုင်းကထက် သိသိသာသာများပြား နေသည်။ ယခင်နှစ်ပထမသုံးလပိုင်းက တောမီး ၂၉၅ ကြိမ်မျှသာ လောင်ကျွမ်းခဲ့ပြီး သစ်တော ၁၄၂၄ ဟက်တာသာ ပျက်စီးခဲ့သည်။ ဗိယက်နမ်နိုင်ငံတွင် ကာလရှည်ကြာစွာ မိုးခေါင်နေခြင်း၊ မြောက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် တောင်ယာခုတ်ထွင်ရှင်းလင်းခြင်းနှင့် တောင်ပိုင်းဒေသတွင် တားမြစ်နယ်မြေများ၌ မီးနှင့် အလုပ်လုပ်ခြင်းတို့သည် တောမီးလောင်ကျွမ်းရခြင်း၏ အဓိကအကြောင်းရင်းများ ဖြစ်သည်။ သစ်တော အနီးရှိရေလှောင်ကန်များတွင် ရေခန်းခြောက်နေခြင်းသည်လည်း တောမီးလောင်ကျွမ်းမှု ပြဿနာကို ပိုမိုဆိုးရွားစေသည်။ တောမီးလောင်ကျွမ်းမှု လျော့နည်းရေးအတွက် အရေးပေါ်အစီအစဉ်များချမှတ် ဆောင်ရွက်ရန် ပြည်နယ်အားလုံးနှင့် မြို့ကြီးများအားလုံးကို အစိုးရက အမိန့်ထုတ်ထားသည်။

ဗိယက်နမ်နိုင်ငံ တောင်ပိုင်းဒေသများတွင် အပူရှိန် ၄၀ ဒသမ ၆ စင်တီဂရိတ်ရှိ၍ နှစ်ပေါင်း ၈၀ အတွင်း အမြင့်ဆုံး အပူရှိန်ဖြစ်ကြောင်း ဧပြီလ ၂ ရက်နေ့ထုတ် သတင်းစများ တွင် ရေးသားဖော်ပြကြသည်။ ရာသီဥတုပူပြင်းမှုကြောင့် မိုးခေါင်ရေရှားဖြစ်ပြီး လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများကို ထိခိုက်ခဲ့သည်။ ကာလကြာရှည်စွာ ရာသီဥတုပူပြင်း ခြောက်သွေ့ရခြင်းမှာ အယ်လ်နီညို ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ရသည်ဟု မိုးလေဝသဌာနက ပြောကြား သည်။

ယင်းသို့ရှိနေခဲ့ရာမှ ဗိယက်နမ်နိုင်ငံ အလယ်ပိုင်းတွင် အောက်တိုဘာလ လလယ်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ လူ ၁၄ ဦး သေဆုံးပြီး ရထားလမ်း၊ ကားလမ်းနှင့် လေကြောင်းလိုင်းများ ပြတ်တောက်သွားကြောင်း ဒေသဆိုင်ရာ အရာရှိများနှင့် ဒေသခံများက အောက်တိုဘာလ ၂၃ ရက်

နေ့တွင် ပြောကြားကြသည်။ မိုးရွာသွန်းမှုကြောင့် မိုးခေါင်းရေရှား ဖြစ်နေသော ဒေသများ၌ အခြေအနေ ကောင်းလာသည်။ ယင်းပြည်နယ်များတွင် အဓိက ကောက်ပဲသီးနံစိုက်ပျိုးခြင်း မရှိကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်းမှာ အခြားအာရှဒေသများတွင် တိုက်ခတ်သော မုန်တိုင်းများနှင့်ဆက်စပ်မှု မရှိကြောင်း အရာရှိများက ပြောကြားသည်။ တောင်နှင့်မြောက် အဓိက အဝေးပြေးလမ်းမကြီးနှင့် ရထားလမ်း တစ်လမ်းတို့မှာ ရေလွှမ်းမိုးခံခဲ့ရပြီး အဆက်အသွယ်များ ပြတ်တောက်သွားခဲ့သည်။ လေယာဉ်ခရီးစဉ်လိုင်းများ ဖျက်သိမ်းခဲ့ရပြီး ရေလွှမ်းမိုးမှုကြောင့် နေအိမ် ဒါဇင်ပေါင်းများစွာ ပျက်စီးကာ လူခြောက်ဦးသေဆုံးပြီး တစ်ဦး ပျောက်ဆုံးနေကြောင်း ကန်ဟွန်ပြည်နယ်မှ အရာရှိတစ်ဦးက ပြောကြားသည်။

ဗုဒ္ဓသာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆောင်ရွက်ချက်များ (၁၉၉၈) ။

။ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဗုဒ္ဓ သာသနာတော်မြတ်ကြီး သန့်ရှင်းရေး၊ တည်တံ့ရေး၊ ထွန်းကားပြန့်ပွားရေးဟူသော သာသနာ့အရေးသုံးပါးကို ဆရာတကာ လက်တွဲညီစွာ အားသွန်ကြိုးပမ်း ထမ်းဆောင်ကြရာတွင် ၁၉၉၈ ခုနှစ် အတွင်း သာသနာ့ရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များကို ဗုဒ္ဓဘာသာဝင် သူတော်စင်များ ကြည်ညိုသဒ္ဓါပွားစေအံ့သောငှာ အကျဉ်းချုပ် ဖော်ပြပါသည်။

သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်ဖြင့် ဆောင်ရွက်ခြင်း

ပထမအကြိမ် (၁၉၈၀ ပြည့်နှစ်) ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးက အတည်ပြုပြဋ္ဌာန်းခဲ့သော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် အခြေခံစည်းမျဉ်းနှင့်အညီ သံဃာအဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်း၍ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ရာ နိုင်ငံတစ်ဝန်းလုံးတွင် ရဟန်းတော်ပေါင်း ၁၆၉၅၆၅ ပါး၊ သာမဏေပေါင်း ၂၄၃၅၂၂ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၅၇၂၂ ပါးတို့ သီတင်းသုံးနေထိုင်လျက်ရှိသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးများ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ အစည်းအဝေးများကို လေးလတစ်ကြိမ် ပုံမှန်အားဖြင့် ကျင်းပရာ ၁၉၉၈ ခုနှစ် အတွင်းတွင် အစည်းအဝေးသုံးကြိမ် ကျင်းပခဲ့သည်။ စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ဒသမအစည်းအဝေးကို ၁၉၉၈ ခုနှစ်၊ မတ်လ (၄) ရက်မှ (၅) ရက်အထိ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဓမ္မ သဘင်တွင် ကျင်းပရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို ဆွေးနွေးညှိနှိုင်းတော်မူကြပြီး ဆုံးဖြတ်ချက် (၃၂) ရပ်တို့ကို ချမှတ်ဆောင်ရွက် တော်မူသည်။

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဧကာဒသမ အစည်းအဝေးကို ၁၉၉၈ ခုနှစ် ဇူလိုင်လ (၄) ရက်မှ (၅) ရက်အထိ ဝိဇယမင်္ဂလာ ဓမ္မ သဘင်တွင် ကျင်းပရာ ဆုံးဖြတ်ချက် (၃၀) ရပ်တို့ကို ချမှတ် ဆောင်ရွက်တော်မူခဲ့သည်။

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ၄၇ ပါးစုံညီ ဒွါဒသမအစည်းအဝေးကို ၁၉၉၈ ခုနှစ်၊ နိဝင်ဘာလ (၉) ရက်မှ (၁၀) ရက်အထိ ဝိဇယမင်္ဂလာ ဓမ္မသဘင်တွင် ကျင်းပခဲ့ရာဆုံးဖြတ်ချက် (၂၀) တို့ကို ချမှတ် ဆောင်ရွက်တော်မူခဲ့သည်။

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး

စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေးကို ၁၃၅၉ ခုနှစ်၊ တပေါင်းလဆန်း (၁၁) ရက်နေ့မှ (၁၃) ရက် (၁၉၉၈ ခုနှစ်၊ မတ်လ ၈ ရက်မှ ၁၀ ရက်) နေ့အထိ ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ မဟာ ပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပရာ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် အဖွဲ့ဝင်ဆရာတော် (၂၉၅) ပါးတို့ တက်ရောက်တော်မူကြသည်။

အဆိုပါ အစည်းအဝေးက ရွေးချယ်တင်မြှောက်ခြင်း (၁) ရပ်၊ မှတ်တမ်းတင်ခြင်း (၈) ရပ်၊ အတည်ပြုခြင်း (၃) ရပ်နှင့် ဆုံးဖြတ်ချက် (၃) ရပ်တို့ကို ချမှတ်ဆောင်ရွက်တော်မူသည်။

တက်ရောက်ညှိနှိုင်းပွဲနှင့် သြဝါဒခံယူပွဲ

စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့တို့၏ ထက်အောက် ညှိနှိုင်းပွဲနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့.ထံမှ ပြည်နယ်/တိုင်း ထေရဝါဒဗုဒ္ဓဘာသာသိလရှင် အမှုဆောင်အဖွဲ့. အစည်းအဝေးများ၏ သြဝါဒခံယူပွဲကို သာသနာနှစ် ၂၅၄၁ ခုနှစ်၊ ကောဇာသင္ကြာဇ် ၁၃၅၉ ခုနှစ်၊ တပို့တွဲ လဆန်း (၄၊၅၊၆) ရက်၊ ခရစ်နှစ် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်၊ ဖေဖော်ဝါရီလ (၁၊၂) ရက်၊ စနေ၊ တနင်္ဂနွေ၊ တနင်္လာနေ့များတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ ဝိဇယမင်္ဂလာဝမွသဘင်၌ ကျင်းပပြုလုပ်ခဲ့သည်။

ထို ထက်အောက် ညှိနှိုင်းပွဲနှင့် သြဝါဒခံယူပွဲသို့ စတုတ္ထအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့. ဥက္ကဋ္ဌ ဆရာတော် အဘိဝံဒမဟာရဋ္ဌဂုရု၊ အဘိဝံဒ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မြင်းခြံမြို့ ကိုးဆောင်တိုက် ဆရာတော်ဘုရားကြီး၊ အကျိုးတော်ဆောင် ဆရာတော် အဘိဝံဒမဟာရဋ္ဌဂုရု၊ အဘိဝံဒအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ၊ မကွေးမြို့ မဟာဝိသုကာရုံကျောင်းတိုက် ဆရာတော် ဘုရားနှင့် အလှည့်ကျ ပထမအဖွဲ့.ခွဲဝင် ဆရာတော် (၁၅) ပါး၊ ပြည်နယ်/တိုင်း (၁၄) ခုတို့မှ ဂိုဏ်းပေါင်းစုံ၊ ပြည်နယ်/တိုင်း သံဃနာယက အဖွဲ့. ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင် ဆရာတော် (၄၅) ပါးနှင့် ပြည်နယ်/တိုင်း (၁၃) ခုတို့မှ ထေရဝါဒ ဗုဒ္ဓဘာသာသိလရှင် အမှုဆောင်အဖွဲ့. ဥက္ကဋ္ဌနှင့် အကျိုးဆောင်(၁၃) ပါး တက်ရောက်တော်မူသည်။

ထက်အောက်ညှိနှိုင်းပွဲနှင့် သြဝါဒခံယူပွဲကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၊ ဒုတိယ ဝန်ကြီးဦးအောင်ခင်၊ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာ တက်ရောက်ကြသည်။

ထက်အောက် ညှိနှိုင်းပွဲနှင့် သြဝါဒခံယူပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့. ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက သဘာပတိအဖြစ် ဆောင်ရွက်တော်မူ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. တွဲဖက်အကျိုးတော်ဆောင် မိတ္ထီလာမြို့၊ ပထမကျော် ဓမ္မာစရိယ စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာ (အဂ္ဂမဟာပဏ္ဍိတ) က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

ထိုအခမ်းအနားတွင် သံဃအဖွဲ့အစည်းအဆင့်ဆင့် လုပ်ထုံး၊ လုပ်နည်းများကိစ္စ၊ ဝိနည်းဓမ္မကထိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်၊ရဟန်းသာမဏေများ လိုက်နာရန် စည်းမျဉ်းဥပဒေများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ကိစ္စ၊ ပရိယတ္တိပညာရေးဆိုင်ရာ လမ်းညွှန်ချက်၊ ထေရဝါဒ ဗုဒ္ဓဘာသာဝင် သိလရှင်အဖွဲ့.အစည်းလုပ်ထုံးလုပ်နည်း များကိစ္စ၊ သိလရှင်များလိုက်နာ ရမည့် ကျင့်ဝတ်များ စသည်တို့နှင့် စပ်လျဉ်း၍ ပြည်နယ်/တိုင်းများမှ ဆရာတော်များ၊ သိလရှင်များက အကြံပေးဆွေးနွေးကြပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့.က ပြန်လည်ရှင်းလင်းမိန့်ကြားတော်မူသည်။

ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့.သည် ဝိနည်း၊ ဓမ္မကထိကရုဏ်းမူခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်နည်းများ၊ ဝိနိစ္ဆယလက်စွဲ၊ သံဃနာယကလက်စွဲ စသည်တို့နှင့်အညီ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့.များကို ဖွဲ့.စည်း၍ အယူခံဝိနည်းဓမ္မကထိကရုဏ်းမူခင်းများကို စစ်ဆေးဆုံးဖြတ်ခဲ့ရာ ၁၉၉၈ ခုနှစ်အတွင်းတွင် နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့. (၉) ဖွဲ့.တို့က ဝိနိစ္ဆယမူခင်းပေါင်း (၂၇) မှုကို စစ်ဆေးဆုံးဖြတ်ခဲ့သည်။

နိုင်ငံတော်သီးခြားဝိနည်းဝိုရ်အဖွဲ့ဖြင့် ဖွဲ့.စည်းဆုံးဖြတ်မှု (ဝမ္မ အဝမ္မ အငြင်းပွားမှု)

ပဲခူးတိုင်း၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာ စမ်းကလေးဆရာတော် ဦးနန္ဒောဘာသနှင့် ဝမ္မသာကစ္ဆာအဖွဲ့.တို့အပေါ် အဝမ္မအငြင်းပွားမှုကို ကျောက်တံခါးမြို့နယ်၊ ပစ္စိမာရုံတောရကျောင်းမှ အရှင်ဝိလာသပါ (၄) ပါးတို့၏ စောဒနာလွှာ တင်သွင်းလာခြင်းနှင့်စပ်လျဉ်း၍ အမရပူရမြို့၊ တူးမောင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမေဓိယ (အဂ္ဂမဟာပဏ္ဍိတ) သဘာပတိအဖြစ်နှင့် အဖွဲ့.ဝင် (၅) ပါးပါဝင်သော် နိုင်ငံတော်သီးခြားဝိနည်းဝိုရ်အဖွဲ့. အမှတ် (၁၁/၉၈) က စမ်းကလေးဝါဒ စောဒနာသောဒနာ မှုကိုစစ်ဆေးကြားနာခဲ့သည်။

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဆောင်ရွက်ချက်များ



နိုင်ငံတော်မဟိုသဲ့ဃာ့ဝန်ဆောင်အဖွဲ့ စတုတ္ထအစည်းအဝေး ကျင်းပစဉ်

၁၉၉၈ ခုနှစ်၊ မတ်လ (၁၆) ရက်နေ့တွင် နိုင်ငံတော်သီးခြားဝိနည်းဝိုဂ်အဖွဲ့ အမှတ် (၁၁/၉၈) က စမ်းကလေးဆရာတော်၏ အယူဝါဒများသည် ဗုဒ္ဓဝါဒတရားတော်များမဟုတ်ကြသောကြောင့် အဝမ္မဝါဒ မိစ္ဆာဝါဒများသာဖြစ်ကြောင်း၊ စမ်းကလေးဝါဒစာအုပ်နှင့် ထိုဝါဒမှ ဆက်နွယ်ပေါက်ဖွားလာသော စာအုပ်စာတမ်းများ၊ တိပ်ခွေများ၊ ယင်းတို့၌ပါရှိသော စမ်းကလေးဝါဒတရားနှင့် ယင်းဝါဒနှင့် ဆက်နွယ်နေသော တရားအားလုံးတို့သည် ထေရဝါဒ ပိဋကတ်တော်လာ ဝမ္မဝိနယများနှင့် ဆန့်ကျင်ဘက်ဖြစ်ရကား အဝမ္မဝါဒကို ဖော်ပြရာရောက်သောကြောင့် အဝမ္မဝါဒ ပင်ဖြစ်ကြောင်း၊ စမ်းကလေးဝါဒအဖွဲ့များနှင့် တဲ့ဆိပ်တုံး၊ ဆိုင်းဘုတ်အစရှိသော ပစ္စည်းဝတ္ထုများနှင့်သမျှ အားလုံးတို့သည် အဝမ္မဝါဒနှင့်စပ်သော အမည်ပစ္စည်းများဖြစ်ကြကြောင်း စမ်းကလေးဝါဒနှင့် ထိုဝါဒမှ ဆက်နွယ်ပေါက်ဖွားလာသောဝါဒတို့ကို ရေးသားဟောပြောသူ၊ လိုက်နာကျင့် ကြံအားထုတ်ကြသူ၊နှစ်သက်လိုလားစွာ အားပေးထောက်ခံကြသော ရဟန်းရှင်လူအားလုံးတို့သည် အဝမ္မဝါဒီမိစ္ဆာဝါဒီတို့သာ ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ထိုသို့ နိုင်ငံတော်သီးခြားဝိနည်းဝိုဂ်အဖွဲ့ အမှတ် (၁၁/၉၈)က စမ်းကလေးဝါဒအပေါ် အဝမ္မဝါဒမိစ္ဆာဝါဒအဖြစ် ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် စမ်းကလေးဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြုလက်မှတ်ရေးထိုးစေရန် အတွက် စတုတ္ထအကြိမ် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့သည် ညွှန်ကြားလွှာ အမှတ် (၈၆) ကို ၂၅-၃-၉၈ ရက်စွဲဖြင့် မြို့နယ်သံဃနာယကအဖွဲ့အား လုံးသို့ထုတ်ပြန်ညွှန်ကြားခဲ့သည်။

ဗုဒ္ဓဘာသာစာပေများကို စိစစ်ခြင်း

ဗုဒ္ဓဘာသာဆိုင်ရာ စာပေပေါင်း (၃၃၂) မူအနက် စာပေ (၂၅၂) မူကို ထုတ်ဝေခွင့်ပြုခဲ့၍ စာပေ (၉) မူကို ထုတ်ဝေခွင့်မပြုဘဲ၊ စာပေ (၉) မူကို ပြင်ဆင်ဖြုတ်ပယ်စေ၍ ထုတ်ဝေခွင့်ပြုခဲ့သည်။ စာပေ (၁၄) မူကို ပြင်ဆင်စေ၍ လည်းကောင်း၊ စာပေ (၄၂) မူကို ဖြုတ်ပယ်သင့်သည်ကို ဖြုတ်ပယ်စေ၍ လည်းကောင်း ခွင့်ပြုခဲ့သည်။ စာပေ (၁) မူကို အမည်ပြောင်း၍ ထုတ်ဝေခွင့်ပြုခဲ့ပြီး စာပေ (၅) မူကို ပြန်လည် ဖြည့်စွက်ပြင်ဆင်ရေးသားတင်ပြစေခဲ့သည်။

ပရိယတ္တိစာမေးပွဲများ ကျင်းပခြင်း

အကြိမ် (၅၀) မြောက် ရွှေရတု တိပိဋကဝရ ရွေးချယ်ရေးစာမေးပွဲကို ၁၃၅၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄) ရက်၊ (၂၈-၁၂-၉၇) တနင်္ဂနွေနေ့မှ တပို့တွဲလဆန်း (၁) ရက် (၂၈-၁-၉၈) ဗုဒ္ဓဟူးနေ့အထိ ၃၃ ရက်တိုင်တိုင် ကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဝမ္မသဘင်တွင် ကျင်းပခဲ့ရာ အာဂုံပြန် (၇၁) ပါး၊ သဘောရေးဖြေ (၉၇) ပါး၊ စုစုပေါင်း (၁၆၈) ပါး ဝင်ရောက်ဖြေဆိုခဲ့သည်။ ယင်းတို့အနက် အာဂုံ ပြန် (၃၃) ပါး၊ သဘောရေးဖြေ (၁၇) ပါး စုစုပေါင်း (၅၀) ပါးအောင်မြင်ခဲ့သည်။

ထိုစာအောင်သံဃာများအား ချီးကျူးပူဇော်သည့် အကြိမ် (၅၀) မြောက် ရွှေရတုတိပိဋကဝရ ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ၁၃၆၀ ပြည့်နှစ် နယုန်လဆန်း (၆) ရက် (၃၁-၅-၉၈) တနင်္ဂနွေနေ့၊ နေ့လယ် (၁) နာရီ အချိန်တွင် မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ခမ်းနားစွာ ကျင်းပခဲ့သည်။ အကြိမ် (၅၀) မြောက် ရွှေရတုတိပိဋကဝရ ရွေးချယ်ပွဲအထိမ်းအမှတ်အဖြစ် ရွှေရတုတိပိဋပဝရစာစောင်ကို ထုတ်ဝေခဲ့သည်။

၁၉၉၈ ခုနှစ် ဝမ္မာစရိယစာမေးပွဲကို ၁၉၉၈ ခုနှစ်၊ မတ်လ (၃၁)ရက်မှ ဧပြီလ (၈) ရက်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာနပေါင်း (၂၉) ဌာန၌ ကျင်းပခဲ့ရာ စာရင်းသွင်းသူ (၇၂၆၁) ပါး၊ ဖြေဆိုသူ (၆၂၁၉) ပါးဖြစ်၍ ကျမ်းရင်းသုံးကျမ်းအောင်မြင်သူ (၄၀၆) ပါး၊ မြန်မာဂုဏ်ထူး (၈) ပါး၊ ပါဠိဂုဏ်ထူး (၁) ပါး အောင်မြင်သည်။

၁၉၉၈ ခုနှစ်၊ ပထမပြန်စာမေးပွဲကိုလည်း ၁၉၉၈ ခုနှစ် မတ်လ (၃၀) ရက်မှ ဧပြီလ (၆) ရက်အထိ တစ်ပြည်လုံးရှိ စာဖြေဌာန (၂၂၀) တွင်ကျင်းပခဲ့ရာ ပထမကြိုးတန်းတွင် စာရင်းသွင်း (၉၁၃၄) ဦး၊ ဖြေဆိုသူ (၈၀၃၂) ဦး၊ အောင်မြင်သူ (၂၇၈၁) ဦး၊ ပထမလတ်တန်းတွင် စာရင်းသွင်း (၁၁၃၆၆) ဦး၊ ဖြေဆိုသူ (၁၀၁၆၀)ဦး အောင်မြင်သူ (၄၇၀၄) ဦး၊ ပထမငယ်တန်းတွင် စာရင်းသွင်းသူ (၁၇၁၃၇) ဦး၊ဖြေဆိုသူ(၁၅၄၉၂) ဦး၊ အောင်မြင်သူ (၇၉၂၅) ဦး၊ အခြေပြုမူလတန်းတွင် စာရင်းသွင်း (၂၈၅၆၃) ဦး၊ ဖြေဆိုသူ (၂၅၃၀၇) ဦး၊ အောင်မြင်သူ (၁၇၃၁၄) ဦးတို့ဖြစ်သည်။

အဘိမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သတ်မှတ်ထားသည့် စာဖြေဌာန (၂၇၃) ဌာနတို့၌ ၁၉၉၈ ခုနှစ်၊ ဒီဇင်လာလ (၁၈) ရက်မှ (၂၀) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ အဘိဝမ္မာရိုးရိုးတွင် (၇၁၆၁) ဦး၊ အဘိဝမ္မာဂုဏ်ထူးတွင် (၁၂၀၄) ဦး၊ ဝိသုဒ္ဓိမဂ်တွင် (၅၆၀) ဦးတို့ ဝင်ရောက်ဖြေဆိုကြသည့် အနက် အဘိဝမ္မာရိုးရိုး အောင်မြင်သူ (၄၀၆၁) ဦး၊ အဘိဝမ္မာ (ဂုဏ်ထူး ဆောင်) အောင်မြင်သူ (၁၀၁၂) ဦး၊ ဝိသုဒ္ဓိမဂ်အောင်မြင်သူ (၄၁၈)ဦး စုစုပေါင်း အောင်မြင်သူ (၅၄၄၆) ဦးရှိသည်။

နိကာယ်ငါးရပ်ပါဠိတော် စာမေးပွဲ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ရဟန်းသာမဏေများနှင့် တကွ လူပုဂ္ဂိုလ်များပါ မြတ်စွာဘုရား၌ ဟောကြားတော်မူသော တရားတော်များ၏ အနှစ်သာရကို ကျယ်ကျယ်ပြန့်ပြန့်နှံ့နှံ့စပ်စပ် သိရှိနားလည်ကျင့်သုံးနိုင်ကြစေရန် နိကာယ်ငါးရပ်ပါဠိတော် စာမေးပွဲကို (၁၉၉၂) ခုနှစ်မှ စတင်၍ ကျင်းပခဲ့သည်။

ဆဋ္ဌမအကြိမ် နိကာယ်ငါးရပ်ပါဠိတော်စာမေးပွဲကို ၁၃၆၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၇) ရက်မှ (၁၁) ရက်အထိ (၁၉၉၈ ခုနှစ် ဇွန်လ ၁၆ ရက်မှ ၂၀ ရက်အထိ) ကျင်းပခဲ့ရာ၊ တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန (၆၂) ဌာနတို့၌ စာရင်းသွင်းသူ (၁၄၆၅၅) ပါး၊ ဖြေဆိုသူ (၈၄၃၄) ပါးတွင် အောင်မြင်သူ (၁၇၅၂) ပါးရှိသည်။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ ကျင်းပခြင်း

ပထမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဖွဲ့ တတိယအစည်းအဝေးကြီး (၃-၆-၈၂) က ဗုဒ္ဓသာသနာတော်မြတ် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အလို့ငှာ နိုင်ငံတော် တစ်ဝန်းလုံး၌ အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်ဟူသော ဆုံးဖြတ်ချက်နှင့်အညီ ဗုဒ္ဓဘာသာ ကလေးသူငယ်တို့သည် ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ကင်းကွာနေသည့်အတွက် ရဟန်းတော်များဘက်ကိုသာ ပြုပြင်ပေးရုံမျှနှင့် မပြီးသေးဘဲ သာသနာတော်ထွန်းကားတည်တံ့အောင် ပစ္စယဝမ္မဖြင့် ထောက်ပံ့ပြုစုနေကြသည့် ဒါယိကာများ၏ ရင်သွေး သားငယ်၊ သမီးငယ်များကိုလည်း ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစားတတ်သည့် သာသနာ့မျိုးဆက်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမည်ဟူသော ရည်ရွယ်ချက်ဖြင့် ဗုဒ္ဓ ဘာသာ ယဉ်ကျေးမှုစာမေးပွဲများကို ၁၉၈၄ ခုနှစ်မှစ၍ စဉ်ဆက်မပြတ် ကျင်းပပေးခဲ့သည်။

(၁၅) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲများကို ၁၉၉၈ ခုနှစ်၊ မေလအတွင်းတွင် ကျင်းပခဲ့ရာ ပြည်နယ်နှင်တိုင်းအသီးသီးရှိ မြို့နယ်ပေါင်း (၇၈၄) မြို့နယ်၌ စာရင်းပေးသွင်းသူပေါင်း (၁၃၀၃၁၆) ဦး၊ ဖြေဆိုသူပေါင်း (၈၈၃၂၄) ဦးရှိ၍ ရိုးရိုးအောင်မြင်သူပေါင်း (၅၂၇၈၈) ဦး၊ ဂုဏ်ထူးဖြင့်အောင်မြင်သူပေါင်း (၁၈၅၈၉) ဦးနှင့် သုံးဘာသာအောင်မြင်သူပေါင်း (၅၅၆၉) ဦးတို့ ဖြစ်ကြသည်။

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ယဉ်ကျေးမှု ပြည့်ဝလျက် စာရိတ္တကောင်းမွန်သော နိုင်ငံတော်၏ သားကောင်းသမီးကောင်းများ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် နယ်စပ်နှင့် တောင်တန်းဒေသများ၊ ဝေးလံခေါင်ဖျားဒေသများနှင့် ကျေးလက်အနှံ့တွင် တည်ရှိနေသော ဘုန်းတော်ကြီး ကျောင်းများ၌ မူလတန်းပညာသင်ကြားပေးရင်း ဗုဒ္ဓဘာသာယဉ်ကျေးမှု အမွေအနှစ်များကို စနစ်တကျ လေ့ကျင့်သင်ကြားပေးရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒကို ခံယူလျက် သာသနာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့သည်။

ရည်ရွယ်ချက်များ –

- ဆင်းရဲချမ်းသာမရွေး လူတိုင်းအရေးအဖတ်အတွက် အခြေခံပညာနှင့် ခေတ်ပညာတတ်မြောက်စေရန်၊
- ပညာသင်ကြားရေး၌ စရိတ်သက်သာပြီး လွယ်ကူမှုရှိစေရန်၊
- ကိုယ်ကျင့်တရားကောင်းမွန်ပြီး အများအကျိုး၊ နိုင်ငံအကျိုးသယ်ပိုးလိုသည့် သားကောင်းသမီးကောင်းများဖြစ်လာစေရန်၊
- မြန်မာ့ယဉ်ကျေးမှု ဝေလေ့ထုံးစံတို့ကို သိရှိနားလည်၍ မြတ်နိုးစွာ လိုက်နာခံယူတတ်ကြစေရန်၊
- ဗုဒ္ဓဘာသာ သာသနာတော်ဆိုင်ရာ အဆုံးအမများကို ကြားနာမှတ်သား သိရှိလိုက်နာပြီး အနာဂတ်သာသနာကို တာဝန်ယူကြမည့် ဗုဒ္ဓ

အကြိမ် (၅၀) မြောက် ရွှေရတုတိပိဋကဓရ ချီးကျူးပူဇော်ပွဲအခမ်းအနား



ဘာသာဝင်ကောင်များ ဖြစ်ကြစေရန်၊ အမျိုးဘာသာ သာသနာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်။

၁၉၉၈ ခုနှစ်တွင် ပြည်နယ်နှင့်တိုင်း (၁၄) ခုရှိ မြို့နယ်ပေါင်း (၂၁၀) ၌ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း (၉၅၄) ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီး သာမဏေသီလရှင်၊ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း (၉၄၃၉၂) ဦးရှိသည်။ သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်းများမှာ တစ်ပြည်လုံးရှိ မြို့နယ်ပေါင်း (၁၀) မြို့နယ်တွင် ကျောင်းပေါင်း (၁၀) ကျောင်းရှိပြီး သီလရှင်နှင့် ကျောင်းသူပေါင်း (၆၀၀) ဦးရှိသည်။

၁၉၉၈ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကျင်းပခြင်း

ဗုဒ္ဓ သာသနာတော်ကြီး သန့်ရှင်း တည်တံ့ပြန့်ပွားထွန်းကားရေးကို အစဉ်အလေးထားလျက် ဆောင်ရွက်တော်မူကြသော သာသနာ့ အာဇာနည်ဆရာတော်များ၊ ပရိယတ္တိ စာပေကျမ်းဂန်များကို သင်ကြားပို့ချမှုတာဝန်နှင့် သမထ၊ ဝိပဿနာ ဘာဝနာပွားများအားထုတ်မှု ပဋိပတ်တာဝန်ကို စွမ်းနိုင်သမျှ ကြိုးပမ်းထမ်းဆောင်ကြသော ဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများနှင့် သာသနာ တော်ကို အာမိသပစ္စည်းအသီးသီးတို့ဖြင့် ကြီးကျယ် ချီးမြှောက်ထောက်ပံ့လှူဒါန်းကြသော ဒါယက၊ ဒါယိကာမ များအား နိုင်ငံတော်က နှစ်စဉ်ပင် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်လျက်ရှိသည်။

၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၂/၉၈) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ လှူဒါန်းခြင်း ခံရသည့် ပြည်တွင်းပြည်ပ ဆရာတော် သံဃာတော် (၁၁၈) ပါး၊ သာသနာနွယ်ဝင် သီလရှင် (၈) ပါးနှင့် လူပုဂ္ဂိုလ် (၁၇) ဦးတို့အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၁၉၉၈ ခုနှစ်၊ မတ်လ ၁၂ ရက်) ကြာသပတေးနေ့တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်တော်မူခြင်း ခံရသည့် ပြည်တွင်းပြည်ပဆရာတော်များနှင့် သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ကြွရောက်ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်အမှူးရှိသည့် နိုင်ငံတော်အကြီးအကဲများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ် လှူဒါန်းပူဇော်ကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနား

သာသနာတော်ဆိုင်ရာ ဘွဲ့တဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ၁၃၅၉ ခုနှစ်၊ တပေါင်းလပြည့် (၁၂-၃-၉၈) နေ့တွင် မဟာပါသာဏ လိုဏ်ဂူ တော်ကြီး၌ ကျင်းပခဲ့ပြီး အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ နှိုးဆော်မှုဖြင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကမ္ဘာအေးကုန်းမြေ၊ လိုဏ်ဂူတော်ကြီးဝန်းကျင်တွင် ကျင်းပရာ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ စန္ဒာသီရိ၊ ဘဒ္ဒန္တ ကုမာရ၊ ဘဒ္ဒန္တသူရိယာဘိဝံသအမှူးရှိသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်း ခံရသည့် ဆရာတော်သံဃာတော်များနှင့် သီလရှင်ဆရာကြီးများက အလှူခံယူတော်မူကြသည်။

ဆွမ်းဆန်စိမ်း လောင်းလှူပွဲတွင် ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ်များ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် (၃၁၆၀၇၇၇/-) တန်ဖိုးရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဘွဲ့ခံဆရာတော်ကြီး (၁၁၈)

ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးဆောင်ရွက်ချက်များ



ဆွမ်းဆန်စိမ်း လောင်းလှူပွဲမြင်ကွင်း



ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပူဇော်ခြင်းခံရသည့် ဆရာတော်သံဃာတော်များ အလှူခံယူတော်မူစဉ်

ပါး၊ စတုတ္ထအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့. စတုတ္ထအစည်းအဝေးကြီးသို့. တက်ရောက်တော်မူလာကြသည့် ဆရာတော်ကြီး (၃၉၃) ပါး နှင့် သီလရှင်ဆရာကြီး (၈) ပါး၊ စုစုပေါင်း (၅၁၉) ပါးတို့အား လှူဒါန်းပူဇော်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဖွင့်ပွဲ အခမ်းအနား

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက် (၁၃၆၀)ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် ဗုဒ္ဓဟူးနေ့ နံနက်(၉)နာရီအချိန်တွင် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. ဥက္ကဋ္ဌ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် အဓိပတိ ဆရာတော်၊ အဘိဝံဒမဟာရဋ္ဌဂုရု အဘိဝံဒအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘိတ မြင်းခြံဆရာတော်ဘုရားကြီးအမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့.ဝင် ဆရာတော်ကြီးများနှင့် ဆရာတော် သံဃာတော်များ၊ ပြည်ပနိုင်ငံများမှ ပင့်ဖိတ်ထားသည့် ဆရာတော် သံဃာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ပညာသင်ယူကြမည့် ပြည်တွင်းပြည်ပမှ ရဟန်းသံဃာတော်များ ကြွရောက်တော်မူကြသည်။

ထိုအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့.ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မဂ်လာနှုတ်ခွန်းဆက် သဝဏ်လွှာပေးပို့ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့.ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့.ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့်ဇနီး၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့.ဖြိုးရေးကောင်စီဝင်များ၊ ဒုတိယဝန်ကြီး ချုပ်များ၊ အစိုးရအဖွဲ့.ဝင်ဝန်ကြီးများနှင့် ယင်းတို့၏ဇနီးများ၊ အထူးဖိတ်ကြားထားသူများ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ပညာသင်ယူကြမည့် ပြည်တွင်းပြည်မှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ကို ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၊ စွယ်တော်မြတ် စေတီတော်ကြီးအနီးတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ရာ ဒီပလိုမာသင်တန်းသားပေါင်း ပြည်ပ (၄၂) ဦး၊ ပြည်တွင်း (၅၂) ဦး စုစုပေါင်း (၉၄) ဦး တက်ရောက်သင်ကြားလျက်ရှိပါသည်-

ရည်ရွယ်ချက်များ

(၁) စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊

(၂) သင်္ဂီယနာ ခြောက်တန်တင် ထေရဝါဒပိဋကတ် စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊

(၃) အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်မှုများကို သိရှိဖြည့်ဆည်းကျင့်သုံးနိုင်စေရန်၊

(၄) ကမ္ဘာတစ်ဝန်းလုံးတွင် ဗြဟ္မစိုရ်တရား ထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့.ဘောင်လောကကြီး ဖြစ်လာစေရန်၊

(၅) ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေ ကျွမ်းကျင်နှံ့.စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သိလနှင့် ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များကိုးပွားလာစေရန်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြု တက္ကသိုလ်တွင် -

- ဒီပလိုမာသင်တန်း (၁ နှစ်)
  Diploma in Buddha Dhamma Dip. (B.Dh)
- ဂုဏ်ဂုဏ်ဘွဲ့.သင်တန်း (၂ နှစ်)
  Bachelor of Arts in Buddha Dhamma B,A (B.Dh)
- မဟာဘွဲ့.သင်တန်း (၃ နှစ်)
  Master of Arts in Buddha Dhamma M.A (B.Dh)
- ပါရဂူဘွဲ့.သင်တန်း (၄ နှစ်)
  Doctor of Philosophy in Dhamma Ph.D (B.Dh)

ဘွဲ့.များကို အပ်နှင်းမည်ဖြစ်သည်။

(ဒေါ်ခင်နွဲ့.ဟန်ကြည်)

ဘွဲ့တံဆိပ်တော်ရဆရာတော်အရှင်သူမြတ်များ။ ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် အစိုးရအဆက်ဆက်တို့သည် အဘိဝဏမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အစရှိသည် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းလာခဲ့ရာ ယနေ့တိုင်ဖြစ်သည်။ ထို့အပြင် စာပေသင်ကြားပို့ချသော ဆရာတော်များ၊ ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ၊ နယ်လှည့် ဝမ္မကထိက ဆရာတော်များနှင့် ပြည်တွင်းပြည်ပ သာသနာပြုဆရာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင် စာချဆရာကြီးများ၊ ဗုဒ္ဓသာသနာတော်အား ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့နေကြသော အလှူရှင်ဒါယကာ၊ ဒါယိကာမများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ နှစ်စဉ်အပ်နှင်းခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၂/၉၈) ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်အပ်နှင်းခြင်း ခံရသော ဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူပုဂ္ဂိုလ်များမှာ -

(၁) အဘိဝဏ မဟာရဋ္ဌဂုရု
ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ..... ၃ ပါး
(၂) အဘိဝဏ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက
ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ..... ၃ ပါး
(၃) အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ..... ၁၈ ပါး
(၄) သာသနာပြု ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ..... ၃၈ ပါး
(၅) ဝမ္မကထိက ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ..... ၂ ပါး
(၆) ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ
ဆရာတော် ..... ၁၄ ပါး
(၇) စာချ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ...၄၀ ပါး
(၈) စာချ ဘွဲ့တံဆိပ်တော်ရ သီလရှင် .....၇ ပါး
(၉) သာသနာပြု ဘွဲ့တံဆိပ်တော်ရ
သီလရှင် ..... ၁ ပါး
(၁၀) သာသနာပြု ဘွဲ့တံဆိပ်တော်ရ
အမျိုးသား ..... ၇ ဦး
(၁၁) သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ
အမျိုးသား ..... ၆ ဦး
(၁၂) သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်တော်ရ
အမျိုးသမီး ..... ၄ ဦး

စုစုပေါင်း ဘွဲ့တံဆိပ်တော်ရ ပုဂ္ဂိုလ် ၁၄၃ ဦး ရှိပေသည်။ အဆိုပါ ပုဂ္ဂိုလ်များအနက် အဘိဝဏ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးသုံးပါးနှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော် ၁၀ ပါးတို့၏ ထေရပွတ္တိကို ကြည့်ညိုသဒ္ဓါပွားနိုင်ကြစေရန် ဖော်ပြပါသည်။

အဘိဝဏ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်း၊မုံရွာမြို့.မဟာဇောတိကာရာမကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ စန္ဒသီရိ

ဆရာတော်ကို စစ်ကိုင်းတိုင်း ဘုတလင်မြို့.နယ်၊ မောင်းထောင်ရွာတွင် ခမည်းတော် ဦးဖိုးသူ၊ မယ်တော် ဒေါ်စောတင့်တို့.က ၁၂၈၃ ခု၊ ဝါဆိုလပြည့် အင်္ဂါနေ့၌ ဖွားမြင်သည်။ သားဦးရတနာဖြစ်ပြီး မောင်စံဝန်အမည်တွင်သည်။ ညီတစ်ယောက်၊ နှမတစ်ယောက်ရှိသည်။

ရဟန်းအဖြစ်သို့ ရောက်ခြင်း

၁၄ နှစ်သားအရွယ်၌ မောင်းထောင်ရွာဦး၊ မဟာစေတီလှ စာသင်တိုက်ကြီးကို တည်ထောင်တော်မူသော ဆရာတော် ဘဒ္ဒန္တဥက္ကံသ မဟာထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ကြီး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့.အမည်ရှင်စန္ဒသီရိဖြစ်သည်။

၁၃၀၃ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၌ မောင်းထောင်ရွာနေ ဦးစံညွန့်.၊ ဒေါ်စုမှုန်တို့.၏ ပစ္စယာနုဂ္ဂဟဖြင့် မဟာစေတီလှတိုက်သစ် ခက္ကသိမ်တွင် ကျောက်ဂူတောရဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ဆရာတော်သည် မောင်းထောင်ရွာ အလယ်တန်းကျောင်းတွင် သတ္တမတန်းအောင်မြင်သည်အထိ ပညာဆည်းပူးခဲ့သည်။ ထို့နောက် သာမဏေဘဝသို့ ကူးပြောင်းသောအခါ ၁၄ နှစ်အရွယ်မှ ၁၇ နှစ်အရွယ်ထိ ကျောက်ဂူတောရဆရာတော်ကြီးထံတွင် သဒ္ဒါ၊ သင်္ဂြိဟ်စသော အခြေခံကျမ်းစာများနှင့် ဝိနည်း၊ ပိဋကတ်ပါဠိတော်များကို



အဘိဝံသ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ စန္ဒသိရီ

ဆရာတော်သည် ပါဠိပဌမပြန်စာမေးပွဲများနှင့် မုံရွာဧကတိကာရာမတိုက် ပရိယတ္တိသာသနဟိတကာရီ စာမေးပွဲအငယ်တန်း၊ အလတ်၊ အကြီးတန်းနှင့် အစိုးရဝမ္မာစရိယတန်းစာမေးပွဲများကို ဂုဏ်ထူးကျမ်းများနှင့် အောင်မြင်တော်မူသည်။

ဆရာတော်သည် မောင်းထောင်ရွာ မဟာစေတီလှတိုက်ရှိ စာသင်သား သံဃာတော်များအား သဒ္ဒါ၊ သင်္ဂြိဟ်၊ မာတိကာ၊ ဓာတုကထာကျမ်းများကိုလည်းကောင်း၊ မုံရွာ၊ မဟာဧကတိကာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်ရှိ စာသင်သံဃာတော်များအား အငယ်၊ အလတ်၊ အကြီးတန်းနှင့် ဝမ္မာစရိယတန်းဆိုင်ရာ ကျမ်းများကို လည်းကောင်း ပို့ချသင်ကြားပေးတော်မူသည်။ယင်းသို့ သင်ကြားပို့ချရင်း ပုစ္ဆာဝိသဇ္ဇနာကျမ်း၊ မှတ်သားဖွယ်ရာ အင်္ဂလိပ်သဒ္ဒါနမူနာ ပြယုဂ်ပုံစံ အင်္ဂလိပ်+မြန်မာအဘိဓာန်၊ မောင်းထောင်ဦးကျော်လှ သံချိုကဗျာပေါင်းချုပ်စသော စာပေကျမ်းဂန်များကို ရေးသားပြုစုတော်မူသည်။

သင်ယူခဲ့သည်။အသက် ၂၀ အရွယ်၌ မန္တလေး၊ မိုးကောင်းတိုက် သူဌေးကျောင်းဆရာတော်ထံတွင် ပဋ္ဌကဆိုင်ရာ ကျမ်းစာများကို သင်ယူခဲ့သည်။

သက်တော် ၂၁ နှစ်မှ ၂၄ နှစ်အရွယ်အထိ မောင်းထောင်ရွာ မဟာစေတီလှတိုက် ဆရာတော် ဦးဝိစာရထံတွင် ဝိနည်း၊ ပဋ္ဌကတ်၊ပါဠိအဋ္ဌကထာ စသည်တို့ကို သင်ယူခဲ့သည်။ သက်တော် ၂၅ မှ ၂၇ နှစ်အထိ မုံရွာ၊ မဟာဧကတိကာရာမပါဠိတက္ကသိုလ် ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဉာတ္တမ (အဂ္ဂမဟာပဏ္ဍိတ) ၊ဘဒ္ဒန္တ အာဒိစ္စ၊ ဘဒ္ဒန္တ ဝိရိယ၊ဘဒ္ဒန္တ စန္ဒောဘာသစသော ဆရာတော်များထံတွင် ပဋ္ဌကတ်ပါဠိတော်ကျမ်းစာများကို သင်ယူခဲ့သည်။

သက်တော် ၂၈-၂၉ အရွယ်တွင် မန္တလေး၊ မစိုးရိမ်တိုက် အာဂမကျောင်းဆရာတော် ဦးဝိစိတ္တာထံပါးရောက်ရှိ၍ ထိုဆရာတော်နှင့်တကွ ဝေယျာဝစ္စသာဆရာတော် ဦးကလျာဏ(အဂ္ဂမဟာပဏ္ဍိတ)၊ရွှေရေးဆောင်တိုက် ဆရာတော်ဦးပဏ္ဍဝ၊ စစ်ကိုင်းတောင်ရိုးကျောက်တုတ်ချောင်ဆရာတော် ဦးသောဘိတ (အဂ္ဂမဟာပဏ္ဍိတ) စသော ဆရာတော်များ၏ လောကုတ္တရာစာပေဆိုင်ရာ သင်ကြားပို့ချမှုများကို ခံယူခဲ့သည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မဟာဧကတိကာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ပဓာနနာယကအဖြစ် တာဝန်ယူတော်မူ၍ ကျောင်းတိုက်ကြီးကို စနစ်တကျ အုပ်ချုပ်တော်မူခဲ့သည်။ ယင်းသို့ အုပ်ချုပ်တော်မူသဖြင့် ဆရာတော်၏ လက်ထက်တွင် စာသင်သားသံဃာ (၁၀၀၀) ကျော်အထိ တိုးတက်များပြားကာ အစိုးရစာမေးပွဲ များတွင် နှစ်စဉ်တိုးတက်အောင်မြင်လျက်ရှိသည်။ ဆရာတော်သည် ပရိယတ္တိသာသနာတော် အထူးစည်ပင်ပြန့်ပွားရေးအတွက် ပရိယတ္တိစာသင်တိုက်ကြီးသုံးတိုက်ဖြစ်သော မုံရွာမြို့၊ အုတ်ကန်တောရစာသင်တိုက်၊ မုံရွာမြို့ မြို့မဂတ်ကျောင်း စာသင်တိုက်၊ ယင်းမာပင်မြို့ မဟာဧကတိကာရာမ ကျောင်းတိုက်ကြီးများကို တည်ထောင်တော်မူခဲ့သည်။

ဆရာတော်သည် မုံရွာမြို့၊ ပါဠိပဌမပြန်စာမေးပွဲများနှင့် ဝမ္မာစရိယစာမေးပွဲကြိုးကြပ်ရေး ဥက္ကဋ္ဌ၊ မုံရွာမြို့ ဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့၏ သြဝါဒိစရိယ၊ မုံရွာမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ၊ နိုင်ငံတော်သြဝါဒိစရိယစသော သာသနာရေးကိစ္စများကို အားပေးဆောင်ရွက်တော်မူလျက်ရှိသည်။

ဘွဲ့.တံဆိပ်တော်များရရှိတော်မူခြင်း

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘန္ဒန္တစန္ဒသီရိသည် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့.တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူသည်။

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့.တံဆိပ်တော်ရ မကွေးတိုင်း၊ မကွေးမြို့၊ မဟာဝိသုတာရာမတိုက်သစ်ဆရာတော် ဘန္ဒန္တကုမာရ

ဆရာတော် ဘန္ဒန္တကုမာရကို မကွေးတိုင်း၊ မင်းဘူးခရိုင် စကုမြို့နယ်၊ လေးအိမ်တန်းကျေးရွာတွင် ခမည်းတော် ဦးထွန်းကြွယ်၊ မယ်တော် ဒေါ်ပိုးမျှင်တို့က ၁၂၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ တနလာနေ့၌ ဖွားမြင်သည်။

ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

သက်တော် ၁၃ နှစ်အရွယ်၌ ခမည်းတော် မယ်တော်၊ တို့၏ပစ္စယာနုဂ္ဂဟကိုခံယူကာ ကျွန်းကလေးကျောင်း ဆရာတော်ဦးဝေပုလ္လကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

ထို့နောက် ၁၃၀၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်နေ့၌ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ စကုမြို့နယ်၊ ကြိုယွန်းကျောင်းဆရာတော် အရှင်ရာဇိန္ဒမဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူသည်။

စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ခြောက်နှစ်သားအရွယ်၌ ကျွန်းကလေးကျောင်း ဆရာတော် ဦးဝေပုလ္လနှင့် တကွ လက်ထောက် တပည့်ကြီးများ ဖြစ်ကြသော ဦးစန္ဒာဝရ၊ ဦးရေဝတတို့ထံတွင် သူငယ်တို့၏ သင်ရိုးပညာရပ်များကို သင်ယူသည်။

၁၂ သားအရွယ်ကပင် ကစ္စည်းသဒ္ဒါကြီးကို စတင်သင်ယူသည်။ ၁၃ နှစ်သားအရွယ်တွင် ရှင်သာမဏေဖြစ်ပြီးနောက် ပုဒ်စစ်၊ သုတ်စစ်နှင့်တကွ ပစ္စည်းသဒ္ဒါကြီးကို သုံးခေါက်သင်ယူခဲ့သည်။

၁၃၁၀ ပြည့်နှစ်၌ မကွေးမြို့ မဟာဝိသုတာရာမတိုက် ဆရာတော်အရှင်နာရဒ၊ ဆရာတော်အရှင်ပဒုမာ ဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ ဆရာတော်အရှင်ဝါယမ၊ ဆရာတော်အရှင်ဝိသောဘဏတို့ထံတွင် နိကာယ်ငါး၊ ရပ်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားဆည်းပူး တော်မူသည်။

၁၃၁၂ ခုနှစ်၌ မန္တလေးမြို့သို့ ကြွရောက်၍ အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော် အရှင်သူရိယာ ဘိဝံသ မဟာဝေယန်ဘုံသာတိုက် အရှင်ကလျာဏ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘုရားကြီးတိုက် အရှင်နာရဒ (အဂ္ဂမဟာပဏ္ဍိတ)၊ အရှင် ဥက္ကံသစသော ပိဋကတ်ကျမ်းတတ်အကျော်ဆရာတော်များထံတွင် အထက်တန်း ပိဋကတ်ကျမ်းစာများကို ဆက်လက်နည်းခံသင်ယူ တော်မူသည်။

အောင်မြင်ခဲ့သော စာမေးပွဲများ

အောင်မြေသာယာသူဌေးတိုက် ဝိနည်းစာမေးပွဲ ပထမငယ်တန်းနှင့် ပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။ ထို့အပြင် ၁၃၁၄ ခုနှစ်၊ နယုန်လ၌ ကျင်းပသော ပါဠိတက္ကသိုလ် စာချတန်း စာမေးပွဲတွင် ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးဆောင် ခြောက်ကျမ်းပေါင်း ၉ ကျမ်းကို နှစ်ချင်းပေါက် အောင်မြင် တော်မူသည်။ ထို့ကြောင့် သာသနဓဇသိရိပဝရဓမ္မာစရိယ သိရောမဏိ ဘွဲ့.တံဆိပ်ကို ရရှိတော်မူသည်။

စာပေကျမ်းဂန်ပို့ချ သင်ကြား ရေးသားတော်မူခြင်း

ဆရာတော်သည် မကွေး၊ မဟာဝိသုတာရာမတိုက်တွင် စာသင်သံဃာတော်များအား ငယ်လတ်ကြီး ဝမ္မာစရိယတန်းစာဝါများနှင့် နိကာယ်ငါး၊ ရပ်ပါဠိတော် အဋ္ဌကထာ ဋီကာကျမ်းများကို ပို့ချတော်မူခဲ့သည်။

ဆရာတော်သည် ဥပါသကာဂုဏ် သိဖွယ်စုံတရားတော်၊ ယမိုက်ညဝါချနည်း၊ နိဿရဏ: (ခေါ်) ယမက အလင်းပြကျမ်းတို့ကို ရေးသားပြုစုတော်မူခဲ့သည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာဝမ္မသဘင်တွင် ပါဠိဝိသောဝက ဝမ္မသင်္ဂါဏီပါဠိဘာဏကသင်္ဂီတိကာရက၊ မြသလွန်စေတီယ ဘဏ္ဍာဂါရိကအဖွဲ့၏ ဩဝါဒါစရိယ၊ ပထမအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့

ဝန်ဆောင်၊ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်၊ ဒုတိယနှင့် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် တွဲဖက်အကျိုးတော်ဆောင်၊ စတုတ္တအကြိမ် နိုင်ငံတော် သံဃမဟာနာယက အကျိုးတော်ဆောင်၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့၏ ဒုတိယအဓိပတိစသည့် သာသနာ့တာဝန်များကို ထမ်းရွက်တော်မူသည်။

ဘွဲ့တံဆိပ်တော်များရရှိတော်မူခြင်း

ဤသို့ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တကုမာရသည် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ကို ၁၃၅၀ ပြည့်နှစ်၌လည်းကောင်း၊ ၁၃၅၉ ခုနှစ်၌ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်နှင့် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် အဘိဓဇမဟာ ရဌဂုရုဘွဲ့ တံဆိပ်တော်ကိုလည်းကောင်း အလှူခံရရှိတော်မူသည်။

အဘိဓဇမဟာရဌဂုရုဘွဲ့တံဆိပ်တော်ရမော်လမြိုင်မြို့၊ ဗုဒ္ဓသာသနသိပ္ပံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသူရိယာဘိဝံသ

ဆရာတော် ဘဒ္ဒန္တသူရိယာဘိဝံသကို အမပူရမြို့နယ်၊ ဥယျာဉ်တော်ရွာတွင် ခမည်းတော် ဦးဖိုးညွန့်၊ မယ်တော် ဒေါ်ညိုအိတို့က ၁၂၈၅ ခုနှစ်၊နတ်တော်လပြည့်ကျော် ဖရက် သောကြာနေ့၌ ဖွားမြင်သည်။

ရှင်ရဟန်းအဖြစ်ရောက်တော်မူခြင်း

၁၂၆၉ ခုနှစ် ၊ ၁၁ နှစ်သားအရွယ်၌ ဥယျာဉ်တော်ရွာ မင်းကျောင်းဆရာတော် ဦးပညာဝံသကို ဥပဇ္ဈာယ်ပြု၍ မယ်တော်ဒေါ်ညိုအိ၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ် သို့ ရောက်တော်မူသည်။ ဘွဲ့တော် မှာ ရှင်သူရိယ ဖြစ်သည်။

၁၃၀၅ ခုနှစ် ၊ ဝါဆိုလဆန်း ၁၀ ရက်နေ့၌ အမရပူရမြို့နယ်၊ ရေကြည်ပေါက်ရွာ ဝါဆိုကျောင်း ခဏ္ဍသိမ်တွင် မြစ်တူးကျောင်းဆရာတော် အရှင်ဝိဇယာဘိက ဝိဓဇမဟာရ်ထေရ်မြတ်ကို ဥပဇ္ဈာယ်ပြု၍ ဥယျဉ်တော်ရွာ ပိုးထည်ကုန်သည် ဦးခ၊ ဒေါ်မှန်၊ သမီးမစောရှင်၊ မသန်းတင်နှင့် မိတ္ထီလာတောင်လက်သဖန်းပင်ရိုးရွာ ဦးဆေး၊ ဒေါ်ငွေဇာ တို့၏ ပစ္စယာနုဟဂ္ဂဖြင့် ရဟန်းအဖြစ် သို့ ရောက်တော်မူသည်။

စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ဆရာတော်သည် သဖန်ပင်ရိုး ရွာကျောင်း ဂိုဏ်းထောက် ဆရာတော်ကြီး ဦးသုတ၊ ရေကြည်ပေါက်ရွာ ဝါဆိုကျောင်းဆရာတော် ဦးပညာဝံသ၊ ဥယျာဉ်တော်ရွာ ဂူကုန်း ကျောင်းဆရာတော် ဦးအာစရ၊ အမပူရမြို့ တူးမောင်းတိုက်ဆရာတော် ဦးနန္ဒိယ၊ မဂီလာတိုက်မောင်း ဆရာတော် ဦးဝိမလ၊ မန္တလေး မိုးကောင်းတိုက် ညောင်းရမ်းဆရာတော်ဘုရားကြီးနှင့် နာယက စာချ ဆရာတော်များထံတွင် ပိဋကတ်အခြေခံမှစ၍ ပါဠိတော်၊ အဌကထာ၊ ဋီကာစသော ကျမ်းများစွာတို့ကို သင်ကြားဆည်းပူးခဲ့သည်။

အောင်မြင်သောစာမေးပွဲများ

ဆရာတော်သည် အစိုးရဓမ္မာစရိယနှင့် သကျသီဟ ဓမ္မာစရိယစာချတန်း၊ မိတ္ထီလာမြို့ ၊အင်းတောရဂိုဏ်း ဝိနယဝိသိဌ (ပထမကျော်)နှင့် ၁၃၄၀ ပြည့်နှစ်၌ ဝိဇ္ဇာဘွဲ့ကို အသီးသီးရရှိ အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် စာပေကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့ရာ အလင်းပြဲမာတိကာ ဓာတုကထာ၊ မြတ်ဂုဏ်တော်ဗုဒ္ဓါနုဿတိဘာဝနာနှင့် ပုတီးစိပ်နည်းများ၊ ဓမ္မကြေးမုံစသည့် ကျမ်းဂန်စာအုပ်များ ပါဝင်သည်။

သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည်ဆဌသင်္ဂါယနာတွင်ပါဠိဝိသောဓက၊ သင်္ဂီတိကာရက၊ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး (ပထမအကြိမ် မော်လမြိုင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယအကြိမ် မွန်ပြည်နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ) ပထမ၊ ဒုတိယ၊ တတိယအကြိမ်အထိ သဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ စတုတ္တအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ ဒုတိယ ဥက္ကဋ္ဌနှင့် ဆူးလေစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယစသော သာသနာ့တာဝန်များကို အသီးသီး ဆောင်ရွက်တော်မူသည်။

ဘွဲ့.တံဆိပ်တော်များရရှိတော်မူခြင်း

ဤသို့ သာသနာတော်သန့်ရှင်းတည်တံ့.ပြန့်ပွားရေးကို သယ်ပိုးဆောင်ရွက် တော်မူသော ဆရာတော် ဘဒ္ဒန္တ သူရိယာဘိဝံသသည် ၁၃၅၂ ခုနှစ်၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့.က ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်တော် နှင့် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော် အော့ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ် လှူဒါန်းအပ်သော အဘိဝံ မဟာရဋ္ဌဂုရုဘွဲ့.တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့.တံဆိပ်တော်ရ
စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ မဟာလယ်တီ
ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသ

ဆရာတော် ကို စစ်ကိုင်းတိုင်း၊ ဖောင်းပြင်မြို့နယ်၊ သရောင်းရွာတွင် ခမည်းတော် ဦးချင်းဇံ၊ မယ်တော် ဒေါ်ရေဝိုင်းတို့က ၁၂၈၈ ခုနှစ် ၊ နတ်တော်လဆန်း ၁၄ ရက် တနလာနေ့၌ ဖွားဖြင်သည်။ မွေးချင်းငါးဦးတွင် အကြီးဆုံး သားရတနာဖြစ်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၂၉၈ ခုနှစ် ၊ဝါဆိုလဆန်း ၁၀ ရက်နေ့၌ မြင်သာရွာအရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တဉာက်သရဲသိကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့.တော်မှာ ရှင်ကေလာသ ဖြစ်သည်။

၁၃၀၈ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်နေ့၌ မြင်သာကျေးရွာအရှေ့.ကျောင်း ခဏ္ဍသိမ်တွင် မြင်သာကျေးရွာအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာက်သရဲသိကို ဥပဇ္ဈာယ်ပြု၍ မြင်သာကျေးရွာ ဒါယကာ၊ ဒါယိကာမများ၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူ သည်။

စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ဆရာတော်သည် ဖောင်းပြင်မြို့နယ် ၊ ဟဲလော်ရွာတောရကျောင်း ထေရဝံသချောင်းဆရာတော် ဘဒ္ဒန္တ ဂန္ဓမာထဝံတွင် အခြေခံပိဋကတ်ကျမ်းစာများနှင့် ဝိနည်း၊ ငါးကျမ်း၊သုတ်သုံးကျမ်းတို့ကိုလည်းကောင်း၊ မုံရွာမြို့ မဟာလယ်တီကျောင်းတိုက် ဘဒ္ဒန္တတေရိန္ဒ၊ဘဒ္ဒန္တဉာန္ဒက (အဂ္ဂမဟာ ပဏ္ဍိတ) စသော စာချဆရာတော်များထံတွင် ငယ်၊ လတ်၊ ကြီး ဓမ္မာစရိယစာချတန်းဆိုင်ရာ စာဝါများကို သင်ယူသည်။ ဓမ္မာစရိယကျမ်းရင်းသုံးကျမ်းနှင့် ပါစိတ္တာဒိဂုဏ်ထူးကျမ်းကို အောင်မြင်၍ သာသနမဇ္ဈဓမ္မာစရိယပါစိတ္တာဒိပါဠိပါရဂူဘွဲ့.ကို ရရှိတော်မူသည်။

စာပေကျမ်းဂန်များပို့.ချရေးသားတော်မူခြင်း

ဆရာတော်သည် မဟာလယ်တီကျောင်းတိုက်တွင် စာသင်သား ရဟန်းသာမဏေ ၂၁၅ ပါးတို့အား ငယ်၊ လတ်၊ ကြီး စာချတန်းဆိုင်ရာ စာဝါများနှင့် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ကြားပို့.ချပေးတော်မူလျက်ရှိသည်။

ဆရာတော်သည် ကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့ရာ ကျမ်းစာပေါင်း ၂၈ ကျမ်းခန့်ရှိသည်။အချို့.ကို ဖော်ပြရသော် သင်္ဂြိဟ်မဟာဋီကာသစ်မြန်မာပြန် ပ-ဒု-တတွဲ၊ လယ်တီမဟာ သရဏကုံတော်ကြီး မြန်မာဋီကာ ပ-ဒုတွဲ၊ နိတိကျမ်းစုံပန်းရံကုံ၊ လယ်တီဝတ်ရွတ်စဉ်ပေါင်းချုပ်၊ လယ်တီမဟာသရဏကုံတော်ကြီး ဝတ်ရွတ်စဉ်၊ သံသရာစက်ရဟတ်မှ ထွက်ရပ်လမ်းစသော ကျမ်းစာအုပ်များဖြစ်သည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံဃာ့အဖွဲ့.အစည်းတွင် မြို့နယ်ဝိနည်းဝိုဂ်၊ သံဃသမ္မုတိရ၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော် ဝိနည်းဝိုဂ်၊ တိုင်းသံဃနာယကစသည့် သာသနာ့တာဝန်များကို ထမ်းရွက်တော်မူလျက်ရှိသည်။

ဘွဲ့.တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တကေလာသသည် ၁၉၉၈ ခုနှစ်၌ နိုင်ငံတော်အော့ချမ်းသာယာရေး နှင့်ဖွံ့.ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့.တံဆိပ်တော်ရ
ပဲခူးတိုင်း၊ ကြို့ပင်ကောက်မြို့၊
တိုက်ကျောင်း(ပါဠိတက္ကသိုလ်)
ဆရာတော် ဘဒ္ဒန္တနာရိန္ဒာဘိရ

ဆရာတော် ကို ပဲခူးတိုင်း၊ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ မယ်ဇလီကိုင်းရွာတွင် ခမည်းတော် ဦးသောင်းတင်၊ မယ်တော် ဒေါ်အေးခင်တို့က ၁၂၈၅ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၂ ရက် နေ့၌ဖွားမြင်သည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တနာရိန္ဒာဘိရာ

ရဟန်းအဖြစ်သို့ ရောက်ခြင်း

ဆရာတော်သည် ၁၂၉၉ ခုနှစ် ၊တပေါင်းလဆန်း ၈ရက်နေ့၌ မယ်ဇလီကိုင်းကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေ အဖြစ်သို့ ရောက်ရှိသည်။ ဘွဲ့တော်မှာ ရှင်နာရိန္ဒာဘိရာဖြစ်သည်။

၁၃၀၄ ခုနှစ် ၊ကဆုန်လဆန်း ၁၂ ရက်နေ့၌ မယ်ဇလီကိုင်းကျောင်း ခဏ္ဍသိမ်တွင် ကြီးပင်ကောက်သာယာကြီးကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စာပေပရိယတ္တိသင်ကြား ဆည်းပူးတော်မူခြင်း

မယ်ဇလီကိုင်းကျောင်း ဆရာတော်၊ ကြီးပင်ကောက်မြို့တိုက်ကျောင်း ပထမဆရာတော်၊ ဒုတိယဆရာတော်၊ တတိယဆရာတော်နှင့် မန္တလေး၊ ရန်ကုန်၊ ပခုက္ကူမြို့တို့မှ ပိဋကအကျော်အမော် ဆရာတော်များထံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများနှင့် ဂန္ထန္တရအဝဝတို့ကို သင်ယူခဲ့သည်။

ဆရာတော်သည် အစိုးရဝန်မှစာရိယကို အောင်မြင်တော်မူသည်။

စာပေကျမ်းဂန်သင်ကြား ပို့ချရေးသားတော်မူခြင်း

ဆရာတော်သည် ကြီးပင်ကောက်မြို့၊ တိုက်ကျောင်း ပါဠိတက္ကသိုလ်တွင် ၁၃၁၈ ခုနှစ်မှစ၍ ပါဠိတက္ကသိုလ် စာချအဖြစ် တာဝန်ယူကာ စာသင်သား များအား စာပေ ပို့ချပေးလျက်ရှိသည်။ စာပေသင်ကြား ပို့ချပေးရင်း လောကုတ္တရာဆိုင်ရာ ကျမ်းစာအုပ်များကိုလည်း ရေးသား ပြုစုခဲ့ရာ နာမဂ္ဂဟဏပဒမာလာကျမ်း၊ အာချာတဂ္ဂဟဏာ ပဒမာလာကျမ်းနှင့် ယမကမှတ်ပုံတင် ကျမ်းစသည်တို့ ဖြစ်သည်။

သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ပထမအကြိမ် သံဃသမ္မတိရနှင့် မြို့နယ် သံဃနာယကဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်လျက် သာသနာတော်ထွန်းကားရေးကို သယ်ပိုးတော်မူခဲ့သည်။

ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တနာရိန္ဒာဘိရာ သည် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
ပဲခူးတိုင်း၊ ပြည်မြို့၊ဝိသုဒ္ဓါရုံ ဗရာဏာသီတိုက်
ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိရာ

ဆရာတော်ကိုပဲခူးတိုင်း၊အောင်လံမြို့နယ်၊ရွှေပန်းတောအုပ်စု ၊ ရွာသာကုန်းကျေးရွာတွင် ခမည်းတော် ဦးစံညွန့်၊ မယ်တော် ဒေါ်ဝဲကျော်တို့က ၁၂၉၁ ခုနှစ် ၊နယုန်လပြည့်ကျော် ၇ ရက် ဗုဒ္ဓဟူးနေ့၌ မွေးဖွားသည်။

ရှင်ရဟန်းအဖြစ်ရောက်တော်မူခြင်း

၁၄ နှစ်သားအရွယ်၌ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရွှေပန်းတောအရှေ့ကျောင်း ဆရာတော် ဘဒ္ဒန္တကေလာသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ရှင်ဝိသုဒ္ဓိတ္တဟုဘွဲ့အမည်ရသည်။

၁၃၁၁ ခုနှစ် ၊တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့၌ အောင်လံမြို့နယ်၊ ရွှေပန်းတောရွာ၊ အရှေ့ကျောင်း အရှေ့ဘက် ဥဒကုက္ခေပသိမ်တွင် အင်းလည်ကျောင်း ဆရာတော် ဘဒ္ဒန္တကောဏ္ဍညကို ဥပဇ္ဈာယ်ပြု၍ ကုန်သည် ဦးသိန်းအောင်၊ ဒေါ်မယ်ဉာန်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။ ရှင်အဖြစ်က ဘွဲ့တော်ကို ပြောင်းလဲ၍ အရှင်ဝိစိတ္တာဘိရာဟု အသစ် ဘွဲ့အမည်ပြောင်းလဲခဲ့သည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တာစရ

စာပေပရိယတ္တိသင်ကြားတော်မူခြင်း

ဆရာတော်သည် လောကီပညာငါးတန်းအထိ သင်ယူပြီးနောက် ရွှေပန်းတောအရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တကေလာသထံတွင် လည်းကောင်း၊ အောင်လံမြို့ မြဝတီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာနန္ဒထံတွင် လည်းကောင်း သာမဏေဘဝဖြင့် ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။

ထိုနောက် ပြင်ဦးလွင်မြို့ ဝိသုဒ္ဓါရုံ (ပါဠိတက္ကသိုလ်)၊ ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဟာသဝ ပဏ္ဍိတာဘိဝံသ (အဂ္ဂမဟာ ပဏ္ဍိတ) ထံတွင် ရဟန်းဘဝဖြင့် ပညာသင်ကြားရာ အစိုးရပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို ဖြေဆိုအောင်မြင်တော်မူသည်။

ဆရာတော်သည် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော် အဘိဝံဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇာနေယျဗုဒ္ဓဘိဝံသ၊ အသောကာရုံဆရာတော် ဘဒ္ဒန္တသုဝဏ္ဏဇောတျာဘိဝံသ၊ ဗာရာဏသီဆရာတော် အဘိဝံဇ မဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တဝိစိတ္တာစရတို့ထံတွင် ပရိယတ္တိသဒ္ဒါလက္ခဏ၊ ဝုတ္တောဒယ၊ ကာရိကာ၊ ဋီကာ၊ အနုဋီကာ၊ ဘာသာ၊ ဂဏ္ဌိ၊ ပုရာဏ၊ ဝိနည်း၊ သုတ်၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ဝိပဿနာဒီပနီ၊ ဝိပဿနာကြောင်းတို့ကို သင်ကြားခဲ့သည်။

ထို့နောက် ဆရာတော်သည် ဗုဒ္ဓဘာသာ၏ ပိဋကတ်သုံးပုံ ကျမ်းဂန်များကို ကျမ်းတော်တင်ပြီးပြည့်စုံအောင် သင်ကြားခဲ့ပြီး ဖြစ်သည်။

စာပေကျမ်းဂန်များပို့ချတော်မူခြင်း

ဆရာတော်သည် ရဟန်းကိုးဝါမှစ၍ တောင်ငူမြို့လောကုတ္တရာ ဝိသုဒ္ဓါရုံ သိမ်ဦးတိုက်၊ ဝိသုဒ္ဓါရုံမြို့ထောင့်တိုက်များတွင် စာသင်သားတပည့်များကို လောကုတ္တရာ စာပေများ သင်ကြားပို့ချပေးတော်မူသည်။ ထို့နောက် ကျေးဇူးရှင် ဗာရာဏသီဆရာတော် မန္တလေးမှ ပြည်မြို့သို့ ပြောင်းရွှေ့၍ ဝိသုဒ္ဓါရုံ ဗာရာဏသီ တိုက်သစ်တည်ထောင် သော ၁၃၂၁ ခုနှစ်မှ ယနေ့တိုင်စာသင်သား ၁၀၀ ခန့်အား စာပေပို့ချသင်ကြားပေးလျက်ရှိသည်။

သာသနာရေးအားပေးဆောင်ရွက်ခြင်း

ဆရာတော်သည် ပြည်မြို့၊ သုံးခရိုင် ရွှေကျင်နိကာယဝိနည်းတော်စာပြန်ပွဲ အကျိုးတော်ဆောင်၊ တိုင်းသံဃနာယက အဖွဲ့ဝင်၊ အစိုးရဓမ္မာစရိယနှင့် ပါဠိ ပထမပြန်စာမေးပွဲစာစစ်၊ တတိယအကြိမ် မြို့နယ်သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ၊ ပြည်မြို့ ရွှေဆံတော်ဘုရား၊ ဆယ်ထပ်ကြီးဘုရား၊ ကိုးသောင်းစေတီတော်၊ နဝင်းကျောင်းကုန်းဆုတောင်း ပြည့်စေတီတော်စသည့် ဘုရားစေတီဂေါပကအဖွဲ့များ၏ ဩဝါဒစရိယဟူသည့် သာသနာ့တာဝန်အမျိုးမျိုးကို ထမ်းရွက်တော်မူသည်။

ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးထမ်းရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တဝိစိတ္တာစရသည် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
မန္တလေးတိုင်း၊တပ်ကုန်းမြို့၊ငွေတောင်တောရ
ပရိယတ္တိစာသင်တိုက်
ဆရာတော် ဘဒ္ဒန္တပညာသီရိ

ဆရာတော်ကို တပ်ကုန်းမြို့နယ် ချိကျအင်းကျေးရွာတွင် ခမည်းတော် ဦးမင်းကျော်၊ မယ်တော် ဒေါ်တုပ်တို့က



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တပညာသီရိ

၁၂၈၆ ခုနှစ် ၊ ပြာသိုလပြည့်၊ ကြာသပတေးနေ့၌ ဖွားမြင်သည်။

ရှင်ရဟန်းအဖြစ်ရောက်တော်မူခြင်း

၁၃၀၁ ခုနှစ် ၊ကဆုန်းလ၌ ညောင်လွန်းတောရတိုက်ကြပ်ဆရာတော် ဘဒ္ဒန္တဥတ္တမကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဘွဲ့တော်မှာ ရှင်ပညာသီရိဖြစ်သည်။

၁၃၀၅ ခုနှစ် တပေါင်းလပြည့်နေ့၌ ငွေတောင်တောရကျောင်းတိုက် ခဏ္ဍသိမ်တွင် ဆရာတော် ဦးလက်ံာရကို ဥပဇ္ဈာယ်ပြု၍ မြို့ငအင်းကျေးရွာနေ ဦးအောင်ဘ၊ ဒေါ်မိကြီး မိသား၊စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်သည်။

စာပေပရိယတ္တိသင်ကြားတော်မူခြင်း

၁၄ နှစ်သား၊အရွယ်၌ ညောင်လွန်းတောရဆရာတော်များထံတွင် သင်ပုန်းကြီး၊ ပရိတ်ကြီး၊စသည်တို့ကို သင်ယူခဲ့သည်။ ထို့နောက် တပ်ကုန်း၊ ရွှေတောင်တောရတိုက်တွင် ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့သည်။

ရဟန်း၊ဘဝရောက်သောအခါ အမရပူရမြို့ မဂ်လာတိုက်ဟောင်း၊ တိုက်သစ်ဆရာတော်များ၊ မန္တလေး၊ မဟာနန္ဒိသေနာရာမတိုက်၊ ဘုရားကြီးတိုက်၊ ရွှေရေးဆောင်တိုက်၊ ညောင်ကန်တိုက်၊ မုံရွာသပြေပင်တောရတိုက်တို့တွင် ပိဋကတ်အကျော်ဆရာတော်များထံ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို သင်ယူခဲ့သည်။

အောင်မြင်တော်မူသောစာမေးပွဲများ

ဆရာတော်သည် စာချတန်းတွင် ဂုဏ်ထူးကျမ်းသံယုတ်၊ မဇ္ဈိမပဏ္ဏာသနှင့်တကွ အောင်မြင်၍ သာသနဝေသိရိပဝရဝမ္မာစရိယဘွဲ့, မဟာဝဂ္ဂါဒိပါဠိဂုဏ်ထူးကျမ်းကို အောင်မြင်၍ သာသနဝေ ဒီဃနိကာယ ပါဠိပါရဂူဘွဲ့,တို့ကို အောင်မြင်တော်မူသည်။

စာပေပရိယတ္တိပို့ချတော်မူခြင်း

ဆရာတော်သည် တပ်ကုန်းမြို့ ငွေတောင်တောရစာသင်တိုက်တွင် စာသင်သား၊သံဃာတော် ၁၀ ကျော်တို့အား မူလတန်းငယ် ၊ လတ်၊ ကြီး စာချတန်းဆိုင်ရာစာဝါများကို သင်ကြား၊ပို့ချတော်မူ လျက်ရှိသည်။ ဆရာတော်သည် စာချတန်းကို ဂုဏ်ထူးဖြင့်အောင်မြင်၍ သာသနဝေ သိရိပဝရဝမ္မာစရိယဘွဲ့, မဟာဝဂ္ဂါဒိပါဠိဂုဏ်ထူးကျမ်းကို အောင်မြင်၍ သာသနဝေဒီဃ နိကာယ ပါဠိပါရဂူဘွဲ့,တို့ကို ရရှိတော်မူခဲ့သည်။

သာသနာရေးအားပေးဆောင်ရွက်ခြင်း

ဆရာတော်သည် ရန်ကုန်ကမ္ဘာအေးကုန်းမြေတွင် ပထမဆုံးဖွင့်လှစ်သော ဝိနည်းဝိုရ် သင်တန်းသို့တက်ရောက်ခြင်း၊ နိုင်ငံတော်ဝိနည်းဝိုရ်၊ တိုင်းဝိနည်းဝိုရ်၊ မြို့နယ် ဝိနည်းဝိုရ်တာဝန်၊ ကိုက်းပေါင်းစုံ သံဃာ့အဖွဲ့အစည်း ဒုတိယအကြိမ် ငါးနှစ်သက်တမ်းမှစ၍ တတိယအကြိမ်၊ စတုတ္ထအကြိမ်အထိ တပ်ကုန်းမြို့နယ် သံဃာ့နာယကအဖွဲ့, ဥက္ကဋ္ဌ၊ တတိယအကြိမ်မှစတုတ္ထအကြိမ်အထိ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်စသော သာသနာရေးကိစ္စများကို ဆောင်ရွက်တော်မူသည်။

ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တပညာသီရိသည် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့,တံဆိပ်တော်မြတ်ကို အလှူခံရရှိတော်မူသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ
မန္တလေးမဟာအောင်မြေမြို့နယ်၊ပေါက်မြို့ငှိတိုက် ၊
အလယ်တိုက်ကြီး
ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ

ဆရာတော်ကို စစ်ကိုင်းတိုင်း ၊ ကသာမြို့ အမှတ် ၃ ရပ်ကွက်၊ ဝမ္မာရုံလမ်းတွင် ခမည်းတော် ဦးနှစ်၊ မယ်တော် ဒေါ်မြစ်တို့က ၁၂၈၉ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့၌ ဖွားမြင်သည်။

ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

၁၃၀၅ ခုနှစ် ၊ဝါဆိုလဆန်း ၁၀ ရက်နေ့၌ မယ်တော်ကြီးနှင့် ဦးကိုကြီး ၊ဒေါ်ကြည်တို့၏ ပစ္စယာနုဂ္ဂဟ ကိုခံယူလျက် မြောက်ကျောင်းဆရာတော် ဦးစာရိန္ဒကို ဥပဇ္ဈာယ် ပြုပြီး ရှင်သာမဏေအဖြစ် ရောက်သည်။ ဘွဲ့တော် ရှင်အဂ္ဂဝံသ ဖြစ်သည်။

၁၃၀၉ ခုနှစ် ၊နယုန်လဆန်း ၁၅ ရက်နေ့၌ ကသာမြို့၊ မိသလင်းကျောင်း၊ ခဏ္ဍသိမ်တွင် မြောက်ကျောင်းဆရာတော် ဦးစာရိန္ဒာကို ဥပဇ္ဈာယ်ပြုလျက် မယ်တော်ကြီး အပါအဝင် ဒေါ်စိန်၊ ဦးမြို့ငှ-ဒေါ်စု၊ ဦးဘခိုင်- ဒေါ်ညွန့်ညွန့်၊ ဒေါ်တင်တင်၊ ဦးမြစိန် (တရား၊ရုံး၊ချုပ်ရှေ့.နေ) + ဒေါ်မိမိလေး (မြန်မာစာပါမောက္ခ) တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စာပေပရိယတ္တိသင်ကြားဆည်းပူးတော်မူခြင်း

ကသာမြို့ ၊ မြောက်ကျောင်းဆရာတော် ဦးစာရိန္ဒ၊ မိသလင်းဆရာတော် ဦးကေတု မာလာ၊ စစ်ကိုင်းတောင်ရိုး ဇေယျသိခံ ဆရာတော်၊ ဦးပညိန္ဒာဘိဝံသနှင့် ကထိက ဆရာတော်များ၊ မန္တလေး မစိုးရိမ် ဆရာတော်ကြီးနှင့် ဦးစန္ဒာဘာသာဘိဝံသ၊ ဦးဝိစိတ္တာဘိဝံသ၊ ဝေယျဘုံသာ ဆရာတော်၊ တောင်သမန်ဆရာတော် ၊ ရွှေရေးဆောင် ဆရာတော်၊ လေးကျွန်းချမ်းသာ ဆရာတော်စသည့် ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေများသင်ယူတော်မူသည်။

ဆရာတော်သည် အတန်းကျောင်း သတ္တမတန်း အထိ ပညာသင်ကြားခဲ့ပြီး ၁၃၁၀ ပြည့်နှစ်၌ ပထမငယ်တန်း(ပထမဂုဏ်ထူး) ၁၃၁၁ ခုနှစ်၌ ပထမလတ်တန်း၊ ၁၃၁၃ ခုနှစ်၌ ပထမကြီးတန်း(ဒုတိယတန်းဂုဏ်ထူး) ၁၃၁၄ ခုနှစ်၌ ကျမ်းရင်းသုံးကျမ်း၊ ဂုဏ်ထူး ခြောက်ကျမ်းတို့.ကို တစ်နှစ်တည်းဖြင့် အောင်မြင်၍ သာသနဓဇသိရိပဝရ ဝမ္မာစရိယ သီရောမဏိဘွဲ့.ကို ရရှိတော်မူသည်။

ထို့.ပြင် ၁၃၁၄ ခုနှစ်၌ သက္ကသိဟ စာသင်တန်း၊ ၁၃၁၆ ခုနှစ်၌ သက္ကသိဟစာချတန်းတို့.ကို အောင်မြင်တော်မူသည်။

စာပေပရိယတ္တိပို့ချတော်မူခြင်း

ဆရာတော်သည် ရဟန်းငါးဝါမှစ၍ စစ်ကိုင်းတောင်ရိုး ပါဠိတက္ကသိုလ်နှင့် ပေါက်မြို့ငှိတိုက်အလယ်တိုက်ကြီးတွင် ငယ်လတ်ကြီး စာဝါများနှင့် စာချတန်းစာဝါများကို ပို့ချလျက်ရှိသည်။

သာသနာရေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဂုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးတွင် ဒုတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊ တတိယအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော် ဝိနည်းဓိရ်၊ စတုတ္ထအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် စသည့် သာသနာ့တာဝန်များကို သယ်ပိုးဆောင်ရွက်တော်မူသည်။

ဘွဲ့.တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသသည် ၁၉၉၁ ခုနှစ်၌ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့ပြီး ၁၉၉၈ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ် လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ကို ရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့.တံဆိပ်တော်ရ
မန္တလေးတိုင်း၊အမရပူရမြို့၊မဟာဂန္ဓာရုံကျောင်းတိုက်
ဆရာတော် ဘဒ္ဒန္တမဟိန္ဒ

ဆရာတော်ကိုမကွေးတိုင်း ၊ ထီးလင်းမြို့နယ် ကင်းပန်းရွာ တွင် ခမည်းတော် ဦးရဲဖုံး– မယ်တော် ဒေါ်ရီမယ်တို့က ၁၂၉၂ ခုနှစ်၊ ပြာသိုလဆန်း ၇ ရက် ကြာသပတေးနေ့၌ မွေးဖွားသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တမဟိန္ဒ

ရှင်ရဟန်းအဖြစ် ရောက်တော်မူခြင်း

၁၃၀၇ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်နေ့၌ ဇာတိရွာငယ်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၁၂ ခုနှစ်၊ ကဆုန်လဆန်း (၁၂) ရက်နေ့၌ ထီးလင်းမြို့နယ် ကင်းပန်းရွာ ဂန္ဓာရုံကျောင်း ခဏ္ဍသိမ်တွင် ဆရာတော် ဘဒ္ဒန္တ ဓမ္မတကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စာပေပရိယတ္တိ သင်ယူခြင်း

ငယ်ဆရာ ဖြစ်တော်မူသော ဂန္ဓာရုံကျောင်း ဆရာတော်ထံတွင် အခြေခံစာများကို သင်ယူပြီး ရဟန်းဖြစ်ချိန်မှစ၍ အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ထံတွင် ပါဠိတော် ၊အဋ္ဌကထာဋီကာများကို သင်ယူတော်မူသည်။ ဆရာတော်သည် အစိုးရဓမ္မာစရိယတန်းကို အောင်မြင်တော်မူသည်။

စာပေကျမ်းဂန်သင်ကြား ပို့ချတော်မူခြင်း

ဆရာတော်သည် အမရပူရမြို့.၊မဟာဂန္ဓာရုံကျောင်းတိုက်တွင် ငယ်လတ်ကြီး ဓမ္မာစရိယစာချတန်းဆိုင်ရာ စာဝါများကို ပို့.ချတော်မူခဲ့သည်။ ယခုအခါ ကျောင်းတိုက်ဂဏဝါစကအဖွဲ့.ဥက္ကဋ္ဌ ဆရာတော်အဖြစ် တာဝန်ယူလျက် စာဝါများကို စိမ်ခန့်.ခွဲပို့.ချတော်မူလျက် ရှိသည်။

သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၌ နာယကဆရာတော်ငါးပါးအနက် တစ်ပါးအဖြစ် ဆောင်ရွက်တော်မူ လျက်ရှိသည်။ ရန်ကုန်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၈ ရပ်ကွက်တွင် ကျောင်းတိုက်အသစ် တည်ထောင် ပေးတော်မူပြီး သာသနာပြန့်ပွားရေး ဆောင်ရွက်တော်မူသည်။ မြို့နယ်သံဃနာယက (ရွှေကျင်)အဖွဲ့. ဥက္ကဋ္ဌ၊ ဂိုဏ်းပေါင်းစုံဝန်ဆောင် နာယက ဆရာတော်၊ တတိယ–စတုတ္ထသံဃသမ္မတိရ ကိုယ်စားလှယ်စသည်ဖြင့် ဆောင်ရွက်တော်မူသည့် အပြင် တိုင်းခြားသာသနာပြု ခရီးအဖြစ် သီရိလင်္ကာ၊ အိန္ဒိယ၊ စင်ကာပူ၊ ဂျပန်နိုင်ငံများသို့ ပဉ့်လျှောက်ချက်အရ သာသနာပြုခရီး ကြွရောက်ကာ သာသနာပြုတော်မူသည်။

ဘွဲ့.တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တမဟိန္ဒသည် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်တော်မြတ်ကို ရရှိတော်မူသည်။



အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တ သာသန

အဂ္ဂမဟာပဏ္ဍိတဘွဲ့.တံဆိပ်တော်ရ
မန္တလေးတိုင်း၊ပျော်ဘွယ်မြို့၊နိုကြောဓရုံကျောင်းတိုက်
ဆရာတော် ဘဒ္ဒန္တသာသန

ဆရာတော်ကို မန္တလေးတိုင်း၊ပျော်ဘွယ်မြို့နယ် ပန်းအိုင်လှရွာတွင် ခမည်းတော် ဦးတုတ်ကျော်– မယ်တော် ဒေါ်ရွှေဖျော့တို့က ၁၂၉၃ ခုနှစ်၊ ဝါခေါင်လဆုတ် ၁၄ ရက် ၌ မွေးဖွားသည်။

ရှင်ရဟန်းအဖြစ် သို့ ရောက်တော်မူခြင်း:

၁၃၀၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်နေ့၌ ပျော်ဘွယ်မြို့နယ်၊ အလယ်ကုန်းကျောင်း ဆရာတော် ဘဒ္ဒန္တနရိန္ဒကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၁၂ ခုနှစ်၊ တပေါင်းလဆန်း ၁၅ ရက်နေ့၌ ပျော်ဘွယ်မြို့နယ်၊ ကြောင်ရေကွာ နိုကြောဓရုံကျောင်း၊ ခဏ္ဍသိမ်တွင် ရေနီဆွေစေတီကျောင်းဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ဦးကျော်ဇံ – ဒေါ်ပြုးတို့၏ စွယ်နုဂ္ဂဟကိုခံယူကာ ရဟန်းအဖြစ်သို့ ရောက်သည်။

စာပေပရိယတ္တိ သင်ကြားတော်မူခြင်း:

ဆရာတော်သည် မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်၊ အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တနရိန္ဒ၊ ကြောင်ရေကွာ၊ နိုကြောဓရုံကျောင်းဆရာတော် ဘဒ္ဒန္တ သုမနတို့ထံတွင် သဒ္ဒါ သင်္ကြိတ်စသော ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားသည်။ဆရာတော်သည် စာမေးပွဲများ ဝင်ရောက်ဖြေဆိုရာ အစိုးရငယ်၊ လတ်၊ ကြီး ဓမ္မာစရိယစာချတန်းတို့ကို အောင်မြင်ခဲ့သည်။

စာပေကျမ်းဂန်များ ပို့ချတော်မူခြင်း:

ဆရာတော်သည် ပျော်ဘွယ်မြို့ ၊နိုကြောဓရုံကျောင်းတိုက်တွင် ပါဠိပထမပြန် ငယ်၊ လတ်၊ ကြီး စာမေးပွဲ၊ သဒ္ဒါ သင်္ဂြိတ် ၊ အဘိဓာန် ဥဝါစာများကို သင်ကြားပို့ချတော်မူသည်။

သာသနာရေးဆောင်ရွက်တော်မူခြင်း:

ဆရာတော်သည် ပထမ၊ ဒုတိယ၊ တတိယ ဗဟို သဲယသမ္မုတိ ကိုယ်စားလှယ်နှစ်ကြိမ်၊ ဒုတိယ၊ တတိယ၊ စတုတ္ထတိုင်းသဲယနာယက သုံးကြိမ်၊ ဝန်ဆောင်လေးကြိမ် စသော သာသနာ့တာဝန်များကို ထမ်းဆောင်တော် မူခဲ့သည်။ တရားဟော၊ တရားပြစသော ပဋိပတ္တိတာဝန်များကိုလည်း ဆောင်ရွက်တော်မူသည်။

ဘွဲ့.တံဆိပ်တော်ရရှိတော်မူခြင်း:

ဤသို့ သာသနာ့အကျိုးကို ဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တသာသနသည် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်ကော်ကို ရရှိတော်မူသည်။



အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တ ခန္တီစရ

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မဟာအောင်မြေရွှေဘုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ခန္တီစာရ

ဆရာတော်ကိုမွန်ပြည်နယ် ၊ခဲမောက်ရွာတွင် ခမည်းတော် ဦးပြောင် – မယ်တော် ဒေါမငယ်တို့.က ၁၂၈၉ ခုနှစ်၊ သီတင်းကျွတ်လပြည့် တနလာနေ.၌ ဖွားမြင်သည်။

ရှင်ရဟန်းအဖြစ် ရောက်တော်မူခြင်း

၁၂၉၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁၀ ရက်နေ.၌ ဆရာတော် ဘဒ္ဒန္တစာရိတ္တကို ဥပဇ္ဈာယ်ပြု၍ ဦးမောင်ခင်–ဒေါမတင်တို့.၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့. ရောက်သည်။

၁၃၀၉ ခုနှစ်၊ ကဆုန်လဆုတ် ၁၄ ရက်နေ့၌ သထုံမြို့နယ်၊ ကင်ပွန်းခြံရွာ၊ ယောသိတာရုမကျောင်းတိုက်ခဏ္ဍသိမ်တွင် ဘဒ္ဒန္တစာရိတ္တကို ဥပဇ္ဈာယ်ပြု၍ ဒုံဝန်းရွာနေ ဦးဖိုးဟန်– ဒေါဖော့တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စာပေပရိယတ္တိ သင်ကြားတော်မူခြင်း

ဆရာတော်သည်မွန်ပြည်နယ် ၊ဘီလင်းမြို့.နယ်၊ ခဲမောက်ကျောင်းဆရာတော် ဘဒ္ဒန္တအာသဖ၊ ဘဒ္ဒန္တအာဒိစ္စ၊ သထုံ၊ ဝမ္မမေဒနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာ ပဏ္ဍိတ)၊ မန္တလေး ဘုရားကြီးတိုက်ဆရာတော် ဘဒ္ဒန္တ ဥက္ကံသ၊ ဂျန်ကုန် ဝမ္မိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတ (အဂ္ဂမဟာ ပဏ္ဍိ တ)၊ ဘဒ္ဒန္တ ပဏ္ဍိစ္စ (အဂ္ဂမဟာ ပဏ္ဍိတ) စသော ဆရာတော် ကြီးများထံတွင် နေ့ဝါ၊ ညဝါ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော ကျမ်းများကို သင်ကြားဆည်းပူးတော် မူသည်။

စာပေကျမ်းဂန်များပို့ချတော်မူခြင်း

ဆရာတော်သည် မဟာအောင်မြေ ရွှေဘုံကျောင်းတိုက် တွင် စာသင်သဖ ၄၅ ပါးတို့အား နေ.ဝါညဝါများနှင့် ပါဠိတော်၊ အဋ္ဌကထာ ဋီကာတို့.ကို ပို.ချပေးတော်မူသည်။

သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၉၉၅ ခုနှစ်၌ နိုင်ငံတော် သံဃမဟာ နာယက၊ ဒုတိယ၊ တတိယအကြိမ်တို.တွင် နိုင်ငံတော် ဝိနည်းဝိုဂ် စသည်ဖြင့် ဆောင်ရွက်တော်မူပြီး ၁၃၅၁ ခုနှစ်၌ ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံ၊ ၁၃၅၅ ခုနှစ်၌ ဂျပန်နိုင်ငံများသို့. သွားရောက်၍ သာသနာပြုတော်မူသည်။

ဘွဲ့တံဆိပ်တော် ရရှိတော်မူခြင်း

ဤသို့. သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တခန္တီစာရသည် ၁၃၅၉ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်. ဖွံ့.ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းအပ်သော အဂ္ဂမဟာပဏ္ဍိတဘွဲ့.တံဆိပ်တော်ကို ရရှိတော်မူသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တသုစိတ္တာဘိဝံသ

အဂ္ဂမဟာ ပဏ္ဍိတဘွဲ့.တံဆိပ်တော်ရ
ရန်ကုန်တိုင်း၊ ရန်ကင်းမြို့.နယ်၊ ရွှေဟင်္သာ တိုက်သစ်
ပဓာန နာယက
ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ

ဆရာတော်ကို ဧရာဝတီတိုင်း မအူပင်မြို့.နယ်၊ ကုန်းတန်းကြီးရွာတွင် ခမည်းတော် ဦးစိန်ထွန်း၊ မယ်တော် ဒေါနှင်းလိုင်တို့.က ၁၂၈၂ ခုနှစ်၊ ပြာသို လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၌ မွေးဖွား သည်။

ရှင်ရဟန်းအဖြစ်သို့. ရောက်ရှိတော်မူခြင်း

ဆယ်နှစ်သားအရွယ်၌ မိဘနှစ်ပါးတို့.၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မအူပင်မြို့.နယ် ခြောက်ရွာကျေးရွာ၊

ဝမ္မာရုံ ရွှေကျင်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ အဖြစ်ရောက်သည်။ ဘွဲ့.တော် ရှင်သုစိတ္တာ ဖြစ်သည်။

၁၃၀၂ ခုနှစ် တပေါင်းလပြည့်နေ.၌ ညောင်တုန်း မြို့. ရွှေဟင်္သာတောရကျောင်းတိုက် သီလဝံသောဝနီ သိမ်တော်ကြီးတွင် ပထမစံကျောင်းဆရာတော် ဦးဝါယာမ ကို ဥပဇ္ဈာယ်ပြုကာ ရဟန်းအဖြစ်သို့ ရောက်တော်မူ သည်။

စာပေ ပရိယတ္တိ သင်ကြားတော်မူခြင်း

မအူပင်မြို့.နယ် ၊ခြောက်ရွာဝမ္မာရုံရွှေကျင်ကျောင်း ဆရာတော်ဘုရားကြီးထံတွင် ပိဋကတ်စာပေ၊ အခြေခံ ကျမ်းစာများကို သင်ယူပြီး ညောင်တုန်း၊ ရွှေဟင်္သာတောရ ကျောင်းတိုက်တွင် ပထမပြန်ဆိုင်ရာ ပိဋကတ်စာပေ များကို ဆက်လက်သင်ကြားသည်။ ပထမငယ်၊ လတ်၊ ကြီးတန်းတို့.ကို ရှင်သာမဏေဘဝဖြင့်ပင် အောင်မြင် တော်မူသည်။

ထို့.နောက် မန္တလေး မဟာဝိသုဒ္ဓါရုံ တိုက်သစ်တွင် ပရိယတ္တိ စာပေများ ဆက်လက်သင်ကြားတော်မူရာ ၁၃၁၃ ခုနှစ်၌ အစိုးရစာချတန်းကို (ကျမ်းရင်း သုံးကျမ်းနှင့် ဂုဏ်ထူး ခြောက်ကျမ်း) ၁၃၁၄ ခုနှစ်၌ မန္တလေးသကျသီဟ သီးခြားစာချတန်းတို့.ကို အောင်မြင်တော်မူသည်။ ထိုနှစ်မှာပင် စေတိယင်္ဂဏ စာချတန်း စာမေးပွဲကို အောင်မြင်တော် မူပြန်သည်။

စာပေကျမ်းဂန် သင်ကြားပို့ချတော်မူခြင်း

ညောင်တုန်းမြို့.ရွှေဟင်္သာတောရကျောင်းတိုက်၊မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ စစ်ကိုင်းဂေဟင်ရိုး ရွှေဟင်္သာ တိုက်သစ်တို့.တွင် တိုက်အုပ်စာချအဖြစ် ထမ်းရွက်တော် မူခဲ့သည်။ ထို့.နောက် ရန်ကုန် ရွှေဟင်္သာတိုက်သစ်ကျောင်း တိုက်တွင် ကျမ်းဂန်အထွေထွေကို ပို့.ချပေးတော်မူသည်။

သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ဆဋ္ဌသင်္ဂီတိကာရကပုဂ္ဂိုလ်၊ ပါဠိ စိဿာဝကပုဂ္ဂိုလ်၊ပါဠိပဋိဝိဿာဝကပုဂ္ဂိုလ်အဖြစ် သာသနာရေးတာဝန်ကို ထမ်းရွက်တော်မူခဲ့သည်။ ၁၃၄၂ ခုနှစ်၌ ဂိုဏ်းပေါင်းစုံ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ဖြစ်ပေါ်လာချိန်မှစ၍ ပထမ၊ ဒုတိယ၊ တတိယအကြိမ် သုံးကြိမ်တိုင်တိုင် ရန်ကုန်တိုင်းသဃ နာယကအဖွဲ့. (ရွှေကျင်) အကျိုးတော်ဆောင် ဆရာတော် အဖြစ် နှစ်ပေါင်းများစွာ ဆောင်ရွက်တော်မူခဲ့သည်။

ဘွဲ့.တံဆိပ်တော် ရရှိတော်မူခြင်း

ဤသို့. သာသနာတော်အကျိုးကို သယ်ပိုးဆောင် ရွက်တော်မူသော ဆရာတော် ဘဒ္ဒန္တ သုစိတ္တာဘိဝံသ သည် ၁၉၉၈ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့.ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။



အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့.တံဆိပ်တော်ရ
ဆရာတော်ဘဒ္ဒန္တ ဣန္ဒာစာရ

အဂ္ဂမဟာ ပဏ္ဍိတဘွဲ့.တံဆိပ်တော်ရ
သန်လျင်မြို့.၊ မင်းကျောင်း ပထမပြန်စာသင်တိုက်
ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ

ဆရာတော်ကို ရန်ကုန်တိုင်း ၊ သန်လျင်မြို့.နယ် သပြေကန်ရွာတွင် ခမည်းတော် ဦးဘိုမောင်၊ မယ်တော် ဒေါလုံးတင် တို့.က ၁၂၈၆ ခုနှစ်၊ တပို့.တွဲလဆန်း ၂၉ ရက် ၊ တနင်္ဂနွေနေ့၌ မွေးဖွားသည်။

ရှင်ရဟန်းအဖြစ် ရောက်တော်မူခြင်း

၁၂၉၈ ခုနှစ် တပို့.တွဲလပြည့်နေ့၌ ရန်ကုန်တိုင်း ၊ခရမ်းမြို့. ကန်သာကျောင်းတွင် သပြေကန်ကျေးရွာ ကန်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တဝိမလကို ဥပဇ္ဈာယ် ပြု၍ ဦးဘဖေ ၊ ဒေါနင်းယုံတို့.မိသားစု၏ ပစ္စယရာနုဂ္ဂဟ ဖြင့် ရှင်သာမဏေအဖြစ်သို့. ရောက်သည်။

၁၃၀၅ ခုနှစ် ၊ နှောင်းတန်ခူးလဆန်း ၁၃ ရက်နေ့၌ ရန်ကုန်တိုင်း ၊လှည်းကူးမြို့ နယ် ရွာမ်းတဲကြီးကျေးရွာ၊ အုတ်ဖိုတောကျောင်း ခရာသိမ်တွင် ဘုရားသုံးဆူကျောင်း ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏကို ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ နေ ဦးဘိုနံ ၊ဒေါ်ချစ်တို့၏ ပစ္ဆိယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

စာပေပရိယတ္တိ သင်ကြားခြင်း

ဆရာတော်သည် ကန်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ ဝိမလနှင့် ဘဒ္ဒန္တဝါယမ၊ ဘုရားသုံးဆူကျောင်း ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏ၊ ပထမပြန်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တ ကလျာဏ၊ မန္တလေးမြို့ ရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တ စန္ဒ၊ တမွဝတီကျောင်း ဆရာတော် ဘဒ္ဒန္တအရိယ၊ အမရပူရဆရာတော် ဘဒ္ဒန္တ ဥက္ကံသ၊ ဝေယျဘုံသာ ဆရာတော် အဒ္ဒန္တ ကလျာဏ၊ တောင်သမန်ဆရာတော် ဘဒ္ဒန္တကေသဝ၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တ မေဓိယာဘိဝံသ စသော ဆရာတော်ကြီးများထံတွင် ပရိယတ္တိစာပေ များကို သင်ကြားဆည်းပူးတော်မူသည်။

ဆရာတော်သည် စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ ငယ်၊ လတ်၊ ကြီးနှင့် ဝမ္မာစရိယ စာချတန်းတို့ကို အောင်မြင်တော်မူသည်။

စာပေကျမ်းဂန်များ ပို့ချခြင်း

ဆရာတော်သည် သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက်တွင် နာယကဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရိနှင့် အတူ ပထမပြန်နှင့် ဝမ္မာစရိယစာချတန်းစာဝါ များကို ပို့ချပေးတော်မူခဲ့သည်။ ယခုအခါ ထိုကျောင်းတိုက်တွင် ပဓာန နာယကဆရာတော်အဖြစ် စီမံအုပ်ချုပ်လျက် ပထမပြန်နှင့် ဝမ္မာစရိယစာချတန်း စာမေးပွဲဆိုင်ရာ စာပေပရိယတ်တို့ကို တပည့်စာသင်သားများအား ပို့ချပေးတော်မူလျက်ရှိသည်။

သာသနာရေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် သံလျင်မြို့လုံးဆိုင်ရာ သာသနာရေးကိစ္စများ၊ ခုနစ်မြို့နယ် သုဝမ္မာနိကာယဝိနည်း စာပြန်ပွဲကြီး၏ ဥက္ကဋ္ဌ၊ သံလျင်မြို့နယ် သံဃနာယက အဖွဲ့အကျိုးတော်ဆောင် ၊ ထို့နောက် သံလျင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ တာဝန်များအပြင် နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင် တာဝန်များကို ထမ်းရွက်တော်မူသည်။

ဘွဲ့တံဆိပ်တော်ရရှိတော်မူခြင်း

ဤသို့သာသနာတော်အကျိုးကို ဆောင်ရွက်တော်မူသော ဆရာတော်ဘဒ္ဒန္တဣန္ဒာစာရသည် ၁၉၉၈ ခုနှစ်၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် တော်ကို ရရှိတော်မူသည်။

(ဦးအုန်းလွင်)

မလေးရှားနိုင်ငံ။ ။ဒေသအတွင်း ဖြစ်ပေါ်နေသော စိုးပွားရေးအကျပ်အတည်းကို မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလေးရှား ဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ဂျကာတာမြို့တွင် ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့ ပြောကြားသည်။ ဂျကာတာမြို့၌ အင်ဒိုနီးရှားသမ္မတ ဆူဟာတိုနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် မဟာသီယာမိုဟာမက်က မလေးရှားသည်အခြားနိုင်ငံများကဲ့သို့ပင် စိုးပွားရေးကျဆင်းမှုနှင့် ကြုံတွေ့နေရကြောင်း၊ အင်ဒိုနီးရှား အလုပ်သမားအများအပြားကို နှင်ထုတ်မည်မဟုတ်ကြောင်း၊ အခြားစိုးပွားရေးလုပ်ငန်းများတွင် ပြောင်းရွေ့နေရာချထားပေးမည်ဖြစ်ကြောင်း၊ စသည်ဖြင့်ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံ၌ အင်ဒိုနီးရှားအလုပ်သမား တစ်သန်းခန့်ရှိရာ အများစုမှာ လုပ်ခနည်းသော လုပ်ငန်းများ၌ တရားမဝင်လုပ်ကိုင်နေကြရသည်။

ကွာလာလမ်ပူမြို့တွင် မတ်လ ၂၃ရက်နေ့ကကျင်းပသော နဝမအကြိမ်မြောက် ပါလီမန်အစည်းအဝေးဖွင့်လှစ်ရာတွင် မလေးရှားနိုင်ငံအကြီးအကဲ ဘုရင်တွန်ကူကျာအဖာက မိန့်ခွန်း ပြောကြားခဲ့သည်။ ပြဿနာပိုမိုကြီးထွားစေပြီး သံသယဖွားစေမည့် မည်သည့်အလုပ်ကိုမျှ မလုပ်မိအောင် ရှောင်ကြဉ်သင့်ကြသည်။ သို့သော်လက်ရှိ အကျပ်အတည်းကို ရင်ဆိုင်ရာ၌ ခွဲကောင်းကောင်းဖြင့် ဆောင်ရွက်သင့်ကြသည်။ နိုင်ငံ၏ စိုးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ထိခိုက် စေသော ငွေကြေးဈေးကွက်နှင့် အစုရှယ်ရာဈေးကွက် တို့တွင် ကမောက်ကမ ဖြစ်နေချိန်၌ မလေးရှားပြည်သူတို့က အစိုးရဦးဆောင်သော လုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်ကြရမည်။ အစိုးရအပေါ် သံသယကင်း၍ လက်ရှိအခြေအနေကို သည်းခံကြရမည်ဖြစ်သည် စသဖြင့် မလေးရှားဘုရင်က ပြောကြားခဲ့သည်။

ငွေကြေးအကျပ်အတည်း ပြေလည်အောင် ဖြေရှင်းပြီးသွားသည့်အခါ မလေးရှားခေါင်းဆောင်ပိုင်း၌ အပြောင်းအလဲ ပြုလုပ်မည်ဆိုပါက ပြဿနာရှိမည်ဟု မမြင်ကြောင်း

ဝန်ကြီးချုပ် မဟာသီယာက တိုကျိုမြို့တွင် ဇွန်လ ၄ ရက် နေက ပြောကြား:ခဲ့သည်။ အရေးအကြီး:ဆုံး: ကိစ္စမှာ ချောမောပြေပြစ်စွာ အသွင်ကူး:ပြောင်း:မှုရရှိရန် ဖြစ်သည်။ မိမိ၏အစိုး:ရနှင့် ပါတီအုပ်ချုပ်မှုကို ပခုံး:ပြောင်း:ပေး:နိုင်သည်။ လွှဲပြောင်း:ပေး:နိုင်မည်ဟုလည်း: မျှော်လင့်ထား:သည်။ မလေး:ရှား:နိုင်ငံ၏ ပထမဦး:ဆုံး:ရည်မှန်း:ချက်မှာ ငွေကြေး:အကျပ်အတည်း:ကို ဖြေရှင်း:ရန်ပင် ဖြစ်သည်။ စသဖြင့် တိုကျိုမြို့တွင် ကျင်း:ပသော သတင်း:စာရှင်း:လင်း:ပွဲ၌ အာဏာလွှဲပြောင်း:ရေး:ကိစ္စနှင့် ပတ်သက်၍ မေး:ခွန်း:ကို ဖြေကြား:ရာ၌ မဟာသီယာက ပြောကြား:ခဲ့သည်။ မဟာသီယာမှာ ၁၉၈၁ ခုနှစ်မှစ၍ မလေး:ရှား:ဝန်ကြီး:ချုပ်တာဝန်ကို ထမ်း:ဆောင်ခဲ့ရာ ယခုအခါ အသက် ၇၂ နှစ်ရှိပြီဖြစ်၍ ဝန်ကြီး:ချုပ်နှင့်ပါတီဥက္ကဋ္ဌနေရာ ဆက်ခံမည့်သူကို အများက စိတ်ဝင်စား:နေကြသည်။

မလေး:ရှား:နိုင်ငံ စီး:ပွား:ရေး ပြန်လည်တိုး:တက်လာ ရန် အစိုး:ရအဖွဲ့၏ ကနဦး:ကြိုး:ပမ်း:မှု မအောင်မြင်ရခြင်း:



ခေါင်း:ဆောင်ပိုင်း:နေရာကိုပင် ဆက်ခံရန် လျာထား:ခြင်း: ခံရသည့် အနှစ်ဝါအီဘရာဟင်မ်(ဝဲ)နှင့် ဝန်ကြီး:ချုပ် မဟာသီယာ(ယာ)တို့အား: တစ်ချိန်က ပြိုး:ပြိုး:ရွှင်ရွှင်နှင့် ဖက်လဲတကင်: ရှိခဲ့ကြသည်ကို တွေ့ရစဉ်

အတွက် ဝန်ကြီး:ချုပ်မဟာသီယာမိုယာမက်က သြဂုတ်လ ၂၂ ရက်နေတွင် နိုင်ငံတကာငွေကြေး:ရန်ပုံငွေအဖွဲ့ (အိုင်အမ် အက်ဖ်)ကို ပြစ်တင်ဝေဖန်ခဲ့သည်။ ၁၉၉၈ ခုနှစ်၊ ဇူလိုင်လတွင် စီး:ပွား:ရေး:ပြဿနာ စတင် ပေါ်ပေါက်ခဲ့ ရာ၌ အိုင်အမ်အက်ဖ်၏ အကြံပေး:ချက်များ:အတိုင်း: လိုက်နာ ဆောင်ရွက်ခဲ့ရာတွင် နိုင်ငံ၏စီး:ပွား:ရေး:မှာ ပိုမိုဆိုး:ရွား:လာ ခဲ့ကြောင်း: မဟာသီယာမိုဟာမက်က ပြောကြား:သည်။

ဝန်ကြီး:ချုပ် မဟာသီယာမိုဟာမက်၏ လက်ထောက် အနှစ်ဝါအီဘရာဟင်မ်၏ လွတ်လပ်သော ဈေး:ကွက်စီး:ပွား:ရေး အယူအဆကို ချေဖျက်လိုက်သော အခြေခံကျသော ပြည်တွင်း:သုံး:ငွေကြေး:ထိန်း:ချုပ်မှုများ:ကို မလေး:ရှား:အစိုး:ရက ပြုလုပ်လိုက်ပြီး: နောက်တစ်နေ့ စက်တင်ဘာလ ၂ ရက်နေတွင် အနှစ်ဝါအီဘရာဟင်မ်အား: မဟာသီယာက ရာထူး:မှ ထုတ်ပယ်လိုက်သည်။ ယင်း:သို ရာထူး:မှ ထုတ်ပယ်ခြင်း:မှာ ထိပ်သီး:ခေါင်း:ဆောင်နှစ်ဦး:အကြား:၌ အခြေအနေ တင်း:မာမှုများ: ဖြစ်ပေါ်စေခဲ့ပြီး: နိုင်ငံ၏အနာဂတ် နိုင်ငံရေး:နှင့် စီး:ပွား:ရေး:ဆိုင်ရာ မူဝါဒများ:နှင့် ပတ်သက်၍ သဘောကွဲလွဲမှုများ:ကို ပိုမိုနက်ရှိုင်း:စေခဲ့ကြောင်း: အစိုး:ရ အရာရှိများ:နှင့် ဈေး:ကွက်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများ:က ပြောကြား:သည်။ အစိုး:ရ ရာထူး:မှထုတ်ပယ်ခံရသော ဒုတိယဝန်ကြီး:ချုပ်နှင့် ဘဏ္ဍာရေး:ဝန်ကြီး:ဟောင်း: အနှစ်ဝါအီဘရာဟင်မ်ကို စက်တင်ဘာလ ၄ ရက်နေ့တွင် အာဏာရ ပေါင်း:စည်း:ညီညွတ်သော မလေး:အမျိုး:သား:အဖွဲ့မှ ထုတ်ပယ်ခဲ့သည်။ ထိုသို့ပါတီမှ ထုတ်ပယ်ကြောင်း: ဆုံး:ဖြတ်ချက်ကို စက်တင်ဘာလ ၄ ရက်နေ နံနက် ၁ နာရီ အချိန် ပြီး:ဆုံး:သွား:သောပါတီ ဦး:စီး:ကောင်စီ၏ လေး:နာရီကြာ အစည်း:အဝေး:တွင် ပါတီဥက္ကဋ္ဌနှင့်ဝန်ကြီး:ချုပ် မဟာသီယာမိုဟာမက်က ကြေညာသည်။

အနှစ်ဝါသည် ဒုတိယဥက္ကဋ္ဌအနေဖြင့် ဦး:စီး:ကောင်စီ အစည်း:အဝေး: တက်ရောက်၍ အစည်း:အဝေး:မပြီး:မီ ၁၅ မိနစ်အလိုတွင် အစည်း:အဝေး:မှ ထွက်ခွာသွား:သည်။ ကောင်စီအဖွဲ့ဝင်အား:လုံး: တက်ရောက်သောသတင်း:စာရှင်း:လင်း:ပွဲတွင် ဝန်ကြီး:ချုပ်မဟာသီယာက ဒုတိယဥက္ကဋ္ဌကိုထုတ်ပယ်ကြောင်း: ဆုံး:ဖြတ်ချက်ကို အဖွဲ့ဝင်အား:လုံး:က တညီတညွတ်တည်း: ထောက်ခံကြောင်း: ပြောကြား:သည်။ အနှစ်ဝါအား: ထုတ်ပယ်ပြီး:နောက် ပါတီ ဒုဥက္ကဋ္ဌနှင့် ဒု ဝန်ကြီး:ချုပ် ရာထူး:များ:နေရာတွင် အစား:ထိုး:

ခန်ထား:မည်မဟုတ်ကြောင်း: မဟာသိကပြောကြား:သည်။ ဘဏ္ဍာရေး: ဝန်ကြီး:တာဝန်ကို မဟာသိကယူ၍ စီး:ပွား:ရေး: လုပ်ငန်း:များ: ဖွံ့ဖြိး:တိုး:တက်ရေး:ဝန်ကြီး: မူစတာဖာမိုဟာမက်အာ: ဒုတိယဘဏ္ဍာရေး:ဝန်ကြီး:အဖြစ် တာဝန်ပေး:သည်။ မူစတာသည် လက်ရှိ ရာထူး:ကိုလည်း: ထမ်း:ဆောင်ရသည်။

မလေး:ရှား: ရဲတပ်ဖွဲ့သည် သက်သေအထောက်အထား:များ: လုံလုံလောက်လောက်ရရှိပါက ဖြုတ်ချခံရသော ဘဏ္ဍာရေး:ဝန်ကြီး: အန္နဝါအီဘရာဟင်မ်အား: တရား:စွဲဆိုနိုင်မည်။ မလေ:ရှား:ရဲတပ်ဖွဲ့က ယခုအခါအမှုနှင့် ပတ်သက်၍ စုံစမ်း:နေဆဲဖြစ်သည်။ အစိုး:ရဘဏ္ဍာရေး: အကြံပေး:အရာရှိတစ်ဦး:ကို ရွေး:ချယ်ခန့်ထား:လိုက်သည်ဟု စက်တင်ဘာလ ၁၀ ရက်နေက ဝန်ကြီး:ချုပ်မဟာသိကပြောကြား:သည်။ လိင်မှုအရွှပ်တော်ပုံကိစ္စ၊ နိုင်ငံတော်သစ္စာဖောက်မှုကိစ္စနှင့် အခြား:ပြစ်မှုများ:ဖြင့် မစ္စတာအန္နဝါအား: ရဲတပ်ဖွဲ့ဝင်များ:က စစ်ဆေး:နေသည်။ နိုင်ငံတကာ ဘဏ္ဍာရေး: အကြံပေး:ပုဂ္ဂိုလ် ဆော်လမွန်စမစ်ဘာနေအား: အစိုး:ရအဖွဲ့၏ ဘဏ္ဍာရေး:အကြံပေး:ပုဂ္ဂိုလ်အဖြစ် စက်တင်ဘာလ ၁၈ ရက်နေတွင် ဝန်ကြီး:ချုပ်က ခန့်အပ်ခဲ့သည်။

အန္နဝါအီဘရာဟင်မ်နှင့် မဟာသိတို့ မူဝါဒကွဲနေပြီး: မတည့်ကြသည်မှာ ကြာပြီဖြစ်သည်။ ငွေကြေး:ထိန်း:ချုပ်မှု လျော့ပေါ့ရေး:ကို ·လိုလား:ကြောင်း: အန္နဝါပြောဆိုရာမှ ခေါင်း:ဆောင်နှစ်ဦး: ထိပ်တိုက်တွေ့ခဲ့ကြရသည်။ အန္နဝါအား: ရာထူး:မှမဖယ်ရှား:မီ ငါး:ရက်ခန့်က မဟာသိယာ၏ အမိန့်အရ ဗဟိုဘဏ်က မလေး:ရှား:သုံး:ငွေ ၃ ဒသမ ၈ ရင်း:ဂစ်နှင့် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာညီမျှကြောင်း: သတ်မှတ်ပြီး:နောက် မလေး:ရှား:သို့ နိုင်ငံခြား:မှ ရင်း:နှီး:မြှုပ်နှံမှုများ: ပိတ်လိုက်ကြောင်း: ကြေညာသည်။ နိုင်ငံခြား:ရှိ ရင်း:ဂစ်ငွေ များ:ကို ပြည်တွင်း:သိုပြန်သွင်း:ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ဝန်ကြီး:ချုပ်၏မူဝါဒများ:ကို မထောက်ခံနိုင်၍ ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ရာထူး:မှ နုတ်ထွက်သွား:ခဲ့ကြသည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေး:ရန်ပုံငွေ အဖွဲ့၏ အကူအညီကို ထိုင်:နှင့်အင်ဒိုနီး:ရှား:တိုကဲ့သို့ ယူလိုက်ပါက ထိုအဖွဲ့၏အမိန့်ကို နာခံရမည်ဖြစ်ပြီး: အနောက်တိုင်း:၏ ကိုလိုနီလက်အောက် ပြန်ရောက်သည်နှင့် တူချေမည်ဟု မဟာသိယာက ပြောကြား:သည်။ ဘဏ္ဍာရေး:ဝန်ကြီး: အန္နဝါကမူ နိုင်ငံခြား:ကြွေး:ထူပြီး: ဘဏ်မှချေး:ငွေများ: ပြန်တောင်း:၍ မရသောအဖြစ်မျိုး:ကို ကြုံတွေ့ရသည့် ထိုင်:နှင့် အင်ဒိုနီး:ရှား: မှ ကျင့်သုံး:သောမူမျိုး:ကို အပြည်ပြည်ဆိုင်ရာ ငွေကြေး:ရန်ပုံငွေအဖွဲ့မပါဝင်ဘဲ ကျင့်သုံး:လိုသည်။ မဟာသိယာ၏ မူအရ နိုင်ငံခြား:ရှိငွေကြေး:ဈေး:ကွက်၌ ရင်း:ဂစ်ငွေ အရောင်း:အဝယ်ကို တား:ဆီး:ပိတ်ပင်လိုက်သည်။ ပြည်ပဘဏ်များ: တွင် အပ်နှံထား:သော ရင်း:ဂစ်ငွေအား:လုံး:ကို အောက်တို ဘာလ ၁ ရက်နေ့ နောက်ဆုံး:ထား:၍ ပြည်တွင်း:သို့ ပြန်သွင်း:ရမည်ဖြစ်သည်။ ရင်း:ဂစ်ငွေ ဘီလီယံ ၂၀ (ဒေါ်လာ ၅ ဒသမ ၂ ဘီလီယံ)ကို ပြည်တွင်း:သို့ ပြန်သွင်း: လာပါက ငွေကြေး:အကျပ်အတည်:



အန္နဝါအီဘရာဟင်မ်နှင့်
ငှင်း:အား:ထောက်ခံကြသူများ:



အန္နဝါအီဘရာဟင်မ်အား လွှတ်ပေးရန် တောင်းဆိုကြသူများနှင့် ရဲတို့ရုန်းရင်းဆန်ခတ်ဖြစ်နေကြစဉ်

ပြေလည်စေနိုင်ရန် အခြေအနေ ဖြစ်ပေါ်လာနိုင်သည်ဟု မဟာသီယာက ယုံကြည် သည်။ ရင်းဂစ်ငွေ ၁၀၀၀၀ နှင့် ညီမျှသော နိုင်ငံခြားငွေ ထက်ပိုပြီး နိုင်ငံခြားသို့ မည်သူမျှ ယူသွားခွင့် မပြုဟု သတ်မှတ်လိုက်သည်။

အန္နဝါအီဘရာဟင်မ်က စွပ်စွဲချက်များကို ငြင်းဆန်ရာ၌ သူအား မတော်မတရားမှုများ ပြုလုပ်ကြောင်းစွပ်စွဲခြင်းသည် ရာထူးမှဖယ်ရှားရန် အဆင့်မြင့်မြင့်ပူးပေါင်းကြံစည်မှုပင်ဖြစ်သည်ဟု အန္နဝါကပြောကြားသည်။ သူအားထောက်ခံသူများက အန္နဝါတွင်အပြစ်မရှိကြောင်း ရေးသားထားသောလက်ကမ်းစာစောင်များ၊ ရင်ထိုးတံဆိပ်များ ကားကပ်စာရွက်များကို ဖြန်ဝေကြသည်။

ယင်းသို့ရှိနေခဲ့ရာမှ အန္နဝါသည် ကွာလာလမ်ပူမြို့ဆင်ခြေဖုံးဒေသရှိ သူ၏နေအိမ်တွင် လူထုစည်းဝေးပွဲများ တက်ရောက်ကြသည်။ ထို့နောက်အန္နဝါသည် အစွဲလာမ်ဆီ – မလေးရှားပါတီဖြစ်သော အတိုက်အခံအစွဲလာမ် အခြေခံ ဝါဒီအုပ်ချုပ်သော ကီလန်တန်ပြည်နယ်သို့ စည်းရုံးရေးအတွက် သွားရောက်ခဲ့သည်။ ကီလန်တန်ပြည်နယ်မှာ မလေးရှားပြည်နယ်– ၁၄ ခုအနက် အတိုက်အခံပါတီအုပ်ချုပ်သည့် တစ်ခုတည်းသော ပြည်နယ်ဖြစ်သည်။ ကီလန်တန်ပြည်နယ် မြို့တော်ကို ကိုတာဂါရုဒ်၌ အန္နဝါက လူထုအစည်းအဝေးကို တရားမဝင်ကျင်းပခဲ့ရာ အန္နဝါအား ထောက်ခံသူများ တက်ရောက်ပါကအဖမ်းခံရမည့်အန္တရာယ်ရှိ၍ အစည်းအဝေးမတက်ကြရန် ရဲတပ်ဖွဲ့က သတိပေးထားခဲ့သည်။

စီးပွားရေး – မလေးရှားနိုင်ငံသည် စီးပွားရေးဒုက္ခအကြီးအကျယ် ဆိုက်ရောက်နေဆဲဖြစ်သည်။ သို့ရာတွင် နိုင်ငံရေးနှင့် လူမှုရေးတည်ငြိမ်မှု ရှိလာသည်နှင့်အမျှ နောက်ဆုံးတွင် ယင်းဒုက္ခကို ကျော်လွှားလွတ်မြောက်နိုင်မည်ဖြစ်သည်ဟု ဝန်ကြီးချုပ်မဟာသီယာမိုဟာမက်က ကွာလာလမ်ပူမြို့၌ ပြောကြားခဲ့သည်။ ပစိဖိတ်ဆွေးနွေးပွဲညီလာခံတွင် ဇန်နဝါရီလ ၁၁ နေက ပြောကြားခဲ့သည်။ စီးပွားရေး ခြေအနေဖြောင့်ဖြူးမှုမရှိ၊ သို့သော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပြုလုပ်ရန် အခြေအနေကောင်းဆဲ ဖြစ်သည်။ အာရှဒေသတွင် ငွေကြေးပြဿနာဖြစ်နေမှု ကြောင့် ဆုံးရှုံးမှုများစွာ ရှိခဲ့သည်။ တစ်မျိုးသားလုံးပြည်တွင်းအသားတင် ထုတ်လုပ်မှုမှာ ကိုးနှစ်အတွင်း တစ်ရာခိုင်နှုန်းမျှပင် တိုးတက်မှုမရှိခဲ့။ အစိုးရက ၁၉၉၈ ခုနှစ်အတွက် မျှော်မှန်းထားသော ဂျီဒီပီ– မှာခုနစ်ရာခိုင်နှုန်းမှ လေးနှင့်ငါးရာခိုင် နှုန်းအကြားသို့ လျော့ချထားသည် စသည်ဖြင့် မဟာသီယာ က ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံသည် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာသည်ကို ကြိုဆိုသော်လည်း စျေးကစားသောငွေကြေးရန်ပုံငွေ သို့မဟုတ် ငွေကြေးကစားသူများလက်ပြောင်းလက်လွှဲလုပ်သော ငွေကြေးကို မကြိုဆိုကြောင်း ဝန်ကြီးချုပ်မဟာသီယာမိုဟာမက်က ဇွန်လ ၁၃ ရက်နေတွင် ပြောကြား့ခဲ့သည်။ ကွာလာလမ်ပူမြို့အရှေဘက် ကီလိုမီတာ ၂၆၀ ခန့်ရှိ ကူအန်တန်အနီး၊ ဘူတစ်ဆာဝူ ဒေသရှိ ဘိလပ်မြေစက်ရုံ ဖွင့်ပွဲ၌ မဟာသီယာ အဖွင့် မိန့်ခွန်းပြောကြားရာ၌ တိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများမှာ အခြားရင်းနှီးမြှုပ်နှံ သူများနှင့် မတူကြောင်း အထူးသဖြင့် စတော့စျေးကွက်တွင် ဝင်လာပြီး ထွက်သွားသူများနှင့်မတူကြောင်း၊ စတော့စျေးကွက်၌ ရင်းနှီးမြှုပ်နှံသူများသည် ထာဝရရင်းနှီးမြှုပ်နှံသူများမဟုတ်ကြကြောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအားလိုအပ်သော ဆွဲဆောင်မှုပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံမှာ လောလောဆယ်တွင် ရင်းဂစ်ငွေတန်ဖိုးလျော့ကျခြင်းနှင့် စတော့စျေးကွက် ကျခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများနှင့် ရင်ဆိုင်နေရသည်။

ဒေါ်လာ ၂.၂၅ ဘိလိယံကုန်ကျသော နိုင်ငံတကာလေဆပ်ဖွင့်ပွဲကို ဇွန်လ ၂၇ ရက်နေက ကျင်းပရာ ယင်းလေဆိပ်မှာ စီးပွားရေး နာလန်ထူမည့်အရင်းအမြစ်တစ်ခု ဖြစ်နိုင်သည်ဟု ဝန်ကြီးချုပ် မဟာသီယာက ပြောကြားခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဇူလိုင်လမှစ၍ ငွေကြေးတန်ဖိုးသိသိသာသာ လျော့ချခြင်းကြောင့် ဒေသဆိုင်ရာငွေကြေးအကျပ်အတည်း ပေါ်ပေါက်လာခဲ့ရာ မလေးရှားနိုင်ငံ ဆောက်လုပ်ရေးစီမံကိန်း အများအပြား ရပ်ဆိုင်းသွားခဲ့သည်။ ရင်းဂစ်ငွေတန်ဖိုးမကျမီက ယခုလေဆိပ် ကိုတည်ဆောက်ရန် မိမိတို့ဆုံးဖြတ်ချက်မချခဲ့လျှင် မိမိတို့သည် တန်ဖိုးနှစ်ဆထက် မနည်းပေးချရဖွယ်ရှိသည်ဟု မဟာသီယာကပြောကြားခဲ့သည်။ လေဆိပ်သစ်ကို လေကြောင်းလိုင်းသစ်များအား ဆွဲဆောင်ရာ၌ အစိုးရက အကူအညီပေးမည်။ လေဆိပ်ပတ်ဝန်းကျင်ရှိ စက်မှုလုပ်ငန်းများကို ဆွဲဆောင်ရန် လူထုဆက်သွယ်ရေးပေါင်းစုမဟာနေရာကို မက်လုံးပေးပြီး ဆွဲဆောင်မည်ဟု ဆိုသည်။

နိုင်ငံတကာဆက်ဆံရေး – တရုတ်သမ္မတ ကျန်ဇီမင်းသည် မလေးရှားနိုင်ငံအကြိုးအကဲ တွန်ကူကျာအဖနှင့် ကွာလာလမ်ပူမြို့၌ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေက တွေ့ဆုံရာတွင် အရှေတောင်အာရှနိုင်ငံများအသင်း (အာဆီယံ) ဖွဲ့စည်းထူထောင်သောနှစ် ၃၀ ပြည့် အခါသမယတွင် အရှေတောင်အာရှနိုင်ငံများ၏ အလွတ်သဘော ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် မလေးရှားနိုင်ငံသို့ မိမိလာရောက်ရသည်ကို ဝမ်းသာကြည်နူးမှုဖြစ်ရကြောင်း ပြောကြားသည်။ အရှေတောင်အာရှနိုင်ငံများထိခိုက်လွယ်ရှိသော ငွေကြေးနှင့် စီးပွားရေးပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများ ရှာကြံရေးသုံးသပ်ချက်တစ်ရပ်ဖြင့် ဒုတိယအကြိမ်အာဆီယံထိပ်သီးအလွတ်သဘောအစည်းအဝေးကို ကွာလာလမ်ပူမြို့၌ ဒီဇင်ဘာလ ၁၅ ရက်နေကဖွင့်လှစ်ခဲ့သည်။ ထိပ်သီးအစည်းအဝေးသို့ ကျန်းမာရေးကြောင့် မတက်ရောက်နိုင်သောအင်ဒိုနီးရှားသမ္မတ ဆိုဟာတိုမှအပ အာဆီယံခေါင်းဆောင်များအားလုံး တက်ရောက်ခဲ့ကြသည်။ အာဆီယံဖောင်ဒေးရှင်းဖွဲ့စည်းတည်ထောင်မှုဆိုင်ရာနှစ်လည်မှသဝဏ်လွှာကို အာဆီယံနိုင်ငံခြားရေးဝန်ကြီးများက လက်မှတ်ရေးထိုး၍ အာဆီယံဝန်ဆောင်မှုဆိုင်ရာ အခြေခံသဘောတူညီချက်အရ ကနဦးတာဝန်ခံချက်များ အကောင်အထည်ဖော်ရေးပဏာမသဘောတူညီချက်ကို အာဆီယံစီးပွားရေးဝန်ကြီးများက လက်မှတ်ရေးထိုးကြသည်။

အာရှစီးပွားရေး ကမောက်ကမဖြစ်မှုနှင့် နိုင်ငံရေးပြဿနာများအပြင် ဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးမည့် တတိယအကြိမ်မြောက် အာရှရေနံနှင့် တတ်ငွေ့ညီလာခံကို ကွာလာလမ်ပူမြို့တွင် ဇွန်လ ၁ ရက်နေတွင် ဖွင့်လှစ်ခဲ့သည်။ နှစ်ရက်ကြာ ကျင်းပသောယင်းညီလာခံ၌ အရှေအာရှတွင် ပေါ်ပေါက် သည့် စီးပွားရေး အကျပ်အတည်းမှာ ဒေသအတွင်း၌ ကာလရှည်ကြာစွာ ဆုပ်ကိုင်ထား သည့် သဘောထား ယူဆချက်များကိုအခြေခံကျကျ ပြန်လည်စဉ်းစားရန် တိုက်တွန်းတောင်းဆိုထားပြီး တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သော အကြောင်းအရာများက ဒေသ၏ အောင်မြင်စွာ ဖြေရှင်းနိုင်မှုကို စိန်ခေါ်နေဟန်ရှိသည်ဟု မလေးရှား ဒုတိယဝန်ကြီးချုပ် အန္နဝါအီဘရာဟင်မ်က ပြောကြားသည်။ ဖြစ်ပေါ်ခဲ့သော အကျပ်အတည်းမှ မိမိတို့ ရယူနိုင်သော သင်ခန်းစာမှာ မိမိတို့အချင်းချင်းနီးကပ်စွာ ဆက်သွယ်ကြပြီး အချင်းချင်းအားထားကြခြင်းဖြစ်သည် ဟုဆိုသည်။ ညီလာခံသို့ နိုင်ငံနှင့် ဒေသ ၂၈ ခုမှ ကိုယ်စားလှယ် ၆၀၀ ခန့်တက်ရောက်ကြသည်။



ထိန်းသိမ်းရေးစခန်းတွင် တွေ့ရသည့် မလေးရှားနိုင်ငံသို့ တရားမဝင် ခိုးဝင်လာသူများ

အလုပ်သမားအရေး – မလေးရှားနိုင်ငံသို့ တရားမဝင် ခိုးဝင်လာသူများအား စစ်ဆေးနိုင်ရေးအတွက် မလေးရှား နယ်စပ်တွင် လက်နက်ကိုင် တပ်ဖွဲ့များပိုမို ချထား‌ရန်စီစဉ် လျက်ရှိသည်ဟု မလေးရှား ကာကွယ်ရေးဝန်ကြီး ဆယက်ဟာမစ်အယ်လ်ဘာက မတ်လ ၃ ရက်နေတွင် ပြောကြား‌သည်။ လွန်ခဲ့သော ပထမနှစ်ဝက်အတွင်း တရားမဝင်လာရောက်သော နိုင်ငံခြားသား ဦးရေ ၃၀၀၀ ရှိခဲ့သည်။ ၁၉၉၇ ခုနှစ် တစ်နှစ်လုံးတွင် တရားမဝင် လာရောက်သော နိုင်ငံခြားသား ဦးရေ ၉၀၀၀ ရှိကြောင်း ရဲတပ်ဖွဲ့ စာရင်းဇယားများအရ သိရှိရသည်။

ယင်းကိစ္စနှင့် စပ်လျဉ်းပြီး နိုင်ငံ၏ စီးပွားရေး တိုးတက်မှု နေးကွေးနေမှုကြောင့် ပြည်ပအလုပ်သမား ၂၀၀၀၀၀ (နှစ်သိန်း) ခန့်အား ခွင့်ပြုချက်ကုန်ဆုံးသော ဩဂုတ်လတွင် နေရင်းနိုင်ငံသို့ ပြန်ပို့ရန် အစီအစဉ် ရှိကြောင်း အဆင့်မြင့်အစိုးရအရာရှိတစ်ဦးက မတ်လ ၂၅ ရက် နေတွင် ထုတ်ဖော်ပြောကြား‌ခဲ့သည်။ ဆောက်လုပ်ရေး လုပ်ငန်းများတွင် အလုပ်လုပ်နေသော နိုင်ငံခြားအလုပ် သမားများကို နေရင်းနိုင်ငံသို့ပြန်ပို့မည်ဖြစ်၍ လုပ်ငန်းရှင် များက ပြင်ဆင်ထား‌ကြရန်ကိုလည်း လူဝင်မှုကြီးကြပ်ရေး ဌာနက ပြောကြား‌ခဲ့သည်။

တရားမဝင် နိုင်ငံခြားသားအလုပ်သမား အများစုမှာ အင်ဒိုနီးရှားနိုင်ငံမှ ဖြစ်ကြသည်။ နိုင်ငံ၏စီးပွားရေး နေးကွေးလာမှုကြောင့် ၁၉၉၇ ခုနှစ်တွင် အလုပ်သမား လက်မဲ့နှုန်း ၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၁၉၉၈ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့သည်။ ဤအခြေအနေ တွင် နေရင်းနိုင်ငံသို့ ပြန်ပို့ရာတွင် ငြင်းဆန်သော တရားမဝင် အင်ဒိုနီးရှား အလုပ်သမား‌များနှင့် အဝိ ကရုဏ်း ဖြစ်ခဲ့ရာ ယင်းကိစ္စကို အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့ အနီးကပ်ပူးပေါင်းဆောင်ရွက် သွားမည်ဟု မတ်လ ၂၇ ရက်နေတွင် အင်ဒိုနီးရှားက ပြောကြား‌သည်။ ၁၉၉၈ ခုနှစ် လဆန်းပိုင်းမှစ၍ အင်ဒိုနီးရှားနိုင်ငံသား အလုပ်သမား ၁၇၀၀၀ ခန့် မလေးရှားနိုင်ငံသို့ မတရားမဝင် ဝင်ရောက်ခဲ့သည်။ အဝိကရုဏ်းဖြစ်ရာတွင် တရားမဝင် နိုင်ငံခြားသားငါးဦး နှင့် မလေးရှားရဲသုံးဦး သေဆုံးခဲ့ရသည်။

မလေးရှားနိုင်ငံသည် ၄င်း၏ ထိန်းသိမ်းရေးစခန်း များရှိ တရားမဝင် ဝင်ရောက်လာသူ ၉၀၀၀ လုံးကို ပြန်ပို့ရန်စီစဉ်ထား‌သည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း မလေးရှားနိုင်ငံ၏စီးပွားရေး ဖြစ်ထွန်းမှုက တရားမဝင် အလုပ်သမားထောင်ပေါင်းများစွာကို ဆွဲဆောင်ခဲ့ရာ နိုင်ငံ

တွင်း၌ရှိသော နိုင်ငံခြားသားအလုပ်သမား နှစ်သန်း အနက် ၈၀၀၀၀ ခန်သည် တရားမဝင်အလုပ်သမားများ ဖြစ်ကြသည်ဟု အာဏာပိုင်များက ပြောကြားသည်။

မလေးရှားနိုင်ငံတွင် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလနှင့် မေလအကြားအလုပ်သမား ၂၅၈၆၀ -ကိုအလုပ်မှ လျော့ချခဲ့ရကြောင်း မေလ ၁၉ ရက်နေတွင် မလေးရှား သတင်းဌာနက ရေးသားဖော်ပြသည်။ အလုပ်မှလျော့ချ ခံရသူ ၉၀ ရာခိုင်နှုန်းမှာ ပြည်တွင်းမှ အလုပ်သမားများ ဖြစ်ကြ၍ ကျန်သူများမှာ နိုင်ငံခြားသားများဖြစ်ကြသည်။ လျော့ချ ခံရသူများမှာ မတ်လ၌ အများဆုံးဖြစ်ပြီး ၁၁၆၄၉ ဦး ရှိသည်။ ဖေဖော်ဝါရီလက ၇၃၉၂ ဦးရှိ၍ ဇန်နဝါရီလ တွင် ၁၇၇၄ ဦးရှိခဲ့သည်။ ပထမသုံးလအတွင်း အလုပ်မှ လျော့ချ ထုတ်ပယ်ခံရသော အလုပ်သမားများအား ဥပဒေအရ အကျိုးခံစားခွင့်ပေးရာတွင် ရင်းဂစ်ငွေ- ၈၅ ဒသမ ၆ သန်း (အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၅၂၆ သန်း)ပေးခဲ့ရသည်။

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၉၈)။

။ပြည်ထောင်စု မြန်မာ နိုင်ငံတော်တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နှစ်စဉ် ဆောင်ရွက်လျက်ရှိရာ ၁၉၉၈ ခုနှစ်အတွင်း မြန်မာ နိုင်ငံတစ်ဝန်းလုံးတွင် အောင့်မြင်စွာ ကြိုးပမ်းဆောင်ရွက် နိုင်သည်။

နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှု

တပ်မတော်၊ မြန်မာနိုင်ငံရဲမူးယစ်အထူးတပ်ဖွဲ့၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် အမေရိကန်နိုင်ငံ စိုက်ပျိုးရေးဌာန၊ အမေရိကန်သံရုံးမှ ပုဂ္ဂိုလ်များ ပါဝင်သော မြန်မာ-အမေရိကန်နှစ်နိုင်ငံ ပူးပေါင်း အဖွဲ့သည် ဖေဖော်ဝါရီလ ၁၆ ရက် နေ့တွင် လဲချား မြို့နယ်သို့ လည်း ကောင်း၊ ၁၇ ရက်နေ့တွင် မိုင်းပန် မြို့နယ်သို့လည်းကောင်း၊ ၁၈ ရက်နေ့တွင် ဆီဆိုင်မြို့နယ် နှင့် လွိုင်လင်မြို့နယ်များ သို့လည်းကောင်း၊ ၁၉ ရက်နေ့တွင် မိုင်းမောမြို့နယ်သို့ လည်းကောင်း၊ ၂၀ ရက်နေ့တွင် တန့်ယန်းမြို့နယ်၊ နမ္မတူမြို့နယ်နှင့် ကွမ်းလုံမြို့နယ်သို့လည်းကောင်း သွားရောက်၍ တရား မဝင် စိုက်ပျိုးထားသော ဘိန်းခင်းများမှ နမူနာယူခြင်း၊ တိုင်းတာခြင်း၊ ဖျက်ဆီးထားသော ဘိန်းခင်းများအား ဗီဒီယို မှတ်တမ်းရိုက်ကူးခြင်း၊၊ ဘိန်းပပျောက်ရေး လုပ်ငန်းများ ဆွေးနွေးခြင်းတို့ကို စတုတ္ထအကြိမ်အဖြစ် ဆောင်ရွက်သည်။

မြန်မာ-တရုတ်-ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ် ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့၏ စတုတ္ထအကြိမ် မြောက် တားဆီးနှိမ်နင်းရေးအရာရှိများ နယ်စပ် ဖြတ်ကျော် အစည်းအဝေးကို မိုင်းလားမြို့၌ ဖေဖော်ဝါရီလ ၂၃ ရက် နေ့တွင် ကျင်းပရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယ ရဲချုပ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးဆိုင်ရာ ဒေသတွင်းလေ့ကျင့်ရေး သင်တန်းအတွက် လိုအပ်ချက်များ သုံးသပ်ရေးအစည်း အဝေးကို ထိုင်းနိုင်ငံ၌ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ် အဖွဲ့ တက်ရောက် သည်။

စတုတ္ထအကြိမ် အာရှပစိဖိတ်ဒေသ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ညီလာခံကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ မတ်လ ၂ ရက်နေ့မှ ၆ ရက်နေ့အထိ ကျင်းပရာ မူးယစ် ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူးခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးပြစ်မှုများအား ထိရောက်စွာ အရေးယူ ရေးနှင့် ပြစ်မှုများအား တရားစီရင်မှု အုပ်ချုပ်ရေးပိုမို ကောင်းမွန်လာစေရေးအတွက် ဒေသဆိုင်ရာ လေ့ကျင့် ရေးသင်တန်းကို ထိုင်းနိုင်ငံ၌ မတ်လ ၂ ရက်နေ့မှ ၁၃ ရက် နေ့အထိကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက် ရောက်သည်။

တောင်အာရှတွင် တရားမဝင် ငွေကြေးမှ တရားဝင် ငွေကြေးသို့ ပြောင်းလဲခြင်းနှင့် ပတ်သက်သော ဒေသ ဆိုင်ရာ ညီလာခံကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ မတ်လ ၃ ရက်နေ့မှ ၅ ရက်နေ့အထိကျင်းပရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးကော်မရှင် ၄၁ ကြိမ် မြောက် အစည်းအဝေးကို ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့ ၌ မတ်လ ၁၁ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။



အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးအထိမ်းအမှတ် စာပေပြိုင်ပွဲဆုရသူတစ်ဦးအား အတွင်းရေးမှူး(ဒ)က ဆုချီးမြှင့်စဉ်

ဝန်ကြီးအဆင့် အာရှဒေသအတွင်း နိုင်ငံဖြတ်ကျော်သည့် မူခင်းများအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ၌ မတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပရာ မူးယစ်ဗဟိုအဖွဲ့. ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့. တက်ရောက်သည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် စီမံကိန်းရေးဆွဲရေး အထက်တန်းအရာရှိ ခေါင်းဆောင်သော ကျွမ်းကျင်သူကိုးဦးပါဝင်သည့်အဖွဲ့.သည် မတ်လ ၂၅ ရက်နေ့မှ ဧပြီလ ၅ ရက်နေ့အထိ မူဆယ်၊ မုန်းကိုး၊ လောက်ကိုင်၊ ပန်လုံ၊ ကျိုင်းတုံ၊ မိုင်လား၊ တောင်ကြီး၊ ပင်းတယ၊ မြစ်ကြီးနား၊ ဖားကန့်ဒေသများသို့ သွားရောက်၍ မူးယစ်ဆေးဝါးထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေး၊ တားဆီးနှိမ်နင်းရေး၊ နယ်စပ်ဒေသဖွံ့ဖြိုး တိုးတက်ရေးဆောင်ရွက်ချက်များကို လေ့လာသည်။

မြန်မာ–ဂျပန်–ကုလသမဂ္ဂ နိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေး အစီအစဉ်တို့မူးပေါင်းပြုလုပ်သည့် ဒေသတွင်း ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေး ဆွေးနွေးပွဲကို ရန်ကုန်မြို့၊ ပြည်လမ်းရှိ အပြည်ပြည် ဆိုင်ရာ စီးပွားရေးဗဟိုဌာန၌ မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၁ ရက်နေ့အထိ ကျင်းပပြီး ဆွေးနွေးပွဲတက်ရောက်သည့် ပြည်တွင်းပြည်ပ ကိုယ်စားလှယ်များသည် ဧပြီလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ ရှမ်းပြည်နယ်အတွင်း ဘိန်းအစားထိုးသီးနှံစိုက်ပျိုးမှု အခြေအနေများ၊ ဘိန်းခင်းများနှင့် ဘိန်းခင်းများဖျက်ဆီးခဲ့မှု အခြေအနေများကို သွားရောက်လေ့လာသည်။

မူးယစ်ဆေးဝါးအလွဲသုံးစွဲမှု တားဆီးကာကွယ်ရေးလုပ်ငန်း အစည်းအဝေးကို မလေးရှားနိုင်ငံ၌ ဧပြီလ ၄ ရက်နေ့မှ ၇ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦးတက်ရောက်သည်။

ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့.နှင့် မူးယစ်ဗဟိုအဖွဲ့. အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့. ရဲချုပ်ခေါင်းဆောင်သောအဖွဲ့.သည် ရဲချုပ်၏ ဧည့်ခန်းမ၌ မေလ ၁၁ ရက်နေ့တွင် တွေ့.ဆုံ၍ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေး ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

ကုလသမဂ္ဂနိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ် အမှုဆောင်ညွှန်ကြားရေးမှူး ခေါင်းဆောင်သောအဖွဲ့.နှင့် မူးယစ်ဗဟိုအဖွဲ့. အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့. ရဲချုပ်ခေါင်းဆောင်သောအဖွဲ့.သည် မေလ ၁၂ ရက်နေ့အထိ ကိုးကန့်ဒေသလောက်ကိုင်၊ "ဝ" ဒေသနမ့်တစ်နှင့် ဟိုတောင်းသို့ သွားရောက်၍ နယ်စပ် ဒေသဖွံ့ဖြိုးရေးနှင့် ဘိန်းအစားထိုးစိုက်ပျိုးရေး ဆောင်ရွက်ထားမှု လုပ်ငန်းအခြေအနေများကို လေ့လာပြီး တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့.ဆုံဆွေးနွေးသည်။

MOU ခြောက်နိုင်ငံ အဆင့်မြင့် အရာရှိများအစည်းအဝေးကို ဗီယက်နမ်နိုင်ငံ၊ ဟနွိုင်းမြို့၌ မေလ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အထိကျင်းပရာ မူးယစ်ဗဟိုအဖွဲ့. တွဲဖက်အတွင်းရေးမှူး ခေါင်းဆောင်သောအဖွဲ့.တက်ရောက်သည်။



သံတမန်များနှင့် ကုလသမဂ္ဂဆိုင်ရာ
အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ
ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို
ကြည့်ရှုစစ်ဆေးစဉ်



မူးယစ်ဆေးဝါးများကို
စက်ခလုတ်နှိပ်၍ မီးရှို့.ဖျက်ဆီးစဉ်

မူးယစ်ဆေးဝါးများကို လမ်းကြိတ်စက်ဖြင့်
ကြိတ်၍ဖျက်ဆီးစဉ်



ကုလသမဂ္ဂညီလာခံ အကြိမ် ၂၀မြောက် အထူးအစည်း အဝေးကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၌ ဇွန်လ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ကျင်းပရာမူးယစ်ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး အစီအစဉ်တို့ ပူးပေါင်းဆောင်ရွက်မည့် ကိုးကန့်ဒေသနှင့် "ဝ"ဒေသအတွင်း ရှေ့ပြေးဘိန်းအစားထိုး စိုက်ပျိုးရေး နှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စိမံချက်ရေးဆွဲဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးကို လားရှိုးမြို့၌ ဇွန်လ ၁၂ ရက်နေ့တွင် ကျင်းပသည်။

ခြောက်နိုင်ငံလက်မှတ်ရေးထိုးထားသော စိမံကိန်း ၁၀ ခု အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် နည်းစနစ် တတ်ကျွမ်းမှုကြွယ်ဝရေး၊ စိမံကိန်းရေးဆွဲခြင်းနှင့် စိမံခန့်ခွဲမှု အရပ်ရပ်တိုးမြင့်ရေးအတွက် မူးယစ်ဆေးဝါး ထိန်းချုပ်ရေး စိမံကိန်းနှင့် စိမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ဇူလိုင်လ ၆ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပသည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အစားထိုးသီးနှံစိုက်ပျိုးရေး ကိစ္စများ ဆွေးနွေးပွဲကို တရုတ်နိုင်ငံ၊ ပီကင်းမြို့တွင် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

မူးယစ်ဆေးဝါးတတ်ခွဲခန်း ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကို မလေးရှားနိုင်ငံ၌ သြဂုတ်လ ၃ ရက်နေ့မှ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

မူးယစ်ဆေးဝါး ပြစ်မှုများ ထိန်းချုပ်ရေးဆိုင်ရာ သင်တန်းကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ အောက်တိုဘာလ ၁၃ ရက်နေ့မှ ၂၆ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ် တစ်ဦး တက်ရောက်သည်။

အာဆီယံဒေသ မူးယစ်ဆေးဝါးအလွဲသုံးမှုကြိုတင်ကာကွယ်ရေးဆိုင်ရာ သင်တန်းကို ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ အောက်တိုဘာလ ၁၄ ရက်နေ့မှ နိုဝင်ဘာလ၁၄ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက် သည်။

ဘိန်းစိုက်ပျိုးမှု တိုင်းတာခြင်း လေ့လာရေးကို လာအို နိုင်ငံ၊ ဗီယန်ကျင်းမြို့၌ အောက်တိုဘာ ၂၅ ရက်နေ့ မှ ၃၀ ရက်နေ့အထိ ကျင်းပရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

၂၂ ကြိမ်မြောက် အာရှနှင့် ပစိဖိတ်ဒေသနိုင်ငံများမှ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းအဖွဲ့ ခေါင်းဆောင်များ အစည်းအဝေးကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ အောက်တိုဘာလ ၂၆ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက် သည်။

မူးယစ်ဆေးဝါးထိန်းချုပ်ရေး စိမံခန့်ခွဲမှု အလုပ်ရုံဆွေးနွေးပွဲကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ အောက်တိုဘာလ ၂၆ ရက်နေ့မှ နိဝင်ဘာလ ၁ ရက်နေ့ အထိ ကျင်းပရာ မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

ငွေမည်းမှ ငွေဖြူသို့ ပြောင်းလဲခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နယူးဇီလန်နိုင်ငံ၊ ဝယ်လင်တန်မြို့၌ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက် သည်။

မူးယစ် ဆေးဝါးပြစ်မှု ကျူးလွန်သူများ ထိန်းချုပ်ရန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးကို တရုတ်နိုင်ငံ၊ ပီကင်းမြို့၌ အောက်တိုဘာလ ၂၇ ရက်နေ့မှ ၃၀ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ် တစ်ဦး တက်ရောက်သည်။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုကြိုတင် ကာကွယ်ရေးဆိုင်ရာ သင်တန်း ဆွေးနွေးပွဲကို အစ္စရေးနိုင်ငံ၊ တဲလ်အဗစ်မြို့၌ အောက်တိုဘာ ၂၈ ရက်နေ့မှ နိဝင်ဘာလ ၃၀ ရက်နေ့အထိ ကျင်းပရာ မြန်မာကိုယ်စားလှယ်တစ်ဦး တက်ရောက်သည်။

ဘိန်းခင်းများ ဖျက်ဆီးခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပူးပေါင်းကာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်းကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများ ဖြစ်လာမည့် ဘိန်းစိုက်ခင်းများကို ရာဖွေဖော်ထုတ် ဖျက်ဆီးသည်။

၁၉၉၇ – ၉၈ ခုနှစ် ဘိန်းစိုက်ရာသီတွင် စုစုပေါင်း ဘိန်း စိုက်ခင်း ၄၄,၂၇၃ ဒသမ ၇၇ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး



မြန်မာ–ဂျပန် ကုလသမဂ္ဂ ဘိန်းစိုက်ပျိုးမှု ပယ်ဖျောက်ရေးနှင့် အစားထိုးဖွံ့ဖြိုးရေး ဆွေးနွေးပွဲ

ဘိန်း ထွက်ရှိမှု ၁၉၄ ဒသမ ၈ တန် တားဆီးနိုင်သည်။
၁၉၈၈ – ၈၉ ခုနှစ် ဘိန်းစိုက်ရာသီမှ ၁၉၉၇ –၉၈ ခုနှစ် ဘိန်းစိုက် ရာသီ အထိ စုစုပေါင်း ဘိန်းစိုက်ခင်း ၈၀,၉၅၅ ဒသမ ၈၀ ဧက ဖျက်ဆီးနိုင်ခဲ့ပြီး ဘိန်းထွက်ရှိမှု ၃၅၆ ဒသမ ၁၇ တန် တားဆီး နိုင်ခဲ့ပြီးဖြစ်သည်။

တားဆီးနှိမ်နင်းမှု

တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းမှု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဇန်နဝါရီလ ၁ ရက်နေ့ မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ တားဆီးနှိမ်နင်းခဲ့သော မူးယစ်ဆေးဝါး စုစုပေါင်းမှာ ဘိန်းဖြူ ၁,၄၂၅ မှနှင့် ၄၀၃ ဒသမ ၈၀၄၈ ကီလို၊ ဘိန်းအမှုပေါင်း ၅,၃၉၃ မှနှင့် ၆၂၉၃ ကီလို၊ ဆေးခြောက် ၃၃၇ မှနှင့် ၃၈၀ ဒသမ ၉၇၀၄ ကီလို၊ ဘိန်းညို ၉၅ ဒသမ ၈၇ ကီလို၊ ဘိန်းဆီ ၃၈ မှနှင့် ၂၀၆ ဒသမ ၀၇၀၃ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၇၃ မှနှင့် ၁,၂၈၆ ဒသမ ၉၀၅၁ လစ်တာ၊ အဆင့်နိမ့်ဘိန်း ၁၄၃ မှနှင့် ၃၁၂ ဒသမ ၂၅၂၁ ကီလို၊ ဘိန်းစာမှန့်လေးမှနှင့် ၆ ဒသမ ၀၆၂၄ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက်ဆေး ဆေးရည် ၂၇ မှနှင့် ၁၆၀ ဒသမ ၃၀၅ လစ်တာ၊ စိတ်ကြွဆေးပြား ၁၇၂ မှနှင့်ဆေးပြား ၁၆,၀၂၆,၆၈၈ ပြား၊ အက်ဖီဒရင်းဆေးမှုန့် ၁၃ မှနှင့် ၃,၈၁၉ ဒသမ ၀၉၈၈ ကီလို၊ အက်စစ်တစ် အင်ဟိုက်ဒရိုက် ၁၄ မှနှင့် ၁,၆၀၄ ဒသမ ၈၂ ဂါလန်၊ အခြား တတုဆေးရည် ၂၅ မှနှင့် ၁၈,၈၀၃ ဒသမ ၇၉ ဂါလန်၊ မူးယစ်ဆေးဝါး သုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှု ခံယူရန် ပျက်ကွက်၍ အရေးယူမှု ၇၈၉ မှု၊ အခြား မူးယစ်ဆေးဝါးအမှု ၇၆ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၃,၅၆၄ မှနှင့် တရား‌ခံ (ကျား) ၄,၀၀၃ ဦး၊ တရား‌ခံ (မ) ၈၄၂ ဦး စုစုပေါင်း တရား‌ခံ ၄,၈၄၅ ဦး ဖြစ်သည်။

၁၉၈၈ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဘိန်းဖြူ ၁၇,၉၉၅ မှနှင့် ၄,၁၂၅ ဒသမ ၃၁၀၄ ကီလို၊ ဘိန်း ၆,၆၂၁ မှနှင့် ၂၈,၃၈၅ ဒသမ ၈၉၄၁ ကီလို၊ ဆေးခြောက် ၅,၉၅၈ မှနှင့် ၆,၆၀၆ ဒသမ ၂၃၅၀ ကီလို၊ ဘိန်းညို ၁၇ မှနှင့် ၂၈၁ ဒသမ ၆၀၂၇ ကီလို၊ ဘိန်းဆီ ၄၄၃ မှနှင့် ၃၂၃ ဒသမ ၈၄၇၄ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂,၂၈၂ မှနှင့် ၃၃,၈၀၇ ဒသမ ၈၁၁၄ လစ်တာ၊ အဆင့်နိမ့် ဘိန်း ၃၅၉ မှနှင့် ၆၁၈ ဒသမ ၀၄၇၄ ကီလို၊ ဘိန်းစာမှန့် ၆၄ မှနှင့် ၂၅၅ ဒသမ ၄၃၅၈ ကီလို၊ မူးယစ်ဆေးဝါး အာနိသင်ပါသော ချောင်းဆိုးပျောက် ဆေးရည် ၁၁၈ မှနှင့် ၁,၀၆၅ ဒသမ ၈၈ လစ်တာ၊ စိတ်ကြွ ဆေးပြား ၂၄၄ မှနှင့် ဆေးပြား ၂၆,၉၆၁,၈၄၃ ပြား၊ အက်ဖီဒရင်းဆေးမှုန့် ၁၉ မှနှင့် ၆,၂၃၉ ဒသမ ၁၂၂၁ ကီလို၊ မော်ဖင်းထိုးဆေး ၃၅ မှနှင့်

၄,၈၆၆ ပုလင်း၊ ပက်သဒင်း ထိုးဆေး လေးမှုန့် ၆၀၉ ပုလင်း၊ အက်စစ်တစ်အင် ဟိုက်ဒရိုက် ၄၄ မှုန့် ၁၃,၈၂၉ ဒသမ ၆၁ ဂါလန်၊ အခြား ဓာတုဆေးရည် ၄၂ မှုန့် ၄၃,၀၀၃ ဒသမ ၃၄၅ ဂါလန်၊ မူးယစ်ဆေးဝါးသုံးစွဲပြီး မှတ်ပုံတင်ဆေးကုသမှု ခံယူရန် ပျက်ကွက်၍ အရေးယူမှု ၁၇,၅၂၀၊ အခြားမူးယစ်ဆေးဝါး အမှု ၂,၁၇၇ မှု၊ စုစုပေါင်း မူးယစ်ဆေးဝါးအမှု ၅၃,၉၄၂ မှုနှင့် တရား‌ခံ (ကျား) ၅၉,၉၇၃ ဦး၊ တရား‌ခံ (မ) ၁၁,၇၁၈ ဦး စုစုပေါင်း တရား‌ခံ ၇၁,၆၉၁ ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့ပြီး ဖြစ်သည်။

မူးယစ်ဆေးဝါးများ ဖျက်စီးခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးပြုလုပ်သော ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ ၁၂ ကြိမ် မြောက် ဖျက်ဆီးသည့် အခမ်းအနားကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ နိုင်ငံတော်အေးချမ်း သာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း ဒါတိုအာဂျစ်ဆင်း၊ ပြည်တွင်းပြည်ပသတင်းစာဆရာများ ရှေ့မှောက်တွင် ဘိန်း ဆီ ၈ ဒသမ ၆၄၂ ကီလို၊ ဘိန်းရည် ၁၁ ဒသမ ၃၀၄ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၁,၄၉၉ ဒသမ ၉၇၅ လစ်တာ၊ မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၈၈ ဒသမ ၁၉၀ လစ်တာ၊ မော်ဖင်းထိုးဆေး ပုလင်း ၁၈၀ တို့ကို လမ်းကြိတ်စက်များဖြင့် ကြိတ်၍ ဖျက်ဆီးသည်။ ထို့ပြင် နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ် များ၊ ပြည်တွင်းပြည်ပ သတင်းစာဆရာများသည် မီးရှို့ဖျက်ဆီးမည့် မူးယစ်ဆေးဝါးများကို တတုဗေဒ နည်းဖြင့် စမ်းသပ်စစ်ဆေးကြပြီး အာဆီယံအတွင်းရေးမှူးချုပ်ဟောင်း ဒါတိုအာဂျစ်ဆင်း၊ Young Presidents' Organization မှ Mr. Christopher Bailey၊ မြန်မာနိုင်ငံ ဆိုင်ရာ ပြင်သစ်နိုင်ငံ သံအမတ်ကြီး၊ စစ်သံမှူးများ နာယက ဂျပန်နိုင်ငံ စစ်သံမှူးတို့က စက်ခလုတ်များ အသီးသီးနှိပ်၍ ဘိန်းဖြူ ၈၉၈ ဒသမ ၄၃ ကီလို၊ ဘိန်း ၄,၅၈၇ ဒသမ ၂၉၂ ကီလို၊ ဘိန်းညို မှုန့် ၉၃ ဒသမ ၉၅၃ ကီလို၊ အဆင့်နိမ့်ဘိန်း ၂၀ ဒသမ ၉၅ ကီလို၊ ဆေးခြောက် ၁၃၈ ဒသမ ၈၇၇ ကီလို၊ စိတ်ကြွဆေးပြား ၂,၈၄၂,၇၈၃ ပြား၊ ဘိန်းအာနိသင်ပါသော ချောင်းဆိုး ပျောက်ဆေးပြား ၄,၈၄၅ ပြား၊ မက်သကွာလုံး ဆေးပြား ၂၅၀ တို့ကို မီးရှို့ဖျက်ဆီးသည်။

၁၉၉၀ ပြည့်နှစ်မှ ၁၉၉၈ ခုနှစ်အထိ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများကို ရန်ကုန်မြို့တွင် ၁၂ ကြိမ် ဖမ်းဆီးခဲ့ရာ ဘိန်းဖြူ ၂,၈၆၀ ဒသမ ၉၈၇ ကီလို၊ ဘိန်း ၁၆,၅၀၀ ဒသမ ၁၁၇ ကီလို၊ ဘိန်းဆီ ၁၁၈ ဒသမ ၃၃၆ ကီလို၊ ဘိန်းရည် ၁၃၁ ဒသမ ၁၉၆ ကီလို၊ ဘိန်းညို ၁၅၈ ဒသမ ၅၂၄ ကီလို၊ ဆေးခြောက် ၄,၃၈၅ ဒသမ ၃၈၂ ကီလို၊ ဖင်ဆီဒိုင်းဆေးရည် ၂၈,၁၂၅ ဒသမ ၅၄၉ လစ်တာနှင့် ၅၄ ဒသမ ၄ ကီလို၊ မူးယစ်ဆေးဝါးအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးရည် ၉၄၂ ဒသမ ၁၉၅ လစ်တာ၊ ဘိန်းအာနိသင်ပါသော ထိုးဆေး ၁,၄၀၅ ပုလင်း၊ စိတ်ကြွဆေးပြား ၈,၁၂၇,၈၆၄ ပြား အဆင့်နိမ့်ဘိန်း ၂၀ ဒသမ ၉၅ ကီလို၊ ဘိန်းအာနိသင်ပါသော ချောင်းဆိုးပျောက်ဆေးပြား ၄,၈၄၅ ပြား၊ မက်သကွာလုံးဆေးပြား ၇၅၀ တို့ကို ဖျက်ဆီးပြီး ဖြစ်သည်။

စိုးအောင်

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးပြပွဲ (၁၉၉၈)

။ ။ မျိုးချစ်စိတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက် မြင့်မား ရေး အားပေးမြှင့်တင်ရန်၊ မျိုးရိုးဗီဇနှင့် အမျိုးသားရေးစရိုက် လက္ခဏာအစဉ်အလာများ မပျောက် ဖျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး စိတ်ဓာတ်များ တိုးပွားရင့်သန်ခိုင်မာစေရန်၊ အတွေးအခေါ်မှန်ကန်ရေး ခံယူချက်ခိုင်မာမြင့်မားရေးကို အထောက်အကူပြုရန်၊ မျိုးဆက်သစ် လူငယ်လူရွယ်များ သမိုင်းဖြစ်ရပ်များကို လေ့လာဆည်းပူး သိရှိနေစေရန်ဟူသော ဦးတည်ချက်များဖြင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်ရေးပြပွဲ (၁၉၉၈) ကို နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ပြသသည်။

မျိုးချစ်စိတ်တတ် ရှင်သန်ထက်မြက်ရေးပြပွဲ



မိုလ်ချုပ်မူးကြီး သန်းရွှေ မျိုးချစ်စိတ်တတ်ရှင်သန်ထက်မြက်ရေးပြကွက်တစ်ကွက်အား ကြည့်ရှုနေစဉ်

မျိုးချစ်စိတ်တတ်ရှင်သန်ထက်ရေးပြပွဲ (၁၉၉၈) ဖွင့်ပွဲကို နံဝင်ဘာလ ၁ ရက်နေ့တွင် တပ်မတော်ခန်းမ၌ ကျင်းပရာ မျိုးချစ်စိတ်တတ်ရှင်သန် ထက်မြက်ရေးပြပွဲ ကျင်းပရေးနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်ဖွင့်လှစ်ပေးသည်။

ပြပွဲတွင် လွတ်လပ်ရေးမရမီ ခေတ်ပြခန်း၊ လွတ်လပ်ရေး ရပြီးခေတ်ပြခန်း၊ မျက်မှောက်ခေတ်ပြခန်း၊ ဝန်ကြီးဌာနပြခန်းများ၊ ကွန်ပျူတာပြခန်းနှင့် ဗဟိုပြခန်းတို့ ပါဝင်သည်။ လွတ်လပ်ရေးမရမီ ပြခန်းတွင် ရုပ်ပြလန်ဒန်သတင်းစာအပါအဝင် မမြင်ဖူး၊ မတွေ့ရဖူးသော လွန်ခဲ့သည့် နှစ်ပေါင်း ၁၀၀ ကျော်က ရှာပါးပုံရိပ်များ၊ ကျောက်ခေတ်မှသည် ပျူခေတ်ဆီသို့ မြန်မာ့မြို့ပြယဉ်ကျေးမှုအစ ပျူခေတ်၊ ပထမ မြန်မာနိုင်ငံတော် (ပုဂံခေတ်)၊ ပင်းယခေတ်နှင့် အင်းဝခေတ်၊ ဒုတိယမြန်မာနိုင်ငံတော် (တောင်ငူခေတ်)၊ တတိယမြန်မာနိုင်ငံတော် (ကုန်းဘောင်ခေတ်)၊ ဗြိတိသျှ ကိုလိုနီခေတ် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ သူ.ကျွန်ဘဝနိဒါန်း၊ ထီးကြိုးစည်ပေါက် ထီးနန်းပျောက်ချိန် သူ.ကျွန်မခံတော်လှန်သော ကာလ၊ လူမျိုးရေး၊ ဘာသာရေး၊ လူမှုရေး နှိပ်ကွပ်ခံရသော ကာလတို့ပါဝင်သည်။

လွတ်လပ်ရေးရပြီးခေတ်ပြခန်းတွင် နှစ်ပေါင်း ၁၂၀ ကျော် သူ.ကျွန်ဘဝကျရောက်ရာမှ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၌ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီး သူ.ကျွန်ဘဝမှ လွတ်မြောက်ခဲ့ပုံ၊ ပင်လုံညီလာခံ ၁၉၄၇ ခုနှစ်လွတ်လပ်ရေးမှတ်တမ်း၊ တပ်မတော်အိမ်စောင့်အစိုးရ တိုင်းပြူပြည်ပြူမှတ်တမ်း၊ တော်လှန်ရေး ကောင်စီခေတ်၊ ဂ.ဂ.၈၈ တိုင်းဆူပြည်ဖျက်လုပ်ရပ်များ၊ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း စစ်ဆင်ရေးကြိုးများ၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နိုင်ရန် ပြည်တွင်းပြည်ပအန္တရာယ် အမျိုးမျိုးကို တွန်းလှန်ချေမှုန်းခဲ့ရပုံများကို ပေါ်လွင်ထင်ရှားသော ရုပ်လုံးရုပ်ကြွများဖြင့် စိတ်ဝင်စားဖွယ် ပြသချက်၊ ကွမ်းလုံစစ် မျက်နှာရက် ၄၀ တိုက်ပွဲ၊ မာနယ်ပလောဗဟိုဌာနချုပ် စခန်းတိုက်ပွဲ၊ မဲသဝေါတိုက်ပွဲ၊ ဝါးခတ်စခန်းတိုက်ပွဲ၊ မိုင်းယန်းဒေသတိုက်ပွဲများကို ရုပ်ကြွပုံစံများဖြင့် ပြသချက်တို့ ပါဝင်သည်။

မျက်မှောက်ခေတ်ပြခန်းတွင် မျက်မှောက်ခေတ် အခြေအနေကို ရှင်းလင်းထင်ရှားစွာ ခွဲခြားသိမြင်နိုင်ရန် ဆုံးရှုံးခဲ့သမျှ ပြည်သူ.ဘဏ္ဍာကဏ္ဍ၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကဏ္ဍ၊ လူမှုရေးဆိုင်ရာ ဖြစ်ပေါ် တိုးတက်မှု၊ စီးပွားရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုနှင့် နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုတို့ ပါဝင်သည်။



မျိုးချစ်စိတ်တတ်
ရှင်သန်ထက်မြက်ရေးပြပွဲ
ကြည့်ရှုကြသူများ

ဝန်ကြီးဌာနပြခန်းများတွင် သတ္တုတွင်းဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန။ သစ်တောရေးရာဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ အမှတ် ၁ စက်မှုဝန်ကြီးဌာန၊ အမှတ် ၂ စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြခန်းများကို ပြသထားသည်။

ဗဟိုပြခန်းတွင် ရုပ်တု၊ ပန်းချီနှင့် စာတ်ပုံများပါဝင်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပုံတူပန်းချီကား၊ ချပ်ကြီး၊ မျိုးမြန်မာရုပ်တု၊ စစ်သူကြီး မဟာဗန္ဓုလရုပ်တု၊ အလောင်းမင်းတရားကြီးရုပ်တု၊ အနော်ရထာမင်းရုပ်တုနှင့် မြန်မာအမျိုးသား ယွန်းပန်းချီတို့ကို ခံ့ညားထည်ဝါစွာ ပြသထားသည်။

ပြခန်းအတွင်း မျိုးချစ်စိတ်တတ် ကာတွန်းပြကွက်ကိုလည်း ပြသထားသည်။ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဝင်များက ၁၈၈၅ ခုနှစ်တွင် မြန်မာဘုရင် သီပေါမင်းအား နယ်ချဲ့.အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး မြန်မာတစ်မျိုးသားလုံး သူ.ကျွန်အဖြစ် နှိမ်နစ်ခဲ့ရပုံ တေးသရုပ်ဖော် စီစဉ်တင်ဆက်မှုများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ၏ မျိုးချစ်စိတ်တတ် ရှင်သန်ထက်မြက်ရေးတေးများ၊ တေးသရုပ်ဖော်များ၊ သရုပ်ဆောင်ပြကွက်များအပြင် အောင်မြင်ကျော်ကြားသော နယ်ချဲ့.ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးရုပ်ရှင်ကား ကောက်နုတ်ချက်များ၊ သမိုင်းဝင်မှတ်တမ်းများကိုပါ ပြသထားသည်။

မြကြီး၊ ဦး (အဆိုကျော် ကိုမြကြီး) (ခရစ် ၁၉၂၄ – ၁၉၉၈) ။ ။ ဂီတလောကတွင် ကိုမြကြီးဟု ထင်ရှားကျော်ကြား လူကြိုက်များခဲ့သော နိုင်ငံကျော် တေးသံရှင် ဦးမြကြီးခေါ် ဦးမြဟန် ကို ၁၉၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက် နေ့၌ ဖခင် ဦးဆင်၊ မိခင် ဒေါ်မွှေးတို့က ရန်ကုန်မြို့၊ ပုဇွန်တောင် ရေကျော် အိုးဘိုးရပ်တွင် မွေးဖွားသည်။ မွေးချင်းလေးယောက်အနက် အကြီးဆုံးသား ဖြစ်သည်။

ဖခင်ဖြစ်သူသည် စိန်ပေါကျောင်း (ယခု အခြေခံပညာအထက်တန်းကျောင်း၊ ဗိုလ်တထောင်) မှ အထက်တန်းပြဆရာဖြစ်သည်။ မိခင်သည် ဆေးပြင်းလိပ်ခုံ ပိုင်ရှင်ဖြစ်သည်။

ဦးမြကြီးသည် အလုံမြို့နယ် ကူရှင်ကျောင်း [ယခု အထက (၄) အလုံ]တွင် ပညာသင်ကြားသည်။ ထိုကျောင်းမှ ၁၀ တန်းအောင်ပြီး တက္ကသိုလ်တွင် ဥပစာအပိုင်း (က) အထိ ပညာဆက်လက် သင်ယူခဲ့သည်။ ထိုနောက် ဝါသနာကြိုးလှသော တေးဂီတလောကသို့ ခြေချသည်။

ဦးမြကြီးသည် ဂီတပညာများကို ဂီတပညာရှင် ဆရာမကြီး ဒေါ်ကြည်အောင်၊ ဂီတာ ဦးစိမ်းမောင်၊



ဂီတလောကတွင် ထင်ရှားခဲ့သော အဆိုကျော် ကိုမြကြီး

တက္ကသိုလ် စိုးတိုးထံတွင် စတင်ဆည်းပူးသည်။ ထိုပုဂ္ဂိုလ်များသည် ကိုမြကြီး၏ ဂီတအနုပညာ လက်ဦးဆရာများဖြစ်သည်။

ကိုမြကြီးသည် အစိုးရအမှုထမ်းဘဝဖြင့်လည်း ကျင်လည်ခဲ့ရာ ကောက်ပဲသီးနှံရုံးဟု ခေါ်ကြသော S.A.M.B ရုံးတွင် အငယ်တန်းအရာရှိတစ်ဦးအဖြစ် အမှုထမ်းခဲ့သည်။ ထို့နောက် လုပ်သက်ပြည့်ဖြင့် အလုပ်မှ အငြိမ်းစားယူ၍ ဂီတအနုပညာနယ်ပယ်သို့ လုံးဝဥဿုံဝင်ရောက်သည်။

ဦးမြကြီး ပထမဆုံးပါဝင်သီဆိုသော တေးဂီတ အဖွဲ့မှာ တေးဗီမာန်အဖွဲ့ ဖြစ်သည်။ ဦးမြကြီး ပထမဆုံးသီဆိုခဲ့သော သီချင်းမှာ "ပန်းမဋ္ဌ" သီချင်းဖြစ်သည်။ ထို့နောက် ကိုမြကြီးသည် တက္ကသိုလ်စိုး ရေးစပ်သော "မေ" သီချင်းဖြင့် ဂီတလောကတွင် "အဆိုကျော် ကိုမြကြီး" အမည်ကို စတင် ရယူသည်။

အဆိုကျော် ကိုမြကြီးဟူသော အမည်သည် တတ်ပြားခေတ်ကာလက ထိပ်ဆုံးနေရာတွင် ရှိခဲ့သည်။ ဆူပါဟိုက် တတ်ပြား ကုမ္ပဏီ၊ ပဒေသာမျိုးလိုင် တတ်ပြား ကုမ္ပဏီ၊ လွတ်လပ်ရေး ခွေးတံဆိပ် တတ်ပြားကုမ္ပဏီတို့နှင့် ကိုမြကြီးသည် သူ့သီချင်းများကို တတ်ပြားပေါင်းများစွာ သွင်းခဲ့ရပြီး တတ်ပြားခေတ်က ကိုမြကြီး၏ တတ်ပြားရတေးသီချင်းများသည် အရောင်းအသွက်ဆုံး ဈေးကွက်ဝင် တတ်ပြားများဖြစ်ခဲ့သည်။

ဦးမြကြီးသည် အဆိုကျော် ကိုမြကြီးဟူသော နိုင်ငံကျော် အဆိုတော်သာမက တေးရေးဆရာလည်း ဖြစ်သည်။ လက်တီးတူရိယာများဖြစ်သော ဒုံမင်းနှင့် မယ်ဒလင်ကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ တီးခတ်နိုင်သည်။

ဦးမြကြီးကိုယ်တိုင် ရေးသားစပ်ဆိုခဲ့သော သီချင်းများအနက် အဆိုကျော်စိန်စိန်နှင့် စုံတွဲသီဆိုသော ချစ်အက္ခရာတင်၊ ကိုချဉ်ပေါင်၊ ဖွင့်မယ့်ပေါက်ကောင်စမ်းရအောင်၊ သီချင်းများမှာ နာမည်ရသည်။

ဦးမြကြီးသည် အဆိုကျော်ကိုမြကြီးအဖြစ်သာမက ပြဇာတ်နှင့် ရုပ်ရှင်နယ်ပယ်တွင်လည်း ပြဇာတ်နှင့် ရုပ်ရှင်သရုပ်ဆောင်အဖြစ် ကျင်လည်ခဲ့ဖူးသည်။ စာရေးဆရာ၊ တေးရေးဆရာနှင့် ရုပ်ရှင်မင်းသား မြတ်လေး၊ တင်တင်မူ၊ စိန်စိန်တို့နှင့် တွဲဖက်၍ ပင်လုံထိပ်ထား ဦး ရုပ်ရှင်ဇာတ်ကားတွင် ဦးမြကြီးပါဝင်ခဲ့ဖူးသည်။ ထို့အပြင် ပြဇာတ်ခေတ်က ဇော်ဂျီ၊ ဝင်းဝင်းရုံတို့တွင် ပြဇာတ်မင်းသားအဖြစ် မင်းသမီး မြင့်မြင့်ဌေးနှင့်တွဲ၍ ကပြခဲ့ဖူးသည်။

ဦးမြကြီးသည် ရုပ်ရှင်ပြဇာတ် လောကမှာထက် တေးဂီတလောကတွင် အဆိုတော် ကိုမြကြီးအဖြစ် ထင်ရှား လူသိများ အောင်မြင်ကျော်ကြားခဲ့ရာ မိုး၊ မခင်နှင်းဆီ၊ မခင်နှင်းဆီရဲ့နှင်းဆီ၊ မခင်နှင်းဆီ ဇာတ်သိမ်း၊ မေ၊ နွဲ့ဆိုး၊ ရက်ကန်းသဲ၊ ဖွင့်မယ့်ပေါက်ကောင် စမ်းရအောင်၊ ချစ်အက္ခရာတင်၊ မခင်နှင်းဆီသို့ပေးစာ၊ ဘာပဲ့လုပ်ရလုပ်ရ သီချင်းများသည် အထူးကျော်ကြား လူကြိုက် များသည်။ ထိုသီချင်းများအနက် မိုး၊ မခင်နှင်းဆီ၊ မေ၊ ဘာပဲလုပ်ရလုပ်ရသီချင်းများသည် အဆိုတော်ကိုမြကြီး၏ ဂန္ဓဝင်တေးများဟု သောတရှင်အများစုက သတ်မှတ်ကြသည်။

ဦးမြကြီးသည် အသက် ၂၅ နှစ်အရွယ်၌ ဒေါ်ခင်မြနှင့် အိမ်ထောင်ပြုသည်။ သားသမီး လေးဦးထွန်းကားရာ သားလတ် မောင်စန်းအောင် (မြထက်) သည် ဖခင်၏ ဂီတအမွေကို ဆက်ခံနိုင်ရန် ကြိုးစားလျှက်ရှိသည်။

ဦးမြကြီးသည် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဂီတစီစဉ်ရေးမှူးအဖြစ်

တာဓနဆန်ထမ်းဆောင်ခဲ့ရာ ၁၉၈၅ ခုနှစ်၌ ယင်းရာထူးမှ သက်ပြည့်အငြိမ်းစားယူသည်။ ငါးနှစ်အကြာ၌ မြန်မာ့အသံ သီချင်းစီစစ်ရေးဘုတ်အဖွဲ့တွင် အကြံပေးအရာရှိအဖြစ် လုပ်ကိုင်ခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံဂီတအစည်းအရုံး တွင် နာယကအဖွဲ့ဝင် လူကြီးအဖြစ် တာဝန်ယူသည်။ ဦးမြကြီးသည် မကွယ်လွန်မီ ခြောက်လခန့်အထိ နိုင်ငံတော်၏ အနုပညာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။

အဆိုကျော် ကိုမြကြီးဟူ၍ နိုင်ငံအဝန်း ကျော်ကြားခဲ့သော ဦးမြကြီးသည် ၁၉၉၈ ခုနှစ်၊ သြဂုတ် လ ၉ ရက်နေ့၌ ရန်ကုန်မြို့တွင် ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီးဒေါ်ခင်မြနှင့် သမီးကြီး မဆွေဆွေမြ၊ သားကြီး မောင်ထင်အောင်မြ၊ သား-လတ်မောင်စန်းအောင် (မြထက်) နှင့် သမီးငယ် မဝေဝေမြတို့ ကျန်ရစ်သည်။

မြသန်းတင့် (ခရစ် ၁၉၂၉–၁၉၉၈) ။ ဦးမြသန်းခေါ်စာရေးဆရာ မြသန်းတင့်ကို အဘဦးပေါတင့်၊ အမိဒေါ်လှိုင်တို့က ပခုက္ကူခရိုင်၊ မြို့မြို့တွင် ၁၉၂၉ ခုနှစ်၊ မေလ ၂၃ ရက် ကြာသပတေးနေ့၌ မွေးဖွားသည်။ မွေးချင်းခုနစ်ယောက်တွင် အကြီးဆုံး ဖြစ်သည်။



အမျိုးသားစာပေဆုများရှင် စာရေးဆရာ မြသန်းတင့်

၁၉၄၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက်သည်။ ၁၉၅၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့နှင့် ၁၉၅၆ ခုနှစ်တွင် ဥပဒေဘွဲ့တို့ကို ရရှိခဲ့သည်။

ငယ်စဉ် ၁၉၄၃ ခုနှစ်တွင် အာရှလူငယ်အဖွဲ့၌ တက်ကြွစွာ ပါဝင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် ဖက်ဆစ်တော်လှန်ရေး မြေအောက် ကလာပ်စည်းများနှင့် ဆက်သွယ်၍ ဖက်ဆစ်တော်လှန်ရေးကြီးတွင် ပါဝင်ခဲ့သည်။ ဂျပန် တော်လှန်ရေးကာလအတွင်း စစ်ကိုင်းရှိ ဗိုလ်သန်းဦး (တော်လှန်ရေးတွင်ကျဆုံး)၊ သခင်မော်တင် (ပြည်တွင်း စစ်တွင်ကျဆုံ.) နှင့် မြိုင်မြို့ ဘုန်းတော်ကြီး ဦးစရိယ (မြိုင် ဖဆပလအမတ်ဟောင်း ဦးသက်ရှည်) တို့၏ ဦးဆောင်မှုအောက်တွင် ပါဝင်လှုပ်ရှားခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး မန္တလေးခရိုင်၊ အထက်မြန်မာပြည် ဖဆပလအဖွဲ့ချုပ်တွင် အချိန်ပြည့် တာဝန်ထမ်းဆောင်ခဲ့သည်။

ကျောက်ပန်းတောင်းတွင် အက်တူး-သခင်အုန်းဖေ (ပြည်တွင်းစစ်တွင်ကျဆုံး) နှင့်အတူ လယ်သမား-များသီးစားခ မပေးရေးတိုက်ပွဲ၊ လက်ဝတ်လယ်ပြန်ထွန်ရေးတိုက်ပွဲ၊ မြေရှင်ကြီးများ၏လယ်များကို အတင်းဝင်ထွန်ရေး တိုက်ပွဲများကို ဦးဆောင်ခဲ့သည်။ သီးစားခမပေးရေးတိုက်ပွဲတွင် အင်္ဂလိပ်အစိုးရ သိမ်းယူ ထားသော လယ်သမားများ၏ ပစ္စည်းများကို ပြန်လည်လုယူသည့် အတွက် (ရုံးမင်းတစ်ထိုင်) အပြစ်ဒဏ်ကျခြင်း ခံခဲ့ရသည်။

မြင်းခြံခရိုင်တွင် အခြားသော ခေါင်းဆောင်များနှင့် အတူ မြသန်းတင့်ခေါင်းကို ဖြတ်နိုင်လျှင် ဆုငွေပေးမည်ဟု အင်္ဂလိပ်အလိုတော်ရိနှင့် မြေရှင်တို့က တိတ်တဆိတ် ဆုငွေထုတ်ခဲ့သည်။ အထွေထွေသပိတ်ကြီးတွင် မြင်းခြံ၊ မန္တလေး၊ ဒလသင်္ဘောကျင်း အလုပ်သမားထုကြီး ပါဝင်ရေးအတွက် တာဝန်ယူခဲ့သည်။ မြင်းခြံခရိုင် အလုပ်သမားသမဂ္ဂနှင့် လယ်သမားသမဂ္ဂတို့တွင် အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ရင်း ဖြူးမြို့တွင် ကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဖြူးလယ်သမား ကွန်ဂရက်ကြီးသို့ မြင်းခြံခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ပထမဆုံးရေးသည့် "ဒုက္ခသည်" ဝတ္ထုကို တာရာမဂ္ဂဇင်းအတွဲ ၃၊ အမှတ် ၂၁ တွင်

ပုံနှိပ်ဖော်ပြခြင်း ခံရသည်။ ၁၉၅၀ ပြည့်နှစ်တွင် စာပေသည် ပြည်သူ့.အတွက် ဟူသော ကြွေးကြော်သံဖြင့် "စာပေသစ် မဂ္ဂဇင်း" ကို ကိုသန်းတင့်၊ ဒဂုန်တာရာ၊ မောင်ကြည်လင်၊ အောင်လင်း၊ ကျော်အောင်တို့နှင့်အတူ ဦးဆောင်ထုတ်ဝေ ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် ဂေါကီ၏ "မာလ်ဗောနှင့် အခြားဝတ္ထုတိုများ" ကို ပထမဆုံး ဘာသာပြန်ဆို ရေးသားထုတ်ဝေခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက် (မြန်မာနိုင်ငံ) နှင့် မြန်မာနိုင်ငံစာရေးဆရာများ အသင်း အလုပ်အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့ပြီး စာရေးဆရာအသင်းမှ ထုတ်ဝေသော " စာပေမဂ္ဂဇင်း"တွင် တာဝန်ခံအယ်ဒီတာအဖြစ် လည်းကောင်း ၊"ပြည်တော်သစ် ဂျာနယ်" တွင် အယ်ဒီတာ ချုပ်အဖြစ် လည်းကောင်း၊ "တိုးတက်ရေး သတင်းစာ" တွင် နိုင်ငံခြားရေးအယ်ဒီတာအဖြစ်လည်းကောင်း ဆောင်ရွက် ခဲ့သည်။ ထိုနှစ်မှာပင် ဂေါကီ၏ အတ္ထုပ္ပတ္တိမဂ္ဂဇင်း 'ဂေါကီ'ကို ဒုတိယမြောက် ဘာသာပြန်လက်ရာအဖြစ် ထုတ်ဝေခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ပင်ကိုရေး လုံးချင်းဝတ္ထုအဖြစ် "မေတ္တာအသချေ" ကို ရေးသားခဲ့သည်။

၁၉၆၀ ပြည့်နှစ်တွင် ရေးသားသော နွဲ့ထဲကကြာ ဝတ္ထုမှစ၍ ကလောင်အမည်ကို မြသန်းမှမြသန်းတင့်သို့ ပြောင်းခဲ့သည်။ ထိုဝတ္ထုကို စာရေးဆရာသိန်းဖေမြင့်နှင့် ပူးတွဲရေးသား၍ ဗိုလ်တထောင်သတင်းစာတွင် အခန်းဆက်ဖော်ပြရာ နှစ်နှစ်နီးပါး ဖော်ပြခဲ့ရသည်။

၁၉၅၅ ခုနှစ်က သခင်ကိုယ်တော်မှိုင်းဦးဆောင်သော ပြည်တွင်းငြိမ်းချမ်းရေးဗဟိုကော်မတီတွင် အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) အတွင်းရေးမှူးချုပ်နှင့် သြစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့တွင် ဌာနချုပ်တည်ရှိသည့် "ကမ္ဘာ့ငြိမ်းချမ်းရေးကောင်စီ" ၏ ဗျူရိုအဖွဲ့ဝင် လူကြီး ဖြစ်ခဲ့သည်။

၁၉၆၁ ခုနှစ်တွင် ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် ကျင်းပသော ငြိမ်းချမ်းရေးကောင်စီအစည်းအဝေးသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (မြန်မာနိုင်ငံ) ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။ ညီလာခံမှအပြန် ဆိုဗီယက်ယူနီယံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ငြိမ်းချမ်းရေးကော်မတီများ၏ ဖိတ်ကြားချက်အရ ဒဂုန်တာရာ၊ ပါမောက္ခဦးအောင်လှတို့နှင့် အတူ သွားရောက်ခဲ့သည်။

မြသန်းတင့်၏ ထင်ရှားသော ပင်ကိုရေးဝတ္ထုများမှာ မေတ္တာအသချေ၊ လိုက်ခဲ့တော့မြန္နာ၊ အမှောင်ရိပ်ဝယ်၊ ဆယ်ကြိမ်မြောက်အလည်ရောက်ခြင်း၊ နှင်းနု၊ မမ၊ နွဲ့ထဲကကြာ၊ ထားကျမလင်၊ စားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်၊ လေညင်းနှင့် လရောင်၊ ဆယ်ကြိမ်မြောက် အလည်ရောက်ခြင်းတို့ဖြစ်ပြီး နေထွက်သောည (ပြဇာတ်) ကိုလည်း ရေးသားခဲ့သည်။ စာပေ ဝေဖန်ရေးအဖြစ် ကျွန်တော်ဆက်၍ ရေးချင်သောဝတ္ထုများနှင့် မြန်မာကျေးတောနေတို့၏ ကဗျာများ၊ ခရီးသွားဆောင်းပါးအဖြစ် အရှေ့.လေတိုက်သောအခါ၊ ဟွန်ဒါယဉ်ကျေးမှု၊ မေရီပိုဗေးနှင့် အီကွေတာညများတို့ကို ရေးသားခဲ့သည်။ ဘာသာပြန်လက်ရာများမှာ အထူးထင်ရှား ခဲ့ရာ နိုင်ငံရေးစာအုပ်ခြောက်အုပ်၊ အတ္ထုပ္ပတ္တိတစ်အုပ်၊ သမိုင်း၊ ဒဿနိကဗေဒနှင့် အထွေထွေ ၁၄ အုပ်၊ ဝတ္ထု ၃၀ ကျော် ပြန်ဆိုခဲ့သည်။ ၄င်းတို့အနက် ၁၉၇၂ ခုနှစ်၌ တော်စတိုင်း၏ စစ်နှင့် ငြိမ်းချမ်းရေး ၁၂ တွဲဖြင့် လည်းကောင်း၊ ၁၉၇၈ ခုနှစ်တွင် အမေရိကန်စာရေး ဆရာမ မာဂရက်မစ်ချယ်၏ လေရူးသုန်သုန်ဝတ္ထု ဘာသာပြန်နှစ်တွဲဖြင့် လည်းကောင်း၊ ၁၉၈၈ခုနှစ်တွင် တရုတ်စာရေး ဆရာကြီးဆောင်ဇူးချင်နှင့် ကောက်ငိုတို့၏ "ခန်းဆောင်နီ အိပ်မက်" ဝတ္ထု ကိုးတွဲဖြင့်လည်းကောင်း၊ ၁၉၉၂ ခုနှစ်တွင် ပြင်သစ်စာရေးဆရာ ဒိုးမနစ်လာပီယဲ၏ "သုခမြို့တော်" ဘာသာပြန်နှစ်တွဲဖြင့်လည်းကောင်း၊၁၉၉၅ ခုနှစ်တွင်"အချစ်မိုးကောင်းကင်" ဘာသာပြန် (နှစ်တွဲ) ဖြင့် လည်းကောင်း အမျိုးသားစာပေဆု (ဘာသာပြန်ဆု) များကို ဆွတ်ခူးရရှိခဲ့သည်။ ဘာသာပြန် များတွင် ပါရီကျဆုံးခန်း၊ ရွှေပြည်တော်မျှော်တိုင်းဝေး၊ ချစ်သောယွန်းခင်ခင်၊ စသည်တို့မှာလည်း ထင်ရှား ခဲ့သည်။ နိုင်ငံတကာ ကဗျာများကိုလည်း ဘာသာပြန် ရေးသားခဲ့ရာ ရာဗင်ဒြာနတ်တဂိုး၏ ကဗျာများ အပါအဝင် စုစုပေါင်း ၁၄ အုပ်မျှ ထုတ်ဝေခဲ့သည်။

မြသန်း၊ မောင်သစ်တည်၊ စောယွမ်း၊ ထက်အောင်၊ မေမေလှိုင်၊ မင်းနန္ဒာ၊ ရဲအောင်ဇေ၊ အုတ်လှငယ်၊ ဇော်တိကစသော ကလောင်အမည်ခွဲများဖြင့်လည်း ရေးသားခဲ့သည်။

မြသန်းတင့်သည် ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင်ရန်ကုန်မြို့၌ကွယ်လွန်သည်။ကွယ်လွန်ချိန်တွင် ၈၆ နှစ်။ ဒေါ်ခင်မမနှင့် သားသမီးလေးဦးကျန်ရစ်သည်။

(ချိုချိုသန်း)

မြန်မာနိုင်ငံစာပေဆုများ။ ။ ၁၉၉၇ ခုနှစ် အတွက် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆု ဆုပေးပွဲ အခမ်းအနားကို ၁၃၆၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁ ရက် (၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်) စာဆိုတော်နေ့တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားစာတိုက်ခွဲ၌ ကျင်းပသည်။

ဆုပေးပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ.ပြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ပွဲ.ပြိုးရေးကောင်စီ ဝင်များဖြစ်ကြသည့် ကာကွယ်ရေးဦးစီးချုပ် (ရ) ဗိုလ်ချုပ် ညွန့်.သိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ် ကျော်သန်း၊ ရန်ကုန်တိုင်းအေးချမ်း သာယာရေးနှင့် ပွဲ.ပြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ခင်မောင်သန်း၊ ဒုတိယ ဝန်ကြီးချုပ်နှင့် တပ်မတော်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး တင်လှ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဝန်ထမ်းလွှေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးကိုလေး၊ ဒုတိယ ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ပွဲ.ပြိုးရေးကောင်စီမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အမျိုးသား စာပေဆုစိစစ်လွှေးချယ်ရေး ကော်မတီဝင်များ၊ စာပေဗိမာန် စာမူဆု စိစစ်လွှေးချယ်ရေးအဖွဲ့ဝင်များ၊ စာပေပညာရှင်ကြီး များ၊ ဆုရစာပေပညာရှင်များနှင့် အထူးဖိတ်ကြားထား သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ပွဲ.ပြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားပြီး ၁၉၉၇ ခုနှစ် အတွက် အမျိုးသားစာပေဆုရရှိသူ ပုဂ္ဂိုလ်များအားဆုများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ စာပေဆုများ

အမျိုးသားစာပေဆု စိစစ်လွှေးချယ်ရေးကော်မတီသည် ၁၉၉၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သောစာအုပ်ပေါင်း ၆၅၂ အုပ်ကို အမျိုးသားစာပေဆုအတွက် သတ်မှတ်ထားသည့် ဘာသာရပ် ၁၄ မျိုးအလိုက် စိစစ်လေ့လာဖတ်ရှုရသည်။ အမျိုးသားစာပေဆု ချီးမြှင့်ရေးမူဝါဒ၊ စည်းကမ်းချက်များနှင့်အညီ ၁၉၉၇ ခုနှစ်အတွက် သက်ဆိုင်ရာစာပေဘာသာရပ် အသီးသီးတွင် အမျိုးသားစာပေဆုချီးမြှင့်ရန် အထိုက်တန်ဆုံး စာအုပ်များကို စိစစ်လွှေးချယ်ခဲ့သည်။



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က စာပေဆုရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်

အမျိုးသားစာပေဆု ချီးမြှင့်ရန် သက်မှတ်ထားသော ဘာသာရပ် ၁၄ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ စာပေဒသာ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ ဘာသာပြန် (ရသ)၊ ကလေးစာပေ၊ လူငယ်စာပေ၊ သုတပဒေသာ (ဝိဇ္ဇာ)၊ သုတပဒေသာ (အသုံးချသိပ္ပံ) နှင့် နိုင်ငံရေးစာပေ



စာပေဆုရသူများနှင့် နိုင်ငံအကြီးအကဲများ အမှတ်တရ

စုစုပေါင်း စာပေဘာသာရပ် ၁၁ မျိုးအတွက် အမျိုးသား စာပေဆုများ ချီးမြှင့်ခဲ့ရသည်။ ပြဇာတ်စာပေ၊ ဘာသာပြန် (သုတ) စာပေနှင့် သုတပဒေသာ (သိပ္ပံ) ဘာသာရပ်များအတွက် ချီးမြှင့်ခြင်းမပြုနိုင်ပေ။

၁၉၉၇ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး တင်လှိုင်ကလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကျော်စိန်ကလည်းကောင်း၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား က လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင်ကလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကိုလေးကလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်သည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့သည် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့၊ မူဝါဒ၊ စည်းကမ်းချက်များနှင့်အညီ ၁၉၉၇ ခုနှစ်အတွက် စာပေဗိမာန် စာမူဆု ချီးမြှင့်နိုင်ရန် ပြိုင်ပွဲဝင်စာမူပေါင်း ၁၁၉ စောင်ကို စနစ်တကျ ဖတ်ရှုစိစစ်ခဲ့သည်။ သတ်မှတ်ထားသော ဘာသာရပ် ၁၂ မျိုးရှိသည့်အနက် ဝတ္ထုရှည်၊ ဝတ္ထုတို ပေါင်းချုပ်၊ စာ ပဒေသာ၊ ဘာသာပြန်စာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ လူငယ်စာပေ၊ ကလေးစာပေ၊သုတပဒေသာ (ဝိဇ္ဇာပညာရပ်)၊ သုတ ပဒေသာ (သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) နှင့် ကဗျာ စုစုပေါင်း စာပေဘာသာရပ် ၁၀ မျိုးအတွက် စာပေဗိမာန် စာမူဆု ပထမဆု ရှစ်ဆု၊ ဒုတိယဆု ကိုးဆု၊ တတိယဆု ခုနစ်ဆု၊ စုစုပေါင်း ၂၄ ဆု ရွေးချယ်ခြင်းခံရသည်။

ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေ ဘာသာရပ်များတွင် ပြိုင်ပွဲဝင်စာမူများ တင်သွင်းယှဉ်ပြိုင်ကြသော်လည်း သတ်မှတ်ထားသာ မူဝါဒများနှင့် မကိုက်ညီခြင်း၊ အရည်အသွေးမမီခြင်းနှင့် အကြောင်းအရာ ထူးခြားလေးနက်မှု မရှိခြင်းတို့ကြောင့် ဆုများချီးမြှင့်နိုင်ခြင်းမရှိပေ။

၁၉၉၇ ခုနှစ်အတွက် သတ်မှတ်ထားသော စာပေ ဘာသာရပ်အလိုက် ဆုချီးမြှင့်ငွေးချယ်ခြင်းခံရသော အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၉၉၇ ခုနှစ် အမျိုးသားစာပေဆု

စဉ်	ဘာသာရပ်	စာအုပ်အမည်	စာရေးသူ
၁။	ဝတ္ထုရှည်	အချစ်၏နောက်ဆက်တွဲစာမျက်နှာ	ဝင်းဝင်းလတ်
၂။	ဝတ္ထုတိုပေါင်းချုပ်	မွေးမွေးချိုချို ဝတ္ထုတိုများ	ကိုနေ (ကောလင်း)
၃။	ကဗျာပေါင်းချုပ်	နွယ်တစ်ကြိုးနှင့် ပိုးတစ်ဆင်ကဗျာများ	မောင်ဟေမာ
၄။	စာပဒေသာ	နှစ် ၅၀ မှ ချစ်တေးသံများ	ခင်လေးမောင်
၅။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ	မန္တလေးမဟာမုနိ ရုပ်ရှင်တော် ဘုရားကြီးသမိုင်း	ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)
၆။	ဘာသာပြန် (ရသ)	ကန္တာရစမ်းရေအိုင်	မောင်ပေါ်ထွန်း
၇။	ကလေးစာပေ	ကလေးများအတွက် သစ်တော သစ်ပင် ပတ်ဝန်းကျင်	မောင်သင်း (သပြေ)
၈။	လူငယ်စာပေ	အလှသုံးဖြာစာပဒေသာ	ကထိကဒေါ်မြင့်သန်း
၉။	သုတပဒေသာ (ဝိဇ္ဇာ)	ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ သမိုင်း	သောင်းဝေဦး
၁၀။	သုတပဒေသာ (အသုံးချသိပ္ပံ)	ရေချိုပုစွန်တုပ်ကြီး သိပ္ပံနည်းကျ လမ်းညွှန်မွေးမြူနည်း	အောင်ကြည် (မဟာသိပ္ပံ)
၁၁။	နိုင်ငံရေးစာပေ	သံကြီးတမန်ကြီး သံခင်းတမန်ခင်း	ဦးအောင်သန့်

၁၉၉၇ ခုနှစ်၊ စာပေဗိမာန် စာမူဆု

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
၁။	ဝတ္ထုရှည်ဆု (ဒုတိယဆု)	မိုးပြာရောင်နှင်းဆီ၏မျက်ဝန်းအိမ်မှာ	ပုသိမ်ရန်နောင်စိုး
၂။	ဝတ္ထုတိုပေါင်းချုပ်ဆု (ပထမဆု)	မင်္ဂလာနံနက်ခင်းနှင့်အခြားဝတ္ထုတိုများ	နန္ဒာစိုး (ဆင်ဖြူကျွန်း)
	ဝတ္ထုတိုပေါင်းချုပ်ဆု (ဒုတိယဆု)	မရေမရာမှ အသေအချာသို့ဝတ္ထုတိုများ	စိမ်းစိုဦး
၃။	စာပဒေသာဆု (ပထမဆု)	နယ်ချဲ့.တော်လှန်ရေးသမားကြီး ဗိုလ်စံဖဲ	မာဂဓိ (သာစည်)
	စာပဒေသာဆု (ဒုတိယဆု)	ပျော်ပုံကသစ်သနှင့် ငယ်ချစ်ကယ် လိုက်ခဲ့တော့	တင်မြင့်
	စာပဒေသာဆု(တတိယဆု)	မြစ်ရေတင်	မောင်ယဉ်လှိုင်း (ပျဉ်းမပြိုင်)
၄။	ဘာသာပြန်စာပေဆု (ပထမဆု)	ဇရာအိုကြီး	ဒေါက်တာထွန်းမြတ်အေး
၅။	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု (ပထမဆု)	မြန်မာ့ရိုးရာသပိတ်လက်မှုပညာ	အောင်ငြိမ်းချမ်း
	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု (ဒုတိယဆု)	ရခိုင်ရှစ်သောင်းပုထိုးတော်မှ လက်ရာများ	ခိုင်နန်းစံ

စဉ်	ဘာသာရပ်	စာမူအမည်	စာရေးသူ
	မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆု (တတိယဆု)	ဝိုချင်းရသနှင့် ခေတ်ကြေးမုံပြင်	သန်းသန်း(ယဉ်ကျေးမှု တက္ကသိုလ်
၆။	လူငယ်စာပေဆု (ပထမဆု)	အိပ်မက်တိုင်းပြည်မဟုတ်ပါနှင့် အခြားဝတ္ထုတိုများ	ပုသိမ် အောင်သန်းဦး
	လူငယ်စာပေဆု (ဒုတိယဆု)	ရောင်ခြည်ဦးအလှ ထိတွေ့.ခြင်း ဝတ္ထုတိုများ	မောင်ကြည်မော်(စကု)
	လူငယ်စာပေဆု (တတိယဆု)	သမီးတို့.ရဲ့. အေးရိပ်မွန်	မောင်မောင်ချစ်ဦး(မုံရွာ)
၇။	ကလေးစာပေဆု (ဒုတိယဆု)	မေတ္တာရှင်နှင့်အခြားဝတ္ထုများ	မောင်သာမွေး
	ကလေးစာပေဆု (တတိယဆု)	ကျောက်မျက်ရတနာရောင်စုံဖြာ ကလေးဝတ္ထုတိုများ	မောင်မွန်မြတ် (ကျေးလက်)
၈။	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)(ပထမဆု)	စလေပန်းပုရပ်စုံကျောင်း သမိုင်းစာတမ်းများ	မောင်မောင်လတ် (ရှေးဟောင်းသုသေတန)
	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)(ဒုတိယဆု)	မြေတူမြို့	မောင်ကျော်ရှင်း
	သုတပဒေသာ (ဝိဇ္ဇာပညာရပ်)(တတိယဆု)	လက်ဝှေ့.ကြိုးဝိုင်းအတွင်းမှ သခင်မျိုးဟော့ဒို့ဗမာ	ရွှေဘိုဘာမထီခင်အောင်
၉။	သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) (ပထမဆု)	ယနေ့အလေးမ ခေတ်မီနည်းစံနစ်များ	သီဟဗလဦးသော်ဇင်
	သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) (ဒုတိယဆု)	ကိုယ်အလေးချိန် ထိန်းသိမ်းခြင်းနှင့် ဆေးပညာ	ကျော်သက်ခိုင် (ဆေးတက္ကသိုလ်)
	သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်) (တတိယဆု)	ပရိုင်းမိတ်ဘဝအစမှသည် လူသား:များ:ဆီသို့	ဒေါက်တာ မောင်သင်း
၁၀။	ကဗျာပေါင်းချုပ် (ပထမဆု)	ရင်ထဲကစမ်းရေကြည်	မောင်မြင့်သန်း (မကွေး)
	ကဗျာပေါင်းချုပ်(ဒုတိယဆု)	မီးပင်လယ်ထဲပန်းမျိုးကြဲသူ	စလင်းဘုန်းကျော်
	ကဗျာပေါင်းချုပ် (တတိယဆု)	ပွဲဝင်တဲ့ပန်း	မြေလတ်မောင်မြင့်သူ

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံ။ ။ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယအကြိမ်ညီလာခံကို ဇွန်လ ၂၂ ရက် နေမှ ၂၃ ရက်နေအထိ ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။ ညီလာခံဖွင့်ပွဲအခမ်း အနား၌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ညီလာခံပထမနေ့ အစီအစဉ်ကျင်းပရာနံနက်ပိုင်းညီလာခံသဘာပတိဗဟိုအမှုဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း) က အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသန် (မောင်ဆုရှင်) က အမှာစကား ပြောကြား သည်။ ထို့နောက်ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာ (အကျဉ်း) ကို ဒေါ်မြမြသန်း (မနှင်းဖွေး)က လည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာနှင့် စာပေရန်ပုံငွေအခြေအနေကို ဦးစောမြင့် (မောင်စောမြင့်) က လည်းကောင်း၊ စာရင်းစစ်အဖွဲ့ အစီရင်ခံစာကို ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်)ကလည်းကောင်း၊ ကွယ်လွန်သူများအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းတင်ခြင်းကို ဒေါက်တာ တင်ရွှေ (ဆရာဝန်တင်ရွှေ) က လည်းကောင်း ဖတ်ကြားတင်သွင်းသည်။



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယအကြိမ် ညီလာခံဖွင့်ပွဲတွင် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် အမှာစကားပြောစဉ်

ညီလာခံပထမနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) က ဖတ်ကြားတင်သွင်း၍ ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ညီလာခံကိုယ်စားလှယ် ၁၂ ဦးကလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များအတွက် အကြံပြုခြင်းကို ညီလာခံကိုယ်စားလှယ်လေးဦးကလည်းကောင်း ထောက်ခံတင်ပြဆွေးနွေးကြပြီး ထောက်ခံဆွေးနွေးချက် အကြံပြုချက်များ



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဒုတိယအကြိမ်ညီလာခံဖွင့်ပွဲအခမ်းအနားတက်ရောက်ကြသူများ

နှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားသည်။ ထို့နောက် ဗဟိုအမှုဆောင်ကော်မတီ၏ အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်၊ ဘဏ္ဍာရေးနှင့် စာရင်းစစ်အစီရင်ခံစာ၊ စာပေရန်ပုံငွေအခြေအနေတင်ပြခြင်း၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း ပြင်ဆင်ချက်များအပေါ် ညီလာခံ ကိုယ်စားလှယ်နှစ်ဦးစီတို့က အဆိုတင်သွင်းထောက်ခံဆွေးနွေးသည်။

ဆက်လက်၍ စွမ်းဆောင်ရည်ဆု ရရှိသော မရမ်းကုန်း မြို့နယ်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ဗဟန်းမြို့နယ်၊ လှိုင်မြို့နယ်၊မြစ်ကြီးနားမြို့နယ်၊ နှစ်သိမ့်ဆု ရရှိသော ဗိုလ်တထောင်မြို့နယ်၊ တာမွေမြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ ပဲခူးမြို့နယ်၊တောင်တွင်းကြီးမြို့နယ်၊ ကောလင်း မြို့နယ်၊ သီပေါမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ကျောက်ဆည် မြို့နယ်၊ပျဉ်းမနားမြို့နယ်၊မော်လမြိုင်မြို့နယ်၊ ကျောက်တော် မြို့နယ်၊ ရန်ကင်းမြို့နယ်တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ညီလာခံဒုတိယနေ့နံနက်ပိုင်းတွင် "မြန်မာအမျိုးသမီးများ၏လူမှုရေးစွမ်းဆောင်မှုဖြစ်စဉ်" စာတမ်းကို ဒေါ်ကြွယ်ကြွယ် (မကြွယ်ကြွယ်)ကလည်းကောင်း၊ "မြန်မာကလေးစာပေနှင့်ပုံပြင်ဖွဲ့ဖြိုးတိုးတက်ရေး" စာတမ်းကို ဦးတင်ဝင်း (ပျဉ်းမနားမောင်နီသင်း)က လည်းကောင်း၊ "မြန်မာစာပေကို နိုင်ငံတကာသိုဖြန့်ချိရေး" စာတမ်းကို ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)ကလည်းကောင်း၊ "အတွေးခေါ်မှန်ကန်ရေးနှင့်စိတ်တတ်မြင့်မားရေး" စာတမ်းကို ဒုတိယဗိုလ်မှူးကြီး ချစ်နိုင် (ချစ်နိုင်စိတ်ပညာ) ကလည်းကောင်း၊ "အမျိုးသားရေးလက္ခဏာထိန်းသိမ်းရေးနှင့် မြန်မာစာပေ၏ အခန်းကဏ္ဍ" စာတမ်းကို ဦးတင်စိုး (ဂုဏ်လင်းကျော်) ကလည်းကောင်း ဖတ်ကြားတင်သွင်းသည်။ ထို့နောက် အတည်ပြုခြင်း လေးရပ်၊ ဆုံးဖြတ်ခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်းလေးရပ် တို့ကိုညီလာခံကိုယ်စားလှယ်များအားလုံးက တညီတညွတ် တည်း သဘောတူကြသည့်အတွက် ညီလာခံက အတည်ပြု ကြောင်းကြေညာသည်။

ညီလာခံဒုတိယနေ့ မွန်းလွဲပိုင်း တွင် ပထမအကြိမ် ညီလာခံသက်တမ်းမှ ဗဟိုအမှုဆောင် ကော်မတီဝင်များနှတ်ထွက်ကြောင်းကို ဥက္ကဋ္ဌဦးမျိုးသန် (မောင်ဆုရှင်)က ကြေညာပြီး၊ဗဟိုအမှုဆောင်ကော်မတီဝင် အသစ်များ ရွေးချယ်တင်မြှောက်ရန်ကိစ္စနှင့် စပ်လျဉ်း ၍ ဆန္ဒပြုပုံစနစ်များ ကို ရွေးချယ်တင်မြှောက်ပွဲ ကြိုးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ်ပါမေက္ခချုပ်



မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဗဟိုအမှုဆောင် ကော်မတီဝင်သစ်များ၊ကတိသစ္စာခံယူနေကြစဉ်

ဒေါက်တာတင်အောင်အေး က ရှင်းလင်းတင်ပြသည်။ ထို့နောက် ညီလာခံကိုယ်စားလှယ်များနှင့် သဘာပတိအဖွဲဝင်များက လျှို့ဝှက်ဆန္ဒမဲပေး၍ ဗဟိုအမှုဆောင်သစ် များကို ရွေးချယ်တင်မြှောက်၍ ဗဟိုအမှုဆောင်သစ် ၂၅ ဦး၏ အမည်စာရင်းကို ရွေးချယ်တင်မြှောက်ပွဲကြိုးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်အေး က ဖတ်ကြားကြေညာသည်။

ဆက်လက်၍ ရွေးချယ်တင်မြှောက်ခြင်းခံရသော ဗဟိုအမှုဆောင်ကော်မတီဝင်များအစည်းအဝေးကျင်းပပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြင်ဆင်ချက်အရ တိုးချဲ့ဖွဲ့စည်းသော ဗဟိုအမှုဆောင် ကော်မတီဝင်ငါးဦးနှင့် ဗဟိုအမှုဆောင် ကော်မတီဝင် ၂၅ ဦးတို့၏ တာဝန်ခွဲဝေမှု အခြေအနေကို ရွေးချယ် တင်မြှောက်ပွဲ ကြိုးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်အေး က ဖတ်ကြား ကြေညာရာ တိုးချဲ့ဖွဲ့စည်းသော ဗဟိုအမှုဆောင်ကော်မတီဝင် ငါးဦးမှာ ဦးကျော်အောင် (ကျော်အောင်)၊ ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)၊ ဦးတင်စိုး (ဂုဏ်လင်းကျော်) နှင့် ဦးချစ်နိုင် (ချစ်နိုင် စိတ်ပညာ) တို့ဖြစ်ကြပြီး ဗဟိုအမှုဆောင် ကော်မတီဥက္ကဋ္ဌ ဦးကျော်အောင် (ကျော်အောင်)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဒုတိယဥက္ကဋ္ဌ (၃) ဦးသန်းမောင် (သန်းမောင်)၊ အတွင်းရေးမှူး ဦလှထွန်း (လှထွန်း-တွံတေး)၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးချစ်နိုင် (ချစ်နိုင်စိတ်ပညာ)၊ တွဲဖက်အတွင်းရေးမှူး (၂) ဒေါမြမြသန်း (မနှင်းဖွား)၊ တွဲဖက်အတွင်းရေးမှူး (၃) ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)၊ တွဲဖက်အတွင်းရေးမှူး (၄) ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)၊ ဘဏ္ဍာရေးမှူး ဦးစောမြင့် (မောင်စောမြင့်)၊ စာရင်းစစ် ဦးမောင်ဝင်း (မောင်ဝင်း- စာပေ)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များအဖြစ် ဦးကျော်မင်း (မင်းကျော်မင်း)၊ ဦးကြည်ညွန် (ချစ်ကြည်ရေး ကြည်ညွန်)၊ ဦးကြည်လွင် (ကာတွန်းငွေကြည်)၊ ဒေါခင်ခင်စိန် (ယုဝတီခင်စိန်လိုင်)၊ ဦးခင်ဆွေ (ရွှေစွန်ညို)၊ ဒေါက်တာ ခင်မောင်ညွန် (ဒေါက်တာခင်မောင်ညွန်)၊ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)၊ ဒေါက်တာတင်ရွှေ (ဆရာဝန်တင်ရွှေ)၊ ဦးတင်လိုင် (လယ်တွင်းသားစောချစ်)၊ ဒေါက်တာ မောင်မောင် (မောင်ဆင်ခြင်)၊ ဦးမျိုးသန့် (မောင်ဆုရှင်)၊ ဦးရဲတင့်(ရဲတင့်)၊ ဒေါရင်ရင် (စောမုံညင်း)၊ ဦးလိုင်ကြွယ် (ကာတွန်းမောင်ဝဏ္ဏ)၊ ဦးဝင်း ဖေ (မုံရွာဝင်းဖေ)၊ ဦးသန်းလိုင် (တက္ကသိုလ်သခင်)၊ ဦးအုံး ဖေ (ပခုက္ကူ ဦးအုံးဖေ)၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) နှင့် ဦးတင်စိုး (ဂုဏ်လင်းကျော်) တို့ပါဝင်သော ဗဟိုအမှု ဆောင် ၃၀ကို ရွေးချယ်တင်မြှောက်ပွဲကြိုးကြပ်ရေး ကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်အောင်အေး က ဖတ်ကြား ကြေညာသည်။

ထို့နောက် ဗဟိုအမှုဆောင် ကော်မတီဝင်များက သဘာပတိရွေးမှောက်၌ ကတိသစ္စာပြုကြပြီး ဗဟိုအမှုဆောင် ကော်မတီ ဥက္ကဋ္ဌသစ် ဦးကျော်အောင် (ကျော်အောင်)က နှုတ်ခွန်းဆက် အမှာစကားနှင့် သဘာပတိ ဦးသန်းမောင် က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၁၉၉၈ ခုနှစ်အတွင်း တိုးတက်ဖြစ်ပေါ်ခဲ့သည့် ထင်ရှားသော အကြောင်းရပ်အချို့ကို အောက်ပါအတိုင်း ဖော်ပြပါသည်။

နိုင်ငံခြားဆက်ဆံရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ ဒေါက်တာ မဟာသီ၊ ဘင်၊ မိုဟာမက် နှင့် ဇနီး ဒါတင်ဆရီ ဒေါက်တာ စီတီ၊ ဟက်စ်မာ၊ ဟာဂျီ၊ မိုဟာမက်အလိတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၉ ရက်နေ့ ၁၀ ရက် နေ့အထိ၊ စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂိုချောက်တောင် ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၂၄ ရက်နေ့မှ ၂၅ ရက်နေ့အထိ ၊ ဘရူးနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်၊ ဟာဂျီ၊ ဟာဆာနာလ်၊ ဘိုလ်ကီးယား၊ မူအစ်ဇာဒင်၊ ဝါဒိုလာ၊ မိဖုရား ရာဂျာ၊ အစ္စတရိ၊ ပင်ဂျီယန်၊ အနတ်ခ်၊ ဟာဂျာ၊ ဆယ်လ်လီ ဟာနှင့် ကြင်ရာတော် ပင်ဂျီယန်၊ အစ္စတရိ၊ မာရိယမ်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မေလ ၂၉ ရက်နေ့မှ ၃၁ ရက်နေ့အထိ၊ လာအို ပြည်သူ့ဒီမို ကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆီဆဗတ်ကဲအိုဘွန်ဖန်နှင့် ဇနီး မဒမ်ခမ်လာကဲ



ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘရူနိုင်း ဒါရုဿလင်နိုင်ငံ ဘုရင်မင်းမြတ်အား ပြည်သူ့လွှတ်တော်၊ သံတမန်ခန်းမတွင် တွေ့ဆုံစဉ်

အိုဘွန်ဖန်တို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့သည် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေး ခရီး အသီးသီး လာရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတဖီဒယ်လ်၊ ဗွီ၊ ရာမို့စ်နှင့် ဇနီး မဒမ်အမ်မီလီတာအမ်၊ ရာမို့စ်တို့၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ ၁၉ ရက် နေ့အထိ ဖိလစ်ပိုင် သမ္မတနိုင်ငံသို့ လည်းကောင်း၊ ဘရူးနိုင်း ဒါရုဿလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန်၊ ဟာဂျီ၊ ဟာဆာနာလ်၊ ဘိုလ်ကီးယား၊ မူအစ်ဇာဒင်၊ ဝါဒိုလာ၏ ဖိတ်ကြားချက်အရ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ ဘရူးနိုင်း ဒါရုဿလမ်နိုင်ငံသို့ လည်းကောင်း၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီး ချုပ် မစ္စတာ ဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဒီဇင်ဘာလ ၁၄ ရက်နေ့မှ ၁၇ ရက် နေ့အထိ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ လည်းကောင်း သွားရောက်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံဂါရဝပြုစဉ်





နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွေ ဘဂ္ဂနိုင်းနိုင်ငံဘုရင်မင်းမြတ်နှင့် မိဖုယား၊ ကြင်ယာတော်အား ကြိုဆိုစဉ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွေသည် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဟနွိုင်းမြို့တွင် ဒီဇင်ဘာလ ၁၅ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပသော ဆဋ္ဌမအကြိမ် အာဆီယံပုံမှန်ထိပ်သီးညီလာခံ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ တံခါးပိတ်အစည်းအဝေးနှင့် အလွတ်သဘော တံခါးပိတ်အစည်းအဝေး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကမ္ဘောဒီးယား နိုင်ငံ ဝန်ကြီးချုပ်တို့၏ အစည်းအဝေး၊ အာဆီယံ အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တရုတ် ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ နိုင်ငံတော် အကြီးအကဲများနှင့် အစိုးရအဖွဲ့ အကြီးအကဲများ၏ အစည်းအဝေး၊ အာဆီယံ အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတတို့၏ အစည်းအဝေး၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ နှင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်တို့၏ အစည်းဝေး၊ အာဆီယံ အဖွဲ့ဝင် နိုင်ငံများမှ နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယား သမ္မတ နိုင်ငံတော် အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများနှင့် ကုလသမဂ္ဂ အတွင်းအာဆီယံအသင်းဝင် နိုင်ငံများမှ အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၏ အစည်းအ



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံသို့ ထွက်ခွာစဉ်

နိုင်ငံများမှ အကြီးအကဲများနှင့် ခင်မင်ရင်းနှီးစွာ အမြင်ချင်း ဖလှယ်ခဲ့ပြီး နှစ်နိုင်ငံ ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ကုလသမဂ္ဂ လက်ထောက်အတွင်းရေးမှူးချုပ် မစ္စတာ အယ်လ်ဖာရိုးဒီဆိုတိုအား ဇန်နဝါရီလ ၂၃ ရက်နေ့ တွင် လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဒန်ဗူချူ ခေါင်းဆောင်သော စက်မှုကိုယ်စားလှယ် အဖွဲ့အား မတ်လ ၆ ရက်နေ့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံ ဘုရင့်အတိုင်ပင်ခံ အဖွဲ့ဝင်နှင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီး ပရမ်တင် ဆူလာနွန်ဒါအား မတ်လ ၂၀ ရက်နေ့တွင် လည်းကောင်း၊ ရန်ကုန်မြို့တွင် ကျင်းပသည့် ၂၄ ကြိမ်မြောက် အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ ညီလာခံသို့ တက်ရောက်ကြသော ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဂျက်ဒုဖ်၊ အာရှနှင့်ပစိဖိတ် ဒေသရှိ အဖွဲ့ဝင်နိုင်ငံများမှ တွန်ဂါသမ္မတနိုင်ငံ ဝန်ကြီးချုပ်၊ ကမ္ဘောဒီးယား၊ ဖီဂျီ၊ အီရန်၊ ကိုရီးယား သမ္မတနိုင်ငံ၊ လာအို၊ မလေးရှား၊ မော်လဒိုက်၊ မွန်ဂို လီးယား၊ ပါပူဝါးနယူးဂီနီ၊ ဆာမိုဝါး၊ သီရိလင်္ကာနှင့် ထိုင်း နိုင်ငံတို့မှ ဝန်ကြီးများ၊ FAO Independent Chairman ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံတို့မှ ဒုတိယ ဝန်ကြီးများ၊ အက်ဖ်အေအို ဒေသဆိုင်ရာ လက်ထောက် ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် တို့အား ဧပြီလ ၂၃ ရက်နေ့တွင်လည်းကောင်း အာဆီယံ အတွင်းရေးမှူးချုပ် မစ္စတာရိုဒိုဖို၊ စီ၊ ဆီဗာရီနိုဂျူနီယာအား မေလ ၈ ရက်နေ့တွင်လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး မစ္စတာ ငုယင်မန်ကမ်းအား ဇွန်လ ၂၄ ရက်နေ့တွင်လည်းကောင်း၊ ထိုင်းဘုရင့် ကြည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချတ်တားသနန်ဂျာရိုနှင့် အဖွဲ့ဝင်များအား စက်တင်ဘာလ ၁၈ ရက်နေ့တွင်လည်းကောင်း အသီးသီးလက်ခံ တွေ့ဆုံသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်ဖွင့်လှစ်ခြင်း

ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်း ကန်တော့ပလ္လင်ဘုရားအနီးရှိ ပုဂံရှေးဟောင်း သုတေသနပြတိုက်သစ်ဖွင့်ပွဲကို ပြတိုက်ဝင်းအတွင်း၌ ဧပြီလ ၁၇ ရက်နေ့တွင် ကျင်းပသည်။ပုဂံရှေးဟောင်းသုတေသနပြတိုက်သစ်ကို မြေ ၁၀ ဒသမ ၉၇ ဧကပေါ်၌ တည်ဆောက်ထားခြင်း ဖြစ်ပြီး အလျားပေ ၃၈၀၊ အနံပေ ၃၆၀ ရှိ သံကူ ကွန်ကရစ် အဆောက်အအုံ အမျိုးအစားဖြစ်သည်။ ပြတိုက်သစ်တွင် ပင်မခန်းမဆောင် ပြခန်း၊ ပုဂံခေတ် စာပေပြခန်း၊ ပုဂံခေတ် လူမှုရေးပန်းချီနှင့် စစ်ရေးပန်းချီပြခန်း၊

ပုဂံခေတ် ဗိသုကာလက်ရာ ပြခန်း၊ ပုဂံခေတ် လက်မှုအနုပညာ ပြခန်း၊ ပုဂံခေတ် ဘုရားပုထိုး ပန်းချီ ပြခန်း၊ ပုဂံခေတ် ဗုဒ္ဓအနုပညာ ပြခန်းများဖြင့် ခမ်းနားစွာ ပြသထားသည်။

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးပြပွဲပြသခြင်း

မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးပြပွဲ ၁၉၉၈ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာလ ၁ ရက်နေ့မှ ၃၀ ရက်နေ့အထိ ပြသသည်။ ပြပွဲတွင် လွတ်လပ်ရေးမရမီခေတ်ပြခန်း၊ လွတ်လပ်ရေးရပြီးခေတ် ပြခန်း၊ မျက်မှောက်ခေတ်ပြခန်း၊ ဝန်ကြီးဌာနများ ပြခန်း၊ ဗဟိုပြခန်း၊ ကွန်ပျူတာဉာဏ်စမ်း ပဟေဠိပြိုင်ပွဲနှင့် ပြခန်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးပြပွဲ ကာတွန်းများ ဓာတ်ပုံများ ပန်းချီကားများ ပြခန်းတို့ကို ခင်းကျင်း ပြသထားသည်။ ထို့ပြင် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးဝင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များနှင့် မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဝင်များ၏ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ၊ တေး သရုပ်ဖော်များ၊ သရုပ်ဆောင် ပြကွက်များ၊ နယ်ချဲ့ ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေး ရုပ်ရှင်ကား ကောက်နုတ်ချက်များ၊ သမိုင်းဝင် မှတ်တမ်းများကို တင်ဆက်ပြသထားသည်။

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ဖွင့်လှစ်ခြင်း

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင်သမိုင်း ပြတိုက်ဖွင့်ပွဲကို ဗဟန်းမြို့နယ် ဝက်ပါလမ်းရှိ မြန်မာ့ရုပ်ရှင်သမိုင်း ပြတိုက်၌ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကျင်းပသည်။ မြန်မာ့ရုပ်ရှင်သမိုင်း ပြတိုက်တွင် သမိုင်းဝင် ရုပ်ရှင်စက် ပစ္စည်းများ၊ ရုပ်ရှင် ထူးချွန်ဆုများ၊ မြန်မာ့ရုပ်ရှင် ငွေရတု၊ ရွှေရတု၊ စိန်ရတုနှင့် ပတ္တမြားရတု ကာလရုပ်ရှင်ဇာတ်ကား များနှင့် သရုပ်ဆောင်များ၏ မှတ်တမ်းတင်ပုံများ၊ ပိုစတာများ၊ မြန်မာ့ကာတွန်း ရုပ်ရှင်မှတ်တမ်းတင်ပုံများနှင့် ရုပ်ရှင်သမိုင်း အထောက်အကူပြု ပြခန်းများကို ပြသထားသည်။



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်အဖွဲ့ အတ္ထုရံတံတား(မွန်ပြည်နယ်)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်

လမ်းတံတား တည်ဆောက်ရေး လုပ်ငန်းများ

မြောင်းမြမြို့နယ် လပွတ္တာ (ပင်လယ်လေး) မြစ်ကူးတံတားဖွင့်ပွဲကို တံတားအနီးရှိ မဂ်လာမဏ္ဍပ်၌ ဇန်နဝါရီလ ၃ ရက်နေ့တွင် ကျင်းပသည်။ လပွတ္တာ (ပင်လယ်လေး) မြစ်ကူးတံတားကို မြောင်းမြမြို့နယ် အတွင်းရှိ လပွတ္တာ–မြောင်းမြ–အိမ်မဲ–ကျောင်းကုန်းကားလမ်း မိုင်တိုင် ၂၂/၀ ကညင်ကိုင်းကျေးရွာအနီးတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ တံတားစုစုပေါင်း အရှည်ပေ ၁၃၀၀၊ ပင်မ တံတားအရှည် ပေ ၆၀၀၊ ယာဉ်သွားလမ်းအကျယ် ၁၆ ပေ ငါးလက်မ၊ ခွင့်ပြုယာဉ်

အလေးချိန်တန် ၆၀၊ တံတား:အောက် ရေလမ်:ကင်:လွတ်နယ် အကျယ်ပေ ၅၇၀ နှင့် အမြင့် ၃၅ ပေ ရှိသည်။တံတား:အပေါ်ထည်မှာ တစ်လမ်:မောင်: ဘေလီ ကြိုး:တံတား:နှင့် သံအား:ဖြည့် ကွန်ကရစ်တံတား:ဖြစ်ပြီ: အောက်ထည်မှာ အာစီဒီသံအား:ဖြည့် ကွန်ကရစ်ပိုင်တိုင် အုတ်မြစ်နှင့် ဘိုးပိုင်သံအား:ဖြည့် ကွန်ကရစ်ပိုင်တိုင် အုတ်မြစ်အမျိုး အစား: ဖြစ်သည်။ တံတား:တည်ဆောက်မှု အတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁၅ သိန်: အပါအဝင် ငွေကျပ်သိန်: ၃,၃၀၀ ကျော် ကုန်ကျသည်။

ကျိုင်:တုံမြို့နယ် ဝမ်တာပင်:ချောင်:ကူး ခေမာဝရ တံတား:ဖွင့်ပွဲကို တံတား:သစ်မုခ်ဦ:နှင့် ယာယီမဏ္ဍပ်၌ ဧန်နဝါရီလ ၅ ရက်နေ့တွင် ကျင်:ပသည်။ ခေမာဝရ တံတား:သည် အရှည် ၁၂၉ ပေမီတာ၊ အမြင့် ၁၅ ဒသမ ၂၂ မီတာ၊ အကျယ် ၁၀ မီတာ၊ ယာဉ်သွား:လမ်:အကျယ် ခုနစ်မီတာ၊ လမ်:တစ်ဖက်တစ်ချက် လူသွား:လမ်:အကျယ် ၁ ဒသမ ၅ မီတာစီ၊ ယာဉ်ကြိ: တန် ၃၀ ၊ နောက်တွဲယာဉ် တန် ၁၀၀အထိ ခံနိုင်ရည်ရှိသည်။ တံတား:အမျိုး:အစား:မှာ ကျောက်စီ ခုံ:တံတား:ဖြစ်သည်။ တံတား:တည်ဆောက်မှု အတွက် နိုင်ငံတော်က ထည့်ဝင်ငွေ ကျပ်သိန်: ၁၀၀ အပါအဝင် တိုင်:ရင်:သား:ခေါင်:ဆောင်များ:နှင့် ဒေသခံ ပြည်သူများ: ထည့်ဝင်ငွေစုစုပေါင်: ငွေကျပ် သိန်: ၁,၅၀၀ ခန့် ကုန်ကျသည်။

မအူပင်မြို့ မအူပင်ဘံတား:ဖွင့်ပွဲကို ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်:ပသည်။ မအူပင်တံတား:သည် မအူပင်မြို့.နယ် တလုပ်လပ်အရှေ့.ကျေး:ရွာနှင့် တလုပ်လပ်အနောက်ကျေး:ရွာတို့.တွင် တည်ရှိသည်။တံတား:အရှည် မီတာ ၇၂၀၊ ယာဉ်သွားလမ်:အကျယ် ၈ ဒသမ ၅၀ မီတာ၊ လူသွား: လမ်:အကျယ် ၁ ဒသမ ၈၀ မီတာ၊ တံတား:အောက် ရေလမ်: ကင်:လွတ်နယ်အကျယ် မီတာ ၁၁၀ နှင့် အမြင့် ၁၇ မီတာ၊ ခွင့်ပြုအလေးချိန်တန် ၆၀ ရှိသည်။ သံပေါင်အား:ဖြည့် ကွန်ကရစ် ရက်မတံတား: အမျိုး:အစား: ဖြစ်သည်။

ရန်ကုန်မြို့တော် ဗဟိုလမ်:မကြီ: အင်:စိန်ဘူတာရုံလမ်:မှ ပါရမီလမ်:အထိ မြို့တော်ဗဟိုလမ်:မကြီ:အပိုင်: ၁ ဖွင့်ပွဲကို အင်:စိန်ဘူတာရုံလမ်:နှင့် မြို့တော်ဗဟို လမ်:မကြီ:ထိပ် မုခ်ဦး.၌ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်:ပသည်။ ဗဟိုလမ်:မကြီ:သည် လမ်:မတော်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်:လမ်:မှ အင်:စိန်ဘူတာရုံလမ်:အထိ ကိုး:မိုင်ခန့် ရှည်လျား:သည်။

ရှမ်:ပြည်နယ်တောင်ပိုင်:နှင့် မြောက်ပိုင်: ဆက်သွယ်သော ရွေညောင်–ရပ်စောက်–ကျောက်ဂူ–တောင်ခမ်:–ကဲကြီ:–နောင်ချို ကား:လမ်:ဖွင့်ပွဲကို နောင်ချိုမြို့.နယ် ကဲကြီ:ကျေး:ရွာနှင့် ရပ်စောက်မြို့နယ် ၊ကျောက်ဆုံကျေး:ရွာ အနီ:ရှိ မဂ်လာ မဏ္ဍပ်တို့၌ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်:ပသည်။ ကား:လမ်:သစ်သည် အရှည် ၁၀၅ မိုင် ခုနစ်ဖာလုံ၊ ကျောက်ချောလမ်:အကျယ် ၂၂ ပေနှင့် လမ်:ပခုံ: တစ်ဖက်လေ:ပေစီ စုစုပေါင်: လမ်:အကျယ် ပေ ၃၀ ရှိသည်။

ကျောက်တော်မြို့.နယ် ယိုး:ချောင်: တံတား:ဖွင့်ပွဲကို မတ်လ ၁၈ ရက်နေ့တွင် ကျင်:ပသည် ။ ယိုး:ချောင်:တံတား:သည် စစ်တွေမြို့.မှ ၄၇ မိုင်၊ ကျောက်တော်မြို့.မှ ၁၄ မိုင်အကွာတွင် တည်ရှိပြီ: ယိုး:ချောင်:ကို ဖြတ်ကျော် တည်ဆောက်ထား:ခြင်: ဖြစ်သည်။ တံတား:အရှည် ပေ ၄၂၀၊ ယာဉ်သွား:လမ်:အကျယ် ၁၀ ပေကိုး:လက်မ၊ ခွင့်ပြုယာဉ် အလေးချိန်တန် ၂၀ရှိသည်။ ကွန်ကရစ်တိုင်ခံ ဘေလီ တံတားဖြစ်ပြီ: တံတား:တည်ဆောက်မှုအတွက် ငွေကျပ် ၁,၄၂၈ သိန်: ကုန်ကျသည်။

ရန်ကုန်မြို့တော် ဗဟိုလမ်:မကြီ: ပါရမီလမ်:မှ ရွာမကျောင်:လမ်:အထိ ရန်ကုန်မြို့တော် ဗဟိုလမ်:မကြီ: အပိုင်: ၂ ဖွင့်ပွဲကို မတ်လ ၂၅ ရက်နေ့တွင် ကျင်:ပသည်။

မော်လမြိုင်မြို့.နယ် အတ္ထရံတံတား: (မွန်ပြည်နယ်) ဖွင့်ပွဲ ကို အတ္ထရံတံတား:သစ်၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်:ပ သည်။ တံတား:အရှည်ပေ ၁,၄၂၀၊ အကျယ် ၂၄ ပေခွဲ၊ လူသွား:လမ်:အကျယ်ငါ:ပေ၊တံတား:အောက် ရေလမ်: ကင်:လွတ်နယ် အကျယ်ပေ ၄၀၀ နှင့် အမြင့်ပေ ၄၀၊ ခွင့်ပြုယာဉ် အလေးချိန်တန် ၆၀ ရှိသည်။ မြန်မာနိုင်ငံတွင် ပထမဆုံ: တည်ဆောက်သော သံမဏိကြိုးဆိုင်: နှင့် သံကူ ကွန်ကရစ် တံတား:အမျိုး:အစား: ဖြစ်သည်။ တံတား:တည်ဆောက်မှု အတွက် ငွေကျပ် ၅၈၀ ဒသမ ၆ သန်:နှင့် အမေရိကန် ဒေါ်လာ ၁ ဒသမ ၁၂၇ သန်: ကုန်ကျသည်။

ထား:ဝယ်–ရေး ရထား:လမ်:သစ်ဖွင့်ပွဲကို ထား:ဝယ် ဘူတာရုံအနီ:ရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၂၆ ရက်နေ့တွင် ကျင်:ပသည်။ ထား:ဝယ် – ရေး ရထား:လမ်:သစ်သည် ၁၀၁ ဒသမ ၃၆ မိုင်ရှည်လျား:သည်။



ထား၀ယ် – ရေး ရထား လမ်းသစ်ဖွင့်ပွဲ အခမ်းအနား

မန္တလေး– လား၀ိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီး လား၀ိုး–ကုန်းဆာလမ်းပိုင်းဖွင့်ပွဲကို ကုန်းသာ ယာယီ မဏ္ဍပ်၌ ဧပြီလ ၄ ရက်နေ့တွင် ကျင်းပသည်။

ပွင့်ဖြူ(မြို့နယ် မုန်းချောင်းတံတား ဖွင့်ပွဲကို တံတား အနီး၌ မဂ်လာမဏ္ဍပ်၌ ဧပြီလ ၁၅ ရက်နေ့တွင် ကျင်းပသည်။ မုန်းချောင်းတံတားသည် သံကူကွန်ကရစ် ကိုယ်ထည်ပေါ်တွင် တည်ဆောက်ထားသည့် ဘေလီတံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၁,၃၀၀ ရှိသည်။ တံတား တည်ဆောက်မှုအတွက် ငွေကျပ် ၁,၄၉၅သိန်း ကုန်ကျသည်။

ပုဏ္ဏားကျွန်း(မြို့နယ် ကင်းချောင်းတံတား ဖွင့်ပွဲကို တံတားအနီး၌ မဂ်လာမဏ္ဍပ်၌ ဧပြီလ ၂၂ ရက်နေ့တွင် ကျင်းပသည်။ ကင်းချောင်းတံတားသည် အောက်ထည် သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် ဘေလီသံပေါင်များဖြင့် တည်ဆောက်ထားသည့် တစ်လမ်းမောင်း တံတားဖြစ်ပြီး အရှည်ပေ ၄၄၀ ရှိသည်။ ရန်ကုန်–စစ်တွေကားလမ်း၌ တံတားကြီးကိုးစင်းတွင် တစ်စင်းအပါအ၀င် ဖြစ်သည်။

သံတွဲ(မြို့ ဒွါရာ၀တီ(မြို့ဦးတံတား ဖွင့်ပွဲကို တံတားအနီး၌ မဂ်လာမဏ္ဍပ်၌ ဇွန်လ ၂ ရက်နေ့တွင် ကျင်းပသည်။ ဒွါရာ၀တီ(မြို့ဦးတံတားသည် သံတွဲ–တောင်ကုတ်ကားလမ်း ပေါ်တွင် တည်ရှိသည်။တံတားကို သံကူကွန်ကရစ် ပိုင် တိုင်နှင့် ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မတို့(ဖြင့် ဆောက်လုပ်ထားပြီး တံတားအရှည် ပေ ၅၄၀၊ အကျယ် ၃၈ ပေ၊ ခံနိုင်ဝန် ၃၆ တန်ရှိသည်။ တံတားတည်ဆောက် မှုအတွက် ငွေကျပ် ၁၁၅ ဒသမ ၄ သန်း ကုန်ကျသည်။

ဗလမင်းထင်တံတား (မြစ်ကြီးနား) ဖွင့်ပွဲကို မြစ်ကြီးနား မြို့ စီတာပူမိုင်းနားမြစ်ဆိပ်ရှိ တံတားအနီး မဂ်လာမဏ္ဍပ်၌ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျင်းပသည်။ ဗလမင်းထင် တံတားသည် ဗန်းမော်–မိုးမောက်–၀ိုင်းမော်–မြစ်ကြီးနား – ဆွမ်ပရာဘွမ်လမ်းပေါ်တွင် တည်ရှိပြီး မြစ်ကြီးနားအထက်ရှိ စီတာပူနှင့် ဧရာ၀တီမြစ် တစ်ဘက်ကမ်း မိုင်းနားတို့ကို ဆက်သွယ်တည်ဆောက် ထားခြင်း ဖြစ်သည်။ ဗလမင်းထင်တံတားသည် သံမဏိ သံပေါင်တံတားဖြစ်ပြီး တံတားအရှည် ၂,၆၈၈ ပေ ရှိသည်။တံတားတည်ဆောက်မှု အတွက် ငွေကျပ် ၁,၀၇၇ ဒသမ ၃ သန်းနှင့် အမေရိကန် ဒေါ်လာ ၅ ဒသမ ၉ သန်း ကုန်ကျသည်။

"၀"ဒေသ ခွန်းမာမြို့ ခွန်းမာတံတားဖွင့်ပွဲကို တံတား မှခ်ဉီး၌ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပသည်။ ခွန်းမာတံတားသည် အရှည် ၂၈ မီတာ၊ အကျယ် ၅၈မီတာ၊ ချဉ်းကပ်လမ်းအရှည် ၁၁၄ မီတာရှိသည်။

ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံများ ဖွင့်လှစ် ထုတ်လွှင့်ခြင်း

မတူပီမြို့ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ မတ်လ ၉ ရက်နေ့တွင်လည်းကောင်း၊ ပလက်၀မြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ မတ်လ ၁၀ရက်

နေ့တွင် လည်းကောင်း၊ ပန်းဝါမြို့ ရုပ်မြင်သံကြား၊ ထပ်ဆင့်လွှင့်စက်ရုံမှ ဧပြီလ ၄ ရက်နေ့တွင် လည်းကောင်း၊ "ဝ" အထူးဒေသ ဝလင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဧပြီလ ၂၂ ရက်နေ့တွင် လည်းကောင်း၊ မူဆယ်မြို့နယ်မုံးပေါ်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဇွန်လ ၁၀ ရက်နေ့တွင် လည်းကောင်း၊ လွှကူမြို့ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဇူလိုင်လ ၁၀ ရက်နေ့တွင် လည်းကောင်း၊ မိုင်းယန်းမြို့နယ် ဟိုတောင်း ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံမှ ဇူလိုင်လ ၁၅ ရက်နေ့တွင် လည်းကောင်း ရုပ်မြင်သံကြား အစီအစဉ်များကို စတင် ထုတ်လွှင့်သည်။

ဆည်မြောင်းတာတမံများ တည်ဆောက်ဖွင့်လှစ်ခြင်း

ပုလဲမြို့နယ် ယမားရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံ အနီးရှိ မဂ်လာမဏ္ဍပ်၌ ဧန်နဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပသည်။ယမားရေလှောင်တမံသည် ယမားချောင်းပေါ်တွင် တည်ရှိပြီး အလျားပေ ၁၀,၄၀၀၊ အမြင့် ၆၅ ပေ၊ ရေလှောင်နိုင်သည့် ပမာဏ ၁၄,၀၅၆ ဧကပေ ရှိသည်။ ရေလှောင်တမံမှ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ် အတွင်း ရှိ ဧက ၁၂,၀၀၀ ကို ရေပေးဝေ စိုက်ပျိုးနိုင်သည်။

ဖြူးမြို့နယ် ငမွေခြောင်း ရေလှောင်တမံဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပသည်။ ငမွေခြောင်း ရေလှောင်တမံကို ဖြူးမြို့နယ် ဇေယျဝတီမြို့ အနောက်ဘက် လေးမိုင်ကွာ ငမွေခြောင်းပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ငမွေခြောင်း ရေလှောင်တမံသည် ပင်မရေလှောင်တမံ အလျားပေ ၈၀၀၊ ကုန်းကျောရေလှောင်တမံအလျားပေ ၁,၀၀၀ ရှိသည်။ ရေလှောင်တမံမှ ဆည်ရေသောက်ကြံစိုက် ဧရိယာ ဧက ၅၀၀ နှင့် အခြားသီးနှံစိုက် ဧရိယာ ဧက ၇၀၀ ခန့် ရေပေးဝေနိုင်သည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် သန်း ၁၂၀ ကျော် ကုန်ကျသည်။

အုတ်တွင်းမြို့နယ် ရေသိုးရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပသည်။ ရေသိုးရေလှောင်ဟမံသည် ပင်မတမံ အလျားပေ ၇၅၀၊ အမြင့်ပေ ၆၀၊ ကုန်းကျော တမံအလျား ပေ ၆၀၀၊ အမြင့် ၁၀ ပေရှိသည်။ ရေလှောင်တမံမှ လယ်မြေ ဧရိယာဧက ၂,၀၀၀ နှင့် သီးနှံဧရိယာဧက ၄,၀၀၀ အတွက် စိုက်ပျိုးရေ ပေးဝေနိုင်ပြီး သောက်သုံးရေ တစ်နှစ်လျှင် ဂါလန် ၈၇ ဒသမ ၆ သန်း ဖြန့်ဖြူးနိုင်သည်။

မြို့သစ်မြို့နယ် ဆဒွန်ရေလှောင်တမံဖွင့်ပွဲကို ဧပြီ ၁၈ ရက်နေ့တွင် ကျင်းပသည်။ ဆဒွန်ရေလှောင်တမံကို မြို့သစ်မြို့နယ် ထနောင်းကွင်းကျေးရွာအထက် တစ်မိုင်ခန့် အကွာ ရှိပြီး ဆဒွန်ချောင်းပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ် သည်။ ဆဒွန်ရေလှောင်တမံသည် အလျားပေ ၁၀၀၀၊ အမြင့် ၁၂၂ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၂၅,၀၀၀ ရှိသည်။ ရေလှောင်တမံမှ စပါး၊ ဝါ၊ နှမ်းနှင့် ပဲမျိုးစုံ စိုက်ပျိုးမြေရိယာ ဧက ၁၀,၅၀၀ သို့ ရေပေးဝေ စိုက်ပျိုး နိုင်သည်။

ပဲခူးမြို့နယ် ဧလက်ထော် ရေလှောင်တံမံဖွင့်ပွဲကို ရေလှောင်တမံ အနီးရှိ မဂ်လာမဏ္ဍပ်၌ မေလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ ဧလက်ထော် ရေလှောင်တမံကို ပဲခူးမြို့ အနောက်တောင်ဘက် ငါးမိုင်ခန့်အကွာရှိ ဧလက်ထော် ချောင်းပေါ်တွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ဧလက် ထော် ရေလှောင်တမံသည် မြေသားတမံ အမျိုးအစား ဖြစ်ပြီး ပင်မတမံအလျား ၂,၂၆၅ ပေ၊ အမြင့် ပေ ၅၀၊ ကုန်း ကျော ရေလှောင်တမံ အလျားပေ ၂,၃၀၀၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၈,၀၀၀ ရှိသည်။ ရေလှောင်တမံမှ ပဲခူးမြို့နယ်အတွင်းရှိ လယ်မြေ ဧက ၂,၀၀၀ခန့်ကို ရေပေးဝေ စိုက်ပျိုးနိုင်သည်။ ရေလှောင်တမံ တည်ဆောက်မှုအတွက် ငွေကျပ်သန်း ၄၀၀ ကုန်ကျသည်။

တောင်သာမြို့နယ် ဝဲလောင်ရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌ ဇူလိုင်လ ၁၃ ရက်နေ့တွင် ကျင်းပသည်။ ဝဲလောင်ရေလှောင်တမံကို တောင်သာမြို့နယ် ဝဲလောင်ကျေးရွာအနီးတွင် တည်ဆောက်ထားခြင်း ဖြစ်သည်။ ဝဲလောင် ရေလှောင်တမံသည် အလျားပေ ၅,၅၅၀၊ အမြင့် ၉၂ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၆,၀၀၀ ရှိသည်။ ရေလှောင်တမံမှ ဧရိယာဧက ၂,၀၀၀ ကို ဆည်ရေပေးဝေနိုင်ပြီး သီးနှံစိုက်ဧက ၂,၅၀၀ ကို အကျိုးပြုသည်။ ရေလှောင်တမံတည်ဆောက်မှုအတွက် ငွေကျပ် သန်း ၄၀၀ ကျော် ကုန်ကျသည်။

ကျောက်ပန်းတောင်းမြို့နယ် ပင်းချောင်းရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မဂ်လာမဏ္ဍပ်၌

သြဂုတ် လ ၃၁ ရက်နေ့တွင် ကျင်းပသည်။ ပင်းချောင်း ရေလှောင် တမံသည် အလျားပေ ၂,၂၀၀၊ အမြင့် ၁၀၆ ပေရှိပြီး မြေသားတမံ အမျိုးအစား ဖြစ်သည်။ ပင်းချောင်းကို ဖြတ်၍ တည်ဆောက်ထားခြင်း ဖြစ်ပြီး ကြက်မောက်တောင်ဆည်၏ လက်ဝဲမြောင်းရေသောက်စနစ်မှ ရေသောက်ဧရိယာဧက ၂,၀၀၀ အပါအဝင် လယ်မြေဧက ၅,၀၀၀ ကို စိုက်ပျိုးရေ ပေးဝေနိုင်ပြီး သောက်သုံးရေလည်း ပေးဝေနိုင်သည်။

ငဖဲမြို့နယ် မန်းချောင်း ရေလှောင်တမံ ဖွင့်ပွဲကို ရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကျင်းပသည်။ မန်းချောင်း ရေလှောင်တမံ သည် မြေသားတမံအမျိုးအစားဖြစ်ပြီး အလျားပေ ၄,၄၈၀၊ အမြင့် ၁၃၅ ပေ၊ ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၁၂၀,၀၀၀ ရှိသည်။ ရေလှောင်တမံမှ ရေပေးဝေသော လက်ဝဲတူးမြောင်းမှာ ၄ ဒသမ ၇ မိုင်၊ လက်ယာတူးမြောင်း မှာ ၉ ဒသမ ၆ မိုင် ရှည်လျားပြီး အိုင်းမ ရေလွှဲဆည်မှ တစ်ဆင့် မူလရေသောက်ဧရိယာဧက ၃၇,၅၀၀ အပြင် ဧက ၁၀,၀၀၀ တိုးချဲ့၍ စုစုပေါင်း ဆည်ရေသောက်ဧရိယာ ဧက ၄၇, ၅၀၀ အထိ ရေပေးဝေနိုင်သည်။

ဘက်များ ဖွင့်လှစ်ခြင်း

ရိုးမဘက် လိမိတက် မြေနီကုန်းဘက်ခွဲ ဖွင့်ပွဲကို စမ်းချောင်းမြို့နယ်ပြည်လမ်းနှင့်ဘုရင့်နောင်ဘက်ခွဲ ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း၌ ဧန်နဝါရီလ ၈ ရက်နေ့တွင် လည်းကောင်း၊ အာရှဝနဘက်လိမိတက် ပုဇွန်တောင်ဘက်ခွဲ ဖွင့်ပွဲကို ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်း၌ ဧန်နဝါရီလ ၃၁ ရက်နေ့တွင် လည်းကောင်း၊ အာရှဝနဘက် လိမိတက် ပဲခူးဘက်ခွဲ ဖွင့်ပွဲကို ပဲခူးမြို့၌ မေလ ၁၀ ရက်နေ့တွင်လည်းကောင်း၊ မြန်မာအရှေ့တိုင်းဘက် လိမိတက် ကမာရွတ်ဘက်ခွဲ ဖွင့်ပွဲကို ကမာရွတ်မြို့နယ် ရန်ကုန် – အင်းစိန်လမ်း၌ ဇွန်လ ၁၆ ရက် နေ့တွင် လည်းကောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘက် မိတ္ထီလာဘက်ခွဲ ဖွင့်ပွဲကို မိတ္ထီလာမြို့၌ သြဂုတ်လ ၂၂ ရက် နေ့တွင် လည်းကောင်း၊ အာရှဝနဘက် လိမိတက် မိတ္ထီလာ ဘက်ခွဲ ဖွင့်ပွဲကို မိတ္ထီလာမြို့၌ သြဂုတ်လ ၃၀ ရက်နေ့တွင် လည်းကောင်း၊ မြန်မာမေဖလာဝါးဘက် လိမိတက် မန္တလေးဘက်ခွဲ ၁ ဖွင့်ပွဲကို မန္တလေးမြို့၌ နိဝင်ဘာလ ၁၅ ရက်နေ့တွင် လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်းဘက် လိမိတက် ဘုရင့်နောင်ဘက်ခွဲ ဖွင့်ပွဲကို မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း၌ နိဝင်ဘာ လ ၂၇ ရက်နေ့တွင် လည်းကောင်း၊ အာရှဝနဘက် လိမိတက် မန္တလေးဘက်ခွဲ ၃ ဖွင့်ပွဲကို မန္တလေးမြို့၌ ဒီဇင်ဘာလ ၆ ရက်နေ့တွင်လည်းကောင်း အသီးသီး ကျင်းပသည်။



ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ မြင်ကွင်း

စက်ရုံသစ်များ ဖွင့်လှစ်ခြင်း

မြန်မာ မက်ဂါစတီးအင်ဒတ်စ်ထရီစ် လီမိတက် အိမ်မိုးသွပ်ပြားထုတ်လုပ်ရေး စက်ရုံဖွင့်ပွဲကို ရန်ကုန်မြို့. လှိုင်သာယာ စက်မှုဇုန်ရှိ အိမ်မိုးသွပ်ပြားထုတ်လုပ်ရေး စက်ရုံ၌ ဧန်နဝါရီ လ ၁၄ ရက်နေ့တွင် ကျင်းပသည်။

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် စင်ကာပူနိုင်ငံ အင်နယူအာရ် အင်ဗက်စ်မင့်နှ် အင်နထရိတ်ဒင်း ပရိုက်ဗိတ် လီမိတက်တို့. အကျိုးတူပူးပေါင်းဖွင့်လှစ်သည့် မြန်မာ့ကာဗွန်နိစ်က်စ်စက်ရုံ ဖွင့်ပွဲကို သန်လျင်အမှတ် ၁ ရေနံချက် စက်ရုံဝင်းအတွင်းရှိ ယာယီမဏ္ဍပ်၌ ဖေဖော်ဝါရီလ ၁၂ရက်နေ့တွင် ကျင်းပသည်။ မြန်မာကာဗွန်နိစ်က်စ် စက်ရုံမှ ကာဗွန်ဒိုင်အောက်ဆိုက်အငွေ့၊ အရည်၊ အခဲသုံးမျိုးကို ထုတ်လုပ်နိုင်သည်။

ရန်ကုန်မြို့. လှေပြည်သာစက်မှုဇုန် စံပယ်ရုံလမ်းရှိ တိုယို ဘက်ထရီစက်ရုံဖွင့်ပွဲကို တိုယိုဘက်ထရီစက်ရုံ၌ ဇူလိုင်လ ၁၈ ရက်နေ့တွင် ကျင်းပသည်။

အမှတ် ၁ စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အဆင့်မြင့် မီးခံအုတ်စက်ရုံ(ဒညင်းကုန်း) ဖွင့်ပွဲကို အင်းစိန်မြို့.နယ် အောက်မဂီလာဒုံလမ်းရှိ အဆင့်မြင့် မီးခံ အုတ်စက်ရုံ (ဒညင်းကုန်း)၌ ဩဂုတ်လ ၁၁ ရက်နေ့တွင် ကျင်းပသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာ့လယ်ယာ ထွက်ကုန်ရောင်းဝယ်ရေး လက်ပံတန်းမြို့. တန် ၂၅၀ ဆန်စက်ဖွင့်ပွဲကို တန် ၂၅၀ ဆန်စက်၌ အောက်တိုဘာလ ၃ ရက်နေ့တွင် ကျင်းပသည်။ တန် ၂၅၀ ဆန်စက်၏ ကြိတ်ခွဲစွမ်းအားသည် ပြည်ပ ၂၅ ရာခိုင်နှုန်း အဆင့်အတန်း ဆန်တစ်နေ့လျှင် တန် ၂၅၀ ကြိတ်ခွဲ ထုတ်လုပ်နိုင်သည်။ ဆန်စက်တည်ဆောက်မှုအတွက် ငွေကျပ် ၇၆ ဒသမ ၅၆ သန်းနှင့် အမေရိကန်ဒေါ်လာ သုံးသန်းကုန်ကျသည်။

မြန်မာအက်ပရယ် ကုမ္ပဏီလီမိတက် အထည်ချုပ်စက်ရုံဖွင့်ပွဲကို ရန်ကုန်မြို့. လှိုင်သာယာ စက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံ၌ နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပသည်။ စက်ရုံမှ ဂျာကင်အနွေးထည် တစ်နေ့လျှင် အထည် ၃၀၀၀ ထုတ်လုပ်နိုင်သည်။

အေးရှဝါးလ်အင်ဒတ်ထရိစ် လီမိတက် မြန်မာစက္ကူစက်ရုံဖွင့်ပွဲကို ရန်ကုန်မြို့. ဒဂုံမြို့.သစ်တောင်ပိုင်း စက်မှုဇုန်အမှတ် ၁ ရှိ မြန်မာစက္ကူစက်ရုံ၌ ဒီဇင်ဘာလ ၂၂ ရက်နေ့.တွင် ကျင်းပသည်။

စိုးအောင်

မြန်မာနိုင်ငံမှ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများ ။ ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (**Convention on the Rights of the Child**) ကို ၁၆ – ၇ – ၉၁ ရက်နေ့တွင် ပါဝင်လက်မှတ် ရေးထိုးပြီး ၁၄.၈.၉၁ ရက်နေ့တွင် ကွန်ဗင်းရှင်း အဖွဲဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာပါသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းသည် ၁၉၈၉ ခုနှစ်၊နိုဝင်ဘာလ ၂၀ ရက်နေ့.တွင် ကုလသမဂ္ဂအထွေထွေညီလာခံမှ အတည်ပြုခဲ့ခြင်းဖြစ် သည်။ ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ခွင့် ကလေးသူငယ်များအတွက် မမွေးဖွားမီကဖြစ်စေ၊ မွေးဖွားပြီးဖြစ်စေ တရားဥပဒေအရ ကူညီမှုနှင့် အခြားနည်းဖြင့် ကာကွယ်စောင့်ရှောက်မှု လိုအပ်ချက်များ၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို အကောင်အထည်ဖော်ရာတွင် အပြည်ပြည်ဆိုင်ရာမှ ဝိုင်းဝန်းကူညီမှုမှာ အရေးကြီးသော ကဏ္ဍဖြစ်သည်များ အပေါ်တွင် ကွန်ဗင်းရှင်းက အလေးဂရုပြုခဲ့ပါသည်။ ကွန်ဗင်းရှင်း အနေဖြင့် ကလေးသူငယ်၏ အဓိပ္ပါယ်အား "မိမိနှင့် သက်ဆိုင်သည့် ဥပဒေအရ အရွယ်ရောက်ခြင်းသို့ စောစွာရောက်ရှိနေသည်မှအပ အသက်အရွယ်အားဖြင့် ၁၈ နှစ်အောက်ရှိ လူသားတိုင်းကို ဆိုလိုသည်"ဟု ဖွင့်ဆိုခဲ့ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ကွန်ဗင်းရှင်းအဖွဲ့.ဝင်နိုင်ငံဖြစ်လာ၍ ကွန်ဗင်းရှင်းပါ ကလေးသူငယ်အခွင့်အရေးများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကလေးသူငယ်ဥပဒေကို ၁၄-၇-၉၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ကလေးသူငယ်ဥပဒေတွင် ကလေးသူငယ်ဆိုသည်မှာ "အသက် ၁၆ နှစ်မပြည့်သေးသူ" ဟု အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

ကလေးသူငယ်ဥပဒေပုဒ်မ (၄) အရ ၃၀-၉-၉၃ ရက် နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သည် အမိန့်ကြေငြာစာအမှတ် (၁၅/၉၃) ဖြင့် "ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ" (National committee on the Rights of the Child) ကို ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီတွင် အဖွဲ့ဝင် ၂၇ ဦး ပါဝင်ကာ ဥက္ကဋ္ဌအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနဝန်ကြီးက တာဝန်ယူသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီသည် အမိန့်ကြေညာချက်များ ထုတ်ပြန်၍ ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ်စသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအဆင့်ဆင့်ကို ဆက်လက်ဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်။ အမျိုးသား ကော်မတီအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအဆင့် အစီရင်ခံစာကို ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ တင်သွင်းနိုင်ရေးအတွက် ၁၀-၃-၉၄ ရက်နေ့တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာနဝန်ကြီးက တာဝန်ယူ၍ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီက အစည်းအဝေးများ ကျင်းပပြုလုပ်ကာ နိုင်ငံတော်၏ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအကောင်အထည် ဖော်ဆောင်ရွက်မှု အမျိုးသားအဆင့် အစီရင်ခံစာကို ပြုစု ခဲ့ပြီး အဆိုပါအစီရင်ခံစာကို သက်ဆိုင်ရာမှ တစ်ဆင့် ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ ပေးပို့ခဲ့ပါသည်။ အစီရင်ခံစာနှင့် ပတ်သက် သည့် ကုလသမဂ္ဂမှ မေးမြန်းလာသော မေးခွန်းလွှာများကို အဖွဲ့ ဖြင့် ဖြေကြား၍ နိုင်ငံခြားရေး ဝန်ကြီးဌာနမှတစ်ဆင့် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသို့ ဆက်လက်ပေးပို့ ခဲ့ပါသည်။

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင် ၁၉၉၇ ခုနှစ်၊ ဧန်နဝါရီလ ၆ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပ သော ကုလသမဂ္ဂကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ၏ (၁၄) ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်အနေဖြင့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးရေး လှုပ်ရှားမှုတစ်ရပ်





မသန်မစွမ်း
သက်ငယ်သင်တန်းကျောင်းတွင်
ကလေးများပညာသင်ကြားခွင့်
ရကြသည်မှာ

အမျိုးသားကော်မတီသည် အစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ရာတွင် စတုတ္ထအကြိမ်အစည်းအဝေး၌ အောက်ပါလုပ်ငန်း ဆပ်ကော်မတီ (၈) ခုကိုဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။

(၁) ဥပဒေရေးရာ လုပ်ငန်းဆပ်ကော်မတီ
(၂) ကျန်းမာရေး လုပ်ငန်းဆပ်ကော်မတီ
(၃) ပညာရေးလုပ်ငန်းဆပ်ကော်မတီ
(၄) ကာ ကွယ် စောင့် ရှောက် ရေး လုပ် ငန်း ဆပ်ကော်မတီ
(၅) ပြန်ကြားရေးလုပ်ငန်းဆပ်ကော်မတီ
(၆) အသိပညာပေးရေးလုပ်ငန်းဆပ်ကော်မတီ
(၇) စီး ပွား ရေး ဖွံ့ ဖြိုး တိုး တက် မှု လုပ် ငန်း ဆပ်ကော်မတီ
(၈) အား:ကစား:လုပ်ငန်းဆပ်ကော်မတီ

အမျိုးသားကော်မတီသည် ကွန်ဗင်းရှင်း ပြဋ္ဌာန်းချက်နှင့်အညီ ကနဦးအစီရင်ခံစာတက်သွင်းခြင်း၊ အစီရင်ခံစာ အပေါ်မူတည်၍ အသေးစိတ် သိလိုသော အချက်အလက်များကို စာဖြင့်ဖြေကြားခြင်း၊ ကုလသမဂ္ဂကော်မတီ အစည်းအဝေးသို့ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ စေလွှတ်ခဲ့ခြင်းတို့ကို အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍

မသန်မစွမ်းကလေးငယ်များအား လေ့ကျင့်ခန်းပြုလုပ်ပေးနေစဉ်



ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက် များကို အကောင်အထည်ဖော် ဆောင်ရွက်စဉ်မှာပင် ကလေးသူငယ်များ အကျိုးအတွက် ကုလသမဂ္ဂအဖွဲ့ အစည်းများ၏ အကူအညီဖြင့်ပူးပေါင်း ဆောင်ရွက်မှု လုပ်ငန်းစဉ်များတိုလည်း ဆောင်ရွက်လျက် ရှိပါသည်။

ဆောင်ရွက်မှုအနေဖြင့် ကလေးသူငယ်အခွင့် အရေး များဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်မြို့တွင် ၁၉၉၀ ပြည့်နှစ်၌၊ မန္တလေးမြို့တွင် ၁၉၉၆ ခုနှစ်၌၊ တောင်ကြီးမြို့တွင် ၁၉၉၇ ခုနှစ်၌ ဆောင်ရွက်ခဲ့ပါသည်။ ကလေးသူငယ်နည်းဥပဒေရေးဆွဲရေးအတွက် အထောက် အကူပြု အစည်းအဝေးကို ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေညှိနှိုင်းအစည်းအဝေးကို ၁၉၉၇ ခုနှစ်တွင် လည်းကောင်း၊ အမျိုးသားအဆင့် အစီရင်ခံစာနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲကို ၁၉၉၆ ခုနှစ်တွင် လည်းကောင်း၊ စေတနာဝန်ထမ်း ကလေးသူငယ် ကြီးကြပ် သူများအတွက် သင်တန်းများ ဖွင့်လှစ်ခြင်းတို့ကို လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့ပြင် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပညာ ပေး ပိုစတာများ၊ လက်ကမ်းစာစောင်များ၊ ပြက္ခဒိန်များကို ရိုက်နှိပ်ဖြန့်ဝေခြင်း၊ ကလေးသူငယ် ဥပဒေကို တိုင်းရင်းသား ဘာသာများဖြင့် ရိုက်နှိပ်၍ ထုတ်ဝေခြင်း များ ဆောင်ရွက်ခဲ့ပါသည်။

အမျိုးသားကော်မတီသည် ကလေးသူငယ်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များအတိုင်း ကလေးသူငယ်အခွင့် အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကလေး သူငယ်နှင့်ပတ်သက်သည့် အစိုးရဌာန အဖွဲအစည်းများ၊ စေတနာဝန်ထမ်းပုဂ္ဂိုလ်၊ ကလေး သူငယ်နှင့်ပတ်သက် သည့် အစိုးရဌာနအဖွဲ့အစည်းများ၊ စေတနာဝန်ထမ်း ပုဂ္ဂိုလ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး စိစစ် သုံးသပ်ခြင်း၊ ကလေးသူငယ်များ အကျိုးအတွက် ကုလ သမဂ္ဂ အဖွဲ့.အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့. အစည်းများ၊ စေတနာဝန်ထမ်းပုဂ္ဂိုလ် အစိုးရမဟုတ်သော အဖွဲ့.အစည်းများ၏ အကူအညီနှင့် ပူးပေါင်း ဆောင်ရွက်မှု များကို ရယူခြင်း၊ ပြည်တွင်းပြည်ပ စေတနာရှင်များထံမှ လှူဒါန်းငွေ၊ ပစ္စည်းများကိုလက်ခံရယူခြင်း၊ ယင်းလှူဒါန်း ငွေ၊ ပစ္စည်းများကို ကလေးသူငယ်များအကျိုးစီးပွား

အတွက် ထိရောက်စွာ အသုံးပြုနိုင်ရန် ကြီးကြပ် လမ်းညွှန် ခြင်း၊ ကလေးသူငယ် မှုခင်းများမဖြစ်ပွားစေရန် ကြိုတင် ကာကွယ်နိုင်သည့် အစီအစဉ်များ ချမှတ် ဆောင်ရွက်ခြင်း စသည်တို့ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ တွင် ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလအထိ ပြည်နယ်နှင့် တိုင်း အဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မီတီ ၁၆ ခု၊ ခရိုင်အဆင့် ကော်မတီ ၆၄ ခု၊ မြို့နယ် အဆင့် ကော်မတီ (၁၃၀) ခုတို့ကို ဖွဲ့စည်း ဆောင်ရွက်ပြီး ဖြစ်ပါ သည်။

မောင်ငွေငွေး (လူမှုဝန်ထမ်း)

မြန်မာနိုင်ငံမှ နိုင်ငံရပ်ခြားစာပေ ဆုရပုဂ္ဂိုလ်များ (၁၉၉၆ ၊ ၁၉၉၈) ။ ။ မြန်မာနိုင်ငံတွင်နိုင်ငံအတွင်း ချီးမြှင့်သည့် စာပေဆုများသာမက နိုင်ငံရပ်ခြားကချီးမြှင့် သော စာပေဆုများ ရရှိခဲ့ကြသည့် မြန်မာစာပေရှင်များ ရှိကြသည်။ ၁၉၉၆ ခုနှစ်နှင့် ၁၉၉၈ ခုနှစ်အတွင်း နိုင်ငံ ရပ်ခြားစာပေ ဂုဏ်ထူးဘွဲထူးနှင့် စာပေဆုဆွတ်ခူးရရှိခဲ့ ကြသော မြန်မာစာပေရှင်နှစ်ဦး ပေါ်ထွန်းသည်။ အဆိုပါ နိုင်ငံရပ်ခြား စာပေဂုဏ်ထူး ဘွဲထူးနှင့် စာပေဆုရှင်နှစ်ဦးမှာ ထိလာစစ်သူနှင့် ဆင်ဖြူကျွန်း အောင်သိန်း တို့ ဖြစ်သည်။

ထိလာစစ်သူ

ထိလာစစ်သူ၏ အမည်ရင်းမှာ ဦးစိုးညွှန့် (ယဉ်ကျေးမှု ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး) ဖြစ်သည်။ မိဘများမှာ ဦးဘရင်၊ ဒေါ်အုန်းတင်တို့ဖြစ်သည်။ ၁၉၃၂ ခုနှစ်၌ မိတ္ထီလာမြို့၊ ရွှေစစ်သည်ရွာတွင် မွေးဖွားသည်။ မိတ္ထီလာအထက်တန်း ကျောင်း၊ ထိုမှ ရန်ကုန်သက်ကြီး တက္ကသိုလ်တွင် ဥပစာဝိဇ္ဇာ (က) အထိ ပညာသင်ကြား ခဲ့သည်။ ၁၉၄၉ ခုနှစ်၌ ကျောင်းသားရဲဒေါင်တပ်ဖွဲ့တွင် ပါဝင်၍ ကေအင်ဒီအို သောင်းကျန်းသူများကို လက်နက် စွဲကိုင် တိုက်ခိုက်ခဲ့သည်။

အသက် ၁၄ နှစ်သားမှစ၍ ကဗျာများရေးဖွဲ့ ခဲ့သော ထိလာစစ်သူသည် မြန်မာနိုင်ငံအမျိုးသား စာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ဆွတ်ခူးခဲ့သည်။ ထိလာစစ်သူ သည် ပြည်တွင်းစာပေဆု များသာမက ၁၉၉၆ ခုနှစ်၌ အင်ဒိုချိုင်းနား ဗင်ချာဗိုရမ် အဖွဲကြီးက ချီးမြှင့်အပ်နှင်း



“မဲခေါင်မြစ်မှ အိုရွက်ဝါနှင့် အခြားကဗျာများ”ရေးသားသူ မြန်မာ့ဂုဏ်ဆောင်သော ကဗျာဆရာကြီး ထီလာစစ်သူ (ဦးစိုးညွန့်၊ ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)အား ပြန်ကြား‌ရေးဝန်ကြီးဌာန၊ မြန်မာ့အသံခန်းမဆောင်၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးမှ ချီးကျူးဂုဏ်ပြုပွဲ ပြုလုပ်စဉ်၊ ဂျပန်နိုင်ငံ **INDOCHINA VENTURE FORUM** အဖွဲ့ကြီးမှ **THE GREAT POET LAUREATE** ကဗျာစာဆိုသရဖူဘွဲ့ထူး ဂုဏ်ထူးအား **INDOCHINA VENTURE FORUM** အဖွဲ့ကြီးမှ ညွှန်ကြားရေးမှူး **Mr, Yoshio Ebina** က ပေးအပ်နေစဉ်

သည့် **The Great Poet Laureate** အမည်ရှိ ကဗျာစာဆို ဂုဏ်ထူးဘွဲ့ထူးကို သူ၏ “မဲခေါင်မြစ်မှ အိုရွက်ဝါနှင့် အခြားကဗျာများ” စာအုပ်ဖြင့် ရရှိခဲ့သည်။

“မဲခေါင်မြစ်မှ အိုရွက်ဝါနှင့် အခြားကဗျာများ” ကို ၁၉၆၂ ခုနှစ်တွင် စပ်ဆိုရေးသား ထုတ်ဝေခဲ့သည်။ ထိုကဗျာ စာအုပ်ဖြင့် ထီလာစစ်သူသည် စာပေဗိမာန်ကဗျာဆု ရရှိခဲ့သည်။ ထိုကဗျာစာအုပ်တွင် ပါဝင်သော မဲခေါင်မြစ်မှ အိုရွက်ဝါ ကဗျာရှည်ကြီး စပ်ဆိုရေးဖွဲ့ရာတွင် ၁၉၆၀ ပြည့်နှစ်အတွင်းက ရှမ်းပြည်နယ် ကျိုင်းတုံဒေသတွင် ပြည်ပ ကျူးကျော်သူ တရုတ်ဖြူကူမင်တန်များအား တပ်မတော်က ချေမှုန်းတိုက်ခိုက် အောင်ပွဲရခဲ့ပုံကို ကဗျာဂုဏ်မြောက်စွာ ရေးဖွဲ့သည်။ ‘မဲခေါင်မြစ်မှ အိုရွက်ဝါ’ သည် တပ်မတော်၏ အောင်ပွဲ၊ တပ်မတော်၏ ဂုဏ်သိက္ခာ၊ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ်ကို ဖော်ကျူးထားသော ကဗျာရှည်ကြီးဖြစ်သည်။

“ထိုမဲခေါင်မြစ်မှအိုရွက်ဝါနှင့် အခြားကဗျာများ” – စာအုပ်ကို ဂျပန်နိုင်ငံဒိုင်းမတ် (စ်) ကုမ္ပဏီက ဂျပန်ဘာသာ ပြန်ဆိုပုံနှိပ်ခဲ့ပြီးနောက် ထိုဘာသာပြန် ကဗျာစာအုပ်ကို အကြောင်းပြု၍ အင်ဒိုချိုင်းနားဗင်ချာဖိုရမ် **(Indochina Venture Forum)** အဖွဲ့ကြီးက ကဗျာစာပေဆိုင်ရာ အဆင့်မြင့် ဘွဲ့ထူးဂုဏ်ထူးတစ်ခုဖြစ်သော **(The Great Poet Laureate)** ဘွဲ့ကို ကဗျာစာဆိုထီလာစစ်သူအား ချီးမြှင့်ခဲ့ခြင်း ဖြစ်ပေသည်။

ကဗျာစာဆို ထီလာစစ်သူသည် ၁၉၉၆ ခုနှစ်၊ အောက်တိုဘာလတွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကျင်းပသော



ဂျပန်နိုင်ငံ **INDOCHINA VENTURE FORUM** အဖွဲ့ကြီးမှ **THE GREAT POET LAUREATE** ကဗျာစာဆိုသရဖူဘွဲ့ထူး ဂုဏ်ထူးရရှိသူ “မဲခေါင်မြစ်မှ အိုရွက်ဝါနှင့် အခြားကဗျာများ” ရေးသားသူ မြန်မာ့ဂုဏ်ဆောင်သော ကဗျာဆရာကြီး ထီလာစစ်သူ (ဦးစိုးညွန့်၊ ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)အား ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံခန်းမဆောင်၌ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကြီးက ချီးကျူးဂုဏ်ပြုပွဲ လုပ်စဉ်တွင် ကျေးဇူးတင်စကား ပြောကြားနေစဉ်

အင်ဒိုချိုင်းနား ဗင်ချာဖိုရမ်အဖွဲ့ကြီး၏ စာပေပညာရှင်များအား ချီးကျူးဂုဏ်ပြုပွဲသို့ တက်ရောက်ခဲ့ရသည်။ ထို့နောက် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့၌ ရန်ကုန်မြို့ မြန်မာ့ ရုပ်မြင်သံကြားနှင့်အသံလွှင့်ဦးစီးဌာနတွင် ပြုလုပ်သော ဂုဏ်ပြုပွဲအခမ်းအနား၌ အင်ဒိုချိုင်းနား ဗင်ချာ ဖိုရမ်အဖွဲ့ ညွှန်ကြားရေးမှူး Mr Yoshio Ebina က ထီလာစစ်သူအား အဆိုပါဂုဏ်ထူးဘွဲ့ထူးကိုချီးမြှင့်ခဲ့သည်။

ဆင်ဖြူကျွန်းအောင်သိန်း

နိုင်ငံရပ်ခြားစာပေဆုဖြစ်သော "အရှေ့တောင်အာရှ စာပေဆု" (S.E.A Write Award) ကို မြန်မာနိုင်ငံမှ ပထမဆုံး ရရှိသော မြန်မာစာပေရှင်တစ်ဦးမှာ စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းဖြစ်သည်။ စာရေးဆရာ ဆင်ဖြူကျွန်း အောင်သိန်းကို အဘ ယာသမားကြီး ဦးရွှေစံ၊ အောင်သိန်းသည် ဆုယူရန် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့၌ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသည်။

အရှေ့တောင်အာရှ စာပေဆု (S.E.A Write Award) သည် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) နိုင်ငံများမှ ထင်ရှားကျော်ကြားသော စာရေးဆရာ၊ ကဗျာဆရာများအား ဆုရွေးချယ်ရေး ကော်မတီက ရွေးချယ်ကာ ချီးမြှင့်သောစာပေဆု အမျိုးအစားတစ်ခုဖြစ်သည်။

၁၉၉၈ ခုနှစ်က ကျင်းပသည့် တတိယအကြိမ် အရှေ့တောင် အာရှစာပေဆု (3rd S.E.A Write Award) ချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံမှ စာရေးဆရာ ဆင်ဖြူကျွန်း အောင်သိန်း (ဦးကြည်အေး) အပါအဝင် အရှေ့တောင်အာရှ နိုင်ငံများအသင်းဝင် ကိုးနိုင်ငံမှ



S.E.A Write Award စာပေဆုရစာရေးဆရာကြီးဆင်ဖြူကျွန်း အောင်သိန်းထိုင်းနိုင်ငံသို့ ဆုသွားရောက်မယူမီ ဂုဏ်ပြုပွဲအခမ်းအနား၌ ကျေးဇူးတင်စကားပြေကြားစဉ်

အမိဒေါ်ငွေတို့က ဆင်ဖြူကျွန်းမြို့၊ ရွာသစ်ကြီးရွာတွင် ၁၉၂၀ ပြည့်နှစ်၌ မွေးဖွားသည်။ သူ၏ပထမဆုံး ကလောင်အမည်မှာ 'ရွှေဇင်' ဖြစ်သည်။ 'တိုင်းသစ်' ဂျာနယ်တွင် ထိုကလောင်အမည်ဖြင့် ၁၉၅၂ ခုနှစ်၌ ကဗျာစတင်ရေးသည်။ ၁၉၅၃ ခုနှစ်၌ 'ဆင်ဖြူကျွန်းအောင်သိန်း' ဟူသော ကလောင်အမည်သို့ပြောင်းကာ ကဗျာရော စကားပြေပါ ရေးသားသည်။ သူ၏ 'ကိုဆေးရိုး'ဝတ္ထုတို များဖြင့် ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၆ ခုနှစ် များတွင် အမျိုးသားစာပေဆုများ ရရှိခဲ့သည်။

တတိယအကြိမ်မြောက် အရှေ့တောင်အာရှ စာပေဆု (3rd S.E.A Write Award) ဆု ရရှိသော ဆင်ဖြူကျွန်း စာရေးဆရာ၊ ကဗျာ ဆရာကိုးဦး တက်ရောက်ဆုများ လက်ခံရယူကြသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ၁၉၉၈ ခုနှစ်၊ စက်တင်ဘာ လ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ၊ ဗန်ကောက်မြို့ Oriental Hotel ၌ကျင်းပသည်။ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ထိုင်းနိုင်ငံ အိမ်ရှေ့မင်းသား HRH Crown Prince Vajiralongkorn ကိုယ်တိုင်တက်ရောက်၍ အရှေ့တောင်အာရှ စာပေဆုရရှိသူများအား ဆုများချီးမြှင့်သည်။ ညပိုင်းတွင် ယင်း Oriental Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့်လည်း တည်ခင်းဧည့်ခံသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအက အရေး အတီးပြိုင်ပွဲ။ ။ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲကို အောက်တိုဘာလ ၁ ရက်နေ့မှ ၁၆ ရက်နေအထိ ရန်ကုန်မြို့ပြည်လမ်းရှိ အမျိုးသားပြတိုက်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၊ ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘာဇာတ်ရုံနှင့် စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဇာတ်ရုံတို့တွင် ကျင်းပသည်။ လူငယ်လူရွယ်များ အပါအဝင် မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်တန်ခိုး ဇာတိသွေး ဇာတိမာန်ရှင်သန်ထက်မြက်ရေး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဖော်ထုတ်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ထွန်းကားရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး ဟူသော ဦးတည်ချက် ခြောက်ရပ်ဖြင့် ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁ ရက်နေ့၌ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပရာ ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့် မိန့်ခွန်းပြောကြားသည်။ ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲတွင် ဆုရသူတစ်ဦးအား အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် ဆုချီးမြှင့်စဉ်



အဆို အက အရေး အတီးပြိုင်ပွဲကို ပညာရှင် အဆင့်၊ ဝါသနာရှင်အဆင့်၊ အဆင့်မြင့် ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀)၊ အခြေခံ



ဆဋ္ဌမအကြိမ် အဆို အက အရေး အတီးပြိုင်ပွဲ – ရာမာယဏဇာတ်တော်ယှဉ်ပြိုင်နေသော အဖွဲ့တစ်ဖွဲ့

ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းအလိုက် (ရွှေ၊ ငွေ၊ ကြေး) ဆုရရှိမှု စာရင်း (၁၉၉၈)

စဉ်	ပြည်နယ်/ တိုင်း	ရွှေ	ငွေ	ကြေး	ပေါင်း
၁။	ရန်ကုန်တိုင်း	၅၈	၃၆	၃၆	၁၃၀
၂။	မန္တလေးတိုင်း	၃၄	၂၉	၃၀	၉၃
၃။	မကွေးတိုင်း	၉	၅	၈	၂၂
၄။	စစ်ကိုင်းတိုင်း	၈	၁၂	၁၅	၃၅
၅။	ဧရာဝတီတိုင်း	၇	၁၇	၁၇	၄၁
၆။	ပဲခူးတိုင်း	၅	၇	၉	၂၁
၇။	မွန်ပြည်နယ်	၅	၃	၂	၁၀
၈။	ရခိုင်ပြည်နယ်	၄	၄	၄	၁၂
၉။	ရှမ်းပြည်နယ်	၂	၇	၆	၁၅
၁၀။	ကရင်ပြည်နယ်	၂	၄	၂	၈
၁၁။	ကချင်ပြည်နယ်	၁	၄	၃	၈
၁၂။	ချင်းပြည်နယ်	၁	၃	၄	၈
၁၃။	ကယားပြည်နယ်	၁	၃	-	၄
၁၄။	တနင်္သာရီတိုင်း	-	၄	၁	၅
		၁၃၇	၁၃၈	၁၃၇	၄၁၂

မြန်မာ့ရုပ်ရှင် ထူးချွန်ဆု (၁၉၉၆) (၁၉၉၇)။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးမှူးပြုလုပ်သည့် ၁၉၉၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားကို ၁၉၉၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့သုဝဏ္ဏအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်အမှာစကား ပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ဂျွေစင်ရုပ်ဆုများ ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် မွန်ပြည်ရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် ဧနှီး၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် ဧနှီး၊ အတွင်းရေးမှူး (၃)ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်နှင့် ဧနှီး၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် မွန်ပြည်ရေးကောင်စီဝင် တိုင်းမှူး ဗိုလ်ချုပ် ခင်မောင်သန်း၊ အစိုးရအမှဲဝင် ဝန်ကြီးများနှင့် ဧနှီး များ၊ တရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လှည့်ကျင့်ရေး အမှဲ ဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးများနှင့် ဧနှီးများ၊ ကာကွယ်ရေး ဝန်ကြီး ဌာနမှ တပ်မတော်

ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်)၊ အခြေခံပညာအဆင့် (အသက် ၅ နှစ်မှ ၁၀ နှစ်)ဟူ၍ အဆင့်ခြောက်ဆင့် ခွဲပြီး ကျင်းပရာ ပြည်နယ် နှင့်တိုင်း များမှ ပြိုင်ပွဲဝင်ဦးရေ ၂,၅၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ ထိုပြင် ဇာတ်သဘင်ပြိုင်ပွဲတွင် ရာမာယဏ ဇာတ်တော်ကြီး ပြိုင်ပွဲကို တိုးချဲ့ထည့်သွင်းကျင်းပသည်။

ဆဋ္ဌမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ အောက်တိုဘာလ ၁၉ ရက်နေ့တွင် ကျင်းပရာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲ ကျင်းပရေး နာယက နိုင်ငံတော်အေးချမ်း သာယာရေးနှင့် မွန်ပြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်မိန့်ခွန်းပြောကြားပြီး ပညာရှင်အဆင့်(အမျိုးသား)၊ ဝါသနာရှင်အဆင့် (အမျိုးသား)၊ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)၊ အခြေခံပညာအဆင့် (အမျိုးသား ၊အသက် ၁၅ နှစ်မှ ၂၀)၊ အခြေခံပညာအဆင့် (အမျိုးသား။ အသက် ၁၀ နှစ်မှ ၁၅ နှစ်)၊ အခြေခံပညာအဆင့် (အမျိုးသား၊အသက် ၅နှစ်မှ ၁၀ နှစ်) မဟာဂီတ အဆိုပြိုင်ပွဲ၊ ပညာရှင်အဆင့် ရုပ်သေး(ဝိဓူရ) ဇာတ်တော်ပြိုင်ပွဲ၊ ပညာရှင်အဆင့် ရာမာယဏ ဇာတ်တော် ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများအသီးသီး ချီးမြှင့်သည်။ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် မွန်ပြိုးရေး ကောင်စီ အတွင်းရေးမှူး (၃) ဒုတိယဗိုလ်ချုပ်ကြီး ဝင်းမြင့်က ပညာရှင်အဆင့် (အမျိုးသမီး)၊ဝါသနာရှင် အဆင့် (အမျိုးသမီး)၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ အသီးသီး ချီးမြှင့်သည်။ နိုင်ငံတော်အေးချမ်း သာယာရေး နှင့် မွန်ပြိုးရေး ကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေး ဦးစီးချုပ်(ဂရ)၊ ကာကွယ်ရေးဦးစီးချုပ် (လေ)၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရွေနေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်. ရေးအမှဲ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်နှင့် ဒုတိယဝန်ကြီးများက အဆို အက အရေး အတီးပြိုင်ပွဲအဆင့် အသီးသီးတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ရာစုနှစ် တစ်ဝက်နီးပါး သက်တမ်းကာအတွင်းမှာ အကောင်းဆုံးရုပ်ရှင်ဇာတ်ကား‌ဆု ၂၇ ဆု၊ ဒါရိုက်တာဆု ၂၆ ဆု၊ အမျိုးသား‌ဇာတ်ဆောင်ဆု ၂၅ ဆု၊ အမျိုးသမီး‌ဇာတ်ဆောင်ဆု ၃၆ ဆု၊ အမျိုးသား‌ဇာတ်ပို‌ဆု ၂၂ ဆု၊ အမျိုးသမီး‌ဇာတ်ပို ဆု ၂၅ ဆု၊ ရုပ်ရှင်ဇာတ်ပုံဆု ၃၀ ဆု၊ ရုပ်ရှင်တေးဂီတဆု ၄ ဆု၊ ရုပ်ရှင်အသံဆု ၁ ဆု၊ ရုပ်ရှင်‌ဇာတ်ညွှန်းဆု ၁ ဆု၊ အထူး ဆု ၃ ဆု စုစုပေါင်း ဆုအမျိုးအစား (၁၁)ခုမှာ ဆုအရေ အတွက် ၂၀၀ ချီးမြှင့်နိုင်ခဲ့ပြီး ဖြစ်သည်။

၁၉၉၆ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများ ချီးမြှင့်နိုင်ရန် မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် နိုင်ငံတော်မှ ချမှတ်ပေးထား‌သည့် ရုပ်ရှင်ထူးချွန် ဆု ရွေးချယ်ရေးဆိုင်ရာမူဝါဒ ခုနစ်ချက်နှင့်အညီ ၁၉၉၆ ခုနှစ်အတွင်း ထုတ်လုပ်ရုံတင်ပြသခဲ့သည့် ရုပ်ရှင်ဇာတ်ကား ၂၅ ကားကို ကြည့်ရှုကာ စိစစ်ရွေးချယ်ခဲ့ပါသည်။ ၁၉၉၆ ခုနှစ်အတွက် ရရှိသော‌မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ဆုအမျိုးအစားများမှာ ဓာတ်ပုံဆု၊ အမျိုးသမီး‌ဇာတ်ပို‌ဆု၊ အမျိုးသား‌ ဇာတ်ပို‌ဆု၊ ဒါရိုက်တာဆု၊ ရုပ်ရှင်‌ဇာတ်ကား‌ဆု၊ အမျိုးသမီး‌ ဇာတ်ဆောင်ဆု၊ အမျိုးသား‌ဇာတ်ဆောင်ဆုတို့ ဖြစ်သည်။ ယင်းဆုများမှာ အောက်ပါအတိုင်းဖြစ်သည်။

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကားအမည်
၁။	အကောင်းဆုံး‌ဓာတ်ပုံထူးချွန်ဆု	ချစ်မင်းလူ(ကွယ်လွန်)	ချစ်ရည်းစား
၂။	အကောင်းဆုံး အမျိုးသမီး‌ဇာတ်ပို‌ဆု	ဒေါ်မြင့်မြင့်ခင်	မြင့်မိုရ်တောင်ဦး မကကျူးသား
၃။	အကောင်းဆုံး အမျိုးသား‌ဇာတ်ပို‌ဆု	ဇော်လင်း(ကွယ်လွန်)	ပန်းသခင်
၄။	အကောင်းဆုံး‌ဒါရိုက်တာထူးချွန်ဆု	ဦးကြီးမြင့်	ပန်းသခင်
၅။	အကောင်းဆုံး‌ဇာတ်ကား‌ထူးချွန်ဆု		ပန်းသခင်
၆။	အကောင်းဆုံး အမျိုးသမီး‌ဇာတ်ဆောင်ဆု	ထက်ထက်မိုးဦး	ပန်းသခင်
၇။	အကောင်းဆုံး အမျိုးသမီး‌ဇာတ်ဆောင်ဆု	မေသန်းနု	အလင်းဖျော့ကောင်းကင်
၈။	အကောင်းဆုံး‌အမျိုးသား‌ဇာတ်ဆောင်ဆု	ကျော်ရဲအောင်	သားသမီး ဇနီးကြင်ရာ
၉။	အကောင်းဆုံး‌အမျိုးသား‌ဇာတ်ဆောင်ဆု	ရန်အောင်	အလင်းဖျော့ကောင်းကင်



၁၉၉၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၏ ၁၉၉၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့် အခမ်းအနားကို ၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေတွင် ရန်ကုန်မြို့ရှိ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏဒ္ဒီကျင်းပသည်။ အခမ်းအနား တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင် တက်ရောက်၍ အမှာစကား ပြောကြားပြီး မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများအား ဂြစင်ရုပ်ဆုများချီးမြှင့်သည်။

၁၉၉၇ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားသို့နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်အမှူးပြုသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲဝင်များ၊ အစိုးရအဖွဲဝင်ဝန်ကြီးများ၊ စစ်ဘက် နယ်ဘက် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အစည်းအရုံးများမှ ဥက္ကဋ္ဌများနှင့် အဖွဲဝင်များ၊ အနုပညာရှင်များနှင့် ဧည့်သည်တော်များ တက်ရောက် ချီးမြှင့်ကြသည်။

၁၉၉၇ ခုနှစ်အတွက် ရုပ်ရှင်ထူးချွန်ဆုများကို ချီးမြှင့်နိုင်ရန် မြန်မာ့ရုပ်ရှင်အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့သည် ၁၉၉၇ ခုနှစ် အတွင်း ရုံတင်ပြသ ခဲ့သည့် ရုပ်ရှင် ဇာတ်ကားပေါင်း ၁၁ ကားကို ကြည့်ရှု အကဲဖြတ်စိစစ်ကြ ရသည်။ ယင်းဇာတ်ကားများမှာ ၁။ မာလာမြင့် ရုပ်ရှင် –ဘယ်ရပ်ဌာနေ၊ ၂။ စိုးလွှဲရုပ်ရှင် – အမေ့ခြေရာ၊ ၃။ နဝရတ်ရုပ်ရှင် – မြင့်မြတ်နှလုံးသား၊ ၄။ ဣန္ဒာသယ ရုပ်ရှင်– သူငယ်ချင်းသုံးယောက်ရှိလေသည်၊ ၅။ စိန်ရတု ရုပ်ရှင် – သူတို့ခေတ်နှင့်သူတို့အရွယ်၊ ၆။ ပန်းသာရုပ်ရှင် – အရိပ်၊ ၇။ မလိခရုပ်ရှင် – ရင်ခွင်နန်းတော်၊ ၈။ အောင်ဝင်းနိုင် ရုပ်ရှင်– ပြတ်တောက်သွားသော အစိမ်းရောင်ကြိုး ၉။ မာလာမြင့် ရုပ်ရှင် –တုယှဉ်နိုင်းလဲမမှိပါ၊ ၁၀။ မြတ်မိခင် ရုပ်ရှင် – သူကျွန်မခံပြီ၊ ၁၁။ မာလာဦး ရုပ်ရှင် – ကြေမွ သွားသော တိမ်တိုက်များအကြောင်း ဇာတ်ကားများ ဖြစ်ကြသည်။

ယင်းရုပ်ရှင်ကား ၁၁ ကားမှ ၁၉၉၇ ခုနှစ်အတွင်း ရရှိသော မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများမှာ အောက်ပါအတိုင်း ဖြစ်သည်။



၁၉၉၇ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရရှိသူများ

စဉ်	ဆုအမည်	ရရှိသူ	ဇာတ်ကားအမည်
၁။	အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆု	ဦးမြင့်ခိုင်	သူကျွန်မခံပြီ
၂။	အကောင်းဆုံးရုပ်ရှင်အသံဆု	ဦးစိန်မြင့် (ကွယ်လွန်)	မြင့်မြတ်နှလုံးသား
၃။	အကောင်းဆုံးရှင်ရှင်ဓာတ်ပုံဆု	ကိုကိုဌေး	မြင့်မြတ်နှလုံးသား
၄။	အကောင်းဆုံးရုပ်ရှင်တေးဆို ဂီတဆု	ဇော်မျိုးထွဋ်	မြင့်မြတ်နှလုံးသား
၅။	အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆု	မြက်ခင်းသစ်သုခမ လွင်ပြင်	မြင့်မြတ်နှလုံးသား
၆။	အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့ဆု	ချိုပြုံး	အမေ့ခြေရာ
၇။	အကောင်းဆုံးအမျိုးသား ဇာတ်ပို့ဆု	ညွှန်ဝင်း	သူကျွန်မခံပြီ
၈။	အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု	ဇင်ဝိုင်း	မြင့်မြတ်နှလုံးသား
၉။	အကောင်းဆုံးဒါရိုက်တာဆု	ကြည်စိုးထွန်း	သူကျွန်မခံပြီ
၁၀။	အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု		သူကျွန်မခံပြီ
၁၁။	အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု	ပန်းဖြူ	အရိပ်
၁၂။	အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု	ဒွေး	အမေ့ခြေရာ

ယူနိုက်တက်ကင်းဒမ်း ။ ။သတင်းစာဆရာ တစ်ဦးကို ဆေးခြောက်ရောင်းချမှုဖြင့် စွပ်စွဲခံထားရသူ၏ဖခင် ဗြိတိန်ပြည်ထဲရေးဝန်ကြီး ဂျက်စထရောသည် မူးယစ်ဆေးဝါးသုံးစွဲမှု ဆန့်ကျင်ရေးဥပဒေကို ပြန်လည်စဉ်းစားသုံးသပ်ရန် ၁၉၉၈ ခုနှစ်၊ ဧန်နဝါရီလ ၄ ရက်နေတွင် ဖိအားပေးခြင်း ခံရသည်။ မူးယစ်ဆေးဝါးပြဿနာကို သေချာစွာ ဆန်းစစ်ရန် ကော်မရှင်တစ်ရပ် ဖွဲ့စည်းဆောင်ရွက်ပေးသင့်ကြောင်း သတင်းစာကြီးသုံးစောင်က ခေါင်းကြီးပိုင်းများမှ တိုက်တွန်းရေးသားကြပြီး ဆန္ဒကောက်ယူပွဲနှစ်ခုတွင် ဗြိတိသျှ လူမျိုးအများအပြားက အဆိုပါ ဥပဒေလျှော့ပေါ့ခြင်းကို လိုလားနှစ်သက်ကြောင်း ဖော်ပြကြသည်။ သိုရာတွင် မိမိ၏သားဖြစ်သူ ဝိလိယံ၏ သတင်းမှာ မျှော်လင့်မထားသော ရုတ်တစ်ရက်ပေါ်ပေါက်လာသည့် သတင်းဖြစ်ကြောင်း ဆေးခြောက်သည် အလွန်အန္တရာယ်ကြီးမားလာနိုင်ကြောင်းကို မိမိသဘောပေါက်မြဲပေါက်ထားကြောင်း ပြည်ထဲရေးဝန်ကြီး ဂျက်စထရောက တွေ့ဆုံမေးမြန်းခန်းဦး ပြောကြားသည်။ ပြည်ထဲရေးဝန်ကြီး ဂျက်စထရောနှင့် သားဖြစ်သူ ဝိလိယံတို့၏ မူးယစ်ဆေးဝါးမှုမှ အပြုသဘောဆောင်သော အရာအချို့ပေါ်ထွက်လာမည်ဟု ပီးပဲလ် သတင်းစာခေါင်းကြီးပိုင်းဦး ရေးသားခဲ့သည်။ ယင်းအပြုသဘောဆောင်သောအရာမှာ ဆေးခြောက်နှင့် ပတ်သက်၍ ပြစ်ဒဏ်လျော့ပေါ့ သို့မဟုတ် ဖယ်ရှားပေးခြင်း ဖြစ်သင့်သည်ဟု သတင်းစာကရေးသားသည်။ပြည်ထဲရေးဝန်ကြီး ဂျက်စထရော၏သားက သတင်း ထောက် တစ်ဦးအား ၁၀ ပေါင် (၁၆ ဒသမ ၄၅ - ဒေါ်လာ)ဖြင့် ဆေးခြောက်အနည်းငယ် ရောင်းချခဲ့ကြောင်း စွပ်စွဲခြင်း ခံထားရသည်။ ယင်းအမှုက ပြည်ထဲရေးဝန်ကြီး ဂျက်စထရောကို နိုင်ငံရေး အနောက်အယှက် ဖြစ်စေခဲ့သည်။

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ရောဘတ်ကွတ်မာ အိမ်ထောင်ရေး ပြဿနာရှိသော်လည်း ရာထူးသစ်တွင် ပြောင်းလွှဲ ခန့်ထားမည်မဟုတ်ကြောင်း ဝန်ကြီးချုပ် တိုနီဘလဲယားက ဧန်နဝါရီလ ၂၉ ရက်နေတွင် ပြောကြားခဲ့သည်။ ရောဘတ်ကွတ်မာ စံပြနိုင်ငံခြားရေးဝန်ကြီး အဖြစ် တိုနီဘလဲယားက ယူဆထား သည်။ စာနယ်ဇင်းများ၌ ရေးသားချက်မှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။ အစိုးရအဖွဲ့တွင် မည်သူမည်ဝါ ပါရှိသင့်သည်ကို ဝန်ကြီးချုပ်တစ်ဦးတည်းကသာ ဆုံးဖြတ်ရမည်ဟု ဝန်ကြီးချုပ်၏ ပြန်ကြားရေးအရာရှိက ပြောကြား သည်။ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး ကွတ်သည် သူ၏နေစဉ်မှတ်တမ်းရေး အရာရှိ အန်နီဘူလန်အား ရာထူးမှထုတ်ပယ်ပြီး သူနှင့် လက်ထပ်မည့်သူ ဂေနော်ရီဂင်အား အစားထိုးခန့်ထား လိုမှုကြောင့် ဝေဖန်ပြစ်တင်ခြင်း ခံနေရသည်။

မြောက်ပိုင်းအိုင်ယာလန်တွင် နှစ်ပေါင်း ၃၀ ကြာ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၃၀၀၀ခန့် အသက်ဆုံးရှုံးခဲ့ရသည်။ ပြည်သူစစ်မှာနှင့် ဆက်စပ်နေသော နိုင်ငံရေးပါတီများက ၁၀ နှစ်ကြာ ဆက်တိုက် လူပ်ရှားခဲ့ကြရသည်။ ဥပမာ ဆင်ဖိန်းအုပ်စုက အိုင်အာရ်အေနှင့် ဆက်စပ်နေပြီး ပေါ်ပြူလာယူနိယံပါတီက အယ်စတာအပျော်တမ်းတပ်ဖွဲ့နှင့် ဆက်စပ်နေသည်။ ရွပ်ထွေးလှသော ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် ၂ နှစ်ကြာ ဆွေးနွေးခဲ့ကြရသည်။ မြောက်ပိုင်းအိုင်ယာလန်ရှိ နိုင်ငံရေးပါတီရှစ်ခုတိုက ဧပြီလ ၁၀ ရက် ငြိမ်းချမ်းရေးသဘောတူညီချက်ကို ထောက်ခံခဲ့ကြသည်။ လွယ်လွယ်ကူကူ ထောက်ခံခြင်းမျိုးမဟုတ်ဘဲ၊ ငြင်းခုံမှု၊ တင်းမာမှုများ ဖြစ်ခဲ့ရသည်။

ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိရန် ၂ နှစ်ကြာမှ ဆွေးနွေးပွဲများကျင်းပခဲ့ရာတွင် အဝိကလူပ်ရှားသူများမှာ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း ဂျွန်မေဂျာ၊ လက်ရှိဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲယား၊ အိုင်ယာလန် သမ္မတနိုင်ငံဝန်ကြီးချုပ်ဟောင်း ဂျွန်ဘရုတန်၊ လက်ရှိဝန်ကြီးချုပ်ဘာတီဟန်း၊ အမေရိကန်သမ္မတ ကလင်တန်နှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ သဘာပတိဖြစ်သူ အမေရိကန်အထက်လွှတ်တော် အမတ်ဟောင်းဂျော့မစ်ချယ်တို့ ဖြစ်ကြသည်။ ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲယားနှင့် သူ၏အကြံပေးပုဂ္ဂိုလ်များမှာလည်း မြောက်ပိုင်းအိုင်ယာလန်၏ အခြေအနေကြောင့် အခက်အခဲနှင့် ကြုံတွေ့ရသည်။ ငြိမ်ချမ်းရေးသဘောတူညီချက် ရရှိစေခဲ့သော ဆွေးနွေးပွဲများကျင်းပစဉ်အတွင်း အဒမ်နှင့်ဆင်ဖိန်းအဖွဲ့ကို ရင်နှီးစွာ ဆက်ဆံခဲ့သော တိုနီဘလဲယားသည် ယူနိယံနစ်ဝါဒီများဘက်သို့ အာရုံပြောင်းခဲ့ရပြန်သည်။ ဘလဲယား၏ကြိုးပမ်းမှုကြောင့် အခြေအနေအဆင်ပြေခဲ့သည်။

လူထုဆန္ဒခံယူပွဲရလာဒ် မည်သို့ရှိစေကာမူ မိမိသည် အေးချမ်းတည်ငြိမ်မှုရရှိရေးနှင့် မြောက်ပိုင်းအိုင်ယာလန်ပြည်သူအား လုံး စည်ပင်သာယာဝပြောရေးအတွက် ဆက်လက် အားထုတ်ကြိုးပမ်းသွားမည်ဟု ဗြိတိန်

ဝန်ကြီးချုပ်ဘလဲယား က ပြောကြား၊သည်။ ငြိမ်းချမ်းရေး သဘောတူညီချက်ဆန္ဒ ခံယူပွဲတွင် ထောက်ခံမှုရရှိစေရေး အတွက် မြောက်ပိုင်း အိုင်ယာလန်သို့ ငွေကြေးအကူ အညီ ပေးရေး ကတိစကား များ ဆိုလာသည်။ မြောက်ပိုင်း အိုင်ယာလန်သို့ စတာလင် ပေါင်ငွေ ၃၂၅ သန်း အကူအညီ ပေးမည်ဟု ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွန်ဘရောင်းက ထုတ်ပြန် ကြေညာခဲ့သည်။

မြောက်ပိုင်းအိုင်ယာလန်၌ ရင်းနှီးမြှုပ်နှံမှုများ ရရှိစေရေးအတွက် အမေရိကန်သို့ သွားမည့် ရန်ပုံငွေ ရှာဖွေရေး ကိုယ်စားလှယ်အဖွဲ့ကို မိမိဦးဆောင်မည်ဟု ဘဏ္ဍာရေးဝန်ကြီး ဘရောင်းက ပြောကြား၊သည်။ ဘာမင်ဟန်မြို့တွင် ကျင်းပသော ကမ္ဘာ့စီးပွားရေး ထိပ်သီး ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ထောက်ခံလျှင် အမေရိကန်ရင်းနှီးမြှုပ်နှံမှုများ မြင့်တက်လာဖွယ်ရှိသည်ဟု အမေရိကန်သမ္မတ ကလင်တန်က ပြောကြား၊ခဲ့သည်။ ဤသို့အဘက်ဘက်မှ ကြိုးပမ်းအားထုတ်မှုတို့ကြောင့် မြောက်ပိုင်းအိုင်ယာလန် ငြိမ်းချမ်းရေး သဘောတူညီချက်မှာ ပြည်သူအများ၏ ထောက်ခံမှုကို ရရှိခဲ့လေသည်။

မြောက် အိုင်ယာလန်ငြိမ်းချမ်းရေး သဘောတူညီချက်အပေါ် ထောက်ခံခြင်းပြု၊မပြု အိုင်ယာလန်သမ္မတ နိုင်ငံနှင့် မြောက်ပိုင်းအိုင်ယာလန်တို့တွင် မေလ ၂၂ ရက်

အကြမ်းဖက်မှုမှာ မြောက်အိုင်ယာလန်တွင်တွေ့မြင်နေကျမြင်ကွင်းတစ်ခုပင်





အန္တရာယ်မှကင်းလွတ်သွားပြီဖြစ်သည့် ဖြိုတီသျှစာရေးဆရာ ဆာလ်မန်ရပ်ရှဒီ

နေ့က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့သည်။ ယင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၏ ရလာဒ်ကို အိုင်ယာလန် သမ္မတနိုင်ငံ မြို့တော်ဒဗ္ဗလင်၌ မေလ ၂၃ ရက်နေက ကြေညာရာ အိုင်ယာလန်သမ္မတနိုင်ငံ၌ ငြိမ်းချမ်းရေး သဘောတူညီချက်ကို ၉၄ ဒသမ ၄ ရာခိုင်နှုန်းက ထောက်ခံခဲ့သည်။ မြောက်အိုင်ယာလန်တွင် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ၇၁ ရာခိုင်နှုန်းကျော်က ထောက်ခံခဲ့ရာ အိုင်ယာလန်ကျွန်းကြီးတစ်ခုလုံး၏ ထောက်ခံမှုမှာ ၈၅ ရာခိုင်နှုန်းကျော်ရှိသည်။တစ်ပြိုင်တည်းမှာပင်အိုင်ယာလန် သမ္မတနိုင်ငံ၏ ပိုင်နက်နယ်မြေအဖြစ် မြောက်ပိုင်း အိုင်ယာလန် ဒေသအား ထည့်သွင်းခြင်းကို စွန့်လွှတ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်ကိုထောက်ခံကြောင်း အိုင်ယာလန်သမ္မတနိုင်ငံက လူထုထံမှ ဆန္ဒခံယူခဲ့သည်။ ယင်း ငြိမ်းချမ်းရေး သဘောတူညီချက်တွင် မြောက်အိုင်ယာလန်ကို ဖြိတိန်နှင့်ဆက်စပ်ထားရန်၊ မြောက်အိုင်ယာလန်နှင့် အိုင်ယာလန်သမ္မတနိုင်ငံတို့အကြား ပူးတွဲဝန်ကြီးအဆင့်ကောင်စီဖြင့် ဆက်စပ်ထားရန် အဆိုပြုထားသည်။

ယင်းသို့ တိုးတက်ဖြစ်ပေါ်လျက်ရှိနေရာမှ မြောက်အိုင်ယာလန်ရှိ အရောင်းအဝယ်စည်ကားရာ လမ်းတစ်လမ်းတွင် ဩဂုတ်လ ၁၅ ရက်နေက ဗုံးပေါက်ကွဲရာ အနည်းဆုံးလူ ၂၆ ဦးသေဆုံး၍ အများအပြားဒဏ်ရာရရှိသွားသည်။ မြောက်အိုင်ယာလန် ပြောက်ကြားတိုက်ခိုက်မှု သမိုင်းတွင် အဆိုးဝါးဆုံးဖြစ်သည်။ ယင်းဗုံး ပေါက်ကွဲမှုသည် မကောင်းဆိုးဝါးလုပ်ရပ်ဖြစ်၍ အထိတ်တလန့်ဖြစ်ရကြောင်း၊ သို့သော် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပျက်ပြားစေနိုင်မည်မဟုတ်ကြောင်း ဖြိတိသျှဝန်ကြီးချုပ် တိုနီဘလဲယားက ပြောကြားသည်။

မြောက်အိုင်ယာလန်၏ ဖြိတိသျှလိုလားသော ပရိုတက်စတင့်နှင့် အိုင်ယာလန်လိုလားသော ကက်သလစ် ရိုပတ်ပလီကန်တို့၏ ခေါင်းဆောင်များသည် ၁၉၂၂ ခုနှစ်မှ စ၍ ပထမဆုံးအကြိမ်အဖြစ် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေက မျက်နှာချင်းဆိုင် တွေ့ဆုံကြရာ ငြိမ်းချမ်းရေး အကျိုးစီးပွားအတွက် အခက်အခဲများကို ကျော်လွှားလိုက်ခြင်းဖြစ်သည်ဟု ရိုက်တာသတင်း ဌာနက ရေးသားဖော်ပြသည်။ ခေတ်သစ် ရိုပတ်ပလီကန် ဆင်ဖိန်း အဖွဲ့ခေါင်းဆောင် ဂယ်ရီအဒမ်က ဤဖြစ်ရပ်ကို မိုင်ပေါင်းထောင်ချီသောခရီး၏ အပြုသဘောဆောင်သော စတင်မှုအဖြစ် ချီးကျူးခဲ့သည်။ ဆင်ဖိန်းပါတီသည် အိုင်အာရ်အေနှင့် ကိုယ်ချင်းဆက်အမြွာပူး ဖြစ်သည်ဟူသော အမြင်ကို အဒမ်က ငြင်းဆိုသည်။

နိုင်ငံတကာဆက်ဆံရေး – ဒုတိယမြောက် အယ်လီဇဘတ် ဘုရင်မကြီးသည် မလေးရှားနိုင်ငံသို့ စက်တင်ဘာ လ ၂၀ ရက်နေမှ ၂၃ ရက်နေအထိ အစိုးရဧည့်သည် အဖြစ် သွားရောက်လည်ပတ်ခဲ့သည်။ ဘုရင်မကြီးနှင့် အတူ အိမ်ဒင်ဘတ်မြို့စားကြီးနှင့် ဗြိတိသျှနိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန အတွင်းဝန် ရော်ဘင်ကွတ် တို့လည်း လိုက်ပါသွားခဲ့ကြသည်။ ဗြိတိသျှဘုရင်မကြီး၏ မလေးရှားခရီးစဉ်သည် ၁၉၈၉ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံး သွားရောက်လည်ပတ်သော ခရီးစဉ်ဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ဓနသဟာယအစိုးရအဖွဲ့ အကြီးအကဲများ အစည်းအဝေးကျင်းပစဉ်က ဘုရင်မကြီး မလေးရှားနိုင်ငံသို့ ပထမဆုံးအကြိမ် သွားရောက်ခဲ့သည်။ ဗြိတိသျှဘုရင်မကြီး၏ မလေးရှားခရီးစဉ်သည် ဗြိတိန်နိုင်ငံနှင့်မလေးရှားနိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှုကို ပြသလိုက်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ဆယ်နှစ်နီးပါးကြာမျှ အိရတ်နိုင်ငံ၏ သေဒဏ်အပြစ်ပေးခြင်းခံထားရသော အန္တရာယ်ကြားတွင် ပုန်းရှောင်နေထိုင်ရသူ ဗြိတိသျှစာရေးဆရာ ဆာလ်မန်ရပ်ရှဒီအား သတ်ဖြတ်ရန် ကြိုးစားတော့မည်မဟုတ်ဟု အိရန်နိုင်ငံက တရား၀င်အာမခံချက်ပေးလိုက်ပြီးနောက် အိရန်နှင့် ဗြိတိန် တို့၏ ဆက်ဆံရေးမှာ ခေတ်သစ် တစ်ခေတ်ဆီသို့ ၀င်ရောက်လာပြီဟု စက်တင်ဘာလ ၂၅ ရက်နေတွင် ရိုက်တာသတင်းဌာနက ရေးသားဖော်ပြသည်။ ဗြိတိသျှနိုင်ငံခြားရေး၀န်ကြီးရော်ဘင်ကွတ်နှင့် အိရန်နိုင်ငံခြားရေး၀န်ကြီး ကမဲလ်ခါရက်ဇီတို့ ကုလသမဂ္ဂတွင် တွေ့ဆုံပြီးနောက် ရရှိခဲ့သောသဘောတူညီချက်ကို ရပ်ရှဒီက ကြိုဆိုလိုက်ပြီး ယင်းသဘောတူညီချက်အရ နှစ်နိုင်ငံတို့ သံအမတ်ကြီးအဆင့်ဖြင့် ဆက်ဆံမှုပြန်လည် ပြုလုပ်တော့မည် ဖြစ်သည်။ ယင်းသို့သဘောတူညီချက် ရရှိကြောင်း စာရေးဆရာရပ်ရှဒီအား ဗြိတိသျှ နိုင်ငံခြားရေးဌာနက ခေါ်ယူတွေ့ဆုံပြောကြားခဲ့ရာ ဤပြဿနာပြီးသွား ပြီဟု ရှုမြင်ကြောင်း၊ အရေးကြီးသောအဝိဟိံသာယဖြစ်ကြောင်း၊ လွတ်လပ်ခွင့် အဝိဟိံသာယ ဆောင်ကြောင်း ရပ်ရှဒီက ပြောကြားသည်။ သေဒဏ်ရပ်သိမ်းပေးရေးကို အိရန်၌ တညီတညွတ်တည်း သဘောတူညီချက်ရရှိသည်ဟု မိမိယုံကြည်ကြောင်း၊ ဆန့်ကျင်သူ ရှိဟန်မတူကြောင်း ရပ်ရှဒီက ပြောကြားသည်။

နိုင်ငံရေးလွတ်လပ်ခွင့်ကို အာမခံသော အဝိကနိုင်ငံတကာ သဘောတူစာချုပ်ကို ကုလသမဂ္ဂနှင့် တရုတ်ပြည်သူသမ္မတနိုင်ငံတို့ လက်မှတ်ရေးထိုးပြီးနောက် နာရီပိုင်းအတွင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲယားသည် တရုတ်ပြည်သူသမ္မတနိုင်ငံသို့ခြောက်ရက်ကြာလည်ပတ်နေထိုင်ရန် အောက်တိုဘာလ ၅ ရက်နေက ရောက်ရှိသွားသည်။ ပြည်သူအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေး ဆိုင်ရာ နိုင်ငံတကာသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် တရုတ် ပြည်သူ့အခွင့်အရေးသည် ဘလဲယား လာရောက်လည်ပတ်စဉ်အတွင်း အာရုံစိုက်စရာ ဖြစ်လာမည်ဟု အာမခံထားသည်။ တရုတ်နှင့် ဗြိတိန် နိုင်ငံတို့သည် ၁၉၉၇ ခုနှစ်အလယ်ပိုင်း၌ ဟောင်ကောင်ကို လွှဲအပ်ရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံခါးသီးစွာ ပြောဆိုခဲ့ကြ ပြီးနောက် ယခုတိုနီဘလဲယားသွားရောက်လည်ပတ်ခြင်း မှာ တရုတ်နှင့် ဗြိတိန်နိုင်ငံတို့၏ ပြန်လည်သင့်မြတ်ရေး အပြီးသတ် အခန်းကဏ္ဍပင်ဖြစ်သည်။ ဗြိတိသျှ ဝန်ကြီး ချုပ်အား ဘိဂျင်းတိယန်မင် ရင်ပြင်တွင် ကော်ဇော်နီ ခင်းပြီး အမြှောက် ၂၁ ချက်ပစ်ဖောက်ကာ ဂုဏ်ပြုကြိုဆို ခဲ့သည်။ ဝန်ကြီးချုပ် ဘလဲယားနှင့်အတူ ဗြိတိသျှစီးပွားရေး လုပ်ငန်းအမှုဆောင်များလိုက်ပါသွားရာ ဟောင်ကောင် ကိစ္စနှင့် စပ်လျဉ်း၍ အပြန်အလှန် သက်ဆိုမကင်းဖြစ်မှု ကြောင့် နှစ်နိုင်ငံဆက်ဆံရေး အမှောင်ဖုံးနေခိုက် ဆုံးရှုံး နစ်နာ ခဲ့ရသော အခွင့်အလမ်းများအတွက် ပြန်လည် ထူထောင်မည်ဟု မျှော်လင့်ရသည်။ အာရှစီးပွားရေး အကျပ်အတည်း အခြားဈေးကွက်များသို့ ပျံနှံကူးစက်ပြီး စက်မှုနိုင်ငံများတွင်စီးပွားရေး တည်ငြိမ်မှုကို ခြိမ်းခြောက် နေချိန်တွင် ဘလဲယားသည် ကမ္ဘာလုံးဆိုင်ရာ ငွေကြေး ပြုပြင်ပြောင်းလဲရေး အစီအစဉ်ကို တွန်းအားပေးသွားမည် ဖြစ်သည်ဟုဆိုသည်။

တရုတ်ဝန်ကြီးချုပ် ကျူးယောင်ဂိနှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲယား တို့က ဘိဂျင်း၌ အောက်တိုဘာ ၅ ရက်နေက ဆွေးနွေးကြစဉ် တရုတ်ဗြိတိသျှ ပြီးပြည့်စုံသော ပေါင်းဖော်ဖက်တစ်ရပ် ထူထောင်မည့် အစီအစဉ်ကို ကြေညာခဲ့သည်။ တရုတ်နှင့်ဗြိတိသျှ နှစ်ဦးလုံးက ဗြိတိသျှ ဘုရင်မကြီး ဒုတိယမြောက် အဲလီဇဘတ်၏ ဖိတ်ကြားချက်အရ ၁၉၉၉ ခုနှစ် ဒုတိယနှစ်ဝက်တွင် ဗြိတိန်သို့တရုတ် သမ္မတကျန်ဇီမင်း သွားရောက်

လည်ပတ်မည့်ကိစ္စကို သဘောတူကြသည်။ တရုတ်ဗြိတိသျှ ဆွေးနွေးမှု ညှိနှိုင်းတိုင်ပင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးသည် နှစ်နိုင်ငံပြည်သူများ၏ အခြေခံ အကျိုးစီးပွားအတွက် လိုက်လျောညီထွေ ရှိစေရုံသာမက ကမ္ဘာငြိမ်းချမ်းရေး တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးအတွက်လည်း အကျိုးရှိမည်ဟု တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။

ပညာရေး – ဗြိတိသျှတက္ကသိုလ်များတွင် စာမေးပွဲကျရှုံးသောနှုန်းမှာ လွန်ခဲ့သောသုံးနှစ်က ၁၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုအခါ ၁၉ ရာခိုင်နှုန်းအထိ စံချိန်တင် မြင့်တက်လာသည်ဟု လေ့လာချက်အသစ်တစ်ရပ်တွင် ဖော်ပြထားသည်။ ယင်းအဝိဟွယ်မှာ ယခင်နှစ်က ဗြိတိန်နိုင်ငံတစ်ဝန်းလုံး၌ ငါးယောက်လျှင်တစ်ယောက် သိုမဟုတ် ဘွဲ့မရသေးသူ ၆၀၀၀၀ ခန့် စာသင်ခန်းမှ ထွက်သွားရသည်။ သိုမဟုတ် သင်တန်း၌ အပြီးတိုင်ကျရှုံးသည်ဟု ဆိုလိုသည်။ ထိုကျရှုံးနှုန်းသည်တစ်နှစ်လျှင် ပေါင်ငွေသန်း ၃၆၀ (ဒေါ်လာသန်း ၇၅၀–ကျော်) ရှိမည်ဟု ဗြိတိသျှအခွန်ထမ်းများက ခန့်မှန်းကြသည်။ ထိုကဲ့သို့စာမေးပွဲကျရှုံးမှုနှုန်း မြင့်မားလာခြင်းသည် ကျောင်းသူကျောင်းသားများအတွင်း ငွေကြေးအတွက်စိုးရိမ်ပူပန်မှုဖြစ်ခြင်း၊ ကြွေးမြီ အကြီးအကျယ် တင်မည်ကို ကြောက်ရွံ့ခြင်းတို့နှင့် ဆိုင် သည်ဟု နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂက မှတ်ယူကြောင်း ဒေသ လူထုဆက်သွယ်ရေးဌာနက ရေးသားဖော်ပြသည်။ ဗြိတိန်နိုင်ငံတွင် တစ်နှစ်လျှင် ကျူရှင်ခသည် ပေါင် ၁၀၀၀ ခန့်ဖြစ်ရာ ထိုကျူရှင်ခကြောင့် ကြွေးမြီထူပြောမှုကို ပိုဆိုးစေသည်။

မူးယစ်ဆေးဝါးပြဿနာ– ပါလီမန်အမတ် ၁၈ ဦးသည် ယခင်က တရားမဝင် ဆေးသုံးစွဲသူများဖြစ်ကြောင်း သုတေ သနပြုချက်က ဖော်ပြသော်လည်း ဆေးဝါးဥပဒေများ ပျော့ပျောင်းစေခြင်းကို မိမိဆန့်ကျင်ကြောင်း ဗြိတိန်ပြည်ထဲရေးဝန်ကြီးက မတ်လ ၁၅ ရက်နေ့တွင် ပြောကြားသည်။ ဆေးခြောက်နှင့်ဆိုင်သော ပြစ်ဒဏ်များလျော့နည်းစေခြင်းအတွက် မိမိအကောင်းမမြင်ကြောင်း၊ ပြစ်ဒဏ်လျော့နည်းစေခြင်းကို ပြည်သူများကဆန့်ကျင်ကြောင်း ပြည်ထဲရေးဝန်ကြီး ဂျက်စထရောက ပြောကြားသည်။ ၁၉၉၇ ခုနှစ်၊ မေလရွေးကောက်ပွဲတွင် အနိုင်ရရှိသော ပါလီမန်အမတ် ၂၄၃ ဦးအား သုတေသနပြုရာတွင် ၈၁ ဦးက သုတေသနပြုချက်ကို ဖြေဆိုခဲ့ကြသည်။ ထိုပုဂ္ဂိုလ်များအနက် ၅၃ ရာခိုင်နှုန်းက ဗြိတိသျှဆေးခြောက်ဥပဒေများအလွန်တင်းကျပ်သည်ဟု ထင်မြင်ကြောင်း ဖော်ပြခဲ့ကြသည်။ ယခင်ကမူးယစ်ဆေးဝါးသုံးစွဲခဲ့ကြောင်း ၁၈ ဦး ကဝန်ခံပြောကြားပြီးတစ်ဦးတည်းကသာ မိမိကိုယ်တိုင်အများပြည်သူများသို့ ထုတ်ဖော် တင်ပြလိုကြောင်း ပြောကြားရာ ယင်းပုဂ္ဂိုလ်မှာနော်ဖေါ့နော့သ်ဒေသမှ အသက် ၄၃ နှစ်အရွယ်ရှိ ကွန်ဆာဗေးတစ် အမတ်ဒေးဗစ်ပရိုင်ယာ ဖြစ်သည်။ ဆေးခြောက်အနည်းငယ်လက်ဝယ်ထားရှိမှုကြောင့် ပထမအကြိမ်အဖမ်းခံရသော ပြစ်မှုကျူးလွန်သူများအား တရားစွဲဆိုခြင်းထက်သတိပေးမှုမကြာခဏ ပြုလုပ်သော်လည်း ဗြိတိန်တွင် တစ်နှစ်လျှင် ဆေးခြောက်လက်ဝယ် ထားရှိသူ ဗြိတိန်နိုင်ငံသားပေါင်း ၆၄၀၀၀ ခန့်ရှိသဖြင့် ရဲတပ်ဖွဲ့မှာ အခက်ကြုံနေရသည်။ ဗြိတိန်တွင် ဆေးခြောက်ဖြန်ဖြူး ရောင်းချမှုအတွက် အများဆုံးပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၄ နှစ်ဖြစ်သော် လည်း ပြစ်မှုကျူးလွန်သူများသည် အနည်းငယ်သောပမာဏဖြင့်သာ ကျူးလွန်လျှင်ဒဏ်ငွေတပ်ခံရသည်ကများသည်။ ဒိုင်ယာနာအမှတ်တရပြတိုက် – ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေက ရုတ်တရက် ကွယ်လွန်ခဲ့သော ဝေလမင်းသမီး ဒိုင်ယာနာ၏ ဘိုးစဉ်ဘောင်ဆက် မျိုးနွယ်စပင်ဆာ မိသားစုနေထိုင်ခဲ့ရာ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့မြောက်ဘက် မိုင် ၈၀ အကွာ အယ်လ်သော့နယ်စားပိုင်နက်အတွင်းရှိ အိမ်ဂေဟာကြီးကို အများပြည်သူတို့လည်ပတ်ကြည့်ရှုနိုင်စေရန် ဖွင့်လှစ်ပေးခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၉၈– စာ၊ ၂၈၉ – ရှ။) ထိုနေ့ကပြည်တွင်းပြည်ပမှ ဒိုင်ယာနာအချစ်တော်ပြည်သူအင်အား ၂၅၀၀ ခန့်တို့ လာရောက်ကြည့်ရှုခဲ့ကြသည်။ ဒိုင်ယာနာ၏ မောင်တော်သူနယ်စားကြီး စပင်ဆာက ဒိုင်ယာနာငယ်စဉ်ကနေထိုင်ခဲ့သောအိမ်တော်ကြီးကိုပြတိုက် အဖြစ် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ စပင်ဆာ နယ်စားကြီးက သူ၏အစ်မ ဂုဏ်ဒြပ် ပေါ့ပျက်ပျက်မဖြစ်စေရန် ပြတိုက်လာရောက်သူများကို ကန့်သတ်ထားပြီး ကြည့်ရှုခွင့် လက်မှတ် ၁၅၂၀၀၀ ကို တစ်စောင်လျှင် ဒေါ်လာ ၁၅ ဒသမ ၇၀နှုန်းဖြင့် ရောင်းချခဲ့သည်။ ယင်းပြတိုက်မှ ဝင်ငွေ ၂ ဒသမ ၄ သန်းအထိ ရရှိခဲ့သည်။

စပင်ဆာ မိသားစုအိမ်ဂေဟာကြီး၏ အခန်းခြောက်ခန်းတွင် ဒိုင်ယာနာမင်းသမီး၏ အမှတ်တရ

ပစ္စည်း များကို ခင်းကျင်းပြသထား သည်။ ပြတိုက်အတွင်း ဒိုင်ယာနာအမှတ်တရ အရောင်းဆိုင် တစ်ဆိုင်ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ ယင်းဆိုင်၌ အမှတ်တရပစ္စည်း ၃၇ မျိုးကို ရောင်းချပေးသော်လည်း ဒိုင်ယာနာ၏ ဂုဏ်ဒြပ်မသေးသိမ်စေရန် ပစ္စည်းများကိုဈေးကြီးကြီးဖြင့် ရောင်းချသည်။ အိမ်ဂေဟာအတွင်း၌ ၁၈ ရာစုနှစ်က မြင်းဇောင်းတစ်ခုကို ပြောင်းလဲထား သော ပြတိုက်ခန်းအတွင်း မင်းသမီး ဒိုင်ယာနာဝတ်ဆင်ခဲ့သော သတိုးသမီးဝတ်စုံကို ပြတိုက်လာသူများ ကြည့်ရှုနိုင်ကြသည်။ ဒိုင်ယာနာ၏ စျာပနတွင် စပင်ဆာနယ်စား ကြီး ပြောကြား ခဲ့သော မိန့်ခွန်းကို နယ်စားကြီးက လက်မှတ်ရေးထိုး ထား သည်။ ယင်းမိန့်ခွန်း မူကိုလည်း ပြသထား သည်။ မိန့်ခွန်းတွင် 'သောကရောက်နေသူများ ကျွန်မကိုခေါ်လိုက်ပါ၊ သူတို့ရှိရာ ဘယ်နေရာမဆို ကျွန်မအပြေးလာပါမယ်' ဟူသော ဒိုင်ယာနာ၏ အဆိုအမိန့်စာတမ်းတိုကို တွေ့မြင်ရသည်။ (စွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၈- စာ ၊ ၂၀၆ - ရှ။)

သင့်ဘဝ – ဦးရဲလွင်

ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ။ ။၁၉၉၈ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ရုရှားနိုင်ငံဖြစ်ပေါ်တိုးတက်မှုများတွင် ငယ်ရွယ်သူပြုပြင်ပြောင်းလဲရေးဝါဒီများဖြစ် သည့် ပထမဒုတိယဝန်ကြီးချုပ်များဖြစ်ကြသော အနာတိုလီ ချုဘိုင်း (စ်)နှင့်ဘောရစ်နမ်(တ်) ဆော့ဗ်တို့၏ သြဇာများ လျော့ပါးလာသည်ကို တွေ့ရှိရသည်။ ဝန်ကြီးချုပ်ဖြစ်သူ ဗစ်တာချာနိုမြာဒင်က ၄င်းတို့၏တာဝန်များကို လျော့ချခဲ့ပြီး မိမိ၏ တာဝန်ယူမှုအပိုင်းကို ချဲ့ထွင်ခဲ့သည်။ ဘဏ္ဍာရေး၊ ပြည်ထဲရေး၊ကာကွယ်ရေး၊နိုင်ငံခြားရေးနှင့် လောင်စာနှင့် စွမ်းအင်ရေးရာဝန်ကြီးဌာနများကိုတိုက်ရိုက် အုပ်ချုပ်မှုပါဝင်စေရန်ချာနိုမြာဒင်က လုပ်ဆောင်ခဲ့သည်။

ပထမ၊ဒုတိယဝန်ကြီးချုပ်နှစ်ဦး၏ တာဝန်ဝတ္တရား များကို ဝန်ကြီးချုပ်ချာနိုမြာဒင်ကပြန်လည်ခွဲဝေချထား သည့်ကြေညာချက်ကို ၁၉၉၈ ခုနှစ် ဇန်နဝါရီ ၁၆ ရက် နေ့တွင် ထုတ်ပြန်ခဲ့သည်။ ဤသို့ အပြောင်းအလဲ လုပ်ဆောင်ခြင်းကို သမ္မတဘောရစ်ယဲလ်ဆင်က သဘောတူ အတည်ပြုခဲ့သည်ဟု သိရှိရသည်။ သမ္မတ ယဲလ်ဆင်မှာ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ တွင်နာဖျား မကျန်း ဖြစ်ပြီးနောက် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလဝက် လောက်အထိ အများပြည်သူမြင်ကွင်းမှ ပျောက်ကွယ် နေခဲ့သည်။ ပြောင်းလဲမှု လုပ်ဆောင်ခြင်း၏ အဓိက အချက်မှာ စီးပွား ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် ဆောင်ရွက် လုပ်ကိုင်မှုနှုန်းကို နှေးကွေးစေရန် ချာနိုမြာဒင်နှင့်ဘောရစ် ယဲလ်ဆင်တို့၏ ကြိုးပမ်းမှု လက္ခဏာတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ကြသည်။

ဤသို့ ရှိနေခဲ့ရာမှ သမ္မတယဲလ်ဆင်သည် ကျန်းမာရေးပြန်လည်ကောင်းမွန် လာသဖြင့် ဇန်နဝါရီ ၁၉ ရက်နေ့တွင် မိမိ၏လုပ်ငန်းတာဝန်ကို ပြန်လည်ထမ်း ဆောင်ခဲ့သည်။ ဤတွင် ယဲလ်ဆင်က ထိပ်တန်းဝန်ကြီး များကို အများသိဝေဖန်ထိုးနှက်ခဲ့ပြီး ၄င်း အစိုးရ အဖွဲ့ ညြှအာဏာခိုင်မာစေရေးကို လုပ်ဆောင် ခဲ့သည်။ သမ္မတယဲလ်ဆင်နှင့် ဝန်ကြီးချုပ်ချာနိုမြာဒင်၊ ပထမဒုဝန်ကြီးချုပ်များ ဖြစ်သည့် နမ်တ်ဆော့ဗ်နှင့် ချူဘိုင်းစ်တို့တွေ့ဆုံပွဲကိုရုပ်မြင်သံကြား မှ ထုတ်လွှင့်ပြသခဲ့ရာ ယဲလ်ဆင်က ၄င်းတို့သုံးဦးအား ၁၉၉၇ ခုနှစ်အတွက် အများပြည်သူဆိုင်ရာ လုပ်ခကြေးကျန် ပေးရန်ပျက်ကွက် ခဲ့သည့်အတွက် ပြစ်တင်ဝေဖန်ခဲ့သည်။ ချာနိုမြာဒင်က လုပ်ခဘိလ်များကို ရုဘယ် ၃၀၀၀ ဘိလိယံအထိ ပေးချေခဲ့ပြီး ဖြစ်သည်ဟု ပြောကြား ထား သည်။

မိမိလုပ်ငန်းတာဝန်ကို ပြန်လည်ထမ်းဆောင်သည့် ပထမနေ့တွင် ယဲလ်ဆင်ကအစိုးရအဖွဲ့ အနေဖြင့် ၁၉၉၈ ခုနှစ်အတွက် အစိုးရအဖွဲ့ အစီအစဉ်ကိုတင်ပြပြီး ဖြစ်သည်ဟု ကြေညာခဲ့သည်။ အဆိုပါ အစီအစဉ်အရ ဝန်ကြီးများနှင့် သမ္မတအဖွဲ့ရုံး၏ အဖွဲ့ဝင်များကို သီးသန့် စာရေးရိက္ခာများ ဖြည့်ဆည်းပေးရန်နှင့် လျာထား ချက်များ ပြည့်မီရေးအတွက် တာဝန်ယူရန် သတ်မှတ်ခဲ့သည်။ ၁၉၉၈ ခုနှစ်အတွက် အစိုးရအဖွဲ့ အစီအစဉ်တွင် လျာထား သည့် လူမှုဖူလုံရေးကို လုပ်ဆောင်ပေးရန် ပင်စင်စား များနှင့် လုပ်ခကို ကာကွယ်ရန် ရုရှားလူမျိုးထုတ်လုပ်သူ များကို အားပေးကူညီရန် အခွန်အကောက်များ လျော့ချ ရန်၊ ငွေပေးချေနိုင်ခြင်းမရှိသည့် ပြဿနာများကို ဖြေရှင်း ရန်၊ စီမံအုပ်ချုပ်ရေးနှင့် စီးပွား ရေးကဏ္ဍတွင်ရှိသည့် ဝန်ထမ်းများအား သင်တန်းပေးရန်၊ စစ်ဘက်ဆိုင်ရာ စက်မှုလုပ်ငန်းများသို့ အကြွေးများပေးဆပ်ရန် ၊အငြိမ်းစား အရာရှိများနှင့် ဝန်ထမ်းများအတွက် အိမ်ရာများ

ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံ



အာဏာကိုခိုင်မြဲစွာဆုပ်ကိုင်ထားနိုင်သည့် သမ္မတဘောရစ်ယဲ့လ်ဆင်

ဆောက်လုပ်ပေးရန်၊ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့.နှင့်ဆက်ဆံရန်နှင့် ဥရောပသမဂ္ဂအဖွဲ့.နှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြင့်ရန်၊ နိုင်ငံသား‌များနှင့် လုပ်ငန်း‌များအတွက် ဥပဒေရေးရာ အကာအကွယ်ပေးမှု တိုးတက်စေရန်နှင့် မြေယာပြုပြင် ပြောင်းလဲမှု လုပ်ဆောင်ရန်တို့ ဖြစ်သည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ရုရှားသမ္မတဘောရစ်ယဲ့လ်ဆင်သည် ရုရှားဖက်ဒရေးရှင်း အထက်အောက်လွှတ်တော် နှစ်ရပ် ပူးတွဲအစည်းအဝေးသို့ နှစ်ပတ်လည်မိန့်ခွန်းတွင် တစ်ရပ်ပြောကြား‌ခဲ့သည်။ မိနစ် ၃၀ ခန့်ကြာသည့် ၄င်း၏ မိန့်ခွန်းတွင် သမ္မတ ယဲ့လ်ဆင်က ၁၉၉၈ ခုနှစ်အတွက် ဘတ်ဂျက် နှင့် အများပြည်သူဆိုင်ရာ ဘဏ္ဍာရေးကဏ္ဍတို့တွင် တင်းကျပ်သော အမိန့်များဖြင့် ဆောင်ရွက်လုပ်ဆောင်ရန် တိုက်တွန်းထား‌သည်။ ထို့ပြင် အများပြည်သူဆိုင်ရာ ကဏ္ဍတွင် ကြွေးသစ်များကို လက်မခံနိုင်ကြောင်း သတိပေးပြောကြားပြီး အခွန်အကောက်နည်းသစ်ကို ချမှတ်လုပ်ကိုင်ရန်ကို တိုက်တွန်း‌ခဲ့သည်။ သမ္မတမိန့်ခွန်း အပေါ်တုန့်ပြန်မှုမှာ စိတ်မပါ့တပါဖြစ်နေခဲ့သည်။ အကယ်၍အစိုးရအဖွဲ့အနေဖြင့် မဟာဗျူဟာမြောက်လုပ်ငန်းစီမံချက်များကို ဆောင်ရွက်နိုင်ခြင်းမရှိပါက ကျွန်ုပ်တို့အနေဖြင့် လက်ရှိအစိုးရနှင့် မတူညီသည့်အစိုးရအဖွဲ့တစ်ဖွဲ့ ရှိစေရမည်ဟုယဲ့လ်ဆင်က သတိပေး ပြောချလိုက်သည့်အခါတွင် လွှတ်တော်ကိုယ်စားလှယ်များထဲမှာ လက်ခုပ်သြဘာသံများ ရရှိခဲ့သည်။

မရွေးမနှောင်းဆိုသလိုပင် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် အစိုးရအဖွဲ့ဝင်သုံးဦးကို ယဲ့လ်ဆင်ကဖယ်ရှား‌ခဲ့သည်။ ယင်းမတိုင်မီက ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် အစိုးရအဖွဲ့အစည်းအဝေးကျင်းပခဲ့ရာ ရုပ်မြင်သံကြား‌မှတိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ အစည်းအဝေးတွင် သမ္မတယဲ့လ်ဆင်ကကျွန်ုပ်တို့အနေဖြင့် အစည်းအဝေးအပြီး၌ အစိုးရအဖွဲ့ဝင်သုံးဦးကို နုတ်ဆက်ရန်ရှိလိမ့်မည်ဟု သတိပေးပြောကြား‌ခဲ့သည်။ ထို့နောက်အစည်းအဝေးခေတ္တရပ်နား‌စဉ်အတွင်းအစည်းအဝေးမှ ယဲ့လ်ဆင်စောစီးစွာ ထွက်ခွာသွား‌ခဲ့သည်။ ရာထူးမှဖြုတ်ပစ်မည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးသုံးဦး၏အမည်ကိုမူ ထုတ်ဖော် ကြေညာခြင်း မပြုခဲ့ချေ။ မတ်လ ၂ ရက်နေ့တွင် ဖြုတ်ပစ်



ရုရှားဝန်ကြီးချုပ်ဗစ်တာချာနိုမြာဒင်



ရုရှားဝန်ကြီးချုပ်သစ်ဖြစ်လာခဲ့သည့်
ဆာဂျေးကီရိယန်ကို

လိုက်သည့်ဝန်ကြီးများ၏နေရာတွင် အစားထိုးခန့်အပ်ခဲ့သူများ၏ အမည်ကိုကြည်ခဲ့သည်။

တစ်ဆက်တည်းဆိုသလိုပင် မတ်လထဲ၌ ယဲ့လ်ဆင်က ဝန်ကြီးချုပ်ချာနိုမြာဒင်ဦးဆောင်သည့် အစိုးရအဖွဲဝင်များကို ဖြုတ်ပစ်ခဲ့ရာ အစိုးရအဖွဲ. တစ်ခုလုံးနီးနီးပြောင်းလဲပစ်သည့် အခြေအနေသို့ မမျှော်လင့်ဘဲ ဆိုက်ရောက်ခဲ့သည်။ သို့ဖြစ်သည့်အားလျော်စွာ ဧပြီလအတွင်း၌ သမ္မတ ယဲ့လ်ဆင်နှင့်ရုရှားအောက်လွှတ်တော်တို့အကြားတင်းမာမှု ဖြစ်ကာ သောင်မတင်ရေမကျအခြေအနေမျိုးဖြစ်ပေါ်ခဲ့ သည်။ ယဲ့လ်ဆင်က အသက် ၃၅ နှစ်ရှိစွမ်းအင်ဝန်ကြီးဟောင်း ဆာဂျေးကီရိယန်ကိုအားဝန်ကြီးချုပ်ရာထူးအတွက် ရွေးချယ်လာထားခဲ့ရာ ယင်းကိုအတည်ပြု ပေးရန် အောက်လွှတ်တော်က တွန့်ဆုတ်နေခဲ့သည်။ ဖွဲ့.စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်ရာထူးလွှာထားမှုကို သုံးကြိမ်တိုင်တိုင် အောက်လွှတ်တော်က ကန့်ကွက်ပါက သမ္မတအနေဖြင့် လွှတ်တော်ကိုဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်များကျင်းပရန် ရှိနေပေသည်။ ဤ အတိုင်းဖြစ်လာပါက ယင်းသို့ မဆိုင်းမတွ လုပ်မည်ဟု ယဲ့လ်ဆင်ကအရိပ်အမြွက်ပြောကြား ထားခဲ့သည်။

ဤသို့ဖြင့် ရှေ့မတိုးနောက်မဆုတ်ဖြစ်နေသည့်အခြေအနေမှာ ပိုမိုနက်ရှိုင်းလာခဲ့ရာ နိုင်ငံရေးတည်ငြိမ်မှုကို ထိန်းသိမ်း သည့်အနေဖြင့် ဆာဂျေးကီရိယန်ကိုအားဝန်ကြီးချုပ်အဖြစ်အတည်ပြုပေးရန်ရုရှားအောက်လွှတ်တော်

အားရုရှားဖက်ဒရေးရှင်းကောင်စီက ဧပြီ ၂၂ ရက်နေ့တွင် တိုက်တွန်း ခဲ့သည်။ လွှတ်တော်ကို အဆောတလျင်ဖျက်သိမ်းမည့် ခြိမ်းခြောက်မှုက လွှမ်းမိုးထားရာ ကီရိယန်ကို အားဝန်ကြီးချုပ်အဖြစ် ရာထူးမှကို တတိယနှင့်နောက်ဆုံးအကြိမ် ဖြစ်သည့် ဧပြီ ၂၄ ရက်နေ့တွင် အောက်လွှတ်တော်က စဉ်းစားဆုံးဖြတ်ပြီးအတည်ပြုပေးခဲ့သည်။ သို့ဖြစ်လင့်ကစား ဤကိစ္စနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ် များအကြား မကျေမနပ်မှုများ ဆက်လက်ရှိနေခဲ့သည်။ ယင်းသို့ဖြစ်ရခြင်းမှာ သမ္မတအဖြစ်လုပ်ကိုင်ဆောင်ရွက် ဆုံးဖြတ်မှုနှင့် စပ်လျဉ်းပြီး ရုရှားနိုင်ငံ ဥပဒေရေးရာ၏ အားနည်းချက်ကိုမီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည်။ ထို့ပြင် 'အိုလီဂါး၍' ဟုခေါ်သည့် ချမ်းသာကြွယ်ဝသော ရုရှားလုပ်ငန်းရှင်များ နိုင်ငံရေးတွင် အင်အားကောင်းစွာ ပါဝင်ပတ်သက်နေမှုအပေါ်ရုရှားအစိုးရအဖွဲအတွင်း တိုးပွားလာသည့် မကျေနပ်မှုများကို ထောက်ပြသည့် သဘောလည်းဖြစ်သည်။

ကီရိယန်ကိုအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်မှုနှင့် အတူအစိုးရအဖွဲအတွင်း ပြောင်းလဲဖွဲစည်းမှုကိုတွေ့မြင်လာရသည်။ အစိုးရအဖွဲအတွင်း ဒုတိယဝန်ကြီးချုပ်သုံးဦးထားရှိပြီး ပထမဒုတိယဝန်ကြီးချုပ်ရာထူးကို မထားရှိပေ။ ထို့ပြင်သမ္မတ၏အမိန့်ဒီဂရီဖြင့် အစိုးရဌာနများနှင့် ဝန်ကြီးဌာနများကို ဧပြီ ၃၀ ရက်နေ့တွင် ဖျက်သိမ်းပြီး ၄င်းတို့၏ တာဝန်များကို အခြားဌာနများသို့လွှဲပြောင်း

ခဲ့သည်။ ဝန်ကြီးဌာနအသစ် နှစ်ခုကိုလည်းဖွဲ့စည်းခဲ့ရာ ၄င်းတို့မှာ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနနှင့်မြေယာမူဝါဒ၊ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာနတို့ ဖြစ်ကြသည်။

ဒီပြိုလအတွင်း တွေ့မြင်ရသည့် အခြားဖြစ်ပေါ်တိုးတက်မှုတစ်ခုမှာ ကြွေးကျန်များ မရသည်ကို ကန့်ကွက်သည့် အနေဖြင့် ရုရှားနိုင်ငံမြို့ကြီးအများအပြားတွင် ဆန္ဒပြမှုများ ဖြစ်ပွားခြင်းပင်ဖြစ်သည်။ ဆန္ဒပြမှုကို လွတ်လပ်သော ကုန်သွယ်ရေးသမဂ္ဂ ဖက်ဒရေးရှင်းက စည်းရုံးဦးဆောင် ကျင်းပခြင်းဖြစ်သည်။ ကန့်ကွက်ဆန္ဒပြမှုများတွင် လူ ၄.၅ သန်းခန့်သည် အလုပ်မလုပ်ခြင်းအား ဖြင့်လည်းကောင်း သို့မဟုတ် လမ်းပေါ်ထွက်ကာ ဆန္ဒပြခြင်းအား ဖြင့်လည်းကောင်း ပါဝင်ခဲ့သည်။ မြို့နယ် ၉၆၆ မြို့နယ်နှင့် မြို့ကြီးများတွင် စုစုပေါင်း လူ ၇,၇၆,၀၀၀ တို့သည် ချီတက်ပွဲများနှင့် လူထုအစည်းအဝေးပွဲကြီးများတွင် ပါဝင်ခဲ့သည်။

အခြားတစ်ဖက်တွင် ကွန်မြူနစ်ပါတီက သမ္မတဘောရစ်ယဲ့လ်ဆင်အား ရာထူးမှဖယ်ရှားရန်ကြိုးပမ်းလာသည်ကို တွေ့မြင်လာရသည်။ ယခုအကြိမ်တွင် ဘောရစ်ယဲ့လ်ဆင်အား နိုင်ငံတော်သစ္စာဖောက်ဖျက်သည်ဆိုသော စွပ်စွဲ ချက်ဖြင့် ဖယ်ရှားရန်ကြိုးပမ်းခြင်းဖြစ်သည်။ ရုရှားကွန်မြူနစ်ပါတီခေါင်းဆောင်ဂင်နာဒီဇူဂါနော့ဗ်ကသမ္မတ



ရုဘယ်ငွေကြေးတန်ဖိုးကျဆင်းသဖြင့် မိမိတို့ပိုင်ငွေများကို ပြန်လည်ဆုတ်ယူရန် ဘဏ်တစ်ခု၏ရှေ့တွင် တန်းစီစောင့်ဆိုင်းနေသော ရုရှားပြည်သူများ

ဘောရစ်ယဲ့လ်ဆင်အား နိုင်ငံတော်သစ္စာဖောက်ဖျက်မှုစွဲချက်တင်နိုင်ရေးလုပ်ငန်းစဉ်ကို စတင်နေပြီဖြစ်ကြောင်း၊ ယင်းလုပ်ငန်းစဉ် အတွက် အောက်လွှတ် တော်အမတ်များထံမှ လိုအပ်သောထောက်ခံမှုများရရှိစေရန် စည်းရုံးဆော်သြလျက်ရှိရာ မိမိတို့ ကွန်မြူနစ်ပါတီ၏ ကြိုးပမ်းမှုကိုထောက်ခံကြောင်း၊ လက်မှတ်ရေးထိုးကြသည့် ပါလီမန်အမတ်ဦးရေသည် ၁၇၇ ဦးရှိသွားပြီဟု သတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ရှင်းလင်းပြောကြားလိုက်သည်။

ဤသို့ဖြင့်ဘောရစ်ယဲ့လ်ဆင်သည် လွှတ်တော်၌ အတိုက်အခံကွန်မြူနစ်ပါတီအမတ်များနှင့် အပေါင်းအပါများကငှင်းအားသစ္စာဖောက်ဖျက်မှုစွဲချက်တင်ရန်ကြိုးပမ်းနေစဉ်တွင် လုပ်ခလစာမရသော မိုင်းလုပ်သားများ၏ကန့်ကွက်ဆန္ဒပြမှုများနှင့်လည်း ရင်ဆိုင်နေရသည်။ သိုဖြစ်ရာ ဆန္ဒပြအလုပ်သမားများ၏ ပြဿနာကို ဖြေရှင်းရန် မေလ ၂၁ ရက်နေတွင် အကျပ်အတည်းဖြေရှင်းရေးအုပ်စုတစ်ခုကို ဖွဲ့စည်းပြီး ပြဿနာများ ဖြေရှင်းသွားရန် စတင်လိုက်စဉ်မှာပင် ရုရှားနိုင်ငံတောင်ပိုင်း အခြေအနေအတိမ်းအစောင်းမခံသော ဒေသများ၌ ရာနှင့်ချီသော လက်နက်ကိုင်များက အစိုးရပိုင်အဆောက်အအုံတစ်ခုကို သိမ်းပိုက်သည့်ပြဿနာနှင့် ထပ်မံရင်ဆိုင်ရသည်။

ယင်းပြဿနာများအပြင် ရုရှားနိုင်ငံသည် ငွေကြေးအကျပ်အတည်းပြဿနာများနှင့်လည်း ရင်ဆိုင်ကြုံတွေ့နေရသည်။ ဤပြဿနာကို ရင်ဆိုင်နိုင်ရေးအတွက် နိုင်ငံသုံး ရူဘယ်ငွေတန်ဖိုးကို တန်ဖိုးသုံးပုံတစ်ပုံခန် ချရန်နှင့် ကာလတိုနိုင်ငံခြား ကြွေးမြီဒေါ်လာ ၃၄ ဘီလီယံ ပေးဆပ်ရေးကိုလည်း ရွှေဆိုင်းလိုက်ကြောင်း သြဂုတ်လ ၁၇ ရက်နေ့တွင် ကြေညာလိုက်ရာ ရုရှားအစိုးရအား ကြွေးမြီများအချိန်မီ ပေးဆပ်နိုင်စွမ်းမရှိတော့သည့် အခြေအနေသို့ တွန်းပို့လိုက်ရာ ရောက်သွားသည်။ ရုရှားဗဟိုဘဏ်ကြီးကလည်း ရုရှားရူဘယ်ငွေတန်ဖိုးကို အမေရိကန်ဒေါ်လာနှင့် ဖလှယ်ရာတွင် တစ်ဒေါ်လာ ၆ ဒသမ ၃ ရူဘယ်ရှိနေရာမှ တစ်ဒေါ်လာ ၉ ဒသမ ၅ ရူဘယ်အထိ တန်ဖိုး ၃၄ ရာခိုင်နှုန်းခန် လျော့ချမှုကို ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းပြောကြားချက် ထွက်ပေါ်လာပြီး မကြာမီမှာပင် ရူဘယ်ငွေတန်ဖိုးသည် တစ်ဒေါ်လာ ၉ ဒသမ ၅ ရူဘယ်သို့ ချက်ချင်းပင် ကျဆင်းသွားခဲ့သည်။ ရုရှားအစိုးရကလည်း ရုရှားကူးသန်းရောင်းဝယ်ရေးဘဏ်များနှင့် ပုဂ္ဂလိကချေးငှားသူများထံမှ ပေးဆပ်ရန်ရှိသည့် နိုင်ငံခြားကြွေးမြီများအား ပြန်လည်ပေးဆပ်ခြင်းကို ရက်ပေါင်း ၉၀ ရွှေ့ဆိုင်းလိုက်ကြောင်း ကြေညာခဲ့သည်။

ပေါ်ပေါက်လာသော ယင်းကိစ္စများကို အကြောင်းပြု၍ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် သြဂုတ်လ ၁၇ ရက်နေမှာပင် ဝန်ကြီးချုပ် ကိရိယန်ကိုနှင့် တွေ့ဆုံကာ အခြေအနေအရပ်ရပ်အပေါ် အစီရင်ခံစာကို ကြားနာခဲ့သည်။ တစ်ဆက်တည်းဆိုသလိုပင် ဖြစ်ပေါ်လာသော ဘဏ္ဍာရေးဆိုင်ရာ အကျပ်အတည်းများ ဖြေရှင်းရေးအတွက်ဒူးမားခေါ် ရုရှားအောက်လွှတ်တော် အရေးပေါ်အစည်းအဝေးကို သြဂုတ်လ ၂၁ ရက်နေတွင် ခေါ်ယူကျင်းပခဲ့သည်။ အစည်းအဝေးတွင် အကျပ်အတည်းတိုက်ဖျက်ရေးဆိုင်ရာ အစိုးရက ချမှတ်ဆောင်ရွက်နေသော အစီအစဉ်များကို ဝန်ကြီးချုပ် ကိရိယန်ကိုက ကာကွယ်ပြောဆိုပြီး အတိုက်အခံများက ဆန့်ကျင်ခြင်း မပြုရန် တိုက်တွန်းခဲ့သည်။ ဖြစ်ပေါ်နေသော ရုရှားနိုင်ငံ၏ စီးပွားရေးအကျပ်အတည်းကို အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ဒေါ်လာ ၂၂ ဒသမ ၆ ဘီလီယံ ချေးငွေဖြင့် ကယ်တင်ရေးအစီအစဉ် ချမှတ်စေကာမူ ရုရှားနိုင်ငံ၏ ဘဏ္ဍာရေးစနစ်မှာ ပြိုကွဲစပြုနေပြီဟု ဆိုရပေမည်။

ယင်းသို့ ရှိနေခဲ့ရာမှ ရုရှားသမ္မတ ဘောရစ်ယဲ့လ်ဆင်သည် ဝန်ကြီးချုပ် ဆာဂျေးကိရိယန်ကို ဦးဆောင်သော ဝန်ကြီးအဖွဲ့ကို သြဂုတ် ၂၃ ရက်နေတွင် ရုတ်တရက် ဆိုသလို ဖြုတ်ချလိုက်ပြီး ဝန်ကြီးချုပ်ဟောင်း ဗစ်တာချာနီမြာဒင်အား ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ အစိုးရတစ်ဖွဲ့လုံး ဖြုတ်ချခြင်းနှင့် ပတ်သက်၍မူ တစ်စုံတစ်ရာ ရှင်းလင်းဖော်ပြထားခြင်း မရှိပေ။ အောက်လွှတ်တော်ရှိ အတိုက်အခံအမတ်များက သြဂုတ်လနောက်ဆုံးပတ်အတွင်း အစိုးရအဖွဲ့အပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းရန် ခြိမ်းခြောက်ထားခဲ့ပြီးနောက် ယခုကဲ့သို့ သမ္မတယဲ့လ်ဆင်က အစိုးရအဖွဲ့တစ်ဖွဲ့လုံးကို ဖြုတ်ချခဲ့ခြင်း ဖြစ်သည်။ ရုရှားအစိုးရအဖွဲ့ကို သမ္မတယဲ့လ်ဆင် ဖြုတ်ချမှုမှာ ဒုတိယအကြိမ်ဖြစ်သည်။ မတ်လ ၂၃ ရက်နေက ဝန်ကြီးချုပ်ချာနိုမြာဒင် ဦးဆောင်သည့် ဝန်ကြီးအဖွဲ့ကို ဖြုတ်ချခဲ့သည်။

ယာယီဝန်ကြီးချုပ် ချာနိုမြာဒင်၏ အစိုးရအဖွဲ့ပေါ်ထွက်လာခဲ့ပြီးသည့်နောက် ရုရှားငွေကြေးဈေးကွက်

များတွင် အစုရှယ်ယာတန်ဖိုးများ ဆက်လက်ထိုးကျနေခဲ့သည်။ ဘဏ်တွင် စုဆောင်းငွေများ အပ်နှံထားကြသူများကလည်း ဘဏ်များတွင်တန်းစီပြီး မိမိတို့စုဆောင်းငွေများကို အလုအယက်ပြန်လည်ထုတ်ယူကြသည်။ ငွေတန်ဖိုးကျဆင်းနေသောကြောင့် မိမိတို့လက်ဝယ်ရှိငွေများအချည်းအနှီး မဖြစ်စေရန် ရသမျှသောပစ္စည်းများကို ဝယ်ယူကြသည်။ ဤသို့ဖြင့် ရုရှားနိုင်ငံ စီးပွားရေးပြိုလဲခြင်းနှင့် ငွေကြေးတန်ဖိုးကျဆင်းခြင်းသည် ကမ္ဘာ့အထင်ကရ ဘဏ္ဍာရေးဗဟုသုတများသို့ လျင်မြန်စွာ ပျံနှံပြီး ဂယက်ရိုက်တော့သည်။

ယင်းသို့ဖြစ်ပေါ်လျက် ရှိဆဲမှာပင် သမ္မတယဲလ်ဆင်သည် ချာနိုမြာဒင်အား ဝန်ကြီးချုပ်အဖြစ် ခန်အပ်မှုကို အတည်ပြုပေးရန် အောက်လွှတ်တော်သို့ တင်သွင်းခဲ့သည်။ သို့ရာတွင် ကွန်မြူနစ်ပါတီနှင့် အခြားအတိုက်အခံတို့ကြိုးစိုးသည့် အောက်လွှတ်တော်က ချာနိုမြာဒင်ကို နှစ်ကြိမ်ပယ်ချခဲ့သည်။ ယဲလ်ဆင်အနေဖြင့် နောက်ထပ်ကြိုးစားရန် ဆုံးဖြတ်ခဲ့သေးသည်။ သို့ရာတွင် ချာနိုမြာဒင်တတိယအကြိမ် အရေးနိမ့်ပါက လွှတ်တော်ကို ဖျက်သိမ်းပြီး ရွေးကောက်ပွဲအသစ်များ ကျင်းပရန် ရှိနေပေသည်။ သို့ဖြစ်ရာ ရုရှားနိုင်ငံနှင့် ပြည်သူများဒုက္ခရောက်ကာကသောင်းကနင်းဖြစ်မည့်အရေးကို ယဲလ်ဆင်ကမလိုလားသဖြင့် ချာနိုမြာဒင်အစား အခြားသူတစ်ဦးကိုရွေးရန် ဆုံးဖြတ်ခဲ့ရသည်။ ဤသို့ဖြင့် ပရိမာကော့ဗ်ကို ဝန်ကြီးချုပ်အဖြစ် အောက်လွှတ်တော်တွင် အမည်စာရင်းတင်သွင်းခဲ့ရာ တစ်ခဲနက်ထောက်ခံမှု ရရှိခဲ့သည်။

ပရိမာကော့ဗ်အား ဝန်ကြီးချုပ်အဖြစ် ခန်အပ်ပြီးနောက် အစိုးရဖွဲ့စည်းရန် ဆောင်ရွက်နေစဉ်မှာပင် စီးပွားရေး ကျဆင်းမှုများက ဆက်လက်ဖြစ်ပေါ်နေခဲ့သည်။ ထိုပြင် နျူကလီးယားလုပ်ငန်းများမှ အလုပ်သမားများကလည်း ဆန္ဒပြရန် မော်စကိုမြို့သို့ ဆင်းလာကြသည်။ ဤအခြေအနေတွင် ရုရှားအစိုးရအဖွဲ့သစ်ကို ဦးဆောင်ရမည့် ပရိမာကော့ဗ်အဖို့ ခေါင်းခဲစရာ၊ ရင်လေးစရာ ဖြစ်နေပေသည်။

ဆိုးရွားလာနေသော ဤအခြေအနေတွင် ရုရှား သမ္မတ ဘောရစ်ယဲလ်ဆင် ရာထူးမှနုတ်ထွက်ပေးရန် တောင်းဆိုသည့် ဆန္ဒပြပွဲများလည်း ဖြစ်ပေါ်လာသည်။ အောက်တိုဘာ ၁၇ ရက်နေတွင် မော်စကိုကရင်မလင်ရင်ပြင်နိတွင် လုပ်ခလစာမရကြသည့် အလုပ်သမားများက ဆန္ဒပြပွဲများ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့သည်။

လဘန်ဂရောင်၊ ဦး (ခရစ် ၁၉၁၇–၁၉၉၈)။ ။ သမိုင်းဝင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့သော ကချင်တိုင်းရင်းသား ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးလဘန် ဂရောင်ကို အဘ တောင်အုပ် ဦးလဘန်ရှင်ဂရစ်နှင့် အမိ ဒေါ်အေးတို့က ၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်နေတွင် လားရှိုးမြို့၌ ဖွားမြင်သည်။ ငယ်နာမည်မှာ မောင်ကို ဖြစ်ပြီး မွေးချင်းငါးဦးအနက် ဒုတိယမြောက်သားဖြစ်သည်။



ပင်လုံစာချုပ်တွင်ပါဝင်လက်မှတ်ရေးထိုးခဲ့သော ကချင်တိုင်းရင်းသား၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်) ဦးလဘန်ဂရောင်

ဦးလဘန်ဂရောင်သည် ငယ်စဉ်က ကသာမြို့နှင့် မန္တလေးမြို့များတွင် ပညာသင်ယူသည်။ ၁၉၃၄ ခုနှစ်တွင် အင်္ဂလိပ်– မြန်မာ ၁၀ တန်းအောင်မြင်သည်။ ၁၀ တန်းအောင်မြင်ပြီးနောက် ပညာဆက်လက်မသင်ယူဘဲ မိခင်၏စီးပွားရေးလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်သည်။

ဦးလဘန်ဂရောင်သည် ၁၉၄၆ ခုနှစ်တွင် ဗန်းမော်ခရိုင် ကချင်အမျိုးသားညီညွတ်ရေးအဖွဲ့အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်နေစဉ် မြစ်ကြီးနားမြို့သို့ ဗိုလ်ချုပ်အောင်ဆန်း ရောက်ရှိလာပြီး ကချင်တိုင်းရင်းသားခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ ဗန်းမော်ခရိုင်ရှိ ကချင်တိုင်းရင်းသားများ၏ ကိုယ်စားလှယ် တစ်ဦးအဖြစ် ပါဝင်ဆွေးနွေးသည်။ ထိုအချိန်မှစ၍ ဦးလဘန်ဂရောင်သည် ကချင်တိုင်းရင်းသားများအား ဗြိတိသျှအစိုးရကို ဆန့်ကျင်၍ ဗမာတို့နှင့် ပူးပေါင်းကာ လွတ်လပ်ရေးရယူရန် စည်းရုံးလှုပ်ရှား:

သည်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ ရှမ်းပြည်နယ် ၊ပင်လုံမြို့တွင်ကျင်းပသော ပင်လုံညီလာခံ သို့ ကချင်တိုင်းရင်းသားများ၏ ကိုယ်စားလှယ်အဖြစ် တက်ရောက်ပြီး သမိုင်းဝင်ပင်လုံစာချုပ် လက်မှတ်ရေးထိုး ရာတွင် ပါဝင်သည်။

ဦးလဘန်ဂရောင်သည် အောင်ဆန်း – အက်တလီ စာချုပ်အရ ဖွဲ့စည်းသော တောင်တန်းဒေသစုံစမ်းရေးကော်မရှင်တွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်သည်။ ထို့နောက် ကချင်ပြည်နယ်ဝန်ကြီး၏ အတွင်းရေးအတွင်းဝန်အဖြစ် ထမ်းဆောင်သည်။ ထို့သို့ ထမ်းဆောင်စဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကချင်ပြည်နယ်ဝန်ကြီးတို့၏ ဆွေးနွေးပွဲ အချို့တွင်ပါဝင်သည်။ ၁၉၄၇ ခုနှစ်၊ မေလတွင် မြစ်ကြီးနားမြို့၌ ကျင်းပသော ကချင်တိုင်းရင်းသားများ၏ အထူးအစည်းအဝေးကြီးမှ တိုင်းပြူပြည်ပြုလွှတ်တော် ကိုယ်စားလှယ်အတွက် ကချင်ဒေသ ကိုယ်စားလှယ်ခုနစ်ဦး ရွေးချယ်ရာ ဗန်းမော်မှ လွှတ်တော်အမတ်တစ်ဦး အနေဖြင့် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲပြီးနောက် မြန်မာနိုင်ငံ လွှတ်လပ်ရေး အတွက် ချုပ်ဆိုမည့် နှ – အက်တလီ စာချုပ် လက်မှတ် ရေးထိုးရေးအဖွဲ့နှင့် လန်ဒန်သို့ သွားရောက်သည်။

ဦးလဘန်ဂရောင်သည် မြန်မာနိုင်ငံလွှတ်လပ်ရေးရပြီးနောက် ကချင်ပြည်နယ်အတွက် ပါလီမန်အတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည်။ ထိုကာလအတွင်း ပြည်တွင်းသောင်းကျန်းမှုများပေါ်ပေါက်လာသောကြောင့် ၁၉၄၉ ခုနှစ်၊ ဧပြီလတွင် ကချင်ပြည်နယ် အထူးတိုင်းမင်းကြီးအဖြစ် ထမ်းဆောင်ရသည်။ ဗန်းမော်ခရိုင်၌ ကွန်မြူနစ်များကို နှိမ်နင်းရှင်းလင်းပြီးသောအခါ ကချင်သောင်းကျန်းသူနောက်ဆိုင်းအား တပ်မတော်နှင့် ပူးပေါင်းတိုက်ထုတ်သည်။ ထို့ပြင်တရုတ်ဖြူ စစ်ပြေးများကို ရှင်းလင်းတိုက်ခိုက်ရာတွင်လည်း ပါဝင်သည်။ ၁၉၅၂ ခုနှစ်၊ မတ်လတွင် နိုင်ငံရေးမှ အနားယူသည်။

ဦးလဘန်ဂရောင်သည် ၁၉၅၃ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ဝန်ကြီးချုပ်ရုံး၊ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ နယ်ခြားဒေသအုပ်ချုပ်ရေးဌာနနှင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတို့တွင် အထက်တန်းပြန်တမ်းဝင် အရာရှိအဖြစ်တာဝန်ထမ်းဆောင်သည်။ နယ်ခြားဒေသ အုပ်ချုပ်ရေးဌာနတွင် တာဝန်ထမ်းဆောင်စဉ် တရုတ် – မြန်မာ နယ်နိမိတ်သတ်မှတ်ရေး "ဘဘစစ်ဆင်ရေး" အတွက် ဖီမော်၊ ဂေါလန်၊ ကန်ဖန် ဒေသများ၌ တစ်နှစ်ကျော်လုပ်ကိုင်သည်။ ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးဝန်အဖြစ်မှ အငြိမ်းစားယူသည်။ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်တင်မြှောက်ပွဲတွင် ကချင်ပြည်နယ် ၊မိုးမောက်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ၁၉၈၂ ခုနှစ်၊ ဧပြီလမှ ၁၉၈၅ ခုနှစ်၊ နိုဝင်ဘာလအထိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်သည်။

ဦးလဘန်ဂရောင်သည် သတင်းစာများနှင့် မဂ္ဂဇင်းများတွင် တောင်ပလိုင်းနှင့် ထင်ကဟူသော ကလောင်အမည်ခံယူကာ ကချင်၊ ဗမာ၊ အင်္ဂလိပ် ဘာသာများဖြင့် ဆောင်းပါးများ ရေးသားခဲ့သည့် စာရေးဆရာတစ်ဦး လည်းဖြစ်သည်။ ၁၉၅၀ ပြည့်နှစ်တွင် ရွှေကူမြို့နေ ခရိုင်ဝန် ဦးစိုးအောင်၊ ဒေါ်ပေါတို့၏ သမီး ဒေါ်မမကြီးနှင့် လက်ထပ်သည်။ ဦးလဘန်ဂရောင်နှင့် ဒေါ်မမကြီးတို့တွင် သားတစ်ဦးတည်းသာ မွေးဖွားခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ဒေါ်မမကြီးကွယ်လွန်ခဲ့ပြီးဖြစ်သည်။

ဦးလဘန်ဂရောင်သည် နိုင်ငံ့တာဝန်များကို ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်က ချီးမြှင့် အပ်နှင်းသည့် မဟာသရေစည်သူဘွဲ့ကို ၁၉၅၀ ပြည့်နှစ်တွင် လည်းကောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်)ကို ၁၉၈၀ ပြည့်နှစ်တွင်လည်းကောင်း ရရှိသည်။

မြန်မာနိုင်ငံလွတ်လပ်ရေး ကြိုးပမ်းမှုတွင် အားကြိုးမာန်တက် ပါဝင်ခဲ့ရုံသာမက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို စွမ်းဆောင်ခဲ့သော မဟာသရေစည်သူ၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမအဆင့်) ရ ဦးလဘန်ဂရောင်သည် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားဦးအက်ဒွက်လဘန်နှင့် မြေးသုံးဦးကျန်ရစ်သည်။

ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေးဒေသ။ ။ ဟောင်ကောင်အား တရုတ်ပြည်သူသမ္မတနိုင်ငံ အချုပ်အခြာအာဏာအောက်သို့ ၁၉၉၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နှင့် ၁လိုင် ၁ ရက်နေ စပ်ကူးမတ်ကူးကာလ သန်းခေါင်ယံ အချိန်တွင်ဗြိတိန်နိုင်ငံက အခမ်းအနားဖြင့် တရား၀င် လွှဲပြောင်းပေးခဲ့ပြီးဖြစ်သည်။ ယင်းအချိန်ကဟောင်ကောင်၏ စီးပွားရေးမှာအလွန်တောင့်တင်းခိုင်မာနေသည့် ကာလဖြစ်သည်။ (၁၉၉၇ စွယ်စုံနှစ်ချုပ် – စာ၊ ၃၀၅–၅၆။) ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီ ၅ ရက်နေတွင် ဟောင်ကောင်သို့ တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတဟောင်း ယန်ရှန်ကွန် ပထမဆုံးအကြိမ် လာရောက်လည်ပတ်သည့် အချိန်နှင့် ကိုက်ပြီး ဆန္ဒပြပွဲတစ်ရပ် ကျင်းပခဲ့သည်။ ယန်ရှန်ကွန်မှာ ၁၉၈၉ ခုနှစ်၊ ဇွန်လက ဖြစ်ပွားခဲ့သည့် တီရင်မင်ရင်ပြင် အရေးအခင်း သတ်ဖြတ်မှုများတွင် နောက်ကွယ်မှ ကြိုးကိုင် လှုပ်ရှားခဲ့သူတစ်ဦးအဖြစ် မှတ်ယူခံထားရသူ ဖြစ်သည်။ (ကွယ်လွန်သူထင်ရှားသော ပုဂ္ဂိုလ်များ – ရှ။) ဆန္ဒပြသူများက အရေးအခင်းကာလက သတ်ဖြတ်မှုများအတွက် ယန်ရှန်ကွန်တာဝန်ယူရန်နှင့် ဟောင်ကောင်ကျွန်းမှ ထွက်ခွာသွားရန် တောင်းဆိုခဲ့သည်။

ယင်းသို့ ရှိနေခဲ့ရာမှ ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေးဒေသ အစိုးရအဖွဲ့က ဗီယက်နမ်လူမျိုး လေ့စီးဒုက္ခသည်များအား ၁၉ နှစ်ကြာလိုက်လျှောခွင့်ပြုခဲ့သည့် ဟောင်ကောင်တွင် ပထမဆုံးခိုလှုံခွင့်ပြုသည့် မူ၀ါဒကို ပယ်ဖျက်ကြောင်း ဇန်နဝါရီ ၈ ရက်နေတွင် ကြေညာခဲ့သည်။ ဗီယက်နမ်နိုင်ငံမှ တရား၀င် ရောက်ရှိလာသော သူများအား ခိုလှုံခွင့် လျှောက်ထားရန် နောက်ထပ်ခွင့်မပြုသည့် သဘောပင်ဖြစ်သည်။ ဗီယက်နမ်လေ့စီးဒုက္ခသည်များအတွက် ကျခံသုံးစွဲသည့် ငွေကြေးပမာဏနှင့် စပ်လျဉ်းပြီး မကျေနပ်မှုများရှိခဲ့ရာ အဆိုပါကြေညာချက်သည် ဟောင်ကောင်ရှိ လူထု၏သဘောထားကို လိုက်လျောသည့် လုပ်ရပ်ပင်ဖြစ်သည်ဟုဆိုရပေမည်။ ဟောင်ကောင်သို့ လာရောက်ကြသည့် ဗီယက်နမ်လူမျိုး အားလုံးနီးပါးလောက်မှာ စီးပွားရေးအရ ရေကြည်ရာမြက်နရာပြောင်းရွှေ့လာသူများဖြစ်ကြသည်။ ၁၉၇၉ ခုနှစ်တွင် ဗီယက်နမ်လေ့စီးဒုက္ခသည်များအား ခိုလှုံခွင့် ပေးရေးမူ၀ါဒကိုချမှတ် ကျင့်သုံးခဲ့ပြီးနောက်ပိုင်း ဗီယက်နမ်လူမျိုး နှစ်သိန်းကျော် ဟောင်ကောင်ဒေသသို့ ဝင်ရောက် ခဲ့ပြီး ဖြစ်သည်။ ဝင်ရောက်လာသူအများစုမှာ လုံခြုံစိတ်ချရသည့် စခန်းများတွင် နေရာချထားပေးခြင်း ခံရပြီး အချို့မှာ တတိယနိုင်ငံမှ ပြည်ဝင်ခွင့် ဗီဇာကိုဖြစ်စေ၊ ဗီယက်နမ်နိုင်ငံသို့ ပြန်ရန်ဖြစ်စေ စောင့်ဆိုင်းလျက်ရှိနေခဲ့ကြသည်။

ဟောင်ကောင်၏ စီးပွားရေးမှာ ဗြိတိသျှအုပ်ချုပ်မှုအောက်မှ တရုတ်ပြည်မကြီးလက်ဝယ်သို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့စဉ်က တောင့်တင်းခိုင်မာခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးကျဆင်းမှုနှင့် ကြုံတွေ့လာရသည်။ ဟောင်ကောင်၏ အကြီးမား ဆုံးရင်းနှီးမြှုပ်နှံမှုဘဏ်ဖြစ်သည့် **Peregrine Investment Holdings** ကို တရား၀င်ဖျက်သိမ်းရန် ဇန်နဝါရီ ၁၂ ရက်နေ့တွင် လုပ်ဆောင်ခဲ့ရာ ဟောင်ကောင်၏ ဘဏ္ဍာရေးဆိုင်ရာ ဈေးကွက်များ ကမောက်ကမဖြစ်စေခဲ့သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုဘဏ်ကျဆုံးမှုမှာ ဆွစ်ဇွေကြေးဆိုင်ရာလုပ်ငန်းဖြစ်သည့် ဇူးရစ်ချ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှင့် ၁၉၉၇ ခုနှစ်၊ နိ၀င်ဘာလတွင် စီစဉ်ခဲ့သော အမေရိကန်ဒေါ်လာသန်း ၂၀၀အကူအညီပေးရေးအစီအစဉ်ပျက်ပြားသွားသောကြောင့် ဖြစ်သည်။ဤဖြစ်ရပ်၏အကျိုးဆက်အဖြစ်ဟောင်ကောင်စတော့ရှယ်ရာဈေးကွက်အရောင်းအ၀ယ်လုပ်ငန်းတွင် အဓိကစံပြထားသည့် ဟန်ဆင်အညွှန်းကိန်း: **Hauy Seng Index** တန်ဖိုးကိုကျဆင်းစေခဲ့သည်။ ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလကတည်းက တန်ဖိုးထက်၀က်ကျဆင်းခဲ့သည့် ယင်းအညွှန်းကိန်းသည် ဇန်နဝါရီ ၁၂ ရက်နေ့တွင် နောက်ထပ် ၈ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြန်သည်။

ဤအခြေအနေတွင် ဘဏ္ဍာရေး၀န်ကြီး ဒေါ်နယ်လ်ဆန်က ၁၉၉၇ ခုနှစ်၊ ဇူလိုင်လတွင် ဗြိတိသျှအုပ်ချုပ်မှုအဆုံးသတ်ပြီးနောက်ပိုင်း ဟောင်ကောင်၏ ပထမဆုံးဘတ်ဂျက်ကို ထုတ်ဖော်ကြေညာလိုက်သည်။ ထို့ပြင် မကြာခင်ကမှ ဆိုး၀ါးလာသည့် အခြေအနေမှ စီးပွားရေးကို ပြန်လည်မြှင့်တင်ရန် ရည်ရွယ်သည့် လုပ်ငန်းအစီအစဉ်များကိုလည်း ကြေညာခဲ့သည်။ ယင်းတို့တွင် ဟောင်ကောင်ဒေါ်လာ ၁၀၀ ဘီလီယံတန်ဖိုးရှိ အခွန်အကောက်ဖြတ်တောက်ရေး အစီအစဉ်လည်း ပါ၀င်သည်။ အစိုးရအနေဖြင့် ဤကဲ့သို့အခွန်အကောက် ဖြတ်တောက်မှုကို လုပ်ဆောင်နိုင်ခြင်းမှာ ၁၉၉၇–၉၈ ဘဏ္ဍာရေးနှစ်အတွက် ဘတ်ဂျက်ပိုလျှံငွေဟောင်ကောင်ဒေါ်လာ ၇၇ ဘီလီယံကအထောက်အကူပြုမှုကြောင့်ဖြစ်သည်။ ထို့ပြင် ဘဏ္ဍာ

ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေးဒေသ



စတင်ဖွင့်လှစ်သည့်နေ့က တွေ့ရသည့် ဟောင်ကောင်လေဆိပ်သစ်မြင်ကွင်း

ရေးနှစ်အတွက် အရံငွေကြေးစုစုပေါင်း ဟောင်ကောင် ဒေါ်လာ ၄၄၅ ဒသမ ၆ ဘီလီယံကလည်း ရှိနေပေသေးသည်။ ကော်ပိုရေးရှင်းလုပ်ငန်းများ၏ အခွန် အကောက် လျှော့ချခြင်းနှင့် အပေါင်စာချုပ်လုပ်ငန်းအခွန် သက်သာခွင့် ကျင့်သုံးရန် ပြဋ္ဌာန်းချက်များကို ရင်းနှီးမြှုပ်နှံ သူများနှင့် စီးပွားရေးလုပ်ငန်း အသိုင်း အဝိုင်းက ကြိုဆို ကြသည်။ သို့ဖြစ်လင့်ကစား ဒေါ်နယ်လ်ဆန်ကဒေသဆိုင်ရာငွေရေးကြေးရေး အကျပ်အတည်း သက်ရောက်မှု ဆက်လက်ဖြစ်ပေါ်မည့်အရေးကို သတိပေးပြောကြားပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှုန်းသည် ၁၉၉၇ ခုနှစ်တွင် ၅ဒသမ ၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၉၉၈ ခုနှစ်တွင် ၃ ဒသမ၅ ရာခိုင်နှုန်းသို့ ကျဆင်းသွားမည်ဖြစ်ကြောင်းနှင့် အလုပ် လက်မဲ့ဦးရေမြင့်တက်လာမည်ဖြစ်ကြောင်း ခန့်မှန်းပြောကြားခဲ့သည်။ ထို့ပြင် ၁၉၈၃ ခုနှစ်ကတည်း က အမေရိကန်တစ်ဒေါ်လာလျှင် ဟောင်ကောင်ဒေါ်လာ ၇ ဒသမ ၈၀



ဟောင်ကောင်လေဆိပ်သစ်မှ လေယာဉ်အဆင်းအတက် ထိန်းချုပ်မျှော်စင်

ဂုန်သေတ္တာများ၊ ကုန်တင်လေယာဉ်များဖြင့် ပြည့်ကျပ်နေသည့် ဟောင်ကောင်လေဆိပ်သစ်တစ်နေရာမြင်ကွင်း



ထားပြီး သတ်မှတ်ကျင့်သုံးလာခဲ့သည့် အမေရိကန်ဒေါ်လာနှင့်ငွေကြေးလဲလှယ်နှုန်းကို ယှဉ်ပြိုင်မှု တိုးတက်ခေစရန်အတွက် ပြောင်းလဲသင့်ပြီးဖြစ်ကြောင်း အကြံပြုပြောကြားခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဇွန်လအတွင်း ဟောင်ကောင်နိုင်ငံရေးမျက်နှာစာ၌ တွေ့မြင်လာရသော မြင်ကွင်းမှာ ဗစ်တိုးရီးယားပန်းခြံတွင် အောက်မေ့ဖွယ် အခမ်းအနားကျင်းပခြင်းပင် ဖြစ်သည်။ ဇွန် ၄ ရက်နေ့တွင် လူ ၄၀,၀၀၀ ခန့် သည် မိုးသည်းထန်စွာ ရွာနေသည့်ကြားမှ ၁၉၈၉ ခုနှစ်က ပီကင်းရှိ တိယန်မင်ရင်ပြင်တွင် ဒီမိုကရေစီ ထောက်ခံဆန္ဒပြသူများ အစုလိုက်အပြုံလိုက်အသတ်ခံရသည့် အထိမ်းအမှတ်နေ့အဖြစ် ကျင်းပသည့် အခမ်းအနားကို တက်ရောက်ကြသည်။ ယင်းအခမ်းအနားကို တရုတ်ပြည်မကြီးရှိ မျိုးချစ်ဒီမိုကရက်တစ်လူပ်ရှားမှု ကိုထောက်ခံသည့်ဟောင်ကောင် မဟာမိတ်အဖွဲ့က စည်းရုံးကျင်းပခြင်းဖြစ်သည်။ အခမ်း အနားတွင် တရုတ်ပြည်မကြီး၏ အကျော်ကြားဆုံး နိုင်ငံရေးသဘောထား ကွဲလွဲသူများအနက် နှစ်ဦးဖြစ်သည့် ဝန်ဒန်နှင့် ဝေကျန် ရှင်းတို့က မိန့်ခွန်းပြောကြားကြသည်။ ထိုပုဂ္ဂိုလ်နှစ်ဦးကို မကြာမီ

ကမှ အကျဉ်းထောင်မှ လွှတ်ပေးကာ အမေရိကန် ပြည်ထောင်စုသို့ နိုင်ငံရေးခိုလှုံခွင့်ရရှိရန် ပို့လွှတ်ခဲ့သည်။ တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်ပြောကြားသည့် မိန့်ခွန်းတွင် ၁၉၈၉ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှု ခေါင်းဆောင်တစ်ဦးဖြစ်သူ ဝန်ဒန်က တရုတ်ပြည်မကြီးတွင် ဒီမိုကရက်တစ်ဖြစ်ပေါ် တိုးတက်မှု ဆက်လက်ဖြစ်ပေါ်နေစေရေးအတွက် ဟောင်ကောင်လူထုကြီး၏ အရေးပါသည့် ဆောင်ရွက်မှုအခန်းကဏ္ဍကို ချီးကျူးထောပနာပြုခဲ့သည်။

ဟောင်ကောင်လေဆိပ်သစ်– ဟောင်ကောင်အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကို ၁၉၉၈ ခုနှစ်၊ ဇူလိုင် ၂ ရက်နေ့တွင် တရုတ်ပြည်သူ.သမ္မတနိုင်ငံ သမ္မတ ကျန်ဇီမင်းက ကိုယ်တိုင်တက်ရောက်ဖွင့်လှစ်ပေးလိုက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်သမ္မတ ကျန်ဇီမင်းက မာဘယ်ကျောက်ပေါ်တွင်ရေးထိုးထားသောဟောင်ကောင်လေဆိပ်သစ်ကြီးအား စတင်ဖွင့်လှစ်ပေးလိုက်သည်။

ဟောင်ကောင်လေဆိပ်သစ်ကြီးသည် ဟောင်ကောင်ကျွန်းမကြီး၏ အနောက်ဘက် LANTAU ကျွန်း၏ မြောက်ဘက်ကမ်းလွန် Chek Lap Kok ဟု အမည်ပေးထားသည့် ဖို့မြေကျွန်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

ဟောင်ကောင် Chek Lap Kok လေဆိပ်သစ်သည် ကမ္ဘာတွင် ဂျပန်နိုင်ငံကန်ဆိုင်း (Kansai) အပြည်ပြည်ဆိုင်ရာ လေဆိပ်ပြီးလျှင် ဒုတိယမြောက် ငွေကုန်ကြေး ကျအများဆုံးလေဆိပ်ဖြစ်သည်။ လေဆိပ်သစ် စိမ်ကိန်းတစ်ခုလုံးတွင် လေယာဉ်ဆိုက်ကပ်နေရာ၊ ခရီးသည်များနားနေဆောင်အပါအဝင်ဟောင်ကောင်ကျွန်းမကြီးမှ လေဆိပ်သို့ အချိန်တိုအတွင်း သွားရောက်နိုင်ရန် ဖောက်လုပ်ရသော ရထားလမ်း၊ကားလမ်းနှင့် ကမ္ဘာ့အရှည်လျားဆုံး ကြိုးတံတားစိမ်ကိန်းများ ပါဝင်သဖြင့် စုစုပေါင်း ကုန်ကျစရိတ်ဒေါ်လာ သန်း ၂၀,၀၀၀ ရှိသည်။

ငှက်တုပ်ကွေးရောဂါ – ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေး ဒေသအာဏာပိုင်များက ကမ္ဘာအနံ့.ကပ်ရောဂါဖြစ်မည့် အရေးကို အထိတ်တလန့် ဖြစ်စေမည့်ကြောက်မက်ဖွယ်ရာကောင်းသည့် ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်စ်ပိုးပျံ့.ပွားမှုကို ကာကွယ် သည့် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ဟောင်ကောင်ကျွန်းတွင်ရှိ ကြက်ကောင်ရေ ၁ ဒသမ ၂၅ သန်းကျော်ကို သုတ်သင်ရှင်းလင်းသတ်ဖြတ်မည်ဟု ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် ကြေညာခဲ့သည်။ ၁၉၉၈ ခုနှစ် ၊ ဧန်နဝါရီလကုန်တွင် အဆိုပါငှက်တုပ်ကွေး ရောဂါကြောင့် လူခြောက်ဦး အသက်ဆုံးရှုံးပြီး အနည်းဆုံး လူ ၁၂ ဦး ကူးစက်ခံ ရသည်။ ဟောင်ကောင် အာဏာပိုင်များအနေဖြင့် ရောဂါဖြစ်သော

ငှက်တုပ်ကွေးရောဂါဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့် ကြက်များကို သုတ်သင်ရှင်းလင်းနေစဉ်



ကြက်များမှာ တရုတ်ပြည်မကြီးမှ တင်သွင်းသော ကြက်များဖြစ်သည်ဟု ယုံကြည်နေကြသည်။ ရောဂါဖြစ်ပွားသည့် ကြက်များအား အစုလိုက်အပြုံလိုက် သတ်ဖြတ် သုတ်သင်မှုကို ၁၉၉၇ ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် စတင်ခဲ့ရာ ကြက်များ အနီးတွင် မွေးမြူထား သည့် ဘဲများ၊ ငန်းများ၊ ခိုများနှင့် ငုံးများလည်း ပါဝင်ပေသည်။ သတ်ဖြတ်မှုများတွင် မိမိတို့၏ ကြက်ငှက်များ ဆုံးရှုံးခဲ့ရသည့် လက်လီ လက်ကား ရောင်းဝယ်သူများနှင့် ကြက်ငှက် မွေးမြူသည့် လယ်သမားများအတွက် ဟောင်ကောင် ဒေါ်လာသန်း ၁၀၀ လျော်ကြေးပေးမည့် အစီအစဉ်ကို ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေး ဒေသအစိုးရ အဖွဲ့က ဇန်နဝါရီ ၅ ရက် နေ့တွင် ကြေညာခဲ့သည်။ လိုအပ်သည့် ကြက်များ ကို ဖေဖော်ဝါရီ ၇ ရက် နေ့မှ စတင်ကာ တရုတ်ပြည်မှ မှာယူတင်သွင်း မည်ဟု ဇန်နဝါရီ ၂၃ ရက်နေ့တွင် ဟောင်ကောင်အာဏာပိုင်များက အတည်ပြုပြောကြားခဲ့သည်။

အခြေခံပညာကျောင်းသားအားကစားပွဲတော်။ ။

ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်း သား အားကစားပွဲတော်ကို ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဧရာဝတီတိုင်း၊ ပုသိမ်မြို့တွင် လည်းကောင်း၊ ဒုတိယအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀ ရက်နေ့အထိ ရန်ကုန်တိုင်း၊ ရန်ကုန်မြို့တွင် လည်းကောင်း၊ တတိယအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းသား အားကစားပွဲတော်ကို ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှ ဒီဇင်ဘာလ ၇ ရက်နေ့အထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့တွင်လည်းကောင်း၊ ဆဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းသား အားကစား ပွဲတော်ကို ၁၉၉၅ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် လည်းကောင်း၊

ဆဋ္ဌမအကြိမ်ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲ



သတ္တမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့မှ ၂၅ ရက်နေ့အထိ တနင်္သာရီတိုင်း၊ ထားဝယ်မြို့ တွင်လည်းကောင်း အသီးသီးကျင်းပခဲ့သည်။

၁၉၉၈ ခုနှစ် အဋ္ဌမအကြိမ် ပြည်နယ်နှင့် တိုင်းအခြေခံပညာကျောင်းသားအားကစားပွဲတော်ကို မတ်လ ၂၈ ရက်နေ့မှ ဧပြီလ ၆ ရက်နေ့အထိ ချင်းပြည်နယ်၊ ဟားခါးမြို့ တွင်ကျင်းပသည်။ ပြည်နယ်နှင့်တိုင်း အခြေခံပညာကျောင်းသား အားကစားပွဲတော်ကို မြန်မာ့အားကစားကမ္ဘာကိုလွှမ်းစေရမည် ဟူသော နိုင်ငံတော်၏ရည်မှန်းချက်ကို အထောက်အကူဖြစ်လာစေရန်၊ ကျန်းမာသန်စွမ်းကြံ့ခိုင်သော ကျောင်းသားကျောင်းသူများ ပိုမိုပေါ်ထွက်လာစေရန်၊ နိုင်ငံတော် အားကစား လှုပ်ရှားမှုများတွင် အထောက်အကူ ဖြစ်လာစေရန်၊ နိုင်ငံတော် အားကစားအဆင့်အတန်း ပိုမိုတိုးတက်လာစေရန်နှင့် ထူးချွန် ပြောင်မြောက်သော မြန်မာ့လက်ရွေးစင် အားကစားသမားများ ထွက်ပေါ်လာစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန် ဟူသော ရည်မှန်းချက်များ.နှင့်အညီ ကျင်းပခြင်းဖြစ်သည်။ ၁၉၉၈ ခုနှစ် အဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲကို မတ်လ ၂၈ ရက်နေ့တွင် ဟားခါးမြို့၊ ဝမ္မသူးမောင်အားကစားဥယျာဉ်၌ ကျင်းပရာ ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီး ကော်မတီ နာယက မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ ကျောင်းသား အားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ၁၉၉၈ ခုနှစ် အဋ္ဌမအကြိမ် ပြည်နယ်နှင့် တိုင်း အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ဖွင့်လှစ်ပေးသည်။

အဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ကရာတေးဒို အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို မန္တလေးတိုင်းအသင်း၊ ကရာတေးဒို အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက် ဒိုင်းဆုကို ချင်းပြည်နယ်အသင်း၊ ကာယဗလနှင့် ကာယအလှပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆု



ကျောင်းသားအားကစားပွဲတော်
တိုင်းရင်းသားရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲပထမဆုရသူ
ချင်းပြည်နယ်မှ မသက်မွန်မြင့်

ကို ရန်ကုန်တိုင်းအသင်း၊ ကြက်တောင်ရိုက်အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို မန္တလေးတိုင်းအသင်း၊ ကြက်တောင်ရိုက် အမျိုးသမီးအသင်း လိုက်ပြိုင်ပွဲ တံခွန်စိုက် ဒိုင်းဆုကို မန္တလေးတိုင်းအသင်း၊ ဂေါက်သီးရိုက်အသင်းလိုက် ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ရှမ်းပြည်နယ်အသင်း၊ စားပွဲတင်တင်းနစ်အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ်အသင်း၊ စားပွဲတင်တင်းနစ် အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲတွင် တံခွန်စိုက် ဒိုင်းဆုကို ပဲခူးတိုင်းအသင်း၊ ရိုးရာခြင်းလုံး အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ်အသင်း၊ စက်ဘီးအသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို မွန်ပြည်နယ်အသင်း၊ တင်းနစ်အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ်အသင်း၊ တင်းနစ် အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းအသင်း၊ ဘောလုံး

ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ရန်ကုန်တိုင်းအသင်း၊ ပြေးခုန်ပစ် အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ် အသင်း၊ ပြေးခုန်ပစ် အမျိုးသမီး အသင်းလိုက် ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ်အသင်း၊ ဘော်လီဘော အမျိုးသားအသင်းလိုက် ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ် အသင်း၊ ဘောလီဘော အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ်အသင်း၊ ဘတ်စကက်ဘော အမျိုးသား အသင်းလိုက်ပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကို ရှမ်းပြည်နယ်အသင်း၊ ဘတ်စကက်ဘော အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ် အသင်း၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ တံခွန်စိုက်ဒိုင်းဆုကို ချင်းပြည်နယ်အသင်း၊ သိုင်းပြိုင်ပွဲ တံခွန်စိုက် ဒိုင်း ဆုကို ချင်းပြည်နယ်အသင်း၊ တိုက်ကွမ်ဒိုပြိုင်ပွဲ တံခွန်စိုက် ဒိုင်းဆုကို ချင်းပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်း တို့က အသီးသီးဆွတ်ခူးရရှိပြီး စွယ်စုံတံခွန်စိုက် ဒိုင်းဆုကြီး ကို ချင်းပြည်နယ်အသင်းက ဆွတ်ခူးရရှိသည်။ ထို့ပြင် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ပြိုင်ပွဲတွင် ချင်းပြည်နယ်မှ မသက်မွန်မြင့်နှင့် သစ္စာလှကေရီပြိုင်ပွဲတွင် ရန်ကုန်တိုင်းမှ မစောသီရိနိုင်တို့က ပထမဆု ရရှိသည်။

၁၉၉၈ ခုနှစ် အဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်းအခြေခံပညာ ကျောင်းသားအားကစားပွဲတော် ပိတ်ပွဲကို ဧပြီလ ၆ ရက်နေ့တွင် ဟားခါးမြို့၌ ကျင်းပရာ အားကစားပြိုင်ပွဲအသီးသီးတွင် ဆုရရှိသည့် အသင်းများနှင့် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲ၊ သစ္စာလှကေရီပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး ကျောင်းသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ နာယက ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်က ၁၉၉၈ ခုနှစ် အဋ္ဌမအကြိမ် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းသားအားကစားပွဲတော်ကို ပိတ်ပေးလိုက်သည်။

အမေရိကန်ပြည်ထောင်စု။ ။ ၁၉၉၈ ခုနှစ် တစ်နှစ်ပတ်လုံးသည် အမေရိကန်ပြည်တွင်းရေးမှာသာမက ကမ္ဘာသတင်းများမှာပါ သမ္မတကလင်တန်၏ လိင်မှုအရှုတ်တော်ပုံသတင်းအပုပ်နံ့များဖြင့် ညှိဟောင် နေခဲ့



လိင်မှုအရှုပ်တော်ပုံဖြင့် အရှက်တကွဲအကျိုးနည်း ဖြစ်နေရသည့် သမ္မတကလင်တန်

သည်။ပေါ်လာကျုံးစ်က သူမအပေါ် ကလင်တန်က လိင်မှုဆိုင်ရာ ကာကိန္ဒြေထိပါးနှောင့်ယှက်မှုဖြင့် တရားမကြောင်းအရ တရားစွဲဆိုခဲ့သည်။ ထိုအမှုမှစတင်ပြီး ကလင်တန်၏ လိင်မှု အရှုပ်တော်ပုံများ ပေါ်ပေါက်လာခဲ့သည်။ ပေါ်လာကျုံးစ်၏ အမှုနှင့်ဆက်စပ်ပြီး ၁၉၉၇ ခုနှစ် မေလတွင် အမေရိကန် တရားရုံးချုပ်က တရားဝင် တာဝန်ထမ်းဆောင်ဆဲ သမ္မတ တစ်ဦးသည်လည်း အဆိုပါအမှုသည် ၄င်းထမ်းဆောင်ဆဲတာဝန်များနှင့် မပတ်သက်သည့်တိုင်အောင် တရားမကြောင်းအရ တရားစွဲဆိုခံရခြင်းမှ ကင်းလွတ်ခွင့်မရှိစေရဟု ဆုံးဖြတ်ခဲ့သည်။ ဤစီရင်ထုံးကို အမှီပြုပြီးကလင်တန်၏ လိင်မှုအရှုပ်တော်ပုံအထုပ်ကို ဖြေပြရေးအဆင့်သို့ ကူးပြောင်းသွားသည်။ ပေါ်လာကျုံးစ်၏ ရှေ့နေများသည် အမှုကိုစစ်ဆေးရင်း သမ္မတကလင်တန်၏ လိင်မှုဆိုင်ရာ အပြုအမူပုံစံကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ဤသို့ဖြင့် ဂျင်နီဟဖလားဝါးစ်ဆိုသူအမျိုးသမီးနှင့် ရုပ်ပွခဲ့ပုံ၊ အိမ်ဖြူတော်ဝန်ထမ်းဟောင်း ကက်သလင်ဝီလီနှင့် ရုပ်ပွခဲ့ပုံတို့မှအစ မော်နီကာလူဝင်စကီနှင့် ရုပ်ခဲ့ပုံများအထိ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လာတော့သည်။

သမ္မတဖြစ်မလာမီအာရ်ကင်ဆောပြည်နယ်အုပ်ချုပ်ရေးမှူးတာဝန်များကို ထမ်းဆောင်ခဲ့စဉ်က ဝိုက်ဝါးတားအရေးအခင်းနှင့်စပ်လျဉ်း၍ ကလင်တန်မှာ စုံစမ်းစစ်ဆေးမှု ခံနေရသည်။ ၁၉၉၄ ခုနှစ်သီးခြားလွတ်လပ်သော အမှုလိုက်ရှေ့နေအက်ဉပဒေမှာ အတည်ပြုထားပြီးဖြစ်နေသည်။ ဤအက်ဉပဒေအရ သမ္မတနှင့်ဝန်ကြီးများအပါအဝင် အစိုးရအဖွဲ့မှထိပ်တန်းအရာရှိကြီးများသည် ပြစ်မှုတစ်ခုခုကျူးလွန်ကြောင်း သက်သေအထောက်အထားရှိလာ ပါက ထိုပြစ်မှုကို စုံစမ်းစစ်ဆေးရေးအတွက် ရှေ့နေချုပ်က သီးခြား လွတ်လပ်သော အမှုလိုက်ရှေ့နေတစ်ဦးကို ခန့်ထားရမည်ဟု ပြဋ္ဌာန်းထားသည်။သီးခြားလွတ်လပ် သော အမှုလိုက် ရှေ့နေဆိုသည်မှာ အထူးအမှုလိုက်ရှေ့နေ တစ်မျိုးပင်ဖြစ်သည်။ ထို့ကြောင့် ဝိုက်ဝါးတား အရေးအခင်း နှင့် စပ်လျဉ်း၍ ကင်းနက်စတားအား အထူးအမှုလိုက် ရှေ့နေအဖြစ် ခန့်ထားခဲ့သည်။ ကင်းနက်စတားသည် ဝိုက်ဝါးတားအမှုကို စုံစမ်းစစ်ဆေးရင်း ပေါ်လာကျူးစ် အမှုမှအစမော်နီကာလူဝင်စကီအမှုအထိ ရေဆုံးရေဖျား လိုက်တော့သည်။ ကင်းနက်စတားသည် ရီပတ်ဘလီကန် ပါတီဝင်ဖြစ်၍ ဒီမိုကရက်တစ်သမ္မတ ဖြစ်နေသော ကလင်တန်အပေါ် သဲကြီးမဲကြီး တစ်ဖက်သက်အစွဲဖြင့် လိုက်နေခြင်းဖြစ်သည်ဟုလည်း ပြောဆိုဝေဖန်မှုများ ရှိသည်။

ကလင်တန်၏လိင်မှု အရှုပ်တော်ပုံများတွင် လူဝင်စကီ၏အမှုမှာ ရှေ့တန်းရောက်လာခဲ့သည်။ အိမ်ဖြူတော် ဝန်ထမ်းလည်း ဖြစ်ခဲ့ဖူး၍ ပင်တဂွန်စစ်ဌာနချုပ်၏ ဝန်ထမ်းဖြစ်နေသော လင်ဒါထရစ် ပ်ထံမှ အသံသွင်းတိပ်ခွေများ ရလာသောအခါ ကလင်တန်၏ လိင်မှုပွေပုံ သတင်းမှာ ပိုမိုခိုင်လုံမှု ရှိသွားခဲ့သည်။ ထိုတိပ်ခွေများသည် ကူဝင်စကီနှင့်လင်ဒါထရစ်ပ် တို့အကြား နှစ်ကိုယ်ကြား ပြောစကားများကို မှတ်တမ်းတင်ထားခြင်း ဖြစ်သည်။ လူဝင်စကီက လင်ဒါထဲသို့ သူမနှင့်ကလင်တန် တို့ လိင်မှု ဆက်ဆံခဲ့ပုံများနှင့် သာမန်ထက်လွန်ကဲသည့် သံယောဇဉ် ငြိတွယ်မှုများကို တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။ ဤသို့သော အသံသွင်းတိပ်ခွေများကို အခြေခံလျက် ကလင်တန်၏ လိင်မှုအရှုပ်တော်ပုံမှာ ဖုံးဖိမရနိုင်ဘဲ ပေါ်ပေါက်လာခဲ့သည်။

ကလင်တန်၏ လိင်မှုအရှုပ်တော်ပုံအတွက် အမေရိကန် အောက်လွှတ်တော်သဘာပတိနှစ်ဦးမှာ စတေးခံခဲ့ရသည်။ ကလင်တန်၏ လိင်မှုကိစ္စများကို ရေးကြီးခွင်ကျယ်လုပ်မှု အတွက် အမေရိကန်ပြည်သူတို့ကရီပတ်ဘလီကန်ပါတီ အပေါ် ထောက်ခံမှု လျော့ပါးသွားခဲ့သည်။ ထို့ကြောင့် အထက်လွှတ်တော် ဆီးနိတ်အတွက် ကြားဖြတ်ရွေးကောက်ပွဲ များတွင် ရီပတ်ဘလီကန်တို့သည် အမတ် ၅ နေရာ၌ အရှုံး ပေါ်ခဲ့သည်။ ထိုသို့ဆုံးရှုံးမှုအတွက် ရီပတ်ဘလီကန် ခေါင်းဆောင်ညုဂင်းဂရစ်ချ်သည် အောက်လွှတ်တော် သဘာပတိရာထူးမှ နုတ်ထွက်သွားခဲ့ရသည်။ ၄င်းနေရာကို ဆက်ခံရန် ရွေးချယ်ခံထားရသော ဘော့်လစ်ဗင်စတန်မှာလည်း အိမ်ထောင်သည်တစ်ဦးဖြစ်ပါလျက် မိမိဇနီးမယားမှတစ်ပါး အခြားမိန်းမများနှင့် ဆက်ဆံခဲ့ဖူးခြင်း၊ အိမ်ထောင်ရေး ကျင့်ဝတ်ဖောက်ဖျက်ခြင်းများ ရှိခဲ့ကြောင်း ရီပတ်ဘလီကန် ပါတီအစည်းအဝေး၌ ဝန်ခံကာ ရွေးချယ်လှူထားခံခဲ့ရခြင်းမှ နုတ်ထွက်ပေးခဲ့ရသည်။

အောက်လွှတ်တော်က ဖွဲ့စည်းပေးသော တရားစီရင်ရေးရာ ကော်မတီသည် ကလင်တန်အပေါ် စွပ်စွဲပြစ်တင်မည့် အချက်များကို စိစစ်ရေးသားခဲ့သည်။ ထိုအချက်များကို ရေးသားနိုင်ရန် ဒီဇင်ဘာလ ၈ ရက်နှင့် ၉ ရက်နေ.



သမ္မတကလင်တန်နှင့်လိင်မှုပွဲခဲ့သည့် လူဝင်စကီ

များတွင် နှစ်ဘက်ကြားနာစစ်ဆေးခဲ့သည်။ ထိုသို့ ကြားနာ စစ်ဆေးရာတွင် ကျွမ်းကျင်မှု သက်သေများအဖြစ် အသိပညာရှင်များကိုပါ သဘောထားအမြင်များ တင်ပြခွင့်ပြုခဲ့သည်။ ဒီဇင်ဘာလ ၁၁–၁၂ ရက်နေ့များတွင် တရားစီရင်ရေးရာကော်မတီက စွပ်စွဲပြစ်တင်မည့် အချက် ၄ ချက် အပေါ် ၂၂ မဲ– ၁၄ မဲ ဖြင့် အတည်ပြုဆုံးဖြတ်ခဲ့သည်။

ပထမအချက်မှာ လူဝင်စကီ၏အမှုနှင့်ပတ်သက်၍ ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့က ပြည်ထောင်စုလုံးဆိုင်ရာ မဟာခုံသမာဓိအဖွဲ့၏ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆို၍ သက်သေခံထွက်ဆိုခဲ့ရာ၌ မုသားသက်သေထွက်ဆိုခဲ့ခြင်း၊ မဟုတ်မမှန်ဘဲ အထင်အမြင်လွဲမှားစေခြင်းတို့ကိုတမင်သက်သက်ပြုလုပ်ခဲ့မှုဖြစ်သည်။ထို့ပြင် ပေါ်လာဂျုံးစ် အမှုနှင့်ပတ်သက်၍ ကလင်တန်သည် ၄င်း၏ရှေ့နေမှတစ်ဆင့် ကြိုတင်သက်သေ ထွက်ဆိုချက်ကို တိပ်ခွေဖြင့်ပေးခဲ့ရာ အခြားသက်သေများ၏ ထွက်ဆိုချက်များအပေါ်သြဇာလွှမ်းမိုးခဲ့ခြင်း၊ သက်သေအထောက်အထားမှန်များ ထွက်ပေါ်လာမှုကို အနှောင့်အယှက်ပြုခဲ့ခြင်း တို့ကို ပြုလုပ်ခဲ့မှုဖြစ်သည်။

ဒုတိယအမှုမှာပေါ်လာဂျုံးစ် ၏အမှုနှင့်ပတ်သက်၍ မုသားသက်သေထွက်ဆိုခဲ့ခြင်း၊ လူဝင်စကီနှင့် ၄င်းတို့အကြား ဆက်ဆံမှုများကို ဖုံးကွယ်ထားခြင်း၊ လူဝင်စကီအနေဖြင့်ကလင်တန်အပေါ် ထိခိုက်စေမည့် အချက်များကို ထွက်ဆိုခြင်းမပြုရန် ကြိုးပမ်းခဲ့ခြင်းတို့ကို ပြုလုပ်ခဲ့မှုဖြစ်သည်။

တတိယအချက်မှာ အမှုနှစ်ခုစလုံးတွင်ကလင်တန်သည် အဖြစ်မှန်အထောက်အထားများရှိနေမှုကို ဖုံးကွယ်ရန်၊ သက်သေအထောက်အထားများ ဖော်ထုတ်မှုကို နှေးကွေးသွားစေရန်၊ အမှန်ကိုဖော်ထုတ်မည့်သက်သေများအပေါ် သြဇာလွှမ်းမိုးရန်၊လူဝင်စကီအား အလုပ်အကိုင် ရှာပေးမည်ဟုဆိုလျက် သူမကမုသားသက်သေထွက်ဆိုပေးစေရန် ပြုလုပ်ခဲ့ခြင်းဖြင့် တရားစီရင် စစ်ဆေးမှုကို ဟန့်တားနှောင့်ယှက်ခဲ့မှု ဖြစ်သည်။



ပေါ်လာဂျုံးစ် (ဝဲ) အား သူမ၏အကြံပေးပုဂ္ဂိုလ်အမျိုးသမီးတစ်ဦးနှင့် တွေ့ရစဉ်

စတုတ္ထအချက်မှာ ကလင်တန်သည် သမ္မတရာထူး အရှိန်အဝါကိုသုံးလျက် တရား၀ီရင်စစ်ဆေးမှုကို မမှန်မကန် ဖြစ်အောင်၊ စွပ်စွဲပြစ်တင်မှုများပျက်ပြား စေအောင် မဟုတ်မမှန် လုပ်ကြံဝန်ခံချက်များ ပေးခဲ့မှုဖြစ် သည်။ ကလင်တန်သည် သမ္မတရာထူးကို အလွဲသုံးစား ပြုခဲ့မှု ဖြစ်သည်။

ထိုစွပ်စွဲပြစ်တင်ချက်များအပေါ် အောက်လွှတ် တော်၌ မဲခွဲဆုံးဖြတ်သည့်အခါ ပထမအချက်ကို ၂၂၈ မဲ-၂၀၆ မဲဖြင့် ဒီဇင်ဘာလ ၁၉ ရက်နေ့က အတည်ပြုခဲ့သည်။ ဒုတိယ အချက်ကို ၂၂၉ မဲ-၂၀၆ မဲဖြင့် ပယ်ချခဲ့သည်။ တတိယ အချက်ကို ၂၂၁ မဲ- ၂၁၂ မဲဖြင့်အတည်ပြုခဲ့ သည်။ စတုတ္ထ အချက်ကို ၂၈၅မဲ-၁၄၈ မဲဖြင့်ပယ်ချခဲ့ သည်။ အမေရိကန် အခြေခံဥပဒေအရ အောက်လွှတ် တော်တွင် သာမန်အများ စုမဲ ၂၁၈ မဲ ရရှိလျှင် စွပ်စွဲ ပြစ်တင်ရန် အတည်ဖြစ်သည်။ ၁၉၇၄ ခုနှစ်ကုန်က သမ္မတနစ်ဆင်သည်၀ါးတား:ဂိပ်အရေး အခင်းနှင့်စပ်လျဉ်း၍ အောက်လွှတ်၌ဤသို့ မဲခွဲဆုံးဖြတ် ခြင်း မပြုမီ ရာထူးမှ နုတ်ထွက်ပေးရသည်။ ၁၈၆၈ ခုနှစ်တွင် သမ္မတအင်ဒရူး ဂျွန်ဆင်သည် အောက် လွှတ်တော်၌ စွပ်စွဲ ပြစ်တင်ခံရပြီး အထက်လွှတ်တော်သို့ ရောက်မှ ၁ မဲအသာ ဖြင့် ပြစ်ဒဏ်ချမှတ်ခံရခြင်းမှ လွတ်မြောက်ခဲ့သည်။ သို့ဖြစ်ရာ အမေရိကန်သမိုင်းတွင် သမ္မတကလင်တန်သည် ဒုတိယ မြောက်စွပ်စွဲခံရသော သမ္မတအဖြစ် မှတ်တမ်းတင် ခံလိုက်ရပြီဖြစ်သည်။

စီးပွားရေး – ဂျပန်အပါအဝင် ကမ္ဘာအရပ်ရပ်၌ စီးပွားရေးအကျပ်အတည်းဆိုက်နေချိန်တွင် အမေရိကန် စီးပွားရေး တိုးတက်မှုနှုန်းမှာ မြင့်တက်ခဲ့သည်။ အမေရိကန် ဦးဆောင်မှုဖြင့် ကမ္ဘာတစ်ဝန်းလုံး၌ စျေးကွက် စီးပွားရေး ကျင့်သုံးလာအောင် ဆောင်ရွက်လာခဲ့သည်။ အမေရိကန် ကုန်စည်များအတွက် စျေးကွက်သစ် များ ဖွင့်လှစ်နိုင် ခဲ့သည်။ အမေရိကန်နှင့် နိုင်ငံအသီးသီး တို့အကြား ကုန်သွယ်ရေးသဘောတူညီမှုပေါင်း ၂၄၀ ပြုလုပ် နိုင်ခဲ့သည်။ အလုပ်လက်မဲ့ဦးရေကို ၄၁သမဖ ရာခိုင် နှုန်းထက် မပိုအောင် ထိန်းထားနိုင်ခဲ့သည်။ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း အလုပ် အကိုင်သစ်ပေါင်း ၆၉၀၀၀ ပေါ်ပေါက် လာစေခဲ့သည်။ စက်တင်ဘာလအတွင်း ကုန်ထုတ်လုပ်သူများနှင့် တောင်သူလယ်သမား တို့၏ ကုန်ချာစျေးနှုန်းများမှာ ဒသမ ၃ ရာခိုင်နှုန်း မြင့်တက်လာစေခဲ့သည်။ စား သုံး သူများအတွက် ကုန်စျေးနှုန်း မတက်အောင် ထိန်းထားနိုင် ခဲ့သည်။ အခြားနိုင်ငံများမှ ပြည်သူတို့၏ ဝယ်လိုအား ကျဆင်းသွားမှုကြောင့် အမေရိကန်၏ ကုန်သွယ်ရေး လိုငွေပြမှုမှာ သြဂုတ်လတွင် ဒေါ်လာ ၁၆၈သမ ၇၇ ဘီလီယံအထိ ရှိခဲ့သည်။ နိုင်ငံတကာစီးပွားရေးအကျပ် အတည်း၏ဂယက် ရိုက်ခတ်မှု ဒဏ်ကို ခံနိုင်ရန်ကာလတို ချေးငွေများအတွက် ဘဏ်တိုးနှုန်းကို လျှော့ချခဲ့သည်။

၁၉၉၈ ခုနှစ်တွင် ဘတ်ဂျက်လိုငွေပြမှုသည် ဒေါ်လာ ၃၅၇ ဘီလီယံရှိခဲ့သည်။သို့ရာတွင် ၁၉၉၉ ခုနှစ်အတွက် ခန့်မှန်း ချက်အရ ဘတ်ဂျတ်ပိုငွေသည် ဒေါ်လာ ၉၁သမ ၅ ဘီလီယံဖြစ်ပြီး သက္ကရာဇ် ၂၀၀၁ ခုနှစ်တွင် ဘတ်ဂျက်ပိုငွေ ဒေါ်လာ ၂၈၁သမ၂ ဘီလီယန်အထိရှိလာ နိုင်မည်ဟု ခန့်မှန်းထားသည်။ ဒီမိုကရက်တစ်သမ္မတနှင့် ရီပတ် ဘလီယန် ကွန်ဂရက်တို့အကြား သဘောတူ ညှိနှိုင်း မှု ရသွားသဖြင့် ၁၉၉၉ ခုနှစ်အတွက် ဒေါ်လာ ၁၇၀၀ ဘီလီယံကို အသုံးပြုမည့်အရ –အသုံးညီဘတ်ဂျက်ကို အတည်ပြုနိုင်ခဲ့သည်။ နှစ်ပေါင်း ၃၅ အတွင်း ပထမဆုံး အကြိမ်အရ – အသုံးညီ ဘတ်ဂျတ်ကို ချမှတ်နိုင်ခဲ့သည်။ ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် သမ္မတနှင့် ကွန်ဂရက် တို့သည် အမြင့်ဆုံး စစ်အသုံးစရိတ်ကို သဘောတူညီခဲ့ ကြသည်။ ရီပတ်ဘလီကန်တို့အဖို့ အခွန်အတုတ်လျှော့ချ ရေးကို စွန့်လွှတ်လိုက်ရသော်လည်း အခြေခံကျောင်းများ အတွက် ကျောင်းဆရာပေါင်း တစ်သိန်းတိုးချဲ့ခန့်ထား ခွင့်ရအောင် ပြုလုပ်နိုင်ခဲ့သည်။ သမ္မတသည် ဘတ်ဂျက် ပိုငွေများကို လူမှုဖူလုံရေးအတွက် အသုံးပြုခွင့်ရခဲ့သည်။ အသက် ၆၀ ကျော်၀ါရင့် နိုင်ငံသားကြီးများအတွက် ကျန်းမာရေးအသုံးစရိတ်ကို ဖြည့်တင်းပေးနိုင်အောင် သမ္မတကစီစဉ်ခဲ့သည်။ တောင်သူ လယ်သမားများ အတွက် သက်သာခွင့်ရန်ပုံငွေများ ပေးနိုင်အောင် ဆောင်ရွက်ခဲ့သည်။

အခြားသတင်းစုံ – ၁၉၆၂ ခုနှစ်တွင် ကမ္ဘာကို ၅ နာရီ ကြာ ပတ်ခဲ့သော ပထမဆုံးအမေရိကန်အာကာသယာဉ်မှူး ဂျွန်ဂလင်းသည် အသက်၇၇နှစ်အရွယ်၌အခြားအာကာသ ယာဉ်မှူး ၇ ဦးတို့နှင့်အတူ အာကာသအတွင်း ၉ ရက်ကြာ လည်ပတ်ရန် ဒစ္စကာဗာရီ အာကာသယာဉ်ဖြင့် ၁၉၉၈ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ကလိုက်ပါခဲ့သည်။ သမ္မတနှင့်အတူ ပရိသတ်နှစ်သိန်းခွဲတို့က ထိုအာကာသ ယာဉ် ထွက်ခွာမှုကို ချီးကျူးဂုဏ်ပြု ကြည့်ရှုခဲ့ကြသည်။

ပဋိသန္ဓေ ဖျက်ချပေးနေသော သားဖွား‌မီး‌ယပ် ဆရာဝန် ဒေါက်တာဘာ‌းနက်စလက်ပီယန်အား သေနတ် သမား တစ်ဦး‌က အောက်တိုဘာလ ၂၃ ရက်နေ့တွင် ချောင်း‌မြောင်း ပစ်သတ်ခဲ့သည်။ အမေရိကန်နိုင်ငံ တစ်လွှား ၌ ပဋိသန္ဓေ ဖျက်ချမှုများ‌အား ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ကျင်း‌ပခဲ့သည်။

၁၉၉၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း‌က နယူး‌ယောက် မြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေး‌ဗဟိုဌာနရုံး‌ကို ဗုံး‌ခွဲဖျက်ဆီး‌မှု၊ လူသတ်မှု၊ ပူး‌ပေါင်း‌ကြံစည်မှုတို့ဖြင့် တရား‌စွဲခံထား‌ရသော ရမ်ဇီအာမက်ယူဆက် ဗ်အား ၁၉၉၈ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ထောင်ဒဏ်အနှစ် ၂၄၀ နှစ် ငွေဒဏ်ဒေါ်လာ ၄ဒသမ၅ သန်း‌ပေး‌လျော်စေရန် မန်ဟက်တန် ခရိုင် တရား‌ရုံး‌က အမိန့်ချမှတ်ခဲ့သည်။

စီး‌ကရက်သောက်သုံး‌မှုကြောင့် ပြည်နယ်အစိုး‌ရများ၏ ကျန်း‌မာရေး‌အထောက်အကူပြုမှုစရိတ်များ တက်လာ ရခြင်း‌နှင့် စီး‌ကရက်သောက်သူများလည်း ရောဂါရရှိခြင်း‌တို့ အတွက် ပြည်နယ် ၄၀ မှ ရှေ့နေချုပ်များ‌က စီး‌ကရက် ကုမ္ပဏီများ‌အပေါ် တရား‌စွဲဆိုလျော်ကြေး‌တောင်း‌ခဲ့သည်။ ဤအမှုများ‌နှင့် စပ်လျဉ်း၍ တစ်မျိုး‌သား‌လုံး‌ဆိုင်ရာ အမှု ကျေအေး‌မှု အနေဖြင့် စီး‌ကရက်ကုမ္ပဏီများ‌က ပြည်နယ်အစိုး‌ရများ သို့ ၂၅ နှစ်တာကာလအတွင်း လျော်ကြေး‌ငွေ ဒေါ်လာ ၃ဖဂဒသမ၅ ဘီလီယံ လျော်ကြေး‌ပေး ရန် သဘော တူညီခဲ့ကြသည်။ သို့သော်လည်း ထိုကျေအေး‌မှုကို ကွန်ဂရက်က လက်မခံသဖြင့် ဥပဒေပြုရေး‌မှာ နှောင့်နှေး‌ခဲ့ရသည်။ ထိုအခြေအနေကို သိသော စီး‌ကရက် ကုမ္ပဏီများ‌က ဥပဒေပြုပြီး‌သည်အထိ မစောင့်ဆိုင်း တော့ဘဲ အမှုတစ်ခု ချင်း‌အလိုက် ကျေအေး‌မှုနည်း‌လမ်း‌ကို ရှာကြံ ဆောင်ရွက်ခဲ့ ကြသည်။ ဖလော်ရီဒါပြည်နယ်တွင် လပ်ကီး‌စထရိုက် စီး‌ကရက်ကုမ္ပဏီက လျော်ကြေး‌ငွေ ဒေါ်လာ ၅၅၂၀၀၀ ပေး‌ရန် သဘောတူခဲ့ သည်။မင်နီဆိုတာ ပြည်နယ်တွင် စီး‌ကရက်ထုတ်လုပ်သူများ‌က ၂၅ နှစ်ကာလ အတွင်း လျော်ကြေး‌ငွေ ဒေါ်လာ ၁၃သမ ၆ ဘီလီယံပေး‌လျော် ရန် သဘောတူခဲ့သည်။ အလား‌တူပင် တက်ဆက်(ခ်) ပြည်နယ်၊ မစ္စစ္စီပီပြည်နယ်တို့.၌လည်း အမှုတစ်ခုချင်း‌အလိုက် လျော်ကြေး‌ပေး‌စေ့စပ်မှုများ‌ကို ပြုလုပ်ခဲ့ကြသည်။

၉၈ခုနှစ် ဖေ ရက်နေ့ ညနေစောင်း‌အချိန်တွင် လူဖြူလူ သုံး‌ဦး‌က ဂျိမ်း‌စ်ဘင်အမည်ရှိ လူမည်း‌တစ်ဦး‌အား မော်တော်ယာဉ်ပေါ်၌ အခမဲ့တင်ဆောင်ခေါ်ယူပြီး‌နောက် သစ်တောအုပ်တစ်ခုအတွင်း‌၌ ထိုလူမည်း‌အား ကြိုး‌နှင့် တုပ်ကာ မော်တော်ကား‌နောက်မှ ချိတ်ဆွဲခဲ့သည်။ ဤသို့ဖြင့် ဒဏ်ရာများရရှိပြီး လူမည်း‌မှာ ခေါင်း‌ပြတ်၊ လက်ပြတ် ဖြစ်ခဲ့ရသည်။ ဤသို့ ရက်စက်စွာ သတ်ဖြတ်မှုကို ကျူး‌လွန်သူ လူငယ်သုံး‌ဦး‌မှာ အသား‌အရောင်ခွဲခြား‌သော ကူကလပ်စ်ကလန်ဂိုဏ်း သို့မဟုတ် အာရိယံလူဆို‌း အဖွဲ့တို့မှ ဂိုဏ်း‌ဝင် များဖြစ်သည်ဟု ယူဆခဲ့သည်။ ဤဖြစ်ရပ်အပေါ် အသား‌အရောင်ခွဲခြား‌မှု၊ လူမည်း‌များ‌အပေါ် အကြမ်း‌ဖက် မှုတို့ဖြင့် အမေရိကန်ပြည်တွင်း‌နှင့် နိုင်ငံတကာတို့တွင် မခံမရပ် နိုင်အောင် တုံ့ ပြန်မှုဂယက်များ ထစေခဲ့သည်။ လူဖြူ လူမည်း‌တို့အား ထောက်ခံအား‌ပေး‌သည့် နှစ်ဘက်စလုံး‌မှ အမေရိကန်မြို့ကြီး‌မြို့ငယ်များတွင် ဆန္ဒပြပွဲများ ဖြစ်ပေါ် ခဲ့သည်။

အရှေ့.အလယ်ပိုင်း ဒေသ။ ။အရှေ့.အလယ်ပိုင်း ဒေသဟူသော အမည်သည် ဗြိတိန်၊ ပြင်သစ်စသော အနောက်ဥရောပ နိုင်ငံများ‌က ၄င်း‌တို့၏ အရှေ့.ဘက်ရှိ ဒေသများ‌၏ အကွာအဝေး‌တည်နေရာများ‌ကို လိုက်၍ ခေါ်ဝေါ်ရင်း အမည်တွင်လာသော အသုံး‌အနှုန်း‌ဖြစ်သည်။ နီး‌သောအရှေ့.၊ အရှေ့.အလယ်ပိုင်း‌နှင့် အရှေ့.ဖျား‌ဟူ၍ အသီး‌သီး‌ခေါ်ဆိုခဲ့ကြသည်။ ယင်း‌အသုံး‌အနှုန်း‌များ‌မှာ ယခုအခါ ကမ္ဘာသုံး‌ဝေါဟာရများ‌ဖြစ်နေပေပြီ။

ကာတာ၊ ကူဝိတ်၊ ဂျော်ဒန်၊ဆော်ဒီအာရေဗျ၊ ဆီး‌ရီး‌ယား‌၊ ညီညွတ်သောစော်ဘွား‌များ‌နိုင်ငံ၊ ပါလက်စတိုင်း‌၊ ယီမင်၊ အီရွန်၊ အီရတ်၊ အီရက်၊ အိုမန်စသောနိုင်ငံများ‌ကို စုပေါင်း‌လျက် အရှေ့.အလယ်ပိုင်း‌ဒေသဟုခေါ်တွင် ထား‌ခြင်း‌ဖြစ်သည်။

အရှေ့.အလယ်ပိုင်း‌ဒေသသည် ဂျူး‌ဘာသာ၊ ခရစ်ယာန် ဘာသာ၊ အစ္စလာမ်ဘာသာတို့ ပေါက်ဖွား ရာဒေသများ ဖြစ်သကဲ့သို့ ရှေး‌ဟောင်း‌ယဉ်ကျေး‌မှုများ စတင်ပေါ်ပေါက် ရာဒေသများ‌လည်း‌ဖြစ်ခဲ့သည်။ ကိုလိုနီနယ်ချဲ့.အမျိုး‌မျိုး‌တို့.၏ လွှမ်း‌မို‌း‌မှုကိုခံခဲ့ရသော ဒေသများ‌လည်း ဖြစ်သည်။ အထူး‌သဖြင့် ဒုတိယကမ္ဘာစစ်ပြီး‌သော အချိန်တွင် ပါလက်စတိုင်း‌နှင့်ဂျူး‌တို့.နေထိုင်ရာ ဒေသများ‌ကို ပိုင်း‌ခြာ လိုက်ခြင်း‌၊ အစ္စရေး‌နိုင်ငံကို ထူထောင်ပေး‌လိုက်ခြင်း‌တို့.ကို အကြောင်း‌ပြုပြီး‌ဒေသတွင်း မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ရာ ယခုအချိန်တိုင်အောင်ပင် ဖြစ်သည်။ ထိုအပြင် အရှေ့.အလယ်ပိုင်း ဒေသသည် စက်မှုဖွံ့ဖြိုး‌ပြီး‌နိုင်ငံများ‌က အထူး‌လိုအပ်နေသောရေနံကို အများ‌ဆုံး



ပါလက်စတိုင်းခေါင်းဆောင်အာရာဖတ်အား အမေရိကန်သမ္မတ ကလင်တန်၊ အမေရိကန်နိုင်ငံခြားဝန်ကြီး အော်လ်ဘရိုက်တို့နှင့် အတူညစာစားပွဲတစ်ခုတွင် တွေ့.ရစဉ်

ထုတ်လုပ် ပေးနေသဖြင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ဝင်ရောက် စွက်ဖက်မှုနှင့် သြဇာပေးချယ်လှယ်မှုများ ရှိနေသော ဒေသလည်း ဖြစ်နေ သည်။ အရှေအလယ်ပိုင်း ဒေသအတွင်း တင်းမာမှု ပြင်းထန်လာတိုင်း ကမ္ဘာ့တင်းမာမှုလည်း ဖြစ်ပေါ်လာမြဲ ဖြစ်နေသည်။ လက်နက်များ ဝယ်ယူရောင်းချ စမ်းသပ်မှု တွင်လည်း ဤဒေသမှ အများဆုံး ဖြစ်နေသည်။ သို့ဖြစ်ရာ ဤဒေသ၌ ဖြစ်ပွားသော ဒေသဆိုင်ရာစစ်ပွဲများ၊ ကန့်သတ် စစ်ပွဲများမှသည် ကမ္ဘာ စစ်အထိ ကျယ်ပြန့် လာနိုင်သော အလားအလာများရှိသဖြင့် ကမ္ဘာ့တည်ငြိမ်ရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် အထူးအာရုံစူးစိုက်၍ စောင့်ကြည့် အကဲခတ်နေရသောဒေသ ဖြစ်နေပေသည်။

အရှေအလယ်ပိုင်းဒေသသည် စစ်ရေးအရ မတည်ငြိမ်သော ဒေသဖြစ်နေသကဲ့သို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး ၊ဘာသာရေး ကျင့်သုံးပုံစနစ်များလည်း ကွဲပြားခြားနားမှု နက်ရှိုင်းပြင်းထန်သောကြောင့် အချိန်မရွေးပေါက်ကွဲနိုင်သော ကမ္ဘာ့ယမ်းအိုးသဖွယ်လည်း ဖြစ်နေသည်။ အရှေ.အလယ်ပိုင်း ဒေသအနံ.အပြား၌ ဖြစ်ပေါ်နေသော အရေးကိစ္စများအနက် အစ္စရေး–ပါလက်စတိုင်း အရေးအခင်းမှာ ဗဟိုအချက်အချာ ဖြစ်နေသည်။ အစ္စရေး– ပါလက်စတိုင်း ပြဿနာကို အကြောင်းပြုလျက် အာရပ်ကမ္ဘာကလည်း ပါဝင် ပတ်သက်နေသကဲ့သို့ အမေရိကန်၊ ပြင်သစ်၊ ရုရှား၊ ဂျပန်၊ တရုတ်စသော အင်အားကြီး နိုင်ငံများကလည်း အရေးတယူပါဝင် ပတ်သက်လျက် ရှိနေသည်။ ထို့ကြောင့် ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၉၉) တွင် အစ္စရေး–ပါလက်စတိုင်းငြိမ်းချမ်းရေး ဖြစ်စဉ် အဝိကထား၍ တင်ပြအပ်ပါသည်။

အစ္စရေး – ပါလက်စတိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်–

ဤငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဝိက အငြင်းပွားနေသော ပြဿနာများမှာ အစ္စရေးနိုင်ငံအား အာရပ်ကမ္ဘာအသိ အမှတ်ပြုရေး၊ ပါလက်စတိုင်းနိုင်ငံ ဖြစ်ထွန်းပေါ်ပေါက်လာရေး၊ ၁၉၆၇ ခုနှစ် စစ်ပွဲအပြီးတွင် အစ္စရေးတို့က သိမ်းပိုက်အုပ်ချုပ်ထားသော ဂိုလန်ကုန်းမြင့်၊ အနောက်ဘက်ကမ်းခြေဒေသ၊ ဂါဇာကမ်းမြောင်ဒေသတို့မှ အစ္စရေးတပ်များဆုတ်ခွာပေးရေး၊ ပါလက်စတိုင်းတို့က မြို့တော်အဖြစ် သတ်မှတ်ရန် ရည်းစူးထားသော အရှေ.ဂျေရုဆလင်တွင် ဂျူးအခြေစိုက်စခန်းများ တိုးချဲ့.နေသည့် အရေး၊ အနောက်ဘက်ကမ်းခြေတွင်လည်း ဂျူးအခြေစိုက်

စခန်းများချထားနေသည့်အရေး၊ အစ္စရေး နိုင်ငံက ပါလက်စတိုင်း အပါအဝင် အခြားအာရပ်လူမျိုး များအား ဖမ်းဆီးချုပ်နှောင် ထားမှုကို လွှတ်ပေးရေး၊ ပါလက်စတိုင်း တို့အား အစ္စရေးနိုင်ငံအတွင်း ဝင်ရောက်လုပ်ကိုင်ခွင့်နှင့် ကုန်ပစ္စည်းများရောင်းချ ခွင့်ပြုရေး၊ ပါလက်စတိုင်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ရပ်တန့်ပေးရေး၊ နှစ်ဖက်စလုံး က ဘာသာရေးအရ အမွန်အမြတ်ထားရာ ဂျေရူဆလင်မြို့ ကို အစ္စရေးတို့က အပိုင်ချုပ်ကိုင်ထားလိုမှုကို ရုပ်သိမ်း ပေးရေးတို့ပင် ဖြစ်သည်။

ဤပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် နှစ်ဘက် ဆွေးနွေးညှိနှိုင်းမှု ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ ပေါ်လိုက် မြုပ်လိုက် ဖြစ်နေသည်။ နေရာအမျိုးမျိုး ရွှေပြောင်း၍ လည်း ကျင်းပနေရသည်။ ၁၉၉၈ ခုနှစ် ၊ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အစ္စရေးအစိုးရအဖွဲ့က ကြေညာရာ၌ အနောက်ဘက် ကမ်းခြေမှ အစ္စရေးတပ်များ ဆုတ်ခွာ မပေးမီ ပါလက်စတိုင်းဘက်မှ လိုက်နာရမည့် အချက်များ ကို ဖော်ပြခဲ့သည်။ ထို့ပြင် ယခင်ငြိမ်းချမ်းရေး သဘော တူညီချက်များအား ပါလက်စတိုင်းတို့က ဖောက်ဖျက် ကြောင်းကိုလည်း ထိုကြေညာချက်၌ စွပ်စွဲခဲ့သည်။ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အစ္စရေးတို့က အနောက် ဘက် ကမ်းခြေ၌ တိုးချဲ့သိမ်းပိုက်ဦးမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် အစ္စရေး အစိုးရအဖွဲ့၏ ကြေညာချက်အတိုင်း မလိုက်လျော နိုင်ကြောင်း ပါလက်စတိုင်းခေါင်းဆောင်တို့က ငြင်းဆန် ခဲ့သည်။ ဇန်နဝါရီလ လယ်ပိုင်းတွင် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုနှင့် ပါလက်စတိုင်း ခေါင်းဆောင် အာရာဖတ်တို့သည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခဲ့ကြသည်။ သမ္မတ ကလင်တန်သည် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် နေတန်ယာဟုနှင့် လည်းကောင်း၊ ဇန်နဝါရီလ ၂၂ ရက် နေ့တွင် အာရာဖတ် နှင့်လည်းကောင်း သီးခြားစီ လက်ခံဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲများ၌ အမေရိကန်က ဖိအားပေးခဲ့သော် လည်း နေတန်ယာဟု၏ တင်းမာနေမှုကြောင့် ငြိမ်းချမ်း ရေး ဖြစ်စဉ်အတွက် တိုးတက်မှုမရှိခဲ့ပေ။

ဇန်နဝါရီ ၂၆ ရက်နေ့တွင် အစ္စရေးကာကွယ်ရေး ဝန်ကြီး မော်ဒီချိုင်းသည် ဂျော်ဒန်နိုင်ငံသို့ သွားရောက်ကာ ဘုရင်ဟူစိန်၊ ဝန်ကြီးချုပ် အက်ဗ် ဒဲလ်ဆာလမ်အာလ်မာ ဂျလီတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံအကြား တင်းမာနေသော နိုင်ငံရေးဖြစ်စဉ် ပျော့ပျောင်းလာရေးနှင့် လုံခြုံရေးအတွက် နှစ်နိုင်ငံပူးပေါင်းမှု ခိုင်မာရေးတို့ကို ညှိနှိုင်းခဲ့သည်။ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အောလ်ဘရိုက်သည် ဒေသတွင်းသို့ ရောက်ရှိလာပြီး နေတန်ယာဟု၊ အာရာဖတ်တို့နှင့် ဆွေးနွေးညှိနှိုင်းခဲ့သော်လည်း အောင်မြင်တိုးတက်မှု ရရှိမသွားခဲ့ပေ။

ဥရောပသမဂ္ဂသည် ပါလက်စတိုင်းအမျိုးသား အာဏာပိုင်အဖွဲ့သို့ လွန်ခဲ့သောလေးနှစ်ကာလအတွင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံ ကူညီထောက်ပံ ခဲ့ခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသ အရေးတွင် ဥရောပ သမဂ္ဂ ကလည်း အမေရိကန်ပြည်ထောင်စုနှင့် တန်းတူပါဝင် ဆွေးနွေးညှိနှိုင်းခွင့်ရှိကြောင်း ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဥရောပကော်မရှင်က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဟားမတ် (စ်) လူပ်ရှားမှုအဖွဲ့နှင့် အစ္စလာမ်မစ် ဂျီးဟာစ်ဒ်အဖွဲ့တို့သည် ပါလက်စတိုင်းတို့ ဘက်၌ အစ္စရေးနိုင်ငံရပ်တည်နေမှုကို ပယ်ဖျက်လိုသော အယူသည်း ပြင်းထန်သည့် အုပ်စုများဖြစ်သည်။ ပါလက်စတိုင်း ထောက်လှမ်းရေး အဖွဲ့က နက်ဘလု(စ်) မြို့ရှိ ဗုံးထုတ်လုပ်မှုစက်ရုံကို ဖော်ထုတ်ခဲ့ပြီး ယမ်းအလေး ချိန် ကီလိုဂရမ် ၆၈၀ ကို သိမ်းယူခဲ့သည်။ ထို့နောက် ဇန်နဝါရီလ ၁၄ ရက်နေ့တွင် အသေခံဗုံးခွဲသမားများ အတွက် ဗုံးများ ထုတ်လုပ်ပေးနေသူ ဟားမတ်(စ်) အဖွဲ့ဝင်နှစ်ဦးကို ဖမ်းဆီးခဲ့သည်။

မော့ဆက်အဖွဲ့ဟု အမည်ပေးထားသော အစ္စရေး ထောက်လှမ်းရေးအဖွဲ့သည် ၁၉၉၇ ခုနှစ် ၊စက်တင်ဘာ လအတွင်းက ဂျော်ဒန်တွင်ရှိနေသော ဟားမတ်(စ်) အဖွဲ့ ခေါင်းဆောင်ခါလစ်မစ်ရှားလ်အား လုပ်ကြံသတ်ဖြတ်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ သို့ရာတွင် လုပ်ကြံသတ်ဖြတ်မှု အစီအစဉ်မှာ မအောင်မြင်ခဲ့ပေ။ ထိုဖြစ်ရပ်အတွက် အစ္စရေးအစိုးရ၏ စုံစမ်းရေးကော်မရှင်က မော့ဆက် အဖွဲ့အကြီးအကဲဗိုလ်ချုပ် ဒဲန်နီယာတွမ်အပေါ် လုံးဝ တာဝန်ရှိကြောင်း ဖော်ပြခဲ့သည်။ ဗိုလ်ချုပ်ယာတွမ် သည် ဆွစ်ဇာလန်နိုင်ငံအတွင်း လျှို့ဝှက်ထောက်လှမ်းရေး စခန်း ဖွင့်လှစ်ကြောင်း ဆွစ်အစိုးရကဖော်ထုတ်လိုက် သည့်အခါ ကျမှသာ ဖေဖော်ဝါရီ ၂၆ ရက်နေ့တွင် ရာထူးမှ နတ်ထွက် သွားခဲ့သည်။ အစ္စရေးအစိုးရကလည်း ဆွစ် အစိုးရအဖွဲ့သို့ ဝန်ချတောင်းပန်လိုက်ရသည်။

ဖေဖော်ဝါရီလအတွင်းက အစ္စရေးနှင့် ပါလက်စတိုင်းအဆင့်မြင့်အရာရှိများသည် လျှို့.ဝှက်ဆွေးနွေးမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသော်လည်း အစ္စရေးတပ်များ ပြန်လည်ဆုတ်ခွာပေးရေးနှင့် စပ်လျဉ်း၍ မပြေလည်သောကြောင့် တိုးတက်အောင်မြင်မှုမရှိခဲ့ပေ။ ဤလအတွင်း အီဂျစ်သမ္မတ မူဘာရက်က ဝင်ရောက်ဖျန်ဖြေသော်လည်း မအောင်မြင်ခဲ့ပေ။

အနောက်ဘက်ကမ်းခြေ၌ ဂျူးအခြေစိုက်စခန်းများတိုးချဲ့.ဆောက်လုပ်မှုကြောင့်လည်းကောင်း၊ ပါလက်စတိုင်း အကြမ်းဖက်သမားသမားများ၏ လုပ်ရပ်တို့ကို ထိန်းချုပ်ရန် ပျက်ကွက်သည်ဟု အစ္စရေးတို့၏ စွပ်စွဲမှုကြောင့် လည်းကောင်း ငြိမ်းချမ်းရေးဆွေးနွေးမှုများမှာ တစ်နှစ် ကျော်ရပ်ဆိုင်းနေခဲ့ရသည်။ အနောက်ဘက်ကမ်းခြေမှ ၁၃၃သမ ၁ ရာခိုင်နှုန်းထိအောင် အစ္စရေးတပ်များ ထပ်မံ ဆုတ်ခွာပေးရန်ဟူသော အမေရိကန်၏ အဆိုပြုချက်ကို အစ္စရေးတို့က မတ်လ ၂၂ ရက်နေ့တွင် ပယ်ချလိုက်သည်။

မေလအတွင်း၌ ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးရော်ဘင်ကွတ်သည်လည်းကောင်း၊ ဧပြီလ ၁၇ ရက်မှ ၂၁ ရက်အထိ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲယာသည်လည်းကောင်း အရှေ့.အလယ်ပိုင်းဒေသရှိ နိုင်ငံများသို့ ခရီးလှည့်လည်ခဲ့သည်။ ဧပြီလ ၂၀ ရက်နေ့တွင် တိုနီ ဘလဲယာ သည် ဂါဇာကမ်းမြောင်၌ အာရာဖတ်နှင့် တွေ့.ဆုံခဲ့ပြီးနောက် ဥရောပသမဂ္ဂနှင့် ပါလက်စတိုင်း ပူးတွဲလုံခြုံရေး အစီအစဉ်ကို ပြုလုပ်ရန် ကြေညာခဲ့သည်။ အကြမ်းဖက် နှိမ်နင်းရေးအတွက် ဗြိတိန်က လေ့ကျင့် သင်တန်းပေးမည်ဟု ပြောကြားခဲ့သည်။ နေတန်ယာဟုနှင့် အာရာဖတ်တို့သည် မေလ ၄ ရက်နေ့တွင် လန်ဒန်မြို့၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အောလ်ဘရိုက်နှင့် သီးခြားစီ တွေ့ဆုံရေးကိုလည်း တိုနီဘလဲယာက စီစဉ် ညှိနှိုင်းခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အမေရိကန်အထူးသံတမန် ဒဲန်းနစ်(ခ်)ရော့(စ်) သည် ဧပြီလ ၂၅ ရက်နေ့တွင် ဒေသအတွင်း ရောက်ရှိလာပြီး အစ္စရေးတပ်များ ဆုတ်ခွာပေးရေးကိစ္စကို ညှိနှိုင်းခဲ့ သည်။

အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးအတွက် အနောက်ဘက်ကမ်းခြေရှိ နယ်မြေ ၁၃ ရာခိုင်နှုန်းမှ အစ္စရေးတပ်များသည် သီတင်း ၁၂ ပတ်အတွင်း ပြန်လည်ဆုတ်ခွာပေးရန်၊ အနောက်ဘက်ကမ်းခြေရှိ နယ်မြေ ၁၇၃သမ၇ ရာခိုင်နှုန်းကို ပါလက်စတိုင်းတို့က အပြည့်အဝ အုပ်ချုပ်ခွင့် ရရန်၊ ကျန်နယ်မြေ ၂၃ ဒသမ ၁ ရာခိုင်နှုန်းတွင် ပါလက်စတိုင်းတို့က တစ်ပိုင်းတစ်စ အုပ်ချုပ်ခွင့်ရရန်၊ ဂျူးအခြေစိုက်စခန်းများ ဆောက်လုပ်နေမှုကို အဆုံးသတ်ရန်၊ အဆိုပါ အနောက်ဘက် ကမ်းခြေဒေသများ၌ အမေရိကန်၊ အစ္စရေး၊ ပါလက်စတိုင်း သုံးပွင့်ဆိုင်အဖွဲ့က လုံခြုံရေးကိစ္စများကို ဆောင်ရွက်ရန် အမေရိကန် ပြည်ထောင်စုက အဆိုပြုရန် စီစဉ်ခဲ့သည်။ ထိုအစီအစဉ်ကို တရား၀င် ထုတ်ပြန်ခြင်းမပြုရသေးမီတွင် ပေါက်ကြားသွား ခဲ့သည်။ ထိုအစီအစဉ်ကို အစ္စရေးသတင်းစာတစ်စောင်က ဇွန်လ ၄ ရက်နေတွင် ဖော်ပြလိုက်သည်။

"မဟာဂျေရူဆလင် စီမံကိန်း"ကို အစ္စရေးအစိုးရအဖွဲ့က ဇွန်လ ၂၁ ရက်နေတွင် အတည်ပြုလိုက်သည်။ ဤစီမံကိန်းအရ ဂျေရူဆလင်မြို့၏ နယ်နိမိတ်များကို တိုးချဲ့ကာ ပါလက်စတိုင်းနယ်မြေများအထိ အစ္စရေးတို့က ဖြန့်ကြက် လွှမ်းမိုးထားမည့်သဘော ဖြစ်နေသည်။ ဤစီမံကိန်းအတွက် ပါလက်စတိုင်းတို့ အဖို့လည်း စိတ်မချမ်းမြေ့စေသကဲ့သို့ အာရပ်ကမ္ဘာနှင့် နိုင်ငံတကာ အသိုက်အဝန်းကလည်း ဝေဖန်ခဲ့ကြသည်။ ဤ ဇွန်လအတွင်း ငြိမ်းချမ်းရေးဖြစ်စဉ် တုံဆိုင်းနေးကွေး နေမှုနှင့် စပ်လျဉ်း၍ ပြည်တွင်းမှ အင်အားစုများကလည်း နေတန်ယာဟုအပေါ် ဖိအားပေးခဲ့ကြသည်။ သမ္မတ ဝိုက်စ်မန်းနှင့် အတိုက်အခံလေဘာပါတီတို့က နေတန်ယာဟုအား ဝေဖန်ခဲ့ကြသည်။ ကနက်ဆက်ခေါ် လွှတ်တော်၏ သက်တမ်းကို သက္ကရာဇ် ၂၀၀၀ အထိ မထားဘဲ ၆ လအတွင်း ရွေးကောက်ပွဲများ ကျင်းပရန် တောင်းဆိုမှုများ ရှိခဲ့သည်။

ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ အမေရိကန်ပြည်ထောင်စု၌ သမ္မတ ကလင်တန်အဖို့ လိင်ကိစ္စအရှုပ်တော်ပုံဖြင့် အလုပ်ရှုပ်နေသကဲ့သို့ နေတန်ယာဟုမှာလည်း ပြည်တွင်းအကျပ်အတည်း များနှင့် ရင်ဆိုင်နေရသောကြောင့် နှေးကွေးမှု ပိုမိုဖြစ်စေခဲ့သည်။(အမေရိကန် ပြည်ထောင်စု – ရှု။)

အောက်တိုဘာလအတွင်းနေတန်ယာဟုနှင့်အာရာဖတ်တို့သည် အမေရိကန်ပြည်ထောင်စုသို့ ၉ ရက်ကြာ ခရီးသွားခဲ့ကြသည်။ မေရီလန်းပြည်နယ်၊ ကွင်းစ်တောင်းမြို့ရှိ ဝိုင်းမြစ်ကမ်းနားရှိ အဆောက်အအုံတစ်ခုဌ သမ္မတ ကလင်တန်လည်း ပါဝင်ဆွေးနွေးခဲ့သည်။ ထိုဆွေးနွေးပွဲသို့ ကင်ဆာ ရောဂါခံစားနေရသည့်ကြားမှ ဂျော်ဒန်ဘုရင် ဟူစိန်သည် အောက်တိုဘာလ ၂၀ ရက်နေက အမေရိကန်သို့ ရောက်ရှိလာပြီး ပါဝင်ဆွေးနွေးခဲ့သည်။ ဤသို့ဖြင့်

အောက်တိုဘာလ ၂၃ ရက်နေ့တွင် "ဝိုင်းမြစ်သဘော တူညီ ချက်"ကို လက်မှတ် ရေးထိုးနိုင်ခဲ့ကြသည်။ ဤသဘောတူ ညီချက်သည် ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ထူးခြားတိုးချဲ့မှု မပြုနိုင်ခဲ့သော် လည်း ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးပွဲများကို ဆက်လက် ပြုလုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေခဲ့ သည်။ ၁၉၉၃ ခုနှစ်က ပြုလုပ်ခဲ့သော အော့စလိုသဘောတူ ညီချက်ကို အခိုင်အမာဖြစ်စေခဲ့သည်။ အနောက်ဘက် ကမ်း ခြေမှ နယ်မြေ ၁၃ ရာခိုင်နှုန်းမှ တပ်များဆုတ်ခွာပေး ရန် အစွရေးတို့က သဘောတူညီခဲ့သည်။ ပါလက်စတိုင်း အကျဉ်းသား ၇၅၀ ကို လွှတ်ပေးရန် သဘောတူခဲ့သည်။ ပါလက်စတိုင်းတို့ကလည်း ၄င်းတို့၏အမျိုးသား ပဋိညာဉ် စာတမ်းပါ အစွရေးနိုင်ငံဖျက်သိမ်းရေးဆိုင်ရာ ပြဋ္ဌာန်း ချက် များကို ပယ်ဖျက်ပေးရန် သဘောတူခဲ့သည်။ အကြမ်းဖက်မှု များကို ယခုထက်ပိုမိုထိရောက်စွာ အရေး ယူထိန်းချုပ်ပေး ရန် ပါလက်စတိုင်းတို့က သဘော တူညီ ခဲ့သည်။ အစွရေး နိုင်ငံနှင့် ပါလက်စတိုင်းဒေသတို့၌ ဤ "ဝိုင်းမြစ်သဘော တူညီချက်" ကိုမကျေနပ်သောအင်အား စုများကကန့်ကွက်ဆန္ဒပြပွဲများကိုကျင်းပခဲ့ကြသည်။

ဒီဇင်ဘာလ ၁၂ ရက်မှ ၁၅ ရက်အထိ ကာလအတွင်း သမ္မတ ကလင်တန်သည် နိုင်ငံခြားရေးဝန်ကြီး အော်လ်ဘရိုက် နှင့်အတူ အစွရေးနှင့် ပါလက်စတိုင်း ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသသို့ သွားရောက်ခဲ့သည်။ ဤခရီးစဉ်၏ အဝိုက ရည်ရွယ်ချက်မှာ ၁၈ လကြာ ရပ်ဆိုင်းခဲ့သော ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ပြန်လည် လှုပ်ရှားစေခဲ့သော ဝိုင်းမြစ်သဘော တူညီချက်အား အခိုင်အမာပြုပေးရန်ဖြစ်သည်။ ဂါဇာမြို့သို့ ရောက်ရှိစဉ် ပါလက်စတိုင်းတို့ ကိုယ်ပိုင်အုပ်ချုပ်နေသော မြို့တော်၌ ပါလက်စတိုင်းပြည်သူတို့အား မိန့်ခွန်းပြောကြား ခွင့်ရသည့် ပထမဦးဆုံး အမေရိကန်သမ္မတဖြစ်ရသည့် အတွက် ဂုဏ်ယူကြောင်းပြောကြားခဲ့သည်။ ဝိုင်းမြစ် သဘောတူညီချက်အရ ဂါဇာနိုင်ငံတကာလေဆိပ် ကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။ အစွရေးသို့ ရောက်ရှိစဉ် အမေရိကန် ပြည်ထောင်စု၌ အစွရေးတို့အတွက် သူလျှိုလုပ်ပေးမှုဖြင့် တစ်သက်တစ်ကျွန်း ပြစ်ဒဏ် ချမှတ်ခံထားရသော ဂျိုနသန် ပေါလာ့ဒ်အား ပြစ်ဒဏ်မှ လွှတ်ပေးမည်ဟု ပြောကြား ခဲ့သည်။ ဝိုင်းမြစ်သဘော တူညီချက်အတိုင်း လိုက်နာအကောင်အထည်ဖော်ရာတွင် လုံခြုံရေးအတွက် ကုန်ကျမည့်စရိတ်များကို ဖြည့်တင်း ပေးနိုင်ရန် အစွရေးသို့ ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ကူညီ ထောက်ပံ့ရေးကိုလည်း ဆောင်ရွက်ပေးမည်ဟု ပြောခဲ့ သည်။

အာဆီယံဒေသအတွင်း လူမှုဖွံ့.ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ ။ ။ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ၁၉၉၇ ခုနှစ်တွင်အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်လာခဲ့၍ အာဆီယံအတွင်း အခြားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ (Functional Cooperation) ရှိ လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံလူမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၁၇-၂-၉၈ နေတွင် အဖွဲ့ဝင် (၂၃) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။ လူမှု ဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် တာဝန်ခံ ဆက်သွယ်ဆောင်ရွက်သည့် ဌာန (Focal point) အဖြစ် တာဝန်ယူပြီး မြန်မာနိုင်ငံလူမှုဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ အမျိုးသားကော်မတီ၏ ဥက္ကဋ္ဌအဖြစ် လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများနှင့်နီးနွယ်ဆက်စပ်သည့် ဦးစီးဌာန၊အဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အာဆီယံတွင် လူမှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကော်မတီ (COSD - Committe e on Social Development) ကို ၁၉၇၈ ခုနှစ်က စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး၊ လက်ရှိအချိန်တွင် COSD အောက်၌ လုပ်ငန်းစဉ် (၇) ခုကို ဖွဲ့စည်းဆောင်ရွက် လျက် ရှိပါသည်။ ဤလုပ်ငန်းစဉ်များမှာ –

(၁) အာဆီယံလူငယ်ရေးရာဆပ်ကော်မတီ။
(ASY- ASEAN Sub - committee on Youth)

(၂) အာဆီယံအမျိုးသမီးများအစီအစဉ်။
(AWP - ASEAN Women's Programme)

(၃) အာဆီယံကျန်းမာရေးနှင့်အဟာရဆိုင်ရာ ဆပ်ကော်မတီ။
(ASCH - ASEAN Sub - Committee on Health and Nutrition)

(၄) အာဆီယံပညာရေးဆိုင်ရာဆပ်ကော်မတီ။
(ASCOE - ASEAN Sub - Committee on Educatoin)

(၅) အာဆီယံအလုပ်သမားရေးရာဆပ်ကော်မတီ။
(ASCLA - ASEAN Sub - Committee on Labour Affairs)

(၆) အာဆီယံဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပညာရှင်များအဖွဲ့။

(AEGDM - ASEAN Experts Group on Disaster Management)

(၇) ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေး (ASEAN Task Force on AIDS) တို့ဖြစ်ပါသည်။

အာဆီယံ COSD ၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း များတွင် ပညာရေးသုတေသန၊ ပညာရေး၊ သင်တန်းနှင့် သုတေသန၊ ကျန်းမာရေးနှင့် အာဟာရ ဆိုင်ရာလုပ်ငန်း များ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဘေးအန္တရာယ်စီမံ ခန့်ခွဲ မှု၊ လူငယ်ရေးရာ၊ အမျိုးသမီး ရေးရာ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေး စသည့်လုပ်ငန်းများအပြင် ကလေးသူငယ်ဆိုင်ရာ၊ လူဦးရေဆိုင်ရာနှင့် လူမှုဝန်ထမ်း လုပ်ငန်းရပ်ဆိုင်ရာများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါသည်။

အာဆီယံ၏ Functional cooperation ရှိလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံလူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား ကော်မတီသည် ကော်မတီအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ပြီး နောက်တွင် အာဆီယံ COSD ကဲ့သို့ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားနိုင်ရန်အတွက် အဖွဲ့ငယ် (၇)ဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်။

(၁) လူငယ်ရေးရာအဖွဲ့ငယ်။
(၂) အမျိုးသမီးရေးရာအဖွဲ့ငယ်။
(၃) ကျန်းမာရေးနှင့်အာဟာရအဖွဲ့ငယ်။
(၄) ပညာရေးအဖွဲ့ငယ်။
(၅) အလုပ်သမားရေးရာအဖွဲ့ငယ်။
(၆) ဘေးအန္တရာယ်စီမံခန့်ခွဲရေး ကျွမ်းကျင်သူများ အဖွဲ့ငယ်။
(၇) အေအိုင်ဒီအက်စ် ကျွမ်းကျင်မှုအဖွဲ့ငယ်။

ဤ အ ဖွဲ့ ငယ် များ ကို ဆိုင် ရာ လုပ် ငန်း များ ကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ဦးစီးဌာန၊ အဖွဲ့အစည်းများမှကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် လုပ်ငန်းအဖွဲ့ငယ် (၇) ဖွဲ့ကိုဖွဲ့စည်းပြီးနောက်တွင် လုပ်ငန်းအဖွဲ့ငယ်အလိုက် ရှေ့လုပ်ငန်းစဉ်များရေးဆွဲချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်စီစဉ်လျက်ရှိပါသည်။

မောင်~ငွေး (လူမှုဝန်ထမ်း)

အာရှအားကစားပြိုင်ပွဲ ။ ။ (၁၃)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲကို ၁၉၉၈ခု၊ဒီဇင်ဘာလ ၆ ရက်နေ့မှ ၂၀ ရက်နေ့ အထိ ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့တွင်ကျင်းပရာ အာရှတိုက်မှ ၄၁ နိုင်ငံပါဝင်ယှဉ်ပြိုင်သည်။ ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဘန်ကောက်မြို့၊ ရာဂျာမန်ဂလာအားကစားကွင်းကြီး၌ ဒီဇင်ဘာလ ၆ ရက်နေ့တွင်ကျင်းပရာ ထိုင်းနိုင်ငံ ဘုရင် ဘူမိဘောအဒူယာဒက် တက်ရောက်ပြီး ဖွင့်လှစ် ပေးသည်။

၁၃ ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၃၆ မျိုးထည့်သွင်းကျင်းပရာ ပြိုင်ပွဲဝင် ၄၁ နိုင်ငံမှ နိုင်ငံလက်ရွေးစင်အားကစားသမား ၆,၅၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင် သည်။ ပြိုင်ပွဲတွင် ဂျပန်နိုင်ငံမှ ကိုဂျိအီတို သည် အမျိုးသားမီတာ ၁၀၀ ၊ မီတာ ၂၀၀ နှင့် ၄×၁၀၀ မီတာ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲများတွင် ရွှေတံဆိပ်သုံးခုဆွတ်ခူးကာ အာရှ၏အမြန်ဆုံး လူသားအဖြစ် ကမ္ဘည်းတင်သွားသည်။ ဂျပန်နိုင်ငံမှ နာကာအိုတာကာယာရှိက အမျိုးသမီးမာရသွန်ပြိုင်ပွဲတွင် အာရှစံချိန်ချိုးပြီး စံချိန် ၂ နာရီ ၂၁ မိနစ် ၄၇ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသည်။ ဂျပန်မှ ရေကူးချန်ပီယံ ရှန်ဆု ၈ကအိတိုက ရွှေတံဆိပ်လေးခု ရရှိသည်။ အမျိုးသမီးမီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် တရုတ် နိုင်ငံမှ လီဇီမီက ၁၀ ဒသမ ၇၅ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသည်။ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဗိုလ်လုပွဲ၌ အီရန်က ကူဝိတ်ကို နှစ်ဂိုး၊ ဂိုးမရှိဖြင့်နိုင်ကာ ဗိုလ်စွဲပြီး တရုတ်က ထိုင်းကို သုံးဂိုး၊ ဂိုးမရှိနိုင်ကာ တတိယရရှိသည်။

ပြိုင်ပွဲအပြီးတွင် တရုတ်နိုင်ငံက ရွှေတံဆိပ် ၁၂၉ ခု၊ ငွေတံဆိပ် ၇၇ ခု၊ ကြေးတံဆိပ် ၆၈ ခု ဆွတ်ခူးရရှိပြီး ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲသို့မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း၊ အလေးမ၊ မြှားပစ်၊ လှေလှော်နှင့် တိုက်ကွမ်ဒိုအားကစားနည်းများတွင်သာ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပိုက်ကျော်ခြင်း (အမျိုးသား၊ အမျိုးသမီး) ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်နှစ်ခု၊ အလေးမ (အမျိုးသမီး) ပြိုင်ပွဲ၌ ငွေတံဆိပ်သုံးခု၊ကြေးတံဆိပ်နှစ်ခု စုစုပေါင်း ရွှေတံဆိပ် တစ်ခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်လေးခု ရရှိသည်။

(၁၃)ကြိမ်မြောက်အာရှအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်း အနားကို ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဘန်ကောက်မြို့၊ ရာဂျာမန်ဂလာ အားကစားကွင်းကြီး၌ ကျင်းပရာ ထိုင်းဘုရင် ကိုယ်စား အိမ်ရှေ့မင်းသား မဟာဝဇိရာလောင်ကွန် တက်ရောက်သည်။

အာရှအားကစားပြိုင်ပွဲ

နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

နိုင်ငံ	ရွှေ	ငွေ	ကြေး
တရုတ်	၁၂၉	၇၇	၆၈
တောင်ကိုရိုးယား	၆၅	၄၇	၅၂
ဂျပန်	၅၂	၆၁	၆၈
ထိုင်း	၂၄	၂၆	၄၀
ကာဇတ်စတန်	၂၄	၂၄	၃၀
ထိုင်ဝမ်	၁၉	၁၇	၄၁
အီရန်	၁၀	၁၁	၁၃
မြောက်ကိုရိုးယား	၇	၁၄	၁၂
အိန္ဒိယ	၇	၁၁	၁၇
ဥဇဘက်ကစ်စတန်	၆	၂၂	၁၂
အင်ဒိုနီးရှား	၆	၁၀	၁၁
မလေးရှား	၅	၁၀	၁၄
ဟောင်ကောင်	၅	၆	၆
ကူဝိတ်	၄	၆	၄
သီရိလင်္ကာ	၃	၀	၃
ပါကစ္စတန်	၂	၄	၉
စင်ကာပူ	၂	၃	၉
ကာတာ	၂	၃	၃
မွန်ဂိုလီးယား	၂	၂	၁၀
မြန်မာ	၁	၆	၄
ဖိလစ်ပိုင်	၁	၅	၁၂
ဗီယက်နမ်	၁	၅	၁၁
တပ်ခ်မေနစ်စတန်	၁	၀	၁
ခါဂျစ္စတန်	၀	၃	၃
ကျော်ဒန်	၀	၃	၂
ဆီးရီးယား	၀	၂	၄
နီပေါ	၀	၁	၃
ယူအေအီး	၀	၁	၁
မကာအို	၀	၁	၀
ဘင်္ဂလားဒေ့ရှ်	၀	၀	၁
ဘရူနိုင်း	၀	၀	၁
အိုမန်	၀	၀	၁
လာအို	၀	၀	၁

နှစ်အလိုက်ဗိုလ်စွဲသည့်နိုင်ငံများ

အကြိမ်	ခုနှစ်	ကျင်းပသည့်နိုင်ငံနှင့်မြို့	ပြိုင်ပွဲဝင်နိုင်ငံ	အားကစားနည်း	ဗိုလ်စွဲသည့်နိုင်ငံ	မြန်မာရခဲ့သည့်ဆု		
						ရွှေ	ငွေ	
၁	၁၉၅၁	အိန္ဒိယ (နယူးဒေလီ)	၁၁	၆	ဂျပန်	–	–	၃
၂	၁၉၅၄	ဖိလစ်ပိုင် (မနီလာ)	၁၉	၈	ဂျပန်	၂	–	၂
၃	၁၉၅၈	ဂျပန် (တိုကျို)	၂၀	၁၃	ဂျပန်	၁	၁	–
၄	၁၉၆၂	အင်ဒိုနီးရှား (ဂျကာတာ)	၁၆	၁၅	ဂျပန်	၂	၁	၇
၅	၁၉၆၆	ထိုင်း (ဘန်ကောက်)	၁၈	၁၄	ဂျပန်	၁	–	၄
၆	၁၉၇၀	ထိုင်း (ဘန်ကောက်)	၁၈	၁၃	ဂျပန်	၃	၂	၇
၇	၁၉၇၄	အီရန်(တီဟီရန်)	၁၉	၁၆	ဂျပန်	၁	၂	၃
၈	၁၉၇၈	ထိုင်း (ဘန်ကောက်)	၂၁	၁၉	ဂျပန်	–	၃	၃
၉	၁၉၈၂	အိန္ဒိယ (နယူးဒေလီ)	၃၃	၂၁	တရုတ်	–	–	–
၁၀	၁၉၈၆	တောင်ကိုရိုးယား(ဆိုးလ်)	၂၇	၂၅	တရုတ်	(ယှဉ်ပြိုင်ခြင်းမပြု)		
၁၁	၁၉၉၀	တရုတ် (ပီကင်း)	၃၆	၂၇	တရုတ်	–	–	၂
၁၂	၁၉၉၄	ဂျပန်(ဟီရိုရှီးမား)	၄၂	၃၄	တရုတ်	–	–	၂
၁၃	၁၉၉၈	ထိုင်း(ဘန်ကောက်)	၄၁	၃၆	တရုတ်	၁	၆	၄

အီရတ်သမ္မတနိုင်ငံ။ ။အီရတ်နိုင်ငံကကူဝိတ်နိုင်ငံအား ကျူးကျော်ဝင်ရောက်ခဲ့မှုကိုအကြောင်းပြု၍ ၁၉၉၁ ခုနှစ်တွင် ပင်လယ်ကွေ့စစ်ပွဲဖြစ်ပွားခဲ့သည်။ ထိုပင်လယ်ကွေ့စစ်ပွဲတွင် အီရတ်တို့ရှုံးနိမ့်ခဲ့ပြီးနောက် အထူးသဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့၏ ဖိအားပေးမှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် အီရတ်နိုင်ငံအပေါ်စီးပွားရေးပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။ အီရတ်နိုင်ငံ၏ တောင်ပိုင်းမှ မူဆလင်ဘာသာရှိယိုက်ဂိုဏ်းဝင်တို့အား ကာကွယ်ရန်ဟူ၍လည်းကောင်း၊ မြောက်ပိုင်းရှိကာ့ဒ်လူမျိုးတို့အားကာကွယ်ရန်ဟူ၍လည်းကောင်း လေယာဉ်မပျံသန်းရေနန်များ သတ်မှတ်ခဲ့သည်။ အီရတ်နိုင်ငံ၌လူများအစုအပြုလိုက် သေစေနိုင်သောအာဏုမြူလက်နက်များ၊ ဓာတုဗေဒလက်နက်များ၊ ပိုးမွှားလက်နက်များ အမြောက်အများရှိကြောင်း၊ ထိုလက်နက်များကို ထုတ်လုပ်ပေးနိုင်သည့် စက်ရုံများရှိကြောင်း စွပ်စွဲကာ ထိုလက်နက်များနှင့် ထုတ်လုပ်မှုတို့ကို စုံစမ်းစစ်ဆေး ဖော်ထုတ်ဖျက်သိမ်းနိုင်ရေးအတွက် လုံခြုံရေးကောင်စီက ကုလသမဂ္ဂ အထူးကော်မရှင်ကို ဖွဲ့စည်းစေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။ ထိုအချိန်မှစ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် အီရတ်နိုင်ငံတို့အကြား တင်းမာမှုများဖြစ်လာတော့သည်။



အီရတ်ပြည်သူများ၏ထောက်ခံမှုကို ရရှိသည့် သမ္မတ ဆက်ဒမ်ဟူစိန်

ဆက်ဒမ်ဟူစိန်ကို ထောက်ခံသည့် ပြည်သူများနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ ကြွေးကြော်နေကြစဉ်



ထိုကုလသမဂ္ဂ အထူးကော်မရှင်နှင့် စပ်လျဉ်း၍ အီရတ်တို့ဘက်က ဖွဲ့စည်းပုံမှုစ၍ ကန့်ကွက်ခဲ့သည်။ အဖွဲ့ဝင် ၁၆ ဦး ပါသော ထိုကော်မရှင်၏ ခေါင်းဆောင်စကော့ရစ်တားသည် အမေရိကန်မရိန်းတပ်ဖွဲ့မှူးဟောင်းဖြစ်ရုံသာမက သူလျှိုတစ်ဦးဖြစ်ကြောင်း၊ ထိုကော်မရှင်တွင် အမေရိကန်လူမျိုးတို့ ပါဝင်နေကြောင်းတို့ဖြင့် စွပ်စွဲဝေဖန်ခဲ့သည်။ တစ်ချိန်တည်းမှာပင် ထိုကော်မရှင်၏ စုံစမ်းဆောင်ရွက်မှုများခံရလျှင် အီရတ်နိုင်ငံအပေါ်စီးပွား ရေးပိတ်ဆို့မှုများကို ရုပ်သိမ်းပေးရေးနှင့် လေယာဉ်မပျံသန်းရေနန်များ ကန့်သတ်ချက်ကို ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ကုလသမဂ္ဂက စေလွှတ်ထားသော လက်နက်စစ်ဆေးသူများ အနက်မှ အမေရိကန်နိုင်ငံသားများသည် ခုနှစ်ရက်အတွင်း အီရတ်နိုင်ငံမှ ထွက်ခွာပေးရမည်ဟု ၁၉၉၇ ခုနှစ် ၊အောက်တိုဘာလ ၂၉ ရက်နေ့က ရာဇသံပေးခဲ့သည်။ လက်နက်စစ်ဆေးရေး အဖွဲ့ဝင်များဖြစ်ကြသည့် အမေရိကန်နိုင်ငံသား ၃ ဦးတို့အား အီရတ်နိုင်ငံတွင်းသို့ ဝင်မလာရန် ထိုနှစ်အောက်တိုဘာလ ၃၀ ရက် နေ့က တားမြစ်ခဲ့သည်၊



ဘင်္ဂဒက်မြို့တွင် ကျင်းပသည့် အစိုးရအဖွဲ့ အစည်းအဝေးတွင် သမ္မတ ဆက်ဒမ်ဟူစိန်နှင့် အိရတ်ဒုတိယဝန်ကြီးချုပ် တာရစ်အဇစ်တို့အား တွေ့ရစဉ်

လုံခြုံရေးကောင်စီကလည်း အိရတ်တို့အနေဖြင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို လိုက်နာကာ လက်နက်စစ်ဆေးဖော်ထုတ်ဖျက်သိမ်းရေး အထူးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်။ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်များဖြစ်ကြသော အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်တို့ကလည်း အန်တုခေါင်းမာနေသော အိရတ်သမဂ္ဂ ဆက်ဒမ်ဟူစိန်အား ဦးကျိုးသွားအောင် နှိမ်နင်းရေးအတွက် စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင် တွေ့ကြုံရေးနည်းလမ်းကို ကျင့်သုံးရန် ဖိအားပေးခဲ့ကြသည်။ သို့ရာတွင် အမြဲတမ်းအဖွဲ့ဝင်များပင်ဖြစ်ကြသော ရုရှား၊ ပြင်သစ်နှင့် တရုတ်နိုင်ငံတို့ကလည်း ဤအကျပ်အတည်းကို သဘမန်နည်းလမ်းအရ အစွမ်းကုန်ကြိုးပမ်းသင့်ကြောင်း ရပ်တည်ခဲ့ကြသည်။

၁၉၉၈ ခုနှစ် ဧန်နဝါရီလ ၁၃၊ ၁၄ ရက်နေ့များတွင် အိရတ် နိုင်ငံက စကော့ရစ်တား ဦးဆောင်သော အထူးကော် မရှင်၏ လုပ်ငန်းများကို ဟန်တားရန်ဆုံးဖြတ်ခဲ့သည်။ ဧန်နဝါရီ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် အိရတ်နိုင်ငံက လက်နက်စစ်ဆေးရေး အဖွဲ့ဝင်များအား "စစ်ဆေးမည့် နေရာအားလုံး၌ ခြွင်းချက်မရှိ၊ အလျင်အမြန် အပြည့်အဝစစ်ဆေးခွင့် မပေးခြင်း" အတွက် ဝမ်းနည်းမိကြောင်း ဖော်ပြခဲ့သည်။ ဤဖြစ်ရပ်မှစ၍ ၁၉၉၈ ခုနှစ် တစ်နှစ်လုံးအတွင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီနှင့် အိရတ်နိုင်ငံတို့အကြား ဖြစ်ပေါ်သော အကျပ်အတည်းသည် တင်းမျိုတစ်ခါ လျော့မျိုတစ်လှည့်ဖြင့် ကမ္ဘာ့ထိပ်တန်း သတင်းများတွင် ပါဝင်ခဲ့သည်။

ဤအကျပ်အတည်းနှင့် စပ်လျဉ်း၍ သမိုင်းဖြစ်စဉ် မှတ်တမ်း မှတ်ရာ ဖြစ်စိမ့်သော အလို့ငှာ ၁၉၉၈ ခုနှစ်၊ ဧန်နဝါရီလမှစ၍ ဒီဇင်ဘာလအထိဖြစ်ရပ်များ အကျဉ်းချုပ်ကို အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

ဧန်နဝါရီ ၁၃ – ၁၄ ။ စကော့ရစ်တား ဦးဆောင်သော အထူးကော်မရှင်အဖွဲ့အား လက်နက်စစ်ဆေးမှုများ မပြုလုပ်ရန် အိရတ်ကတားမြစ်ခဲ့သည်။

ဇန်နဝါရီ ၁၇ ။ အီရတ်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့သည့် အမိန့်များအား ရုပ်သိမ်းမပေးပါက အထူးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်နေမှု အားလုံးကို ရပ်တန့်ပစ်မည်ဟု သမ္မတ ဆက်ဒမ်ဟူစိန်က ခြိမ်းခြောက်ခဲ့သည်။



ဘဂ္ဂဒက်မြို့သို့လာရောက်ဆွေးနွေးကာကြားဝင်ဖျန်ဖြေပေးခဲ့သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်

ဖေဖော်ဝါရီ ၆ ။ ပင်လယ်ကွေ့ဒေသအတွင်း အမေရိကန်နှင့်ဗြိတိန်တပ်ဖွဲ့များအင်အားဖြည့်တင်းနေရင်း သမ္မတကလင်တန်နှင့် ဝန်ကြီးချုပ်တိုနီဘလဲယား တို့က ဆက်ဒမ်ဟူစိန် အနေဖြင့် လူများအစုအပြုံလိုက် သေကျေစေနိုင်သော လက်နက်များကို အသုံးချလျက် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့အရပ်ရပ်အပေါ် ခြိမ်းခြောက်မှုမပြုနိုင်အောင် ဟန့်တားသွားရန် သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။

ဖေဖော်ဝါရီ ၂၃ ။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ ကြားဝင်ဖျန်ဖြေမှုဖြင့် "သမ္မတ၏ အိမ်တော်ရာရှစ်ခု"တွင်ပါအထူးကော်မရှင်အား လက်နက်များ စစ်ဆေးခွင့်ပြုကြောင်း လုံခြုံရေးကောင်စီနှင့် အီရတ်နိုင်ငံတို့အကြား နားလည်သဘောတူညီမှု စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။

မတ် ၂ ။ ဖေဖော်ဝါရီလ ၂၃ ရက်နေကပြုလုပ်ခဲ့သော နားလည်သဘောတူညီမှုစာချွန်လွှာကိုဖောက်ဖျက်ပါက အီရက်အနေဖြင့် "အဆိုးဝါးဆုံးသောအကျိုးဆက်များ" ကို ခံရလိမ့်မည်ဟု ခြိမ်းခြောက်ထားသော ဆုံးဖြတ်ချက်အမှတ် ၁၁၅၄ ကိုလုံခြုံရေးကောင်စီက ချမှတ်ခဲ့သည်။

မတ် ၂၆ ။ သမ္မတအိမ်တော်ရာများကို အထူးကော်မရှင်က စတင်စစ်ဆေးခဲ့သည်။

ဧပြီ ၂ ။ အထူးကော်မရှင်သည် သမ္မတအိမ်တော်ရာများအားပထမအချီစစ်ဆေးမှုကို အပြီးသတ်ခဲ့သည်။

ဧပြီ ၂၇ ။ အထူးကော်မရှင်၏ ၆ လတစ်ကြိမ်ပုံမှန် အစီရင်ခံစာကို လေ့လာသုံးသပ်ပြီးနောက် အီရတ်နိုင်ငံအပေါ် ချမှတ်ထားသည့် တားမြစ်မိန့်များအား ပြန်လည်စဉ်းစား သုံးသပ်ပေးမည်မဟုတ်ကြောင်း လုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည်။

ဧပြီ ၃၀ ။ ပင်လယ်ကွေ့ဒေသရှိ အမေရိကန်တပ်ဖွဲ့အင်အားကို လျှော့ချရန်ကြံရွယ်ကြောင်း သမ္မတကလင်တန်က ကြေညာခဲ့သည်။

ဇွန် ၁၁–၁၅ ။ အထူးကော်မရှင်အဖွဲ့ခေါင်းဆောင်ရစ်ချာ့ဒ်ဘတ္တလာနှင့် အီရတ်ဒုတိယဝန်ကြီးချုပ်တာရစ်အဇစ်တို့အကြား အီရတ်နိုင်ငံတွင်း လက်နက်စစ်ဆေးဖော်ထုတ်ရေးလုပ်ငန်း အစီအစဉ်နှင့် အီရတ်နိုင်ငံအပေါ် ချမှတ်ထားသည့် တားမြစ်မိန့်များကို တဖြည်းဖြည်း ရုပ်သိမ်းပေးရေးတို့နှင့် စပ်လျဉ်း၍ သဘောတူညီမှုရရှိခဲ့သည်။

ဇွန် ၁၉ ။ ရေနံလုပ်ငန်းကို ပြုပြင်မွမ်းမံနိုင်ရေးအတွက် ပစ္စည်းကိရိယာများအား အမေရိကန်ဒေါ်လာသန်း ၃၀၀ ဖိုး အထိ ဝယ်ယူခွင့်ပြုကြောင်း ဆုံးဖြတ်ချက်အမှတ် ၁၁၇၅ ကို လုံခြုံရေးကောင်စီက ချမှတ်ခဲ့သည်။

ဇွန် ၂၄ ။ လုံခြုံရေးကောင်စီသို့ တင်သွင်းသည့်အစီရင်ခံစာတွင် ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲ မတိုင်မီကပင် အီရတ်နိုင်ငံ၌ ဓာတုအဆိပ်ငွေများ ထည့်သွင်းထားသည့် ဒုံးကျဉ်ထိပ်ဖူးများပါသော VX အမျိုးအစားဓာတုဗေဒ လက်နက်များ ရှိနေပြီဖြစ်ကြောင်း ရစ်ချာ့ဒ်ဘတ္တလာက တင်ပြခဲ့သည်။

ဇူလိုင် ၂၇ ။ အီရတ်နိုင်ငံသည် အဏုမြူလက်နက်များကို သိုဝှက်ထားသည့် အထောက်အထားများ ့တွေရကြောင်း နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီက လုံခြုံရေး ကောင်စီသို့ အစီရင်ခံ တင်ပြခဲ့သည်။

ဩဂုတ်လ ၅။ အဇစ်နှင့် ဘတ္တလာတို့အကြား ဆွေးနွေး ညှိနှိုင်းမှုများကို နောက်ဆုံးအချီ ပြုလုပ်ပြီး သွားသောအခါ အီရတ်လွှတ်တော်က အထူးကော်မရှင်၏ လက်နက် စစ်ဆေးမှုများကို ချက်ခြင်းရပ်ဆိုင်းပစ်ရမည်ဟု ဆုံးဖြတ် ခဲ့သည်။

ဩဂုတ် ၉ ။ အထူးကော်မရှင်သည် ၄င်း၏လုပ်ငန်းများကို ရပ်ဆိုင်းလိုက်သည်။

ဩဂုတ် ၂၀ ။ အီရတ်နိုင်ငံအပေါ်တားမြစ်မိန့်များကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီက ဆုံးဖြတ်ခဲ့သည်။

စက်တင်ဘာ ၉ ။ အီရတ်နိုင်ငံအပေါ်တားမြစ်မိန့်များ ချမှတ်ထားမှုနှင့် စပ်လျဉ်း၍ အခါအားလျော်စွာ ပြန်လည် သုံးသပ်ပေးနေမှုကို အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက် ကြောင်းနှင့် အီရတ်သည် အထူးကော်မရှင်နှင့် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၁၉၄ ကို ချမှတ်လိုက်သည်။

အောက်တိုဘာ ၃၁ ။ တော်လှန်ရေးကွပ်ကဲမှုကောင်စီနှင့် ဘာ့သ်ပါတီတို့၏ ပူးတွဲအစည်းအဝေးက အထူးကော်မရှင် နှင့် ပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဌာန်အားလုံးကို တရားဝင်အဆုံးသတ်လိုက်ပြီဖြစ်ကြောင်းနှင့် ဘတ္တလာ အား အထူးကော်မရှင်မှ ထုတ်ပယ်ရန် တောင်းဆိုကြောင်း ဆုံးဖြတ်ခဲ့သည်။

နိုဝင်ဘာ ၅ ။ ပင်လယ်ကွေဒေသအတွင်း အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့များကို အသစ်တစ်ဖန် အင်အားဖြည့်တင်း ခဲ့သည်။ ထိုအတောအတွင်းမှာပင် အီရတ်အနေဖြင့် အောက်တိုဘာလ ၃၁ ရက်နေက ချမှတ်ခဲ့သည့် ဆုံးဖြတ် ချက်ကို ခြွင်းချက်မရှိ ချက်ခြင်းပြန်လည်ရုပ်သိမ်း ပေးရန်နှင့် စစ်ရေးခြိမ်းခြောက်မှု မပြုလုပ်ရန် လုံခြုံရေး ကောင်စီက ဆုံးဖြတ်ချက်အမှတ် ၁၂၀၅ ကို ချမှတ်ခဲ့သည်။

နိုဝင်ဘာ ၁၅ ။ အမေရိကန်နှင့်ဗြိတိန်တို့က လေကြောင်း တိုက်ခိုက်မှုများစတင် မပြုလုပ်မီနာရီပိုင်းမျှအလိုတွင်

အစားအသောက်ဝေငှသည့် စခန်းတစ်ခုတွင် တန်းစီစောင့်ဆိုင်းနေကြသည့် အီရတ်အမျိုးသမီးများ



သမ္မတဆက်ဒမ်ဟူစိန်က အောက်တိုဘာလ ၃၁ရက်နေ့တွင် ဆုံးဖြတ်ချက်ကို ပယ်ဖျက်လိုက်ကြောင်း ကြေညာခဲ့သည်။

နိုဝင်ဘာ ၁၇ ။ အထူးကော်မရှင်သည် လက်နက်များ စစ်ဆေးမှု ထပ်မံပြုလုပ်နိုင်ရန်အတွက် အီရတ်သို့ပြန်လည် သွားရောက်ခဲ့သည်။

နိုဝင်ဘာ ၂၄ ။ "ရေနံနှင့်စားနပ်ရိက္ခာလဲလှယ်ရေး" အစီအစဉ်ကို အသစ်တစ်ဖန်ပြုလုပ်ခွင့်ပြုကြောင်းလုံခြုံရေးကောင်စီက အတည်ပြုပေးလိုက်သည်။ ရေနံနှင့်စားနပ်ရိက္ခာလဲလှယ်ရေး အစီအစဉ်အရ နောက်ထပ် ၆ လကာလအတွင်း အီရတ်သည် မိမိ၏ရေနံများကို အမေရိကန်ဒေါ်လာသန်း ၅၁၀သမ၂၀၀ ဖိုးအထိ ရောင်းချ၍ အစားအစာ ဆေးဝါးစသော လူသားချင်းညှာတာ ထောက်ထားသောအားဖြင့် ရောင်းချပေးသည့်ပစ္စည်းများကို ဝယ်ယူတင်သွင်းခွင့် ရရှိသွားသည်။

ဒီဇင်ဘာ ၉ ။အထူးကော်မရှင်က ဘဂ္ဂဒက်မြို့ရှိ ဘာသပါတီ အဆောက်အအုံတွင်းသို့ ဝင်ရောက်စစ်ဆေးမှုကို အီရတ်က ပိတ်ဆို့ထားလိုက်သည်။

ဒီဇင်ဘာ ၁၅ ။ အထူးကော်မရှင်ခေါင်းဆောင် ရစ်ချာ့ဒ် ဘတ္တလာက အီရတ်သည် လက်နက်စစ်ဆေးမှုများကို အကြိမ်ကြိမ်တားဆီးခဲ့ကြောင်း၊ ပူးပေါင်းဆောင်ရွက်ရေး ကတိကဝတ်ကို ဖောက်ဖျက်ခဲ့ကြောင်း၊ ဒုံးကျည်များ လွှတ်တင်ပေးသည့် စက်ကိရိယာများကို ဖျက်သိမ်းရန် ငြင်းဆန်ခဲ့ကြောင်း၊ ပိုးမွှားလက်နက်များနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပေးရန်ငြင်းဆိုခဲ့ကြောင်း စသည့်အချက်များပါဝင်သော အစီရင်ခံစာကို လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်။

ဒီဇင်ဘာ ၁၆ –၂၀ ။အမေရိကန်နှင့် ဗြိတိန်တို့က အီရတ်နိုင်ငံအပေါ် "သဲကန္တာရမြေခွေး" ဟု လျှို့ဝှက်အမည်ခံထားသော လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုများ ။ ရစ်ချာ့ဒ်ဘတ္တလာ၏ အစီရင်ခံစာကို လုံခြုံရေးကောင်စီဝင် ၁၅ ဦးစုံညီအဖွဲ့ ဆွေးနွေးနေဆဲအချိန်မှာပင် လုံခြုံရေးကောင်စီ၏ တရားဝင် ခွင့်ပြုချက်မရှိဘဲ အမေရိကန်နှင့်ဗြိတိန်တို့သည် အီရတ်နိုင်ငံအပေါ် လေကြောင်းတိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုများကို စတင်ပြီး အချိန်မှာပင် သမ္မတကလင်တန်က ရုပ်မြင်သံကြားအစီအစဉ်မှတစ်ဆင့် အမေရိကန်ပြည်သူများသို့ ရှင်းပြခဲ့သည်။ ထိုရှင်းပြချက်တွင် အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့လုံခြုံရေးကို ခြိမ်းခြောက်နေသည့် ဆက်ဒမ်၏ စစ်ရေးစွမ်းရည်ကို ချိုးနှိမ်လိုက်ရန် ဖြစ်ကြောင်း၊ ဆက်ဒမ်ပြုတ်ကျပြီး အီရတ်၌ အစိုးရအဖွဲ့သစ် တက်လာနိုင်မှသာ အပြီးသတ်ငြိမ်းချမ်းလုံခြုံမှု ရရှိနိုင် ကြောင်း စသည်တို့ကို ထည့်သွင်း ပြောကြားခဲ့သည်။ ဗြိတိန်မှ ဝန်ကြီးချုပ် တိုနီဘလဲယာကလည်း အလားတူသံယောင်လိုက်၍ ပြောကြားခဲ့သည်။ ဤတိုက်ပွဲတွင် အီရတ်နိုင်ငံပေါ် စစ်လေယာဉ်ပျံသန်းမှုအကြိမ်ပေါင်း ၆၅၀ ရှိခဲ့၍ အကြိမ်ပေါင်း ၂၅၀ တွင် ဗုံးကျဲမှုများပြုလုပ်ခဲ့သည်။ အမေရိကန်ဘီ – ၅၂ ဗုံးကျဲလေယာဉ်တို့ကလည်း ဗုံးအလုံးပေါင်း ၉၀ ကို ကျဲချခဲ့သည်။ စစ်ရေယာဉ်များမှ တစ်ဆင့် တွမ်မဟောက် ဒုံးကျည် ၃၂၅ လုံးကို ပစ်လွှတ်ခဲ့သည်။ ဤ ၇၂ နာရီကြာ တိုက်ပွဲတွင် လူများအစုအပြုံလိုက် သေကြေစေနိုင်သော လက်နက်များတည်ရှိရာ နေရာ ၃၀၊ လေကြောင်း ကာကွယ်ရေးစခန်းနှင့် ဒုံးကျည်ပြုပြင်ရေးစခန်း ၂၇ ခု၊ စစ်ဦးစီး ကွပ်ကဲမှုစခန်း ၂၀၊ လက်နက်များ ထုတ်လုပ်မှုကို လုံခြုံရေး အကာအကွယ်ပေးနေသည့် နေရာပေါင်း ၁၈ ခု၊ ကြည်းတပ်စခန်း ၁၀ ခု၊ သမ္မတ အိမ်တော်ရာ ၈ ခု၊ လေယာဉ်ကွင်း ၆ ခု တို့ကို ထိမှန်အောင် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဤသို့ လေကြောင်းတိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ သမ္မတ ကလင်တန်အား ရိပတ်ဘလိကန်အမတ်များက ဝေဖန်ပြစ်တင်ခဲ့သည်။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲဝင်ရာထူး၊ ပြင်သစ်နှင့် တရုတ်တို့ကလည်း မကျေမနပ်ဖြစ်ခဲ့သည်။ အိဂျစ်၊ ကျော်ဒန်၊ ဆီးရီးယားစသော အာရပ်နိုင်ငံများတွင်လည်း အမေရိကန်ဗြိတိန် ဆန့်ကျင်ရေးဆန္ဒပြပွဲများ ဖြစ်ပေါ်ခဲ့သည်။ ကုလသမဂ္ဂအတွင်း အထူးကော်မရှင်ဖွဲ့စည်းမှုကို ပြန်လည်သုံးသပ်ရေး၊ အီရတ်နိုင်ငံအပေါ် ချမှတ်ထားသည့် တားမြစ်မိန့်များအား ပြန်လည်ဆန်းစစ်ရေး ဖြစ်ပေါ်စေသည်အထိ ဂယက်ရိုက်ခတ်မှုများ ရှိလာခဲ့သည်။

ဦးခင်မောင်မြ

ဥရောပသမဂ္ဂ ။ ။ဥရောပသမဂ္ဂသည် ယခုအခါတင်းပြည့်အဖွဲဝင် ၁၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။ အဖွဲဝင်နိုင်ငံများမှာ သြစတြီးယား၊ ဘယ်လ်ဂျီယမ်၊ ဒိန်းမတ်၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ(စ်)၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘာ့ဂ်၊ နယ်သာလန်၊ ပေါ်တူဂီ၊ စပိန်၊ ဆွီဒင်နှင့် ယူနိုက်တက်ကင်းဒမ်း နိုင်ငံတို့ဖြစ်ကြသည်။ အာဖရိက၊

ကာရစ်ဘီယန်နှင့် ပစိဖိတ်ဒေသများမှ နိုင်ငံပေါင်း ၇၀ ခန် သည်လည်း ဥရောပသမဂ္ဂနှင့် ဆက်သွယ်ထားကြသည်။

၁၉၅၁ ခုနှစ်မှ ၁၉၅၈ ခုနှစ်ကာလများအတွင်း ဥရောပ ဘုံဈေးအဖွဲ့(European Economic Community - EEC)၊ ဥရောပကျောက်မီးသွေးနှင့် သံမဏိဘုံအဖွဲ့နှင့် ဥရောပ အက္ခုမြူစွမ်းအင်ဘုံအဖွဲ့ (European Atomic Energy Community - Euratom) တိုကို ဖွဲ့စည်းခဲ့ကြသည်။ ၁၉၆၇ ခုနှစ် ၊ ဇူလိုင်လ ၁ ရက်နေတွင် ထိုအဖွဲ့ ၃ ခုကို တစ်ဖွဲ့တည်းအဖြစ် ပေါင်းစည်းခဲ့သည်။ ယင်းသို ပေါင်းစည်းထားသောအဖွဲ့ကို ၁၉၉၄ ခုနှစ်အထိ ဥရောပ ဘုံအဖွဲ့ (European Community - EC) ဟု အမည်တွင်ခဲ့သည်။

ဥရောပသမဂ္ဂဖွဲ့စည်းပုံတွင် အမြဲတမ်းတည်ရှိနေသည့် အဖွဲ့အစည်းများမှာ ဝန်ကြီးများကောင်စီ၊ ဥရောပကော်မရှင်၊ ဥရောပပါလီမန်နှင့် ဥရောပတရားရုံးတို့ ဖြစ်ကြသည်။ ၁၉၉၈ ခုနှစ် ၊ ဇွန်လ ၁ ရက်နေက တည်ထောင်လိုက်သော ဥရောပဗဟိုဘဏ် (Euiropean Central Bank - ECB) ကို သီးခြားလွတ်လပ်စွာ လုပ်ကိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့် ရှိသော အဖွဲ့အစည်းအဖြစ် ထားရှိသည်။

ဥရောပသမဂ္ဂ၏ ရည်ရွယ်ချက်မှာ ဥရောပတိုက်ရှိ ဒီမို ကရေစီနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများကို ပေါင်းစည်းကာ လူမှုဖွံ့ဖြိုးတိုးတက်မှုများကို ဆက်စပ်ညှိနှိုင်းလျက် နိုင်ငံရေးအပေါင်းအစုတစ်ခုဖြစ်လာစေရန် ဖြစ်သည်။ တစ်နည်းအားဖြင့် ဥရောပတိုက်ရှိ ဒီမိုကရေစီနိုင်ငံများ၏ စီးပွားရေး၊ လူမှုရေး ညှိနှိုင်းစုစည်းမှုများမှ တစ်ဆင့် နိုင်ငံရေးအရ တစ်ပေါင်းတစ်စည်းတည်းသော အင်အားစုဖြစ်လာစေရန် ရည်ရွယ်ထားသော အဖွဲ့အစည်း ဖြစ်သည်။ ၁၉၉၂ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေမှ စတင်ပြီး ဥရောပသမဂ္ဂဝင်နိုင်ငံများအကြား ကုန်စည်များ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ အရင်းအနှီးများ၊ အလုပ်သမားများ၊ နယ်လှည့်ခရီးသည်များအတွက် ချုပ်ချယ်တားဆီးမှုများကို ဖယ်ရှားလိုက်ပြီး လွတ်လပ်စွာ ကူးလူးဆက်ဆံလုပ်ကိုင်သွားလာခွင့်များ ရရှိခဲ့ သည်။

ထိပ်သီးအစည်းအဝေးများ – ၁၉၉၈ ခုနှစ် ၊ဇန်နဝါရီလ မှ ဇွန်လကုန်အထိ ကာလအတွင်း ဥရောပသမဂ္ဂ၏ ဥက္ကဋ္ဌ အဖြစ် ယူနိုက်တက်ကင်းဒမ်းနိုင်ငံ (ဗြိတိန်)က ဆောင်ရွက်ခဲ့ပါသည်။ ဇူလိုင်လ ၁ ရက်မှ ဒီဇင်ဘာလကုန်အထိ ထိုဥက္ကဋ္ဌတာဝန်ကို သြစတြီးယားနိုင်ငံက ဆောင်ရွက်ခဲ့ပါသည်။ ဥက္ကဋ္ဌတာဝန်အပြောင်းအလဲကို အထိမ်းအမှတ်ပြုသောအား ဖြင့် အဖွဲ့ဝင် ၁၅ နိုင်ငံမှ နိုင်ငံနှင့်အစိုးရအဖွဲ့အကြီးအကဲများ ၏ ထိပ်သီးအစည်းအဝေးကို ယူနိုက်တက်ကင်းဒမ်းနိုင်ငံရှိ ကားဒစ်(ဖ်)မြို့တွင် ဇွန်လ ၁၅– ၁၆ ရက်နေများ၌ ကျင်းပခဲ့ပါသည်။ ဤအစည်းအဝေးမှာ စက်တင်ဘာလတွင် ကျင်းပမည့် ဂျာမနီ ရွေးကောက်ပွဲများနှင့်ဆက်စပ်နေသဖြင့်ထိုရွေးကောက်ပွဲမှ ရလဒ်မထွက်ပေါ်မီ အရေးကြီးသော အဆုံးအဖြတ်များကို ချမှတ်ခြင်းမပြုရန် မသိနိုးနား သဘောဖြင့် ရှောင်လွှဲခဲ့ကြသည်။ ဂျာမန်ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်သည် ပဋိပက္ခအကြိမ် သက်တမ်းကို အရှေးခံနိုင် ရေးအတွက် အပြင်းအထန် ကြိုးပမ်းနေချိန် ဖြစ်သည်။ ခိုးလ်က ဂျာမနီအနေဖြင့် ဥရောပသမဂ္ဂသို အသားတင် ထည့်ဝင်ငွေများကို လျှော့ချမည်ဟု အရေးဆိုသည်။ ယင်းသို အရေးဆိုမှုကို ပြင်သစ်သမ္မတက တိုက်ရိုက်ဆန့်ကျင်ခဲ့သည်။ ကားဒစ်(ဖ်) ထိပ်သီးအစည်းအဝေး အစီအစဉ်ချမှတ်နိုင်ရေးကို ရည်စူးလျက် ဇွန်လ ၈ ရက်နေတွင် ခိုးလ်နှင့် ရှိရက်တိုက လူသိရှင်ကြားစာတစ်စောင်ကို ရေးသားခဲ့ကြသည်။ ထိုစာ၌ ဥရောပသမဂ္ဂအဖွဲ့အစည်းများသည် နိုင်ငံအသီးသီးရှိ ပြည်သူများနှင့် ကင်းကွာနေကြောင်း၊ ဥရောပသမဂ္ဂ၏ ဗဟိုအုပ်ချုပ်မှုကို လျှော့ချသင့်ကြောင်း၊ ကြားတစ်ဆင့်ခံအဖွဲ့ များကို ပိုမိုဖွဲ့ပေးသင့်ကြောင်း၊ နိုင်ငံအသီးသီး၏ နိုင်ငံရေးနှင့် ယဉ်ကျေးမှုတို့အရ ကွဲပြားခြားနားတည်ရှိနေမှု ကို လေးစားအသိအမှတ်ပြုရင်း ဥရောပသမဂ္ဂ အဖွဲ့အစည်းများသည် နိုင်ငံများမှ ပြည်သူတို့နှင့် ပိုမိုနီးကပ်စွာ ထိတွေ့မှုရှိသင့်ကြောင်း ဖော်ပြခဲ့ကြသည်။ ဂျာမနီနှင့် ပြင်သစ်တို့သည် ဥရောပဗဟိုဘဏ် ဥက္ကဋ္ဌ ရွေးချယ်ခန်ထားရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ ဆက်ဆံရေး တင်းမာခဲ့သည်။ ဤတင်းမာမှုကို လျှော့ပါးစေပြီး အပြန်အလှန် ယုံကြည်မှုရရှိရေးကို ရည်ရွယ်ရင်း စွဲဖြင့် အဆိုပါစာကို ရေးခဲ့ကြခြင်းဖြစ်သည်။ ဤအစည်းအဝေး၌ ဆွေးနွေး ညှိနှိုင်းကြရင်း နောက်ဆုံးတွင် ဥရောပသမဂ္ဂနှင့် နိုင်ငံအသီးသီးမှ အစိုးရအဖွဲ့တို့အကြား အဆုံးအဖြတ်ပြုပိုင်ခွင့် အာဏာကို အချိုးညီမျှတစွာ အသုံးပြုကြရန် သဘောတူညီမှု ရခဲ့သည်။ ဤအစည်းအဝေးတွင် ဂရိ(စ်)၏ ကန်ကွက်မှု ကြောင့် တူရကီအား ဥရောပသမဂ္ဂ အဖွဲ့ဝင်အဖြစ် လက်ခံရေးကို ရွှေ့ဆိုင်းထားခဲ့ကြသည်။

၁၉၉၈ ခုနှစ်၏ ဒုတိယနှစ်ဝက် ကာလအတွက် သြစတြီးယား:က ဥရောပသမဂ္ဂ၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ပြီး:နောက် ၁၉၉၉ ခုနှစ်၏ ပထမနှစ်ဝက် ကာလအတွက် ထိုတာဝန်ကိုဂျာမနီသို လွှဲပြောင်း:ပေး:အပ်မှု အထိမ်း:အမှတ်အဖြစ် ထိပ်သီး: အစည်း:အဝေး:ကို သြစတြီး:ယား:နိုင်ငံ၊ ဗီယင်နာမြို့၌ ဒီဇင်ဘာလ ၁၁– ၁၂ ရက်နေ့များ:တွင် ကျင်း:ပခဲ့သည်။ ဤအစည်း:အဝေး:၌ သက္ကရာဇ် ၂၀၀၀ တွင် သုံး:စွဲမည့် ဥရောပသမဂ္ဂ၏ ဘတ်ဂျက်နှင့် ပတ်သက်၍ သဘောထား: ကွဲလွဲမှုများ: အကြီး:အကျယ်ဖြစ်ပေါ်ခဲ့သည်။ ထိုနှစ်တွင် ဥရောပသမဂ္ဂသည် အမေရိကန်ဒေါ်လာ ဘီလီယန် ၁၀၀ သုံး:စွဲရန် လျာထား:ခဲ့ သည်။ ထိုဘတ်ဂျက်ကို လျှော့ချရေး:နှင့် စပ်လျဉ်း၍ အငြင်း:ပွား:ခဲ့ကြသည်။ ဂျာမနီက အသား:တင်ထည့်ဝင်ငွေ ဒို့ုက်(ရှ်) မတ်ငွေ ၂၂ ဘီလီယန်ကို လျှော့ချလိုခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဖြိတိန် ဝန်ကြီး:ချုပ် မာဂရက်သက်ချာသည် ဥရောပသမဂ္ဂမှ နှစ်စဉ်ပြန်အမ်း:ငွေ အမေရိကန်ဒေါ်လာ ၃.၅ သန်း:ရအောင် ပြုလုပ်ခဲ့သည်။ ထိုပြန်အမ်း:ငွေကို စွန့်လွှတ်ရန် အခြား:အဖွဲဝင်များ:က ဖိအား:ပေး:ခဲ့ကြသည်။ ပြင်သစ်ကလည်း: ဘဏ္ဍာရေး: အသုံး:စရိတ်အတွက် မျှဝေတာဝန်ယူရမည်ဟူသောအချက်ကို ကန့်ကွက်ခဲ့သည်။ ဤသို့ဖြင့် ဥရောပသမဂ္ဂအတွက် အများ:ဆုံး:သုံး:စွဲနိုင်မည့် ငွေကြေး:ပမာဏနှင့် ပတ်သက်၍ သဘောမတူညီကြဘဲ အခြား:ဆုံး:ဖြတ်ချက်များ:ကိုပါ ရွှေဆိုင်း:ခဲ့ရသည်။ ဥရောပသမဂ္ဂသို့ အဖွဲဝင်သစ်များ: ဖြစ်ရေး:အတွက် လျှောက်လွှာများ:ကိုလည်း: ရက်ချိန်း:မသတ်နိုင်ဘဲ ရွှေဆိုင်း:ထား:ခဲ့ကြရသည်။ ဤအစည်း:အဝေး:က ၁၉၉၉ ခုနှစ်၊ မတ်လ ၂၄– ၂၅ ရက်နေ့များ:တွင် သက္ကရာဇ် ၂၀၀၀ အစီအစဉ်ကို သဘောတူကြရန် သတ်မှတ်ခဲ့ကြသည်။ ဤအစီအစဉ်အရ ဘတ်ဂျက်ကိစ္စ၊ လယ်ယာစိုက်ပျိုးရေး:ကိစ္စ၊ ဒေသအလိုက်ကူညီထောက်ပံ့ရေး:ကိစ္စများ:ကို ဆွေး:နွေး:ဆုံး:ဖြတ်ကြရန် ဖြစ်သည်။ ထိုအပြင် အလုပ်အကိုင်ရရှိရေး:နှင့် ပတ်သက်၍လည်း: ဦး:စား:ပေး:စဉ်း:စား:ကြရန် သဘောတူညီခဲ့ကြသည်။

အမဲသား:၊ကြက်သား: အငြင်း:ပွား:မှု – ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့အကြား:အမဲသား:၊ ကြက်သား:၊ သို:သား:များ:တင်သွင်း:ရောင်း:ချမှုတို့နှင့်ပတ်သက်၍ အငြင်း:ပွား:မှုကြောင့် နှစ်ဘက်ဆက်ဆံရေး: တင်း:မာခဲ့သည်။ အမေရိကန်နှင့်ကနေဒါနိုင်ငံတို့မှ ထုတ်လုပ်သော အမဲသား:၊ ကြက်သား:များ:တွင် လဘ်မုန်:ဓါတ် သွင်း:ထား:သဖြင့် ကျန်း:မာရေး:အတွက်အန္တရာယ်ရှိနိုင်သောကြောင့် ဥရောပသမဂ္ဂက ၄င်း:အသား:များ:တင်သွင်း:မှုကို ပိတ်ပင်ခဲ့သည်။ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလအစောပိုင်း:တွင် နွား:ရူး:ရောဂါ ကင်း:မကင်း:စစ်ဆေး:မှုများ:၌ ပေါ်လျော့်သည်ဆိုကာ အမေရိကန်ပြည်ထောင်စုကလည်း: ဥရောပသမဂ္ဂမှ အမဲသား:နှင့်သို:သား: တင်သွင်း:မှုကို ပိတ်ပင်ခဲ့သည်။ ဤသို့ အငြင်း:ပွား:မှုနှင့်စပ်လျဉ်း၍ ဥရောပသမဂ္ဂမှ စိုက်ပျိုးရေး: တာဝန်ခံမှူး ဖရင့်(ဒ်)ဖစ်ရှာ:နှင့် အမေရိကန်စိုက်ပျိုးရေး:ဝန်ကြီး: ဒန်ဂလစ်မန်:တို့သည် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေက ညှိနှိုင်း:ဆွေး:နွေး:ခဲ့ကြသည်။ အမေရိကန်၏ အပြုအမူသည် ဥရောပသမဂ္ဂ၏အမဲသား:၊ ကြက်သား:တင်သွင်း:ခြင်း:အား: ပိတ်ပင်မှုအပေါ် တုံ့ပြန်ချက်သာ ဖြစ်သည်ဟု ဥရောပနိုင်ငံများ:က ယူဆခဲ့ကြသည်။ အမေရိကန်ကလည်း: ဥရောပသမဂ္ဂ၏ ပိတ်ပင်မှုသည် ကျန်း:မာရေး:အကြောင်း:ပြချက်ထက် နိုင်ငံရေး: သက်ဝင်မှုက ပို များ:သည်ဟု ယူဆခဲ့သည်။ ဥရောပသမဂ္ဂမှ အသား:များ: နှင့် အဆိုခံများ:ကို မတင်သွင်း:သဖြင့် အမေရိကန်၏ ဆပ်ပြာခဲနှင့် အလှကုန်ပစ္စည်း:များ: ထုတ်လုပ်မှုကို ထိခိုက် စေခဲ့သည်။

အသား:များ:တင်သွင်း:မှုနှင့်စပ်လျဉ်း၍ အလား:တူ ဖြစ်ရပ်မျိုး: သည် ဥရောပသမဂ္ဂနှင့် ယူနိုက်တက်ကင်း:ဒမ်း:တို့အကြား:၌လည်း: ဖြစ်ပေါ်ခဲ့သည်။ ဗြိတိန်၌ နွား:ရူး:ရောဂါများ: ဖြစ်ပွား:မှုကြောင့် ဥရောပသမဂ္ဂကဗြိတိန်မှ အမဲသား:များ: တင်သွင်း: မှုကို ၁၉၉၆ ခုနှစ်က ပိတ်ပစ်ခဲ့သည်။ သို့ရာတွင် ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလတွင် ယင်း:သို့ပိတ်ပင်ထား:မှုအား: တစ်စိတ်တစ်ပိုင်း:လျှော့ပေါ့ပေး:ရန် သဘောတူခဲ့သည်။ မြောက်ပိုင်း:အိုင်ယာလန်တွင် နွား:ရူး:ရောဂါကင်း:၊ မကင်း: စစ်ဆေး:မှုကောင်း:ခြင်း:၊ နွား:ရူး:ရောဂါအဖြစ်နည်း:ခြင်း: တို့ကြောင့် ထိုဒေသမှ အမဲသား:များ:ကို တင်သွင်း:ခွင့်ပြုရန် ဥရောပကော်မရှင်က အတည်ပြုခဲ့သည်။

အမေရိကန်နှင့် ကနေဒါနိုင်ငံတို့မှ အမဲသား:၊ ကြက်သား:များ:ကို ဥရောပသမဂ္ဂက ပိတ်ပင်ထား:မှုသည် နိုင်ငံတကာ ကုန်သွယ်ရေး:စည်း:မျဉ်း:များ:ကို ဖောက်ဖျက်ရာ ကျကြောင်း: ကမ္ဘာ့ကုန်သွယ်ရေး:အဖွဲ့မှ အယူခံအဖွဲ့က ဇန်နဝါရီလ ၁၆ ရက်နေ့တွင် စီရင်ချမှတ်ခဲ့သည်။ ဤစီရင်ထုံး:သည် အမေရိကန်၊ ကနေဒါနှင့် ဥရောပသမဂ္ဂတို့အကြား: ၉ နှစ်ကြာအငြင်း:ပွား:မှုကို အဆုံး:သတ်ရန် ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်ရေး:အဖွဲ့၏ စီရင်ထုံး:တွင် ဥရောပသမဂ္ဂဘက်မှအ ချက်များ:စွာကို ထောက်ခံခဲ့

သည်။ သိပ်ပံနည်းကျကျအခြေခံလျက် အစား:အစာများ၏ စံချိန်ကောင်းမှုကို တင်းကျပ်စွာစစ်ဆေးခြင်း ဖြစ်လျှင် သက်ဆိုင်ရာ နိုင်ငံတကာကုန်သွယ်ရေးစည်းမျဉ်းများအား ဖောက်ဖျက်ခြင်းကို ခွင့်ပြုသင့်ကြောင်း၊ ဟော်မုန်းတက်သွင်းထားသော အစား:အစာများကို တိရစ္ဆာန်များကို စား:ပြီး ထိုတိရစ္ဆာန်ထွက် အသား၊ နို့နှင့်ဥများကို လူတွေကစား:ခြင်းဖြင့် အစား အစာကွင်းဆက်မှတစ်ဆင့် ရောဂါများပျံနှံ့နိုင်သောကြောင့် အသား:များတင်သွင်းမှုကို ပိတ်ပင်ရုံး ရောဂါမကင်းသော အစား:အစာများအား ကမ္ဘာအရပ်ရပ်သို့ မပျံ့အောင် ဆောင်ရွက်ခြင်းကို ခွင့်ပြုသင့်ကြောင်း ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့က မှတ်ချက်ပြုခဲ့သည်။ ကမ္ဘာ့ ကုန်သွယ်ရေးအဖွဲ့၏ စီရင်ထုံးနှင့်မှတ်ချက်များ ထွက်ပေါ် လာပြီး နောက် ဥရောပ သမဂ္ဂ၏ ကုန်သွယ်ရေးတာဝန်ခံမှူး ဆာလီယွန် ဘရစ်တန်က အမေရိကန်နှင့်ကနေဒါတို့မှ အမဲသား၊ ကြက်သား များ တင်သွင်းမှု ပိတ်ပင်ထား:ခြင်းကို ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဒေါ်လာငှက်ပျောသီး အငြင်းပွား:မှု – လက်တင် အမေရိကနိုင်ငံများ၏ ငှက်ပျောသီးစိုက်ပျိုးထုတ်လုပ်ရောင်းချမှုတို့၌ အမေရိကန်ငွေရှင်ကြေးရှင်များ၏ ရင်းနှီးငွေအများဆုံး ပါဝင်နေသဖြင့် လက်တင်အမေရိကမှ ငှက်ပျောသီးများကို ဒေါ်လာငှက်ပျောသီးများဟု ဝေါဟာရ တွင်ကျယ်သွား:ခြင်းဖြစ်သည်။

ဧန်နဝါရီလ ၁၄ ရက်နေ့တွင် ဥရောပသမဂ္ဂက ငှက်ပျောသီး တင်သွင်းမှုနှင့်စပ်လျဉ်း၍ လက်ရှိကျင့်သုံးနေသော တင်သွင်းခွင့်လိုင်စင်ထုတ်ပေးမှု စနစ်ကို ဖျက်သိမ်း:ကာ တင်သွင်းမှုအတိုင်း:အတာ ကန်သတ်မှု စနစ်ကို ကျင့်သုံး: တော့်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ငှက်ပျောသီး တင်သွင်းခွင့် လိုင်စင်ထုတ်ပေးသည့် စနစ်ကို ဥရောပသမဂ္ဂသည် ၁၉၉၃ ခုနှစ်ကစ၍ ကျင့်သုံး:ခဲ့သည်။ ဤစနစ်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ငှင်း:တို့၏ ယခင် ကိုလိုနီနိုင်ငံများ အပေါ် မျက်နှာသာပေး:ရာကျသည်ဟု ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ဝေဖန် ပြစ်တင်ခဲ့သည်။ သို့ဖြစ်၍ လက်ရှိစနစ်ကို ဖျက်သိမ်း:ပြီး စနစ်သစ်ကို ကျင့်သုံး:မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ကြေညာခဲ့ခြင်း:ဖြစ်သည်။

စနစ်သစ်အရ ဥရောပသမဂ္ဂနိုင်ငံများသို့ ပထမအကြိမ်တင်သွင်းမည့်ငှက်ပျောသီးတန်ချိန် ၂.၂ သန်း အတွက် တစ်တန်လျှင် အကောက်ခွန်အဖြစ် ဥရောပငွေကြေးယူနစ် ၇၅ ယူနစ် (၁၉၉၈ ခုနှစ်၊ ဧန်နဝါရီလ ၁၆ ရက်နေ့တွင်အမေရိကန်တစ်ဒေါ်လာသည်ဥရောပငွေကြေးယူနစ် –အီစီယူ– ၀.၉၂၄၄ နှင့်ညီမျှသည်)ပေးဆောင်ရမည် ဖြစ်သည်။ ဆက်လက်၍ တင်သွင်းမည့် တန်ချိန် ၂၅၃၀၀၀ တန်အတွက် အာဖရိက၊ ကာရစ်ဘီယန်နှင့် ပစိဖိတ်နိုင်ငံများသည် တစ်တန်လျှင်အီးစီးယူ ၁၀၀ ပေးဆောင်ရမည် ဖြစ်သည်။ (အာဖရိက၊ ကာရစ်ဘီယန်နှင့်ပစိဖိတ် နိုင်ငံများကို အတိုကောက်အား:ဖြင့် အေစီပီနိုင်ငံများ:ဟု ခေါ်တွင်သည်။) လက်တင် အမေရိကနိုင်ငံများ:မှ တင်သွင်း:မည့် ဒေါ်လာငှက်ပျောသီး:များအပေါ် တစ်တန်လျှင် အီး:စီး:ယူ ၃၀၀ကို အကောက်ခွန်အဖြစ်ပေးဆောင်ရမည် ဖြစ်သည်။ ဥရောပ သမဂ္ဂသည် နောက်ထပ် ၁၀ နှစ်ကာလအတွင်း အေစီပီနိုင်ငံများ၏ ငှက်ပျောသီး:ထုတ်လုပ် ရောင်း:ချမှုတွင် ယှဉ်ပြိုင်နိုင်စွမ်း:ရှိမှုအား:ကောင်း:စေရန် ငွေကြေး:ထောက်ပံ့မှု ပေး:ဦး:မည်ဟုလည်း ကြေညာထား:သည်။

ဥရောပသမဂ္ဂသည် ယခင်ကိုလိုနီနိုင်ငံများ:အပေါ် မျက်နှာလိုက်သည်ဟုအမေရိကန်ပြည်ထောင်စုကစွပ်စွဲသည်။ ဥရောပသမဂ္ဂ၏ ငှက်ပျောသီး တင်သွင်း:မှုဆိုင်ရာ မူဝါဒကို ဆန့်ကျင်သောအား:ဖြင့် ဥရောပသမဂ္ဂမှ ထုတ်လုပ်သည့် လူသုံး:ကုန်ပစ္စည်း:အမည် မြောက်မြား:စွာတို့အပေါ် အကောက်ခွန်အနေဖြင့် ၁၀၀ ရာခိုင်နှုန်း သတ်မှတ်မည် ဖြစ်ကြောင်း ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုက ကြေညာခဲ့သည်။ ယင်း:သို့ကြေညာမှုကို တုံ့ပြန်သည့် အနေဖြင့် ဥရောပသမဂ္ဂကလည်း အမေရိကန်၏ပြုမူဆောင်ရွက်ချက်အပေါ် ခုံအဖွဲ့ဖြင့်စစ်ဆေး:ပေး:ရန် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ တိုင်တမ်း:လိုက်သည်။ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြင်သစ်နိုင်ငံခြား:ရေး:ဝန်ကြီး: ဌာနက စီး:ပွား:ရေး:ပိတ်ဆို့မှုများ:ဖြင့် ခြိမ်း:ခြောက်နေသော အမေရိကန်၏ အပြုအမူတို့ကို ပြစ်တင်ရှုတ်ချကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စီရင်ထုံးများအတိုင်း လိုက်နာဖြည့်ကျင့်ခဲ့ပြီး:ဖြစ်ကြောင်း ကြေညာချက်တစ်စောင်ကို ထုတ်ပြန်လိုက်သည်။

ဥရောပသမဂ္ဂနှင့် အမေရိကန် ပြည်ထောင်စုတို့ အကြား:တင်း:မာမှုများ:ဖြစ်ပေါ်စေသည့် အခြား:အကြောင်း:တစ်ရပ်လည်း:ရှိသေး:သည်။ ထိုအကြောင်း:မှာ အမေရိကန်တို့၏ တား:ဆီး:မိန့်များ: ထုတ်ပြန်ခဲ့မှုဖြစ်သည်။ ဟင်း:(မ်)(စ်)ဘာတွန်အက်ဥပဒေဖြင့် အမေရိကန်သည် ကျူး:ဘား:အပေါ် တား:ဆီး:မိန့်များ: ချမှတ်ခဲ့သည်။ ဒီအာမာတိုအက်ဥပဒေခေါ် အီရန်၊ လစ်ဗျား: တား:ဆီး:မိန့်များ: အက်ဥပဒေဖြင့် ထိုနိုင်ငံများ:အပေါ် တား:ဆီး:မိန့်များ: ချမှတ်ခဲ့သည်။ ဥပရော အကျိုး:သက်ရောက်မှု အရ

ထိုတား:ဆီး:မိန့်များသည် အမေရိကန် ပြည်ထောင်စုနှင့် အမေရိကန် နိုင်ငံသား:များ အပေါ်သာမက အမေရိကန်၏ ပိုင်နက်နယ်မြေကို ကျော်လွန်လျက်အခြား:နိုင်ငံများ:နှင့် အခြား:နိုင်ငံသား:များ:အပေါ်သို့လည်း: ဥပဒေ၏ အာဏာစက်ကျရောက်နေသည်။ ထိုတား:ဆီး:မိန့် ဥပဒေများ:အရ ကျူး:ဘား:၊ အီရန်၊ လစ်ဗျာ:နိုင်ငံတို့တွင် အမေရိကန် နိုင်ငံနှင့်နိုင်ငံသား:များ:သာမက အခြား:နိုင်ငံနှင့် နိုင်ငံသား:များ:ကလည်း: ရင်း:နှီး:မြှုပ်နှံမှု၊ ကုန်သွယ်မှု မပြုလုပ်ရန်တား:မြစ်ထား:သည်။ ဤကဲ့သို့ ပိုင်နက်နယ်မြေကို ကျော်လွန်အာဏာ သက်ရောက်မှုနှင့် ပတ်သက်၍ ကမ္ဘာ့ကုန်သွယ်ရေး:အဖွဲ့က ခုံအဖွဲ့ဖြင့် စစ်ဆေး:ပေး:ရန် ဥရောပသမဂ္ဂက တောင်း:ဆိုခဲ့ သည်။ သို့ရာတွင် ဥရောပသမဂ္ဂသည် ထိုတောင်း:ဆိုမှုကို တစ်နှစ်ကြာ ရွှေ့ဆိုင်း:ပေး:ခဲ့သည်။ ယင်း:သို့ရွှေ့ဆိုင်း:ထား:ပါလျက်နှင့် အမေရိကန်က ဥရောပကုမ္ပဏီတစ်ခုခု အပေါ်ထိုဥပဒေများ:ဖြင့် အရေး:ယူလာပါက ခုံအဖွဲ့ဖြင့် စစ်ဆေး:ရေး:ကို ထပ်မံတောင်း:ဆိုမည်ဖြစ်ကြောင်း: ဧပြီ ၂၁ ရက်နေက ကြေညာခဲ့သည်။ ဤသို့သောတင်း:မာမှု များ:နေသေး:သဖြင့် ဧပြီလ ၂၇ ရက်နေ့တွင် ကျင်း:ပခဲ့သော ဥရောပသမဂ္ဂ၏ နိုင်ငံခြား:ရေး: ဝန်ကြီး:များ:အစည်း:အဝေး:က အမေရိကန် ပြည်ထောင်စုနှင့် လွတ်လပ်သော ကုန်သွယ်မှု ဒေသတည်ဆောက်ရေး: သဘောတူညီချက် ရေး:ဆွဲရေး:ကိစ္စကို ဖယ်ချထား:ခဲ့သည်။

တရား:မဝင်ရောက်လာသူများ:အရေး – ဥရောပသမဂ္ဂဝင် နိုင်ငံများ:၌ အလုပ်လက်မဲ့ဦး:ရေ လျော့ချရေး:၊ အလုပ်သမား: များ:၏ လူမှုရေး:အကျိုး:ခံစား:ခွင့်များ: ပိုမိုသတ်မှတ်ပေး:ရေး: ကိစ္စများ:ဖြင့် ပြဿနာတက် နေချိန်တွင် တရား:မဝင်ဘဲ ဝင်ရောက် လာသော နိုင်ငံခြား:သား:များ:အရေး:ကြောင့် ဥရောပသမဂ္ဂဝင် နိုင်ငံများ:တွင် လူမျိုး:ရေး:၊ ဘာသာရေး:ကိစ္စ များ:ပါ ရောထွေး:ရှုပ်ပွေလျှက် ရှိနေသည်။ အရှေ့အလယ်ပိုင်း:ဒေသများ:၊ မြောက်အာဖရိကနိုင်ငံများ:၊ ရုရှား:နှင့်အရှေ့ ဥရောပနိုင်ငံများ:မှ ဒုက္ခသည်များ:သည် ဥရောပတိုက်သို့ နည်း:မျိုး:စုံဖြင့် ဝင်ရောက်နေကြသည်။ ဤသို့ဖြင့် လူဝင်မှု ကြီး:ကြပ်ရေး: ပြဿနာများ:လည်း: ပေါ်ပေါက်နေသည်။ ၂၀၁၈ခုနှစ်၊ ဧန်နဝါရီလအတွင်း:က တူရကီသည်ဂင်း:အား: ဥရောပသမဂ္ဂဝင်နိုင်ငံအဖြစ် လက်ခံမှုနှောင့်နှေး:နေသည်ကို မကျေနပ်သဖြင့် ဂင်း:နိုင်ငံအတွင်း:မှ ကါဒ်လူမျိုး:များ:အား: ဥရောပတိုက်သို့ အများ:အပြား: ဝင်ရောက်စေခဲ့သည်။ ဤကိစ္စနှင့်စပ်လျဉ်း:၍ အီတလီနှင့်ပြင်သစ်၊ ဂျာမနီတို့အကြား: စကား:အချေအတင် ပြောခဲ့ရမှုများ: ဖြစ်ပေါ်စေခဲ့သည်။

ဥရောပသမဂ္ဂသည် ပေါင်း:စည်း: ညီညွတ်ရေး:ကို ရှေး:ရှုလျက် ၁၉၉၀ ပြည့်နှစ်က ရှင်ဂင်သဘောတူညီချက်ကို ချုပ်ဆိုခဲ့ကြသည်။ ဤသဘော တူညီချက်အရ အဖွဲ့ဝင် ဓွ နိုင်ငံနှင့် ဥရောပမှ သမဂ္ဂဝင် မဟုတ်သေး:သော နောဒစ် နိုင်ငံများ:မှ နိုင်ငံသား:များ:သည် နိုင်ငံကူး:လက်မှတ် မလိုဘဲ နိုင်ငံအချင်း:ချင်း:အတွင်း: လွတ်လပ်စွာ သွား:လာခွင့်ပြုထား:ခဲ့သည်။ ယခုအခါ တရား:မဝင် ဝင်ရောက်လာသော နိုင်ငံခြား:သား:များ: အရေး:ကြောင့် ဤသဘောတူညီချက်အတိုင်း: အကောင်အထည် ဖော်ရာ၌ အခက်အခဲများ:ကြုံတွေ့နေကြရသည်။

ယူဂိုဇွေကြီး – ဥရောပသည် ကမ္ဘာ့ အင်အား:စုအသိုး:သိုး: တည်ရှိရာတွင် တစ်ပေါင်း:တစ်စည်း: တည်း:သော အင်အား:စု တစ်ရပ်အဖြစ် ပေါ်ထွန်း:လာရန် ဒုတိယကမ္ဘာစစ်ပြီး:စကပင် စိတ်ကူး:အကြံအစည် ရှိခဲ့သည်။ ဤသို့ဖြင့် ၁၉၅၀ ပြည့်လွန်နှစ်များ:တွင် ဥရောပဘုံဈေး:အဖွဲ့ ပေါ်ပေါက်လာခြင်း:ဖြစ်သည်။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် နယ်သာလန်နိုင်ငံ၊ မား:စထရစ် (တ်) မြို့၌ ဥရောပသမဂ္ဂဝင် ၁၂ နိုင်ငံ (ထိုအချိန်ကရှိသည့်အဖွဲ့ဝင် ဦး:ရေ) အစည်း:အဝေး:ကျင်း:ပကာ သဘောတူညီချက်များ: ချမှတ်ခဲ့သည်။ ထိုသဘောတူညီချက်တစ်ခုတွင် ၁၉၉၉ ခုနှစ်သို့ ရောက်သောအခါ အား:လုံး:သဘော တူလက်ခံသော ငွေကြေး:တစ်ရပ်ကို သတ်မှတ်အသုံး:ပြုကြရန် ဆုံး:ဖြတ်ခဲ့ သည်။ ယင်း:သို့ဆုံး:ဖြတ်ခဲ့ကြစဉ်က ဗြိတိန်နှင့် ဒိန်းမတ်တို့က မပါဝင်ဘဲ နေရန်သဘောတူခဲ့ကြသည်။

၁၉၉၅ ခုနှစ်တွင် ကျင်း:ပခဲ့သောအစည်း:အဝေး:က ဥရောပ သမဂ္ဂဝင်နိုင်ငံများ:၌ သုံး:စွဲမည့် ငွေကြေး:၏ အမည် ကို "ယူရို" ဟုခေါ်တွင်ရန် ဆုံး:ဖြတ် ခဲ့ကြသည်။ ၁၉၉၈ ခုနှစ်၊ မေလတွင်ကျင်း:ပသော အစည်း:အဝေး:က တစ်ခုတည်း:သော ယူရိုငွေကြေး:သုံး:စွဲမှုကို လက်ခံသော နိုင်ငံ ၁၁ နိုင်ငံတို့ အား: ဥရောပငွေကြေး:သမဂ္ဂအဖြစ် ဖွဲ့စည်း:လိုက်ကြသည်။ ယူရိုငွေကြေး:ကို သုံး:စွဲမည့် နိုင်ငံများ:အဖြစ် လက်ခံနိုင်မည့် အရည်အချင်း:များ:ကိုလည်း: သတ်မှတ်ခဲ့သည်။ ထိုအရည် အချင်း:များ:မှာ ဘတ်ဂျက်လိုငွေသည် နိုင်ငံ့ထုတ်လုပ်မှု တန်ဖိုး:၏ ၃ ရာခိုင်နှုန်း:ထက် မပိုရန်၊ ငွေကြေး:ဖောင်း:ပွမှု နှုန်း:သည် စီး:ပွား:ရေး: ကောင်း:မွန်သည့် ခုနှစ်တွင်ဖြစ်ပေါ် ခဲ့သောနှုန်း:ထက် ၁.၅ ရာခိုင်နှုန်း: ကိုမကျော်လွန်စေရန်၊ ပြည်တွင်း:ချေး:ငွေသည် ထုတ်လုပ်မှု တန်ဖိုး:၏ ၆၀ ရာခိုင်နှုန်း: ထက်မပိုစေရန် အစရှိသော အချက်များ:ဖြစ်သည်။

၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဥရောပ၏ တစ်ခုတည်းသော ယူရိုငွေကြေးကို စတင်ဖော်ထုတ်နိုင်ရေးကို ရှေးရှုလျက် ၁၉၉၈ ခုနှစ်၊ ဇွန်လ ၁ရက်နေ့တွင် ဥရောပဗဟိုဘဏ်ကိုတည်ထောင်ဖွဲ့စည်းလိုက်သည်။ ဘဏ် အုပ်ချုပ်ရေးကောင်စီကိုလည်း ဖွဲ့စည်းခဲ့သည်။ ဇွန်လ ၉ ရက်နေ့တွင်ကျင်းပသော ဘဏ်အုပ်ချုပ်ရေးကောင်စီ၏ ပထမအကြိမ်အစည်းအဝေးက အဖွဲ့တွင် ၁၁ နိုင်ငံတို့က အသီးသီးထည့်ဝင်ရမည့် ပင်မငွေအရင်းအနှီးပမာဏများကိုလည်း သတ်မှတ်ပေးလိုက်သည်။ ဂျာမန်ပြည်ထောင်စုဘဏ်သည် ၂၄.၄၁ ရာခိုင်နှုန်း၊ ပြင်သစ်ဘဏ်သည် ၁၆.၈၇ ရာခိုင်နှုန်း၊ အီတလီဘဏ်သည် ၁၄.၉၆ ရာခိုင်နှုန်းစသည် ဖြင့် ပင်မငွေအရင်းအနှီးများကို ထည့်ဝင်ခဲ့ကြသည်။ ဥရောပ ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် ဝင်း(ဗ်) ဒူအီဆင်းဘာ့ဂ် ကိုရွေးချယ်ခန့်အပ်ခဲ့ကြသည်။ ဥရောပဗဟိုဘဏ်သည် ၄င်း၏ သီးသန့်နိုင်ငံခြားငွေရငွေများအနက် ၁၀ မှ ၁၅ ရာခိုင်နှုန်းအကြားရှိပမာဏကို ရွှေဖြင့်ထိန်းသိမ်းထားမည် ဖြစ်ကြောင်း ဘဏ်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

တစ်ခုတည်းသောယူရိုငွေကြေးကို အသုံးပြုရေးကို အထောက်အကူဖြစ်စေရန် အဖွဲ့ဝင် ၁၁ နိုင်ငံရှိအမျိုးသားဘဏ်အသီးသီးက ဘဏ်တိုးနှုန်းများကို အမြင့်ဆုံး ၃ ရာခိုင်နှုန်းအထိသတ်မှတ်ရန် ဒီဇင်ဘာလ ၃ ရက်နေ့က ဆုံးဖြတ်ခဲ့ကြသည်။ အီတလီနိုင်ငံကတော့ ၃.၅ ရာခိုင်နှုန်းအထိသာ သတ်မှတ်နိုင်ခဲ့သည်။ ထိုပြင် အမျိုးသား ဘဏ်အသီးသီးက ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ၄င်းတို့နိုင်ငံများက အသုံးပြုဆဲဖြစ်သည့် ငွေကြေးများနှင့် ယူရိုတစ်ယူနစ်တို့၏ငွေကြေး လဲလှယ်မှုနှုန်းများကို သတ်မှတ်ပေးခဲ့ကြသည်။ ဥပမာ – ယူဂိုတစ်ယူနစ်သည် ဂျာမန်မတ်ငွေ ၁.၉၅၈၃၃၂၂၂



ရာထူးမှ အနားယူသွားရပြီဖြစ်သည့် ကမ္ဘာ့သက်တမ်းအရှည်ဆုံးနိုင်ငံခေါင်းဆောင်များတွင်
အပါအဝင်ဖြစ်ခဲ့သည့် သမ္မတ ဆူဟာတိုအား ဗိုလ်ချုပ်ကြီးများနှင့် အတူတွေ့ရစဉ်

အတွက် အပြည့်အဝ ဝိုင်းဝန်းပံ့ပိုးကူညီကြရန် အစိုးရအဖွဲ့က တိုက်တွန်းထားသည်။ မိမိတို့ချဉ်းနင်းဝင်ရောက်လာသော နှစ်သစ်တွင် ၁၉၉၇ ခုနှစ်က ကြုံတွေ့ခဲ့ရသည့် အခက်အခဲ ပြဿနာများမှ မိမိတို့ထွက်ပေါက်ရမည်ဟု အပြည့်အဝမျှော်လင့်ထားသည် စသည်ဖြင့် ရုပ်မြင်သံကြားမှ ပြောကြားသော နှစ်ကုန်မိန့်ခွန်းတွင် သမ္မတ ဆူဟာတိုက ထည့်သွင်းပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသုံး ရူပီးယားငွေကြေး၏ တန်ဖိုးကျဆင်း ခဲ့ရသဖြင့် အင်ဒိုနီးရှားနိုင်ငံသည် အိုင်အမ်အက်ဖ် အကူအညီရရှိရန် ၁၉၉၇ ခုနှစ်၊ အောက်တို ဘာလတွင် ကြိုးပမ်းခဲ့ရာ အကျပ်အတည်းမှ လွတ်မြောက်ရေးအတွက် ဒေါ်လာ ၃၀ ဘီလီယံကျော် အကူအညီရရှိခဲ့သည်။ သို့ရာတွင်ရူပီယားငွေတန်ဖိုး ဆက်လက်ကျဆင်းခဲ့ပြီး စီးပွားရေး ပညာရှင်များက နောက်နှစ်အထိကျဖွယ်ရှိကြောင်း ခန့်မှန်း ပြောဆိုထားကြသည်။ နှစ်သစ်ကူးနေ့တွင်ရှိသော အင်ဒိုနီးရှားနိုင်ငံ လူဦးရေမှာ (၂၀,၂၅၊ ၃၄,၁၄၅) ဖြစ်သည်ဟု အင်ဒိုနီးရှားအစိုးရက ကြေညာသည်။ ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင်ရှိသော လူဦးရေမှာ သန်း ၂၀၀ ဖြစ်သည်ဟုဆိုသည်။

၁၉၆၉ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၌ မိသားစုစီမံကိန်းကို ချမှတ်ဆောင်ရွက်ခဲ့ရာ မိသားစုတစ်စုတွင်ရှိသော ပျမ်းမျှကလေးအရေအတွက်မှာ လွန်ခဲ့သော နှစ် ၃၀ က ၆ ယောက်ရှိခဲ့ရာမှ ယခုအခါ ၂ ဒသမ ၆ ယောက်သို့ ကျဆင်းသွားခဲ့သည်။

ယင်းသို့ရှိနေခဲ့ရာမှ မြို့တော်ဂျကာတာတွင် မြို့နေပြည်သူများ၊ မရှိမဖြစ်လိုအပ်သော ပစ္စည်းများကို တတိယမြောက်နေ့အဖြစ် ကသုတ်ကရက်သယ်ယူနေကြချိန်တွင် နိုင်ငံ၌ စားနပ်ရိက္ခာ ဖူလုံမှုရှိကြောင်း ပြည်သူများကို နှစ်သိမ့်ရန် လုပ်ငန်းဆောင်ရွက်မှုအသစ်များကို အစိုးရက ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကြေညာခဲ့သည်။ ပြည်သူ



အင်ဒိုနီးရှားနိုင်ငံ လက်နက်ကိုင်တပ်များ၏
ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဝီရန်တို

များ တည်ငြိမ်မှုရှိကြရန် ဝန်ကြီးများက မေတ္တာရပ်ခံကြပြီး အစိုးရကလည်း စီးပွားရေးသောကဖိစီးမှုများနှင့် မိုးအကြီး အကျယ်ခေါင်မှုကြောင့် စပါးအထွက်နောက်ကျသဖြင့် ဆန်မလုံလောက်မှုကိုဖြေရှင်းပေးရန်ရေတိုဆန် သွင်းမှု တန် တစ်သန်းခွဲမှ နှစ်သန်းအထိ တိုးမြှင့်သွားမည်ဟု ပြောကြားသည်။ ထိုင်း – ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ ဆန်မှာယူထားကြောင်း၊ ကုန်သည်များက ပြောကြားသည်။ ပြည်သူများ၏စိုးရိမ်စိတ်ကို ဖြေဖျောက်ပေးရန် ကြိုးပမ်းသည့်အနေဖြင့် ဆန်လုံလောက်စွာ သိုလှောင်ထားကြောင်း၊ သတင်းစာများနှင့် ရုပ်မြင်သံကြားဌာနက ဂျကာတာဆိပ်ကမ်း၌ သဘော်ပေါ်မှ ဆန်များသယ်ချနေပုံကို သတင်းယူပြီးထုတ်လွှင့်ပြသသည်။ သိုလှောင်ထားသော ဆန်များမှာ မတ်လအထိခံနိုင်ကြောင်း၊ ကုန်ပစ္စည်းထိန်းသိမ်းရေးအဖွဲက ပြောကြားသည်။

သက္ကရာဇ် ၁၉၉၈ – ၂၀၀၃ ခုနှစ်အတွက် သမ္မတရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရန်အသင့်ရှိကြောင်း သမ္မတဆူဟာတိုက ဇန်နဝါရီလ ၂၀ ရက်နေတွင် အလေးအနက်ပြောကြားသည်။ အသက် ၇၆ နှစ် အရွယ်ရှိပြီ ဖြစ်သော သမ္မတဆူဟာတိုသည် ၁၉၆၇ ခုနှစ်မှစ၍ ၃၁ နှစ်တိုင်တိုင်အင်ဒိုနီးရှားနိုင်ငံကိုသမ္မတအဖြစ်အုပ်ချုပ်ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ငွေကြေးအကျပ်အတည်းနှင့် ပတ်သက်၍ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ (အိုင်အမ်အက်ဖ်)က ပြဋ္ဌာန်းထားသော ပြုပြင်ပြောင်းလဲမှုအစီအစဉ်မှာ လက်တွေ့တွင် အလုပ်မဖြစ်ကြောင်း၊ ပိုမိုထိရောက်သော အစီအစဉ်ရေးဆွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ အင်ဒိုနီးရှားသမ္မတဆူဟာတိုက အင်ဒိုနီးရှားပြည်သူအတိုင်ပင်ခံလွှတ်တော် နှစ်ပတ်လည်အစည်းအဝေးတွင် မတ်လ ၁ ရက်နေက ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ငွေကြေးအကျပ်အတည်းနှင့် ပတ်သက်၍ သမ္မတဆူဟာတိုက အပြင်းထန်ဆုံး ဝေဖန်ပြောကြားခြင်း ဖြစ်သည်။ မိမိတို့၏ စီးပွားရေးလမ်းကြောင်းကို စတင်ညှိနှိုင်း ရတော့မည်ဖြစ်ကြောင်း သမ္မတဆူဟာတိုက ဆက်လက် ပြောကြားသည်။ အင်ဒိုနီးရှားပြည်သူ အတိုင်ပင်ခံ လွှတ်တော်သည် နိုင်ငံတော်၏ မူဝါဒချမှတ်မူရေးရာ အမြင့်ဆုံး အဖွဲအစည်းဖြစ်သည်။ ယင်းလွှတ်တော်တွင် ပြည်သူကိုယ်စားလှယ်ပေါင်း ၁၁၀၀ ရှိပြီး အဖွဲဝင်များအနက် အများစုမှာ သမ္မတဆူဟာတိုကိုယ်တိုင် ရွေးချယ်ခန့်ထားသော ကိုယ်စားလှယ်များ ဖြစ်ကြသည်။ လွှတ်တော်အစည်းဝေးကို ၁၁ ရက် ကြာကျင်းပ၍ မူဝါဒများ ချမှတ်ကြသည်။ ယင်းမူဝါဒများမှာ သက္ကရာဇ် ၂၀၀၃ ခုနှစ်အထိ အကျိုးသက်ရောက်မည်ဖြစ်သည်။

လာမည့်ငါးနှစ်သက်တမ်းအတွက် အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတအဖြစ် ဆူဟာတိုအား မတ်လ ၉ ရက်နေက ပြန်လည်ရွေးချယ်ခဲ့သည်။ ယင်းသို့ရွေးချယ်လိုက်ခြင်းမှာ အငြိမ်းစားဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သူ ဆူဟာတိုအား ကမ္ဘာတွင် သက်တမ်းအရှည်ဆုံး နိုင်ငံခေါင်းဆောင်များတွင် အပါအဝင်ဖြစ်စေခဲ့သည်။ ဆူဟာတိုအား ပြန်လည်ရွေးချယ်ခြင်းကို ပြည်သူအတိုင်ပင်ခံ လွှတ်တော် အမတ် ၁၀၀၀ က မဲဆန္ဒပေးခြင်းမရှိဘဲ သဘောတူညီလိုက်ခြင်းဖြစ်သည်။ သမ္မတလောင်း တစ်ဦးတည်းသာရှိသဖြင့် ဥပဒေစည်းမျဉ်းအရ ဆူဟာတိုသည် အလိုအလျောက် သမ္မတဖြစ်ခဲ့ခြင်း ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌ ဟာမိုကိုက ပြည်သူအတိုင်ပင်ခံလွှတ်တော်၏ ၁၀ ကြိမ်မြောက် မျက်နှာစုံညီ အစည်းအဝေးတွင် ပြောကြားသည်။

အာဏာရပိုကာပါတီနှင့် အင်အားတောင့်တင်းသော စစ်ဘက်အပါအဝင် အဓိက နိုင်ငံရေးအုပ်စုများက ဆူဟာတိုအား တင်ကြိုထောက်ခံခဲ့ကြသည်။ လူဦးရေ ၂၀၂ သန်း ရှိသော အင်ဒိုနီးရှားနိုင်ငံတွင် ဆူဟာတိုသည် ၁၉၆၇ ခုနှစ်၌ စတင်အာဏာရလာချိန်မှစ၍ ရွေးကောက်ပွဲ နှစ်ခုလုံးတွင် အတိုက်အခံမရှိ ရပ်တည်လာသူဖြစ်သည်။

သမ္မတ ဆူဟာတိုသည် အင်ဒိုနီးရှားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် မတ်လ ၁၁ ရက်နေက သတ္တမ အကြိမ်မြောက် ကျမ်းသစ္စာကျိန်ဆိုသည်။ နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းမှ လွတ်မြောက်ကျော်လွှားနိုင် ရေးအတွက် ကြိုးပမ်းကြရန် ပြည်သူများအား သမ္မတ ဆူဟာတိုက သတိပေးစကား ပြောကြားကာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။

မိမိ၏ အစိုးရအဖွဲ့သစ်သည် လက်ရှိစီးပွားရေး အကျပ်အတည်းဖြစ်မှုကို အောင်မြင်စွာ ဖြေရှင်းနိုင်ရန် အစွမ်းကုန် ကြိုးပမ်းမည်ဟု သမ္မတ ဆူဟာတိုက ဂျကာတာ မြို့တွင် မတ်လ ၁၄ ရက်နေက ပြောကြား သည်။ အစိုးရ အဖွဲ့သစ်တွင် ယခင်ဝန်ကြီး ရာထူးအရ တာဝန်ရှိသော ဝန်ကြီးအချို့ ပါဝင်လာသော်လည်း အများ စုမှာ လူသစ်များဖြစ်ကြသည်။ ယခင် ပြန်ကြားရေး ဝန်ကြီးဖြစ်ခဲ့သူ ဟာတိုနိုက ပြည်ထဲရေးဝန်ကြီး ဖြစ်လာပြီး အလိအလာတာ့စ်မှာမူ နိုင်ငံခြားရေးဝန်ကြီး အတိုင်းပင် ဖြစ်သည်။ လုံခြုံရေးနှင့် ကာကွယ်ရေးဝန်ကြီး နေရာကို လက်နက်ကိုင် တပ်များ၏ ဦးစီးချုပ် ဝိရန်တို အား ခန့်အပ်လိုက်သည်။

တစ်ဆက်တည်းဆိုသလိုပင် တိုင်းပြည်အား စီးပွား ရေး အကျပ်အတည်း နက်ရှိုင်းစွာ ကျရောက်နေခြင်းမှ ကယ်တင်ရန် နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) နှင့် သဘောတူညီခဲ့သော ပြုပြင် ပြောင်းလဲမှု အစီအစဉ်များအနက် ပထမအစီအစဉ် ကို စတင်အကောင် အထည် ဖော်နေကြောင်း ဧပြီလ ၁၁ ရက် နေတွင် အစိုးရကကြေညာသည်။ ကုမ္ပဏီများက ပင်လယ် ရပ်ခြား ကြွေးမြီရှိနေခြင်းမှာ တိုင်းပြည်စီးပွားရေး ဖောက်ပြန်ပျက်စီးခြင်း၏ အဓိကအကြောင်းရင်း တစ်ခု ဖြစ်နေရာ ကြွေးမြီတင်ရှိမှု အတိုင်းအတာကို တင်ပြကြရန် ကုမ္ပဏီ များအား အစိုးရက သမ္မတအမိန့် ဒီကရီ ထုတ်ပြန် ခဲ့သည်။ အင်ဒိုနီးရှား ကုမ္ပဏီများသည် ပင်လယ်ရပ်ခြား ကြွေးမြီ ဒေါ်လာသန်း ၇၄,၀၀၀ မျှ တင်ရှိနေကြရာ ဆယ်စု နှစ် အတွင်း အဆိုးရွားဆုံးစီးပွားရေး ချွတ်ခြို့ကျမှုမှ ကယ်တင်ရန် ကြိုးပမ်းရာ၌ ယင်းအချက်မှာ အဓိက ဝန်ထုပ်ဝန်ပိုး ဖြစ်ခဲ့သည်။ စီးပွားရေးပြဿနာ ပြီးဆုံး သွား စေရန် ရည်ရွယ်လျက် ပြုပြင်ပြောင်းလဲရေး အစီအစဉ် ၁၁၇ ချက် ထုတ်ပြန်ခြင်းနှင့် အဓိကအချက်အလက် အားလုံးကို အပြီးသတ် ဆောင်ရွက်ရမည့် နေ့ရက် သတ်မှတ် ခြင်းနှင့် ပတ်သက်၍ အစိုးရက ဧပြီလ ၁၀ ရက် နေတွင်ကြေညာ ခဲ့သည်။ ယင်းထုတ်ပြန်ချက်များသည် ပုဂ္ဂလိကကဏ္ဍ ကြွေးမြီပြဿနာများ ဖြေရှင်းရာ၌ မြို့စား မြို့ရှင်နှစ်ဘက် စလုံးတို့ကို ကူညီရန်ရည်ရွယ်သည်ဟု ဆို သည်။

ဆူဟူမှု၏ရလဒ်အဖြစ် ဆုံးရှုံးမှုများနှင့် အပျက်အစီးများသာ အဖတ်တင်ခဲ့သည်





ငွေကြေးကိစ္စများကိုဆွေးနွေးရန်အမေရိကန်အထူးသံတမန် ဒေါက်တာမွန်ဒေး(ဝဲ)က သမ္မတဆူဟာတိုထံလာရောက်တွေ့ဆုံစဉ်

သို ဖြစ်လင့်ကစား စီးပွား‌ရေးကျဆင်းမှုအပေါ် ပြည်သူများ မကျေနပ်ဖြစ်ရာမှ ဆန္ဒပြမှုများနှင့် မငြိမ်သက်မှုများ ပေါ်ပေါက်ခဲ့ရာ အင်ဒိုနီးရှားသမ္မတ ဆူဟာတိုသည် အောက်လွှတ်တော် အမတ်ခေါင်းဆောင်ပိုင်းနှင့် မေလ ၂၀ ရက်နေက အစည်းဝေးကျင်းပပြီးနောက် ရာထူးမှ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ ၁၉၄၅ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဒုတိယသမ္မတ ဘီ‌ဂျေဟာ ဘီဘီက သမ္မတအဖြစ် ဆက်လက်ဆောင်ရွက်မည်ဟု ဆူဟာတိုက ကြေညာခဲ့သည်။ ယင်းသို့ ကြေညာအပြီးတွင် ဟာဘီဘီက သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ကာကွယ်ရေးနှင့်လုံခြုံရေးရာ လက်နက်ကိုင် တပ်များ၏ ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဝီရန်တိုက ဆူဟာတို နုတ်ထွက် ခြင်းနှင့် ဟာဘီဘီ သမ္မတရာထူးဆက်ခံခြင်းကို ထောက်ခံ ခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ၏ပြုပြင်ပြောင်းလဲမှု တိုးတက်ရေးဝန်ကြီးအဖွဲသည် ဂျကာတာမြို့ရှိ သမ္မတနန်းတော် (မာဒေးကား) ၌ မေလ ၂၂ ရက်နေနံနက်ပိုင်းတွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ ဝန်ကြီးအဖွဲ ကျမ်းသစ္စာကျိန်ဆိုပွဲ၌ သမ္မတသစ် ဘီဂျေဟာဘီဘီက သဘာပတိအဖြစ်ဆောင်ရွက်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ တတိယမြောက် သမ္မတဟာဘီဘီသည် မေလ ၂၁ ရက်နေက ဝန်ကြီးအဖွဲကို ဖွဲ့စည်းခဲ့ရာ အဖွဲဝင် ၃၆ ဦးရှိ၍ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီးလေးဦး၊ ဝန်ကြီး ၂၀ ဦးနှင့် ပြည်နယ် ဝန်ကြီး ၁၂ ဦးတို့ပါဝင်သည်။ ဝန်ကြီးအဖွဲသစ်တွင် ဝန်ကြီး ၂၀ ဦးမှာ လူဟောင်းများဖြစ်ကြသည်။ ဝန်ကြီးအဖွဲသစ်၌ လူနည်းစုပါတီနှစ်ခုမှ နိုင်ငံရေးသမား သုံးဦးကို ထည့်သွင်းဖွဲ့စည်းခဲ့သည်။ ဝန်ကြီးအဖွဲသစ်အတွက် ဟာဘီဘီက ပညာရှင်များကို ပိုမိုစုစည်းခဲ့သည်။ မိမိတို့သည် စွမ်းဆောင်ရည်မပြည့်ဝမှု ၊လာဘ်စားမှု၊ မတရားမှုပြုရန် ပူးပေါင်းကြံစည်သူနှင့် ဆွေမျိုးကောင်းစားရေး ဝါဒကင်းသော သန့်ရှင်းပြီး လွတ်လပ်မှုရှိသည့် အစိုးရအဖွဲကို တည်ဆောက်သွားမည်ဟု သမ္မတသစ် ဟာဘီဘီက ကြေညာခဲ့သည်။

၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေအရောက်တွင် သမ္မတသစ်တစ်ဦးနှင့် ဒုတိယသမ္မတသစ် တစ်ဦးကို ရွေးကောက် တင်မြှောက်မည်ဖြစ်ကြောင်း သမ္မတသစ် ဟာဘီဘီက ဇွန်လ ၁၁ ရက်နေတွင် ပြောကြားသည်။ အမတ်ဦးရေ ၁၀၀၀ ရှိသော ပြည်သူအတိုင်ပင်ခံ ညီလာခံ (အမ်ပီအာရ်) ကျင်းပစဉ်သမ္မတဟာဘီဘီက ယင်းသမ္မတရွေးကောက်ပွဲ၌ မိမိပါဝင်ရန်ကြိုးပမ်းမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ဇွန်လ ၁၀ ရက်နေက ကျင်းပသော အင်ဒိုနီးရှားကုန်သည်ကြီးများ အစည်းအဝေးတွင် ယင်းကိစ္စကို ဟာဘီဘီက ပြောကြားခဲ့သည်။ သမ္မတသစ် ရွေးကောက်ပြီးချိန်တွင် မိမိ၏သမ္မတတာဝန်ကို ပြီးဆုံးသွားပြီဟု ယူဆမည်ဖြစ်ကြောင်း လက်ရှိသမ္မတ ဟာဘီဘီက ပြောကြားသည်။

ပြည်သူများလက်ခံကြမည်ဆိုလျှင်နောက်ထပ်သမ္မတသက်တမ်းတစ်ခုအတွက် ထက်မံအရွေးခံရန်လိုလားကြောင်း သမ္မတရာထူးသက်တမ်း သုံးလပြည့်ခဲ့သော သမ္မတဘီဂျေဟာဘီဘီက ဩဂုတ်လ ၂၂ ရက်နေက ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ထိပ်တန်းအဖွဲအစည်းဖြစ်သော အမျိုးသားအတိုင်ပင်ခံလွှတ်တော် (အမ်ပီအာရ်) သည် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ အစည်းအဝေးတွင် သမ္မတသစ်တစ်ဦးနှင့် ဒုတိယသမ္မတ တစ်ဦးကို ရွေးချယ်ရမည်ဖြစ်သည်။ (အမ်ပီအာရ်)သည် ၁၉၉၈ ခုနှစ်၊ မတ်လအတွင်းက ဆူဟာတိုကို သမ္မတအဖြစ် သတ္တမအကြိမ် ရွေးခဲ့စဉ်က ဟာဘီဘီ (ဖဝ နှစ်) ကို ဒုတိယသမ္မတအဖြစ် ရွေးချယ်ခဲ့သည်။ ၁၉၉၉ ခုနှစ် ၊ဒီဇင်ဘာလ သမ္မတရွေး ကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်း ပြုမပြု သတင်းထောက်က တွေ့ဆုံမေးမြန်းရာ၌ မိမိကိုယ်မိမိ သမ္မတလောင်းအဖြစ် အဆိုပြုမည် မဟုတ်ကြောင်း၊ သို့သော်မိမိသူရဲဘော နည်းသူတစ်ဦး မဟုတ်ကြောင်း စွမ်းဆောင်ရည်ရှိပြီး ကျန်းမာရေး ကောင်းမွန်သူဖြစ်ခြင်းကြောင့် သမ္မတအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ရန် ပြည်သူလူထုက လိုလိုလားလား တောင်းခံလာလျှင် လက်ခံရန်သာဖြစ်သည်ဟု ဟာဘီဘီ က ပြောကြားခဲ့သည်။



ဆူဟာတို၏နေရာကိုဆက်ခံခဲ့သည့် အင်ဒိုနီးရှားသမ္မတသစ် ဘီဂျေဟာဘီဘီ

စီးပွားရေး – ငွေကြေးဘုတ်အဖွဲ့ ဖွဲ့စည်းရေးကိစ္စနှင့် ပတ်သက်သော စိုးရိမ်ပူပန်မှုများနှင့် ဂျကာတာ၏ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများတွင် တိုးတက်မှုနှေးကွေးနေ၍ အမေရိကန်၏ မကျေနပ်မှုကြီးထွားနေခြင်းကို အကြောင်းပြု၍ အင်ဒိုနီးရှားရူပီးယား ငွေတန်ဖိုးကျဆင်းခဲ့ရာမှ အာရှငွေကြေးများသည်လည်း စိုးရိမ်ကြောင့်ကျဖြစ်သူများ၏ တိုက်ခိုက်မှုဒဏ်ကို ၁၉၉၈ ခုနှစ်၊ မတ်လ ၆ ရက်နေက ထပ်မံခံစားခဲ့ရပြန်သည်။ နိုင်ငံတကာ ငွေကြေးအဖွဲ့မှ အင်ဒိုနီးရှားနိုင်ငံသို့နောက်တစ်ကျော့ ငွေသားထုတ်ပေးရန် နှောင့်နှေးမှုများက ကုန်သည်များအား စိုးရိမ်ကြောင့်ကျမှုများ ဖြစ်စေခဲ့ရာမှ ဒေသအတွင်း မကြာမီက တည်ငြိမ်မှုရှိခဲ့သော ငွေကြေးဈေးကွက်ကို ထိခိုက်ပျက်ပြားစေခဲ့သည်။ အမေရိကန် အထူးသံတမန် ဒေါက်တာမွန်ဒေးနှင့် အင်ဒိုနီးရှားသမ္မတ ဆူဟာတို၏ ဆွေးနွေးပွဲရလဒ်များကို သမ္မတကလင်တန် အစိုးရက ကျေနပ်ပုံမရဟုဆိုသည်။ အင်ဒိုနီးရှားရူပီးယား တန်ဖိုးမှာ အမေရိကန် တစ်ဒေါ်လာလျှင် ရူပီးယား ၁၂,၃၀၀ အထိကျဆင်းသွားသည်ဟုဆိုသော်လည်း လက်တွေ့တွင် တစ်ဒေါ်လာ ရူပီးယား ၁၁,၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဘဏ်လုပ်ငန်း ပြုပြင်ပြောင်းလဲမှု၏ ခြေလှမ်းတစ်ရပ်အဖြစ် အခက်အခဲကြုံနေသော ဘဏ်ခုနစ်ခုကို ပိတ်ပင်ပစ်မည်ဖြစ်ကြောင်း ဧပြီလ ၄ ရက်နေတွင် အင်ဒိုနီးရှား အစိုးရကကြေညာခဲ့သည်။ အခြားဘဏ်ခုနစ်ခုကိုလည်း အင်ဒိုနီးရှားဘဏ်လုပ်ငန်းပြုပြင်ဖွဲ့စည်းရေးအေဂျင်စီ (အိုင်ဘီအာရ်အေ) ၏ အနီးကပ် ကြီးကြပ်မှုအောက်တွင် ထားရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဖူအက်ဘာဝါဇီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းအေဂျင်စီမှာ အင်ဒိုနီးရှားနိုင်ငံ၏ အခက်အခဲကြုံနေရသောဘဏ်များကို ပြန်လည်တည်ထောင်ရန် ဧနနဝါရီလက အစိုးရတာဝန်ယူထားသည့်အဖွဲ့ဖြစ်သည်။

ပိတ်ထားရသော ဘဏ်ခုနစ်ခုကို ပေးရန်ရှိသည့် ကြွေးများပြန်လည်ဆပ်ပြီးပါက အင်ဒိုနီးရှားအစိုးရက ပြန်ဖွင့်ပေးမည်ဟု အင်ဒိုနီးရှားဘဏ်ပြန်လည်ထူထောင်ရေး အင်ဂျင်စီ (အိုင်ဘီအာရ်အေ) ဥက္ကဋ္ဌက ဧပြီလ ၇ ရက်နေတွင် ဂျကာတာမြို့၌ ပြောကြားသည်။ အင်ဒိုနီးရှားဘဏ်များ၏ ဂုဏ်သတင်းပြန်လည်ရရှိရန်နှင့် ပြည်တွင်းပြည်ပမှ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း အစိုးရကြေညာချက်တွင် ဖော်ပြထားသည်။

အခြေအနေများယင်းသို့ရှိနေစဉ် အင်ဒိုနီးရှားနိုင်ငံ၏ သီးသန့်နိုင်ငံခြားငွေကြေးနှင့် ငွေပေးငွေယူရှင်းတမ်း ခိုင်မာစေရေးအတွက် နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က ဒုတိယအကြိမ်အဖြစ် ထုတ်ပေးသော အမေရိကန်ဒေါ်လာသန်း ၃၀၀၀ ကို အင်ဒိုနီးရှားအစိုးရက အသုံးပြုသွားမည်ဟု ကြေညာခဲ့သည်။ တန်ဖိုးကျသော ရူပီးယားငွေကို တန်ဖိုးမြှင့်ရန် ရည်ရွယ်လျက် ဤသို့ ထုတ်ပေးခြင်းဖြစ်သည်။ မေလနှင့် ဇူလိုင်လအတွင်း (အိုင်အမ်အက်ဖ်)မှ ဒေါ်လာသန်း ၃၀၀၀ အပါအဝင် ငွေကြေးရန်ပုံငွေသန်း ၇၀၅၀ ရမည်ဟု အင်ဒိုနီးရှား နိုင်ငံက မျှော်လင့်ထားသည်။ ကျန်ငွေများမှာ ကမ္ဘာ့ဘဏ်မှ ဒေါ်လာသန်း ၁၀၀၀၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒေါ်လာသန်း ၁၅၀၀၊ ဂျပန်မှ ဒေါ်လာသန်း ၁၀၀၀၊ မလေးရှားမှ ဒေါ်လာသန်း ၂၅၀ နှင့် သြစတြေးလျမှ ဒေါ်လာသန်း ၃၀၀ အသီးသီးဖြစ်သည်။ ဆက်လက်ပြီး အင်ဒိုနီးရှား နိုင်ငံ၏ စီးပွားရေးအကျပ်အတည်းဖြစ်မှုရပ်တန့်သွားရန် အလေးပေးလုပ်ဆောင်သည့်အနေဖြင့် ပြန်လည်ပြင်ဆင် ထားသော သဘောတူညီချက်ကို အင်ဒိုနီးရှားအစိုးရနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့

(အိုင်အမ်အက်ဖ်) တို့ ဇွန် ၂၆ ရက်နေတွင် ချုပ်ဆိုလိုက်သည်။ ယခုသဘော တူညီချက်အသစ်အရ ရူပီးယား တန်ဖိုးငွေသည် ၁၉၉၈ ခုနှစ် နှစ်ကုန်၌ တစ်ဒေါ်လာလျှင် ရူပီးယား ၁၀,၀၀၀ အထိ ခိုင်မာလာဖွယ်ရှိသည်။ လောလောဆယ်တွင် တစ်ဒေါ်လာလျှင် ရူပီးယား ၁၅,၀၀၀ ရှိနေသည်။

ဤအခြေအနေတွင် စီးပွားရေးအကျပ်အတည်းများ အဆုံးသတ်သွားစေရန် အထောက်အကူပေးမည့် အခွင့်အလမ်းများရှာဖွေရာတွင် အင်ဒိုနီးရှားပြည်သူများ စုပေါင်းလုပ်ဆောင်သွားကြရန် သမ္မတ ဘီဂျေဟာဘီဘီက အောက်တိုဘာ ၂၄ ရက်နေတွင် တိုက်တွန်းခဲ့သည်။ တိုင်းပြည်သည် ပြည်သူလူထုထံမှ တက်ကြွပြီးအကောင်းဘက်ကို ရှုမြင်သုံးသပ်သော အတွေးအခေါ်သဘောထားများကို လိုအပ်လျက်ရှိကြောင်း သမ္မတဟာဘီဘီက ပြောကြားသည်။

နိုင်ငံတကာ ဆက်ဆံရေး – အင်ဒိုနီးရှား စီးပွားရေးအကျပ်အတည်း လွန်မြောက်စေရန် နှစ်နိုင်ငံအထောက်အကူပေးရေး အစီအစဉ်တစ်ရပ်ကို တရုတ်ပြည်က ကမ်းလှမ်းလိုက်ရာ ယင်းအစီအစဉ်တွင် ဆေးဝါးများ အကြွေးကုန်သွယ်မှုနှင့် ကုန်ပစ္စည်းချင်း ဖလှယ်ပြီး ကုန်သွယ်ရေးပိုမိုဖြစ်ထွန်းမှုတို့ ပါဝင်သည်ဟု အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး အလီအလာတာ့စ်က ဇူလိုင် ၁၂ ရက် နေ၌ ပြောကြားခဲ့သည်။ နှစ်နိုင်ငံ အပြန်အလှန် အကူ အညီပေးမှုသည် နိုင်ငံတကာဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့မှတစ်ဆင့် တရုတ်ပြည်ကပေးသော အထောက်အကူထက်သာလွန်မည်ဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးသစ် တန်ကိုဖွန်နှင့် ဆွေးနွေးအပြီး၌ အလီအလာတာ့စ်က ပြောကြားသည်။ ပထမဦးဆုံး ဒေါ်လာသုံးသန်းဖိုးဆေးဝါးအကူအညီပေးမည်။ နှစ်နိုင်ငံပို့ကုန်များ ချောမွေ့စေရေးအတွက် အကြွေးစနစ်ဖြင့် ကုန်ပစ္စည်းများ တင်ပို့ရန် ပြင်ဆင်လျက်ရှိရာ ၂ နှစ်ကာလအတွင်း ဒေါ်လာသန်း ၂၀၀ ဖိုး ရှိမည်၊ ကုန်ပစ္စည်းချင်း ဖလှယ်မှုသိုမဟုတ် အပြန်အလှန်ကုန်သွယ်မှုအပေါ် အခြေခံသော နှစ်နိုင်ငံကုန်သွယ်ရေးကိုလည်း တိုးမြှင့်ရန် တရုတ်ပြည်က ကမ်းလှမ်းထားသည် စသည်ဖြင့် အလီအလာတာ့စ်က ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံ ကြုံတွေ့နေရသော အခက်အခဲများကို ကျော်လွှားနိုင်မည်ဟု မိမိယုံကြည်သည်၊ ယင်းအခက်အခဲမှာ ခေတ္တယာယီသာဖြစ်သည် စသည်ဖြင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရေး အတွက်ပိုမိုစည်းလုံးညီညွတ်ပြီး ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် ဖွံ့ဖြိုးဆဲနိုင်ငံများအား အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီး အလီအလာတာ့စ် ဩဂုတ်လ ၁၀ ရက်နေက တိုက်တွန်းခဲ့သည်။ တောင်ထိပ်သီးအစည်းအဝေးဆိုင်ရာ ၇၇ နိုင်ငံအုပ်စု၏ အဆင့်မြင့်အကြံပေးအစည်းအဝေးကို ဂျကာတာမြို့၌ ဖွင့်လှစ်ရာ၌ အလီအလာတာ့စ်က ဖွံ့ဖြိုးဆဲနိုင်ငံအများစုမှာ အပေါ်စီးဖြင့် စေ့စပ်ဆွေးနွေးနိုင်သောစွမ်းအားမရှိမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဟစ်ကမ္ဘာလုံးနှင့်ဆိုင်သော အကျိုးဆက်တစ်ရပ်အဖြစ် ဆက်လက်လစ်လျူရှုခြင်းခံနေရဦးမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းဖြစ်ရပ်ကို ထောက်ရှုလျက် ဂျီ ၇၇ သည် ညှိနှိုင်းဆောင်ရွက်ရေးနှင့် ညီညွတ်ရေးအ ဖွဲ့အစည်းအဖြစ် ထမ်းဆောင်ရန် အရေးပါသော အခန်းကဏ္ဍရှိကြောင်း သိရှိရသည်။ ၁၉၆၄ ခုနှစ် ဇွန်လ ၁၅ ရက်နေက ဖွံ့ဖြိုးဆဲ ၇၇ နိုင်ငံဖြင့် တည်ထောင်ခဲ့သော ဂျီ ၇၇ သည် ယခုအခါတွင် အာဖရိက၊ အာရှ၊ လက်တင်အမေရိက၊ ကာရစ်ဘီယံပင်လယ်နှင့် ဥရောပမှ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃၂ နိုင်ငံ ရှိသွားပြီဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ။ ။အိန္ဒိယ ဝန်ကြီးချုပ်နှင့် ကွန်ဂရက်ပါတီ(အိုင်) ခေါင်းဆောင်ရာဂျစ်ဂန္ဒီသည် မဲဆွယ်တရားဟောခရီးစဉ်အတွင်း ၁၉၉၁ ခုနှစ် ၊မေလတွင် အိန္ဒိယတောင်ပိုင်း ဆရီပီရမ်ဘူဒူးရ်မြို့၌ အသေခံဗုံးခွဲအမျိုးသမီးတစ်ဦး၏ လုပ်ကြံမှုဖြင့် သေဆုံး ခဲ့ရသည်။ သိရိလင်္ကာနိုင်ငံမှ ခွဲထွက်ရေးသမား တမီးလ်အီးလမ်လွတ်မြောက်ရေး ကျား:အဖွဲ့အား နှိမ်နင်းရေးတွင် အထောက်အကူပြုရန် အိန္ဒိယမှ ငြိမ်းချမ်းရေးတပ်ဖွဲ့များအား စေလွှတ်ခဲ့ခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် တမီးလ်ကျား:အဖွဲ့က ရာဂျစ်ဂန္ဒီအား လုပ်ကြံသတ်ဖြတ်ခဲ့သည်ဟုအများကယူဆခဲ့ကြသည်။ ထိုအမှုနှင့်ပတ်သက်၍ နယူးဒေလီမြို့၌ အထူး ခုံရုံး:အဖွဲ့.က တရား:စစ် ဆေးကြား:နာ၍ ၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ကွင် အိန္ဒိယလူမျိုး ၁၀ ဦးနှင့် သိရိလင်္ကာလူမျိုး ၁၆ ဦးတို့အပေါ် သေဒဏ်စီရင်ချက် ချမှတ်ခဲ့သည်။ ယင်းအမှုတွင် တမီးလ်အီးလမ် လွတ်မြောက်ရေး ကျား:အဖွဲ့.သည် လုံးဝတာဝန်ရှိကြောင်း အဆိုပါခုံရုံး:က မှတ်ယူခဲ့သည်။ ထိုကျား:အဖွဲ့.၏ ခေါင်းဆောင် ဗေလုပီလေး ပရာဘကွရန် နှင့်



အိန္ဒိယနိုင်ငံရေးတွင်ပါဝင်လာသည်ကွယ်လွန်သူ
ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ၏ဇနီး ဆိုနီယာဂန္ဒီအား
မဲဆွယ်တရားပွဲတစ်ခုတွင်တွေ့ရစဉ်

လက်ထောက်နှစ်ဦးတို့အပေါ်လည်း ၄င်းတို့၏ မျက်ကွယ်တွင် အပစ်ပေးခဲ့ သည်။ ထိုလုပ်ကြံမှုနှင့် ဆက်စပ်ပြီး တရား‌ခံ ၄၁ ဦးတို့အား စွဲချက်တင် စစ်ဆေးခဲ့ရာတွင် ၄င်းတို့အနက် ၁၂ ဦးတို့မှာ ဖမ်းဆီးရန်ကြိုးပမ်းစဉ် ပစ်သတ် ခံရခြင်းနှင့် မိမိကိုယ်မိမိ အဆုံးစီရင်သွားခြင်းတို့ကြောင့် သေဆုံးသွားခဲ့ကြသည်။

နိုင်ငံရေးစန်းထလာသူဆိုနီယာဂန္ဒီ – ကွန်ဂရက်(အိုင်)ပါတီသည် ၁၉၈၇ ခုနှစ်၊ နိုဝင်ဘာလအတွင်းက ဝန်ကြီးချုပ် အိုင်းကေးဂူဂျာရာလ်ခေါင်းဆောင်သည့် ညီညွတ်ရေးတပ်ဦး ညွှန်ပေါင်းအစိုးရကို ပြုတ်ကျစေခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် ကွန်ဂရက်ပါတီတွင်· ကွဲအက်မှုနှင့် ခွဲထွက်မှုများဖြစ်ပေါ် လာကာ ထိုပါတီ၏သြဇာ အရှိန်အဝါမှာ များစွာနိမ့်ကျသွားခဲ့သည်။ ဂူဂျာရာလ်၏ ညွှန်ပေါင်းအစိုးရပြုတ်ကျသွား သဖြင့် ရွေးကောင်ပွဲအသစ်များ ပြုလုပ်ရန်အခြေအနေ ဖြစ်ပေါ် လာခဲ့သည်။ အိန္ဒိယတွင် လွှတ်တော်နှစ်ရပ်ရှိသည့်အနက် လော့(ကဲ)ဆဘာ(လောကသဘာ)ခေါ် အောက်လွှတ်တော် ဖြစ်သည်. ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲများကို ဖေဖော်ဝါရီနှင့် မတ်လများအတွင်း အသုတ်လိုက်ခွဲကာ ကျင်းပပေးမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁ ရက်နေ့တွင် ရွေးကောက်ပွဲမင်းကြီးက ကြေညာခဲ့သည်။

ကွယ်လွန်သွားသော ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ၏ ဇနီးဖြစ်သူ အီတလီနိုင်ငံဖွား အီတလီလူမျိုး ဆိုနီယာဂန္ဒီ (အိန္ဒိယနိုင်ငံသူအဖြစ် ခံယူထားပြီးဖြစ်သည်) ဖြစ်နှစ်ကြာတိမ်မြုပ်နေရာမှ တစ်စခန်း ထလာသည်။ ၁၉၉၇ ခုနှစ်၊ ဒီဇင်လာလ ၂၉ ရက်နေ့တွင် ရွေးကောက်ပွဲများ၌ ကွန်ဂရက် (အိုင်) ပါတီဘက်မှ ရပ်တည်လှုပ်ရှားပေးမည်ဟု ကြေညာခဲ့သည်။ အိန္ဒိယ နိုင်ငံရေးတွင် သူမ ပါဝင်လာ ခြင်းကြောင့် ရွေးကောက်ပွဲရလဒ်အလား‌အလာ ခန့်မှန်းချက်များကို တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေခဲ့သည်။ အရှိန်သြဇာမှေးမှိန်နေသော ကွန်ဂရက် (အိုင်) ပါတီ အတွက် များစွာအားတက်ဖွယ်ရာ ဖြစ်သွားသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း အချိန်ကာလ မြောက်မြားစွာ စိုးမိုးအုပ်ချုပ်လာခဲ့သော နေရူးဂန္ဒီမျိုးနွယ်စဉ်ဆက် အုပ်ချုပ်မှုကို အိန္ဒိယကျေးလက် လူထုအများစုက မျှော်လင့် တောင့်တဆဲ ဖြစ်နေကြသည်။ သို့ဖြစ်ရာ ၁၂ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲတွင်အလွယ်တကူ အနိုင်ရလိမ့်မည်ဟု မျှော်မှန်းထားသော ဘာရတ်တီယာ ဂျနတပါတီ (ဘီဂျေပီ ပါတီ) အဖို့ အခက်ကြုံသွားတော့သည်။ အိန္ဒိယနိုင်ငံရေးတွင် သူမပါဝင်လာခြင်းမှာ အကျိုးသက်ရောက်မှုကြီးမား‌သဖြင့် "ဆိုနီယာအကျိုးသက်ရောက်မှု" ဟူ၍ပင် နိုင်ငံရေးဝေါဟာရ သစ် ပေါ်ပေါက်လာခဲ့ ရသည်။

ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဆိုနီယာသည် ရာဂျစ်ဂန္ဒီ လုပ်ကြံသတ်ဖြတ်ခံရသည့် ဆရီပီရမ်ဘူဒူးရ်မြို့၌ ရွေးကောက်ပွဲ လှုပ်ရှား‌မှုအတွက် ပွဲဦးထွက်ခဲ့သည်။ ထိုမဲဆွယ်တရားပွဲ၌ ပရိသတ် ၁၀၀၀၀ ကျော် တက်ရောက်ခဲ့ သည်။ ထိုတရားပွဲ၌ သူမ၏ပုဂ္ဂိုလ်ရေး ဆန္ဒအနေဖြင့် နိုင်ငံရေးတွင် ပါဝင်ပတ်သက်လိုမှု မရှိကြောင်း၊ သို့ရာတွင် ဘာသာရေးနှင့် ဇာတ်အမျိုးအနွယ်ကို အကြောင်းပြုကာ အိန္ဒိယအား ပြိုကွဲအောင် ပြုလုပ်နေမှု ဘေးဆိုးအန္တရာယ်မှ ကယ်ဆယ်နိုင်ရန် ယခုကဲ့သို့ နိုင်ငံရေးတွင် ပါဝင်လာရခြင်း ဖြစ်ကြောင်းများကို ပြောကြား‌ခဲ့သည်။ ဘာသာရေးနှင့် အမျိုးအနွယ်ကို အကြောင်းပြု၍ နိုင်ငံကို ဖြိုခွဲနေသူများမှာ ဘာရတ်တီယာဂျနတာ ပါတီဖြစ်ကြောင်း ရိပ်စောင်း ပြောဆိုလိုက်ခြင်းဖြစ်သည်။ ဘီဂျေပီပါတီကလည်း သူမသည် နိုင်ငံခြားသူဖြစ်ကြောင်း၊ ဆွီဒင်နိုင်ငံမှလက်နက်များ ထုတ်လုပ်သော ဆိုဖော (စ်)ကုမ္ပဏီမှ



အိန္ဒိယနိုင်ငံ လက်ရှိဝန်ကြီးချုပ် မော့ဂျီပါယီး

လာဘ်စား၍ အိန္ဒိယ နိုင်ငံအတွက် လက်နက်ဝယ်ယူရေး အရှုပ်တော်ပုံ တွင် ကာဂျစ်ဂန္ဒီနှင့် အတူ သူမလည်း ပတ်သက်နေကြောင်း စွပ်စွဲ ပြစ်တင်ခဲ့သည်။

ဧန်နဝါရီလ ၁၅ ရက်နေ့တွင် သူမ၏ ဒုတိယအကြိမ် မဲဆွယ် တရားပွဲကို ဘန်ဂလိုးမြို့၌ ပြုလုပ်ခဲ့သည်။ ထိုတရားပွဲ၌ ဆိုဖော(စ်) အရှုပ်တော်ပုံနှင့် သက်ဆိုင်သော စာရွက် စာတမ်းများကို အစိုးရက ထုတ်ပြန်ကြညာပေးစေလိုကြောင်း၊ သူမ၏ခင်ပွန်းကာဂျစ်ဂန္ဒီမှာ ထိုအရှုပ်တော်ပုံနှင့် ပတ်သက်၍ မလိုတမာ စွပ်စွဲခံရခြင်းသာ ဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့သည်။ ဆိုဖော(စ်) ကုမ္ပဏီမှ အိန္ဒိယသည် စစ်မြေပြင်သုံး အမြောက်ကြီးများကို အမေရိကန် ဒေါ်လာ ၁.၃ ဘီလီယန်ဖိုး ဝယ်ယူ ခဲ့သည်။ ထိုသို လက်နက်ဝယ် ယူရေး စာချုပ် ချုပ်ဆိုနိုင်ရန် ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူ ကာဂျစ်ဂန္ဒီသည် လာဘ်ငွေများယူ၍ ဆွစ်ဇာလန်ဘဏ်တွင် လျှို့ဝှက်စွာ အပ်နှံခဲ့ကြောင်း စွပ်စွဲမှု ဖြစ်ပေါ်ခဲ့သည်။ ထိုအရှုပ်တော်ပုံကြောင့် ကွန်ဂရစ် (အိုင်)ပါတီမှာ နာမည်ပျက်ခဲ့ရပြီး ၁၉၈၉ ခုနှစ် ရွေးကောက်ပွဲ၌ ရုံးနိမ့်ခဲ့ရသည်။ ဤအရှုပ် တော်ပုံအတွက် ယခုတိုင်စုံစမ်း စစ်ဆေးဆဲဖြစ်နေသည်။ လာဘ်စားခဲ့သူများသည် ၄င်းတို့ရရှိသောငွေများကို ဆွစ်ဘဏ်၊ လူဇင်ဘာ့ဂ်ဂါဘဏ်၊ ဘဟားမားနှင့် ချန်နယ်ကျွန်းများ၌ လျှို့ဝှက်အပ်နှံ ထားကြောင်း မသက်သာဖြင့် အပ်နှံသူတို့၏ အမည်များကို အသိပေးရန် အိန္ဒိယ အစိုးရက တောင်းဆိုထားသည်။ သက်ဆိုင်ရာအထောက် အထားများမှာ လျှို့ဝှက်အဆင့်တွင် ရှိသေး၍ ဆိုနိယာတောင်းဆိုထားသည့်အတိုင်း မထုတ်ဖော်နိုင်သေးကြောင်း အစိုးရဘက်မှ ဧန်နဝါရီလ ၁၈ ရက် နေ့တွင် ပြောကြားခဲ့သည်။

ဆိုနိယာသည် ရာထူးမက်သူ မဟုတ်သဖြင့် ကွန်ဂရက် ခေါင်းဆောင်များက တောင်းပန်နေသည့် အကြားမှ သူ့ယောကျ်ား၏ မဲဆန္ဒနယ်ဖြစ်သော အမေသီမှ ဝင်ရောက်အရွေးခံမည်မဟုတ်ကြောင်း ဧန်နဝါရီလ ၂၆ ရက်နေ့က ပြောကြားခဲ့သည်။ မဲဆွယ်တရားပွဲများသို့ သွားရောက်ရာနေရာတိုင်းတွင် ပရိသတ်ပေါင်း များစွာတို့က ဆိုနိယာအား ကြိုဆိုခဲ့ကြသည်။ ဘိဂျေဗီပါတီက သူမအား နိုင်ငံခြားသူဟုဆိုစေကာမူ လူထုပရိသတ် အားပေးမှုကို ဆိုနိယာက ရရှိနေသည်။

ကွန်ဂရစ် (အိုင်) ပါတီ၏ အိန္ဒိယပြည်လုံးဆိုင်ရာ ကော်မတီ အစည်းအဝေးက ဧပြီလ ၆ ရက်နေ့တွင် ဆိုနိယာအား ပါတီ၏ ဥက္ကဋ္ဌသစ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ဆိုနိယာက ကွန်ဂရက်ပါတီပြန်လည် အားကောင်းလာစေရေးအတွက် မိမိကိုယ်ကို စွန့်လှူထမ်းရွက်သွားမည်ဖြစ်ကြောင်း ပါတီကောင်းစားရေးကို ရှေးရှုပြီး ပါတီတွင်း အကွဲအပြဲမရှိစေဘဲ စည်းလုံးညီညွတ်ဖို့လိုကြောင်း ပြောကြားခဲ့သည်။

ရွေးကောက်ပွဲများ – ၁၂ ကြိမ်မြောက် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများကို ဖေဖော်ဝါရီလ ၁၆၊ ၂၂ နှင့် ၂၈ ရက်နေ့များတွင် လည်းကောင်း၊ မတ်လ ၇ ရက်နေ့တွင် လည်းကောင်း လေးသုတ်ခွဲ၍ ကျင်းပခဲ့သည်။ ဖေဖော်ဝါရီ လ ၁၄ ရက်နေ့က ဘိဂျေပီပါတီ ဥက္ကဋ္ဌ အက်(ဒ်) ဗာနီ မိန့်ခွန်းပြောကြားရန် လူထုအစည်းအဝေး ကျင်းပမည့်ဆဲဆဲအချိန်၌ တမီးလ်နာဋူးပြည်နယ်၊ ကိုင်ဘာတိုမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့သည်။ ထိုဗုံးကွဲမှုကြောင့် လူ ၅၀ ဦး သေဆုံးပြီး လူပေါင်း ၂၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ဗုံးခွဲမှုဖြင့် မသက်သာသူ ၆ ဦး တို့သည် ဖေဖော်ဝါရီလ ၁၅ ရက်နေ့ တွင် မိမိတို့ကိုယ်မိမိ အဆုံးစီရင်ခဲ့ကြသည်။ ထိုဗုံးခွဲမှုနှင့် ဆက်စပ်လျက် ပြည်နယ်အစိုးရက အစွန်းရောက် အစွလာမ်အဖွဲ့နှစ်ခုကို

ပိတ်ပင်တားမြစ်လိုက်ပြီး လူပေါင်း ၅၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။ ထိုဗုံးခွဲမှုမှာ အစွန်းရောက်ဝါဒီ တို့၏ လုပ်ရပ်ဟု စွပ်စွဲမှုရှိသကဲ့သို့ ဘီဂျေပီပါတီ ကိုယ်တိုင်က အကြောက်တရားဖြင့် အနိုင်ရရန် လုပ်ကြံဖန်တီးမှုသာ ဖြစ်သည်ဟုလည်း ပြောဆိုမှုများရှိခဲ့သည်။

လုံခြုံရေး တင်းကျပ်စွာချထားသည့် အကြားမှ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က ပြည်နယ် ၁၅ ခုတွင် ကျင်းပသော ရွေးကောက်ပွဲများ၌ အကြမ်းဖက်မှုများ အနှံ့အပြား ဖြစ်ပေါ်ခဲ့သည်။ ဘိဟာ၊ အာသံ၊ အင်ဒရာပရာဒေ့(ရှ်) နှင့် ဥတ္တာပရာဒေ့ (ရှ်) ပြည်နယ်တို့တွင် မဲလိမ်ပေးမှုများရှိခဲ့သဖြင့် မဲရုံပေါင်း ၃၉၃၄ ခုတွင် ဆန္ဒမဲများ ပြန်လည်ပေးကြရန် ရွေးကောက်ပွဲ ကော်မရှင်က ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် အမိန့်ပေးခဲ့ရသည်။ ဖေဖော်ဝါရီလအတွင်းကျင်းပသော ရွေးကောက်ပွဲများ၌ အင်ဒရာပရာဒေ့ (ရှ်) နှင့် မဏိပူရပြည်နယ်များတွင်လည်းကောင်း၊ ဘုံဘေမြို့ (ပန်ဘိုင်မြို့) တွင် လည်းကောင်း ဗုံးခွဲအကြမ်းဖက်မှုများကြောင့် လူများသေဆုံးခဲ့ရသည်။

တတိယအသုတ် ရွေးကောက်ပွဲများပြီးသွားအခါ ရွေးကောက်ပွဲရလဒ်မှာ မပြတ်သားဘဲ ဖြစ်နေကြောင်း ခန့်မှန်းခဲ့ကြသည်။ မည်သည့်ပါတီကမျှ အပြတ်အသတ် မနိုင်ဘဲ အစိုးရမဖွဲ့နိုင်သော ဇော်ကန့်လန့် လွှတ်တော်မျိုးသာ ဖြစ်နေလိမ့်မည်ဟု လူအများက ထင်မြင်ယူဆခဲ့ကြသည်။ ကွန်ဂရက်ပါတီဘက်မှ ဆိုနီယာဝင်ရောက်လာသဖြင့် ရွေးကောက်ပွဲအပြီးတွင် ကွန်ဂရက်ပါတီပါဝင်သည့် ညွှန့်ပေါင်းအစိုးရကိုတော့ ဖွဲ့စည်းနိုင်ဖွယ်ဖြစ်လာကြောင်း တွေ့ရသည်။

အကူမြူဗုံးစမ်းသပ်ဖောက်ခွဲခြင်း – အိန္ဒိယသည် မေလ ၁၁ ရက်နှင့် ၁၃ ရက်နေ့များတွင် အကူမြူဗုံး ၅ လုံးကို စမ်းသပ်ဖောက်ခွဲခဲ့သည်။ အကူမြူဗုံးများကို ပါကစ္စတန်နှင့် ကိလိုမီတာ ၁၅၀ သာ ကွာဝေးသော ရာဂျက် (စ) တန်ပြည်နယ် အတွင်းရှိ သဲကန္တာရထဲမှ ဖော့ခရန် မြို့ကလေးအနီး မြေအောက်၌ ဖောက်ခွဲခဲ့သည်။ ဤသို့ရုတ်တရက် ဖောက်ခွဲပြလိုက်ခြင်းဖြင့် အိန္ဒိယသည် အကူမြူလက်နက်ပိုင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ ပါကစ္စတန်၊ တရုတ်၊ အမေရိကန်၊ ရုရှား တို့အပါအဝင် ကမ္ဘာ့နိုင်ငံများအား ထိတ်လန့်တကြား ဂယက်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေခဲ့သည်။ မေလ ၁၃ ရက်နေ့တွင် ကလင်တန်သည် အိန္ဒိယနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မိန့်များ ချမှတ်ခဲ့သည်။ အိန္ဒိယအား အကူအညီပေးနေသည့် အင်အားကြီးနိုင်ငံ အချို့ကလည်း ကူညီထောက်ပံ့မှုများ ရပ်ဆိုင်းပစ်မည်ဟု အကြောင်းကြားခဲ့ကြသည်။

မေလ ၂၈ ရက်နေ့တွင် ပါကစ္စတန်ကလည်း အာဖဂန်နစ္စတန်အနီး အစွလာမ်မာဘတ်မြို့တော်နှင့် ကိလိုမီတာ ၅၀၀ အကွာရှိ ချာဂိုင်တောင်တန်းများအကြား၌ အကူမြူဗုံး ၅ လုံးကို စမ်းသပ်ဖောက်ခွဲပြလိုက်သည်။ ဤသို့ဖြင့် အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား အကူမြူလက်နက် အပြိုင်အဆိုင် တပ်ဆင်မှုများဖြစ်ပေါ်လာသည်။ ဒေသတွင်း တင်းမာမှုများကို ပိုမိုဖြစ်ပေါ်စေခဲ့သည်။ ထိုနှစ်နိုင်ငံအကြား အဝိကအငြင်းပွားနေသောကက်(ရှ်)မီးယား အရေးအခင်းတွင် သမားရိုးကျစစ်ဆင်ရေးဖြင့် အားမရနိုင်တော့ဘဲ အကူမြူစစ်ပွဲဖြင့် အသုံးချတော့မည့် အရိပ်အယောင်များ ပေါ်ထွက်လာခဲ့သည်။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ဝန်ကြီးချုပ် ဗာ့(ဂျ်) ပါယီးက ပြည်သူလွှတ်တော်သို့ ရှင်းလင်းတင်ပြရင်း အမေရိကန်၏ ဖိအားပေးမှုကိုလက်မခံကြောင်း၊ အကူမြူလက်နက်များ ထုတ်လုပ်ပိုင်ဆိုင်မှုကို ဆက်လက်ပြုလုပ်မည် ဖြစ်ကြောင်း၊ အနှိမ်ယအနေဖြင့် တစ်ကမ္ဘာလုံးတွင် အကူမြူ လက်နက်များ ဖျက်သိမ်းရေးကိုသာ လိုလားကြောင်း၊ သို့ရာတွင် ကုလသမဂ္ဂတွင် ကတိပေးပြီးဖြစ်သည့်အတိုင်း ၁၉၉၉ ခုနှစ်၊ စက်တင်ဘာလတွင် ဘက်စုံလွှမ်းခြုံသော အကူမြူဗုံးစမ်းသပ်မှု တားမြစ်ပိတ်ပင်ရေး သဘောတူ စာချုပ် (စီပီဘီတီ) ကို လက်မှတ်ရေးထိုးပေးမည် ဖြစ် ကြောင်း ပြောကြားခဲ့သည်။

ဥတ္တာပရာဒေ့ (ရှ်) ပြည်နယ်အစိုးရ အကျပ်အတည်း

ဥတ္တာပရာဒေ့ (ရှ်) ပြည်နယ်တွင် ဘီဂျေပီပါတီမှ ဝန်ကြီးချုပ် ကလျာန်ဆင်းခေါင်းဆောင်သော အစိုးရက အာဏာ ရရှိနေသည်။ သို့ရာတွင် ထိုညွှန့်ပေါင်း အစိုးရ၌ ပါဝင်သော လော့ (က်) ဗန်ထရစ် ကွန်ဂရက်ပါတီနှင့် ဂျနတာဒါလ် ရာဂျာရမ်ပါတီက ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ဘီဂျေပီ အစိုးရအဖွဲ့မှ နုတ်ထွက်ခဲ့ကြသည်။ ဘီဂျေပီအစိုးရ သက်တမ်း ၅ လ အကြာတွင် ဤသို့အကျပ်အတည်းဖြစ်ပေါ် လာရာ ပြည်နယ်အုပ်ချုပ်ရေးမှူး ရိုမက်(ရှ်)ဘန်ဒါရီ (အိန္ဒိယနိုင်ငံသမ္မတက တိုက်ရိုက်ခန့်ထားသူ) သည် ကလျာန်ဆင်းခေါင်းဆောင်သော ဘီဂျေပီအစိုးရအား ပယ်ဖျက်ရန်အမိန့်ချမှတ်လိုက်သည်။ ပြည်နယ်အုပ်ချုပ်ရေးမှူး၏ လုပ်ဆောင်ချက်

အပေါ် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဘီဂျေပီပါတီ၏ ဥက္ကဋ္ဌ အာက်(ဒ်) ဗာနီနှင့် ဝန်ကြီးချုပ် လောင်းဗာ့(ဂ်)ပါယီးတို့က အကြီးအကျယ် မကျေမနပ် ဖြစ်ခဲ့ကြသည်။

ဖေဖော်ဝါရီလ ၂၃ ရက်နေတွင် အလ္လာဟာဘတ် တရား လွှတ်တော်က ပြည်နယ်အုပ်ချုပ်ရေးမှူး၏ အမိန့်ကို ပယ်ချက ကလျန်ဆင်းခေါင်းဆောင်သော အစိုးရကိုပင် ပြန်လည် အသိအမှတ်ပြုရန် စီရင်ဆုံးဖြတ်ခဲ့သည်။ ဖေဖော်ဝါရီလ ၂၆ ရက်နေတွင် ပြုလုပ်သည့် ပြည်နယ် လွှတ်တော်အစည်းအဝေး၌ ကလျန်ဆင်း၏ အစိုးရကိုပင် မဲအများစုဖြင့် အတည်ပြု ထောက်ခံလိုက်ကြသည်။ ဤသို့ဖြင့် ပြည်နယ်အစိုးရ အကျပ်အတည်းကို တရား လွှတ်တော်၏ ပါဝင်စွက်ဖက်မှု၊ ပြည်နယ်လွှတ်တော်၏ မဲခွဲဆုံးဖြတ်မှုတို့ဖြင့် ကျော်လွှားဖြေရှင်းနိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

ခရစ်ယာန်များအား နှိပ်ကွပ်မှု – ၁၉၉၈ ခုနှစ်အတွင်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ စာသင်ကျောင်းများနှင့် လူနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ခရစ်ယာန်သိလရှင်များအား မုဒိမ်းကျင့်ခြင်း၊ လူသတ်ခြင်းစသော လူစုလူအုပ်ဖြင့်ရမ်းကားအကြမ်းဖက်မှုပေါင်း ၉၀ ကျော်ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ ဤသို့အကြမ်းဖက်နှိပ်ကွပ်မှုများ အများဆုံးဖြစ်ပေါ်ခဲ့သည့်ဒေသမှာ အိန္ဒိယအနောက်ပိုင်းရှိ ဂူဂျာရတ်ပြည်နယ် ၊ဒန်းခရိုင်ဖြစ်သည်။ ထိုဒေသတွင် ဒေသခံတိုင်းရင်းသား အဒီဝိဒါလူမျိုးအများစုမှာ ခရစ်ယာန် ဘာသာဝင်များအဖြစ်သို့ ပြောင်းလဲခံယူ ခဲ့ကြသည်။ ခရစ်ယာန်များအပေါ် ဟိန္ဒူတို့က ဖိစီးနှိပ်ကွပ်မှုများကြောင့် ဒီဇင်ဘာလ ၄ ရက်နေတွင် ခရစ်ယာန်များက ကန့်ကွက်ဆန္ဒပြ ချီတက်ပွဲကို ပြုလုပ်ခဲ့ကြသည်။ လွတ်လပ်ရေး သက်တမ်းနှစ်ပေါင်း ၅၀ အတွင်း ခရစ်ယာန် ဘာသာဝင် ၄၀၀၀ ကျော်ပါဝင်သည့် အကြီးဆုံး ဆန္ဒပြပွဲ ဖြစ်ခဲ့သည်။ ထိုဆန္ဒပြပွဲကို ကက်သလစ်ဂိုဏ်းချုပ် ဘုန်းတော်ကြီး အလန်ဒီလပ်(စ်)တစ်က ဦးဆောင်ခဲ့သည်။ ဆန္ဒပြပွဲမှ ကိုယ်စားလှယ်အဖွဲ့သည် ဝန်ကြီးချုပ် ဗာ့(ဂ်)ပါယီးနှင့် တွေ့ဆုံခဲ့သည်။ ဝန်ကြီးချုပ်က အကြမ်းဖက်မှုများ ရပ်တန့်သွားအောင် မိမိအစွမ်းကုန်ကြိုးစားပေးမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံသည် ဘာသာရေးနိုင်ငံ မဟုတ်ဘဲ လောကီရေးသက်သက်နိုင်ငံသာ ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ပြင်သစ်သတင်းဌာန၏အဆိုအရ ဒီဇင်ဘာလ ၁၀ ရက်နေတွင် လူအင်အား ၃၀၀၀ ပါဝင်သော ဟိန္ဒူလူအုပ်စု သည် ဩရိသကမ်းခြေရှိ ဂဂျာပတိမြို့၌ ထောင်ကိုစီးနင်းကာ ထောင်ကျခရစ်ယာန်နှစ်ဦးကို အတင်းဆွဲထုတ်လျက် အတင်းမီးရှို့သတ်ဖြတ်ခဲ့ကြသည်။ ခရစ်ယာန်ဘာသာဝင်တို၏ နေအိမ် ၉၂ လုံး၊ ဘုရားရှစ်ခိုးကျောင်း တစ်ခုနှင့်ရဲဌာနတစ်ခုကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ထို အကြမ်းဖက်မှုတွင် ရဲတပ်သား ၂၀ ဒဏ်ရာရခဲ့သည်။

ခရစ်ယာန်တို့အား အကြမ်းဖက်နှိပ်ကွပ်မှုကို လှုံ့ဆော်ဖန်တီးသည့် အဖွဲ့အစည်းမှာ ဟိန္ဒူအစွန်းရောက်ဝါဒီတို့ဖြင့် စုပေါင်းဖွဲ့စည်းထားသော ဗီရှာဟိန္ဒူပရိသဒ်အဖွဲ့ ဖြစ်သည်။ ဤအဖွဲ့သည် ဒေသခံတိုင်းရင်းသားများ အနေဖြင့် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသွားမှုအပေါ် ဒေါသပေါက်ကွဲ၍အကြမ်းဖက်မှုများကိုကျူးလွန်လာခြင်းဖြစ်သည်။ ဤအစွန်းရောက်ဟိန္ဒူဝါဒီတို့နှင့် ဘီဂျေပီပါတီတို့သည် နီးနီးကပ်ကပ်အဆက်အသွယ်ရှိကြောင်း သိရသည်။

ဤကဲ့သို့ ခရစ်ယာန်တို့အပေါ် အကြမ်းဖက်နှိပ်ကွပ်နေမှုများကို တုံ့ပြန်သည့်အနေဖြင့် ဒီဇင်ဘာလ ၈ ရက်နေတွင် နိုင်ငံလုံးဆိုင်ရာ ခရစ်ယာန်ကွန်ဂရက်ပါတီကို နိုင်ငံရေးပါတီတစ်ရပ်အဖြစ် ထူထောင်ဖွဲ့စည်းလိုက်ကြသည်။ ဤခရစ်ယာန်နိုင်ငံရေးပါတီတွင် ခရစ်ယာန်ဂိုဏ်း ပေါင်းစုံမှ ပုဂ္ဂိုလ်များပါဝင်ကြောင်း သိရှိရသည်။

သဘာဝဘေးအန္တရာယ်များ – ဇွန်လ ၉ ရက်နေ့တွင် ဂူဂျာရတ်ပြည်နယ်ဆောရတ် (ရှ်) ထရဒေသနှင့် ကွတ်(ချ်) ဒေသတို့တွင် ဆိုင်ကလုံးမုန်တိုင်းတိုက်ခတ်မှု ဒဏ်ကြောင့် လူပေါင်း ၉၃၄ ဦးသေဆုံးခဲ့ကြသည်။ ၂၅ နှစ်ကာလအတွင်း အဆိုးဝါးဆုံးသော သဘာဝဘေးဒဏ် ဖြစ်ခဲ့သည်။ အချို့သော တရားမဝင်သတင်းများအရ လူပေါင်း ၁၀၀၀၀ ကျော် သေဆုံးခဲ့သည်ဟု ဆိုသည်။ သေဆုံးမှုအများစုမှာ ကန်ထရိုက်တာများက ငှားရမ်းစေခိုင်းထားသော အခြား နိုင်ငံများမှ အလုပ်ကြမ်းသမားများ ဖြစ်ကြသည်။ ဆားကျင်း အလုပ်သမားလည်း သေဆုံးခဲ့ကြသည်။ ဤဖြစ်ရပ်နှင့် စပ်လျဉ်း၍ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုကို ကြိုတင်အသိပေးခြင်း၊ ကာကွယ်ခြင်း မပြုခဲ့သော နိုင်ငံတော် အစိုးရနှင့် ပြည်နယ်အစိုးရတို့ပေါ် အပြစ်တင်လျက် ရှိကြသည်။

နှစ်ပေါင်း ၅၀ အတွင်း အဆိုးဝါးဆုံးသော အပူလိုင်းဒဏ်ကြောင့် ဇွန်လအတွင်းက အိန္ဒိယတွင် လူပေါင်း ၂၅၀၀ ကျော်သေဆုံးခဲ့ရသည်။ ဩရိသပြည်နယ်တွင် လူအများဆုံး သေဆုံးခဲ့ကြသည်။ ။

အကွဲရာစဉ်အညွှန်း

မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်(၁၉၉၉)

ဤမြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ဖတ်ရှုလေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းအရာတို့ လွယ်လင့်တကူ အလျင်အမြန်ရှာဖွေလိုပါကလည်း အကွဲရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏အမည်ကို ဖတ်ရှုနိုင်သည့် ဆိုင်ရာစာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။

က

ကနေဒါနိုင်ငံ ၁၀၂–၁၀၄။
ကဗျာစာဆို ၂၆၂။
ဂုဏ်ထူးဘွဲ့ထူး
ကလင်တန်, ဘီလ် ၃၊ ၂၀၊ ၁၂၉။
၂၈၇ – ၂၉၀။
ကာဆာရိုလီ, ၁၄၂။
အဂျေ့စ်တီနီ
ကာဘီလာ, ၁၃၄၊ ၁၃၅။
လောရင့်ဒဲဇီရဲ
ကားမိုက်ကယ်, ၁၄၂။
စတိုကဲလီ
ကားလို့စ်, ၇၇။
ရော်ဘတ်တို
ကိရိယန်ကို, ဆာဗျေး ၂၇၆၊ ၂၇၈။
ကုမာရ၊ ဘဒ္ဒန္တ ၃၈၊ ၂၁၅။
၂၁၆။
ကုလသမဂ္ဂ ၁၀၄ – ၁၁၈။
ကုလသမဂ္ဂ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ (ယူနိဖိုးလ်) ၁၀၉။
ကုဝေရ၊ဘဒ္ဒန္တ ၁၃၆။
ကေသရ၊ ဘဒ္ဒန္တ ၂၁၇။
ကေလာဒ၊ဘဒ္ဒန္တ ၂၁၇။
ကိုရိုးယားသမ္မတနိုင်ငံ ၁၁၈ – ၁၂၄။
ကင်မ်ဂျုံပီးလ် ၁၂၁။
ကင်မ်ဒေးယုံ ၁၁၉၊ ၁၂၁၊ ၁၂၄။
ကင်မ်ယောင်ဆမ် ၁၂၀၊ ၁၂၂–၁၂၄။
ကစ္ဆပနဒီတံတား ၂။
ကုဏ္ဍလ၊ ဘဒ္ဒန္တ ၁၃၆။
ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ၇၀–၇၉။
ကမ္ဘာ့လူဦးရေနေ့ ၁၂၄ – ၁၂၆။
ကမ္ဘောဒီးယားနိုင်ငံ ၁၁၃၊ ၁၁၄၊ ၁၂၆ – ၁၃၂။
ကျူယောင်ဂီ ၁၀၊ ၂၇၂။
ကျော်မြင့်လွင်၊ ဦး ၁၃၂၊ ၁၃၃၊ ၁၃၉။
ကျန်ဇီမင်း ၂၇၂၊ ၂၈၄။
ကြည်အောင်၊ ဗိုလ်ချုပ် ၁၊ ၂၊ ၄၊ ၁၇၊ ၁၈၊ ၃၂၊ ၂၄၄၊ ၂၆၅၊ ၂၆၇။
ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ၁၃၃ – ၁၃၆။
ကွယ်လွန်သူ ထင်ရှား သော ပုဂ္ဂိုလ်များ (ပြည်တွင်း၊ ၁၉၉၈) ၁၃၆–၁၄၂။
ကွယ်လွန်သူ ထင်ရှား သော ပုဂ္ဂိုလ်များ (နိုင်ငံတကာ၊ ၁၉၉၈) ၁၄၂ – ၁၄၉။

ခ

ခိုးလ်, ဟဲမွတ် ၃၀၃။
ခင်ကြီးအောင် ၁၄၉၊ ၁၅၀။
ခင်ညွန့်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ၁၊ ၃၊ ၇၊ ၈၊ ၉ – ၂၅၊ ၂၈၊ ၃၀–၃၂၊ ၃၈၊ ၃၉၊၁၉၃၊ ၂၁၂၊၂၃၇၊ ၂၃၈၊ ၂၄၃၊ ၂၄၇၊ ၂၅၆၊ ၂၆၅၊ ၂၆၇။
ခင်မောင်၊ ဗိုလ် (သံမဏိ) ၁၃၉။
ခန္တီစာရ၊ ဘဒ္ဒန္တ ၂၂၃။
ချာနိုမြာဒင်,ဗစ်တာ ၂၇၄၊၂၇၆၊ ၂၇၈၊ ၂၇၉။
ချွန်ဂျုံယန်း ၁၂၃။
ချွန်ဟာဗန်,ချတ်တီချိုင်း ၁၄၂။
ချွန်လီပိုင် ၉၊၂၄၊၁၆၈၊ ၁၆၉၊ ၁၇၃–၁၇၆။

ဂ

ဂရိတ်,လျူး ၁၄၃။
ဂိုချောက်တောင် ၁၀၊၁၆၀၊ ၁၆၂၊၂၅၀။
ဂုဏ်ထူးဆောင်ဘွဲ့.မျာ:၊ ဂုဏ်ထူးဆောင်တံဆိပ်များ: ၁၅၁၊ ၁၅၂။
ဂန္ဒီ,ရာဂျစ် ၃၁၃–၃၁၅။
ဂန္ဒီ,ဆိုနီယာ ၃၁၄၊၃၁၅။
ဂျပန်နိုင်ငံ ၁၀၆၊၁၂၂၂၊ ၁၂၆၊၁၂၇၊ ၁၅၃–၁၅၈။
ဂျာရိ,ချတ်တာ:သနန် ၂၅၂။
ဂျုံး:စ်,ပေါ်လာ ၂၈၇၊၂၈၉။

ယ

ယောသိတာရာမ ၁၃၇၊ ၁၅၈၊ ဆရာတော် ၁၅၉။
ငယင်ဝိလုန်: ၁၄၃။
ငယင်ဗန်လင်: ၁၄၄။
ငှက်တုပ်ကွေးရောဂါ ၂၈၄။

စ

စတုတ္ထအကြိမ်မြောက် အမျိုးသမီးများဆိုင်ရာ ကမ္ဘာ့ညီလာခံ ၁၆၉။
စီးပွား:ရေးပညာရှင်အဖွဲ့. စင်ကာပူနိုင်ငံ ၁၆၁။
စန္ဒသိရီ၊ ဘဒ္ဒန္တ ၂၁၃–၂၁၅။
စိန်ထွား:ဗိုလ်ချုပ် ၃၉၊၂၄၄။

ဆ

ဆာရီ,အီယန် ၁၃၀။
ဆူလာနွန်ဒါ,ပရမ်တင် ၂၅၂။
ဆူဟာတို ၇၊၈၊၁၃၊ ၂၃၀၊ ၂၃၀–၃၁၂။
ဆိုရော့စ်,ကျော့ ၁၂၀။
ဆင်ဖြူကျွန်: အောင်သိန်: ၂၆၃။
ဆန်ဖန်,ခီယူး: ၁၃၀၊၁၃၁။

ဇ

ဇာဂရ၊ဘဒ္ဒန္တ ၁၃၇။
ဇာနေယျ၊ဘဒ္ဒန္တ ၁၃၇။
ဇာနုဿ္တရ၊ဘဒ္ဒန္တ ၁၃၇။
ဇီအီဂလာ,ဟင်နရီ ၁၄၄။

တ

တူတူ,ဒက်စ်မွန် ၁၆၆။
တေဇိန္ဒ၊ဘဒ္ဒန္တ ၁၃၇။
တေဇဝန္တ၊ဘဒ္ဒန္တ ၁၃၇။
တေလာ,တဲလ်ပို့.ဒ် ၁၄၄။
တင်လှ၊ ၃၉။
ဒုတိယဗိုလ်ချုပ်ကြီး
တင်သိန်း၊ဦး ၁၄၀။
(ဒေယျကျော်ထင်)
တင်ဦး၊ ၁၅၊၇၊၉၊
ဒုတိယဗိုလ်ချုပ်ကြီး ၁၀၊၁၅၊
၁၈–၂၀၊
၂၁–၂၃၊၂၅၊
၂၉၊၃၀၊၃၈၊
၁၄၀၊၂၁၂၊
၂၆၅။
တင်အေး၊ဦး ၁၄၀။
(ဂီတစာဆိုကိုတင်ကိုး)
တောင်အာဖရိကနိုင်ငံ ၁၆၄–၁၆၈။

ထ

ထရန်ဒက်လွန် ၂၀၃။
ထိုင်းနိုင်ငံ ၁၆၈–၁၇၆။
ထွန်းမြိုင်၊ဦး ၁၄၀၊၁၇၆။
(ဒေယျကျော်ထင်) ၁၇၈။

ဒ

ဒီဆိုတို,အယ်လ်ဗာရီး ၂၅၂။
ဒီဗီနက်ရာ,ဟိုဆေး ၁၉၈။
ဒေဝိန္ဒာဓိပတိ၊ ဘဒ္ဒန္တ ၁၃၇။
ဒိုမွိုင်း ၁၉၉။
ဒိုင်ယာနာအမှတ်တရ ၂၇၃၊၂၇၄။
ပြတိုက်
ဒစ္စကာဗာရီ ၂၉၀။
အာကာသယာဉ်

ဝ

ဝတ္တုဗေဒနှင့် ၁၆၇။
ပိုးမွှားစစ်ဆင်ရေး
ဝတ္တုဗေဒနှင့်ပိုးမွှား ၁၁၄။
လက်နက်များအန္တရာယ်

နှ

နရိန္ဒာစာရ၊ဘဒ္ဒန္တ ၂၁၇၊၂၁၈။
နေတန်ယာဟု, ၁၀၉၊၂၉၃။
ဘင်ဂျမင်
နေမိန္ဒ၊ဘဒ္ဒန္တ ၁၃၇။

နိုက်ဂျီးရီးယား ၁၇၈–၁၈၂။
ပြည်ထောင်စုသမ္မတနိုင်ငံ
နန္ဒဝံသ၊ဘဒ္ဒန္တ ၁၃၇။
နန္ဒိယ၊ ဘဒ္ဒန္တ ၁၃၈။
နယ်စပ်ဒေသနှင့် ၁၈၂–၁၈၆။
တိုင်းရင်းသားလူမျိုး
များ၏ ဖွံ့.ဖြိုးတိုးတက်မှု
အကောင်အထည်ဖော်ရေး
ဆောင်ရွက်မှုများ
၂၀ရာစုသိပ္ပံ၊ ဇီဝ၊ ၄၀–၄၉။
စက်မှုနှင့်နည်းပညာ

ပ

ပခုက္ကူဦးအုံးဗေ ၁၈၆–၁၉၂။
စာပေဆုနှင့်ပညာ
ရည်ချွန်ဆုချီးမြှင့်ပွဲ
ပထမအကြိမ်မြန်မာ ၁၉၃–၁၉၅။
အမျိုးသမီးများညီလာခံ
ပညာဇော်တ၊ဘဒ္ဒန္တ ၁၃၈။
ပညာဘိဝံသ၊ ဘဒ္ဒန္တ ၁၃၈။
ပညာသီရိ၊ ဘဒ္ဒန္တ ၂၁၉၊၂၂၀။
ပါကူလာ,အယ်လင် ၁၄၅။
ပါယီး,ဗာဂျိ ၃၁၆၊၃၁၇။
ပါလက်စတိုင်း ၁၀၉။
လွတ်မြောက်ရေးအဖွဲ့.
(ပီအယ်အို)
ပိုပေါ့ ၁၁၃၊၁၂၈–
၁၃၀။
ပတ်ချုံဟီး ၁၂၂။

ဖ

ဖရက်ချက်,လူဝီ ၁၀၅။
ဖိလစ်ပိုင်သမ္မတနိုင်ငံ ၁၉၅–၁၉၉။
ဖန်ဗန်ခိုင် ၂၀၂၊၂၀၃။

ဗ

ဗလ၊ ဗိုလ်မှူး ၁၄၀။
(ရဲဘော်သုံးကျိပ်)
ဗလမင်းထင်တံတား ၂၇။
ဗီယက်နမ်နိုင်ငံ ၁၉၉–၂၀၅။
ဗိုဗန်ကီယက် ၁၉၉။
ဗုဒ္ဓစွယ်တော်မြတ် ၃၅။
စေတီတော်
ဗုဒ္ဓသာသနာတော် ၂၀၅–၂၁၂။
သန့်ရှင်းတည်တံ့ပြန့်ပွား
ရေး ဆောင်ရွက်ချက်များ

ဘ

ဘရက်ဖ်ညက်ဗာ,ဂါလီနာ ၁၄၅။
ဘလဲယား,တိုနီ ၂၆၉၊၂၇၀၊
၂၇၂၊၃၀၂၊
၂၉၄။

ဘလုံလေး၊ဦး ၁၄၀။
(ဦးသူတော်)
ဘောမန်း,မာတင် ၁၄၆။
ဘီချိုင်း ၁၇၆။
ဘိုသာ ၁၆၆၊၁၆၇။
ဘက်မလိုက်လွှပ်ရှားမှု ၂၁။
အဖွဲ့.(အင်အေအမ်)
ဘတ္တလာ,ရစ်ချတ် ၁၈၊၁၁၀၊
၃၀၂။
ဘွဲ့.တဲဆိပ်တော်ရ ၂၁၃–၂၂၆။
ဆရာတော်အရှင်
သူမြတ်များ

မ

မလေးရှားနိုင်ငံ ၂၂၆–၂၃၂။
မဟိန္ဒ၊ဘဒ္ဒန္တ ၂၂၂။
မာတင်,ပေါလ် ၁၀၂၊၁၀၃။
မား.ကို့စ်,ဖာဒီနန် ၁၉၅၊၁၉၆၊
၁၉၈။
မား.ကို့စ်,အီမဲလ်ဒါ ၁၉၅–၁၉၇၊
၁၉၉။
မိယာဇာဝါ,ကိအိချို ၁၄၆။
မူဘာရက် ၂၉၄။
မူးယစ်ဆေးဝါးနှင့် ၂၃၂–၂၃၇။
စိတ်ကိုပြောင်းလဲစေ
သောဆေးဝါးများ
အန္တရာယ်ကား‌ဆီး
ကာကွယ်ရေး(မြန်မာ
နိုင်ငံ) (၁၉၉၈)
မေဓိယ၊ ဘဒ္ဒန္တ ၁၃၈။
မိုဘူတူ ၁၃၃၊၁၃၄။
မိုဟာမက်,မဟာသီယာ ၂၂၊၁၇၅၊၂၂၆
–၂၃၀၊ ၂၄၉။
မိုး,အာချီ ၁၄၇။
မင်ဒဲလား,နယ်လဆင် ၂၃၊၁၆၄၊
၁၆၅၊၁၆၇၊
၁၆၈။
မောင်မောင်ခင်၊ ၁၅။
ဒုတိယဗိုလ်ချုပ်ကြီး
မောင်လွင်၊ဒေါက်တာ ၁၄၁။
မောင်အေး၊ ၁၂၄၊၆၊၇၊၉၊
ဗိုလ်ချုပ်ကြီး ၁၀၊၁၃၊၁၄၊
၁၇–၁၉၊၂၅၊
၃၀၊၃၈၊၂၁၂။
မျိုးချစ်စိတ်တတ် ၂၅၊၂၈၊
ရှင်သန်ထက်မြက်ရေးပြပွဲ ၂၃၇–၂၃၉။
မြကြီး၊ဦး ၂၃၉–၂၄၁။
(အဆိုကျော်ကိုမြကြီး)
မြသန်း၊ဦး ၁၄၁၊၂၄၁–
(မြသန်းတင့်) ၂၄၃။

အကွရာစဉ်အညွှန်း

မြဟန်၊ဦး (အဆိုကျော်ကိုမြကြီး) ၁၄၁။
မြန်မာနိုင်ငံ စာပေဆုများ ၂၄၃-၂၄၆။
မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့.ဒုတိယ အကြိမ် ညီလာခံ ၂၄၇-၂၄၉။
မြန်မာနိုင်ငံတော်၊ ပြည်ထောင်စု ၂၄၉-၂၅၈။
မြန်မာနိုင်ငံနှင့် အနာကြီးရောဂါ ၉၀-၁၀၀။
မြန်မာနိုင်ငံမှ ကလေး သူငယ်အခွင့်အရေး များဆိုင်ရာစီစဉ် ဆောင်ရွက်မှုများ ၂၅၈-၂၆၁။
မြန်မာနိုင်ငံမှနိုင်ငံရပ်ခြား စာပေဆုရပုဂ္ဂိုလ်များ ၂၆၁-၂၆၃။
မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍ ၈၀-၈၅။
မြန်မာ့ပန်းပု အဆင့်ဆင့်တိုးတက် လာပု ၅၀-၅၅။
မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆိုအက အရေးအတီးပြိုင်ပွဲ ၂၆၄၊၂၆၅။
မြန်မာ့ရုပ်ရှင်ထူးချန်ဆု (၁၉၉၇) ၂၆၅-၂၆၈။
မြန်မာ့လူမှုဝန်ထမ်း လုပ်ငန်း ၅၆-၆၉။

ယ

ယူနိုက်တက်ကင်းဒမ်း ၂၆၉-၂၇၄။
ယဲ့လ်ဆင်, ဘောရစ် ၂၃၊၂၀၃၊ ၂၇၄-၂၇၉။
ယောင်ချာယုဒ်, ချာဗာလစ် ၁၆၈။
ယန်ရှန်ကွန် ၁၄၇။
ရာနာရစ်ဒ်,နိုရိုဒွန် ၁၁၃၊၁၁၄၊ ၁၂၆-၁၂၈၊ ၁၃၀၊၁၃၁၊ ၁၉၅၊၁၉၇၊ ၁၉၈။
ရာမိုစ်,ဖီဒယ် ၅၊၂၅၀။
ရုရှားဖက်ဒရေးရှင်း သမ္မတနိုင်ငံ ၁၁၁၊၁၁၂၊ ၂၇၄-၂၇၉။
ရှီရတ်,ဂျက် ၁၄၈။
ရှီးပတ်,အယ်လန် ၃၊၁၀။
ရွှေငါး၊ဦး(လူရွှင်တော်ကြီး) ၁၄၁။

လ

လဘန်ဂရောင်၊ဦး ၁၄၁၊၂၇၉၊ ၂၈၀။
လီခါဖူး ၁၉၉-၂၀၁။
လီဒတ်အန် ၁၉၉။
လီဖုန်း ၈။
လူမွန်ဘာ,ဖရန်ဆွာ ၁၃၄။
လူဝင်စကီ,မော်နီကာ ၃၊၂၈၇-၂၈၉။
လွန်းမောင်၊ဦး (မေမြို့မောင်) ၁၄၁။

ဝ

ဝါယာမိန္တ၊ဘဒ္ဒန္တ ၁၃၈။
ဝိစိတ္တစာရ၊ဘဒ္ဒန္တ ၂၁၈၊၂၁၉။
ဝိသုဒ္ဓ၊ဘဒ္ဒန္တ ၁၃၈။
ဝင်းမြင့်၊ ၇၊၁၀၊၂၉၊
ဒုတိယဗိုလ်ချုပ်ကြီး ၁၄၁၊၂၆၅။

သ

သီလာနန္ဒာဘိဝံသ၊ဘဒ္ဒန္တ ၃၉။
သီဟာန,နိုရိုဒွန် ၁၂၊ ၁၂၆-၁၂၈၊ ၁၃၁၊၁၃၂။
သုမင်္ဂလ၊ဘဒ္ဒန္တ ၁၃၉။
သူရိယာဘိဝံသ၊၊ဘဒ္ဒန္တ ၂၁၆၊၂၁၇။
သောဘိတ၊၊ဘဒ္ဒန္တ ၃၈။
သံဝရဗုဒ္ဓိ၊ ၊ဘဒ္ဒန္တ ၁၃၉။
သောင်းဒန်၊ဦး ၁၄၁။
သန်းရွှေ၊ ၁၊၂၊၄-၇
ဗိုလ်ချုပ်မှူးကြီး ၉၊၁၀၊၁၂၊ ၁၄၊၁၆၊၂၀၊ ၂၃၊၂၄၊ ၂၈-၃၀၊ ၂၁၂၊ ၂၄၉-၂၅၂။
သိန်း၊ ဦး(ဇာတိပျိုလ် မောင်သိန်း) ၁၄၂။

ဟ

ဟာဘီဘီ,ဘီဂျေ ၁၃၊၁၄၊ ၃၁၁-၃၁၃။
ဟာရှီမိုတို,ယူတာရှိ ၁၅၃၊၁၅၄၊ ၁၅၆-၁၅၈။
ဟူစိန်, ဆက်ဒမ် ၁၁၁၊၂၉၉ ၃၀၂။
ဟောင်ကောင်ကျွန်း အထူးအုပ်ချုပ်ရေးဒေသ ၂၈၁-၂၈၅။
ဟွန်ဆန် ၂၊၁၂၊၁၁၃၊ ၁၁၄၊၁၇၆၊ ၁၂၆၊၁၃၀-၁၃၂။

အ

အကီနို,ကိုရဇွန် ၁၉၅။
အခြေခံပညာ ကျောင်းသား အားကစားပွဲတော် ၂၈၅-၂၈၇။
အဇစ်,တာရစ် ၅၊၁၈၊၁၁၀။
အပြည်ပြည်ဆိုင်ရာ ၃၄-၃၉၊
ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ် ၂၁၂။
အဘူဘာကာ,အဗ္ဗဒူ ဆလမ် ၁၇၈၊၁၇၉။
အဘာချာ,ဆာန် ၁၇၈-၁၈၀။
အမေရိကန် ၁၀၆၊၁၁၂၊
ပြည်ထောင်စု ၁၂၂၊၂၈၇-၁၉၁။
အရှေ့တောင်အာရှ စာပေဆု ၂၆၃။
အရှေ့အလယ်ပိုင်း ဒေသ ၂၉၁-၂၉၅။
အာဆီယံဒေသ ၂၉၅၊ ၂၉၆။
အတွင်း လူမှုဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ
အာဖဂန်နစ္စတန်နိုင်ငံ ၁၁၁-၁၁၃။
အာရာဖတ်,ယာဆာ ၂၉၃။
အာရှအားကစားပြိုင်ပွဲ ၂၉၆၊ ၂၉၇။
အီတို,ကိုဂျီ ၂၉၆။
အီဘရာဟင်မ်, အနူဝါ ၂၂၇-၂၃၀။
အီရတ်သမ္မတနိုင်ငံ ၂၉၈-၃၀၂။
ဥရောပသမဂ္ဂ ၃၀၂-၃၀၇။
အူနို,ဆိုဇူကီ ၁၄၉။
အိုဇာဝါ, အီချီရို ၁၅၅။
အိုဘူချီ,ကိုင်ဇို ၁၈၊ ၁၅၈။
အက်စ်ထရာဒါ ၂၅၀။
အင်တာနက် (ကွန်ပျူတာနည်းပညာ) ၈၆-၈၉။
အင်ဒိုနီးရှားနိုင်ငံ ၃၀၇-၃၁၃။
အောင်ခင်၊ဦး (စန္ဒယားအောင်ခင်) ၁၄၂။
အန်နန်,ကိုဖီ ၁၀၇၊၁၀၉၊ ၁၁၀၊ ၁၁၂၊ ၁၁၄-၁၁၆။
အောင်ဆန်းစုကြည်၊ဒေါ် ၁၈။
အိန္ဒိယနိုင်ငံ ၃၁၃-၃၁၇။
အမ်တင်အေး၊ဦး (ပန်းချီ ဆရာကြီး) ၁၄၂။
အယ်ယ်နီညို ၁၆၃။